www.burmeseclassic.com

# ရွှေအမြုတေ မဂ္ဂဇင်း

အမှတ်- ၂၇၉ ၂၀၁၄-ခုနှစ်၊ ဧပြီလ




www.burmeseclassic.com

www.burmeseclassic.com

7 - MAR 2014

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သမ္ဗုဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသာ ဥတ္တိ သဗ္ဗ သတ္တုန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုက္ခန္တရာယော၊ ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ နေသည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အံ့ဖွယ်ထူးခြား မာ့ရ်အောင်မြင်ပြည်တော်ပြန်ဘုရား.... မင်းဂုဏ် | ၅ |
| ၂။ | ရွှေဟောင်းချမ်းသာကြီးဘုရား ............ တက္ကသိုလ်မျိုး | ၁၇ |
| ၃။ | တစ်နှစ်တစ်ခါ ဖူးကြပါစို့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီမြတ်ဆီသို့ .......... မင်းဆန့် | ၃၅ |
| ၄။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ တောင်ကြီးလေးလုံး ကြိ[illegible]နေရပုံ ပဗ္ဗတူပမသုတ်ထရားတော် ..... ဓမ္မဒိန် | ၄၃ |
| ၅။ | ပုဂံ[illegible]ျင်းပသည့် ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန)၏ ၇၅ နှစ်မြောက် မွေးနေ့မင်္ဂလာ .............. မင်းဂုဏ် | ၄၉ |
| ၆။ | ဘန်ကောက်မှ ကမ္ဘာသုံးခု .............. ဉာဏ်ပွင့်(ဓာတ်မှု) | ၆၁ |
| ၇။ | ဓမ္မစကြာတရားတော် ... ဘဒ္ဒန္တကုမ္ဘဇောဘာသမထေရ်မြတ်(အံနိစ္စဆရာတော်) | ၆၉ |
| ၈။ | တန်ခိုးကြီးမား ဖောင်တော်ဦး မတ်ရပ်တော်ဘုရား... မောင်လူသစ် | ၇၅ |
| ၉။ | အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ် ....... အရှင်ဆန္ဒာဓိက | ၇၉ |
| ၁၀။ | နေရစ်တော့ ဇာရဏသီ (၁) ......... ဒေါက်တာအောင်အောင်မင်း | ၈၄ |
| ၁၁။ | မြတ်ဗုဒ္ဓ၏ တေဒင်္ဂဘွဲ့ထူးရ ထေရီများ ........ ရဲမြင့်(နောင်ချို) | ၉၂ |
| ၁၂။ | ဖြည့်နိုင်ခဲ့သော ပါရမီ.......... မောင်ဉာဏ်လင်း(တောင်ကုတ်) | ၉၄ |
| ၁၃။ | ပယ်လေးပါး ခံလေးတန် ....... ကျိုက်လတ်သန်းထိုက် (LL.B) | ၉၈ |
| ၁၄။ | ဗုဒ္ဓခေတ်အမျိုးသမီးများ .............. ရဲဘော်ကျော်ဆန်း | ၁၀၀ |
| ၁၅။ | မြွေဖမ်းသမား၏ အကုသိုလ် ............... နေဝန်းနီ | ၁၀၃ |
| ၁၆။ | သာယာလှပ တန်ခူးလ ............... ရေကျော်စိုးအောင် | ၁၀၈ |
| ၁၇။ | လွင့်မျောတတ်သော ဝိညာဉ်.............. ဘိုဘို(ရွှေကံကူ) | ၁၁၀ |
| ၁၈။ | ရိုးမတောက ရတနာသိုက်ရှာပုံခရီး ...... အေးဆွေ(ပန်းတောင်း) | ၁၂၀ |
| ၁၉။ | အို့ ချစ်စရာကောင်းတဲ့ အောင်ဆန်း .......... ထွန်းလင်းသူ | ၁၂၉ |
| ၂၀။ | နှလုံးသားမျက်ရည် ................. သန္တာမြတ်သောင်း | ၁၃၆ |
| ၂၁။ | အိပ်မက်ထဲက ပဝါ ................ အေးလွင်(ကသာ) | ၁၄၁ |
| ၂၂။ | လူပျိုကြီးနှတ် .................. ဆန်းဝင်း(အောင်မြေ) | ၁၄၆ |
| ၂၃။ | ချစ်စရာခရီးစဉ် (၆) .............. ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၁၅၀ |
| ၂၄။ | ပိတောက်ပွင့်ဖူး လတန်ခူး ........... အောင်ရဲဝင်း(ဟံသာမြေ) | ၁၅၈ |
| ၂၅။ | ဝမ်းသာလိုက်တာ ................... လင်းယဉ်ဉာဏ် | ၁၆၀ |
| ၂၆။ | နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစရာ ရောမမြို့က ဒဏ္ဍာရီဆန်တဲ့ရေပန်းများ ကိုအေးမြင့်(မဟာဝိဇ္ဇာရှေး-သု) | ၁၆၇ |
| ၂၇။ | ဂမ္ဘီရဆန်တဲ့ ထိုတစ်နေ့ ............... နန္ဒာမိုးကြေး | ၁၇၇ |
| ၂၈။ | တစ်ခါတစ်ရံ ဒီလိုလည်း ဖြစ်တတ်ပါတယ် ......... ကိုစနေ | ၁၈၁ |


www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၉။ | အဖကိုပစ်ထား သားမိုက်များ | ဘြိုရတနမွှပါလ | ၁၈၆ |
| ၃၀။ | ရင်ကိုခွဲလို့ ပြချင်တယ် | တွင်းကြီးသားတင်ဝင်းဦး | ၁၉၄ |
| ၃၁။ | ရင်ထိမြား | ကိုချမ်း(ဆေး-၂) | ၂၀၀ |
| ၃၂။ | ကြက်ဆူပင်ကလေး | ချိုသာ | ၂၀၀ |
| ၃၃။ | ချန်ခဲ့ရမယ့် နာမည် | ဗော်ကောင်စာပြင်ဆရာတစ်ဦး | ၂၀၅ |
| ၃၄။ | ဝိညာဉ်အဖြစ်နှင့် အနားမှာရှိနေသူ | မောင်မောင်မိုးအောင် | ၂၂၀ |
| ၃၅။ | ဖြူမှုဆိုး | ကောင်းစံဟိန်း(ဖန်နေဝန်း) | ၂၂၈ |
| ၃၆။ | နတ်ဆေးနှင့် ရွှေဒင်္ဂါးပြား | မင်းဟန်(သန်လျင်) | ၂၃၆ |
| ၃၇။ | သဘော်ာပျက်ရှာဖွေရေး | လှမိုး(ပညာရေး) | ၂၄၃ |
| ၃၈။ | မြေဩဇာဖြင့် ပြည့်နှက်လျက်ရှိသော<br>ကျွန်ုပ်တို့၏ကမ္ဘာမြေကြီး | မြူးဇစ် | ၂၄၇ |
| ၃၉။ | သုတစုံဖြာ ဤကမ္ဘာ | ဗိုးရွှေလမင်း | ၂၅၄ |
| ၄၀။ | နွားကျောင်ငယ်ရည်ဖြင့် | ကိုထိန်(တာချီလိတ်) | ၂၆၀ |
| ၄၁။ | အမေပြောတဲ့ ဆေးနည်း | စိုးယဉ်ထွန်း | ၂၆၁ |
| ၄၂။ | ထူးဆန်းအံ့ဖွယ် ဆေးနည်းနှစ်မျိုး | စိန်ဇောတိက | ၂၆၂ |
| ၄၃။ | လိပ်ခေါင်းရောဂါ သတိပြုစရာ | တော်မြင့်(ငှက်ဖျား) | ၂၆၄ |
| ၄၄။ | မိသားစုတို့ ဂရုပြုစေချင်<br>ဝက်ရူးပြန်ရောဂါရှင် | ရိရိငွေ | ၂၆၆ |
| ၄၅။ | ဒူလာရောဂါအကြောင်း သိကောင်းစရာ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၆၉ |
| ၄၆။ | ကျန်းမာစေဖို့ လမ်းလျှောက်ကြစို့ | ဆန်းဝင်း(အောင်မြေ) | ၂၇၂ |
| ၄၇။ | လဆန်းရက်မှာ ခေါင်းလျှော်ပါ | ချစ်မမသက် | ၂၇၅ |
| ၄၈။ | ရောဂါပျောက်ရာ ဆေးနည်းဖြာဖြာ (၂) | သုနန္ဒာစိုး(ရွှေရင်အေး) | ၂၇၆ |
| ၄၉။ | သရဲဖိုးတာ | ကြည်နွဲ့ရည်(ခရမ်း) | ၂၇၉ |
| ၅၀။ | ခရီးထွက်မလား ပြဿဒါးရက်မှာ | သုတေသီဆရာငြိမ်း | ၂၈၃ |
| ၅၁။ | ကြုံရဆုံရ သမဂ္ဂဘဝ | သုဝဏ္ဏကျော်စိန် | ၂၈၄ |
| ၅၂။ | ရိဟာဇယ် | ကိုရွှေတောသား | ၂၈၆ |
| ၅၃။ | ကျဲကျဲနှင့် အလွဲများ | သဲသိမ့်သိမ့် | ၂၉၀ |
| ၅၄။ | ငါ့သား အရက်မသောက်တတ်ဘူး | မောင်မောင်ဝင်းမြင့်(မှူခင်း) | ၂၉၂ |
| ၅၅။ | စပါး ၂၀ လောက်တော့ ကုန်ပြီ | မင်းတိုင်ပင်(မြရောင်မြေ) | ၂၉၅ |
| ၅၆။ | ကာတွန်းကဏ္ဍ | ကလောင်စုံ | ၂၉၈ |
| ၅၇။ | ပြုံးရယ်ရယ်ဟား ဟာသများ | စောနိုင်ထူး | ၃၀၂ |
| ၅၈။ | ထန်းလျက်ခဲ ပျောက်ဆုံးမှု | အောက်တိုဘာအောင်ကြီး | ၃၀၄ |







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | မိုင်းခိုင်းဆရာတော်ကြီး၏ အစွမ်းထက် ထီး၊ တံခွန်၊ သန့်လျက် ဂါထာတော် ........ သုတေသီဆရာငြိမ်း | ၃၀၆ |
| ၆၀။ | ရတနာ့ထဲက သလင်းစိမ်းပြာအဆောင် ... အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၀၈ |
| ၆၁။ | အမှုအခင်း၊ ထောင်အချုပ် လွတ်ရန် ဓာတ်ယတြာ ................ အောင်ကြည်သန်း(ဇောင်တော်သီ) | ၃၁၀ |
| ၆၂။ | ဓာတ်မှိုက်ကြစို့လား ............. ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) | ၃၁၄ |
| ၆၃။ | ယတြာနှင့်ပွဲစား ......................... မေမဒ္ဒီ | ၃၁၆ |
| ၆၄။ | သန့်ဂုံပမ ဗုဒ္ဓလေးဆူ အောင်ဆုယူ .. ဆုကြီးပန်-လှအောင်(ကြေး/မြေ) | ၃၂၁ |
| ၆၅။ | ဝိဓူရ လက်ထောက်ဗေဒင်ဟောကိန်း .... ညွှန့်လွင်(စက်မှုတက္ကသိုလ်) | ၃၂၄ |
| ၆၆။ | အတိတ်နိမိတ်ကောင်းတွေ အိပ်မက်လှလှလေးတွေ မက်နေပြီမဟုတ်လာ ....... နတ်မျက်စိ | ၃၂၆ |
| ၆၇။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z ...... ဆရာဦးခန့်ကျော် | ၃၂၈ |
| ၆၈။ | ပတ္တမြားကျောင်းတော်ရာသို့ အမိဋ္ဌာန်ခရီး ... ဆရာကြီးဦးအောင်မြိုင် | ၃၃၅ |
| ၆၉။ | ၂၀၁၄ ခုနှစ်၊ ဧပြီလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ .......... ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၇ |
| ၇၀။ | ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဧပြီလ ဟောကိန်းများ ................ ဆရာဦးခန့်ကျော် | ၃၄၀ |


○


**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ညာဏ်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်၊
စိုးမြင့်လေး၊ အောင်နိုင်လတ်၊ ရဲရင့်နိုင်၊

**အတွင်းဖလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အစထွေထွေ**
အောင်ဝင်းသန့်၊ အောင်အောင်

**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၀၀၀

**စျေးနှုန်း**
၂၂၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com



# အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား

မင်းဝဏ်
ပူဇော်သည်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဗလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသို့ ရှေးယခင်က စာရေးသူ နှစ်ကြိမ်တိုင် ရောက်ခဲ့ဖူးသည်။ ထိုစဉ်က လမ်းပန်းဆက်သွယ်ရေး ယခုကဲ့သို့ မကောင်းမွန်သေးသဖြင့် ကုန်းတစ်တန် ရေတစ်တန် သွားခဲ့ရသည်။

ယခု နောက်ပိုင်း နိုင်ငံတော်အစိုးရက ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးသဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ အထိုက်အလျောက် ကောင်းမွန်လျက် ရှိပေပြီ။ ထိုမြစ်ကူးတံတားကြီးများအနက် မီးရထားလမ်းပါ ပါရှိသည့် ဧရာဝတီတံတား (ညောင်တုန်း)တည်ဆောက်ပြီးဖြစ်သဖြင့် ပုသိမ်၊ အုပ်ပင်၊ ဓနုဖြူ၊ ဗလွန် စသည့် မြစ်ဝကျွန်းပေါ်မြို့များသို့ ရန်ကုန်မြို့မှ လွယ်ကူမြန်ဆန်စွာပင် သွားရောက်နိုင်ကြသည်။ ထို ညောင်တုန်းတံတားကြီး တည်ဆောက်ပြီးနောက်မှ ဗလွန် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသို့ ဉာဏ်ပွင့်(စက်မှု)နှင့်အတူ စာရေးသူတို့ ရောက်ဖြစ်ခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင်များ အနေနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြရာတွင် ခရီးလမ်းပန်း ခက်ခဲသည့်တိုင် ဇွဲသန်စွာဖြင့် ကြိုးစားပမ်းစား အရောက်သွားလေ့ရှိကြရာ ခရီးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်တွင်မူ အထူးပြောဖွယ် မရှိတော့ပေ။

သို့ဖြစ်၍ မြန်မာနိုင်ငံ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသို့လည်း ကားကြီးကားငယ် အသွယ်သွယ်တို့ဖြင့် ဘုရားဖူးများ လာရောက်လျက် ရှိကြသည်ကို တွေ့ရသည်။

စေတီတော်ပရိဝုဏ် ကျယ်ဝန်းလှသဖြင့် ယာဉ်ရပ်နားရန်လည်း အထူးပင် အဆင်ပြေသည်။ ယာဉ်ရပ်နားစခန်းဝင်ပေါက်မုခ်ဦးကြီးကိုပင် ရွှေရောင်ကနုတ်ပန်းဖော် မြန်မာမှုအနုလက်ရာများဖြင့် ခြယ်မှုန်းထားသည်။ ဘုရားကြီး၏ ပရိဝုဏ်အကျယ်အဝန်းမှာ ၁၀ ဧကခန့်ရှိသည်ဟု ဆိုသည်။

ဂန္ဓကုဋိတိုက်တော်သို့ဝင်ရောက်ရန် စောင်းတန်းလေးသွယ်ရှိပြီး စောင်းတန်းများနှင့် ဂန္ဓကုဋိတိုက်တော်တို့ကို ပေါင်းကူးတိုက်များဖြင့် ဆက်သွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက် စောင်းတန်းကြီးမှာ အစိမ်းရောင်သွပ်ပြားအမိုး သုံးဆင့်ပေါ်တွင် ဘုံခုနစ်ဆင့် စုလစ်မွမ်းချွန်အထွတ်တင်သည့် ရွှေရောင်ပြာသာဒ်လေးဆောင်ပါဝင်ပြီး မြန်မာအနုလက်ရာ မှန်စီရွှေချ တိုင်လုံးကြီးများ၊ ရွှေရောင် ကနုတ်ပန်းဖော် နဖူးစီးများဖြင့် လှပတင့်တယ်လျက် ရှိသည်။

ထိုစောင်းတန်းကြီး၏ ဝင်ပေါက်ဝဲယာ တစ်ဖက်တစ်ချက်တွင် ခြင်္သေ့ရုပ်တုကြီး တစ်ခုစီရှိသည်။ စောင်းတန်းကြီး၏အလျားမှာ ၁၁၈ ပေ ၁၀လက်မ၊ ဝဲယာတစ်ဖက်စီတွင် တိုင်လုံးပေါင်း ၄၈ လုံးစီ စုစုပေါင်း ၉၆ လုံး၊ အခန်းပေါင်း ၉၄ ခန်းရှိကြောင်း သိရသည်။ ဘေးနှစ်ဖက်တွင် အမြင့် ၂ ပေ၊ အကျယ် ၉ ပေစီရှိသော အုတ်ခုံနှစ်ခု ခြံရံလျက်အလယ်လူသွားစင်္ကြံမှာ ၁၃ ပေ ၂ လက်မ ကျယ်ဝန်းသည်။

မူလက ကျွန်းတိုင်များဖြင့် ဆောက်လုပ်ခဲ့ပြီး ၁၂၉၈ ခုနှစ်တွင် ပျက်စီးယိုယွင်းသဖြင့် ၁၃၁၆ ခုနှစ် နတ်တော်လတွင် မူလစောင်းတန်းကို ဖျက်သိမ်းကာ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့တွင် ပန္နက်အသစ်ချခဲ့သည်။ ၁၃၁၈ ခုနှစ်တွင် အပြီးသတ်ခဲ့ရာ ထိုအချိန်က ကုန်ကျငွေ ၉၂၀၈၅ ကျပ် ၃ ပြား ဖြစ်ကြောင်း သိရသည်။



မြောက်ဘက်စောင်းတန်း
ဝင်ပေါက်မုခ်ဦးနှင့် ခြင်္သေ့ရုပ်တု

ဂန္ဓကုဋိ တိုက်တော်ကြီးမှာ ဧကဒေါက် အုတ်တိုက်တော်ကြီးဖြစ်ပြီး အုတ်တိုက်တော်ပေါ်ရှိ စေတီတော်မှာ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ဖြင့် ရွှေရောင်ဝင်းကာ တင့်တယ်သပ္ပာယ်လျက်ရှိသည်။ စေတီတော်မုခ်လေးမုခ်တွင် ရပ်တော်မူရုပ်ပွားတော်တစ်ဆူစီ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်ကို ကြည်ညိုဖွယ်ဖူးတွေ့ရသည်။

ဂန္ဓကုဋိတိုက်တော်ကြီးကို ဗဟိုမဏ္ဍိုင်ပြုကာ တည်ဆောက်ထားသည့် တန်ဆောင်းတော်ကြီးမှာလည်း အမိုးပတ်လည်တွင် ရွှေရောင်ကနုတ်ပန်းဖော် ပန်းဘောင်၊ ပန်းဆွဲ၊ ပန်းတည်းလက်ရာများအပြင် နံရံပတ်လည်တွင်လည်း မြန်မာမှု အင်္ဂတေပန်းတော့ လက်ရာများဖြင့် ပြောင်မြောက်စွာခြယ်မှုန်းထားသည်။



ယာဉ်ရပ်နားစခန်း ဝင်ပေါက်မုခ်ဦးကြီး

www.burmeseclassic.com



www.burmeseclassic.com

မှန်စီရွှေချ တိုင်လုံးကြီးများ၊ ရွှေရောင်ကနုတ်ပန်းဖော် ပန်းထောင်၊ ပန်းဆွဲ၊ လင်းနို့တောင် နဖူးစီးများ၏ မှန်ရောင်၊ ဖန်ရောင်၊ ရွှေရောင်တို့ဖြင့် ဝင်းလက်လျက်ရှိသော စောင်းတန်းကြီးအတွင်းဝယ် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပရိသတ်များ ပျားပန်းခပ်မျှ စည်ကားလျက်ရှိသည်။


ရောင်စုံကြွေပြားများ ခင်းထားသည့် စောင်တန်းကြီး တစ်လျှောက်လျှောက်လှမ်းရင်း စာရေးသူ ရှေးယခင်ရောက်ဖူးခဲ့သည်နှင့်မတူ တစ်မူထူးခြားစွာ ဘက်စုံတိုးတက် ပြောင်းလဲစည်ပင်လျက်ရှိသော မြင်ကွင်းစုံကိုကြည့်ကာ ကုသိုလ်ရှင်များ၏ စွမ်းဆောင်မှုတို့ကို မုဒိတာပွားလျက် သာခုခေါ်ခဲ့မိသည်။ ဂန္ဓကုဋိတိုက်တော်အတွင်းဝယ် မည်မျှအထိ တိုးတက် ပြောင်းလဲနေမည်ကိုလည်း သိလိုဇောက ထက်သန်လျက်ရှိသည်။



မြောက်ဘက်စောင်းတန်းကြီးဘေးတွင် ရပ်နားထားသည့် ဘုရားဖူးယာဉ်များ

ဇောစိတ်၏ မောင်းနှင်ချက်အရ ခပ်သွက်သွက်လျှောက်လှမ်းရင်း ဂန္ဓကုဋိတိုက် တန်ဆောင်းတော်ကြီးအတွင်းသို့ ရောက်ရှိခဲ့ကြသည်။ တန်ဆောင်းတော်ကြီးမှာ ဂန္ဓကုဋိ တိုက်တော်ကြီးကို ဗဟိုပြု၍ လေးဖက်လေးတန်တွင် သံထည်ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတို့ဖြင့် အမိုးနှစ်ဆင့်မိုးထားပြီး ရွှေရောင်အင်္ဂတေတိုင်ကြီးများဖြင့် ခံ့ထည်လျက်ရှိသည်။

တန်ဆောင်းကြီး၏ အရှေ့ဘက်အတွင်းနံရံတွင် ဗုဒ္ဓဝင်သရုပ်ဖော် ရွှေဇဝါယွန်းပန်းချီများဖြင့် ရေးခြယ်ထားသည်။ ပန်းချီပညာရှင်များမှာ ဇလွန်မြို့ ကမ်းနားရပ်ကွက်မှ ဆရာဝင်းနှင့် ဆရာဟိန်းတို့ ဖြစ်ကြသည်။ တန်ဆောင်းကြီးအတွင်းရှိ ရွှေရောင်တိုင်အလုံးပေါင်း ၂၀ တို့တွင်လည်း အောက်ခြေနှင့်အထက်ပိုင်းတို့တွင် မှန်စီထားပြီး ဇာတ်ကြီးဆယ်ဘွဲ့ ကောက်နုတ်ချက် ဗုဒ္ဓဝင်ပုံတော်များကို ရွှေဇဝါယွန်းပန်းချီဖြင့် တန်ဆာဆင်ထားသည်။ ထိုပန်းချီလက်ရာမှာ ရန်ကုန်မြို့ ဆရာဦးသောင်းထွန်း ပန်းယွန်းပန်းချီအဖွဲ့၏ လက်ရာဖြစ်ပြီး ၁၉၉၆ ခုနှစ်တွင် ရှေးမူမပျက် ပြန်လည်မွမ်းမံ ရေးဆွဲထားခြင်း ဖြစ်ကြောင်းသိရသည်။ နံရံအတွင်းဘက် မျက်နှာကိုမူ ကြွေပြား၊ မှန်ပြားများဖြင့် မွမ်းမံထားသည်။ အီတာလျံကျောက်ပြားများ ခင်းထားသည့်တန်ဆောင်းတော်ကြီးအတွင်းဝယ် သန့်ရှင်းသပ်ရပ်လျက် ရှိသည်။ အမိုးမျက်နှာကြက်များကို ရွှေမင်ခြယ်သထားပြီး ဖောင်းကြွရွှေရောင်ကနုတ်ပန်းများဖြင့် အကွက်ဖော်ထားသည်။



ပြည်တွင်းဖြစ်ကုန်တင်ယာဉ်ဖြင့် လာရောက်ကြသည့် ဘုရားဖူးအဖွဲ့

ဂန္ဓကုဋိတိုက်တော် အပြင်နံရံပတ်လည်တွင်လည်း ရွှေမင်ရောင်အောက်ခံပေါ်တွင် ဟင်္သပဒါးရောင်အနားကွပ်လျက် အပေါ်တွင် ရွှေရောင်ဖောင်းကြွ အင်္ဂတေပန်းတော့ မြန်မာမှုအနုလက်ရာများဖြင့် ရှုမငြီးဖွယ် ခြယ်မှုန်းထားသည်။


ဂန္ဓကုဋိ တိုက်တော်ကြီးအတွင်းတွင် ရွှေရောင်ဝင်းလျက်ရှိပြီး ရွှေပလ္လင်တော်ထက်ဝယ် တင့်တယ်သပ္ပာယ်လှသီတင်းသုံး စံပယ်တော်မူလျက်ရှိသော မာရ်အောင်မြင် ရုပ်ပွားတော်မြတ်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋီတိုက်တော်ပေါ်ရှိ စေတီတော်အား အနီးကပ်ဖူးတွေ့ရပုံ



ဂန္ဓကုဋီတိုက်တော်ကြီးကို မဏ္ဍိုင်ပြုကာ
တည်ဆောက်ထားသည့် တန်ဆောင်းတော်ကြီး



တန်ဆောင်းတော်ကြီး
အပြင်နံရံပတ်လည်မြင်ကွင်း

ဂန္ဓကုဋီတိုက်တော်ကြီးမှာ ယခင်စာရေးသူ ရောက်ခဲ့စဉ်ကနှင့် မတူတော့ဘဲ အံ့သြဖွယ်ရာ တိုးတက်ပြောင်းလဲ၍နေပေပြီ။ သဒ္ဓါတရား ထက်သန်သည့် ကုသိုလ်ရှင်များ၏ စေတနာအလျောက် ဂန္ဓကုဋီတိုက်တော်ကြီးအားလည်းကောင်း၊ မာရ်အောင်မြင် ရုပ်ပွားတော်မြတ်အားလည်းကောင်း၊ မန္တလေးမြို့ရှိ နောင်တော်မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပူဇော်သကဲ့သို့ အမြတ်တနိုး ကြိုးပမ်းပူဇော်လှူဒါန်း ထားကြသည်ကို ဝမ်းမြောက်ဖွယ်ရာ ဖူးတွေ့ရသည်။

မာရ်အောင်မြင် ရုပ်ပွားတော်၏ မျက်နှာတော်မှာလည်း မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ မျက်နှာတော်ကဲ့သို့ပင် ပြစ်မျိုးမဲ့မထင် ကြည်လင်ဝင်းပကာ သတ္တဝါဝေနေယျတို့အပေါ် ထားရှိတော်မူသည့် မဟာကရုဏာတော်များအထင်းသားပေါ် လွင်လျက်ရှိရာ ဖူး၍မဝအောင်ပင် သပ္ပာယ်တော်မူလှသည်။

ရုပ်ပွားတော်သည်ပင် ဤမျှကြည်ညိုဖွယ်ရာ သပ္ပာယ်တော်မူလျှင် သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားအား ကိုယ်တိုင်ဒိဋ္ဌ ဖူးတွေ့ရ[illegible]မှု မည်

www.burmeseclassic.com

www.burmeseclassic.com





တန်ဆောင်းတော်ကြီး အပြင်နံရံပတ်လည်မြင်ကွင်း



မြောက်ဘက်စောင်းတန်းကြီး
အတွင်းမြင်ကွင်း

မှ ကြည်ညိုဖွယ်ကောင်းလေမည်နည်း ဟူသော အတွေးဖြင့် မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ရည်မှန်းကာ မြတ်မြတ်နိုးနိုး ရှိခိုးပူဇော်ဖြစ်ခဲ့သည်။

ဤမျှ ကြည်ညိုဖွယ်ရာသဗ္ဗာယ်တော်မူလှသည့် မာရ်အောင်မြင်ရုပ်ပွားတော်မြတ် ပေါ်ထွန်းတော်မူလာပုံ၊ ပြည်တော်ပြန်ဟူသော ဝိသေသဘွဲ့ တွင်တော်မူခဲ့ပုံနှင့် ဇလွန်မြို့တွင် ကြွရောက်စံပယ်တော်မူဖြစ်ခဲ့ပုံများမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ရခိုင် ရက္ခပူရတိုင်းကို အစိုးရသော ကံရာဇာမင်းကြီး၏အနွယ် ၂၈ ဆက်မြောက် သီရိရာဇာမင်း သက်တော် (၅၇)နှစ်တွင် နတ်ရွာစံပြီးနောက် သားတော် စန္ဒသူရိယမင်းသည် သက္ကရာဇ် ၉၇၃ (ဘီစီ ၅၈၀)တွင် ၂၉ ဆက်မြောက် မင်းအဖြစ် ထီးနန်းကို သိမ်းမြန်းစိုးစံခဲ့သည်။

ဤကဲ့သို့ ရက္ခပူရ ဓညဝတီ ရခိုင်ပြည်တွင် စန္ဒသူရိယမင်း ထီးနန်းစိုးစံနေစဉ် မဇ္ဈိမဒေသ (အိန္ဒိယပြည်)၌ သဗ္ဗညုမြတ်စွာဘုရားပွင့်တော်မူကြောင်း မဇ္ဈိမတိုင်းသား ကုန်သည်များထံမှ မင်္ဂလာသတင်းစကား ကြားသိလိုက်ရသဖြင့် မင်းကြီးသည် သဒ္ဓါထုံမွမ်း ပီတိလျှမ်းကာ ဘုရားရှင်အား ဖူးမြင်လိုသော စိတ်ဆန္ဒများမှာလည်း ပြင်းပြစွာ ပေါ်ပေါက်ခဲ့လေသည်။ သို့ဖြစ်၍ စန္ဒသူရိယမင်းကြီးသည် ဘုရားရှင်အား ပင့်ဆောင်ရန် မှူးကြီးမတ်ကြီးများအား တာဝန်ပေးအပ်ရာ ခက်ခဲသောအမှုဖြစ်၍ ပင့်မရနိုင်ကြောင်း လျှောက်တင်ကြသဖြင့် ထိုသို့လျှောက်တင်သူများအား နန်းတွင်းမှ နှင်ထုတ်လေသည်။

မင်းကြီးသည်လည်း ဘုရားရှင်အား ဖူးခွင့်မရသဖြင့် စိတ်လက်မကြည်သာ စက်တော်မခေါ် ပွဲတော်မတည်နိုင်ဘဲ ဆင်းရဲပင်ပန်းခြင်းကြီးစွာ ဖြစ်လျက်ရှိသည်။

ထိုဖြစ်အင်ကို မြင်တွေ့ရသည့် နှမတော်ငယ် ဥဒုမ္ဗရဒေဝီက မောင်တော်မင်းကြီးထံ ဘုရားရှင် ရောက်အံ့သောအကြောင်းရှိလျှင် ဖူးရမည်ပင် ဖြစ်ပါကြောင်း နှစ်သိမ့်စကားလျှောက်ထားသည်တွင် မင်းကြီးလည်း စိတ်သက်သာရာရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





တန်ဆောင်းတော်ကြီး အတွင်းမြင်ကွင်းများ



ဂန္ဓကုဋိတိုက်တော် အပြင်နံရံမြင်ကွင်း

ထိုသို့ လျှောက်ထားခဲ့ပြီးနောက် နှမတော်ငယ်သည် ဘုရားရှင်ကို ဖူးခွင့်ရစေရန် မှူးမတ်များနှင့် တိုင်ပင်ကာ အစီအမံများ ပြုလုပ်ခဲ့လေသည်။ ထိုအစီအမံများအရ မင်းကြီးသည် ဘုရားရှင်ကို ရည်စူးလျက် တံခွန် ငါးရာ၊ ဆီမီး၊ ပန်း၊ ပေါက်ပေါက်၊ နံ့သာတို့ဖြင့် ပူဇော် ပင့်လျှောက်ရမည် ဖြစ်ကြောင်း လျှောက်တင်လေသည်။

မင်းကြီးသည် ထိုလျှောက်တင်ချက်အတိုင်းပင် ဘုရားရှင်အား ရည်စူးလျက် ပူဇော်ဖွယ် အထူးထူးတို့ဖြင့် ခုနစ်ရက်ပတ်လုံး ပူဇော်ကာ ရက္ခပူရ ဓညဝတီ ရခိုင်ပြည်သို့ ကြွမြန်းတော်မူပါရန် မနောအဓိဋ္ဌာန်ဖြင့် ရိုသေစွာ ပင့်ဖိတ်လျှောက်ထားလေသည်။


ထိုကဲ့သို့ စန္ဒသူရိယမင်း ပင့်ဖိတ်လျှောက်ထားသည်ကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဘုရားရှင် ဆင်ခြင်တော်မူ၍ သိမြင်တော်မူလိုက်သဖြင့် အတိတ်ဘဝ သံသရာကို ပြန်လည်ကြည့်ရှုတော်မူရာ အတိတ်ဘဝပေါင်း ၄၀ မျှအထိ ရှင်းနိုးကျွမ်းဝင် ချစ်ခင်သူအဖြစ် တော်စပ်နေထိုင်ခဲ့ဖူးသည်ကို သိမြင်တော်မူသည့်အပြင်စန္ဒသူရိယမင်းထံကြွရောက်တော်မူပြီး ရုပ်ပွားဆင်းတုတော် စီမံသွန်းလုပ်ကိုးကွယ်ခွင့်ပြုခြင်းဖြင့် ဘုရားရှင်၏ သာသနာတော်စည်ပင်ထွန်းကားပြန့်ပွားမည်ကို မြင်တော်မူလေသည်။

သို့ဖြစ်၍ ညီတော်အာနန္ဒာကို ခေါ်တော်မူကာစန္ဒသူရိယမင်းက မနောအာရုံဖြင့်ပင် လျှောက်သဖြင့် နံနက်မိုးသောက်သည်နှင့် သံဃာတော် ငါးရာခြံရံလျက် ရက္ခပူရ ဓညဝတီ ရခိုင်ပြည်သို့ ကြွတော်မူမည်ဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။ နံနက် မိုးသောက်သည်တွင် မြတ်စွာဘုရားရှင်နှင့် တပည့်သံဃာငါးရာတို့သည် သိကြားမင်း၏ မိန့်မှာချက်အရ ဝိသုကြံနတ်သား ဖန်ဆင်းပေးသည့် ပြာသာဒ်ယာဉ်ပျံများဖြင့် ကောင်းကင်ခရီးမှ ကြွမြန်းတော်မူခဲ့သည်။ ဘုရားရှင် ကိုယ်တော်မြတ်သည် ရခိုင်ပြည်သို့ ကြွရောက်တော်မူရာတွင် ဓညဝတီ ကစ္ဆပနဒီမြစ် အရှေ့ဘက်ကမ်းရှိ မောရပဗ္ဗတ ခေါ် သေလာဂီရိကျောက်တောင်တော်ထိပ်၌ သက်ဆင်းရပ်တန့်တော်မူပြီး သွားတော်ပေါ် ရုံမျှပြုံးတော်မူသဖြင့် သွားတော်၊ စွယ်တော်တို့မှ ရောင်ခြည်တော်ကွန့်မြူးကာ တန်ခဲ့နက်သော ရောင်ခြည်တော်များ ပေါ်ထွန်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ ရောင်ခြည်တော်များ ပေါ်ထွန်းလာသည်ကို စန္ဒသူရိယမင်းကြီးမြင်တွေ့ရသဖြင့် လွန်စွာဝမ်းမြောက်လျက် ဆင်၊ မြင်း၊ ယာဉ်၊ သံလျင်း၊ ထမ်းစင်တို့ကို မစီးဘဲ မှူးမတ်အပေါင်း ခြံရံလျက် ရောင်ခြည်တော်ပေါ်ထွက်ရာ သေလာဂီရိတောင်သို့ ဆောလျင်စွာ အရောက်သွားခဲ့သည်။ ဘုရားရှင်ထံတော်ပါးသို့ စန္ဒသူရိယမင်း ရောက်သည်တွင် ပူဇော်အထူးထူးတို့ဖြင့် ပူဇော်ပြီး ဘုရားရှင်၏ ခြေတော်အစုံကို ဦးခိုက်ပူဇော်လေသည်။ ထို့နောက် ဘုရားရှင်အား တပည့်သံဃာတော်များနှင့်တကွ



တန်ဆောင်းတော်ကြီး အတွင်းမြင်ကွင်းများ



နန်းတော်ဆောင်သို့ ကြွတော်မူပါရန် လျှောက်ထားလေသည်။

ဘုရားရှင် ကိုယ်တော်မြတ်သည် တပည့်သံဃာတော်များနှင့်တကွ နန်းတော်သို့ ကြွရောက်တော်မူခဲ့ရာ စန္ဒသူရိယမင်းလည်း ဝမ်းသာရွှင်လန်း ပီတိလွှမ်းကာ ဆီမီး၊ ပန်းနံ့သာ လှူဖွယ်ရာ အဖြာဖြာတို့ဖြင့် လှူဒါန်း ပူဇော်ပြီးနောက် အခမ်းအနား မင်္ဂလာသဘင် စီရင်ပြုလုပ်၍ ဘုရားရှင်နှင့် သံဃာတော်များအား ခုနစ်ရက်ပတ်လုံး နေ့ညမပြတ် ပူဇော်သက္ကာယ ပြုတော်မူခဲ့သည်။

ထိုအတောအတွင်း မင်းနှင့်တကွ ပြည်သူ၊ ပြည်သားများလည်း ဘုရားရှင် ဟောကြားတော်မူသည့် တရားဓမ္မများကို နာကြားခွင့် ရခဲ့ကြကာ သရဏဂုံ သီလ ဆောက်တည်နိုင်ခဲ့ကြသည်။

စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားရှင်အား ထူးကဲစွာ ကြည်ညိုသဖြင့် ကျောင်းဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ထားရာ နန်းတော်၏ တောင်ဘက် မြေသာ တလင်းပြင်တွင် ဝေဠုဝန်ကျောင်းဆောက်လုပ်ရန် ဘုရားရှင်ကိုယ်တော်မြတ် ခွင့်ပြုတော်မူလေသည်။ သို့ဖြစ်၍ စန္ဒသူရိယမင်းကြီးသည် ဘုရားရှင်အား ရတနာမျိုးစုံစီခြယ်သော ရွှေကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ရာ ထိုကျောင်းတော်တွင် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူပြီး နေ့ညမပြတ် တရားတော်များ ဟောကြားတော်မူခဲ့သဖြင့် တရားတော်များ နာကြားရင်း ခန္ဓာဉာဏ်ရောက် ရှုပွားဆင်ခြင်နိုင်ကြသည့် ပါရမီဉာဏ် ရင့်သန်သူ ဝေနေယျအများပင် အရိယာစခန်း အသီးသီးသို့ တက်လှမ်းခဲ့ကြသည်ဟု ဆိုသည်။

ထို့နောက် ဘုရားရှင်သည် ဓညဝတီ ရခိုင်ပြည်မှ ပြန်ကြွတော့မည်ဖြစ်ကြောင်း စန္ဒသူရိယမင်းကြီးအား မိန့်တော်မူရာ ဘုရားရှင်နှင့် ခွဲရတော့မည့် အရေးကို တွေးလျက် စန္ဒသူရိယမင်းကြီးလည်း ပူဆွေးသောက ကြီးစွာဖြစ်ရလေသည်။ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်သည် မင်းကြီးအား လောကဓံတရား ရှစ်ပါးကို ဟောကြားတော်မူကာ ပူပန်ဆင်းရဲမှုကို သက်သာစေခဲ့သည်။


သို့ရာတွင် မြတ်စွာဘုရားနှင့် ကင်းကွာ၍ မနေနိုင်လောက်သည်အထိ ကြည်ညိုသဒ္ဓါ ထက်သန်လျက်ရှိသော စန္ဒသူရိယမင်းက မြတ်စွာဘုရားကြွသွားတော်မူပါလျှင် ကိုးကွယ်ရာမဲ့ဖြစ်ကာ ကျန်ရစ်မည့် မိမိနှင့်တကွ တိုင်းသူပြည်သားများ ထာဝရကိုးကွယ်နိုင်ရန် ဘုရားရှင်ကိုယ်စား နိမ္မိတရုပ်ရှင်တော်တစ်ဆူ သွန်းလုပ်ကိုးကွယ်ခွင့်ပြုရန် လျှောက်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com







ဂန္ဓကုဋိတိုက်တော် အတွင်းမြင်ကွင်းများနှင့် မာရ်အောင်မြင်ရုပ်ပွားတော်အား ကြည်ညိုဖွယ်ဖူးတွေ့ရပုံ



ထိုသို့ လျှောက်ထားချက်အရ ဘုရားရှင်ကိုယ်တော်မြတ်သည်အတိတ်ဘဝအကြောင်း ပြန်ပြောင်းကာ ဆင်ခြင်တော်မူရာ စန္ဒသူရိယမင်းသည် ဘုရားရှင်အား မခွဲနိုင် မခွာရက်ဘဲ ရင်းနှီးချစ်ခင်ခဲ့သည်မှာ ဘဝပေါင်း လေးဆယ်ပင်ရှိခဲ့ပြီး စန္ဒသူရိယအလောင်း နွားကျောင်းသားဘဝတွင် နွားပျောက်သဖြင့် ဘုရားအလောင်း ပုရောဟိတ်ပုဏ္ဏားထံ သွားရောက်ကာ ဗေဒင်မေးခဲ့ရာ ပျောက်နေသော နွားကို ပုဏ္ဏားကြီးကိုယ်တိုင်အတူတကွလိုက်ပါ ရှာဖွေပေးခဲ့သဖြင့် ထိုကျေးဇူးကြောင့် နွားကျောင်းသားလည်း ပုဏ္ဏားကြီးအား အထူးပင်ချစ်ခင်ရင်းနှီးခဲ့သည်မှာ တစ်နေ့မျှ မတွေ့ရလျှင်ပင် မနေနိုင်လောက်သည်အထိပင်။

သို့ဖြစ်၍ ပုဏ္ဏားကြီး တစ်ရပ်တစ်ကျေးသို့သွားလျှင် ကိုယ်စား ပုံစံတူရုပ်ကိုထုလုပ်၍ နွားကျောင်းသားအားပေးအပ်ခဲ့ပြီးမှ သွားခဲ့ရသည်ကို မြင်တော်မူသည့်အပြင် ကိုယ်စားတော်သွန်းလုပ်ရေးကို ခွင့်ပေးတော်မူခြင်းဖြင့်ဘုရားရှင် သာသနာတော် အရှည်တည်တံ့ပြန့်ပွားမည်ကိုလည်း ဆင်ခြင်တော်မူမိသဖြင့် ခွင့်ပြုတော်မူခဲ့လေသည်။

ဘုရားရှင် ခွင့်ပြုတော်မူသည်နှင့် တစ်ပြိုင်နက် စန္ဒသူရိယမင်းကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်အား ရုပ်ပွားတော် သွန်းလုပ်ပြီးသည်အထိ ဆိုင်းငံ့သီတင်းသုံးတော်မူပါရန် ခြေတော်ဦးခိုက် လျှောက်ထားတောင်းပန်ခဲ့ပြီး ရုပ်ပွားတော်သွန်းလုပ်ရန် ဆောလျင်စွာ စီမံဆောင်ရွက်လေသည်။

ဤကဲ့သို့ စီမံဆောင်ရွက်ရာတွင် မင်းကြီးသည် သီရိဂုတ်တောင်ပေါ်တွင် ဗုဒ္ဓပူဇနီယ သဘင်ကြီးကို ခုနစ်ရက်[illegible]လုံး ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com





ကြည်ညိုဖွယ်ရာ သပ္ပာယ်လှစွာသော မာရ်အောင်မြင်ရုပ်ပွားတော်၏မျက်နှာတော်အား ဖူးတွေ့ရပုံ



စန္ဒသူရိယမင်းကြီး၏ ဖိတ်ကြားချက်အရ စကြဝဠာအရပ်ရပ်မှ လာကြကုန်သော ဗြဟ္မာ၊ သိကြား၊ နတ်၊ လူပရိသတ်များစွာတို့၏ ကုသိုလ်ပါဝင်လှူဒါန်းကြသော ရတနာမျိုးစုံ ၆၅ တင်းမျှ ရှိခဲ့သည်။

ဗုဒ္ဓပူဇနီယပွဲသဘင် ဆင်ယင်ကျင်းပလျက်ရှိသော သီရိဂုတ်တောင်တော်ပေါ်တွင် မဟာသက္ကရာဇ် ၁၂၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညအချိန်မှ စတင်ကာ သိကြား၊ ဝိသုကြုံ စသော နတ်အပေါင်းနှင့်တကွ စန္ဒသူရိယမင်းကြီးနှင့် ၁၀၁ ပါးသော ထီးဆောင်းမင်းအပေါင်းတို့ ခြံရံကာ ၆၅ တင်းသော ရတနာတို့ကို ကျိုချက်၍ မဟာမုနိရုပ်ရှင်တော်မြတ် သွန်းလုပ်ခဲ့ရာ ကဆုန်လပြည့်ကျော် ၁ ရက် ကြာသပတေးနေ့ နံနက်တွင် ပြီးမြောက်ခဲ့သည်။

သို့ရာတွင် ဦးခေါင်းတော်မြတ်မှာ မဆက်စပ်ဘဲ ကွာဟနေသဖြင့် သုံးကြိမ်တိုင်တိုင် သွန်းလုပ်ခဲ့သော်လည်း ကွာဟမြဲပင် ဖြစ်၍နေသည်။ သို့ဖြစ်၍ ထိုအကြောင်းကိုဘုရားရှင်အားလျှောက်ထားသည်တွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွလာတော်မူကာ ကိုယ်တော်မြတ်၏ ရင်ငွေ့တော် ခုနစ်လက်ခုပ်ကို ထည့်သည်တွင်မှ ရုပ်ရှင်တော်မြတ်သည် တစ်ဆံခြည်မျှပင် မယွင်းဘဲ ပြီးမြောက်ခြင်းသို့ ရောက်ခဲ့သည်။

ထိုအချိန်တွင် ဖူးတွေ့ကြရသည့် ဗြဟ္မာနတ်လူတို့၏ စက္ခုပသာဒဝယ် ဘုရားရှင်နှစ်ဆူ ပြိုင်တူပွင့်တော်မူသည်ကို ဖူးတွေ့ရသကဲ့သို့ ထင်မှတ်ခဲ့ကြသည် ဟုဆိုသည်။

ထိုကဲ့သို့ ဖူးတွေ့ခဲ့ကြရသဖြင့် စန္ဒသူရိယမင်းကြီးနှင့်တကွ လူ၊ နတ်၊ ဗြဟ္မာ အားလုံးတို့သည် အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကာ ပန်းနံ့သာ တံခွန် ကုက္ကားတို့ဖြင့် ပူဇော်ကြကုန်သည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် စန္ဒသူရိယမင်းနှင့်တကွ ပရိသတ်အပေါင်းတို့အား တရားဟော

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကိုယ်တော်မြတ်နှင့်
နောက်ပါ သံဃာတော်ငါးရာ
သေလာဂီရိကျောက်တောင်ထိပ်သို့
သက်ဆင်းတော်မူပုံ



စန္ဒသူရိယမင်းကြီး
ရောင်ခြည်တော်များ
ဖူးမြင်ရပုံ



ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည် ဓညဝတီရခိုင်ပြည်သို့
ကြွရောက်၍ သီရိဂုဏ်တောင်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကို ဖူးမြော်ခန်း

ကြားပြီးနောက် ပြန်လည်ကြွမြန်းတော်မူသည်တွင် မဟာမုနိရုပ်ရှင်တော်မြတ်သည်လည်း နောက်တော်ပါးမှ ထ၍ လိုက်မည့်ဟန် ပြုသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်က . . .

"ငါ၏ညီဖွား ရှင်ငယ် ဆိတ်ဆိတ်နေလော့၊ ငါ၏ကိုယ်စား ညီတော်ရုပ်ပွား စံနေရစ်လော့" ဟု မိန့်ကြားတော်မူကြောင်း ရက္ခပူရကြေးမုံကျမ်းတွင် ဖော်ပြထားသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး သွန်းလုပ်ပြီးချိန်တွင် ရွှေ၊ ငွေ၊ ကြေး၊ ကျောက်မျက်ရတနာများ ပိုလျှံကျန်နေသဖြင့် နောက်ထပ် ရုပ်ပွားတော်များ ထပ်မံသွန်းလုပ်ခွင့် ပြုတော်မူရန်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်နှင့် နောက်ပါ သံဃာတော်များအား စန္ဒသူရိယမင်းကြီး နန်းတော်သို့ ပင့်ဆောင်ကာ ပူဇော်နေပုံ





၆၅ တင်းသော ရတနာတို့ဖြင့် မြတ်စွာဘုရား၏ကိုယ်ပွား ရုပ်တုတော် သွန်းလောင်းနေကြပုံ



ရုပ်ပွားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ရင်ငွေ့တော် ခုနစ်လက်ခုပ် ထည့်တော်မူပုံ

ဘုရားရှင်အား လျှောက်ထားခဲ့ရာ ခွင့်ပြုတော်မူသဖြင့် နောက်ထပ် ဗုဒ္ဓရုပ်ပွားတော်များ ဆက်လက်သွန်းလုပ်ခဲ့ကြသည်တွင် . . .။

(ဆက်ရန်)

❒ **မင်းဂုဏ်**

**ကျမ်းကိုး**

၁။ ဇလွန်မြို့ ကျက်သရေဆောင် ပြည်တော်ပြန်ဘုရားကြီး၏ ဗုဒ္ဓပွတ္တိနှင့် ဘုန်းတော်ကြီး ဦးသီလ၏ အံ့မခန်းသော ဖြစ်ရပ်များ၊ မာမက (သုတေသီ)၊ ၂၀၀၅ ခုနှစ် မေလ။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးသမိုင်း၊ သမိုင်းပြုစုရေး အဖွဲ့၊ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ။

၃။ မန္တလေး မဟာမုနိရုပ်ရှင်တော် ဘုရားကြီးသမိုင်း၊ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ၂၀၀၄ ခုနှစ် မတ်လ။

၄။ ကုန်းဘောင်ရှာပုံတော်၊ ညိုမြ။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ။

၅။ ရခိုင်မဟာမုနိ ဘုရားသမိုင်း၊ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၊ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ။

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်ဝ၍ ချမ်းသာမှုအပေါင်းကို ရစေသော

# ရှေးဟောင်းချမ်းသာကြီးဘုရား

တက္ကသိုလ်မျိုး




ချမ်းသာကြီးစေတီတော်အား အနီးကပ်ဖူးမြော်ရပုံ



ပဥ္စလောဟာ ချမ်းသာကြီးဆုတောင်းပြည့်ရုပ်ပွားတော်

မဟာမြတ်မုနိဘုရားကြီးမှ ထွက်ခွာလာသော မတ်တူးဆလွန်းကားလေးသည် သမီးနန်းဟွမ်ခမ်းမောင်းနှင်ရာသို့ ဆိုက်ပါလာခဲ့သည်။ မန္တလေးမြို့သည် ရှေးဆယ်စုနှစ် နှစ်ကြိမ်လောက်က မြင်းလှည်း၊ ဆိုက်ကားတို့ ကြီးစိုးရာမြို့ကြီး ဖြစ်ခဲ့သည်။ မဟာမြတ်မုနိဘုရားကြီး အရှေ့ဘက်မုခ်၌ မြင်းလှည်းပေါင်း များစွာ ပိတ်ဆို့နေ၍ မော်တော်ယာဉ်များ သွားလာရ အလွန်ခက်ခဲသည်။


ထိုနည်းတူ မန္တလေးမြို့၏ လမ်းမကြီးများ၌ မြင်းခွာသံ ညည်ညံနှင့် မြင်းလှည်းများ ဥဒဟို သွားလာနေသည်မှာ ကုန်သားများအနေနှင့် အမြင်ဆန်းခဲ့သည်။ ယနေ့အခါက မြင်းလှည်းလည်း မတွေ့ရတော့။ သုံးဘီးယာဉ်များလည်း မတွေ့ရတော့။ ဂျစ်ကားများလည်း မတွေ့ရတော့ပေ။ တရုတ်၊ သားဆိုင်ကယ်မျိုးစုံက မြင်းလှည်း၊ ဆိုက်ကားများနေရာ နေရာယူ၍ တစ်မြို့လုံးအနှံ့ သွားလာနေကြသည်။ ကား



ချမ်းသာကြီးစေတီတော်အတွင်း အောင်မြေနင်းရင်း စာရေးသူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြီးစေတီတော်အား ဖူးမြော်ရပုံ


သစ် ကားကောင်းများစွာကလည်း ဆိုင်ကယ်များကြား မောင်းနှင်လျက်ရှိသည်။ မန္တလေးလမ်းမပေါ်၌ သွားလာနေသော ဆိုင်ကယ်၊ မော်တော်ကားများသည် လမ်းဖြတ် လမ်းကူးများ၌ သူဦးသူဝင် ကိုယ်ဦးကိုယ်ဝင်နှင့် ဦးရာလူ ဝင်ထွက်မောင်းနှင်နေသည်မှာ အသည်းယားစရာ ကောင်းလှသည်။ အတိုက်အခိုက်တော့ မတွေ့ရ၍ အံ့သြမိသည်။

မန္တလေး၌ မော်တော်ယာဉ်မောင်းနှင်ရန် စာရေးသူ စိတ်ကူး၍ မရပေ။ သား၏မိတ်ဆွေ နန်းဟွမ်ခမ်းကတော့ မတ်တူးကားလေးကို တည်တည်ငြိမ်ငြိမ်နှင့် မောင်းနှင်နေသည်မှာ ချီးကျူးစရာပင် ကောင်းလှ၏။ ရှေ့ခန်း ယာဉ်မောင်းဘေး၌ ထိုင်နေသော သားဝေမျိုးသက်က ကားအဝင်အထွက်၊ ဆိုင်ကယ်အဝင်အထွက်များကို သတိပေးစကား ပြောရင်း လိုက်ပါလာခဲ့သည်။ ယာဉ်မောင်းသူအား လမ်းညွှန်ဆရာလုပ်၍ လိုက်ပါလာသည်ကိုကြည့်ရင်း မန္တလေးသို့ နှစ်လလောက်က ရောက်ခဲ့သူ၊ မော်တော်ယာဉ်မောင်း လိုင်စင် ရထားသော်လည်း မော်တော်ယာဉ်ကို ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်သူက မန္တလေးသူကို ဘယ်ဝင် ညာကွေ့ ဘယ်ကပ် ညာရှောင် စသဖြင့် အကြံပေးလမ်းညွှန်နေမှုအပေါ် စာရေးသူကြည့်ရင်း ပြုံးနေမိသည်။

မကြာမီ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အနောက်ရပ်ကွက်၊ ၉၁ လမ်းသို့ ရောက်ခဲ့သည်။ ၉၁ လမ်း



ချမ်းသာကြီးရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်တော်အား အာရုံခံတန်ဆောင်းမှ ဖူးတွေ့ရပုံ



အာရုံခံတန်ဆောင်းအဝင် မုခ်နှစ်ဆင့်အဝအား မှန်စီရွှေချဖြင့် တင့်တယ်စွာ တွေ့ရပုံ


လက်ယာဘက် မြောက်ဘက်သို့ ကွေ့ဝင်ခဲ့ရာ "ချမ်းသာကြီးဆုတောင်းပြည့်ဘုရား" သို့ဟု လမ်းညွှန်ထားသည့် ဆိုင်းဘုတ်အား တွေ့ရသည်။ ၉၁ လမ်းအတွင်း ဝင်ရောက်သွားသော် "ချမ်းသာကြီးတောင်တိုက်" ကျောင်းတိုက်ကြီးကို တွေ့ရပြီး ထိုကျောင်းတိုက်ဘေး၌ပင် ဆုတောင်းပြည့် ချမ်းသာကြီးဘုရားစေတီ၏ မုခ်ဦးကို အထင်းသားတွေ့ရတော့သည်။

စာရေးသူ အမှန်ကို ဝန်ခံရသော် မန္တလေးရွှေမြို့တော်သို့ ငယ်စဉ်ကစ၍ ယခု အသက် ခုနစ်ဆယ်ကျော်ကာလအထိ အကြိမ်ပေါင်းများစွာ ရောက်ဖူးခဲ့သည်။ မန္တလေး ဘုရားအစုံ

www.burmeseclassic.com



ဆုတောင်းပြည့်ချမ်းသာကြီးရုပ်ပွားတော်အား အနီးကပ်ဖူးမြော်ရပုံ



ရင်ပြင်တော်ပေါ်ရှိ စေတီတော်



ချမ်းသာကြီးရုပ်ပွားတော်မြတ်၏ မျက်နှာတော်အား
အနီးကပ်ဖူးမြင်ရပုံ

ကိုလည်း ဖူးဖူးသည်။ အိမ်တော်ရာဘုရားကိုလည်း အကြိမ်ကြိမ်ရောက်ဖူးသည်။ အိမ်တော်ရာဘုရားနှင့် မဝေးလှသော နေရာဒေသ၌ တည်ထားသည့် ချမ်းသာကြီးဘုရားကိုကား တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ပေ။

မန္တလေးကြီးသုံးကြီး (မဟာမြတ်မုနိ၊ ချမ်းသာကြီး၊ ရွှေကျီးမြင်) ဝင်ရောက်ရန် ဇနီးဖြစ်သူ၏ ဆန္ဒပြင်းထန်၍သာ ချမ်းသာကြီးဘုရားသို့ ရောက်ခဲ့ရပေသည်။ ဇနီးဖြစ်သူ၏ ဆန္ဒအရ ချမ်းသာကြီးဘုရားသို့ ရောက်ခဲ့ရခြင်းဖြစ်ရာ စာရေးသူအတွက်တော့ ဝမ်းသာစရာ၊ မရောက်ဖူးသေးသည့် ဘုရားသို့ ရောက်ရှိဖူးမြော်ခွင့်ရ၍ ယခင်ကာလများက ချမ်းသာကြီးဘုရားသို့ မရောက်ဖြစ်ခဲ့ခြင်းအပေါ် နောင်တရနေမိသည်။

◆

"ဆုတောင်းပြည့် ချမ်းသာကြီး မြတ်စွာဘုရား" ဟူသော စာတန်း ရေးထိုးထားသည့် မုခ်ဦးမှ ဝင်ရောက်ခဲ့ရာ ဝဲယာနှစ်ဖက်၌ ကြီးမားသော ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်၊ ဘီလူးကြီးနှစ်ကောင်ကို တွေ့ရသည်။ စောင်းတန်းသည် သိပ်ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သော်လည်း ခိုင်ခံ့သည့်အုတ်တိုင်တို့ဖြင့် ရှည်လျားလှသည်။

စောင်းတန်း၏ ဝဲယာ၌ မဟာသုခိတာရာမ ခေါ် ချမ်းသာကြီးတောင်တိုက်နှင့် မြောက်တိုက် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း တည်ရှိသည်။ ထိုကျောင်းတိုက်သည်

www.burmeseclassic.com



လျောင်းတော်မူ ရွှေသာလျောင်းရုပ်ပွားဆင်းတုတော်



မျက်နှာတော်အား အနီးကပ်ဖူးမြင်ရပုံ

မန္တလေးမြို့ (ရတနာပုံမြို့) မတည်ထားမီကပင် တည်ဆောက်ထားသော ကျောင်းတိုက်ကြီးဖြစ်သည်။

၁၁၄၄ ခုနှစ်မှ ၁၁၇၀ ပြည့်နှစ်အတွင်း အမရပူရမြို့နယ်မှ မုံတောဆရာတော်ကြီးသည် ချမ်းသာကြီးစေတီတော်၏ တောင်ဘက်၌ တောရဆောက်တည် သီတင်းသုံးတော်မူခဲ့သည်။

ဆရာတော်ကြီး သီတင်းသုံးရာ တောရကျောင်းကိုလည်း ချမ်းသာကြီးဘုရားကိုစွဲ၍ "ချမ်းသာကြီးတောရကျောင်း" ဟု အမည်တွင်ခဲ့သည်။ တောရကျောင်းသည် နောက်ပိုင်း စာသင်တိုက်ဖြစ်လာပြီး မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်နှင့် အင်္ဂလိပ်နယ်ချဲ့စိုးမိုးသည့် ခေတ်ကာလများတွင် ထင်ရှားကျော်ကြားသော ပရိယတ္တိ သင်ကြားပို့ချရာ ကျောင်းတိုက်ကြီး ဖြစ်လာသည်။


အရှေ့စောင်းတန်းအတိုင်း ဝင်ရောက်ခဲ့ရာ စောင်းတန်းဆုံးလျှင် သာသနိက အဆောက်အအုံများစွာကို တွေ့ရတော့သည်။ အာရုံခံတန်ဆောင်းများ၊ ဘုရားဆင်းတုတော်များ ကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်းများ၊ မုခ်ဦးရှေးဟောင်းလက်ရာ၊ သစ်ထွင်းပန်းပုလက်ရာ၊ မုခ်အဝင် စုလစ်မွမ်းချွန်၊ တန်ဆောင်းကြီးများအား တွေ့ရလေသည်။ ရွှေရောင်ဝင်းဝါလျက် သပ္ပာယ်လှစွာသော ချမ်းသာကြီးစေတီတော်ကြီးကိုလည်း ထိုသာသနိက အဆောက်အအုံများအလယ်၌ တင့်တယ်စွာ ဖူးတွေ့ရတော့သည်။

စာရေးသူတို့ ဇနီးမောင်နှံသည် အဝင်မုခ်ဦးတည့်တည့်၌ရှိသော စေတီတော်၏ အရှေ့ဘက် ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် "ပဋ္ဌလောဟာ ဆင်းတုတော်မြတ်" ကို ဝင်ရောက်ဖူးမြော်ခဲ့လေသည်။ ထိုဆင်းတုတော်ကို ချမ်းသာကြီးဘုရားဟု ဘွဲ့မည်ခေါ်တွင်လေသည်။

ချမ်းသာကြီးပဋ္ဌလောဟာ ရုပ်ပွားဆင်းတုတော်၏ဟန်မှာ ဘူမိဖဿမုဒြာဟန် ဖြစ်သည်။ ဇနီးဒေါက်တာညွန့်ညွန့်ရီသည် ချမ်းသာကြီးမြတ်စွာဘုရား ရုပ်ပွားတော်အား ရှိသေစွာ ရှိခိုးပူဇော်ပြီးနောက် မိမိလုပ်ဆောင်ရမည့် ပုတီးစိပ်အဓိဋ္ဌာန်ကို စတင်ဝင်ရောက်ရန် အရှေ့ဘက် အာရုံခံ စောင်းတန်းရှိ ချမ်းသာကြီးဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်အတွင်း၌ နေရစ်ခဲ့လေသည်။ စာရေးသူအနေနှင့် ဘဝအတိုင်း တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော ချမ်းသာကြီးဘုရားစေတီတော်၏ ရင်ပြင်ပေါ်သို့ ထွက်ခဲ့ပြီး ဓာတ်ပုံမှတ်တမ်းများကို ရိုက်ယူလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ္ထိတို့ စန္ဒကူးသပိတ်ယူနေဟန်

ပထမဆုံး ချမ်းသာကြီး ရုပ်ပွားတော်မြတ်အား အနေအထား အမျိုးမျိုး၊ ရှုထောင့်အစုံစုံမှ ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့သည်။ ချမ်းသာကြီးရုပ်ပွားတော်မြတ်သည် ပဥ္စလောဟာဓာတ်သားဖြင့် သွန်းလောင်းထားသော ရုပ်တုတော်တစ်ဆူဖြစ်ပြီး ဉာဏ်တော် အတော်ပင် မြင့်မားသည်။ ရွှေအတိပြီးသော မကိုဋ်တော်နှင့် သပ္ပာယ်လှသည်။ နဖူးသင်းကျစ်အလယ်၌ ထည့်သွင်းပူဇော်ထားသော စိန်ဖူးတော်မှာလည်း အရောင်တောက်ပလျက်ရှိသည်။

ချမ်းသာကြီး ရုပ်ပွားတော်မြတ်ကြီး၏ ကိုယ်လုံးတော်မှာ ရွှေရောင်ဝင်းလျက် သပ္ပာယ်လှသည်။ ဆုတောင်းပြည့်



ရွှေသာလျောင်းဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်းတော်ကြီး

ရုပ်ပွားတော်တစ်ဆူဖြစ်၍ လာရောက်ဖူးမြော်ကြသူတို့မှာ ဂန္ဓကုဋိတိုက်အတွင်း ပြည့်ကျပ်နေသည်။ ဂန္ဓကုဋိတိုက် ပြင်ပ၌ရှိသော အာရုံခံတန်ဆောင်းမှာလည်း ရွှေပိန်းချထားသော တိုင်လုံးကြီးများ ဘေးနံရံများ၌ မှန်စီရွှေချထားသော လက်ရာများ အာရုံခံတန်ဆောင်း အဝင်ဝမုခ်ပေါက်၌ မှန်စီရွှေချထားမှုများမှာ ဘုရားဖူးအပေါင်းတို့၏ စိတ်အာရုံ၌ ချမ်းသာကြီး ဆုတောင်းပြည့် ဘုရားကြီးအား ပိုမိုကြည်ညိုသဒ္ဓါတရားထက်သန်စေလေသည်။

စာရေးသူသည် ချမ်းသာကြီးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်ပတ်၍ ဓာတ်ပုံမှတ်တမ်း ရိုက်ယူရင်း တန်ဆောင်းများအတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်များကို စတင်ဖူးမြော်လေသည်။ ပထမဆုံး အရှေ့ဘက်သို့ ဦးခေါင်းမကိုဋ်တော်ထားလျက် မြောက်ဘက်သို့ မျက်နှာမူတော်မူသည့် ရွှေသာလျောင်းဘုရားရုပ်ပွားတော်ကို အာရုံခံတန်ဆောင်းကြီးအတွင်း၌ ဖူးမြော်ရသည်။ ဉာဏ်တော်မြင့်မြင့်မားမားနှင့် သပ္ပာယ်လှသည်။ ရွှေသာလျောင်းရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်ရာ တန်ဆောင်းကြီးမှာလည်း တည်ဝါကြီးမားလှသည်။ နောက်ခံနံရံများမှာ မှန်စီရွှေချထား၍ အရောင်တောက်ပနေသည်။

ရွှေသာလျောင်းရုပ်ပွားတော် စံပယ်ရာ တန်ဆောင်းနှင့်ကပ်လျက်၌ ရှင်သီဝလိရုပ်တုတော်ကို ဖူးတွေ့ရသည်။




ချမ်းသာကြီးဘုရား အဝင်စောင်းတန်း

www.burmeseclassic.com

www.burmeseclassic.com




သိဒ္ဓိအောင်စေတီတော်



ပွင့်တော်မူပြီး မြတ်စွာဘုရားလေးဆူအား
ရွှေရောင်ဝင်းလျက် ဖူးတွေ့ရပုံ

အနောက်ဘက်၌ ပွင့်တော်မူပြီးသော မြတ်စွာဘုရားလေးဆူတို့ကို ရည်ရွယ်၍ ထုလုပ်တည်ထားသော "အဘယသုခ လိုတရ စတုမုနိဆုတောင်းပြည့်ဘုရားများ" ကို ရွှေရောင်ဝင်းလျက် သပ္ပာယ်စွာဖူးတွေ့ရသည်။ မြတ်စွာဘုရားလေးဆူ ကိန်းဝပ်တော်မူသော တန်ဆောင်းကြီးမှာလည်း မုခ်ပေါက်လေးပေါက်နှင့် တင့်တယ်ခံ့ညားလှကြောင်း တွေ့ရသည်။


ထိုအာရုံခံတန်ဆောင်း၏ လက်ယာဘက်တွင် ခါတ်ခေါင်းလောင်းတော်ကို တွေ့ရပြီး ခါတ်ခေါင်းလောင်း၏ အနောက်ဘက်ဂန္ဓကုဋိတိုက်အတွင်း၌ သက်နှိုးနက်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ဆန္ဒတော်ပြည့်ဝရုပ်ပွားတော်နှင့် ကဿာ



ပွင့်တော်မူပြီး ဘုရားလေးဆူအနက် ဘုရားတစ်ဆူ

သယရုပ်ပွားကော်သုံးဆူ စံပယ်တော်မူနေသည်ကို တွေ့ရသည်။ ဆုတောင်းပြည့် သက်နှိုးနက်ရုပ်ပွားတော်သည် နှုတ်မှတ်တမ်းစကားများအရ မဏိစည်သူမင်းကြီး ဖောင်စကြာဖြင့် လှည့်လည်တော်မူသောအခါ ဖောင်တော်ဦး၌ ပင့်ဆောင်ပူဇော်ခဲ့သော မဟာသက်နှိုးနက်ဘုရား ဖြစ်ကြောင်း သိရသည်။


စာရေးသူ စေတီတော်၏ တောင်ဘက်စောင်းတန်း အဝင် မုခ်ဦးကို သစ်ထွင်းပန်းပုလက်ရာ အနုစိတ်ဖြင့် ထုလုပ်ထားသည်ကို တွေ့ရသည်။ တချို့ပန်းပုလက်ရာတို့မှာ ပျက်စီးနေသည်ကို တွေ့ရသည်။




ပွင့်တော်မူပြီး မြတ်စွာဘုရားလေးဆူ ကိန်းဝပ်စံပယ်တော်မူရာ
အဘယသုခ လိုတရ စတုမုနိ ဆုတောင်းပြည့်ဘုရားတန်ဆောင်း

www.burmeseclassic.com


www.burmeseclassic.com



အောင်မြေတည်ရာ နေရာ




အောင်မြေနေရာအား တွေ့ရပုံ




အောင်မြေနှင့်ပတ်သက်၍ရေးထိုးထားသော ကျောက်စာ

နာမည်ကျော်ပန်းပုဆရာကြီး ဦးခင်၏သား ဗိသုကာ ဆရာဆိုင် ထုလုပ်ထားသောလက်ရာဖြစ်သည်။ အနုစိတ် ထုလုပ်ထားသော ပန်းတောင်ပန်းဆွဲတို့မှာ ဘုံအဆင့်ဆင့်၌ အုံညြွယ် ချီးကျူးဖွယ် လက်ရာများဖြစ်သည်ကို တွေ့ရသည်။ အနုစိတ် ခဲရာခဲဆစ် ထုလုပ်ထား၍ တန်ဖိုးကြီးလှသော အနုပညာလက်ရာဖြစ်ကြောင်း မှတ်တမ်းတင်ကြသည်။

ချမ်းသာကြီးဘုရား စနေထောင့်၌ ချမ်းသာကြီးပြတိုက် ရှိသည်ကို တွေ့ရသည်။ ထိုပြတိုက်အတွင်း၌ ရှေးဟောင်း ဆင်းတုတော်အဆူဆူကိုလည်း ဖူးတွေ့ရသည်။ တိုက်ဘေး၌ ညောင်ရွက်တွင် ဗုဒ္ဓရုပ်ပွားတော်ပေါ်သည်ဟု သတင်းကြီးခဲ့ သော မဟာဗောဓိပင်ရှိသည်။ ညောင်ပင်၏ အနောက်ဘက် ၌ သဏ္ဌာနအဆောက်အအုံရှိပြီး ထိုအဆောက်အအုံရှေ့၌



နဂါးရုံဘုရား သုံးဆူ

ရာဇဂြိုဟ် သူဌေး၏ နွားနို့သပိတ်လေးကို တိတ္ထိတို့ အလု အယက် တက်ယူနေတာန် ကျောက်ဆိုင်တစ်ခုကိုလည်း တွေ့ ရသည်။ စေတီတော်၏ရာဟုထောင့်၌ အေးချမ်းသော သဘြား စက် မိသားစု လှူဒါန်းပူဇော်ကိုးကွယ်သော နဂါးရုံဘုရား သုံးဆူကို ဖူးတွေ့ရသည်၊ နဂါးရုံဘုရား သုံးဆူဟု သာမန် အားဖြင့် ခေါ်သော်လည်း ဘေးနှစ်ဖက်၌ နဂါးရုံဘုရား နှစ်ဆူ ဖြစ်ပြီး အလယ်၌ စံပယ်တော်[illegible]သော ဆင်းပွားတော်မြတ်မှာ နဂါးရုံဘုရား မဟုတ်ကြောင်း တွေ့ရသည်။

စာရေးသူအနေနှင့် ချမ်းသာကြီး ရင်ပြင်တော်အနှံ့ လှည့်လည်ဖူးမြော်ရင်း ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့ရာ တနင်္ဂ နွေထောင့်သို့အရောက်၌ "ဓအောင်မြေ" ဟူသောစာတမ်းကို တွေ့ရသည်။ အောင်မြေနေရာ ကျောက်ဖျာထက်တွင်. . .

**အောင်မြေ**

*သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင်၏ ဓာတ်တော် မွေတော်များ ကိန်းဝပ်စံပယ်တော်မူသော ကြီးလေးကြီးသမိုင်းဝင် ဆုတောင်းပြည့်ချမ်းသာကြီး စေတီတော်မြတ်ကြီး၏ အောင်အတိတ်၊ အောင် နိမိတ်၊ အောင်တနင်္ဂနွေထောင့်ဖြစ်၏။ ခုနစ်ရက် သား သမီးများ မိမိတို့လိုလားတောင့်တအပ်သော ဆုထူးကို လေးစားစွာ မိဋ္ဌာန်ပြု၍ တိုင်တည် ဆုတောင်းပါမူ ပြီးပြည့်စုံ၏။ ဤအောင်မြေကို လိုအပ်သလို အသုံး ပြုပါက အရာရာကို အောင်မြင်ပါစေသည်။*

*ဓမ္မိကဥပါသကာများ*

ဟူ၍ တွေ့ရလေသည်။ စာရေးသူအနေနှင့် အောင် မြေကိုနင်း၍ လောဘ၊ ဒေါသ၊ မောဟကင်းသောဆုကို တောင်း၍ ချမ်းသာကြီးစေတီတော်မြတ်ကြီးအား ဦးချကန် တော့နေစဉ် ဇနီးဖြစ်သူသည် အောင်မြေစခန်းသို့ ရောက်လာ လေသည်။ စာရေးသူသည် အောင်မြေကျောက်စာကို လက် ညှိုးထိုးပြရင်း . . .

"ဒီကျောက်စာမှာ ကြီးလေးကြီးသမိုင်းဝင် ဆုတောင်း ပြည့် ချမ်းသာကြီးဘုရားလို့ ရေးထားတယ် ညီမ သိထားတာ က ကြီးသုံးကြီးဖြစ်နေတယ် ဘယ်လိုကွာခြားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံဘုရားသုံးဆူအနက် တစ်ဆူအား တွေ့ရပုံ

"ညီမကို လမ်းညွှန်လိုတာကတော့ ကြီးသုံးကြီးမှာ အမိဋ္ဌာန်ဝင်ရမယ်လို့ပဲ ဆိုထားတယ်၊ အဘဘိုးပေါက်ဆိန် လမ်းညွှန်ချက်လို့ထင်တယ်"

"ဒါဆို ကြီး◌ာစ်ကြီးက လိုနေသေးတာပေါ့၊ ဘယ်ဘုရားလဲ မသိဘူးနော်"

စာရေးသူ ပြောသံကြောင့် အောင်မြေ၌ ပုတီးစိပ်ရင်း အမိဋ္ဌာန်ဝင်နေသူ လူရွယ်တစ်ယောက်က . . .


"အဘတို့ အမိဋ္ဌာန်ဝင်တဲ့ ဘုရားသုံးဆူက ဘယ်ဘုရားတွေတုံး"

"မဟာမြတ်မုနိဘုရားကြီးရယ်၊ ချမ်းသာကြီးဘုရားရယ်၊ ရွှေကျီးမြင်ဘုရားရယ်ပါ ငါ့တူ"

"ဒါဆို ကျောက်တော်ကြီးဘုရား လိုတာပေါ့"

"ကျေးဇူးပဲ ငါ့တူ၊ ဦးတို့ ကျောက်တော်ကြီးဘုရားလဲ ဝင်ဖူးကြဦးမှာပါ"

ဟု ကျေးဇူးတင်စကားဆိုလိုက်ရသည်။ ကျောက်တော်ကြီးဘုရားသည် မန္တလေးတောင်အနီး၌ရှိ၍ မန္တလေးတောင်ဘုရားဖူးရင်း ဝင်ရောက်ဖူးမြော်ရန် စာရေးသူ စိတ်ကူးမိပြီး လူရွယ်အား ပြောလိုက်ခြင်းဖြစ်သည်။ စာရေးသူတို့အား ပုတီးစိပ် အမိဋ္ဌာန်ဝင်နေရာမှ ဝင်ရောက်ရှင်းလင်း ပြောကြားပေးသော လူရွယ်အား ကျေးဇူးအထူးတင်မိပေသည်။ လူရွယ်လည်း မိမိအမိဋ္ဌာန်ကို ဆက်၍လုပ်ရန် ပုတီးကို ဖြည်းညင်း



နဂါးရုံဘုရားနှစ်ဆူအလယ်၌ စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်




ရုပ်ပွားတော်လေးဆူ မုဒြာဟန်အမျိုးမျိုးဖြင့် စံပယ်ကိန်းဝပ်ရာ အာရုံခံတန်ဆောင်း

စွာစိပ်၍ အမိဋ္ဌာန်ဝင်နေသလို ဇနီးဖြစ်သူလည်း ဘုရားဂူဏ်တော်ကို ရွတ်ပွားပူဇော်ရင်း အမိဋ္ဌာန်စတင်ဝင်လေသည်။

စာရေးသူအနေနှင့် ရင်ပြင်တော်ပေါ်ရှိ ဓာတ်ပုံမှတ်တမ်း မရိုက်ရသေးသော စေတီတော်များ ရုပ်ပွားဆင်းတုတော်များကို ဓာတ်ပုံမှတ်တမ်း ဆက်လက်ရိုက်ယူရင်း ချမ်းသာကြီးစေတီတော်အား ဆက်လက်၍ လက်ယာရစ်ပူဇော်ခဲ့လေသည်။ အာရုံခံတန်ဆောင်းတစ်ခု အတွင်း၌ . . .

"အိမ်ရှေ့မင်းကြီး ၁၁၄၆ ခုနှစ် ရခိုင်ပြည်မှ မဟာမြတ်မုနိဘုရားကြီးနှင့် အတူတကွ ပင့်ဆောင်လာသော ဣန္ဒာသယလာဘမုနိဆုတောင်းပြည့်ဘုရား"

www.burmeseclassic.com



သဗ္ဗညု ဘုရားသုံးဆူအနက် တစ်ဆူ

ဟု ကမ္ပည်းရေးထိုးထားသော ကြေးဆင်းတုတစ်ဆူကို ဖူးတွေ့ရလေသည်။ ထိုနည်းတူ ရွှေပေါင်းရုပ်ပွားတော်မြတ် နှစ်ဆူကိုလည်း ဖူးမြော်ခဲ့ရသည်။ ကက္ကုသဓဆုတောင်းပြည့် ငွေစေတီနှစ်ဆူကိုလည်းကောင်း၊ သိဒ္ဓိအောင်စေတီတော်ကို လည်းကောင်း ဖူးတွေ့ရသည်။ သိဒ္ဓိအောင် ဓာတ်ခန်းအတွင်း ၌လည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အဘဘိုးမင်းခေါင်၊ အဘ ဘိုးဘိုးအောင် ပုံတော်များနှင့် ရှင်မထီးဆရာတော် ပုံတော် တို့လည်း တွေ့ရသည်။

အရှေ့ဘက်စောင်းတန်း ရောက်ခါနီး၌ မဟာဗောဓိ ညောင်ပင်ကြီးကို တွေ့ရသည်။ ခုနစ်နေ့ ခုနစ်နံ ဂြိုဟ်တိုင် များနှင့် ဘုရားရုပ်ပွား ဆင်းတုတော်များဖြင့် ကြည်ညိုဖွယ် တွေ့ရသည်။ အာရုံခံတန်ဆောင်းအတွင်း၌ လျောင်းတော်မူ၊ ရပ်တော်မူ၊ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များရှိလည်း ကြည်ညိုဖွယ် ဖူးတွေ့ရလေသည်။


စာရေးသူသည် ချမ်းသာကြီးစေတီတော်၊ ချမ်းသာကြီး ဘုရားသို့ ယခုအကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် ရောက် ရှိခဲ့ခြင်းဖြစ်ရာ ဖူးမြော်မြင်တွေ့သမျှသည် အသစ်အဆန်းများ ဖြစ်နေလေသည်။ ဤမျှကြီးကျယ်ခမ်းနား ကြည်ညိုဖွယ် အသွင်ဆောင်နေကြောင်း သတိမမူမိ၍လည်း ဤဘုရားသို့ ရောက်ခဲ့ဖူးခြင်း ဖြစ်သည်။ ယခုရောက်ရှိချိန်၌ တအံ့တသြ နှင့် ဖူးမြော်ခဲ့ရသည့် ချမ်းသာကြီးဘုရား ရုပ်ပွားတော်မြတ်၏ ကြည်ညိုဖွယ်အသွင်၊ ချမ်းသာကြီးစေတီတော်မြတ်ကြီး၏ မြင့်မားသောဘဏ်တော် (၆၉ ပေ ၄ လက်မ)ရှိသည်တို့ ကြောင့် ချမ်းသာကြီးဘုရားသည် ရွှေမင်းအစဉ်အဆက် ကျော်ကြားထင်ရှား တန်ခိုးကြီးမားခဲ့ခြင်းဖြစ်ပေသည်။

စာရေးသူသည် ဇနီးဖြစ်သူ အမိဋ္ဌာန်ပုတီးစိပ်နေစဉ် အရိပ်ကောင်းလှသော ခရေပင်အောက်၌ထိုင်ရင်း အလှူခံ ဌာန၌ အလှူငွေထည့်စဉ် ဝယ်ယူလာသော ဆရာတော် အရှင်တေဇနိယ (တက္ကသိုလ်တေဇလင်း) ရေးသားပြုစုသည့် "မန္တလေးအောင်မြေသာစံမြို့နယ် သီရိမာလာအနောက် ကြီး လေးကြီးသမိုင်းဝင် ဆုတောင်းပြည့် ချမ်းသာကြီး မြတ်စွာ ဘုရား စေတီတော်သမိုင်း" စာအုပ်အား ဖတ်ရှုခန်းမိရာမှ ချမ်းသာကြီးစေတီတော်သည် ရတနာပုံခေတ်၌ တည်ထား သော ဘုရားစေတီတော်တစ်ဆူ မဟုတ်ကြောင်း သိရလေ သည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား၏ သားတော် သီရိမဟာဘိဇယ သီဟသူရဘွဲ့ရတော်မူသော မဟာဥပရာဇာ အိမ်ရှေ့မင်းသားကြီး၏ ကောင်းမှုတော် စေတီတစ်ဆူဖြစ် ကြောင်း သိရတော့သည်။ မြောက်မြားလှစွာသော မြတ်စွာ ဘုရားရှင်၏ သရီရ ဓာတ်တော်မွေတော်တို့ကို ဌာပနာ၍ တည်ထားကြောင်းလည်း တွေ့ရသည်။



ရင်ပြင်တော်ရှိ ရွှေပေါင်းသာသနိက အဆောက်အအုံများ



ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူရာ
အာရုံခံတန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့် သဗ္ဗညုဘုရား



ဆန္ဒတော်ပြည့်ဝ ရုပ်ပွားတော်

ချမ်းသာကြီးစေတီတော်ကို အိမ်ရှေ့မဟာဥပရာဇာမင်းသား တည်ထားရာ၌ တတိယမြောက် ချမ်းသာကြီးဘုရား၏ ဒါယကာဖြစ်ကြောင်းကိုလည်း ဖတ်ရှုမိရာ ပထမနှင့် ဒုတိယ ဘုရားဒါယကာတို့ကား မည်သူများပေနည်းဟု အတွေးစိတ်ကူးပေါက်မိရာမှ ဘုရားသမိုင်းကို ဆက်၍ဖတ်လေသောအခါ . . .

◆

မြတ်စွာဘုရားရှင်၏ သာသနာတော် အဓွန့်ရှည်တည်တံ့ရေးအတွက် ကြိုးပမ်းခဲ့သူကား သီရိဓမ္မာသောကမင်းကြီးပင် ဖြစ်သည်။ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဗုဒ္ဓသာသနာတော်သည် နှစ်ပေါင်းနှစ်ရာကျော်အကြား၌ မှေးမှိန်လာခဲ့သည်။ တခြားဘာသာများ၏ လွှမ်းမိုးမှုအောက်၌ ရောက်ရှိကာ သာသနာတော် ရှင်သန်ပြန့်ပွားရေးအတွက် ရဟန်းတော်များ ရုန်းကန်လှုပ်ရှားနေရသော အချိန်ဖြစ်သည်။ အသောကမင်းကြီးမတိုင်မီ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့မှာလည်း ဗုဒ္ဓဘာသာကို အထောက်အပံ့ မပြုရုံသာမက ဘာသာခြား အယူအဆများကို လက်ခံကြသူများ ဖြစ်ကြသည်။

အသောကမင်းကြီး ကိုယ်၌ကပင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတစ်ဦး မဟုတ်ခဲ့ပေ။ အသောကမင်းကြီးသည် ညီအစ်ကို (အဖေတူ မအေကွဲ) တစ်ရာနီးပါး ၉၉ ယောက်ကိုသတ်ပြီး ထီးနန်းသိမ်းယူခဲ့သူဖြစ်သည်။ စစ်အင်အားကိုသုံး၍ နယ်ပယ်ချဲ့ထွင်ခဲ့သည်။ စစ်ပွဲများ၌ လွန်စွာရက်စက်ကြမ်းကြုတ်သူတစ်ဦး ဖြစ်ခဲ့သည်။ မိမိသိမ်းယူတိုက်ခိုက်ခဲ့သည့် ရန်သူစစ်သည်များ၊ ပြည်သူများ၏ ကျဆုံးမှု၊ မိမိတပ်မှ စစ်သည်များ၏ ကျဆုံးမှုများကို မြင်တွေ့သောအခါ သံဝေဂတရား စတင်ရယူခဲ့ရာမှ ဗုဒ္ဓဘာသာဝင် ရှင်သာမဏေတစ်ပါးအား ကြည်ညိုမိမှုကို အခြေခံ၍ ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သည်။

ရဟန်းသံဃာတော်များထံမှ မိမိသိလိုသော တရားဓမ္မတို့ကို နာကြားရသောအခါ မြတ်စွာဘုရားရှင်အပေါ် သက်ဝင်ယုံကြည်လာပြီး ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။

တတိယသင်္ဂါယနာတင်ပြီး အသောကမင်းကြီးသည် မြတ်စွာဘုရားရှင်၏ ဟောကြားတော်မူခဲ့သော ပိဋကတ်တရားတော်များကို ဘုရားရှင်ဟောကြားတော်မူခဲ့သည့် မူရင်းအတိုင်း ပြုစုနိုင်ခဲ့သည်။ အသောကမင်းကြီးသည် ဗုဒ္ဓသာသနာတော် နှစ် ၂၃၀ ၌ တတိယသင်္ဂါယနာ တင်တော်မူခဲ့သော အသောကမင်းကြီးသည် အဇာတသတ်မင်းနှင့် ရှင်မဟာကဿပတို့ စုစည်းသိမ်းထားခဲ့သော ဘုရားရှင်၏ ဓာတ်တော် မွေတော်များကို ရှာဖွေပြီး ခတ်တော်တိုက်မှ ခဲရာခဲဆစ် ဖော်ထုတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်တော်မွေတော်များကို ရဟန္တာမထေရ်မြတ်တို့[illegible] ပင့်ဆောင်စေ၍ အာရှတိုက် အရှေ့တောင်အာရှတစ်ခွင်[illegible] ကြွတော်မူစေပြီး စေတီတော်ပေါင်း ရှစ်သောင်းလေး[illegible]ကို တည်ထားစေခဲ့သည်။ အသောကမင်းကြီး၏[illegible]မှုကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်[illegible] အာရှတိုက်တစ်ခွင်သို့ ပြန့်ပွားရောက်ရှိစေခဲ့သည်။

အသောကမင်းကြီး စေလွှတ်ခဲ့သော ရဟန်းတော်များ[illegible] မြန်မာနိုင်ငံသို့လည်း ရောက်ရှိခဲ့ပြီး အသောကမင်းကြီး[illegible]မှုတော် စေတီအမြောက်အမြားသည် မြန်မာနိုင်ငံ[illegible] ပေါ်ပေါက်ထွန်းကားလာခဲ့သည်။ အသောကမင်းကြီး[illegible]မထေရ်မြတ်များနှင့် ဘုရားရှင်၏ ဓာတ်တော်မွေတော်[illegible] ဌာပနာထည့်သွင်း၍ စေတီတော်များ တည်ထား[illegible] ခုနှစ်မှာ သာသနာနှစ် ၂၃၆ ခုနှစ်ပင် ဖြစ်လေတော့[illegible] အသောကမင်းကြီး၏ ကောင်းမှုတော် စေတီများမှာ [illegible]တော် ငါးတောင် (ခုနစ်ပေခွဲ)သာရှိပြီး ထီးငါးဆင့်ရှိ[illegible] ရှေးစာတို့၌ ရေးသားကြသည်။

အသောကမင်းကြီး၏ ကောင်းမှု ဘုရားတော် ငါး[illegible] စေတီများကို မုဋ္ဌောစေတီဟု ခေါ်ဆိုကြသည်။ [illegible] မြန်မာနိုင်ငံအနှံ့၌ ရွှေမုဋ္ဌောစေတီ အများအပြားကို [illegible]နိုင်ငံအနှံ့၌ ဖူးတွေ့နေရသည်။ အသောကမင်းကြီး၏ [illegible]စေတီကို ဆက်လက်ခေါ်တွင်ကြသလို အချို့သော မုဋ္ဌောစေတီများသည် မင်းအဆက်ဆက်၊ ကောင်းမှုရှင် အဆက်ဆက်တို့က ငုံ၍ ပြန်လည်တည်ထားခဲ့ရာ မူလ မုဋ္ဌော စေတီဘွဲ့ပျောက်၍ ခေတ်ကာလအရ ဘွဲ့အမည်ပြောင်း၍ ခေါ်တွင်ကြသည်လည်း ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ဘုရားသမိုင်း ပြုစုကြရာ၌ အသောကမင်းကြီး ကောင်းမှုတော် စေတီဖြစ်ကြောင်းကိုကား အထူးအလေးထား ဖော်ပြကြသည်ကို တွေ့နိုင်လေသည်။

အသောကမင်းကြီးသည် “မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားဓမ္မပေါင်း အဘယ်မျှရှိပါသနည်း” ဟု ရဟန္တာမထေရ်မြတ်တို့ကို လျှောက်ထားမေးမြန်းခဲ့ရာ ရဟန္တာမထေရ်မြတ်တို့ကလည်း . . .

“ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်” ဟု ဖြေကြားတော်မူခဲ့ရာ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို ရည်မှန်း၍ စေတီပေါင်း ရှစ်သောင်းလေးထောင်ကို နေရာဒေသအနှံ့၌ တည်ထားစေခြင်းဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် ပြန့်ပွားစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်လေသည်။

အသောကမင်းကြီး တည်ထားတော်မူသော စေတီပေါင်း ရှစ်သောင်းလေးထောင်အနက် တစ်ဆူ ယနေ့ ဖူးမြင်နေရသော ချမ်းသာကြီးဘုရားစေတီလည်း တစ်ဆူအပါအဝင်



ကွဏ္ဍာသဃ ရုပ်ပွားတော်



သစ်ကနက် ဆုတောင်းပြည့်မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



သပ္ပာယ်လှစွာသော ကြေးဆင်းတုရုပ်ပွားတော်



ရှေးဟောင်းရုပ်ပွားတော်

ဖြစ်ကြောင်း သိရလေသည်။ ထို့ကြောင့် ချမ်းသာကြီးဘုရား စေတီ၏ ပထမဆုံးသော ဘုရားဒါယကာသည် အိန္ဒိယပြည် ပါဋလိပုတ်ပြည့်ရှင် (ယခု ပတ္တနာ) သီရိဓမ္မာသောကမင်းကြီး ဖြစ်ကြောင်း စာရေးသူ သတိထားမိသောအခါ စာရေးသူ၏ စိတ်အာရုံ၌ အဇာတသတ်နှင့် ရှင်မဟာကဿပမထေရ်မြတ်တို့ ဂုစရည်းစည်း သိမ်းဆည်းကိုးကွယ်ထားသည့် ဘုရားရှင်၏ ဓာတ်တော် မွေတော်အစစ်များကို အသောကမင်းကြီးက ရယူ၍ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာနှစ် ငါးထောင် တည်တံ့စေသောငှာ ရဟန္တာမထေရ်မြတ်ကြီးများအား စေတီပေါင်း ရှစ်သောင်းလေးထောင်ကို ဘုရားရှင်၏ ဓာတ်တော် မွေတော်စစ်များဖြင့် တည်ထားရာမှ ပေါ်ထွန်းလာသော ချမ်းသာကြီးဘုရား စေတီတော်မြတ်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဘုရားရှင်၏ ဓာတ်တော် မွေတော်စစ်ကို ဖူးမြော်ရင်း ဝမ်းသာပီတိ ဖြစ်ရပေတော့သည်။

◆

စာရေးသူသည် ချမ်းသာကြီးစေတီတော်မြတ်ကြီးနှင့် ပတ်သက်၍ ဆက်လက်လေ့လာသောအခါ ဉာဏ်တော် ငါးတောင်ရှိ အသောကမင်းကြီးကောင်းမှုတော် မုဋ္ဌောစေတီတော်သည် နှစ်ပေါင်း တစ်သောင်းကျော်ကာလသို့ ရောက်သောအခါ သင်္ကြိုရတရားအရ ယိုယွင်းပျက်စီးခဲ့လေသည်။ ထိုအချိန်၌ မြန်မာနိုင်ငံတော်ကြီးတွင် အနော်ရထာမင်းမြတ်၏ ကြိုးပမ်းအားထုတ်မှု၊ ရှင်အရဟံမထေရ်မြတ်ကြီး၏ လမ်းညွှန်မှုတို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံ၌ ထွန်းကားလာခဲ့သည်။ စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွားဆင်းတုတော်များ တည်ဆောက်ထုလုပ်ကိုးကွယ်ခဲ့ကြသည်။

အနော်ရထာမင်းကြီး၊ ကျန်စစ်မင်းကြီးတို့ လက်ထက်မှစ၍ ပုဂံဒေသ၌ စေတီပုထိုးပေါင်း လက်ညှိုးထိုးမလွဲအောင် မင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သည်။

ပုဂံခေတ် သာသနာပြုမင်းများအနက် ကျန်စစ်သားမင်းကြီး၏ မြေးတော်သူ အလောင်းစည်သူမင်းကြီး လက်ထက်၌ ဖောင်စကြာဖြင့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လှည့်လည်ခရီးဆန့်နိုင်လေသည်။ ထို့ကြောင့်လည်း လက်ညှိုးညွှန်ရာ ရေဖြစ်စေသော စကြာရှင်မင်းတစ်ပါးဟု ရာဇဝင်၌ ထင်ရှားခဲ့သည်။ အလောင်းစည်သူမင်းကြီးအား မဏိစည်သူမင်းဟုလည်း ခေါ်တွင်ခဲ့သည်။

ထိုမင်းကြီးသည် မြန်မာနိုင်ငံအနှံ့ ဖောင်စကြာဖြင့် ခရီးဆန့်ခဲ့ရာ ရောက်ရာအရပ်ဒေသတို့၌ ဘုရားပုထိုးများ တည်ထားတော်မူခဲ့သည်။ ထိုမင်းကြီး ဖောင်စကြာယာဉ်ဖြင့် ကြွတော်မူပြီး စေတီပုထိုးများ တည်ထားတော်မူခဲ့ရာမှ မြန်မာနိုင်ငံ ဒေသတချို့၌ ဖောင်တော်ဦးဘုရားများ အနှံ့အပြားယနေ့တိုင် ဖူးတွေ့နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော်မူပြီး သာသနာပြုနေစဉ် မင်းကြီးသည် ဧရာဝတီမြစ်ရိုးတစ်လျှောက် ဖောင်တော်စကြာ သင်္ကန်းနက်လှေတော်ဖြင့် လှည့်လည်တော်မူစဉ် မင်းတဲရပ်ကွက်သို့ ရောက်တော်မူသည်။ ဧရာဝတီမြစ်ကမ်းနဖူး၌ ဉာဏ်တော် ငါးတောင်ရှိ စေတီငယ်တစ်ဆူကို ဖူးတွေ့ရသောအခါ ထီးငါးဆင့် မြင်ရုံဖြင့် အသောကမင်းကြီး၏ ကောင်းမှုတော် ရွှေမုဋ္ဌောစေတီတော်ဖြစ်ကြောင်း ယုံကြည်တော်မူလေသည်။

ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်လာခဲ့သည်။ နှစ်ပေါင်းများစွာက တည်ထားခဲ့သော စေတီတော်ဖြစ်၍ တင့်တယ်မှု မှေးမှိန်နေသည်ကို ဖူးတွေ့ရသောအခါ စေတီတော်အား ပြန်လည်မွမ်းမံ တည်ထားရန် စိတ်ဆန္ဒများ ဖြစ်ပေါ်လာခဲ့ရသည်။

ထို့ကြောင့် အလောင်းစည်သူမင်းကြီးသည် သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော် ရွှေမုဋ္ဌောစေတီတော်အား ငုံ၍ ဌာပနာထားပြီး စေတီတစ်ဆူ တည်ထားတော်မူလေသည်။ မူလ အသောကမင်းကြီး ကောင်းမှုတော်စေတီအား ငုံ၍ တည်ထားခြင်းဖြစ်ရာ ဉာဏ်တော်မှာလည်း မူလ ငါးတောင်ထက် ပို၍မြင့်မှယ်ရှိလေသည်။

အလောင်းစည်သူမင်းကြီး ပြန်လည်မွမ်းမံ၍ တည်ထားသော စေတီတော်၏ ဘွဲ့အမည်ကား မည်သို့ခေါ်တွင်သည်ကို အတိအကျ မသိရသော်လည်း အလောင်းစည်သူမင်းကြီး ဖောင်စကြာဆိုက်ရာအရပ်၌ တည်ထားသော စေတီအများစုကိုကား ဖောင်တော်ဦးစေတီဟူ၍ ဘွဲ့မည်သတ်မှတ်တော်မူလေ့ရှိရာ မူလမုဋ္ဌောစေတီဘွဲ့အစား ဖောင်တော်ဦးစေတီဟု ဘွဲ့မည်သတ်မှတ် ခေါ်တွင်လေမည်လားဟု တွေးမိလေသည်။

နောင်ကာလ၌ ချမ်းသာကြီးစေတီ ဘွဲ့မည်တွင်မည့် စေတီတော်၏ ဒုတိယဘုရားဒါယကာမှာ အလောင်းစည်သူမင်း (မဟာစည်သူမင်း)ကြီးပင် ဖြစ်ပေတော့သည်။

◆

ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ ခေတ်ပေါင်းများစွာပေါ် ထွန်းလာခဲ့ပြီးနောက် အလောင်းဘုရား ဦးဆောင်တည်ထားခဲ့သော ကုန်းဘောင်ခေတ်သို့ ရောက်ရှိခဲ့သည်။ အလောင်းဘုရား ဦးအောင်ဇေယျနှင့် သားတော် ဆင်ဖြူရှင်လက်ထက်၌ စစ်အင်အား ကြီးမားခဲ့ပြီး မြန်မာနိုင်ငံတော်အား တတိယအကြိမ် အင်အားအကြီးမားဆုံးအဖြစ် တည်ထောင်နိုင်ခဲ့သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ သားတော်တစ်ပါးဖြစ်သော ဘိုးတော်ဘုရား (ဗဒုံမင်း)လက်ထက်၌လည်း စစ်အင်အား ကြီးမားခဲ့သည်။ ဘိုးတော်ဘုရား၏ သားတော်ကြီး သီရိမဟာဓမ္မရာဇာ သီဟသူရဘွဲ့ ရတော်မူသော အိမ်ရှေ့မင်းသားသည် ထက်မြက်တက်ကြွသော နန်းလျာတစ်ဦးဖြစ်ခဲ့သည်။ အိမ်ရှေ့မင်း ကိုယ်တော်ကြီးသည် စစ်ရေးစွမ်းရည်



ကျစ္စာသယ လာဘမုနိ ဆုတောင်းပြည့်ဘုရား



ရှင်သီဝလိရုပ်တုတော်

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော်သုံးဆူ ကိန်းဝပ်တော်မူရာ အာရုံခံတန်ဆောင်း



ရွှေစေတီနှစ်ဆူ

နှင့်လည်း ပြည့်စုံတော်မူသည်။ ဘိုးတော်ဘုရား၏ အားထားရသူ သားတော်ကြီးဖြစ်၍ ဖခမည်းတော်၏ ချစ်ကြည်နှစ်သက်မှုကို ခံယူရသူတစ်ဦး ဖြစ်သည်။

ဘိုးတော်မင်းတရား၏ လိုအင်ဆန္ဒဖြစ်သော ရခိုင်ပြည်၌ ကိန်းဝပ်စံပယ်တော်မူသည့် မဟာမြတ်မုနိ မြတ်စွာဘုရားရှင် ရုပ်ပွားတော်မြတ်ကို ရခိုင်ပြည်အား စစ်ရေးအရ သိမ်းပိုက်ပြီးနောက် ပင့်ဆောင်တော်မူနိုင်ခဲ့သည်။ ရခိုင်မှ အမရပူရ ရွှေမြို့တော်အထိ ရခိုင်ရိုးမကို ဖြတ်ကျော်ပြီး မြစ်ချောင်းအသွယ်သွယ် တောတောင်အတန်တန်ကို အလေးချိန်ကြီးမားလှသော မဟာမြတ်မုနိဘုရားကြီးနှင့်အတူ မာရ်အောင်မုနိ၊ ရွှေဘုံသာမုနိ ကြေးဆင်းတု ရုပ်ပွားတော်များကို စက်ယန္တရားများဖြင့်လည်းကောင်း၊ လူအင်အားဖြင့်လည်းကောင်း ပင့်ဆောင်လာနိုင်ခဲ့ခြင်းမှာ အိမ်ရှေ့ဥပရာဇာ၏ ဦးဆောင်မှု၊ စွမ်းဆောင်မှုများကြောင့်ပင် ဖြစ်သည်။

စာရေးသူ ချမ်းသာကြီးစေတီရှိ အာရုံခံတန်ဆောင်းတစ်ခုအတွင်း၌ . . .

"အိမ်ရှေ့မင်းကြီး ၁၁၄၆ ခုနှစ်၊ ရခိုင်ပြည်မှ မဟာမြတ်မုနိဘုရားကြီးနှင့်အတူတကွ ပင့်ဆောင်လာသော ကုဿသယလာဘမုနိ ဆုတောင်းပြည့်ဘုရား"

ဟု စာတန်းရေးထိုး မှတ်တမ်းတင်ထားသော ကြေးဆင်းတုရုပ်ပွားတော်မြတ် တစ်ဆူကို ဖူးတွေ့ရသည်။ ထိုဆင်းတု ရုပ်ပွားတော်မြတ်သည် ဘိုးတော်ဘုရား၏ သားတော်ကြီး အိမ်ရှေ့မင်းကြီး ပင့်ဆောင်လာသော ဘုရားတစ်ဆူဖြစ်ကြောင်း စာရေးသူ အလိုလို နားလည်သဘောပေါက်လာမိသည်။

ဘိုးတော်ဘုရား၏ သားတော်ကြီး အိမ်ရှေ့ဥပရာဇာသည် ဗုဒ္ဓသာသနာ ထွန်းကားရေးအတွက်လည်း သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်တော်မူခဲ့သည်။ ရွှေမြို့တော်အနောက်တောင်ဘက်၌ရှိသော ဂူကြီးဘုရားကို မုခ်ကျင်းကံတိုင်း၊ မီးတားများနှင့်တကွ အသစ်ပြန်လည် တည်ထားတော်မူသည်။ မန္တလေးတောင်ထိပ် ဘုရားရှင်ကို တည်ထားတော်မူသည်။ အရိပ်မထွက်ဘုရား၊ အမရပူရ မြင်းမိုရ်ကုန်းအရပ်၌ အောင်မြေရွှေဂူဘုရား၊ သာယာကုန်းရပ် အောင်မြေရွှေဂူဘုရား၊ စဥ့်ကိုင်မြို့ ဆိတ်ပေါက်ဘုရားရှင်၊ တာနန္ဒာဘုရားနှင့် မိတ္ထီလာမြို့ ရတနာသင်းကျစ်ဘုရားရှင် စသည့် စေတီတော်များကို ရွှေသက်နိုး ကပ်လှူမှုတော်မူခဲ့သည်။

www.burmeseclassic.com



ချမ်းသာကြီးဘုရားအား ရှိခိုးတော်မူနေသော သိကြားမင်း

အိမ်ရှေ့ဥပရာဇာမင်းကြီးသည် ဘုရားတည်း ဘုရားပြုပြင်ခြင်း၊ ရွှေသင်္ကန်းဆက်ကပ်ခြင်း စသည့်ကောင်းမှု ကုသိုလ်အစုစုကို အစဉ်တစိုက် လှူဒါန်းကောင်းမှု ကုသိုလ်ပြု၍သာမက သံဃာတော်တို့အားလည်း ရဟန်းအသုံးအဆောင်တို့ကို လှူဒါန်းတော်မူသည်။

ထိုကဲ့သို့ အလှူဒါန လက်နှင့်မကွာ ပြုမူတော်မူသော အိမ်ရှေ့ဥပရာဇာမင်းကြီးသည် ချမ်းသာကြီးစေတီ တည်ထားတော်မူရန် အကြောင်းတစ်ရပ် ဖန်လာလေသည်။ ခမည်းတော် ဘိုးတော်မင်းတရားကြီး မင်းကွန်း၌ စံနေတော်မူစဉ် အိမ်ရှေ့ဥပရာဇာမင်းကြီးသည် ခမည်းတော်၏ တိုင်းပြည်အုပ်ချုပ်ရေး တာဝန်အဝဝကို လွှဲပြောင်း၍ ခမည်းတော်ကိုယ်စား ဆောင်ရွက်နေစဉ် လက်တော်၌ ခူနာစွဲကပ်လေသည်။ ကျင့်သောဝေဒနာကို မခံမရပ်နိုင်အောင် အိမ်ရှေ့မင်း ခံစားရလေသည်။ ထိုသို့ ဝေဒနာပြင်းပြစွာ ခံစားနေရစဉ် အိမ်ရှေ့မင်းသည် ဝေဒနာမှ သက်သာစိမ့်သောငှာလည်းကောင်း၊ နိဗ္ဗာန်ဟူသော ကောင်းကျိုးချမ်းသာကို ရစိမ့်သောငှာလည်းကောင်း၊ သတ္တဝါဝေနေယျတို့၏ ကုသိုလ်ပွားတိုးစေရေးအတွက်လည်းကောင်း ရည်သန်၍ အမရပူရမြို့တော်၏ အနောက်မြောက် မင်းတဲရွာ တောင်ဘက်၌ရှိသော ရှေးဟောင်းစေတီတော်တစ်ဆူအား ပြုပြင်မွမ်းမံ၍ စေတီတော်သစ်တစ်ဆူ တည်ထားကိုးကွယ်လေသည်။



မဟာဗောဓိပင်

အိမ်ရှေ့မင်းကြီးသည် ခူနာရောဂါ သက်သာပျောက်ကင်းစေရန်အတွက် စေတီတော်တစ်ဆူကို ဓာတ်တော် မွေတော်များ ဌာပနာထည့်သွင်း ပူဇော်၍ တည်ထားကိုးကွယ်ရာ လက်တော်၌ စွဲကပ်နေသော ခူနာရောဂါသည် ပျောက်ကင်း၍ မခံမရပ်နိုင်အောင် ခံစားနေရသော ဝေဒနာသည်လည်း လုံးဝပျောက်ကင်းခဲ့လေတော့သည်။

အိမ်ရှေ့မင်းသည် မိမိတည်ထားကိုးကွယ်သော စေတီတော်ကိုလည်း တံတိုင်းမီးတားများ ကာရံခြင်း၊ စေတီတော်အား လုံးတော်ပြည့် ရွှေပိန်းချခြင်းများ ပြုတော်မူလေသည်။ မိမိကိုယ်တိုင် ခူနာရောဂါ ကိုက်ခဲမှုဝေဒနာမှ ပျောက်ကင်း၍ စိတ်ချမ်းသာမှုကို ရရှိခံစားရသည်ကို အကြောင်းပြု၍ မိမိ



ချမ်းသာသိဒ္ဓိအောင်ဓာတ်မှန်

www.burmeseclassic.com

www.burmeseclassic.com



တံခွန်ဟိုင်



ရှေးခေတ် အုတ်တိုင်အဆောက်အဦ

တည်ထားသော ဘုရားစေတီကို ချမ်းသာကြီးဘုရားဟူ၍ ဘွဲ့မည်မှည့်တော်မူလေသည်။

ချမ်းသာကြီးဘုရားသည် အသောကမင်းကြီး တည်ထားခဲ့ကာ ငါးတောင်မျှသာ ဉာဏ်တော်မြင့်မားခဲ့ရာမှ အလောင်းစည်သူလက်ထက်၌ အသောကမင်းကြီးကောင်းမှုတော် မူလစေတီအားငုံ၍ ဌာပနာထားကာ အသစ်တည်ထားခဲ့ပြီး ယခု အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရား၏ သားတော်ကြီး အိမ်ရှေ့ဥပရာဇာ လက်ထက်တော်၌ ထပ်မံတည်ထားပြန်ရာ ဉာဏ်တော် ၆၉ ပေ၊ ၄ လက်မအထိ မြင့်မားခဲ့ညာအ ထည်ဝါလှစွာဖြင့် ယနေ့ဖူးမြင်နေရသည့်

ချမ်းသာကြီးဘုရား စေတီတော်ကြီး၏ ဒုတိယမြောက် ဘုရားဒါယကာအဖြစ် ဘိုးတော်ဘုရား၏ သားတော်ကြီး သီရိမဟာ ဓမ္မာဘိဇယ သီဟသူရဲ အိမ်ရှေ့ဥပရာဇာမင်းကြီးက ခံယူတော်မူခဲ့လေသည်။ ထို့ကြောင့်လည်း မိမိကိုယ်တိုင် ရှိခိုးပူဇော်ဆောင်လာသော မဟာမြတ်မုနိဘုရားကြီး၏ ကိုယ်ပွားဆင်းတုတော် တစ်ဆူကို ချမ်းသာကြီးဘုရား၌ ဖူးခွင့်ရရှိခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

◆

စာရေးသူအနေနှင့် ချမ်းသာကြီးဘုရား ရင်ပြင်တော်ပေါ်ရှိ သစ်ပင်ရိပ် အာရုံခံတန်ဆောင်းကြီးများ၏ အေးမြသော အရိပ်များကြောင့်လည်းကောင်း၊ ဆောင်းဦးကာလဖြစ်၍လည်းကောင်း ချမ်းအေးမှုအရသာကို ခံယူရင်း ခရေပ ရိပ်၌ နားခို၍ ချမ်းသာကြီးဘုရားသမိုင်း ဖြစ်တော်စဉ်ကို ဖတ်ရှုတွေးတောနေရင်း ဇနီးဖြစ်သူ အဓိဋ္ဌာန်ပြီးမည့် အချိန်ကို စောင့်နေမိသည်။

မကြာမီက ဖူးမြော်ခဲ့ရသော သက်နိုးနက်ဆုတော်ပြည့် ရုပ်ပွားတော်မြတ်ကိုလည်း အာရုံ၌ ပြန်လည်မြင်ယော ရင်း ချမ်းသာကြီးဘုရားစေတီ တည်ထားမှု၌ ဒုတိယဘုရားဒါယကာ ဖြစ်တော်မူသော အလောင်းစည်သူမင်းကြီး (မ စည်သူမင်းကြီး)အား ပြန်လည်မြင်ယောင်လာပြန်သည်



တောင်ဘက်စောင်းတန်း အဝင်မုခ်ဦးတန်ဆောင်းအား

www.burmeseclassic.com

www.burmeseclassic.com

အလောင်းစည်သူမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်း တစ်ကျွန်းလုံး ကို ကျွန်းဦးသပြေပင် ပေါက်ရာ အရပ်အထိ ဖောင်စကြာ တော်ဖြင့် ကြွချီတော်မူခဲ့ရာတွင် သက်နိုးနက်လှေတော်ဦး၌ အစ်ကနက်ရုပ်ပွားတော်ကို ပင့်ဆောင်လှည့်လည်ခဲ့ကြောင်း လည်း တွေ့ရသည်။

ထိုရုပ်ပွားတော်မြတ်သည် ယခုအခါ ချမ်းသာကြီး ဘုရားစေတီ တန်ဆောင်းအတွင်း၌ ကိန်းဝပ်စံပယ်တော်မူနေ သည်ကို တွေ့ရခြင်းအားဖြင့် ဤချမ်းသာကြီးစေတီသည် အသောကမင်းကြီး၊ အလောင်းစည်သူမင်းကြီး၊ အိမ်ရှေ့ဥပ ရာဇာတို့၏ ကောင်းမှုတော် စေတီတစ်ဆူဖြစ်ကြောင်း သက် သေ အထောက်အထား အခိုင်အမာ ဖော်ညွှန်းနေသည်ကို တွေ့ရလေသည်။

"အစ်ကိုကြီး သွားကြရအောင်"

ဇနီးဖြစ်သူ ခေါ်သံကြားမှ စာရေးသူ၏ အတွေးအာရုံ မှ လွင့်နေရာမှ ပြန်လည်စုစည်းမိကာ . . .

"ညီမ အဓိဋ္ဌာန်ဝင်လို့ ပြီးပြီလား၊ နောက် ဘယ်ဘုရား သွားပြီး အဓိဋ္ဌာန်ဝင်ဦးမလဲ" ဟု ပြန်မေးရင်း ထိုင်နေရာမှ ထလိုက်မိသည်။

"ရွှေကျိုးမြင်ဘုရားကို သွားမယ်လေ၊ အဲဒီမှာ အဓိဋ္ဌာန် ဝင်ပြီးရင် အောင်မြေမှာ ကြားခဲ့ရတဲ့ ကျောက်တော်ကြီးဘုရား ကို ဆက်သွားချင်တယ်"

"ရပါတယ် အမေ၊ သမီး လိုက်ပို့ပေးပါ့မယ်"

ဇနီးသည် စကားအဆုံး၌ သားသူငယ်ချင်း နန်းဟွမ် ခမ်းက ဝင်ရောက်ပြောကြားလိုက်မှ သားနှင့် သူ၏သူငယ်ချင်း မြန်သူတို့ ဇနီးဖြစ်သူ၏နောက်မှ ပါလာသည်ကို သတိထား မိတော့သည်။ စာရေးသူတို့ မိသားစုသည် ချမ်းသာကြီးဘုရား မှ ထွက်ခွာခဲ့ပြီး ရွှေကျိုးမြင်ဘုရား တည်ရှိရာသို့ နန်းဟွမ်ခမ်း မောင်းနှင်သော မတ်တူးဆလွန်းကားလေး ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါလာခဲ့လေသည်။

❒ တက္ကသိုလ်မျိုး

**ကိုးငြမ်း**

၁။ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက် ကြီးလေးကြီးသမိုင်းဝင် ဆုတောင်းပြည့် ချမ်းသာ ကြီး မြတ်စွာဘုရားစေတီတော်သမိုင်း၊ အရှင်တေဇနိယ (တက္ကသိုလ်တေဇာလင်း)။

၂။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ၊ ဦးမောင်မောင်တင်။

၃။ ကိုယ်တိုင်သွားရောက် ဖူးမြော်ခြင်း။

## စာမူများ ပေးပို့နိုင်ပါသည်

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူ ကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက် သွယ်ပေးပို့နိုင်ပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေ လိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ် လိမ့်မည် မဟုတ်ပါကြောင်း။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာ ရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ် များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူ ရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့ အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်းပိုမိုတိုးတက် အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင်**
**ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။**

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
**လပြည့်ဝန်းမဂ္ဂဇင်း**
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊
မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ရသေ့ညီနောင် နှစ်ပါးတို့သည်လည်း သုဝဏ္ဏဘူမိ နေပြည်တော်မှ သားတော် တိဿမေ့သီဟရာဇာ မင်းထံ အကြောင်းကြားပြီး မြတ်စွာဘုရားရှင်နှင့် နောက်ပါ ရဟန္တာ ငါးရာ သီတင်းသုံး နေထိုင်နိုင်မည့် ကျောင်းတော်ကို ခုနစ်ရက် အတွင်း တည်ဆောက်စေခဲ့သည်။ ထို့ပြင် ဆွမ်းစားဖွယ်ရိက္ခာ များကိုလည်း အရန်သင့် ဖြည့်တင်းထားသည်။ ကျောင်း ဆောက်ရာတွင် သိကြားမင်းကလည်း လက်သမားဟန် ဆောင်၍ ပါဝင်ကူညီခဲ့သဖြင့် ကျောင်းတော်ကြီးမှာ အံ့မခန်း ကြီးကျယ်လှပေသည်။

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် မြတ်စွာဘုရားရှင်နှင့် နောက်ပါ ရဟန္တာငါးရာတို့သည် သိကြားမင်း ဖန်ဆင်း လှူဒါန်းသော ပြာသာဒ်ယာဉ်ပျံ ငါးရာတို့ကို စီးလျက် ဂဝမ္ပတိ မထေရ်မြတ် ပင့်လျှောက်ချက်အရ ကြွချီတော်မူခဲ့သည်။

ရသေ့ညီနောင်၊ တိဿမေ့သီဟ ရာဇာမင်းနှင့် မိဖုရား၊ ပြည်သူအပေါင်းတို့ကလည်း မြတ်စွာဘုရားရှင်နှင့် နောက်ပါ ရဟန္တာ ငါးရာတို့အား မျက်ဝါးထင်ထင် ဖူးမြော်ကြည်ညိုခွင့် ရကြလေသည်။

မြတ်စွာဘုရားရှင်သည် သိကြားမင်း၏ လက်သမား ဟန်ဆောင်ကာ ဖန်ဆင်းတည်ဆောက်ထားသော ကျောင်း တော်ရာ၌ ခုနစ်ရက်ပတ်လုံး တရားရေအေး တိုက်ကျွေး တော်မူခဲ့ရာ ကျွတ်တမ်းဝင်ကြသူများလည်း ကျွတ်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် တရားရေအေး တိုက်ကျွေး တော်မူပြီး အချိန်တန်သော် ရာဇဂြိုဟ်သို့ ပြန်ကြွတော့မည့် ဆဲဆဲတွင် ရသေ့ ညီနောင်တို့မှာ ဝမ်းနည်းပူဆွေးလျက် ဘုရား ရှင်၏ ကိုယ်ပွားအဖြစ် တစ်စုံတစ်ခုသော အပူဇော်ခံပစ္စည်း ထားရှိပေးပါရန် အသနားခံ လျှောက်ထားကြသည်။ ထို့ ကြောင့်ပင် ဗုဒ္ဓမြတ်စွာက ရသေ့ညီနောင်အား တစ်ပါးလျှင် နှစ်ဆူကျစီ ပေးသနားတော်မူသည်။

ထိုမှတစ်ဆက်တည်းဆိုသလိုပင် မြတ်စွာဘုရားထံသို့ လာရောက်ကာ တရားဓမ္မကို နာကြားကြကုန်သော ကုသိ နာရုံတောင်ကရသေ့၊ ဒိုးကလွန်းတောင်က ရသေ့၊ ကျိုက္ကမိ တောင်က ရသေ့၊ ဝါဂရူနယ် လမိုင်းကေလာသတောင်က ရသေ့၊ ကောယဇေတ်သုတ်ကျွန်းမှ နတ်ဘီလူးညီနောင်နှစ်ဦး တို့သည်လည်း ဆံတော်မြတ်နှစ်ဆူစီ အသီးသီး ကိုယ်စီကိုယ်င ရကြလေသည်။

မြတ်စွာဘုရားရှင်နှင့် နောက်ပါရဟန္တာငါးရာတို့သည် သီတင်းသုံးနေထိုင်တော်မူ၍ ခုနစ်ရက်မြောက်သောနေ့တွင် နောက်ပါ သံဃာတော် ငါးရာနှင့်တကွ မဇ္ဈိမဒေသဆီသို့ ကောင်းကင်ခရီးဖြင့် ပြန်လည်ကာ ကြွချီတော်မူလေသည်။ သိကြားမင်း လက်သမားသည်လည်း ဘုရားရှင် ကြွချီတော် မူပြီးသည့် နောက် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ပြန်ကာ ကြွလေသည်။ ရသေ့ညီနောင်နှင့် မင်းမိဖုရားပရိသတ် ဗိုလ်ပါ မှူးမတ်အပေါင်းသည်လည်း မိမိတို့ဌာနေဆီသို့ အသီးသီး ပြန်ကြလေသည်။

ကျောင်းတော်ကြီးသည်လည်း သိကြားမင်း မူလဖန် ဆင်းစဉ်အခါကပင် ဘုရားသခင် ခုနစ်ရက်သာသီတင်းသုံး မည်ကို ကြိုတင်သိရှိ၍ ခေတ္တယာယီ ကျောင်းတော်အဖြစ် ဖန်ဆင်းခြင်းမျှသာ ဖြစ်သဖြင့် အလိုလိုပင် ကွယ်ပျောက်လေ သည်။ ဘုရားရှင်၏တန်ခိုးတော်အနန္တသည် တုနှိုင်းခြင်းငှာ မစွမ်းသာပါတကား။

ဆံတော်မြတ်ရရှိသော ရသေ့တို့အနက် ကေလာသ ရသေ့၊ တိဿရသေ့၊ သီဟရသေ့ တို့သည် တိဿရသေ့ကြီး ဇင်းကျိုက်တောင်၌ သီတင်းသုံးတော်မူနေစဉ် အခါကပင် မိတ်ဆွေရင်းချာများ ဖြစ်ကြကုန်၏။ အကြောင်းမှာမူကား အသီးသီး တရားကျင့်ကြံစဉ် ကာလများ၌ ညဦးယံကာလ များတွင် တောင်ထိပ်မှ တစ်ဦးကိုတစ်ဦး မီးအမှတ်အသားပြု၍ အချင်းချင်း အဆက်အသွယ်ရှိလေသည်။ တရားကျင့်ဖော် ကျင့်ဖက် သာသနာပြုဖက်များလည်း ဖြစ်၏။

ထိုရသေ့သုံးပါးအနက် သီဟရသေ့သည် မိမိ ရရှိ ထားသော ဆံတော်နှစ်ဆူကို မိမိမူလသီတင်းသုံးရာ ဇွဲကပင် တောင်၌ စေတီတည်၍ ဆံတော်တစ်ဆူကို ဌာပနာသည်။ နောက်ဆံတော်တစ်ဆူကို နောက်ဆုံး ပြောင်းရွှေ့သီတင်း သုံးသည့် ဇင်းကျိုက်တောင်၌ စေတီတည်၍ ဌာပနာထား သည်။ သီဟရသေ့ စေတီတည်သောအခါ သိကြားမင်းက လည်း လာရောက်ကူညီလေသည်။

ညီတော်သီဟရသေ့သည် မိမိ စေတီတည်ပြီးသော အခါ နောင်တော် တိဿရသေ့ကိုလည်း ဆံတော်များကို စေတီတည်ကာ ဌာပနာထားရန် အကြံပြုလေသည်။ သိကြား မင်းကလည်း တိဿရသေ့အား စေတီတည်ရန် တိုက်တွန်း ပြောဆိုသည်။ တိဿရသေ့ကြီးကား သူရရှိသော ဆံတော် မြတ်များကို ငါ၏ဦးခေါင်းထက်မှ မချလိုဟူ၍ ငြင်းပယ်ကာ စေတီမတည်ဘဲ နေတော်မူသည်။

ထို့အတူ တရားကျင့်ဖော် ကေလာသရသေ့သည် လည်း မိမိ ရရှိသော ဆံတော်မြတ်နှစ်ဆူအနက် တစ်ဆူကို မိမိ သီတင်းသုံးရာ ကေလာသတောင်ထိပ်၌ စေတီတည်၍

www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းပူဇော်ထားသည်။ ကျန်တစ်ဆူကိုကား ကြီးနည်းတူ သူ၏ဦးခေါင်းထက်ရှိ ဆံပင်ဆံကျစ် ထည့်သွင်းကာ ငုက်ထားကိုးကွယ်ခဲ့သည်။

ထို့ကြောင့် တစ်ခုသောကာလတွင် သီဟရသေ့သည် ကောင်းကင်မှ မီးအရှက်ပြုသည်ကို တွေ့မြင်သဖြင့် ကြည့်ရှုလေသော် နက္ကလာဿရသေ့၏ ရှပ် ကိုမတွေ့မြင်ရလေ၏။ သီဟ ရသေ့သည် ဦးခေါင်းထက်ရှိ ဆံကျစ်ကြားမှ ငုက်ထားကိုးကွယ် သော ဆံတော်ဓာတ်တစ်ဆူကိုပင့်ယူ၍ အခြေရသေ့ ရှိသေ့အား မီးသဂြိုဟ်ပြီးလျှင် မိမိကျောင်းသို့ ပြန်ခဲ့သည်။ ဤနောက် သီဟရသေ့သည် မိမိ ရသေ့၏ ဦးခေါင်းထက်မှ ပင့်ယူခဲ့သော ဆံတော် ကို သူ၏နောင်တော် တိဿရသေ့ကြီးအား ပေးအပ် သည်။

တိဿရသေ့ကြီးသည်လည်း ထိုဆံတော်တစ်ဆူကို ကွယ်ရင်း ဆံတော်နှစ်ဆူကိုနှင်းအတူ ပေါင်းကာ ဆံတော်ဓာတ်သုံးဆူကို သူ၏ ဦးခေါင်းဆံကျစ် ၌ ငုက်ထားကာ စဉ်ဆက်မပြတ် ကိုးကွယ်ခဲ့လေသည်။ ရသေ့ကြီးသည် မြတ်စွာဘုရားရှင်အား ကြည်ညိုလွန်း စေတီတည်ရန် ... မကျွ...

✿

တိဿနှင့်သီဟရာဇာမင်း ... အကြားတွင် တိဿရသေ့ကြီးသည် ... ဝေဒနာရရှိလာသည်။ ထိုအချိန်၌ သိကြားမင်းသည် ... ကမ္ဘာလာမြကျောက်ဖျာ ဟင်းမာလာ၍ လူပြည်သို့ကြည့် ... တိဿရသေ့ကြီး စုတေမည့်အကြောင်းကို မြင်လေ သည်။ သိကြားမင်းသည် လူပြည်သို့ ဆင်းသက်လာပြီးနောက် သီဟရာဇာမင်းနှင့် တိုင်ပင်ကာ တိဿရသေ့ကြီးထံသို့ သွား ကြပြီး ရသေ့ကြီး စုတေတော့မည် ဖြစ်သဖြင့် မြတ်စွာ ဘုရားရှင်၏ဆံတော်မြတ်ဓာတ်သုံးဆူကို ဌာပနာ၍ စေတီ တည်ထားရန် လျှောက်ထားကြလေသည်။ ... ယခင်ကနည်းတူ ငြင်းပယ်လိုက်သည်။

ထိုအခါဝယ် သိကြားမင်းက ရသေ့ကြီးသည် စုတေ ချိန် အလွန် နီးကပ်လာပြီဖြစ်၍ ဆံတော်မြတ် သုံးဆူအား ... တော် သီဟရာဇာမင်းအား ပေးအပ်ရန်နှင့် သက်ရှိ ... ရှိစဉ်အခါ စေတီတည်ထား ကိုးကွယ်ပါက ရသေ့ကြီး ၏စိတ်တိုင်းကျ ဖြစ်နိုင်မည့် အကြောင်း ကွယ်လွန်ပြီးနောက် စေတီတည်ပါက ရသေ့ကြီး၏ စိတ်တိုင်းကျ စေတီမဖြစ်နိုင် ကြောင်းတို့ကို အသေးစိတ်ရှင်းပြသည်။

နောက်ဆုံး၌ တိဿရသေ့ကြီးသည် အားမတန် ... လျှောက် မိမိ စေတီတည်ဖို့ရန် ဌာပနာကားလိုသော

ကျောက်လုံးတော်အား သိကြားမင်းကို ပြောကြားလေသည်။ သိကြားမင်းလည်း တိဿရသေ့ကြီး မိန့်မှာသည့် အတိုင်း ရသေ့မြတ်၏ ဦးခေါင်းနှင့်တူသော ချောမွတ်နိုင်ခဲ့သော ကျောက်လုံးတော်ရရှိရေးအတွက် တောတောင်နှင့် တောင် တောင်နှင့် ရေကန်များ၊ ဘုမ္မစိုး၊ အာကာသစိုး စသည့် ... နှင့် ပူးပေါင်းကာ ရှာဖွေစေသည်။

ဤသို့ရှာဖွေရာ ယူဆောင်လာသမျှ ကျောက်လုံး တော်များသည် ရသေ့ကြီး၏ ဆန္ဒနှင့် မကိုက်ညီသဖြင့် သိကြားမင်းသည် သံလျက်တော်ဖြင့်ပိုင်း၍ တောင်ဂနိုးကျင်း အနီးအနားဝ၌ စွန့်ပစ်ခဲ့သည်။

နောက်ဆုံးတွင် သိကြားမင်းသည် ကြံနာမရှုပြုသော သမုဒ္ဒရာ ကြမ်းပြင်အောက်မှ ရသေ့ဦးခေါင်းနှင့် လွန်စွာ တူညီလှသည့် ကျောက်တုံးကြီးတစ်ခုကို ရှာဖွေတွေ့ရှိ၍ သင်္ဘောကြီးဖန်ဆင်းကာ သမ္ဘန်ငယ်ကိုပါ ချိတ်ဆွဲယူဆောင်ခဲ့ သည်။ ထိုသမ္ဘန်ငယ်အား အစွဲပြု၍ ကျောက်သမ္ဘန်စေတီ တည်ထားခဲ့သည်ကို ယနေ့ ဖူးတွေ့နိုင်သည်။

ကျောက်သမ္ဘန်စေတီ၏ သမိုင်းအရဆိုရလျှင် သိကြား မင်း ဖန်ဆင်း၍ ရသေ့ဦးခေါင်းတော်ပုံ ကျောက်လုံးကြီးကို တင်ဆောင်ယူလာသော သင်္ဘောကြီးသည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကြီး၏ အနောက်ဘက် ချောက်ကြီး ကြားထဲ၌ ကျောက်ဖြစ်ကာ တဖြည်းဖြည်း နစ်မြုပ်သွားသည်။ ထို့နောက် နှောင်းလူများ အမှတ်ရ သိစေခြင်းငှာ ကျောက် သမ္ဘန်စေတီအဖြစ် တည်ထားခြင်း ဖြစ်သည်။

✿

တိဿရသေ့ကြီးသည် ထိုကျောက်တုံးကြီးကို ... တောင်ထိပ် ... ထား၍ ဌာပနာခြင်းကို ... ကြောင့် သိကြားမင်းသည် မိမိတန်ခိုးတော်ဖြင့် ကျောက် တောင်ကျပ်တစ်ခုကို ဖန်ဆင်း၍ ထိုတောင်ထွတ်ပေါ်၌ ကျောက်တုံးကြီးကို ကြက်မတစ်ဝပ်ခန့် ကွာစေလျက် ရထား ပန်းဆိုင်းတွဲထားသည့် ပမာကဲ့သို့ တည်နေဟန် ဖန်ဆင်းရ လေသည်။

တိဿရသေ့ကြီးသည် သိကြားမင်း ကြိုးစားပမ်းစား ရှာဖွေပေးခဲ့သော ကျောက်တုံးတော်ကြီးနှင့် သိကြားမင်း ဖန်ဆင်းသော သီးခြားတောင်ထွတ်ကို သဘောကျ နှစ်မြို့ သဖြင့် သူ၏ဦးခေါင်းထက်မှ ဆံတော်မြတ်သုံးဆူကို ရတနာ မြကြုတ်၌ ထည့်သွင်းလေကာ သိကြားမင်းအား ကျောက်လုံး တော်ထက်၌ ဌာပနာတိုက် ဖန်ဆင်းတူးဖော်တည်ဆောက်ရန် မိန့်မှာသည်။ သိကြားမင်းလည်း တိဿရသေ့ကြီး မိန့်မှာသည့် အတိုင်း ကျောက်လုံးတော်ကြီး၏ အထက်၌ ဇောက်အနက် သုံးတောင်တစ်မိုက်ရှိ ဌာပနာတိုက်ကို ဖန်ဆင်းတော်မူသည်။ ဦးခေါင်းပုံ ကျောက်လုံးကြီးသည် အမြင့် ၁၈ တောင် လုံးပတ် ... တောင် ၅ လက်မ ရှိသည်။

www.burmeseclassic.com

တိဿရသေ့ကြီးသည် သူ့ စိတ်ကျေနပ်မှုရှိကာမှ ဆံတော်မြတ်သုံးဆူ ကိန်းဝပ်ရာ ရတနာမြကြုတ်ကို သားတော် သီဟရာဇာမင်းသို့ ပွဲအပ်မပေးသည်။ လွှဲအပ်စဉ်ကာလတွင်လည်း ဆံတော်မြတ်သုံးဆူကို မခွဲခွာလိုကာ ညှိုးငယ်သော မျက်နှာတော်ဖြင့် အခါခါ ဦးတိုက်ရှိခိုးလျက် အားရအောင် ဖူးမြော်ပြီးမှ သားတော် သီဟရာဇာမင်းအား ပေးအပ်တော်မူခြင်း ဖြစ်၏။ သီဟရာဇာမင်းလည်း ရတနာမြကြုတ်ကို ရွှေကလပ်တွင်ထားကာ မှူးမတ် ပြည်သူအပေါင်းတို့ကို ဝမ်းမြောက်ကြည်နူးကြစေရန် ခုနစ်ရက်တိုင်တိုင် အပူဇော်ခံလေသည်။

ထိုအခါ ရတနာမြကြုတ်သည် မြတ်စွာဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဆံတော်မြတ်သုံးဆူသည် ကောင်းကင်သို့ တက်ကြွ၍ ဘုရားအသွင်တော်ဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူလေသည်။ ဖူးမြော်နိုင်သော ရောင်ခြည်တော်ခြောက်သွယ်ကို တစ်ပြိုင်နက်တည်း လွှတ်သဖြင့် ဝန်းကျင်တစ်ခွင်တွင် ထွန်းလင်းတောက်ပကာ မြင်သူအပေါင်း ရင်သပ်ရှုမောရအောင် အံ့သြဘနန်း ဖြစ်ရလေသည်။


တိဿရသေ့ကြီးနှင့်တကွ သိကြားမင်း၊ သီဟရာဇာမင်း၊ မှူးမတ်အပေါင်းနှင့် ပရိသတ်အပေါင်းတို့သည်လည်း မကြုံစဖူး အံ့ဖွယ်သရဲ ဘဖြစ်ထူးကြောင့် ဖူးမြော်ပူဇော်ကြကာ ရှုမငြီးနိုင်အောင် ရှိကြသည်။

ဆံတော်မြတ်သုံးဆူသည် ထိုကဲ့သို့ တန်ခိုး ပြာဋိဟာ ပြ၍ ကုသိုလ်အပူဇော်ခံပြီးလျှင် ဘုရားအသွင် ကွယ်ပျောက်၍ သိကြားမင်း ဖန်ဆင်းပြုပြင်ထားသော ဥဒ္ဒမနာတိုက်အတွင်းသို့ အလိုလိုဝင်ရောက် ကိန်းဝပ်တော်မူသည်။ ဒီနောက် သိကြားမင်းသည် မိမိတန်ခိုးဖြင့် ရတနာမြကြုတ်ကို ထုတ်ယူ၍ ဖန်ဆင်းအပ်သော မြေသတ္တာအတွင်းသို့ သွင်းပြီး မြေသတ္တာအောက်သို့ မထိခိုက်စေခြင်းငှာ ရတနာရွှေကြိုးလေးသွယ်တို့ဖြင့် ဆွဲဆိုင်းစေ၍ ရသေ့ဦးခေါင်း ကျောက်ဂူကြီးအတွင်း ဥဒ္ဒမနာတိုက်အတွင်းသို့ ထည့်သွင်းထားလေတော့သည်။

✿

တိဿရသေ့ကြီးသည်လည်း ဆံတော်ဓာတ်မြတ်၏ အံ့ဖွယ်သရဲဖြစ်သော တန်ခိုးတော်ကို ဖူးမြော်ကြည်ညိုရင်း ဆိတ်ဆိတ်ဆွ နောက်သို့မှိုင်သွားပြီး စုတေ ကွယ်လွန်ခဲ့လေ၏။

သိကြားမင်းနှင့် သီဟရာဇာမင်းတို့သည်လည်း ရသေ့ကြီး၏အလောင်းကို မှည်းတောင်သို့ယူဆောင်၍ သဂြိုဟ်ကြကုန်၏။ တိဿရသေ့ကြီး အလောင်းကို သဂြိုဟ်ပြီးနောက် သိကြားမင်းနှင့် သီဟရာဇာမင်းတို့ ညှိနှိုင်းတိုင်ပင်၍ မဟာသက္ကရာဇ် ၁၁၈ ခုနှစ်၊ ဟေမန္တအခါတွင် ဆံတော်ဓာတ်မြတ် ကိန်းဝပ်တည်နေတော်မူရာ ရသေ့ဦးခေါင်းပုံ ကျောက်လုံးတော်ကြီး အထက်၌ ရွှေအုတ်၊ ငွေအုတ်၊ ကြေးနီအုတ်၊



ကျိုက်ထီးရိုးစေတီတော်ကြီးကို အဝေးမှ လှမ်း၍ ဖူးမြော်ရပုံမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

...အတ်၊ သလွဲအုတ်၊ သံအုတ်၊ ကျောက်အုတ်ဟူသော ...နစ်မျိုးဖြင့် ဉာဏ်တော် သုံးတောင် တစ်မိုက်ရှိ ရွှေ...တော် တည်ပြီးလျှင် ရေစက်သွန်းချ အမျှပေးဝေသည်။

ဒီနောက် မုဆိုးတောင်သို့သွား၍ ရသေ့ကြီး၏ အရိုး...ကို ကောက်ယူပြီးလျှင် ထိုတောင်ထိပ်၌ အရိုးအိုးစေတီ...ကို တည်ထားခဲ့သည်။

ထိုသို့ စေတီတော်နှစ်ဆူ တည်ပြီးလျှင် သိကြားမင်း...သည် တန်ခိုးကြွဒ္ဓိပါဒ်ကြီး၍ သီလ၊ သိက္ခာ၊ ဉာဏ်ပညာ ...အမြင်အမြင်နှင့် ပြည့်စုံသော စတာမကောရာ၏ ဘုံသား အပါ...ဝင် နတ်မင်းကြီး တစ်ပါးကိုခေါ် ယူ၍ ရသေ့ကြီး ဦးခေါင်း...တော်ပုံကျောက်တုံးကြီးနှင့်တကွ သွင်းနှံ ဌာပနာထားသော ...ဆံတော်ဓာတ်သုံးဆူ ကျောက်လုံးကြီးအထက်ရှိ စေတီတော်...အတွ အနီးနားရှိ အဆောက်အအုံတို့ တည်ရာတောင်...နေး ပတ်ဝန်းကျင်ရှိ အခြံအရံတောင်များပါ မကျန် အမြဲ ...ရှောက်ရမည်ဟု အစောင့်အနေခန့်ထားသည်။

ထိုနတ်ကြီးအား ဆံတော်ဓာတ်မြတ်၏တည်ရာ ရသေ့ ...ခေါင်းတော်ပုံ ကျောက်လုံးကြီးကို ဂရုတစိုက် စောင့်ရှောက်ရ ...သောကြောင့် မဟာကဿိန္ဒဝနတ်မင်းကြီးဟု အမည်မှည့် ...ခွင့်သည်။ ထိုနတ်မင်းကြီးသခင်မကာ နတ်ကွန်းအနီး တောင် ...ကိုလည်း နတ်တောင်ဟု သမုတ်သည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို ထိန်းသိမ်း ...စောင့်ရှောက်ရသော အဆိုပါဘိုးဘိုးကြီးသည် တန်ခိုးကြွဒ္ဓိပါဒ် ...အလွန်ကြီးမားသောကြောင့် ယုံကြည်ကိုးစားသော လူများ ...ပေများလှသည်။ လိုရာကိစ္စများကိုလည်း မိဋ္ဌာန်တာ ကျောက် ...ကို မချိကြသည်။

အထူးသဖြင့် တရုတ်လူမျိုးများသည် ကျိုက်ထီးရိုး ...ဘုရားဖူး မလာခင်ကတည်းကပင် သက်သတ်လွတ် ဆန်ပြုတ် ...သာ စားကြ၏။ လှူဒါန်းရန်ပါလာသော သစ်သီး စားဖွယ် ...များကို ကျိုက်ထီးရိုးဘုရားနှင့် ဘိုးဘိုးကြီးတို့ကို လှူဒါန်းပြီး ...ကိုပြန်စွန့်ကာ တရုတ်ပြည်သို့ ရောက်အောင် ပြန်ပို့ ...သ၏။ ထိုကဲ့သို့ စားသောက်ခြင်းဖြင့် ဘေးအန္တရာယ်များ ...ကင်းရှင်းကာ ကျန်းမာချမ်းသာသည်ဟု အယူရှိကြ၏။

မြန်မာများသည်လည်း ဆီမီးကိုးထောင် မီးထွန်းပွဲ ...များဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ...ပူဇော်လှသူဟန်ဖြင့် ဖူးမြော်ကြည်ညိုကြကုန်၏။ အမြို့မြို့ ...အနယ်နယ်မှ ရောက်လာကြသော ဘုရားဖူးပရိသတ်များ ...သည်လည်း ကျိုက်ထီးရိုးစေတီတော်ကြီးကို တပျော်တပါး ...ရောက်ဖူးမြော်ကြကုန်၏။

တရားမေ့ ကျင့်ကြံလိုကြသော ရသေ့၊ ရဟန်း၊ ဂန္ဓာရီ ...ဋ္ဌာန်ဖြင့် တရားကျင့်ကြံလိုသော သူတော်ကောင်းတို့ ...သည်လည်း ဤဆံတော်ရှင် ကျိုက်ထီးရိုးစေတီနှင့် အနီးနား ...ဝန်းကျင်တောင်တန်းများတွင် ကွန်းခိုကာ မိမိတို့လိုရာ

စခန်းကို လျှောက်လှမ်းနေကြ၏။ နိုင်ငံရပ်ခြား တိုင်းပြည်များမှ ကမ္ဘာလှည့်နိုင်ငံခြားသားများကလည်း ကြက်မတစ်ဝပ်စာ မျှသာ ရပ်တည်နေသော ကျောက်တုံးကြီးနှင့် အထက်မှ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်ကြီးကို ကင်မရာများဖြင့် တဖျပ်ဖျပ် ဓာတ်ပုံရိုက်ကာ အံ့ဩမဆုံး ရှိကြ၏။

စင်စစ်မှ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်၏ အံ့ဖွယ်ဖြစ်ရပ်များကား ရေးလို့မဆုံးအောင် ရှိနေပေသည်။

❖

"ဩော်၊ ဘုရားသမိုင်းက တော်တော်လေးကို ကျယ် ပြန့်နက်ရှိုင်းတာပနော်"

တူတော်မောင်က အအံ့တဩ ဆိုသည်။

"ဒါပေါ့ကွာ၊ ဇာတ်ရည်လည်သွားတော့ ဒီကျိုက်ထီး ရိုးစေတီကြီးကို ဖူးရတာ ပိုပြီးတော့ ကုသိုလ်ပွားတာပေါ့၊ သား နားလည်အောင် ပြောရင် ဘုရားရှင်ရဲ့ ပါဠိတရားတော်တွေ ကို အနက်ပါ တွဲသိလိုက်ရင် ပိုပြီးတော့ ကုသိုလ်ရသလိုပဲ ပေါ့ကွာ"

"ဦးရယ် သား အခု သမိုင်းဇာတ်ကြောင်းတစ်ခုလုံး သိလိုက်ရတော့ သိပ်ကို ဂုဏ်ယူမိတယ်၊ သား သူငယ်ချင်း တွေကိုလဲ ကြုံရင် လက်ဆင့်ကမ်း ပြောရဦးမယ်"

"ကုသိုလ်ရတာပေါ့ သားရယ်၊ ကိုယ်သိတာတွေကို မသိတဲ့လူတွေ ပြန်ပြောပြရင် သားလဲမမေ့ဘူး၊ ပြီးတော့ သိတဲ့ လူတွေကလဲ ဒီလိုပဲ လက်ဆင့်ကမ်း ပြောပြရင် လူသားတွေ အားလုံးအတွက် အကျိုးရှိတယ်၊ အထူးသဖြင့် သာသနာတော် အတွက် ပိုကောင်းတာပေါ့ကွာ"

အချိန် ကြည့်လိုက်တော့ ည (၉း၃၀) ရှိပြီ။ မနက် အရုဏ်တက် ဆွမ်းတော်ပန်း ကပ်ရန် စောစောထရမည်မို့ ဒီလောက်နှင့်ပဲ ပြန်ကြလျှင် ကောင်းမည်ဟု စာရေးသူ စိတ်ပိုင်းဖြတ်လိုက်သည်။ သည့်နောက် ကွပ်ပျစ်ပေါ်မှ အသာ အယာ ထလိုက်သည်။




ရင်ပြင်တော်မှ ကျိုက်ထီးရိုးစေတီတော်ကြီးကို အာရုံပြု

ဖူးမြော်နေကြသည့် ဘုရားဖူးများ

www.burmeseclassic.com

www.burmeseclassic.com

နံနက် အရုဏ်တက် ကျိုက်ထီးရိုးစေတီတော်ကြီးကို ဆွမ်းတော်ပန်းများကပ်လှူ၍ ဖယောင်းတိုင်မီးဖြင့် ဆီမီးပူဇော်နေကြသည့် ဘုရားဖူးများ

"ကဲ . . သားရေ တညနေခိုခန်း ပြန်ကြမယ်၊ တော်ကြာ မင်း အန်တီတို့ လည်တာအနှံ့ဆန့် ဖြစ်နေလိမ့်မယ်"

"မဖြစ်ပါဘူး ဦးရဲ့၊ အန်တီတို့တစ်တွေ အခန်းထဲမှာ တီဗွီကြည့်ရင်း စောင့်နေမှာပါ"

စာရေးသူလည်း မြင်ကွင်းရှေ့မှ မီးရောင်ထိန်ထိန် အောက်တွင် သပ္ပာယ်လှသော ကျိုက်ထီးရိုးစေတီတော်ကြီးကို ဦးသုံးကြိမ်ချရင်း ကွပ်ပျစ်မှ အသာထကာ တည်းခိုခန်းရှိရာဆီသို့ ပြန်လာခဲ့ကြသည်။

❖

(၁၀. ၁၁. ၂၀၁၃) ရက်နေ့ မနက် (၄း၀၀) နာရီခန့်တွင် စာရေးသူတို့ ဘုရားဖူးအဖွဲ့ နာရီနှိုးစက်ဖြင့် အိပ်ရာမှ စောစီးစွာ ထပြီး ကိုယ်လက်သန့်ရှင်းကာ အနွေးထည်သူထူများ ကိုယ်စီဝတ်ကာ တည်းခိုခန်းမှ ထွက်လာခဲ့ကြသည်။ ရင်ပြင်တော်ပေါ်သို့ ရောက်သော် အောက်ဘက် ထမင်းဆိုင်များဘက် ဆင်းသည့် လှေကားထိပ်တွင် ဆွမ်းတော်ဗန်းများကို ရောင်းချနေသည်ကို တွေ့ရသည်။

"ဆွမ်းတော်ဗန်း တစ်ဗန်း ဘယ်လောက်လဲ"

"သုံးထောင်တန်ရှိတယ်၊ ငါးထောင်တန် ရှိတယ်"

ဈေးသည်ပြောမှ ဆွမ်းတော်ဗန်းများကို လှမ်းကြည့်မိသည်။ သုံးထောင်တန်က ဆွမ်း၊ သစ်သီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် အစီအရီ အဆင်သင့် ပြင်ဆင်ထားသည်။ ငါးထောင်တန်က ပို၍စုံလင်သော သစ်သီးတို့ဖြင့် ပြင်ဆင်ထားသည်။

ဘုရားဖူး ပရိသတ်အများစုမှာ အလုအယက် ဟိုးရေး[illegible] ဝယ်နေကြသည်မှာ ကြည့်နူးစရာကောင်းလှသည်။

"ဒီနှစ်တော့ တစ်ယောက် တစ်ဗန်းနှုန်းနဲ့ ကိုယ့်ဘာသာကိုယ် ကပ်မယ်နော်"

ဇနီးသည်က ဆိုလာသည်။ ဟုတ်လည်း ဟုတ်သည်။ ကျိုက်ထီးရိုးကို [illegible] ရောက်ပေမယ့် နှစ်ယောက်တစ်ဗန်းနှင့်သာ ကျေနပ်ခဲ့ရ၏။ ငွေကြေးစီးစစ် တိုင်းထွာသုံးရသော ဘဝအနေအထားကိုလည်း ကြာလာတော့ စိတ်မျက်လာမိသည်။

ဒီတော့ ဖြစ်ချင်တာဖြစ်၊ နောင်ခါလာ နောင်ခါ ဈေးလှမသေ ငွေမရှား နှစ်ဗန်းတော့ လှူမယ်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

"အေး . . . ကောင်းတယ်၊ သုံးထောင်တန် နှစ်ဗန်းပေးကွာ"

သည်လိုဖြင့် စာရေးသူနှင့် ဇနီးတို့သည် တစ်ယောက်တစ်ဗန်းနှင့် ကိုင်ကာ အားရဝမ်းသာစွာဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီရှိရာသို့ လျှောက်လာခဲ့ကြသည်။ တခြားဘုရားဖူးအဖွဲ့ကလည်း ကိုယ်စီကိုယ်စီ ဆွမ်းတော်ဗန်းလေးများကိုင်ကာ နံနက်အရုဏ်မလင်းမီ ကပ်လှူနိုင်ရန် ဗာရှေ့ရှေ့သွားနေကြသည်။

"ဩော်၊ အရုဏ်တက် ဆွမ်းတော်ပွဲကပ်လှူပြီးရင် မောင်ခြေဆင်းရတော့မယ်၊ ပြီး ကင်ပွန်းစခန်းကနေ ရန်ကုန်ကို အသီးသီး ပြန်ကြရတော့မှာပါကလား"

www.burmeseclassic.com

အမှန်တော့ ဘုရားဖူးရတာ မဝ၍ အနီးလို အဝေးသွားခြင်းမဟုတ်မှီခြင်း ဖြစ်သည်။ ဘုရားဖူးတိုင်း ဒီအတွေးမျိုး ဝင်မိပါလိမ့်မည်။ စင်စစ် ကျိုက်ထီးရိုးသည် ဖူးပြီးရင်းဖူးချင် ဖူးမဝနိုင်သည့် စေတီတော်တစ်ဆူပင်။

စာရေးသူလည်း မနက်အရုဏ်တက် ဖယောင်းတိုင်ထွန်းပူဇော်ခြင်း၊ အမွှေးတိုင်များပူဇော်ခြင်းကို အရင်ဦးဆုံးပူဇော်လိုက်သည်။ သည့်နောက် ငါးပါးသီလ ခံယူပြီး ရွှေဆိုင်းကို ကျိုက်ထီးရိုးစေတီကြီးအား ကပ်လှူပါသည်။ သည့်နောက် ရွှေဆင်းတော်ပန်းများ တအားများနေ၍ ကပ်ဖို့အခက်အခဲဖြစ်နေသည့် မိန်းမပျိုများ၊ သက်ကြီးရွယ်အိုများ၏ ရွှေဆင်းတော်ပန်းများကို ကိုယ်စားယူကာ ကပ်လှူပေးခြင်းကိုပြင့် အကျိုးတော်ဆောင်ပေးလိုက်သည်။ နံနက်ခင်း မအေးမပူ ဖယောင်းတိုင်ဆီမီး အရှိန်ကြောင့် နွေးနေသည်။ စိတ်သည်လည်း ကုသိုလ်တွေလုပ်နေရသည်မို့ မောရမှန်း မနှိုးမှန်း မသိတော့ချေ။

သည့်နောက် ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပရိတ်ကရားများ ရွတ်ဖတ်ခြင်း၊ ဂုဏ်တော်ပွားများခြင်းများကို ဆက်တိုက်ပြုလုပ်လိုက်သည်။

**ကျိုက်ထီးရိုးဘုရားရှိခိုး ဂါထာ**

*ဣသိနံ အတုလံ လောကေ၊*
*အဂ္ဂသိန္ဓိ သုတ္တမံ၊*
*မဟာဒယံ မဟာဉာဏံ၊*
*ချာတံ လောကတ္တယေ နမေ။*
*ပုညေနာနေန သဗ္ဗမှိ၊*
*သမိဇ္ဈတု ယထိစ္ဆိတံ။*

**လောက** - လောက၌၊ **ဣသိနံ** - ရသေ့တကာတို့တွင် **အတုလံ** - အတုမရှိထသော၊ **အဂ္ဂသိန္ဓိ** - ရသေ့တကာတို့ထက် မြတ်သော ဘုရားတို့တွင်လည်း၊ **သုတ္တမံ** - နှုတ်အမြတ်ဖြစ်ထသော၊ **မဟာဒယံ** - ကြီးမြတ်သော သနားခြင်းကရုဏာရှိထသော၊ **မဟာဉာဏံ** - ကြီးမြတ်သော အသိဉာဏ်လည်းရှိထသော၊ **လောကတ္တယေ** - လောကသုံးပါး၌ **ချာတံ** - ထင်ရှားတော်မူသော မြတ်စွာဘုရားကို၊ **နမေ** - ရှိခိုးပါ၏၊ **အနေန ပုညေန** - ဤသို့ရှိခိုးသော ကောင်းမှုကြောင့်၊ **သဗ္ဗမှိ** - အလုံးစုံသော ဆုသည်လည်း၊ **ယထိစ္ဆိတံ** - အလိုရှိတိုင်း၊ **သမိဇ္ဈတု** - ပြည့်စုံပါစေသတည်း။

ရောက်တုန်းရောက်ခိုက်မို့ ဤကဲ့သို့ အဓိပ္ပာယ်ဆိုတော်ရ ကျိုက်ထီးရိုး ဘုရားရှိခိုး ဂါထာဖြင့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ပူဇော်လိုက်ရခြင်း ဖြစ်သည်။

သည့်နောက် ခုနစ်ရက်သားသမီးများကို မေတ္တာပို့ကာ အမျှအတန်းပေးဝေလိုက်သည်။ ကုသိုလ်ကောင်းမှုကို သခုလောက်ထိ ထိထိရောက်ရောက်မလုပ်ခဲ့ရသဖြင့် ယခုတော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားသည်။


ဒီကနေ့ ပြန်ရတော့မည်ကို သိနေသဖြင့် စာရေးသူ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတည်ရာ ကျောက်တုံးကြီးအား သို့သွားကာ ဦးခေါင်းတင်၍ ရှိခိုးကန်တော့လိုက်သည်။ စိတ်ထဲ၌ ငြိမ်းချမ်းနေသည်ဟု ခံစားမိသည်။ နောင်နှစ်တွေလည်း လာနိုင်ရပါလို၏၊ ငွေကြေးဖောဖောသီသီဖြင့် လှူနိုင်တန်းနိုင်ရပါလို၏ စသည်ဖြင့် မိမိလိုချင်သည့် ဆန္ဒတွေကို ဆုတောင်းခဲ့မိသည်။

❖

တဖြည်းဖြည်းနှင့် နံနက်ခင်း နှင်းမှုန်ကြားဝယ် နေမင်းကြီးသည် ထွက်ပြူလာချေပြီ။ အလင်းရောင်တွေကလည်း တစ်စတစ်စဖြင့် ဖြာထွက်လာပြီ။ အမှောင်ထုသည် တဖြည်းဖြည်းကွယ်ပျောက်ကာ လင်းစပြုလာချေပြီ။

စာရေးသူလည်း ဘုရားဖူးခြင်းနှင့် ပြုဖွယ်ကိစ္စများပြီးခဲ့လေပြီ။ မကြာမီအချိန်တွင် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီမြတ်ထံတော်ပါးမှ မခွာချင်ဘဲလျက် ခွာရပေဦးတော့မည်ကို သိနေသည်မို့လား မပြောတတ်၊ ခြေလှမ်းတို့က မလှမ်းချင် လှမ်းချင်နှင့် နှေးကွေးနေ၏။

နာရီကို ကြည့်လိုက်၏။ နံနက် (၇း၁၀) နာရီ။




နံနက် အရုဏ်တက် ကျိုက်ထီးရိုးစေတီတော်ကြီးကို ရွှေဆင်းတော်ပန်းများကပ်လှူ၍ ကြည်ညိုသဒ္ဓါပွားများနေကြသည့် ဘုရားဖူးများ



www.burmeseclassic.com

www.burmeseclassic.com

"ကဲ၊ ဘုရားဖူးအဖွဲ့မှူးခင်ဗျား နံနက်ခင်း အဆာပြေ တစ်ခုခု စားကြမယ်၊ ပြီး တည်းခိုခန်းအနေ (၉း၀၀)နာရီအထိ မှာ ရှင်ပြင်တော်ပေါ်ကနေ တောင်အောက်ဆင်းမယ်"

စာရေးသူ ဘုရားဖူးအဖွဲ့ကို အစီအစဉ် ဆွဲကာ ပြောလိုက်သည်။

"ကဲ. . . သွားကြမယ်၊ မနက်ခင်း လက်ဖက်ရည် ကောင်းကောင်း၊ အသုပ်ကောင်းကောင်း ရတဲ့ဆိုင်ဆီသွားကြမယ်"ဟုဆိုကာ ကျိုက်ထိုသူ အန်တီကြီးအား ဘုရားဖူးအဖွဲ့ကို ဦးဆောင် ခေါ်သွား၏။

"ဦး. . . ဘုရားဖူးရတာ သိပ်ပျော်ဖို့ကောင်းတာပဲ"

"ဘုရားသမိုင်းကော မှတ်မိသွားပြီလား"

"မှတ်မိတာပေါ့ဦးရယ်၊ သား ဘယ်အချိန်ဘယ်နေရာ ပဲရောက်ရောက် ကျိုက်ထီးရိုးဘုရားသမိုင်းကတော့ စိတ်ထဲမှာ စွဲနေတော့မှာပါ"

"ဒါပေါ့ သားရယ် သမိုင်းဆိုတာ မှတ်တမ်းပဲ၊ ဘယ်အရာကိုမှ ပေါ့ပေါ့ဆဆ မတွေးရဘူး ကိုယ်သိသလို သူများတွေကိုလဲ သိပါစေလို့ ရည်ရွယ်ပြီးစုဆောင်းမှတ်သားရတယ်၊ ဖြန့်ဖြူးရတယ်"

"ဒါဆို ကုသိုလ်ရတာပေါ့နော် ဦး"

"ရတာပေါ့ သားရယ်"

သည်သို့ဖြင့် စာရေးသူတို့ဘုရားဖူးအဖွဲ့သည် နံနက်ခင်း နှင်းဖွေးဖွေးအောက်တွင် နံနက်စာ စားသောက်ကြပြီးနောက် ရှိုးရှိုးလေးတည်းခိုခန်းသို့ ပြန်ကာ ပစ္စည်းပစ္စယ အထုပ်အပိုးများကို သိမ်းဆည်းကြကာ အခန်းပြန်အပ်ကြပြီး ရှင်ပြင်တော်ပေါ် ဆင်းကာ တောင်အောက်ဆင်းမည့် ကားဂိတ်စခန်းဆီသို့ သွားကြသည်။ကားဂိတ်ရောက်တော့ ကြိုတင်ဘွတ်ကင်လုပ်ထားသဖြင့် ကားရှေ့ခန်းမှ အသီးသီးစီးကာ ကင်ပွန်းစခန်းဆီသို့ ဆင်းလာခဲ့ကြသည်။ နံနက် (၁၀း၀၀)နာရီ ကျော်ကျော်လောက်တွင် ကင်ပွန်းစခန်းသို့ ပြန်ရောက်ကြသည်။

ကင်ပွန်းစခန်းသို့ ရောက်သော် ဘုရားဖူးပြန် လက်ဆောင်များ ဝယ်ခြမ်းကြသည်။ ယိုပေါင်းစုံ ရှိသည်။ အမြည်းလေးတွေကို ယွန်းအစ်လေးများထဲတွင် အကန့်လိုက်ထည့်ထားသည်။ မိမိကြိုက်နှစ်သက်ရာ ယူနိုင်သည်။ တစ်ထုပ်လျှင် ငါးရာနှုန်းဖြစ်သည်။ ယိုက ရှောက်ယို၊ နာနတ်ယို၊ မရန်းယို၊ ကတွတ်ယို အစရှိသဖြင့် စုံလင်လှသည်။ စာရေးသူကတော့ ကျိုက်ထီးရောက်မှ စုဗူးဆိုင်မှ ဝယ်သည်။ အပိုလက်ဆောင်တွေ အများကြီးရသည်။

ဘာကြောင့်နည်းဟု ဆိုရသော် သူတို့ အပြောကတော့ ကင်ပွန်းစခန်းမှာ တစ်ဆယ်သားထုပ်မှာ အလေးချိန်နည်းနည်းလျှော့ထားတယ်ဟု ပြောသည်။ ဟုတ်၊မဟုတ်တော့ မသိနိုင်ပါ။ အမှန်သိချင်လျှင် ချိန်ခွင်ဖြင့် ချိန်ကြည့်က အဖြေသိရပါလိမ့်မည်။ ဘာပဲပြောပြော ခရီးသွားခြင်းသည် လူပေါင်းစုံနှင့် တွေ့ရသဖြင့် ဒေသန္တရ ဗဟုသုတ များစွာရသည်။

ကင်ပွန်းစခန်းတွင် နံနက်စာ ထမင်းစားကြပြီးနောက် နေ့လယ် (၁၂း၃၀)လောက်တွင် ရန်ကုန်ဘက်သို့ ပြန်လာခဲ့ကြသည်။ အခုတော့ ကျိုက်ထီးရိုးတောင်ခွေးလေးကိုသာ ကြည့်၍ အလွမ်းဖြေရတော့သည်။ ဘာပဲဖြစ်ဖြစ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကို တစ်နှစ်တစ်ခေါက် ဖူးဖြစ်အောင်ဖူးမည်ဟု စာရေးသူ သန္နိဋ္ဌာန်ချထားပါသည်။

စာရှုသူများလည်း ဖူးဖြစ်အောင် ဖူးကြပါ၊ ကျိုက်ထီးရိုးဘုရားဖူးရင်း ကုသိုလ်ထူးတွေရပြီး အမောအပန်းပြေကာ စိတ်ဝယ်လန်းဆန်း လိုအင်ဆန္ဒတွေ ပြည့်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ရပါတော့သည်။

□ မင်းခန့်

ကျမ်းကိုး

၁။ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ သမိုင်းမှုဟောင်း။ ဂေါပကလူကြီးဟောင်း ဦးချစ်ရွှေ

၂။ ဆံတော်ရှင် ကျိုက်ထီးရိုးသမိုင်း၊ တင်နိုင်ထိုး၊(တ-ကြိမ်)

၃။ မာမက(သုတေသီ)၏ **ကျိုက်ထီးရိုးစေတီ တည်ရာရသေ့မှန်** ဆောင်းပါး။



ကင်ပွန်းစခန်း လုပ်လှုပ်ရှားရှားမြင်ကွင်း



စာရေးသူတို့ဘုရားဖူးအဖွဲ့ ကားပေါ်တက်၍ ကင်ပွန်းစခန်းမှ ရန်ကုန်သို့ ပြန်ရန် ပြင်ဆင်နေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

ခေမရမ္မမြို့ ဓမ္မဝိဟာရ စေတီတော်ကြီး ဓမ္မာရုံကျောင်းတိုက်

ဦးချုပ်ဂေဇုဝမ္မ ရွှေခြိမ့်သွင်း ဓမ္မဒေသနာတော်မှုသော

# တောင်ကြီးလေးလုံး ကြိုတင်သိကို ခံနေရ၍ ပဋ္ဌာန်ကိုမသုတ် တရားတော်

## ပဋ္ဌာန်ကိုမသုတ် အကျဉ်းချုပ်

မိမိတို့ နေရ ထိုင်ရတာ ဘယ်လိုများ နေရ ထိုင်ရတယ် ဆိုတာ ဉာဏ်မျက်လုံးနဲ့ ကြည့်ကြပါဆိုတဲ့ဥစ္စာ သတိပေးလိုက်ပါတယ်။ မိမိတို့သည်တားလို့ ဆိုလို့ရှိရင် ဘယ်လိုများ ခံနေရသလဲမှမလဲလို့ မေးတဲ့အခါကျလို့ရှိရင် တောင်ကြီးလေးလုံးကြားမှာ နေရတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ ဘုရား)။ ဘယ်မှာနေကြရပါလိမ့် (တောင်ကြီးလေးလုံးကြားမှာပါ ဘုရား)။

တောင်ကြီး လေးလုံး ဆိုတာ တခြားမဟုတ်ပါဘူး။ ဇာတာ ဇရာမသို့ ဒီဘက်ကလည်း ဇရာမရဏ၊ ဒီဘက်ကလည်း ဇရာမရဏပဲနော် (မှန်ပါ)။ ဒီဘက်ကလည်း ဇရာမရဏပဲ။ ဒီဘက်က ကြည့်လိုက်ပြန်လည်း ဇရာမရဏပဲဆိုတော့ တောင်လေးလုံးကြားမှာ ဇာတာ ဇာတာတွေ မွေးဖွားနေတယ်ဆိုတာ သဘောကျကြပလား (ကျပါပြီဘုရား)။

အဲဒီတော့ ဒီဥစ္စာ ဘယ်မှာလာပါလိမ့်မတုံးဆိုတော့ မိဘတစ်ပါးငြိတော်မှာ လာတယ်။ အရှေ့ပိုင်းမှာ သံဝေဂနည်းနည်းကလေး ဇာတာ၊ ဇာတာမတွေ့ ကိုယ့်ဖြစ်ကြောင်း ကိုယ်သိရအောင်လို့ ဘုန်းကြီးက ဟောပါတယ်လို့ မှတ်ထားလိုက်စမ်းပါနော် (မှန်ပါ)။ ဒီအတိုင်း မသိဘဲနေကြလို့ရှိရင် မသိပျော် ပျော်နေမှာ ဦးခင်မောင် သိပ်စိုးရိမ်တယ် (မှန်ပါ ဘုရား)။

ဖြော် . . . မသိပျော် ပျော်နေပြီးသကာလ နေလို့ရှိရင်၊ မသိသေ သေလို့ရှိရင်ဖြင့် မသိသလိုဘဲ နစ်နာသွားတော့ မယ်ဆိုတာကို ဇာတာ၊ ဇာတာမတွေ့ ကိုယ့်အကြောင်းကို ကိုယ်သိထားတော့မှ အင်း . . . ရှောင်ရှားစရာ လမ်းများကလည်း ရှာဖို့အချိန် ရောက်ပါပေါ့လားဆိုတဲ့ ဥစ္စာလည်း သေသေချာချာ မှတ်ကြပါနော် (မှန်ပါ ဘုရား)။

ကောသလမင်းကြီးဟာ ဇာတာ၊ ဇာတာမတွေ့ နေလယ်ကြောင်တောင်ကြီးမှ ဆောက်ကလည်း ခြေလျင်တပ်တွေ၊ ဆင်တပ်တွေ မြင်းတပ်တွေ၊ ရထားတပ်တွေ အမျိုးမျိုးသောတပ်တွေနဲ့ လှည့်ပြီးသကာလ လာကြတယ်နော် (မှန်ပါ)။

ကောသလမင်းကြီးက ရှေ့ကခေါင်းဆောင်ပြီး သကာလ မင်းအင်အား မြတောပေါ့လေ။ ခြေလျင်တပ် ဘယ်လောက်ရှိတယ်။ တုန်းတပ်က ဘယ်လောက်ရှိတယ်။ မြင်းတပ်က

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်ရှိတယ် ဆိုပြီးသကာလ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ မင်းတို့၏ ဂုဏ်ပါဝါကို ပြတာယ်လို့ ဦးခင်မောင် မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

အဲဒီပြီတဲ့အချိန်ကျတော့ သူ ဘုရားကျောင်းတော်ကို ဝင်ပြီးသကာလ လာခဲ့တယ်။ ဘုရားကျောင်းတော် ဝင်လာတော့ ဒကာကြီး၊ မနေ့လယ်ကြောင်တောင်ကြီး ဘယ့်နှယ်တုံး ဒီ. . . ငါ ဘုရားကျောင်းတော် ရောက်လာတာ ဘာကိစ္စပါလိမ့်၊ ဘယ်အကြောင်းနဲ့ ဆက်သွယ်ပြီး ဘယ်လိုများရောက်လာပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါ . . .

"အရှင့်ဘုရား ထိပ်မှာ ဘိသိက်သွန်းထားတဲ့ မင်းဆိုတာက မင်းတို့၏ စစ်သည်ဗိုလ်ပါတွေ၊ မင်းတို့၏ ချမ်းသာတွေ၊ မင်းတို့၏ ပစ္စည်းဥစ္စာရတနာတွေ၊ နောက်လိုက်ဗိုလ်ပါတွေ၊ မည်မျှလောက် တောင့်တင်းတယ်ဆိုတဲ့ဥစ္စာ မင်းတို့၏အား ပြရပါတယ် ဘုရား၊ သူပုန်တွေ၊ တိုင်းပြည်က ပုန်ကန်မှုတွေ၊ ဒါတွေ အကုန်နိုင်နင်းသွားလောက်အောင်၊ စိတ်တွေလျှော့ပြီး သကာလ သွားလောက်အောင် မင်းအင်အားကို ပြရင်းမတ္တနဲ့ အရှင်ဘုရားဆီ အရောက်လာပါတယ်ဘုရား"

သူကပြောတော့ဖြင့် ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်းပေါ့ဗျာ၊ သူ့အားကိုးကို သူပြတာ (မှန်ပါ့)။ လုံခြုံပြီဆိုပြီး အင်အားပြတာနော် (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရိပ်မိတယ်။ ပြော်သူသည်ကားလို့ဆိုရင် အင်အားတော့ဖြင့် သူဟာသူ ဟုတ်လှပြီထင်ပြီး အင်အားတွေပြပြီးသကာလ ငါကတော့ဖြင့် အတော်လုံခြုံအောင်နေနိုင်တဲ့ ရှင်ဘုရင် တစ်ဦး တစ်ယောက်ပဲလို့ သူ့စိတ်ထဲမှာ အောက်မေ့မှာပဲ။

အဲဒီတင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒကာကြီး ငါဘုရား ဟောတော်မူတာကို နားနည်းနည်းထောင်စမ်းဆိုပြီးတော့ ယောင်ခိုင်းလိုက်တယ်။

ဒကာကြီးတဲ့၊ အရှေ့ဘက်က တောင်ကြီးနှစ်လုံးကလည်း လိမ့်လိမ့် လိမ့်လိမ့်ပြီးသကာလ လာတယ်၊ အရှေ့ဘက်က လူတွေ အကုန်သိတာပဲ။ အဲဒီအရှေ့ဘက်က လာတဲ့လူက ဒကာကြီး ပြောမယ်တဲ့၊ အရှင်မင်းကြီး အရှေ့ဘက်က လူတွေဖြင့် တောင်ကြီးနှစ်လုံးက ကြိတ်ကြိတ်လာလို့ အရှေ့ဘက်ကလူတွေ အကုန်သေကုန်ပါပြီ။ ပြားပြားပြီးသကာလ အကုန်သေကုန်ပါပြီ အရှင်မင်းကြီး။

ဒီတောင်နှစ်လုံးကလည်း အထက်ကြည့်လိုက်လို့ရှိရင် မြဲပြည်တိုင်အောင် ရောက်ပါတယ်။ ဘေးမှာလည်း ကြားမရှိပါဘူး။ တောင်တန်းရှည်ကြီး၊ အမြင့်ဆုံးကြီးပဲ။ အရှေ့ဘက်က လူတွေကလည်း အကုန်ပြုတ်ကုန်ပါပြီ။ အရှင်မင်းကြီး ဒါကို ကျွန်ုပ်တို့ကို ကယ်တော်မူပါလို့ အရှေ့ဘက်က လူကလည်း သင်မင်းကြီးကို ပြောလိမ့်မယ်တဲ့။

ဒကာ၊ ဒကာမတို့သဘောကျပလား(ကျပါပြီ ဘုရား)။

တစ်ခါ အနောက်ဘက်က လူကလည်း တောင်ကြီးတွေ ကြိတ်ကြိတ်ပြီးသကာလ လာလို့ အနောက်ဘက်က လူကလည်း အရှင်မင်းကြီး ကျွန်ုပ်တို့ အနောက်တိုင်းသားတွေဖြင့် တောင်ကြီးနှစ်လုံးက အထက်မိုးကျအောင်ပဲ မြင့်ပြီးသကာလ မြဲတွေပြည်ကျအောင်မြင့်ပြီး ဘေးမှာလည်း ကြားမရှိလောက်အောင်ဘဲ လူတွေအကုန် သတ်သတ်ပြီးသကာလ ဒီဘက်လိမ့်လိမ့်လာနေတယ်။

အရှင်မင်းကြီးက ကာကွယ်ဖို့ အားထုတ်ကြီးစားပါ။ ကျွန်ုပ်တို့ကို ကယ်ပါ၊ အရှင်မင်းကြီး တိုင်းပြည်မှာနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အရှင်မင်းကြီးကိုလည်း အရှင်မင်းကြီး စောင့်ရှောက်ပါ၊ တောင်ကြီးတွေကဖြင့် လာပြီဆိုတော့ ဇရာ မရဏတို့ဆိုတာ (မှန်ပါ့ ဘုရား)။ ရိပ်မိကြပလား (ရိပ်မိပါပြီ ဘုရား)။

အရှေ့က လာတာလဲ ဘာတုံး (ဇရာ၊ မရဏပါပဲ ဘုရား)။ မြောက်က လာတာကော (ဇရာ၊ မရဏပါပဲဘုရား)။ အနောက်က လာတာကော (ဇရာ၊ မရဏပါပဲ ဘုရား)။ တောင်က လာတာကော (ဇရာ၊ မရဏပါပဲ ဘုရား)။

ဒီလို တောင်ကြီးလေးလုံး လေးလုံးဆိုင်ပြီး ကြိတ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဘယ်ပုဂ္ဂိုလ်ခံနိုင်ပါမလဲ (မခံနိုင်ပါဘုရား)။ ဘယ်ပုဂ္ဂိုလ်မှ မခံနိုင်ဘူး။ အဲဒီတော့ တောင်ဘက်က လူက ပြောပြန်လည်း ခုနကပြောတဲ့အတိုင်း ပြောပါတယ်။

အဲဒီလို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရှင်မင်းကြီး ဒီတောင်ကြီးလေးလုံး ဆိုင်ဆိုင် ဆိုင်ဆိုင်ပြီးသကာလ ကြိတ်လိုက်လို့ရှိရင်ဖြင့် တောင်ဘက်က လူတွေကလည်း တောင်ဘက်က ကြိတ်လိုက်လို့ သေကုန်ပြီ။ အရှင်မင်းကြီးလည်း ကာကွယ်ပါ။ ကျွန်ုပ်တို့ကိုလည်း ကာကွယ်ပေးပါလို့ ပြောလို့ရှိရင်ဖြင့် အရှင်မင်းကြီး ဘယ်တတ်နိုင်ပါမလဲလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေးလိုက်ပါတယ်နော် (မှန်ပါ့ ဘုရား)။

အရှင်မင်းကြီး ဒီလောက်မြင့်မားတဲ့ တောင်ကြီးလေးဖက်က ဝိုင်းပြီး ဆုံဆုံပြီး ကြိတ်တယ်ဆိုလို့ရှိရင်ဖြင့် ဒါကို စစ်သည်ဗိုလ်ပါတွေနဲ့ လည်းကောင်း၊ တုတ်၊ လှံ၊ ဓား၊ လေးမြားတွေနဲ့လည်းကောင်း၊ သေနတ်၊ အမြောက် စသည်တို့ဖြင့်လည်းကောင်း ကာကွယ်လို့ သင်မင်းကြီး ရပ့်မလားလို့ ဘုရားက မေးတယ် (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတွေက ဘယ့်နှယ်ဖြေပါ့မလဲ (မရပါ ဘုရား)။

မရနိုင်ဘူး။ ဒီတောင်ကြိတ်ပွဲမှာ ဒကာ၊ ဒကာမလည်း အမှန်ဖြစ်ပြီး သေရမယ့်အဓိပ္ပာယ်က အထူးသေချာနေတယ်ဆိုတာကော သဘောကျပလား (ကျပါပြီ ဘုရား)။

ဒီမှာလည်း ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ကတော့ တရားနာနေတယ်၊ ဒီတောင်ကြီးလေးလုံးကတော့ ဝိုင်းကြိတ်

www.burmeseclassic.com

www.burmeseclassic.com

လို့ နိုးလာပြီ၊ ကပ်နေပြီဆိုတာ သေသေချာချာ မှတ်ကြပါ (မှန်ပါ့ ဘုရား)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

အနောက်ဘက်က လူတွေကို အနောက်ဘက်က တောင်က ကြိတ်လျက်ပဲ (မှန်ပါ့)။ အရှေ့ဘက်က လူတွေ ကော (အရှေ့ဘက်က တောင်က ကြိတ်လျက်ပါပဲ)။ မြောက်ဘက်က လူတွေကော (မြောက်ဘက်က တောင်က ကြိတ်လျက်ပါပဲ ဘုရား)။

မြောက်ဘက်က တောင်က ကြိတ်ကြိတ် ကြိတ်ကြိတ် ပြီးလာလို့ ဒကာ၊ ဒကာမတွေ အသုဘတွေ ဖြစ်ကုန်တာတွေ ကော တွေ့ကြပလား (တွေ့ပါပြီ ဘုရား)။

တောင်ဘက်က လူတွေလည်း တောင်ဘက်တောင်က ကြိတ်ကြိတ် ကြိတ်ကြိတ်ပြီးသကာလ လာတယ်။ ဘယ်သူများ ရှောင်ကွင်းပြီးသကာလ လွတ်ကင်းတယ်ဆိုတဲ့ အဓိပ္ပာယ်များ ရှိကြရဲ့လား (မရှိကြပါ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အခုတရားနာနေတဲ့ ဒကာ၊ ဒကာမတွေက ဘယ်ကြားမှာ တရားနာနေပါလိမ့်မလဲလို့ မေးကြစို့ရဲ့နော် (တောင်လေးလုံးကြားမှာ နာနေပါတယ် ဘုရား)။

တောင်ကြီး လေးလုံးကြားထဲမှာ ဒကာ၊ ဒကာမတွေ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သေပွဲအနီးမှာပဲ တရားနာနေကြကြပါတယ် (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ)။ ဘယ်မှာ တရားနာနေကြပါလိမ့် (တောင်ကြီးလေးလုံးကြားမှာပါ ဘုရား)။

ဒီကြားထဲမှာ တရားနာနေတယ်၊ တောင်ကြီးလေးလုံး ကြားထဲမှာ တရားနာနေတယ် (မှန်ပါ့)။ သူလည်း ဇရာ၊ မရဏက ရှိလျက် ကိုယ်ကော (ရှိပါတယ် ဘုရား)။ အရှေ့ဘက်က လူတွေကော (ရှိပါတယ် ဘုရား)။ အနောက်ဘက်က လူတွေကော (ရှိပါတယ် ဘုရား)။ မြောက်ဘက်က လူတွေကော (ရှိပါတယ် ဘုရား)။ တောင်ဘက်က လူတွေကော (ရှိပါတယ် ဘုရား)။

အင်မတန် ထွေးရှုပ်ကြီးတွေ ဖြစ်နေတော့ ဒကာ၊ ဒကာမတွေ ဒီထဲမှာတောင် ကြိတ်ပွဲထဲတွင် သေပွဲဝင်ရမယ့် ဗွီုလ်တွေချည်းပဲဆိုတာ ငြင်းစရာရှိသေးရဲ့လား (မရှိပါ ဘုရား)။

သိပ်ကြောက်စရာ ကောင်းပါကလား ဒကာ၊ ဒကာမတို့ ကျုပ်တို့ တောင်လေးလုံးကြား မွေးတဲ့အတွက်ဖြင့် အမွေးခြင်းလွဲပေါ့လို့ ဆိုလို့ရှိရင်ဖြင့် ပြောစရာရှိသေးရဲ့လား (မရှိပါ ဘုရား)။ ဒကာ၊ ဒကာမတို့ ဘာလွဲတယ် ဆိုကြမလဲ (အမွေးလွဲပါတယ်)။

အမွေးလွဲတယ် (မှန်ပါ့)။ ဘယ်ကြားမှာ မွေးပါလိမ့် (တောင်ကြီးလေးလုံးကြားမွေးပါတယ် ဘုရား)။ ဒီတောင်လေးလုံးကလည်း ပြိုင်ပြိုင်ကြီး တစ်ခါတည်းမိတယ် (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ ဘိုးအေ ဘွားအေတွေလည်း ဘယ်ထဲများ ဆုံးရှုံးပါလိမ့်မတုံး (တောင်ကြီး လေးလုံး ကြီးကြားမှာပါ ဘုရား)။ တောင်ကြီးလေးလုံးကြီးကြားမှာပဲ သေဆုံးကြရတယ်နော် (မှန်ပါ့)။ ကျုပ်တို့ကလည်း ဘယ်အထဲမှာ သေဆုံးရမယ်ဆိုတာ ဒကာ၊ ဒကာမတွေ သိကြပလား (သိကြပါပြီ ဘုရား)။

ဒီတောင်လေးလုံးကြားမှာပဲ ဒကာ၊ ဒကာမတို့ သေကြရမှာပဲ (မှန်ပါ့ ဘုရား)။ အခု တောင်တွေပိလာတာ တချို့ ဒကာ၊ ဒကာမတွေလည်း တော်တော်ကလေးကိုပဲ အခြေအနေ ပျက်ကုန်ပါပြီ (မှန်ပါ့)။ မပျက်သေးဘူးလား (ပျက်ပါပြီ ဘုရား)။

ဦးခင်မောင်ရေ ပျိုရုပ်တွေများ ရှိသေးရဲ့လား (မရှိပါ ဘုရား)။ အိုရုပ် အိုမှုတွေဟာ တောင်ကြိတ်ထားတာတွေ သေချာပလား (သေချာပါပြီ ဘုရား)။ အသေမကြိတ်သေးဘူးနော်။ အားအင်ဗလ နည်းရုံပဲ၊ ချည့်ရုံပဲ ရှိသေးတယ်။ အသေကြိတ်မှာကော ရှိသေးတယ်ဆိုတာကော ငြင်းဖို့လိုသေးသလား (မလိုပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီတောင်လေးလုံးကြားက ဘယ်လိုလုပ်ပြီးသကာလ ထွက်ကြမတုံးတဲ့။ ဘဝများစွာလည်း ဒီတောင်လေးလုံးကြားချည်း မွေးကြမှာပဲ (မှန်ပါ့)။ နတ်ပြည်မွေးလည်း တောင်လေးလုံးကြားပဲ၊ ဗြဟ္မာပြည်မွေးကော (တောင်လေးလုံးကြားပါ ဘုရား)။

လွတ်ရေး၊ ကျွတ်ရေး မြင်ကြသေးရဲ့လား (မမြင်ပါ ဘုရား)။ ဩော်. . . ကျုပ်တို့ဖြစ်တွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ရှေးဘဝက တပည့်တော် ဘယ်လိုများနေလို့ ဘယ်လိုများ သေခဲ့ရပါလိမ့်မတုံးလို့ မေးလို့ရှိရင် တောင်ကြိတ်ပွဲမှာ သေပွဲဝင်ခဲ့ရတယ် (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ရှေးဘဝက သိကြားဖြစ်ခဲ့သလား၊ ဗြဟ္မာဖြစ်ခဲ့သလား အဲဒါ ဘုန်းကြီးတော့ မပြောတတ်ဘူး။ သေချာတာကတော့ဖြင့် တောင်ကြိတ်ပွဲ သေပွဲဝင်ခဲ့ရတာကတော့ သေချာတယ် (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဘာသေချာပါလိမ့် (တောင်ကြိတ်ပွဲမှာ သေပွဲဝင်ခဲ့ရတာ သေချာပါတယ် ဘုရား)။

အဲ. . . ဲတောင်ကြိတ်ပွဲမှာ ခန္ဓာနဲ့ သေပွဲဝင်ခဲ့ရတယ် ဆိုတာဖြင့် ဒကာ၊ ဒကာမတို့ ဘယ်လောက်များ ကြာခဲ့သတုံး မေးလို့ရှိရင် တောင်ကြားမွေးတဲ့ဥစ္စာ ဒကာသစ်ရာ ဘယ်နေရာ သေစရာလိုသေးသတုံး (မလိုပါ)။ ဇရာ၊ မရဏတောင်ကြားမှာချည်း ကျုပ်တို့က မွေးတာကိုးဗျ (မှန်လှပါ ဘုရား)။

ဒါဖြင့် ဒီက ဇရာ၊ မရဏက ကြိတ်လိုက်၊ ဟိုက ဇရာ၊ မရဏက ကြိတ်လိုက်၊ ဒကာ၊ ဒကာမတို့ ရှေ့ကကြိတ်လိုက်၊ နောက်ကကြိတ်လိုက်၊ တောင်လေးလုံးကြားမှာပဲ ကျုပ်တို့ ကြေမွပြီးသကာလ ဝိညာဉ်ချုပ်လိုက်ရပါတယ် ဆိုတာကော ငြင်းဖို့လိုသေးသလား (မလိုပါ ဘုရား)။ ဘယ်လောက်ကြာကြပြီလဲ (မရေတွက်နိုင်ပါ ဘုရား)။ အခုကော ဒကာ၊ ဒကာမ





www.burmeseclassic.com

www.burmeseclassic.com

တို့ လွတ်ပါ့မလား၊ လာနေတုန်းလား တောင်တွေက (လာနေတုန်းပါ ဘုရား)။

ကဲ . . . ဒကာ၊ ဒကာမတို့ ဘယ်လိုလုပ်ကြမယ်ဆိုတာ ဘုန်းကြီးကလည်း အကြံဉာဏ်ပေးရတော့မယ်။ ဘုရားရှင်ကလည်း ကောသလမင်းကြီး အကြံဉာဏ်ပေးတဲ့အတိုင်း ဒကာ၊ ဒကာမတို့ လိုက်ကြမှ တော်တော့မယ်ဆိုတာဖြင့် ဘယ်လိုပဲ အန္တရာယ်ကင်း ဘေးရှင်းစရာဖြင့် မြင်ကြသေးရဲ့လား (မမြင်ပါ ဘုရား)။

ဒီတောင်ကြားမှာ မွေးကတည်းက ဒကာ၊ ဒကာမတို့ ဒီဘက်ကလည်း ဇရာ မရဏနဲ့ ဒီဘက်ကလည်း (ဇရာ မရဏပါပဲ)။ အနောက်ဘက်ကကော (ဇရာ မရဏနဲ့ပါပဲ)။ အရှေ့ဘက်ခြေ ကြည့်လိုက်တော့လည်း (ဇရာ မရဏပါပဲဘုရား)။

ဩော် . . . ဇရာ မရဏတွေက ဝိုင်းတတ်တယ် (မှန်ပါ့ ဘုရား)။ သတ္တဝါရယ်လို့ ဖြစ်လာရင် ဇရာ မရဏ လက်တွင်းမှာပဲ ခေါင်းစင်းပြီး ပြားပြီး သေလိုက်ရပါတယ် (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတို့ ဘယ်ဘဝက ဘာဖြစ်ခဲ့ကြသတုံး၊ ဘယ်လိုသေလို့ ဘယ်လိုနေခဲ့ရသတုံး ဆိုလို့ရှိရင်တောင် တဖြည်းဖြည်း နောက်ဆုံးပိတ် ခန္ဓာပါပျောက်ပြီး (သေခဲ့ရပါတယ် ဘုရား)။ တခြား ဘာပြောစရာ လိုသေးသလဲ (မလိုပါ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကတော့ ကိုယ့်ဘာကလေးကိုယ်နဲ့ ဟုတ်ပြီးသကာလ နေပြားသော်လည်း ဒီတောင်ကြီးတွေ လာပါပြီ ခင်ဗျားတို့ဆီ (မှန်ပါ့)။ လာနေပြီနော် ဒကာ၊ ဒကာမတို့ (လာနေပါပြီ ဘုရား)။

အသက်ကြီးတဲ့လူ ကြီးသလောက် ကြိတ်ထားပြီး နောက်ဆုံးပိတ် အသေကြိတ်မယ်ဆိုတာ ဒကာဝ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက ဖြီးကာ လိမ်းကာ ပြင်ကာ ဆင်ကာနဲ့ သားကလေး၊ သမီးကလေးတွေ လူလားမြောက်ဖို့ရာ စောင့်ပြီးသကာလ နေတာ၊ အဲဒါ စောင့်တာက မသေချာဘူး။ တောင်ကြိတ်ပွဲစောင့်တာက သေချာတယ် (မှန်လှပါ ဘုရား)။ သဘောပါကြပလား (ပါပြီ)။

ဘယ်လည်း ကြောက်စရာကောင်းပါကလား(ကောင်းပါတယ် ဘုရား)။ အင်း . . . ဒကာ၊ ဒကာမတို့ အမွေးလွဲပါပြီ (မှန်ပါ့)။ ဦးဘအုန်းတို့ ဘယ်လိုမှတ်ကြမယ် (အမွေးလွဲပါပြီ ဘုရား)။ ဒီထဲ အမွေးကောင်းများ ပါကြသေးသလား (မပါပါ ဘုရား)။

ဒီအတိုင်းပဲ ဘဝများစွာပဲ တပည့်တော်တို့ဖြင့် ဘုရား တော့မလား။ ဒီကောင်တွေ လွတ်ရာကို ရှန်းကန်နိုင်တဲ့ ဆရာကောင်း၊ သမားကောင်းက နည်းပေးခဲ့သည်ရှိသော် ရှန်း... အချိန်ဖြင့် ရောက်ပြီလို့ ဘုန်းကြီးများက ဆိုချင်တယ်နော် (မှန်လှပါ ဘုရား)။ မရောက်ကြသေးဘူးလား (ရောက်ပါပြီ ဘုရား)။

ရောက်ပါပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ တောင်မ... သေးလို့ အို ငါတော့ ကံကောင်းပါရဲ့ဆိုစရာ တစ်ကွက်မှမ... ဘူး။ မွေးကတည်းက ဒီအထဲမွေးတာ တောင်တွေကလည်း လိမ့်လိမ့်လာတာပဲ။ အထက်လည်း ကောင်းကင် ဖြဟ္မာပြည် ထိတာပဲ။ ဒကာ၊ ဒကာမတို့အောက်လည်း မြေကြီးနဲ့ စပ်သွားတာပဲ (မှန်ပါ့)။ လေးဖက်စလုံး ထွက်ပေါက်ကိုမရှိဘူး (မှန်ပါ့ ဘုရား)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

အဲဒီလောက်ထဲမှာ ဘဝများစွာ သံသရာက ဒကာ၊ ဒကာမတို့ တောင်ကြိတ်ပွဲ၊ သေပွဲဝင်ခဲ့ရတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။ ဘယ်မှာ သေပွဲဝင်ရပါလိမ့် (တောင်ကြိတ်ပွဲ သေပွဲဝင်ခဲ့ရပါတယ်ဘုရား)။

ဒကာ၊ ဒကာမတွေက ဒီအထဲမှာ ဒီအထဲမှာ တောင်လေးလုံးကြားထဲမှာ (မှန်ပါ့)။ ဒီအထဲမှာချည်း မွေးတာပဲ၊ သူ့မှာလည်း သူ့ဇရာ မရဏနဲ့ပဲ၊ ကိုယ့်မှာတော့ (ကိုယ့်ဇရာ မရဏနဲ့ပါ ဘုရား)။

အင်း . . . ဒါက အသီးသီးရှိနေတယ်ဆိုတော့ တောင်ကလူကော အကြိတ်ခံရတာပဲ၊ မြောက်ကလူကော (အကြိတ်ခံရတာပါပဲ)။ အရှေ့ကလူ၊ အနောက်ကလူ (အကြိတ်ခံရတာပါပဲ ဘုရား)။

ဩော် . . . ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီမှာပဲ သေပွဲချည်းဝင်ခဲ့ရတယ်၊ ကိုယ့်သားသမီးလေးများ ဘယ်ထဲများ ဘာဖြစ်ပါလိမ့်မတုံး မေးလို့ရှိရင် တောင်ကြိတ်ပွဲမှာပဲ သေခဲ့ရတာပဲ (မှန်ပါ့ ဘုရား)။ ဆွေမျိုးဉာတကာတွေကော (သေခဲ့ရပါတယ် ဘုရား)။

တောင်ကြိတ်ပွဲမှာ သေခဲ့ရတယ်ဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။ ဘယ်တော့မှ လွတ်ရေး၊ ကျွတ်ရေး၊ ရှောင်ရေးဆိုတာ ခင်ဗျားတို့ မတွေ့ခဲ့ဘူး (မှန်ပါ့ ဘုရား)။

ဒီတစ်ခါ အခု အားလုံး ဆရာတော်၊ သမားတော်တွေနဲ့တကွ ဆရာကောင်း၊ သမားကောင်းတွေက ပေးတဲ့နည်းကိုမှ ခင်ဗျားတို့ မလိုက်နာတော့ဘူး ဆိုလို့ရှိရင်ဖြင့် တပည့်တော် နောက်ဘဝ ဘာဖြစ်ရမှာတုံး၊ တောင်ကြိတ်ပွဲ သေပွဲဝင်ရလိမ့်မယ်၊ ဒါပဲ အဖြေရှိတယ် (မှန်လှပါ ဘုရား)။

နောက်ကော တပည့်တော် ဘာများဖြစ်ဦးမှာလဲ၊ အို . . . ဘာဖြစ်မှာတော့ မသေချာဘူး၊ တောင်ကြိတ်ပွဲ သေပွဲဝင်ရမှာပဲ (မှန်ပါ့)။ ဇရာ မရဏက လာသရွေ့ ကြိတ်မှာဘဲ

www.burmeseclassic.com

www.burmeseclassic.com

…ခန္ဓာ ကိုယ်ထဲမှာ ဘာပါလာသလဲ (တောင်ကြီးတွေ ပါလာပါတယ်)။

ဇရာ မရဏဆိုတဲ့ တောင်ကြီးတွေကော ကိုယ့်ခန္ဓာ …ကြိတ်နေတယ် (မှန်ပါ့)။ နောက်ဆုံးပိတ် တစ်နေ့ အရှင် …လား အသေထားမလား (အသေထားမှာပါ ဘုရား)။ …အောင်ပဲ ကြိတ်လိမ့်မယ်ဆိုတာ ငြင်းဖို့လိုသေးသ… (မလိုပါ ဘုရား)။

ဦးခင်မောင်ရေ ကျုပ်တို့ အမွေးလွဲပြီ (မှန်ပါ့)။ ဒကာ၊ …တို့ ဘယ်လိုဆုံးဖြတ်ချက် ချရမလဲ (အမွေးလွဲပါပြီ …) အမွေးလွဲပြီ၊ အမွေးလွဲပြီ ဆိုတာက တခြားမဟုတ်ဘူး။ …တို့ တောင်လေးလုံးကြားမှာ မွေးရပါတယ် ဆိုကတည်း… ခင်ဗျားတို့ကိုက ဩော်. . . မသိလိုက်တဲ့ဖြစ်ခြင်း၊ … ဒုက္ခသစ္စ မရဏမှ ဒုက္ခသစ္စ မသိတော့ ဒီကြာမှာချည်း …ရပါလို၏ ဖြစ်နေတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ဇရာပဲ (ဒုက္ခသစ္စပါ)။ ခင်ဗျားတို့တွေ့မယ့် ဒုက္ခသစ္စာ … ဘုရား)။ မရဏမှ (ဒုက္ခသစ္စာပါ ဘုရား)။ ဘယ်သူ …မှာတုံး (တပည့်တော်တို့ တွေ့မှာပါ ဘုရား)။

အဲဒီ ဒုက္ခသစ္စာမသိတော့ လူဖြစ်ရပါလို၏၊ နတ်ဖြစ် …ပါလို၏ ဗြဟ္မာဖြစ်ရပါလို၏၊ တောင်ကြိတ်ပွဲ၊ သေပွဲဝင်ရပါ …၏ (မှန်ပါ့ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

လူဖြစ်ရပါလို၏ ဆိုရင်ကော (တောင်ကြိတ်ပွဲ၊ သေပွဲ …ရပါလို၏)။ နတ်ဖြစ်ရပါလို၏ဆိုရင် (တောင်ကြိတ်ပွဲ၊ သေ…ဝင်ရပါလို၏)။ ဗြဟ္မာဖြစ်ရပါလို၏ဆိုရင် (တောင်ကြိတ်ပွဲ၊ …ပွဲဝင်ရပါလို၏ ဘုရား)။

အမယ်လေး ဒကာ၊ ဒကာမတွေ ကောင်းကောင်း …ကောင်းကောင်း ကြည့်စမ်း (မကောင်းကောင်းပါ ဘုရား)။

မကောင်းကောင်းပေမယ့် ခင်ဗျားတို့က နတ်သံပေးပြီး …ကာလ အစားအသောက် ပါသည်ဖြစ်စေ၊ တစ်ပါးသော …လ်က ပြောသည်ဖြစ်စေ၊ အင်း. . . အန္တရာယ်ကင်းလိမ့် …ထင်ပါရဲ့ဆိုတော့ နတ်ထဲမှာ ဇရာ မရဏကပါရဲ့ (မှန်လှ… ဘုရား)။ ဗြဟ္မာထဲမှာကော (ပါလျက်ပါ ဘုရား)။ စကြ… မန္တာတ်ထဲမှာကော (ပါပါတယ် ဘုရား)။

ဒါဖြင့် ဘယ်ဟာ ဆုတောင်းရလို့ရှိရင် တောင်ကြိတ်ပွဲ …ရပါ့မလဲလို့ မေးလို့ရှိရင် သုံးဆယ့်တစ်ဘုံထဲမှာဖြင့် ဘယ် … သွားမတောင်းနဲ့၊ တောင်ကြိတ်ပွဲမှာ သေပွဲဝင်ရမှာချည်း … ဦးခင်မောင် မှတ်လိုက်စမ်းပါ (မှန်လှပါ ဘုရား)။

ဦးဖရင် ဘယ်လိုမှတ်မယ် (တောင်ကြိတ်ပွဲမှာ သေပွဲ …ရမှာချည်းပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဒီတောင် …ဟာ ဇရာတောင်၊ မရဏတောင်လေ (မှန်ပါ့)။ သဘော …လား (ကျပါပြီ)။ ဒီဘက်က တောင်တွေကကော (ဇရာ၊ …ဏ တောင်တွေပါ ဘုရား)။

ဇရာ၊ မရဏ တောင်တွေချည်းပဲဆိုတော့ ဇရာ မရဏ ကလည်း ခန္ဓာကိုယ်ထဲမှာ ပါပြီးသားဆိုတော့ ဒကာ၊ ဒကာမ တို့ သေပွဲတော့ဖြင့် လွတ်ပါ့မလား (မလွတ်ပါ ဘုရား)။

အဲဒီတင် ကောသလမင်းကြီးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောလိုက်တယ် (မှန်ပါ့)။ ဒကာကြီးတဲ့ အရှေ့ဘက်ကလူတွေလည်း ကြိတ်ကုန်ကြပြီး အနောက်ဘက်က လူတွေလည်း ကြိတ်ကုန်ပြီ၊ တောင်ဘက်က လူတွေလည်း ကြိတ်ကုန်ပြီ၊ မြောက်ဘက်က လူတွေလည်း ကြိတ်ကုန်ပြီ အရှင်မင်းကြီး၊ ကျွန်ုပ်တို့ကိုလည်း ကယ်ပါ၊ အရှင်မင်းကြီး လည်း ဒီတောင်ကြိတ်ပွဲ လွတ်အောင်လုပ်ပါဆိုတော့ ဒကာကြီး ဘယ်လိုစကားပြောမလဲလို့ ဘုရားက မေးလိုက်တယ် (မှန်ပါ့ ဘုရား)။

ပြီးတော့ တပ်တောင်တာဗိုလ်ထုတွေနဲ့ ရှင်ဘုရင်တို့၏ အားပြုတယ်ဆိုပြီး ကြွားတာပေါ့ဗျာ (မှန်ပါ့ ဘုရား)။ အခု တောင်ကြီးတွေနဲ့ မေးလိုက်တော့ ဒကာ၊ ဒကာမတို့ အဖြေ ထွက်ဖို့ အတော်ခက်သွားတယ် (ခက်ပါတယ် ဘုရား)။ မခက် ဘူးလားဗျ (ခက်ပါတယ် ဘုရား)။

အဖြေထွက်ဖို့ ခက်သွားတော့ သူ့ဖြေပုံကလေး နား ထောင်ကြတာပေါ့ အရှင်ဘုရားတဲ့၊ ဒီဟာတွေတော့ဖြင့် မြင့် မားလိုက်တာကလည်း ကောင်းကင်ရောက်လို့ လေးဖက်က လည်း စေ့နေတယ်၊ ထွက်ပေါက်ကလည်း မရှိ၊ ဘယ်လို တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်မှလည်း ဒီတောင်လေးလုံး ကျော်ပြီး သကာလ ထွက်စရာမရှိ၊ ဘေးလည်း ထွက်စရာမရှိ၊ အပေါ် လည်း မကျော်နိုင်၊ အကုန်သေပွဲဝင်ရတယ်ဆိုတော့ ဒီနေရာ မှာ လွတ်ရေး ကျွတ်ရေးတို့ ရှာရလို့ရှိရင်ဖြင့် ဒီတပ်တောင်တာ ဗိုလ်ထုတွေလည်း အလကားပဲ ဘုရား (မှန်ပါ့)။

ဇရာကို မှန်အောင်ပစ်နိုင်ကြပါ့မလား။ တပ်တွေမှာ ရှိတဲ့ လက်နက်တွေဟာ ဇရာကိုမှန်အောင် ပစ်နိုင်ပါ့မလား (မပစ်နိုင်ပါ ဘုရား)။ မရဏကော ပြန်ပြီး စစ်ထိုးနိုင်ပါ့မလား (မထိုးနိုင်ပါ ဘုရား)။

ဒီအတိုင်း ခင်ဗျားတို့သိပြီးသကာလ ကြိတ်ပွဲခံလိုက် ရုံပဲရှိတယ် (မှန်လှပါ ဘုရား)။ သဘောပါပလား (ပါပါ… ဘုရား)။ ဒကာဝရေ ဒါဖြင့် ဘယ်လိုကြံစည်ရမတုံးဆိုတဲ့ အလုံးဟာ ယနေ့ပေါ်လာပြီ (ပေါ်လာပြီ ဘုရား)။

ဒကာ၊ ဒကာမတို့ ဘယ်လိုကြံစည်ကြမလဲဆိုတဲ့အရေး ဟာ အရေးကြီးလာပြီ (မှန်ပါ့)။ မကြီးဘူးလားဗျာ (ကြီးပါ တယ် ဘုရား)။ အဲဒီတွင် ကောသလမင်းကြီးက အရှင် ဘုရားတဲ့၊ တပည့်တော် ကြွားခဲ့သရွေ့ မော်ခဲ့သရွေ့ မောက်ခဲ့ သရွေ့ လူထုအင်အားနဲ့တကွ အလုံးစုံ တပ်တောင်တာ ဗိုလ်ထုနဲ့ အား ပြုပြီး ခေါင်းမှာ အဘိသိက်သွန်းတဲ့ ရှင်ဘုရင်မို့ အားပြုပြီး လာခြားသော်လည်း ဒီတောင်လေးလုံး ကြိတ်တဲ့ အထဲမှာတော့ တပည့်တော်လည်း လွတ်စရာမမြင်ဘူး (မှန်ပါ့



www.burmeseclassic.com

www.burmeseclassic.com

ဘုရား)။ အဲဒီတော့ လွတ်စရာမမြင်တာကို ပြောရလို့ရှိရင်ဖြင့် ဓမ္မစရိယာနဲ့ သမ္မစရိယာပဲ ရှိတော့တယ်လို့ ဆိုလိုက်ပါတယ် (မှန်ပါ့)။ တရားကိုကျင့်ဖို့ပဲ သဘောကျပလား (ကျပါပြီ)။

တရားကို ကျင့်လိုက်တဲ့အခါ သမ္မစရိယာဆိုတဲ့အတိုင်း တရားနဲ့ညီညွတ်အောင် ကျင့်လိုက်လို့ ခန္ဓာမရှိတဲ့အလုပ် လုပ်လိုက်ရလို့ရှိရင်ဖြင့် တောင်ကြိတ်ပွဲထဲမှာ ကျုပ်တို့ပါစရာ မြင်သေးရဲ့လား (မပါနိုင်ပါ ဘုရား)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

ဒါဖြင့် ခန္ဓာဆုတောင်းတဲ့ ပုဂ္ဂိုလ်အကြောင်းကိုဖြင့် ယနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သံဝေဂရအောင်လို့ ဟောတယ်လို့ ဒီလိုမယူလိုက်နဲ့နော် (မှန်ပါ့ ဘုရား)။ ခင်ဗျားတို့ ဧကန်အကြိတ်ခံရလိမ့်မယ်လို့ ယူလိုက်ပါ (မှန်ပါ့ ဘုရား)။

ဘုန်းကြီးက သံဝေဂရအောင်လို့ တရားပလ္လင်ပေါ် ရောက်တာနဲ့ ဒကာ၊ ဒကာမတွေ တရားအားထုတ်စေချင်တာနဲ့ ဩော်. . . ဒါကြီးမြပြီး ခြောက်ဟောတယ်လို့ ဒီလိုမယူလိုက်ပါနဲ့ (မှန်ပါ့)။ ခြောက်ဟောတာလား၊ ကိုယ့်တောင်နဲ့ကိုယ် ကြိတ်လျက်ပဲလား (ကိုယ့်တောင်နဲ့ကိုယ် ကြိတ်လျက်ပါဘုရား)။ ခြောက်တာ တစ်လုံးမှ မပါပါဘူး (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတွေကသာ သားနဲ့ပြုံး၊ သမီးနဲ့ပြုံး၊ ပစ္စည်း ရွှေငွေ ကျောက်သံပတ္တမြားကလေးရလို့ ဒီအထဲမှာ တောင်တွေကြိတ်လုခါနီးတောင် မသိလို့ ပြုံးတုန်းရှိသေးတယ် (မှန်လှပါ ဘုရား)။ အင်မတန် မဆိုးရွားကြဘူးလား (ဆိုးရွားပါတယ် ဘုရား)။

အဲဒါကြောင့် ဒီတောင်ကြိတ်ပွဲထဲမှာ တောင်လေးလုံး ကြားမွေးတဲ့ပုဂ္ဂိုလ် ဒကာဝတို့၊ ဦးခင်မောင်တို့ လွတ်ရေး၊ ကျွတ်ရေး မြင်သေးရဲ့လား (မမြင်ပါ ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီတောင်ကြိတ်ပွဲထဲ တောင်လေးလုံးကြားမှာ မွေးဖွားရတဲ့အလုပ် ဖြစ်ရပါလိုင်္ဂဆိုလို့ နတ်ပြည်လည်း ဒီတောင်ရှိတာပဲ၊ ဗြဟ္မာ့ပြည်ကော (ရှိပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့က နတ်ဖြစ်ချင်လို့၊ ကျုပ်တို့ကိုက ဗြဟ္မာဖြစ်ချင်လို့ တောင်ထဲမှာ မွေးဖွားရတာ (မှန်ပါ့ ဘုရား)။ ရှင်းပြီနော် (ရှင်းပါပြီ)။ ကျုပ်တို့ကိုက (နတ်ဖြစ်ချင်လို့ပါ)။ ကျုပ်တို့ကိုက (ဗြဟ္မာဖြစ်ချင်လို့ပါ)။ အင်း. . . ဟင် ကျုပ်တို့ကိုက လူဖြစ်ချင်လို့ (မှန်ပါ့)။ တောင်ထဲမှာ ဘာဖြစ်ရသလဲ (မွေးဖွားရပါတယ် ဘုရား)။

ဩော်. . . ခင်ဗျားတို့ အမွေးလွဲကုန်ပြီ (မှန်ပါ့)။ လွဲကုန်ပြီနော် ဦးခင်မောင်၊ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ (အမွေးလွဲတယ် ဘုရား)။ အမွေးလွဲပြီတဲ့ ဒကာ၊ ဒကာမတို့ တောင်လေးလုံးကြားမှာ သွားမွေးတယ် (မှန်ပါ့)။

တောင်ကလည်း အမြင်နည်းတဲ့တောင်လား၊ လေးဖက်လေးတန်က စုစည်းပြီး ကြိတ်တဲ့တောင်လား (လေးဖက်လေးတန်က စုစည်းပြီး ကြိတ်တဲ့တောင်ပါ ဘုရား)။

လေးဖက်လေးတန်က စုပြီးကြိတ်တဲ့ တောင်ကြား၊ ကျုပ်တို့ လူ့ပြည်တောင်ကြား မွေးလို့ရှိရင်လည်း အကြိတ်ခံရမှာပဲ (မှန်ပါ့)။ နတ်ပြည်တောင်ကြား မွေးရင်ကော (အကြိတ်ခံရမှာပါပဲ)။ အခုတော့ဖြင့် ဘယ်နေရာများ ရောက်နေကြပါလိမ့် (တောင်ကြားထဲမှာ ရောက်နေပါတယ်ဘုရား)။

တောင်ကြားထဲ ရောက်နေတယ် (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ ကြံစည်ကြပေတော့။ အခုအချိန်မှာ အချိန်ကလေး ကျန်သေးတယ် (မှန်လှပါ ဘုရား)။ အခုအချိန်မှာ (အချိန်ကလေး ကျန်ပါသေးတယ် ဘုရား)။ အချိန်ကျန်သေးတယ်နော်၊ ပေါ့ပေါ့နဲ့ ဒီတရားကို မနာလိုက်ပါနဲ့၊ ကိုယ့်ဖြစ်စဉ်အကိုက်ကို ပြောနေတယ် (မှန်ပါ့ ဘုရား)။ ဘယ်လိုပါလိမ့် (ကိုယ့်ဖြစ်စဉ်အကိုက်ကို ပြောနေပါတယ် ဘုရား)။ ကိုယ့်ဖြစ်စဉ်အကိုက်ကို ပြောနေတယ်ဆိုတာ ဒကာ၊ ဒကာမတွေ သေချာကြပလား (သေချာပါပြီ ဘုရား)။

ကိုင်း. . . ဒီတရားသာ နာကြတယ်၊ ဒကာ၊ ဒကာမတွေက တရားနာတဲ့အခါကျလို့ရှိရင်ဖြင့် ကိုယ့်မိတ်ဆွေနဲ့ ကိုယ့်သင်္ဂဟနဲ့ ပြောကြ ဆိုကြလို့ပေါ့ဗျာ (မှန်ပါ့)။ တရားတောင်မှ နှလုံးမသွင်းနိုင်ဘူး၊ မိတ်ဆွေတွေဆုံတဲ့အခါ အသံတွေ ဘာတွေ ထွက်ပြီး ပြောကြဆိုကြနဲ့ တောင်ကြားထဲ ရောက်နေတယ်။ ကြိတ်လုပြီဆိုတာ မသိလို့ ဆူတာကိုးဗျ (မှန်ပါ့ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဘယ့်နှယ်ကြောင့် ဆူတာပါလိမ့် (ကြိတ်လုပြီဆိုတာ မသိလို့ ဆူတာပါ ဘုရား)။ ကဲ. . . နောက်တော့ ဒီတောင်ကြားရောက်ပြီဟော့၊ လွတ်ရေး ကျွတ်ရေးဆိုတဲ့ ဓမ္မစရိယာနဲ့ သမ္မစရိယာဆိုတဲ့ ခန္ဓာဝိပဿနာရှုတဲ့ အလုပ်သာ ငါလုပ်နေတော့မယ်၊ မင်းတို့နဲ့ငါ စကားမပြောတော့ဘူး၊ တောင်နီးလွန်းလို့လို့ (မှန်ပါ့)။

ငြိမ်ငြိမ်နေပြီး စောစောရောက်တဲ့ပုဂ္ဂိုလ်က စောစောအားထုတ်ကြပါ၊ စောစောလည်း လာကြပေါ့ဗျာ (မှန်ပါ့ ဘုရား)။ ရိပ်မိကြပလား (ရိပ်မိပါပြီ)။ အဲဒီတော့ တောင်ကြားထဲမှာ သေခါနီးပျော်တော့ မကောင်းပါဘူး (မှန်ပါ့)။ တစ်ယောက် တစ်ယောက် နှုတ်ဆက်တာတောင် မင်းလည်းသိပြီးပြီ၊ ငါလည်း သိပြီးပြီ၊ တောင်ကြားမှာဟော့ (မှန်ပါ့) ဆိုတော့ ကောင်းသေးရဲ့လား (မကောင်းပါ ဘုရား)။

အဲ. . . ဒါကြောင့် ဒကာ၊ ဒကာမတို့ ငြိမ်ငြိမ်လေးနေပြီး ကိုယ့်ဟာကိုယ် ကိုယ့်တောင်ကလေးနဲ့ကိုယ်၊ ကိုယ့်နေရာကလေးကိုယ် ခင်းပြီးသကာလ ကိုယ့်ဟာကိုယ် ခန္ဓာစိုက်နေ၊ ဘာကြောင့်တုံး၊ တောင်တွေကြိတ်နေတာ နီးလွန်းလို့ လွတ်ရေး၊ ကျွတ်ရေး လုပ်နေတယ် (မှန်ပါ့ ဘုရား)။ မကောင်းဘူးလား ဒကာ၊ ဒကာမတို့ (ကောင်းပါတယ် ဘုရား)။

(ဆက်ရန်)

❒ ဓမ္မဒါန





www.burmeseclassic.com

www.burmeseclassic.com



# ပုဂံမြို့သစ်တွင် ကျင်းပသည့် ဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန)၏

## ၇၅ နှစ် မြောက် မွေးနေ့မင်္ဂလာ

မင်းဂုဏ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နန်းတော်ရာကွက်သစ်ရပ်ရှိ ဝိပဿနာ သန္တိသုခကျောင်းတော်ကြီးကို တည်ထောင်တော်မူခဲ့သည့် ဆရာတော်ကြီး ဦးရေဝတအား (၃၈) ကြိမ်မြောက်ပူဇော်ပွဲတော်သို့ အောက်တိုဘာလအတွင်းက သွားရောက်ခဲ့ပြီးနောက် ရန်ကုန်ပြန်ရောက်သည်နှင့် ကိစ္စများ မြောင်လူတို့ဘောင်ဟု ဆိုသည့်အတိုင်း အရေးကိစ္စ အဝဝတို့ မျှတစေခြင်းငှာ လှုပ်ရှားရုန်းကန်ရင်း မအားမလပ် ဖြစ်နေခဲ့သည်။

ထိုစဉ်အတွင်း အခွင့်သာသည့် အခိုက် တစ်ရပ်တစ်ကျေးသို့လည်း ဝမ်းစာအလို့ငှာ ခရီးဝေးထွက်ဖြစ်ခဲ့သေးသည်။




ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန)၏ နေအိမ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ ခြံရှေ့ပိုင်းမြင်ကွင်း





မွေးနေ့ပွဲကျင်းပသည့် ခြံဝင်းနှင့် ခြံဝင်းအတွင်း မြင်ကွင်းတစ်စိတ်တစ်ဒေသ

သို့ဖြစ်၍ နိုဝင်ဘာလအတွင်းက ဆရာကြီးဒေါက်တာချစ်ငယ် (ဒဿန) ရန်ကုန် I.B.C ခန်းမတွင် ကျင်းပသည့် သိမှုပညာ၊ ရှိမှုပညာနှင့် ဖြစ်တန်ရာချေ အလားအလာများ (Epistemology, Ontology and Potentialities) ဒဿနိကဗေဒ ရှုထောင့်မှ တင်ပြ ဟောပြောပွဲသို့ပင် မတက်ရောက်ဖြစ်ခဲ့ပေ။

ရန်ကုန် ပြန်ရောက်မှပင် ထို ဟောပြောပွဲ ကျင်းပဖြစ်ခဲ့ကြောင်းနှင့် (၇၅)နှစ်မြောက် ဆရာကြီး၏ မွေးနေ့ မင်္ဂလာပွဲကို ပုဂံတွင် ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိခဲ့သည်။

ထိုသတင်း ကြားသိလိုက်ပြီး နောက် ဆရာကြီး၏ (၇၄)နှစ်မြောက် မွေးနေ့မင်္ဂလာပွဲကို ယမန်နှစ်က ပုဂံမြို့သစ်၌ ကျင်းပခဲ့စဉ် ကြုံတွေ့ခဲ့ရသည့် နှလုံးစိတ်ဝမ်း ချမ်းမြေ့ပျော်ရွှင်ဖွယ်များကို ပြန်လည်အမှတ်ရမိလိုက်သည်။

"အမတ" စားသောက်ဖွယ်ရာများနှင့် အပန်းဖြေရိပ်မြုံတွင် ညဘက် ဧည့်ခံဖျော်ဖြေပွဲ ကျင်းပခဲ့ပုံများ၊ တော်ဝင်ဧရာစက်လှေဖြင့်ဧရာဝတီမြစ်အတွင်း မြင်ကွင်းအလှကို ရှုမြင်ခံစားခဲ့ရပုံများ၊ လူမရောက်သေးသည့်သဲသောင်အသစ်စက်စက်ပေါ်ရှိသဲဖြူလွှများပေါ်လျှောက်လှမ်း၍ မြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် သန့်ရှင်းလတ်ဆတ်သည့် လေနုအေးကို အားပါးတရ ရှူရှိုက်ကာ ဆရာကြီး မိန့်ကြားသည့် ဩဝါဒစကားများ နာကြားခဲ့ရပုံများကို ပြန်လည်ကာ သတိရလာမိသည်။

ထို့ပြင် ထိုနှစ်က (၇၄)နှစ်ပြည့် အမှတ်တရအဖြစ် ချီးမြှင့်ခဲ့သည့် "အိုမင်းခြင်း၏ အလှတရား" အမည်ရှိ . . .


အလှဝက်ပါ အဖြေရှာ
ရင်မှာလှုပ်လှုပ်မော
ဆွဲဆောင်ညှို့အား
စွမ်းပကား
အများလက်ခံသော
အချိုးညီညီ


www.burmeseclassic.com

www.burmeseclassic.com

လိုက်ဖက်သည်
လှသည့်မှတ်ရန်ကော
နပျိုသစ်လွင်
အားမာန်ဝင်
စွမ်းအင်ပြရန်သော
ပေါင်းနှမ်းရင့်အို
အားမာန်ဆို
ပျက်ပြိုရသည်နော
အလှလည်းဆုံး
အရွယ်တုံး
နိဂုံးချုပ်ရန်ကော
သို့သော်တစ်ဖန်
ဒသနဆန်
တွေးဉာဏ်ဆန်းရာနှော
အရွယ်အိုပြား
တွေ့ကြုံများ
စဉ်းစားဉာဏ်ယှဉ်သော
အတွေးနက်နက်
အသိခက်
အနက်ဖော်လိုသော
ရုပ်ပိုင်းရင့်အို
အသိပို
ထိုထိုတတ်ရန်ကော
အလှအသိ
ဤတွင်ရှိ
ပြီးပြည့်စုံနိုင်သော
ရုပ်ရင့်အိုပြား
အသိကား
ဖွားဖွားပေါ်မြည်နော
အလှသစ္စာ
ဤအခါ
ကောင်းစွာပြည့်ဝပြော
တစ်ခုကိုပယ်
တစ်ခုဝယ်
ဤနှယ်လှနိုင်သော
တွေးတောဆင်ခြင်
နှိုင်းယှဉ်လျှင်
ဉာဏ်ဝင်လိုက်ပါနော
အလှဆန်းသစ်
သူလျှင်စစ်
ဖွင့်လှစ်လိုက်ပြီကော
ဟူသော ကဗျာတစ်ပုဒ်။


မွေးနေ့ပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ရဟန်းတော်များ


မွေးနေ့ပွဲ အကြိုရောက်ရှိနေကြသူများ


ညနေစည်းခံပွဲအတွက် ဆရာကြီး၏အကျိုးဆောင် တပည့်တော်များ စီစဉ်ဆောင်ရွက်နေကြ

www.burmeseclassic.com

www.burmeseclassic.com

ဇရာဖိစီးသဖြင့် ရုပ်ပိုင်းဆိုင်ရာ ရင့်ရော်ယိုယွင်းကာ အိုမင်းမစွမ်း ဖြစ် လင့်ကစား ဘဝဖေး အတွေ့အကြုံများ အရ အသိဉာဏ်ပညာ ပြည့်ဝရင့်ကျက် လာခြင်းသည်ပင် အိုမင်းခြင်း၏ အလှ တရားဖြစ်ကြောင်း သီကုံးရေးဖွဲ့ထား သည့် ထိုကဗျာလေးက ဇရာပိုင်းရောက် လာသူများအတွက် အားဆေးတစ်ခွက် ပင်။


ယခုနှစ်တွင်လည်း ဆရာကြီး၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့ အခမ်း အနားကို ၂၄.၁၂.၂၀၁၃ ရက်နေ့၌ ပုဂံမြို့သစ်တွင်ပင် ကျင်းပမည်ဖြစ် ကြောင်း၊ မော်လမြိုင်ယောဂီအဖွဲ့လည်း လာရောက် မည်ဖြစ်ကြောင်းနှင့် စာရေး သူတို့အားလည်း ဖိတ်ကြားပါကြောင်း၊ တည်းခိုနေထိုင်ရေးအတွက် စီစဉ်နိုင်ရန် ရောက်ရှိမည့်ရက်ကို သိလိုပါကြောင်း ၁၂.၁၂.၂၀၁၃ ရက်နေ့တွင် Tiger Dance Group မှ ကိုနိုင်ဝင်းက ဖုန်းဖြင့် အကြောင်းကြားလာသည်။

သို့ဖြစ်၍ ဉာဏ်ပွင့်(စက်မှု)နှင့် တိုင်ပင်ကာ ၂၃.၁၂.၂၀၁၃ ရက်နေ့ နံနက်ပိုင်းတွင် ညောင်ဦးသို့ ထွက်ခွာ မည့် **မန္တလာမင်း** အမြန်ယာဉ်တွင် ကြို တင်လက်မှတ် ဝယ်ထားလိုက်ကြပြီး ကိုနိုင်ဝင်းထံသို့လည်း ၂၃.၁၂.၂၀၁၃ ရက်နေ့ ညနေပိုင်းတွင် ရောက်ရှိမည် ဖြစ်ကြောင်းအကြောင်းကြားလိုက်သည်။

ဤသို့ဖြင့် ၂၃.၁၂.၂၀၁၃ရက် နေ့တွင် အောင်မင်္ဂလာအဝေးပြေးကား ဂိတ်ဝင်းအတွင်းရှိ မန္တလာမင်းကားဂိတ် သို့ နံနက် ၇ နာရီမထိုးမီ ရောက်ရှိရန် အစီအစဉ်ချကာ ထွက်ခွာခဲ့ကြသည်။

ဝီရိယကောင်းခဲ့ကြသဖြင့် ကား ဂိတ်သို့ ၆ နာရီ ၄၅ မိနစ်တွင် ရောက် ရှိခဲ့ကြသော်လည်း ကားဂိတ်နားနေ ဆောင်တွင် မိမိတို့ထက်ဝီရိယပိုကောင်း သူများ ရောက်ရှိနေကြပြီ ဖြစ်၍ ထိုင် စရာနေရာပင် မရှိတော့ပေ။

ဉာဏ်ပွင့်(စက်မှု)လည်း ရှေ့ဆင့် နောက်ဆင့်ပင် ရောက်လာခဲ့သဖြင့်




မွေးနေ့အကြို ရောက်ရှိနေသည့် ဧည့်သည်များအား ဧည့်ခံစကားပြောကြားနေစဉ်





www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဒေါက်တာချစ်ငြိမ်(ဒဿန) မွေးနေ့ပွဲအတွက် ရောက်ရှိနေကြသူများအား ချစ်ခင်စကားပြောကြားနေစဉ်

ကောင်တာတွင် လက်မှတ်ပြကာ စီးနင်းလိုက်ပါရမည့်ကားကို စုံစမ်းနေစဉ် စာရေးသူ၏ ကျောဘက်မှ တစ်စုံတစ်ဦးက နှုတ်ဆက်လိုက်သံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မော်လမြိုင်ယောဂီအဖွဲ့မှ ဦးရာဂျူးဖြစ်ကြောင်း သိလိုက်ရသည်။

ယင်းတို့အဖွဲ့တွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ခြောက်ဦး၊ စုစုပေါင်း ရှစ်ဦးပါဝင်ပြီး နံနက် ၂နာရီကပင် ဤကားဂိတ် နားနေဆောင်သို့ ရောက်ရှိခဲ့ကြကာ နားနေခဲ့ကြရသည်ဟု ဆိုသည်။

ထိုယောဂီအဖွဲ့မှာ အမရပူရမြို့နယ် ဝိပဿနာသန္တိသုခကျောင်းတိုက်ကြီးတွင်ကျင်းပခဲ့သည့်(၃၈)ကြိမ်မြောက် ဆရာမြတ်ကြီး ဦးရေဝတအား ပူဇော်ပွဲတော်တွင်လည်း စာရေးသူတို့နှင့်အတူ ဆုံစည်းခဲ့ကြပြီး ဖြစ်၍ ယခုတစ်ဖန် ဤနားနေဆောင်တွင် ပြန်လည်ဆုံတွေ့ကြသည့်အခိုက် ပူဇော်ပွဲတော်တွင်ပါဝင်ဆင်နွှဲဖြစ်ခဲ့သည်များကို ပြန်ပြောင်းသတိရကာ ကုသိုလ်တရားများ ပွားစီးဖြစ်ခဲ့ကြသေးသည်။ ထိုနေ့က **မဏ္ဍလာမင်း** ခရီးသည်ပို့ဆောင်ရေးမှ အမြန်ယာဉ်ကြီး နှစ်စီး ညောင်ဦးသို့ ထွက်ခွာမည်ဖြစ်ရာ မော်လမြိုင် ယောဂီအဖွဲ့သည်လည်း စာရေးသူတို့ စီးနင်းလိုက်ပါမည့် မော်တော်ယာဉ် အမှတ်-၁ တွင်ပင် လိုက်ပါဖြစ်ခဲ့ကြသည်။

သို့ဖြစ်၍ ထိုမော်တော်ယာဉ်ပေါ်တွင် ဆရာကြီးဒေါက်တာချစ်ငြိမ်(ဒဿန) မွေးနေ့ပွဲသို့ သွားရောက်သည့် ခရီးသည် စုစုပေါင်း (၁၁)ဦး လိုက်ပါခဲ့ကြလေသည်။ မော်တော်ယာဉ်ကလည်း ကောင်း၊ အဝေးပြေးကားလမ်းမကြီးကလည်း ကောင်းမွန် ချောမွေ့နေကာ ယာဉ်မောင်းကလည်း စိတ်ရှည်ပြီး ဝန်ဆောင်မှုကလည်း ကောင်းလှသဖြင့် ညောင်ဦးသို့ စိတ်အေးချမ်းသာစွာဖြင့်ပင် ရောက်ရှိခဲ့ကြသည်။

ညောင်ဦးကားဂိတ်မှ ပုဂံမြို့သစ်သို့ ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကိုလည်း မဏ္ဍလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးက ဆောင်ရွက်ပေးလေ့ရှိရာ ထိုယာဉ်ငယ်ကို မောင်းနှင်သည့် ယာဉ်မောင်း နိုင်တိုးလင်းသည်ပင် စာရေးသူတို့နှင့် ရင်းနှီး၍နေပေပြီ။

ယခုတစ်ခေါက်တွင် ပုဂံမြို့သစ်သို့သွားမည့် ခရီးသည်များအားလုံးပင် ဆရာကြီးဒေါက်တာချစ်ငြိမ်(ဒဿန)၏ မွေးနေ့ပွဲသို့ သွားရောက်ကြမည်ဖြစ်ရာ လိုက်ထရပ် ကားတစ်စီးစာ အပြည့်ဖြစ်သော ခရီးသည် ၁၁ ယောက်နှင့် ဝန်စည်စလယ်များ တင်ဆောင်ကာ တစ်နေရာတည်းသို့သာ နိုင်တိုးလင်းမှ ပို့ဆောင်ပေးရမည်ဖြစ်၍ အချိန်ကုန်သက်သာကာ ပိုမိုအဆင်ပြေခဲ့သည်။

ထိုနေ့က ဆရာကြီး၏ နေအိမ်ခြံဝင်းရှေ့သို့ ညနေ ၅ နာရီတွင် ရောက်ရှိခဲ့ကြသည်။

မွေးနေ့ပွဲ ကျင်းပမည့် ခြံဝင်းအတွင်း၌ မန္တလေး၊ အမရပူရ ကုန်းသာနှင့် မော်လမြိုင်တို့မှ ကြိုတင်ရောက်ရှိနေကြသည့် ဆရာကြီး၏ တပည့်များ မွေးနေ့ပွဲအတွက် ခင်းကျင်းစီစဉ်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့အခါ စာအုပ်နှစ်အုပ် ထုတ်ဝေဖြန့်ချိတိုက်ကြောင်း သတင်းကောင်းရရှိသွားသည့် ဆရာကြီး၏ပီတိ



ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန)နှင့် မော်လမြိုင်ယောဂီအဖွဲ့ဝင်အချို့ အမှတ်တရ

ခရီးရောက်မဆိုက်ပင် ဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန)အား သွားရောက် တွေ့ဆုံ ဂါရဝပြုခဲ့ကြပြီးနောက် အင်္ဂလိပ်ဘာသာဖြင့် ဆရာကြီးရေးသားသည့် "A Successful Life in Buddhism" စာအုပ်နှင့် "ဗုဒ္ဓဘာသာထဲက အောင်မြင်သော ဘဝတစ်ခု" စာအုပ်နှစ်အုပ်ကို ဆရာကြီး၏ ဆန္ဒနှင့်အညီ မွေးနေ့အမီ ဖြန့်ချိနိုင်ပြီ ဖြစ်ကြောင်း ဉာဏ်ပွင့်(စက်မှု)က သတင်းကောင်းပေးခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူ သာဓုခေါ်ကြောင်း ဆရာကြီး၏ မိန့်မြွက်စကားကိုလည်း ကြားခဲ့ကြရသည်။

ထို့နောက် စာရေးသူတို့အား Tiger Dance Group စီစဉ်သူ မမျိုးနှင့် အဖွဲ့သားများ၏ စီစဉ်ပေးမှုအရ ဆရာကြီး၏ ခြံနှင့် နှစ်ခြံကျော်သာ ကွာသည့် တည်းခိုခန်းတစ်ခုတွင် တည်းခိုဖြစ်ခဲ့ကြသည်။

တည်းခိုခန်းတွင် ခေတ္တခဏ နားခဲ့ကြပြီးနောက်ဆရာကြီး၏အကျိုးဆောင်အဖွဲ့က ဧည့်ခံကျွေးမွေးသည့် ညနေစာကို သုံးဆောင်နေကြစဉ် ရန်ကုန်မှ ယောဂီအချို့လည်း ထပ်မံရောက်ရှိလာကြသည်ကို တွေ့လိုက်ရသည်။

ဆရာကြီး၏ မွေးနေ့မင်္ဂလာ အခမ်းအနားကို ၂၄. ၁၂. ၂၀၁၃ ရက်နေ့ ညနေ ၅ နာရီတွင်မှ ဆရာကြီး၏ နေအိမ်ခြံဝင်းနှင့် မျက်နှာချင်းဆိုင်ရှိ ခြံဝင်းကျယ်အတွင်း၌ ကျင်းပမည်ဖြစ်ရာ မွေးနေ့မတိုင်မီ ကြိုတင်ရောက်နေကြသူများအား ၂၄ ရက်နေ့ နံနက်စာကို ထိုခြံဝင်းကျယ် အတွင်း၌ပင် အုန်းနို့ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ထိုခြံဝင်းထဲတွင် ညနေဧည့်ခံပွဲအတွက် ဆရာကြီး၏ အကျိုးဆောင် တပည့်ယောဂီများ စုပေါင်းညီညာ ကုသိုလ်ယူကာ ကြိုးပမ်းစီစဉ် ဆောင်ရွက်နေကြသည်မှာ ပျော်ရွှင်အားရဖွယ်ပင်။

ထိုနေ့အဖို့ ညနေ ၅နာရီမတိုင်မီ အတွင်း အားလပ်နေကြသည် ဖြစ်ရာ မော်လမြိုင် လွှတ်မြောက်ရာရိပ်သာမှ ယောဂီအချို့နှင့် စကားစမြည်ပြောရင်း လောကနန္ဒာဘုရားသို့ခြေကျင်လျှောက်ကြရန် လူစုနေကြစဉ် ပုဂံမရောက်ဖူးကြသေးသော မော်လမြိုင်ယောဂီအချို့အား ပုဂံဘုရားများ ဖူးစေလိုသော မော်လမြိုင် လွှတ်မြောက်ရာရိပ်သာမှ အကျိုးတော်ဆောင် အရှင်ဝေပုလ္လနှင့် အဖွဲ့၏ စီစဉ်ပေးမှုအရ လိုက်ထရပ်ကားတစ်စီးဖြင့် ဘုရားဖူးထွက်ဖြစ်ခဲ့ကြသည်။

လောကနန္ဒာ စေတီတော်သို့ရောက်သည်နှင့် သက်တော်ထင်ရှားရှင်တော်မြတ်ဘုရား၏ ပုံတော် ဂုဏ်တော်တို့ကို ရည်စူးကာ ကြည်ကြည်နူးနူး ဖူးမြော်ဖြစ်ခဲ့သည်။

ထို့နောက် လောကနန္ဒာစေတီရင်ပြင်တော်ပေါ်တွင်အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ခဲ့ကြပြီးစေတီတော်အားလက်ယာရစ်ပတ်ကာ ဖူးမြော်ကြည်ညိုခဲ့ ကြသည်။

ထိုသို့ ဖူးမြော်ရင်း ဧရာဝတီမြစ်တစ်ဖက်ကမ်းတွင် လှမ်းမြင်ရသည့် ကြည်ညိုဖွယ် တန့်ကြည့်တောင်စွယ်တော်ရှင် စေတီတော်အားလည်း အဝေးမှပင် ဖူးမြော်ဖြစ်ခဲ့သည်။

ထိုမှတစ်ဖန် မြင်တွေ့ရသည်က သဲသောင်ပြင်များ တစ်စတစ်စ ပို၍ပို၍ ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့် လွမ်းမောတသဖွယ် ဧရာဝတီမြစ်တွင်း မြင်ကွင်းများ။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အခါဖူးဖူး ချမ်းမြေ့ကြည်နူးမှုကို ပေးစွမ်းသည့် လောကနန္ဒာစေတီတော်မှ ထွက်ခွာခဲ့ကြပြီးနောက် အာနန္ဒာစေတီတော်သို့ ရောက်ရှိခဲ့ကြသည်။

"မြန်မာမှန် ပုဂံရောက်ဖူးသင့်သည်" "အာနန္ဒာရောက်မှ ပုဂံရောက်သည် မည်၏" ဟူသော ဆိုစကားရှိခဲ့သည်မှာ ဆိုထိုက်လှသည်။

စေတီရံတစ်သောင်း မုခ်ပေါင်းတစ်ထောင် လမ်းသုံးမြောင် တို့ဖြင့် ကျောက်ဆစ် (ပန်းတမော့)၊ အင်္ဂတေ (ပန်းတော့)၊ စဉ့်ကွင်း၊ သစ်သားပန်းပု၊ ပန်းပဲ စသည့် မြန်မာမှု အနုလက်ရာ ဗိသုကာပညာပြည့်စုံစွာဖြင့် ရှေးဟောင်းမြို့တိုက်ကြီးတစ်ခုပမာ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ တည်ရှိနေသည့် အာနန္ဒာဘုရားကြီးကို ကောဇာသက္ကရာဇ် ၄၅၂ ခုနှစ် ခရစ်နှစ် ၁၀၉၀ ပြည့်နှစ်တွင် ကျန်စစ်မင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်။

ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်ဂူမှ ပုဂံသို့ ကြွလာတော်မူကြသော ရဟန္တာ အရှင်မြတ်များအား နန္ဒမူလိုဏ်ဂူတော်အကြောင်း ကျန်စစ်မင်းကြီးက မေးမြန်းလျှောက်ထားခဲ့ရာမှ အရှင်မြတ်များ၏ မိန့်ဆိုချက်များအရ ထိုလိုဏ်ဂူတော်ကို သဘောကျ နှစ်ခြိုက်သဖြင့် ပုံစံတူ နန္ဒမူဘုရားတစ်ဆူကို တည်တော်မူကာ နောင်အခါ နန္ဒမူမှ နန္ဒာ၊ နန္ဒာမှ အာနန္ဒာ ဟူ၍ ဘွဲ့မည်တော်တွင်ခဲ့သည်ဟု ဆိုသည်။ အာနန္ဒာဘုရား၏ အလယ်ကျောင်း လေးမျက်နှာတွင် ရပ်တော်မူ ရုပ်ပွားတော်ကြီးလေးဆူ ပူဇော်ထားသည်။ မြောက်ဘက်၌ကကုသန်၊ အရှေ့ဘက်၌ ကောဏာဂုံ၊ တောင်ဘက်၌ ကဿပ၊ အနောက်ဘက်၌ ဂေါတမ ရုပ်ပွားတော်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ပွားတော်ကြီး လေးဆူအနက် တောင်ဘက်နှင့်မြောက်ဘက်ရှိ ရုပ်ပွားတော်များမှာ ပုဂံခေတ် မူလလက်ရာများ ဖြစ်ကြပြီး တောင်ဘက်ရှိ ကဿပ ဘုရားရုပ်ပွားတော်ကို ထင်းရှူးသားဖြင့် လည်းကောင်း၊ မြောက်ဘက်ရှိ ကကုသန် ဘုရားရုပ်ပွားတော်ကို စံကားသားဖြင့်လည်းကောင်း သစ်လုံးတစ်လုံးတည်းစီဖြင့်ထုလုပ်ထားသည်ဟုဆိုသည်။

ထိုရုပ်ပွားတော်ကြီး နှစ်ဆူကို အနီးမှ မော့၍ဖူးလျှင် မျက်နှာတော် တည်ကြည်နေပြီး အနောက်သို့တဖြည်းဖြည်းဆုတ်၍ အဝေးမှလှမ်းကာ ဖူးမြော်လျှင် မျက်နှာတော်မှာ ပြုံးတော်မူလာသည်ကို ဖူးတွေ့ရသည်။

အရှေ့ဘက်ရှိ ကောဏာဂုံ ဘုရား သရက္ခန် နှံ့သာနှစ်သား ရုပ်ပွားတော်မှာ မီးလောင်ပျက်စီးသွားသဖြင့် ကုန်းဘောင်ခေတ် ခရစ်နှစ် ၁၈၆၇ ခုနှစ်တွင် ပုဂံမြို့ဝန် ဦးဘိုးက အသစ်ထပ်မံထုလုပ်လှူဒါန်းထားခြင်းဖြစ်ပြီးအနောက်ဘက်ရှိ ဂေါတမဘုရားပဋ္ဌ လောဟာရုပ်ပွားတော်မှာလည်း အင်းဝ ဟံသာဝတီ စစ်ပွဲကာလ (၁၃၄၂-၅၂) အတွင်း ပျက်စီးခဲ့သဖြင့် ကုန်သည်ကြီး ဦးစံငြိမ်းက ခရစ်နှစ် ၁၈၉၂ ခုနှစ်တွင် ထုလုပ်လှူဒါန်းထားခြင်းဖြစ်ကြောင်းသိရသည်။

ပုဂံဟူသည်ကား ဘယ်နှခေါက်ရောက်ရောက် ငြီးငွေ့သည် မရှိသော ထူးမြတ်သည့်နေရာ၊ ရှေးခေတ်မြန်မာတို့၏ ဗိသုကာပညာ၊ ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပဲ၊ ပန်းထိမ် စသည့် ပြောင်မြောက်သော




အာနန္ဒာဘုရားတွင် အရှင်ဝေပုလ္လဦးဆောင်သော မော်လမြိုင်လွှတ်မြောက်ရာရိပ်သာ ယောဂီအဖွဲ့နှင့် စာရေးသူတို့ အမှတ်တရ




လောကနန္ဒာဘုရားသို့ ကြွရောက်ချိန် ဆိုင်းဝင်နေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗထိရ်ရိပ်ပွားတော်ကြီး၏မျက်နှာတော်ကို
ဖူးမြော်ကြည်ညိုနေကြစဉ်




အနုပညာလက်ရာများကို ကမ္ဘာလှည့် ခရီးသွားများပင် မှင်တက်မိကာ တအံ့တသြ ငေးမောကြည့်ရှု လေ့လာမှတ်သားနေကြရသည်ဖြစ်ရာ မြန်မာတို့အဖို့ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေကြီးပင် ဖြစ်ပေသည်။

စာရေးသူအနေနှင့် ပုဂံသို့ အခေါက်ခေါက်အခါခါ ရောက်ရှိလေ့လာ ဖူးမြော်ခဲ့ပြီး ဖြစ်သည့် အလျောက် "ထင်ရှားကျော်ကြား မဟာပုဂံစေတီပုထိုးများ" "Conspicuous Pagodas of Glorius Pagan" ခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ်ပင် ရေးသားပြုစုထွက်ရှိခဲ့ပြီးပေပြီ။ ယခုတစ်ခေါက် ဆရာကြီး ဒေါက်တာ ချစ်ငယ်(ဒသသန)၏ မွေးနေ့မင်္ဂလာပွဲသို့ လာရောက်ရင်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိခဲ့သည်တွင်လည်း ဘိုးဘေး တို့၏ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံကာ ဂုဏ်ယူဝင့်ကြွားဖွယ် မဟာပုဂံမြင်ကွင်းများကို ရှုမြင်ရခြင်းကြောင့် အားအင်သစ်များ တိုးပွားလာသကဲ့သို့ ခံစားမိသည်။

ပုဂံပြည်ကို ခရစ်နှစ် ၁၀၇ ခုမှ ၁၃၆၉ ခုအထိ နှစ်ပေါင်း ၁၂၆၀ ကျော်ခန့် သမုဒ္ဒရာဇ်မင်းမှစကာ စောမွန်နစ်မင်းအထိ မင်းဆက်ပေါင်း ၅၅ ဆက် အုပ်စိုးခဲ့ကြသည်။

ထိုမင်းများအနက် အနုရုဒ္ဓဒေဝခေါ် အနော်ရထာမင်း (ခရစ်နှစ် ၁၀၄၄-၁၀၇၇)လက်ထက်တွင် အိမ်နီးချင်းနိုင်ငံများပင် ကိုင်းညွတ်လေးစား ခံ့ညားခဲ့ကြရသည့် မြန်မာတို့ဝင့်ကြွားဖွယ်ရာ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားရေးအတွက်



စာရေးသူတို့ တည်းခိုသည့် ဧည့်ဂေဟာသစ်

သည်း ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ကျန်စစ်မင်း (ခရစ်နှစ် ၁၀၈၄-၁၁၁၃) လက်ထက်တွင် အနော်ရထာမင်းကြီး တည်ထောင်ပေးခဲ့သည့် ပထမမြန်မာနိုင်ငံတော်ကြီး၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဘာသာ၊သာသနာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနိုင်ငံတော်အာဏာတည်ရေးတို့ကို ပိုမိုတိုးတက် ခိုင်မာအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ကျန်စစ်မင်းကြီး တည်ထားခဲ့သည့် အာနန္ဒာဘုရားကြီးကို ဖူးမြော်ပြီးနောက် ထိုအုတ်ပတ်လမ်းအတွင်း လျှောက်လှမ်းကာ လေ့လာကြည့်ရှုရင်း ထိုခေတ်က အတီတန်ဆောင်း၊ ဆည်မြောင်း၊ ကန်ချောင်းတို့ဖြင့် ဆန်ရေစပါး ပေါများကြွယ်ဝကာ ပုဂံပြည်ကြီး စည်ပင်သာယာပြောနေပုံ၊ စိတ်ဝမ်းလက်ညီ ပြည်သူအများ ဘုရားသွား ကျောင်းတက်ရွှင်လန်းစွာ သွားလာလျက်ရှိကြပုံများကို အတွေးဖြင့် ပုံဖော်ခံစားကြည့်ခဲ့မိသည်။

တစ်ဆက်တည်းပင် ထိုကဲ့သို့အခြေအနေများ ရရှိစေရန် စွမ်းဆောင်နိုင်ခဲ့ကြသည့် ဘိုးဘေးပုဂံသားတို့၏ အံ့မှီးဖွယ်ရာလက်ရုံးရည်၊နှလုံးရည်အားထုတ်စွမ်းပကား ပြည့်ဝမှုများကို နှစ်လိုအားရ အားကျမိခဲ့သည်။

ဤသို့ဖြင့် အာနန္ဒာဘုရားကို မော်လမြိုင်ယောဂီအဖွဲ့နှင့်အတူ ပျော်ပျော်ပါးပါး ချမ်းမြေ့ကြည်နူးစွာ ဖူးမြော်ကြပြီးနောက် မွေးနေ့ပွဲကျင်းပမည့်ခြံအတွင်းသို့ပြန်ခဲ့ကြပြီး ဆရာကြီး၏ အကျိုးဆောင်များ တည်ခင်းဧည့်ခံသည့် မုန့်ဟင်းခါးကို သုံးဆောင်ခဲ့ကြသည်။ ထို့နောက် တည်းခိုခန်းသို့ပြန်ကာအနားယူခဲ့ကြသည်။


ညနေပိုင်း ဧည့်ခံပွဲကျင်းပချိန်နီးလာပြီဖြစ်၍ ခြံဝင်းအတွင်းမှ ဂီတသံစဉ်များ စတင်ကာ ကြားနေရပေပြီ။ ၅ နာရီမထိုးမီကပင် ပုဂံရှိဒေသခံများ ဆရာကြီး၏ မွေးနေ့ဧည့်ခံပွဲသို့ တဖွဲဖွဲ ရောက်ရှိလာကြသည်ကို တွေ့ရသည်။



နုပျိုလန်းဆန်း သွက်လက်ပေါ့ပါးနေဆဲဖြစ်သော ဆရာကြီး ဒေါက်တာချစ်ငယ်(ဒုံသန)




ဧည့်ခံကျွေးမွေးရန် စီစဉ်နေကြပုံ



www.burmeseclassic.com


www.burmeseclassic.com



ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန) မွေးနေ့ကိတ်လှီးနေစဉ်



ဘူဖေးစားဖွယ်ရာများ ယူဝင်နေကြစဉ်



ဘူဖေးစားသောက်ဖွယ်များ ယူဝင်ပြီး အားပါးတရ သုံးဆောင်နေကြပုံ

အသက် (၇၅)နှစ် ပြည့်ခဲ့ပြီး ဖြစ်သော ဆရာကြီးဒေါက်တာချစ်ငယ် (ဒဿန) မှာ နုပျိုလန်းဆန်း သွက်လက်ပေါ့ပါး နေဆဲဖြစ်ပြီး ဧည့်ပရိသတ်များအား မနားတမ်း ဧည့်ခံနေရသည့်တိုင် ပင်ပန်းသည့်အရိပ်အယောင် မတွေ့မြင်ရပေ။

ယခုနှစ် မွေးနေ့ဧည့်ခံပွဲတွင် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ယူ (ဘူဖေး) စနစ်ဖြင့် ကျွေးမွေးဧည့်ခံခဲ့သဖြင့် အတွေ့အကြုံ မရှိသော ဒေသခံအချို့အတွက် အထူးအဆန်း ဖြစ်၍နေသည်။

အတွေ့အကြုံရှိပြီးသူများ ယူငင်စားသုံးပုံများကို အတုယူကာ ယူငင်စားသုံးကြရင်းမှ တဖြည်းဖြည်း ရင်းနှီးကျွမ်းဝင်လာကြသည်။

စာရေးသူတို့အဖွဲ့လည်း ဒေသခံများနှင့် အတူယှဉ်တွဲကာ ဘူဖေးဧည့်ခံပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဘူဖေးသုံးဆောင်ခြင်းကို အကျွမ်းတဝင်ရှိလာရာမှတစ်ဆင့် ကျွမ်းကျင်လာကြပြီ ဖြစ်သော ဒေသခံများသည် ထိုအစီအစဉ်ကို အထူးစိတ်ပါဝင်စားစွာဖြင့် အားပေးသုံးဆောင်နေကြသည်ကို ကြည့်ရင်း စာရေးသူ ဝမ်းသာပီတိ ဖြစ်မိသည်။

စိတ်ကူးကောင်းစွာဖြင့် ထိုအစီအစဉ်ကို ဖန်တီးပုံဖော်သည့် စီစဉ်သူမမျိုး၏အောင်မြင်မှုကိုလည်း မုဒိတာပွားမိခဲ့သည်။

Tiger Dance Group ၏ ဖျော်ဖြေမှုအစီအစဉ် မစတင်မီ ရန်ကုန်မှ အထူးဧည့်သည် ကုသိုလ်ရှင်များဖြစ်သော ဒေါက်တာကျော်လင်းဦးမိသားစုက အထူးစပါယ်ရှယ် မွေးနေ့ကိတ်မုန့်ကြီးတစ်လုံး ယူဆောင်လာကာ ဆရာကြီးအား ပေးအပ်သည်တွင် ဆရာကြီးကိုယ်တိုင် ထိုကိတ်မုန့်ကြီးအား လှီးဖြတ်လိုက်ပြီးနောက် အကျိုးဆောင်များက ပွဲခင်းအတွင်းရှိ ပရိသတ်များအား တစ်ဦးတစ်ခွက်စီ ထပ်ဆောင်းကာ ဝေငှဆက်ကမ်းဝေငှပေးခဲ့ကြရာ ပွဲလည်း ကြည့်ရှု၍ အရသာရှိသော စားသောက်ဖွယ်ရာ

www.burmeseclassic.com

များလည်း စားသောက်ခဲ့ကြရသဖြင့် ကလေးပရိသတ်များ ရွှင်မြူးပျော်ပါး နေကြသည့် မြင်ကွင်းမှာလည်း ပီတိ ဖြစ်ခဲ့ရသည့် အမှတ်ရဖွယ်တစ်ခုပင်။

Tiger Dance Group သည် သူငယ်တို့၏ အားမာန်နှင့် ကျန်းမာသန် စွမ်းမှု လျင်မြန်ဖျတ်လတ်မှု၊ ကျရာတာ ဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင် နိုင်မှု တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုရှိကြကာ စည်းလုံးညီညွတ်မှု တို့ဖြင့် မိမိတို့ တတ်စွမ်းသမျှ မခိုမကတ် ကပြဖျော်ဖြေခဲ့ကြရာ ဝါရင့် သဘာရင့် ပညာရှင်များ ကပြသည့် ပဒေသာကပွဲ တစ်ခုကို ကြည့်ရှုနေရသကဲ့သို့ ခံစားမိသည်။ ယခုနှစ်တွင် စာရေးသူတို့သည် ဒေသခံ ပွဲကြည့် ပရိသတ် များနှင့် မသိမသာ ရောနှောကာ ကြည့်ဖြစ်ခဲ့သည်။

သို့ဖြစ်၍ Tiger Dance Group ၏ ဖျော်ဖြေ တင်ဆက်မှုများအပေါ် ပရိသတ်၏ နှစ်ခြိုက်စွာ တုံ့ပြန်အားပေး သံများကို ကြားသိရသည်။

ကပြဖျော်ဖြေသူများက ကြိုးစား ကြသည့်နည်းတူ ဆုတော်ငွေ ချီးမြှင့်မှု များကလည်း များပြားလှသည် ဖြစ်ရာ "ငါတို့တောင် တက်ကလိုက်ချင်တယ်" ဟု တစ်ယောက်ကပြောသည်ကို "ဟုတ် ပါ့တော်" ဟု တစ်ယောက်က ထောက်ခံ ပြောဆိုသံကိုလည်း စာရေးသူတို့၏ နောက်ဘက် တန်းဆီမှ ကြားမိလိုက် သည်။

အဖွဲ့လိုက်လာသည့် အုပ်စုတစ် ခုတွင် ခေါင်းဆောင်ဖြစ်သူက အချိန် ကုန်သဖြင့် ပြန်ရန်ပြောသည်ကို ဆက် ကြည့်ချင်သေးသဖြင့် ပေကတ်ကတ်လုပ် နေကြသူအချို့ကိုလည်း တွေ့ရသည်။ ထိုနေ့ညက ဖျော်ဖြေရေးအစီအစဉ်မှာ ဆောင်း၏ အအေးဒဏ်ကို အန်တု ကာ ကြည့်ရှုကြသည့် ပရိသတ်အားပေး မှုအပြည့်ဖြင့် အောင်မြင်စွာ ပြီးဆုံးခဲ့ သည်။





Tiger Dance Group ၏ ဖျော်ဖြေတင်ဆက်ပုံများ



မွေးနေ့ပွဲ ပြီးဆုံးပြီးနောက်နေ့တွင် ဆရာကြီးသည် တပည့် ယောဂီများအား တစ်နေရာရာသို့ အပန်းဖြေခရီး ပို့ပေးလေ့ရှိရာ ယခင်နှစ်က ဧရာဝတီမြစ်တွင်း မြင်ကွင်းအလှကို ကြည့်ရှုခံစားခဲ့ကြ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံဆောင်း၏ အအေးဒဏ်ကို အနွေးထည်ထူထူ ဖွဲ့ကောင်းကောင်းဖြင့် အားပေးကြည့်ရှုနေကြသည့် ပရိသတ်





ယခုနှစ်တွင်လည်း အလားတူ အစီအစဉ်ရှိမည်ကို ခန့်မှန်းမိသော်လည်း ရန်ကုန်တွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ဖွယ်များ ရှိနေသဖြင့် နံနက်စောစောပင် စာရေးသူတို့ပြန်ကြရတော့မည်။ သို့ဖြစ်၍ ညစ်ခံဖျော်ဖြေပွဲပြီးသည်နှင့် ဆရာကြီးအား သွားရောက်တွေ့ဆုံ ဂါရဝပြုခဲ့ကြပြီး နံနက်စောစောပင် မန္တလာမင်းကားဖြင့် ပြန်ကြတော့မည်ဖြစ်ကြောင်း ပြောကြားကာ နှုတ်ဆက်ခဲ့ကြသည်။

၂၅. ၁၂. ၂၀၁၃ ရက် နံနက် ၆ နာရီခွဲတွင် မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးက စာရေးသူတို့အဖွဲ့အား တည်းခိုခန်းရှေ့အထိ လာရောက်ခေါ်ဆောင်ပေးသဖြင့် အပြန်ခရီးမှာလည်း ချောမွေ့ခဲ့သည်။

ပုဂံမြေမှ ခွဲခွာရတော့မည်ဟု သော အသိဝင်လာချိန်တွင် လွမ်းသ... လို ခံစားမိခဲ့သော်လည်း နောင်နှစ်တစ်... ဖန် ပြန်ဆုံရဦးမှာပါဟူ၍ ဖြေသိမ့်ရင်း...

❒ မင်းဂုဏ်...

www.burmeseclassic.com

www.burmeseclassic.com




# ဘန်ကောက်မှ ကမ္ဘာသုံးခု

## ဉာဏ်ပွင့်(စက်မှု)

**(ယခင်လမှအဆက်)**

"ညီလေးရေ. . ဘန်ကောက် ကမ္ဘာသုံးခုအကြောင်း ဆက်ပါဦး"

"ကျွန်တော်တို့. . ဒီတစ်ခေါက် ရောက်တာက ရေအောက်ကမ္ဘာ Under Water World တဲ့၊ ရေအောက်ကမ္ဘာဆိုပေမယ့် ကုန်တိုက်ကြီးရဲ့အောက်မှာ ဆောက်ထားတာ"

"ထူးထူးဆန်းဆန်း ကုန်တိုက်အောက်မှာ ဆောက်ထားတယ်လို့ လျှောင်လှုပ်ရင် မလွယ်ဘူး"

"သူတို့ရဲ့ နည်းပညာတွေကို သူတို့ ယုံလို့ ဖြစ်မှာပေါ့၊ ခင်ဘာပူ ရေအောက်ကမ္ဘာကတော့ ကမ်းစပ်နားမှာဆိုတော့ နားလည်လို့ရတယ်၊ ဘန်ကောက်က မြို့လယ်ကောင် ကုန်တိုက်ကြီးရဲ့ အောက်ဆုံးထပ်မှာဆိုတော့ အသည်းယားစရာပဲ ကျွန်တော်တို့က ကားစီးလုံးငှားလိုက်တယ်၊ မြေညီထပ်မှာ ချိတယ်၊မြေညီထပ်မှာက City Mart လိုမျိုးအစားအသောက်တွေရောင်းတယ်၊ ကုန်တိုက်ကြီးက ကျယ်တော့ တော်တော်လေးပစ္စည်းမျိုးစုံပြီးစနစ်ကျတယ်၊အစားအသောက်အခြောက်အခြမ်းတွေက တစ်နေရာ၊ အသီးအနှံတွေက တစ်နေရာ၊ မီးဖိုချောင်သုံးပစ္စည်းတွေက တစ်နေရာ အဲဒီလို သီးခြားစီရှိတယ်၊ စားသောက်ဆိုင်တန်းကလဲ အကြီးကြီးပဲ၊ စားသောက်ဆိုင်မျိုးစုံရှိတယ်၊ မြေညီထပ် တစ်ထပ်တည်းနဲ့ကို အိမ်ရှင်မတွေအတွက် ပြည့်စုံတယ်၊ ပြီးမှ မြေအောက်ထပ်ကို ဓာတ်လှေကားနဲ့ ဆင်းသွားရတယ်"

"နေရာလဲကျယ် နည်းပညာလဲမြင့်တော့ ကိုယ်လုပ်ချင်တဲ့ စိတ်ကူးအတိုင်း ပုံဖော်လို့ရတာပေါ့၊ မြေအောက်ထပ်မှာ ဘာတွေရှိသလဲ"

"ရေအောက်ကမ္ဘာ ရှိတယ်၊ လမ်းပြက ကျွန်တော်တို့ကို VIP အပေါက်က ထည့်လိုက်တော့ လေးယောက်

www.burmeseclassic.com

www.burmeseclassic.com





ဆိုတော့ ဘတ်သုံးထောင်လောက် ကုန်သွားတယ်၊ တန်းစီရင် ဘယ်လောက်မှ မပေးရဘူး၊ တန်းစီတဲ့လူကလဲ သိပ်မများဘူး၊ သေချာပြောရင်လဲ ကျွန်တော်တို့က VIP ကပဲ ပိုက်ဆံပေး ဝင်မှာပါ။

ခုတော့ လမ်းပြက သူ မစောင့်ချင်တာနဲ့ ကျွန်တော်တို့ကို တစ်ကွက်လှည့်လိုက်တာပဲ၊ ပြန်ရောက်လို့ စားသောက်ဆိုင်ရောက်မှ ဆိုင်ရှင်ပြောလို့ သိရတာ၊ ဒါနဲ့ပဲ VIP အပေါက်ကနေ တန်းမစီဘဲ ဝင်ဖြစ်ခဲ့တယ်။

ဝင်ဝင်ချင်းကတော့ မီးရောင်ခပ်ပျပျပဲရှိတဲ့ အခန်းပဲ ရေသတ္တဝါတွေ ထည့်ထားတဲ့ မှန်ခန်းတွေပဲ လင်းနေတယ် ပင်လယ်ပင့်ကူပုစွန်ကြီးတွေကလဲ အကြီးကြီးပဲ၊ ဘယ်လောက် ကြောက်ဖို့ကောင်းကောင်း မှန်ခန်းခြားထားတော့ ရသတစ်မျိုး တောင်မြောက်သေးတယ်၊ ဒီလို ပင့်ကူပုစွန်တွေက စင်ကာပူ ရေအောက်ကမ္ဘာမှာလဲ တွေ့ဖူးတယ်။

ရုပ်တော်တော်ဆိုးတဲ့ မျက်နှာနဲ့ ပုစွန်လဲ တွေ့တယ် မြန်မာနိုင်ငံက ရေကြက်နဲ့ ခပ်ဆင်ဆင်ပဲ၊ စားလို့မရ အသုံး





www.burmeseclassic.com

www.burmeseclassic.com






ဆင်တဲ့ ရေသတ္တဝါပဲ၊ အမေကတော့ Wheel Chair နဲ့ လိုက်ကြည့်ရတာ အဆင်ပြေပုံပဲ၊ ရေဘဝဲ အကြီးကြီးတွေလဲ တွေ့ရတယ်၊ ပရိသတ် တော်တော်များများက ရေဘဝဲကြီး နောက်ခံအပြီး ဓာတ်ပုံရိုက်ကြတယ်၊ တကယ်လှတာက ငါးသေးသေးလေးတွေ ကန်ပဲ၊ ပင်လယ်ရေအောက်ကြမ်းပြင် ရောက်နေသလိုမျိုး ဖန်တီးထားတာ၊ ရုပ်ရှင်တွေထဲမှာ တွေ့ရတဲ့အတိုင်းပဲထုပ်ထားတာ၊ ရေနဂါး အထီး, အမတွေလဲ တွေ့တယ်"

"တော်တော်လေးကို စုံစုံလင်လင် မွေးထားတာပဲ၊ ရေအောက်ကမ္ဘာက တော်တော်လေးကျယ်လား"

"ကျယ်တယ်၊ အရှေ့တောင်အာရှမှာတော့ အကြီးဆုံးပြတိုက်ပဲ၊ ၁၀,၀၀၀ (တစ်သောင်း) ကုဗမီတာကျယ်တယ်၊ ဘန်ကောက်ရေအောက်ကမ္ဘာက နှစ်ထပ်ရှိတယ်၊ မြေညီထပ်ကနေ အပေါ်ထပ်တွေကတော့ Shopping Mall ပေါ့၊ မြေအောက်ထပ် နှစ်ထပ်ကို ရေအောက်ကမ္ဘာ လုပ်ထားတာ၊ ရေသတ္တဝါတွေ စုံလွန်းလို့ ကမ္ဘာလှည့်ခရီးသွားတွေကတောင် စိတ်ဝင်စားကြတယ်၊ ကျွန်တော့်အမေကတော့ ဒီငါးတွေကြည့်ရတာ ဘာမှအဓိပ္ပာယ်မရှိဘူး ပြန်မယ်ဆိုလို့ တစ်ပတ်တော့ပြည့်အောင်ပတ်လိုက်ပါဦးလို့ မနည်းချော့ပြောရတယ်၊ တချို့ဆိုရင် အေးအေးဆေးဆေး ထိုင်ပြီး နားနားနေနေပဲ"

"အစ်ကိုဆိုလဲ ရေအောက်ကမ္ဘာမှာ နားနားနေနေနဲ့ စုံအောင်လိုက်ကြည့်မှာ၊ အစ်ကိုတို့ နိုင်ငံမှာက လောလောဆယ်တော့ မလုပ်နိုင်သေးဘူး မဟုတ်လား"





www.burmeseclassic.com

www.burmeseclassic.com



"ရေအောက်ကမ္ဘာ လုပ်ရတာ မလွယ်ဘူး၊ သူတို့တောင် စမွေးတုန်းက မအောင်မြင်ဘူး၊ ငါးအကြီးတွေ၊ ရေသတ္တဝါ အကြီးကြီးတွေ မွေးပြီး သိပ်မကြာဘူး၊ သေသွားလို့ တော်တော်ရှုံးသွားတယ်၊ ထပ်မွေးတယ်၊ ထပ်ပြီးသေတယ်၊ ပညာရှင်တွေတောင် ချက်ချင်းအဖြေမထွက်ဘူး၊ တခြားနိုင်ငံတွေမှာက ဒီလိုမျိုးပြဿနာမရှိဘူး၊ သူတို့က Shopping Mall အောက်မှာဆိုတော့ ရေလုံးဝအစိမ့်မခံနိုင်ဘူး၊ မှန်တွေ တစ်ခုနဲ့တစ်ခု ဆက်တဲ့နေရာမှာ ကော်ကို ပိုသုံးရတယ်၊ အဲဒီ ကော်ကနေ ငါးကြီးတွေ အဆိပ်သင့်ပြီး သေတာ၊ နောက်မှ အဖြေထွက်ပြီး ကော်ကို တစ်မျိုးပြောင်းသုံးတယ်၊ အချိုးအစား အတိအကျ သုံးတော့မှ ရေအောက်ကမ္ဘာက အောင်မြင်ခဲ့တာ။

ရေအောက်ကမ္ဘာကို ဇုန် ခုနစ်ခု ပိုင်းခြားထားတယ်၊ မြေအောက်ဒုတိယထပ်မှာတော့ ပင်လယ်ရေအောက်မှာမှ တွေ့နိုင်တဲ့ ရေသတ္တဝါတွေတောင် မွေးထားတယ်၊ မျိုးပေါင်း သုံးသောင်းကျော်တယ်၊ အန္တရာယ်ရှိတဲ့ ငါးတွေ ကြည့်ရတာ ဗဟုသုတရသလို၊ အန္တရာယ် မရှိတဲ့ ငါးတွေ ကြည့်ရတာ ကြည်နူးဖို့ကောင်းတယ်"

"အစ်ကိုလဲ ညီလေးသွားတဲ့ နိုင်ငံတွေကို စိတ်ကူးနဲ့ လျှောက်လိုက်နေရတာ တော်တော်တောင်ရောက်နေပြီ၊ ဆက်ပါဦး"

"အပေါ်ထပ်ကနေ အောက်ထပ်ဆင်းတဲ့ နေရာမှာ အောက်ထပ်ရေကန်ကြီးကို လှမ်းမြင်နေရတယ်၊ ငါးမန်းတွေ အများကြီးပဲ၊ ကလေးတွေ ချိုပြီးကြည့်ရင် ပြုတ်ကျသွားလို့ကတော့ အရိုးအသား ရှာလို့တောင် ရမှာမဟုတ်ဘူး၊ ဇုန်တစ်ခုကတော့ ထူးထူးဆန်းဆန်းပဲ တောထဲဖြတ်နေရသလို ဖန်တီးထားတာ။

ကျေးငှက်တွေရဲ့ ကျလိကျလိ အသံတွေ၊ ရေစီး နေတဲ့ အသံတွေနဲ့ တောလမ်းလေးဆိုတော့ တောထဲရောက်နေသလိုပဲ၊ တောက်တဲ့တွေ၊ ပုတ်သင်ညိုတွေလဲ မွေးထားတယ်၊ တစ်ခါတစ်ခါ မျောက်အော်သံတွေ၊ ဇီးကွက်အော်သံတွေ ကြားရတယ်။



နောက်တစ်ဇုန်ကတော့ ရေတစ်ဝက် ကုန်းတစ်ဝက် နေတဲ့ သတ္တဝါတွေ ထားတဲ့နေရာပဲ၊ ထူးဆန်းတာက ရေကြွက်တွေပဲ၊ နည်းတဲ့ကောင်တွေ မဟုတ်ဘူး၊ ရေကြွက်တွေနဲ့ ခေ စားငါးတွေ ရောမွေးထားတာ၊ ရေကြွက်တွေရဲ့ မစင်တွေကို ငါးတွေက စားသွားတော့ ကန်လဲ မညစ်ပတ်တော့ဘူးပေ့ါ တော်တော်ကြံကြံဖန်ဖန် စဉ်းစားတတ်တဲ့လူတွေပဲ၊ ပင်ဂွင်း ငှက်တွေလဲ မွေးထားတယ်၊ နေရာအကျယ်ကြီး မွေးတာ သူတို့နေတတ်တဲ့ သဘာဝပုံစံအတိုင်း ဆောက်ပေးထားတာ အဲဒီပင်ဂွင်းငှက်တွေကို မွေးဖို့က မလွယ်ဘူး။

ငါးတွေကြည့်ရင်း ဓာတ်ပုံရိုက်ကောင်းအောင် စီစဉ် ပေးထားတဲ့ နေရာတွေလဲ ရှိတယ်၊ နောက်တစ်ဇုန်ကတော့ ရေအောက်လိုဏ်ခေါင်းပဲ၊ ဒါကတော့ ရေအောက်ကမ္ဘာရဲ့ မရှိမဖြစ် ဇုန်ပဲ၊ ဒါမှ ရေအောက်ကမ္ဘာထဲ ရောက်တယ်လို့ ခံစားရမှာကိုး၊ လိုဏ်ခေါင်းပတ်ပတ်လည်မှာ ငါးမန်းတွေ၊ လိပ် ကျောက်ငါးတွေ၊ ငါးကြီးတွေ၊ ငါးလေးတွေ သွားနေတာ ကိုယ်က မှန်လိုဏ်ခေါင်းထဲက သွားနေတာ၊ တစ်ခုခုဖြစ်ပြီး မှန်ကွဲသွားလို့ကတော့ ကြည့်ကောင်းပဲ၊ ဒီကြားထဲမှာ လိပ် ကျောက်ငါးတွေက မှန်တွေကို အမြီးနဲ့ရိုက် ဗိုက်နဲ့ပွတ်သေး တယ်၊ စင်ကာပူရေအောက်ကမ္ဘာမှာက လမ်းလျှောက်စရာ မလိုဘူး၊ အောက်ခြေက ရွေ့သွားတာ၊ ကိုယ်က အလိုက်သင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သွားရုံပဲ၊ ဘန်ကောက်မှာက လမ်းလျှောက်ပြီး လိုက်ကြည့်ရတော့ ဒီတစ်ခုတော့ သူတို့ လိုသွားပြီ"

"ဒါတော့ ညီလေးရေ သူ့ထက်သူ ကောင်းအောင်လုပ်ကြတာဆိုတော့ ဒီလိုတော့ ရှိမှာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော့်အမေလဲ ခဏနားချင်တယ်ဆိုတာနဲ့ နားကြတယ်၊ နားဖို့အတွက်လဲ နေရာတော်တော်များများ လုပ်ပေးထားတယ်၊ အမေ ခဏနားတုန်း ကျွန်တော်တို့က ဟိုကြည့်ဒီကြည့်ရင်းနဲ့ ဓာတ်ပုံရိုက်ပေါ့၊ ကြံကြံဖန်ဖန် ဓာတ်ပုံရိုက်လို့ရအောင် လုပ်ထားတာတွေ ရှိတယ်၊ ငါးမန်းငါးစပ်ကြီးက ဟ,ထားတာ အကြီးကြီးပဲ၊ ကိုယ်က အထဲဝင်ပြီး အပြင်က ဓာတ်ပုံရိုက်ရင် ငါးမန်းကြီးက မျိုတော့မယ့်အတိုင်းပဲ၊ လူငယ်တွေက အဲဒီနေရာကို တော်တော်ကြိုက်တယ်၊ ပုံစံမျိုးစုံနဲ့ ဓာတ်ပုံရိုက်ခံကြတယ်၊ ကလေးတွေအတွက်လဲ ကစားကွင်းရှိတယ်၊ စားသောက်ဆိုင်တွေလဲ ရှိတယ်။

ကျွန်တော်လဲ ငါးကန်ကြီးမှာထိုင်ပြီး ခဏနားတယ်၊ ငါးအကြီးကြီးတွေ တွေ့တယ်၊ ဒီလို ရေအောက်ကမ္ဘာမှာနားပြီးတော့ ငါးတွေကြည့်ရတာလဲ စိတ်တင်းကျပ်မှုတွေပြေတယ်၊ လိုက်ကြည့်တာက ရသတစ်မျိုး၊ နားပြီးကြည့်ရတာကလဲ ရသတစ်မျိုးပဲ၊ အဲဒီရေအောက်ကမ္ဘာကို အမေရိကားလို ဓနအင်အားကြီးမားတဲ့ နိုင်ငံကြီးတွေက စလုပ်ကြတာ၊ စလုပ်တုန်းက လူတွေမမြင်ဖူးလို့ တအံ့တဩဖြစ်စေတာ၊ ခုတော့ နိုင်ငံတော်တော်များများမှာ ရှိနေပြီ၊ သိပ်အံ့ဩစရာ မဟုတ်တော့ဘူး၊ နည်းပညာတွေကလဲ တဖြည်းဖြည်း လက်ဆင့်ကမ်းသလို ဖြစ်လာပြီကိုး"

"သူတို့ရဲ့ ဆောက်လုပ်ရေးနည်းပညာကိုကော ကိုယ်တို့ ရပြီလား"

"ဆောက်လုပ်ရေးကုမ္ပဏီကြီးတွေကတော့ ရပါတယ်၊ အကျိုးတူလုပ်ရင်း သူတို့ရဲ့နည်းပညာကို တဖြည်းဖြည်းရလာတာ၊ ခုဆိုရင် ခြောက်ထပ်တိုက်လောက်ဆိုရင် လူတော်တော်များများ ဆောက်တတ်နေပြီ၊ တော်တော်များများ ကန်ထရိုက်တာတွေ ဖြစ်နေပြီ၊ အခန်းပေး အခန်းယူစနစ်နဲ့ ဆောက်ရုံပဲ၊ အိမ်ရှင်နာမည်နဲ့ ဆောက်လုပ်ခွင့် တင်ရုံပဲ၊ ကန်ထရိုက်တာက ကိုယ်စားလှယ်ပေါ့၊ အိမ်ရှင်က ဘယ်နှခန်း၊ ကန်ထရိုက်တာ ဘယ်နှခန်း ခွဲယူရုံပဲ"

"အစ်ကိုကြားတာ အိမ်ရှင်တွေက အဆမတန် လိုချင်ကြတယ်ဆို"

"အိမ်ဈေးတွေ တက်လာတော့ ခြောက်ထပ်တိုက်ရင်ကွဲ ဆိုပါစို့၊ အရင်က အိမ်ရှင် လေးခန်း၊ ကန်ထရိုက် ရှစ်ခန်း၊ နောက် အိမ်ရှင်က ငါးခန်း၊ နောက် ခြောက်ခန်း၊ ခုဆိုရင် အိမ်ရှင်က တစ်ခြမ်းလုံးအပြင် သိန်းတစ်ရာ နှစ်ရာကနေ တစ်ထောင် နှစ်ထောင်တောင် တောင်းနေပြီ၊ ဒီတော့ ဘိလပ်မြေနည်းနည်း သဲများများ ကန်ထရိုက်တာနဲ့ပဲ တွေ့တာပေါ့၊ သံချောင်းတွေက အဟောင်းတွေသုံးတယ်၊ သစ်သားတွေကို အဟောင်းပဲသုံးတယ်၊ မသိတော့ ဘာမှမဖြစ်ဘူး၊ သိတော့ ပြဿနာတွေ အမှုတွေ ဖြစ်တာပေါ့"

"နိုင်ငံတော်ကကော ဘယ်လိုလုပ်သင့်သလဲ"


"နိုင်ငံတော်ကလဲ လုပ်တော့လုပ်နေတာပဲ၊ တန်ဖိုးနည်းအိမ်ရာတွေ အများကြီးဆောက်ရင် ဈေးကွက်လဲထိန်းပြီးသားဖြစ်မယ်၊ ပြည်သူတွေလဲ နေထိုင်ရေး စိတ်ပူစရာမလိုတော့ဘူးပေါ့၊ ခုလောလောဆယ်တော့ တန်ဖိုးမှျတစီမံကိန်းဆိုတော့ သိန်းနှစ်ရာ သုံးရာလောက်ရှိတယ်၊ အဲဒီပိုက်ဆံနဲ့ဆို မြေကွက်





www.burmeseclassic.com

www.burmeseclassic.com



"စာထဲကဘာဝနဲ့ လက်တွေ့ဘဝ ကတော့ ဘယ်ထပ်တူကျနိုင်ပါ့ မလဲ၊ စာတွေဖတ်ပြီး 'ဒီလိုလုပ်ပါ လား၊ ဟိုလို. . လုပ်ပါလား' ဆိုတဲ့ ဘောင်ထိုင် ဘုပြောနေတဲ့ သူထက် စာရင်တော့ လက်တွေ့ဘဝရဲ့ဖြစ် နေတဲ့ အခြေအနေအတိုင်းဟိုကွေ့ ဟိုတက်နဲ့ လှော်၊ ဒီကွေ့ ဆိုရင် ဒီတက်နဲ့ လှော်တဲ့သူက ပိုသာပါ တယ်"

"ကိုယ့်ကိုယ်ကိုယ် ဆရာ ကြီးထင်နေတဲ့ လူတွေက ပြောလို့ အခက်ဆုံးပဲ၊ ကဲ, ဆက်ပါဦး၊တခြား ဗဟုသုတတွေ"

တစ်ကွက် ဝယ်နိုင်တယ်၊ ဒီလောက်နဲ့တော့ မဖြစ်သေးဘူး၊ အများကြီး လုပ်ရဦးမယ်"


"ရင်းနှီးစရာ လုပ်ကွက်မရှိတော့ ရှိတဲ့လုပ်ကွက်ပဲ လုပ်ရင်း အဆမတန် ဖောင်းပွလာတာထင်တယ်၊ အစ်ကိုတို့ လေ့လာခဲ့တာက သူများမလုပ်တာလုပ်ရင် အောင်မြင်မယ်တဲ့၊ ခုတော့ လူတိုင်းက အိမ်ခြံမြေပဲ စိတ်ဝင်စားနေတော့ စာနဲ့ လက်တွေ့က တခြားစီ ဖြစ်နေပြီ"

"ကျွန်တော်တို့လဲ ရေအောက်ကမ္ဘာမှာ သုံးလေးနာရီ လောက် နေချင်ပေမယ့် အမေက မနေချင်တော့ ပြန်ထွက်ခဲ့ တယ်၊ ပြန်ထွက်တော့လဲ Siam Paragon အောက်ထပ် ပြန် ဆင်းရတာပေါ့၊ Siam Paragon Shopping Mall ကြီးကတော့ အာရှတိုက်ရဲ့ အကြီးမားဆုံး Mall ကြီး (၁၀)ခု စာရင်းဝင်ပဲ၊ ၂၀၀၅ မှာဖွင့်တယ်၊ အဲဒီ Siam Paragon ရဲ့ ရုပ်ရှင်ရုံက အာရှ မှာ အကြီးဆုံးတဲ့၊ ပိတ်ကားကြီးကလဲ အာရှမှာ အကြီးဆုံးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြခန်းနဲ့ အော်ပရာဇာတ်ရုံကြီးလဲ ရှိတယ်၊ တချို့လူတွေ လဲ ဈေးကြီးရင် ကြီးပါစေ အကောင်းဆုံးပစ္စည်းပဲ လိုချင် တာလေ"

"အစ်ကိုကတော့ ဈေးသက်သာတာပဲ ကြိုက်တယ်၊ ကြီးတာတွေလဲ နောက်တော့ ဈေးကျသွားတာပဲ၊ အစ်ကို ရင် အဲဒီ Shopping Mall ကို လေ့လာရုံပဲ သွားမယ်"

"ဟုတ်ပါပြီ၊ ကျွန်တော်က အစ်ကိုသိအောင် ပြောပြ တာပါ၊ အဲဒီ Mall ကြီးက အရင်က ဟိုတယ်ကြီးပဲ၊ အဲဒါကို ဖြိုး Shopping Mall ကြီး ဆောက်လိုက်တာ၊ အမေရိကန် ဒေါ်လာ သန်း ၄၅၀ ကုန်တယ်ဆိုပဲ၊ ၂၁ ဧကလောက် ကျယ် ဒီလောက်ဆိုသဘောပေါက်ပေ့ါ၊ ကုဗမီတာ ၅၀၀၀၀က ပဒေသာ စတိုးဆိုင်ကြီးအတွက်၊ ကုဗမီတာ ၄၀၀၀၀ က လီဆိုင်တွေအတွက်ပဲ၊ နာမည်ကြီး ဆိုင်တွေကတော့






www.burmeseclassic.com

www.burmeseclassic.com




GUCCI, CHANEL, BALENCIAGA, VALENTINO, KENZO, GIORGIO ARMANI, CARTIER, VERSACE တို့ပဲ၊ မော်တော်ကား ပြခန်းတွေလဲ ရှိတယ်၊ LAMBO-RGHINI, ASTON MARTN, BENTLEY, JAGUAR, BMW, HOMMER နာမည်ကြီး ကားတွေ ရောင်းတယ်။ အစားအသောက် ဆိုင်ခန်းတွေအတွက် ကုဗမီတာ ၈၀၀၀ ပေးထားတယ်၊ နိုင်ငံတကာ အစားအစာတွေရတယ်၊ ဆက်ပြောရင် ကြော်ငြာသလိုဖြစ်မှာစိုးလို့ မပြောတော့ဘူး၊ အစ်ကို ရောက်ပြီး နေရာမန့်မှာစိုးလို့ပြောတာပါ။ ကျွန်တော်တို့တောင် နှစ်ခေါက်လောက်ရောက်မှ လေ့လာမိတာ၊ ဒီတစ်ခေါက် တော့ ခပ်တိုတိုပဲ ပြောမယ်။

နောက်တစ်ခေါက်က သကြံန် May Issued နားမှာမို့ ဆက်ရန်ကို လပြည့်ဝန်း June Issued မှာ ဆက်နားထောင်ပေးနော်"

(ဆက်ရန်)

❐ ဉာဏ်ပွင့်(စက်မှု)



www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မစကြာ တရားတော်

**ကျေးရွာတော်ရှင် မဉ္ဇူကူဆရာတော်ဘုရားကြီး**
**ဘဒ္ဒန္တဉာဏိန္ဒာဘာသ မထေရ်မြတ်**
**(အနီးစွဆရာတော်)**

## နိဗ္ဗာန်မြင်လျှင်မဂ္ဂင်မှတ်
## တစ်ခါလာလေးနဲ့ ဟန်သတည်း တရားတော်

*၂၆. ၈. ၂၀၁၃ (နံနက်)*

ပဥ္စဝဂ္ဂီယကထာတဲ့၊ (၁၄)ရောက်သွားပြီ၊ (၁၃)ကစ အဲဒါ ဓမ္မစကြာအစပဲ။ ဟိုတုန်းကတော့ ဒွေမေဘိက္ခဝေ အန္တာဆိုလို့ရှိရင် အဲဒီဟာပဲ၊ အထဲခေါ် ဘဂဝါ ပဥ္စဝဂ္ဂိယေ ဘိက္ခူအာမန္တေသိဆိုရင် အဲဒီလိုပဲ။ အဲဒီအခါမှာ မြတ်စွာဘုရား က ပဥ္စဝဂ္ဂီ ငါးပါးတို့ကို ခေါ်တယ်။ အဲဒီလိုခေါ်ခေါ်ပြီး ဆို ရတယ်။ သို့မို့ ဟိုရောက် ဒီရောက်နဲ့ စိတ်တွေက၊ ဟောတော့ လည်း ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာတဲ့။ ဘိက္ခဝေ - ရဟန်းတို့လို့ ဆိုတာက မြန်မာဖြစ်သွားပြီ။ ဘိက္ခဝေ ဆိုလိုက်တာက ဘုရားစကား ဘုရား စကား၊ ရဟန်း တို့ဆိုတာက မြန်မာ စကား၊ အဲလို ဖြစ်သွားတယ်။

ဘိက္ခဝေ - ရဟန်းတို့၊ ဒွေမေကို ဒွေ ဣမေလို့ ပုဒ်ဖြတ် ရတယ်၊ ဒွေ - နှစ်ပါးကုန်သော၊ ဣမေ အန္တာ - ဤ အယုတ် တရားနှစ်ပါးတို့ကို၊ ပဗ္ဗဇိတေန -ရဟန်းဖြစ်သောသူသည်၊ န သေဝိ တဗ္ဗာ - မမှီဝဲအပ်ကုန်၊ အဲဒီနှစ်ပါးကို မမှီဝဲအပ်ဘူး တဲ့။

ကတမေဒွေ - အဘယ် နှစ်ပါး တို့နည်း ဟူမူကား၊ ယောစာယံကိုထားခဲ့ ရတယ်၊ ကာမေသု ဝတ္ထုအာရုံ ကာမ ဂုဏ်တို့၌၊ ဝတ္ထုဆိုတာ ကာမဝတ္ထုခေါ် တယ်၊ အာရုံဆိုတာကတော့ အာရုံကို ခေါ်တာပေါ့၊ ကာမေသု - ဝတ္ထုအာရုံ ကာမဂုဏ်တို့၌၊ ဟီနော -ယုတ်ညံ့သော၊ ဂါမ္မော - ရွာသူတို့၏ဥစ္စာဖြစ်သော၊ ပေါထုဇ္ဇနိကော - ပုထုဇဉ်တို့၏ ဥစ္စာ ဖြစ်သော၊ အနရိယော-အရိယာ မဟုတ် သော၊ အနတ္ထသံဟိတော - အကျိုးမဲ့ကို ဖြစ်စေတတ်သော၊ ယော စာယံကာမေ သုကာမ သုခလ္လိကာ နုယောဂေါ - အကြြင်ကာမဂုဏ်၌ ချမ်းသာသည်ဟု ငြိကပ်၍ အကြြင်ကာမဂုဏ်တို့၌ အဲဒါ ကာမ ချမ်းသာ သည်ဟု ငြိကပ်၍၊ အဲဒါ သုခအလ္လိက အကုန်ချမ်းသာတယ် လို့ ငြိကပ်ပြီး နတ်ပြည်ခြောက်ထပ်ရော ကာမဆယ့်တစ်ဘုံ အဲဒီအတိုင်းသွား တယ်။ ငရဲကတော့ သူလည်း ဆဲနေတာ ပေါ့၊ ပူတော့။

ယောစာယံ ကာမေသု ကာမေ သုခလ္လိကာ နုယော ဂေါ - ကာမဂုဏ် တို့၌ ချမ်းသာသည်ဟု ငြိကပ်၍ အဖန် တလဲလဲ အားထုတ်ခြင်းသည်၊ အတ္ထိ - ရှိ၏။ ဒုက္ခော - ဆင်းရဲသော၊ အန ရိယော - အရိယာတို့၏ဥစ္စာ မဟုတ် သော၊ အနတ္ထသံဟိတော - အကျိုးမဲ့ကို ဖြစ်စေတတ်သော၊ ယောစာယံ အတ္တ ကိလမထာနုယောဂေါ - အကြြင်မြဲ





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကိုပင်ပန်းခြင်း၌ ပင်ပန်းအောင် အဖန်တလဲလဲ အားထုတ်ခြင်းသည်၊ ပင်ပန်းအောင် အားထုတ်တာတွေတဲ့၊ ပင်ပန်းအောင် အားထုတ်တော့ ရာဂဒေါသ မဖြစ်ဘူး၊ ဘောလုံးကန်လည်း မဖြစ်ဘူး၊ ကျည်းသားရိုက်လည်း မဖြစ်ဘူး၊ အဲလိုလုပ်တာတွေ ပါတာပေါ့၊ အတ္တိ - ရှိ၏။

ဘိက္ခဝေ - ရဟန်းတို့၊ ဥဘော - နှစ်ပါးကုန်သော၊ ဧတေအန္တေ - ဤအယုတ်တရား နှစ်ပါးတို့ကို၊ အနုပဂမ္မ - မကပ်ရောက်မူ၍၊ မဇ္ဈိမာပဋိပဒါ - အလယ်အလတ်လမ်းဖြစ်သော အကျင့်ကို၊ တထာဂတေန - ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ - ထိုးထွင်းရှေးရှုသိတော်မူအပ်ပြီ။

အဘိသမ္ဗုဒ္ဓါ - ထိုးထွင်းရှေးရှုသိတော်မူအပ်သော၊ မဇ္ဈိမပဋိပဒါ - မဇ္ဈိမပဋိပဒါလမ်းသည်၊ စက္ခုကရဏီ - အမြင်သစ်ကိုပြုတတ်သည်၊ နဂိုစက္ခု မဟုတ်တော့ဘူးတဲ့၊ မဇ္ဈိမပဋိပဒါက သမ္မာဒိဋ္ဌိဆိုတော့ အမြင်ဟောင်းတွေ မရှိတော့ဘူးတဲ့။

အမြင်ဟောင်းတွေ ဆိုတာက လူတွေ၊ နတ်တွေ၊ ယောကျ်ားတွေ၊ မိန်းမတွေလို့ မမြင်တော့ဘူးတဲ့၊ သမ္မာဒိဋ္ဌိဆိုတော့။

မှန်စွာပြောပြု (မှန်စွာပြောပြု၊ မြင်မှုမှန်ကြဲ) ပြီးတော့ကော (စိတ်နေစိတ်ထား ရိုးသားကြဟန်၊ ဤရှစ်ချက် တစ်ချက် မက်ကိုစွဲ၊ အကုန်ပြီး မငြီးနိဗ္ဗူစံ)

အဲဒီ သမ္မာဒိဋ္ဌိ ဖြစ်ပြီဆိုရင် အမြင်သစ်လို့မှတ်ထား၊ အမြင်သစ်ဖြစ်ပြီဆိုရင် အမြင်ဟောင်းတွေပယ်လိုက်၊ မိန်းမတွေ မြင်တယ်၊ စိတ်ထဲ မထားနဲ့၊ ယောကျ်ားတွေမြင်တယ်၊ စိတ်ထဲ မထားနဲ့၊ အဲဒီမျက်စိက ဉာဏ်ခေါ်တယ်၊ ဉာဏ်မျက်စိခေါ်တယ်။

ဒါကြောင့် ဉာဏ်မျက်စိက အမြင်သစ် ဖြစ်သွားတယ်တဲ့၊ အရင်လူတွေ မဟုတ်တော့ဘူးတဲ့၊ ဓမ္မစကြာနာတဲ့ ပုဂ္ဂိုလ်တွေဆိုရင် အဲဒီလိုဖြစ်သွားတယ်၊ အမြင်ဟောင်းတွေ အကုန်ပယ်လိုက်၊ အရင်အမြင်ဟောင်းတွေက ယောကျ်ားတွေ၊ မိန်းမတွေ၊ ဟောဒီလိုလုပ်ရတယ်၊ ဒီလိုချစ်ရတယ်၊ ဒီလို ကြိုက်ရတယ်၊ အဲလိုစိတ်ကူးတွေရော အမြင်ဟောင်းတွေပဲ၊ အဲဒါတွေရော အကုန်စွန့်လိုက်။

အဲဒီလို ဟောကတည်းက နတ်တွေ၊ ဗြဟ္မာတွေက သိကုန်ပြီ။ တစ်ခါတည်း အာဠာရ ဥဒက ရသေ့တို့များ ကောင်းလိုက်တဲ့တရား၊ ငါ့သူငယ်ချင်း ဘယ်ရောက်နေပါလိမ့်မတုံး ဆိုပြီး ပရိသတ်ထဲ ရှာနေတာနဲ့ သူ တရားမနာလိုက်ရဘူး၊ မေ့သွားပြီ။

သူငယ်ချင်းသံယောဇဉ် အမှတ်မရတာနဲ့ဟာ တချို့များ ပင်လယ်ထဲကနေပြီး လှုပြည်လာ တရားနာကြတာ၊ တချို့လည်းပင်းလောက်ကနေပြီး နာရတယ်။ ကြားက မကြားဖူးဘဲကိုး။

သူတွေ့ခဲ့တဲ့တရားက အမြင်သစ်တဲ့။ အမြင်သစ်ပါပြီဆိုတော့ ဘုရားမဖြစ်ဘူးလား၊ ဖြစ်မှာလား (ဖြစ်မှာပါဘုရား)။ ဒကာမကြီးတို့ အခုအမြင်သစ်ပြီလား(အမြင်သစ်ပါပြီ ဘုရား)။ သိလိုက်လို့ရှိရင် မိန်းမတွေ မဟုတ်ဘူး၊ အရိယာတွေ ဖြစ်သွားပြီ။

အနရိယော အရိယာ ဆိုတာ မခိုးတာ၊ မသတ်တာ၊ လိမ်မပြောတာဘဲ၊ ဒါတွေ ခေါ်တာပဲ။ အရိယာဆိုတာ ဘာတုံး (မခိုးတာ၊ မသတ်တာ၊ လိမ်မပြောတာ၊ ကာမေသုမလုပ်တာပါ ဘုရား)။

ပုထုဇဉ်တွေလုပ်တာ ဟီနောမလုပ်ဘူးတဲ့။ ဟီနော၊ ဂါမ္မဓမ္မော ပုထုဇ္ဇနိကောတဲ့ မြင်လား၊ ပုထုဇဉ်လုပ် တာတွေမလုပ်တော့ဘူးတဲ့။ မျက်စိအမြင်သစ် ဖြစ်သွားပြီ။ ဉာဏ်မျက်စိဖြစ်သွားပြီ။

ဒကာမကြီးတို့ အဲလိုဟာတွေ ဖတ်ထား၊ အဲလို သိရမှာ။ ပေါထုဇ္ဇနိကော မဟုတ်တော့ဘူး။ ဂါမ္မော မဟုတ်တော့ဘူး။ ဟီနော မဟုတ်တော့ဘူး။

သူက အဲဒါတွေ တွေ့တာ၊ ဒါတွေ ရှောင်လိုက်တာက မဇ္ဈိမပဋိပဒါ ဖြစ်သွားတယ်တဲ့။ အဲဒီ မဇ္ဈိမပဋိပဒါလေး တွေ့လိုက်ရင် ဟန်နေပြီ။

အရင် ဒကာမကြီးတို့ မမှတ်နဲ့၊ အရင်ဒကာမကြီးတွေ စိတ်ထဲ မထားနဲ့၊ ဘယ်လို မထားရမလဲဆိုတော့ ဂါမ္မော ဟီနောတွေ မလုပ်နဲ့တော့။ ဂါမ္မဓမ္မော၊ ပုထုဇဉ်တွေ မလုပ်နဲ့တော့။ အနရိယော - အရိယာမလုပ်တာတွေ မလုပ်နဲ့တော့။ အဲဒါတွေ အနတ္ထသံဟိတော - အကျိုးမဲ့နဲ့ စပ်ယှဉ်တယ်တဲ့။ အဲဒါက တစ်ခုတဲ့။

အတ္တကိလမထာ နုယောဂေါ ဆိုတော့ ကာမတင်မကဘူး၊ ရုပ အရူပတွေ ပါနေတယ်။

**ရူပ အရူပ အလုပ်သာလုပ်နေပါ သူဟာ အတ္တကိလမထာနုယောဂ ဖြစ်သတည်း။**

လုပ်ပေမယ့် မဇ္ဈိမပဋိပဒါကျအောင် လုပ်ရတယ်။ အတ္တကိလမထ ကျအောင် မလုပ်ရဘူးတဲ့။ ဥပမာ - အာရုံပါးပါးတွေ ဖယ်ပြီး စိတ်ကလေး တစ်နေရာ ထားလိုက်တယ်။ အဲဒါတွေက ဘယ်ကလာတုံးဆိုတော့ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ ဝိသုဒ္ဓိမဂ်က လာတယ်။ ဝိသုဒ္ဓိမဂ်က သမာဓိပိုင်းမှာ ပါတယ်။ အဲဒါက အာနာပါန သတိအဖွင့်မှာ ပါတယ်။ အာနာပါနသတိမှာ ဒီလိုမပါဘူး။

ဘိက္ခဝေ - ရဟန်းတို့၊ ဥဘော - နှစ်ပါးကုန်သော၊ ဧတေ ခေါ် အန္တေ - ဤအယုတ်တရားတို့ကို၊ အနုပဂမ္မ - မကပ်မူ၍၊ စက္ခုကရဏီ - အမြင်သစ်ကို ပြုတတ်သော၊ ဉာဏကရဏီ - ဉာဏ်ဖြစ်အောင် ပြုတတ်သော။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့က ဉာဏ်တွေဖြစ်နေတယ်။ ဉာဏ်ကို ပြုတတ်တယ်တဲ့။


www.burmeseclassic.com

www.burmeseclassic.com

ဒကာမကြီးတို့ ဉာဏ်တွေပြု အာရုံငါးပါး လိုက်လိုက်မပြုနဲ့ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။

**ဉာဏ်ကိုသာ ပြုလိုက်ပါ၊**
**မဇ္ဈိမပဋိပဒါ ရောက်သတည်း။**
**ဉာဏ်တွေကိုသာ မပြုပါ၊**
**မဇ္ဈိမပဋိပဒါ**
**မရောက်သတည်း။**

ဉာဏ်တွေပြုရမယ်ဆိုတော့ ဘယ်လိုပြုရမလဲဆိုတော့ သမ္မာဒိဋ္ဌိတဲ့၊ သူ့ဘာသာ သူလာတယ်၊ သမ္မာဒိဋ္ဌိ - အမြင်မှန်ကို ပြုရခြင်းသည်လည်းကောင်း၊ အရင်က အမြင်မမှန်ဘူးတဲ့။ မီးမတွေလို့ ယောက်ျားတွေလို့ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ အဲဒီလိုလုပ်နေတာက အမြင်မမှန်ဘူးတဲ့။ အမြင်မှားတာ မိစ္ဆာဒိဋ္ဌိခေါ်တယ်။

အမြင်မှားတာ ဘာတုံး (မိစ္ဆာဒိဋ္ဌိပါ ဘုရား)။ မိစ္ဆာဒိဋ္ဌိ ဘယ်မှာရှိတုံး (မနောကံမှာ ရှိပါတယ် ဘုရား)။ မနောကံမှာ ရှိတယ်တဲ့။

ဒီလိုဆိုရင် မနောကံ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာကို ပိုင်းခြားသိရမယ်တဲ့။ ဩော် ငါ မနောကံကြီးမရှိရင် ဒါ အမြင်သစ်ပါပဲကလား။

**မနောကံ မိစ္ဆာဒိဋ္ဌိသာမရှိပါ အမြင်မှားဟာ ပျောက်သတည်း။**

သူ့ဘာသာသူ လာနေတယ်။ သူ့ဘာသာသူ ဩော် မိစ္ဆာဒိဋ္ဌိခေါင်းထဲမှာ မိစ္ဆာဒိဋ္ဌိရှိတယ်၊ သူရယ် ငါရယ်လို့ရှိတယ်၊ သူရယ် ငါရယ်ဆိုတာ သူက ငါနဲ့မတည့်ဘူး၊ သူက ငါ့ရန်သူ ရန်ဖြစ်တတ်တယ်။

ဘာသာရေးမတူရင် ရန်ဖြစ်တတ်တယ်။ အဲဒါတွေက အမြင်ဟောင်းတွေပဲ၊ ရန်ဖြစ်ရင် အမြင်ဟောင်း ဖြစ်သွားတယ်။ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။

ဉာဏကရဏီ - ဉာဏ်ဖြစ်အောင် ပြုတတ်သော၊ တထာဂတေန - ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ - ထိုးထွင်းရွေ့ရှု သိတော်မူအပ်သော၊ မဇ္ဈိမာ - အလယ်အလတ်ဖြစ်သော (ဝါ) အစွန်းမထွက်သော၊ ပဋိပဒါ - အကျင့်သည်၊ ဥပသမာယ ကိလေသာငြိမ်းခြင်းငှာလည်းကောင်း၊ အဘိညာယ - အထူးသိမြင်းငှာလည်းကောင်း (ဝါ) အမှတ်ပြု၍ သိခြင်းငှာလည်းကောင်း၊ သမ္ဗောဓာယ - ထိုးထွင်း၍သိခြင်းငှာလည်းကောင်း၊ နိဗ္ဗာနာယ - နိဗ္ဗာန်အကျိုးငှာလည်းကောင်း၊ သံဝတ္တတိ - ဖြစ်၏။

သူ့ မဇ္ဈိမပဋိပဒါက ကိလေသာလည်း ငြိမ်းပါတယ်တဲ့ ထိုးထွင်းလည်း သိတယ်တဲ့၊ နိဗ္ဗာန်လည်း ရောက်တယ်တဲ့၊ တစ်ခါတည်း ပြောသွားတာ။ ကဲ မနောကံထဲမှာ ဒိဋ္ဌိမရှိတော့

ငါသူ ငါသူ သုံးခါလောက် ဆိုကြည့်။ ငါသူမရှိရင် ဘာကြီးရှိနေတုံး၊ ဘာမှ မရှိတော့ဘူး၊ ဟင်းလင်းကြီး လောကကြီးကို မရှိတော့ဘူး။ လူ့လောကကြီး၊ နတ်လောကလည်း မရှိတော့ဘူး။ ငါသူ မရှိတော့ဘဲ။

သူဆိုတာ သူပေါ့၊ You သူဖြစ်သွားပြီ၊ I ငါရှိသလား (မရှိပါ ဘုရား)။ I and You စွန့်လိုက်လို့ရှိရင်၊ ငါနဲ့သင် မရှိရင် လောကကြီးရှိသေးသလား (မရှိတော့ပါ ဘုရား)။ ဘယ်သူ့ခေါ်မတုံး (ခေါ်စရာမရှိပါ ဘုရား)။ ခေါ်စရာမရှိ ဘယ်သူ့ခေါ်မတုံး (ဘယ်သူ့ကိုမှ မခေါ်ပါဘုရား)။ ခေါ်တယ်ဆိုတာ ဘာကံတုံး (ဝစီကံပါ ဘုရား)။ ကဲ ရှိသေးလား (မရှိတော့ပါ ဘုရား)။

ခုနတုန်းက ဘာကံတုံး (မနောကံပါ ဘုရား)။ အခု ဘာကံတုံး (ဝစီကံပါ ဘုရား)။ နောက်တစ်ခါကျ ကာယကံတောင် မရှိတော့ဘူး။ အဲဒီလိုကို ဉာဏ်ကဖြစ်သွားတယ်။ ကဲ, မငြိမ်ဘူးလား (ငြိမ်ပါတယ် ဘုရား)။

**ဝစီကံဆိုတော့ ဆဲသေးလား (မဆဲတော့ပါ ဘုရား)။ အကြမ်းထွက်သေးလား (မထွက်တော့ပါ ဘုရား)။** အပြိန်အဖျင်း ပြောသေးလား (မပြောတော့ပါ ဘုရား)။ ကဲ အဲဒီလို အဲဒီလိုပြောရင် ဘာကံတုံး (ဝစီကံပါ ဘုရား)။ အဲဒီကံတွေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။

အဲဒီကံကို ဖြစ်စေတတ်တာ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။ နှစ်ခု သိသွား နှစ်ခုနဲ့ လေးခု လေးခုပဲ ရှိတယ်။ နှစ်ခု မရှိရင် နှစ်ခု ရှိတယ်။ သမ္မာဒိဋ္ဌိနဲ့ နိဗ္ဗာန် ဖြစ်လာတယ်။ အဲဒီ ဝစီကံ မနောကံ ငြိမ်းတာ နိဗ္ဗာန်ခေါ်တယ်။

**တစ်ခါတည်း ပါပြီးသား တရားက ဒကာမကြီးတို့ရဲ့ အနက်ပေးနေရသေးတယ်။ အဲဒါရွတ်လိုက်လို့ရှိရင် ရေထဲသွားရင် ရေထဲမှာ၊ မိဝါ နင် မမ္မစကြာဟောတတ်သလား၊ ဟောတတ်တယ်၊ တစ်ခါတည်း ယောက်ျားနောက် လိုက်လာတဲ့ ကောင်မလေး၊ ရေထဲမှာ မကျှပ်ကြီးနဲ့ တရားဟောနေတယ်။**

ဓမ္မစကြာကို အခု ငါရွတ်သလို ဘာလွန်ကြိုက်ကြတယ် နတ်တွေက။ ပိုက်ဆံရှာမနေနဲ့၊ အဲဒီဟာရွတ်ပြီး ပိုက်ဆံတွေ သူ့ဘာသာသူ လာမှာ၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ ခုတော့ လိုချင်တော့ လောဘ ဖြစ်သွားပြီ၊ ဒုက္ခ ဖြစ်သွားတယ်။ လောဘက ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါ ဘုရား)။ ကဲ အကုသိုလ်ဆိုတော့ လိုချင်တာရသေးလား (မရတော့ပါ ဘုရား)။ အကုသိုလ်မရှိရင် မရဘူးလား၊ ရမှာလား (ရမှာပါ ဘုရား)။ လူတွေကကို ပေးချင်နေတယ်။

**အကုသိုလ်သာ မရှိပါ၊ လူတွေက ပေးချင်သတည်း။**

www.burmeseclassic.com

ဘာလုပ်ချင်တာမှ မရှိဘူး။ ကဲ သူ့ကို လာလာမပေးဘူးလား (ပေးပါတယ် ဘုရား)။ အဲဒီလို နေနိုင်ရတယ်၊ နေနိုင်တာ ဘာကံတုံး (ကံမရှိပါ ဘုရား)။ ကာယကံ မရှိဘူး။ ဝစီကံက လည်း မေတ္တာမပို့ရင် မှုန်းတတ်တယ်၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။

မနော‌ကံကလည်း ရှုံ့တတ်တယ်။ မနောကံရှုံ့ရင် ရှုံ့တာပေါ့၊ အဘိဇ္ဈာ မရှုံ့ဘူးလား (ရှုံ့ပါတယ် ဘုရား)။ အရိယာ တွေက ရှုံ့တယ်၊ ဒေါသကြီးတွေက သူတကာကို မတဲ့ရဲ့နဲ့ နေ့ဘ်။ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အဲဒါ ဘာကံတုံး (မနော ကံပါ ဘုရား)။ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခမှန်း သိသွားတယ်။

**ဒုက္ခမှန်းသာ သိလိုက်ပါ၊ အဲဒါ မသိသေးဘူး။ အရင်က ဘယ်သူက ဖုံးနေတုံး၊ ငါသူက ဖုံးနေတယ်။ ငါသူရှိနေရင် ဒိဋ္ဌိရှိနေတယ်။ ငါသူသာမရှိရင် ဒိဋ္ဌိမရှိဘူး။** ငါသူကို ဝိသုဒ္ဓိ မဂ်ဆရာက ရုပ်နာမ်နဲ့ ငါသူမရှိအောင် လုပ်တယ်၊ ဟုတ်ကဲ့ လား (မှန်ပါ့ဘုရား)။ ရုပ်နာမ်နဲ့ သမ္မသနဖြစ်အောင်လုပ်၊ ရုပ် နာမ်နဲ့ ဥဒယဗ္ဗယဖြစ်အောင်လုပ်တယ်။ သူက သီလ သမာဓိနဲ့ နိဗ္ဗာန်တွေကို ဖွင့်သွားတယ်။

တစ်ပြည်လုံး သိပေါကစပြီး အဲဒါတွေ လုပ်နေကြ တယ်။ အဲဒီလို ဂရုစိုက်ပြီးတော့ ဘုရား ဖြစ်တာ နှစ်ထောင့် ငါးရာဖြစ်လာပြီး ဘာဖြစ်လာသတုံး၊ ကုသိုလ်တွေဖြစ်လာပြီ၊ တရားတွေ ပထမတန်း ဖြစ်လာတယ်။

ကိုယ့်ကိုယ်ကိုယ် လောဘတွေ၊ ဒေါသတွေ၊ ကိလေ သာတွေငြိမ်းသလားဆိုတာ ဂရုစိုက်၊ အခု ငြိမ်းသွားပြီ။ ပဋိပတ်တို့ ပဋိဝေဓတို့ဆိုတာ ငှက်ခါးပျံသလို နိမ့်ချည်မြင့်ချည် ပဲ၊ ဟုတ်ကဲ့လား (တင်ပါ့ ဘုရား)။ တစ်ခါ တစ်ခါ အထက် တက်လိုက်၊ တစ်ခါ တစ်ခါ အောက်ဆင်းလိုက်။ ငှက်ခါး ပျံတာ မြင်ဖူးသလား (မြင်ဖူးပါတယ် ဘုရား)။

**ငှက်ခါးတွေသာ ပျံလိုက်ပါ၊**
**အနိမ့်အမြင့် ရှိ သတည်း။**

အခု ဘာတွေပျံနေတုံး၊ ငှက်ခါးတွေ ပျံနေတယ်။ ဟုတ်တယ် မဟုတ်လား (မှန်ပါ့ ဘုရား)။

**အရိယာတွေသာ ဖြစ်လိုက်ပါ၊**
**ငှက်ချိုတွေဟာ ဖြစ်သတည်း။**

အဲဒီလို ဆရာသမားပြောပြမှ ဒီဟာက နိဗ္ဗာန်၊ ဒီဟာ က သမုဒယ၊ ဒီဟာက ဒုက္ခ၊ ဒီဟာက နိရောဓ၊ ဒီဟာက မဂ္ဂလို့သိတယ်။ သစ္စာဆိုတာ လေးပါးဖြစ်သွားတော့ ကောင်း တာ၊ မကောင်းတာ လေးခု ဖြစ်သွားတယ်။ ကောင်းတာ အကျိုး၊ မကောင်းတာ အကျိုး၊ အဲဒီလို ဖြစ်သွားတယ်။

ဒိဋ္ဌိဆိုတာ ကောင်းသလား (မကောင်းပါ ဘုရား)။ အဘိဇ္ဈာ ကောင်းသလား (မကောင်းပါ ဘုရား)။ ဗျာပါဒ ကောင်းသလား (မကောင်းပါ ဘုရား)။ မကောင်းတာ ဘာ သစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။ ဟော သူ့အကြောင်းမဟုတ် ဘူးလား (မှန်ပါ့ ဘုရား)။ သူမရှိတော့ဘူးဆိုရင် ကောင်းသ လား၊ မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။ ဘာတုံး၊ နိဗ္ဗာန်၊ သူ မရှိဘူး၊ အဘိဇ္ဈာ ဗျာပါဒမရှိဘူးဆိုရင် နိဗ္ဗာန်ပေါ့ (မှန်ပါ့ ဘုရား)။

**မဖြစ်တာ၊ ဖြစ်တာ ဆိုသည်မှာ**
**နိရောဓဒုက္ခ ခေါ်သတည်း။**
**ဖြစ်ကြောင်း၊ မဖြစ်ကြောင်း ဆိုသည်မှာ**
**သမုဒယ မဂ္ဂ ခေါ်သတည်း။**

အဲဒီလေးပါးပဲ ရှိတယ်။ ကဲ ကံအကျိုး ဒုက္ခသမုဒယ ဟုတ်လား (မှန်ပါ့ ဘုရား)။ အဲလို လေးပါးရှိတယ်ဆိုတာ ငါ ဘုရား သိတဲ့တရားတဲ့။

မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါ တထာဂတေန အဘိ သမ္ဗုဒ္ဓါ၊ ငါဘုရားသိရင် မင်းတို့လည်း သိရမယ်တဲ့၊ အဲဒီလို ဟောတာ။ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။ ဘုရားကတော့ သစ္စာလေးပါး သိတယ်။ နင်တို့ကတော့ သစ္စာလေးပါးတွေ ဘယ်ရောက်နေတုံးဆို ဘယ်ရောက်မှန်း မသိဘူး၊ ဝမ်းထဲမှာ မရှိဘူး။ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။

အခု ဘယ်မှာရှိတုံး။ ဝမ်းထဲမှာ ရှိနေတယ်။ ရှိလို့ ငြိမ်း နေတယ်၊ မိစ္ဆာဒိဋ္ဌိလည်း မရှိဘူး။ ငါသူလည်း မရှိဘူး။ ငါသူ မရှိတော့ ရန်သူလည်းမရှိ ရန်ငြိုးလည်း မရှိတော့ဘူး။ အချစ်၊ အမုန်းလည်း မရှိပြန်ဘူး။လိုင်မတူရင် အချစ်၊ အမုန်းဖြစ် တယ်တဲ့။ အဲဒါတွေ မဖြစ်တော့ ဘူး။ အဲဒါလေးကို ရွတ်ဖတ် နေ။

ဒွေ မေ ဘိက္ခဝေ၊ ဆိုစမ်း (ဒွေ မေ ဘိက္ခဝေ)။ ဖတ် လိုက်စမ်း (အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော ဂါမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခု ကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာ ယ နိဗ္ဗာနာယ သံဝတ္တတိ)။

အေး၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်သွားပြီ၊ နိဗ္ဗာန်ဖြစ်သွားပြီ၊ သိလား။ နိဗ္ဗာန်ဖြစ်သွားပြီ၊ ဘာနဲ့ ဖြစ်သွားတုံးဆိုတော့ အကြားအမြင်နဲ့ ဖြစ်သွားတယ်။ နောက်ကျ ကိုယ်တွေ့နဲ့သိ ဖြစ်သွားတော့ ပထမတန်း ငြိမ်းချမ်း၊ ငြိမ်းချမ်းတာ ဘယ်မှာ ရှိတုံးဆိုတော့ အဲဒီသန္တာန်မှာ ငြိမ်းချမ်းလို့ချည်းနေတယ်။ ငြိမ်းချမ်းတာကြီးကို ဒကာမကြီးတို့က ဟိုသွားရှာ၊ ဒီသွားရှာ၊ ပိုက်ဆံတွေသွားရှာ တစ်ရာ တစ်ထောင်ရခဲ့တယ်။

အချို့ကျ သိန်း တစ်သိန်းတဲ့၊ သန်းဘယ်လောက်ရှိတုံး (သန်းတစ်သောင်းပါ ဘုရား)။ သန်းတစ်သောင်းကြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com

သွားထားမတုံး၊ ဘဏ်တိုက်သွားထား၊ သုံးပစ်တာပေါ့။ အနိစ္စကောင်၊ ဒုက္ခကောင် ထင်အောင် နှလုံးသွင်း အဲဒီလို ဟာတွေ ဖြစ်ကုန်တယ်။

နိဗ္ဗာနဆိုတာ ကိုယ့်စိတ်မှာ ငြိမ်တဲ့ဟာမျိုး။ သန္တာန် ဆိုတာ စိတ်အစဉ်ခေါ်တယ်။ ငြိမ်းနေတယ်ဆိုတာ ဘာတုံး ဆိုတော့ **ဟိုမကြဲ၊ ဒီမကြဲ မနောကံ နိဗ္ဗာန်သူ့မှာရှိသတည်း။**

ဟိုမကြဲ၊ ဒီမကြဲ နေတော့ နိဗ္ဗာန်မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။

ဟိုမပြော ဒီမပြော ငြိမ်းအေးသော သဘော နှုတ်မှာ ရှိသတည်း။

ဟိုမပြော၊ ဒီမပြော မပြောတာ ဘယ်သူမပြောတာ တုံး (ဝစီကံပါ ဘုရား)။ အဲဒီမပြောတာ နိဗ္ဗာန်၊ နိဗ္ဗာန်ရှိရဲ့ သားနဲ့ မတွေ့တာပါလို့ ဆိုမှပဲ။ မတွေ့တော့ ဟိုဟာလုပ် ဒီဟာလုပ် လုပ်ပါတယ်လို့ဆိုမှ။ ဟိုဟာလုပ် ဒီဟာလုပ်တော့ မငြိမ်းဘူးလို့ ပြောပါတယ်။

ငြိမ်းတာက သမထငြိမ်း ငြိမ်းတာ၊ ရူပငြိမ်း အရူပငြိမ်း ငြိမ်းတယ်။ နိဗ္ဗာန်ငြိမ်း ငြိမ်းတာ မဟုတ်ဘူး။ အဲဒီလို ပြော ရမယ်၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။ ကိလေသာချုပ်တာ နိဗ္ဗာန်ပေါ်တာကိုး။

ဒကာမကြီးတို့ စဉ်းစားလေ၊ သန္တိဋ္ဌိကော ဧဟိပဿိ ကော ဆိုတာ တရားဂုဏ်တော်၊ ဟိုဟာလည်း ငြိမ်ပါတယ်။ သမထငြိမ်၊ ရူပငြိမ်၊ အရူပငြိမ် မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ မြတ်စွာဘုရားက အတ္တကိလမထာ နုယောဂလို့ ဟောထား တော့ ဒါက မလွတ်ဘူး၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ လွတ် အောင်က ဓမ္မစကြာနဲ့သွားပြီးမှ အဲဒီလိုဖြစ်တော့ သစ္စာဉာဏ် ရောက်သွားတာ။

နောက်ကျ ခွဲခြမ်းလိုက်တာ ငြိမ်းတာ ဘာ ဘယ်လို၊ မငြိမ်းကြောင်းက ဘယ်လို၊ ကိုယ့်ဟာကိုယ် လုပ်လုပ်ကြည့် ကြည့်နေ။ မငြိမ်းကြောင်းက ယောက်ျားကြီးလား၊ အဲဒီလို မေး ယောက်ျားကြီးက ထရိုက်လိုက်တော့ ငြိမ်းသေးသလား (မငြိမ်းတော့ပါ ဘုရား)။ ဒကာမကြီးတို့က ရှာတာ ဘာရှာတုံး၊ ယောက်ျားကြီး ရှာတာ။

သားသမီးလေး မွေးလိုက်တော့ ငါ့ အင်္ဂလန်၊ အမေ ရိကန်သွားထား၊ ငြိမ်းရောဆိုပြီး မှတ်တာ။ ဘယ်ကလာ ငြိမ်း မတုံး၊ သူ့ဟာနဲ့သူ ကုန်ရော။ အိမ်လေးတောင်မှ လခလေး နဲ့ ပေးနေရတယ်။ ဒီက မအေကြီးက စောင့်စားလိုက်တာ။ ပြီးတော့ ကိုယ်ကချည်း ပေးရတယ်။ သူ့ဆီက ပြန်မလာဘူး။ အဲဒါ သုခရှာတာ မဟုတ်လား (မှန်ပါ့ ဘုရား)။ ကဲ တွေ့လား (မတွေ့ပါ ဘုရား)။ မတွေ့ဘူး။

တော်ကြာ သူတို့ အနိစ္စ ဒုက္ခရောက်မလား၊ ပူလိုက် ရတာ ဒီမယ် သေမတတ် ရှူး မတတ်၊ အချစ်ဆုံးတွေ ဖြစ်နေ တာကိုး။

အဲဒါလေး သုံးခေါက် လေးခေါက်ဖတ်၊ အမိပ္ပာယ်က အကောင်းကြီး အရှည်ကြီး၊ အမိပ္ပါယတ္ထ ခေါ်တယ်၊ အလို ရှိအပ်သော အနက်၊ ဒကာမကြီးတို့က နိဗ္ဗာန်လိုတယ် မဟုတ် လား (မှန်ပါ့ ဘုရား)။

အဲဒါ အလိုရှိအပ်သော အနက် ခေါ်တယ် အမိပ္ပါ ယတ္ထ၊ အဲဒါ ပါဠိကိုကျွမ်းမှ၊ ရှေ့နောက်တွေလည်း အနုသန္ဓေ စပ်မှ၊ ဒါမှ ညီညွတ်တယ်။ သို့မှုလို့ရှိရင် ဟိုရောက် ဒီရောက်။ ဒီက မဂ္ဂင်ရှစ်ပါးနဲ့ သီလ၊ သမာဓိ၊ ပညာကတစ်မျိုး။ ဟိုက ပါဠိ မောက်တွေ (၂၂၇)သွယ် စာထဲသာရှိတယ်၊ တကယ် လုပ်သလားဆိုတော့ ရလည်းမရဘူး။ ဒီမှာ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ ရှိရင် သီလတွေ အကုန်ပြည့်သွားတယ်။

ကဲ ဆဲရင် ဟိုက ၂၂၇ ပါးကြီးနဲ့ ဆဲနေ၊ ကလေးတွေ ရိုက်လိုက်တာမှ ဖန်းဖန်းနဲ့၊ ဒကာကြီးတွေလည်း သစ်းညည့်မှုး **ရင် လိုက်ရိုက်တာပဲ ရွာထဲမှာ။ သမ္မာဝါစာဆိုရင် လိုက်ရိုက် မလား (မရိုက်ပါဘူး ဘုရား)။**

ဒကာမကြီးတို့ ငယ်ငယ်က ရွာကဘုန်းကြီးကျောင်း တွေမှာ ဘုန်းကြီးရဲ့တပည့်၊ ဘုန်းကြီးကို လွတ်ကြောက်ရတယ်။ ဟဲ့ဆိုရင်ငြိမ်လို့ နောက်ကြောမှာ လျှိုးရာကြီးတွေနဲ့၊ ရွာထဲက ယောက်ျားကြီးတွေရော။

**တထာဂတေန အဘိသမ္ဗုဒ္ဓါ** ဆိုစမ်း (တထာ ဂတေ န အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ)။

အဲဒါ ဖြစ်ပြီလား (ဖြစ်ပါပြီ ဘုရား)။ မဇ္ဈိမပဋိပဒါ ကြီးက ဖြစ်ပြီ။ ပါးစပ်ကဖြစ်ရင် စိတ်ထဲက ဖြစ်ရမယ်။ အခု တော့ စိတ်တွေကတခြား၊ ပါးစပ်ကတခြား၊ ရွတ်တုန်းက ရွတ် ပါရဲ့၊ အသံကောင်းတဲ့ ကောင်မလေးတွေရှာ၊ နှစ်ဆယ် အစိတ် ဘုရားရှေ့၊ သူက ဟောတဲ့တရား၊ သူ့ရှေ့သွားရွတ်လို့ ဘယ် နှင်တို့က ဘာမှန်းလည်းမသိ၊ ညာမှန်းလည်းနဲ့ အဲဒီလိုဖြစ်တာ။

မျောက်ကြီး အုန်းသီးရသလိုတဲ့။ အုန်းသီးရတော့ အမြီးလေး နှစ်ခုကို ဆက်ထားပြီးတော့ ခေါင်းထဲစွပ်ပြီး ချည် ထားတာ။ သူက သစ်ပင် လှမ်းလှမ်းခုန်တာ၊ ဟိုကိုင်းဆွဲ ဒီကိုင်းဆွဲတော့ အဲဒီအုန်းသီးက ဘယ်ရိုက်တုံး (ကြောကုန်း ရိုက်ပါတယ် ဘုရား)။

ဒီတော့ ဘာနဲ့တူတုံး (မျောက်အုန်းသီး ရတာနဲ့ တူပါတယ် ဘုရား)။ နင်တို့ရတာက မျောက်ကြီးလို၊ ဓမ္မစကြာ ရတော့ရပါတယ်၊ အုန်းသီးကြီးနဲ့ တူနေတယ်၊ ဘာမှလည်း မသိ ညာမှလည်း မသိဘူး။

စက္ခုကရဏီ အမြင်သစ်ဆိုတာ ဘယ်လိုဟာမှန်း လည်း မသိဘူး။ မဇ္ဈိမပဋိပဒါဆိုတာ ဘယ်လိုဟာမှန်းလည်း မသိဘူး။ အလယ်အလတ်ဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတွေ ကို ခေါ်တယ်ဆိုတာ သူ့ဘာသာသူ ပြောတာ။ အဲဒါတွေက စက္ခုကရဏီ ဉာဏကရဏီဖြစ်သတဲ့။





www.burmeseclassic.com

www.burmeseclassic.com

အဘိဉာဏ် သမ္မော ခါယ၊ နိဗ္ဗာန်တောင် ရောက်တယ်။ နိဗ္ဗာန်ဘယ်လိုရောက်တုံး ဆိုတော့ အဲဒီ ကာယကံ ဝစီကံတွေ ငြိမ်းငြိမ်းသွားတယ်။

သမ္မာဝါစာဆိုတာ ဘာကံတုံး (ဝစီကံပါ ဘုရား)။ ဝစီကံတွေ ငြိမ်းသွားတာ သိလပေ့ါ။ ဒါ ကိုယ့်ဘာသာကိုယ် ငြိမ်းတာပဲ။

ဘယ်သူ မပြောပြော ကိုယ့်ဘာသာကိုယ် ငြိမ်းတာပဲ၊ မဆဲရင် ဘာသီလတုံး (သမ္မာဝါစာပါ ဘုရား)။ ဆဲရင် ဘာဝါစာတုံး (မိစ္ဆာဝါစာပါ ဘုရား)။ ကဲ မိစ္ဆာဒိဋ္ဌိနဲ့ မိစ္ဆာဝါစာ ဘာထူးတုံး (မထူးပါ ဘုရား)။ ဆယ့်နှစ်ပါးရှိတယ် မိစ္ဆာမဂ်တ၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တေ အကုန်ပါတယ်။ ရရင် အဲဒီလိုလုပ်၊ ရလည်းရ၊ ပါးစပ်ကလည်း မဆဲနဲ့။

**မမွစကြာရသောသူ၊ နှုတ်မှုမဆဲဖြစ်သတည်း။**

ဒကာမကြီးတို့ ဆဲသလား (မဆဲပါ ဘုရား)။

**မမွစကြာသိသောသူ ကာယကံတွေ မလုပ်ဖြစ်သတည်း။**

ကာယကံ ဝစီကံတွေ မလုပ်ဘူးဆိုရင် အရိယာမဖြစ်ဘူးလား ဖြစ်မှာလား (ဖြစ်မှာပါ ဘုရား)။ သူ့ဘာသာသူဖြစ်နေတယ်၊ သူ့ဘာသာသူဖြစ်သွားတာ။ နိဗ္ဗာန်၊ အနတ္တ၊ သူ့ဘာသာသူ ဖြစ်သွားတယ်၊ အဲဒီလိုရွတ်ရင်း ကြံပေး။ အသံတွေကောင်းအောင်၊ နတ်တွေကြားအောင်၊ ပိုက်ဆံတွေလာပေးအောင် ရွတ်တယ်။

အဲဒီလို မရွတ်နဲ့၊ ကာယကံ၊ ဝစီကံတွေ ငြိမ်းအောင်ရွတ်။ ကာယကံ၊ ဝစီကံငြိမ်းတာ နိဗ္ဗာန်ခေါ်တယ်၊ ဒါမှ တစ်ခါတည်း။

မြတ်စွာဘုရား၊ သိတော့ သူ့ဘုရားဖြစ်၊ တို့လည်း ဘုရားတပည့်ဖြစ်တာပေ့ါ၊ အရိယာသာဝကဖြစ်၊ အရိယာဖြစ်တယ်၊ အနရိယာ မဟုတ်ဘူး။ အနရိယာဖြစ်ရင် ဒုက္ခာဖြစ်တယ်။

ဂါမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂ္ဂမ္မတဲ့၊ အဲဒီနှစ်ခုကို ရှောင်လိုက်တဲ့။ သံမာဓိကောင်း ကောင်းတာတွေလည်း မလိုချင်နဲ့ဦးတဲ့။ ရူပဘုံရောက်လည်း အသက်ရှည်တယ်တဲ့။ အရူပဘုံကလည်း ရုပ်တွေကို မရှိတော့ဘူးဆိုရင် ကောင်းကင်ကြီးပဲရှိတော့တယ်။

ကောင်းကင်ကြီးမှာ ရုပ်ရှိသလား (မရှိပါ ဘုရား)။ မိုင်နှစ်ရာအထက်မှာ ရုပ်ရှိသေးသလား (မရှိတော့ပါ ဘုရား)။ လဟာပြင် သူ့ဘာသာသူ မျှောနေတယ်၊ ရုပ်မရှိဘူး၊ အာကာသ ခေါ်တယ်။

ရုပ်ရဲ့အကြား ပရိစ္ဆေဒ၊ အာကာသကို ပရိစ္ဆေဒရုပ် ခေါ်တယ်။ အင်္ဂါတွေကို ဘာဝရုပ် ခေါ်တယ်။ ပါးစပ်၊ မျက်စိ၊ နားတွေကို ဒွါရရုပ် ခေါ်တယ်။ ရုပ်တွေသိတော့ အဲဒီ ရုပ်တွေ လိုချင်ဦးမလား (မလိုချင်တော့ပါ ဘုရား)။ ကဲ မလို ချင်တော့ ဘာရတုံး၊ နိဗ္ဗာန်ရတာပေ့ါ။

ဒွါရရုပ်တွေ၊ ဆိုစမ်း (ဒွါရရုပ်တွေ)။ ပသာဒရုပ်တွေ (ပသာဒရုပ်တွေ)။ ပရိစ္ဆေဒရုပ်တွေ (ပရိစ္ဆေဒရုပ်တွေ)။ အကုသိုလ်ရုပ်တွေ (အကုသိုလ်ရုပ်တွေ)။ သူတကာ ရိုက်တယ်၊ သတ်တယ်၊ နွားတွေ သတ်တယ်၊ ဆိတ်တွေ ဝက်တွေဆိုရင် ကြိုးနဲ့တုပ်၊ ခြေထောက်ရော လက်ရော ကြိုးနဲ့တုပ်၊ အထက်မှာ ချိတ်နဲ့ဆွဲ၊ အောက်က ရေနွေးတွေ ဗွက်ဗွက်ဗွက်ဗွက်နဲ့ လွှတ်ချလိုက်၊ ကွိဆို အနိစ္စ ဒုက္ခ မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။

အဲဒါ ဘာကံတုံး (ကာယကံပါ ဘုရား)။ အဲဒီကံတွေ ငြိမ်းတယ်။ ဒကာမကြီးတို့ အဲဒီလို လုပ်ခိုင်းရင် လုပ်မှာလား (မလုပ်ပါ ဘုရား)။ မလုပ်တော့ အဲဒီလို အတုပ်မခံရတော့ဘူးတဲ့၊ ငရဲ မလွတ်ဘူးလား၊ လွတ်မှာလား (လွတ်မှာပါ ဘုရား)။ မလုပ်ရင် အတုပ်မခံရတော့ဘူး။ လုပ်ရင် (အတုပ်ခံရမှာပါ ဘုရား)။ မကြောက်ဘူးလား (ကြောက်ပါတယ် ဘုရား)။

အရိယာဆိုတာ အဲဒီလို မလုပ်တာကိုခေါ်တယ်။ စက္ခုကရဏီ၊ ဉာဏကရဏီ ခေါ်တယ်။ ဉာဏ်တွေထုတ် နိဗ္ဗာန် ဘယ်လိုရောက်မှန်း မသိဘူး။ ဉာဏ်ဖြစ်ပြီလား (ဖြစ်ပါပြီ ဘုရား)။

ပါးစပ်က မဆဲတာ၊ စိတ်ထဲက မိန်းမတွေကို သွားသွား မလုပ်တာ နိဗ္ဗာန်ခေါ်တာပဲ။ ဒါတွေ နိဗ္ဗာန်ခေါ်တာပဲ၊ နိဗ္ဗာနာယ သံဝတ္တတိဆိုတာ ဒါ ခေါ်တာပဲ။

တစ်ခါတည်း ဘယ်တွေလျှောက်ကြံလည်း မသိပါဘူး။ စာကတော့ ရှိပါရဲ့၊ အကြံက မလွဲဘူးလား (လွဲပါတယ် ဘုရား)။ လွဲတော့ သမ္မာသက်ပွဖြစ်သေးလား (မဖြစ်တော့ပါ ဘုရား)။ သမ္မာသက်ပွမဖြစ်တော့ နိဗ္ဗာန်ဖြစ်သေးလား (မဖြစ်တော့ပါ ဘုရား)။

အဲဒီမဂ္ဂင် မဇ္ဈိမပဋိပဒါ ဂရုစိုက်၊ အဲဒါကို ကျကျနန သင်ပေး။ ငါတို့ပြောတဲ့ဟာတွေ ကြံကြည့်၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ မကြံဘဲနဲ့ မပြောနဲ့၊ အဲဒီလိုဟာ ကိုယ့်ဘာသာကိုယ်ဂရုစိုက်လေ။ ဆဲတယ်၊ သူတကာကို ကာမဂုဏ် ကြံတယ်၊ သမ္မာသက်ပွ ဖြစ်သေးလား (မဖြစ်တော့ပါ ဘုရား)။ မိစ္ဆာသက်ပွ။

❒ ဘဒ္ဒန္တကုန္ဒောဘာသမထေရ်မြတ်
(အနိစ္စဆရာတော်)





www.burmeseclassic.com

www.burmeseclassic.com

မောင်လူသစ်


ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ

# တန်ခိုးကြီးမားး ဖောင်တော်ဦး မတ်ရပ်တော်ဘုရား

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ဆုတောင်းပြည့်ဝ၍ တန်ခိုးကြီးမားသော ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး တည်ရှိကြောင်းနှင့် ဘုရားကြီးသီတင်းသုံးရာ တန်ဆောင်းတော်ကြီးအတွင်း၌ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်သူမြတ်များ၏ ဓာတ်တော် မွေတော်များပါ ကိန်းဝပ်စံပယ်လျက်ရှိကြောင်း၊ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်သူမြတ်များ၏ ဓာတ်တော် မွေတော်များကို ဖူးမြော်ကြည်ညိုရခြင်းသည် သက်တော်ထင်ရှားမြတ်စွာဘုရားကို ဖူးမြော်ရသကဲ့သို့ အကျိုးကျေးဇူးကြီးမားလှသဖြင့် သွားရောက်ဖူးမြော်ရန် မဓမ္မမိတ်ဆွေတစ်ဦးဖြစ်သော စာရေးဆရာ တော်မြင့်(ငှက်ဖျား)မှကုသိုလ်ယူ တိုက်တွန်းသဖြင့် စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့သစ် (က+ခ)ရပ်ကွက်၊ က/၃ လမ်း အတွင်းရှိ ဖောင်တော်ဦး မတ်ရပ်တော် မြတ်စွာဘုရားကြီးကို သွားရောက်ဖူးမြော် ကြည်ညိုခဲ့ပါသည်။

မြန်မာမှု အနုလက်ရာများဖြင့် ပုံတွင်မြင်တွေ့ရသည့်အတိုင်း ကြီးမားခံ့ညား ထည်ဝါလှသော တန်ဆောင်းတော်ကြီးအတွင်း ကိန်းဝပ်စံပယ်လျက် အလွန်တရာ ကြီးမားလှသောကြောင့် စာဖတ်သူများလည်း ကြည်ညိုသဒ္ဓါပွားကာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး၏ သမိုင်းကြောင်းကို အကျဉ်းမျှ ရှာဖွေတင်ပြလိုက်ရပါသည်။

ဖောင်တော်ဦး မတ်ရပ်တော် မြတ်စွာဘုရားကြီးမှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ က/၃လမ်းအတွင်း လှိုင်မြစ်ကမ်းအနီးတွင်တည်ရှိ၍ အရှေ့ဘက်သို့ မျက်နှာတော်မူကာ ဒေသစာရိုးမြဲဒြာပဟန်ဖြင့် တည်ထားကိုးကွယ်ထားပါသည်။



ရှိသော ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီးကို ဖူးမြင်ရသည်မှာ ပကတိ သက်တော်ထင်ရှား မြတ်စွာဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်ရသည်နှင့်မခြား ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်လာပြီး ဝမ်းမြောက်ပီတိ ဂွမ်းဆီထိသို့ ကြည်နူးကျေနပ်စွာ ခံစားနေရပါသည်။

ထို့အပြင် ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါ ဖူးရခြင်း၊ ပူဇော်ရရန် ခက်ခဲလှသော ပရိနိဗ္ဗာန်စံလေပြီးဖြစ်သည့် မြတ်စွာဘုရားနှင့် တပည့် သာဝတာ ရဟန္တာအရှင်သူမြတ်များ၏ ကြွင်းကျန်ရစ်သော ဓာတ်တော် မွေတော်တို့ကို တစ်စုတစ်စေးတည်း ဖူးမြော်ရခြင်းမှာလည်း ကြုံကြိုက်ခဲလှစွာသော မဟာကုသိုလ်တော်ပင် ဖြစ်လေသည်။

ထို့ကြောင့် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးကို ဖူးမြော်ရသည်မှာ ဘုရားရှင်၏ ကိုယ်ပွားဆင်းတုတော်ဖြစ်သော ဥဒ္ဒိဿစေတီ၊ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်များကို ဖူးမြော်ရသဖြင့် ဓာတုစေတီ (သာရီရိကစေတီ) တို့ကို တစ်ပြိုင်နက်တည်း ကုသိုလ်ထူးစွာ ဖူးမြင်ရသဖြင့် အကျိုးကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တောင်တော်ဦး မတ်ရပ်တော်မြတ်စွာဘုရား သီတင်းသုံးရာ ခေတ်မီတန်ဆောင်းတော်ကြီး

ဘုရားကြီး ပေါ်ပေါက်လာပုံမှာ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တို့ ပေါင်းဆုံရာမှ အစပြုခဲ့လေသည်။ အကြောင်းတရားအစကား လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်က အင်းစိန်မြို့ ကမ်းနားအနောက်ရပ်ကွက်တွင် ဦးအာဒိစ္စ ခေါ် ဦးချယ်လီ ဆိုသူ ဂန္ဓာရီပုဂ္ဂိုလ်တစ်ဦး ရှိခဲ့လေသည်။ ထိုပုဂ္ဂိုလ်သည် ငယ်စဉ်ကပင် သက်သတ်လွတ်စား၊ တရားထိုင်၊ ပုတီးစိပ်၍ နဝင်္ဂသီလကို ဆောက်တည်ပြီး ဖိနပ်မစီး၊ထီးမဆောင်း၊ ပိတ်ဖြူစင်ကြယ် ဝတ်ကာ သူတော်ကောင်းတရား အားထုတ်နေသူ ဂန္ဓာရီ ပုဂ္ဂိုလ်ဖြစ်လေသည်။

ဤသို့ဖြင့် ဦးအာဒိစ္စ ခေါ် ဦးချယ်လီသည် အသက်(၆၅)နှစ်ရောက်၍ တစ်ခုသောညဉ့်အချိန်တွင် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့လေသည်။ သူ၏ အိပ်မက်တွင် မြတ်စွာဘုရားရှင်သည် ကရဝိက်ဖောင်ပေါ်တွင် နတ်မင်းကြီးလေးပါးနှင့်နဂါးများခြံရံကာ ဒေသစာရီ ကြွချီတော်မူလာကြောင်း၊ လှိုင်မြစ်မှနေ၍ ယခု ဘုရားကြီးတည်ရှိသည့် ဖောင်ဆိပ်အရောက်တွင် ဖောင်တော်ကို ခေတ္တရပ်ထားကြောင်း၊ ထို့အပြင် "အင်းစိန်မြေတွင် သာသနာပွင့်လင်းတော့မည်" ဆိုသည့်အသံကိုလည်း ပီပီပြင်ပြင် ကြားရသည်ဟု ဆိုပါသည်။

အိပ်ရာမှနိုး၍ အလွန်တရာ ဝမ်းသာပီတိဖြစ်ကာ မိမိအိပ်မက်ကို စဉ်းစားနေခိုက် "အဲဒီနေရာကိုသွား၊ ပုတီးစိပ် အဓိဋ္ဌာန်ဝင်၊ ဘုရားတည် သာသနာပြုပါ" ဟူသော တိုက်တွန်းလှုံ့ဆော်သံများကို နားထဲတွင် ကြားရသဖြင့် သူ၏မိတ်ဆွေ ရသေ့တစ်ပါးနှင့်အတူ အိပ်မက်ထဲမှ ဖောင်ဆိပ်နေရာသို့ လာခဲ့ကြတော့သည်။

ယခု ဘုရားကြီးတည်ရှိရာနေရာသည် ထိုစဉ်က လူသူမရှိသော ခရာဆူးတောကြီးသာ ဖြစ်လေသည်။ ထိုနေရာသို့ ရောက်သောအခါ မိမိအိပ်မက်ထဲမှ နေရာဖြစ်နေကြောင်း တွေ့ရသဖြင့် ဦးချယ်လီနှင့် ရသေ့ကြီးမှာ "ဤသာသနာ့အောင်မြေမှာ သာသနာ့ထွန်းကားစေအံ့" ဟု အဓိဋ္ဌာန်ပြုကာ ပိတ်ဖြူအလံကို စိုက်ထူလိုက်လေသည်။

ထို့နောက် ဦးချယ်လီသည် မိမိအိပ်မက်အား ကြို့ကုန်း ရာကျော်ဆရာတော် ဦးဒေဝသဒ္ဓမ္မကိတ္တိထံသို့ သွားရောက်လျှောက်ထားသည့်အခါ ဆရာတော်မှ ဘုရားတည်ရမည့်အကြောင်းနှင့် အချိန်အခါ နက္ခတ် ဗီဇနာပါဒ်ဖြင့် နက္ခတ်အကြိုက် ပန္နက်ရိုက်၍ အုတ်မြစ်ချလျှင် ကမ္ဘာလောကတစ်ခွင်လုံး ရဟန်းရှင်လူတို့ အံ့ဩမဆုံး ထူးခြားမည့်ဘုရား ဖြစ်မည်ဟု နိမိတ်ဖတ်ကာ ဘုရားကြီး




ဘုရားကြီးဝင်းထဲရှိ နဂါးရုံဘုရား



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားနှင့် ရဟန္တာများ၏ ဓာတ်တော်မွေတော်များ

ဥာဏနာရန် ဓာတ်တော်၊ ဓာတ် ဓာတ်လုံးများကိုပါ ပေးအပ်လိုက် ည်။


ငင်းပစ္စည်းများမှာ အညာသီဟ ရားမှ ဓာတ်တော်၊ သာယာဝတီ ဂူတော်မင်းကြီး တည်ထားခဲ့သည့် ဓာတ်တော်၊ သတ္တဌာနမြေ၊ ဝင်နှင့် ရွှေပလ္လင်ကို အောင်မြင် သည့် မြေနှင့် နဝရတ်လက်စွပ် တို့ဖြစ်လေသည်။ ထို့နောက် သည် သာယာကုန်းကျောင်း တော် ဦးဓမ္မိက၊ ပေါက်တော ဆရာတော် ဦးဓမ္မိကတို့နှင့် ၁၃၆၀ ပြည့်နှစ် အောက်တို ၂၇ ရက်၊ (၁၃၂၂ ခုနှစ် တန်



ဘုရားကြီးကို စောင့်ရှောက်နေသည့် ဘောဂဝတီနဂါးသိုက်မှ ညီအစ်မသုံးဦး

ဆောင်မုန်းလဆန်း ၉ ရက် နံနက် ၁၀ နာရီ) အချိန်တွင် စတင်ပန္နက်ချိုက်ထား တဲတစ်လုံးထိုးပြီး အဓိဋ္ဌာန်ဆောက် တည်ကာ ဘုရားတည်မည့် ဘုရားဒကာ ကို ပဋ္ဌာန်းဆက်ပေါ်သည်အထိ စောင့် ဆိုင်းခဲ့သည်မှာ တစ်နှစ်မျှပင် ကြာ ညောင်းခဲ့လေသည်။

ထိုအချိန်တွင် အင်းစိန်မြို့ ဈေး ကုန်းအနောက်ရပ်ကွက် သီရိလမ်း အိမ် အမှတ်-၈ တွင် နေထိုင်သည့် ဦးမြင့်+ ဒေါ်စန်းတင်တို့၏ သမီးကြီးဖြစ်သူ အသက်(၃)နှစ်အရွယ်ရှိ မခင်ဝင်းကြည် ဆိုသည့် ကလေးငယ်သည် ကလေးတစ် ယောက်နှင့် မတူဘဲ သားငါးမစား သစ်



ဘုရားကြီးကို စောင့်ရှောက်နေသည့် နဂါးကြီးလေးကောင် ရုပ်တု

သီးဝလံကိုသာစားပြီး အပြုအမူ အနေ အထိုင် ထူးခြားစွာ "ဘုရားတည်ပြီး ကိုး ကွယ်ချင်တယ်" ဟု မကြာခဏ ပြော လာလေသည်။

ပထမတွင် မိဘများမှ အမူမဲ့ အမှတ်မဲ့ နေခဲ့ရာ ကလေးမှ "ဘုရား တည်ချင်တယ်၊ လိုက်ပို့ကြပါ" ဟူသော စကားမှလွဲ၍ အခြားဘာမှမပြောတော့ ဘဲ အစာမစားတော့သဖြင့် ကျန်းမာရေး ပါ ချူချာလာတော့သည်။ ထို့ကြောင့် လူကြီးသူမများနှင့် တိုင်ပင်ပြီး ကလေး ဆန္ဒကို လိုက်လျောသောအားဖြင့် . .

"ကောင်းပြီ၊ သမီးဆန္ဒ ပြည့်ဝ စေရမယ်၊ ဒါပေမယ့် ဘယ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတည်မှာလဲ" ဟု မေးသောအခါ ကလေးက . . .

"သမီးကို ချီသွားပါ၊ သမီးနေရာ ပြမယ်" ဟု ပြောလေသည်။

ထို့နောက် ကလေးကို ချီ၍ ကလေးလက်ညှိုးညွှန်ရာသို့ တရွေ့ရွေ့ လာခဲ့ကြရာ ပိန္နဲကုန်းရပ်ကွက် တောမိ လမ်းဆွင် နတ်ကနားလေးနေသည်ကို တွေ့၍ ခေတ္တဝင်ကြည့်ရာ နတ်ကတော် အမေသိန်းမှ ကလေးကို လက်ညှိုးထိုး၍ . . .

"အောင်ပြီ အောင်ပြီ အောင်ပြီ၊ သာသနာပြုမယ့် ငါ့သမီးကလေး လာပြီ၊ သမီး အလိုရှိရာကို ပို့ပေးကြပေတော့" ဟု တိုက်တိုက်ဆိုင်ဆိုင် ပြောလာသဖြင့် စကျွန်စ်ကွင်း အလင်းမရရှာသည့် မျက်မမြင် နတ်ကတော် အမေသိန်းမှ ဤသို့ ပြောသည်ကို ဦးမြင့်တို့ ဇနီးမောင်နှံမှာ အလွန်အံ့သြသွားပြီး ဝမ်းမြောက်စွာဖြင့် တဖြည်းဖြည်းလျှောက်လာခဲ့ရာ ဦးချယ်လီ၏ တရားအားထုတ်ရာနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့တော့သည်။

ဦးမြင့်တို့ ဇနီးမောင်နှံမှာ ဤနေရာတွင် ဘုရားတည်ရန် ပန္နက်ရိုက်ထားမှန်း နဂိုက လုံးဝမသိခဲ့ကြပေ။ ထိုနေရာသို့ ရောက်သည့်အခါ "ဒီနေရာမှာ ဘာကြောင့် အလံဖြူစိုက်ထားပါသလဲ" ဟု မေးမြန်းရာ ဘုရားတည်ရန်အတွက် အလံဖြူစိုက်ထားကြောင်း ဦးချယ်လီတို့မှ ရှင်းပြကြလေသည်။

ဤသို့ဖြင့် အကျိုးအကြောင်း တိုက်ဆိုင်လာပြီး ဦးချယ်လီတို့မှ . . . "အောင်ပြီ အောင်ပြီ အောင်ပြီ" ဟု ကြွေးကြော်ကာ ဦးမြင့်တို့ ဇနီးမောင်နှံနှင့် တိုင်ပင်ဆွေးနွေးပြီး အခက်အခဲများကြားမှ ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်၊ ၁၃၂၃ ခုနှစ် နတ်တော်လဆုတ် ၅ ရက် နံနက် ၉ နာရီအချိန်တွင် အခြားဓမ္မမိတ်ဆွေများ ပူးပေါင်းပါဝင်ကာ ဘုရားတည်ခြင်းလုပ်ငန်း စတင်ခဲ့ကြပါသည်။

ဘုရားတည်ရမည့် မြေနေရာမှာ ကားလမ်းမရှိ ရေချိုမရှိ ရွှံ့နွံတော၊ ခရာဆူးတောဖြစ်၍၊ မြစ်နှင့်နီးသော်လည်း ရေငန်ဖြစ်၍ မဆလာဖျော်မရ၊ အုတ်သဲကျောက်များကို ကားဖြင့်သယ်မရဘဲ လူအားဖြင့် ခဲရာခဲဆစ် အဆင့်ဆင့် သယ်ယူကြရ၍ လုပ်ငန်းစတင်ချိန်မှစ၍ တစ်နှစ်ကျော်ကြာမှ လုပ်ငန်းပြီးစီးခဲ့ပါသည်။

ထိုသို့ ဘုရားကြီးတည်ပြီးသော်လည်း ဘုရားကြီးမှာ အမိုးအကာမရှိ လွင်ထီးထီးတွင် (၁၈)နှစ်ကြာမျှ ဆင်းရဲငြိုငြင်စွာ သီတင်းသုံးခဲ့ရပါသည်။ ထို့နောက်တန်ဆောင်းကြီးကိုတည်ဆောက်နိုင်ခဲ့ပြီး ဘုရားကြီးမှာ တန်ဆောင်းအတွင်း ကိန်းဝပ်စံပယ်ခဲ့ရပါသည်။ ဤသို့ဖြင့် နှစ်ပရိစ္ဆေဒ ကြာမြင့်လာသည့်အခါ ဘုရားကြီး၏ ခြေတော်ရင်းသို့တိုင် ဒီရေဝင်ရောက်ခြင်း၊ တန်ဆောင်းတော်ကြီးမှာ ဟောင်းနွမ်းအိုမင်း၍ မိုးမလုံတော့ခြင်း စသည့် လောကဓံတရားတို့ကြောင့် ဘုရားကြီးမှာ အရှေ့ဘက်သို့ ၂၅ လက်မခန့် ငိုက်သွားပြီး ကိုယ်လုံးတော်မှာ အက်ကြောင်းများထင်လာကာ တချို့အက်ကြောင်းများမှာ လက်တစ်လုံးခန့်ပင် ကြီးမားလာခဲ့ပါသည်။

ထိုသို့ ယိုယွင်းလာသည့်အခြေအနေအတွက် ဘုရားကြီးအား ပြန်လည်ပြုပြင်ရန် စီစဉ်နေဆဲမှာပင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ ဆူနာမီလှိုင်းကြီး လှုပ်ခတ်သည့်အခါ အံ့သြဖွယ်ရာ ရှေ့သို့ ၂၅ လက်မခန့် ငိုက်နေသော ဘုရားကြီး၏ ကိုယ်လုံးတော်မှာ ပြန်လည်တည့်မတ်သွားပြီး ဘုရားကြီး၏ ကိုယ်ပေါ်မှ လက်တစ်လုံးခန့် အက်ကြောင်းကြီးမှာ မူလပကတိအတိုင်း ပြန်စေ့သွားကြောင်း ထူးဆန်းစွာမြင်တွေ့ကြရသည်။ ဘုရားကြီး၏ ကြီးမားသော တန်ခိုးတော်ကို အံ့သြဖွယ်ရာ ဖူးတွေ့ကြရလေသည်။

ယခုအခါ အင်းစိန်မြို့ နံ့သာကုန်းရပ်ကွက်နေ ဒေါက်တာမောင်မောင်အေး + ဒေါ်ခင်မိမိလှိုင် (သီရိသုဓမ္မသိင်္ဂီ)တို့မှ သိန်းပေါင်းမြောက်မြားစွာအကုန်အကျခံ၍ခေတ်မီတန်ဆောင်းတော်ကြီးအား ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ဘုရားကြီးမှာ ပုံတွင်မြင်နေရသည့်အတိုင်း ခံ့ညားထည်ဝါသော ခေတ်မီ တန်ဆောင်းတော်ကြီးအတွင်း ချမ်းသာစွာ သီတင်းသုံးနေသည်ကို ဖူးမြော်ရသည်မှာ ကြည်နူးဖွယ်ရာ ဖြစ်ပါတော့သည်။

ထို့အပြင် ယခင်က လူသူမရှိသည့် ခရာဆူးတောတွင် ဘုရားတန်ခိုးတော်ကြောင့် သာသနိကအဆောက်အအုံများဖြင့် စိုပြည်စည်ကားနေသည်မှာလည်း သာသနာပွင့်လန်းမှု ပြယုဂ်ပင်ဖြစ်ပါသည်။

ယခုအခါ ဘုရားကြီးနှင့်တကွ ဘုရားကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူနေသည့် မြတ်စွာဘုရားနှင့် ရဟန္တာများ၊ ဓာတ်တော် မွေတော်များကို အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်တိလောကာဘိဝံသ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး စန္ဒကူးကျောင်းဆရာတော် အရှင်ပညာနန္ဒ (သာသနဓဇဓမ္မာစရိယ၊ သဒ္ဓမ္မဝံသပါလဓမ္မာစရိယ) မှ ဂေါပကအဖွဲ့နှင့်အတူ အနီးကပ်စောင့်ရှောက်လျက်ရှိသဖြင့် တန်ခိုးကြီးမားသော မတ်ရပ်တော်ဘုရားကြီးနှင့် ဖူးမြော်ရခဲလှသော မြတ်စွာဘုရားနှင့် ရဟန္တာအရှင်သူမြတ်များ၏ ဓာတ်တော်မွေတော်များကို တစ်စုတစ်ဝေးတည်း သွားရောက်ဖူးမြော်၍ လိုရာဆုတောင်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

❒ မောင်လှသစ်

ကျမ်းကိုး

၁။ ကိုးကွယ်မှုဆိုင်ရာ သိစရာနှင့် ဗုဒ္ဓသာသနာသမိုင်း၊ အရှင်တိလောကာဘိဝံသ (အင်းစိန်)။

၂။ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားသမိုင်း၊ မောင်မောင်အေး။



www.burmeseclassic.com

www.burmeseclassic.com



# အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်

(ရွှေပါရမီတောရ)

(...ခင်လမှအဆက်)

## မာရ်နတ်နှင့် မာရ်စိတ်

အရှင်ဘုရား . . .

မာရ်နတ် ဆိုသည်မှာ သီးခြားတည်ရှိသော နတ်...စ်ပါးမဟုတ်ဘဲ ခန္ဓာကိုယ်ရှိ အာရုံငါးပါးကို ခေါ်ခြင်းဖြစ်...ည်ဟု ထင်ပါသည်။ ဟုတ်၊ မဟုတ် ဖြေကြားပေးတော်မူ...ါ ဘုရား။

မောင်စံလွင်၊ မင်္ဂလာဒုံမြို့နယ်။

ဒကာ စံလွင်ရေ . . .

ဒကာစံလွင်ရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ ...တ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များစွာထဲက 'ဇိနဂုဏ်တော်' ...ို ချက်ချင်းသတိရလိုက်မိပါတယ်။ 'ဇိန' ဆိုတာ 'မာရ်ငါးပါး...ို အောင်မြင်တော်မူသော မြတ်စွာဘုရား' လို့ အဓိပ္ပာယ်...ရ...တယ်။

'ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာ...ဘုရား' လို့ အများစုသိထားကြတဲ့ 'ဘဂဝါဂုဏ်တော်' ရဲ့ ...ခြားအဓိပ္ပာယ်တစ်ခုကတော့ 'မာရ်ငါးပါးကို အောင်မြင်...တော်မူသော မြတ်စွာဘုရား' ပါပဲ။

မာရ်ဆိုတာ 'မာရ'ဆိုတဲ့ ပါဠိကနေ ဆင်းသက်လာတဲ့ ပါဠိသက် မြန်မာဝေါဟာရတစ်ခုပါ။ 'မာရ'ဆိုတာ 'သေခြင်း၊ သေစေခြင်း' လို့ အဓိပ္ပာယ်ရပါတယ်။ သေတတ်တဲ့သဘော၊ သေအောင်သတ်တတ်တဲ့သဘောကို မာရ (မာရ်)လို့ခေါ်ပါတယ်။ 'အသတ်သမား' လို့ပဲ ဆိုပါတော့။ လူကိုသတ်တဲ့ မာရ်ကို 'လူသတ်သမား'၊ စိတ်ကိုသတ်တဲ့ မာရ်ကို 'စိတ်သတ်သမား' လို့ ခေါ်နိုင်ပါတယ်။

လူကိုလည်း သတ်၊ စိတ်ကိုလည်း သတ်တတ်တဲ့ မာရ်က ငါးပါးရှိပါတယ်။ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်နဲ့ မစ္စုမာရ်တို့ပါပဲ။ ဒေဝပုတ္တမာရ်က 'သက်ရှိမာရ်'ဖြစ်ပြီး ကျန်တဲ့ မာရ်လေးပါးကတော့ 'သက်မဲ့မာရ်' ဖြစ်ပါတယ်။

'ဒေဝပုတ္တမာရ်' ဆိုတာ အားလုံးသိကြတဲ့ မာရ်နတ်သားကို ပြောတာပါ။ (ဒေဝပုတ္တ = နတ်သား) စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီနတ်ပြည်က ဖြစ်ပါတယ်။

'မာရ်နတ်မင်း' လို့ သူ့ကို 'မင်း' တပ်ပြီး ပြောကြပေမယ့် သူက ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို စိုးမိုးအုပ်ချုပ်ရတဲ့ အဓိက ပဓာန နတ်မင်းကြီး မဟုတ်ပါဘူး။ အဓိက အကြီးဆုံး နတ်မင်းက 'ဝသဝတ္တီနတ်မင်း'ရယ်လို့ သီးခြားရှိပါတယ်။ မာရ်



www.burmeseclassic.com

www.burmeseclassic.com

နတ်ကတော့ အဲဒီနတ်ပြည်ရဲ့ 'စင်ပြိုင်မင်း' လို့ ပြောရမှာပေါ့။ 'သူပုန်ဗိုလ်၊ ဓားပြဗိုလ်' လို့ ပြောရင်လည်း ရပါတယ်။ 'လူဆိုးဂိုဏ်းခေါင်းဆောင်' အဲလေ 'နတ်ဆိုးဂိုဏ်းခေါင်းဆောင်' လို့ ပြောရင် ပိုမှန်မယ်ထင်ပါတယ်။ 'အဖျက်သမားဂိုဏ်းချုပ်ကြီး' ပေါ့နော်။

မာရ်နတ်က သုံးဆယ့်တစ်ဘုံကို သူ့ရဲ့ပိုင်နက်လို့ သတ်မှတ်ထားသလို လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေကို လည်း သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းတွေလို့ ယူဆထားပါတယ်။ ကာမဂုဏ်ကြိုက်တဲ့ သတ္တဝါတွေကိုတော့ သူ့ရဲ့ဘက်တော်သား၊ သူ့ရဲ့ပါတီဝင်တွေလို့ အသိအမှတ်ပြုထားပါတယ်။

သူ့ပိုင်နက်ဖြစ်တဲ့ သုံးဆယ့်တစ်ဘုံမှာ သူ့အသင်းဝင်ဖြစ်တဲ့ သတ္တဝါတွေကို သူပိုင်ပစ္စည်းဖြစ်တဲ့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေနဲ့ ခံစားပျော်မွေ့နေကြတာပဲ သူမြင်ချင်ပါတယ်။ သံသရာကျင်လည်ကြောင်းအလုပ်တွေ လုပ်တာကိုပဲ သူနှစ်ခြိုက်ပြီး သံသရာလွတ်မြောက်ကြောင်းအလုပ်တွေ လုပ်တာကိုတော့ သူ လုံးဝသဘောမကျပါဘူး။

ရဟန်းပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်တစ်ယောက်ယောက် သံသရာပြတ်ကြောင်း အလုပ်လုပ်ပြီဆိုတာနဲ့ မာရ်နတ်က အဲဒီပုဂ္ဂိုလ် အဲဒီအလုပ် မလုပ်နိုင်အောင် နှောင့်ယှက်ဖျက်ဆီးတော့တာပါပဲ။

သူ့ရဲ့ နှောင့်ယှက်မှု အောင်မြင်သွားရင် အဲဒီပုဂ္ဂိုလ် သံသရာက မလွတ်တော့ပါဘူး။ သံသရာက မလွတ်ရင် ဘဝများစွာ ထပ်ကာထပ်ကာ သေရပါဦးမယ်။ အဲဒီလို သေရတာဟာ မာရ်နတ်ကြောင့်ဖြစ်လို့ သေအောင်လုပ်ရာရောက်တဲ့ မာရ်နတ်ကို 'မာရ = မာရ် = သတ်ဖြတ်သူ၊ ညှဉ်းပန်းနှိပ်စက်သူ' လို့ ခေါ်ပါတယ်။

'ကိလေသမာရ်' ဆိုတာကတော့ တစ်ထောင့်ငါးရာ ကိလေသာတရားတွေကို ပြောတာပါ။ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ၊ အစရှိတဲ့ ကိလေသာတရားတွေဟာ သူတို့ကို လက်ခံထားသူရဲ့စိတ်ကို ပူလောင်အောင်၊ ညစ်နွမ်းအောင်၊ ပင်ပန်းဆင်းရဲအောင် ညှဉ်းပန်းနှိပ်စက်တတ်တဲ့ အတွက်ကြောင့်ရော၊ သူတို့ရှိနေသမျှ သံသရာကမလွတ်ဘဲ တစ်သေတည်း သေနေရဦးမှာ ဖြစ်တဲ့အတွက်ကြောင့်ရော ကိလေသာတရားတွေကို 'မာရ=မာရ်' လို့ ခေါ်ပါတယ်။

'အဘိသင်္ခါရမာရ်' ဆိုတာကတော့ ပြုလုပ်အားထုတ်ထားတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို ပြောတာပါ။ (အဘိသင်္ခါရ = ပြုလုပ်အားထုတ်မှု) ကုသိုလ်ကံကြောင့် ကောင်းတဲ့ သုဂတိဘဝ ရောက်မယ်။ အကုသိုလ်ကံကြောင့် မကောင်းတဲ့ ဒုဂ္ဂတိဘဝ ရောက်မယ်။ ဘယ်ဘဝပဲရောက်ရောက် ရောက်ရာဘဝမှာ သေရမှာဖြစ်တဲ့အတွက် ဘဝအသစ် ထပ်ဖြစ်စေတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ ကံမှန်သမျှကို 'မာရ=မာရ်' လို့ ခေါ်ပါတယ်။

'ခန္ဓမာရ်' ဆိုတာကတော့ ရုပ်ခန္ဓာကိုယ်ကြီး ဘယ်ရုပ်ခန္ဓာကိုယ်ပဲဖြစ်ဖြစ်၊ ခန္ဓာပိုင်ရှင်ကို ပဋိသန္ဓေ အိုနာဒုက္ခတွေနဲ့ ညှဉ်းပန်းနှိပ်စက်တတ်တဲ့အပြင် နောက် မှာ သေခြင်းဒုက္ခနဲ့ အနားသတ်ပေးတဲ့အတွက် ရုပ်ခန္ဓာ ကြီးကို 'မာရ = မာရ်' လို့ ခေါ်ပါတယ်။

'မစ္စုမာရ်' ဆိုတာကတော့ သေခြင်းတရားပါပဲ။ ခြင်းတရားဟာ သေခါနီးသတ္တဝါကို ရောဂါဝေဒနာ လည်း နှိပ်စက်တတ်၊ သက်ရှိ သက်မဲ့ သံယောဇဉ်တွေနဲ့ ရမယ့်အရေး တွေးပြီး ပူဆွေးတဲ့ စိတ်ဆင်းရဲမှုဒဏ်နဲ့လ နှိပ်စက်တတ်၊ လားရာဂတိကောင်းဖို့ မသေချာလို့ ပူ ကြောက်ရွံ့မှုဒဏ်နဲ့လည်း နှိပ်စက်တတ်လို့ သေခြင်းတရား 'မာရ=မာရ်' လို့ခေါ်ပါတယ်။ သူကိုယ်တိုင်ကိုက သေအေ သတ်တတ်လို့လည်း 'မာရ=မာရ်' လို့ ခေါ်ပါတယ်။

အဲဒီမာရ်ငါးပါးထဲက တစ်ပါးတည်းသော သက်ရှိ ဖြစ်တဲ့ မာရ်နတ်ဟာ သူနေထိုင်ရာ ပရနိမ္မိတဝသဝတ္တီ ပြည်ကနေ လူ့ပြည်ကို ခဏခဏ ဆင်းဆင်းလာပြီး မြတ် ဘုရားရှင်ကိုရော၊ မြတ်စွာဘုရားရှင်ရဲ့ တပည့်သားသမီး ကိုပါ နည်းလမ်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးလေ့ တယ်။

မြတ်စွာဘုရားအလောင်းတော် တောထွက်တဲ့ည

'အသင်မင်းသား တောမထွက်ပါနဲ့၊ နောက်ခုနစ် ကြာရင် စကြာရတနာ ဆိုက်ပါလိမ့်မယ်၊ အသင်မင်း စကြာမင်းဖြစ်တော့မှာလေ၊ အခုလို ဆံပင်လေးတွေ မည်း ပြီး ငယ်ရည်ငယ်သွေး တောက်ပနေတဲ့အချိန်ဆိုတာ ဂုဏ်စည်းစိမ်တွေ မြိန့်မြိန့်ကြီး ခံစားရင်း ငြိမ့်နေရမယ့်အ လေ မင်းသားရဲ့၊ တရားအားထုတ်တယ်ဆိုတာ အိုမင်း တွပြီး လောကမှာ သုံးမရတဲ့အရွယ်ကျမှ လုပ်ရမယ့်အ မဟုတ်လား၊ နောက်ကြောင်းပြန်လှည့်ပါ၊ တောမထွက် လို့ မာရ်နတ်က တားမြစ်ခဲ့ပါတယ်။ (မာရ်နတ်ဝါဒကို ကြို တဲ့လူတွေ လောကမှာ အများကြီးရှိမယ် ထင်ပါရဲ့)။

မြတ်စွာဘုရား ဘုရားဖြစ်တဲ့အခါမှာလည်း . . .

'အရှင်ဘုရား၊ အရှင်ဘုရားဟာ ဘုရားဖြစ်ဖို့ ပါရမီ ဖြည့်ခဲ့တာ အခု ဘုရားဖြစ်ပြီလေ၊ သိစရာအားလုံး အ သိတဲ့ဘဝ ရောက်ပြီ၊ တော်ပြီပေါ့၊ ဘာဖြစ်လို့ မြို့တ ရွာအနှံ့လှည့်ပြီး တရားဟောနေဦးမှာလဲ၊ ကိုယ့်ကိစ္စ ကို အကျိုးပြီးပြီပဲ၊ ပရိနိဗ္ဗာန်စံတာ အကောင်းဆုံးပေါ့၊ အ ပရိနိဗ္ဗာန်စံလိုက်ပါတော့' လို့ မာရ်နတ်က သတ္တဝါတွေ ပိုင်နက်ထဲက လွတ်ထွက်သွားမှာ စိုးရိမ်တဲ့စိတ်နဲ့ တိုက်တွ ခဲ့ပါတယ်။

မာရ်နတ်ဟာ အတွေးအခေါ်ကောင်းတဲ့ ပုဂ္ဂိုလ် ယောက်လည်း ဖြစ်လေတော့ သူနှောင့်ယှက်ပြီဆိုရင် အ အားဖြင့် သဘောတရားတွေ၊ ဒဿနတွေနဲ့ ခုတ်ခုတ်





www.burmeseclassic.com

www.burmeseclassic.com

ဆင်ရေးလုပ်ပြီး နှောင့်ယှက်တာ များပါတယ်။ တစ္ဆေသရဲ ယောင်ဆောင်ပြီး ခြောက်လှန့်တာမျိုး၊ ဆင်ကြမ်းယောင်ဆောင်၊ ခြင်္သေ့ကြမ်းယောင်ဆောင်ပြီး ပြူးတူးပြဲတဲ ခြောက်လှန့်တာမျိုးလည်း ရှိလေရဲ့။

မြတ်စွာဘုရား ဘုရားဖြစ်မယ့် ညနေတုန်းကတော့ တက်နိုးအား၊ လက်နက်အား၊ စစ်သည်ဗိုလ်ပါ အခြံအရံအားတွေ အကြီးအကျယ်သုံးပြီး အပြင်းအထန် နှောင့်ယှက်ခဲ့ပါတယ်။ မုန်တိုင်းလက်နက်၊ မိုးလက်နက်၊ ကျောက်ခဲမိုးလက်နက်၊ ဓားလှံမိုးလက်နက်၊ မီးကျီးမိုးလက်နက်၊ ပြာပူမိုးလက်နက်၊ သဲပူမိုးလက်နက်၊ ညွှန်ပူမိုးလက်နက်၊ အမှောင်တိုက်လက်နက်၊ လက်နက်ကြီးကိုးမျိုး၊ နောက်ဆုံး အဏုမြူဗုံးထက် အဆပေါင်းများစွာ ပြင်းထန်တဲ့ မိုးကြိုးစက်လက်နက်။

မြတ်စွာဘုရားဟာ ဘုရားဖြစ်တဲ့နေ့မှာပဲ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ မာရ်ငါးပါးကို အကြွင်းမဲ့ အောင်မြင်တော်မူခဲ့ပါတယ်၊ ဒေဝပုတ္တမာရ်ကိုတော့ မေတ္တာတန်ခိုး၊ ပါရမီတော်တန်ခိုးနဲ့ အောင်မြင်တော်မူခဲ့ပါတယ်။ ကိလေသာမာရ်နဲ့ အဘိသင်္ခါရမာရ်ကိုတော့ အရဟတ္တမဂ်တန်ခိုးနဲ့ အောင်မြင်ခဲ့ပါတယ်။ ခန္ဓမာရ်နဲ့ မစ္စုမာရ်ကိုတော့ အကြောင်းဖြစ်တဲ့ ကိလေသမာရ်နဲ့ အဘိသင်္ခါရမာရ်ကို အောင်မြင်ခြင်းအားဖြင့် အောင်မြင်ခဲ့ပါတယ်။

မာရ်ငါးပါးမှာ ကိလေသာမာရ်ကို အောင်နိုင်ဖို့က အဓိကပါ။ ကိလေသာကင်းနေရင် မာရ်နတ်ရန်လည်း ကြောက်စရာ မလိုတော့ပါဘူး။ ကိလေသာကင်းနေရင် ကုသိုလ်ကံ၊ အကုသိုလ်ကံလည်း မဖြစ်တော့ပါဘူး။ ကံမှမရှိတော့ ဘဝလည်း ထပ်မဖြစ်တော့လို့ ခန္ဓာလည်း မရတော့ပါဘူး။ ခန္ဓာမရှိမှတော့ သေခြင်းတရားနဲ့လည်း ရင်ဆိုင်စရာ မလိုတော့ဘူးပေါ့။

ကောင်းတာလုပ်ရင် နှောင့်ယှက်ချင်တာ မာရ်နတ်ရဲ့ အကျင့်စရိုက်ပါ။ အခုခေတ်မှာ သူတစ်ပါး ကောင်းတာလုပ်တာကို နှောင့်ယှက်ဟန့်တားတဲ့သူ၊ သက်နှ်းအရေခြုံပြီး သာသနာ့ဝိဇ္ဇာ၊ ဂန္ဓာရီအလုပ်လုပ်သူ၊ ထေရဝါဒစစ်စစ်ထဲမှာ မဟာယာနဒရောထည့်၊ ဒီဝါဒရောထည့်နဲ့ အုတ်ရောရောကျောက်ရောရော ဖြစ်အောင်လုပ်သူ၊ သာသနာပြုလုပ်ငန်း တိုးတက်အောင်မြင်မှုကို နှောင့်နှေးအောင် လုပ်သူတွေကို 'မာရ်နတ်တွေ' လို့တင်စားပြီး ခေါ်နိုင်ပါတယ်။ မာရ်နတ်တွေလို့ မတင်စားချင်ဘူးဆိုရင်လည်း 'မာရ်နတ်ရဲ့ ပါတီဝင်တွေ' လို့ ခြင်းချက်မရှိ သတ်မှတ်နိုင်ပါတယ်။

ဦးဇင်းရဲ့ 'အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်' ဆိုတဲ့ဆောင်းပါး အင်တာဗျူးနယ်မှာ ပါလာပြီးနောက်ပိုင်း စာဖတ်သူငယ်တွေက 'အချစ်အကြောင်းလေးတွေ ထပ်ရေးပါဦး' လို့ တောင်းဆိုလာကြပါတယ်။ တစ်နည်း အချွန်နဲ့ ဝိုင်းမခဲ့ကြပါတယ်။

အခု မာရ်နတ်အကြောင်းပြောရင်း စကားစပ်လို့ 'အချစ်'ကို အဓိပ္ပာယ်တစ်မျိုး ဖွင့်ပါရစေ။ အချစ်ဆိုတာ တဏှာ၊ တဏှာဆိုတာ ကိလေသာ၊ ကိလေသာဆိုတာ မာရ်၊ ဒီတော့ အချစ်ဟာလည်း မာရ်ပဲပေါ့။ မာရ်ဆိုရင် သတ်တော့မယ်လေ၊ (မေတ္တာကိုရည်ညွှန်းတဲ့ အချစ်ကို မဆိုလိုပါဘူး။ အဲဒီအချစ်ကတော့ တစ်ဖက်သားရဲ့ ကောင်းကျိုးကို လိုလားတဲ့စိတ် သက်သက်ပါပဲ၊ အခုဟာက တွယ်တာနှောင်ဖွဲ့တဲ့ အချစ်ကို ဆိုလိုတာပါ။)

'အချစ်ဆိုတာ နှလုံးသားနဲ့ ဘဝကို သတ်ဖြတ်ဖျက်ဆီးပစ်တတ်တဲ့ မာရ်နတ်တစ်ပါးပါပဲ၊ ဖြူစင်သန့်ရှင်း အေးချမ်းကြည်လင်တဲ့ စိတ်ဓာတ်တွေ အကာန့်အသတ်မဲ့ ဘဝတိုးတက်မှုတွေကို နှောင့်နှေးယုတ်ညံ့ ချုပ်ဆုံးသွားစေတဲ့ အရာဟာ အချစ်ပါပဲ' လို့ အဓိပ္ပာယ်ဖွင့်ဆိုရင် အချစ်မှာ ပျော်ဝင်နစ်မြုပ် တိမ်းမူးတွေဝေချင်တဲ့ အချစ်ကြီးသူတွေ စိတ်များဆိုးလေမလား။

'နေဆယ်စင်းထက် ပြင်းတယ်၊ မင်း မာရ်နတ်မင်းရဲ့ သမီးလား' ဆိုတဲ့ သီချင်းစာသားရယ်၊ 'မင်း ငါ့ကို သတ်တယ်' ဆိုတဲ့ သီချင်းစာသားရယ်ကို သွားရင်းလာရင်း ကြားဖူးသလိုလိုပါပဲ။

မာရ်နတ်ရဲ့ အန္တရာယ်ထက် မာရ်စိတ် (ကိလေသာစိတ်)ရဲ့ အန္တရာယ်က ပိုပြီးကြောက်စရာကောင်းတာမို့ မာရ်နတ်ကို တွန်းလှန်နိုင်ဖို့ထက် မာရ်စိတ်ကို တွန်းဖြိုနိုင်ဖို့က ပိုပြီးအရေးကြီးပါတယ်လို့။

## ဝါပန်ခွင့်

*အရှင်ဘုရား . . .*

*ဝါတွင်းမှာ ရဟန်းသာမဏေများ ခရီးသွားခွင့် မရှိဘူးလို့ ကြားဖူးပါတယ်ဘုရား။ ဒါပေမယ့် ဝါတွင်းကြီး ခရီးသွားလာနေကြတဲ့ ရဟန်းတော်များကိုလည်း မြင်တွေ့နေရပါ၍ နားမလည်နိုင်ပါသောကြောင့် သံသယရှင်းအောင် ဖြေကြားပေးတော်မူပါ ဘုရား။*

*မောင်ဘုန်းမြင့်၊ လသာမြို့နယ်။*

ဒကာ ဘုန်းမြင့်ရေ . . .

ဒကာဘုန်းမြင့်ရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ ဝါတွင်းသုံးလ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ချက်ချင်းသတိရလိုက်မိပါတယ်။ ဝါဆိုစရာ ဝါတွင်းသုံးလရယ်လို့ မြတ်စွာဘုရား ပညတ်ချက်မထုတ်သေးခင် ကာလတွေတုန်းက ရဟန်းတော်တွေဟာ နွေ မိုး ဆောင်း ဥတုသုံးပါးလုံး အကြောင်းပေါ်ရင် ပေါ်သလို ခရီးသွားလာလေ့ ရှိကြပါတယ်၊ ရဟန်းတော်များ အချိန်မရွေး၊ ဥတုမရွေး ခရီးသွားလာနေကြတာကို လူဝတ်ကြောင်တွေက ကဲ့ရဲ့ရှုတ်ချကြပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

'ဒီရဟန်းတွေက ဘာဖြစ်လို့ ဥတုသုံးပါးလုံး ခရီးသွားလာနေကြရတာလဲ၊ မိုးတွင်းခရီးသွားတော့ စိမ်းစိုနေတဲ့ မြက်ပင်ငယ်၊ သစ်ပင်ငယ်တွေ အနင်းခြေခံကြရတာပေါ့၊ မြက်ပင်၊ သစ်ပင်တွေမှာလဲ အသက်ကိုယ်စီရှိတာမို့ သူတို့အသက်ကို မညှာမတာ ညှဥ်းဆဲရာ မရောက်ပေဘူးလား မြက်ပင်၊ သစ်ပင်တွေကြားမှာ ပိုးကောင် မွှားကောင်ငယ်လေးတွေလဲ ရှိတာမို့ သူတို့ခရီးသွားလာနေတဲ့အတွက် အဲဒီပိုးမွှားကောင်လေးတွေတော့ အများကြီး သေကျေပျက်စီးကုန်ကြပါပြီ၊ ရဟန်းတော်များ သိမ်ခံတတ်ဘာဝဲ'

ကြည့်ကြစမ်းပါဦး၊ တရားကောင်း တရားမှန်မရှိတဲ့ တိတ္ထိတွေတောင်မှ မိုးတွင်းလေးတော့ ကိုယ့်နေရာမှာကိုယ် ငြိမ်ငြိမ်ဝပ်ဝပ် နေကြသေးတယ်၊ တိရစ္ဆာန်ဖြစ်တဲ့ ငှက်တွေတောင်မှ သစ်ပင်·သစ်ခေါင်းတွေထဲက သူတို့ရဲ့ အသိုက်တွေမှာ တစ်မိုးတွင်းလုံး မိုးခိုကြပါသေးတယ်၊ ဘုရားသားတော် ရဟန်းတော်တွေက တိတ္ထိတွေနဲ့ ငှက်တွေလောက်တောင် မိုးတွင်းမှာ ငြိမ်ငြိမ်ဆိမ်ဆိမ် မနေနိုင်ကြဘူးလား'

လူဝတ်ကြောင်တွေက အဲဒီလို ကဲ့ရဲ့ရှုတ်ချကြတဲ့အတွက် မြတ်စွာဘုရားက မိုးတွင်းလေးလမှာ သုံးလမိုးခိုဖို့ (ဝါဆိုဖို့) ပညတ်တော်မူလိုက်ပါတယ်။ ရဟန်းတော်များလည်း မိုးတွင်းလေးလကို ရှေ့သုံးလ နောက်သုံးလ ပိုင်းပြီး ပထမဝါ၊ ဒုတိယဝါရယ်လို့ ဝါနှစ်မျိုး ခွဲခြားသတ်မှတ် ဝါဆိုတော်မူခဲ့ကြပါတယ်။

ပထမဝါက ဝါဆိုလပြည့်ကျော် တစ်ရက်ကနေ သီတင်းကျွတ်လပြည့်နေ့အထိ ဖြစ်ပြီး ဒုတိယဝါက ဝါခေါင်လပြည့်ကျော်တစ်ရက်ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ ဖြစ်ပါတယ်။ ပထမဝါ ဆိုဖို့ အကြောင်းမညီညွတ်တဲ့ ရဟန်းတော်များ ဒုတိယဝါ ဆိုကြရပါတယ်။ ပထမဝါ ဆိုတဲ့ ရဟန်းတော်များက ဒုတိယဝါ ဆိုဖို့ မလိုအပ်ပါဘူး။ ဝါထပ်တဲ့နှစ်တွေမှာ ပထမဝါဆိုလကို လုံးဝထည့်မတွက်ဘဲ ဒုတိယဝါဆိုလကိုပဲ ဝါဆိုလလို့ တရားဝင်သတ်မှတ်ပြီး ဝါစဆိုကြပါတယ်။

ဆဗ္ဗဂ္ဂီရဟန်းတွေ ဝါတွင်းခရီးထွက်ကြတာနဲ့ ပတ်သတ်ပြီး မြတ်စွာဘုရားရှင်က 'ပထမဝါပဲ ဆိုဆို၊ ဒုတိယဝါပဲ ဆိုဆို၊ ကိုယ်ဆိုထားတဲ့ ဝါတွင်းသုံးလ မကျွတ်မချင်း ဘယ်ရဟန်းမှ ခရီးမထွက်ရ၊ ထွက်တဲ့ရဟန်း ဒုက္ကဋ်အာပတ်·သင့်စေ'လို့ ပညတ်တော်မူထားပါတယ်။

ဒါပေမယ့် နောက်ပိုင်းမှာတော့ အကြောင်းတရား အမျိုးမျိုး ပေါ်ပေါက်လာတဲ့အတွက် မြတ်စွာဘုရားလည်း 'ဝါတွင်းကြီးဖြစ်ပေမယ့် မကြွမဖြစ်တဲ့ အကြောင်းကိစ္စတရားနဲ့အညီ ပေါ်ပေါက်လာရင် ခုနစ်ရက်ဝါပန်ပြီး ခရီးကြွနိုင်တယ်' လို့ တရားဝင် ခွင့်ပြုတော်မူခဲ့ပါတယ်။

'ခုနစ်ရက်အတွင်း ကိုယ့်ကျောင်းကိုယ် ပြန်လာမယ်' လို့ နှလုံးသွင်းလိုက်တာကို 'ဝါပန်ဘယ်' လို့ ခေါ်ပါတယ်။ ဝါပန်ပြီး ခရီးထွက်တဲ့ ရဟန်းဟာ ကိုယ်ဝါဆိုတဲ့ကျောင်းရဲ့ ဝါဆိုစည်း နယ်နိမိတ်ပြင်ပမှာ ခုနစ်ရက်ထက် ပိုမနေဘဲ ကိုယ့်ကျောင်းကိုယ် ပြန်လာရပါတယ်။

ဥပမာ - လဆန်း ၁ ရက်နေ့မှာ ဝါပန်ပြီး ခရီးထွက်တဲ့ရဟန်းဟာ လဆန်း ၇ ရက်နေ့မှာ ကိုယ့်ကျောင်းကိုယ် ပြန်ရောက်ရပါတယ်။ လူ့လောကမှာ ည ၁၂ နာရီကျော်ရင် နောက်တစ်ရက်စပေမယ့် ဝိနည်းလောကမှာတော့ အရုဏ်တက်ပြီးမှသာ နောက်တစ်ရက်စတဲ့အတွက် လဆန်း ၈ ရက်ရဲ့အစ အရုဏ်မတက်ခင် ဘယ်အချိန်ပြန်ရောက်ရောက် ရပါတယ်။ လဆန်း ၈ ရက်အစဦး အရုဏ်တက်ပြီးမှ ပြန်ရောက်ရင်တော့ ဝါကျိုးသွားပါတယ်။

ခုနစ်ရက်ဝါပန်ပြီး ခရီးသွားခွင့်ကလည်း 'ပင့်မှသွားခွင့်' နဲ့ 'မပင့်ဘဲ သွားခွင့်' ရယ်လို့ နှစ်မျိုးရှိပါတယ်။

'ပင့်မှသွားခွင့်' မှာ ပင့်ခွင့်ရှိသူတွေက ရဟန်း၊ ရဟန်းမ၊ သိက္ခမာန်၊ သာမဏေ၊ သာမဏေမ၊ ဥပါသကာနဲ့ ဥပါသိကာမတို့ပါပဲ။ ဒကာ၊ ဒကာမတွေပင့်မှ ဝါတွင်း ခရီးကြွခွင့်ရှိတာ မဟုတ်ပါဘူး။ ရဟန်းသာမဏေတွေက ပင့်လည်း ဝါတွင်း ခရီးကြွခွင့်ရှိတယ်ဆိုတာ သဘောပေါက်ရပါမယ်။

ပင့်ခွင့်ရှိတဲ့ အကြောင်းကိစ္စတွေကတော့ တရားမမှန်နဲ့ လျော်ညီတဲ့ အကြောင်းကိစ္စတွေ အားလုံးပါပဲ။ ဥပမာ - ရဟန်းသံဃာ၊ သို့မဟုတ် ရဟန်းအများ၊ သို့မဟုတ် ရဟန်းတစ်ပါးအတွက် ကျောင်း၊ ဇရပ်၊ လိုဏ်ဂူ၊ ကုဋီ၊ ရေတွင်း၊ ရေကန်၊ ခြံ၊ မြေ စသည် လှူဒါန်းလိုလို့ ပင့်ဖိတ်တာမျိုး၊ ရေစက်ချတရား၊ အနုမောဒနာတရား၊ အထူးတရား စသည် နာကြားလိုလို့ ပင့်ဖိတ်တာမျိုးတွေပါ။

ရဟန်းအတွက် လှူဒါန်းမှ မဟုတ်ပါဘူး။ ကိုရင်အများ သို့မဟုတ် ကိုရင်တစ်ပါးအတွက် လှူဒါန်းရင်လည်း နည်းတူပါပဲ။ အခုခေတ်မှာ မရှိတော့တဲ့ ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမတို့အတွက် လှူဒါန်းရင်လည်း နည်းတူပါပဲ။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေအတွက် လှူဒါန်း တာမျိုးကို ပင့်ဖိတ်မှသာ ဝါတွင်းကြွကောင်းတာမဟုတ်ပါဘူး ဒကာ၊ ဒကာမတွေက သူတို့နေဖို့၊ သူတို့သုံးဖို့ ဆောက်ထား တဲ့ အိမ်၊ ဇရပ်၊ ဈေးဆိုင်၊ လိုဏ်ဂူ၊ မီးဖိုချောင်၊ မီးတင်းကုပ် ရေတွင်း၊ ရေကန်၊ ခြံ၊ မြေ စသည် ဖွင့်ပွဲအထိမ်းအမှတ်လု လို့ ရဟန်းတော်တွေကို အလှူခံကြွဖို့၊ တရားဟောကြွဖို့ ဖိတ်ရင်လည်း ဝါတွင်းမှာ ဝါပန်ပြီး ခရီးကြွကောင်းပါတယ် (အိမ်တက်မင်္ဂလာ စသည်)

ကိုယ့်သား၊ ကိုယ့်သမီးရဲ့ ထိမ်းမြားလက်ထပ် (မင်္ဂလာဆောင်) ပင့်ဖိတ်ရင်လည်း ဝါပန်ပြီး ကြွကောင်း တယ်။ ကိုယ်ကိုယ်တိုင် နေထိုင်မကောင်းလို့ မကျန်းမမာ နာလို့ ပင့်ဖိတ်ရင်လည်း ဝါပန်ပြီး ကြွကောင်းပါတယ် ယတ္တိစာပေ သင်ယူချင်လို့ သင်ယူစေချင်လို့ ပင့်ဖိတ်ရင်လည်





www.burmeseclassic.com

www.burmeseclassic.com

ကြွကောင်းပါတယ်။ လူမှုရေးမဟုတ်တဲ့ ကုသိုလ်ရေး သမျှ ဘာကိစ္စကြောင့်ပဲပင့်ပင့်၊ ပင့်သူရှိရင် ခုနစ်ရက် ခရီးကြွကောင်းပါတယ်။

ပင့်သူဘက်က တစ်ခုသတိပြုရမှာကတော့ မိမိပင့်လို ကို 'ကပ္ပိယဝစန' လို့ခေါ်တဲ့ 'အပ်စပ်တဲ့စကား' နဲ့ ပါပဲ။ ဒါနပြုချင်လို့ (ဒါနဋ္ဌဒါတုံ)၊ တရားနာချင်လို့ သောတုံ)၊ ရဟန်းဖူးချင်လို့ (ဘိက္ခူစပဿိတုံ) ဆိုတဲ့ သုံးရပ် (တုံသုံးတုံ)နဲ့ပဲဖြစ်ဖြစ်၊ အဲဒီစကားသုံးရပ်ရဲ့ ယ်မျိုး သဘောသက်ရောက်တဲ့ ပရိယာယ်စကားတွေ ဖြစ် အပ်စပ်စွာ ပင့်ဖိတ်မှသာ ရဟန်းတော်များ ဝါတွင်း ဝါပန်ပြီး ခုနစ်ရက်တာ ခရီးကြွကောင်းပါတယ်။

တစ်ခုသော ဝါတွင်းကာလမှာ သံဃာတော်တွေ နေထိုင်တဲ့ သံဃိကကျောင်းတစ်ကျောင်း ပြိုကျပျက်စီး ပါတယ်။ ရတနာသုံးပါး ဆည်းကပ်တဲ့ ဒကာတစ်ယောက် တောထဲမှာ သူဖြတ်တောက်ခုတ်ထားတဲ့ သစ်တွေရှိတဲ့ 'အရှင်ဘုရားတို့ ကိုယ်တိုင်လာယူရင် ဒီသစ်တွေ တော်လှူပါ့မယ်ဘုရား' လို့ လျှောက်ထားပါတယ်။ လူကြုံလွှတ်ပြီး ရဟန်းတော် ကို လျှောက်ထားပါတယ်။

ရဟန်းတော်တွေက မြတ်စွာဘုရားကို လျှောက်တဲ့ မြတ်စွာဘုရားရှင်က 'သံဃာ့ကိစ္စဆိုရင်တော့ ဝါပန်ပြီး ခွင့်ပြုပါတယ်၊ ခုနစ်ရက်ပြည့်ရင်တော့ ပြန်လာရမယ်' ကြားတော်မူလိုက်ပါတယ်။ ဒါကြောင့် ရဟန်းသံဃာ တွေရဲ့ အရေးကိစ္စ (သံဃာ့ကိစ္စ)ကြောင့် ပင့်ဖိတ်တာဆို ဘာကိစ္စကြောင့်ပဲပင့်ပင့် ဝါပန်ပြီးကြွကောင်းပါတယ်။

'မပင့်ဘဲသွားခွင့်' မှာ ရဟန်းတစ်ပါး မကျန်းမမာ ဖျား နေတယ်၊ သာသနာ့ဘောင်မှာ မပျော်မွေ့ဘဲ ပျင်းရိနေ ဝိနည်းကုက္ကုစ္စ (ဝိနည်းသံသယ)ဖြစ်နေတယ်၊ အယူ နေတယ်၊ ကြီးလေးတဲ့ဝိနည်း အပြစ်သင့်နေတယ် စသည် ဖြင့် အကြောင်းတရား ဆယ်ပါး တစ်ပါးပါးဖြစ်နေတယ် ရင် ကာယကံရှင်က ကြွလာဖို့ မပင့်မဖိတ်လည်း ကိုယ့် သာကိုယ် ဝါပန်ပြီး ကြွကောင်းပါတယ်။ လူနာပြုစုခြင်း၊ သနာ့ဘောင်မှာ ပျော်မွေ့ဖို့ အားပေးစကားပြောခြင်း၊ ည်းသံသယ ဖြေရှင်းပေးခြင်း၊ တရားစကားပြောပေးခြင်း ည်ပြုလုပ်ပေးနိုင်ပါတယ်။

သာမဏေ (ကိုရင်)တွေမှာ မကျန်းမာခြင်း၊ မပျော်မွေ့ ရဟန်းခံလိုခြင်းဆိုတဲ့ အကြောင်းသုံးပါး တစ်ပါးပါး ရင်လည်း ကာယကံရှင်ကိုရင်က ပင့်ပင့် မပင့်ပင့် ဝါပန် ကြွကောင်းပါတယ်။

ဒကာဘုန်းမြင့်ရေ . . .

ဒီဝါတွင်း ပြီးခဲ့တဲ့ ဝါခေါင်လပြည့်နေ့တုန်းက ရန်ကုန် ဦးဇင်းရဲ့ ခမည်းတော်နဲ့ မယ်တော်က စာသင်တိုက်တစ်ခု အသက်နှစ်ဆယ်ပြည့် ကိုရင်တစ်ပါးကို ပဉ္စင်းလေးပါး ဒကာခံပြီး ရဟန်းခံပေးခဲ့ကြပါတယ်။ အဲဒီရဟန်းခံပွဲကို ခမည်း တော်က ဦးဇင်းကို ကြွလာစေချင်ပါတယ်။ သူ ရဟန်းခံပေး မယ့် ကိုရင်ကို သားဦးဇင်းကိုယ်တိုင် ကမ္မဝါဖတ်ပြီး ချီးမြှောက် စေချင်တယ်ပေါ့။

ဝါတွင်းမှာ ကိုရင်တစ်ပါး ရဟန်းခံရင် ရဟန်းခံကိစ္စ အတွက် ကူညီဆောင်ရွက်ပေးဖို့၊ သို့မဟုတ် ကမ္မဝါဖတ်ပေး ဖို့၊ သို့မဟုတ် သိမ်ဝင်သံဃာပြည့်အောင် ဖြည့်ပေးဖို့ ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဘယ်သူမှ မပင့်ဖိတ်လည်း ဝါပန်ပြီး ကြွကောင်းတယ်လို့ မြတ်စွာဘုရား မိန့်ကြားထားတဲ့အတွက် 'ဦးဇင်းကြွရင် ကားလာကြိုမယ်' လို့ ဖုန်းဆက်တဲ့ ခမည်းတော် ကို ဖုန်းထဲကနေပဲ 'ကားလာကြိုရင် ဦးဇင်းကြွမယ်' လို့ ကတိ ပေးလိုက်ပါတယ်။

ဒါပေမယ့် သွားမပင့်ဖို့ ကန့်ကွက်ပိတ်ပင်တဲ့သူတွေ ပေါ်လာလို့ ထင်ပါရဲ့၊ ရန်ကုန်ကနေ သည်းကို ကားလာမကြို ပါဘူး။ ရန်ကုန်က ကားလာကြိုမှပဲ သွားမယ်လို့ ဆုံးဖြတ်ထား တဲ့အတွက် ရဟန်းခံပွဲကို ဦးဇင်း မကြွဖြစ်လိုက်တော့ပါဘူး။ အမှန်ကတော့ ဘယ်သူမှ လာမပင့်လည်း ကြွကောင်းပါတယ်။ ကြွခြင်းကြောင့် ဘာအပြစ်မှ မဖြစ်ပါဘူး။ ဘာအာပတ်မှ မသင့်ပါဘူး။

လူဝတ်ကြောင်တွေ မကျန်းမမာ ဖျားနာတာနဲ့ ပတ် သက်ပြီး အဖေရင်း၊ အမေရင်း ဆိုရင်တော့ မပင့်ဖိတ်လည်း ကြွကောင်းပါတယ်။ ညီ၊ အစ်ကို၊ အစ်မ၊ နှမ၊ ဆွေမျိုး၊ ကပ္ပိယ၊ ဝေယျာဝစ္စကာရက စသည်တို့ဆိုရင်တော့ ပင့်ဖိတ်မှပဲ ကြွ ကောင်းပါတယ်။

ဝါပန်ပြီး ခရီးကြွတာနဲ့ ပတ်သက်လို့ အကျယ်သိချင် ရင်တော့ ဝိနည်းမဟာဝါပါဠိတော်နဲ့ အဋ္ဌကထာတွေမှာ ရှာ ဖွေလေ့လာနိုင်ပါတယ်။

တကယ်တော့ ဝိနည်းဆိုတာ ရဟန်းသာမဏေတွေ သာ သိသင့်တာ မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေလည်း သိသင့်ပါတယ်။ ဒါမှသာ 'တပည့်လိမ္မာ ဆရာအာပတ်လွတ်' ဆိုတဲ့ စကားအတိုင်း သာသနာပြုလုပ်ငန်းတွေကို အပ်အပ် စပ်စပ်နဲ့ နှံ့နှံ့စပ်စပ် ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဝိနည်းနဲ့အညီ လုပ်တဲ့ ရဟန်းတော်တွေကို ဝိနည်းနားမလည်ဘဲ ရမ်းသန်း ကဲ့ရဲ့မိလို့ ရလာမယ့် အကုသိုလ်အပြစ်ဆိုးမျိုးတွေကလည်း လွတ်မြောက်နိုင်ပါလိမ့်မယ်လို့။

(ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက




www.burmeseclassic.com

www.burmeseclassic.com

# နေရစ်တော့ မာရာဏသီ (၁)

## ဒေါက်တာဇော်ဇော်မင်း



ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီး



ဗုဒ္ဓဂယာ၌ တည်ထားသော ဂျပန်ဆင်းတုတော်ကြီး

စာရေးသူသည် အထက်တန်း ကျောင်းသားဘဝ ကတည်းက ခရီးသွားမှတ်တမ်း စာပေ ဆောင်းပါးများကို နှစ်ခြိုက်စွာ လေ့လာဖတ်ရှုခဲ့ပါသည်။ သိပ္ပံမောင်ဝ၏ အောက်စဖို့ဒ်မှတ်တမ်း၊ဆရာကြီးဒေါက်တာလှဖေ၏ခရီးသွားမှတ်တမ်းဆောင်းပါးများကို ဖတ်ရှုပြီး နှစ်သက်အားကျမိခဲ့ပါ၏။

စာရေးဆရာ မြသန်းတင့်က ခရီးသွားစာပေနှင့် ပတ်သက်၍ သူ၏ အမှာစာတစ်ခုတွင် "ခရီးသွားဆောင်းပါးတစ်ခုသည် ပန်းချီဆရာ၏ ပုံကြမ်းစာအုပ်နှင့်တူကြောင်း၊ သူ၏ ဆောင်းပါးထဲတွင် နောက်ခံရှုခင်းအဖြစ် သမိုင်းကြောင်းနည်းနည်းပါးပါး တွေ့ကောင်းတွေ့ရမည်ဖြစ်ကြောင်း သူတွေ့ခဲ့သည့်သူများ၏ ပုံပန်းသဏ္ဌာန်၊ အကျင့်စရိုက်တို့ကို တစ်ပိုင်းတစ်စ တွေ့ကောင်းတွေ့ရမည် ဖြစ်ကြောင်း၊ တောတောင်အလှအပ သဘာဝတို့ကို မြင်ကောင်းမြင်ရမည်ဖြစ်ကြောင်း" ရေးသားဖော်ပြခဲ့သည်။


စာရေးသူသည် ဆရာမြသန်းတင့်၏ 'ပုံတောင်ပုံညာ သွား တောလား' ကို ဖတ်ရှုခဲ့ရ၍ ပုံတောင်ပုံညာ ယောနယ်မြေဒေသကို သွားရောက်ရန် စိတ်အားထက်သန်ခဲ့၏။ စာရေးသူသည် ပခုက္ကူတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ပုံတောင်ပုံညာ၊ ယော၊ ဆော၊ ဂန့်ဂေါ၊ ထီးလင်း ဒေသသို့ တစ်လနီးပါးခန့် ခရီးလှည့်လည်ခဲ့ဖူးပါသည်။ ယော၊ ဆော ဒေသ၏ ယဉ်ကျေးမှု ဓလေ့စရိုက် သဘာဝပတ်ဝန်းကျင် ဒေသန္တရဗဟုသုတ များများရရှိခဲ့၏။

စာရေးသူ ငယ်စဉ်က အဘွားဖြစ်သူ ကျောင်းအုပ်ဆရာမကြီးသည် လသာသည့်ညများတွင် အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ မြေးများကို စုဝေးထိုင်စေပြီး ဗုဒ္ဓဝင်နိပါတ်တော်များကို ပြောပြလေ့ရှိ၏။ ထိုစဉ်ကတည်းက မြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ်နှင့်ပတ်သက်၍ နားရည်ဝနေခဲ့သည်။ တရားဘုန်းတော်ကြီး ရှင်ကျင်း၏ သက်စွန့်ဆံဖျား သွားရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



# မြတ်စွာဘုရား စင်္ကြံကြွတော်မူသော
# ရတနာစင်္ကြံ သတ္တာဟ နေရာဌာန

အနောက်မဖျိမခရီး (JOURNEY TO THE WEST) ည်း စာရေးသူအား ဗုဒ္ဓဘာသာ ခမ္မခရီးသို့ သွားဖြစ် ဆောင်နိုင်ခဲ့ပါ၏။

စာရေးသူသည် ပြည်ပခရီးများကို ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဗီယက်နမ် စသည့် ိုင်ငံများသို့ သွားရောက်ခဲ့ဖူးပါသည်။ သို့သော် စာရေး ညာရေးမှ အငြိမ်းစားယူပြီး သွားရောက်ခဲ့သော ဗုဒ္ဓ သို့ (၁၂)ရက်ကြာခရီးသည် အခြားခရီးစဉ်များနှင့် လုံးဝ သော လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုး များ ရရှိခဲ့သည့် ထူးခြားသော ဓမ္မခရီးတစ်ခု ဖြစ်ပါ ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်ခဲ့ဖူးသူ ထောင်သောင်း ှိသော်လည်း တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံ ဗဟုသုတ ည်မဟုတ်ချေ။ စာရေးသူ ရောက်ခဲ့သော အနောက် ဒေသခရီး၊ အတွေ့အကြုံ၊ သုတ၊ ရသအပြင် ဗုဒ္ဓဘာသာ နှာ ယဉ်ကျေးမှုနောက်ခံသမိုင်းတို့ကို လမ်းလှမ်းမိ တင်ပြလိုသော အရင်းခံသက်သက်သာ ဖြစ်ပါသည်။

## ရန်ကုန်မှ ဗုဒ္ဓဂယာ

စာရေးသူ၏ မိသားစုသည် ဗုဒ္ဓဂယာသို့ ဘုရားဖူးရန် အဖွဲ့ အမျိုးမျိုးကို ဆက်သွယ်စုံစမ်းခဲ့ပါသည်။ လှိုင် မြို့နယ် ဓမ္မာရုံလမ်း၌ တည်ရှိသော ရွှေလက်မှတ်ဘုရားဖူး အဖွဲ့ (GOLDEN PASS TRAVEL & TOUR) နှင့် ဆက်သွယ်မိ၍ ဒီဇင်ဘာလထဲ၌ ထွက်ရန် ဆုံးဖြတ်လိုက်ပါ သည်။ ရွှေလက်မှတ်အဖွဲ့မှ စာရေးသူတို့၏ PASSPORT နှင့် VISA ကိစ္စများကို တစ်လကြိုတင်ဆောင်ရွက်ပေး၏။ စာရေးသူတို့ မိသားစုအပါအဝင် စုစုပေါင်း ဘုရားဖူးအဖွဲ့ဝင် ခုနစ်ဦးသာ လိုက်ပါမည်ဖြစ်ကြောင်း သိရ၍ ဝမ်းသာသွားခဲ့ သည်။ ဒီဇင်ဘာ တတိယပတ်သည် အလွန်အေးသောအချိန် ဖြစ်၍ အနွေးထည်နှင့် ခေါင်းစွပ်၊ လက်အိတ်၊ မာဖလာ စသည်တို့ ပြည့်စုံအောင် စီစဉ်ရပါသည်။

၂၂. ၁၂. ၂၀၁၂ နံနက် ၉ နာရီတွင် စာရေးသူတို့ မိသားစုအပါအဝင် ရွှေလက်မှတ်ဘုရားဖူးအဖွဲ့ ခုနစ်ဦးနှင့် Guide အမျိုးသမီးငယ်တစ်ဦးတို့သည် ရန်ကုန်အပြည်ပြည် ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိကြ၏။ MAI လေ ကြောင်းခရီးစဉ်သည် ဂယာသို့ ပုံမှန်အားဖြင့် ၁၀ နာရီခွဲတွင် ပျံသန်းရမည်ဖြစ်၏။ သို့သော် ဂယာလေဆိပ်၌ ရာသီဥတု အလွန်ဆိုးနေပြီး နှင်းများ ထူထပ်စွာကျနေသောကြောင့် ဂျက်လေယာဉ် အချိန်မှန် မပျံသန်းနိုင်။ စာရေးသူတို့ ဘုရား ဖူးအဖွဲ့ ရန်ကုန်လေဆိပ်၌ သုံးနာရီခန့် အချိန်နှောင့်နှေးခဲ့ရ ၏။ MAI လေကြောင်းနှင့် လိုက်ပါမည့် ဗုဒ္ဓဂယာ ဘုရားဖူး





www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ အားလုံးကို မြန်မာ့လေကြောင်းမှ နေ့လယ်စာ ခေါက်ဆွဲကြော်တစ်ဘူးစီ ကျွေးပါသည်။ နေ့လယ် ၁ နာရီထိုးမှ လေယာဉ်ဆိုက်လာ၏။ စာရေးသူတို့ ဘုရားဖူးအဖွဲ့များ ဂယာသို့ထွက်မည့် လေယာဉ်ပေါ်သို့ တန်းစီ၍ တက်ခဲ့ကြပါသည်။

နေ့လယ် ၁ နာရီခွဲတွင် ဘုရားဖူးအဖွဲ့များအား တင်ဆောင်သော MAI ဂျက်လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စတင်ပျံသန်းခဲ့ပါသည်။ ရန်ကုန် ရာသီဥတုက သိပ်မအေး၍ အနွေးထည်များ ချွတ်ထားရသည်။ လေယာဉ်ပျံသန်းပြီး နာရီဝက်ခန့် ကြာသောအခါ လေယာဉ်မယ်လေးများက သမင်ဘူးများ ကျွေးမွေးပါသည်။ ရန်ကုန်မှ အိန္ဒိယနိုင်ငံ ဂယာလေဆိပ်သို့ ပျံသန်းချိန် နှစ်နာရီကြာမြင့်သည်။ အိန္ဒိယစံတော်ချိန်သည် ၁ နာရီ နောက်ကျသောကြောင့် မွန်းလွဲ ၂ နာရီခွဲတွင် ဂယာလေဆိပ်သို့ ချောမောစွာ ဆိုက်ရောက်ပါသည်။


ဂယာလေဆိပ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ထက် များစွာငယ်၏။ အဆောက်အအုံမှာလည်း မဟာယာနတိဗက်ဘုန်းကြီးကျောင်း၏ ဒီဇိုင်းပုံစံကို အတုယူ၍ ဆောက်လုပ်ထားခြင်း ဖြစ်မည်။ ဂယာလေဆိပ်၏ အတွင်းသို့ ရောက်ရှိသောအခါ ဘုရားဖူးခရီးသည်များ လူဝင်မှုကြီးကြပ်ရေး ကောင်တာများ၌ တန်းစီ၍ စစ်ဆေးမှုခံကြရ၏။ ဂယာလေဆိပ်မှ အိန္ဒိယလူမျိုးဝန်ထမ်းများမှာ ဆက်ဆံရေး ညံ့ဖျင်းပါသည်။ မလိုအပ်ဘဲ ခရီးသည်တစ်ဦးချင်းကို အချိန်ဆွဲ၍ စစ်ဆေးပြီး ပညာပြနေကြသည်။ ဘုရားဖူးအားလုံးက ဗုဒ္ဓဂယာသို့ ဘုရားဖူးရန်သက်သက် လာခြင်းဖြစ်၍ မိမိအလှည့်ရောက်သည်အထိ သည်းခံ၍ စောင့်ဆိုင်းကြရသည်။

အချိန် တစ်နာရီခန့် ကြာမြင့်မှ ပစ္စည်းရွေးသော နေရာသို့ ရောက်ကြ၏။ စာရေးသူတို့အဖွဲ့မှ အသက်ကြီးသော အဘွားတို့အား အရင်သွားနှင့်စေပြီး ခရီးဆောင်အိတ်များကို ရွေးချယ်၍ တွန်းလှည်းနှစ်ခုပေါ်သို့ စုတင်ရသည်။ စာရေးသူနှင့် ဇနီးတို့က လေဆိပ်ထွက်ပေါက်ရောက်သည်အထိ တွန်းယူခဲ့ပါသည်။

## ဂယာလေဆိပ်မှ ဗုဒ္ဓဂယာမြန်မာကျောင်း

စာရေးသူတို့ဘုရားဖူးအဖွဲ့အား အသက်(၄၀)ဝန်းကျင်၊ ဝါတော်(၂၀)ခန့် ဦးဇင်းတစ်ပါးနှင့် တပည့်လူငယ်တစ်ဦး လာရောက်စောင့်ကြိုနေပါသည်။ Guide အမျိုးသမီးငယ်က ဘုရားဖူးအဖွဲ့အား ဦးဇင်းနှင့်မိတ်ဆက်ပေးပါသည်။ ဦးဇင်း၏ဘွဲ့မည်မှာ အရှင်တေဇာလင်္ကာရ ဖြစ်၍ ဂယာရှိ မဂဓတက္ကသိုလ်၌ M.A ဘွဲ့လွန် တက်နေဆဲဖြစ်ပြီး ဗုဒ္ဓဂယာ ခရီးစဉ်(၁၂)ရက်တွင် ခေါင်းဆောင်၍ အဖွဲ့အတွက် စီမံပေးမည်ဖြစ်ကြောင်း ပြောပါသည်။

ဦးဇင်း၏ အစီအစဉ်ဖြင့် ကားနှစ်စီးပေါ်သို့ ပစ္စည်းများခွဲဝေတင်ဆောင်ပြီး ဂယာလေဆိပ်မှ ထွက်ခဲ့ကြပါသည်။ လေဆိပ်မှ ထွက်လာသော လမ်းခရီးတွင် ဂယာတက္ကသိုလ်၊ ဂယာလေတပ်စခန်းနှင့် စာသင်ကျောင်းများ တွေ့မြင်ရ၏။ ထို့ပြင် လမ်းဘေးတစ်လျှောက်တွင် ခံ့ညားထည်ဝါသော မဟာယာန တိဗက်၊ တရုတ်၊ ဂျပန် ဘုန်းကြီးကျောင်းများနှင့် ထေရဝါဒ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ ဘုန်းကြီးကျောင်းများကို တွေ့ရပါသည်။ မိနစ် ၂၀ ခန့် မောင်းလာပြီးနောက် ဂယာမြို့တွင်းသို့ ရောက်ရှိပါသည်။



မြတ်စွာဘုရား ဒုက္ခရစရိယာ ပြောက်နှစ်ကျင့်ခဲ့သော ဥရုဝေလတောင်ပေါ်ရှိ လိုဏ်ဂူရှေ့၌



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယတိုင်း ရင်းသားများ စည်ကားရှုပ်ထွေးသော ခန်း၏တစ်ဖက်တွင် မြန်မာ့အနုပညာဒီဇိုင်းနှင့် မြန်မာ ဘုန်းတော်ကြီးကျောင်းကို မြင်လိုက်ရ၍ ဝမ်းသာသွားရပါ၏။

ဦးဇင်းမှရှေ့ဆောင်၍ စာရေးသူတို့အဖွဲ့အား ကျောင်း အတွင်းသို့ ခေါ်ယူ၍ ကြိုတင်နေရာယူထားသော အခန်း ကျဉ်း နှစ်ခန်း၌ နေရာချထားပေးပါသည်။ ဦးဇင်းက ဟိန္ဒူ ဘုန်းသားမ နှစ်ဦးအား ခေါ်ယူ၍ အခန်းသန့်ရှင်းရေး လုပ်ခိုင်း ၏။ တည်းခိုဆောင်တွင် စာရေးသူတို့ မိသားစုမှ တစ်ခန်းနှင့် ကျန်ဘုရားဖူး အဘွားများက တစ်ခန်းနေကြပါသည်။

ရန်ကုန်မှ လေယာဉ်တစ်စင်းတည်း ပါလာသော ကျန် ဘုရားဖူးအဖွဲ့ သုံးဖွဲ့သည်လည်း လစ်လပ်သောအခန်းများ၌ တည်းခိုကြပါသည်။ အချိန်လင့်သွားပြီဖြစ်၍ နောက်တစ်နေ့မှ ဘုရားဖူးရန် ယနေ့ ကျောင်းမှာ အေးအေးဆေးဆေး အနား ယူကြရန် မှာကြား၍ ဦးဇင်းက တပည့်နှင့်အတူ ပြန်ကြွသွား ပါသည်။

ညနေ ၅ နာရီခွဲခန့်တွင် ဆွမ်းစားဆောင်ဘက်မှ ခေါင်းသံကြားရ၏။ Guide အမျိုးသမီးငယ် ဦးဆောင်၍ ဘုရားဖူးအဖွဲ့ဝင်များ ညစာစားရန် ဆွမ်းစားဆောင်သို့ သွား ကြ၏။ အခြားဘုရားဖူးအဖွဲ့နောက်မှ တန်းစီ၍ ပုံစံခွက်များ တွင် ခပ်ထည့်ပေးကြသည်။ ချက်ပြုတ်ကျွေးမွေးသူအားလုံး မြန်မာလူငယ်များ ဖြစ်ကြ၏။ ဘဲဥ၊ ငါးခြောက်ဟင်း၊ ခရမ်း သီးနှပ်၊ ကုလားမဆလာနံ့သင်းသော ပဲဟင်းဖြင့် သုံးဆောင် ကြပါသည်။ ဘုရားဖူးအဖွဲ့အားလုံး ဆာနေကြ၍ စကားပင် မပြောနိုင်ကြတော့။

စားသောက်ပြီးနောက် ကျောင်းပရိဝုဏ်အတွင်းသည့် လည်ကြည့်ရှု လေ့လာကြသည်။ ဘုရားဖူးများ တည်းခိုရန် သုံးထပ်ဆောင် နှစ်ဆောင်မှာ မျက်နှာချင်းဆိုင်ရှိ၍ အလယ် ထိပ်ဘက်၌ နှစ်ထပ်မွှာရုံကြီးတစ်ဆောင် ရှိသည်။ တစ်ကြိမ် လျှင် ဘုရားဖူး (၂၀၀)ကျော်ခန့် တည်းခိုနိုင်၍ တစ်ခန်းလျှင် လေးဦးအထိ တည်းနိုင်ရန် ခုတင်၊ ခြင်ထောင်၊ စောင်၊ မွေ့ရာ ပြည့်စုံစွာ စီစဉ်ထားတာ တွေ့ရပါသည်။ ဘုရားဖူးအဖွဲ့များ ကလည်း စေတနာအလျောက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည်တို့ လှူဒါန်းခဲ့ကြပါသည်။ ဘုရားဖူးရင်း ကုသိုလ်ယူ ကြသူများကို သာဓုခေါ်မိပါ၏။

ည ၈ နာရီခန့်တွင် အအေး ဓာတ်ပိုကဲလာ၍ အပြင်၌ မနေနိုင်ကြတော့၊ ဘုရားဖူးအားလုံး မိမိတို့အခန်းများသို့ဝင်၍ အိပ်စက်အနားယူကြပါသည်။

## ၂၃. ၁၂. ၂၀၁၂ (တနင်္ဂနွေနေ့)

## ဥရုဝေဠတောင်နှင့် ဗုဒ္ဓဂယာဂရိယာကျောင်းရာ လိုက်ဖူး

ဂယာ၏ဆောင်းက အလွန်အေးမြလှ၏။ ညဘက် စောင်မည်မျှခြုံစေကာမူ အချမ်းလုံမည်မဟုတ်ပါ။ နံနက် ၄ နာရီခွဲမှာ အိပ်ရာမှထ၍ အလွန်အေးစက်သောရေနှင့် မျက်နှာ သစ် အဝတ်အစားလဲ၍ ပစ္စည်းများ သိမ်းဆည်းကြပါသည်။ တစ်ဖက်ခန်းမှ ဘုရားဖူး အဘွားအုပ်စုလည်း နိုးနေကြပြီ၊ ၅ နာရီခွဲတွင် အုန်းမောင်းခေါက်သံ ကြားရ၏။ သံဃာတော် များ အရုဏ်ဆွမ်းဘုဉ်းပေးရန် နှိုးဆော်သံ ဖြစ်သည်။ ၆ နာရီ တွင် ဘုရားဖူးအဖွဲ့ဝင်များ ဆွမ်းစားဆောင်၌ တန်းစီ၍ ထမင်း



ဘုရားရှင်အား သုဇာတာသူဌေးသမီးမှ ဃနာနို့ဆွမ်း ကပ်လှူခဲ့သည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်နှင့် ကော်ဖီ သုံးဆောင်ကြသည်။ ထမင်းကုန်သွား၍ ထပ်ကြော်ရသဖြင့် ခေတ္တစောင့်ဆိုင်းကြရ၏။

နံနက် ၇ နာရီ၌ ဦးဇင်းနှင့် သူ့တပည့်တို့ ရောက်လာကြ၏။ အိန္ဒိယနိုင်ငံထုတ် Force ကား အဖြူရောင်မီနီဘတ်တစ်စီးနှင့် အိန္ဒိယယာဉ်မောင်း စပယ်ယာတို့ စောင့်ကြိုနေကြသည်။ ပထမဆုံးနေ့တွင် ခရီးစထွက်ရမည်ဖြစ်၍ ဘုရားဖူးတစ်ဖွဲ့လုံး လန်းဆန်းတက်ကြွ ပျော်ရွှင်နေကြသည်။

ဦးဇင်းက ရှေ့ဦးစွာ ဥရုဝေဠတောင်သို့ သွားမည့်အကြောင်း ပြော၏။ ဂယာမြို့တွင်းမှ ထွက်သည်နှင့် ပြုပြင်မှုမရှိသော ကတ္တရာလမ်းဟောင်းမှ ဖြတ်ခဲ့ရသည်။ ဂယာမြို့ပြင်သို့ ရောက်သောအခါ အဆောက်အအုံ အများစုမှာ ပြီးစီးအောင် ဆောက်ထားခြင်း မရှိ တချို့အဆောက်အအုံများမှာ ခမ်းနားအောင် ဆောက်ထားသော်လည်း အချောမသတ်။ မျက်နှာစာတစ်ဖက်သာ ဆေးသုတ်ထား၏။ အားလုံးလိုလို တစ်ပိုင်းတန်းလန်း ဆောက်ထားကြသဖြင့် အမြင်မှာ ထူးဆန်းနေသည်။

ဦးဇင်းက "အိန္ဒိယလူမျိုးတွေက အခွန်ရှောင်ကြတယ်၊ အစိုးရကို အခွန်ဆောင်ရမှာစိုးလို့ ဘာပဲဆောက်ဆောက် အပြီးသတ်အောင် မဆောက်ဘဲ ချန်ထားကြတာ" ဟု ပြောပြသည်။ ဩော်, ဒါကလည်း အိန္ဒိယလူမျိုးတွေ အခွန်ရှော[...] နည်း တစ်မျိုးပင်။ ဂယာပတ်ဝန်းကျင် ရေမြေသဘာဝသ[...] မြန်မာပြည်၏ အရပ်ဒေသနှင့် ခပ်ဆင်ဆင်ဖြစ်သည်။ လ[...] ဘေးတွင် ကုလားကုက္ကို၊ တမာ၊ ဥသျှစ်ပင်၊ ဆီးပင်ရိုင်းများန[...] ထန်းပင်အုပ်များ ခပ်ကျဲကျဲတွေ့ရသည်။ ထူးခြားသည်မှာ မြန်မာပြည်၌ မတွေ့ရသော စွန်ပလွန်အရိုင်းပင်များ နေရာ[...] အနှံ့ ပေါက်ရောက်နေခြင်း ဖြစ်သည်။



မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ်တော် ရရှိတော်မူသော မဟာဗောဓိပင်နှင့် ရွှေပလ္လင် (စာရေးသူတွဲလျက်)

ဂယာမှ ခုနစ်မိုင်ခန့်ဝေးသော ဥရုဝေဠ တောင်ခြေသို့ နာရီဝက်ခန့် မောင်းရသည်။ တောင်ခြေမှ တောင်ထိပ်[...] ကွန်ကရစ်ခင်းထားသောကြောင့် ဘုရားဖူးများ ခြေကျင်တ[...] နိုင်ကြသည်။ တောင်ပေါ်မတက်နိုင်သည့် သက်ကြီးပုဂ္ဂို[...] များအား ပုခက်ထမ်းစင်ကို ယူပီး ၃၀၀ ပေး၍ ငှားကြရသည်။ စာရေးသူတို့အဖွဲ့၌ သက်ကြီးပိုင်း အဘွားများပါ၍ ဖြည်းဖြည်း ချင်း တောင်ခြေမှ စတက်ခဲ့ကြ၏။

တောင်တက်လမ်းပေါ်မှ ကုလားလေးများက မုန့်ဖိုး ရအောင် ဘုရားဖူးတစ်ဦးချင်းနောက်မှ တွဲကူပြီး တွန်းတင်ပေး ကြသည်။ တောင်ထိပ်ရောက်အောင် ၁၅ မိနစ်ခန့် တက်ရ သည်။ ကုလားလေးများကို မုန့်ဖိုး ယူပီး ၁၀ စီ ပေးလိုက်ကြ သည်။ တောင်ပေါ်တွင် ဘုရားရှင် ဒုက္ကရစရိယာကျင့်ခဲ့သော လိုဏ်ဂူရှိသည်။ လိုဏ်ဂူအနီး မဟာယာန တိဗက်ဘုန်းကြီး တစ်ဦးက အလှူခံဖလားနှင့် အတူထိုင်နေ၏။ စာရေးသူက မြန်မာဘုန်းကြီးထင်၍ ဝတ္ထုငွေလှူပြီး စကားပြောတော့ နှုတ် ဆိတ်ပြီး ပြုံးပြနေသည်။ ဦးဇင်းက ဥရုဝေဠတောင်နှင့် လိုဏ် ဂူကို စောင့်ရှောက်နေသော တိဗက်ဘုန်းကြီးဖြစ်ကြောင်း ပြောပြမှ ရှင်းသွားသည်။

ဦးဇင်းက လိုဏ်ဂူ၏ရှေ့တွင် ဥရုဝေဠတောင်နှင့် လိုဏ် ဂူအကြောင်း ရှင်းပြပါသည်။ ဥရုဝေဠ၏ အဓိပ္ပာယ်မှာ စည်း ကမ်းအပိုင်းအခြား ကျော်လွန်ခြင်းကြောင့် ဆောင်ယူရသော သဲပုံကြီးဟု အဓိပ္ပာယ်ရ၏။

မြတ်စွာဘုရား မပွင့်မီကာလတွင် အမျိုးကောင်းသား ၁၀၀၀ တို့သည် ရသေ့ရဟန်းပြု၍ ဥရုဝေဠအရပ်၌ နေထိုင်၍ သီတင်းသုံးကြသည်။ တစ်နေ့တွင် ရသေ့အားလုံး စည်းဝေး တိုင်ပင်ကြသည်မှာ ကာယကံ၊ ဝစီကံ အမှုများသည် ပေါ် လွင်ထင်ရှား၏။

သို့သော် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် များကြံစည်သော ပုဂ္ဂိုလ်၏ မနောကံသည် မထင်ရှား၊ အပြစ် မြင်သူ မရှိနိုင်။ ဝိတက်အမျိုးမျိုးကို ကြံစည် မိသော ရသေ့ တို့သည် သစ်ရွက်ဖြင့်ပြုလုပ်သော ခွက်တွင် သဲများယူဆောင် ၍ ဥရုဝေဠတောင်နေရာ၌ သွန်းလောင်းပြီး ခွက်ထမ်းရမည်ဟု ကတိပြုခဲ့ကြသည်။

အချိန်ကာလ ကြာမြင့်လာသောအခါ သဲပုံကြီးတစ်ခု ဖြစ်လာ၍ ဥရုဝေဠ အမည်တွင်၏။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးအဖွဲ့များ၊ ဘုရားရှင် ဒုက္ကရစရိယာကျင့်ရာ ဂူအတွင်းသို့ တစ်ဦးချင်းအလှည့်ကျ ဝင်ရောက်ဖူးမြော်သည်။ လိုဏ်ဂူမှာ သိပ်မကျယ်ဝန်းလှ။ ဒုက္ကရစရိယာ နှစ်ကြာ ကျင့်ခဲ့၍ အရိုးပြိုင်းပြိုင်းနှင့် ဗုဒ္ဓဘုရားရှင်၏ သော ရုပ်ပွားတော်ကို ဖူးတွေ့ရသည်။

ဒုက္ကရစရိယာ ကျင့်စဉ်ဆိုသည်မှာ အစိုးအရေမျှ ကြွင်း အကြော အမျှင်မျှ ကျန်ပါစေ။ မဖြစ်မနေ ပြုလုပ်မည် အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် သာမန်လူများ ကျင့် သော အကျင့်ဖြစ်သည်။ ဘုရားရှင်သည် အတိတ်ဘဝ ကြွေးကြောင့် ခြောက်နှစ်ကြာမျှ ပင်ပန်းဆင်းရဲခံ၍ ကျင့်ခဲ့သော်လည်း ဘုရားအဖြစ် မရောက်ရှိခဲ့ချေ။ မဂ္ဂင် မရှိမပဋိပဒါ အလယ်အလတ် ကျင့်စဉ်ကို ကျင့်သုံး သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

## သုဇာတာသူဌေးကတော်၏ အိမ်တော်ရာစေတီ

စာရေးသူတို့အဖွဲ့ ဥရုဝေဠမှ ဆက်လက်ထွက်ခဲ့ကြရာ သားတစ်လျှောက်တွင် စပါး၊ ဂျုံ၊ ပဲ စိုက်ခင်းများ၊ ပန်း ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်းချဉ် ဟင်းသီးဟင်းရွက် ခင်းများကို မျက်စိတဆုံး တွေ့ရပါသည်။ ၈နာရီခွဲတွင် တာ သူဌေးကတော်၏ အိမ်တော်ရာ စေတီကုန်းသို့ ရှိကြသည်။ သီရိခမ္ဘာသောကမင်းကြီး တည်ထားခဲ့ခြင်း

ဘုရားဖူးအဖွဲ့သည် ဘုရားရှင်အား သုဇာတာ သူဌေး ဃနာနို့ဆွမ်းဆက် ကပ်လှူဒါန်းသည့် နေရာသို့ သွား ဖူးမြော်ကြသည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းကြ နီးမဝေး၌ တွေ့မြင်ရသော သဲချောင်းကြီးတစ်ခုကို ရောက်ကြည့်ရှုကြသည်။ ယင်းသဲချောင်းကြီးသည် တစ် သောအခါက နေရဉ္ဇရာမြစ် ဖြစ်၏။ ဘုရားရှင် သုဇာတာ တပ်သော ပါနာနို့ဆွမ်းကို ၄၉ လုတ်တိတိ ဘုဉ်းပေး ဆောင်ခဲ့သည်။ ထို့နောက် ရွှေခွက်ကိုကိုင်၍ . . .

"ငါသည် ယနေ့ ဘုရားဖြစ်မည် မှန်ပါက ရွှေခွက် ရေညာသို့ဆန်တက်ပါစေ၊ မမှန်ပါက ရေစုန်သို့ မျော သား" ဟု အဓိဋ္ဌာန်ပြု၍ နေရဉ္ဇရာမြစ်ထဲသို့ မျှောခဲ့ ရွှေခွက်သည် မြစ်လယ်သို့ တည့်တည့်မတ်မတ်သွား၍ တစ်ဆင့် ရေဆန်ကို အတောင် ၈၀ ခန့် ဆန်တက်သွား ကြောင်း မှတ်သားခဲ့ရဖူးပါသည်။

## ဘုရားရှင်အား မြက်ရှစ်ဆုပ်လှူဒါန်းသည့်နေရာ

သုဇာတာ၏ အိမ်တော်ရာစေတီမှ ဆက်လက်ထွက် ကြရာ ၉ နာရီခန့်တွင် မြတ်စွာဘုရားအား မြက်ရိတ်ပုဏ္ဏား မြက်ရှစ်ဆုပ် လှူဒါန်းခဲ့သည့်နေရာသို့ ရောက်ရှိကြသည်။ နေရာ၌ ဘုရားရှင်အား မြက်ရှစ်ဆုပ် လှူဒါန်းသည့် အထိမ်းအမှတ် ရုပ်တုများ တွေ့ရသည်။ ဘုရားလောင်း လှေ့လာသောအခါ နေရဉ္ဇရာမြစ် (ယခုအခါ ရေခန်းနေသော) ၏ ကမ်းတစ်ဖက်၌ မဟာဗောဓိစေတီကြီးကို ထင်ရှားစွာ ဖူးမြင်နိုင်ပါသည်။

၁၀ နာရီခွဲတွင် ဂယာမြန်မာဘုန်းကြီးကျောင်းသို့ ပြန် လည်ရောက်ရှိကြပါသည်။ နံနက် ၁၀ နာရီတွင် ဆွမ်းစား ဆောင်၌ နေ့လယ်စာ သုံးဆောင်ကြ၍ ခေတ္တအနားယူကြပါ သည်။

နေ့လယ် ၁ နာရီခွဲတွင် ဦးဇင်းမှ ဦးဆောင်၍ ဂယာ မြို့တွင်းသို့ ပြန်လည်ထွက်ခဲ့ကြသည်။ လမ်းခုလတ်တွင် ဒလိုင်း လားမား၏ ခံ့ညားထည်ဝါသော တိဗက်ဘုန်းတော်ကြီး ကျောင်းပတ်ဝန်းကျင်၌ မဟာယာန ဗုဒ္ဓဘာသာဝင် လူမျိုးစုံ ကြိတ်ကြိတ်တိုး စည်ကားနေတာ တွေ့ရပါသည်။ အများစုမှာ တိဗက် တရုတ်နှင့် ဂျပန်လူမျိုးများ ဖြစ်ကြ၏။ မဟာယာန တို့၏ ဘာသာရေးညီလာခံတစ်ခု ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။ ဗုဒ္ဓဂယာ၌ မဟာယာန တိဗက်ဘုန်းကြီးများက လွှမ်းမိုးထားနိုင်ကြောင်း သတိထားမိနေပါ၏။

## ဂျပန် ဗုဒ္ဓဆင်းတုတော်ကြီး

ဂယာမြို့လယ်၌တည်ထားသော ဂျပန်နိုင်ငံမှ ဆောက် လုပ်လှူဒါန်းသည့် ဗုဒ္ဓဆင်းတုတော်ကြီး (THE GREAT BUDDHA) သို့ သွားရောက်ဖူးမြော်ကြသည်။ ၎င်းဆင်းတု တော်ကြီးသည် ဂျပန်နိုင်ငံ၌ရှိသော ကမာကူရ ဆင်းတုတော် နှင့် ဉာဏ်တော်မကွာလှသော်လည်း မျက်နှာတော်မှာမတူ ကွဲပြား၏။ အရွယ်အစားတူသော ကျောက်တုံးများကို စနစ် တကျ ဖြတ်တောက်ဆက်စပ်ပြီး ထုလုပ်ထား၍ အလွန် သပ္ပာယ်ကြည်ညိုဖွယ် ကောင်းလှပါသည်။ ဆင်းတုတော်ကြီး ၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ဧတဒဂ်ရသော ရဟန္တာအရှင် မြတ် ၁၀ ပါး၏ ရုပ်တုများကိုလည်း ဖူးတွေ့ခဲ့ရပါသည်။

## ဗုဒ္ဓဂယာ မဟာဗောဓိစေတီကြီးနှင့် မဟာဗောဓိပင်

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဦးဇင်းဦးဆောင်မှု ဖြင့် ဗုဒ္ဓဂယာ မဟာဗောဓိစေတီနှင့် မဟာဗောဓိပင်ရှိရာဌာန သို့ ဆက်လက်သွားရောက်ခဲ့ပါသည်။ မဟာဗောဓိစေတီကြီး ၏ အဝင်ဂိတ်ဝ၌ ဘုရားဖူးလာကြသည့် လူမျိုးပေါင်းစုံ ကြိတ် ကြိတ်တိုးစည်ကားနေပါသည်။ ဦးဇင်း၏တပည့်လေးက ဂိတ် ဝင်ကြေး လက်မှတ်ဖြတ်ခဲ့ပြီး အတွင်းသို့ စနစ်တကျ ဘန်းစီ ဝင်ကြရပါသည်။

ဗုဒ္ဓဘုရားရှင်၏ ရုပ်ပွားတော်မြတ်ကို ဖူးမြော်နိုင်ရန် တန်းစီစောင့်ဆိုင်းနေသော ဘုရားဖူးများ အလွန်များနေသော ကြောင့် မဟာဗောဓိပင်တည်ရာဌာနသို့ ဦးစွာသွားရောက်ကြ သည်။ ဗုဒ္ဓဂယာ ဘုရားဖူးများကား နိုင်ငံပေါင်းစုံမှ လူမျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com

လှပါ၏။ မြန်မာဘုရားဖူးအဖွဲ့များလည်း တွေ့ရသည်။ မဟာဗောဓိစေတီကြီးမှာ အုံ့ခိုးမှုယ်သက်ရာများနှင့် ထင်ရှားလှသော သမိုင်းဝင်စေတီကြီးဖြစ်သည်။ ဉာဏ်တော်အမြင့် ပေ ၁၇၀၊ အောက်ခြေဒိုင်မီတော် ၆၀ ပေ ဝတ်လည်ရှိသည်။

မူလ ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်း ဖြစ်သည်။ အေဒီ ၂ ရာစုတွင် ဗုဒ္ဓဘာသာဝင် မာဂဓဘုရင်တစ်ပါးက မူလဗောဓိစေတီငယ်ကိုဖို၍ ယနေ့မြင်တွေ့ရသော မဟာဗောဓိစေတီကြီးအဖြစ် ပြန်လည်ပြုပြင် လှူဒါန်းခဲ့သည်။ ဤစေတီတော်ကြီးကို မြန်မာနိုင်ငံမှ ကျန်စစ်သားမင်း အလောင်းစည်သူမင်း၊ ကျစွာမင်းနှင့် မင်းတုန်းမင်းကြီး အစီ မင်းအဆက်ဆက် ထပ်မံပြုပြင်မွမ်းမံ၍ လှူဒါန်းခဲ့ကြပါသည်။

## ၁။ ဗောဓိပလ္လင် သတ္တာဟ (ပဌမ သတ္တဋ္ဌာန)

မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်ရင်း ရွှေပလ္လင်ထက်၌ ဝိမုတ္တိချမ်းသာ၊ ဖလသမာပတ်ချမ်းသာတို့ကို ခံစားရင်း ပဋိစ္စသမုပ္ပာဒ်တရား၊ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို နှလုံးသွင်း ဆင်ခြင်တော်မူ၏။ မဟာဗောဓိပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူပါသည်။ ဘုရားဖူးအဖွဲ့ဝင်များ မဟာဗောဓိပင်အောက်၌ ဘုရားရှင်အား ရည်စူး၍ ပူဇော်ကန်တော့ကြပါသည်။

## ၂။ အနိမိသ သတ္တာဟ (ဒုတိယ သတ္တဋ္ဌာန)

မဟာဗောဓိပင်မှ ဆက်၍သွားကြရာ ဒုတိယ သတ္တဋ္ဌာနသို့ ရောက်ရှိကြပါသည်။ ဦးဇင်းက ဤနေရာသည် **အနိမိသ သတ္တာဟ** ဟုခေါ်ဆိုကြောင်း၊ ဘုရားရှင်သည် **အပရာဇိတ** ပလ္လင်ထက်၌ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးတော်မူကြောင်း ရှင်းပြပါသည်။ သို့သော် အချို့သော ပုထုဇဉ် နတ်၊ ဗြဟ္မာတို့သည် ဗုဒ္ဓဘုရားရှင်အပေါ် သံသယရှိနေသေးသဖြင့် ယင်းတို့၏ ယုံမှားမှုကိုပယ်ဖျောက်ရန် ဘုရားရှင်သည် ကောင်းကင်သို့ ပျံကြွ၍ တန်ခိုးပြာဋိဟာ အဖုံဖုံကို ပြတော်မူခဲ့သည်။ ထို့နောက် မဟာဗောဓိပင်၏ အရှေ့မြောက်အရပ် ၁၄ လံ အကွာ၌ ရပ်တော်မူ၍ ပါရမီတော်ကြောင့် ရရှိလာသော ဗောဓိပင်နှင့် ရွှေပလ္လင်တို့ကို မမှိတ်သောမျက်စိဖြင့် ခုနစ်ရက်ပတ်လုံး ကြည့်ရှုတော်မူသည်။

## ၃။ ရတနာစင်္ကြံ သတ္တာဟ (တတိယ သတ္တဋ္ဌာန)

ဘုရားဖူးအဖွဲ့သည် အစဉ်အတိုင်း တတိယသတ္တဋ္ဌာနသို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ဤနေရာသည် **ရတနာစင်္ကြံ သတ္တာဟ** ဖြစ်သည်။ အပရာဇိတပလ္လင်နှင့် အနိမိသနေရာ ဌာနအကြား၌ နတ်၊ ဗြဟ္မာတို့ ဖန်ဆင်းအပ်သော အတောင် ၆၀ ရှည်သည့် ရတနာစင်္ကြံပေါ်လာ၏။

ဘုရားရှင်သည် အဆိုပါ ရတနာစင်္ကြံ၌ ခုနစ်
ပတ်လုံး စင်္ကြံကြွ၍ ဖလသမာပတ် ဝင်စားလျက် သီတင်း
တော်မူပါသည်။

သီရိဓမ္မာသောကမင်းကြီးသည် ဗောဓိမဏ္ဍိုင်
ဘုရားဖူးရောက်စဉ် ရတနာစင်္ကြံ၏ အထိမ်းအမှတ်အ
ကျောက်တုံးများပေါ်တွင် ကြာပွင့်သဏ္ဌာန်ပုံဖော်၍ ကြာ
၁၉ ပွင့် ထုလုပ်လှူဒါန်း ပူဇော်ခဲ့သည်။ ယင်းကြာပွင့်များ
၌ ပန်းရောင်စုံဖြင့် ပူဇော်ထားသည်မှာ တင့်တယ်လှ
ကြည်ညိုသဒ္ဓါပွားမိပါသည်။ ကြာပန်းစုံ၏ရှေ့တွင် အမှတ်
ဓာတ်ပုံများ ရိုက်ကြသည်။

## ၄။ ရတနာဃရ သတ္တာဟ (စတုတ္ထ သတ္တဋ္ဌာန)

တတိယသတ္တဋ္ဌာနမှ ဆက်လက်သွားခဲ့ကြရာ စတု
သတ္တဋ္ဌာနဖြစ်သော ရတနာဃရ သတ္တာဟသို့ ရောက်ရှိ
သည်။ မြတ်စွာဘုရားရှင်သည် ရတနာစင်္ကြံ၌ ကြွတော်မူ
နောက် နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်
တွင် ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူပါသည်။ ထို
သီတင်းသုံးတော်မူစဉ် အဘိဓမ္မာပိဋကတ်တရားတော်
အဆုံးမရှိသော နည်းအသွယ်သွယ်ဖြင့် ပြည့်စုံ၍ အလွန်
ဝန်းနက်နဲသော ပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်သုံး
တော်မူပါသည်။ ပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်သုံး
တော်မူမှုသော ခန္ဓာကိုယ်မှ ရောင်ခြည်တော် ခြောက်သွ
ကွန့်မြူးထွက်ပေါ်လာပါသည်။ ဘုရားရှင်အား ပိုမိုကြည်
သဒ္ဓါပွား၍ ဗုဒ္ဓနုဿတိကို ဆင်ခြင်နေမိပါသည်။

## ၅။ အဇပါလ သတ္တာဟ (ပဉ္စမ သတ္တဋ္ဌာန)

စတုတ္ထသတ္တဋ္ဌာနမှသည် ပဉ္စမသတ္တဋ္ဌာနရှိရာသို့ ဆ
လက်သွားရောက်ခဲ့ကြပါသည်။ ဘုရားရှင်သည် ဆိတ်ကျော
ညောင်ပင်ရင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသဖြင့် ယ
နေရာကို *အဇပါလသတ္တာဟ* ဟု ခေါ်ဆို၏။ ဆိတ်ကျော
ညောင်ပင်ရင်း၌ ဝိမုတ္တိချမ်းသာ၊ ဖလသမာပတ်ချမ်းသာမျ
ကို ခံစားလျက် ခုနစ်ရက်ကြာ သီတင်းသုံးတော်မူပါသည်
မာရ်နတ်သမီးသုံးယောက် လာ၍ ဖြားယောင်းသော်လည်
ဘုရားရှင်သည် ကိလေသာအားလုံးကို ပယ်သတ်တော်မူ
ဖြစ်သဖြင့် မာရ်နတ်ကို အောင်နိုင်ခဲ့သည်။

## ၆။ မုစလိန္ဒ သတ္တာဟ (ဆဋ္ဌမ သတ္တဋ္ဌာန)

အဇပါလ သတ္တာဟမှတစ်ဆင့် ဆဋ္ဌမသတ္တဋ္ဌာနသ
ဆက်လက်သွားရောက် ဖူးမြော်ကြပါသည်။ စင်္ကြံလမ်းအ
ဝဲယာအုတ်ခုံတန်းများပေါ်တွင် တိဗက်ဘုန်းကြီးများက
ချမ်းခွက် ၁၀၀၄ ပူဇော်ထားသည်ကို တွေ့ရသည်။ လမ်းအဆုံ
၌ ရေကန်ကြီးတစ်ကန် တွေ့ရ၍ ရေကန်၏အလယ်တွင် နဂ





www.burmeseclassic.com

www.burmeseclassic.com

ရားတစ်ဆူကို သပ္ပာယ်လှစွာ ဖူးမြင်ရသည်။ ဦးဇင်းက နေရာဌာနကို မုစလိန္ဒသတ္တာဟ ဟုခေါ်ကြောင်း၊ ဆဋ္ဌမ ဌာနဖြစ်ကြောင်း ပြောပါသည်။ မြတ်စွာဘုရားရှင် ဆိတ် ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက် စံနေတော်မူပြီး မုစလိန္ဒ ကျည်းပင်ရင်း၌ ဝိမုတ္တိချမ်းသာ၊ ဖလသမာပတ်ချမ်းသာ ကို ခံစားလျက် ခုနစ်ရက်တိုင်တိုင် စံနေတော်မူ၏။ ထိုသို့ နေတော်မူစဉ် ခုနစ်ရက်ပတ်လုံး မိုးကြီးသည်းထန်စွာ ရွာ၏။ လိန္ဒအိုင်အောက်ရှိ နဂါးမင်းသည် ဘုရားရှင်၏ ခန္ဓာကိုယ် တော်အား မိမိ၏ခန္ဓာဖြင့် အခွေ ခုနစ်ခွေ ရစ်ပတ်၍ ဦးထိပ် တော်အထက်မှ ပါးပျဉ်းဖြင့်အုပ်မိုး၍ ပူဇော်ခဲ့ပါသည်။

## (သတ္တမ သတ္တဋ္ဌာန)

မုစလိန္ဒာအိုင်မှ ပြန်လည်ထွက်ခွာ၍ သတ္တမသတ္တဋ္ဌာန ရာ လင်းလွန်းပင်ဆီသို့ သွားရောက်ခဲ့ကြသည်။ ဘုရား သည် မုစလိန္ဒာသတ္တာဟတွင် ခုနစ်ရက်ပတ်လုံး စံနေတော် နောက် လင်းလွန်းပင်ရင်းသို့ ကြွရောက်၍ ခုနစ်ရက်ပတ် လသမာပတ်ဝင်စားပြီး သီတင်းသုံးတော်မူသည်။ ဤ ကို ရာဇာယတန သတ္တာဟဟု ခေါ်ကြောင်း ဦးဇင်းမှ ပါ၏။

ဘုရားရှင် သီတင်းသုံးနေစဉ် မဇ္ဈိမဒေသသို့ ကုန် ဝယ်ရန် ဥက္ကလာဇနပုဒ်မှ တဖုဿနှင့် ဘလ္လိက ကုန် ညီနောင်တို့ ရောက်ရှိလာပါသည်။ ကုန်သည်ညီနောင် ဘုရားရှင်ထံ ချဉ်းကပ်ဖူးမြော်၍ မုန့်ဆွမ်းများ ဆက်ကပ် ကြ၏။ ဘုရားရှင်က ကုန်သည်ညီနောင်တို့အား ဆံ ရှစ်ဆူကို ကိုးကွယ်နိုင်ရန် ပေးသနားတော်မူခဲ့ပါသည်။

ယခု မြင်တွေ့ရသော လင်းလွန်းပင်သည် လွန်ခဲ့သော ခန့်က မြန်မာနိုင်ငံမှ ဗိုလ်မှူးကြီးလှအောင်က ယူ င်၍ ယခင် သေသွားသော လင်းလွန်းပင်နေရာ၌ ပြန် စိုက်ပျိုး ပူဇော်ခဲ့ခြင်း ဖြစ်သည်။ ဘုရားဖူးအဖွဲ့သည် ဗောဓိစေတီကြီးအား လှည့်လည်ကြည်ညို ဖူးမြော်ခဲ့ကြ ည်၊ စေတီ၏ ရင်ပြင်ပတ်ပတ်လည်တွင် အလျားလိုက် မှောက်၍ အကြိမ်ကြိမ် ရှိခိုးပူဇော်နေကြသော ဘုန်းကြီးများကို တွေ့ရသည်။ မဟာယာန ဘာသာ ၏ ထိုခြင်းငါးပါးဖြင့် ရှိခိုးနေသည့်ပုံစံမှာ တစ်မူထူးခြား ပါ၏။

ညနေ ၄ နာရီတွင် ဘုရားဖူးအဖွဲ့သည် မဟာဗောဓိ ကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ စေတီ၏ အပြင် တွင် ဘုရားဈေးတန်းများရှိ၍ ပွဲဈေးတမျှ စည်ကားလှ နိုင်ငံခြားသားများ အပါအဝင် လူမျိုးပေါင်းစုံ လာ ကြသော နေရာဖြစ်၏။

ဟိန္ဒူစားသောက်ဆိုင်တစ်ခုတွင် ပူရီ၊ ပလာတာနှင့် ချည်၊ ဒိန်ချဉ် စုံလင်အောင် ရောင်းချနေတာ တွေ့ ရပါသည်။ ဦးဇင်းက ဤဆိုင်မှ ဒိန်ချဉ်ကောင်းကြောင်း ပြော၍ စာရေးသူတို့အဖွဲ့သည်း ဒိန်ချဉ်တစ်ခွက်စီ သောက်ကြပါ သည်။ ရန်ကုန်မှ ဒိန်ချဉ်နှင့် အနံ့အရသာ မတူသော်လည်း တစ်မျိုးအရသာရှိပါသည်။ အချိန်လင့်သွားပြီဖြစ်၍ မြန်မာ ဘုန်းကြီးကျောင်းသို့ ပြန်ခဲ့ကြပါသည်။

ညနေ ၄ နာရီခွဲတွင် မြန်မာကျောင်း၏ နာယက ဆရာတော်အား ဓမ္မာရုံကြီးအတွင်း၌ ကန်တော့ရန် စီစဉ်ကြ ပါသည်။ ဆရာတော် ပြင်ပသို့ ကြွသွားသဖြင့် လက်ထောက် ဆရာတော်အား မြန်မာနိုင်ငံမှ ယူဆောင်လာသော မုန့်ဘူး၊ လှူဖွယ်ဝတ္ထုများနှင့် ကပ်လှူကြပါသည်။ ဆရာတော်က ငါးပါးသီလ ခံယူစေပြီးနောက် . . .

"ဒကာမကြီးတို့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဗုဒ္ဓဂယာကို ဘုရားဖူးလာကြတာလဲ၊ လာတဲ့အတွက် ဘယ်လိုအကျိုးရလဒ် တွေ ရလိမ့်မယ် ထင်သလဲ" ဟု မေးခွန်းများနှင့် စတင်မိတ် ဆက်ပါသည်။

ရုတ်တရက်ဖြစ်၍ ဘယ်လိုပြန်ဖြေကြရမှန်း မသိကြ။ စာရေးသူလည်း အဘာန်ငယ်စဉ်းစား၍ . . .

"ဗုဒ္ဓဖွားမြင်သည့်ကာလမှ ပရိနိဗ္ဗာန်စံသည်အထိ နေရာဌာနများကို ဖူးမြော်ကြည်ညိုလိုသော ဆန္ဒကြောင့် လာ ခြင်းဖြစ်ပါတယ်၊ အနိစ္စ ဒုက္ခ အနတ္တတရားများကို ပို၍ ဆင် ခြင်ပွားများနိုင်လိမ့်မယ် ထင်ပါတယ် ဘုရား" ဟု လျှောက် လိုက်ပါသည်။

လက်ထောက်ဆရာတော်က . . .

"ဗုဒ္ဓဂယာသို့ ဘုရားဖူးလာကြသူများဟာ ဖျာဒိတ်ရပြီး သူတွေ ဖြစ်လို့ အပါယ်တံခါးပိတ်တယ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ သင်္ခါရသဘောတရားတွေကို သိရှိနားလည်ပြီး သံသရာကိုကြောက်တဲ့ သံဝေဂဉာဏ် ရရှိနိုင်တယ်" ဟု အတို ချုပ် ဟောပြောခဲ့သဖြင့် သာဓုခေါ်ကြပါသည်။

ထိုအခါ ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မိန့်မှာတော်မူခဲ့သော စကားကို ပြန်လည်အမှတ်ရသွားပါ သည်။ ဆရာတော်ကြီးက "ဗုဒ္ဓဂယာတဲ့သို့ မရောက်ဖူးသေး သော အရပ်ကို သွားခဲ့ရင် မကောင်းတဲ့ အကုသိုလ်အလုပ် တွေ မလုပ်မိဖို့ ကောင်းမှုကုသိုလ်တရားတွေ ပွားများဆင်ခြင် ပြီး မြတ်စွာဘုရားရဲ့ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယ လေး ဌာန ရောက်ပြီးတဲ့အချိန်ကစလို့ ရာသက်ပန် ကုသိုလ်ကောင်း မှုများသာ လုပ်ဆောင်ပါမည်ဟု စိတ်ကိုပိုင်းဖြတ် အဓိဋ္ဌာန် ပြုသင့်တယ်" ဟု လမ်းညွှန် မိန့်ကြားတော်မူခဲ့ပါသည်။

စာရေးသူ၏ စိတ်ထဲ၌လည်း ဤကဲ့သို့ အဓိဋ္ဌာန်ကို ခိုင်မာစွာ စိတ်ပိုင်းဖြတ်၍ ပြုရမည်ဖြစ်ကြောင်း ယုံကြည်မိ ပါ၏။

(ဆက်ရန်)

❒ ဒေါက်တာအောင်အောင်မင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏ ကမ္ဘာသည် သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ၊ ဘဒ္ဒကမ္ဘာ ဟူ၍ (၅)မျိုးရှိသည်။

ထို (၅)ကမ္ဘာတွင် ပွင့်တော်မူခဲ့သော ဘုရားအရေအတွက်မှာ မဏ္ဍကမ္ဘာ၌ (၂)ဆူ ဝရကမ္ဘာ၌ (၃)ဆူ သာရမဏ္ဍကမ္ဘာ၌ (၄)ဆူ ဘဒ္ဒကမ္ဘာ၌ (၅)ဆူ ပွင့်ရမည် ဖြစ်ပါသည်။

ယခု ပွင့်ပြီး ဘုရား(၄)ဆူမှာ ကကုသန်ဘုရား ကောဏာဂုံဘုရား၊ ကဿပဘုရား ဂေါတမဘုရားဟု (၄)ဆူပွင့်တော်မူခဲ့ပြီး အရိမေတ္တေယျဘုရား (၁)ဆူ ပွင့်ရန် ကျန်သေး၏။ ပွင့်ရှိမည်ဖြစ်သည်။

ထို့ကြောင့် ဘုရားအများဆုံးပွင့်သော ဘဒ္ဒကမ္ဘာတွင် (၄)ဆူမြောက် ဂေါတမရှင်တော်မြတ်စွာဘုရား ရှေ့လက်ထက်တော်၌ ထူးခြားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား "ဧတဒဂ်" ဘွဲ့ထူး၊ ဂုဏ်ထူးများ၊ ရာထူးဌာနန္တရ ထားတော်မူခဲ့ပါသည်။

ဂေါတမရှင်တော်မြတ်စွာ ဘုရားလက်ထက်တော်တွင် "ဧတဒဂ်" ဘွဲ့ရ (၇၅)ဦး ပေါ်ထွန်းခဲ့ရာ ရဟန္တာမြတ် (၄၁)ပါး၊ ရဟန္တာထေရီအရှင်မ (၁၃)ပါး၊ ဥပါသကာအမျိုးသား(၁၁)ဦး၊ ဥပါသိကာအမျိုးသမီး (၁၀)ဦးတို့ ဖြစ်ကြပါသည်။

ဗုဒ္ဓဘာသာဝင်အမျိုးသမီးတိုင်းအားကျဂုဏ်ယူဖွယ် စံနမူနာယူထိုက်ဖွယ် ကောင်းသော အကျော်ဧယျသမီးတော်များ ဖြစ်ကြသော ရဟန္တာထေရီအရှင်မ (၁၃)ပါးတို့သည် မိမိတို့ ဖြည့်ကျင့်ခဲ့ကြသည့် ပါရမီဆုတောင်းအလျောက် "ဧတဒဂ်" ဘွဲ့ထူး အမျိုးမျိုး ရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။




ရဲမြင့်

# မြတ်မုနိ၏ ဧတဒဂ်ဘွဲ့ထူးရ ထေရီများ



www.burmeseclassic.com

www.burmeseclassic.com

၎င်း ရဟန္တာထေရီ အရှင်မတို့ ရနေသော ဘွဲ့များမှာ. . .

(၁) မဟာပဇာပတိဂေါတမီထေရီ (ရတ္တညူဧတဒဂ်ဘွဲ့)
(၂) ဥပ္ပလဝဏ်ထေရီ (ဧတဒဂ်ဘွဲ့)
(၃) ပဋာစာရီထေရီ (ဝိနယဓရ ဧတဒဂ်ဘွဲ့)
(၄) ခေမာထေရီ (ပညာဧတဒဂ်ဘွဲ့)
(၅) ဓမ္မဒိန္နာထေရီ (ဓမ္မကထိက ဧတဒဂ်ဘွဲ့)
(၆) နန္ဒမာတာထေရီ (ဈာယီဧတဒဂ်ဘွဲ့)
(၇) ဗဟုပုတ္တိကသောကထေရီ (အရဒ္ဓဝီရိယာဧတဒဂ်ဘွဲ့)
(၈) သကုလာထေရီ (ဒိဗ္ဗစက္ခု အဘိညာဉ် ဧတဒဂ်ဘွဲ့)
(၉) ဘဒ္ဒါကုဏ္ဍလကေသာထေရီ (ခိပ္ပာဘိညဧတဒဂ်ဘွဲ့)
(၁၀) ဘဒ္ဒါကာပိလာနီထေရီ (ပုဗ္ဗေနိဝါသာနုဿတိ ဧတဒဂ်ဘွဲ့)
(၁၁) ဘဒ္ဒါကစ္စာနထေရီ (အဘိညာဉ်ဧတဒဂ်ဘွဲ့)
(၁၂) ကိသာဂေါတမီထေရီ (လူခစီဝရဧတဒဂ်ဘွဲ့)
(၁၃) သိင်္ဂါလမာတာထေရီ (သဒ္ဓါဝိမုတ္တဧတဒဂ်ဘွဲ့)

ဖော်ပြပါ မြတ်စွာဘုရားရှင်တော် လက်ထက်က ချီးမြှင့်ခံရသည့် ဘွဲ့ထူး ဂုဏ်ထူး ရာထူးဌာနန္တရ ရရှိခဲ့ကြသော ရဟန္တာထေရီမတို့သည် ဘဝအဆက်ဆက်ပါရမီဖြည့်ကျင့်ခဲ့ကြသဖြင့် "ဧတဒဂ်ဘွဲ့"ထူးကို ရရှိခဲ့ကြခြင်း ဖြစ်ကြပါသည်။

ယခု ရဟန္တာ (၁၃)ပါးမှ တစ်ပါးဖြစ်သည့် နန္ဒမာတာထေရီ အမျိုးသမီးကောင်းသည် ဈာန်အရာ၌ မဆုတ်မနစ် ကြိုးကုတ်ကျင့်ကြံ အားထုတ်ခဲ့သဖြင့် အမြတ်ဆုံး၊ အသာဆုံး "ဈာယီဧတဒဂ်" ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဝေဿဝဏ်နတ်မင်းကြီး သာဓု ခေါ်ခြင်း**

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဝေဠုကဏ္ဍကီမြို့တွင် နန္ဒမာတာ အမည်ရှိ ဥပါသိကာမသည် ကာယကံ၊ မနောကံ၊ ဝစီကံ ကုသိုလ်တို့ကို စောင့်ထိန်းရုံမက ကာယကံ ကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံ ကုသိုလ်ကိုလည်း နေ့စဉ်နှင့်အမျှကြိုးစား ပြုလုပ်လေ့ရှိ၏။

တစ်နေ့တွင် မိုးသောက်ယံအချိန် "ပါရာယနသုတ်"ကို အသံထွက် ရွတ်ဆို၍ မြတ်စွာဘုရားအား ပူဇော်၏။ ရွတ်ဆိုပူဇော်သံ ကြားရသော ဝေဿဝဏ်နတ်မင်းကြီးသည် ရပ်၍ ဆုံးသည့်တိုင်အောင် နာကြားပြီး "ကောင်း၏၊ ကောင်း၏" ဟု အနုမောဒနာပြု၏။

ထိုအခါ နန္ဒမာတာမှ "အခု အနုမောဒနာပြုသူကား အဘယ်သူဖြစ်ပါသနည်း" ဟု မေး၏။ "ငါသည် ဝေဿဝဏ်နတ်မင်းကြီးဖြစ်သည်" ဟု ပြောက ထိုအခါ နန္ဒမာတာမှ . . .

"အကျွန်ုပ် ရွတ်ဆိုသော တရားဒေသနာတော်သည် သင်နတ်မင်းကြီးအား ပေးကမ်းဖွယ် လက်ဆောင်ပဏ္ဏာ ဖြစ်ပါစေသတည်း" ဟုဆို၏။

"ကောင်းလှပါ၏၊ ဤတရားတော်သည် ငါ့အား လက်ဆောင်ပဏ္ဏာ ဖြစ်ပါစေ၊ နက်ဖြန်၌ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာတော်များသည် ဆွမ်းမစားရသေးဘဲ ဝေဠုကဏ္ဍကီမြို့သို့ ကြွရောက်တော်မူလိမ့်မည်၊ ထိုရဟန်းတို့အား ဆွမ်းကပ်လှူပြီးလျှင် အလှူ၏ အဖို့ကို အမျှပေးဝေပါလော့၊ ဤသို့ အမျှပေးဝေခြင်းသည်လဲ ငါ့အား လက်ဆောင်ပဏ္ဏာ ဖြစ်ပေလိမ့်မည်။

နတ်တို့သည် သီလ ဆောက်တည်သူ၊ ဒါနပြုသူ၊ ဘာဝနာပွားများသူတို့ကို အလွန်မြတ်နိုး၏ နှစ်သက်၏ ချစ်ခင်၏၊ ပြုပြုသမျှသော ဒါန သီလ ဘာဝနာတို့၏ အဖို့တို့ကို အမျှအတန်း ပေးဝေခဲ့ပါမူ အလွန်ပင် ကြည်ဖြူဝမ်းမြောက် စောင့်ရှောက်ကြကုန်သည်"

**အံ့ဖွယ်ရာ (၇)ဖြာ**

နန္ဒမာတာသည် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် နှင့် သံဃာတော်တို့အား ဆွမ်းကပ်လှူ၏။

ဤမြို့သို့ သံဃာတော်များ ရောက်နေသည်ကို မည်သူမျှ မသိပါဘဲ လျှတ် သိသကဲ့သို့ဖြစ်ကာ ဆွမ်းအဆင်သင့် ချက်ပြုတ်ကပ်လှူခြင်း ဆွမ်းဘုဉ်းပေးပြီး အရှင်သာရိပုတ္တရာက မေးတော်မူ၏။

"ရဟန်း သံဃာတော်များ ကြွလာမည့်အကြောင်းကို မည်သူ ယင်းသို့ ပြောကြား၍ သိပါသနည်း" မေးသော အခါ နန္ဒမာတာဥပါသိကာမသည် ပါရာယနသုတ်ရွတ်ဖတ်ပုံ၊ ဝေဠုကဏ္ဍကီမြို့သို့ သံဃာတော်များ ကြွရောက်လာမည်၊ ကြွရောက်လာက ဆွမ်းကပ်လှူရန် တိုက်တွန်းပုံ၊ ထိုဆွမ်းကပ်လှူသည့် ကုသိုလ်အဖို့ကို ဝေဿဝဏ်နတ်မင်းကြီးအား အမျှပေးဝေရန် တောင်းခံပုံတို့ကို လျှောက်ကြား၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် "နန္ဒမာတာ သင်ကဲ့သို့ (သာမည လူစား)ဖြစ်ပါလျက် တန်ခိုးအာနုဘော်ကြီးမားသော ဝေဿဝဏ်နတ်မင်းကြီးနှင့် မျက်မှောက်၌ စကားပြောဆိုရခြင်းသည် အံ့ဖွယ်ရှိပေ၏"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား ဤမျှသာမဟုတ်ပါ၊ အခြားအံ့ဖွယ်လဲ တပည့်တော်မတွင် ရှိပါသေး၏၊ တပည့်တော်မတွင် ချစ်ခင်မြတ်နိုးအပ်သော တစ်ယောက်တည်းသောသား ရှိပါ၏၊ ထိုသားကို မင်းတို့သည် အကြောင်းတစ်စုံတစ်ခုကြောင့် ဆွဲငင်ဖမ်းဆီး၍ သတ်ဖြတ်ပစ်ကြပါကုန်၏၊ ထိုသားအား ညှဉ်းဆဲဆဲ သတ်ဆဲအခါ၌ဖြစ်စေ၊ ညှဉ်းဆဲပြီး သတ်ပြီးအခါ



www.burmeseclassic.com

www.burmeseclassic.com

ပြစ်မေ၊ တပည့်တော်မအား စိတ်ဖောက်ပြန်ခြင်း မရှိခဲ့ပါ"

ထိုအခါ အရှင်သာရိပုတ္တရာသည် အံ့ဖွယ်ဖြစ်ကြောင်း ဒုတိယအကြိမ် မိန့်ကြားပြန်၏။

"အရှင်ဘုရား ဤမျှသာမဟုတ်သေးပါ တပည့်တော်တွင် ရှိပါသေး၏ တပည့်တော်မ၏ သင်္ဃာကျင်းသည် သေဆုံး၍ ဘုန်းတော်ဖြစ်နေပါ၏ ထိုနတ်သည် တပည့်တော်မအား ယခင်လူ့ဘဝက အတူသော အတိုင်းပြုသပါ၏ သို့သော်လည်း စိတ်ဖောက်ပြန်ခြင်း မရှိပါဘုရား"

ထိုအခါ အရှင်သာရိပုတ္တရာသည် အံ့ဖွယ်ဖြစ်ကြောင်းကို တတိယအကြိမ် မိန့်ကြားပြန်၏။

"အရှင်ဘုရား ဤမျှသာမဟုတ်သေးပါ၊ အခြားအံ့ဖွယ်လဲ တပည့်တော်မအား ရှိပါသေး၏၊ တပည့်တော်မသည် လင်ယောက်ျားရှိစဉ်က လင်ယောက်ျားအပေါ်တွင် စိတ်မျှဖြင့်ပင် လွန်ကျူးဖြစ်ပွားခြင်းမရှိပါဘုရား၊ ကိုယ်(ကာယကံ)ဖြင့်မူကား အဘယ်မှာလျှင် ကျူးလွန်ပါတော့အံ့နည်းဘုရား"

အရှင်သာရိပုတ္တရာသည် အံ့ဖွယ်ဖြစ်ကြောင်းကို စတုတ္ထအကြိမ် မိန့်ကြားပြန်၏။

"အရှင်ဘုရား ဤမျှသာမဟုတ်သေးပါ၊ အခြားအံ့ဖွယ်လဲ တပည့်တော်မအား ရှိပါသေး၏၊ တပည့်တော်မသည် ဥပါသိကာမဂ်ကို လျှောက်ထားပြီးသည်မှစ၍ တစ်စုံတစ်ခုသော သိက္ခာပုဒ်ကိုမျှ လွန်ကျူးလိုသော စေတနာဖြင့် ကျူးလွန်ဖူးသည် မရှိပါဘုရား"

ထိုအခါတွင် အရှင်သာရိပုတ္တရာသည် အံ့ဖွယ်ဖြစ်ကြောင်းကို ပဉ္စမအကြိမ် မိန့်ကြားပြန်၏။

"အရှင်ဘုရား ဤမျှသာမဟုတ်သေးပါ၊ အခြားအံ့ဖွယ်လဲ တပည့်တော်မတွင် ရှိပါသေး၏၊ တပည့်တော်မသည် အလိုရှိသမျှ ကာလပတ်လုံး ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်၊ အကုသိုလ်မှ ဆိတ်၍ [illegible] ဘက်နှင့်တကွဖြစ်သော သုံးသပ်ခြင်း ဝိတက်နှင့်တကွဖြစ်သော သုံးသပ်ခြင်း ဝိစာရနှင့်တကွဖြစ်သော (နိဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း "ပီတိ" ချမ်းသာခြင်း "သုခ" ရှိသော ပထမဈာန်သို့ရောက်၍နေပါ၏ ဘုရား(ပ) စတုတ္ထဈာန်သို့ရောက်၍ နေပါ၏ ဘုရား"

ထိုအခါတွင်လည်း အရှင်သာရိပုတ္တရာသည် အံ့ဖွယ်ဖြစ်ကြောင်းကို ဆဋ္ဌမအကြိမ် မိန့်ကြားပြန်၏။

"အရှင်ဘုရား ဤမျှသာမဟုတ်သေးပါ၊ အခြားအံ့ဖွယ်ရာလဲ တပည့်တော်မတွင် ရှိပါသေး၏၊ တပည့်တော်မသည် မြတ်စွာဘုရား ဟောကြားအပ်သည့် အောက်ပိုင်း သံယောဇဉ် "အနှောင်အဖွဲ့" ငါးမျိုးတွင် မိမိမပယ်အပ်သေးသည့် တစ်စုံတစ်ရာသော သံယောဇဉ်ကိုမျှ တပည့်တော်မ မတွေ့မြင်ပါဘုရား"

အထက်ပါ အံ့ဖွယ်(၇)ဖြာနှင့်ပြည့်စုံသော ရဟန္တာထေရီမ နန္ဒမာတာနည်းတူ ကျန်ရှိသည့် (၁၂) ပါးသော ရဟန္တာထေရီမတို့သည်လည်း အံ့ဖွယ်အထူးထူးဖြင့် ရှိကြပေသည်။ ထိုသို့ မြတ်ဗုဒ္ဓ၏ "ဧတဒဂ်" ဘွဲ့ထူးရသော အကျော်ဇေယျ အမျိုးကောင်းသမီးတော်များကို စံနမူနာထား တင်ပြလျက် ဘာသာရေး၊ လောကုတ္တရာရေးတွင်သာမက လူမှုရေး၊ လောကီရေးရာ အဖြာဖြာတို့၌ ပါရမီဖြည့်ကျင့် စာနာစိတ်၊ ကိုယ်ချင်းစာစိတ်ဖြင့် မြန်မာအမျိုးသမီးအဝ လှပတင့်တယ်စေရန် စံပြ စွမ်းဆောင်ရွက်လျက်ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသူ အမျိုးသမီးကောင်းတို့အား ဂုဏ်ပြု ရေးသားရပါသည်။

❒ ရဲမြင့်(နောင်ချို)

ကျမ်းကိုး

သတ္တက အင်္ဂုတ္တိုရ် နန္ဒမာတာသုတ်၊ မဟာဂုဒ္ဓဝင်။

ပါရမီဟူသော ဝေါဟာရသည် ပါဠိဝေါဟာရဖြစ်လင့်ကစား နေ့စဉ်သုံး မြန်မာဝေါဟာရဖြစ်နေတော့၍ မြန်မာနားနှင့် မစိမ်းတော့သည့်အပြင် အလွန်ပင် ယဉ်ပါးလျက်ရှိတော့၏။ ပါရမီဟု ကြားရုံနှင့် ပါရမီဆိုတာ မြင့်မြတ်တဲ့အလုပ်၊ မြင့်မြတ်သူတို့၏ ဥစ္စာ၊ အဆက်မပြတ် တစိုက်မတ်မတ် လုပ်ဆောင်အပ်သောအရာဟု နားလည်သွားကြ၏။ ဒါနပါရမီ၊ သီလပါရမီ စသည်ဖြင့် အမျိုးအမည်ဆယ်ပါးရှိကြောင်း လက်ချိုးရေတွက်နိုင်ကြ၏။ ထို့အပြင် ပါရမီဆယ်ပါးတို့၏ Comparative Degree ဖြစ်တဲ့ ဥပပါရမီဆယ်ပါးကိုရော Superlative Degree ဖြစ်တဲ့ ပရမတ္ထပါရမီဆယ်ပါးကိုရော အဆင့်ဆင့် နားလည်သွားကြ၏။

ဗုဒ္ဓဝင်ကျမ်းကျင်ပညာရှင်များဆိုပါက ပညာဓိက ဘုရားလောင်းများ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရကြောင်း၊ ဝီရိယာဓိက ဘုရားလောင်းများ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရကြောင်း၊ သဒ္ဓါဓိက ဘုရားလောင်းများ ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရကြောင်းစသည်ဖြင့် ပုဂ္ဂိုလ်အလိုက် ကွာဟသည့် ဖြည့်စဉ်ကာလကိုပင် သိမြင်သွားကြပေသည်။ ပါရမီနှင့် မြန်မာနားက ဤမျှ ရင်းနှီးလှ အကျွမ်းတဝင်ရှိလှပေသည်။


သို့သော် အသိကွင် သင်္ဂါဝင်နိုင်စေရေး အလေးပေးပြီး ကျည်းကန်ရှင်ကြီး ရှင်နန္ဒမဇက "ပါရမီဝယ် ပေါင်းသုံးဆယ်၊ ဘယ်ကို ဖြည့်နိုင်ခဲ့သနည်း" ဟူ၍ မေးခွန်းထုတ်ခဲ့ဖူးပါသည်။ မေးခွန်းထုတ်သူ ကျည်းကန်ရှင်ကြီး ပျံလွန်တော်မူပြီးနောက် နှစ်ပေါင်း(၆၀)ကျော်ကြာမှ ထိုမေးခွန်းကို ဖြေဆိုနိုင်သူ တစ်ဦးပေါ်လာခဲ့၏။ ထိုပုဂ္ဂိုလ်ကား သာမန်မဟုတ်၊ ဘုရားဆုပန်သည့် ကိုယ်သ





www.burmeseclassic.com

www.burmeseclassic.com



# ဖြည့်နိုင်ခဲ့သော ပါရမီ

## မောင်ညွှတ်လင်း(တောင်ကုတ်)

[illegible]ေးဆပ်ဆရာတော်ဘုရားကြီးဖြစ်ပေ[illegible]ည်။ ဒီနတ္တပကာသနီ၊ စွယ်စုံကျော်[illegible]င် စသော ကျမ်းပေါင်း(၄၁)ကျော်ကို [illegible]ခင်ပြုစုခဲ့သော ပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်ပါ[illegible]ည်။ ဆရာတော်က စွယ်စုံကျော်ထင်[illegible]မ်း (ဟ-၄၈)၌ ကျည်းကန်ရှင် အမေး[illegible] ရှင်းလင်းပြတ်သားစွာ [illegible] ဖြေပြ[illegible]ပါ၏။

"ပါရမီ၁ယ်၊ ပေါင်းသုံးဆယ်၊ [illegible]ယ်ကို ဖြည့်နိုင်ခဲ့သနည်း" ဟူသော [illegible]မေးပုစ္ဆာ၌ အဖြေကိုသဇ္ဇနာတား [illegible] ပြည်ရွာတိုင်းကား [illegible]မယားကို စွန့်၍ ဖြည့်ခြင်းတည်းဟူသော ဒသ ပါရမီမျှကိုလည်း ဖြည့်နိုင်ခဲ့၏၊ တို့သက် [illegible] အင်္ဂါ ကိုစွန့်၍ [illegible] ဟူသော ဒသဥပပါရမီ ကို ဖြည့်နိုင်ခဲ့၏၊ ထို့ထက် အသက်ကို စွန့်၍ ဖြည့်ခြင်းတည်းဟူသော ဒသ ပရမတ္ထပါရမီကိုသာလျှင် [illegible]ဖြည့် နိုင်ခဲ့၏ဟု သိရာ၏"

မိမိနှင့်ဆိုင် မိမိပိုင်တဲ့ [illegible] သက်ရှိသက်မဲ့ အဖြာဖြာကို စွန့်၍ [illegible] ရခြင်း ရိုးရိုးပါရမီသည်ပင် မစွန့်ရဲ [illegible] နှင့် အကြိမ်ကြိမ် [illegible] [illegible] ခဲ့လေ၏။ မိမိအ[illegible] ဖြတ်[illegible] [illegible]တွင် ပေါင်း[illegible] [illegible]လက်အင်္ဂါ[illegible] [illegible] [illegible] နောက်ပြီး ရက်ရောစွာပေးလှူဖြည့်ကျင့် [illegible] ဒသဥပပါရမီကား ထိုထက်မ[illegible] [illegible]။ အသက်ကိုစွန့်လှူမှု ဖြည့် ကျင့်ရသော Superlative Degree ဒသ ပရမတ္ထပါရမီသည်ကား ဖြည့်နိုင်ခဲ့ [illegible] ဆရာတော်[illegible] [illegible] ဖြည့်နိုင်ခဲ့ဆုံး ပါရ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ လိုတိုရှင်း လွယ်လင့်တကူ ဖြေဆို နိုင်လျက် သူလိုငါလို သာမန်ပုဂ္ဂိုလ်များ သတိထားမိအောင် ဒသပါရမီမှုကို လည်း ဖြည့်နိုင်ခဲ့ကြောင်း တစ်ခါ ပြော ပြ၏။ ပါရမီအဆင့်ကို ဖြည့်ကျင့်နိုင်သူ များ သဒ္ဓါတရားရှင်သာအောင် ထိုမှုနှင့် ကျေနပ်ရောင့်ရဲနေစေလို၍ ဒသဥပ ပါရမီက ပိုမိုဖြည့်နိုင်ခဲ့ကြောင်း အသိ ပေးရင်း သဒ္ဓါတရားဖြင့် ဆွဲခေါ်လာ၏။ ဥပပါရမီကို ဖြည့်ကျင့်နိုင်သူများ ထိုမှုနှင့် ရပ်မသွားအောင် ဒသပရမတ္ထပါရမီ ထား အလွန်အလွန် ဖြည့်နိုင်ခဲ့သော အဖြည့်နိုင်ခဲ့ဆုံး ပါရမီ ဖြစ်ကြောင်း ဖေါ်ပြကြားရင်း ရင့်ပြီး သဒ္ဓါတရားကို မြှင့်တင်ပေးထား၏။ ပါရမီရှင်များ အပေါ် သဒ္ဓါတရားဖြင့် ဆွဲခေါ်လာခြင်း ကို မြင်အောင်ကြည့်မိပါက ဆရာတော့် အဖြေသည် ကျေနပ်ဝမ်းမြောက်စရာ ကောင်းပါဘိ။

အတ္တသမံ ပေမံ နတ္ထိ- ဘုရား ဟောရှိသည့်အတိုင်း မိမိနှင့် ထပ်တူ ထပ်မျှ ချစ်ရသောသူ တစ်လူမျှ ဤ လောက၌ မရှိနိုင်ရကား မိမိကိုယ်ကို သာ အချစ်ဆုံးဖြစ်လေသောကြောင့် ကိုယ့်အသက်ကို စွန့်၍ ဖြည့်ကျင့်ယူရ သော ပရမတ္ထပါရမီသည် ဖြည့်ကျင့်နိုင် ခဲကြောင်း ဖြေဆိုပြသော ကျီးသဲလေး ထပ်ဆရာတော်၏ အဖြေစကားသည် မှန်ကန်ရုံမက အလွန်ကို ကောင်းမွန် ပါသည်။ သို့သော်လည်း ဟင်္သာတမြို့ သပြေပင်ကျောင်းတိုက်ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ မဟာဒွါရနိကာယ ဂဏ ရက္ခိတ အရှင်သောဘနမထေရ်မြတ် ကမူ ထိုအဖြေကို အားမရနိုင်၍ စွယ်စုံ ကျော်ထင်ဝိသောဓနီ အမည်ဖြင့် ကျမ်း တစ်စောင်ပြုကာ အမှားဟု ထင်သမျှ ကို သုတ်သင်ပြင်ဆင်ပြထားပါသည်။ ထိုတွင် ဤအဖြေကို သုတ်သင်ပြခြင်း လည်း ပါဝင်ပါသည်။ ဝိသောဓနီဆရာ ၏ အာဘော်ကို စာဖတ်သူများ လေ့ လာနိုင်ရန် ထိုကျမ်းမှ ကူးယူ ဖော်ပြ လိုက်ပါသည်။

"ဒသပါရမီ၊ ဒသဥပပါရမီ၊ ဒသ ပရမတ္ထပါရမီ သုံးပါးတို့တွင် အဘယ် ပါရမီသည် အလွန်ဖြည့်နိုင်ခဲသနည်းဟု မေးသော်သာ ဤအဖြေ မှန်ကန်ရာ သည်၊ ပါရမီသုံးဆယ်တို့တွင် အဘယ် ပါရမီသည် အလွန်ဖြည့်နိုင်ခဲသနည်း ဟု မေးခြင်းကြောင့် ဤအဖြေ မမှန်၊ အာ ဘော်မကျချေ။ ပုစ္ဆက အာဘော်ကျ အဖြေကား ပရမတ္ထခန္တီပါရမီသည် အလွန်ဖြည့်နိုင်ခဲသည်ဟူပေ။

ခန္တျာဘိယျော နဝိဇ္ဇတိ။ (သတ္တ သံယုတ်ပါဠိတော်)

ခန္တီပရမံ တပေါ တီတိက္ခာ။ (ဓမ္မ ပဒပါဠိတော်)

ခန္တျာ-ခန္တီပါရမီထက်၊ ဘိယျော- လွန်ကဲသော ပါရမီသည်၊ နဝိဇ္ဇတိ- မရှိ။

တီတိက္ခာ-တီတိက္ခာဟုဆိုအပ် သော၊ ခန္တီ-ခန္တီတရားသည်၊ ပရမံ- မြတ် သော၊ တပေါ- အကျင့်တည်း။ (စာ- ၂၄)

ဝိသောဓနီဆရာက ဒသပါရမီ၊ ဒသဥပပါရမီ၊ ဒသပရမတ္ထပါရမီ သုံးပါး တို့တွင် အဘယ်ပါရမီသည် အလွန်ဖြည့် နိုင်ခဲသနည်းဟု မေးမှ စွယ်စုံကျော်ထင် ကျမ်းပြုဆရာတော်၏ အဖြေမှန်ကန် သည်။ မေးခွန်း၌ကား ပါရမီသုံးဆယ်တို့ တွင် အဘယ်ပါရမီသည် ဖြည့်နိုင်ခဲ သနည်းဟု မေးထား၍ ဆရာတော့် အဖြေ မမှန်ကန်၊ ပုစ္ဆကအာဘော်မကျ ဟု ဆိုထား၏။ ထို ဝိသောဓနီဆရာ စကားတွင်ပါဝင်သော ဒသပါရမီ၊ ဒသ ဥပပါရမီ၊ ဒသ ပရမတ္ထပါရမီ ဟူသော စကားနှင့် ပါရမီသုံးဆယ် ဟူသော စကားမှာ အခေါ်သာကွဲ ထမင်းနဲ့နှင့် ယာဂုအတူတူဆိုသကဲ့သို့ အစိတ်နှင့် အပေါင်းမျှသာ ကွဲ၏။ ပါရမီသုံးဆယ် ချင်းအတူတူပင် ဖြစ်ပါသည်။ ထို့အပြင် "ဒသပါရမီ၊ ဒသဥပပါရမီ၊ ဒသပရမတ္ထ ပါရမီ' ဟု တစ်ဆယ်သချ်ာ၊ ဒသ သဒ္ဒါ သုံးခါ သုံးဆယ်ဖြစ်နေပါလျက် သုံးပါး တို့တွင် ဟု ဝိသောဓနီဆရာ ဆိုထား ခြင်းမှာ ဝေါဟာရကုသလမဖြစ်ကြောင်း ထင်ရှား၏။ သုံးမျိုးတို့တွင် ဟုသာ ဆိုသင့်ပါသည်။ ပုစ္ဆကအာဘော်ကျ အဖြေဟု သတ္တုချပြထားသော နောက် ဆုံးအဖြေလည်း ကျီးသဲလေးထပ်ဆရာ တော်ဖြေပြသော "ပရမတ္ထပါရမီ" ဟူ သော ဘောင်ကို ကျော်လွန်နိုင်ခြင်း မရှိ၊ ထိုဘောင်အတွင်းက မလွတ်ပေ။

ဝိသောဓနီဆရာပြသော ပရ မတ္ထခန္တီပါရမီသည် ကျီးသဲလေးထပ် ဆရာတော်ပြသော ဒသပရမတ္ထပါရမီ ထဲတွင် အကျုံးဝင်လျက် ရှိပေသည်။ အကယ်၍ ပရမတ္ထခန္တီပါရမီဟု မဆိုဘဲ ပရမတ္ထပုဒ်ကိုဖြုတ်ကာ ခန္တီပါရမီသာ လျှင် ဖြည့်နိုင်ခဲသည်ဟု ဝိသောဓနီဆရာ ဆိုခဲ့ပါမူကား မှားသည် မှန်သည် အသာထားလို့ ကျီးသဲလေးထပ်ဆရာ တော်ပြသည့် ပရမတ္ထပါရမီ ဟူသော ဘောင်အတွင်းက လွတ်သောကြောင့် ဝိသောဓနီစကား သဘာဝကျသည်ဟု ဆိုရပေမည်။ ခုတော့ ထိုဘောင်တွင်းက မလွတ်နိုင်ဘဲ ဘောင်အတွင်း၌ပင် ကျရောက်လျက်ရှိနေ၏။

သို့ပါလျက် ကျီးသဲလေးထပ် ဆရာတော့်အဖြေကို အားမနာပါးမနာ အလွယ်တကူ ပယ်ချဝံ့ခြင်းမှာ ကိုယ် တိုင်ထုတ်ပြသော အကိုးသာဓကကို အတိအကျဟု ထင်မှတ်ကာ အမိအရ ဆုပ်ကိုင်မိသောကြောင့် ဖြစ်မည်ထင်ပါ သည်။ အဆိုပါ သာဓက ပါဠိကို ခန္တျာ- ခန္တီပါရမီထက်ဟု ဝိသောဓနီ ဆရာကိုယ် တိုင် အနက်ပြန်ထား၍ ထိုပုဒ်က ခန္တီ ပါရမီဟုသာ အနက်ထွက်ပြီး ပရမတ္ထ ခန္တီပါရမီဟု အနက်မထွက်ကြောင်း နားလည်ရ၏။ ထိုသို့ ဝိသောဓနီဆရာ ဆိုတိုင်း အနက်ယူပါက ပါရမီတို့တွင် ခန္တီပါရမီသည် ဖြည့်နိုင်ခဲ၏ဟူ၍ ခန္တီ ပါရမီနှင့် ဒါနပါရမီ စသည့် ပါရမီ အချင်းချင်းသာ နှိုင်းယှဉ်အပ်၏။ ခန္တီ ပါရမီနှင့် ဒါန[illegible]ဒါနပရမတ္ထပါရမီ စသည်တို့ကို နှိုင်[illegible]ည်မဟုတ်ပေ။ တစ်ဆင့်တက်က ဥပပါရမီတို့တွင် [illegible] ဥပပါရမီသည် ဖြည့်နိုင်ခဲ၏ဟူ[illegible] ဥပ

www.burmeseclassic.com

...ချင်းချင်းသာ နှိုင်းယှဉ်အပ်၏။ ဥ...မီနှင့် ပါရမီ၊ ပရမတ္ထပါရမီတို့ကို ...ယှဉ်အပ်ပေ။ နောက်ထပ် တစ်ဆင့် ...ကက်လျှင် ပရမတ္ထပါရမီတို့တွင် ...ရမတ္ထပါရမီ သည် ဖြည့်နိုင်ခဲ၏ဟူ၍ ...မတ္ထပါရမီအချင်းချင်းသာ နှိုင်းယှဉ် အပ်၏၊ ပရမတ္ထပါရမီနှင့် ပါရမီ၊ ဥပ ...မီတို့ကို မနှိုင်းယှဉ်အပ်ပေ။

ရှင်းလင်းချက်များကို အနှစ်ချုပ် ...ပါရမီ(၁၀)ပါးတို့တွင် ခန္တီပါရမီ သည် ဖြည့်နိုင်ခဲဆုံး၊ ဥပပါရမီ (၁၀)ပါး တို့တွင် ခန္တီဥပပါရမီသည် ဖြည့်နိုင်ခဲဆုံး၊ ...မတ္ထပါရမီ (၁၀)ပါးတို့တွင် ခန္တီပရမတ္ထ ...မီသည် ဖြည့်နိုင်ခဲဆုံး။ ပါရမီ၊ ဥပ ...မီ ပရမတ္ထပါရမီ သုံးမျိုးတို့တွင် ပရ ...တ္ထပါရမီသည် ဖြည့်နိုင်ခဲဆုံး ဟူ၍ ...မှန်ထွက်ပါသည်။

ဤသို့ဆိုခြင်းမှာ ဝိသောဓနီ ...ရာ ထုတ်ပြသော သာဓကနှင့် ထို ...ရာပေးသော အနက်အရ ဖြစ်သင့် ...သည်ကို ဆိုခြင်းသာဖြစ်ပါသည်။ ထို ...ရာပြသော သာဓကပါဠိက ထိုဆရာ ...သည့်အတိုင်း အနက်ထွက် မထွက် ...ပြပါဦးအံ့။ ပထမထုတ်ပြသော ...ဓက ခန္တျာဘိယော နဝိဇ္ဇတိ ...သောဂါထာပါဒသည် သက္ကသံယုတ်၊ ...ဓနအသုရိန္ဒသုတ်လာ စကား ...ဖြစ်ပါသည်။ ၎င်းပါဠိကို အဋ္ဌကထာ ...ရာက နိပ္ပန္နသောဘနေသု အတ္တေသု ...တေည ဥတ္တရိတရော အတ္တောနာမ ...ဟု ဖွင့်ပြ၏။ ၎င်းအဖွင့်ကို မိုးထိမူ ...ယ၌ နိပ္ဖန္နသောဘနေသု - ပြီး ...၏ အဖြစ်၌ တင့်တယ်ကုန်သော၊ ...တ္ထေသု - ကိစ္စတို့တွင်၊ ခန္တီတော- ...ခံခြင်း ခန္တီတရားထက်၊ ဥတ္တရိတ ...- သာလွန်သော၊ အတ္တောနာမ - ...ည်သည်၊ နတ္ထိ - မရှိဟု အနက် ...ထားပါသည်။

မှန်၏။ တင့်တင့်တယ်တယ် ...သွားသော အမှုကိစ္စဟူသမျှတို့တွင် ...ခံခြင်း ခန္တီတရားကြောင့် ပြီးစီး ...တဲ့ အမှုကိစ္စထက် သာလွန်ကာ တင့်တင့်တယ်တယ် ပြီးစီးသွားသော အခြားအမှုကိစ္စဟူ၍ မရှိနိုင်ပေ။ ခန္တီ တရားမထားဘဲ ပြီးဆုံးသွားသော အမှုကိစ္စဟူသမျှ တစ်ကပြန်၍ တစ်ဖန် စလာနိုင်သောကြောင့် တင့်တယ်စွာ မပြီးဆုံးနိုင်ချေ။ ဤသို့သာလျှင် ထိုပါဠိ က အဓိပ္ပာယ်ရ၏။ ခန္တီပါရမီသာ ဖြည့် နိုင်ခဲဆုံးဟု ထိုပါဠိက မပြပေ။ ဒုတိယ သာဓကစကားရပ်ကား ခမ္ပဒ၊ ဗုဒ္ဓဝဂ်၊ အာနန္ဒတ္ထေရပုစ္ဆဝတ္ထုလာ ဩဝါဒပါတိ မောက် သုံးဂါထာအနက် ဒုတိယ မြောက် ဂါထာရဲ့ ပထမပါဒဖြစ်ပါသည်။ ထိုပါဠိအနက်မှာ ဝိသောဓနီ ဆရာပေး သည့်အတိုင်း နိဿယများ၌ ပေးကြ၏။ မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး ဘေးရှိ ဩဝါဒပါတိမောက်ကျောက်စာ ၌ကား "တိတိက္ခာ- တိတိက္ခာဟုဆိုအပ် သော ခန္တီ-သည်းခံခြင်း" ဟု နိဿယ ပေးရိုးပေးစဉ်အတိုင်း မပေးထားဘဲ တိတိက္ခာ-လွန်စွာချုပ်တည်းခြင်းဟု ဆို အပ်သော၊ ခန္တီ-သည်းခံခြင်းသည်" ဟု တိတိက္ခာ အနက်ပေါ်လွင်အောင် ပေး ထား၏။ ထိုကျောက်စာအရ လွန်စွာ ချုပ်တည်းခြင်းဟု ဆိုအပ်သော သည်းခံ ခြင်းသည် မြတ်သော အကျင့်တည်းဟု အဓိပ္ပါယ်ရ၏။ မည်သည့် အနက်မျိုးပင် ဖြစ်စေ ထိုပါဠိက သည်းခံခြင်းသည် မြတ်သောအကျင့်ဟုသာ ပြ၏။ ခန္တီ ပါရမီသည်သာလျှင် ဖြည့်နိုင်ခဲဆုံးဟု ကား ထိုပါဠိက မပြပေ။

ထို့ကြောင့် ဝိသောဓနီဆရာ၏ အကိုးသာဓကများသည် ရှင်းလင်းချက် အဓိပ္ပါယ်ထွက်များနှင့် ခါးတောင်း တခြား တင်တခြား၊ ခုတ်ရာတခြား ရှရာ တခြား၊ အလွဲလွဲ အမှားမှားပင် ဖြစ်ပါ သည်။ ထို့ကြောင့် ထိုသာဓကများထုတ် ပြပြီး ခန္တီပရမတ္ထပါရမီသည် အလွန် ဖြည့်နိုင်ခဲသည်ဟုဆိုသော ဝိသောဓနီ ဆရာ စကားမှာ စဉ်းစားစရာပင်။

ယခင်ဆိုခဲ့သော အဖွင့်များနှင့် ပင် စဉ်းစားပါက အသက်စွန့်ပြီး ဖြည့် ကျင့်ယူရသော ပရမတ္ထပါရမီဟူသမျှ ဖြည့်နိုင်ခဲပေသည်။ ဒါနပရမတ္ထပါရမီ ဖြည့်လည်း အသက်စွန့်ပြီး ဖြည့်ရ၏၊ ခန္တီပရမတ္ထပါရမီဖြည့်လည်း အသက်စွန့် ဖြည့်ရ၏။ အသက်စွန့်ရခြင်းအတူတူပင် ဖြစ်ပါသည်။ ထို့အတူ သီလပရမတ္ထ ပါရမီ၊ နိက္ခမ္မပရမတ္ထပါရမီစသည့် ကျန် ပရမတ္ထပါရမီများဖြည့်လည်း အသက် စွန့်ပြီး ဖြည့်ရ၏။ ခန္တီပရမတ္ထပါရမီဖြည့် လည်း အသက်စွန့်ဖြည့်ရ၏။ အသက် စွန့်ရခြင်း အတူတူပင် ဖြစ်ပါသည်။ ပရမတ္ထပါရမီမှန်ပါက အသက်စွန့်ရ၏။ အသက်စွန့်ရက ပရမတ္ထပါရမီမဖြစ် ပေ။ ထိုသို့ ပရမတ္ထပါရမီမှန်က အသက် စွန့်ပြီး ဖြည့်ကျင့်ရလေသောကြောင့် အသက်စွန့်ရခြင်းတူသလို ခက်ခဲပုံချင်း လည်း တူလေရာ "ခန္တီပရမတ္ထ ပါရမီ သာ ဖြည့်နိုင်ခဲသည်" ဟူသော ဝိသော ဓနီဆရာစကားမှာ မှားယွင်းနေတော့ ၏။ လုံးဝ မှန်ကန်မှု မရှိပေ။

ကိုယ်ပိုင် သက်ရှိ သက်မဲ့ ပစ္စည်း ဥစ္စာများစွန့်လွှတ်၍ ဖြည့်ရသော ပါရမီ၊ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများကို စွန့်လွှတ်၍ ဖြည့်ရသော ဥပပါရမီတို့ ထက် အသက်စွန့်၍ ဖြည့်ရသော ပရမတ္ထပါရမီသာ ဖြည့်နိုင်ခဲသည်မှန် လေသောကြောင့် ထို့ထက် အသက်စွန့် ၍ ဖြည့်ကျင့်ခြင်းတည်းဟူသော ဒသပ ရမတ္ထပါရမီကိုသာ အလွန်ဖြည့်နိုင်ခဲ၏ ဟု သိရာ၏ ဟူသော ကျီးသဲလေးထပ် ဆရာတော်၏ အဖြေစကားသည်သာ အနှစ်သာရအားဖြင့် မှတ်သားထိုက် သော အဖြေမှန် အဖြေကောင်းဖြစ်ပါ ကြောင်း ရဟန်းရှင်လူ ပြည်သူအပေါင်း တို့ ရှင်းရှင်းလင်းလင်း သိနိုင်စေရန် ပဋိဝိသောဓနီ ထပ်ဆင့်သုတ်သင်ကာ တင်ပြလိုက်ပါသည်။ စာဖတ်သူများ အားလုံး မင်္ဂလာပါခင်ဗျာ။ ရွှင်လန်း ချမ်းမြေ့ကြပါစေ။

❒ **မောင်ဉာဏ်လင်း(တောင်ကုတ်)**

ရည်ညွှန်းကျမ်း
စွယ်စုံကျော်ထင်ဝိ သောဓနီ၊ သံယုတ် ပါဠိတော်၊ စွယ်စုံကျော်ထင်ကျမ်း။




www.burmeseclassic.com

www.burmeseclassic.com

ကပိလဝတ်ပြည်ရှိ အမိတောဒန သာကီဝင်မင်းသားသည်ဆွေမျိုးအားလုံးတို့ကို နှစ်သက်စေရန် ပြုတတ်သောကြောင့် အာနန္ဒာ ဟူ၍ အမည်တွင်သည်။

အာနန္ဒာသည် မြတ်ဗုဒ္ဓအား မြင်မြင်ချင်း ကြည်ညို လှသည်ဖြစ်၍ မြတ်ဗုဒ္ဓထံပါး အမြဲအခစားဖြစ်ရန်အလို့ငှာ ဘုရားရှင်ထံ ခွင့်ပန်ပြီး ရဟန်းပြုကာ ဘုရားရှင်၏ သာသနာတော်မှာ ဝင်ရောက် ခိုလှုံသည်။ အာနန္ဒာသည် မြတ်ဗုဒ္ဓအပါးမှ ပြုစုလုပ်ကျွေးခွင့် ရစေရန် ဘုရားရှင်ထံ မတောင်းဆိုပါ။ ဆိတ်ဆိတ်သာ နေခဲ့သည်။



# ပယ်လေးပါးခံလေးတန်

ကျိုက်လတ်သန်းထိုက် (LL,B)



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်က အာနန္ဒာသည် ...ပါး တိုက်တွန်းခဲ့၍ ငါဘုရားရှင် ...ာ ပြုစုလုပ်ကျွေးမည့်သူမဟုတ်။ ...နှအလို၊ မိမိအသိဖြင့်သာ ငါဘုရား ...အနားမှာ ပြုစုလုပ်ကျွေးနေခြင်း ...ဖြစ်သည်ဟု အာနန္ဒာအား ချီးမွမ်း ...တော်မူသည်။

ယင်းနောက် အာနန္ဒာသည် ဘုရားရှင်ထံ 'ပယ်လေးပါး၊ ခံလေးတန်' ကို ခွင့်ပြုတော်မူပါရန် ရိုသေစွာတောင်း ...၍ လျှောက်ထားခဲ့သည်။ ဘုရားရှင်မှ ...လည်း ခွင့်ပြုတော်မူခဲ့သည်။

အဆိုပါ 'ပယ်လေးပါး ခံလေး တန်' တို့မှာ အောက်ပါအတိုင်းဖြစ်ပါ သည်။

အာနန္ဒာသည် ပယ်လေးပါးကို ခွင့်ပြုတော်မူပါရန် ဘုရားရှင်ထံ ရိုသေ စွာ လျှောက်ထားခဲ့ပါသည်။

အဆိုပါ ပယ်လေးပါးမှာ . . .

၁။ ဘုရားရှင်မှရအပ်သော ကောင်း ...သည့် သင်္ကန်းကို ဘုရားတပည့် ...တော်အား တစ်ဆင့်ပေးလှူခြင်းမပြုပါ ...။

၂။ ဘုရားရှင်မှရအပ်သော ကောင်း ...သည့် ဆွမ်းကို တပည့်တော်အား ...ဆင့်ပြန်လည် ပေးစွန့်ခြင်းမပြုပါရန်။

၃။ ဘုရားတပည့်တော်အား အရှင် ဘုရားနှင့် အတူတကွ ဂန္ဓကုဋိတိုက်၌ အတူနေထိုင်ကာ သီတင်းသုံးခွင့်မပြုပါ ...။

၄။ ဒါယကာ၊ ဒါယိကာမများမှ အရှင်ဘုရားကိုပင့်ဖိတ်ခဲ့၍ အရှင်ဘုရား ...ပင့်ဖိတ်ရာအရပ် နေအိမ်ဂေဟာသို့ ကြွတော်မူရာ၌ ဘုရားတပည့်တော်အား အရှင်ဘုရားနှင့်အတူတကွ အရှင်ဘုရား ...ခေါ်ဆောင်ခြင်း မပြုပါရန်။

အစရှိသည့် ပယ်လေးပါးကို ဘုရားရှင်ထံ အာနန္ဒာမှ ဦးစွာလျှောက် ထားခဲ့ပါသည်။ အာနန္ဒာ၏ တောင်းခံ လျှောက်ထားချက်ကို ဘုရားရှင်မှ ခွင့်ပြု တော်မူခဲ့ပါသည်။

တစ်ဖန် ဘုရားရှင်ထံ အာနန္ဒာမှ ခံလေးတန်ကိုလည်း ခွင့်ပြုတော်မူပါရန် ထပ်မံ၍ လျှောက်ထားတော်မူပြန်သည်။

အဆိုပါ ခံလေးတန် တို့သည် ကား . . .

၁။ ဒါယကာ၊ ဒါယိကာမများမှ ဘုရားတပည့်တော်အား ပင့်ဖိတ်ခဲ့သည် ရှိသော် အဆိုပါ ပင့်ဖိတ်ရာသို့ ဘုရား တပည့်တော်နှင့်အတူ အရှင်ဘုရားမှ လိုက်ပါကြွရောက် ချီးမြှောက်ပေးတော် မူပါရန်။

၂။ အရှင်ဘုရားအား လာရောက် ဖူးမြော်ကြသည့် ပရိသတ်အပေါင်းတို့မှ ဘုရားတပည့်တော်ကို ခွင့်ပန် အတူ အညီ တောင်းခံလာသည်ရှိသော် ဂန္ဓ ကုဋိတိုက်အတွင်းမှ အရှင်ဘုရားက ပရိသတ်တို့အား ဖူးမြော်ခွင့် ပေးသနား တော်မူပါရန်။

၃။ ဘုရားတပည့်တော်၏ သန္တာန်၌ တရားနှင့်စပ်ပြီး ယုံမှားသံသယများရှိခဲ့ ၍ အဆိုပါ ယုံမှား သံသယများကို အရှင်ဘုရားထံ အချိန်အခါမရွေး မေး မြန်းလျှောက်ထားခွင့် ပြုတော်မူပါရန်။

၄။ အရှင်ဘုရားမှ ဘုရားတပည့် တော်၏မျက်ကွယ်၌ ဟောကြားခဲ့သော တရားဒေသနာတော်များကို ဘုရား တပည့်တော်အား တစ်ဆင့် ပြန်လည် ဟောကြားပေးသနားတော်မူပါရန်။

အစရှိသည့် ခံလေးတန်ကို အာ နန္ဒာမှ ဘုရားရှင်ထံ တောင်းခံလျှောက် ထားခဲ့ပါသည်။ ဘုရားရှင်မှလည်း အာ နန္ဒာ တောင်းခံလာသည့် ပယ်လေးပါး၊ ခံလေးတန်ကို ခွင့်ပြုတော်မူခဲ့ပါသည်။

အာနန္ဒာမှ တောင်းခံလာသည့် ဆုရှစ်ဆုကို ရရှိလာသည့် အချိန်မှစ၍ ဘုရားရှင်အား ပြုစုလုပ်ကျွေးလာခဲ့သည် မှာ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူ ချိန်အထိ ၂၅ နှစ်တိုင် ဘုရားရှင်၏ ပါရမီတော်အား ဖြည့်ဆည်းကာ ပြုစု လုပ်ကျွေးတော်မူခဲ့ပါသည်။

သို့ဖြစ်၍ ဘုရားရှင်မှ အာနန္ဒာ အား ဧတဒဂ်ဘွဲ့ ငါးဆုကို ချီးမြှင့်တော် မူခဲ့ပါသည်။

**အဆိုပါ ဧတဒဂ်ဘွဲ့ ငါးဆု တို့မှာ**

၁။ အာနန္ဒာသည် **အကြားအမြင်** အရာ၌ ထူးကဲစွာ ကြားမြင်နိုင်ခြင်း။

၂။ ဘုရားရှင်၏ တရားစကားကို အချိန်ကြာမြင့်စွာ စွမ်းဆောင်နိုင်သည့် သတိရှိခြင်း။

၃။ ဘုရားရှင် ဟောကြားတော်မူ သည့် တရားကို ဘုရားရှင်ဟောကြား တော်မူသည့်အတိုင်း အသိပညာဖြင့် စွမ်းဆောင်နိုင်ခြင်း။

၄။ ဘုရားရှင်၏ တရားတော်များကို သိခြင်း စွမ်းဆောင်နိုင်ခြင်း၊ ရွတ်ဖတ် သရဇ္ဈာယ်နိုင်ခြင်း။

၅။ **ဘုရားရှင်အား ပြုစုလုပ်ကျွေး ခြင်း၊ လုံ့လဝီရိယရှိခြင်း။**

အစရှိသည့် **အရာအားလုံးတို့** တွင် အာနန္ဒာသည် **ဘုရားရှင်၏တပည့်** သာဝက ရဟန်းတို့တွင် အသာဆုံး၊ အမြတ်ဆုံးဖြစ်၍ အာနန္ဒာအား ဘုရား ရှင်မှ ဧတဒဂ်ဘွဲ့ထူး ငါးဆုကို ထိုက် ထိုက်တန်တန် ချီးမြှင့်မြှောက်စား ပေး သနားတော်မူပါသည်။

သစ္စာတရား စဉ်ရှုပွား
ရဂြားဇကန် မြတ်နိဗ္ဗာန်
❒ **ကျိုက်လတ်သန်းထိုက်** (LL,B)

ရည်ညွှန်း

ဇနီးကျောင်းအုပ်ဆရာမကြီး (ဒေါ်ခင်လေးဆွေ) ကွယ်လွန်သည့် ကိုးနှစ်မြောက် အမှတ်တရ။



www.burmeseclassic.com

www.burmeseclassic.com




ရဲဘော် ကျော်ဆန်း

# ဗုဒ္ဓခေတ်အမျိုးသမီးများ

သဥ္ဇာယုတနသံယုတ်မှာ မာတုဂါမဝဂ်ဆိုတဲ့ အမည်နှင့် သုတ္တန်ပေါင်း (၃၄)ခု ဖော်ပြထားတယ်။ အဲဒီသုတ္တန်များမှာ မိန်းမများ ယုတ်ညံ့သူဖြစ်တယ်လို့ တစ်စွန်းတစ်စမျှ ဖော်ပြမထားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

သဥ္စာယတနသံယုတ်မှာ မာတုဂါမ အမျိုးသမီးများဟာ ယုတ်ညံ့သူလို့ ဗုဒ္ဓက မဆိုဘူး၊ ယုတ်ညံ့တဲ့အကျင့် ပြုသူများသာ ယုတ်ညံ့တဲ့အမျိုးဖြစ်ကြတယ်။ မြင့်မြတ်တဲ့သူများမှာ မြင့်မြတ်တဲ့စိတ်ထား ရှိသူများ ဖြစ်ကြတယ်လို့ ဗုဒ္ဓက မိန့်ကြားထားတယ်။

အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ တရားဓမ္မများကို ရနိုင်သူများဖြစ်တယ်လို့ ဗုဒ္ဓက ဟောတယ်၊ သာသနာတော်အတွင်း ဝင်ရောက်လာသူများကို လေ့လာကြည့်လျှင် အမျိုးသားများနှင့် တန်းတူတရားဓမ္မ ရရှိကြောင်း တွေ့ရတယ်။ ကျယ်ပြန့်သော အမျိုးသမီး ဘိက္ခုနီများဟာ အမျိုးသားရဟန်း အရေအတွက်ထက် များစွာ ကွာခြားဟန် မတူဘူး။

သာသနာတော်ကြီးကို ကူညီထောက်ပံ့သူ အမျိုးသမီးများ အရေအတွက်ဟာ ယောကျ်ား ဥပါသကာ အတော် လျော့ဟန်မတူဘူး။

"အာနန္ဒာ မာတုဂါမများဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဓမ္မဝိနယ သာသနာတော်မှာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပြီး သောတာပန်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ ရောက်မှောက်ပြုခြင်းငှာ ထိုက်တယ်" လို့ ဗုဒ္ဓက မိန့်ကြားတယ်။

(အင်္ဂုတ္တိုရ်အဋ္ဌကနိပါတ်၊ ဂေါတမီဝင်၊ ဂေါတမီသုတ်)

အမျိုးသမီးများဟာ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရှိကြောင်း ဗုဒ္ဓသာသနာတော်မှ အတိအလင်း ဖော်ပြထားသလို ဗုဒ္ဓတရားတော်ကိုလည်း အမျိုးသမီးများဟာ အမျိုးသားများနှင့် တန်းတူ ကျင့်ကြံအားထုတ်နိုင်ကြောင်း အမျိုးသားများကဲ့သို့ အမျိုးသမီးများလည်း နိဗ္ဗာန်ကို ရနိုင်ကြောင်း အတိအလင်း ဖော်ပြထားပါတယ်။

သာသနာတော်မှာ ကျောထောက်နောက်ခံသဖွယ်ဖြစ်တဲ့ အမျိုးသမီး ဥပါသိကာများဟာ ဥပါသကာများနှင့် ရင်ပေါင်တန်းလိုက်ခဲ့ကြောင်း တွေ့ရပါတယ်။

ကောသလမင်းကြီး။ မလ္လိကာ၊ လောကဏ္ဍ မိမိကိုယ်ထက် ချစ်ရမယ့်သူ ရှိသလား။

**မလ္လိကာ။** အရှင်မင်းကြီး မိမိကိုယ်ထက် **ချစ်ရမယ့်သူ မရှိပါ။**

**ကောသလမင်းကြီး။** မိဖုရား မလ္လိကာ **အတွက်မှာလည်း မိမိကိုယ်ထက် ချစ်ရမယ့်သူ မရှိပါ။**

**(သဂါထာဝဂ္ဂ ကောသလ သံယုတ်)**

အထက်ပါ မလ္လိကာမိဖုရားနှင့် ကောသလမင်းကြီးတို့ ပြောဆိုသော စကားများမှာ ဘာသာရေးစကားများ မဟုတ်ကြပါ။ လောကအတွေးအမြင်မှ ဖြစ်ပေါ်လာတဲ့ စကားများဖြစ်ပါတယ်။ လောကကြီးကို သုံးသပ်ရာမှာ သတ္တလောကကြီးရဲ့ အတွေ့အကြုံမှ ပေါ်ပေါက်လာတဲ့ သူတို့ရဲ့ အဘိဓမ္မာများ ဖြစ်ပါတယ်။

ဒီစကားအရ အဲဒီခေတ် အမျိုးသမီးများရဲ့ အသိအမြင် အတွေးအခေါ်များဟာ များစွာတိုးတက်နေပြီဆိုတာ ထင်ရှားပါတယ်။

အမျိုးသမီးများ အဆင့်မြင့်စွာ တွေးခေါ်နိုင်အောင်၊ အသိပညာမြင့်မားလာအောင် လမ်းဖွင့်ပေးသူကတော့ ဗုဒ္ဓပင်ဖြစ်ပါလိမ့်မယ်။

ဗုဒ္ဓသာသနာဝင် အမျိုးသမီးများအနက် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က ဧတဒဂ်ဘွဲ့ရ အမျိုးသမီးစာရင်းထဲမှာ ဖော်ပြထားတဲ့ ခုဇ္ဇုတ္တရာ ဆိုသူဟာ ကျွန်မတစ်ဦး ဖြစ်တယ်။ ကျွန်မ ခုဇ္ဇုတ္တရာဟာ ဗုဒ္ဓရဲ့ တရားဓမ္မကို ကြားနာရတဲ့အတွက် သောတာပန် ဖြစ်လာတယ်၊ သာမာဝတီပါဝင်တဲ့ နန်းတွင်းသူငါးရာတို့ကို တရားဟောပြရတယ်။

ဘုရားရှင်ထံမှာ တရားနာယူပြီး တစ်ဆင့် နန်းတွင်းသူများကို ဟောပြရင်း ပိဋကတ်သုံးပုံ အာဂုံဆောင်တဲ့ "တိပိဋကဓရ" ဖြစ်လာတယ်။

ဒါကြောင့် ဗုဒ္ဓက ကျွန်မ ခုဇ္ဇုတ္တရာကို "ဓမ္မကထိက" အမျိုးသမီးအဖြစ် အသိအမှတ်ပြုပြီး ဧတဒဂ်ဘွဲ့ ပေးအပ်လိုက်တယ်။

(ဓမ္မပဒ အဋ္ဌကထာ အပ္ပမာဒဝဂ်)

အမျိုးသမီး ဧတဒဂ်ဘွဲ့ရများအနက် အချို့ဟာ မင်းသမီး၊ အချို့ ဟာ ကုန်သည်၊ အချို့ဟာ သူကြွယ်၊ အချို့ဟာ သာမန်လက်လုပ်လက်စား၊ အချို့ဟာ ကျွန်မများ ဖြစ်ကြပါတယ်။

(အင်္ဂုတ္တိုရ် ဧကနိပါတ် ဧတဒဂ္ဂဝဂ်)

ဗုဒ္ဓခေတ်က ရှေးအယူအဆ အစွဲအလမ်းတစ်ခုမှာ အိမ်ထောင်တစ်ခု၌ သမီးမိန်းကလေး မွေးဖွားလျှင် ယုတ်ညံ့သည်ဟူ၍လည်းကောင်း၊ သမီးကို မွေးဖွားတဲ့အတွက် အကျိုးပေးမကောင်းဟူ၍လည်းကောင်း ယူဆကြတယ်။

မလ္လိကာမိဖုရား၌ သမီးကလေး ဖွားမြင်ကြောင်း ကောသလမင်းကြီး သိရသောအခါ စိတ်မချမ်းမသာ ဖြစ်နေမိတယ်။

ဒီအကြောင်းကို ဗုဒ္ဓ ကြားသိသဖြင့် "မင်းကြီး ပညာမဲ့သော သားယောကျ်ားကို မွေးဖွားရယူခြင်းထက် ပညာနှင့်ပြည့်စုံတဲ့ သမီးမိန်းမကို ဖွားမြင်ရယူခြင်းက ပို၍မြတ်တယ်၊ ဒါ့အပြင် သတို့သမီးများဟာ ပညာရှိသော သားယောကျ်ားကို မွေးပေးတတ်တယ်လို့ မိန့်ကြားလိုက်ပါတယ်။

(မလ္လိကာသုတ် ကောသလသံယုတ် သဂါထာဝဂ္ဂ)

သားဦးမွေးရာမှာ ယောကျ်ားကလေး မမွေးဘဲ သမီးမိန်းကလေး မွေးလျှင် မွေးတဲ့မိခင် ယုတ်ညံ့တယ်လို့ ယူဆတဲ့လူမျိုး။ သမီးမိန်းကလေးချည်း မွေးလျှင် ထိုအိမ်ထောင်စုကို အကုသိုလ်များသူဟု ယူဆသောလူမျိုး ယနေ့တိုင်အောင် ကမ္ဘာမှာ ရှိနေသေးတယ်။

မြန်မာပြည် အချို့ လူမျိုးစုတို့မှာပင် ယင်းအယူအဆ အမျိုးမျိုးရှိနေ





www.burmeseclassic.com

www.burmeseclassic.com

သေးကြောင်း တွေ့ရတယ်။ ဒီအယူအဆဟာ တိုးတက်နေပြီ ဖြစ်သော ဒီခေတ်မှာ မရှိသင့်တော့ဘူး။

ဗုဒ္ဓဟာ အဲဒီမိန်းမယုတ်တယ်၊ ယောက်ျားမြတ်တယ်ဆိုတဲ့ အယူအဆမျိုးကို ခါးခါးသီးသီး ငြင်းပယ်ခဲ့တယ်။ အမျိုးအားဖြင့် ယုတ်ညံ့သူလို့ မရှိဘူး ဇာတ်အားဖြင့် မြင့်မြတ်သင့်သူ နေအားဖြင့် အနိမ့်ကျသင့်သူ လူလူချင်း တန်းတူဆက်ဆံသင့်တယ်။

မြန်မာပြည်ရှိ သာသနာရေး အဆောက်အအုံဌာနများတွင် အမျိုးသမီးများ မဝင်ရဆိုတဲ့ စည်းကမ်းချက်များကိုတွေ့ရတယ်။ ဒါတွေဟာ ဗုဒ္ဓသာသနာက ဆင်းသက်လာတဲ့ အစဉ်အလာ အပြုအမူမျိုး မဟုတ်ပါဘူး။)

အကယ်၍ ယင်းအပြုအမူမျိုးဟာ ဗုဒ္ဓသာသနာက ဆင်းသက်လာခဲ့တာ မှန်ရိုးဖြစ်ခဲ့လျှင် သေလွန်သော အမျိုးသမီးများ၏အဝတ်အထည်များကို ကန့်လန့်ကာအဖြစ် ပြုလုပ်၍ ကျောင်းသင်္ခမ်းများ၊ ဘုရားတန်ဆောင်းများသို့ လှူဒါန်းသည့်အခါ သာသနာ့ဝန်ထမ်းများက လက်ခံလိမ့်မည် မဟုတ်ပါ။

အမှန်အားဖြင့် အမျိုးသမီးများကို အချို့နေရာများသို့ မဝင်ရဆိုတဲ့ ကိစ္စဟာ မြန်မာပြည်အတွင်း ရှေးကရှိခဲ့ဖူးသော အရှင်ကြီးတို့ အယူဝါဒ လက်ကျန်များသာ ဖြစ်ပါတယ်။

ယနေ့ ဂိုဏ်းလုပ်ငန်းဟူသမျှ အဂ္ဂိရတ်လုပ်ငန်းဟူသမျှနှင့် ယင်းလုပ်ငန်းများဟာ အရည်းကြီးများရဲ့ လက်ကျန်ဝါဒများ ဖြစ်ပါတယ်။

အမျိုးသမီးများသည် အမျိုးသားများလောက် မမြင့်မြတ် ယုတ်ညံ့တယ်။ အဆင့်အတန်း နိမ့်ကျသူများ ဖြစ်တယ် စတဲ့ အယူအဆများဟာ လောကီရေးရာလူမျိုးအလိုက် အစဉ်အလာအရ ယုံကြည်လက်ခံထားခြင်းမျိုးဖြစ်တယ်။ အချို့နိုင်ငံ ထုံးတမ်းစဉ်လာ မတူကြပါဘူး။ အိန္ဒိယနိုင်ငံ အမျိုးသမီးတစ်ယောက်ဟာ သူတို့ရဲ့ ထုံးတမ်းစဉ်လာအရ ဦးခေါင်းကို ခြုံထားရသော်လည်း မြန်မာအမျိုးသမီး တစ်ယောက်ဟာ ဦးခေါင်းခြုံထားစရာ မလိုပါ။

မြန်မာအမျိုးသမီးတစ်ယောက်ဟာ ယောကျ်ားများရဲ့ ခေါင်းရင်းဘက်က ထိုင်ရင် မသင့်တော်သော်လည်း အင်္ဂလိပ်လူမျိုး ယဉ်ကျေးမှုအရ ကဲ့ရဲ့စရာ မလိုပါ။ မြန်မာများ အိမ်ပေါ်မှာ ဖိနပ်စီးလေ့မရှိသော်လည်း အနောက်နိုင်ငံသားများက တစ်အိမ်လုံး ဖိနပ်စီးနေကြတယ်။

သို့ဖြစ်ရာ အမျိုးသမီးများကို ယုတ်ညံ့တယ်လို့ ယူချက်မှာ လူမျိုးအလိုက်၊ ယဉ်ကျေးမှုအလိုက်၊ ဒေသဓလေ့အလိုက် ခြားနားခြင်းဖြစ်တယ်။ ဒါတွေဟာ လူ့အသိုင်းအဝိုင်းတစ်ခုရဲ့ ယူဆချက် စည်းကမ်းများသာ ဖြစ်ပါကြောင်း။

❒ ရဲဘော်ကျော်ဆန်း




ဆုတောင်းပြည့်

**ဆရာကြီး အောင်ဘုန်းမြင့်**

**နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ**

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ - ကာလီဒါချ်, (မြန်မာပြည်)

- ➢ ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ➢ ဘဝရှေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- ➢ နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ။ ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး 📱 ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com

www.burmeseclassic.com

# နေ-မိုးမို
# မြွေဖမ်းသမား၏အကုသိုလ်



နေက ဝင်သွားပေပြီ။

နေဝင်သည်နှင့် အမှောင်ရိပ်က [illegible]တကြီးအား လွှမ်းခြုံလာသည်။

လဆုတ်ည လကုန်ခါနီး ဖြစ်[illegible]လည်း လက လုံးဝမသာ။ မိုးလင်း[illegible]ကြီးလောက်မှပဲ လက ထွက်တော့[illegible]ို့ ကြယ်ရောင်လေးများမှအပ [illegible]ရောင် လုံးဝမရှိတော့။ အမှောင်[illegible] တဖြည်းဖြည်း ကြီးစိုးလာသည်။

ကိုတင်ကြီးတို့အလုပ်က ဒီလိုည[illegible]မှောင်မိုးချုပ်မှ လုပ်ရသောအလုပ်[illegible]သည်။

သူက ပညာရှင်မဟုတ်၊ ကြားဖူး[illegible] အတွေ့အကြုံဖြင့် ဒီအလုပ်ကို လုပ်နေရသူမို့ သူတကာလို ပညာရှင်တွေလို အချိန်မရွေး လုပ်လို့မရ။ ပညာရှင်တွေကတော့ ဘယ်အချိန်ပဲဖြစ်ဖြစ် ပုလွေတစ်ချောင်းရှိ အလုပ်ဖြစ်သည်။

သူ့အလုပ်က အန္တရာယ်တော့ ကြီးသည်။ ဒါပေမယ့် ငွေကြေးကတော့ မြိုးမြိုးမြက်မြက်ရသည်။ ခုတစ်လော သူ့အတွက် ဈေးကွက် ကျယ်လာသည်။

သူ့လုပ်ငန်းက အများတကာ၏ အန္တရာယ်ကို ကြိုတင်ကာကွယ်ပေးသလို အရှားပါးဆုံး တန်ဖိုးကြီးသော ဆေးဝါးတစ်ခုအဖြစ်လည်း တွင်ကျယ်လာသည်။ လူတွေက အသုံးများလာသည်။

ဟုတ်တာ, မဟုတ်တာတို့တော့ ကိုတင်ကြီး မသိ၊ "သည်းခြေ"တစ်လုံး ငါးထောင် (၅၀၀၀) လောက် ရသည်ကတော့ အမှန်။

ထို့ကြောင့်ပင် ကိုတင်ကြီးက အလုပ်ပျက်မခံ၊ ညတိုင်းထွက်သည်။

ယခုလည်း မိုးစုပ်ခနဲ ချုပ်သည်နှင့် ကိုတင်ကြီး လုပ်ငန်းထွက်ရန် နှစ်တောင့်တစ်မိုက်ရှိ အရိုးတပ်သံခွ တစ်ချောင်းကို ပချြုပ်နှင့်အတူ ရောတွဲပြီး ငါးတောင့်ထိုး ဓာတ်မီးကိုယူ၍ အပြင်ထွက်ရန် လုပ်သည်၊

ရှိုးသည် မယ်ကြောက လိုအပ်တာတွေ ဖြင်ဆင်ထည့်သိုပေးသည်၊ ဆေးလိပ်၊ မီးခြစ်တ အစ တေ့နှံရှ။

မနေ့ညက(၂၅၀၀၀)နှစ်သောင်းခွဲလောက်ကိုက်လိုက်သည်။ အနည်းဆုံး တစ်ည(၁၀၀၀၀)တစ်သောင်းလောက်ကတော့ အေးအေးဆေးဆေးပဲ။

တစ်ည တစ်သောင်း ဆိုသော ဝင်ငွေက တောမှာ အဆင်ပြေသည်။ နည်းနည်းနောနော ဝင်ငွေမဟုတ်။

နောက်ပြီး ဒီနှစ်မှာ သားလေး "အောင်တင်"ကို ရှင်ပြုရမည် မဟုတ်လား။ လင်မယားတွေ ရွာဦးကျောင်းဆရာတော်ကိုလျှောက်ပြီးကြပြီ။ ကြိုကြိုတင်တင် နေ့ကောင်းရက်သာတွေပင် ရွေးပြီးကြပြီ။ ဒီတော့ အလုပ်က ပိုပြီး အပျက်ခံလို့ မရတော့။

"ကိုတင်ကြီးရေ သတိ ဝီရိယတော့ ထားလုပ်နော်၊ ဒီအလုပ်က မဖြစ်လို့သာ လုပ်ခိုင်းရတယ်၊ သိပ်အန္တရာယ်ကြီးပါတယ်တော်၊ သားလေး ရှင်ပြုပြီးရင်တော့ မခိုင်းတော့ပါဘူးတော်၊ မျက်စိလဲ လျှင်လျှင်ထား၊ ခြေခင်းလက်ခင်းလဲ ကြည့်"

မယ်ကြော့က ကိုတင်ကြီးစီးရန် လည်ရှည်သားရေဖိနပ်ကြီးကို ယူပေးရင်း ကိုတင်ကြီးကို တတွတ်တွတ် မှာသည်။

"အေးပါဟ၊ ငါလဲ သတိထားပါတယ်၊ ဘာမှတွေးပူမနေပါနဲ့၊ မယ်ကြော့





www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ ဒီအလုပ်တွေက ငါလုပ်လာတာ အံ့တိုနေပါပြီ၊ စိတ်ချစမ်းပါ"

ကိုတင်ကြီးက မိနေ်စီးရှင်း ဇနီး ဖြစ်သူကို ပြောပြီး ပစ္စည်းတွေ စုံ ခုံ စစ်သည်။

အသံတို့ကို ကြေငြာသည်နှင့် ခက် ရင်းခွင်း ရောက်ခဲ့သောသည့် ပြော်ဘော ကို သမီးက "ထဲဝါသွားမယ်" ဟု ဆို၍ မယ်မျိုးကြာကို နှုတ်ဆက်ပြီး ရွာဖြင်သို့ ထွက်ခဲ့၏။

* * *

နွေရာသီ ကောက်တွေရိတ်သိမ်းပြီး မတ်ပဲထိုးစမို့ လယ်ကွင်းတွေက ရိုးပြတ်တောကြီးလို ဖြစ်နေသေးသည်။ ရိုးပြတ်တွေက မကျသေး၊ ထိုးထိုးထောင်ထောင်ပင် ရှိသေး၏။

ကိုတင်ကြီးသည် ရိုးပြတ်တောကြီးထဲ ဓာတ်မီးထိုးပြီး ဟိုသည်ဝှန့်လိုက်၏။ ဓာတ်မီးရောင်ကြောင့် လယ်ကြွက်အချို့ အပြင်ထွက် အစာစားနေကြရာမှ လန့်ပြီးထွက်ပြေးကာ တွင်းထဲပြန်ဝင်သွားကြသည်။

သူ အလိုရှိသည်က လယ်ကြွက် မဟုတ်။ သို့အတွက် ကန်သင်းအတိုင်း ဓာတ်မီးထိုး၍ ရှေ့သို့ တဖြည်းဖြည်း လျှောက်လာခဲ့သည်။

ကန်သင်း တစ်ခုပြီးတစ်ခု ကျော်လာသည်။ ဦးကြီးထော်ကိုး၏ ကုက္ကိုပင်သုံးပင်တန်း လယ်တောသို့ပင် ရောက်လာခဲ့၏။

ဦးကြီးထော်ကိုး၏ ကုက္ကိုပင်သုံးပင်တန်းလယ်တောက ရွာနှင့်အတန်ငယ်လှမ်းသည်။ ခပ်ညို့ညို့ ခင်တန်းတောစပ်တွင်ရှိသည်။ ကုက္ကိုပင်သုံးပင်ကိုအစွဲပြုပြီး "ကုက္ကိုသုံးပင်တန်း လယ်တော"ဟု ခေါ်ကြသည်။ လယ်တောစပ်တွင် လယ်ကျရိုးလေးရှိသည်။

ရိုးလေးက ဆောင်းရာသီ ပဲတွေထိုးချိန်မို့ ရေမစီးတော့။ သို့သော် အချို့နေရာလေးများ၌ အိုင်တွေဖြစ်ပြီး ရေတွေက ရှိနေသေးသည်။ ထိုနေရာက သမန်းမြက်တွေ၊ မြက်ကြိမ်တွေ အုလွှန်တွသည်၊ နွားလေးကြောင့် မြက်ပင်စိမ်းစိမ်းတွေ ပေါသည်၊ ဒီနေရာက ခြေခင်းလက်ခင်းတော့ ရှုပ်သည်။

ကိုတင်ကြီး သတိကြီးစွာထား၍ လျှောက်လာခဲ့သည်၊ ဓာတ်မီးကိုတော့ ခိုတ်ဘဲ ထိုးလာခဲ့၏၊

ကုက္ကိုပင် သုံးပင်တန်း အစ ထောက်ရောက်တော့ ခေတ္တရပ်လိုက်သည်၊ ထို့နောက် ဟိုဒီ ဝှန့်ထိုးလိုက်၏။

"ရှီး . . . ရှီး . . . ရှီး . . . ရှီး"

မီးရောင်ဆီပြေးလာသော အသံကို ကိုတင်ကြီး အတိုင်းသားကြားလိုက်ရသည်။ သေချာသထက် ပိုသေချာအောင် နားစိုက်ကာထောင်လိုက်သည်။ တရှီးရှီး တရှဲရှဲ မီးရောင်ဆီ ပြေးလာသံက ထင်ထင်ရှားရှား ကြားလိုက်ရသည်။

အသံနီးသည်ထက် နီးလာတော့ လုပ်ငန်းအတွေ့အကြုံ ကျွမ်းနေပြီဖြစ်သော ကိုတင်ကြီး မီးကို ခလုတ်ပိတ်လိုက်၏။ လယ်တောတစ်ခုလုံး မှောင်အတိကျသွားသည်။

စောစောက မီးရောင်ဆီ ပြေးလာနေသော အသံလည်း ပျောက်သွားသည်။

မှောင်မှောင်ထဲ၌ ကိုတင်ကြီး ပခြုပ်နှင့် တွဲထမ်းလာသည့် ခက်ရင်းခွ (နှစ်ခွဆူး)ကို ဆွဲထုတ်လိုက်ပြီး ပခြုပ်ကို အဆင်သင့်ဖြစ်စေရန်ဖွင့်ကာ မီးကို ပြန်ဖွင့်လိုက်၏။ မီးဖွင့်ဖွင့်ချင်းတော့ ဘာမှ မထူးသေး။ သို့သော် ခဏအကြာတွင်ပင် စောစောက ရှီးရှီးရှဲရှဲသံကို ပြန်ကြားလိုက်ရသည်။

ကိုတင်ကြီး ထိုအသံလာရာဆီ ဓာတ်မီးကို ချိန်ထိုးလိုက်၏။

သူ ထင်သည့်အတိုင်းပင် သူ့လက်မောင်းလောက်ရှိ တုတ်တုတ်ခိုင်ခိုင် အကွက်ပြဲပြဲနှင့် မြွေပွေးကြီးတစ်ကောင်။

"ဟာ . . . နည်းနည်းနော်နော် ကောင်ကြီး မဟုတ်ပါလားဟ၊ ဒီကောင်ကြီးဆိုရင် သည်းခြေလဲရမယ်၊ အသားလဲရမယ်၊ အနည်းဆုံး ကိုးဆယ်သားတစ်ပိဿာတော့ အသာလေး၊ ကိုမြင့်စိုးကြီး ထန်းရည်ဆိုင်က မှာထားတာနဲ့တော့ အတော်ပဲ"

ကိုတင်ကြီး စိတ်ကူးဖြင့် ပျော်သွားသည်။

သို့ကြောင့် ဝမ်းသာအားရဖြင့် မြွေပွေးကြီးဆီသို့ ဆင်းခဲ့သည်။ အနားရောက်တော့ မြွေပွေးကြီး၏ ခေါင်းကို ခက်ရင်းခွ (နှစ်ခွ)ဆူးဖြင့် အသာညှပ်ဖိထားလိုက်သည်။ နောက် ခေါင်းကို ညာလက်ဖြင့် "ကုပ်"မှ ခပ်တင်းတင်းကိုင်ကာ ပခြုပ်ဆီ ယူခဲ့သည်။ မြွေကို တစ်ခါတည်းမသတ်ဘဲ ပခြုပ်ထဲ ထည့်ပေးလိုက်၏။

မြွေပွေးသည်းခြေက အဖိုးတန်သည်။ ဒါပေမယ့် လိုချင်သူရှိမှ သတ်ပြီး သည်းခြေကို လတ်လတ်ဆတ်ဆတ် ထုတ်ပေးရသည်။ တစ်ခါတည်း သည်းခြေကို ထုတ်ထားလို့ကမရ။

ဒီအတိုင်း ထုတ်ထားလျှင် ဝယ်မည့်သူက သိပ်မရှိ၊ တချို့က မြွေကိုမြင်မှ ယုံကြသည်။

သည်တော့ ကိုတင်ကြီး မြွေတွေ့တိုင်း အရှင်ဖမ်းရသည်။ ယူမည့်သူ မလာမချင်း လှောင်ထားရသည်။

သို့သော် ယူသူတွေက ပေါသည်။ တစ်နေကုန် မလှောင်လိုက်ရ။

ကိုတင်ကြီး မြွေပွေးကြီးတစ်ကောင်ရတော့ ပျော်သွားလေသည်။ သို့ကြောင့် ခေတ္တနားနေရင်း ကုက္ကိုပင်အောက်ထိုင်ကာ ပြောင်းဖူးဖက် ဆေးလိပ်ကို မီးညှိပြီး အေးအေးဆေးဆေး သောက်နေလိုက်၏။

* * *

ခဏကြာလေတော့ ကိုတင်ကြီး မျက်လုံးတွေမှေးစင်းလာသည်။ အိပ်ချင်စိတ်ပေါက်လာသည်။ မအိပ်မိစေရန် မျက်စိတွေကို အားယူဖွင့်ပေမယ့် မရ။ ညတိုင်းက အိပ်ရေးပျက်နေရသည်ပဲ။ သူ့အလုပ်က နေ့ကို ညလုပ်၊ ညကို နေ့လုပ်နေရသည်မို့ တစ်ခါတစ်ရံကျတော့



www.burmeseclassic.com

www.burmeseclassic.com

...ည်း ဒီလိုပဲ။ တောထဲမှာ တစ်ရေး ...ဘာ့ အိပ်တတ်သည်။ ခုလည်း အိပ်ချင်စိတ်က တားမနိုင်ဆီးမရ ဖြစ်လာသဖြင့် မျက်စိတွေကို အားယူဖွင့်ရင်း ဆေးလိပ်ကို နင်းကန် ဖွာလိုက်သည်။ အိပ်ချင်စိတ်ပျောက်အောင်လုပ်သည်။ ဒါပေမယ့် အိပ်ချင်စိတ်က မပြေ၊ နောက်ဆုံး ကိုတင်ကြီး ကုတ္တိုပင်မှီရင်း တရှုးရှူးနှင့် အိပ်ပျော်သွားတော့၏။

အိပ်ပျော်ပျော်ချင်း ကိုတင်ကြီး ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်လေ၏။ အိပ်မက်ထဲ၌ မည်သည့် အရပ်ဒေသမှန်း မသိသော ရွာလေး တစ်ရွာသို့ ကိုတင်ကြီးရောက်သွားသည်။

ရွာလေးက အိမ်ခြေတော့မများလှ။ ရွာဟူသော အမှတ်သညာရှိသော်လည်း အိမ်ခြေက နည်းနည်းလေး၊ အများဆုံးရှိမှ ဆယ့်ကိုးအိမ်လောက်သာ ရှိသည်။ မကြီးမသေး ပုံစံတူ ဝါးပိုးအိမ်လေးတွေ ဖြစ်သည်။

ရွာတွင်းရွာပြင်မှာတော့ သစ်ပင်များ ချုံပုတ်တောများ၊ အလွန်ရှည်လှသည့် မြက်တောကြီးများဖြင့် ပြည့်နေသည်။ တောကြီးမျက်မည်းထဲက ရွာလေး တစ်ရွာဖြစ်သည်။ အိမ်လေးများအားလုံး သက်ငယ်မိုး၊ သက်ငယ်ကာ အိမ်လေးတွေ ဖြစ်၏။

ကိုတင်ကြီး ရွာထဲဝင်သွားတော့ အိမ်တစ်လုံး၏အိမ်ရှေ့၌ လူကြီးကလေး တစ်ဆယ့်ငါးယောက်လောက် ရုတ်စီရုတ်စီ ဖြစ်နေသည်ကို တွေ့ရသည်။

မိန်းမကြီးနှင့် ခပ်ရွယ်ရွယ် မိန်းမကလေးတွေလည်း လေးငါးယောက်လောက်ပါ၏။ စကားတွေလည်း ဆူညံဆူညံနှင့် ပြောနေကြသည်။

ကိုတင်ကြီး သူတို့ ဘာတွေပြောနေမှန်းမသိ၊ သေသေချာချာ နားထောင်ကြည့်တော့ ကိုတင်ကြီး နားမလည်နိုင်သော ဘာသာစကားဖြင့် ပြောနေကြသော စကားများဖြစ်ကြောင်း သိလိုက်ရ... သို့သော် စကား ထွက်လာသံ၊ ...လူလေသိမ်းနှင့် အပြောအဆို အမူအရာများအရ သူတို့ တစ်ခုခုကို အလိုမကျစွာ ဒေါနှင့်မောနှင့် ပြောနေကြမှန်း သိရ၏။

ကိုတင်ကြီးကို မြင်လေတော့ လက်ညှိုးထိုးပြီး ကွိကွိကွကွ စကားတွေနှင့် ဆူညံစွာ အော်ဟစ်ပြောဆိုရင်း ပြေးလာကြသည်။

အနားရောက်သည်နှင့် သူ့ကို ပတ်ဝိုင်းထားလိုက်သည်။ ကိုတင်ကြီး နားမလည်နိုင်စွာ ကြည့်နေတုန်း လူတစ်ယောက်က ရှေ့ကထွက်လာသည်။

ထိုသူကို ကိုတင်ကြီးက မြင်ဖူးသလိုလို ရှိသဖြင့် ဘယ်မှာ မြင်ဖူးပါလိမ့် ဘယ်သူပါလိမ့်ဟု တွေးရင်းကြည့်နေလိုက်၏။ သေသေချာချာ ကြည့်တော့မှ ရွာမြောက်ပိုင်းက သူ့လိုပဲ မြွေဖမ်းရင်း မြွေကိုက်သေဆုံးခဲ့သည့် ဝင်းဖော်ဖြစ်နေမှန်း သိလိုက်ရ၏။

"ဟေ့ကောင် တင်ကြီး"

ဝင်းဖော်က မလှမ်းမကမ်းမှာ ရပ်ရင်း ဒေါနှင့်မောနှင့်ခေါ်လိုက်သည်။

"ဘာလဲကွ... ဝင်းဖော်၊ မင်းက ဒီမှာရောက်နေတာကိုး၊ မင်း ဒီမှာ ဘာလုပ်နေတာလဲ"

"ငါ့ဘာသာ ငါ ဘာလုပ်လုပ် မင်းအကြောင်း မပါဘူး၊ ဒီမှာ မင်း ငါပြောတာ နားထောင်၊ ငါပြောတာနားထောင်ရင် မင်းအသက်ရှင်မယ်၊ နားမထောင်ရင်တော့ မင်းအကြောင်းနဲ့မင်းပဲ"

"ငါက ဘာကို နားထောင်ရမှာလဲ"

"ခု မင်းဖမ်းထားတာ ငါ့မိန်းမကွ၊ ငါ့မိန်းမ၊ အဲဒါ မင်း ခုချက်ချင်း ပြန်လွှတ်ပေး"

"ဟေ့ကောင် ဝင်းဖော်၊ မင်းဘာကြောင်နေတာလဲ၊ မင်းမိန်းမ မိညို ရွာမှာရှိသားပဲ၊ ငါ ဘယ်မှာ ဖမ်းလို့လဲ"

"မိညိုကို ပြောတာမဟုတ်ဘူး၊ ခု မင်းဖမ်းထားတာကို ပြောတာ"

"ဘာ. . မင်း ဘာပြောတယ် ဝင်းဖော်"

"ခု မင်း ဖမ်းထားတာ ငါ့မိန်းမကွ၊ ငါ့မိန်းမကို မင်း ခုလွှတ်ပေးပါ"

ကိုတင်ကြီးသည် ဝင်းဖော်တို့ နားမလည်နိုင်စွာ ကြည့်နေလိုက်မိ၏။ ကြည့်နေရင်း ဝင်းဖော်၏မျက်လုံးများတ အရောင် တဖျပ်ဖျပ်တောက်၍ ကျဉ်းမြောင်းလာသည်။

နောက် ခန္ဓာကိုယ်တစ်ခုလုံး ရှည်မျောမျောကြီး ဖြစ်လာပြီး အကွက်အကွက်လေးတွေ ပေါ်လာ၏။

"ကိုယ့်အကျိုး တစ်ခုအတွက်နဲ့ အများရဲ့ ဘဝ အများရဲ့ မိသားစု အသိုက်အဝန်းတို့ ဖျက်ဆီးချင်ပါနဲ့ တင်ကြီးရာ၊ သတ္တဝါတွေဟာ သေချင်တဲ့ သတ္တဝါ၊ အသိုက်အဝန်းနဲ့ ကင်းကွာချင်တဲ့ သတ္တဝါရယ်လို့ ဘယ်သတ္တဝါမှ မရှိပါဘူး။

ဘယ်သတ္တဝါ မဆို၊ သူ့ဘဝသူ ပျော်မွေ့ပြီး မိသားစု အသိုက်အဝန်းနဲ့ နေချင်ကြမှာပါ၊ တစ်ချိန်က ငါကိုယ်တိုင် အဲဒီအသိမျိုး မသိခဲ့ပါဘူး၊ ဒါကြောင့် ခု ငါကိုယ်တိုင် တူသောအကျိုးပေးခံခဲ့ရပါတယ်၊ ဒါကြောင့် မင်းကိုလဲ ငါ့လို မဖြစ်စေချင်ပါဘူး၊ ဒါကြောင့် မင်းဖမ်းထားတဲ့ ငါ့မိန်းမကိုလဲ လွှတ်ပေးပါ၊ မင်းလဲ အဲဒီအလုပ်တွေကို ဆက်မလုပ်ချင်ပါနဲ့တော့၊

အခု ငါ ပြောနေတဲ့ စကားတွေဟာ စေတနာနဲ့ ပြောနေတာတွေပါ၊ နဂိုကတော့ ငါ့မိန်းမကိုဖမ်း၊ ငါ့မိန်းမကို သတ်မယ့်သူကို လက်စားချေဖို့ပါ၊ ငါ အမျက်ဒေါသ ထွက်ခဲ့ပါတယ်၊

ဒါပေမယ့် မင်းမှာလဲ အသက်နဲ့ ဘဝနဲ့ မိသားစုနဲ့ဆိုတာ ပြန်တွေးမိလိုက်တဲ့အတွက် ငါ မင်းကို မသတ်လို ဒဏ္ဍမပေးလိုတော့ပါဘူး၊ ငါ့မိန်းမကိုသာ ပြန်လွှတ်ပေးခဲ့ပါ၊ တစ်ခု မင်းသိထားဖို့က အကုသိုလ်သမားတွေအတွက် နောက်ဆက်တွဲ အကျိုးဆက်တွေက အများကြီးဆိုတာ ပါပဲကွာ"

ဝင်းဖော်က ရှည်ရှည်လျားလျား စကားတွေပြောကာ စကားဆုံးတော့

www.burmeseclassic.com

ကိုယ်ကြီးက မြေပေါ် ကိုင်းကျသွားသည်။

ထိုခဏတွင်ပင် ဝင်းဇော်အဖြစ်မှ မြွေပွေးကြီးတစ်ကောင်အဖြစ်သို့ ကူးပြောင်းသွားပြီး ကိုတင်ကြီးကို တစ်ချက်မျှကြည့်၍ တောထဲသို့ လျှောခနဲ တိုးသွားလေတော့၏။

"ဘုရား ဘုရား ဒါဆို မြွေဝင်းသား ဝင်းဇော်"

ကိုတင်ကြီးသည် မဆုံးနိုင်သော အတွေးများကို တွေးရင်း မြွေပွေးကြီး တိုးသွားရာကို ကြည့်လိုက်သည်။

စောစောက တွေ့ရသော ရွာလေးနှင့် လူတွေ တစ်ယောက်မျှ မရှိတော့။ အားလုံး ချုံပုတ်တွေနှင့် ပြည့်နေသည့် တောကြီးမျက်မည်း ပြန်ဖြစ်သွားသည်။

ထိုအချိန်တွင်ပင် ကိုတင်ကြီး အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားလေ၏။

* * *

ကိုတင်ကြီး တစ်ကိုယ်လုံး ချွေးတွေက ကြောက်ချွေးလား၊ ဇောချွေးလား သူ မသိ။

ထူးဆန်းစွာ မက်လာသည့် အိပ်မက်ကြောင့် စိတ်တွေလှုပ်ရှားဖြစ်သွားသည်ကတော့ အမှန်ပင်။ အိပ်မက်အကြောင်း တမြည့်မြည့် ပြန်စဉ်းစားရင်း မြွေထည့်ထားသော ပခြုပ်ကိုလှမ်းကြည့်လိုက်သည်။ ပခြုပ်ထဲမှ မြွေက ငြိမ်နေသည်။ မည်သည့်လှုပ်ရှားသံမျှ မကြားရ။ လောလောဆယ်တော့ စိတ်ဘွေက မငြိမ်။ တောတွေးတောင်တွေးနှင့် တွေးတောလှုပ်ရှားနေလေ၏။ ပခြုပ်ထဲက မြွေကြီးကို လွှတ်ရမှာပဲ ကောင်းမလား၊ မလွှတ်ဘဲ နေရကောင်းမလား စဉ်းစားနေမိ၏။

မက်နေသည်က မြွေပွေး တစ်ကောင်၏ ဟက်ကြောက ... သား။

နောက်ပြီး ...

ပက်ခက်ခဲခဲ ရှာဖမ်းထားရသော မြွေဖြစ်သည်။ ... ဆီတ ... ဝင်းနှင့် မြွေကြီးကို သူလွှယ်လွှယ် မညီသို့ ... ချက်ပါ မည်နည်း။ အိပ်မက်ဆိုသည်က သူမက်ချင်ရာ လျှောက်မက်တတ်ကြသည်ပဲ။ ဘာမှ အစွဲအလမ်း ထားစရာမလို။

တကယ်တော့ အိပ်မက်အတိုင်း ဝင်းဇော်က မြွေဖြစ်ပါမည်လား၊ မဖြစ်နိုင်ပါ။ ကိုတင်ကြီးသည် ထိုသို့တွေးရင်း အိပ်မက်ကို မေ့ပစ်လိုက်သည်။

သူ့အလုပ်က အတုသိုလ်ပေမယ့် သမ္မာအာဇီဝ အလုပ်ဟု သူထင်သည်။ နောက်ဆုံး ကိုတင်ကြီးသည် မြွေပွေးအကောင်ကြီး ခမ်းချောချော နောက်တစ်ကောင်ရရေးကိုသာ အားခဲလိုက်၏။

ဗိုလ်ညအတွက် နေ့တွက်ကိုက်ရေးနှင့် ငွေများများရရေးကိုသာ ရှေ့တန်းတင်လိုက်မလေ၏။

သူ့မျက်စိထဲ မြင်လိုက်ရသည်က သူ့ဇနီးသည် မယ်ကြော့နှင့် မယ်ကြော့အတွက် လက်ဝတ်လက်စားတွေ၊ ငွေတွေ၊ နောက် သားလေးအောင်တင်။

ကိုတင်ကြီး ဘာကိုမှ ထွေထွေထူးထူး ထပ်စဉ်းစားမနေတော့၊ ခက်ရင်းခွနှင့် ခာတ်မီးကိုဆွဲ၍ ရှေ့ဘက် ကုက္ကိုလ်ပင်ဆီ ထွက်ခဲ့တော့၏။

ကုက္ကိုပင်အောက် ရောက်သည်နှင့် ခဏမျှ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ အရှေ့ဘက် လယ်ကွက်၊ အနောက်ဘက်လယ်ကွက်တိုင်း ပဲကိုးထားသည်ဆိုပေမယ့် မြက်တွေကို ရိုးပြတ်တွေက ထိုးထိုးထောင်ထောင် အမြင်တွေက ရှုပ်နေသေးသည်။

ဒီလိုနေရာမျိုးမှာ မြွေရှိနေကတတ်သည်။ မြွေဆိုသည်က ဒေပေါ် ရှုပ်ပြီး အောက်ရှင်းလျှင် နေတတ်၏။

ကိုတင်ကြီး ခာတ်မီးကို ... လယ်ကွက်ဆီ ထိုးလိုက်သည်။

မြွေရှိလျှင် ... အလင်းရောင်ကို မြင်ပါက ... လင်းရောင်ဆီသို့ လာတတ်သည်။ ... လာသံကိုလည်း ပေ၍နား ... ။

ဘာသံမှ မ ... ။ ... ဆင့်လျှောက်ခဲ့ရသည်။ ... နှင့် လယ်ကွက်ဆီ ရောက်တော့ တစ်ခါရပ်၍ ခာတ်မီးကို ဝှန့်လိုက်ပြန်သည်။

ထိုအချိန်တွင်ပင် မြွေတိုးလာနေသည့် တရှီးရှီးအသံကို ကြားလိုက်ရသည်။ နေရာကို သေသေချာချာမှတ်ပြီး မီးကို ခေတ္တပိတ်လိုက်သည်။ အသံရပ်သွားမှ မီးဖွင့်ပြီး မှတ်ထားရာ နေရာဆီ ပြေးဆင်းခဲ့၏။

နှစ်လှမ်း သုံးလှမ်းသာ လှမ်းရသေးသည်။ ပဲထိုးထားသော ထယ်ဆိုင်တစ်ခုကို ခလုတ်တိုက်ပြီး ကိုတင်ကြီး ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။

လဲရာမှ ကိုတင်ကြီးကုန်းထမည်အလုပ် ပျော့စိစိအရာတစ်ခုကို လက်က သွားကိုင်လိုက်မိ၏။

လန့်ပြီးတော့ လွှတ်အလိုက်တွင် လက်ခွကြားမှ မျက်ကန်း ခံစားမှုတစ်ခုနှင့်အတူ မျက်လုံးတွေထဲ ကြယ်လေးတွေ လင်းလက်သွားကြသည်။ သေသေချာချာ ကြည့်လိုက်တော့ သူ့ကို ကိုက်ပြီး လျှောခနဲ ပြေးသွားသော လက်ကောက်ဝတ်ခန့်ရှိ ကြေးနီရောင် သန်းနေသော မြွေပွေးကြီးတစ်ကောင်ကို မြင်လိုက်ရ၏။

"ဘုရား ဘုရား၊ ငါ့ကို မြွေကိုက်သွားပါလား"

ကိုတင်ကြီး ရင်တွေ တဒိန်းဒိန်းခုန်ပြီး ချွေးတွေ ပြန်ထွက်လာသည်။

မျက်လုံးတွေပြာ၍ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ကြီးမားသော အထုပ်ကြီးတစ်ထုပ်နှင့် အဖိခံလိုက်ရသလို လေးလာသည်။

ထို့အတူ ...

"အကုသိုလ်သမားတွေ အတွက် နောက်ဆက်တွဲ အကျိုးဆက်တွေက အများကြီးပါပဲ" ဟူသည့် အိပ်မက်ထဲမှ ဝင်းဇော် ပြောခဲ့သည့် စကားများကိုလည်း ပဲ့တင်ထပ်မျှ ပြန်လည်ကြားယောင်လာပါတော့၏။

❒ နေဝင်း



www.burmeseclassic.com

www.burmeseclassic.com

# လပြည့်ဝန်းပရိသတ်သို့ ပန်ကြားလွှာ

၂၀၁၄ ခုနှစ် ဧပြီလတွင် မဟာသင်္ကြန် ရုံးပိတ်ရက်များနှင့် ကြုံကြိုက်နေသဖြင့် လပြည့်ဝန်းမဂ္ဂဇင်း အမှတ် -၂၂၀၊ မေလ ထုတ်ကို ခေတ္တရပ်နားမည် ဖြစ်ပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း အမှတ်-၂၂၀၊ဇွန်လ ထုတ်အဖြစ် သင်္ကြန်ကာလများ လွန်မြောက်လျှင် ဆက်လက်ထုတ်ဝေမည် ဖြစ်ပါသဖြင့် လပြည့်ဝန်းမဂ္ဂဇင်း စာဖတ်ပရိသတ်များသို့ အသိပေးအပ်ပါသည်။

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# သာယာလှပ တန်ခူးလ

ရေနေချိုမိုးအောင်



မြန်မာတို့၏ တစ်ဆယ့်နှစ်လ ရာသီတွင် အစဦးလသည် တန်ခူးလ ဖြစ်၏။ နွေဥတုအလယ် နေပူရှိန်ပြင်းထန်သည့်အခါ ဖြစ်သည်။

တန်ခူးလကို ပုဂံခေတ် ကျောက်စာတို့၌ "တန်ခူ" ဟု ရေး၏။ အင်းဝခေတ်သို့ ရောက်သော အခါ "တန်ခူး" ဟု ရေးကြောင်းကို မင်း ဇေယျရန္တမိတ်ဆို "ပုရစ်ဖြာစီ" ချိုရတုကို ထောက်၍ သိရ၏။ ထိုရတုတွင် "တန်ခူးရာသီ တိုင်ခဲ့ပြီ၊ ဆန်းထူး ဝါနီ လှိုင်ခဲ့ပြီ၊ သွန်းဖြူးဖြာစီနိုင်ခဲ့ပြီ" ဟု စပ်ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၁၃ ကာလတွင်မူ တန်ခူးဟု ခေါ်ကြသည်။ တန့်ခူးဟူသော အရေး အသားကို ထောက်၍ တန်းဟူသော အညွှန်မှာ "တာလ" ဟူသော ပါဠိပျက်၍ လာသော စကားဖြစ်၏။ "ထန်း" ကို ဆိုလိုသည်။ "ခူး"ဟူသည်မှာ ဆွတ်ခူး ခြင်းကို ဟောသည်။ နှစ်ရပ်ပေါင်းသော် ထန်းသီးဆွတ်ခူးသောလ ဖြစ်သည်ဟု ဆိုသည်။ ကြံဆကြသည်။ ဝေါဟာရ ထိနတ္တဒီပနီကျမ်း၌ကား တန့်ကူးလ၌ နေက်နွေပြိုဟ်သည် မိန်ရာသီမှ မိဿ ရာသီသို့ သကြ်န်အတာကူးပြောင်းသော ကြောင့် တာကူးလဟုခေါ် ကြောင်း ဖော် ပြ၏။

တန်ခူးလကို ဗေဒင်အလိုအား ဖြင့် မိဿရာသီဟု ခေါ်ဆိုကြသည်။ ယင်းလတွင် စိတြနက္ခတ်စန်းနှင့်ယှဉ်၍ နှမ်းတည့်သည်။ ရာသီရုပ်မှာ ဆိတ်ရုပ် ဖြစ်၏။ ရာသီပန်းမှာ ကံ့ကော်ပန်း၊ ခေါက်ပန်းများ ဖြစ်၏။ ကန်လ၌ နှစ် ဆစ်ကူးချိန်နှင့် ကြုံကြိုက်သည်က များ သည်။ ထိုနှစ်ကူးသကြ်န်အခါတွင် ရေသဘင်ပွဲကို ဆင်နွှဲလေ့ရှိကြသည်။ တန်ခူးလတွင် နံနက် ၆ နာရီ နေထွက် ၍ ညနေ ၆ နာရီတွင် နေဝင်သည်။ နေ့တာ ညတာ ညီမျှသောလဖြစ်သည်။

မြန်မာတို့၏ တစ်ဆယ့်နှစ်လ ရာသီနှင့် စပ်လျဉ်း၍ လက်ဝဲသန္တရ (သာခ်နပျို့)တွင် . . .

"သကြ်န်တာကူး၊ နှစ်ဦးညောင် ရေ ဘပလွေ့ခင်း၊ ပဥ္စင်းတော်ခ်ံ စာရေး ထံနှင့် မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန် ထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး ဂူလုံးသံပုံ၊ စေ့စုံစီလျဉ်၊ ဤ ဆယ့်ဉ်သား၊ လစဉ်အမြဲ ဆယ့်နှစ်ပွဲကို" ဟု ရေးစပ်ထားသည်ကိုလည်း မှတ်သား ဖွယ်ပါသည်။

ဤတန်ခူးလကိုပင် စာဆိုရှင် နေသူတော်ဦးမင်းက . . .

ဟောင်းရွက်ညှာ ခါးလှစ်လို့၊
တာသစ်ကယ်တဲ့ နံ့ကြိုင်၊
သုတ်ဖြူးလေဆော်ကာ၊
ပန်းကံ့ကော်ဝတ်မှုန်ကျင်း၊
သင်းပျံ့လို့လှိုင်။
ကြယ်နှစ်ပြိုင် သွယ်ဆိုင်ပစင်း၊
စိတြငယ်နှင့်၊
ငွေလသော်တာတို့၊
ယုဂန်ချာတောင်တော်စွန်းမှာ
ထွန်းထိန်လို့လင်း၊

ဟု စပ်ဆိုခဲ့ကြောင်းလည်း မှတ် သားခဲ့ဖူး၏။ ဤတန်ခူးလရာသီ ရောက် လေတိုင်း အကြိုနေ့တွင် ငယ်စဉ်က ဖခင်ဝယ်ပေးသော ကြေးပွှတ်ဖြင့် အား ပါးတရ ရေကစားဖူး၏။ မှတ်မှတ်ရရ သူငယ်ချင်းတစ်သိုက်ဖြင့် အင်းစိန်ဘက် ဆီသို့ မီးရထားဖြင့်အသွား၊ ကြေးပွှတ် ကို အလစ်သုတ်ယူပြေးသဖြင့် ရထား ပေါ်မှ ခုန်ချပြီး ပြန်လုခဲ့ရသည်ကလည်း နှစ်ပေါင်းများစွာ ကြာခဲ့ပေပြီ။

ထိုကာလတွင် သကြ်န်ဆုပေး မဏ္ဍပ်များက အပြိုင်အဆိုင် ဗိုလ်တ ထောင်ဘက်တွင် ဗမာ့သစ်မဏ္ဍပ်၊ ရေ ကျော် ဗိုလ်ချုပ်လမ်း ဦးဆန်းထွန်းတိုက် ရှေ့တွင်ရေကျော်မဏ္ဍပ်၊ မင်္ဂလာတောင် ညွန့်တွင် ရွှေဝါဖူး၊ ဗိုသကြံ့မဏ္ဍပ်၊ တောင်လုံးပြန် မီးရထားလမ်းတစ်ဖက် တွင် အနေ့ယာဉ်ဆုပေးမဏ္ဍပ်တို့က လည်း အပြိုင်အဆိုင်။

ထိုခေတ်အခါ၌ အလှပြကား များ၊ သကြ်န်သံချပ်ကားများကလည်း အစုံအလင်။ ပုဇွန်တောင်မြို့နယ် အိုးဘို ရပ်ကွက်မှ သစ္စာနီ၊ ရေကျော်ရပ်ကွက် တွင် မျိုးပြိုင်သံချပ်အသင်း ထွက်၏။ တေးရေးဆရာ ကဗျာ (မောင်လေး အောင်) ကိုလေးအောင် ဖြစ်၏။

အပြာနှင့်အနီ သံချပ်ကားတွင် ယနေ့ ကဗျာဆရာ ကိုစိမ်းနီ ပါဝင်၏။ လက်ခုပ်ထဲက ရေအသင်း၊ အရှုပ်ါးစပ်၊ ပြီးပါပြီ၊ ယဉ်ကျေးမောင်၊ ဆူးကြားမှ ဘူးခါး၊ ဟစ်တိုင်၊ အနန္တမေတ္တာ၊ အရှုး အမြင် အသင်းတို့ကလည်း စီရရီပေါ် ထွက်ခဲ့ဖူး၏။

လမ်းမကြီးများပေါ်တွင် မီးသတ် ရေပိုက်များကို ခွင့်ပြုမိန့်တောင်း၍ ရေ ကစားကြသည်ကိုလည်း မှတ်မိနေသေး ၏။ ကဗျာဆရာကြီး ဒေါင်းနွယ်ဆွေ စီစဉ်သည့် နင်းပြား အသင်းကိုလည်း ချန်လှပ်၍မရပေ။

ကိုမေတ္တာ၊ ဇာဂနာ(ကိုသူရ)၊ လူငယ်ကြည်ခိုင်၊ ကမ္ဘာကျော်ငွေလှိုင် တို့ကလည်း သကြ်န်မင်းသားများ ဖြစ်ခဲ့ ကြ၏။ ယနေ့ခေတ်တေးများကို စပ်ဆို သီကုံးခဲ့သည့် မောင်ကြေးမုံကိုလည်း ချန်လှပ်ထား၍ မဖြစ်ပေ။

သကြ်န်အကြောင်း ရေးရလျှင် ဓာတ်ဓောင် သေတန်ရှ ... အောင် ဖြစ်မည်မှာ အမှန်ဖြစ်သည်၊ သကြ်န်သံချပ်ကားများ အလှပြကား များသည် ခေတ်တစ်ခေတ်၏ စနစ် တစ်ခု၏အောက်တွင် မှေးမှိန်ခဲ့သည်ကို လည်း မှတ်သားခဲ့ဖူး၏။

သကြ်န်ဟု ဆိုသံသည် စာရေး သူတို့နှင့် ဘဝခြားခဲ့ပြီဖြစ်သည်။ဝန်ထမ်း ဘဝတွင် သကြ်န်ရက် ၁၀ ရက်ကို ရုံး ပိတ်ရက် သတ်မှတ်ခြင်းနှင့် မသတ်မှတ် မီအချိန်များတွင် ကံ့ကော်တစ်ထောင် သာသနာ့နယ်မြေများသို့ အရောက် လှမ်းကာ ဒုလ္လဘရဟန်း ဝတ်ခဲ့ကြသည် မှာ ၁၀ နှစ်စွန်းကာလသို့ တိုင်ခဲ့ပြီဖြစ် သည်။

သကြ်န်ကာလသည့် နှစ်ဟောင်း မှ မကောင်းမှုအညစ်အကြေးမှန်သမျှကို နှစ်သစ်အတွက် အတာရေနှင့် ဆေး ကြောကြသည်ဟုလည်း မှတ်သားရဖူး ၏။ အတူးသဖြင့် မြန်မာတို့၏တစ်ဆယ့် နှစ်လရာသီကား ပွဲတော်မျိုးစုံကျင်းပ သည့် လမြတ်အပေါင်းလည်းဖြစ်၏။ မြန်မာ့ခလေ့ မြန်မာ့စရိုက်နှင့် လာတော့ မည့် သကြ်န်ချိန်ခါသမယတွင် မွှေးကြိုင် ထုံသင်းသော ပန်းကံ့ကော်ပွင့်နှင့် ရွှေဝါ ပိတောက် ဖွာဖွာမောက်မောက်တို့ သင်း ရနံ့ဖြင့် ရွှင်မြူးနိုင်ကြပါစေဟု၍သာ။

❒ ရေကျော်စိုးအောင်





www.burmeseclassic.com

www.burmeseclassic.com




ငယ်စဉ်ကစ၍ ကျွန်တော်၏ အတွေးစိတ်ကူးတို့သည် ထူးခြားလှပါ၏။ ဘဝတွင် သမားရိုးကျနေထိုင်လိုခြင်း မရှိခဲ့ပါ။ စွန့်စားလိုသော၊ အောင်မြင် ကျော်ကြားလိုသော၊ လူအများမှ အထင်ကြီးအံ့သြစေလိုသော လုပ်ရပ်မျိုးကို လုပ်ကိုင်ပြသလိုပါသည်။

ဤသို့ဖြင့် ကျွန်တော့်အသက် ၂၂ နှစ်မှ ၂၄ နှစ်အတွင်း ၁၉၈၄၊ ၈၅ ခုနှစ်များတွင် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် စသော အနုပညာနယ်အတွင်းသို့ နေရာတစ်နေရာ ရရှိစေရန် ကြိုးစား၍ တိုးဝင်ခဲ့ဖူးပါ၏။ သို့သော် အခြေအနေ အချိန်အခါ မပေးသဖြင့် အချည်းနှီး ဖြစ်ခဲ့ရပေသည်။


www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် စီးပွားရေးလောကဘက် ကျွန်တော် လေ့လာကြည့်မိသည်။ ...က လမ်းစဉ်ပါတီခေတ် ဖြစ်ပါသည်။ မန္တလေးမြို့ ၈၄၊ ၈၅ လမ်းကြား ... ၄၂ လမ်းမှ ၃၆ လမ်းတိုင် ကျောက် ...ရောင်းအဝယ်နှင့် ကျောက်စိမ်း ...သော လုပ်ငန်းတို့ကို လူတိုင်းနီးပါး ...ကိုင်လျက်ရှိကြရာမှ တစ်မြို့လုံး ...တွင်လည်း နေရာကွက်ကျား ကျောက်စိမ်းလုပ်ငန်းကိုပင် လုပ်ကိုင်၍ ...ချမ်းသာနေကြကြောင်း တွေ့ရှိရပါသည်။

ကျွန်တော်တို့ မြို့သာအနောက် ... မန္တလေးတွင်နေသော ကိုအောင် ...ဆိုလျှင် ကျောက်စိမ်းနှင့် ကြီးပွား ...သာ၍နေကြောင်း သိရပါသည်။

ထို့ကြောင့် ကျွန်တော်သည် ...မြို့ ၃၉၊ ၈၅ လမ်း ကင်းဝန်မင်း ...ကျောင်း မြောက်ပေါက်ရှိ ဆွေမျိုး ...စပ်သော မခင်စောသီတို့ နေအိမ် ... ကြာခဏ သွားရောက်ကာ နီးစပ် ...တွင် လေ့လာစုံစမ်း၍ အဆက် ...ယ်၊ မိတ်ဆွေ စသည်တို့ကို ရှာဖွေ ...သည်။

ဤသို့ဖြင့် စစ်ကိုင်းမြို့နယ် ...ခမှ မန္တလေးမြို့သို့ ကျောက် ...ငန်းဖြင့်ရောက်ရှိကာ ကျောက် ...ည်ပြီး မော်များအတွင်းသို့တိုင် ...သာနေထိုင်ဖူးသူ အောင်သန်းဝင်း၊ ...သာ သာစည်နယ် လက်ပံပင်ကျေး ... မန္တလေးတွင် ကျောက်လုပ်ငန်းဖြင့် ...ရောက်နေထိုင်သူ ကျော်ဝေထွန်းတို့ ... ခင်မင်ရင်းနှီးသွားခဲ့ပါသည်။ ၎င်း ...အတူ ကျောက်ဝိုင်းများတွင် လှည့် ...၍ ပွဲစားတစ်ပိုင်း၊ ဝယ်ရောင်း ... လုပ်ကိုင်ရင်း ကျောက်ပညာကို ...ဆည်းပူးခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ...က်နဲ ရှုပ်ထွေးလှသော ကျောက် ... သဘောသဘာဝတို့ကို တဖြည်း ... သိရှိ နားလည်လာခဲ့ပါသည်။ ...ကျောက်စိမ်းလောကသည် ရတနာလုပ်ငန်းဖြစ်သော်လည်း မသမာမှုများလည်း ရှိပါသည်။ ဆိုးဆေးဖြင့် အရည်သွင်းခြင်း၊ ဖြတ်ခြင်း၊ ဖောက်ခြင်းတို့ကို ဖာထေးဖျောက်ဖျက်ထားခြင်း စသောလိမ်ညာမှုများ၊ ကျောက်ကို လိမ်လည်ခြင်း၊ ငွေကို လိမ်ခြင်း စသည်တို့လည်း ရှိနေသဖြင့် စပ်တူရှယ်ယာ ကျောက်များ သိန်းရာထောင်ချီကာ အောင်သွားပါက အသက်အန္တရာယ်အထိပင် ဖြတ်ကြ၍ တစ်ဦးနှင့် ယုံကြည်စွာလက်တွဲ၍ အလုပ်လုပ်ရန်အထူးဂရုပြုကြရပါသည်။

သို့သော် ကျွန်တော်တို့ သုံးဦးသည် စိတ်တူကိုယ်တူနှင့် သစ္စာတရားကြီးမားကြသည်။ နောက်လကျော်မှ မန္တလေးနှင့်တရုတ်ပြည် ကျောက်စိမ်းကူးသန်းရောင်းဝယ်မှုများ ပြုလုပ်ခဲ့ကြရာ အပြန်အလှန် ယုံကြည်မှုများ ဖြစ်ထွန်းခိုင်မာလာခဲ့ကြပါသည်။

ထိုစဉ်က မန္တလေးတွင် နေထိုင်ခဲ့ရသော အချိန်တို့မှာ အားရကျေနပ်ဖွယ် ပျော်ရွှင်စွာ နေထိုင်နိုင်ခဲ့ကြသည်။

မန္တလေး ၄၃ လမ်း မင်းသားစုရပ်ကွက်ထဲရှိ အောင်သန်းဝင်း ငှားရမ်းထားသော ရွှေတစ်ချောင်းဘေးမှ အိမ်ကလေးတွင် အတူတကွ နေထိုင်ခဲ့ကြပါသည်။ ကျော်ဝေထွန်းတွင် ဘဲခေါင်းစိမ်းစူပါဆိုင်ကယ်ကလေးရှိ၍ သွားရေးလာရေးလည်း အဆင်ပြေပါသည်။

ကျွန်တော်တို့သည် ထမင်းချက်မစားပါ။ နံနက်ခင်းတွင် ၃၈ လမ်း၊ ၈၄၊ ၈၅ ကြားရှိ ငြိမ်းကမ္ဘာကဖေးတွင် ထမင်းကြော်ဖြင့် လက်ဖက်ရည် သောက်တတ်ကြပါသည်။

နေ့လယ်တွင် ၃၉လမ်း ရွှေတစ်ချောင်းအနီး ဘောလုံးကွင်းနံဘေးရှိ ရေစကြိုနယ်မှ မန္တလေးမြို့သို့ လာရောက်နေထိုင်ကြသော နီလေးတို့၏ ပုံပွဲ တန်ဖိုးနည်းဆိုင်ကလေးတွင် စားနေကျဖြစ်ပါသည်။

ညစာကိုတော့ အေးမေတ္တာ၊ ရာမည စသော မြန်မာထမင်းဆိုင်ကြီးများသို့ သွားစားလေ့ရှိကာ အရောင်းအဝယ်ကောင်းကောင်း ဖြစ်သောနေ့များတွင် စားသောက်ဆိုင်များ၌ ထိုင်ခြင်းများရှိပါသည်။

ညဆိုလျှင် ကျွန်တော်တို့တွင် ဘာမှလုပ်စရာမရှိဘဲ အားလပ်ချိန်ဖြစ်ရာ လက်ဖက်ရည်ဆိုင်ထိုင်၍ သီချင်းနားထောင်ခြင်း၊ ရပ်ကွက်ဘုရားပွဲများသို့ ဇာတ်နှင့်အငြိမ့်စသည်တို့ကို လိုက်လံရှာဖွေကြည့်ရှုခြင်း ဂစ်တာတီးခြင်းတို့ဖြင့် အချိန်တို့ကို ကုန်လွန်စေခဲ့ပါသည်။

ထိုသို့ဖြင့် နွေရာသီကုန်ဆုံး၍ မိုးရာသီသို့ ချင်းနင်းဝင်ရောက်၍ လာပါတော့သည်။ ကျောက်ဈေးကွက်မှာ အဆမတန် မြောက်တက်လာပါသည်။ ယခင်က ဈေးမရ၍ ရေအိုးစင်အောက်နှင့် တံစက်မြိတ်အောက်တို့တွင် ဝစ်ထားခဲ့ကြသော ဂရမ်(ကျောက်လောကသုံးစကား၊ အာကရဲ ပါတရဲ ဟူသောစကားမှလာ၍ အပေါစား၊ အညံ့စားဟု အဓိပ္ပာယ်ရပါသည်)။ ကျောက်များကိုပင် ဈေးကောင်းများရနေသည်။ ရောင်းကွက်ကောင်းသည်၊ ဝယ်သူပေါသည်။ ဆိုဈေးရသည်။ ပစ္စည်းရသည်မှာ ခက်ခဲလာ၍ တွက်ခြေ သိပ်မကိုက်ပါ။ အချိန်များစွာ ပေး၍ ရှာဖွေရသောကြောင့် ဖြစ်ပါသည်။

ဤသို့ ဈေးကွက်တွင် ကျောက်ရှားသွားရခြင်းမှာ မိုးရာသီကျရောက်လာသဖြင့် ကျောက်စိမ်းမော်များတွင် ရာသီဥတုကြောင့် လည်းကောင်း၊ ကျန်းမာရေးကြောင့် လည်းကောင်း ကျောက်တူးဖော်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့တွင် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ရခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် မိုးရာသီတွင် မော်အတွင်းမှ ကျောက်များကို သွားရောက်ဝယ်ယူ၍ သယ်လာခဲ့ပါက အကျိုးအမြတ် များစွာရရှိနိုင်ပေမည်။

ထို့အပြင် မိုးရာသီတွင် လမ်းပန်းနှင့် ရာသီဥတု ကြမ်းတမ်းသောကြောင့် ဝယ်လက်လော်ပန်းကြီးများ မော်ထဲသို့ ရောက်လာမှု နည်းသွားသဖြင့် ဈေး





www.burmeseclassic.com

www.burmeseclassic.com

သက်သာစွာဖြင့် ကျောက်များ အလွယ်တကူ ဝယ်ယူရရှိနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့ သုံးဦး ဖားကန့်သို့သွားရောက်ရန်တိုင်ပင်ကြရာ အားလုံး စိတ်အားထက်သန်ကြ၍ လိုအပ်သော ပစ္စည်းများဖြစ်သည့် မိုးကာ လည်ရှည်ဖိနပ် ရေသုံးကျောပိုးအိတ် ဆေးဝါးများ ပါရာစီတမောလ် ဆေးသောက်ရေးဗူး၊ ခြင်ဆေးခွေ ကာကွယ်ရန် (ယက်တိုချင် ထိမ်းဆေး) စသည်တို့ကို ဝယ်ယူစုဆောင်း၍ အဆင်သင့်စီစဉ်ကြပါသည်။

ထိုစဉ်က ဟိုပင်အထိ မူရင်းမီးရထားလက်မှတ်ဈေးမှာ ၇၀ ကျပ်ခန့်သာရှိပြီး မှောင်ခိုဈေးမှာ ၁၅၀ ကျပ်ဖြစ်ပါသည်။

မနက် ၈နာရီခန့်တွင် မန္တလေးဘူတာကြီး အရှေ့ပေါက်မှဝင်လိုက်လျှင် လက်မှတ် မှောင်ခို သမားများ ထွက်လာကြပါလိမ့်မည်။ မှတ်ပုံတင်ပေးထားခဲ့ပြီး ညနေ ၃ နာရီ ရထားမထွက်မီ ဘူတာသို့ ရောက်သွားလျှင် လက်မှတ်နှင့် မှတ်ပုံတင် လာပို့ပါလိမ့်မည်။ ထိုအခါမှ ငွေပေးလိုက်ရုံသာ၊ လွယ်ကူလှပါသည်။ ၃ နာရီ ၁၅ မိနစ်တွင် မန္တလေးဘူတာကြီးမှ ရထားကြီး စတင်ထွက်ခွာပါသည်။ ခရီးသည်နှင့် ကုန်များမှာ အပြည့်အသိပ် ဖြစ်ပါသည်။ ခုံမဲ့များစွာ လိုက်ပါလာသဖြင့် လမ်းလျှောက်စရာ ခြေဆန့်စရာပင် နေရာမရှိပါ။

မကြာမီ ရှမ်းစုဘူတာ၊ ထို့နောက် မြို့ဟောင်းဘူတာအရောက်တွင်ရန်ကုန်ရထားလမ်းမှခွဲ၍ အနောက်သို့ ထွက်ခဲ့ပါတော့သည်။ ဧရာဝတီမြစ်ကို ကျော်ဖြတ်ကာ စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး မကြာမီ ပဒူခက်ခ ဘူတာကို ကျော်ဖြတ်လျှင် အောင်သန်းဝင်းမှာ ၎င်း၏ နေအိမ်ရှိရာကို လက်ညှိုးညွှန်ပြပေးပါသည်။ ထို့နောက် ရွှေဘိုမြို့သို့ ရောက်သော် နေဝင်သွားပြီဖြစ်၍ အပြင်သို့ ငေးစရာ မရှိတော့ပါ။

ရထားပေါ်တွင် လိုက်ပါလာသောခရီးသည်တို့တွင် တော်တော်များများမှာ ကျောက်ဝိုင်းတွင် တွေ့ဖူးနေသူများဖြစ်ကြပါသည်။ အချို့ မိမိခုံမှာပင် ဘီယာ၊ အရက် စသည်တို့ကို သောက်နေကြပြီး စကားများဖောင်ဖွဲ့ပြောဆိုကာ ဆူညံလျက် ရှိကြပါသည်။

ကျွန်တော်သည် ဤတစ်ခေါက် ခရီးထွက်ခဲ့ရာတွင် ကျွန်တော် အလွန်သွားချင်သော စွန့်စားခရီး ဖြစ်သော်လည်း စိတ်ပျော်ရွှင်မှုမရှိဘဲ ဝမ်းနည်းသလိုလို၊ နောက်ဆံတင်းသလိုလို ဖြစ်နေမိပါသည်။

ဤသို့ဖြင့် ကန့်ဘလူ အရောက်တွင် အတော်ညဥ့်နက်လာပြီ ဖြစ်ကာ အအေးဓာတ်များလည်း လွှမ်းခြုံ၍လာပါတော့သည်။ ထို့နောက် ဖမူးခန် အိပ်ပျော်သွားပါသည်။ မည်မျှ ကြာသွားသည်မသိပါ၊ လူများ ဆူဆူညံညံ အသံများကြောင့် အိပ်ပျော်နေရာမှ နိုးလာပါသည်။ နာရီကြည့်လိုက်သော် နံနက် ၄ နာရီ ရှိပါပြီ။ အပြင်သို့ လှမ်းကြည့်လိုက်ရာ နဘားဘူတာဖြစ်ကြောင်း သိရပါသည်။ ကျွန်တော်တို့ မျက်နှာသစ်ပြီး ဘူတာအတွင်းရှိ ဆိုင်ကလေးမှ ဆန်စေးခေါက်ဆွဲ ရေဖျော်စားကြပါသည်။

ထို့နောက် ရထားကြီး ဆက်၍ ထွက်ခွာရာ ထိပူး၊ ကိုးတောင်ပို အစရှိသောဘူတာများ၊ မော်လူး၊ မော်ဟန် အစရှိသော မြို့များကို ကျော်ဖြတ်ပြီးသော် နေ့လယ် ၂ နာရီခန့်တွင် ဟိုပင်မြို့သို့ ဆိုက်ရောက်ပါသည်။ ဤရထားကြီးသည်ကား မိုးကောင်း၊ နမ္မတီးမှသည် မြစ်ကြီးနားမြို့အထိ ဆက်လက်ထွက်ခွာသွားမည် ဖြစ်ပါသည်။

ဟိုပင်မြို့သည် ဖားကန့်အဝင်လမ်းတစ်ခု ဖြစ်သောကြောင့် ဧည့်စိမ်းများဖြင့် မပြတ်စည်ကားလျက် ရှိပါသည်။ ကချင်၊ ရှမ်းကြီး(ရှမ်းနီ)၊တရုတ်လူမျိုးတို့ကို အများဆုံး တွေ့ရပါသည်။ ကျွန်တော်တို့သည် ဈေးအနီးရှိ "မနောမြေ"တည်းခိုခန်းတွင် ခေတ္တ တည်းခိုကြပါသည်။ ထို့နောက် ဈေးအတွင်းသို့ လှည့်လည်ကြည့်ရှုရာ ပျံကျ အရက်ဈေးတန်းကလေးတွင် ကချင် ဆန် အရက်များကိုလည်း တွေ့ရှိရ၍ လမ်း ခရီးအတွက် ရိက္ခာအဖြစ် ဝယ်ယူခဲ့ကြပါသည်။

ကျွန်တော်တို့သည် တည်းခိုခန်း ပိုင်ရှင်မှတစ်ဆင့် တော(ကေအိုင်အေ) အဆက်အသွယ် ရှာယူကာ သတ်မှတ်ထားသောငွေပေးချေ၍ တောတွင်းဖြတ် သန်းသွားလာခွင့်လက်မှတ် (မှော်နင်း) ကို ပြုလုပ်ရပါသည်။

ထိုစဉ်က ဟိုပင်မြို့၏ အနီး ဝန်းကျင်မှာပင် ကေအိုင်အေများ ခိုအောင်းလျက်ရှိပါသည်။ ဖားကန့်သို့ သွားရာလမ်းတွင် နေရာအနှံ့၌ ကေအိုင်အေတို့ကို တွေ့ရမည်ဖြစ်သည့်အပြင် ကေအိုင်အေ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းရမည်ဖြစ်၍ မှော်နင်းလက်မှတ်များကို ကြိုတင်ပြုလုပ်သွားရခြင်း ဖြစ်ပါသည်။ ဟိုပင်တွင် နှစ်ညအိပ်ပြီး ကျွန်တော်တို့ ခရီးစတင်နိုင်ခဲ့ပါသည်။ ဟိုပင်မြို့နှင့် မိုင် ၄၀ ခန့် ဝေးသော အင်းတော်ကြီးအိုင် အထိ ကားလမ်းပေါက် ပါသည်။ ဤ လိုင်းတွင် ဂျစ်ကားများသာ ပြေးဆွဲပါ သည်။ ကုန်များလည်း အပြည့်တင် ဆောင်ပြီး လူ ၃၀ ခန့် တင်ဆောင်ပါ သည်။ ကား၏ စက်ခေါင်းဖုံးပေါ်မှာပင် လူ ၅ ယောက်ခန့် လိုက်ပါစေပါသည်။

ထိုင်စရာ မရသည့်အပြင် ခတ် ခက်ခဲခဲပင် ပြုတ်မကျအောင် မနည်း ထိန်း၍လိုက်ရသဖြင့် မင်ပန်းလှသည်။ ကချင်ပြည်နယ်ကား မိုးကောင်းလှပါ သည်။ တစ်လမ်းလုံး မိုးမှာ ရွာလိုက် တိတ်လိုက်ဖြင့် အမိုးမပါသော ကား ပေါ်တွင် ကျွန်တော်တို့အား နှိပ်စက် သကဲ့သို့ ဖြစ်ပါသည်။

ဟိုပင်မှထွက်၍ ၁၀ မိုင်ခန့် ကျော်လျှင် ကျောက်ခင်းလမ်းဆုံးသွား ပြီး မြေသားလမ်းပေါ်တွင် မောင်းရ တော့သည်။ ကားလမ်းသည် ဆိုးလှ သည်။ အချို့နေရာများဆိုလျှင် မြေ များဖြစ်နေ၍ ကားသည် စီယာ ဦးတည်ရာသို့ မသွားဘဲ လျှောခွင်သည်

www.burmeseclassic.com

သကဲ့သို့ လျှောပါနေ၍ ကြောက်စရာ ကောင်းလှပါသည်။ လမ်း၏ ဘေး ...ဘက်တွင် အသူတစ်ရာ နက်လှ သော ချောက်ကြီးများကို တွေ့မြင်မိရာ ... တမိပါသည်။

အချို့နေရာများတွင် ရွှံ့ဗွက်များ ... ဆိုးလှပါသည်။ ကရောင်းပင် မြုပ်ပါ သည်။ ထိုနေရာရောက်လျှင် ကားဘီး ... သို့ ကျောက်များ၊ မျှောတိုင်များချ၍ ... တွန်းကြရပါသည်။ ကားခေါင်းရှေ့ရှိ ... ဖြင့် သစ်ပင်ကို ပတ်၍ဆွဲမြင်း၊ ... တွင်သံငုတ်ရိုက်၍ ဆွဲခြင်းများ ပြုရ ပါသည်။ ထိုအခါ မြေသည် မိုးရေဖြင့် ... ၍ သစ်ပင်ကျွတ်ပါလာခြင်းသံငုတ် ... လာခြင်းများဖြစ်ရာ အန္တရာယ် ... လှပါသည်။

ကျွန်တော်တို့လည်း ခရီးတစ် ... ကျော်ခန့်မှာ ကားမစီးရဘဲ အောက် ... ဆင်းလျှောက်ရခြင်းဖြင့်သာ ညနေ ... ခန့်တွင် အင်းတော်ရွာကို ဖြတ်ပြီး အင်းတော်ကြီးအိုင်သို့ ရောက်ရှိကာ ... သူကြီး၏ တဲတစ်ခုတွင် နေရာယူ ... နေကြပါသည်။ ထို့နောက် ထမင်း ... ပါသည်။ လတ်ဆတ်၍ ဈေးပေါ သော အင်းတော်ကြီးအိုင်ထွက် ငါးများ ... ယူ၍ကြော်ကာ ညစာစား၍ပင်ပန်း ... ဖြင့် စောစောအိပ်ရာ ဝင်ခဲ့ကြပါ သည်။ နောက်တစ်နေ့နံနက် ၆နာရီတွင် ... လှေဖြင့် အင်းတော်ကြီးအိုင်ကို ... ပါသည်။ အင်းတော်ကြီးအိုင်သည် ... နိုင်ငံတွင် အကျယ်ဆုံးရေအိုင်ဟု ... သည်။

ဘေးပတ်လည်တွင် တောင်ပြာ ... များဖြင့် လေးဖက်လေးတန်မှ ... မြောင်း စီးဝင်လျက်ရှိပြီး အင်း ... တန်ကဲ့သို့ ရေအလယ်တွင် ကျွန်း ... များရှိသဖြင့် ရေပြင်ကြီးမှာ မျက်စိ ... ဆုံး ကျယ်ပြောလှပါသည်။

ကျွန်တော်တို့ စက်လှေသည် ... ၏တောင်ဘက်ကမ်းမှ မြောက် ... ကမ်းသို့ ခုတ်မောင်းနေခြင်း ဖြစ်ပါ သည်။ ခရီးသုံးပုံ နှစ်ပုံခန့်အရောက်တွင် အနောက်ဘက်ကမ်းစပ်နှင့် အနီး၌ အလောင်းစည်သူမင်းကြီး၏ ကောင်းမှု တော်သမိုင်းဝင် ရွှေမဥ္ဇူ စေတီတော် ကြီးကို သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။

မကြာမီ မြောက်ဘက်ကမ်းသို့ ဆိုက်ရောက်ပါသည်။ ထိုဆိပ်ကမ်းတွင် လည်း ကချင်နှင့် ရှမ်းတို့ ရောနှော နေထိုင်လျက်ရှိသော ရွာကလေး ရှိပါ သည်။

**ကျွန်တော်တို့သည် ဤနေရာမှ စ၍ မိုင် ၈၀ ခန့် ခြေကျင်ခရီးတို့ ထောင် ရတော့မည်။**

လမ်းတွင် အတက်အဆင်း ခရီး သည်တို့ကို မပြတ်တမ်း တွေ့နေရပါ သည်။ ကျွန်တော်တို့သည် ရောမ ရောက်လျှင် ရောမလို ကျင့်ရမည် ဟု သည့်အတိုင်း ဤဒေသ ခရီးသွားပုံ သဏ္ဍာန်အတိုင်း နောက်လွယ်ခြင်းတွင် ဝန်စည်စလွယ်များ ထည့်၍ နဖူးထိန်း ကြိုးဖြင့် ထမ်းရပါသည်။ အဖျားကား သည့် ကချင်ဓားရှည်ကိုလည်း ခါးတွင် ဓားအိမ်ဖြင့် ချိတ်ရပါသည်။

ခရီးလမ်းက ကြမ်းတမ်းလှပါ သည်။ ချောင်းများကို မကြာခဏ ဖြတ် နေရပါသည်။ နောက်သိရသည်မှာ ထို ချောင်းသည် ဆပ်ပြာချောင်းဟု အမည် တွင်ပြီး ဆိတ်မူ ခေါ် ဆိုင်းတောင် (မော် နယ်မြေ) ရွာရောက်သည်အထိ ထို ချောင်းကိုပင် ၂၂ ကြိမ် ဖြတ်ကျော်ရ မည် ဖြစ်ပါသည်။ အချို့နေရာများတွင် တိုင်းတောလွင်ပြင်များကို ဖြတ်ရပါ သည်။ ဝါးတစ်ရိုက်မျှ အကွာအဝေး ကိုပင် နာရီဝက်ခန့် ကြာမြင့်အောင် ခက်ခက်ခဲခဲသွားရသော နေရာများရှိ ပါသည်။

အချို့နေရာများတွင် ချောက် ကမ်းပါးအပေါ်မှ ခုတ်လှဲ၍ ကူးထား သောသစ်လုံးအပေါ်မှလေးဖက်ထောက် ၍ ကူးရခြင်းများလည်း ရှိပါသည်။အချို့ နေရာများတွင် ချောင်းဖြတ်ကူးရာ၌ ရေသည် ရင်ခေါင်းခန့်နက်ပြီး ရေစီးသန် လှသဖြင့် ရေပြင်ပေါ်ဖြတ်၍ တန်းပေး ထားသော ကြိမ်ကြိုးတန်းတို့ ကိုင်၍ ကူးရပါသည်။ မိုးကလည်း တဖွဲဖွဲရွာ လျက် ရှိနေပါသေးသည်။

ထို့အပြင် ချောင်းစပ်နှင့် ရွှံ့နွံ အိုင်များအနီးရှိ ချုံနွယ်များနှင့် သစ်ပင် များအပေါ်တွင် မီးခြစ်ဆံလုံးခန့်ရှိ၍ အရှည်တစ်လက်မခန့်ရှိသော ရေထဲတွင် နေသော မျှော့ကဲ့သို့ ကျွတ်ဟုခေါ်သော အကောင်များလည်း ပေါများလှသည်။ လူအား အဆင်သင့်စောင့်နေကြသည်။

ချုံပုတ်များနှင့် ထိတွေ့လျှင် လူပေါ်သို့ ခုန်ချကြပြီး လူကိုတွယ်ကပ် ၍ သွေးစုပ်ကြပါသည်။ တစ်ခဏတာ အတွင်း ထိုကျွတ်ကောင်သည် ဆီးဖြူသီး အရွယ် အလုံးကြီး ဖြစ်သွားပါသည်။ ဆွဲဖြုတ်လျှင်သော်လည်းကောင်း မသိ လျှင်သော်လည်းကောင်း ထိုကျွတ်၏ ခန္ဓာကိုယ်ပေါက်ပြသွားပြီး လူတွင် သွေး များပွကုန်ပါသည်။ ထိုသွေးနံ့ ရရှိလျှင် အနီး၌ရှိသော ကျွတ်တို့ အပြေးရောက် လာကြတတ်၍ ကျွတ်တို့၏ အန္တရာယ် သည်လည်း မသေးလှပါ။ ထို့အပြင် ကျွတ်တို့သည် ပက်ကျိကဲ့သို့ဖြစ်၍ ရွံရှာ ဖွယ်ကောင်းလှပါသည်။

ဤသို့ဖြင့် ညနေစောင်းသော် ချောင်းကွေ့လွင်ပြင် တဲစုကလေးများ ရှိရာသို့ ရောက်လာပါသည်။ အခြား ခရီးသည်အဖွဲ့များလည်း ဤနေရာတွင် ညအိပ်ကာ ရပ်နားကြတော့မည်ဖြစ်၍ ကျွန်တော်တို့လည်း တဲလွတ်တစ်လုံး တွင် နေရာယူလိုက်ကြပါသည်။ နှစ်ခန်း ခပ်နိမ့်နိမ့်တဲငယ်လေးတွင် စင်ထိုးထား ပါသည်။ ခြေရင်းတွင် မီးဖိုဟောင်းများ နှင့် မီးဖိုအထက်တွင် ဝါးနှီးဖြင့် အပေါ်မှ ဆွဲထားသော ကျပ်ခိုးစင်များ ရှိပါသည်။

ကျွန်တော်တို့သည် ချောင်းထဲ တွင် ပျော်ရွှင်စွာ အော်ဟစ်နောက် ပြောင်နေကြကာ တစ်နေကုန် ပင်ပန်း နွမ်းနယ်ခဲ့သမျှ ပေါ့ပါးလန်းဆန်းသွား ပါတော့သည်။ ထို့နောက် ထမင်းဟင်း များ ချက်ပြုတ်စားသောက်ပြီး အိပ်ရာ ဝင်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ဖေမူးခန့် အိပ်ပျော်၍သွားစဉ် -

"ဒိုင်း၊ ဒိုင်း ဒိုင်း"

"ဒက် ဒက် ဒက်"

"ဒိုဒုန်း"

ဟူသော သေနတ်သံများနှင့် ယောင်ချာသံများ ထွက်ပေါ်၍ လာပါသည်။ ဝေးလှသော နေရာမှ ဖြစ်မည်။ အသံမှ၍ ပဲ့တင်သံများ ထွက်ပေါ်လာ မြန်ကာ တောင်ယံတစ်ခြောတွင် ပဲ့တင်ထပ်၍ သွားပါတော့သည်။

ကျွန်တော်တို့သည် ပစ္စည်းများတို မသိမ်းအားဘဲ စင်အောက်ဆင်း၍ ဝမ်းလျားမှောက်နေကြရသည်။

သေနတ်သံများ တိတ်ဆိတ်သွားမှ စင်ပေါ်သို့ပြန်တက်၍ အိပ်ကြရသော်လည်း စိတ်ချလက်ချ မအိပ်ရဲတော့ပါ။ နံနက်စောစောထ၍ ထမင်းဟင်းချက်ကာ စားသောက်ပြီး ခရီးထွက်ရန် ပြင်ဆင်ကြရပါသည်။

ထိုစဉ် နယ်မြေကျွမ်းကျင်သူတစ်ဦးမှ ဤသို့ ပြောပါသည်။ မိုးရာသီတွင် တပ်မတော်စစ်ကြောင်းများသည် ကေအိုင်အေများကို စစ်ဆင်တိုက်ခိုက်ချေမှုန်းလေ့ ရှိသည်။

တိုက်ပွဲများမှာ ဤလမ်းကြောင်းတစ်လျှောက်တွင် ဆက်တိုက်ဖြစ်ပွားနေဦးမည်။ ထို့ကြောင့် ဤလမ်းကြောင်းကိုရှောင်၍ လုံခြုံစိတ်ချရသော တောတွင်းတစ်နေရာတွင် ပုန်းအောင်းနေရမည်။ ထို့ကြောင့် ဆန္ဒရှိပါက သူတို့အဖွဲ့နှင့်အတူ လိုက်ခဲ့ပါဟု ဆိုပါသည်။ ကျွန်တော်တို့လည်း စိုးရိမ်ကြောက်ရွံ့ကာ ထူပူနေပြီဖြစ်၍ ထိုအဖွဲ့နှင့် လိုက်ပါ၍ သွားခဲ့ပါသည်။

တောကြီးမျက်မည်း ဟူသောစကားမှာ မှန်လှပါသည်။

စိမ့်ကြီးမြိုင်ကြီးများတွင် ချုံနွယ်ပိတ်ပေါင်း ထူထပ်လှသဖြင့် နေပြောက်ပင် ထိုးစရာမရှိပါ။ ကောင်းကင်တွင်လည်း မိုးတိမ်များ ဖုံးအုပ်လျက် မြေပြင်တွင်လည်း တောင်ခိုးတောင်ငွေ့များဖြင့် နေ့ခင်းမှာပင် ဝေမှောင်အုံ့ပျလျက်အလင်းရောင် အားနည်းလျက် ရှိပါသည်။

ဤသို့ဖြင့် နေ့ဝက်ခန့် လမ်းမရှိဘဲ ချုံနွယ်ပိတ်ပေါင်းနှင့် သစ်တောကြီးအတွင်းဖြတ်သန်းသွားလာရာမှ သစ်ပင်အမြင့်ကြီးများ မတွေ့တော့သော်လည်း တောထူလှသည့် မြေပြန့်နေရာတစ်ခုသို့ ရောက်ရှိသွားပါသည်။

တောရိုင်းသစ်ပင်များ ကြားတွင် ငှက်ပျောပင်များ၊ ပိန္နဲပင်များ၊ နာနတ်ပင်များ၊ ရှောက်၊ သံပရာပင်များကို အသီးများဖြင့် တွေ့ရ၍ အံ့ဩမိပါသည်။

တောင်ယာပျက်၊ တောင်ယာဟောင်းတစ်ခုဟုထင်ရသည်။ ရွှေ့ပြောင်းတောင်ယာစနစ်တွင် တစ်နေရာတွင် ငါးနှစ်ခန့် တောင်ယာစပါး စိုက်ပျိုးပြီး မြေဩဇာများ ကုန်ခန်းခြင်း၊ ပေါင်းများ မရှင်းလင်းနိုင်အောင် ထူထပ်လာခြင်းတို့ဖြစ်ပါက ဤနေရာကို ပစ်ထားခဲ့ပြီး နေရာသစ်သို့ ရွှေ့ပြောင်းသွားကြရာ သီးပင်စားပင်နှင့် တောင်ယာတဲတို့မှာ ဤအတိုင်းထားရစ်ခဲ့သည်ဟုသိရပါသည်။ မကြာမီ ချုံနွယ်များကြားမှာပင် တဲကြီးတစ်ခုကို တွေ့ရပါသည်။

လှေကား၊ ကပြင်နှင့် ကြမ်းခင်းများမှာ အနည်းငယ်သာ ပျက်စီးသေး၍ ခေါင်မိုးရှန်း အနည်းငယ် ကျန်ရှိပါသည်။ (ရှန်းလက်များသည် ဓနိ၊ စွန်ပလွံလက်တို့နှင့်သဏ္ဌာန်တူ၍ ကချင်ပြည်နယ် တောတောင်အနှံ့တွင် ပေါက်ရောက်နေလေ့ရှိပါသည်)

ကျွန်တော်တို့သည် တဲကြီးပေါ်သို့တက်သွားပြီး ကြမ်းကြားမှာ ထိုးထွက်နေသော သစ်ကိုင်းများကို ရှင်းလင်းပါသည်။ ငှက်ပျောဖက်များကို ခုတ်၍ ဝါးခြမ်းများဖြင့် မိုးလုံစေရန် ပြုလုပ်သည်။ တဲပေါ်မှာပင် မီးဖိုနှစ်ခုရှိ၍ အချို့က ထင်းခြောက်များရှာကာ အချို့က ရေရှာပြီး ထမင်းဟင်းချက်ပြုတ်ရန် စီစဉ်ကြပါသည်။ အားလုံးပြီးစီးသောအခါမှ မနီးမဝေးတွင် ရှိသော ချောင်းငယ်သို့ ရေသွားချိုးကြပါသည်။

ကျွန်တော်တို့ ရေချိုးပြီးသော် မှောင်ရိပ်ပျိုးလျက် ရှိပါပြီ။ ကျွန်တော်တို့အဖွဲ့မှာ ခရီးသွား လူစိမ်းလေးဦးနှင့်ဆိုလျှင် ခုနစ်ယောက် ရှိပါသည်။ ထိုအထဲမှ ခေါင်းဆောင်ဖြစ်သူမှာ ကလောမြို့နယ် ရေဖြူကန်ကျေးရွာမှ ထွန်းရီ(ဓနုလူမျိုး)ဆိုသူဖြစ်၍ သူသည် မော်ကြာ/မော်ထဲတွင် အနေကြာ၍ နယ်မြေနှံ့စပ်သူ) တစ်ယောက်ဖြစ်ကြောင်း သိရပါသည်။

အပြင်ဘက်တွင် မိုးကလည်း တဖြောက်ဖြောက်ရွာနေပါသည်။ မီးဖိုတွင် မီးထည့်ထားပြီး အရက်ဝိုင်းဖွဲ့ကာ အပြန်အလှန် မိတ်ဆက်ကြကာ သူ့အကြောင်း ကိုယ့်အကြောင်း ရောက်တတ်ရာရာများကို ပြောဆိုဖြစ်ကြပါသည်။

ကိုထွန်းရီသည် ကျွန်တော့်အား တစ်ခဏအတွင်း ခင်မင်ရင်းနှီးသွားပါသည်။

ကျွန်တော့်အား ကျော်ဟိန်းနှင့်တူသည်ဟု ဆိုကာ ကိုကျော်လေး[...] ခေါ်ပါသည်။ သူသည် မော်ဝမ်လေး[...] မောက်ကုန်းတို့၏ အထက်ချောင်းဆုံ[...] မှော်တွင် ခြောက်ကောင်၊ လေးကောင်[...] ဂျင် ဒိုင်ပြုလုပ်နေသည်မှာ ရှစ်နှစ်ရှိပြီ[...]

ယခု သူ့ရွာမှ ဝမ်းကွဲညီသုံးဦး[...] အလုပ်လုပ်ရန် ခေါ်လာခဲ့ပါသည်[...] ဆိုရပါသည်။ သို့သော် ကျွန်တော်[...] တွင် ငွေများပါလာ၍ သတိ၊ ဝီရိယနှင့်[...] အိပ်ကြရန် အချင်းချင်း တိုးတိုးတိတ်[...] တိတ် တိုင်ပင်ထားကြပါသည်။

ဤသို့ဖြင့် တစ်ညတာ ကုန်လွန်[...] သွားခဲ့ပါသည်။ မည်သည့်ပြဿနာ[...] မရှိခဲ့ပါ။ ကိုထွန်းရီသည် နံနက်စာစား[...] လျှင် လမ်းအခြေအနေ စနည်းနာ[...] ကျွန်တော် တစ်ယောက်တည်းကိုသာ[...] ခေါ်၍ ထွက်ခဲ့ကြပါသည်။

ဤနေရာမှ ၇ မိုင်ခန့်သွားလျှ[...] ကေအိုင်အေ စစ်ဆေးရေးဂိတ်[...] အပေါ်စီးမှ မြင်တွေ့နေရသည်။ [...] ပြန့်သော တောင်ကုန်းခပ်နိမ့်နိမ့်တ[...]



www.burmeseclassic.com

www.burmeseclassic.com

အောက်ခြေများ ရှင်းထားပြီး ဝါး သစ်ခြောင့်တို့ဖြင့် စည်းရိုးခတ် ပတ်လည်တွင် ကတုတ်လိုင်း များတူးကာ ဘန်ကာများ တည် ထားပါသည်။

တဲကြီးများ ၁၀လုံးခန့် ရှိသော် အားလုံးမှာ မီးလောင်ကျွမ်း အချို့မှာ မီးခိုးများပင် အူနေပါ သည်။

"တပ်မတော်က စီးနင်းသွားတာ၊ က ရိက္ခာနဲ့ စီးကရက်၊ ဘီယာ ထားတဲ့ ဂိုဒေါင်တွေပဲ"ဟု ကိုထွန်း ပြောပါသည်။

လူသူတစ်ယောက်မှ မတွေ့မြင်

"ကေအိုင်ဒေအတွေက ဂိတ်ပြန် ခရီးသည်တွေ သွားလာလို့ရမှာ၊ မဖွင့်သေးခင် လမ်းပေါ်မှာတွေ့ရင် ဘူး၊အနည်းဆုံးတစ်ပတ်လောက် ပုန်းနေရဦးမယ်"ဟု ဆက်ပြော သည်။ ထို့နောက် တောင်ယာဟောင်း ပြန်ခဲ့ကြပါသည်။

အမှန်ပြောရလျှင် ကျွန်တော်တို့ စိတ်ပျက်စပြုပါပြီ။ မချမ်းသာချင် ပါ။ မော်ထဲသို့ မသွားလိုတော့ပါ။ သို့သ မချော ချောမောဟေ ပြန် လှပါသည်။ လောလောဆယ်တော့ ထွန်းရီသာ အားကိုးနေရပါတော့ သည်။

ဤသို့ဖြင့် ၃ ရက် လွန်မြောက် ၄ ညမြောက်သို့ ရောက်လာပါ သည်။ ထုံးစံအတိုင်း ညဦးတွင် ထမင်း မီ အရက်ဝိုင်းဖွဲ့၍နေကြစဉ် . .

"ဟေ့, တစ်ယောက်မှ မလှုပ်နဲ့၊ တို့ကို ဝိုင်းထားပြီ"ဟု ဆိုကာ အမ် မောင်းပြန် ရိုင်ဖယ်များဖြင့် ချိန်ရွယ် တဲဝမှ ကေအိုင်အေ သုံးဦး ပေါ် လာပါသည်။

ကိုထွန်းရီသည် ကချင်ဘာသာ ပါ ညှပ်၍ အကြိုးအကြောင်း ရှင်းပြ လည်း မရပါ။ ခြေဖြင့် ဆောင့်ကန် ပါသည်။ နောက်မှ ကေအိုင်အေ ၅ ဦး ထပ်မံပေါ်လာပြီး ကျွန်တော်တို့အား ကြိုးဖြင့်တုတ်ကာ ရင်ဝသို့ မောင်းထိုးထားသော သေနတ်ပြောင်းဝဖြင့် ယိုး၍ မာန်မဲဆဲဆို ကြိမ်းမောင်းသည်။

ထို့နောက် ကျွန်တော်တို့အိတ်များကို မွှေနှောက်ရှာဖွေပြီး ငွေများကို သိမ်းယူပါသည်။

ကျွန်တော်တို့သည် ထိုညက ညစာပင် မစားလိုက်ရသေးပါ။ ကေအိုင်အေ ယာယီစခန်းတစ်ခုသို့ ဖမ်းဆီးခေါ်ဆောင်သွားပါတော့သည်။

ကိုထွန်းရီသည် မော်ကြာဖြစ်၍ ၎င်းနှင့် အသိနာမည်များကို ပြောပြနိုင်သဖြင့် နောက်တစ်နေ့တွင် ငွေများပြန်ပေးပြီး ၎င်းတို့လေးဦးအား ပြန်လွှတ်ပေးလိုက်ပါသည်။

ကိုထွန်းရီသည် ကျွန်တော်တို့အတွက် ကြိုးစား၍ ကူပြောသော်လည်း "မင်း . . ဆက်ပြောနေရင် မင်းတို့ လေးယောက်ကိုပါ ပြန်မလွှတ်တော့ဘူး"ဟု ဆိုသဖြင့် ကျွန်တော်တို့အတွက် စိတ်မကောင်းဖြစ်လျက် ထွက်သွားကြပါတော့သည်။

ခဏကြာလျှင် ကျွန်တော်တို့အား တဲကိုပေါ်တွင် လက်ပိုက်ကာ ထိုင်စေ၍ . .

"မင်းတို့ . . ငါတို့ တပ်မတော်အတွက် အမှုထမ်းရမယ်၊ ထွက်ပြေးမယ် တော့မကြံနဲ့၊ ဒီနယ်မြေမှာ ငါတို့ လူတွေချည်းပဲ၊ သဘောမပေါက်ရင် ကျော ပေါက်သွားမယ်"ဟု ကြိမ်းဝါးပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် ကေအိုင်အေ တပ်သားစုဆောင်းရေးတွင် သိမ်းသွင်းခြင်း ခံလိုက်ရပါသည်။

ထိုအချိန်မှာပင် "လေးစားထိုက်တယ် ကေအိုင်အေ"ဟူသော တေးသွားဘစ်ပိုင်းတစ်စကို ကေအိုင်အေ တပ်သားတစ်ဦးမှ သီဆိုကာ အနီးတွင် ဖြတ်လျှောက်သွားပါသည်။

ကျွန်တော်တို့သည် တပ်သားစုဆောင်းသည်ဟု ဆိုသော်လည်း အစောပိုင်းတွင် ပေါ်တာသဘောမျှသာ ဖြစ်ပါသည်။ ကေအိုင်အေတပ်ခွဲများ သွားလာရာတွင် ရိက္ခာ၊ လက်နက် ခဲယမ်းတို့ကို ထမ်းရပါသည်။ ဆဲဆို၍ ရိုက်နှက်ခြင်းလည်း ခံရပြီး ၎င်းတို့အား ထမင်းစားရာ၊ အရက်သောက်ရာ၊ အိပ်ရာခင်း စသည် အောက်ခြေသိမ်း ပြုစု လုပ်ကိုင် ပေးရပါသည်။

ကချင်ပြည်နယ်သည် မိုးရာသီ ကာလများ၌ နေ့စဉ်နီးပါး မိုးရွာလေ့ ရှိပြီး ညဆိုလျှင်ဖြင့် မိုးမရွာသော ည ဟူ၍ မရှိပါ။ ကျွန်တော်၏ သူငယ်ချင်း များအား ရှပ်ရည်လည်း ကြမ်းတမ်း၍ တိုယ်ခန္ဓာ တောင့်တင်းကြံ့ခိုင်မှု ရှိသဖြင့် ရာသီဥတုနှင့် ဝင်ဆန့်အောင်တို့ ခံနိုင် ကြသော်လည်း ကျွန်တော်သည် အား အသောက်နည်းပါးပြီးနုနယ်ချောမောသူ (အချို့က ကျွန်တော့်ကို ထိုင်စင်ထ မိန်းကလေးဟု ထင်သူပင် ရှိပါသည်) အနုပညာသမားတစ်ဦးဖြစ်ရာ မကြာခဏ ဖျားနာ၍ နေပါသည်။

ထိုအခါ ကေအိုင်အေများသည် ကျွန်တော့်ကို ဆဲဆိုကြ၍ "အသားဖြူတဲ့ မြို့သားဆိုရင် ဘာမှ သုံးမရဘူး အလကားပဲ၊ ဒီကောင်ကို သတ်ပစ်တာပဲ ကောင်းမယ်၊ ဘာမှမခိုင်းရဘဲ ဆေးတွေ၊ ရိက္ခာတွေကုန်တယ်"ဟု ဆိုကြပါသည်။

မှန်ပါသည်။ စခန်းသစ်နေရာ ရွှေ့ပြောင်းလျှင် မျောခုတ်၊ ဝါးခုတ်၊ ရုန်းခုတ်၊ ကတုတ်တူး၊ ခြံစည်းရိုးခတ်ရသော အလုပ်များမှာ ပင်ပန်းလှပါသည်။

ကျွန်တော်သည် အင်အားချည့်နဲ့သဖြင့်ထိုလုပ်ငန်းများတွင်တရွတ်တိုက် လိုက်ပါနေသကဲ့သို့ရှိရာ ကျွန်တော့် အတွက် အခြားသူများ၌ ဝန်ထုပ်ဝန်ပိုး သဖွယ် ဖြစ်နေပါသည်။

ရိက္ခာပြတ်လပ်လျှင် တောပစ် ထွက်ကြပါသည်။ သားကောင် မရရှိ လျှင်သော်လည်းကောင်း၊ သေနတ်သံ မထွက်စေလိုလျှင် သော်လည်းကောင်း ငါးရှာထွက်ကြရပါသည်။ ကချင်ပြည် နယ်တောတောင်များတွင် ရေချောင်း များပေါလှပါသည်။ အချို့ရေအိုင်ကြီး





www.burmeseclassic.com

www.burmeseclassic.com

များတွင် ဝါးနှစ်ပြန်ခန့်ပင် နက်ပါသည်။ လူသူရောက်ပေါက်မှုနည်းပါးရာ နေရာများဖြစ်၍ ထိုရေအိုင်များတွင် ကျောက်လေးကြီးများ တစ်ပေခန့်အထိရှည်သော ငါးအောင်ရိုးများနှင့် ကျောက်ပွန်းများ တစ်ထောင်ခန့်အထိ ကြီးသော ငါးသလောက်တို့ [illegible] များပါသည်။ ငါးကောက်သည့် [illegible] ပါသည်။

ထိုရေအိုင်ကြီးများ အတွင်းသို့ ဘီယာခွံအား တစ်ဝက်ဖြတ်၍ စနက်တန့်ထည့်၊ ယမ်းနှင့် ကန့်မှုန့်သိပ်ကာ ဆပ်ပြာခဲဖြင့် လုံအောင်သိပ်၍ မီးရှို့ကာ ရေထဲသို့ ပစ်ချလိုက်လျှင် ဖုန်းခနဲ အသံ ခတ်အုတ်အုတ်သာ ထွက်ပေါ်လာပြီး မီးခိုးအနည်းငယ် တက်လာပါသည်။ ခဏကြာလျှင် ငါးများ ရေတွင်ပေါ်၍ ရေစီးတွင် မျောပါကုန်သည်။ ကေအိုင်အေတို့သည် မြေပေါ်တွင်သာ လျင်မြန်ဖျတ်လတ် သန်မာကြသည် မဟုတ်၊ ရေကူးရေငုပ်လည်း ကျွမ်းကျင်ပါသည်။

ရေနက်အတွင်းသို့ ဒိုင်ဗင်ထိုးကာရေငုပ်သွားပြီး မသေဘဲ မူးရုံသာမူး၍ ရေအောက်ကြမ်းပြင်သို့ သွား၍ ကပ်နေကြသော ငါးများနှင့်ပုစွန်တို့ကို ဖမ်းယူပြီး အတွင်းခံဘောင်းဘီကြားဆုံသလောက်ထိုးထည့်၊ လက်နှစ်ဖက်တွင် နိုင်သလောက်ကိုင်၊ ပါးစပ်တွင် တစ်ကောင်ကိုက်၍ ရေပေါ်သို့ပေါ်လာ [illegible] ပါ သို့ ထိုငါများကို လှမ်းပစ်တင်ပါသည်.

ကျွန်တော်သည် အိုင်၏ ရေပါးသောနေရာ ခါး၊ ပေါင်လယ်ခန့်မှ ဆီး၍ မျောလာသော ငါးများကို ဆယ်ယူရပါသည်။ ချောင်း၏ ရေအောက်ကြမ်းပြင်မှာ သဲများ မဟုတ်ပါ။ ရေညှိဝနေသော ကျောက်လုံးချောချောဖြစ်၍ ဇာတမဖိနပ်ခေါ် ဘရှော်ကင်းပတ် စီးထားသည့်တိုင် ခြေလုံးပေါ်မှ ချော်ချော်ကျကာ ခြေမညပ်၍နာကျင်လျက်ရှိသောကြောင့် ငါးများကို နိုင်အောင်သယ်ယူဖို့ နောက်ထပ်

မလဲအောင်ပင် ရေစီးထဲ၌ ကြိုးစားရပ်တည်နေရပါသည်။ ထိုအခါ ကျွန်တော့်အား ကြိမ်းမောင်းကြပြန်ပါသည်။

ထို့နောက် ကျွန်တော် အပြင်းအထန် ဖျားပါတော့သည်။ သတိပင် မေ့လိုက် ရလိုက် ဖြစ်ပါသည်။

ဤနေ့တွင် မဝန်ဟုခေါ်သော အရာခံဗိုလ်ကြီးသည် မြစ်ကြီးနားခတ်ချီဇာတိ ဆေးတပ်ဆရာတစ်ဦးဖြစ်ပြီး ကျွန်တော့်အား စာနာပါသည်။ သံယောဇဉ်ရှိပါသည်။ ကျွန်တော် နေကောင်းလျှင် ပင်မအခြေစိုက်စခန်းကြီးတစ်ခုသို့ပို့ပေးကာ ကလေးများကို စာသင်ရသော အလုပ်ကိုပေးမည်။ လခလည်းရမည်။ လက်နက်ကိုင်သင်တန်းလည်း တက်ရောက်ခွင့်ရမည်ဟု ပြောပါသည်။

သို့သော် ထိုအကြောင်းအရာတို့မှာ မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ကျွန်တော့်စိတ်အာရုံတွင် ဝေဝါးလျက် ရှိပါသည်။

မကြာမီ ကျွန်တော်သည် နေကောင်းသွားပြီး ဤကေအိုင်အေစခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ပါသည်။ နောက်မှ ကေအိုင်အေများ လိုက်လာမည်စိုး၍ မောပန်းနေသည့်တိုင် လုံးဝမရပ်နားဘဲ တောအထပ်ထပ် တောင်အသွယ်သွယ် ကျော်ဖြတ်၍ ပြေးလာခဲ့ရာ တောင်တန်းတောအုပ်တို့ကုန်ဆုံး၍ တစ်မျှော်တစ်ခေါ် ကျယ်ပြောလှသော ရိုးပြတ်လယ်ကွင်းပြင်ကြီးသို့ ရောက်ရှိလာပါသည်။

ကျွန်တော်သည် ယခုမှ အာခေါင်ခြောက်လျက်ရေငတ်၍နေကြောင်း သတိရနိုင်ပါတော့သည်။ ကျွန်တော့်တွင် ဖိနပ်မပါ၊ ဦးထုပ်မပါ။ နေကလည်း ချစ်ချစ်တောက်ပူလောင်လှသည့်နေမွန်းတည့်ချိန် ဖြစ်နေပါသည်။

လယ်မြေများသည် ခြောက်သွေ့ကာ ပပ်ကြားများအက်လျက်ရှိရာ ဤအနီးအနားတွင် ရေရရှိရန် မျှော်လင့်ချက်မရှိနိုင်ပါ။ လောလောဆယ် နေရိပ်

ခိုရန် တစ်ခုခုကိုသာ ရှာဖွေရပေမည်။

တစ်မိုင်သာသာခန့် ကွာဝေ
သောနေရာတွင် သစ်ပင်အုပ်တစ်ခုကို
လှမ်းမြင်ရသဖြင့် ကျွန်တော် ဝမ်းသာ
သွားသည်။

သို့သော် ကျွန်တော်သည် ခြေ
ကုန်လက်ပန်းကျကာ အားအင်ကုန်ခမ်း
လျက်ရှိပြီ ဖြစ်သည့်အပြင် အပေါ်မှနေ
အပူရှိန်နှင့် တံလျှပ်များ ထ,ကာ အငွေ
ငွေ့များပြန်လျက်ရှိသော ဤကွင်းပြင်
ကြီးအား ဖြတ်သန်းသွားရမည့်အရေးမှာ
ဝန်လေးလှပါသည်။

ကျွန်တော်သည် ရှိသမျှ အား
အင်တို့ကို ဖျစ်ညှစ်ကာ အပန်းကြီးစွာ
ပူလောင်လှစွာဖြင့် ထိုနေရာသို့ ဦးတည်
ကာ တရွေ့ရွေ့ထွက်ခွာခဲ့ပါသည်။ ခရီး
တွင်သည်ဟု မထင်ချေ။ ခြေလှမ်း
သည် နောက်သို့ ပြန်နေသည်ဟုသာ
ထင်မိသည်။ နောက်ဆုံးတွင် ကျွန်တော်
သည် ချွေးများ ရွှဲရွှဲစိုလျက် မောဟိုက်
ပင်ပန်းလှစွာ ထိုသစ်ပင်အုပ်အုပ် အနီး
သို့ ရောက်ရှိသွားပါသည်။ ထိုသစ်ပင်
အရွက်များ ထူထပ်သိပ်သည်းလှ
နေပြောက်သော်မှ မတိုးသော ကြီး
လှသော ညောင်မုတ်ဆိတ်ပင်ကြီး ဖြစ်
နေပါသည်။

ထို့အပြင် ညောင်ပင်အော
တွင် ရေအိုးစင်ရှိ၍ ရေအိုးအသစ်ဖြစ်
ရေများ တပေါက်ပေါက်စိမ့်ကျနေသ
မည်မျှ အေးမြလိုက်မလဲဟု တွေးမိ
ဝမ်းသာအားရ ညောင်ပင်အရိပ်အော
သို့ ဝင်လိုက်လျှင် "ရှုး ရှုး" "ရှုး ရှုး"
အသံများမည်လျက် ညောင်ပင်ပေါ်
လျှောဆင်းလာပြီး ပါးပျဉ်းများထော
ကာ ကျွန်တော့်ရှေ့မှ ကာဆီး၍ထ
ကြပါသည်။ တောကြီးမြွေဟောက်
သုံးကောင် ဖြစ်ပါသည်။

ကျွန်တော် ဒေါသထွက်
သည်။ လက်နက်တစ်စုံတစ်ရာ မ
သဖြင့် အနီးအနားတွင် ကျောက်ခဲ
ကြီးသော်လည်းကောင်း၊ တုတ်
သော်လည်းကောင်း တွေ့ရတွေ့



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရာ ဆီးဖြူသီးခန့် မြေဆိုင် ဘစ်ထွာခန့်သာရှိသော သစ်ကိုင်း အနားအနားမျှသာတွေ့၍ စိတ်ပျက် သည်။

နောက်ဆုံး ကြံရာမရသဖြင့် ပို့ကြည့်ဦးမည်ဟု စိတ်ကူးကာ များ ကျန်းမာပါစေ၊ ချမ်းသာပါ ရွတ်ဆိုမိပါသည်။ ခဏကြာသော် ကြီးများသည် ပါးပျဉ်းများချကာ ပင်ခြေရင်းသို့သွား၍ ခွေနေကြ ည်။

ကျွန်တော်သည် သွေးတိုးစမ်း တစ်လှမ်းချင်း မြွေကြီးများ၏ လှုပ် အခြေအနေကိုကြည့်လျက် ရေအိုး ရှိရာသို့ တဖြည်းဖြည်းချဉ်းကပ်၍ သည်။ မြွေကြီးများသည် တုတ် မလှုပ်တော့ပါ၊ စိတ်ချရပါပြီ။

ကျွန်တော်သည် ရေအိုးဖုံးကို ကြည်လင်အေးမြသော ရေ ပြည့်လျှံလျက်။ ဝါးဆစ်ပိတ်ရိုး ထားသော အုန်းမှုတ်ဖြင့် ခပ်ယူ ပါသည်။ "ဂလွမ်"ဟု မြည်သွား အိုးအတွင်းသို့ ကြည့်ရာ ရေ တ်မှ မရှိတော့။ သို့သော် အုန်းမှုတ် ရေစက် အနည်းငယ်ကျန်ရှိနေ၍ တော် လျက်လိုက်ပါသည်။

အုန်းမှုတ် ပြန်မ,လိုက်လျှင် ရေ အိုးတွင် ပြန်ပြည့်လာသည်။ ထူး ထူးဆန်းလှသည်။ စိတ်ပျက်ဖွယ် သဖြစ်ဖွယ်လည်း ကောင်းလှပါ သည်။ သို့သော် အုန်းမှုတ်တွင် ကပ်၍ ရစ်သော ရေကလေးများကိုပင် ၍ အာသာဖြေရပါသည်။

ထိုစဉ် ကျွန်တော့်စိတ်ထဲတွင် တစ်ခု ဝင်ရောက်လာပါသည်။ တော် ညောင်ပင်အရိပ်အောက် သည်ပြုစဉ် ဤမြွေကြီးများက ဟန့် ခဲ့ပါသည်။ ယခုလည်း ရေများကို နေရလျက် ခပ်မရအောင် ဖြစ်နေ သည်မှာ ဤမြွေကြီးများကြောင့် ဖြစ် ။ စောစောက ကျွန်တော့်တွင် နက် မရှိ။ ယခုမူ ရေမှုတ်ရိုးသည်

အနည်းငယ်ကြီးမားကြွခိုင်ပြီး အုန်းမှုတ် ကလည်း ထူထဲကာ ကြီးမားလေရာ လက်နက်တစ်ခုသဖွယ် ဖြစ်နေပါသည်။

ကျွန်တော်သည် အုန်းမှုတ်ရိုးကို ကျစ်ကျစ်ဆုပ်၍ မြွေကြီးများကို နှိုတ် ရန် လက်မြှောက်၍ အားယူလိုက်စဉ် မြွေကြီးတစ်ကောင်သည် ကျွန်တော်၏ တံတောင်ဆစ်ကွေးအား ခုန်၍ပေါက်ချ လိုက်ပါသည်။

ကျွန်တော့် လက်မောင်းသည် မီးစဖြင့် ထိုးလိုက်သကဲ့သို့ ပူအောင့်၍ သွားကာ မျက်စိထဲတွင် ကြယ်တွေလ တွေကိုတွေ့မြင်ရလျက် ထဲ ။ နာကျင်မှုသည် အတော်သော် သဖြင့်ကျွန်တော်သည် သေလည်းမသေ သေး၊ သတိလည်း မလစ်သေးဟု တွေးမိ ကာ ဖြည်းဖြည်းချင်း မျက်လုံးများကို ဖွင့်ကြည့်လိုက်ပါသည်။ အစတွင် ဘာမှ မမြင်ရသဖြင့် မျက်စေ့ကွယ်သွားပြီဟု ထင်မိကာ ဝမ်းနည်းနေမိသည်။ နောက်မှ မြူနှင်းများကဲ့သို့ အလင်းရောင်တို့ကို ခပ်ရေးရေးမြင်ရကာ တဖြည်းဖြည်းနှင့် မြင်ကွင်းများ ပီပြင်၍ လာတော့သည်။

ကျွန်တော့် သူငယ်ချင်းနှစ်ဦးနှင့် လူစိမ်းများသည် ကျွန်တော့်ကို စိုးရိမ်ကြီး စွာ ငုံ့ကြည့်နေကြပါသည်။ ကျွန်တော့် လက်သည် နာနေသေး၍ ကြည့်လိုက် ရာ ပိုက်တန်းလန်းနှင့် အကြောဆေး ချိတ်ထားသည်ကို တွေ့ရပါသည်။

စောစောတုန်းက အဖြစ်သည် တကယ် မဟုတ်ပါ။ ကျွန်တော့်လက် မောင်းသည် မြွေကိုက်၍ နာကျင်ခြင်း မဟုတ်ပါ။ ဆေးထိုးအပ်မှ နာကျင်ခြင်း ဖြစ်ပါသည်။ သို့ဆိုလျှင် ဤနေရာသည် ကေအိုင်အေစခန်း မဟုတ်။

"တော်ပါသေးရဲ့ကွာ၊ မင်း မသေ ဘူးနော်"

"ဒါနဲ့ အခုဘယ်ရောက်နေတာ လဲ၊ ဒါဘယ်နေရာလဲ၊ ကေအိုင်အေတွေ ကော"ဟု ကျွန်တော်က မေးရာ. .

"သူငယ်ချင်း. . စိတ်အေးအေး ထား၊ အခု တို့မှာ ဘာအန္တရာယ်မှ မရှိ တော့ဘူး၊ နောက်မှ ဖြည်းဖြည်းချင်း ပြောပြမယ်၊ မင်းသတိမရှိခဲ့တော့ ဒီ ဝမ်းသာပြီ ဆေးသွင်းနေတုန်း အသာ လေးငြိမ်နေလိုက် မင်းသတိလစ်နေတာ ၁၀ ရက် ရှိပြီ"ဟု အောင်သန့်ဝင်းမှ ပြောပါသည်။

ထို့နောက် ရေတိုက်ပါသည်။

ကျွန်တော့်တွင် သိချင်တာတွေ များနေသော်လည်း ယခုသောက် သို့ လိုက်ရသည်ပင် စိတ်အေးသွားပြီ ဖြစ်၍ မျက်စိမှိတ်ကာ မှိန်းနေလိုက်ပါသည်။ ကြာမီ အေးအေးချမ်းချမ်းဖြင့် ကောင်းမွန်နှစ် ခြိုက်စွာ ပြန်လည်အိပ်ပျော်သွားသည်။

အိပ်ရာမှ နိုးလာသောအခါတွင် အရှက်တတ်စ အချိန် ဖြစ်နေပါသည်။

"အေးမင်းစံ နိုးလာပြီတော့"

သူငယ်ချင်းနှစ်ဦး ရေတဘက် ဖြင့် ကျွန်တော့်အား မျက်နှာသစ်ပေး၍ ဆားရည်ဖြင့် . ပလုတ်ကျင်းကာ သွား တိုက်စေ၍ ထွေးခံတွင် ထွေးစေပြီး၊ "ဒါ ဆတ်သားခြောက်နဲ့ ပြုတ်ထားတဲ့ ဆန် ပြုတ် ပူပူလေး၊ သောက်လိုက်ပါဦး"

အာဟာရ ပြတ်လတ်နေ၍နေ သည်မှာ ကြာမြင့်လှပြီ ဖြစ်သော ကျွန် တော့်တွင် ဗိုက်ထဲမှ တကျိကျိ မြည်လာ ကာ ဆာလောင်လှ၍ ဆန်ပြုတ်များကို အငမ်းမရ သောက်နေမိပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် တစ် ပတ်ခန့် အကြာတွင် လုံးဝကျန်းမာရေး ကောင်းမွန်သွားခဲ့ပါသည်။

နောက်မှ အကြောင်းစုံ သိရှိရ သည်မှာ ကျွန်တော်သည် ကေအိုင်အေ စခန်းတွင် ဖျားလျက် သတိလစ်မေ့မြော နေစဉ် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရုတ်တရက် ညအချိန် ဝင်ရောက်တိုက် ခိုက်ခြင်း ခံရသည်။

ကေအိုင်အေများသည် ကစဉ့် ကလျား ထွက်ပြေးကြသည်။ သူငယ် ချင်းများသည် ကျွန်တော့်အား ဘန်ကာ အတွင်း သယ်ယူ၍ ပုန်းအောင်းနေခဲ့ကြ သည်။ တပ်မတော်မှ စီးနင်းသိမ်းပိုက် ပြီး ရောက်ရှိလာကြသော အခါမှ



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းများသည် ဘန်ကာမှ ထွက်လာပြီး မိမိတို့သည် ပေါ်တာများဖြစ်ကြောင်း ခိုင်လုံစွာ ရှင်းပြခဲ့သည်။

ဤသို့ဖြင့် တပ်မတော်မှ မိမိတို့အား စောင့်ရှောက်ကာ [illegible] ၌ ချုပ်ထိန်းမှုခံထားရသည်ကို သိရပါသည်။

ကျွန်တော်တို့တွင် အဝတ်အစားများလည်းမရှိတော့။ လက်ဝတ်လက်စားများလည်းမပါရှိတော့။ ပိုက်ဆံလည်းမပါရှိတော့။ ဘော့ဘ်တွင် ဖိနပ်ပင်မပါရှိတော့ပါ။ ဆရာကြီးဦးလှတင်နှင့် ရွာသူရွာသားများသည် ကျွန်တော်တို့အပေါ်တွင် လိုလေသေးမရှိအောင် ဂရုစိုက်ကြပါသည်၊ ပြုစုကြပါသည်။

မိဖရင်ခွင်သို့ ပြန်လည်ရောက်ရှိသကဲ့သို့ ခံစားရပါသည်။ ထူးဆန်းစွာ တိုက်ဆိုင်လွန်းလှသည်ဟု ဆိုရပါမည်။ ဆရာကြီး ဦးလှတင်သည် ကျွန်တော်တို့ ဖားကန့်သို့ သွားရောက်သော လမ်းခရီးတွင် အမှတ်မထင် ကြုံဆုံသိကျွမ်းခင်မင်ခဲ့ရသော အရက်များပို့သည့် စျေးသည်ရှမ်းမလေးဝင်းမေ၏ ဖခင် ဖြစ်နေပါသည်။

ဝင်းမေသည် ကျွန်တော့်အား မှတ်မိနေ၍ ကျွန်တော်တို့သည် သာမန်အရပ်သားများသာ ဖြစ်သည်။ ပေါ်တာဆွဲခံရခြင်း ဖြစ်သည်ဟူသော အဖြစ်တို့ကို သက်သေခံပေးသဖြင့် ကျွန်တော်တို့ ဤရွာကလေးတွင် အေးချမ်းစွာ နေထိုင်ခွင့် ရရှိခြင်းဖြစ်ကြောင်းတို့ကို သိရသောအခါ ဝင်းမေကို ကျေးဇူးတင်မိပါသည်။

ကျွန်တော် အတန်ငယ် နေကောင်းသောအခါ ဝင်းမေသည် ရွာ၏ အရှေ့ဘက်သို့ အညောင်းပြေ လမ်းလျှောက်ရင်း ရွာဦးစေတီကို လိုက်ပြပါသည်။ စေတီကုန်းပေါ်မှ အရှေ့ဘက်သို့ ကြည့်လိုက်သောအခါ ကျွန်တော် ပုံ၍ အံ့သြရပါသည်။ အိပ်မက်ထဲမှ လယ်တွင်းပြင်ကြီး ဖြစ်နေပါသည်။ အိပ်မက်ထဲတွင် နွေရာသီဖြစ်သော်လည်း အပြင်တွင် မိုးနှောင်းလူ ဆောင်းဝင်စဖြစ်၍ စိမ်းပြာတွင်းပြင် မဟုတ်ဖဲစပါးနှံများရင့်မှည့်ဝါဖြာ၍ ရွှေဝါရောင်တွင်းပြင်ကြီး ဖြစ်နေပါသည်။

ပို၍ထူးဆန်းသည်မှာ တောင်ခြေအထိ တစ်မျှော်တစ်ခေါ် ကျယ်ဝန်းလှသော လယ်ပြင်ကြီး၏ အလယ်တွင် သစ်ပင်အုပ်အုပ်ကြီးကို အိပ်မက်ထဲက အတိုင်းပင် လှမ်းမြင်နေရပါသည်။

"အဲဒီ ညောင်မုတ်ဆိတ်ပင်ကြီးက ရှင်ကြီးပင်ပေါ့၊ နတ်တအားကြီးတယ်၊ ကောက်ဦးပေါ်တိုင်း လယ်လုပ်သူမှန်သမျှ အဲဒီကို သွားပြီး နတ်တင်ရတယ်၊ ဒါမှ လာမယ့်နှစ်မှာလဲ လယ်တွေအောင်ပြီး စပါးတွေရမှာ" ဟု ဝင်းမေက ပြောပြသောအခါ အိပ်မက်ကို သတိရ၍ ကျွန်တော် ကြက်သီးမွေးညင်းထမိသေးသည်။

ဤသို့ဖြင့် ၁၅ ရက်ခန့်အကြာတွင် ကျွန်တော်တို့သည် မန္တလေးသို့ ပြန်ရန် စီစဉ်ကြပါတော့သည်။ လိုအပ်သော စရိတ်တို့ကို ဆရာကြီးဦးလှတင်မှပင် ကူညီပါသည်။

ကျွန်တော်တို့အား ဟိုပင်ဘူတာအထိ ကွဲလှည်းဖြင့် လိုက်လံပို့ဆောင်ပေးပါသည်။ ဝင်းမေသည် ကျွန်တော့်အား နောင်လည်း အလည်လာခဲ့ပါရန် မှာကြားပါသည်။

ရထားထွက်သော် ဆရာကြီးနှင့် ဝင်းမေတို့ညီအစ်မသည် မျက်ရည်လည်လျက် လက်ပြကာ ကျန်ရစ်ပြီး တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့ပေသည်။

ကျွန်တော်တို့သည်လည်း ယခုမှ ဟင်းခနဲ သက်ပြင်းချနိုင်ပါတော့သည်။ ကျွန်တော်တို့သည် သေကံမရောက်၍ သက်မပျောက်ခဲ့ကြသဖြင့် တော်ပါသေးရဲ့ဟု ဝမ်းသာနေမိခဲ့ကြပါသည်။

ရထားကြီးသည် တရွေ့ရွေ့ ခုတ်ခမောင်းလျက် မိုးညှင်းသို့ ရောက်သော် နေဝင်ပေပြီ။ ကန့်ဘလူကို ညတွင် ဖြတ်[...] သည်။ ရွှေဘိုရောက်သော် မိုးလင်းပြီ[...]

ဤသို့ဖြင့် မနက် ၁၀ နာရီခန့်[...] တွင်မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်[...] ခဲ့ပါသည်။ ကျွန်တော်တို့ သုံးဦးသည် မန္တလေးသို့ ရောက်သော် လမ်းခွဲကြ[...] ကိုယ့်အိမ်ကိုယ်ရာသို့ ပြန်ကြပါတော့[...] သည်။ နောင် ကာလကြာသော်အခါ[...] ကျွန်တော်တို့ သုံးဦးလည်း မဆုံဖြစ်ခဲ့[...] ကြတော့ပါ။

ယနေ့အချိန်တွင် ထိုခရီးသည်[...] ဘဝအတွက် ဘာမှ အထောက်အကူ[...] မဖြစ်ခဲ့ပါ။ အဆင်မသင့်လျှင် အသက်[...] ပင် ဆုံးရှုံးခဲ့ရမည်ဖြစ်သော်လည်း လူ[...] သည် မိမိတို့၏ရှေ့အနာဂတ်ကို ကြိုတင်[...] မြင်နိုင်စွမ်း မရှိကြ၍ ဟုတ်လိမ့်နိုးနိုးဖြင့်[...] ကြိုးစားရုန်းကန် လှုပ်ရှားလုပ်ဆောင်[...] နေရပေသည်။

ပုထုဇဉ်တို့၏ ဘဝဟူသည်က[...] ကံကြမ္မာနှင့် အလောင်းအစား လုပ်[...] ရခြင်းပင်တည်း။ ရေရာ သေချာခြင်း[...] ဘာမှ မရှိပါတကား။

ဤအဖြစ်အပျက်တို့သည် ယ[...] ဆိုလျှင် နှစ်ပေါင်းများစွာ ကြာညောင်[...] ခဲ့ပြီးဖြစ်ပါသည်။

ကျွန်တော်သည် သေခြင်း[...] တံခါးဝသို့ ရောက်ကာ ဝိညာဉ်သ[...] ခန္ဓာကိုယ်မှ ဖယ်ခွာလျက် လွင့်[...] သွားပြီး တမလွန်ဘဝ၏ နိမိတ်များ[...] တွေ့မြင်ခဲ့ရသော ထိုအကြောင်းအ[...] တို့ကို တွေးမိလေတိုင်း ကြောက်ရွံ့[...] လှုပ်မိကာ အကုသိုလ် တရားများ[...] ရှောင်ကြဉ်၍ ကုသိုလ်တရားများ[...] သာ အသက်ရှင်နေသေးသော က[...] တစ်လျှောက်လုံး ပြုလုပ်သွားသင့်[...] ဟု သံဝေဂတရားများ ဖြစ်ပေါ်၍[...] ပါတော့သည်။

❒ ဘိုဘို(ရွှေ[...]





www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ကာလတွင် မီးဖိုမှ သစ်ကိုင်းခြောက် မီးလောင်သံ တဖြောက်ဖြောက်ကို ကြား နေရသည်။ [illegible]

[illegible] အအေးဓာတ်က [illegible] ထိုးဖောက်ဝင်လာပြန် သည်။ ထိုအခါ မီးဖိုဘက်သို့ ကျောတစ် လှည့်ပြုကာ အအေးဒဏ်ကိုကာကွယ်ရ ပြန်သည်။

လက်စွဲတော် အမဲပစ်သေနတ် ကို ရင်ခွင်ထဲပိုက်၍ အိပ်ငိုက်စိတ်ကို ဖြေဖျောက်ရင်း ကင်းစောင့် အလှည့်ကို မုဆိုးကြီး ဦးလုံထော် ကြိုးစားဖြတ်ကျော် နေရသည်။

ဦးလုံထော်မှာ ယခုလာခဲ့သော မိုးမခရီး [illegible] ကြွေးနေမိသည်။ ဤခရီး မှာ [illegible] ဦးလုံထော်အတွက် အမဲ [illegible] အပျော်ခရီးလည်း [illegible] မျှော်လင့် [illegible] ဖြစ်သည်။

တွင် ဧည့်သည် ဆိုသူကိုလည်း [illegible] လိုက်ရသည်။ လူလတ်ပိုင်းတစ်[illegible] ဟု ခန့်မှန်းမိလိုက်သည်။

ဖိုးထူးနှင့် ဧည့်သည်တို့အ[illegible] ပျစ်တွင် ထိုင်ကြရန် နေရာ[illegible] သည်။



ကျန်သူများကတော့ မီးဖိုပတ် လည်တွင် စောင်တွေ ခေါင်းမြီးခြုံ ကွေး အိပ်နေကြသည်။

ခရီးပန်းပြီး အိပ်မော ကျနေကြ သဖြင့် အအေးဒဏ်ကိုပင် မသိနိုင်ကြ တော့ပေ။

မီးအရှိန် လျော့နည်းသွားသော မီးဖိုထဲသို့ သစ်ကိုင်းခြောက်များ ထပ် ထည့်လိုက်သည်။ ထို့နောက် မုဆိုးကြီး

ဤခရီး ဖြစ်ပေါ်လာရခြင်းမှာ တစ်နေ့သော နံနက်ခင်းကပင် အစပြု ခဲ့ပါသည်။ မုဆိုးကြီး ဦးလုံထော် တစ် ယောက် အိမ်ရှေ့ကွပ်ပျစ်တွင် နေပူစာ လှုံရင်း ရေနွေးကြမ်းသောက်နေသည်။

"ဗျို့၊ အဘလုံ၊ ဒီမှာ ဧည့်သည် တွေက တွေ့ချင်လို့တဲ့"

ခြံဝမှ အသံနှင့်အတူ ရွာလယ် ပိုင်းမှ ဖိုးထူးဝင်လာသည်။ ဖိုးထူးနောက်

ထိုဧည့်သည်ဆိုသူကို [illegible] မှ မသိကျွမ်းသေးသော [illegible] တစ်ဦးဖြစ်ကြောင်းနှင့် ဘာကိ[illegible] ရောက်လာသည်ကို သိချင်[illegible]

"ဒီလိုပါ အဘလုံရေ [illegible] သည်ကြီးနဲ့ ရွာထဲမှာတွေ့တော[illegible] ဆီလာတဲ့သူဆိုတာ သိရ[illegible] လိုက်ပို့တာ၊ အဘ[illegible]နဲ့လဲ [illegible] တော့ ကျွန်[illegible] ပြန်လိုက်ဦး[illegible]




www.burmeseclassic.com

www.burmeseclassic.com

# ဖိုးမတောက ရတနာသိုက် ရှာပုံတော်

**အေးဆွေ (ဖန်းတောင်း)**



ဖိုးထူးက ပြောပြီး ထိုင်ရာမှ ထလိုက်သည်။ မုဆိုးကြီးဦးလုံထော်က ဖိုးထူးအား ကြည့်လျက်. . .

"နေစမ်းပါဦး ဖိုးထူးရဲ့ မင်းဟာ က ချက်ချင်းဆိုသလိုကြီးပဲ"

"နေလို့ မဖြစ်သေးဘူး အဘလုံ ရေ၊ စိုက်ခင်းတွေထဲသွားဖို့ နောက်ကျ နေမှာစိုးလို့၊ ကဲ. . ဧည့်သည်ကြီး ကျွန်တော် သွားလိုက်ဦးမယ်"

"ဪ၊ ဟုတ်ကဲ့ ကျေးဇူးပါ ပဲဗျာ"

ဖိုးထူးပြန်သွားသည်နှင့် မုဆိုးကြီး ဦးလုံထော်က ဧည့်သည်ကို ဧည့်ဝတ် စကားဆိုရသည်။

"ဒီက မိတ်ဆွေကြီး ဆတ်သား ခြောက်အမြည်းလေးလဲစား၊ ရေနွေး ကြမ်းလဲသောက်ပါဦး၊ ပြီးတော့ မိတ် ဆွေကြီးနေတတ်သလို လွတ်လွတ်လပ် လပ်နေပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ အခုလို မုဆိုးကြီး ဦးလုံထော်ကို အဆင်သင့်တွေ့ ရတဲ့အတွက် အလွန်ပဲ ဝမ်းသာမိပါ တယ်၊ ကျွန်တော့်နာမည်က ငွေမောင် လို့ခေါ်ပါတယ်၊ သာယာဝတီနယ်ကပါ"

"ဟာ-မိတ်ဆွေကြီးက သာယာ ဝတီနယ်ဘက်ကကိုး၊ တိုက်ဆိုင်လိုက် တာဗျာ၊ ကျုပ်ကလဲ အဲဒီဘက်နယ်သား တစ်ယောက်ပဲဗျ၊ ဒီရိုးမတောကြီးထဲမှာ ဧတာလည်း အမဲလိုက်ရင်းနဲ့ နဖူးစာ ရွာလည်ဆိုထင်ပါ့၊ ဒီရိုးမတောင်ခြေ ဒီရွာသူနဲ့ အိမ်ထောင်ကျခဲ့တယ်၊ အဲဒီ ကတည်းက ဇာတိကိုမပြန်ဖြစ်တော့ဘူး ဆိုပါတော့၊ ဪ၊ ဒါနဲ့ မိတ်ဆွေကြီးရဲ့ လာရင်းကိစ္စကိုတောင် မမေးမိဘူး"

မုဆိုးကြီး ဦးလုံထော်က ငွေ မောင်အားကြည့်လျက် စကားကို ငံ့လင့် နေသည်။ ငွေမောင်က ခရီးဆောင် အိတ်အတွင်းမှ ပလတ်စတစ် အထုပ် ကလေးတစ်ခုကို ဆွဲထုတ်ယူလိုက်ပြီး နောက် . . . .

"ကျွန်တော်လဲ အဲဒါတို့ ပြော မလို့ပါပဲခင်ဗျ၊ လာရင်း ကိစ္စကတော့ ဟောဒီရိုးမတောထဲက ရတနာသိုက်ကို ရှာဖို့ပါပဲ"

"ဘာ. . ဘယ်လို၊ ရတနာသိုက် ဟုတ်ကဲ့လား"

မုဆိုးကြီး ဦးလုံထော်မှာ ငွေ မောင်စကားကြောင့် အံ့အားသင့်စွာ ပြန် မေးလိုက်မိသည်။

အဘယ့်ကြောင့်ဆိုသော် ဤ ရိုးမတောထဲ၌ နှစ်ပေါင်းများစွာ နေရာ အနှံ့ မိမိအမဲပစ်ဖူးသည်။ သို့သော် ဤရိုးမတောထဲ၌ ရတနာသိုက်ရှိသည် ဟူ၍ မကြားမိ။ တွေ့လည်း မတွေ့ခဲ့ ဖူးပေ။ ယခု ရတနာသိုက်ရှာရန် ဆိုလာ သောအခါ အထူးအဆန်း ဖြစ်နေရ သည်။

"ဟုတ်ပါတယ် မုဆိုးကြီး ရိုးမ တောထဲက ရတနာသိုက်ကိုတွေ့အောင် ရှာဖို့ပါပဲ၊ အဲဒီကိစ္စမှာ မုဆိုးကြီးရဲ့ အကူ အညီ လိုအပ်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မိတ်ဆွေကြီး စကားက ခပ်ဆန်းဆန်းပဲဗျာ။ ဒါ့ ဆိုပါတော့ ကျုပ်က ဘာကူညီရမယ် ဆိုတာနေပါဦး။ ရတနာသိုက်ရှိတယ်ဆိုတဲ့ ဘယ်လိုအမှတ်အသားအနိုင်အမာရှိတယ်ဆိုတာ သိပါရစေ။ အဲဒီတော့မှ ကျုပ်ဘက်က အကူအညီ ပေးသင့်၊ မပေးသင့် ဆုံးဖြတ်ပေးနိုင်မယ်လေ။ ပြီးတော့ ကျုပ်က မုဆိုးဆိုတော့ ကျုပ်အလုပ်ဖြစ်တဲ့ အမဲပစ်တာပဲ ပါသနာပါတာ။ ဒီလို ကိစ္စမျိုးကျတော့ ကျုပ် သိပ်စိတ်မဝင်စားတာ အမှန်ပဲ။ တခြားတစ်ဦးဦးကို မိတ်ဆွေကြီး အကူအညီတောင်းရင် ပိုကောင်းမလားပဲ"

"ဟာ.. အဲဒီလိုတော့ ပစ်ပစ်ခါခါကြီး မလုပ်ပါနဲ့ခင်ဗျား၊ မုဆိုးကြီးရဲ့ လူတစ်ဖက်သားအပေါ် ကူညီတတ်တဲ့စိတ်ထားရယ်၊ ဖြောင့်မတ်မှန်ကန်တဲ့ စေတနာ စိတ်အရင်းခံတွေရယ်ကို ကြားဖူး သိဖူးကတည်းက ကြိုတင်ပြီး အားကိုး လေးစားနေခဲ့တာပါ။ အခုလို တွေ့ရပြန်တော့ သတင်းကြားနဲ့ လေးစားခဲ့ရတာ မှန်ကန်နေပြီး အားကိုးစိတ် ယုံကြည်စိတ်တွေကို ပိုပြီး ခိုင်မာလာပါတယ်။

ပြီးတော့ ဒီကိစ္စမှာ မုဆိုးကြီးက လွဲလို့ ဘယ်သူမှ စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို ဒေါ်နီးလမ်းပြအနေနဲ့ အကူအညီ ပေးစေချင်တယ်၊ ရတနာသိုက်နဲ့ ပတ်သက်လို့ ပေါ်ဒီ မြေပုံအထောက်အထားနဲ့ ခိုင်ခိုင်လုံလုံ ရှိပါတယ်"

ငွေမောင်က ပြောပြောဆိုဆို နှင့် ပလတ်စတစ်အထုပ်ထဲမှ စာရွက်ခေါက်တစ်ခုကို ဆွဲထုတ်ယူလိုက်သည်။ စာရွက်ခေါက်မှာ နှစ်ကြာမြင့်ပြီဖြစ်၍ အမြူမှ ဝါကြင့်ကြင့်အရောင်ပင် ဖြစ်နေသည်။ စာရွက်ခေါက်ကို ဖြန့်လိုက်သောအခါ မင်ဖြင့်ရေးဆွဲထားသည့် မြေပုံတစ်ခုကို တွေ့မြင်လိုက်ရသည်။

မြေပုံ ရေးဆွဲထားသော မင်များပင် တချို့နေရာများတွင် မှေးမှိန်နေသည်။ မြေပုံ၏တစ်နေရာတွင် မင်နီဖြင့် ဝိုင်းထားသည်ကိုလည်း တွေ့မြင်ရသည်။ ထိုနေရာက ရတနာသိုက်တည်ရှိသည့် နေရာဖြစ်ကြောင်း သင်္ကေတပြထားခြင်းပင် ဖြစ်လေသည်။

မုဆိုးကြီး ဦးလုံထော်က မြေပုံကို စေ့စေ့စပ်စပ် လေ့လာကြည့်ပြီးသော် ငွေမောင်ဘက်သို့ လှည့်ကာ . . .

"ဒါ.. မိတ်ဆွေကြီး ပြောတဲ့ ရတနာသိုက် မြေပုံဆိုတာလား"

"ဟုတ်ပါတယ်၊ ဒါရတနာသိုက် မြေပုံပါ"

"ဒီရတနာသိုက်မြေပုံ မိတ်ဆွေကြီး ရရှိပုံလေး ပြောပြနိုင်မလား"

"ဟုတ်ကဲ့ . . ."

မုဆိုးကြီး ဦးလုံထော် အမေးကြောင့် သက်ပြင်းရှည်ကြီးကို လေးလေးပင်ပင်ချလိုက်သည်။ ရိုးဝသောမျက်လုံးအစုံမှာ ဆွဲနင့်ကြေကွဲ လွမ်းဆွတ်သောအရိပ်အယောင်တွေ နေပါလာသည်။

"ဒီအကြောင်းတွေ တွေးမိပြန်တော့ ကျွန်တော့်အဘိုးကို သတိရမိတယ်ဗျာ၊ အဘိုးဘဝတစ်သက်မှာ မျှော်လင့်ချက်တစ်ခု ရှိခဲ့တယ်၊ အဲဒါက ဒီရတနာသိုက်ကို တစ်နေ့နေ့မှာ သွားပြီး ရှာဖို့ပါပဲ။

ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မသွားဖြစ်ခဲ့ပါဘူး၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်း တာဝန်ပေးမယ် ဆိုပြန်တော့လဲ အဘိုးမှာ မွေးတာက သမီးတွေချည်းပဲ ဖြစ်နေခဲ့လို့ ဒီလို ကိစ္စမျိုးကျတော့ မဖြစ်နိုင်ဘူးပေါ့ဗျာ။

ဒါနဲ့ အဘိုးရဲ့ အာသီသဆန္ဒကို ဖြည့်စွမ်းပေးဖို့မှာ တစ်ဦးတည်းသော ယောကျ်ားလေး မြေးဖြစ်သူ ကျွန်တော့်အပေါ် တာဝန်ကျလာတာပါပဲ၊ အဘိုးရဲ့တစ်ဦးတည်းသော အားထားရာ မျှော်လင့်ချက်အနေနဲ့ ကျွန်တော့်ကို သူမသေခင်မှာ ခေါ်တွေ့ခဲ့ပါတယ်။

ကျွန်တော့်ကို ရှိုးမတောထဲမှာ ရတနာသိုက်ကို သွေးနှောင်ရှာပြီး ရတနာတွေကို ယူဖို့ အထပ်ထပ်မှာပါတယ်၊ ဒီရတနာသိုက်မြေပုံဟာ ကျွန်တော့်စိတ်နှိုးလို့ပြေးတော့ အတော်မ်သားအဖြစ်နဲ့ လိုက်ပါသွားရင်းက အဘိုးရင်းပြီး စွန့်စားရခဲ့တာ ဖြစ်ကြောင်း ပြောရင်းကနေ အဘိုး အသက်ထွက်သွားရှာပါတယ်၊ ဒါကြောင့် အဘိုး မပြည့်ဝခဲ့တဲ့အာသီသဆန္ဒကို ကျွန်တော် ကျေပွန်အောင် ဖြည့်ဆည်းပေးချင်တယ် မုဆိုးကြီး။

ဒါကြောင့်လဲ အန္တရာယ်များတဲ့ ရှိုးမတောခရီးကြမ်းကို စွန့်စားဖို့ ဆုံးဖြတ်ပြီး မုဆိုးကြီးဆီကို လာခဲ့တာပါ၊ ဒီကိစ္စ အောင်မြင်တဲ့အခါ မုဆိုးကြီး အတွက်လဲ အကျိုးမယုတ်စေရပါဘူး၊ ကျွန်တော် ထိုက်ထိုက်တန်တန် တုံ့ပြန် ကျေးဇူးဆပ်ပါ့မယ်၊ မုဆိုးကြီးက ကူညီပါလို့ ကျွန်တော် အနူးအညွတ် မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

ငွေမောင်က ပြည့်ပြည့်စုံစုံ လျှော့ရှာ ရှင်းလင်း ပြောပြလျက် မုဆိုးကြီး ဦးလုံထော်အား မျှော်လင့်ကြီးစွာ ကြည့်နေသည်။

မုဆိုးကြီး ဦးလုံထော်မှာလည်း ငွေမောင်ပြောပြသမျှကို နားထောင်ပြီး စိတ်မကောင်း ဖြစ်ရသည်။ ငွေမောင်၏ စိတ်ဓာတ်ကိုလည်း နှစ်ခြိုက်သွားသ သည်။

"အေးပါလေ၊ မိတ်ဆွေကြီးတာ မှုမနေနဲ့တော့ မိတ်ဆွေကြီးကို ကျုပ်ကူ ညီပါ့မယ်၊ ဒီရှိုးမတောဟာ ကျုပ် သွား ဖူးနေကျဆိုတော့ အခက်အခဲမရှိပါဘူး ဘယ်နေ့လောက်သွားမယ်လို့ စိတ်ကူး ထားတယ်ဆိုတာ သိပါရစေ"

"ဟာ.. ဝမ်းသာလိုက်တာဗျာ မုဆိုးကြီးဘက်က အဆင်ပြေတယ်ဆိုရင် သန်ဘက်ခါ သွားမယ်ဗျာ"

"ကောင်းပြီလေ၊ ကျုပ်ဘက်က ဘာမှ အဆင်မပြေစရာမရှိပါဘူး၊ ကျွန်ုပ် တပည့်တစ်ယောက်နဲ့အတူ သန်ဘက်ခါ ကျုပ် စောင့်နေပါ့မယ်"

"ဟုတ်ကဲ့ပါဗျာ၊ ဒီလိုဆိုရင် ကျွန် တော် ခရီးစရာလေးတွေ စီစဉ်ဖို့ ပြန် လိုက်ပါဦးမယ်၊ ခွင့်ပြုပါ မုဆိုးကြီး"





www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါလေ့ မိတ်ဆွေကြီး ..."

ငွေးမောင် ပြန်သွားသည်နှင့် မုဆိုးကြီး ဦးလုံထော်သည် တပည့်ကျော်ဖြစ်သော သာဒွန်းအား ခရီးစဉ်ကိစ္စ အသိပေးရန်နှင့် လိုအပ်သည်များ ပြင်ဆင်နိုင်ရန် တွေ့ဆုံဖို့အတွက် နေအိမ်မှ ထွက်လာခဲ့တော့သည်။

❖

ချိန်းဆိုထားသော နေ့ကား ရောက်လာခဲ့ချေသည်။ မုဆိုးကြီး ဦးလုံထော်နှင့် တပည့်သာဒွန်းတို့လည်း ရိုးမတော ခရီးကြမ်းထွက်ရန် အသင့်ဖြစ်နေကြပေသည်။ ထိုအချိန်မှာပင် ခြံဝင်းအတွင်းသို့ အစိမ်းရောင်ဂျစ်ကားတစ်စီး မောင်းဝင်သွားလေသည်။

ကားရပ်သည်နှင့် ကားပေါ်မှ ငွေးမောင်နှင့်အတူ နောက်ထပ် လူနှစ်ဦး ကျောပိုးအိတ်ကိုယ်စီနှင့် ဆင်းလာကြသည်။ ငွေးမောင်၏ မိတ်ဆက်ပေးမှုကြောင့် ထိုလူနှစ်ယောက်မှာ ဇော်ကြီးနှင့် သန်းထိုက် ဆိုသူတို့ ဖြစ်ကြောင်း သိရသည်။ ငွေးမောင်၏ ယုံကြည်စိတ်ချရသော မိတ်ဆွေများဖြစ်လျက် ယခုခရီးစဉ်တွင် အကျိုးတူ ငွေကြေးစိုက်ထုတ်ကြသူများဟု သိရပြန်သည်။

ငွေးမောင်က အနားမယူတော့ဘဲ ချက်ချင်းပင် ခရီးထွက်လိုကြောင်း ပြောလာသည်။

ထို့ကြောင့် မုဆိုးကြီး ဦးလုံထော်သည်း အထုပ်အပိုးများ ကောက်လွယ်လျက် အမဲပစ်သေနတ်ကို ယူလိုက်လေသည်။

"အားလုံးပဲ အဆင်သင့်ဖြစ်ပြီဆိုရင် သွားကြမယ်၊ သာဒွန်းက အဖွဲ့ရဲ့နောက်ကလိုက်ခဲ့၊ မင်း သေနတ်ထဲ ကျည်အသင့်ထိုးပြီး လုံခြုံရေးခလုတ်ပိတ်ထား၊ ငါ ရှေ့ဆုံးက စထွက်မယ်၊ အားလုံး သတိဝီရိယတော့ ရှိပါစေ"

မုဆိုးကြီး ဦးလုံထော်က ခရီးစဉ်နှင့်ပတ်သက်၍ စီမံခန့်ခွဲပြီး ရိုးမခရီးကို စတင်ထွက်ခွာလေသည်။

ရွာမှထွက်၍ မကြာမီမှာပင် ရိုးမတောကြီး၏အစပ်သို့ ရောက်လာလေသည်။

တောစပ်အနီးရှိ ကျောက်ကြိုကျောက်ကြားမှ တသွင် သွင်စီးဆင်းနေသော စမ်းချောင်းငယ် လေးကို တွေ့ရသည်။ စမ်းရေမှာ ကြည်လင်နေသဖြင့် အောက်ခြေကိုပင် မြင်နေရသည်။ အချို့နေရာတွင် ဒူးဆစ်ခန့်နက်ပြီး တချို့နေရာ၌ ခြေချင်းဝတ်မြုပ်ရုံသာ ရှိသည်။

စမ်းချောင်းအတွင်း ပေါ်နေသော ကျောက်တုံးများကို နင်းလျှောက်တစ်ဖက်သို့ ကူးလိုက်ကြသည်။

"ဒီနေရာလေးက တအား သာယာတာပဲနော်၊ စိမ်းစိမ်းစိုစိုနဲ့ သန့်ရှင်းလတ်ဆတ်တဲ့ လေနုအေးလေးကို တဝကြီးရှူရှိုက်ခွင့်ရတာကိုက တန်ဖိုးမဖြတ်နိုင်လောက်အောင်ပါပဲဗျာ"

ငွေးမောင်က ရိုးမတောကို ဖြတ်၍ စမ်းချောင်းအတိုင်း ဝင်လာသော လေကို ရှူရှိုက်ရင်း ပြောလာသည်။

"အေးဗျ၊ ခင်ဗျားပြောတာဟုတ်တယ်၊ မြို့မှာက မျက်စိရှုပ် နားရှုပ်နဲ့ အနံ့အသက်မကောင်းတဲ့ လေတွေကိုပဲ ရှူနေရတာ၊ အခုလို လေကောင်းလေသန့် ရှူလိုက်တော့ အားအင်တွေ ပြည့်ဖြိုးလာသလို ခံစားလိုက်ရတယ်"

ဇော်ကြီးကလည်း ငွေးမောင်စကားကို ထောက်ခံပြောလိုက်သည်။

ထိုအခါ သာဒွန်းက . .

"ဒါပဲပေါ့ဗျာ၊ ကျုပ်တို့ တောသူတောင်သားတွေဟာ . . သဘာဝလေကောင်းလေသန့်တွေကို အမြဲတမ်း ရှူနေရတဲ့အတွက် မြို့က လူတွေထက် ကျန်းမာရေး ပိုကောင်းနေတာပေါ့ဗျ"

"ဟုတ်တယ်ဗျာ၊ ဟုတ်ပါတယ်"

စကားတပြောပြောနှင့်ပင် ရိုးမတောကြီးအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။ မြင့်မားသော သစ်ပင်ကြီးများနှင့် တွယ်ကပ်ပေါက်နေသော ကပ်ပါးပင်တို့ကို နေရာအနှံ့တွေ့မြင်ရသည်။ အဖိုးတန်သစ်ခွပင်များနှင့် သဇင်ပန်းတို့ကိုလည်း ပင်မြင့်များထက်တွင် ရှားရှားပါးပါး တွေ့ကြရပြန်သည်။

မနက်ပိုင်းဖြစ်၍ တစ်ညလုံး ကျထားသော နှင်းရည်နှင်းစက်များမှာ တချို့သော သစ်ရွက်သစ်ခက်များနှင့် မြက်များပေါ်တွင် စိုစွတ်ခိုတွဲနေပေသေးသည်။ မုဆိုးသွားလမ်းဟု ခေါ်သော တောတွင်း လူသွားလမ်းတစ်လျှောက် ကွေးညွတ်ကျနေသော မြက်ရိုင်းပင်များ၊ ခတ်ချုံနွယ်များကို ခဏခဏခုတ်ထွင် ရှင်းလင်းသွားနေရသည်။ ထို့ကြောင့် ခရီးမှာ ထင်သလောက် မတွင်ကျယ်ချေ။ မုဆိုးကြီး ဦးလုံထော်နှင့် သာဒွန်းတို့မှာ သွားလာနေကျဖြစ်၍ အထူးအဆန်း မဟုတ်တော့ပေ။

သို့သော် အတွေ့ အကြုံမရှိသောငွေးမောင်၊ ဇော်ကြီးနှင့် သန်းထိုက်တို့ သုံးယောက်အဖို့မှာကား မြင်သမျှ တွေ့သမျှ အထူးအဆန်း ဖြစ်နေသည်။ အခက်အခဲ အကျပ်အတည်းတွေကို ကျော်ဖြတ်နေရဟန် ဖြစ်နေလေသည်။

တောင်ကုန်းကလေး တစ်ခုမှ ဆင်းလိုက်သည်နှင့် ရှေ့မှ လှိုဏ်ကြီးတစ်ခုကို တွေ့လိုက်ကြသည်။

"မုဆိုးကြီး. . ဒီချောက်ကြီးထဲ ဆင်းရမှာမဟုတ်လား"

"ဒါ ချောက်ကြီး မဟုတ်ပါဘူးဗျ၊ လှိုဏ်လို့ခေါ်တယ်၊ တောထဲ တောင်ထဲမှာတော့ လှိုဏ်တွေ မြောင်တွေ ပေါတာပေါ့၊ ဒီလှိုဏ်ကိုဖြတ်ကျော်လိုက်ရင် ဟိုဘက်မှာ တောင်တွေရှိတယ်၊ ဒါ အစပဲ ရှိသေးတာလေ၊ ရှေ့ဆက်ရင် ဒီထက်ပိုပြီး ခက်ခဲတာတွေကို တွေ့တဲ့အခါ မိတ်ဆွေကြီးတို့ စိတ်ပျက်လက်လျှော့သွားမှာ စိုးတယ်"

မုဆိုးကြီး ဦးလုံထော်၏ စကားကြောင့် ငွေးမောင် ပျာပျာသလဲဖြစ်သွားကာ. . .

"ကျွန်တော်တို့ လုံးဝ စိတ်မပျက်ပါဘူး၊ ဘယ်လောက်ပဲ အခက်အခဲတွေ့တွေ့ အဘိုးဆန္ဒပြည့်ဖို့အတွက် ခရီးပြီးဆုံးတိုင်အောင်သွားမှာပါ၊ သေသေ...



www.burmeseclassic.com

www.burmeseclassic.com

တွေအကြောင်း ပြောကြဆိုကြတာကြား ဖူးပေမယ့် အခုလို လက်တွေ့ကိုယ်တိုင် ကြုံတဲ့အခါ၊ အံ့သြပြီးမေးမိတာပါ။ ဘယ်လိုသဘောမှ မဟုတ်ပါဘူး မုဆိုးကြီး"

မုဆိုးကြီးဦးလုံထော် စိတ်ထဲက တစ်မျိုးတစ်မည် မထင်မိစေရန် ပြောလိုက်ပါသည်။ မုဆိုးကြီးဦးလုံထော်က မည်သို့မျှ သဘောမထားကြောင်းအပြုံးဖြင့် တုံ့ပြန်လိုက်လေသည်။ ထို့နောက် လျှိုကြီးအတွင်းသို့ ဆင်းလိုက်ကြသည်။

အဆင်းမှာ ခပ်ပြေပြေပင် ဖြစ်သည်။ သို့သော် ဝါးရုံပင်များမှာ ခက်ဖြာယှက်နေသဖြင့် တွန်းဖယ်နေရသည်။ ထိုးထိုးထောင်ထောင် ဝါးငုတ်တိုများ အပင်ငယ်များ၊ နွယ်ပင်၊မြက်ပင်များကလည်း ထူထပ်လှသည်။ ထိုအခါ ပိုးမွှားတို့၏ ခြေခင်းလက်ခင်း အန္တရာယ်ကိုလည်း သတိထားရသည်။ မိုးအကုန်ဆောင်းအကူးမို့ အောက်ခြေအမာခံမဖြစ်သေးသောစိုစွတ်ပျော့ပျောင်းသည့် မြေသားကိုနင်းသွားနေရပြန်သည်။

လျှိုကြီးကို ခက်ခက်ခဲခဲ ကန့်လန့်ဖြတ်သွားရင်းက တစ်ဖက်လျှိုအပေါ်သို့ တက်ရန် ရောက်လာသည်။ အဆင်းဘက်တွင် ပြေသော်လည်း အတက်မှာ ကမ်းပါး မတ်စောက်နေလေသည်။

လျှိုကြီးအပေါ် တက်ရန် ရင်မောသွားသည်။ သို့သော် မတက်၍လည်း မဖြစ်ပေ။ ကြိုးစားပြီး အားခဲတက်ကြရသည်။ ကိုင်းညွတ်ကွေးကျနေသော ဝါးကိုင်းအခက်များနှင့် လက်လှမ်းမီသော သစ်ကိုင်းများကို အားယူဆွဲတက်ကြရသည်။ ခြေနင်းထားသော မြေသားများမှာ ပျော့လျက် ကြွေကျနေသော ဝါးရွက်၊ သစ်ရွက် နှင်းစိုစိုတွေကြောင့် ချော်ချွတ်နေပြန်သည်။

"သတိထားတက်ကြဗျို့၊ အကိုင်းတွေ ရိုက်မိမယ်၊ ခြေကုပ်မြဲအောင် နင်းပြီးမှ တက်ကြပါ"

လျှိုထိပ်ရောက်နေပြီ ဖြစ်သော မုဆိုးကြီး ဦးလုံထော်က လှမ်းပြီး သတိပေးသည်။ ဌေးမောင်တို့မှာတစ်ယောက်ပြီးတစ်ယောက် လျှိုထိပ်သို့ ရောက်လာကြသည်။ ဆောင်းတွင်းကြီးမှာပင် ချွေးများ ရွှဲစိုနေကြသည်။ အပေါ်ရောက်သည်နှင့် ခြေပစ်လက်ပစ် ထိုင်ချကာ အမောဖြေနေကြတော့သည်။

"မိတ်ဆွေကြီးတို့ တော်တော်မောသွားပြီထင်တယ်၊ ခဏအနားယူပြီးရင် အခုမြင်နေရတဲ့ တောင်ကို ဆက်တက်ကြမယ်၊ ဟိုဘက် တောင်ဆင်းကျရင် တောင်ခြေမှာ နေ့လယ်စာ စားကြတာပေါ့၊ ဖွဲ့နဲ့ အားတင်းလိုက်ကြပါဦး၊ ဒါမှ ဒီနေ့အဖို့ သတ်မှတ်ထားတဲ့နေရာကို ခရီးပေါက်မှာ"

"ဟုတ်ကဲ့ပါဗျာ၊ အလေ့အထမရှိတော့ နည်းနည်းပါးပါး ပင်ပန်းတာ ပေါ့ရှိပါတယ်၊ ဒါပေမဲ့ကျွန်တော်တို့က ယောကျ်ားတွေ မဟုတ်လား၊ ဖွဲ့မလျှော့ပါဘူး"

လျှိုကမ်းပါးထိပ်တွင် အပန်းဖြေပြီးနောက် တောင်တက်ခရီးကို ဆက်တက်ကြရပြန်သည်။ တောင်ဟု ဆိုသော်လည်း တောင်ငယ်တစ်လုံးမျှသာ ဖြစ်သည်။

"ဒီနေရာတွေမှာတော့ တောတိရစ္ဆာန်တွေ သိပ်မတက်လာဘူးဗျ၊ ဒီတောင်ကို ကျော်ပြီး အတွင်းပိုင်းရောက်ရင်တော့ သားကောင်တွေပေါပါတယ်၊ ခုနေ့လယ်စာကိုတော့ တောင်ခြေမှာ ပါလာတဲ့ ရိက္ခာလေးနဲ့ပဲ စားလိုက်ကြတာပေါ့၊ ညနေစာကတော့ ဟင်းစားလေး ရနိုင်ပါတယ်"

"အင်းလေ. . မုဆိုးကြီးပဲ သင့်သလို ကြည့်လုပ်ပါ၊ ကျွန်တော်တို့ကတော့ အစစအရာရာမှာ မုဆိုးကြီးကိုပဲ အားကိုးရတာပါဗျာ"

"ပြောရင်းဆိုရင်းနဲ့ တောင်ခြေကိုတောင်ရောက်လာပြီပဲ၊ ဟောဟိုက မအူပင်ကြီးအောက်မှာ နေ့လယ်စာ စားပြီးခဏနားကြမယ်၊ ပြီးရင် ခရီးဆက်ထွက်ကြတာပေါ့"

မုဆိုးကြီးဦးလုံထော်မှ အရိပ်ကောင်းသော မအူပင်ကြီးအား ညွှန်ပြလျက် ပြောလိုက်သည်။ ပါလာသော အထုပ်အပိုးများကို ချလိုက်ကြပြီး ဘာပျော်တပါးပင် စားသောက်လိုက်ကြသည်။

စားသောက်ပြီး၍ ကွမ်းတစ်ယာညက်ခန့်ကြာသော် ခရီးဆက်ထွက်လာကြရာ မှောင်ရီဖျိုးဖျအချိန်တွင် သစ်ပင်ချုံနွယ် အနည်းငယ်ရှင်းသော နေရာသို့ ရောက်လာကြလေသည်။ ထိုနေရာမှာပင် ညအိပ်စခန်းချရန် ဆုံးဖြတ်လိုက်သည်။

နေရာထိုင်ခင်းအတွက် အတော်အသင့် သန့်ရှင်းလိုက်ကြပြီးနောက် ဝါးလုံးခြောက်၊ သစ်ကိုင်းခြောက်များကို ရှာဖွေစုဆောင်းလိုက်သည်။

လမ်းခရီး၌ ပစ်ခတ်ရရှိခဲ့သော ချေပေါက်တစ်ကောင်အား သာဒွန်းက ကျွမ်းကျင်စွာ ကိုင်တွယ်ခုတ်ထစ်သည်။ ညအိပ်စခန်းချသည့်နေရာနှင့် မလှမ်းမကမ်း၌ရှိသော တောင်ကျစမ်းလေးတွင် သွားရောက် ဆေးကြောသည်။

ထို့နောက် ညစာအတွက် လုံလောက်ရုံမျှသာ ချက်ပြုတ်ပြီး ကျန်အသားတို့ကို သီတံနှင့် ထိုးသီလျက် မီးကင်လိုက်သည်။ ညစာစားသောက်ပြီးသော် ခဏတစ်ဖြုတ် ဝိုင်းဖွဲ့ထိုင်ကာ ခရီးလမ်း အတွေ့အကြုံများကို တစ်ယောက်တစ်မျိုးစီ ပြောဆိုကြသည်။

မုဆိုးကြီး ဦးလုံထော်၏ တောတွင်း ညဘက် အတွေ့အကြုံများကိုလည်း ရင်တထိတ်ထိတ် ရင်တဖိုဖိုနှင့် စိတ်ဝင်စားစွာ နားထောင်ကြရသည်။

ညဘက်များတွင် အန္တရာယ်ပြုတတ်သော သားရဲတိရစ္ဆာန်များ၏ အလေ့အထများကိုလည်း သိလိုက်ကြရသည်။ ထို့နောက် ညဘက်များတွင် ရံဖန်ရံခါ ကြုံတွေ့ရနိုင်သော သားရဲတိရစ္ဆာန်တို့၏ ဘေးအန္တရာယ်ကို ကြိုတင်သိရှိ ကာကွယ်နိုင်စေရန် မအိပ်ဘဲ အလှည့်ကျ ကင်းစောင့်တာဝန် ယူကြရန် ပြော၍ ကင်းအချိန်ခွဲခြား သတ်မှတ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ငွေးမောင်တို့အား ညဉ့်ဦးပိုင်းကင်းစောင့် တာဝန်ယူကြရန်နှင့် မိမိနှင့် သာဒွန်းက ညဉ့်နက်ပိုင်းမှ မိုးလင်းသည်အထိ တာဝန်ယူကြမည် ဖြစ်ကြောင်း မုဆိုးကြီး ဦးလုံထော်က စီမံခန့်ခွဲသည်။

ညဉ့်ဦးပိုင်း ကင်းတာဝန်များ ပြီးဆုံးသွားပြီး ငွေးမောင်၊ ဇော်ကြီး၊ သန်းထိုက်နှင့် သာဒွန်းတို့ လေးဦးမှာ အိပ်မောကျနေကြပေပြီ။ မုဆိုးကြီး ဦးလုံထော်တစ်ယောက်သာလျှင် မိုး စင်စင်လင်းသည်အထိ တာဝန်ယူထားသောကြောင့် အားလုံး လုံခြုံမှုအတွက် သတိအား စောင့်နေသည်။ တစ်ခါတစ်ရံ တောတွင်းပိုင်းဆီမှ ချေဟောက်သံ၊ ဆားဟိန်းသံများ သဲ့သဲ့ကြားရသည်။

နီးလာလိုက် ဝေးသွားလိုက်နှင့်မို့ မုဆိုးကြီး ဦးလုံထော်မှာ သတိမလစ်ဘဲ စောင့်နေရသည်။

"တောက် တောက် တောက်"

"ဝေါင်း ဝေါင်း"

မလှမ်းမကမ်းဆီမှ တောအုပ်အတွင်းမှ ထွက်ပေါ်လာသောအသံများကြောင့် မုဆိုးကြီးဦးလုံထော်၏ အတွေးများ လွင့်စဉ်သွားသည်။ သေနတ်ကို မောင်းတင်၍ အသင့်ပြင်လိုက်သည်။ အိပ်ပျော်နေသူများထံ လှည့်ကြည့်လိုက်ပြီးနောက် အသံထွက်ပေါ်လာရာတောအတွင်းသို့ အကြည့်ပြောင်းလိုက်သည်။

သို့သော် မည်သည့် အသံမျှ နောက်ထပ်ထွက်ပေါ်လာခြင်း မရှိတော့သဖြင့် သက်ပြင်းတစ်ခုချလိုက်သည်။ အားရဲတိရစ္ဆာန်များ အနီးအနားသို့ မလာရဲစေရန် မီးဖိုထဲသို့ ဝါးဆစ်ပိုင်းသုံးလေးခု ထည့်လိုက်ရာ. . .

"ဖောင်း ဖောင်း ဖောင်း"

ဝါးဆစ်ပေါက်ကွဲသံများ ထွက်လာလေသည်။ ထို့အတူပင် မုဆိုးကြီးဦးလုံထော်၏ နိုးမခရီးဖြစ်ပေါ်လာရခြင်း အတွေးမျှင်များလည်း ပြီးဆုံးသွားလေသည်။

❖

"ကျလိ ကျလိ ကျလိ"

ကျေးငှက်များမြည်ကျူးသံများ စိုးစီဆူညံလာသည်။ ထို့အတူ နံနက်ခင်း၏ အလင်းရောင်များ ပြာကျလာသည်။ မီးဖိုမှ မီးများလည်း ငြိမ်းနေပေပြီ။

နောက်တစ်နေ့၏ နေသစ်ချိန်မို့ အိပ်ရာမှ အားလုံး နိုးထလာကြသည်။ တောင်ကျစမ်းချောင်း မျက်နှာသစ် သန့်စင်ပြီးသော် နံနက်ခင်းစာကို ဝအောင် စားလိုက်ကြသည်။

"မုဆိုးကြီးခင်ဗျား ရတနာသိုက်ရှိတဲ့နေရာရောက်ဖို့ ဘယ်လောက်ဝေးသလဲဗျ"

"သိပ်တော့ မဝေးလှတော့ဘူးဗျ၊ ခုသွားရမယ့် ခရီးလမ်းက အခက်အခဲမရှိဘူးဆိုရင် တစ်နေ့ခရီးလောက် ရှိတယ်၊ နေမဝင်ခင်မှာဖြင့် ရတနာသိုက်ရှိတဲ့ နေရာကို ရောက်နိုင်ပါတယ်"

"ဒါဆိုရင် ကျွန်တော်တို့တစ်တွေ ချမ်းသာတော့မှာပေါ့နော်"

သန်းထိုက်က အားရဝမ်းသာ ပြောလိုက်သဖြင့် မုဆိုးကြီးဦးလုံထော်က ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

သန်းထိုက်မျက်နှာတွင် မျှော်လင့်ချက်တို့ဖြင့် ဝမ်းသာပျော်ရွှင်နေသော အပြုံးများကို မြင်တွေ့လိုက်ရသည်။ ထို့အတူ ဇော်ကြီး မျက်နှာတွင်လည်း လောဘ စိတ်အရိပ်အယောင်တွေ ပေါ်လွင်နေသည်။

ငွေးမောင်ကတော့ မည်သို့မျှ မတုန်လှုပ်ဘဲ တစ်ခုခုကို အလေးအနက် စဉ်းစားနေဟန် ရှိသည်။

မုဆိုးကြီး ဦးလုံထော်မှာ လူချင်းတူသော်လည်း စိတ်ထားချင်း မတူညီသည်ကို သိမြင်လိုက်ရသည်။ လူတို့လောဘကို ရှုမြင်မိကာ သံဝေဂတရားရမိပါသည်။

ယနေ့ခရီး၏ ရိုးမတောအတွင်း ကျကျသို့ တဖြည်းဖြည်းရောက်ရှိလာကြသည်။ သစ်ပင်ဝါးပင်ကြီးများကို ပိုမိုထူထပ်လာသည်။ ချုံနွယ်များကလည်း ပေါများလှသည်။ လျှိုကြီးများကိုလည်း အကြိမ်ကြိမ် ဖြတ်ကျော်တက်ခဲ့ကြရသည်။

အားလုံး၏ အရှက်ကိုယ်များတွင် ငှက်များ ကိုက်ခဲခြင်းကြောင့်၊ သစ်ကိုင်းသစ်ခက်များနှင့် ထိခိုက်မိ၍လည်းကောင်း ဆူးခြစ်မိသောကြောင့် လည်းကောင်း ခြစ်ရာရှရာများ ကိုယ်စီအနှံ့ သွေးစို့နေကြသည်။

ငွေးမောင်နှင့် မုဆိုးကြီးဦးလုံထော်တို့နှစ်ယောက်မှာ မြေပုံကြည့်လိုက်၊ သံလိုက်အိမ်မြှောင်ကို ကြည့်လိုက်နှင့် ခရီးသည်များအနေနဲ့ ကြာမကြာ လုပ်နေရသည်။ သာဒွန်းကလည်း တောလိုက်ဓားတစ်လက်ဖြင့် ရှေ့မှ ထမ်းတွင်သွား၍ သွားနေသည်။

"ကွိ ကွိ ကွိ ကွိ"

"ဝရော . . . ဝရော ဝရော"

တစ်နေရာသို့ အရောက်တွင် သစ်ပင်များပေါ်၌ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ပြေးလွှားခုန်ကူးနေသော မျောက်လွှဲကျော်တစ်အုပ်ကို တွေ့မြင်လိုက်ကြရသည်။ မျောက်လွှဲကျော်များ အလန့်တကြား ပြေးလွှားနေကြသည်ကို ကြည့်၍ ငွေးမောင်တို့မှာ အံ့အားသင့်နေကြသည်။

"ရှတ်- အားလုံး ငြိမ်ငြိမ်နေကြ၊ ဆက်မသွားကြနဲ့"

မုဆိုးကြီးဦးလုံထော်က နှုတ်ခမ်းတွင် လက်ညှိုးထိကာ အသံပြုလျက် အားလုံးကြားလောက်ရုံလေသံဖြင့် ပြောလိုက်သည်။

တောအတွေ့အကြုံ မရှိသော ငွေးမောင်တို့ အထူးအဆန်း တစ်ခုပမာ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။ မုဆိုးကြီး ဦးလုံထော်က အားလုံးကို ခြေဟန်လက်ဟန်ဖြင့် သတိပေးပြောလိုက်ပြီး လက်ထဲမှ သေနတ်ကို မောင်းတင်လိုက်သည်။ လုံခြုံရေးခလုတ်ကို ဖွင့်ကာ အသင့်ပစ်နိုင်ရန် အနေအထားဖြင့် ကိုင်တွယ်ထားသည်။

ထို့နောက် မုဆိုးကြီးဦးလုံထော်၏ မျက်လုံးများက ရှေ့တူရှု သစ်ပင်များ





www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ မျက်တောင်မခတ်တမ်း ကြည့်နေသည်။

မျောက်လွှဲကျော်များ၏ အသံများ ပျောက်သွားပြီးနောက် သိပ်မကြာလိုက်ပေ။ သစ်ကိုင်းတစ်ကိုင်းပေါ်မှ ရိုပ်ခနဲ ညိုးခနဲနှင့် တစ်စုံတစ်ခု အရှိန်ဖြင့် လွှားခနဲ ထိုးဆင်းလာသည်။

"ဗိုး"

တစ်ပြိုက်နက်တည်းမှာပင် မုဆိုးကြီး ဦးလုံးထော် လက်ထဲမှ သေနတ်မှာ ချက်ခနဲ မြည်တက်သွားပြီး ပေါက်ကွဲသံထွက်ပေါ်လာသည်။ ကျယ်လောင်သော ကျော်ဒိုက်ယမ်းအား ပေါက်ကွဲသံနှင့်အတူ ထိုမည်းမည်းအရာမှာ ဇော်ကြီးအပေါ် သို့ ဘွေးခနဲပစ်ကျသွားသည်။

"အမယ်လေးဗျ"

ဇော်ကြီးမှာလည်း လေးလံသော အရာဝတ္ထုတစ်ခုက ကိုယ်ပေါ်သို့ ဝင်ဆောင့်လိုက်သဖြင့် နာကျင်စွာအော်ပြီး မြေပေါ်သို့ လုံးထွေးလဲကျသွားသည်။

ငွေးမောင်နှင့် သန်းထိုက်တို့မှာ ထိတ်လန့်လျက် "ဟာ" "ဟင်" နှင့် အသံတွေထွက်သွားသည်။ ဇော်ကြီးထံ စိုးရိမ်တကြီး ကြည့်လိုက်မိသောအခါ လဲကျနေသော ဇော်ကြီးအပေါ်မှ မည်းမည်း အကောင်ကြီးတစ်ကောင်ကို တွေ့မြင်လိုက်ကြရသည်။

"ဟာ, ဘာကောင်ကြီးလဲ"

"အဲဒါ သစ်ကျွတ်လို့ခေါ်တယ်"

"သစ်ကျွတ် ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ခုန မျောက်လွှဲကျော်တွေ ကြောက်လန့်ပြီး ထွက်ပြေးတာနဲ့ ကျုပ် သတိထားနေတာ၊ ဘာကြောင့်လဲဆိုတော့ ဒီသစ်ကျွတ်ဆိုတဲ့ အကောင်မျိုးက မျောက်လွှဲကျော်ရဲ့ အသားဆိုရင် တအားကြိုက်ကြတာဗျ၊ ဒါကြောင့်မို့လဲ မျောက်လွှဲကျော်တွေ ကြောက်လန့်ပြီး ပြေးပြီဆိုရင် အဲဒီနောက်မှာ သစ်ကျွတ် ရှိနေပြီဆိုတာ ကျိန်းသေပဲဗျို့"

"အံ့သြစရာပဲ မုဆိုးကြီးရာ"

"ဒီသစ်ကျွတ်ရဲ့ အန္တရာယ်ကို စိုးရိမ်လို့ ခင်ဗျားတို့ကို ရောက်တဲ့နေရာမှာ ငြိမ်ငြိမ်ရပ်နေဖို့နဲ့ စကားမပြောဖို့ အသံမထွက်ကြဖို့ သတိပေးရတာ၊ နို့မို့ဆိုရင် သစ်ကျွတ်က သူ့အစာ လက်လွှတ်သွားလို့ ကျုပ်တို့ကို အန္တရာယ်ပေးတော့မှာ ကျိန်းသေတယ်၊ ခုလဲ သစ်ကျွတ်ရဲ့ အန္တရာယ်ကို မျက်ခြည်မပြတ်ကြည့်နေတဲ့ ကျုပ်က သင်း ခုန်အအုပ်မှာ လက်ဦးအောင် ပစ်ချလိုက်တာလေ"

"အား. . ကျွတ် ကျွတ် ကျွတ် နည်းတဲ့ အကောင်ကြီးမဟုတ်ဘူး"

ဇော်ကြီးက နာကျင်စွာ စုတ်သပ်ရင်း ပြောလိုက်သည်။ အပေါ်မှနေသော သစ်ကျွတ်ကြီးကို တွန်းဖယ်ချလိုက်ပြီး လူးလဲထလာလေသည်။ သစ်ကျွတ်ကြီးမှာ ဦးခေါင်းတွင် သေနတ်ကျည်ဆန်ထိမှန်၍ အသက်ပျောက်နေချေပြီ။ တစ်ကိုယ်လုံး အမွေးအမှင်များ မည်းနက်နေပြီး အစွယ်များမှာ ချွန်မြနေသည်။ ငွေးမောင်တို့မှာ သေဆုံးနေသော သစ်ကျွတ်ကြီးအား ကြည့်ကာ ကြက်သီး ထနေလေသည်။

သားခွန်းက ကျင်လည်စွာပင် သစ်ကျွတ်ကြီး၏ အရေခွံအားအကောင်ပုံစံမပျက်အောင် လွှာယူလိုက်သည်။ ပေါင်နှစ်ပေါင်အား ဖြတ်ယူလိုက်ပြီးနောက် နွယ်ကြိုးဖြင့် ပူးချည်ကာ သယ်ယူရန် အဆင်သင့် ပြုလိုက်သည်။

သစ်ကျွတ်အရေခွံမှာ မြို့တွင် ပြန်ရောင်းပါက ဈေးကောင်းရသောကြောင့် ဖြစ်သည်။

မုဆိုးကြီးဦးလုံးထော်တို့မှာ ခရီးဆက်ထွက်လာကြရာ လွင်ပြင်ကျယ်တစ်ခုသို့ ရောက်လာကြသည်။ မုဆိုးကြီးဦးလုံးထော်က မြေပုံကို ဖြန့်ကြည့်လိုက်ပြီးသော် လေးနက်စွာ စကားပြောသည်။

"ဒီလွင်ပြင် ပြီးရင် ရှေ့က တောအုပ်ထဲရောက်ရင် ကျုပ်တို့ ရတနာသိုက်ရှိတဲ့နေရာကို ရောက်ပြီဗျ၊ ဒီကနေဆိုရင် တစ်နာရီ ခရီးလောက်ပဲရှိလိမ့်မယ်၊ မြေပုံအညွှန်းအရဆိုရင် မြောက်ဘက်အရပ်ဆီကို သွားရမှာပဲ မိတ်ဆွေကြီး"

"ဟုတ်တယ် မုဆိုးကြီး၊ ဒါနဲ့ ဒီအမှတ်အသားက ဘာလဲမသိဘူး"

ငွေးမောင်ကမူ ရတနာသိုက်တည်ရှိရာ မင်နီစက်ဝိုင်း၏ အနီးမှ အမှတ်အသားတစ်ခုအား လက်ညှိုးထောက်၍ မေးလိုက်သည်။ ထိုအမှတ်အသားမှာ မင်နီစက်ဝိုင်း၏ အနီးတွင် ကွေ့ကွေ့ကောက်ကောက် ထင်ရှားစွာ ရေးဆွဲထားသည်။

မုဆိုးကြီးဦးလုံးထော်က ထိုအမှတ်အသားအား သေသေချာချာ စူးစမ်းလေ့လာကြည့်လိုက်ပြီးနောက်-

"အင်း, ဒီအမှတ်အသားက တစ်ခြားဟုတ်ရိုးလားဗျို့၊ ချောက်ကမ်းပါးနက်ကြီး ကွေ့ကောက်တည်ရှိနေတာကို ပြထားတာပဲ၊ ကျုပ်တို့က အဲဒီချောက်ကမ်းပါးကြီးကနေ သီပြီးသွားရမှာပဲဗျ၊ ချောက်ကြီးထဲ ချော်မကျအောင်တော့ အတော်လေးဂရုစိုက်ပြီး သွားကြရမှာ"

"တဲ့,မုဆိုးကြီးပြောတာ ကြားကြတဲ့အတိုင်းပဲ၊ ပေါ့ပေါ့ဆဆ မသွားမိကြဖို့ အရေးကြီးတယ်"

"စိတ်ချစမ်းပါ ကိုငွေးမောင်ရာ ကျွန်တော်တို့ အားလုံး သတိရှိကြပါတယ်၊ မဟုတ်ဘူးလား သန်းထိုက်ရာ"

"ဟုတ်တာပေါ့ ဇော်ကြီးရ"

"ဒါဆိုရင် အခုချိန်ကစပြီး ဒီလွင်ပြင်ကြီးကို ကျော်ဖြတ်ကြမယ်၊ အခု မွန်းလွဲမိုင်းရောက်ပြီဆိုတော့ ဟိုဘက်ရောက်ရင် နေမဝင်ခင်ရောက်သွားမှာပဲ၊ အချိန်မဆိုင်း တုန်း သွားကြစို့"

မုဆိုးကြီး ဦးလုံးထော်က ခရီးဆက်ရန် လှုံ့ဆော်ရင်း လွင်ပြင်ဆီသို့ ဦးတည်ထွက်သွားလေသည်။ ထိုအဖွဲ့အားလုံးမှာလည်း လွင်ပြင်ဆီသို့ စိတ်အားထက်သန်စွာ လျှောက်သွားလိုက်ကြသည်။

❖

www.burmeseclassic.com

လွင်ပြင်ကျယ်ကြီးမှ တစ်ဆင့် အုပ်ကြီးအတွင်း ရောက်လာကြ ည်။ တောအုပ်မှာ ထူထပ်မနေဘဲ ကြီးများ ခပ်ကျဲကျဲသာ ပေါက် နေသည်။ တစ်မူထူးခြားသည်မှာ သားများမှာ သဲဝါကျောက်အသွင် သည်။ ရည်မှန်းထားရာနှင့် နီးလာ အားလုံးမှာရွှင်လန်းတက်ကြွနေ ည်၊ ပေါ့ပါးသွက်လက်နေသည်။ အတွေးစိတ်ကူးနှင့်ကိုယ် ပျော်ရွှင် ကြသည်။

သစ်ရာပင်များနှင့် ထောက်ကြံ့ အစုလိုက် အအုပ်လိုက် ပေါက် နေသည်ကို လွန်သည်နှင့် ရှည် ကွေ့ကောက်စွာ တည်ရှိနေသော ရာ ချောက်နက်ကြီးကို တွေ့မြင် ကြရလေသည်။

မည်မျှအထိ နက်ရှိုင်းနေသည် နိုင်သော ချောက်ကြီးအားကြည့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ကြသည်။ တစ်ဖက်တွင် မြင့်မား သော တောင်ကြီးများက ထုထည်ကြီးမားသော နံရံကြီး ယ် ကာစီးနေသည်။

လူတစ်ကိုယ်စာမျှသာ သွားလာ ာ ချောက်နှုတ်ခမ်းထိပ်မှ လမ်း သာလျှင် ရှိနေသည်။ တစ်ချက် တာနှင့် အသူရာချောက်နက် သို့ ကျသွားနိုင်လေသည်။

"အားလုံး ပြောထားမယ်၊ အခု ပေါ့ပေါ့ဆဆ လုပ်မနေပါနဲ့၊ သတိဝီရိယထားပြီး လျှောက်ကြ စ်ယောက်ချင်းစီ ရှေ့နောက် သွားကြမယ်၊ ချောက်ဘက်ကို ချောက်ထဲကိုပါ မကြည့်မိစေနဲ့၊ လိမ့်ကျသွားနိုင်တယ်၊ ရှေ့ကို စ်လှမ်းချင်းစီသာ ဖြည်းဖြည်းနဲ့ ကြပါ၊ တစ်ဖက်တောင်နံရံက စရာလေးတွေ ရှိရင်လဲ ကိုင် ကြဖို့ သတိပေးပါတယ်"

ဆိုးကြီးဦးလုံထော်က အားလုံး ၍ သတိပေးစကားပြောလိုက်

သည်။ အားလုံးကလည်း မုဆိုးကြီး ဦးလုံထော်၏ စကားမှမှန်ကန်နေသဖြင့် လိုက်နာကြမည်ဖြစ်ကြောင်းခေါင်းညိတ် အဖြေပေးလိုက်ရသည်။ မုဆိုးကြီး ဦးလုံ ထော်က ရှေ့ဆုံးမှနေ၍ တောင်နံရံကို ကပ်နိုင်သမျှကပ်ကာ တစ်လှမ်းချင်းသွား နေသည်။

ထို့နောက် သာဒွန်း၊ ငွေမောင် ဖော်ကြီးနှင့် သန်းထိုက်တို့ စီတာ လိုက် ပါလာသည်။

"ဗိုး ဖလပ် ဖလပ် ဖလပ်"

"အား"

မမျှော်လင့်သော ဖြစ်ရပ်တစ်ခု က သွေးပျက် ချောက်ချားဖွယ်ရာ ဖြစ် ပေါ်လာသည်။ ချောက်ကြီး၏ နှုတ်ခမ်း မှ သီ၍လျှောက်လာကြစဉ် တစ်ဖက် တောင်နံရံရှိ အခေါင်းထဲမှ ရုတ်တရက် လင်းဆွဲများက ပျံထွက်လာလေသည်။

လင်းဆွဲတစ်ကောင်က ဖော်ကြီး ၏မျက်နှာအား ဝင်တိုက်လိုက်သဖြင့် ဖော်ကြီးမှာ ဟန်ချက်ပျက်ပြီး အသူရာ ချောက်နက်ထဲသို့ ထိုးကျသွားသည်။ အားလုံးမှာ အဖြစ်အပျက် မြန်ဆန်လွန်း သဖြင့် မည်သို့မျှ မတတ်နိုင်ကြပေ။

ဖော်ကြီးကျသွားရာ ချောက် နက်ထဲသို့ ငုံ့ကြည့်ကာ စိတ်မကောင်း ဖြစ်နေကြသည်။ တစ်ယောက်ကိုတစ် ယောက် စိတ်မချမ်းမြေ့စွာ ကြည့်မိကြ သည်။

ဖော်ကြီး တစ်ယောက်မှာကား အသက်ရှင်ဖွယ်ရာ မရှိတော့ကြောင်း သိလိုက်ကြသည်။ ထို့ကြောင့် ဖော်ကြီး တစ်ယောက် ကောင်းရာမွန်ရာ ရောက် ပါစေဟုသာ ဆုတောင်းလိုက်ကြရင်း ရှေ့ဆက်သွားကြရပြန်သည်။

ထမင်းတစ်အိုး ကျက်လောက် သွားပြီးသောအခါ အန္တရာယ်ချောက်မှ လွတ်မြောက်လာသည်။ အနည်းငယ် ပြေပြစ်သောနေရာသို့ရောက်လာသည်။ ထိုအခါကျမှ အားရပါးရ အသက်ကို တဝကြီး ရှူလိုက်မိကြသည်။ လက်မတင် ကလေးတင် အသက် ဆုံးရှုံးခဲ့ရသော

ဖော်ကြီးအတွက်လည်း ဝမ်းနည်းကြေ ကွဲစွာ ခံစားနေကြရသည်။ မည်သူတို့မျှ စကားမပြောနိုင်ကြဘဲ ဖြစ်နေကြသည်။

"ဝရော ဝေါ"

"ဗုန်း"

"အား"

"ဒိုင်း"

ရုတ်တရက် ဆူညံကျယ်လော သောအသံများ ပွဲတင်ထွက်လာသည်။ အမှတ်မထင် သွေးပျက်စရာ အဖြစ် အပျက်တစ်ခုအား ထပ်မံမြင်လာပြန် ရသည်။ နောက်ဆုံးတွင် ကျန်နေခဲ့ သော သန်းထိုက်အား တောထဲမှ ပြေး ထွက်လာသော တောဝက်တစ်ကောင် က ပြေးပက်လိုက်သည်။ ထိုတောဝက် မှာလည်း သေနတ်ထိမှန်သေဆုံးသွား လေသည်။

လျှပ်တစ်ပြက်အတွင်းမှာ မြန် ဆန်လွန်းသော အဖြစ်အပျက်ကြောင့် ငွေမောင်နှင့် သာဒွန်းပင်မကဘဲ မုဆိုး ကြီးဦးလုံထော်ပင် အံ့အားသင့်သွားကာ ကြက်သေသေနေမိသည်။

သန်းထိုက်မှာ ကောက်အစွယ် နှင့် ထိုးကော်ပက်လိုက်သော ဒဏ်ရာ ကြောင့် ဗိုက်ပွင့်လျက် အူတွေ အခွေ လိုက်ထွက်ကာ သေနေသည်။

တောဝက်မှာလည်း သေနတ် ဒဏ်ရာဖြင့် ထိုနေရာမှာပင် အသက် ပျောက်နေသည်။

သို့သော် တောဝက်ကြီးအား မိမိ သေနတ်ဖြင့် မပစ်လိုက်ရသည်ကို မုဆိုး ကြီးဦးလုံထော်သိသည်။ သာဒွန်းလည်း မဟုတ်ပေ။ငွေမောင်မှာလည်း သေနတ် မရှိ၍ မဖြစ်နိုင်ပေ။

ထိုအခါ တောဝက်ကြီးကို သေနတ်ဖြင့် ပစ်သူမှာ မည်သူနည်းဟု မတွေးတတ်အောင်ဖြစ်မိသည်။

မုဆိုးကြီးဦးလုံထော်တို့ ကြောင် ပြီး ငေးကြည့်နေစဉ်မှာပင် မျက်နှာချင်း ဆိုင် တောအတွင်းမှ သေနတ်ကိုင် ထားသူ တစ်ယောက် ထွက်လာလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့သေနတ်ပြောင်းဝတွင် ယခုထိ ယမ်းခိုးယမ်းငွေ့တွေ ဝေနေဆဲဖြစ်သည်။ ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်း ဇလကောင်းသော မုဆိုးတစ်ဦးပင်ဖြစ်လေသည်။ ထိုမုဆိုးမှာ ဒေသခံ မုဆိုးတစ်ဦးဖြစ်မည်ဟု မုဆိုးကြီးဦးလုံထော် ကောက်ချက်ချလိုက်မိသည်။

ငွေးမောင်က သန်းထိုက်၏ အလောင်းနံဘေးတွင်ထိုင်ကာ မျက်ရည်တွေစီးကျနေသည်။

"ကျုပ်. . နည်းနည်း နောက်ကျသွားတယ်ဗျာ၊ ဒီအကောင်ကြီးက နောက်ကနေပြီး ခင်ဗျားတို့ကို ချောင်းနေတာဗျ၊ ကျုပ်က ပစ်မလို့လုပ်နေတာ ခင်ဗျားတို့က ရှေ့လာကွယ်နေလို့ ပစ်ကွင်းရှင်းနေတာနဲ့ ဒီအကောင်ကြီးက ဦးသွားတာပေါ့ဗျာ၊ ကျုပ် တကယ်ပဲ စိတ်မကောင်းပါဘူး"

"ဒီလိုပဲ ဖြစ်တတ်ပါတယ်လေ၊ သတ္တဝါတွေဟာ သူ့ကံနဲ့သူ ပါလာကြတာဆိုတော့ ကံစီမံရာအတိုင်း ဖြစ်ကြရတာပါပဲ၊ ဒါပေမယ့် တစ်လှေထဲစီး တစ်ခရီးတည်း သွားကြတဲ့တွေဆိုတော့လဲ ရင်ထဲမှာ ထိခိုက်ကြရတာပေါ့ဗျာ"

ထို့နောက်မကြာမီ သန်းထိုက်၏ အလောင်းအား ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။ အလာတုန်းက (၅)ယောက်၊ အခု (၂)ယောက် ပဲ့သွားချေပြီ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် ဖြစ်ပျက်မြန်ဆန်လှသော သင်္ခါရတရားကို မုဆိုးရင်မာကြီး ဦးလုံထော် သံဝေဂရမိပြန်သည်။

မိမိအသက်လည်း မငယ်လှတော့ပေ။ သံဝေဂတရားတွေ ရနေပြီဖြစ်၍ မုဆိုးအလုပ်ကို စွန့်လွှတ်ဖို့ စိတ်ကူးဖြစ်မိသည်။ ယခုခရီးမှ ပြန်လျှင် အကုသိုလ်ဖြစ်စေသော မုဆိုးအလုပ်ကို မလုပ်တော့ဟု ဆုံးဖြတ်မိတော့သည်။

မိမိတို့လာရင်း အကြောင်းအား ဒေသခံမုဆိုးကြီးနှင့် ပြောမိကြရာ ဒေသခံမုဆိုးကြီးက. . .

"ခင်ဗျားတို့ပြောတဲ့ ဂူဆိုတာက ဟောဟိုက မြင်နေရတဲ့ တောင်တစ်ခြမ်းပဲ့နေရာပါပဲ၊ အခုတော့ ဂူမရှိတော့ဘူးဗျ၊ တောင်ပြိုပြီး တောင်တစ်ခြမ်းလုံး ချောက်နက်ကြီးထဲ ပဲ့ကျသွားပြီလေ၊ ခု မြင်နေရတဲ့အတိုင်းပဲ ကျန်ခဲ့တော့တာ"

ဒေသခံမုဆိုးကြီး ညွှန်ပြပြောဆိုသော တောင်ခြမ်းပဲ့ကြီးအား စိတ်မောပန်းစွာ ကြည့်လိုက်မိကြပါသည်။

အမှန်လည်း တောင်ကြီးမှာ မြင့်မားမတ်စောက်စွာ တိခနဲ ပြတ်တောက်ပြီး ချောက်နက်ကြီးနှင့် တစ်ဆက်တည်းဖြစ်နေသည်။ မြေပုံနှင့် တိုက်ဆိုင်ကြည့်ပြန်တော့လည်း ရတနာသိုက်တည်ရှိရာ နေရာမှာ ဤတစ်ခြမ်းပဲ့တောင်ပင် ဖြစ်နေသည်၊ လွဲမှားစရာ လုံးဝ မရှိပေ။

ခဲလေသမျှ သဲရေကျ ဆိုသကဲ့သို့ မျှော်လင့်ချက်ကြီး ပြိုကျပျက်စီးသွားခဲ့လေသည်။ ဤမျှော်လင့်ချက်ကြီးတွင် လူနှစ်ယောက်၏အသက်ပင် ဆုံးရှုံးခဲ့ရချေသည်။

"ဒီတောင်ကြီး ခုလိုဖြစ်သွားရတာ ဘာကြောင့်လဲဆိုတာ ဒီက မုဆိုးကြီးသိရင် ပြောပြပါလား"

"ကျုပ်အဘိုးပြောပြတာ တစ်ခုတော့ရှိတယ်၊ ဒီတောင်ကြီးရဲ့ ပြိုကျသွားတဲ့ဘက်မှာ ဂူတစ်ခုရှိတယ်တဲ့၊ အဲဒီဂူထဲမှာလဲ တွင်းကြီးတစ်တွင်းက အတော်နက်တယ်ဆိုပဲ၊ အဲဒီတွင်းထဲကို ဘယ်သူမှ မဆင်းရဲဘူးလို့ ပြောတယ်။

တွင်းကြီးက ဘယ်လောက်ထိ နက်တယ်ဆိုတာ ဘယ်သူမှလဲ မသိနိုင်ကြဘူး၊ အန္တရာယ် ရှိတယ် ဆိုတာလောက်ပဲ သိကြတယ်လို့ ပြောပြတယ်၊ တစ်နေ့မှာတော့ ဒီရိုးမတောကြီးမှာ မိုးတွေ အဆက်မပြတ် သည်းထန်စွာ ရွာနေပြီး ငလျင်ကြီးတစ်ခု လှုပ်သွားခဲ့တယ်တဲ့။

နောက်တော့ ဒီဂူပေါက်ရှိတဲ့ ဘက်က တောင်ကြီးဟာ အခုလို မြင်နေရတဲ့အတိုင်း မြေသားတွေ ပြိုကျပြီး ချောက်နက်ထဲကို ရောက်ကုန်တော့တာလို့ ပြောပြဖူးတယ်၊ အင်း, ဒီချောက်ကြီးကလဲ ဘယ်လောက်အထိနက်သလဲ ဆိုရင် ဒီတောင်ကြီး တစ်ခြမ်းပြိုကျတာတောင် ဘာမှမထူးခြားသလို တအားနက်ရှိုင်းနေလိုက်တာကိုသာ ကြည့်ပေတော့"

"အင်း, ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် ဒီတောင်ကြီး ငလျင်ဒဏ်ကြောင့် ပြိုကျတာ နှစ်ပေါင်း အတော်ကြာပြီပဲ၊ ဒါကြောင့်လဲ ရတနာဆိုတာ ထိုက်မှ ရတယ်လို့ ဆိုခဲ့ကြတာပဲလေ၊ ဒီက မိတ်ဆွေကြီးရဲ့ မျှော်လင့်ချက် ဆန္ဒ မပြည့်ဝနိုင်တော့ဘူး၊ ကျုပ် စိတ်မကောင်းပါဘူးဗျာ"

မုဆိုးကြီး ဦးလုံထော်က ငွေးမောင်ဘက်သို့ လှည့်လိုက်ကာ စိတ်မကောင်းစွာ ပြောလိုက်လေသည်။

"ဒီအတွက်တော့ စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ အသက်နဲ့ ရင်းပြီးတော့ ခက်ခက်ခဲခဲနဲ့ ဒီနေရာ အထိ ရောက်အောင် လာခဲ့ကြတာပဲ ကိုယ်နဲ့ မထိုက်လို့ အခြေအနေတွေ ပြောင်းလဲသွားတာကိုတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ အရာခပ်သိမ်းဟာ ကိုယ် ဖြစ်စေချင်သလို ဖြစ်လာတတ်တာ မဟုတ်ဘူးဆိုတဲ့ အသိတရားတွေနဲ့ ဖြစ်ပျက် မမြဲတဲ့ သင်္ခါရ သဘောတရားတွေကို မျက်ဝါးထင်ထင် ကြုံတွေ့ရလိုက်တာကိုက ဒီခရီးရဲ့ အမြတ်လို့ ဆိုရမှာပေါ့ မုဆိုးကြီးရယ်"

ငွေးမောင်က ပကတိ တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။


ထို့နောက် ဒေသခံမုဆိုးကြီး တဲတွင် တစ်ညတာ သွားရောက်တည်းခိုပြီး နောက်တစ်နေ့တွင် ပြန်လာခဲ့လေတော့သည်။

စေတနာဟံ ကမ္မံ ဘိက္ခ

❒ အေးဆွေ(ပန်းတော


www.burmeseclassic.com

www.burmeseclassic.com



ပျံတက်တော့မည် တထဲတဲရှိချေသည်။ အင်္ဂလိပ်နန်းရင်းဝန် ချိန်ဘာလိန်သည် မိမိတို့၏နေမဝင်အင်ပါယာတူသောဝုက် သိက္ခာကိုပင် မငဲ့နိုင်မူ၍ ဂျာမနီ အာဏာရှင်ဟစ်တလာအား ကျေအေး နှစ်သိမ့်ရေးအတွက် အလေးပြုနေရချေပြီ။

အင်္ဂလိပ် အခက် မြန်မာအချက်ပေတည်း။ ဤအချိန်တွင် မြန်မာတို့ ဘာလုပ်ကြမည်နည်း။

ထိုအချိန်တွင် မြန်မာတို့ အင်နှင့်အားနှင့် နိုင်ငံရေးလုပ်နေသော အဖွဲ့အစည်းကြီးရှိ၏။ 'တို့ဗမာအစည်းအရုံး' ဖြစ်လေသည်။ တို့ဗမာအစည်းအရုံးကို သခင်ဘသောင်းသည်စတင်တည်ထောင်ပြီး သခင်ဗစိန် အစရှိသည့် သခင်များနှင့်အတူ နယ်ချဲ့အင်္ဂလိပ်အားတော်လှန်နေကြလေသည်။ တို့ဗမာအစည်းအရုံး အဖွဲ့ဝင်များသည် 'သခင်'၊ 'သခင်မ' ဘွဲ့ကို ခံယူကြသည်။ ဥပမာ - ဦးဖြူသည် သခင်ဖြူ ဖြစ်လာ၍ ဒေါ်သိန်းသိန်းသည် သခင်မသိန်းသိန်း ဖြစ်လာသည်။ ဆိုလိုသည်မှာ မြန်မာတို့သည် 'သခင်မျိုး' ဖြစ်ကြောင်း အသိပေး ကြေညာလိုက်ခြင်းဖြစ်သည်။

## → သခင်အောင်ဆန်း (သို့မဟုတ်) အိုး • • • ချစ်စရာကောင်းတဲ့ **အောင်ဆန်း**

ထွန်းလင်းသူ

*"ငါ့အတွက် ဖြစ်လိုရာဖြစ်စေတော့၊ နိုင်ငံရေး ဝဲဂယက်အတွင်းသို့ ခြေစုံပစ်၍ ငွတ်ဆင်းကာ ငါ၏နိုင်ငံ လွတ်လပ်ရေးအတွက် မနေမနား စွန့်စားလုံးပန်းပေတော့အံ့"*

*သခင်အောင်ဆန်း*

❖

ထိုသို့ သမိုင်းဥဒါန်းတွင်ရစ်သော သန္နိဋ္ဌာန်ကို ချမှတ်စဉ်အခါတွင် သခင်အောင်ဆန်းသည် 'သခင်'ဘွဲ့ကို မခံယူရသေးပါ။ တက္ကသိုလ်ကျောင်းသားဘဝတွင် နိုင်ငံရေးလုပ်နေစဉ် ဖြစ်၏။ တကသဥက္ကဋ္ဌ၊ ဗကသဥက္ကဋ္ဌ စသည့်တာဝန်များကိုယူကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းနေချိန် ဖြစ်သည်။

ထိုအချိန်သည် ၁၉၃၇-၃၈ ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးသည် စစ်ရိပ်စစ်ငွေ့များဖြင့် မှိုင်းဝလုလု မီးပုံးပျံကြီးကဲ့သို့

တို့ဗမာအစည်းအရုံးကြီး၏ အလံတော်အောက်ဝယ် မြန်မာတို့ စိတ်ဓာတ်တက်ကြွစွာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး အားသွန်ကြိုးပမ်းခဲ့ကြသည်။ တိုးတက်အောင်မြင်မှုများလည်း ရှိခဲ့သည်။ 'သခင်'၊ 'သခင်မ' များ တိုးပွားများပြားလာသည်နှင့်အမျှ နိုင်ငံရေးလှုပ်ရှားမှုများ အားကောင်းလာသည်မှာလည်း အမှန်ပင်။

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး စိတ်ဓာတ် ထက်သန်တက်ကြွသူများသည် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်လာကြသည့်နည်းတူ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းသည်လည်း တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။ သခင်အောင်ဆန်း ဖြစ်လာသည်။

ကမ္ဘာ့အခြေအနေ၊ မြန်မာ့အဆင်အသွေး၊ အနေအထားများအရ မြန်မာ့လွတ်လပ်ရေးအတွက် အားသွန်ကြိုး





www.burmeseclassic.com

www.burmeseclassic.com

ပမ်းရတော့မည်ကို ပြက်ပြက်ထင်ထင် **သိမြင်လာသော** ကိုအောင်ဆန်းသည် ဆောင်းပါးထိပ်စီးတွင် **ဖော်ပြထားသော** သန္နိဋ္ဌာန်ကို ပြတ်ပြတ်သားသား ချမှတ်ကာ တို့ဗမာအစည်းအရုံးသို့ဝင်ရောက်၍ သခင်ဘွဲ့ခံယူခဲ့ခြင်းဖြစ်သည်။တက္ကသိုလ်မှ နှင်းအုပ်လာမည့် ဘွဲ့သည်ကား ကုံကော်တောတွင် ကျန်ရစ်ခဲ့လေပြီ။

သခင်အောင်ဆန်းသည် သခင်နု၊ သခင်သန်းထွန်းတို့နှင့်အတူ တို့ဗမာအစည်းအရုံးသို့ တစ်ရက်တည်းတွင် ဝင်ရောက်ခဲ့ခြင်းဖြစ်လေသည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံး၌ သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော **အုပ်စုနှင့်** သခင်ဗစိန် ခေါင်းဆောင်သောအုပ်စုဟူ၍ **နှစ်ခြမ်းကွဲနေသည်။ သခင်အောင်ဆန်းသည်** သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော အုပ်စု၌ ပါဝင်သည်၊ **အဖွဲ့ဝင်အများစုသည်**လည်း သခင်ကိုယ်တော်မှိုင်း **ခေါင်းဆောင်သော အုပ်စု၌သာ** ပါဝင်ကြပါသည်။

သခင်အောင်ဆန်းသည် **ကြောမီမှာပင်** တို့ဗမာအစည်းအရုံး **အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး** ဖြစ်လာသည်။ **ဤနေရာ၌ တက္ကသိုလ်ကျောင်းသား** ကိုအောင်ဆန်း**ဘဝနှင့် တို့ဗမာအစည်းအရုံး** အထွေထွေအတွင်းရေးမှူး **သခင်အောင်ဆန်းဘဝကို** နှိုင်းယှဉ်ကြည့်ကြပါဦးစို့။

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု (သခင်နု)သည် သခင်အောင်ဆန်းနှင့် ပတ်သက်၍ ဤသို့ပြောခဲ့ဖူးလေသည်။

"ကိုအောင်ဆန်းရဲ့ Sterling Qualities ခေါ်တဲ့ အင်မတန်ထူးခြားတဲ့ ဂုဏ်ပုဒ်တွေကို တို့ဗမာအစည်းအရုံးရောက်တဲ့အခါကျတော့ ပိုပြီးမြင်လာတယ်။

ဟိုအခါတုန်းက ကျောင်းသားအဖြစ်နဲ့ မြင်လာတာကတော့ သူဟာ စာအရေးအသားမှာ အလွန်တော်တယ်။ ဗမာလိုရေးရေး၊ အင်္ဂလိပ်လိုရေးရေး စကားသုံးတာ အင်မတန်ပြောင်တယ်။ ဒီလိုရေးတတ်တဲ့ သူ့အတိအကျ ဝါသနာပါလာတာကိုက အပိုတွေ၊ ရှုတ်တွတ်တွတ်တွေ၊ လောကွတ်စကားထွေလုပ်ဖို့ ဝါသနာမပါဘူး။

တို့ဗမာအစည်းအရုံးကို ရောက်တဲ့အခါကျမှ တကယ့်ကို အစမ်းခံနိုင်တဲ့ အရည်အချင်းကို ကျွန်တော်တို့ သွားတွေ့တယ်။ အပေါ်ယံ ကြည့်လိုက်တော့ 'သခင်'ဖြစ်သွားတာပဲလို့ တွေ့ကြတယ်။ ဘယ်လောက်တောင် စွန့်စားရတယ်၊ ဘယ်လောက်တောင် အနစ်နာခံရတယ်၊ ဘယ်လို အနစ်နာခံရသလဲဆိုရင် ကျွန်တော်တို့ ကောလိပ်ကျောင်းမှာနေစဉ်အခါတုန်းက မိဘကပို့တဲ့ပိုက်ဆံကို ဖောဖောသီသီသုံးလို့၊ ထမင်းကောင်း ဟင်းကောင်းစားလို့၊ လက်ဖက်ရည်သောက်ချင်တိုင်းသောက်လို့၊ ဘိုင်စကုပ်ကြည့်ချင်တိုင်း ကြည့်ပြီး ပိုးလုံချည်တရှမ်းရှမ်းနဲ့ ဒီလိုလုပ်နေတဲ့လူတွေဟာ တို့ဗမာအစည်းအရုံးထဲ ရောက်လာတဲ့အခါကျတော့ တို့ဗမာအစည်းအရုံးမှာ ဖြစ်ပျက်နေတာက ဟိုအခါတုန်းက နိုင်ငံရေးကို လုပ်နေတဲ့ ဌာနချုပ်မှာရှိနေတဲ့ အမှုဆောင်တွေဟာ ထမင်း တစ်နေ့ကို နှစ်နပ်မှန်မှန်စားရဖို့ အင်မတန်ခဲယဉ်းတယ်။ တစ်ခါတလေ ထမင်းတစ်နပ်သာ စားရတယ်။ တစ်ခါတလေ မနက်စာ စားရလို့ ညစာ မစားရဘူး။ ပြောရင် ယုံမှာတောင်မဟုတ်ဘူး။ အရှင်းတောင် မစားရတာရှိသေးတယ်။ . . . . ။ သခင်အောင်ဆန်းကတော့ ဒါတွေကို ဘာမှဂရုမစိုက်ဘူး"

ဟုတ်ပါသည်။ သခင်အောင်ဆန်းသည် မြန်မာပြည်**လွတ်လပ်ရေးရဖို့ကလွဲ၍** မည်သည့်အရေးကိစ္စကိုမျှ အမှုထား**သူမဟုတ်။** မြန်မာပြည်လွတ်လပ်ရေးအတွက် ကိုယ့်ကိုယ်ကိုယ်**အားမနာသလို** မည်သူ့ကိုမျှလည်း **အားနာတတ်သူမဟုတ်။** ၁၉၄၀၊ ဇန်နဝါရီလတွင် မန္တလေးမြို့ ဦးဘဉီးတိုက်ကြီး၌ **ပြုလုပ်ခဲ့သော** တို့ဗမာအစည်းအရုံး အမှုဆောင် **အစည်းအဝေး** ကျင်းပစဉ် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်သည် သခင်အောင်**ဆန်း၏** လွတ်လပ်ရေးစိတ်ဓာတ် ပြင်းထန်ပုံကို ကွက်ကွက်ကွင်းကွင်း ဖော်ပြခဲ့ပါသည်။

ထိုအစည်းအဝေးသို့ ဗြိတိသျှ လေဘာပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆာစတက်ဖို့ကရစ်ပ်လည်း တက်ရောက်သည်။ ထိုအခါ ဆာစတက်ဖို့ကရစ်ပ်နှင့် သခင်အောင်ဆန်းတို့ ဤသို့ စကားစစ်ထိုးခဲ့ကြလေသည်။

ကရစ်ပ် ။ ။ ကျွန်တော် တစ်ခုမေးစမ်းပါရစေ
စပ်စုတယ်လို့လည်း မထင်ပါနဲ့။ ရင်းရင်းနှီးနှီး သဘော
ထားလို့ မေးရတာပါ။ ခင်ဗျားတို့က အခု အင်္ဂလိပ်
လက်အောက်ခံဘဝက လွတ်အောင် ကြိုးပမ်းနေကြ
တယ်။ လွတ်လပ်ရေးကို ဘယ်နည်းနဲ့ရအောင် လုပ်
ကြမှာလဲ။

(စကားချုပ် - ကရစ်ပ် မေးမည်ဆိုလျှင်
လည်း မေးလောက်သည်။ ထိုအချိန်၌ မြန်မာတို့
လက်ထဲ၌ လက်နက်နှင့်ပတ်သက်၍ အပ်တို တစ်
ချောင်းပင် မရှိချေ။)

သခင်အောင်ဆန်း ။ ။ နည်းကတော့ ကျွန်တော်တို့
တရားတယ်ထင်တဲ့ နည်းနဲ့ ရအောင်လုပ်ယူရမှာပဲ။

ကရစ်ပ် ။ ။ မစ္စတာအောင်ဆန်း ပြောတာ
နားမလည်သေးပါဘူး။ ထပ်ရှင်းပြပါဦး။

သခင်အောင်ဆန်း ။ ။ ရှင်းပါတယ်။ တရားတယ်ထင်တဲ့
နည်းဆိုတာဟာ ရရာနည်းနဲ့ လုပ်ရမယ်ဆိုတာပဲ
ဥပမာဗျာ ခင်ဗျားအိတ်ထဲမှာ ထည့်ထားတဲ့ဖောင်တိန်
ဟာ ကျွန်တော်ပိုင်တဲ့ ဖောင်တိန်ဆိုပါတော့။ ခင်ဗျား
က ကျွန်တော့်ဆီက အနိုင်ကျင့်ပြီး လုယူထားတယ်
ဆိုပါတော့။ ကျွန်တော်က ခင်ဗျားကိုတောင်းပန်ပြီး
ပြန်ပေးပါဗျာလို့ ချော့တောင်းမယ်။ မရရင် နောက်
တစ်နည်းနဲ့ တောင်းမယ်။ အဲဒီလို မရတော့ အဆုံး

www.burmeseclassic.com

တော့ မပေးဘူးလား၊ ပေးမလားဆိုပြီး ခြိမ်းခြောက်တောင်းမယ်။ ဒါနဲ့မရရင် ဟောဒီလိုအတင်းလုယူမယ်။

သခင်အောင်ဆန်းသည် ပြောပြောဆိုဆို ဆာစတက်ဖို့ကရစ်ပ်၏ အိတ်ကပ်ထဲမှ ဖောင်တိန်ကို ဆွဲယူလိုက်ရာ ကရစ်ပ်၏ ကုတ်အင်္ကျီကြီး ပြဲ၍ပါလာတော့သည်။

သခင်အောင်ဆန်းသည် ဤသို့ ခပ်တည်တည်ဆက်ပြောလိုက်သေး၏။

"ကဲ အဲဒီနည်းဟာ ကျွန်တော် တရားတယ်ထင်တဲ့နည်းပဲ၊ ကျွန်တော့်ဖောင်တိန် ပြန်ရတာ လိုရင်းပဲ"

ဆာစတက်ဖို့ကရစ်ပ်သည် သခင်အောင်ဆန်း၏ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောဆိုပြုမူပုံကို သဘောကျလွန်းသဖြင့် တဟားဟားရယ်မောရင်း . . . "အို . . . ချစ်စရာကောင်းတဲ့ အောင်ဆန်း" ဟူ၍သာ တတွတ်တွတ်ရွတ်ဆိုနေရှာပါတော့သည်။

သခင်အောင်ဆန်းနှင့် မိတ်ရင်းဆွေရင်းပမာ ဆက်ဆံနေထိုင်ခဲ့သော စာရေးဆရာကြီး ဒဂုန်တာရာကလည်း 'အောင်ဆန်း သို့မဟုတ် အရိုင်း' ဟူသော ဆောင်းပါးတွင် (သခင်အောင်ဆန်း သက်ရှိထင်ရှားရှိစဉ်) ဤသို့ ရေးသားခဲ့လေသည်။

"သူ့တွင် နိုင်ငံရေးဝိညာဉ်ကား ပြင်းထန်လှ၏။ နိုင်ငံရေး တစ်ခုတည်းသာလုပ်သော လူတစ်ဦးဖြစ်၏။ သူသည် နိုင်း၏။ ကြမ်း၏။ ကြောင်၏။ ကိစ္စမရှိ။ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းမဟုတ်။ တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာလုပ်သော နိုင်ငံရေးသတ္တဝါ ဖြစ်၏။ ထို့ကြောင့် ကိစ္စမရှိ"

၁၉၄၀၊ မတ်လတွင် သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်ခင်အောင် စသော တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်များနှင့် ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်) စသော ကျောင်းသားကိုယ်စားလှယ်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကိုခေါင်းဆောင်ကာ သခင်အောင်ဆန်းသည် အိန္ဒိယပြည်၊ ရမ်းဂါးမြို့၌ ကျင်းပသော တောင်သူလယ်သမား ကွန်ဖရင့်သို့တက်ရောက်သည်။ ကွန်ဖရင့်တွင် တင်သွင်းရန် တို့ဗမာအစည်းအရုံး ကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် တစ်ညလုံးမအိပ်ဘဲ အပြီးရေးဆွဲ တင်သွင်းသည်။ ထိုကြေညာစာတမ်းသည် ဝါရင့်နိုင်ငံရေးသမားကြီးများပင် လက်ဖျားခါရလောက်အောင် နိုင်ငံရေးအတွေးအခေါ် ရင့်ကျက်ထက်မြက်လှလေသည်။ ၎င်းစဉ် သခင်အောင်ဆန်း၏ အသက်ကား နှစ်ဆယ့်လေးနှစ်မျှသာ ရှိသေးသည်။

အမှန်စင်စစ် ထို 'တို့ဗမာအစည်းအရုံး ကြေညာစာတမ်း' သည် 'နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတ်မြစ်' ဟူ၍လည်း ဆိုနိုင်ပေရာ တိုကိစ္စမျိုးကို အင်္ဂလိပ်ဘာသာဖြင့် မိုးလင်းပေါက်အပြီး ထိုင်ရေးနိုင်စွမ်းသော သခင်အောင်ဆန်း၏ အရည်အချင်းသည်ကား **'တစ်ကမ္ဘာတွင် တစ်ယောက်'** ဟူ၍သာ ဆိုချင်ပါတော့သည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်၏ အမြောက်သံ၊ **စိန်သံ**တို့သည် စစ်မျက်နှာအသီးသီးတွင် ပွက်လောညံခဲ့လေပြီ။

နယ်ချဲ့ဗြိတိသျှတို့ အကျပ်တွေ့ချိန်တွင် မြန်မာ့လွတ်လပ်ရေးကို အရယူရန် တို့ဗမာအစည်းအရုံး ခေါင်းဆောင်များသည် အခြားပါတီများ၊ ပုဂ္ဂိုလ်များကို သိမ်းသွင်း၍ **'ဗမာ့ထွက်ရပ်ဂိုဏ်း'** (Freedom Bolc) ကို ဖွဲ့စည်းလိုက်လေသည်။ **ဗမာ့ထွက်ရပ်ဂိုဏ်း**တွင် ဒေါက်တာဘမော်သည် ဥက္ကဋ္ဌ၊ **သခင်အောင်ဆန်းသည်** အတွင်းရေးမှူး ဖြစ်သည်။

**၁၉၃၉ အောက်တိုဘာ** (နိုဝင်ဘာ)တွင် ဒေါက်တာဘမော်အိမ်၌ **ဗမာ့ထွက်ရပ်ဂိုဏ်း** လမ်းစဉ်တစ်ရပ်ကို ရေးဆွဲရန် အစည်းအဝေးပြုလုပ်ရာ **အချို့ပုဂ္ဂိုလ်များသည်** လမ်းစဉ်ရေးဆွဲရေးအတွက် ဆယ့်ငါးရက် **အချိန်ယူ ပြင်ဆင်သင့်**ကြောင်း တင်ပြကြသည်။

ထိုအခါ သခင်အောင်ဆန်းသည် **'အစည်းအဝေးရွှေ့**ရန်မလို၊ ယခုပင် ရေးဆွဲမည်၊ ခင်ဗျားတို့ **လက်ဖက်ရည်**သောက်နေကြပါ' ဟုပြောပြီး အခြားစားပွဲတစ်လုံးသို့ ရွှေ့ပြောင်း၍ တစ်ထိုင်တည်းနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း လမ်းစဉ်ကြီးကို ရေးဆွဲလေတော့သည်။ ရေးဆွဲပြီး၍ တင်ပြသောအခါ အားလုံးလက်ခံသဘောတူကြပါသည်၊ အချို့ ပြောသကဲ့သို့ ဆယ့်ငါးရက်ခန့် အချိန်ယူ ရေးဆွဲခဲ့သည့်တိုင် ယခုနှယ် သဘောတူ ညီညွတ်ရန် မသေချာလှပေ။ ဤအချက်သည်လည်း ဆာစတက်ဖို့ကရစ်ပ်၏ စကားနှင့်ပင် ပြောရလျှင် သခင်အောင်ဆန်း၏ 'ချစ်စရာကောင်းတဲ့' အရည်အချင်း တစ်ခုပေပင် ဖြစ်ချေသည်။

ထိုအချိန်တွင် ဂျာမနီ အီတလီတို့က တစ်ဖက်၊ အင်္ဂလိပ်၊ ပြင်သစ် စသည်တို့ တစ်ဖက် အကြိတ်အနယ် ပစ်တိုက်နေကြပြီဖြစ်သည်။ အင်္ဂလိပ်တို့သည် 'လွတ်လပ်ရေး၊ ဒီမိုကရေစီရေး' အတွက် စစ်တိုက်ရပါသည်ဟု ကြွေးကြော်ကြသော်လည်း မိမိတို့သိမ်းပိုက်ထားသော ကိုလိုနီနိုင်ငံများကို 'လွတ်လပ်ရေးပေးပါမည်' ဟူ၍ ပေးသံမျှပင် မဟကြချေ။ 'စစ်နိုင်ရေးအတွက် ကူညီကြပါ၊ စစ်ပြီးလျှင် လက်အောက်ခံနိုင်ငံများအရေးကို စဉ်းစားပေးပါမည်' ဟူ၍သာ မလိမ့်တပတ် လုပ်နေကြလေသည်။

မြန်မာနိုင်ငံရေးသမားများကိုလည်း ပုဒ်မအမျိုးမျိုးတပ်ပြီး တရကြမ်းဖမ်းဆီးလေတော့သည်။ သခင်အောင်ဆန်းကိုလည်း ဖမ်းဆီးရန် ဝရမ်းထုတ်လေသည်။ သခင်အောင်ဆန်းသည် အဖမ်းမခံချေ။ ခြေရာဖျောက်ကာ မြေလျှိုးသွားခဲ့ပါသည်။ မြေလျှိုးသွားသော သခင်အောင်ဆန်းသည် နယ်ချဲ့အင်္ဂလိပ်၏ အဖမ်းမခံရရေးအတွက် သက်သက်သာ ပုန်းကွယ်နေခြင်း မဟုတ်ချေ။ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com

သတ်ရန် နိုင်ငံခြားနှင့် ဆက်သွယ်နိုင်ရေး ကြိုးပမ်းနေခြင်း ဖြစ်သည်။

ထိုအချိန်တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်တို့သည် ဂျပန်နှင့် ဆက်သွယ်မိပြီး သခင်အောင်ဆန်းကို ဦးစွာစေလွှတ်ရန် ရွေးချယ်ကြသည်။ သို့သော် ဂျပန်တို့သည် သခင်အောင်ဆန်းတို့အား 'ကွန်မြူနစ်များ' ဟု သံသယဝင်နေသောကြောင့် ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေတော့သည်။

ထို့ကြောင့် သခင်အောင်ဆန်းသည် သခင်လှမြိုင်နှင့် အတူ တရုတ်ပြည်သို့ ခိုးထွက်ရန် စီစဉ်လေသည်။ ထိုအချိန်သည် စစ်ဖြစ်နေချိန် ဖြစ်သောကြောင့် နိုင်ငံခြားသို့ ခိုးထွက်သည့်အလုပ်သည် အသက်ကို ဖက်နှင့် ထုပ်ထားရသော အလုပ်မျိုး ဖြစ်ပေသည်။

ဤနေရာတွင် စကားစပ်လာ၍ သမိုင်းကြွေး စကားတစ်ခွန်းကို ချေဖျက်လိုပါသည်။ သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) နှင့် ပတ်သက်၍ လူတော်တော်များများသည် စကားတစ်ခွန်းကို ဥပမာလိုလို၊ ရယ်စရာလိုလို၊ ဟိုလိုလို ဒီလိုလို အဓိပ္ပာယ်မျိုးနှင့်ပြောတတ်ကြသည်။ ထိုစကားမှာ-

"ဂျပန်ကို သွားခေါ်တာလဲ အောင်ဆန်းပဲ၊ ဂျပန်ကို မောင်းထုတ်တာလဲ အောင်ဆန်းပဲ၊ လာပါ လာပါဆိုလဲ အောင်ဆန်း၊ သွားပါ သွားပါဆိုလဲ အောင်ဆန်း" ဟူသော စကားပင် ဖြစ်ပါသည်။

အမှန်စင်စစ် သခင်အောင်ဆန်းသည် အမျိုးသားလွတ်မြောက်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး တိုက်ပွဲဝင်နေသော တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ဆောင်ရွက်ရန် ထွက်သွားခြင်းဖြစ်ပါသည်။ ဂျပန်ကို သွားခေါ်ခြင်းမဟုတ်ပါ။ နောက်မှ အခြေအနေအရပ်ရပ်ကြောင့် ဂျပန်နှင့် ဆက်သွယ်မိခြင်းသာ ဖြစ်ပါသည်။

၁၉၄၀၊ ဩဂုတ် ၈ ရက် ညအချိန်တွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် တရုတ်လူမျိုးပုံသဏ္ဌာန် ရုပ်ဖျက်၍ တရုတ်သင်္ဘော 'ဟိုင်လီ' ဆိုက်ကပ်ထားရာသို့ သွားကြသည်။ သခင်အောင်ဆန်းသည် 'တန်လူရှောင်'၊ သခင်လှမြိုင်သည် 'တန်ဆူတောင်' ဟူသော တရုတ်နာမည် ယူထားကြသည်။ သင်္ဘောဆိပ်သို့ လန်ချားဖြင့်သွားကြပြီး သင်္ဘောဆိပ်ရောက်သော် သမ္ဗန်ကလေးဖြင့် သင်္ဘောကြီးဆီ သွားကြသည်။ လိုက်ပို့ကြသော သခင်လှဖေ (နောင်အခါ ဗိုလ်လက်ျာ)နှင့် သခင်ထိန်ဝင်းတို့သည် ညမှောင်မှောင် မြစ်လယ်ကောင်တွင် သမ္ဗန်ကလေးစီးပြီး သင်္ဘောကြီးဆီသွားနေကြသည့် သခင်အောင်ဆန်းနှင့် သခင်လှမြိုင် (နောင်အခါ ဗိုလ်ရန်အောင်)တို့ကိုကြည့်ကာ ဝမ်းနည်းနေကြသည်။

သခင်လှမြိုင်သည် သမ္ဗန်ကလေးပေါ်မှ နောက်ပြန်လှည့်ကာ လိုက်ပို့သူနှစ်ဦးကို ကြည့်သေးသော်လည်း သခင်အောင်ဆန်းကား လုံးဝလှည့်မကြည့်စတမ်း အမှောင်ထုကို စူးစိုက်ကြည့်ရင်း သင်္ဘောကြီးရှိရာဆီကိုသာ ရှေ့ရှု၍ လိုက်ပါသွားလေသည်။

အမှန်ဆိုရသော် သခင်အောင်ဆန်းတို့၏ ရှေ့ရေးသည် ရင်လေးဖွယ်အတိဖြင့်သာ ဆီးကြိုနေသည့်နှယ် ရှိပါသည်။ သခင်အောင်ဆန်းတို့ နှစ်ဦးအတွက် တော်လှန်ရေးခရီးစရိတ်အဖြစ် ငွေ ၂၀၀/- (နှစ်ရာကျပ်)ကိုသာ ပေးလိုက်နိုင်ပါသည်။ ထိုနှစ်ရာကျပ်ဖြင့် တစ်ခါမှ မရောက်ဖူးသော၊ မိတ်ဆွေဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိသော တရုတ်ပြည်သို့ သွားရသော ခရီးလမ်းသည် ပျောက်သောလမ်းမှာ စမ်းတဝါးဝါးဟူ၍ ဆိုရပါတော့မည်။ သွားရသောခရီးကလည်း အပျော်ခရီးမဟုတ်။ အသက်ကို ဖက်နှင့်ထုပ်ထားရသည့် တော်လှန်ရေးခရီးကြမ်း ဖြစ်လေသည်။

ထိုခရီးကြမ်းနှင့် ပတ်သက်၍ နောင်အခါ ဗိုလ်ချုပ်အောင်ဆန်းဘဝ၌ 'ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ' ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဤသို့ရေးခဲ့လေသည်။

> "ကျွန်ုပ်၏ ခရီးဌာနအဆုံးမှာ 'အမွိုင်မြို့' ဖြစ်၏။ ထိုမြို့မှနေ၍ ကျွန်ုပ်၏ လုပ်ဆောင်စရာကိစ္စရှိသည်များကို ခန့်ခွဲစီမံရမည်ဖြစ်၏။ ကျွန်ုပ်၏ အဖြစ်ကား သန်းခေါင်လကွယ် တောရပ်လယ်၌ ရောက်နေသူပမာ ဖြစ်နေတော့သည်။ ကျွန်ုပ်သွားရမည့်နေရာနှင့် ပတ်သက်၍ ကျွန်ုပ်ဘာတစ်ခုမျှ မသိ၊ ဆွေလည်း မရှိ၊ မျိုးလည်း မရှိ၊ ကမ္ဘာ့အရှေ့ပိုင်းသားသည် အရှေ့ပိုင်းအကြောင်း အတုအယောင်မျှသာ သိ၏။ သိသမျှလည်း မရေရာလှ၊ ဆိုးရွားလှလေစွ။ အလုပ်အစီအစဉ်ဟူ၍ ဘာမျှ အတိအကျရှိသည်မဟုတ်ချေ။ ကျွန်ုပ်၏ မြော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာ ကြုံရမည့်အရေးဟူသရွေ့ကို စီမံအုပ်စီးရန် ကျွန်ုပ်၏ ရဲဘော်များက အာဏာကုန်လွှဲအပ်လိုက်ခြင်း ဖြစ်လေသည်။ အဘယ်သို့ပင် ဖြစ်စေ . . . 'ငါသည် အကယ်၍ သေသွားသည့်တိုင်အောင် မြတ်သောသေခြင်း၊ နိုင်ငံအတွက် သေခြင်းဖြစ်သည်' ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ရတော့၏"

ဤသို့ဖြင့် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် တန်လူရှောင်နှင့် တန်ဆူတောင်ဟူသော တရုတ်အလုပ်သမားနှစ်ယောက်ဟန်ဆောင်၍ ဟိုင်လီသင်္ဘောကြီးပေါ်သို့ ရောက်လာခဲ့လေသည်။ ဟိုင်လီသည် နော်ဝေအမျိုးသားပိုင် ကုန်တင်သင်္ဘောဖြစ်ပြီး အမွိုင်မြို့သို့ ဆန်များသယ်ယူပို့ဆောင်ရွက်မည်။ ၁၉၄၀၊ ဩဂုတ် ၂၄ ရက်တွင် သခင်အောင်ဆန်းတို့သည် အမွိုင်မြို့သို့ ရောက်သည်။ ရောက်သောအခါ ဗြိတိသျှ





www.burmeseclassic.com

www.burmeseclassic.com

...ခိကန်၊ ဂျပန်၊ တရုတ်အစိုးရတို့ အလှည့်ကျအုပ်ချုပ်... 'အပြည်ပြည်ဆိုင်ရာဒေသ' ဖြစ်သည့် 'ကူလန်စူးကျွန်း'... နေကြသည်။ တစ်နေ့ လေးကျပ်ပေးရသည့် တည်းခိုခန်း... နေရပြီး သခင်အောင်ဆန်းသည် စာဖတ်လိုက်၊ ပတ်ဝန်း...ကို လှည့်၍ စနည်းနာလိုက်ဖြင့် သခင်လှမြိုင်နှင့် အတူ...လေသည်။

ကူလန်စူးတွင် သခင်အောင်ဆန်းတို့ ရောက်နေသည်မှာ ရက်အတန်ပင် ကြာချေပြီ။ အမျိုးသားလွတ်မြောက်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး တိုက်ပွဲဝင် တရုတ်တွန်မြူနစ်...တီသည် သခင်အောင်ဆန်းတို့အား အဆက်အသွယ် လုပ်...ခဲ့။ ပျောက်ချက်သား ကောင်းလွန်းလှသည်။ နှစ်လခန့်...သောအခါ 'ဂျပန်ကင်ပေတိုင် မေဂျာကန်ဒါ' သည် သခင်အောင်ဆန်းတို့အား ကူလန်စူး၎ ခေါ်ထုတ်သွားပြီး တိုကျိုသို့...လိုက်လေသည်။ နိုဝင်ဘာ ၁၂ ရက်တွင် ဂျပန်နိုင်ငံ ဟာနေ...ဒါလေဆိပ်သို့ ရောက်ရှိလာပြီး 'ကာနယ်ဆူဇူကီးနှင့် ဆူဂီး'...တို့ လာကြိုသည်။

"ကျွန်ုပ်၏ ခရီးဌာနအဆုံးမှာ အမွိုင်မြို့ ဖြစ်၏" ဟူ၍ သခင်အောင်ဆန်း ရည်ရွယ်ပိုင်းဖြတ်ခဲ့သော်ငြား ယခုကား "ကျွန်ုပ်၏ ခရီးဌာနအဆုံးမှာ တိုကျိုမြို့ဖြစ်၏" ဟု ကံဇာတ်ဆရာကြီးက ဇာတ်ညွှန်းပြောင်းလိုက်ပြီ။

အမှန်စင်စစ် ကာနယ်ဆူဇူကီးသည် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေး ထမ်းဆောင်ကြမည့် မြန်မာ့မျိုးချစ်လူငယ်တို့အား ဂျပန်ပြည်သို့ ခေါ်ထုတ်သွားပြီး စစ်ပညာသင်ကြားပေးရန် ရှေးယခင်ကပင် ကတိပေးခဲ့ဖူးသည်။ 'နိပ္ပွန်ဘုရင့် စစ်ဦးဌာနချုပ်' သည် ဤကဲ့သို့သော အဲ့မခန်း နိုင်ငံရေးကတိမျိုးပေးရန် ဆူဇူကီးအား အမိန့်မပေးခဲ့သော်ငြား စစ်သေနင်္ဂဗျူဟာဘက်တွင် ပါရဂူမြောက်သော ဆူဇူကီးသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အံ့မခန်း ကြီးမားလှသည့် နိုင်ငံရေးကတိကြီးကို ပေးခဲ့ခြင်း ဖြစ်သည်။

အဘယ်ကြောင့် ထိုကတိကို ပေးခဲ့ပါသနည်း။ ၁၉၄၀ ...ဦးကာလ၌ ချမှတ်ခဲ့သော ဂျပန်အမျိုးသားမူဝါဒသည် 'တရုတ်အရေးကို အမြန်ဆုံး အပြတ်ရှင်းရန်' ဖြစ်သည်။ ထိုသို့ တရုတ်အရေးကို အမြန်ဆုံး အပြတ်ရှင်းရန် 'မိနာမိကီကန်' ခေါ် 'မိနာမိ' ထောက်လှမ်းရေးတပ်ကို ဖွဲ့စည်းသည်။ 'မိနာမိ' သည် ဆူဇူကီး၏ နာမည်ဝှက်ဖြစ်သည်။

ထိုသို့ တရုတ်အရေးကို အမြန်ဆုံးအပြတ်ရှင်းနိုင်ရန် မြန်မာ့မျိုးချစ် လူငယ်များ၏ အင်အားကို အသုံးချရမည်ဖြစ်ကြောင်း 'မဆုယိုမိနာမိ' ကလောင်အမည်ခံယူကာ စာရေးဆရာအဖြစ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်လာသော ဆူဇူကီးယုံကြည်သည်။ ယုံကြည်သည့်အတိုင်း သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ကတိပေးခဲ့ခြင်းဖြစ်သည်။ ဤအချက်နှင့် ပတ်သက်၍ သခင်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း ရေးသားပြုစုသော 'အောင်သန်း၏ အောင်ဆန်း' **စာအုပ်တွင် ဤသို့** ရေးသားဖော်ပြခဲ့လေသည်။

"၁၉၄၁ ခု၊ ဇန်နဝါရီလတွင် ဂျပန်တ**ပ်**မတော် ဦးစီးချုပ်သည် 'မိနာမိကီကန်' ခေါ် အဖွဲ့တစ်ခုဖွဲ့ရန် ဆုံးဖြတ်လိုက်လေသည်။ ထိုအဖွဲ့ကို မစ္စတာ မိနာမိက ဦးစီးလျက် မြန်မာလူငယ်များကို တိတ်တဆိတ်ခေါ်ဆောင်၍ စစ်သင်တန်းပေးရန် ဖြစ်ပေသည်။ ထိုအချိန်ကပင် ဂျပန်သည် မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ချက်ရှိကြောင်း ထင်ရှားပေသည်။ မြန်မာလူငယ်တလေးများကို စစ်ပညာ သင်ပေးလိုက်သည်မှာ စိတ်စေတနာကောင်းခြင်း မဟုတ်ဘဲ မြန်မာပြည်ကို မိမိတို့ ဝင်ရောက် တိုက်ခိုက်သောအခါ အတွင်းသူပုန်အဖြစ် အသုံးချရန်ဖြစ်ပေသည်။"

ဤနေရာတွင် ဆာစတက်ဖို့ကရစ်ပ်အား သခင်အောင်ဆန်း ပြောခဲ့သော စကားများကို ပြန်သတိရမိတောင်းလှသည်။ ဆာစတက်ဖို့ကရစ်ပ်သည် သခင်အောင်ဆန်း၏ စကားများကို သဘောကျရုံသာ ကျခဲ့သည်မှာ ဗြိတိသျှလေဘာပါတီ ခေါင်းဆောင်တစ်ဦးအနေနှင့် 'တိမ်'လွန်းလှသည်။ သခင်အောင်ဆန်း၏ ထိုစကားများကို အမြော်အမြင်ကြီးကြီးဖြင့် အလေးအနက်ထားကာ ဗြိတိသျှအစိုးရ နားထဲသို့ စကားပေါက်အောင် ပြောနိုင်ခဲ့ပါမူ အင်္ဂလိပ်တို့သည် မြန်မာ့မြေပေါ်မှ သေပြေးရှင်ပြေး ဆုတ်ခွာရမည် မဟုတ်သလို မြန်မာပြည်သည်လည်း 'မီအေး နှစ်ခါနာ' ဖြစ်ခဲ့ရမည် မဟုတ်ပေ။

ယခုမူ သခင်အောင်ဆန်းသည် သူ့တိုင်းပြည် သူ့လူမျိုး လွတ်လပ်ရေးအတွက် 'ဒါနဲ့ မရရင် ဟောဒီလို အတင်းလုယူရမယ်' ဟု ပြောခဲ့သည့်အတိုင်း အကောင်အထည်ဖော်ရန် နိပ္ပွန်တို့၏ မြို့တော် တိုကျိုသို့ ရောက်ခဲ့လေပြီ။

သခင်အောင်ဆန်းသည် စတင် ချီတက်စဉ်ကပင် 'အမွိုင်' သို့ရည်ရွယ်ခဲ့သည်။ ယခုမူ 'တိုကျို' သို့ရောက်ခဲ့ရပြီ။ သခင်အောင်ဆန်းသည် ဂျပန်တို့၏ ခြေလှမ်းကို ခန့်မှန်းတွက်ဆနိုင်ပါ၏။ နိုင်ငံရေးအမြင် ရှင်သန်ထက်မြက်သော သခင်အောင်ဆန်းသည် ဂျပန်တို့၏ နိုင်ငံရေးပရိယာယ်ကို ကောင်းစွာ ရိပ်စားမိခဲ့သော်လည်း ယခုအခါ၌ ရွေးချယ်စရာ အခြားမရှိကြောင်း ကြည်ကြည်လင်လင်ပင် သိမြင်ခဲ့ပေသည်။

ဤအချက်နှင့် ပတ်သက်၍ 'အောင်သန်း၏ အောင်ဆန်း' စာအုပ်တွင် ဤသို့ ဖော်ပြခဲ့ပါသည်။

"သခင်အောင်ဆန်းသည် ဂျပန်၏ ရည်ရွယ်ချက်ကို များစွာမယုံကြည်လှပေ။ သို့သော်လည်း စစ်ဖြစ်နေစဉ် အတောအတွင်း စစ်ပညာသင်ရလျှင်၊ လက်နက်ရနိုင်လျှင် တိုင်းပြည်အတွက်



www.burmeseclassic.com

www.burmeseclassic.com

အကျိုးရှိမည်ဟု ယူဆထားသည့်အတိုင်း လူငယ်ရဲဘော်များကို ခေါ်ဆောင်ရန် မြန်မာပြည်သို့ ပြန်လာလေသည်။"

၁၉၄၁ ခု၊ ဖေဖော်ဝါရီလတွင် သခင်အောင်ဆန်း မြန်မာပြည်သို့ ပြန်ရောက်လာသည်။ သွားတုတပ်၍ တရုတ်သင်္ဘောသားကဲ့သို့ ရုပ်ဖျက်ကာ ပြန်လာခြင်းဖြစ်သည်။ သခင်လှဖေ၊ သခင်[illegible]မြမ်း၊ ကက္ကသိုလ်ကျောင်းသား ကိုထွန်းရှိန် စသည့်ရဲဘော်များကို [illegible]ပန်[illegible]ည်သို့ တစ်ပါတည်း ခေါ်သွားသည်။ ကျန်[illegible]ယ်မျာ[illegible]ကို အသုတ်လိုက်ပို့ပေးရန်လည်း စီစဉ်ခဲ့လေသည်။

ဤသို့ဖြင့် [illegible]ခင်အောင်ဆန်းအပါအဝင် 'ရဲဘော်သုံးကျိပ်' တို့သည် [illegible] [illegible]ကျွန်းအနောက်ဘက်ရှိ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို [illegible]င်းရဲကြီးစွာ သင်ယူကြရသည်။ သခင်အောင်ဆန်း၏ ဂျ[illegible] အမည်မှာ 'အိုမိုတာမွန်ဂျီ' ဖြစ်သည်။

၁၉၄၁ ခု၊ ဒီဇင်ဘာ ၂၇ ရက်တွင် ယိုးဒယားနိုင်ငံ (ယခု ထိုင်း)၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ၊ Burma Independence Army) ကို တရားဝင်ဖွဲ့စည်းသည်။ ဗန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်သည် လက်မောင်းသွေးဖောက်ပြီး သွေးသစ္စာရေသောက်ကာ သစ္စာအဓိဋ္ဌာန် ပြုကြသည်။ မိမိတို့၏ အမည်များကိုလည်း ဗိုလ်အမည် ခံယူကြသည်။ သခင်အောင်ဆန်း၏ ဗိုလ်အမည်မှာ 'ဗိုလ်တေဇ' ဖြစ်သည်။ ဗိုလ်တေဇအား ရဲဘော်သုံးကျိပ်၏ ခေါင်းဆောင်အဖြစ် တင်မြှောက်ကြလေသည်။

၁၉၄၂ ခု၊ မတ်လ ၁၀ ရက်တွင် ဘီအိုင်အေ တပ်မတော်သည် ရန်ကုန်မြို့ကို သိမ်းပိုက်သည်။ ထိုအချိန်အထိ ဘီအိုင်အေသေနာပတိသည် ဂျပန်ဗိုလ်မှူးကြီး ဆူဇူကီး (ဗိုလ်မိုးကြိုး) ဖြစ်သည်။ မြန်မာပြည်သို့ ဝင်ရောက်တိုက်ခိုက်သောအခါ ဗိုလ်တေဇ (သခင်အောင်ဆန်း)အား ဘီအိုင်အေတပ်မတော် သေနာပတိရာထူး လွှဲပြောင်းပေးမည်ဟု အစီအစဉ်ရှိခဲ့သော်လည်း ဂျပန်တို့သည် ထိုစဉ်ကပင် ကတိမတည်ခဲ့ပေ။

ထို့ကြောင့် ဗိုလ်တေဇနှင့် ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်နေဝင်း စသော ဗိုလ်များသည် သေနာပတိရာထူး လွှဲပြောင်းပေးရန် ဗိုလ်မိုးကြိုး (ဆူဇူကီး)ထံ စာတင်လိုက်တော့သည်။

ထိုအခါ ဗိုလ်မိုးကြိုး (ဆူဇူကီး)သည် ဗိုလ်တေဇနှင့်တကွ ဘီအိုင်အေ ခေါင်းဆောင်များကို သူနေထိုင်ရာ (ယခု ဗြိတိသျှသံအမတ်နေအိမ်)သို့ ခေါ်ယူလိုက်သည်။ ဗိုလ်တေဇတို့ ရောက်သွားသောအခါ အိမ်အတွင်းရော အပြင်ပါ လှံစွပ်တပ် ရိုင်ဖယ်သေနတ်ကိုင် ဂျပန်စစ်သားများဖြင့် ဝိုင်းထားပြီး ဗိုလ်မိုးကြိုး(ဆူဇူကီး) ကိုယ်တိုင်လည်း သက်တော်စောင့်များခြံရံလျက် ဗိုလ်တေဇတို့ကို တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဗိုလ်မိုးကြိုးသည် သူ့ဓားကို ဆွဲထုတ်ပြီး "ဒီဓားက ဘာဓားလဲ" ဟု ခက်ထန်တင်းမာသောမျက်နှာထားဖြင့် မေးလေသည်။ ဗိုလ်မိုးကြိုး ဓားဆွဲထုတ်လိုက်ချိန်တွင် ဗိုလ်တေဇ(သခင်အောင်ဆန်း)သည် မိမိဓားရိုးပေါ်သို့ လက်က ရောက်သွားပြီဖြစ်လေသည်။ ထိုအခါကျမှ ဗိုလ်မိုးကြိုးသည် မျက်နှာအမူအရာ ပြောင်းသွားပြီး . . .

"မင်းတို့ဟာ ငါ့သားတွေလိုပဲ၊ ပြောစရာရှိရင် လာပြောပါ၊ စာရေး ဘာရေးမလုပ်ပါနဲ့"ဟု လေချိုသွေးကာ ပြန်လွှတ်လိုက်သည်။

နောက်နေ့တွင် ဗိုလ်မိုးကြိုး လက်မှတ်ရေးထိုးလျက် ဗိုလ်တေဇအား ဘီအိုင်အေတပ်မတော် သေနာပတိ၊ ဗိုလ်လက်ျာအား စစ်ဦးစီးဌာနချုပ်မှူးအဖြစ် ခန့်အပ်သော အမိန့်စာ ထွက်လာလေသည်။

ထိုအချိန်တွင် . . .

"ဗမာ့လွတ်လပ်ရေးအတွက် ××× တပ်မတော်ဖွဲ့လို့ ဂျပန်ပြည်မှာကွယ် ××× တကယ်ပဲ အသက်နဲ့လဲလို့ ××× ဆင်းရဲဒုက္ခခံကာ ကြံစည်တယ် ××× သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်"

အစရှိသော ဂုဏ်ပြုတေးသံများသည် မြန်မာပြည်တစ်ဝန်း ငြိမ့်ငြိမ့်အုန်းအုန်း သီဆိုနေကြလေတော့သည်။

သခင်အောင်ဆန်းသည် ယခုအခါ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ပြီး ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် သေနာပတိ ဖြစ်လာခဲ့လေသည်။ ထို့နောက် သူနာပြုဆရာမလေး မခင်ကြည်နှင့် မေတ္တာမျှပြီး 'ဆရာမကိုပဲ အသည်းစွဲ' ချစ်ခဲ့လေသည်။ သား အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ သမီး အောင်ဆန်းစုကြည်တို့ ထွန်းကားခဲ့သည်။

သခင်အောင်ဆန်းသည် ၁၉၄၃ ခုတွင် ဗိုလ်ချုပ်ရာထူးဖြင့် စစ်သေနာပတိဖြစ်လာသည်။

စသည် . . . စသည် ရေးသားရန် များစွာကျန်ရှိနေသော်လည်း ဤဆောင်းပါးသည် "ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်း" ဟူသော ဘဝပုံရိပ်များထဲမှ 'သခင်အောင်ဆန်း'၏ ဘဝပုံရိပ်ကို ဂုဏ်ပြုရေးသားခြင်းဖြစ်ပေရာ အောက်ပါဂုဏ်ပြုတေးဖြင့် အလေးပြုဦးညွှတ်လိုက်ရပါတော့သည်။

"ရာဇဝင် အတ္ထုပ္ပတ္တိလည်း ရှိရမယ် ××× မော်ကွန်းလည်း ထိုးလောက်တယ် ××× မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်"

အလေးပြုလျက်

❒ ထွန်းလင်းမှူ



www.burmeseclassic.com

www.burmeseclassic.com

အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာဆိုတဲ့ မင်္ဂလာအခါတော်ပေး သီချင်းလည်း ဖွင့်မထားပါဘူး။

မင်္ဂလာပွဲကို လာတဲ့သူတွေလည်း မိမိတို့အိမ်နားက အိမ်နီးချင်းတွေပါ။ အိမ်နေရင်းသာသာ အဝတ်စားတွေနဲ့ပဲ ညှိခဲ့တဲ့ ကိတ်မုန့်နဲ့ လက်ဖက်ရည်ကို အပြတ်ဆွဲနေကြတာ။

သတို့သားကြီးက အသားမည်းမည်း ဗိုက်ရွဲရွဲကို အနီရောင် ဂျော်ဒန်းဖိုးစပို့ရှပ်ကြီးနဲ့ ပုဆိုးအနီကွက်နဲ့မို့ အသားမည်း အရဲဆင် စည်မည်းကြီးပေါ် အနီပတ်ထားသလိုပါ။

မိမိကကော၊ ပါတိတ် ဝမ်းဆက် ကျပ်ကျပ်အောက်က ပိုလာတဲ့အသားတွေ အတစ်အတစ်လိုက် ထွက်နေတာ ကောက်ညှင်းထုပ် ကြိုးစည်းထားသလိုပါပဲ။

# နှလုံးသားမျက်ရည်





www.burmeseclassic.com

www.burmeseclassic.com

နှစ်ဖက်မိဘတွေ ကန်တော့ဖို့ ငင်ဦးက. နှိုးဆော်လိုက်တာမို့ သတို့သားကြီးရော မီမီပါ လက်အုပ်ချီကြတယ်။

သူ့ဘက်မှာရော မီမီဘက်မှာပါ အဖေ မရှိတော့ပါဘူး။ သူ့အမေက ဒိုက်ထက်ကျော်တဲ့ ရွှေဆွဲကြိုးကြီးကို စိန်လော့ကက်သီးကြီးဆွဲလို့ ဇာအကျီ ပန်းရောင်နဲ့ တောက်ပနေသလောက် မီမီ့အမေက အသစ်ဆုံး စီဝိုင်စီအကျီ၊ ပါတိတ်ထဘီနဲ့ ဟောင်းနွမ်းနေလိုက်တာ။

သားနဲ့သမီးကို သတိရလိုက်တာ နဲ့ မီမီ့မျက်လုံးတွေကအိမ်လေးရဲ့အတွင်း ခန်းထဲ ဝေ့ဝဲရှာမိတယ်။ အိမ်အတွင်း ခန်းနဲ့ အပြင်ကို စည်းခြားကာရံထားတဲ့ ချိတ်ခန်းဆီး နွမ်းနွမ်းနောက်မှာ မီမီရဲ့ ငါးနှစ်သည်းချာလေး နှစ်ယောက်ကို တွေ့လိုက်ရတယ်။ ဆယ်နှစ်အရွယ် သားကြီးက အမေ နောက်လင်ယူတဲ့ အကြောင်းကို သိနေပါပြီ။

ရှစ်နှစ်အရွယ် သမီးလေးက တော့ မီမီ လင်ယူတဲ့ကိစ္စကို နားလည် ပုံမတူဘူး။ အဝတ်အစားသစ်တွေနဲ့ တောက်ပပြီး မျက်နှာမှာ မိတ်ကပ်တွေ လိမ်းခြယ်ထားတဲ့ မအေကို ချစ်မြတ်နိုးစွာ ကြည့်လို့ပေါ့။

မိမိရင်ထဲမှာ စူးခနဲအောင့် သွားချင်သွားရင်း လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က မင်္ဂလာပွဲလေးတစ်ခုကို သတိရသွားမိတယ်။ အဲဒီတုန်းက သတို့သား နောင်နောင်ရော သတို့သမီး မီမီဦးပါ ငယ်ပျိုမျစ် ချစ်စဖွယ်အရွယ်လေးတွေ။

ကိုနောင့်နောက်ကို မီမီလိုက် ပြေးပြီး ဆယ်ရက်လောက် ပျားရည် ဆမ်းတဲ့ အချစ်နေ့ရက်တွေ ကျော်လွန် ပြီးတော့ မီမီတို့ရဲ့ အိမ်လေးရှေ့မှာ ဖျော့ပ်ထိုးလို့ တက်နိုင်တဲ့ မင်္ဂလာပွဲလေး ကျင်းပကြတယ်။ မလောက်မင ထမင်းနဲ့ ဟင်းသားကို ဧည့်သည်တွေ ဧည့်ခံဖို့ ငွေကြေးတွေ အခက်အခဲ ဖြစ်နေတာကို ဘယ်သူမှ မသိဘူး။

ပျိုမျစ်တဲ့ ဇနီးမောင်နှံလေး နှစ်ယောက်ဟာ လူရှေ့သူရှေ့ ဧည့်သည်တွေရှေ့မရှောင် ချစ်မဝ ကြည့်မဝ တွန်းထိုးရယ်မော ကျီစယ်ရင်း လောကကြီးကို မေ့ထားခဲ့တယ်။

အချစ်တစ်ခုနဲ့ ဘဝရဲ့ အခက်အခဲတွေကို မကျော်ဖြတ်နိုင်ဘူးထင်ရဲ့။ အသပြာဆိုတာ မပါတဲ့အခါ လောကရဲ့ ကံဇာတ်ဆရာက မီမီကို မျက်နှာသာ မပေးခဲ့ပါဘူး။ သားကြီး နှစ်နှစ်၊ သမီးလေး ကိုယ်ဝန်အလွယ်မှာ နောင်နောင်က ရှမ်းပြည်နယ်ဘက် အလုပ်သွားလုပ်မယ်လို့ မီမီကို ပြောတယ်။

ခွင့်တောင်းတာ မဟုတ်ဘူး။ အသိပေးတာပါ။ မီမီ မသွားစေချင်ပေမယ့် ငွေကြေး သောကတွေကြောင့် ရှမ်းတောင်တန်းတွေဆီ ကိုနောင် ထွက်သွားခဲ့တယ်။ ကိုနောင့်ဆီက အဆက်အသွယ် လုံးဝမရခဲ့ဘူး။

သေသွားပြီလိုလို နောက်မိန်းမ ရသွားသလိုလို ဝေဝါးဝါး သတင်းတွေကြားရင်း အချိန်ကာလတွေ ကြာလာတာနဲ့အမျှ ကိုနောင့်ကို မီမီ ခေါင်းထဲက ထုတ်ပစ်ခဲ့တယ်။

ကလေးနှစ်ယောက်ကို လက်ဆွဲ၊ တစ်ခုလပ်ဆိုတဲ့ဂုဏ်နဲ့ အထင်အမြင်သေး မျက်လုံးတွေကို ကျော်ဖြတ်လို့ အလဲလဲအပြိုပြိုနဲ့ အဝေးကို ခရီးဆက်ခဲ့ရတယ်။ ဒီသတို့သားကြီးနဲ့ ပေးစားဖို့ စီစဉ်လာတာက မီမီ့ အမေပါ။

"သေသေချာချာ စဉ်းစားပါဦး သမီးရယ်၊ နောင်နောင်ကလဲ သေလားရှင်လားဆိုတာမသိ၊ အဆက်အသွယ်လဲ လုပ်တာ မဟုတ်ဘူး၊ အမေနဲ့ သမီးအတွက်ဆို အရေးမကြီးပါဘူး၊ မြေးလေး နှစ်ယောက်ဟာ ထမင်းတောင်ဝအောင် စားရတာ မဟုတ်ဘူး။

မောင်ထူးအောင်က မိန်းမသေသွားတဲ့ မုဆိုးဖို၊ သူ့သမီးလေးကလဲ ကျန်းမာရေး မကောင်းဘူး၊ သူ့အမေကြီးကလဲ အိမ်မှုကိစ္စ မလုပ်နိုင်၊ ကားသမားဆိုတော့ သူ့ခမျာ အိမ်ကပ်ရတာ မဟုတ်ဘူး၊ ငါ့သမီးကို အိမ်ထောင်မှုထိန်းသိမ်း ဖို့လိုချင်တာ"

မီမီကို သူတို့အိမ်ရဲ့ အိမ်ထောင်မှုထိန်းသိမ်းဖို့ဆိုတော့ ဒါဟာ အိမ်ဖော် ပေါ့။ အမေ့စကားထဲမှာ မပါ‌လ‌ေ အချစ် ဆိုတာကို တွေးရင်း မီမီစိတ်ယံ ပေါ့ပြက်ပြက်ဖြစ်ရင်း မနေနိုင်စွာ ပြောမိတယ်။

"သူက သမီးကို ချစ်လို့လား အမေ"

"သမီးရယ်၊ ညည်းကို မြင်တောင် မမြင်ဖူးပါဘူး အမေတို့ အိမ်နားက အပေါင်ခံစားတဲ့ မတင်မြင့်က သူတို့ မိသားစုနဲ့ ခင်တယ်၊ ငွေကြေး အဆက်အစပ်ရှိတယ်၊ သူတို့အိမ် ဝင်ထွက်ရင်း သူ့အမေကြီးက သူ့သား တားသမားကို ခြေငြိမ်အောင် မိန်းမပေးစားချင်တယ်၊ ရှိုးသားပြီး အလုပ်အကိုင်တော်တဲ့ မိန်းကလေးပေါ့။

အဲဒါ. . မတင်မြင့်က ငါ့သမီး အကြောင်း ပြောပြတော့ သဘောကျလို့ သူ့သားနဲ့ ပေးစားချင်တယ်တဲ့၊ သူ့သားကလဲ မငြင်းဘူး၊ သမီး. . အချစ်ဆိုတာ ထမင်းတစ်ပန်းကန်လောက် အရသာ မရှိပါဘူး"

အမေက သူ့ဒဿနကို ဖွင့်ဆိုတယ်။ အမေရယ်၊ တစ်ချိန်က မီမီအတွက် အချစ်ဟာ ပျားရည်ထက်တောင် ချိုခဲ့ပါတယ်။ ဒါပေမယ့် ထမင်းကို မဝရေစာစားပြီး တချို့သော နေ့ရက်မှာ ဆန်လက်တစ်ဆုပ်ကို ဆန်ပြုတ်ပြုတ်သောက်ရတဲ့ မီမီ့ သားနဲ့ သမီးအတွက် ဒီအချစ်က ထမင်းလောက် အရေးမကြီးဘူး ထင်ရဲ့၊ မဖြစ်နိုင်မှန်း သိရက်နဲ့ မေးမိတယ်။

"ကလေး နှစ်ယောက်ကိုကော ခေါ်လာခွင့်ပြုလား အမေ"

"ကြံကြံဖန်ဖန်အေ. . တစ်လ တစ်သိန်း ကလေးနှစ်ယောက်အတွက် ပေးမယ်တဲ့၊ တစ်သိန်းဆိုရင် အမေနဲ့ ကလေးနှစ်ယောက် အဆင်ပြေပါတယ်"

ဒီလိုနဲ့ပဲ အဲဒီသတို့သားကြီးနဲ့ မီမီ ယူဖြစ်ကြတယ်။ နှစ်ဖက် အမေတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့ပြီးတော့ သတို့သားကြီးက နှုတ်ဆက်တယ်။

"ပြန်ကြစို့ . . . ကျွန်တော့်သမီး ဝေဝေ မျှော်နေတယ်"

လှေကားထစ်ကနေ အဆင်းမှာ မီမီ့ သမီးလေးရဲ့ ငိုသံက မီမီ့နှလုံးသားကို မွမွခြေစေပါတယ်။

"မေမေရေ မသွားနဲ့ မေကြီးရေ"

သတို့သားကြီးက ဦးချမ်းပုဆိုးကြီး မပြီး ကားရားကားရားနဲ့ ထွက်သွားတာ သတို့သမီးကို ကြင်ကြင်နာနာ တွဲခေါ်ဖို့တောင် သတိရပုံမပေါ်ပါဘူး။

သတို့သားကြီးမောင်းတဲ့ စူပါရှ ကားဖြူလေးရဲ့ ခေါင်းခန်းမှာ သတို့သား အမေက ထိုင်တယ်။ နောက်ခန်းမှာ သတို့သား ညှိသည်နှစ်ယောက် ထိုင်တယ်။ မီမီ့အတွက် နေရာလပ် ရှိရဲ့လား။

ကြောင်ငေးငေးရပ်နေတဲ့ မီမီကို သတို့သားကြီးက ကြင်နာမှု အပြည့်နဲ့ ငေါက်တယ်။

"ဟို ဝက်မက ကားပေါ်မတက်သေးဘဲ ဘာရပ်လုပ်နေတာလဲ"တဲ့လေ။

သူ့ညှိသည် တစ်ယောက်က မီမီ့ကို အားနာပြီး သူ့ကိုပြောတယ်။

"ကိုထူးအောင်၊ သူ့အတွက် နေရာမရှိဘူး၊ ဒီလိုလုပ်ဗျာ ကျွန်တော်တို့ ကားငှားပြန်ခဲ့မယ်၊ နောက်ခန်းမှာ ထိုင်ခိုင်းလိုက်"



သူ့ညှိသည်တွေကိုတားပြီး သူ့ကားခေါင်းခန်းကဆင်းလို့ ပစ္စည်းထည့်တဲ့ နောက်ခန်း ဖွင့်ပေးတယ်။

"ဒီမှာထိုင်" . . . တဲ့။

မီမီ စူပါရှစ်ကားနဲ့ နောက်မြီးက ပစ္စည်းထည့်တဲ့နေရာမှာ ဒီခန္ဓာကိုယ်နဲ့ ခွေခေါက်ထိုင်ပြီး လိုက်ခဲ့ရတာပေါ့။

မီမီ တို့ရွာနဲ့ သုံးမိုင်လောက်ဝေးတဲ့ ကျောက်တံခါးမြို့ပေါ်မှာ သူတို့အိမ်ရှိတယ်၊ တိုက်ကြီးကလည်း ဟီးလို့။ ခြံတံခါးဝမှာ အသက်ဆယ့်လေးနှစ်အရွယ် အသားမည်းမည်း ဝတုတ်တုတ် သူ့လိုရုပ်မျိုးနဲ့ ကောင်မလေး တစ်ယောက်နဲ့ အိမ်ဖော် အဒေါ်ကြီးတစ်ယောက် ရပ်နေကြတယ်။

သူ ကားရပ်ရပ်ချင်း ကောင်မလေးက ပြေးလာတယ်။

"ဒက်ဒီ ပြန်လာပြီ၊ မီးကိုချီ ချီဦး"

"ငါ့သမီးကို ချီမှာပေါ့ကွာ"

ဆယ့်လေးနှစ်သမီး ဝတုတ်ကြီးကို သူက ချစ်မြတ်နိုးစွာ မနိုင်မနင်း ချီတယ်။

အသက်သာကြီးပြီး ဦးနှောက်ဖွံ့ဖြိုးမှုမရှိတဲ့ သူ့သမီး ဝေဝေအောင်လေးကို မီမီကငေးနေတုန်း ကလေးမလေးက မီမီကို ကြည့်ရင်း . . .

"ဒက်ဒီ၊ ဒက်ဒီ ပြောတော့ ဟိုးအဝေးကြီးထွက်သွားတဲ့ မာမီကို သွားခေါ်တာဆို၊ မီး . . မာမီ ဘယ်မှာလဲ"

"ဒီမှာလေကွာ၊ ဒါသမီး မာမီပဲ"

"ဟင်၊ဒါကြီးလား၊ လှလဲမလှဘူး"

"လှဖို့ . . မလိုပါဘူး သမီးရယ်၊ အသုံးတည့်ဖို့ပဲ လိုတာ"

ကြည့်စမ်း၊ မီမီကိုကြည့်ပြီး ခိုင်းနွားတစ်ကောင်လို သဘောထားပြောနေလိုက်တာ၊ ကောင်မလေးက မီမီဆီ ပြေးလာတယ်။

"မာမီ မီးကိုချီ၊ မီးကို ချီဦး"

မီမီ ကြောင်နေတော့ သူက ငေါက်တယ်။

"ချီလေကွာ၊ ငါ့သမီးဟာ မင်းသမီးပဲပေါ့"

သူ့သမီးကိုကျတော့ မီမီက သမီးရင်းလို သဘောထားရမယ်တဲ့။ မီမီ့ရဲ့ ချစ်စရာ သားနဲ့သမီးကျတော့ မီမီ ဝဲလာတဲ့မျက်ရည်ကို ပုတ်ခတ်ရင်း အဲဒီ ဟာမလေးကို ချီပွေ့ရတာပေါ့။ အဲဒီ ဟာမလေးက မီမီကို သူ့အမေအမှတ်နဲ့ မခွာတော့ဘူး။

"မာမီ၊ မီးကို ရေချိုးပေး"

"မာမီ ခါးခါးလူးပေး"

"မာမီ ထမင်းခွံ့ပေး"

"မာမီ အီးအီးပါချင်တယ်၊ အီး တည်ပေးဦး"

မီမီ စိတ်ညစ်လိုက်လာ။

ည ရောက်လာတော့ မီမီနဲ့သူ အိပ်ရမယ့် အခန်းထဲပါ အဲဒီဟာမလေး ပါလာတယ်။

မွေ့ရာပေါ် တက်အိပ်ပြီး . .

"မာမီ လာလေ၊ မီးကို ကျော ကုတ်ပေး၊ ပုံပြောပြ" . . တဲ့။

မီမီ သတို့သားကြီးကို တအံ့တသြ မေးမိတယ်။

"သူပါ ဒီမှာ အိပ်မှာလား"

သတို့သားကြီးက ဘာမှမဖြစ်သလို အေးအေးဆေးဆေးနဲ့ပြောတယ်။

"ဒါ . . ငါ့မိန်းမနဲ့ ငါအိပ်ခဲ့တဲ့ မင်္ဂလာဦးခုတင်ကွ၊ ငါ့သမီးနဲ့ ငါအိပ်နေကျ၊ ငါ့သမီးလေးပါ ဒီမှာ အိပ်မှာ"

ဘုရားရေ။ အဲဒီညက မီမီနဲ့ သူ့ ကြားမှာ အဲဒီကလေးမက အိပ်ပြီး၊ သူကတော့ ဟိုဘက်မှာ တရှုးရှူး ဟောက် လို့ပင်နေ၏။

မီမီမှာ ဆယ့်တစ်နာရီလောက် အထိ မအိပ်တဲ့ အဲဒီကလေးမလေးတို့ ပုံပြင်တွေ တတ်သမျှမှတ်သမျှ ပြောပြ ရတာ အာခေါင်တွေ ခြောက်ပြီး ကျော ကုတ်ပေးရတာ မီမီ လက်မောင်းတွေ ကိုအောင့်လို့။

အဲဒီကလေးမ အိပ်ပျော်သွား တော့ မီမီ အိပ်မရဘဲ တဲလေးထဲမှာ အမေနဲ့ကျန်ခဲ့တဲ့ သားနဲ့သမီးကို သတိရ ပြီး ငိုရတာ ခေါင်းအုံးတစ်လုံးလုံး မျက် ရည်ချောင်းထဲ နစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

မနက်လေးနာရီခွဲရင် မိမိ ထရ ...၊ ဘုရားပန်းလဲ၊ ဆွမ်းတော်ကပ် ...ဖို့က ပေါက်ပေါက်ဆုပ်တွေ ... ပြီးရင် မီးဖိုထဲဝင်ပြီးရင် ရေနွေး ... ထမင်းအိုးတည်၊ ကော်ဖီဖျော်၊ ...မုန့်နဲ့ကြက်ဥကြော်၊ ထမင်းကြော်၊ ...ရတာ ဖယ်စက်မတက်။

ငါးနာရီခွဲရင် ဝေဝေနိုးပြီ။ သူ့ကို ...တစ်ခုမှာ အရုပ်တွေ အပြည့်နဲ့ ...ထားတာမို့ ကျေကျေနပ်နပ် အိပ် ...။ နိုးတာနဲ့ မိမိကို အော်ခေါ်တာပဲ။

"မာမိ . . လာ . . မာမိရေ"

ဝေဝေကို မျက်နှာသစ်ပေးရ၊ ...သွားတည်ပေး၊ သန့်ရှင်းရေးလုပ် ...တ်လဲပေး၊ သနပ်ခါးလူးပေးရတယ်။

သူလေးက မိမိကို အမေရင်း ...ပြီး တွယ်တာတဲ့အခါ မိခင်စိတ်ရှိတဲ့ ...လည်း သူ့ကို သမီးလေးလို ချစ်နေ ...။

ဝေဝေကို ထမင်းစားခန်းထဲ ပွေ့ ... စားချင်တာ မေးမြန်း၊ လုပ်ပေး ခွံ့ ...ပြီးရင် ယောက္ခမကြီး နိုးလာပြီ။ ...တော့ မိမိ စီစဉ်ထားသမျှ ကျေနပ် ...။

"အမေတို့ လူရွေးမှန်တယ်၊ မိမိ ...တ်လာတာ အမေလဲ သက်သာ ...၊ ဝေဝေလေးအတွက်လဲ စိတ် ...တယ်"လို့ အမြဲပြောတယ်။

ယောက္ခမကြီး မျက်နှာသစ်ပြီး ...မင်းစားပွဲဝင်ချိန်ဆို ဟိုလူကြီး နိုးပြီ။

"မိမိရေ . . . မိန်းမ"

အိပ်ခန်းထဲကနေ အသံပြကြီးနဲ့ ...ခေါ်နေတာ ရှက်စရာ။ ယောက္ခမ ...က မိမိကို သွား၊ ဝေဝေလေးကို သူ ...ယ့်သဘောနဲ့ မျက်ရိပ်ပြတယ်။ ...န်းထဲ မိမိဝင်သွားရင် အဲဒီဟာကြီး ...ပ်ကြမ်းကြီးနဲ့ နွဲ့ချင်သေးတယ်။

"မိ အချစ်၊ လာပါဦး မောင့်နား"

"ရှူး အမေရော ဝေဝေပါ နိုးနေ ... ကိုထူး ထတော့မလား"

"နိုးနိုးကွာ၊ ငါ့မိန်းမ ငါချစ်တာ ...ဖြစ်လဲ"

"ဒုက္ခပါပဲ ကိုထူးတစ်ယောက် ကတော့"

မိမိက သူပြုသမျှ အလိုက်သင့် ငြိမ်ရင်း မိမိ ဖြစ်ချင်တာ ပြောကြည့် တယ်။

"ကိုထူး ဒီနေ့ နေ့ခင်းလောက် မိမိ ရွာပြန်ချင်တယ်၊ အမေနဲ့ ကလေး နှစ်ယောက် နေကောင်းရဲ့လားလို့"

"နေကောင်းပါတယ်ကွာ၊ မနေ့ က ဒေါ်တင်မြနဲ့တွေ့လို့ မေးကြည့်ပြီးပြီ မင်းပြန်လို့ ဘယ်ဖြစ်မလဲ၊ အိမ်မှာ လစ် ဟင်းကုန်မှာပေါ့၊ ဝေဝေလဲ မင်းမှမင်း ဘဝဟောင်းကို မေ့ထားစမ်းပါ အချစ် ရာ၊ ဒီနေ့ မတင်မြနဲ့တွေ့ရင် မောင် ငွေ နှစ်သိန်းပေးလိုက်မယ် ဟုတ်ပြီလား၊ ကဲ လာစမ်းပါဦး မောင့်နား၊ မင်းခေါင်းထဲမှာ ဘဝသစ်အဖြစ် မောင်နဲ့ သမီးကိုပဲ ထည့် ထား၊ ဟုတ်ပြီလား"

ဘဝဟောင်းကို မေ့ထားတဲ့။

တော်တော်ကို တရားမျှတတဲ့ လူကြီး။ ငွေနှစ်သိန်း ပေးလိုက်မယ်တဲ့။

လောကကြီးက အသပြာတစ်ခု တည်းနဲ့ပဲ တည်ဆောက်ထားတာလား၊ မေတ္တာတရားတွေ၊ ကြင်နာမှုတွေ၊ သစ္စာ တွေ၊ ကရုဏာတွေ ဘယ်ရောက်ကုန် ပြီလဲ။ ကိုနောင် မိမိ ဘဝထဲက ထွက် သွားတာလည်း ဒီငွေကြောင့်ပဲ။

တစ်ယောက်နဲ့တစ်ယောက် မြင် တောင် မမြင်ဖူးတဲ့ ဒီလူကြီးရဲ့ အိမ်မှာ အိမ်ဖော်တစ်ယောက်လို အလုပ်လုပ် ရပြီး ညပိုင်းပါ ဒီလူကြီးအတွက် အသုံး တော်ခံရတာလဲ ဒီငွေကြောင့်ပဲ။

မိမိမျက်ရည်ကျတော့ လူကြီးက ပျာယာပျာယာနဲ့။

"ဟေး . . စောစောစီးစီး မငိုနဲ့၊ ကျက်သရေယုတ်တယ်၊ ပြီတ္တာတို့ မျက် ရည် မြေမကျကောင်းဘူး၊ မင်းသိပ် သွားချင်နေရင် နေ့ခင်းကျ မောင်လိုက် ပို့မယ်"

တကယ်တမ်းကျတော့ အဲဒီနေ့ နေ့ခင်းမှာ ကလေးနှစ်ယောက်ဆီ မိမိ မရောက်ခဲ့ပါဘူး။

လူကြီးရဲ့ ဝေယျာဝစ္စ လုပ်ပေးရ ဈေးပြေးပြီး ဝယ်ခြမ်းရ၊ တစ်ယောက် တစ်မျိုး အကြိုက်မတူတဲ့ သူတို့အတွက် ချက်ပြုတ်ရ၊ လျှော်ဖွပ်ရ၊ ဝေဝေလေး ဂျီတိုက်တိုင်း လုပ်ပေးရနဲ့ ဖတ်ဖတ်ကို မောနေတာပဲ။ နဖူးပြင်မှာ ချွေးတွေ သီးပြီး လျှာအလျှားလိုက် ထွက်မတတ် ဖြစ်နေတဲ့ မိမိကိုကြည့်ပြီး သူက ပြုံးပြုံး ကြီး ကျေနပ်လို့။ ခိုင်းကောင်းတဲ့ နွားကြီး တစ်ကောင်ကို ခြေဆုံးခေါင်းဆုံး ကျေ နပ်စွာ ကြည့်တဲ့ မျက်လုံးတွေနဲ့။

ဒီနေ့ ဒီလူကြီးရဲ့ ခွင့်ပြုချက်နဲ့ မိမိ ရွာပြန်ခွင့်ရတယ်။ အခိုန် ကန့်သတ် ချက်နဲ့ပါ။ တစ်နာရီထက် ပိုမကြာရဘူး၊ မိမိ စလင်းဘတ်ထဲမှာ ငွေနှစ်သိန်းပါ တယ်။ မိမိ့လက်ဆွဲအိတ်ထဲမှာ ဝေဝေ မကြိုက်လို့ ပစ်ထားတဲ့ စတိုခန်းထဲက အရုပ်ပေါင်းစုံပါတယ်။

မိမိ့ယောက္ခမကြီးက နှင့်ကလေး ဖို့ သနားကြင်နာစွာ စွန့်ကြဲလိုက်တဲ့ ဂျယ်ရီတစ်ဘူးနဲ့ ကိတ်ခြောက်တစ်ထုပ် ပါတယ်။ ဆိုင်ကယ် ကယ်ရီသမားလေး ရဲ့ အရှိန်ဟာ နှေးနေသလိုပဲ။

မိမိ အိမ်ရှေ့အရောက်မှာ ဆိုင် ကယ်ပေါ်က လွှားခနဲ ခုန်ချမိတယ်။

"သားရေ၊ သမီးရေ"

မိမိ့အသံကို ကြားဟန်မတူဘူး၊ သားနဲ့သမီးရဲ့ စကျက်သံက ပျံ့လွင့် လာတယ်။

"ကိုးတစ်လီကိုး၊ ကိုးနှစ်လီ ဆယ့် ရှစ်"

"အေဘီစီအယ်အီး အက်ပဲ ပန်း သီး"

မိမိ့အသံကိုကြားပြီး မိမိ့အမေ ပြေးဆင်းလာတယ်။

"သမီးလား၊ မောင်ထူးကော၊ မပါဘူးလား"

"မပါဘူး အမေ"

ခနော်ခနဲ့ အိမ်လေးကို အမေ ပြန်ပြင်ထားတယ်။ အမေ ကိုယ်တိုင် လည်း ပြုံးပြုံးရွှင်ရွှင်။ အိမ်ရှေ့ခန်းမှာ ကလေးနှစ်ယောက် မှောက်ခုံမှောက်ပြီး





www.burmeseclassic.com

www.burmeseclassic.com

စာကျက်နေရာက မီမီကို တွေ့တော့ ပြေးဖက်ကြတယ်။

"မေမေ"

"မေကြီး"

ကလေးနှစ်ယောက်လုံး အဝတ်အစား သန့်သန့်ပြန့်ပြန့်နဲ့ သနပ်ခါးဖွေးလို့ ကလေးတွေ ကျောင်းနဲ့ နှစ်နှစ်ကင်းပြီး ဒီနှစ်မှ ပြန်တက်ရတာပါ။

"သားကြီးက သုံးတန်းမှာ တက်နေပြီ သမီးလေးက တစ်တန်း၊ အဲဒီလို ထားရတာ မောင်ထူးအောင် ကျေးဇူးတွေပါ"

အသက်ရှူကျပ်သလို မီမီတစ်ဆို့ဆို့ဖြစ်သွားတယ်။

"အမေရော့၊ ဒါ အမေ့သမက်ကြီး ပေးလိုက်တဲ့ ငွေနှစ်သိန်း"

"ငါ့သမက်လေး ကျန်းမာချမ်းသာပြီး အလုပ်အကိုင် အဆင်ပြေပါစေတော်"

"သားနဲ့ သမီးအတွက်ရော၊ မုန့်တွေနဲ့ အရုပ်တွေ"

မီမီပေးတဲ့ ဂျယ်ရီဘူးနဲ့ ကိတ်ခြောက်ထုပ်၊ အရုပ်တွေကို သားနဲ့သမီးက ဝေ့ဝဲကြည့်ပြီး တို့တောင် မတို့ဘူး၊ သမီးက မီမီ့ပေါင်ပေါ်တက်ထိုင်တယ်၊ သားက မီမီ့လက်မောင်းကို ဖက်တွယ်ထားတယ်။

"မေမေ၊ သမီးတို့ဆီ အပြီးပြန်လာတာလား"

"ဟုတ်တယ် မေမေ၊ သားတို့ မေမေနဲ့ နေချင်တယ်"

မီမီ သက်ပြင်းရှိုက်ရင်း ပြောတယ်။

"ဟိုမှာ မေမေ့ အလုပ်တွေရှိသေးတယ်၊ အဲဒီအလုပ်တွေလုပ်ပေးလို့ ဒီပိုက်ဆံတွေရတာ၊ သားတို့ ကျောင်းနေရတယ်၊ အဝတ်အစား လှလှဝတ်ရတယ်၊ ထမင်းဝဝစားရတယ်၊ အိမ်ပြင်ဆောက်ရတယ်၊ ဒါကြောင့် မေမေ အလုပ် ပြန်လုပ်ရဦးမယ်"

သားနဲ့သမီးက မီမီ့ကိုယ်ခန္ဓာဝတုတ်ကြီးကို တင်းကျပ်အောင် ဝိုင်းဖက်ထားရင်း မျက်ရည်ကျကြတယ်။

"မေမေ. . မပြန်ရဘူး၊ မေမေ မပြန်နဲ့"

"အဲဒီ အဝတ်တွေ မလိုချင်ဘူး၊ ထမင်းလဲ မစားဘူး၊ ကျောင်းလဲ မနေ ဘူး၊ မေကြီးနဲ့ နေချင်တယ်"

သားနဲ့သမီးရဲ့ ပါးပြင်ပေါ်လိမ့် ဆင်းနေတဲ့ ဆီးကင်းလောက်မျက်ရည် တွေက မီမီအတွက် အက်စစ်လို ပူ တယ်။ မျက်စိမျက်နှာ မျက်ယွင်းနေပြီး ငိုချင်မတတ်ဖြစ်နေတဲ့ မီမီကို အမေက ဝင်ထိန်းတယ်။

"အို. . ကလေးတွေ၊ အမေ မဆိုးရဘူး၊ အမေက ဟိုမှာ အလုပ်လု နေရတာ၊ သားတို့ သမီးတို့ ပြည့်ပြည့် စုံစုံနေဖို့ လုပ်နေတာ"

"ဘွားဘွားရဲ့၊ မေကြီးရှိရင် သာ တို့အတွက် ပြည့်စုံတယ်"

"ဟုတ်တယ်၊ မေမေက သမီးရဲ့ ကမ္ဘာကြီးပဲ"

မီမီဆုံးဖြတ်ခဲ့တာ မှားပြီလာ မရှုနိုင် မကယ်နိုင် တစ်ဆို့ဆို့ဖြစ်နေတဲ့ မီမီ ဘာဆက်လုပ်ရမလဲ။ အပိုင်းပိုင် ကွဲအက်နေတဲ့ မီမီ့နှလုံးသားက နှလုံး သားတွေက မျက်ရည်စက်တွေအဖြစ် ကျလို့ပါ။

❒ သန္တာမြတ်သော


**MASTER**

# ကိုစိုးလင်းထက်

- ဆေးမျိုးစုံနှင့် ပေါလစ် (POLISH)သုတ်လုပ်ငန်း၊
- တိုက်ခန်းမျိုးစုံ၊ လုံးချင်းတိုက်များ၊ ရေစင်ဂိုဒေါင်များ၊
- စတိုးဆိုင်နှင့် စားသောက်ဆိုင်များ (အမြန်)၊
- အိမ်ထောင်ပရိဘောဂ (သီးသန့်)၊ ပါကေး၊ လှျာထိုးမျိုးစုံအား အပ်နှံသူများ

စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

**အမှတ် (၂၅)၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၃၁၀၄၆၅၉၈၊ ၀၉-၂၆၄၀၄၃၄၁၀**


www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ထဲကပဝါ

အေးလွင်(ကသာ)

အိပ်မက်ဟူသည် ထူးခြားဆန်းကြယ်မှုများဖြင့် ပြည့်၍နေ၏။

သက်ရှိသတ္တဝါထဲတွင် လူသည် အထူးခြားဆုံး သတ္တဝါဖြစ်၍ အိပ်မက်များသည်လည်း ထူးခြားလှပေသည်။ သီလ၊ သမာဓိရှိသော သူတော်ကောင်းများသည် အနာဂတ်တွင်ဖြစ်မည့် ကိစ္စရေးရာများကို အိပ်မက်ဖြင့် တိတိကျကျ မြင်မက်တတ်ကြသည်။ သီလ၊ သမာဓိ မရှိသော်လည်း အနာဂတ်ကို ကြိုတင်မြင်မက်နိုင်သူများလည်း အများအပြားပင် ရှိလေ၏။

အိပ်မက်ဟူသည် မှန်သည်လည်း ရှိ၏။ မှားသည်လည်း ရှိ၏။ အတိတ်မှ ဖြစ်ပြီးခဲ့သော အဖြစ်အပျက်များသည်လည်းကောင်း၊ မိမိ၏အတွင်းစိတ်ထဲမှ ဖြစ်ချင်နေသော ဆန္ဒများသည်လည်းကောင်း၊ အိပ်မက်ထဲ၌ တိုက်ရိုက်သော်လည်းကောင်း၊ ပုံသဏ္ဌာန်ပြောင်း၍သော်လည်းကောင်း ထွက်ပေါ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သွေးလေ ချောက်ချား၍သော်လည်းကောင်း၊ နေရာထိုင်ခင်းမသန့်ရှင်း၍သော်လည်းကောင်း အဓိပ္ပာယ်မဲ့ တောင်စဉ် ရေမရ မက်တတ်ပါသေးသည်။ မကောင်းသော တစ်စုံတစ်ရာ၏စွမ်းအင်များကြောင့် ဘဝတွင် အဆိုးများနှင့် ကြုံရအောင် သွေးဆောင် ဖြားယောင်းတတ်သော အဖျက်အိပ်မက်များလည်း ရှိတတ်၏။

ဒုက္ခရောက်စေရန် သုခကိုအရင်ပေးပြီးမှ အတင်း တွန်းချတတ်သော ပရိယာယ်ကောင်းလှသည့် အိပ်မက်မျိုးဖြစ်သည်။ နတ်ဆိုး၊ နတ်ညစ်များ၏အိပ်မက်များဟု ဆိုရမည်ဖြစ်၏။ အိပ်မက်ကို အချို့က ရိုးရှင်းစွာသော်လည်းကောင်း အချို့က သင်္ကေတ နိမိတ်ပုံများဖြင့်လည်းကောင်း မက်တတ်သည်။

မိမိ၏ အိပ်မက်ကို ခုနှတန်စွာ အဓိပ္ပာယ် ဖော်နိုင်လျှင် အကျိုးရှိမည်ဖြစ်၏။ လျှို့ဝှက်နက်နဲလှသော စိတ်ပိုင်းဆိုင်ရာ ခံစားချက်များသည် အိပ်မက်အဖြစ် ထွက်ပေါ်တတ်ပါသည်။

အိပ်မက်နှင့် ပတ်သက်၍ ထူးခြားမှုလေးများကို ရေးသားတင်ပြလိုပါသည်။ ပထမဦးစွာ မိတ်ဆွေတစ်ဦး၏ အိပ်မက်အကြောင်း ဖြစ်သည်။

ထူးဆန်းသည်ဟု ဆိုရမည်ဖြစ်၏။ ထိုမိတ်ဆွေသည် ၁၀တန်းကျောင်းသားဘဝက အလွန် စာကြိုးစားသူဖြစ်၏။ စာမေးပွဲတွင် မေးမည့်မေးခွန်းများကို တစ်ဘာသာလျှင် ၆၀ မှတ်ဖိုး အိပ်မက်မြင်မက်သဖြင့် စာကို ရွေးကျက်ရပါလာသဖြင့် အလွယ်တကူအောင်မြင်ခဲ့၏။ တစ်ဘာသာလျှင် ၅၆ မှတ်ရ၏။

သူဘွဲ့ရ၍ ကျောင်းဆရာ လုပ်သောအခါ ၁၀ တန်းကို သင်သောအခါ၌လည်း အမှတ် ၆၀ ဖိုးခန့် အမြဲမြင်မက်၍ သင်ပေးသောအခါ အမြဲ တိုက်ရိုက်မှန်ကန်၏။

ထိုမိတ်ဆွေက. . .

"ကျွန်တော့် အိပ်မက်ကလဲဗျာ အမှတ်(၁၀၀)ဖိုး ဘယ်တော့မှ မမက်ဘူး၊ နှိုင်းမှိုင်းရင် ၁၀တန်းကျောင်းသားကတည်းက ဘာသာစုံဂုဏ်ထူးရှင်ဖြစ်ရမှာ၊ ကျောင်းဆရာဘဝမှာလဲ (၁၀၀)ဖိုး မမက်ဘူး၊ နှိုင်းမှိုင်းရင် ကျွပ်သင်တဲ့ဘာသာမှာ ကျောင်းသားအားလုံးနီးပါး ဂုဏ်ထူးရမှာ"

"ထိုက်တန်သလောက်ရတာကို လောဘမကြီးပါနဲ့လေ"

"လောဘ လုံးဝမကြီးပါဘူးဗျာ၊ အိပ်မက်ကိုက အပြည့်မပေးလို့ စိတ်နာတာပါ"

ထိုမိတ်ဆွေသည် လူသေသည်ကို မြင်မက်ပါက အောင်မြင်မှုများကို အမြဲရှိကြောင်း၊ လူသေကောင်သည် သေပြီးသူဖြစ်ပါက ကိစ္စမရှိသော်လည်း မသေသေးသူဖြစ်ပါက ထိုသူများသည် မကြာမီ ကွယ်လွန်သွားကြကြောင်းပြောပြပါသေးသည်။ တစ်ဦးတစ်ယောက်နှင့် သက်ဆိုင်သော ထူးခြားမှုဖြစ်ရပ်များ၊ လူအများနှင့်ပတ်သက်သော ထူးခြားဖြစ်ရပ်များကို အိပ်မက်ဖြင့် မြင်မက်တတ်သေး၏။

"ကျွန်တော် ဒီကိစ္စကို ကျွန်တော့်အဖေကိုပဲ ပြောပြဖူးတယ်၊ ညီအစ်ကိုချင်းတောင် မပြောပြဘူး၊ အမေက တအံ့တသြ ဖြစ်သွားတယ်၊ ကျွန်တော့်အကြောင်းကိုလဲ သိတော့ အဖေက တစ်ခွန်းပဲပြောတယ်၊ 'ငါ့သားရဲ့ အိပ်မက်ကို အဖေက လွဲပြီး ဘယ်သူ့ကိုမှ မပြောပါနဲ့'တဲ့၊ ခင်ဗျားကို ဒီလိုကိစ္စပြောရတာဟာ ရင်ဘတ်မိတ်ဆွေဖြစ်တဲ့အပြင် အိပ်မက်တွေကို စိတ်ဝင်စားတဲ့သူ၊ စာရေးနေတဲ့သူတစ်ယောက်ဖြစ်နေလို့ပါ"

"ကျွန်တော်က ယုံကြည်ပါတယ်၊ ခင်ဗျား အဖေက ခင်ဗျားကို သူများမယုံကြည်မှာစိုးလို့ တားတာ၊ နောက်ပြီး ထူးထူးခြားခြားလေးတွေ ပြောပြပါဦး"

"အင်း,ကျွန်တော့်မိဘတွေ မဆုံးခင်မှာ သူတို့ ဆုံးပါးတော့မှာကို အကုန်လုံး ကြိုတင်အိပ်မက်မက်တာပါ၊ ကိုယ့်အိပ်မက်က မှန်လွန်းနေတော့ ကြိုတင်ခံစားရတာပေါ့ဗျာ၊ ခင်ဗျားလဲ စဉ်းစားကြည့်လေ၊ ခင်ဗျား အဖေ ကွယ်လွန်မှာ၊ အမေဆုံးတော့မှာ ကြိုသိနေရင် ဘယ်လောက်ခံစားရမလဲ၊ ဒါကြောင့်တချို့က ကြိုတင် သိခွင့်ရှိခဲ့ရင် အဆိုးတွေကို ရှောင်နိုင်မယ်ထင်တယ်၊ တကယ်တော့ မလွန်ဆန်နိုင်တဲ့ နိယာမကြီးကို ကြိုတင်သိခွင့်ရှိတာ မကောင်းဘူးဗျာ"

ထိုမိတ်ဆွေသည် အိပ်မက်ဖြင့် စိတ်ချင်းဆက်သွယ်မှုအကြောင်း ဆက်ပြောပြန်၏။

"နေ့ခက်တစ်ခု ရှိသေးတယ်၊ ကျွန်တော်က ရပ်ဝေးမှာ အလုပ်သွားလုပ်တော့ အဖေနဲ့အမေကို ညအိပ်ရာဝင်တိုင်း စိတ်ထဲက ရည်မှန်းပြီး ကန်တော့တယ်၊ မေတ္တာပို့တယ်၊ မနက်မိုးလင်းရင် မေတ္တာပို့တယ်၊ ဒီအကြောင်းကို အဖေ့ပြောပြတော့ အဖေက ပြောတယ်၊ 'အဖေလဲသားတို့ကို အမြဲမေတ္တာပို့တယ်၊ အဖေပို့တဲ့မေတ္တာကို ရရှိခံစားရတယ်လို့ စိတ်ထဲမှာ မှတ်သားလိုက်ပါ၊ ထူးခြားလာမယ်'. . တဲ့"

ကျွန်တော့်မှာ သူ့စကားများကို စိတ်ဝင်စားလာပြီး . . .

"ဘာတွေ ထူးခြားလာသလဲဗျ၊ ပွင့်ပွင့်လင်းလင်း ပြောပြပါ၊ ကျွန်တော် ယုံကြည်ပါတယ်"

"အင်း, ကျွန်တော်ဒုက္ခတွေ့ချိန်ဆို အိပ်မက်ထဲမှာ အဖေက လာပြီး အားပေးစကားပြောတယ်၊ အခက်အခဲတွေဖြေရှင်းတဲ့ နည်းတွေ လာပြောပြတယ်၊ အဲဒီတုန်းက အဖေသက်ရှိထင်ရှားရှိသေးတယ်၊ ဘယ်လောက် ခက်ခဲပါစေ၊ ငါ့မှာ အဖေရှိတယ်ဆိုတဲ့ အသိက အရာရာကို လုံခြုံစိတ်ချစေတယ်၊ အဖေ ဆုံးပါးတော့ မမြင်ရတဲ့ အကာအကွယ်ကြီး ဆုံးရှုံးသွားသလို ခံစားရတယ်ဗျာ"

"ခင်ဗျားတို့သားအဖရဲ့ ချစ်ခြင်းမေတ္တာနဲ့ စိတ်ချင်းဆက်သွယ်မှုက အံ့သြစရာပါပဲ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်"

ထိုမိတ်ဆွေသည် ယခုထက်တိုင်အောင် ထူးခြားမှုများကို အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ကြိုသိနေသူဖြစ်၏။ ယခု အခါက ရေးသားတင်ပြလိုသော အိပ်မက်ပိုင်ရှင်မှာ အထက်မြန်မာပြည်မှ ဆရာတော်တစ်ပါး၏အိပ်မက် ဖြစ်ပါသည်။

ထိုဆရာတော်သည် အရွယ်အားဖြင့် သက်တော် ၅၅ခန့် ရှိပြီဖြစ်၍ သီလ၊ သမာဓိ ဂုဏ်တို့ဖြင့် ပြည့်စုံ၏။ တောတောင်ကြားရှိ ရှမ်းရွာဒေသတွင် သာသနာပြုနေသော ပုဂ္ဂိုလ်လည်း ဖြစ်၏။

ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆက်ဆံတတ်၍ အမြင်မတော်သည့် ကိစ္စများကို ပြောင်ဖွင့်ပြောတတ်သူဖြစ်၏။ တောတောင်ကြားထဲတွင် ရှိနေသော ဆရာတော်သည် တစ်ရက်တွင် ထူးတော့သည်။ အဖျားကတက်လိုက်၊ ကျလိုက်ဖြင့် ရှိနေ၏။ ဆေးဝါးမပြည့်စုံသော အရပ်ဒေသတွင် အလူးအလှိမ့်ခံနေရ၏။ မြတ်စွာဘုရား၏ ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း ဝေဒနာကို အန်တုနေရ၏။

ညနေစောင်း၌ အဖျားကျသော အခါ ထ၍ ဘုရားရှိခိုး အမျှဝေကာ အိပ်ရာထဲလှဲရင်း ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကာနေ၏။ မကြာမီ မှာပင် အိပ်ပျော်သွား၏။ အိပ်မက်ထဲတွင် လူနှစ်ယောက်က လာ၍ . . .

"အရှင်ဘုရား၊ တပည့်တော်တို့က ငရဲမင်းတွေပါ၊ ငရဲသားတွေ ငရဲကျခင် သရဏဂုံတည်ပေးချင်လို့ လာခဲ့တာပါဘုရား"

ဆရာတော်က လိုက်သွား၏။ ငရဲကျမည့်သူများကိုကြည့်ရာ ပရိသတ်များလွန်းသဖြင့် စိတ်ထဲမှ ငရဲကျမည့်သူတွေ အတော်များတာပဲဟု တွေးမိလိုက်၏။ ထို့နောက် ပရိသတ်တစ်သုတ်ပြီးတစ်သုတ် သရဏဂုံ တည်ပေးရာ မိုးလင်းခါနီးမှ ပြီးသွား၏။ လူလည်း အတော်လေး ပင်ပန်းသွား၏။ အိပ်ရာမှ နိုးလာသောအခါတွင် ချွေးများဖြင့် ရွှဲစိုနေ၏၊ အဖျားလည်း ပျောက်ကင်းနေပြီဖြစ်၏၊ ဆရာတော်မှာ ညက အဖြစ်အပျက်သည် တကယ်လား၊ အိပ်မက်လားဟု ဝေခွဲမရအောင် ဖြစ်နေ၏။

သရဏဂုံတည်ပြီးနောက် ငရဲကျမည့်သူများ တန်းစီပြီး ငရဲခံနေရပုံကို စိတ်ထဲကွက်ကွက်ကွင်းကွင်း ပြန်မြင်ရာ ကျောချမ်းစရာကောင်းလှသည်။

ထိုအိပ်မက်သည် ဘာကိုရည်ရွယ်၍ မက်သည်ကို မသိသော်လည်း ထိုအိပ်မက်မက်ပြီးနောက် ငရဲကျမည့် အလုပ်များကို ရှောင်ကြဉ်ကြရန် တရားဟောတိုင်း ဟောကြား၏၊ ရဟန်းဘဝဖြင့်သာ တစ်သက်လုံး နေထိုင်ကျင့်ကြံရန် အခိုင်အမာ ဆုံးဖြတ်လိုက်ကြောင်း ကျွန်တော့်ကို ပြောပြ၏။

ဆရာတော်နှင့်ဆုံမိခိုက် ရင်းရင်းနှီးနှီး ပြောပြခြင်း ဖြစ်၏။ ဘေးမှ နားထောင်နေကြသော ဦးပဉ္စင်းတစ်ပါးက "ကိုယ်တော်ရဲ့ အိပ်မက်ထဲက ပဝါလေး အကြောင်းလေးကို ပြောပြလိုက်ပါဦး၊ စာရေးဆရာ စိတ်ဝင်စားသွားလိမ့်မယ်"

"စိတ်ဝင်စားရင် စာရေးမယ်၊ အရှင်ဘုရားရဲ့ ဓာတ်ပုံထည့်ပေးမယ်"

"အမယ်လေး၊ မလုပ်လိုက်ပါနဲ့ စာရေးဆရာရယ်၊ နာမည်ကြီးကုန်ဦးမယ်"

"နာမည်ကြီးတော့ မကောင်းဘူးလားဘုရား"

"မလိုတော့ပါဘူး စာရေးဆရာရယ်၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်လွန်းလို့ အချိန်မရဖြစ်နေတာ၊ အပိုဗာဟီရ ကိစ္စတွေ တတ်နိုင်သမျှ လျှော့ထားတယ်"

"ဒါဆိုရင် အခုပြောမယ့်ဇာတ်လမ်းကတော့ ရေးရမှာလားဘုရား"

"ရေးပါ၊ ခွင့်ပြုပါတယ်၊ တကယ်ထူးဆန်းလွန်းလို့ လူတိုင်းကို မပြောပြခဲ့ပါဘူး၊ မယုံမှာစိုးတာရယ်၊ အခုလိုဘဝမျိုးမှာ ပြောဖို့မသင့်တော်တာရယ် ကြောင့်ပါ၊ ဒါကြောင့် ဓာတ်ပုံနဲ့ မဖော်ပြပါနဲ့၊ နာမည်ကို မသုံးပါနဲ့၊ ဒီအဖြစ်ဟာ တကယ်မက်ခဲ့တဲ့ အိပ်မက်ပါ"

"အရှင်ဘုရား ဘယ်အရွယ်က မက်ခဲ့တဲ့ အိပ်မက်လဲဘုရား"

"ကျုပ်က ၁၀ တန်း စာမေးပွဲကို နှစ်ကြိမ်ကျပြီးစအချိန်ဆိုတော့ အသက် ၁၈နှစ်သား လောက်ကပေါ့၊ အသက် ၂၀ ရောက်တော့ ရဟန်းဝတ်ပြီးနေခဲ့တာ အခုထက်ထိပဲ၊ အဲဒီတုန်းက လူဝတ်ဆိုတော့ နာမည်က အောင်ဖုန်းလို့ ခေါ်တယ်ဗျာ"

ဆရာတော်သည် ငယ်ဘဝက အကြောင်းထဲမှ အိပ်မက်အကြောင်း ပြောရန် ဟန်ပြင်လိုက်တော့ မျက်နှာတွင် လွမ်းရိပ်များ ဝေ့ဝဲသွားသည်ကို ဖျတ်ခနဲ တွေ့လိုက်ရ၏၊ ပြီးမှ ခပ်လေးလေးအသံဖြင့် . . .

"အဲဒီတုန်းက ကျုပ်အသက် ၁၈ နှစ်ကျော် ၁၉ နှစ်ထဲမှာ၊ အခု ကျုပ် သီတင်းသုံးနေတဲ့ ရွာကို အလည်လာခဲ့တယ်၊ ရွာမှာ ဆွေမျိုးတွေ ရှိကြတော့ တစ်ခါလာလည်ရင် ၃လ၊ ၄လလောက် နေပြီးမှပြန်တယ်၊ တစ်ရွာလုံးက ဆွေမျိုးတွေ၊ ဆွေမျိုးလို ခင်တဲ့သူတွေပဲ၊ အရွယ်အကောင်းဆုံး အချိန်ဆိုတော့ ပျော်ပြီး ရင်းပျော်ပေါ့ဗျာ"

မောင်အောင်ဖုန်းက အခြားဒေသမှလာသော်လည်း ရွာထဲရှိ ဆွေမျိုးများကြောင့် ဒေသခံလိုဖြစ်နေ၏။ မနက်မိုးလင်းလာလျှင် ဆွေမျိုးများနှင့်အတူ တောထဲဝင် အလုပ်လုပ်ကူသည်။ ပြန်လာလျှင် ဟိုအိမ်က ထမင်းစားဖိတ်၊ သည်အိမ်က ထမင်းစားဖိတ် ရှိသဖြင့် အလှည့်ကျ လိုက်စားသည်။ ပြီးလျှင် ရွာရှိကာလသားများနှင့်အတူ အပျိုအိမ်လိုက်လည်ကြ၏။ တောဓလေ့ စရိုက်အပြည့်အဝရှိကြသဖြင့် အလွန်ပျော်စရာကောင်းသည်ဟု ဆိုရမည်ဖြစ်၏။

ရပ်ရေး ရွာရေးသာရေး နာရေး ကိစ္စများကို ကာလသားများနှင့် အတူဝင်လုပ်ကိုင်၏။

သူလာလည်ပြီး အိမ်ပြန်လျှင် တစ်ရွာလုံးက လွမ်းရသလို သူကလည်း လွမ်းရပါသည်။ တစ်ခါတစ်ခါမှ ကာလသားများက သူ့ထံသို့ လာလည်ကြ၏၊ ကြာလာတော့ သူ့ကို ရွာထဲမှ သူများက



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရွာထဲမှာ အခြေချ နေထိုင်ရန် တိုက်တွန်းကြ၏။

တစ်ရက်တွင် သူတို့ရွာနှင့် ၅မိုင်ခန့်ဝေးသော ရွာတွင် ဇာတ်ပွဲတစ်ခု လာရောက် **ကပြ၏။ အလှူပွဲစည်ကား စေရန် ဇာတ်အဖွဲ့တစ်ခု ငှားရမ်းပြီးကပြစေခြင်းဖြစ်၏။** ရွာထဲရှိကာလသားများ၊ ကာလသမီးများ အလွန်ပျော်ရွှင်ရသော ပွဲဖြစ်၏။ တောကြားထဲရှိ ရွာလေးများတွင် ထိုစဉ်က အဓိက ဖျော်ဖြေမှုမှာ ဇာတ်သဘင်ပဲ ရှိ၏။ တစ်နှစ်မှတစ်ခါသာ ကြည့်ရသည်မို့ အားလုံးပျော်ကြရသောပွဲ ဖြစ်၏။

တောရွာနေလုလင်ပျို၊ လုံမပျိုတို့ ဆုံတွေ့သောအချိန်အခါဖြစ်၏၊ **ရှိသမျှ** ကိုဝတ်ဆင်၍ အလှဆုံး **ပြင်ကြပြီး** ပွဲသွားရန် အားခဲထားကြ၏၊ **ညနေပိုင်း** ရောက်သောအခါ ပွဲလိုက်မည့် **လူပျို အပျိုများကို လူပျိုခေါင်း အပျိုခေါင်း များက စုစည်းပြီး** အတူတကွ သွားကြည့်ကြခြင်း **ဖြစ်၏။** ပြန်လျှင်လည်း အတူတကွ ပြန်ကြခြင်းဖြစ်၍ စုစုစည်းစည်း ညီညီညွတ်ညွတ် ရှိကြလေ၏။ လူပျိုခေါင်း၊ အပျိုခေါင်း၏ စီမံခန့်ခွဲမှုကို အားလုံးက လိုက်နာကြရ၏။ လွှမ်းဖွယ်ကောင်းသော မြန်မာ့ရှေးဓလေ့များဖြစ်၏။ ယခုတော့ ပျောက်ကွယ်သွားမတတ် ရှိပြီဖြစ်၏။

မောင်အောင်ဖုန်းတို့ လူပျိုများမှာလည်း တအားတက်ကြွ ပျော်ရွှင်နေကြသလို အပျိုများမှာလည်း အလှဆုံးပြင်ဆင်၍ ပွဲကြည့်ရန် ရန်ခုန်နေကြ၏။

ထမင်း စောစောစားပြီး လူပျိုခေါင်းအိမ် သွားနေလိုက်၏။ ဟိုလူခေါ်၊ သည်လူခေါ်ဖြင့် လူပျိုခေါင်းခိုင်းသမျှ တက်ကြွစွာ လုပ်ပေးနေ၏။

လူအားလုံးစုံသည်နှင့် ပွဲသွားရန် လှည်းဖြင့် ထွက်ခွာကြ၏။ လှည်းပေါ် ရောက်ပြီးမှ မောင်အောင်ဖုန်းက လူပျိုခေါင်းကို . . .

"ကိုကြီးသာဦး၊ ကျွန်တော် ဗိုက်သိပ်နာလို့ အိမ်သာတက်ဦးမယ်"

"ဟာ. . . မင်းကလဲ အရေးထဲ အရာပေါ်နေပြန်ပြီ၊ စောင့်နေရင် ကြာတော့မယ် အောင့်ထားလိုက်ပါကွာ"

"ဟာ. . မရဘူးဗျ စောင့်ပါဦး"

ကာလသား အများစုက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းနောက်**ပြောင်နေကြ၏။** ပွဲသွားရန် အလွန်စိတ်**စောနေကြသည်မို့ မောင်အောင်ဖုန်းကို စောင့်ရန် အချိန်ကလေးပင် မပေးနိုင်အောင်ဖြစ်နေကြ၏။**

**လူပျိုခေါင်း သာဦးက. .**

"**တဲ တဲ မင်း အိမ်သာတက်ပြီးမှ သွက်သွက်ကလေးလိုက်ခဲ့၊ တို့ကတော့ ဖြည်းဖြည်းချင်း သွားမယ်၊ လမ်းမှာမမီလဲ ပွဲခင်းထဲမှာ ဆုံမှာပဲကွာ၊ ဒီတောလမ်းကို သွားရဲတယ် မဟုတ်လား**"

"**ဘာ မသွားရဲစရာရှိသလဲဗျ၊ တောသားပဲ လုံးဝ မကြောက်ဘူး**"

မောင်အောင်ဖုန်းမှာ လှည်းပေါ်မှ ဆင်း၍ အိမ်ရှိအိမ်သာသို့ အပြေးသွားပြီး အိမ်သာတက်နေလိုက်၏။ ဗိုက်က ရစ်ရစ်နာနေသည်မို့ အိမ်သာထဲတွင် အချိန်ကြာသွား၏။ ကိစ္စများပြီး၍ လိုက်ရန်ဟန်ပြင်တော့ ခေါင်းက တရိပ်ရိပ်မူးလာသဖြင့် အိမ်ပေါ်သို့ တက်လိုက်ရ၏။ အိမ်ပေါ်ရှိ သူ့ဘကြီးနှင့် ကြီးတော်က. . .

"ဟဲ့၊ အောင်ဖုန်း၊ ပွဲမလိုက်သွားဘူးလား"

"ဗိုက်နာလို့ အိမ်သာတက်နေတာ၊ ပြီးတော့ ခေါင်းမူးလာတာနဲ့ ခဏလှဲလိုက်ဦးမယ်၊ ပြီးမှ လိုက်သွားမယ်"

"နင်က ဘာအစားမှားလို့လဲ၊ အစားမှားဖြေဆေး သောက်မလား"

"ရတယ်၊ ဘကြီး ခဏနေသက်သာသွားမှာပါ"

ပြောရင်းဆိုရင်း အိပ်ရာထဲဝင်လှဲ၍ ခေါင်းနှင့်ခေါင်းအုံး ထိမိလေတော့ တစ်ချိုးတည်း အိပ်ပျော်သွားသည်။

အိပ်မက်ထဲတွင်. .

"ဟာ ငါပွဲခင်းထဲလိုက်သွားရမှာပါလား"

ဟု ရေရွတ်ရင်း ပွဲသွားရန် အိပ်ရာထဲမှထပြီး ထွက်လာခဲ့သည်။

မိုးချုပ်နေပြီဖြစ်သဖြင့် ရွာထဲတွင် အိပ်ပျော်နေကြပြီ ဖြစ်၏။ ပွဲခင်းသို့ ရွာထဲရှိ လူကုန်နီးပါးသွားသဖြင့် ရွာမှာ တိတ်ဆိတ်နေသည်။ ရွာ၏ အနောက်ဘက်လမ်းအတိုင်း ဓာတ်မီးတစ်လက်ဖြင့်ထွက်ခဲ့ရာ ရွာအထွက် မိုင်ဝက်ခန့်တွင် တောစပ်ထဲမှ ကွင်းပြင်ကို တွေ့ရ၏။ ကွင်းပြင်၏အဆုံးတွင် အိမ်တစ်လုံးကို မီးရောင်ဖြင့် တွေ့ရသဖြင့် စိတ်ထဲထူးဆန်းသွား၏။

ဒီဘက်ပိုင်းကို ရောက်ဖူးသော်လည်း အလာနည်းသဖြင့် အိမ်ရှိ, မရှိ မသိခဲ့ပေ။ ယခုတော့ မီးရောင်ဖြင့် တွေ့ရ၍ စိတ်ဝင်စားပြီး ကွင်းပြင်ကိုဖြတ်၍ အိမ်ဘက်သို့သွားခဲ့သည်။

ကျေးလက်နေ လူငယ်သဘာဝ တောလမ်းခရီး ညအမှောင်ကို လုံးဝမကြောက်ပေ။ စူးစမ်းလိုသော စိတ်ဖြင့်သာ သွားခဲ့ခြင်း ဖြစ်၏။

ခြံစည်းရိုးနား ရောက်သောအခါ ခြံတံခါးဝတွင် အသက်လေးဆယ်ခန့် မိန်းမကြီးကို တွေ့ရ၏။

မိန်းမကြီးက သူ့ကို . . .

"လာကွဲ့ ငါ့တူရဲ့၊ မင်းကို စောင့်နေတာကြာပြီ၊ မင်းညီမကလဲ ပွဲကြည့်ချင်နေတာနဲ့ မင်းကိုမျှော်နေတာ၊ ငါ့တူ ခေါ်သွားလိုက်ဦး" ဟု ပြော၍ အိမ်ထဲသို့ ခေါ်သွားရာ အသက် ၁၆ နှစ်ခန့် မိန်းမပျိုလေးကို တွေ့ရ၏။

အကျီအဝါရောင်၊ လုံချည်ကချိတ်ထဘီဖြင့် လှချင်တိုင်း လှနေသော မိန်းကလေးကို အံ့သြစွာကြည့်မိသည်။

မိန်းကလေးက . . .

"အစ်ကိုနဲ့အတူ ပွဲကြည့်ချင်လို့ စောင့်နေတာ၊ ခေါ်မှာလား"

"ဟာ. . ခေါ်သွားမှာပေါ့၊ ဟိုမှာ အဖော်တွေရှိတယ် မဟုတ်လား"

"တစ်ယောက်တည်းပါ၊ တစ်ယောက်တည်း အဖော်မရှိလို့ အစ်ကို့ စောင့်နေတာ ကြာလှပါပြီ"





www.burmeseclassic.com

www.burmeseclassic.com

"ကဲ ငါတို့ စိတ်ချလက်ချထည့်...မယ်၊ အိမ်အထိ ပြန်ပို့နော်"

"ဟုတ်ကဲ့ပါ အဒေါ်၊ ညီမအရင်း... စောင့်ရှောက်ပါ့မယ်"

ပြောပြီး ပွဲခင်းရှိရာသို့ ထွက်ခဲ့...။ နှစ်ယောက်သား တစ်ယောက်...ကို တစ်ယောက်ဆွဲပြီး စကား...ပြောပြောဖြင့် လာခဲ့ကြ၏။ စကား...ဆုံ ပြောမကုန်အောင် ရှိနေသည်။ ...ထဲတွင်လည်း အလွန်အေးချမ်းစွာ...သည်ကို သတိပြုမိ၏။ ရန်ခုန်လှိုက်... လုံးဝမရှိဘဲ ကြည်လင်သန့်ရှင်း... မေတ္တာစိတ်ဖြင့် ဆက်ဆံကြ၏။ ...ထဲ ရောက်သောအခါ ရွာထဲမှ...လသားများကို လိုက်ရှာရာ မတွေ့... နှစ်ယောက်သား အကြော်ဆိုင်...ပြီး စကားပြောကြသည်။ သူတို့...ကို အခြားဝိုင်းမှ ကာလသား၊ ...လသမီးများက အထူးအဆန်းလို...ကြည့်ကြသဖြင့် ရှက်မိသေးသည်။ ...သောအခါ ပွဲခင်းအစွန်းဘက်တွင်...ယောက်သား ပွဲကြည့်ကြ၏။ သူတို့...ကြည့်သောနေရာအေးတွင် ချစ်သူစုံတွဲ...လည်း ကြည့်ကြသဖြင့် ကိုယ့်ကို...ဝင်စားသဖြင့် ဝမ်းသာရပေသည်။

ညဉ့်နက်လာလေသောအခါ...င်းလက်ကျန် မြောက်ပြန်လေက...သဖြင့် ချမ်းလာကြသည်။ ချစ်သူ... များက ရွာဓလေ့အရ စောင်ခြုံပြီး...ကြည့်ကြသည်။ ဤဒေသတွင် ပွဲကြည့်... ညအခါ ချမ်းသဖြင့် စောင်ယူခဲ့... စောင်ခြုံ၍ပွဲကြည့်ကြခြင်းဖြစ်၏။ ...သုံးစားများ အကြိုက်တွေ့ရသော... စောင်ခြုံပွဲဟု ခေါ်ကြခြင်း ဖြစ်...။

မောင်အောင်ဖုန်းက စောင်မပါ... သို့သော် မိန်းကလေးက သူမှာ...သော ခြုံစောင်ထုတ်ပြီး နှစ်ယောက်...ခြုံပြီး ပွဲကြည့်ကြသည်။

စကားပြောလိုက် ပွဲကြည့်လိုက်... မနက် ၃ နာရီ ကျော်သောအခါ...လေးက. . .

"အစ်ကို အိမ်ပြန်စို့ မိုးမလင်းခင် အိမ်ရောက်မှ ဖြစ်မယ်" ဟု ပြောသဖြင့် အိမ်ပြန်ခဲ့ကြသည်။

တောလမ်းထဲတွင် နှစ်ယောက်သား လက်ဆွဲပြီး ပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်သောအခါ အဒေါ်ကြီးက-

"ဘယ့်နှယ်လဲ ပွဲက ကြည့်လို့ကောင်းရဲ့လား"

"ကောင်းတယ်ဗျ"

"ကောင်းတယ်ရှင့်"

ပြိုင်တူ ဖြေမိသဖြင့် ရယ်မိကြသေးသည်။

အဒေါ်ကြီးက . . .

"ငါ့တူကို သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ဒီမှာ အိပ်ချင်လဲအိပ်သွားနော်"

"ဟာ, မအိပ်ဘူး၊ အိမ်ပြန်မှာပါ"

အဒေါ်ကြီးက အပေါ်သို့ တက်သွားရာ ဧည့်ခန်းထဲထိုင်နေသော မိန်းကလေးက . . .

"ကျေးဇူးတင်တယ် အစ်ကိုရယ်၊ ညီမ နာမည်က မနှင်းမြပါ၊ အစ်ကို့ကို အမှတ်တရ လက်ဆောင်ပေးလိုက်မယ်၊ တစ်သက်လုံး သိမ်းထားနော်"ဟုဆိုပြီး လက်ကိုင်ပဝါ အဝါလေးကို ပေးခဲ့၏။ ပိုးသား လက်ကိုင်ပဝါလေးပင် ဖြစ်၏။ မောင်အောင်ဖုန်းက နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့ရာ အိပ်မက်ထဲမှ လန့်နိုးခဲ့ရ၏။ အပြင်တွင် မိုးလင်းနေပြီ ဖြစ်သည်ကို တွေ့ရ၏။

ညက ပွဲကြည့်ခဲ့သလား၊ အိပ်ပျော်ရင်း အိပ်မက်မက်ခဲ့သလား၊ ဝေခွဲမရသဖြင့် အိတ်ထဲစမ်းကြည့်ရာ လက်ကိုင်ပဝါ အဝါလေးကို တွေ့ရသဖြင့် ရူးချင်သွား၏။

မကြာမီ ရွာထဲသို့ ပြန်လာကြသော ပွဲပြန်သူများ၏ အသံကို ကြားရ၏။ ကာလသားများက မောင်အောင်ဖုန်းကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၏။ သူကလည်း ပွဲခင်းထဲလိုက်လာခဲ့၏။ ရှာမတွေ့ကြောင်း ပြန်ချေပ၏။

နောက်ဆုံးတွင် ကာလသားခေါင်းက. . .

"မင်းအိမ်က မင်း တစ်ညလုံး အိပ်နေတာလို့ ပြောတယ်၊ မင်းက ပွဲခင်း ထဲလိုက်ခဲ့တယ် ပြောတယ်၊ ဒါဆိုရင် ညတုန်းက ကပြတဲ့ ပြဇာတ်နာမည်ကို ပြောစမ်း"

"ကိုကြီးသာဦးရယ်၊ ပြဇာတ်က မိုးလားလေလား၊ နောက်ပိုင်းဇာတ်က လက်ဝဲသုန္ဒရီအမတ်ကြီးအကြောင်း က, တာဗျ"

အားလုံး စိတ်ရှုပ်ထွေးသွား၏။ သူတို့ထက် ပိုစိတ်ညစ်ရသည်မှာ မောင်အောင်ဖုန်း ဖြစ်၏၊ အခြေအနေ အရပ်ရပ်ကို သုံးသပ်ကြည့်သောအခါ သူ့ဘကြီးနှင့် ကြီးတော်က သူတစ်ညလုံး တခေါခေါနှင့် အိပ်နေသည်ကို ပြောကြသည်။ သူက အိပ်မက်ထဲတွင် ပွဲကြည့်နေခြင်း ဖြစ်၏။

သို့သော် လက်ကိုင်ပဝါလေးက အိတ်ထဲမှာရှိနေပြန်၏။ ထိုရွာလေးတွင် မောင်အောင်ဖုန်း အကြောင်းကို ပြောစမှတ်တွင်သွားရ၏။ သူသွားခဲ့သော အိမ်နေရာကို သွားကြည့်ကြ၏။ မည်သည့်အိမ်မျှ မရှိပေ။ သို့သော် ခြေရာများ တွေ့ရ၏။ စိတ်ညစ်လွန်းသဖြင့် မိဘရပ်ထံ ပြန်ခဲ့သည်။

❖

"အရှင်ဘုရား၊ အဲဒီတုန်းက အိပ်မက်လား၊ တကယ်လား၊ ဘယ်လို သဘောရသလဲ ဘုရား"

"အိပ်မက် မက်တာက အမှန်ပဲဗျ၊ ဒါပေမယ့် လက်ကိုင်ပဝါက လက်တွေ့ရှိပြန်တော့ ဘာပြောရမှန်းကို မသိတော့ပါဘူး၊ ကျုပ်လဲ ရဟန်းဝတ်ပြီး အဲဒီ ရွာက ပင့်တာနဲ့ နေဖြစ်ခဲ့တာ အခုထက်ထိပဲ"

"အခုကော၊ အဲဒီ ပဝါလေးရှိသေးလား ဘုရား"

"ကျုပ် တရားကိုလုပ်ပြီး သိလာတော့ စွန့်ပစ်လိုက်ပြီ"

❒ အေးလွင်(ကသာ)



www.burmeseclassic.com

www.burmeseclassic.com

"ကိုသာဒင်. . ."

"အေ. . . ဟေ. . ."

"ညနေ ထမင်းအိုးတစ်လုံးတော့ တည်ထားပေးနော်၊ ကျွန်မ နည်းနည်း နောက်ကျမလားလို့၊ ဟုတ်လား ကြား လား"

"ဟ. . . ကြားတယ်၊ ငါ နား မလေးဘူး၊ စိတ်ချ သွားမပုနဲ့"

"ငါးရံ့ခြောက်တွေလဲ ရှပ်ဖို့ မေ့ နေမယ်နော်၊ ရှင်က မေ့တတ်လို့ မှာရ တာတော့"

"ငါ့ ကလေးများ မှတ်နေလား။ ဟာ, စိတ်ချစမ်းပါ၊ နေ့တိုင်းလုပ်နေကျ အလုပ်တွေ၊ မေ့စရာလားဟ"

"ကဲ. . ဒါဆို လာ၊ ဈေးတောင်း ပင့်ပေး"

"ကဲ. . အဲ, အေး. . ဟုတ်ပြီ"

အထက်ပါ အချီအချ စကား ပြောနေကြသော လင်မယားနှစ်ဦးကား ဦးသာဒင်နှင့် ဒေါ်ကျင်အေးတို့နှစ်ဦး။

ဒေါ်ကျင်အေး ဈေးရောင်းထွက် ခါနီး မှာကြား ပြောဆိုနေကြခြင်းသာ။

ဦးသာဒင်ကား အသက်(၄၀) ခန့်ရှိ၍ ဒေါ်ကျင်အေးလည်း(၄၀) ခန့် ရှိပြီး သား သမီးမရှိကြဘဲ ငယ်လင် ငယ်မယားများဖြစ်ကြပြီး ကွဲသောင်ရွာ တွက်သစ်တန်းတွင် နေကြပြီး ဈေး တောင်းအတွင်း ဆီဆား ငရုတ်၊ ကြက် သွန်၊ နနွင်း၊ မဆလာ၊ ငံပြာရည်၊ ငါးပိ များ ဘူးကြီး၊ ဘူးငယ်၊ ပုလင်းများနှင့် ထည့်၍ ခေါင်းတွင်ရွက်ပြီး တူးရိုးရွာ၊ ကတက်ကုန်းရွာ၊ ဇီးဖြူကုန်းရွာ ၊ရွှေ ကညင်ပင် စသော ရွာနီးတစ်ပိုက် လှည့်လည်၍ရောင်းသော ခေါင်းရွက် ဈေးသည် ဒေါ်ကျင်အေး ဖြစ်သည်။ ငွေလည်း ရချင်ရင်ရ၏။ ပဲနှင့် လဲချင် လည်း လဲကြ၏။ ဆန်နှင့် တန်ဖိုးသင့်၍ လဲလှယ်ချင်လဲကြ၏။ နံနက်ပိုင်း ကြုံရာ (ထမင်းစားချိန်ကျလျှင်)အိမ်တစ်အိမ်က ကျွေးသည့် ထမင်းအား စား၍ ညနေ ၃ နာရီဝန်းကျင်မှသာ ဒေါ်ကျင်အေး ပြန်ရောက်လေသည်။

ပြန်ရောက်လာသော အခါ ဦးသာဒင်က ဆန်များအား ဆန်ပုံးတွင် လည်းကောင်း၊ ပဲများအား ပဲတောင်း တွင်လည်းကောင်း ပေါင်းရလေသည်။

ပြီးလျှင် ဆီပုလင်းများ၊ ငံပြာ ရည်ပုလင်းများ၊ ဟင်းခတ်အမွှေးအကြိုင် များအား ထပ်မံဖြည့်ထားရသည်။ ချင် ခွက်များအားလည်း စစ်ဆေးထည့်ရ သည်။ အိမ်တွင် ဆီပုံးလိုက်၊ ငံပြာရည်





www.burmeseclassic.com

www.burmeseclassic.com

လည်း ပုံးလိုက်၊ အခြားငါးပိ၊ မန်ကျည်း
ဒီး စသည်လည်း တစ်လစာခန့်ရောင်း
နိုင်ရေး၊ တစ်လတစ်ကြိမ်ခန့် ခုနစ်မိုင်
ခန့်ဝေးသော လေးမျက်နှာမြို့သို့ လှည်း
နှင့် ဦးသာဒင် ဝယ်ရလေသည်။

အိမ်တွင်လည်း နေ့နေ့ညည ဈေးဆိုင် ဖွင့်ထားသဖြင့် ကွက်သစ် (ရွာသစ်ပိုင်း) တစ်တန်းလုံး လာဝယ်ကြလေသည်။ မနက်ဈေးလည်း မရှိ ညနေဈေးလည်း မရှိ ရံဖန်ရံခါ ငါးသည်ဈေးလာမှသာ ဟင်းစားဝယ်ရသည်။

သို့မဟုတ်ပါက ပဲနှင့်သာ နှစ်ပါးသွားများသော ဈေးဝေးသောမြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သည်။

ဦးသာဒင်တွင် နွားတစ်ရှဉ်း (နှစ်ကောင်)နှင့် လှည်း၊ လှေအစုံရှိသည်။ သို့သော် ကိုင်းမရှိ လယ်မရှိ လင်မယားနှစ်ယောက် စီးပွားရေးကို စနစ်တကျ အတိုင်အဖောက်ညီညီ လုပ်ကိုင်ကြသဖြင့် လှူနိုင်ဒါန်းနိုင် ပေးကမ်းစွန့်ကြနိုင်သော အိမ်ထောင်စုဖြစ်သည်။

ဦးသာဒင်နှင့် ဒေါ်ကျင်အေးတို့ အိမ်ထောင်ကျပုံကား ခပ်ဆန်းဆန်းဟု ဆိုရမည်။ ဦးသာဒင်ကား နှာတံပေါ်၊ [illegible] မျက်ခုံးမျက်လုံးကောင်း၊ ဥပဓိ [illegible] ခြေသလုံးမွေး လက်မောင်း [illegible] ရင်ဘတ်မွေးထူသည့် နိုင်ငံခြား [illegible]မင်းသားဆန်ဆန် ရုပ်မျိုး၊ ဘုန်းတော်ကြီးကျောင်းတွင် သဒ္ဒါနှင့်သင်္ချိုလ် [illegible] သရုပ်ကွဲပြီး စာတတ် တစ်[illegible]ဟု ဆိုနိုင်သည်။

သို့သော် ဇွတ်တရွတ်လုပ်တတ် [illegible] အကျင့်နှင့် အိမ်ထောင်ကျပြီး [illegible] နှစ်အတွင်း အရက်အနည်းငယ် [illegible]တတ်သည်မှအပအခြားပြဿနာ [illegible]ပေ။ လူချစ်လူခင်များသော [illegible]ရေး ကူညီဆောင်ရွက်တတ် [illegible] ဦးသာဒင်ပင်။

ဒေါ်ကျင်အေးကား မွေးချင်း သုံး[illegible]ရှိ၍ သမီးအကြီးဆုံး ဖြစ်လေ[illegible] အသားလတ်၊ ဆံပင်ကောင်း၊ [illegible] နှာတံကောင်း၊ သွားကောင်း မိန်းမချောစာရင်းဝင် ကွမ်းတောင်ကိုင်ပင် ဖြစ်ပါသည်။ ငယ်စဉ်ကပင် ဘုန်းတော်ကြီးကျောင်းတွင် စတုတ္ထတန်းထိ ပညာသင်ခဲ့ရပြီး ဉာဏ်အလွန်ပင်ကောင်းလှသည်။ လက်ရေးများ ဝိုင်းလျက်ရှင်း၍ လွန်စွာလှသဖြင့် သူ့လက်ရေး မြင်သူတိုင်း ချီးမွမ်းကြလေသည်။

မကျင်အေး မိသားစုအိမ်နှင့် ကိုသာဒင်တို့အိမ်ကား မျက်စောင်းထိုး မျက်နှာချင်းဆိုင် တန်းနေကြသည်။ မကျင်အေးမိဘများသည် မြေပဲကိုင်းရှိသည်။ မြေပဲစိုက်ခြင်း၊ ပဲနုတ်ခြင်း စသော ကိုင်းအလုပ်များလုပ်ရသကဲ့သို့ ကိုသာဒင်၏မိဘများကား မြေနုဝင်မြစ်ကမ်း၌ (ဆေးရွက်ကြီး) စိုက်ခြင်းလုပ်ငန်း လုပ်ကြလေသည်။

ကိုသာဒင်တို့ကား မိသားစု ငါးယောက်၊ သူက သားအလတ်၊ ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သော်လည်း စိတ်မဝင်စား၊ ဘာသိဘာသာနေထိုင်ကြလေသည်။

တစ်နေ့ မကျင်အေး မြေပဲနုတ်သည့်နေ့တွင် ကိုသာဒင်အိမ်သို့ ညနေမိုးချုပ်ခါနီး ရောက်လာပြီး. . .

"သာဒင်ရေ"

"ဟေ . . ဟ ကျင်အေး ဘာလဲ"

"မနက်ဖြန် နုတ်ပြီးသား ပဲတွေ တလင်းထဲသွင်းဖို့ အဖေကလဲ ခရီးသွားနေတော့"

"ငါ့ကို လှည်းနဲ့ လာတိုက်ပေးစမ်းပါဟယ်၊ ဒီလိုလား ဟုတ်တယ်မဟုတ်လား"

မကျင်အေး ရယ်လည်းရယ်၊ ခေါင်းလည်း သွက်သွက်ညိတ်လျက် ခပ်ပြုံးပြုံး အနေအထားဖြင့်. .

"အေး. ဟေး..ဟေး အေးဟယ် ကူပါဦးဟယ်နော်"

"ငါလဲပဲ အခုအချိန်မှာတော့ အင်း"

"ဟယ်- မအားဘူးလား၊ ဒုက္ခပဲဟယ်၊ နင်မအားရင် ပဲတွေနုတ်ပုံထားတာကြာပြီးကျွတ်ကုန်ပြီနဲ့တူတယ်ဟယ်"

"ဟား. ဟား. ဟား. ကဲလာခဲ့မယ်ဟ. . ကဲ"

"အေးဟယ်၊ ကျေးဇူးပါ မနက်နော်"

"ဟုတ်ပါပြီဗျာ"

နံနက် ဝေလီဝေလင်းတွင်တော့ ကိုသာဒင်က လှည်းပေါ်မှနေ၍ အောက်က အပေ့လိုက် မကျင်အေး ပစ်တင်ပေးသော မြေပဲပင်များ (ဥများနှင့်)အား ဖမ်းယူ၍ သေချာစွာစီရလေသည်။ ပြီးလျှင် တလင်းရှိရာသို့ မောင်းပို့ပြီးလျှင် ပဲဝင်ပုံများရှိရာ ပြန်မောင်းလာနှင့် အကြိမ်အခေါက်များစွာ မိုးလင်းခါနီး လင်းခါစအချိန်မှာ အောက်က မကျင်အေး မြေပဲပင်များ ထောက်ပွေ့ပြီး လှည်းပေါ်သို့ပစ်ရန် ကုန်းရာမှအထ လုံချည်ကျွတ်၍ ကျလေတော့၏။

"အယ်. . ."

"ဟ..ာ. ဘာလဲဟ"

မြေပဲပင်များ ပွေ့ထားသည်အား လှည်းပေါ်သို့ပစ်မည့်ဟန် အပြင်ကိုသာဒင်က ဆီးဖမ်းဖို့လက်ဟန်နှင့် အသင့် လုံချည်ကျွတ်ကျသွားသော မကျင်အေးအား မြင်လိုက်ရ၍ ရှိန်းခနဲဖြစ်သွားလေသည်။ မကျင်အေးကလည်း လုံချည်ဆွဲခနဲ ကောက်ကိုင်၍ တိုတိုဝတ်လိုက်ပြီး . . .

"သာဒင်"

"ဟေ"

"နင်. . နင်ကြည့်နေတာလား၊ မြင်. . မြင်သွားသေးလား"

"မြင်တော့ ဘာဖြစ်လဲ. . ကဲ"

"အမယ်လေးနော် ရှက်လိုက်တာ ဟယ်"

"အာ, ဘာရှက်စရာရှိလဲဟ၊ နင်အမေ့ဗိုက်ထဲက ထွက်လာတုန်းက ဒီအတိုင်းပဲ ဘာပါတာမှတ်လို့၊ ရှက်စရာမလိုပါဘူးဟ"

"နင် သူများတွေလျှောက်မပြောနဲ့တော့ဟယ်"

"ကဲ မယ်မင်းကြီးမ မြန်မြန်လုပ် ဇာခွဲ့မနေနဲ့၊ နေမြင့်သွားမယ်ပစ်တော့"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မကျင်အေး မြေပဲပင်များပွေ့၍ ပစ်ရပြန်၏။

ကံဆိုးချင်တော့လည်း ဒုတိယမြို့ ခိုင်မာစွာ ဝတ်ထားသော လုံချည်က ကျွတ်ပြန်လေ၏။

"တောက်. . ခက်ပါဟယ်"

အဖို့၊ လူပျိုကလည်း ဖြစ်ပြန်၊ တစ်ခါမဟုတ် နှစ်ခါရှက်ဖြစ်၍ မကျင်အေး မျက်နှာမဖော်ရဲတော့။

အလိုက်သိသော ကိုသာဒင်က စကားရောပြော၍ များစွာ ကျန်သေးသော မြေပဲပင်ပုံများအား ကြည့်၍. .

"ကဲ, ကျင်အေး ခဏနားပြီး အဆာခံ စားလိုက်ဦးမယ်၊ နင်လဲစား တော်ကြာနေ ပြန်လာခဲ့၊ ကြားလား"

ပြောပြီးသည်နှင့် ကိုသာဒင်အားလည်းမောင်း၍သွားလေတော့၏။

ထိုနေ့ နေတုန်သွားသော်လည်း သာဒင်နှင့် မကျင်အေးတို့ တစ်ယောက်နှင့် တစ်ယောက် စကားမပြောဘဲ အလုပ်သိမ်းပြီး ကိုသာဒင် နွားစာကျွေးနေစဉ် နောက်နားမှ သာဒင့်ပခုံးအား လာပုတ်သောကြောင့်. . .

"အ. . ဟာ. . အင် ကျင်အေး အချိန်မတော် ဘာကိစ္စ. . ဟင်"

"သာဒင် ငါ အိမ်မှာနေလို့ မရတော့ဘူး၊ အဲဒါ. . အဲဒါ"

"အဲ. . . တော့ ဘာလုပ်ပေးရမှာတုံး"

ထိုနေ့မှစ၍ . . .

ကိုသာဒင်နှင့် မကျင်အေးတို့ ခိုးပြေးကြလေတော့၏။ သူတို့ညားပုံက ဤသို့ ခပ်ဆန်းဆန်း ပြောရမလား၊ တစ်မျိုးဖြစ်သည်ကတော့ အမှန်။

နှစ်များစွာ ကြာသော်လည်း ကိုသာဒင်နှင့် မကျင်အေးတို့ သားသမီး မရကြ။

ငယ်ရွယ်သူများကို ငဲ့၍ လယ်များ ကိုင်းများ နွားများ လက်ဖွဲ့သော်လည်း နှစ်ဦးစလုံးက လက်မခံ ငြင်းပယ်၍ ကိုယ့်အားကိုယ်ကိုး စီးပွားရှာကြရာ သုံးနှစ်အတွင်း အိမ်နှင့်၊ ခြံနှင့်၊ နွားလှည်းနှင့်၊ ဈေးဆိုင်နှင့် အေးအေးဆေးဆေးပင်။ မကျင်အေး မိဘများဘက်မှ အိမ်တွင်းနတ်များ ထားရှိသည့်အပြင် လျှောက်တန်း(ခေါင်းရင်းတန်း) တွင် ဆိုင်းနှင့် ကြွက်မီးနှင့် အုန်းသီးတစ်လုံး ထူးခြားစွာ ဆွဲထားသည်။

"လူပျိုကြီးနတ်"ဟုသိရ၏။

ဧည့်သည်များ အိမ်ဦးခန်းတွင် မသိပ်ရ အိမ်ပါက ခြေရင်းသို့ ဆွဲချခြင်းခံရသည်၊ ဤသည်လည်း ကိုသာဒင်တို့အိမ် ထူးခြားချက်တစ်ခု ဖြစ်လေသည်ကား အမှန်ပင်။

ယနေ့ ဒေါ်ကျင်အေး ဈေးရောင်းသွားပြီးနောက် အိမ်မှုကိစ္စများဆောင်ရွက် ထမင်းစားပြီး အိမ်ရှေ့တန်းလျားပေါ်တွင် ထမင်းလုံးစီရင်း ဦးသာဒင် အိပ်ပျော်သွားသည်။

အိပ်ရာမှနိုးသောအခါ အရက်တံခိုးကြောင့် ရေအလွန်ဆာလေတော့၏။ မျက်နှာနှင့်တည့်တည့် လျှောက်တန်းတွင် ချိတ်ဆွဲထားသော "လူပျိုကြီးနတ်" အုန်းသီးအား ကြည့်မိရာမှ အုန်းရည် သောက်ချင်စိတ်များ တားမရဖြစ်ရလေတော့၏။

ထို့နောက် ထိုင်လိုက်ပြီး ပုဆိုးပြင်ဝတ်သည်။ လုပ်ရကောင်းမလား၊ မကောင်းဘူးလား စဉ်းစားပြီး အုန်းရည်သောက်ချင်သည့် စိတ်က နိုင်သွား၍ ထရံတွင် ထိုးစိုက်ထားသော ငှက်ကြီးတောင် ရေစကြိုးများအား ဆွဲနုတ်၍ အနီးလျှောက်တန်းတွင် ဆွဲထားသော အုန်းသီးအား ဓားနှင့်တေ့ထားလျက်-

"ငါ အုန်းရည်သောက်မယ်၊ ငါစားတယ်လို့ပြောလို့ကတော့ ခွေးမသား လူပျိုကြီး သေမယ့်သာ ပြင်ထား၊ ကြားလား" ဟုပြောလည်းပြော ဓားနှင့်မွမ်းပြီး ဖိုင်းခနဲဖြတ်ချလိုက်လေတော့၏။

ထို့နောက်ခွဲ အရည်သောက်ပြီး အဖတ်အနည်းငယ်စား၍ ကြွင်းကျန်သည်များကို နောက်ဖေးဘက် ပိန်းတောထဲသို့ပစ်လိုက်ပြီး တန်းလျားပေါ်ပြန်အိပ်နေလိုက်သည်။

ညနေသုံးနာရီခန့် ရောက်သော
အခါ ဒေါ်ကျင်အေး ဈေးရောင်းရာမှ
ပြန်လာလေတော့သည်။ အိမ်နီးချင်းများ
ပါ စုဝေးရောက်ကြတော့၏။

"ဈေးသည် ပြန်လာပြီဟေ့၊ လာ
ကြတော့ ဝယ်စရာရှိတဲ့ လူတွေ"

ဒေါ်ကျင်အေး အိမ်ခြံ ဝင်လာ
ကတည်းက မျက်နှာကြီးနီလျက် အိမ်
ဖိနပ်ချွတ် အနီး ကွပ်ပျစ်တွင် ဈေး
တောင်းအား ပိုင်းချပေးပြီးတွင်ကာ
အားလုံး အံ့ဩ၍ မျက်လုံးပြူးကြ
တော့၏။

ဒေါ်ကျင်အေးသည်ကား တစ်
တစ်ရာ ဝင်ရောက်ပူးကပ်နေသည့်နှ
မျက်စိလည်း မဖွင့်၊ ဆံပင်များလည်
ပြေလျက်၊ ရှေ့တိုးနောက်ငင် ယိမ်းထို
တုန်ယင်လျက် တဆတ်ဆတ် ပူးကပ်
နေရာ. . .

"အိုဘယ်လိုဖြစ်တာပါလိမ့်၊ ထ
အခု မကျင်အေးကိုပူးနေတာ ဘယ
သူလဲ၊ ဘာကိစ္စ ပူးရတာလဲ ပြော
ပြောပါ"

ခြေရင်းအိမ်မှ အကင်းပါးသေ
ဒေါ်မြက ရိပ်မိသလောက်မှန်း၍ မေး
ခြင်းဖြစ်၏။ သို့သော် ပူးကပ်နေသေ
ဒေါ်ကျင်အေးကား စကားသံ ထွ
မလာ။

"ပြောမှ အကျိုးအကြောင်း
မှာလေ၊ ဒီလိုကြီးပူးနေတော့ အနာ
ကျုပ်တို့က ဘာလုပ်ပေးရမှာတုံး၊
ပြောစရာရှိရင်ပြော၊ ဘယ်သူလဲ ဘ
ကိစ္စလဲ၊ ဘာလိုတာလဲ၊ ပြောမှ လုပ်
ရမှာလေ"

ဒေါ်ကျင်အေးကား မပြေ
မျက်စိလည်း မဖွင့်၊ ယိမ်းတိုး၍ ပူ
လျက် အနီးမှတစ်ယောက်နှစ်ယော
မှသည် အမျိုးသမီးများ တဖြည်းဖြ
များလာလေသည်။ တစ်ယော
တစ်မျိုးမေးလိုက်သည်မှာ စုံသလော
ရှိသော်လည်း ဘယ်လိုမှ မေး၍မရ
ပူးနေသည်ကတော့ မရပ်၊ စိတ်
တော့သော ဒေါ်မြက. .



www.burmeseclassic.com

"ကဲ. ဒါဂေါက် လေးလေးစား ... းမေးနေတာတောင် မေးတဲ့လူက မောနေပြီ၊ ဘာလို့မပြောတာလဲ၊ မပြောချင်လဲ နေပေတော့၊ ကဲဟော့ ကောင်မတွေ၊ ပြန်ကြမယ်၊ ကြာတယ် ပြောစရာရှိပြောရမှာပေါ့၊ ဘာမှန်းမသိ ညာမှန်းမသိ၊ သာဒင်တာလဲ အိပ်နေတုန်းလား ဒီမှာ နင့်မိန်းမ ဘာဖြစ်လဲ လာကြည့်ဦးဟဲ့၊ အမယ်လေးနော်"

ဒေါ်မြ၏ အော်ကြီးဟစ်ကျယ် အသံကြောင့် ဦးသာဒင် နိုးသွားလေတော့၏။ တန်းလျားပေါ်မှထပြီး လူတွေဝိုင်းနေသော ဇနီးမကျင်အေးအား လှမ်းကြည့်လိုက်ရာ ဦးသာဒင် အနည်းငယ်သအောပေါက်သွားသည်။ ပြဿနာတော့ စပြီဟု စဉ်းစားမိပြီးသား။

"ဘာလဲဒေါ်မြ၊ မကျင်အေးဘာဖြစ်တာလဲဗျ၊ အို့ ပူးနေတာလား၊ ကဲဘာဖြစ်ချင့်လဲ ဘာလုပ်ပေးရမလဲပြောပြော"

ဒေါ်မြတို့ ပြောသံဆိုသံအား သံယောင်လိုက်၍ ပုဆိုးပြင်ဝတ်ရင်း တန်းလျားမှထလာ၍ အဆက်ပါအတိုင်း ပြောလိုက်ရာ ထိုအခါ ပါးစပ်ပိတ်နေသော ဒေါ်ကျင်အေးက မပွင့်တပွင့် အသံနှင့် "ဟို. . ဟို တခြားမဟုတ်ပါဘူး ဒုန်းသီးလေးဆွဲပေးပါလို့ ပြောချင်လို့ပါ. . ဟ. . အ. . ဝဲ. . ဟား. . "

ပြောလည်းပြီး ပူးနေသော ဒေါ်ကျင်အေးလည်း ပူးနေသည့်အရာထွက်သွားလေသဖြင့် ဒေါ်မြက. . .

"ဩော်, ဟုတ်လား၊ အဲ... အေးနင်တို့ဒုန်းသီးဆွဲပေးပါတဲ့ ဟိုလူဖိုကြီး နတ်ထင်တယ်၊ မရှိမှ မရှိတာဘဲ၊ ကဲကဲ အဲဒါလုပ်ပေးလိုက်၊ သာဒင် ဟုတ်လား၊ ဒါလေးများဟယ် စောစောက ပြောလိုက်လဲ ပြီးတဲ့ဟာ"

ထို့နောက်တွင်တော့ တဖြည်းဖြည်း ဒီအကြောင်းအရာကား ပေါ်စမြဲဖြစ်သောကြောင့် ဦးသာဒင်အား ပြုံးကြလေသည်။ ဦးသာဒင်သည်လည်း ပြုံးမိသေးသည်။

"ငါစားတယ် မပြောရဲဘူး၊ တော်သေးတာပေါ့"ဟုလည်း တွေး၍ ရယ်မိသေး၏။

"ကဲ ကိုသာဒင် လာဈေးတောင်းပင့်"

"အေး. . အေး လာပြီ လာပြီ"

ဒေါ်ကျင်အေး ဈေးတောင်းအားအပင့်တွင် ဒေါ်ကျင်အေး လုံချည်ကွင်းကျပြန်လေတော့၏။

"... ကဲ လက်မြဲမြဲ ကိုင်ထား၊ ငါတက်ပေးမယ် ... ဒီရွာ ဒီရွာတွေမှာ ဒီလိုသာ ကွင်းနေရင်တော့ ... ရယ် တော်တော်ခက်နေတော့တာ"

"ဘာတွေပြောနေတာလဲ ဘယ်ရွာတွေမှာမှ မကျွတ်ဖူးဘူး၊ သိရဲ့လား ပြောလိုက်ရရင်တော့ သွားမယ်"

ဈေးတောင်းကြီးရွက်၍ ထွက်သွားသော ဒေါ်ကျင်အေးအား နောက်ကျောမှရပ်ကြည့်နေရင်း မြေပဲခင်းဆီသို့ စိတ်က ရောက်သွားပြန်လေတော့သတည်း။

❒ ဆန်းဝင်း(အောင်မြေ)




ဦး အရဟံ မေတ္တာ လာဘံ

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➽ အမှတ်-၁၃၁၊ အောင်ဟံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➽ အဝေးပြေး(အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၁၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➽ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➽ **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၄၃၂၄၄၈၉၇ ။
မှတ်ချက် ➽ *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။

www.burmeseclassic.com



ကျွန်ုပ်သည် ကိုဘုန်းကြွယ် နေအိမ်သို့ တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီကျော်ကျော်လောက်တွင် ရောက်ရှိသွား၏။ စနေဟူသော 'သောရီ'အခါဖြစ်ကြောင်း စိတ်ဝယ် မှတ်သား ထားလိုက်၏။

ကျွန်ုပ်၏ဦးနှောက်နှင့် ဆက်သွယ်လျက်ရှိသော တွေး ခေါ်မှုကို ဖြစ်စေသည့် အာရုံကြောပေါင်း မြောက်မြားစွာ တို့သည် သူတို့၏ ထုံးစံအတိုင်း အလုပ်များ လုပ်နေ၏။ စနေအခါ ဖြစ်သဖြင့် သောရီအခါတိုင်တွင် ကိုဘုန်းကြွယ် ဟူသော အမည် (၅အစ ၂အဆုံး) သည် 'သာစည်'ကြိုးတွင် ခုံညားစွာ တည်ရှိနေ၏။

တစ်ခုသာရှိ၏၊ သူ၏စုတ်ဂြိုဟ်လည်းဖြစ်၊ အိမ်ဒေ ရေးဂြိုဟ်လည်းဖြစ်၊ တေဇဂြိုဟ်လည်းဖြစ်သော အင်္ဂါ စတုရန်းခိုနေခြင်း၊ အညွန့်ဂြိုလ် ဖြေကြာသည် အခိုက် ရှိနေခြင်း၊ ဂဟာပတိဂြိုဟ်လည်းဖြစ်၊ ဓာတ်ဂြိုဟ်လိုလို ရန် လိုလိုဖြစ်နေသော ၂လ်ာဂြိုဟ်သည် တြိရန်းခိုနေခြင်းမှ သာတွေ့ရသဖြင့် အနည်းငယ်တော့ သတိနှင့် စဉ်းစားနေ

သို့သော် သူ၏ အပြင်မိတ် (၁-၅) သည် အ ရှိနေခြင်းကို အားယူထောက်ဆလျက် သူ့အတွက်အ သလိုလို ရှိနေ၏။ ကိုဘုန်းကြွယ်၏ နေအိမ်သည် အ ဂိတ်နှင့်လည်း မဝေးသကဲ့သို့ ခေတ္တရာမြို့သစ်နှံ့လည်း

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၄ | ၂ * ခေတ်ဂြိုဟ် |
| ၁ | ၆ * အညွန့်ဂြိုဟ် |
| ၅ ← ဘုန်း | ၃ * စုတ်ဂြိုဟ် |
| ၀ | ၅ |
| • ၃ | ၁ |
| • ၆ | ၄ |
| • ၂ — ကြွယ် | ၀ |
| (သောရီအခါတိုင်) | (ကိုဘုန်းကြွယ်၏ ဂုရုတိုင်) |

တော်မှာရှိ၏။ ကျွန်ုပ်၏ ရင်းနှီးလှစွာသော ကိုခင်မောင်ဇော်၊ ခိုင်ခိုင်ညွန့် ဇနီးမောင်နှံနှင့်လည်း မဝေးလှချေ။ ကိုဝင်းငွေ နှင့်မခင်မမညွန့် နေအိမ်က အဝေးပြေးဂိတ် အဝင်ဝနှင့်လည်း တစ်ခေါ်လောက်ပင် ဝေးလှ၏။ မြောက်ဘက်ဆီသို့ မျက်နှာ မူလျက် ခံ့ခံ့ညားညား ဆောက်လုပ်ထားသော ခေတ်မီမီ တစ်ထပ်တိုက်ကလေးပင် ဖြစ်၏။

တိုက်ကလေး တည်ဆောက်ထားပုံ၊ အခန်းဖွဲ့စည်းပုံ၊ တိုက်မှာသုတ်ထားသော ဆေးအရောင်၊ အာရုံခံစားရန်၊ အပန်းဖြေရန် စီစဉ်ထားသော ပန်းခြံ စသည်တို့ကို ကြည့်ရုံနှင့် ကိုဘုန်းကြွယ်တို့မိသားစု လူနေမှု အဆင့်အတန်း စနစ်တကျ ရှိပုံတို့သည် ပေါ်လွင်လျက် ရှိပေသည်။ တစ်ဆက်တည်းပင် ကိုဘုန်းကြွယ်သည် အကြံကြီးလေသူတစ်ယောက်ဖြစ်ကောင်း ဖြစ်ပေမည်ဟု စဉ်းစားမိ၏။

ကိုဘုန်းကြွယ်၏ အမည် 'ကြွယ်' ဟူသော ပရလုံးကို ထောက်လျက် လည်းကောင်း၊ ကိုဘုန်းကြွယ်(၅-၂)ဟူသော ဂြိုဟ်တွဲ (၂)လုံးကို ထောက်၍ လည်းကောင်း သူ၏ဇနီးမှာ တနင်္လာသမီး ဖြစ်နိုင်သကဲ့သို့ စနေသမီးလည်း ဖြစ်နိုင်၏။ သို့ဖြင့် ကိုယ်ဟန်ကြော့ရှင်း လည်တံလှပလျက် ဖြူသော အဆင်းရှိနိုင်ပြီး ဓနဗလ ရှုပ်ရှိရမည်ဟု ခန့်မှန်းထား၏။

တနင်္လာသမီး ဖြစ်ချေပါက (၅-၂) ဟူသော ဂြိုဟ်တွဲ (၂)လုံး၏ စနေကို နဝင်းတွဲအရ ဖော်ညွှန်းသဖြင့် ရောဂါ တစ်ခုခုတော့ ကပ်ရှိတတ်၏။ ဒါမှမဟုတ် အပူသောက ခံစားချက် တစ်ခုခုတော့ ရှိနိုင်သည်ဟု တွေးတောခဲ့၏။

အိမ်အတွင်းသို့ ကျွန်ုပ်အား နေရာပေးရန် ဟှာဟှာ အလဲနှင့် ကိုဘုန်းကြွယ်က ဖိတ်ခေါ်နေ၏။ ကျွန်ုပ်လည်း စီစဉ် ပေးသော ဧည့်ခန်းတွင် ထိုင်လိုက်၏။ ကိုမောင်မောင်တို့ ဇနီးမောင်နှံကမူ ရင်းနှီးနေကြသူများပီပီ အိမ်တွင်းသို့ ဥဒဟို ဝင်သွားလေ၏။

ကိုဘုန်းကြွယ်၏ ဇနီးဟု ယူဆရသော အမျိုးသမီး တစ်ဦးကား လှိုက်လှိုက်လှဲလှဲ ကျွန်ုပ်အား ရင်းနှီးစွာ ဧည့်ခံ နေ၏။ ကိုဘုန်းကြွယ်၏ ဇနီးပင် ဖြစ်နိုင်၏။ ကျွန်ုပ်ထင်သည့် အတိုင်း လှပုံသဏ္ဌာန်တူ၏။ သို့သော် အမည် မသိရသေးပေ။

"ဆရာ. . ဒါ ကျွန်တော့်ဇနီး မခင်မာကြည်ပါ"
ကိုဘုန်းကြွယ်က မိတ်ဆက်ပေး၏။

အင်း. . ဟုတ်ပြီ၊ တနင်္လာသမီးတော့ ဖြစ်နေပြီ။

ဒါဖြင့် "စနေ၏ သဘောသရုပ်တွေက ဘာတွေလဲ မသိ"ဟု စိတ်ထဲ စဉ်းစားနေမိ၏။

"ခုမှ တွေ့ပေမယ့် ဆွေမျိုးတွေလို သဘောထားပါ၊ သားသမီး တူ၊ တူမတွေလို သဘောထားပါဆရာ၊ ဆရာ့ အကြောင်း ကိုဘုန်းကြွယ် ပြောပြလို့ သိနေပါတယ် ဆရာ"ဟု မခင်မာကြည်က နှုတ်ဆက်စကား ပြောဆိုလာ၏။

"အေးပါကွယ်. . မခင်မာကြည်၊ ဆရာ့အတွက်တော့ မိတ်ကောင်းဆွေကောင်း တစ်အိမ် တိုးလာတာပေါ့ဗျာ" ဟု ကျွန်ုပ် က လှိုက်လှိုက်လှဲလှဲဖြင့် သူ၏ ဧည့်ခံမိတ်ဆက်ခြင်းကို ထိုက်ထိုက်တန်တန် အသိအမှတ် ပြုလိုက်၏။

ကျွန်ုပ်သည် ရေခဲပါသော အချော်ရည်၊ ရေခဲဖြင့် စိမ်ထားသော အအေးဖျော်ရည်တို့ကို ကျန်းမာရေးအရ သောက် သုံးခြင်း မရှိသည်ကို သိထားသဖြင့် အအေးဖြင့် ဧည့်ခံမှုမရှိ တော့ချေ။ ကိုမောင်မောင်တို့ကသာ ရေခဲသေတ္တာထဲမှာ ရှိသောပစ္စည်းများကို မွှေနှောက်ရှာဖွေပြီး သုံးဆောင်နေ ကြ၏။

ကျွန်ုပ်အတွက်မူကား လက်ဖက်ရည် ကောင်းကောင်း တစ်ခွက် ခပ်ကြီးကြီးနဲ့ ခေတ်အခေါ်အဝေါ်အရ 'တိုင်ကီ' ခွက်ကြီးတစ်ခွက်၊ ယို၊ ပူတင်း၊ ကျွန်ုပ် အလွန် မြတ်နိုးသော အဆာမပါသော ပေါင်မုန့်အလွတ် အဖြူချပ်ကြီးများ ပန်းကန် ပြားထဲမှာထည့်လျက် တည်ခင်း၏။ ပေါင်မုန့် အဖြူအလွတ် ဆိုရာမှာလည်း နုနုရွရွ မဟုတ်ဘဲ 'လိုကယ်မိတ်' ဒေသလုပ် ပေါင်မုန့်ကို အလွန်ကြိုက်၏။ ထို့နောက် နိုင်ငံခြားဆေးမပါဘဲ ထုံးဖြူသက်သက် မြန်မာဆေးရွက်ကြီးနှင့် လှလှပပထုပ်ထား သော ကွမ်းယာထုပ် တစ်ထုပ်၊ ၎င်းကွမ်းယာထုပ်မှာလည်း ပြည်မြို့ ဒေသဓလေ့အရ ငှက်ပျောရွက်ကလေးနဲ့ လှလှပပ ထုပ်လျက်။

ကိုဘုန်းကြွယ်၊ မခင်မာကြည်၊ ကိုမောင်မောင် ဇနီး လင်မယားပါ ကျွန်ုပ်၏ ဧည့်ခံစားပွဲဝိုင်းပတ်လည်တွင် မြိုင်မြိုင် ဆိုင်ဆိုင် ရှိလှပေ၏။ ကျွန်ုပ်လည်း မိမိကြိုက်နှစ်သက်သော တည်ခင်း ဧည့်ခံထားသည့် လက်ဖက်ရည် မုန့်တို့ကို အလှ မဟုတ်ဘဲ တဝကြီး စားသောက်လိုက်ပေသည်။

"ကိုဘုန်းကြွယ်ရေ့. . . ကျုပ် ခင်ဗျားအိမ်ရောက်တဲ့ အချိန်ဟာ ဘာပြောပြော ခင်ဗျားရဲ့ မင်္ဂလာရှိတဲ့အခါ ဖြစ်နေ တယ်လို့ စဉ်းစားထားပါတယ်၊ ကျုပ်နဲ့ ကြုံတုန်း ပြောစရာ လေးတွေ ပြောရဦးမှာပါ၊ ကိုဘုန်းကြွယ် လုပ်ငန်းအောင်မြင်မှု အတွက်ကတော့ ဟိုတစ်နေ့ကပဲ ပြောပြီးပါပြီ၊ ဒါပေမယ့်ဗျာ ဘယ်လိုပဲ ဉာဏ်တွေကူကူ ကိုဘုန်းကြွယ် စိတ်တိုင်းမကျ တာကို ကျုပ် အတော်လေးအကဲခတ်နေတယ်၊ စိတ်ဝင်စား





www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်၊ ကိုဘုန်းကြွယ် နာမည်ကလဲ ဗျူဟာဆိုတဲ့ အချက် ကလဲမိပါတယ်၊ ဒါထက် ပထမအချက်က လှပ်ငန်းသဘော အံရ ကိုဘုန်းကြွယ် စာပေစာသူ ဆတ်သွယ်မှုနဲ့ စာရေးပြီး လက်မှတ်ထိုးတဲ့အခါမှာပဲ ဖြစ်ဖြစ် အရေးကြီး စာရွက်စာတမ်း စာချုပ်တို့မှာပဲ ဖြစ်ဖြစ် လက်မှတ်ထိုးတဲ့အခါမှာ အရေးကြီး တယ် နောက်ဆုံးအလုံးမှာဖြစ် ဒုတိယနေရာရည် အလုံးသဲ ဖြစ်တဲ့ 'ကြွယ်' ဆိုတဲ့ စာလုံးကို ထင်ထင်ရှားရှား ဖြစ်စေ ထိုးတယ်။

အရေးအကြီးဆုံး ရုပ်ကို ပေါ်ပြင်စေချင်တယ်၊ အဲဒီ (ရှဂ်) ပေါ်ပြင်မှ ကိုဘုန်းကြွယ်အတွက် ရန်များတယ်၊ မလို အပ်သဲ 'ကြွယ်'ဆိုတဲ့ သဒ္ဒါဟာ ပျက်သွားပြီ၊ အသံထွက် တစ်မျိုးထွက်သွားလို့ အဓိပ္ပာယ် တစ်မျိုးဖြစ်သွားတတ် တယ်။ ဗျာ၊ ဘဲ့တိုးပြောမယ်ဆိုရင် (ရ-ရစ်) မထင်ရှားလို့ 'ကွယ်' လို့များ ဖြစ်သွားရင် နိမိတ်မကောင်းဘူးပေါ့။

ကျပ်လက်ရေးနဲ့လက်မှတ်ထိုးမှုအပေါ် နိမိတ်ကောက် ယောနေတာ မဟုတ်ဘူးနော်၊ အဲဒီနည်းပညာက နိုင်ငံခြား ပညာရှင်တွေ သုံးစွဲတာ၊ မှန်တာကတော့ မှန်ပါတယ် မငြင်း ပါဘူး။

ယခုပြောနေတာက 'ကိုဘုန်းကြွယ်' နာမည်ရဲ့ အဓိက ဇာတ်ဆောင်လဲဖြစ်၊ ဒါရိုက်တာလဲ ဖြစ်တဲ့ 'ကြွယ်' ဆိုတဲ့ အခေါ် သမုတ်ကလေးကိုသာ ပြောနေခြင်း ဖြစ်တယ်"

'ကိုဘုန်းကြွယ်သည် တစ်မဟုတ်ချင်း သူထိုးနေကျ လက်မှတ်တစ်ခုကို စာရွက်လွတ်ပေါ်မှာ ရေးထိုးရန် စီစဉ်ပြီး လက်မှတ်သုံးခုလောက် ထိုးလိုက်၏။ ပြီးတော့ ကျွန်တော့်အား ပြ၏။ အသေအချာ ကြည့်လိုက်ရာ 'ကြွယ်'ဟု လက်မှတ်ရေး ထိုးချက်တွင် 'ရရစ်' အမှတ်အသားပါ၏။ သို့သော် (ရ-ရစ်) ကိုရေးဆွဲရာတွင် ပြောင်းပြန်အပေါ်က အောက်ကိုရေးဆွဲ လိုက်ပြီး 'က'ကြီးကို လက်ဝဲရစ် အောက်ကပတ်လျက် 'အစ' သည် 'ယသတ်'ကို ဆက်ရန် 'က' ကြီးနှင့် 'ဝ' ဆွဲ အထက် နားက တက်လျက် မူလ 'က'ကြီးကို ဖြတ်သွားလေသည်။

ထို လက်ဝဲရစ် ရရစ်ဟူသော အဆုံးနှင့် 'ယသတ်'ကို တစ်ဆက်တည်းဖြစ်စေလျက် 'ကြွယ်' ဖြစ်စေလိုက်၏။ ဤပုံစံ ကိုကြည့်ပါက မူလ 'က' စာလုံးကို ကန့်လန့်ဖြတ်ထားသော နိမိတ်ဖြစ်၏။ ကျွန်ုပ်သည် စိတ္တဇတွေးဖြင့် တွေးတောသည် မဟုတ်ပေ။ ဤအချက်ကို ကိုဘုန်းကြွယ် ထောက်ပြလိုက်ပြီး ပြုပြင်လျက် ရေးထိုးရန် အကြံပေးလိုက်၏။

"ကိုဘုန်းကြွယ်. . ကျုပ် အစွဲအလမ်း မဟုတ်ဘူးနော်၊ ခင်ဗျား ကြွယ်ဝချမ်းသာဖို့အတွက် ရှေးရှုစဉ်းစားနေတာပါ"

"ဟုတ်ပါတယ် ဆရာ၊ လက်ခံပါတယ်"

"ပြီးတော့ဗျာ. . ရ-ရစ်ကို ရေးဆွဲရင်လည်း ရ-ရစ် ဆိုတဲ့အတိုင်း လက်ယာရစ် ရေးဆွဲရင် ပိုကောင်းတာပေါ့နော်၊ ခင်ဗျားကလဲ ယောကျ်ား (ကျား) ဘတ်ဖြစ်တော့ လက်ဝဲရစ် ဆိုတာ ခင်ဗျားအတွက် ပြောင်းပြန်ဖြစ်တတ်တယ်၊ ကျားကျား လျားလျားပေါ့ဗျာ"

ကျွန်ုပ်ကပင် စကားကို ဆက်လိုက်၏။

"ပြီးတော့ ဗျာ. . . ဒါက ဆရာတော်ခင်ကြီးဖျော်ရဲ့ ဩဝါဒနဲ့ ပတ်သက်တဲ့ ကိုဘုန်းကြွယ်ရဲ့ နာမည်အပေါ် အရေးတကြီး ဝေဖန်ချက် တစ်ခုပဲ၊ ကောင်းစေလိုလို့ ဝေဖန် ရတာနော်၊ ကျမ်းရင်းဖော်ပြချက်ကို ကောက်နုတ်ဖော်ပြမှာ ဖြစ်တယ်"

"ဆရာတော်ကြီး၏ မိန့်ဆိုချက်အရ လူ၏ အမည်ကို အသာထား၊ ထို နေ့နံသားအလိုက် အဆောင်ပြုမယ့် အသား အတိုင်း၊ အရွက် စသည်တို့ အတွက်က စပြီး အသေးစိတ် ဝရှစိုက်ရန် ဖော်ပြထားတယ်၊ ပြီးတော့ လူအမည်အထိ အကျုံးဝင်သွားတယ်၊ အကျဉ်းချုပ်က ဘာလဲဆိုတော့ အမည် တစ်ခုခုကို ကြည့်မယ်ဆိုရင် (၂)လုံး (၃)လုံးတွေ့မှာ ဖြစ်တယ်။ နာမည် (၃)လုံးရှိမှ 'ဆန်းဂိုဏ်း' အရ ပြည့်တယ်လို့ ဆိုတယ်။

နာမည် (၂)လုံးတည်းဆိုရင် တစ်လုံးနောက်က ထပ်တိုးရတယ်၊ ကိုဘုန်းကြွယ်ဆိုရင် ကိုဘုန်းကြွယ်(ကြွယ်) ဆိုပြီး တစ်လုံးထပ်တိုးရတယ်၊ ကျမ်းရင်းအရ (မတျာ-မဲကြာ) လို့ ပြောထားတယ်၊ ခင်ဗျားတို့ နားလည်အောင် သံတို့,သံရှည် လို့ပြောမယ်။

သံတို့, သံပြတ် ဆိုတာ 'အမိဥ' ကို နည်းမှီပြီး. .

က-ခ ကို (အ)

အိ-ထိ (မိ)

စု-နု-ပု-ယု (ဥ). . . . . ပေါ့ဗျာ။

ကျန်တာတွေက သံရှည်လို့ သတ်မှတ်ရပါတယ်။ အဲဒီတော့ ယခု ပြုပြင်လိုက်တဲ့ ကိုဘုန်းကြွယ် (ကြွယ်) အမည် ကို လေ့လာလိုက်တော့ အသံအနေအထားအရ ပြောရရင် (ရှည်+ရှည်+ရှည်) အသံရှည်တွေပဲ သုံးလုံးပေါ်ထွက်လာ တယ်၊ ဆန်းဂိုဏ်းအရ 'မ' ဂိုဏ်း လို့ ခေါ်ပြီး 'ဇေဠ' နက္ခတ် ဘုမ္မစိုး စောင့်တယ်လို့ ဆိုပါတယ်၊ ဂိုဏ်းအားဖြင့် 'ရှစ်' ဂိုဏ်းဖော်ပြထားတယ်"

ကျွန်ုပ်သည် ရှင်းအောင် အောက်ဖော်ပြပါဂိုဏ်း (၈) ဂိုဏ်းကို စာရွက်လွတ်တစ်ခုအပေါ်မှာ ရေးချပြလိုက်တယ်။

'ရှည်' ဆိုတာ 'အသံရှည်' ပြောတာဖြစ်ပြီး 'တို' ဆိုတာ အသံတိုကိုပြောတာ၊ နေ့သားအလိုက် ဘာမှ မတွက်မချက်ဘဲ ရိုးရိုးလေးကြည့်ရရင် မိမိနာမည်ဟာ ဘယ်ဂိုဏ်းထဲ ပါသလဲ ကြည့်ရုံနဲ့ ပထမအဆင့် ကောင်း၊ မကောင်း သိရမှာ ဖြစ်ပါ တယ်၊ ပထမ(၄)ဂိုဏ်းကို ဣဋ္ဌဂိုဏ်းလို့ခေါ်ပြီး၊ ကျန်(၄) ဂိုဏ်း ကိုတော့ အနိဋ္ဌဂိုဏ်းလို့ခေါ်တယ်၊ မကောင်းဘူးပေါ့ဗျာ။

'မ' ဂိုဏ်း နာမည်ရသူ ခိုင်မြဲခြင်း၊

'ဘ' ဂိုဏ်းနာမည်ရသူ တည်ငြိမ်ခြင်း၊အကျိုးရှိခြင်း၊





www.burmeseclassic.com

www.burmeseclassic.com

| ဓာတ် | မတြာအသံ | ဂိုဏ်း | နက္ခတ်လုံးရေ | နက္ခတ်အမည် | ဂိုဏ်းစောင့် |
|---|---|---|---|---|---|
| ဘုံဇေ | ရှည်ရှည်ရှည် | (မ) | ၁၈ | ဇေဋ္ဌ | ဘုမ္မစိုး |
| ဘုမ်လ | ရှည်တိုတို | (ဘ) | ၅ | မိဂသီ | လနတ်သား |
| နသိဘ | တိုတိုတို | (န) | ၂ | ဘရဏီ | သိကြား |
| ဆတီတံ | တိုရှည်ရှည် | (ယ) | ၂၄ | သတ္တဘိသျှ | မိုးနတ်သား |
| ဓနေပု | တိုရှည်တို | (ဇ) | ၇ | ပုဗ္ဗဖုသျှ | နေနတ်သား |
| ဘုလိသွာ | တိုတိုရှည် | (သ) | ၁၅ | သွာတိ | လေနတ် |
| ရာမိကျတ် | ရှည်တိုရှည် | (ရ) | ၃ | ကျတ္တိတာ | မီးနတ် |
| တမ်အာသ | ရှည်ရှည်တို | (တ) | ၂၂ | သရဝဏ် | အာကာသစိုး |

*'မ' ဂိုဏ်းနာမည်ရသူ အသက်ရှည်၊ အကြံအစည် အောင်ခြင်း၊*

*'ဘ' ဂိုဏ်းနာမည်ရသူ အခြွေအရံပေါခြင်း၊*

အဲဒါတွေကတော့ အကောင်း (၄) ဂိုဏ်းပေါ့ဗျာ။

*'န' ဂိုဏ်း ဝင်လျှင်တော့ ဆင်းရဲပူပန်မှု၊*

*'ဘ' ဂိုဏ်းဝင်လျှင်တော့ သေကျေပျက်စီးတတ်၏၊*

*'န' ဂိုဏ်း ဝင်လျှင်တော့ ဘေးအန္တရာယ်များ၊*

*'တ' ဂိုဏ်းဝင်လျှင်တော့ ကျိုးပဲ့ပျက်စီးခြင်း၊*

အဲဒါတွေကတော့ အဆိုး(၄) ဂိုဏ်းပေါ့ဗျာ။

ဒါဆို အသံရှည် (၃)ခု ပိုင်ရှိထားတဲ့ ကိုဘုန်းကြွယ်ဟာ 'မ' ဂိုဏ်းနဲ့ ပြည့်စုံသူဖြစ်လို့ ခိုင်မြဲခြင်း အကျိုးရှိတယ်။ ဇေဋ္ဌ နက္ခတ်နှင့် နက္ခတ် လုံးရေ (၁၈)လုံး ဘုမ္မစိုးနတ် စောင့်ခြင်း ခံရတဲ့သား တွဲမှတ်ရတယ်။ ကဲ. . အထက်ပါကတော့ သံတို သံရှည်နဲ့ နာမည်သုံးလုံးအပေါ်မှာ ပထမအဆင့် သုံးသပ်လိုက်တာပါပဲဗျာ"

အားလုံး စိတ်ဝင်တစား လှုပ်ရှားလာကြ၏။ မိမိတို့ အမည် မိမိတို့လည်း တွက်ချက်ကြည့်နေရ၏။ ပျော်သွားကြသို့ လန်းဆန်းသွားသလို သက်ပြင်းကြီး ချလိုက်ရသူများလည်း ရှိနေ၏။ သူတို့ ကျွန်တော့်အား ပြန်မှ ပြန်မမေးသေးတော့ပေ။

ထို့ကြောင့် ကျွန်ုပ်ကပင် စကားဆက်လိုက်၏။

"ဒီတွက်နည်းကလဲ မဟာဘုတ်လိုပဲ (၇)နဲ့ စားရတာပဲ၊ ကျန်ကြွင်းအကြွင်းကို ဟောတာပါ။ (၇)နဲ့ မစားမီ ဂိုဏ်းအရ နက္ခတ်လုံးရေ ကြည့်ရတယ်၊ အဓိက လုံးရေ (၂၀) အထက်နဲ့ လုံးရေ (၂၀) အောက် မပြည့်လို့ ခွဲပြီးနက္ခတ်လုံးရေကိုတည် နေ့သားအလိုက် ထပ်ပေါင်းရတယ်၊ ပေါင်းရမယ့် ဂဏန်းက (၁နွေ၊ ၂လာ၊ ၃ဂါ၊ ၄ဟူး၊ ၅တေး၊ ၆ကြာ၊ ၀စနေ) နေ့သားသမီးတို့အတွက် နက္ခတ်လုံးရေ (၂၀) မပြည့်ရင်. . 'သီ-ဟိုး-ပြည်-အောင်-လှ-တန်-ဆောင်' (၆,၂,၅,၁,၄,၇,၃) ပေါင်းရတယ်။ ကိုဘုန်းကြွယ်ဆို နက္ခတ် (၁၈)လုံးပဲ ရတယ်။ ဒါကြောင့် စာဆိုလင်္ကာအရ ငါးခုမြောက်က 'လှ' ဆိုတဲ့ ၄ ဂဏန်းပေါင်းရင် (၁၈+၄=၂၂) ရတယ်။ လုံးရေ (၂၀) အောက် တနင်္ဂနွေသားဆိုရင် **နာမည်အရ နက္ခတ်လုံး** ရေကို (၆) ပေါင်းရမှာပေါ့**ဗျာ။ ကိုဘုန်းကြွယ်** နာမည်အရ (၇)နဲ့စားရမယ့်ဂဏန်း **ဟာ (၂၂)** ဆိုတာ မှတ်ထားလိုက်ဦးဗျာ။

ဒုတိယက ကိုဘုန်းကြွယ်နဲ့ မဆိုင်တော့ဘူး၊ နက္ခတ်လုံး ရေ (၂၀) ကျော်တဲ့ သူများအတွက် (တနင်္ဂနွေက စနေအထိ) ပေါင်းရမယ့် ကိန်းအတွက်. . 'နောင်-ဆို-သည်-ကား-မြ-အ-လား' (၇, ၃, ၆, ၂, ၅, ၁, ၄) ကို ပေါင်းရမှာ ဖြစ်တယ်။

**တဲ့, ကိုဘုန်းကြွယ်နဲ့ ဝတ်သက်တဲ့** ဟာကို ဆက်သွားမယ်၊ **အဲဒီတော့ ကိုဘုန်းကြွယ်ရတဲ့ ကိန်းဂဏန်း** စုစုပေါင်းက (၂၂) ဖြစ်ပြီး (၇)နဲ့ **စားတော့ (၁) ကြွင်းတယ်၊ အဲဒီအကြွင်းကို** အဟောထုတ်ထားတယ်၊ **အကြွင်းကလဲ ခုနစ်ခုပဲ ကြွင်းနိုင်**တယ်၊ (၀)ကြွင်းရင် (၇) လို့ ယူရမှာ **ဖြစ်တယ်။**

အဲဒီအကြွင်း အဟောတွေကတော့ . . .

**အကြွင်းကိန်းအကျိုး**

| | | |
|---|---|---|
| ၁ ကြွင်း | ဥပဒ် | |
| ၂ ကြွင်း | မိတ္တု | (ပျက်စီး) |
| ၃ ကြွင်း | ကာန | (ကျိုးကန်း) |
| ၄ ကြွင်း | အမြိတ္တစုတ် | (ကောင်းကျိုး) |
| ၅ ကြွင်း | လာဘစုတ် | (လာဘ်) |
| ၆ ကြွင်း | သိဒ္ဓိစုတ် | (အောင်မြင်) |
| ၇ ကြွင်း | ဝရစုတ် | (ထွတ်မြတ်) |

အထက် အကြွင်း(၁,၂,၃)တို့အတွက် 'ဥပဒ်'လို့ ခေါ်ပြီး (၄,၅,၆,၇) တို့အတွက် 'စုတ်' အကောင်းလို့ ခေါ်တယ်။

ဒါဖြင့် ကိုဘုန်းကြွယ် အကြွင်း (၁) ဥပဒ် မိနေတယ်။ ဗျူပွတ်ကောင်းတယ်၊ ပဉ္စပွတ်နဲ့ ပေးထားတဲ့ အမည်၊ ဘုမ္မစိုး စောင့်တဲ့ 'မ' ဂိုဏ်းဝင်သော်လဲ အသေးစိတ် စစ်ကြည့်တော့ 'ဥပဒ်' မိနေတယ်"

ကျွန်ုပ် စာအုပ်ထဲတွင် အဆင်သင့်တွက်ချက်ပြီး ခုနစ်ရက်သော နေ့နံသားသမီးများအတွက် ကောင်းကျိုး, ဆိုးကျိုး ဖော်ပြထားသော ဇယားတစ်ခုကို သူတို့ရှေ့မှာ ချပြလိုက်၏။

"ဒီဇယားကို ကြည့်ရှုပြီးတော့ မိမိရဲ့ အမည်၊ လုပ်ငန်း အမည် ဘာဘာညာညာတွေကို မိမိတို့နေ့နံ သားသမီးများ အလိုက် အကဲခတ် စဉ်းစားနိုင်ပါတယ်"

သူတို့သည် ကျွန်ုပ်ချပြလိုက်သော ဇယားကို အားလုံး ပင် စိတ်ဝင်တစားဖြင့် ငေးမောကြည့်နေကြ၏။ မျက်နှာများ တွင်လည်း ပီတိရိပ်များ ထင်ဟပ်လာသည်ဟု ကျွန်ုပ်ခံစား ရပါ၏။ကျွန်ုပ် ချပြန်လိုက်သော ဇယားမှာ တစ်ဖက်ပါအတိုင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

| ဂိုဏ်း(သံတို/သံရှည်) | ၁နေ့သားသမီး | ၂လ်ာသားသမီး |
|---|---|---|
| ရှည်. ရှည်. ရှည် | ၃ကြွင်း ကာန | ၆ကြွင်း သိဒ္ဓိ |
| ရှည်. တို. တို | ၄ကြွင်း အမြိတ္တ | ၇ကြွင်း ဝရ |
| တို. တို. တို | ၁ကြွင်း ဥပဒ် | ၄ကြွင်း အမြိတ္တ |
| တို. ရှည်. ရှည် | ၃ကြွင်း ကာန | ၆ကြွင်း သိဒ္ဓိ |
| တို. ရှည်. တို | ၆ကြွင်း သိဒ္ဓိ | ၂ကြွင်း မိတ္တ |
| တို. တို. ရှည် | ၇ကြွင်း ဝရ | ၃ကြွင်း ကာန |
| ရှည်. တို. ရှည် | ၂ကြွင်း မိတ္တ | ၅ကြွင်း လာဘ |
| ရှည်. ရှည်. တို | ၁ကြွင်း ဥပဒ် | ၄ကြွင်း အမြိတ္တ |

| ဂိုဏ်း(သံတို/သံရှည်) | ၃ဂါသားသမီး | ၄ဟူးသားသမီး |
|---|---|---|
| ရှည်. ရှည်. ရှည် | ၂ကြွင်း မိတ္တ | ၅ကြွင်း လာဘ |
| ရှည်. တို. တို | ၃ကြွင်း ကာန | ၆ကြွင်း သိဒ္ဓိ |
| တို. တို. တို | ၇ကြွင်း ဝရ | ၃ကြွင်း ကာန |
| တို. ရှည်. ရှည် | ၂ကြွင်း မိတ္တ | ၅ကြွင်း လာ |
| တို. ရှည်. တို | ၅ကြွင်း လာဘ | ၁ကြွင်း ဥပဒ် |
| တို. တို. ရှည် | ၆ကြွင်း သိဒ္ဓိ | ၂ကြွင်း မိတ္တ |
| ရှည်. တို. ရှည် | ၁ကြွင်း ဥပဒ် | ၄ကြွင်း အမြိတ္တ |
| ရှည်. ရှည်. တို | ၇ကြွင်း ဝရ | ၃ကြွင်း ကာန |

| ဂိုဏ်း(သံတို/သံရှည်) | ကြာသပတေး | သောကြာ |
|---|---|---|
| ရှည်. ရှည်. ရှည် | ၁ကြွင်း ဥပဒ် | ၄ကြွင်း အမြိတ္တ |
| ရှည်. တို. တို | ၂ကြွင်း မိတ္တ | ၅ကြွင်း လာဘ |
| တို. တို. တို | ၆ကြွင်း သိဒ္ဓိ | ၂ကြွင်း မိတ္တ |
| တို. ရှည်. ရှည် | ၁ကြွင်း ဥပဒ် | ၄ကြွင်း အမြိတ္တ |
| တို. ရှည်. တို | ၄ကြွင်း အမြိတ္တ | ၇ကြွင်း ဝရ |
| တို. တို. ရှည် | ၅ကြွင်း လာဘ | ၁ကြွင်း ဥပဒ် |
| ရှည်. တို. ရှည် | ၇ကြွင်း ဝရ | ၃ကြွင်း ကာန |
| ရှည်. ရှည်. တို | ၆ကြွင်း သိဒ္ဓိ | ၂ကြွင်း မိတ္တ |

| ဂိုဏ်း(သံတို/သံရှည်) | စနေသားသမီး |
|---|---|
| ရှည်. ရှည်. ရှည် | ၇ကြွင်း ဝရ |
| ရှည်. တို. တို | ၁ကြွင်း ဥပဒ် |
| တို. တို. တို | ၅ကြွင်း လာဘ |
| တို. ရှည်. ရှည် | ၇ကြွင်း ဝရ |
| တို. ရှည်. တို | ၃ကြွင်း ကာန |
| တို. တို. ရှည် | ၄ကြွင်း အမြိတ္တ |
| ရှည်. တို. ရှည် | ၆ကြွင်း သိဒ္ဓိ |
| ရှည်. ရှည်. တို | ၅ကြွင်း လာဘ |

"ကျုပ်ဆီ နာမည်ကလေးပေးပါ ဆရာရယ်ပြောတော့ ကျုပ်က ဘယ်ပြန်းစားကြီး ဘယ်ပေးနိုင်မလဲဗျာ၊ ဇာတာ၊ မဟာဘုတ်၊ နာမက္ခရတိုင်စဉ်၊ အင်္ဂဝိဇ္ဇာတိုင်၊ နာမက္ခရ ဆန်းကျမ်းအရ အရောင်အဆင်း၊ ဖြုပ် စတဲ့ ပေါ့ဗျာ၊ စစ်ပြီးသော်လဲ နောက်ဆုံးပိတ် ကိုယ်ပေးလိုက်တဲ့ နာမည်ဟာ 'အမြုတေ' နီးပါး ဖြူစင်နေမှ ဆရာလုပ်သူလဲ ဥပဒ်ကင်းပါတယ်၊ ပြီးပြီးရောကတော့ မလွယ်လှပါဘူး၊ ဘာကြောင့် ပြောရသလဲဆိုတော့ ဆရာတော်ခင်ကြီးဖျော်က အဖွင့်နိဒါန်းမှာ ဘာမိန့်ထားသလဲဆိုတော့"

ကျမ်းရင်းအတိုင်း ကောက်နုတ်ကူးထားသော ကျွန်ုပ်၏ အိတ်ဆောင်မှတ်စုစာအုပ်၊ စာမျက်နှာတစ်ခုကို ဖွင့်ပြလိုက်ပြီးနောက် ကျွန်ုပ်က စိတ်ရှည်လက်ရှည် ဖတ်ကြားပြလိုက်၏။

**တနင်္ဂနွေသားကို နှိုင်းယှဉ်အကြောင်းပြု၍ ဆန်းစစ်ပုံကိုပြခြင်း**

BURMESE CLASSIC .com

...အကြင် တနင်္ဂနွေသားသည် ဆီးစောင်း, သျှိသျှား ဟူသော ကြိုရှန်း နှစ်ထပ်၊ စတုရန်းနှစ်ထပ်တို့ကို ဆောင်ရာ၏ ဟုဆိုသောကြောင့် 'ဆီး စောင်း' သံကိုလည်းကောင်း သျှိသျှားသံကို လည်းကောင်း၊ တစ်ပါးပါးကို ဆန်းဂိုဏ်းစစ်သော် နှစ်ပါးလုံးပင် ဂရု(အသံရှည်) နှစ်လုံးထပ်တူကျ၍ ဥပရောဓဂိုဏ်း၏ လက္ခဏာအားဖြင့် 'စ' ဂိုဏ်း နှင်နှင်ချည်းကျကုန်၏။ 'စ'ဂိုဏ်းဟု ဆုံးဖြတ်အပ်၏။ ထိုဆုံးဖြတ်ပေးသော 'စ'ဂိုဏ်းဖြစ်သော 'ဥပရောဓ'ဂိုဏ်းကို 'အနုပရောဓဂိုဏ်း' သို့ တူရာသွင်းလျှင် 'မ' ဂိုဏ်းပင် ဖြစ်၏။ ထို့ကြောင့် 'ဆီးစောင်း, သျှိသျှား' သံတို့သည် 'မ'ဂိုဏ်းပင်တည်းဟု သိ၏။

ဤ'မ'ဂိုဏ်း၏ ဂိုဏ်းယှဉ်နက္ခတ် ဇေဋ္ဌနက္ခတ်ဖြစ်သောကြောင့် နက္ခတ်လုံးရေ တစ်ဆယ်ရှစ်ခုရ၏။ ထို (၁၈)ခုတို့တည်၊ နှစ်ဆယ်မပြည့်မီရောကိန်း 'သီကုံးပြည့်အောင် လှတန်ဆောင်' ဟူသည် တို့တွင် 'တနင်္ဂနွေသား၏နှော်ကိန်း 'သီ' ဟူသော (၆)ခုကို ရော၊ (၇)ခုစား (၃)ကြွင်းသောကြောင့် 'ကာန' ကျ၏။

ထို့ကြောင့် ဤသစ်နှစ်ပါးတို့ကို ယတြာသစ်ပင် ဖြစ်သော်လည်း မဆောင်အပ်။ ထိုမှတစ်ပါးသော ကြိုရှန်းနှစ်ထပ် စတုရန်း နှစ်ထပ်သစ်တို့ကို ရှာဖွေစီစစ်လျက် ဆောင်အပ်၏။ ဤသို့ တနင်္ဂနွေသားနှင့် နှိုင်းယှဉ်ကြောင်းကို သိလေ၊ ထို့... တစ်ပါးကြွင်းသော နေ့သားတို့၏ တည်ကိန်း၊ ရောကိန်း စသည်တို့ကို သိသာနိုင်လော့က်ပြီသာတည်း"

အားလုံး စိတ်ဝင်စားကြပြီး အမည်တစ်ခုအတွက် မလွယ်ပါကလားဟု တွေးတောနေကြ၏။ ဆရာတော်ခင်ကြီး ဖျော်ရဲ့ စေတနာနှင့် လမ်းညွှန်မှုသည် ရှိပြီးဖြစ်သော်လည်း မိမိတို့သည် လိုက်နာနိုင်ဖို့ အရေးကြီးလှ၏။

ဤကဲ့သို့ ဣဋ္ဌဂိုဏ်း(၄) ဂိုဏ်း၊ အနိဋ္ဌဂိုဏ်း(၄) ဂိုဏ်းဖြင့် စိစစ်ပုံနည်းစနစ်သည် လူအတော်များများက ရင်းနှီးသည် ရှိ၏။ ရှေးဦးစွာပေါ် ထွက်လာပြီး နာမက္ခရဆန်း၊ အင်္ဂဝိဇ္ဇာ... နည်းစနစ်အရ နာမည်ရွေးချယ်မှုမှာကား နောက်ကျစွာ... လူသိနည်း၏။ ဆိုလိုသည်မှာ နောက်ကျ၍ လူသိနည်း... ခြင်းမှာ လေ့လာရမှုက အများကြီးဖြစ်ပြီး ...တော





www.burmeseclassic.com

www.burmeseclassic.com

...ခွက်နိုင်သဖြင့် လွယ်သည်ဟုထင်သော ဂိုဏ်း(၈) ...သည် လူတွေနဲ့ အလွန်ရင်းနှီးခြင်း ဖြစ်၏။

အမှန်အားဖြင့် ဂိုဏ်း(၈)ဂိုဏ်း၏ နည်းစနစ်သည် ...နှင့် စိစစ်လာခဲ့ပြီး နောက်ဆုံး "အမြုတေ" ဖြစ်လာဖို့ ...အောက် တင်ခြင်းအတွက် 'အန္တိမ' အဆင့်ကြီးပင် ...လေသည်။

ထို့ကြောင့် ကျမ်းဖော်ပြချက်တွင် "ပီယ, ခန, ကာယ, ...ယဝန" ဟူသော အကျိုးတို့ကို "အမြိတ္တာ လာဘ၊ သိဒ္ဓိ ..." ဟူသော စုတ်လေးပါးတို့ဖြင့် စီရင်ရာ၏ဟု အခိုင်အခံ့ ...ပြထား၏။ ထပ်မံပြီး မိန့်ဆိုချက် တစ်ရပ်မှာကား ကျွန်ုပ်တို့ ...လုံး သတိချပ်ရမှာ ဖြစ်ပေ၏။

ထိုမိန့်ဆိုချက်ကား. .

"ထိုသို့ မရမူ၍ စီရင်ထုံးတို့ကို ပြုသော သူတို့သည် ...ရလေးပါး၌သာ နစ်မွန်းသော ခရီးသွားယောက်ျားနှင့် ...တူမည်" ဟု ဆုံးမထားတော်မူ၏။

"ဘယ့်နှယ်လဲဗျ ငြိမ်လှချေလား" ဟု ကျွန်ုပ်က စကား ...လိုက်၏။

"ဟုတ်ကဲ့ပါဆရာ၊ ဗဟုသုတ တော်တော်တော့ ရပါရဲ့၊ ...ကိုနားနိုင်တာတွေများသလို မကိုက်ညီတာတွေလဲ အများ ...ပါလား ဆိုပြီး တွေးနေတာပါ"

ကိုဘုန်းကြွယ်ထံက ထွက်ပေါ်လာသော စကားသံ ...၏။

"ဒါကြောင့် ပြောတာပေါ့ဗျာ၊ တစ်စုံတစ်ယောက်က ...လုပ်ငန်းနာမည်၊ ကလေးနာမည်တွေပေးပါလို့ တောင်းဆို ...လာရင် နှိုက်နှိုက်ချွတ်ချွတ် သိထားတဲ့ သူတွေအတွက် ...ခနဲ အဖြေမထွက်ဘူး၊ မပေးရဲဘူး၊ လက်တွန့်တယ်၊ ...ပြောတာ၊ ကိုယ်ပေးလိုက်တဲ့ 'အမည်'ဟာ တွင်တော့ ...မှ 'အမည်' တွင်တော့မယ်ဆိုရင် ကောင်းကျိုး၊ ဆိုးကျိုး ...တ အလကားမနေဘူး၊ သူ့စွမ်းအားနဲ့သူ ထွက်လာမှာ ...ချာတယ်၊ ဘယ်လောက် ကြောက်စရာကောင်းသလဲဗျာ၊ ...တို့ဘက်ကိုလဲ ပြန်စဉ်းစားပေးကြပါဦးနော်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်ကိစ္စကြီး ဘယ်လိုရှင်း ...ပြောဦးလေ ဆရာ"

သူ့ကိစ္စကြီးက တခြားမဟုတ်။ ကိုဘုန်းကြွယ်ဟူသော ...ည် နာမသည် ကြာသပတေးသားကြီးအတွက် ဒုက္ခင်း ...နေသော ကိစ္စအတွက် ကိုဘုန်းကြွယ်က မေးမြန်းခြင်း ...ပေ၏။

"ဒီအသက်ကျတော့မှ ဘယ်လိုလုပ်ပြီး ခင်ဗျားနာမည် ...ပြောင်းလို့ရတော့မှာလဲ၊ 'ကိုဘုန်းကြွယ်' ဟာ 'ကိုဘုန်း ...' ပဲ ခေါ်တော့မှာပေါ့၊ ကဲ, ဘယ်လိုလုပ်ကြမလဲ စဉ်းစား ...ဝိုင်းပြီး စဉ်းစားကြတာပေါ့၊ ခင်ဗျားတို့လဲ ကျုပ်နဲ့ ...များတော့ မည့်ပါဘူး၊ အဖြဲ့လေး ဘာလေး ကျုပ်ကို ပေးကြဦးလေဗျာ" ဟု ဆိုပြီး ကျွန်ုပ်လည်း အာခြောက်လာ သဖြင့် ရေနွေးကြမ်းသောက်ရင်း ခေတ္တအနားယူနေလိုက်၏။

"ကဲ, အဖြေရကြပြီလား" ဟု ကျွန်ုပ်က စလိုက်၏။

တကယ်တော့ အဖြေပေးရမှာ မရဲတရဲ ဖြစ်နေကြ၏။

"ဆရာပဲ ကြည့်စီစဉ်ပါ ဆရာရယ်၊ လွဲမှားသွားရင် မကောင်းတာ ဖြစ်နေဦးမယ်"

ကိုမောင်မောင်က ပြောလိုက်ခြင်း ဖြစ်၏။

"အေးဗျာ. . နာမည်လဲ ပြောင်းဖို့ မလွယ်တော့ဘူး မဟုတ်လား၊ အဲဒီတော့ ခင်ဗျား နာမည် ကိုဘုန်းကြွယ်ကြီးကို ကက်ကင်းဆိုပြီးတော့လဲ မလုပ်လေနဲ့နော်၊ ခင်ဗျား ကက်ကင်း က (၂၅ - ၅၂) ဆိုတော့ တစ်ခါတလေ ရန်လိုလို၊ မိတ်လိုလို နဲ့မပြတ်သားဘူး ပြတ်ပြတ်သားသားနဲ့ နှစ်မျိုးအဓိပ္ပာယ်ထွက် တာလဲ စဉ်းစားလို့ မလွယ်ဘူး ဒါပေမယ့် ဟိုနေ့က ပြောခဲ့ တဲ့ယတြာကို ဆက်ဆက်လုပ်ပေါ့ဗျာ။

ပြီးတော့ ခင်ဗျား နာမည်က တခြားသူတွေရဲ့ နာမည် နဲ့လဲ မတူဘူး၊ နာမည်ရဲ့အဓိပ္ပာယ် ထွက်ရာ ညွှန်းရာကိုပဲ အလေးထား ပြောရတော့မယ်၊ အဲဒီတော့ 'ဘုန်း' ဆိုတာ ဘာနဲ့ဆိုင်သလဲ၊ လူ 'ဘုန်း' ဆိုတာက အတက်အကျ ရှိတယ်၊ ထာဝရခိုင်မြဲတာကို စဉ်းစားရမယ်၊ စဉ်းစားတော့ နံပါတ် တစ်က ဘုရားကိုမြင်ရမယ်၊ ဘုရားပြီးရင် တရား၊ တရားပြီးရင် သံဃာ၊ သံဃာပြီးရင်မိဘ၊ မိဘပြီးရင် ဆရာ၊ ဒီပုဂ္ဂိုလ်တွေဟာ ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်၊ ထာဝရ ဘုန်းတည်မြဲတဲ့ ပုဂ္ဂိုလ်မြတ်တွေပဲ။

အဲဒီ ဘုန်းပိုင်စိုးတဲ့ ငါးအင်သော ပုဂ္ဂိုလ်ရဲ့ 'ဘုန်း'ကို မှီရမယ်၊ ခင်ဗျားမှာရှိတဲ့ ဘုန်းက မြဲမှ မမြဲတာ၊ ဘယ်လို မှီရမလဲ ဆိုတော့ အနန္တငါးပါးဦးထိပ်ထားပြီး ဒါနမှုတွေ ပိုင်ပိုင် နိုင်နိုင်လုပ်ပေတော့၊ ဉာဏ်မီသလိုသာ မှီခိုပေတော့၊ အဲဒီ တော့မှ လှုပ်တုပ်လှုပ်တုပ် ဖြစ်နေတဲ့ ခင်ဗျား 'ဘုန်း' ဆိုတဲ့ အပေါ်ကို အနန္တငါးပါးရဲ့ 'ဘုန်း' အရိပ်ထိုးပြီဆိုရင် ခင်ဗျား ဟာ လူ့လောကမှာ 'ကြွယ်' လာတော့မှာပဲ၊ ကဲ, ဟုတ်တယ် မဟုတ်လား"

"ကောင်းလိုက်လေ ဆရာရယ်၊ အကျိုးရှိတဲ့ ယတြာ ပဲဗျာ၊မှတ်မှတ်သားသားပဲ"

"ဒါကြောင့် ပြောတာပေါ့ဗျာ၊ ကြုံကြုံဖန်ဖန်နဲ့ လုပ်တာ မဟုတ်ဘူး၊ ပညာရှိတွေ အားလုံးနဲ့တကွ ဝဋ္ဋိ (၃) ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ရစေတဲ့ အစီအရင် အဖြစ် လက်ခံကြမှာပါ၊ တစ်ဖက်ကလဲ ဒီလိုဒါနမှုမျိုး တစ်ခုနဲ့လဲ မပြီး သေးဘူး၊ တရားရိပ်လဲ မှီရတယ်နော်"

"ကျွန်တော်တို့ သဘောပေါက်ပါပြီ၊ လူတော်တော် များများဟာ သိထားသင့်တာပဲနော်"

ကိုဘုန်းကြွယ်၏ ပြောကြားချက် ဖြစ်ပေ၏။

"ဒါတွေကို လူတိုင်း မသိနိုင်ကြဘူး၊ သိချင်ကြတယ်၊ မလေ့လာနိုင်ကြဘူး၊ ဒီတော့လွယ်တဲ့ လက်ထောက်ဗေဒင်၊



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်းဇုဗ္ဗဒင် အတိုအစလောက်နဲ့ပဲ စခန်းသွားနေရတာပဲ ကျုပ်ဆိုလဲ ဂဏန်းဗေဒင်ကို အထင်မသေးပါဘူး ခေတ်မီသူတိုင်း တတ်ထားတယ်ဆိုတော့ ကျုပ်လဲ လေ့လာထားရတာပေါ့ဗျာ။

ကျုပ်ကတော့ ချိုးနှိမ်သဲ ရှိတော့ ဝါသနာလဲပါ၊ ငယ်ငယ်ကတည်းက အဖေနဲ့ ဆရာတွန်ကြီးနဲ့ အခြေခံသဘောတရားတွေ နှိုက်နှိုက်နဲ့ ကျုပ် အသက် (၂၀)လောက်ကတည်းက လေ့လာတာပါပဲ ဘယ်သူ့ဆီကမဆို တပည့်ခံပြီး မှတ်သားလေ့လာတယ်၊ ကျုပ်ကို သင်ကြားတဲ့ဆရာတွေဆိုရင်လဲ (စာအုပ်စာတမ်းပြုစုတဲ့ ပညာရှင်တွေအသာထား) နည်းတာမဟုတ်ပါဘူးဗျာ၊ တော်တော်ကို ဆရာတွေ များပါတယ်၊ ကျေးဇူးတော် အနန္တပါပဲဗျာ။

ဒါကြောင့် ဒီပညာမသိထားတဲ့ လူတွေ သနားစရာကောင်းတယ်၊ ခင်ဗျားတို့လဲ တွေ့ဖူးမှာပေါ့၊ ကိစ္စကလေးပေါ်လာရင် ဗေဒင်ဆရာဆီ ပြေးရ ဟိုပြေးရ ဒီပြေးရနဲ့ ကျုပ်ကိုယ်ချင်းစာပါတယ်၊ မတတ်ရ ကောင်းမလားဆိုပြီး အထင်မသေးပါဘူး၊ ကျုပ်လဲ အပြည့်အစုံ တတ်သေးတာ မဟုတ်ပါဘူးဗျာ၊ စာရေးတတ်ဖတ်တတ်တဲ့ အဆင့်သာသာပဲ ရှိသေးတယ်၊ ခင်ဗျားတို့လဲ ဒီလိုသွားရင်းလာရင်း မေးရင်းမြန်းရင်းက ကျုပ်နဲ့ တွေ့လာရတယ်ပဲ ဆိုပါတော့၊ ကျုပ်နဲ့ နီးရင်တော့ ဟုတ်သား၊ မနီးဘူး ဝေးတယ်ဆိုရင် တခြားဆရာဆီ ပြေးရမှာပဲ၊ သဘာဝ မဟုတ်လားဗျာ"

"ဆရာဟာ တန်ဖိုးရှိတဲ့ ပညာကို ရထားတာပဲနော်"

ကိုဘုန်းကြွယ်က စကားထောက်လိုက်၏။

"ဒါပေါ့ဗျာ ပြောရမယ်ဆိုရင် မိဘကျေးဇူးပဲ၊ ကျုပ်က တစ်ဦးတည်းသားဗျ၊ အဖေက ငယ်ငယ်တုန်းကတည်းက ပြောတယ်၊ 'လူလေးတဲ့ မင်းကြီးလာရင် အဘိုးကြီး ဖြစ်ပါစေ'တဲ့၊ ကျုပ်က ရယ်တာပေါ့၊ ကြီးလာရင် ကျုပ်က အဘိုးကြီး ဖြစ်မှာ သေချာတာပဲမဟုတ်လား၊ 'ဘာကို ပြောတာလဲ အဖေ'လို့ မေးတော့. . 'အသက်ကြီးလာရင်တဲ့ လောကီ လောကုတ် ဗဟုသုတ ရှိပါစေတဲ့၊ အဲဒါဆို အဖိုးကြီးတာပဲ' တဲ့။ 'ဒီလိုမှ မဟုတ်ရင် အပိုကြီး ဖြစ်သွားတတ်တယ်'လို့ ထပ်ပြောသေးတယ်။

ကျုပ်ကလဲ ကတ်တတ်တတ်ပဲ၊ ဒါနဲ့ ဘာဆင်ခြေပေးသလဲဆိုတော့ 'ကျွန်တော်ကတော့ ဟုတ်ပါပြီ. . အဘိုးကြီး၊ မိန်းကလေးကျတော့ အဖွားကြီး ဖြစ်မှာ၊ အဖေ ဘယ်လို ပြောမလဲ' ဆိုတော့ 'အဖွာကြီး မဖြစ်စေနဲ့' ဆိုပြီး ပြောတယ်။ အမေ့ကို နည်းနည်း ချိတ်တိတ်တိတ်နဲ့ပြောတာ။ 'အဖွာကြီး' ဆိုတာ အသုံးအစားဖွာတာတို့ စကားဖွာတာတို့ကို ပြောတာ။ အမေက စကား မဖွာဘူး၊ ဒါပေမယ့် အဖေ့အမြင်က 'ဆီ' သုံးတာ များတယ်လို့ ဆိုတာပါပဲ။

အမေက ကြားတော့ 'အမယ် မင်းတို့ သားအဖက ငါ့များ . . ဟယ်' ဟု အသံလေးလေးကြီးနဲ့ ပြောလိုက်တယ်… တကယ်တော့ အမေဟာ ဘယ်လောက်ပဲ ဟင်းချက်ထား… မယ်၊ ကျွန်တော်တို့ သားအဖကိုပဲ အဝပုံကျွေးတာ၊ တစ်… … သူ စားချင်မှ စားတယ်၊ ဒါကြောင့် ကျုပ်လဲ အ… ပြောသလို လောကီဘက်ကတော့ သူများပြော ပါးစပ်… မနေရဘူးပေါ့။ ဒါပေမယ့် လောကုတ်ဘက်က ကျန်သေး… တယ်၊ ခုဆို ကျုပ်လည်း 'အဘိုးလေး' စာရင်းထဲမှာ ဝင်နေ… ဗျ ဘာမှတ်သလဲ"

အားလုံးက ဝိုင်း၍ ရယ်မောကြ၏။

"နေဦး ဆရာ၊ ဆရာက ခုည အမြန်ရထားနဲ့ ပြ… မယ်ဆိုတော့ အချိန်လေးရတုန်း ဆရာ့တူမ မခင်မာကြည်… ကျန်းမာရေး မပြည့်စုံဘူး ဆရာ၊ နည်းနည်းပါးပါး ကျန်းမာရေ… ကောင်းလာအောင် သင့်လျော်ရာ စီစဉ်ပေးခဲ့ပါဦး ဆရာ"

ကျွန်ုပ်၏ဦးနှောက်သည် တာဝန်ကျေ၏။ ကိုဘု… ကြွယ်နဲ့ စတွေ့စဉ် ဘူတာက အဆင်း၌ ကြာသပတေး… (၉)နာရီကျော်ကျော် သူ့ရင္ခအခါ၏ ဖြစ်ရပ်များအတွ… စကားပြောသံများ ကြားနေရ၏။ ထိုအခါတွင် ၂လ်ာသ… အညွှန့်မှာ နေသော်လည်း ရန်(၂)ချက် ညှပ်ထားပြီး ကိုဘု… ကြွယ်၏ စုတ်ဂြိုဟ် အင်္ဂါသည် ကြိုရန်းခိုနေတဲ့ ဇာတ်ကွ… တစ်ခု၊ ဒီနေ့ ကိုဘုန်းကြွယ်အိမ်အရောက် စနေအခါ၏ ကြိ… တွင် တနင်္လာ မလှုပ်သာ ဖြစ်နေသော မြင်ကွင်းတစ်ခု၊ … နှစ်ချက်ကြောင့် အခိုင်အမာ စွပ်စွဲတာ မဟုတ်ဘဲ သုံးသ… လိုက်ရလျှင် မခင်မာကြည်၏ ကျန်းမာရေး မပြည့်စုံမှုကြော… ကိုဘုန်းကြွယ်ဘက်က အိမ်ထောင်ရေးဘဝ သာယာမှု … သည့်အတွက် အနည်းငယ် ကိုဘုန်းကြွယ် အပြင်မှာ အစ… ကလေး နည်းနည်းရှိသလို ရိပ်မိနေရှာတဲ့ မခင်မာ… ဘက်ကလဲ ဖြေမဆည်နိုင်ဘဲ တစ်စတစ်စ စိတ်ထော… ကိုယ်ကြေ ဖြစ်လာကာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။

ဒီအချက်တွေကို ထည့်စဉ်းစားပြီး မျက်နှာစုံညီ… ပြောမဖြစ်နိုင်တာတွေလည်း ရှိနေ၏။ သူတို့နှစ်ဦးကြား… ကျွန်ုပ်တို့သုံးဦးကြား ဘယ်လိုစခန်းသွားမလဲဆိုတာ ကျွန်… ဦးနှောက်သည် ခေတ်မီမီနှင့် စမ်းသပ်ချိန်ဆနေလေ၏။

သည့်နောက် ကျွန်ုပ်သည် အောက်ပါအတိုင်း … လိုက်လေ၏။

"သြော် . . မခင်မာကြည်ကတော့ တခြား မဟု… ဘူးကွယ်၊ ကိုဘုန်းကြွယ် လုပ်ငန်းလေး မထင်မှတ်ဘဲ … အထစ်ကလေးရှိလာတာ မြင်ရတော့၊ ကိုယ့်ခင်ပွန်းလုပ်… အတွက်စိုးရိမ်ပြီး (စနေအခါ ဖြောအခိုက်ကို မှီ၍) သွေး… ချောက်ချားမှုပါပဲ၊ သွေးသားမကောင်းမှု မီးယပ်ဆိုင်ရာ… လေ၊ ပြီးတော့ အတွေးများရင်လဲ မီးယပ်သွေးသာ… တစ်နည်းနဲ့မဟုတ် တစ်နည်း ရန်ရှာတတ်တယ်၊ … ဆက်ပြီး စိတ်မကြည်တာတို့၊ အားငယ်တာတို့ စိုးရိမ်…





www.burmeseclassic.com

www.burmeseclassic.com

…စ်ခါတလေ လူကြီးဖြစ်သော်လဲ ကိုဘုန်းကြွယ်နဲ့ ပတ်သက် …ွင့်ပွင့်လင်းလင်း ပြောရရင်) အူတိုသလို ဖြစ်လာတတ် …။

ဘကယ်တော့ ကိုယ်ထင်တာတွေ ဘာမှမဟုတ်ဘူးလို့ …ကြည်စွာနဲ့ ပြည်ဖုံးကားချလိုက်ရင် သွေးလေလည်ပတ်မှု …ကြောင့် ကျန်းမာရေး ကောင်းလာနိုင်ပါတယ်၊ မစိုးရိမ်နဲ့ …ဖက်ကလဲ ဆရာဝန်များရဲ့ ကုသမှုကိုရယူဖို့နဲ့ မိမိစိတ်က … ပြန်ပြီး လန်းလန်းဆန်းဆန်း နေပြမ်ပါ…

"ဘယ့်နှယ်လဲ မိကြည်၊ ဆရာပြောတာလေ မှန်တယ် …တ်လား" ဟု ကိုဘုန်းကြွယ်က မခင်မာကြည်ကို ကျွန်ုပ်၏ …ပြာချက်အပေါ် အားယူလျက် အယူခံတက်နေခြင်းဖြစ်ရာ …ခင်မာကြည်က မျက်လုံးထောင့်ကပ် တစ်ချက်ကြည့်လိုက် …ည်ကို ကျွန်ုပ်က မြင်လိုက်လျှင် . . .

"ကိုဘုန်းကြွယ်ဘက်ကလဲ ခုအချိန်မှာ ကျန်းမာရေး …ကောင်းနေတဲ့ မခင်မာကြည် စိတ်အားတက်ကြွဖို့ စိတ်ကို …တောင်မြှောက်ပေးရမယ်၊ အဲဒါက ကိုဘုန်းကြွယ် ကိုယ် …ိုင် လုပ်ရမယ့်ယတြာပဲ၊ အကုန်အကျတော့ တော်တော်များ …ယ်နော်" ကျွန်ုပ်က မထိတထိ ပြောလိုက်ရာ မခင်မာ …ကြည်က . . .

"ဆရာရယ် . . ဆရာ့လူလဲ ဆရာ ဆုံးမခဲ့ပါဦး"

"ကိုဘုန်းကြွယ်က အဆုံးအမ လွယ်ပါတယ်ကွယ် …တာ အကင်းပါးပြီးသားပါ" ဟု အားပေးပြန်ဖြေလိုက်၏။

သည်သို့ ပြောရတာက တခြားမဟုတ်။

ကိုဘုန်းကြွယ်အပေါ် သံသယဖြင့် ကျန်းမာရေး …လာရသည်အထိဖြစ်နေတဲ့ မခင်မာကြည်တို့၏ ဇာတ်လမ်း …တ်ကွက်ကို "မသိဘူး" ဟု ထင်လိုက်လျှင် ကျွန်ုပ်ညံ့ရာ …ည်။ ပညာကို အထင်သေးမည်။

ဒါကြောင့် "မင်းတို့ ဖြစ်နေတာ အားလုံး ငါ သိပါ …ယ်" ဆိုတာကို ကြားသုံးကြား လွတ်အောင် ဇာတ်ကွက် …ို တ,လိုက်ရခြင်း ဖြစ်၏။

ကျွန်ုပ်ကပင် ဆက်၍ . .

"မခင်မာကြည် ကျန်းမာရေးအတွက်ကွယ် ထူးထူး ခြားခြား မဟုတ်ပါဘူး၊ လက်ပံရွက် (၉)ရွက်လောက် အိပ်ရာ ခြေရင်း ဖျာအောက်ထားပြီး အိပ်၊ တစ်ပတ်ကြာ တစ်ခါ အသစ်လဲ၊ (၃)ခါလောက် လုပ်ရင် ကောင်းသွားမှာပါ။ ဒါမှမဟုတ် ရွက်လှ (၁၇)ရွက်နဲ့ ပျဉ်းမ(၁၉)ရွက်ကို ရွက်လှ လက်ဝဲခြေရင်း၊ ပျဉ်းမ လက်ယာခြေရင်းဘက် ထားအိပ်ရင် လဲအတူတူပဲ၊ ပိုပြီးကောင်းသေးတယ်။ ဗုဒ္ဓဟူးနေ့ နံက် (၁၁:၀၀) နာရီလောက်လုပ်ရင် ပိုကောင်းတယ်။ စနေသား သမီးကို အစအဆုံး ကူညီပြီး လုပ်ခိုင်း၊ ပိုပြီး ဓာတ်မိတယ် မှတ်မိတယ်နော်"

"ဟုတ်ကဲ့ တော့ရှင့်ပါဆရာရယ်" ဟု မခင်မာကြည်က လိုက်လှဲစွာ တုံ့ပြန်ပြောဆို၏။

ကျွန်ုပ်တို့ စကားဝိုင်းသည် အဆုံးသတ်လိုက်၏။

ကိုမောင်မောင် ဇနီးမောင်နှံလည်း ပြန်သွားကြ၏၊

ထိုည၌ ညစာစားပြီး ည (၁၀)နာရီ ခန့်တွင် ပြည်မှ ကြို့ပင်ကောက်သို့ အမြန်ရထားဖြင့် ထွက်ခွာခဲ့လေ၏။

ဤခရီးစဉ်အတွက် အရာအားလုံးကို ကျွန်ုပ် မမေ့ နိုင်ပါ။ ကျွန်ုပ် တပည့်များအား ပြန်လည်၍ ဖောက်သည် ချရဦးမည်ဟု အားခဲလျက် တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့ သော ပြည်မြို့၏ ညရှုခင်းကို ငေးမောရင်း အရှိန်တဖြည်း ဖြည်း မြင့်လာသော အမြန်ရထားကြီးပေါ်တွင် တငြိမ့်ငြိမ့် ဖြင့် လိုက်ပါလာခဲ့ပါတော့သတည်း။

*[ပြည်မြို့ ခရီးစဉ်အတွက် ကိုထွန်းမြင့်(နမယ်)၏ လုပ်ငန်းများအောင်မြင်မှု၊ ကိုစံနိုင် အခက်အခဲမရှိ ပြေလည် မှုများ၊ ကိုဘုန်းကြွယ် စီးပွားရေးပြန်လည် ဦးထောင်လာမှုများ၊ မခင်မာကြည်လည်း စိတ်ချမ်းသာလာပြီ ဖြစ်ကြောင်းတို့ကို ကျွန်ုပ် ပြည်က ပြန်ရောက်ပြီး 'လေးငါးလ' လောက်အတွင်း ကောင်းသတင်းများသည် ကျွန်ုပ်ထံသို့ ဆင့်ကဲဆင့်ကဲ ရောက်ရှိလာပါတော့သည်။]*

**☐ ဦးညွှန့်လှိုင်(ကြို့ပင်ကောက်)**


**အတွင်းကြော်ငြာဈေးနှုန်း**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊

(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ပွင့်ကြူး လတန်ခူး

အောင်ရဲဝင်း (ဟံသာမြွေ)

ဆောင်းအကုန် နွေအကူး လေရူးပွေစ ညတစ်ညဝယ် နက်မှောင်သောကောင်းကင်ကို နောက်ခံထား၍ ကြယ်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်နှင့် အချက်ပြနေကြသည်။ ဆန်းစသော်တာသည် ကမ္ဘာမြေပြင်အား အလင်းရောင်ဖြန့်ပေးရန် အားပြုနေ၏။

လေရူးသည် တွေ့သမျှသစ်ပင်တို့ကို တိုးဝှေ့၍ ပန်းရနံ့တို့ကို သယ်ဆောင်လာပါသည်။ ပန်းပွင့်ကလေးတို့သည် ဘယ်ညာယိမ်း၍ ယိမ်းကသည့်နှယ် ကျန်ရစ်ရှာ၏။

သစ်ရွက်ကလေး တို့၏ တရှဲရှဲမြည်သံသည် ဂီတသံလော၊ လက်ခုပ်သံလော၊ မခွဲခြားတတ်ပါ။ ကျွန်တော်သည် အိပ်မပျော်သော ယို့ညကို လွန်မြောက်ရန် စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ယူဖတ်ဖြစ်ပါသည်။

"နှစ်ဆန်း ၊နွေ အရောက်မှာဖြင့်
ချစ်ပန်းဝါ ရွှေပိတောက်ရယ်က
ကြိုင်လှောက်လို့ ဖူးငုံစီ"

ကျွန်တော် နှစ်သက်စွဲလမ်းသော မြင်းမူမောင်နိုင်မိုး၏ ကဗျာမှ ပထမအပိုဒ်ဖြစ်ပါသည်။ ကျွန်တော်သည် ထိုကဗျာကို ဖတ်မိတိုင်း ရွာထိပ်က ပိတောက်ပင်ကြီးကို သတိရသွားသည်။

ကျွန်တော်၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ဥက္ကံရွာကလေး၏ အရှေ့ဘက် မဒွေးကန်နှင့် မလှမ်းမကမ်းတွင် ကျွန်တော်ချစ်သော ပိတောက်ပင်ကြီး ရှိပါသည်။

သကြံန်မိုးကလေး တစ်ဖြိုက်
ဖြိုက်ရွာ၍ အိပ်ပျော်နေသောပိတော
ဖူးကလေးများကို မိုးစက်မိုးပွင့်က
များက ယုယစွာ သန့်စင်ပေးလိုက်
အခါ ပိတောက်ပင်အိုကြီးသည်
သစ်လွင်လာပါတော့သည်။ ထို
ရွာသူရွာသားတို့သည် ပိတောက်
ချိုင်သူကချိုင်၊ ပိတောက်ဖူးကို ခူး
ခူးဖြင့် ပိတော်တမျှ စည်ကားနေသ
ယခုတိုင် မြင်ယောင်မိပါတော့၏

လတန်ခူးပေမို့ အလှ
ဖူးပွင့်ကြသည့် ပိတောက်ပန်းလေ
ကို အားလုံးက မြတ်မြတ်နိုးနိုး
ထားကြသည်။ အချို့က အမျိုးသ
ဟုပင် သတ်မှတ်ကြသည်။ ပိ
ပွင့်ဖူး လတန်ခူးသည်ကား မြ



www.burmeseclassic.com

www.burmeseclassic.com

...အစ ပထမလဖြစ်ပါသည်။ မဟာ...မင်းကြီးက . . .

"နွေခါမှိုဝယ်၊ ရာသီမိဿ
ဂိမှာနုမို့၊ စိတ်ြကြယ်
တိမ်မိုးလယ်မှာ
စမှာယ်ထွန်းကာ
တိမ်ဗွေချာဝယ်
ဒေသစာ့လှမ်း
လှည့်လည်မြန်းလို့
နှစ်ဆန်းငယ်သင်္ကြန်
သစ်သစ်သာ ဖန်တော့တယ်
နိုင်ငံကြော့ ပြည်သူမှာ
ပန်ဆုယူ တာရေသွန်းချိန်မို့၊
လွမ်းလှတယ်လေး"

မှတ်တမ်းတင်ခဲ့ပါသည်။ ရွက်...ောင်းကြွေ မြေခ၍ ရွက်သစ်ဝေစ ထို...ရာသီတွင် မြန်မာပြည်သူတို့သည် ရေ...င်သွန်း၍ နှစ်သစ်ကိုကြိုဆိုကြပါသည်။ သင်္ကြန်ပွဲတော်ကို ယခုမှ ကျင်းပကြသည် မဟုတ်ပါ။ သာကီဝင်များလက်ဆက်မှစ၍ ကျင်းပခဲ့သည် ပွဲတော်ဖြစ်ပါသည်။

သာကီဝင်မင်းများသည် ဒေဝဟာပြည်ရှိ ရေကန်၌ တစ်ဦးနှင့်တစ်ဦး ရေကစားကြရာမှ အစပျိုးခဲ့သည်ဟု မှတ်သားသိရှိရပါသည်။

သိုးဆောင်းလူမျိုးတို့သည် ခရစ်...တော်ပွဲတော်ဖြင့် နှစ်သစ်ကို ကြိုဆိုကြသည်။ တရုတ်တို့က နှစ်သစ်ကူးပွဲတော်ဖြင့် ကြိုဆိုကြသည်။ မွန်ဂိုလီးယားလူမျိုးတို့က ကောက်သစ်ပွဲတော်ဖြင့် ကြိုဆိုကြပါသည်။ မြန်မာတို့ကသင်္ကြန်ပွဲတော်ဖြင့် ကြိုဆိုကြပါသည်။ မည်သို့ပင် ဒီဝါဒကွဲပြားစေကာမူ လူမျိုးတိုင်း၏ ယဉ်ကျေးမှုရိုးရာ အမျိုးသားလက္ခဏာဖြစ်၍ လေးစားဖွယ်ကောင်းလှပါ၏။

ကျွန်တော်တို့သည် တစ်ခါတစ်ရံ ...တို့၏ မွေးရပ်မြေကို လွမ်းတတ်ပါသည်။ အတိတ်က ပျော်ရွှင်ခဲ့ကြသည့် နေ့ရက်များကို ပြန်၍တမ်းတတတ်ကြပါသည်၊ အိပ်မက်မက်တတ်ကြပါသည်။ ကျွန်တော်သည်လည်း မွေးရပ်မြေဖြစ်သော ဥက္ကံရွာကလေး၏ တစ်ခါက သင်္ကြန်ကို ပြန်၍လွမ်းမိပါ၏။

ကာလသားခေါင်းဖြစ်သူ ဦးဝဏ္ဏတို့၏ ဒိုးပတ်သံမှ ထွက်ပေါ်လာသော-

"ကုသိုလ်ရေးမို့
ကြိုးပမ်းတာ
ကျွန်တော်တို့မှာ
ခွေးတလုံးလုံး၊
ဖန်ပြာခွက်နှင့်
ကျောက်စက်ရေ
အမောပြေအောင်
တိုက်ပါ မမ၊
နှစ်ဟောင်းတုန်းက
အညစ်အကြေးတွေ
အတာရေနဲ့
မျောပါစေသား၊"

အစရှိသည့် သံချပ်သံတို့ကို ကြားယောင်မိပါသည်။ ပိတောက်ပန်းတွေကို ဝေနေအောင်ပန်ထားသော ကျွန်တော်တို့ရွာမှ ကွမ်းတောင်ကိုင် ခင်ဦး၏ ချစ်စဖွယ်အပြုံး၊ ခင်ဦးတို့ ကုမ္ပဏီဝတ်အသင်းမှ ကျွေးမွေးဧည့်ခံသော သင်္ကြန်ထမင်းတို့ကို လွမ်းမိပါ၏။

ထိုနှစ်က ထူးထူးခြားခြား နှစ်ဆန်း ၁ ရက်နေ့တွင် ပိတောက်တွေ ပင်လုံးညွှတ်ပွင့်ပါ၏။ ဦးဝဏ္ဏတို့အဖွဲ့နှင့် ခင်ဦးတို့အဖွဲ့ စုပေါင်း၍ သွန်းဘုရားကြီး တန်ဆောင်းတွင် နှစ်ကျိပ်ရှစ်ဆူဘုရားများအား ရေသပ္ပာယ်ခြင်း၊ စတုဒိသာ ကျွေးခြင်း၊ လူကြီးမိဘတို့အား ခေါင်းလျှော်ပေးခြင်း၊ ညနေရီတွင်သံဃာတော်များထံမှ ပရိတ်တရားနာယူခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြပါသည်။

ရေသဘင်ပွဲတော်တွင် အကျီစားသန်သောကြောင့် နောင်တရခဲ့သည့် နရသီဟပတေ့မင်း၊ လူပုံအလယ်တွင် အရှက်ရသွားသော မိဖုရားငယ်စောလုံ၏ တန်ပြန်လက်စားချေမှု၊ မျက်တော်ရှ၍ သေဒဏ်အပြစ်ပေးပြီးမှ တမ်းတပူဆွေးနေရသော ဘုရင်တို့၏ ကြေကွဲဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ်သည် တစ်ခုသောသင်္ကြန်တွင် သင်ခန်းစာတစ်ရပ်အဖြစ် ပြသခဲ့သည်။

ထိုအကြောင်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက . . .

"ချောဂုဏ်နဲ့ နွဲ့ရှာတဲ့၊ စောလုံရဲ့ ပုဂံရာဇဝင်တရား" ဟူ၍ လေးချိုးကြီးကို စပ်ဆိုခဲ့ပါသည်။

ကျွန်တော်တို့သည် သင်္ကြန်တွင်းရက်များကို အခါကြီး ရက်ကြီးအဖြစ် သတ်မှတ်၍ တစ်ဦးနှင့်တစ်ဦး မေတ္တာထားကာ အတာရေသဘင်ပွဲကို ဆင်နွှဲလေ့ရှိပါ၏။

စာပေပညာရှင်ကြီး မာဘဲလ်ရို က "ဘဝဆိုသည်မှာ အိပ်မက်ပေတည်း" ဟူ၍ အဆိုပြုခဲ့ပါသည်၊ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်က "ဘဝဆိုသည်မှာ အိပ်မက်ရှည်ကြီးတစ်ခုနှင့် တူသည်။ မက်နေတုန်းမှာတော့ ဘဝတဲ့သို့ပင် အစစ်အမှန်ဖြစ်နေသည်။ နိုးလာသည်နှင့် ဘာမှမရှိတော့" ဟု ဆိုခဲ့ပါသည်။

မည်သို့ပင် ဆိုစေကာမူ ကျွန်တော်သည် အတိတ်က လွမ်းစရာတွေကို ပြန်၍ မက်ခွင့်ရသည့် အိပ်မက်တွေကို တမ်းတပါသည်။

ရနံ့သင်း၍ အဆင်းလှသည့် ပိတောက်ဝါဝါတွေကို ချစ်ပါသည်။ သပြေခက်နှင့်ပက်သည့် နံ့သာရည်ကို တန်ဖိုးထားပါသည်။

ပိတောက်ပွင့်ဖူး လတန်ခူးသို့ ရောက်သည့်အခါတိုင်း မြန်မာလူမျိုးတို့သည် မေတ္တာရေစင် သွန်းလောင်းကာ နှစ်သစ်ကို ကြိုဆိုကြပါလိမ့်မည်။ မြန်မာ့ရိုးရာ အစဉ်အလာမပျက်ကျင်းပခဲ့သော အတာသင်္ကြန်ပွဲတော်ကို နောင်လာနောက်သားတို့က ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပါသည်။

သို့မှသာ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်သည် ပိတောက်ရနံ့ မေတ္တာရနံ့တို့နှင့်အတူ ကမ္ဘာတည်သရွေ့ သင်းပျံ့မွှေးကြိုင်နေမည်သာ ဖြစ်ပါသည်။

❒ အောင်ရဲဝင်း(ဟံသာမြေ)

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစဉ် အချိန် ဝဲရှော့ အင်္ဂလိပ်နိုင်ငံများကို အစမ်း လေ့ကျင့်ပြသရာ ကျွန်ုပ်တို့တပ်ခွဲ ... စစ်ဆင်ပွဲသစ် ဆောင်ရွက်သည့် သဲကန္တာရထဲ သို့ ဆင်းသက်ရောက်ရှိခဲ့ပါသည်။

... အတွက် အာဖရိကအသုံးချ၍ ... အကျွမ်းဝင်ပြွမ်းလှသည့် သဲ ကန္တာရထဲတွင် ကျွန်ုပ်တို့တစ်နေကုန်လုံး မြင်ကွင်းမှုန်ဝါး လှည့်ရှာသွားခဲ့ကြရ ပါသည်။

နောက်ဆုံး လေယာဉ်ဆီသို့ ပြန် ရောက်လာကြသည့် အချိန်တွင် ကျွန်ုပ် တို့၏ ရိက္ခာများ ကုန်သွားသကဲ့သို့ အား အင်များ ကုန်ခန်းပြီး အရုပ်ကြိုးပြတ် ဖြစ်ကုန်ကြသည်။ အဆုံးအဆမဲ့တဲ့လျှပ် တို့၏ လှည့်စားမှု ဒဏ်ကို ခံခဲ့ကြရပါ သည်။

ထိုပထမဆုံးရက်တွင် မည်သည် ကိုမျှ ပုံမှန်လုပ်ဆောင်၍ မရလောက် အောင် ပူပြင်း တောက်ပနေသည့် နေရောင်အောက်တွင် ကျယ်ပြန့်သော နေရာကြီးအတွင်း ခရီးမိုင် လေးဆယ် နီးပါး ရောက်ခဲ့ကြကြောင်း နောင်တွင် သိခဲ့ရပါသည်။

ညရောက်သောအခါ ကျွန်ုပ်တို့ တွင် တစ်စက်မျှပင် မကျန်သည်အထိ သောက်ရေကုန်သွားပါသည်။ မည် သည့် အရည်မျိုးမျှ မရှိတော့ပါ။ သို့ဖြစ် ၍ ကျွန်ုပ်တို့သည် လေယာဉ်တောင်ပံ ပျက်မှ ရသမျှအပိုင်းအစကို ကောက်ယူ စုပုံလိုက်ကြပြီး အချက်ပြမီး အနေဖြင့် မီးဖိုလိုက်ကြပါသည်။

ထိုသို့ လုပ်သာလုပ်လိုက်ရသော် လည်း မည်သူမျှ မြင်လိမ့်မည်မဟုတ် ကြောင်း ကျွန်ုပ်တို့ ကောင်းစွာသိထား ကြပြီး ဖြစ်ပါသည်။

နောက်နေ့မနက်တွင် ချည်ထည် အပိုင်းအစကလေးများဖြင့် လေယာဉ်၏ တောင်ပံများပေါ်တွင်တင်ကျန်နေသည့် နှင်းစက်များကို သုတ်ယူလိုက်ကြသည်။



# ဝမ်းသာလိုက်တာ

လင်းယုဉ်မောင်



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆုံလည်သေနတ် ထည့်သည့် အိတ်ထဲသို့ ခြစ်ယူကြရာ အဆီများ ပါနေသည့် အမြှုပ်ထနေသော အနည်းငယ်ခန့်မျှသော ရေကို ရရိုက်ပါသည်။

သောက်ကြည့်သည့်အခါ အရသာ အလွန်ဆိုးလှပါသည်။ သို့သော် အဆိုက်အတန့်အားဖြင့်မူ ကျွန်ုပ်တို့၏ နှုတ်ခမ်းများ စိုသွားခဲ့ပါသည်။

ပရိုဗော့က ပြောသည်။

"ဆုံလည်သေနတ် ထည့်တဲ့ အိတ်ကလေးရှိတာ အလုပ်ဖြစ်သားပဲဗျ၊ အခုကျတော့ ဒီဟာလေးက ကျွန်တော်တို့အတွက် ရေတွင်းလေးပေါ့ဗျာ"

ရုတ်တရက် ဒေါသထွက်သွားမိ၍ ပရိုဗော့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ပရိုဗော့ကမူ မည်သို့မျှ စိတ်လှုပ်ရှားသွားပုံမရဘဲ သူပြောစရာရှိသည်ကို ဆက်ပြောနေပြန်သည်။

"ဒီကောင်ကို ကောင်းကောင်း ဆေးကြောထားမိခဲ့ရင်တော့ ပိုကောင်းမှာပဲ"

သူစိတ်ကူးသည့်အတိုင်း ကျွန်ုပ်တို့တွေးမိခဲ့ကြပါသည်။

ဆုံလည်သေနတ် ထည့်သည့် အိတ်ကလေးကို ကျွန်ုပ်သတိထားကြည့်မိလိုက်ကတည်းက ထိုအတွေးမျိုးကျွန်ုပ် တွေးခဲ့မိပါသည်။

နံနက်ခင်း အလင်းရောင်ရလာပြီဖြစ်၍ တစ်ခါထပ်ပြီး ကျွန်ုပ်တို့ လှည့်လည်သွားလာလှုပ်ရှားကြရတော့သည်။ သည်တစ်ကြိမ်တွင် အရင်နေ့နှင့် မတူဘဲ ဆန့်ကျင်ဘက်အရပ်သို့ ထွက်ခဲ့ကြပါသည်။ လမ်းလျှောက်ရင်း လမ်းများ သဲကန္တာရနှင့်ပတ်သက်သော ကျွန်ုပ်သိမှတ်ခဲ့သမျှကို ကျွန်ုပ် ပြန်လည်စုစည်းစဉ်းစားနေခဲ့ပါသည်။

ပုံမှန်အားဖြင့်မူ ဆာဟာရသဲကန္တာရထဲတွင် လေထု၏ စိုထိုင်းဆသည် လေးဆယ်ရာခိုင်နှုန်း ရှိပါသည်။ ယခု ဤနေရာတွင် တစ်ဆယ့်ရှစ်ရာခိုင်နှုန်းသာရှိနေပါသည်။ ဤအနေအထားအတိုင်းဆိုလျှင် သက်ရှိများ အငွေ့ပြန်ကုန်ပါလိမ့်မည်။

ဘက်ဒူအင်း လူမျိုးစုများနှင့် ကိုလိုနီဒေသဆိုင်ရာ အရာရှိများက ပြောခဲ့ပါသည်။ လူတစ်ယောက်သည် ရေမသောက်ဘဲ တစ်ဆယ့်ကိုးနာရီကြာသည်အထိ အသက်ရှင်နေနိုင်ကြောင်း၊ နာရီနှစ်ဆယ်ရောက်လျှင် မျက်စိထဲတွင် ရောင်စုံအလင်းတန်းများ ဖြာထွက်နေသကဲ့သို့ ဖြစ်လာတာ မျက်စိများပြာလာမည် ဖြစ်ကြောင်း ပြောပါသည်။ ထိုသို့ဖြစ်လာပြီဆိုလျှင် သေဖို့အချိန်နီးလာပြီဟု မှတ်ပါတော့ဟုပြောခဲ့ပါသည်။

ဤဒေသမျိုးတွင် ပုံမှန်မဟုတ်ဘဲ ထူးထူးခြားခြား ရေငွေ့ဓာတ်ပါသော အရှေ့မြောက်လေ များတိုက်ခတ်လာတတ်ကြပါသည်။ ထိုသို့များဖြစ်ခဲ့လျှင် ကျွန်ုပ်တို့၏ အသက်များ အနည်းငယ်ပို၍ ရှင်သန်နေနိုင်သည့် အနေအထား ဖြစ်သွားနိုင်ပါသည်။ အလင်းတန်းများ ဖြာထွက်ကာ မျက်လုံးများ ပြာဝေပြီး နောက်ဆုံးအချိန် မရောက်မီ ဤဆင်းရဲဒုက္ခမှ အနည်းငယ်သက်သာလျော့နည်းသွားသည့် အနေအထားကို အချိန်မည်မျှ ကျွန်ုပ်တို့ရရှိ ခံစားခွင့် ရနိုင်ပါမည်နည်း။

စိတ်လှုပ်ရှားစွာ ရုတ်တရက် ကျွန်ုပ် ထအော်လိုက်မိပါသည်။ ခပ်လှမ်းလှမ်းတစ်နေရာမှ လူတစ်ယောက်သည် လက်ဝှေ့ယမ်းပြနေသည်ကို ကျွန်ုပ် မြင်လိုက်ရ၍ဖြစ်ပါသည်။

ဟာ. . မဟုတ်ပါဘူး၊ သေသေချာချာကြည့်လိုက်သောအခါ တံလျှပ်၏ လှည့်စားမှုနောက်တစ်ခုဖြစ်နေပါသည်။ လက်ရှိဖြစ်နေသည်မှာ သဲကန္တာရတစ်ခုလုံးတွင် သက်ရှိများ ရှင်သန်လှုပ်ရှားသွားလာနေကြသကဲ့သို့ ထင်မြင်နေရပါသည်။

အကောင်အထည် အဖြစ်ဖြင့် မျက်စိထဲတွင် အသေအချာ မြင်နေရသော အရာများသည် အစစ်အမှန်မဟုတ်ဟု လက်ခံ ယုံမှတ်ရန် စိတ်ကို အတော်ပင် ခက်ခဲစွာ ကြိုးစားထိန်းချုပ်နေရပါသည်။

အို ကြည့်ပါဦး၊ ပေါင်းမိုးလှည်းတစ်စီး ခပ်လှမ်းလှမ်းနေရာမှ တဖြည်းဖြည်းရွေ့လျားလာနေပါလား၊ လှည်းဆီသို့ ပြေးမသွားမိအောင် အတော်ခက်ခက်ခဲခဲထိန်းလိုက်ရပါသည်။ ခက်တော့ ခက်နေပါပြီဟု ကျွန်ုပ် ညည်းတွားမိသည်။ တကယ့်အသက်ရှိ လှည်းတစ်စီးလို လှည့်စားနေသော တံလျှပ်ပါလား။

ကျွန်ုပ်၏ စိတ်အထင်အမြင်တွင် အစစ်မှန်ဟု မှတ်ထင်ထားသည့် တံလျှပ်လှည့်စားမှုပုံရိပ်များသည် တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပေါ်နေတာ ကျွန်ုပ်အား မြူဆွယ်ဆွဲဆောင်ခေါ်ငင်နေပါသည်။

တော်ပါသေးရဲ့၊ နေဝင်တော့မည်။ မှိန်ဖျော့သွားသော အလင်းရောင်ဖြင့် ကျွန်ုပ်ကိုယ့်ကိုယ်ကို ထိန်းချုပ်လာနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ မူလစခန်းမှ ယခု မည်မျှလောက်သော အဝေးသို့ ရောက်နေသည်ကို မသိချင်လောက်အောင် စိတ်ချောက်ချားနေပြီး၊ တစ်ခုခု ပြုလုပ်ရန် တွန့်ဆုတ်ကြောက်ရွံ့နေမိသည်။ သို့တိုင် ကျွန်ုပ်တွေးဖြစ်အောင် တွေးလိုက်သေးသည်။

"ပေါင်းမိုးလှည်း တစ်စီးရဲ့ဘေးမှာပရိုဗော့ရပ်နေတာသေချာသလောက်ပါပဲ"

နှစ်နာရီခန့် ကြိုးစားရုန်းကန်လျှောက်လာခဲ့ပြီးနောက် ခပ်လှမ်းလှမ်းတစ်နေရာဆီမှ အလင်းရောင်တစ်ခုကို ကျွန်ုပ်တွေ့လိုက်ရသည်။ လမ်းပျောက်သွားပြီဟု တွေးမိပြီး ကျွန်ုပ်သည် စိတ်မထိန်းနိုင်ဘဲ သွားမိသွားရာ သွားနေသည်ဟု ပရိုဗော့ ယုံကြည်ယူဆသွားသဖြင့် မီးဖိုပြီး ကျွန်ုပ်သိအောင် ပရိုဗော့ အချက်ပြနေမည်ဟု ကျွန်ုပ်ထင်လိုက်သည်။ ထို့ကြောင့် ထိုနေရာသို့ ရောက်ရှိသွားအောင် နောက်တစ်နာရီခန့် လျှောက်လှမ်းသွားခဲ့ပါသည်။ မရောက်သေးသဖြင့် နောက်ထပ် ကိုက်ငါးရာ





www.burmeseclassic.com

www.burmeseclassic.com

ထပ်သွားခဲ့သည်။ နောက်ထပ် **တိုတ်ငါးဆယ်**။ ခေတ္တခဏမျှ **ကျွန်ုပ်နားလိုက်**သည်။ ယခုအချိန်တွင် **ကျွန်ုပ်သည် စိတ်**ထဲတွင် **ဝေဝါးရှုပ်ထွေးနေပြီး** မှန်ကန်**ရှင်းလင်းစွာ မစဉ်းစားနိုင်**တော့ပါ။ ယခု **ကျွန်ုပ် ဝမ်းသာသွားသည်**။ ကြည့်ပါဦး **မီးရောင်မြင်ရသည့်နေရာတွင်** ပရိုဗော့ ရှိနေသည်။

"အားဟွိုင်း" သဘော်သားများ အချင်းချင်း အော်ဟစ် နှုတ်ဆက်ကြသကဲ့သို့ အားရဝမ်းသာစွာ ကျွန်ုပ်အော်လိုက်သည်၊

သဲကန္တာရထဲတွင် နေရာ အတည်**တကျမရှိ သွားလာကျက်စားနေသော သူတစ်ဦးသည် အံ့ဩစရာ ကောင်းလောက်အောင်ဝင် ကျွန်ုပ် ဦးတည်လျှောက်လှမ်းနေသည့် နေရာတွင် ရောက်နေကြပါကလား။** ပရိုဗော့သည် **ကျွန်ုပ်ထံသို့ ခပ်သွက်သွက်လေး လှမ်းလာနေသည်။**

ကျွန်ုပ်သည် လက်နှစ်ဖက်ကို အားရပါးရ ဆန့်တန်းဝှေ့ယမ်းလျက် ပြေးသွားလိုက်ပါသည်။ ပရိုဗော့သည် ကျွန်ုပ်ကိုဖမ်း၍ ထိန်းပေးကာ ပုံမှန်ရပ်တည်နိုင်အောင် လုပ်ပေးခဲ့သည်။

အိုး. . ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ်ပင် မထိန်းနိုင်လောက်အောင် အားလျော့ယိုင်နဲ့နေပါပကော။

"ပရိုဗော့၊ သူတို့လာကြပြီလား"

"ဘာလဲဗျ"

"ဟာ ဟိုနားမှာ အာရပ်တွေ မဟုတ်လား၊ ဟာဗျာ၊ ခင်ဗျားကလဲ၊ အရေးမဟုတ်တာ ခင်ဗျားနဲ့ စကားပြောနေတဲ့ကောင်တွေလေဗျာ"

ပရိုဗော့သည် ထူးဆန်းအံ့ဩသည့် အကြည့်ဖြင့် ကျွန်ုပ်အား ကြည့်နေခဲ့ပါသည်။

"ဒီနားမှာ ဘယ်အာရပ်လူမျိုး တစ်ယောက်မှ မရှိပါဘူးဗျာ"

ထိုအခါကျမှ ကျွန်ုပ်သည် မည်သို့မျှ မထိန်းနိုင်တော့ဘဲ မျက်ရည်များ စီးကျနေမိပါတော့သည်။

ရှစ်ဆယ့်လေးနာရီလုံးလုံး ကျွန်ုပ်တို့သည် နှင်းရည်လေး တစ်ဇွန်းစာမျှလောက်ကိုသာ သောက်ခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လေထီးမှ ဖျင်ပိတ်စကို ဆွဲဆုတ်ဖြဲယူလိုက်ပါသည်။ ထိုရွက်ဖျင်စများနှင့်ဆိုလျှင် နှင်းရည်များကို ပို၍စုယူနိုင်လိမ့်မည်ဟု ယူဆထားခဲ့ပါသည်။

အရုဏ်တက်သော် လေထီးဖျင်စကို ညှစ်ယူလိုက်ရာ ဘူးတစ်ခုတွင် နှစ်ပုလင်းစာမျှရှိသော ရေများစုမိခဲ့ပါသည်။ ကိုင်း. . . သည်အတိုင်းသာဆိုပါက ခက်ခက်ခဲခဲပင်ပန်းကြီးစွာ အတန်ကြာ ခံစားခဲ့ရသော ရေငတ်ခြင်းဘေးမှ လွတ်ပြီပေါ့။

**ယခု ရေကို အဝသောက်နိုင်တော့မည်။** ရေသည် စိမ်းဝါရောင်သန်းနေသည်။ ကျွန်ုပ်သည် ပထမတစ်ငုံ သောက်လိုက်သည်။ ရေငတ်သည်မှာ ကြာနေပြီမို့ထင်ပါသည်။ လည်ချောင်းထဲတွင် စူးစူးရှရှခါးသက်သက်ကြီးဖြစ်ကာ မျိုချ၍မရ ဖြစ်နေပါသည်။

ရေသောက်ပြီး ပရိုဗော့သည် အငြိမ်မနေနိုင်ဘဲ ဟိုသည်သွားလာရင်း လမ်းလျှောက်နေသည်။ မျက်လုံးကမူ မြေပြင်ကို စိုက်ကြည့်နေခဲ့သည်။

ရုတ်တရက် သူသည် ရှေ့သို့ ကိုင်းညွတ်သွားပြီး ထိုးအန်ပါတော့သည်။ မိနစ်ဝက်ခန့်အကြာတွင် ကျွန်ုပ်လည်း သူ့အတိုင်းဖြစ်ကာ ထိုးအန်တော့သည်။

ကျွန်ုပ်တို့၏ ရေးရေးသာ မျှော်လင့်မိသော နောက်ဆုံး အားကိုးဖွယ်ရာကလေးသည် ပျောက်ဆုံးသွားရပါပြီကော၊ ဤသို့အဖြစ်ဆိုးမျိုးကို ကျွန်ုပ်တို့ ကြုံတွေ့ရခြင်းသည် လေထီးဖျင်ပိတ်စပေါ်တွင် သုတ်လိမ်းထားသော ဓာတ်ပစ္စည်းများကြောင့်လား သို့မဟုတ် ရေခံသောဘူးထဲတွင် ကပ်တင် ကျန်ရစ်ခဲ့သည့်ဓာတုဆေးတစ်မျိုးမျိုးကြောင့်လား အဘယ်ကြောင့်ဖြစ်ရကြောင်းကို ကျွန်ုပ်တို့ မဖော်ထုတ်နိုင်ခဲ့ပါ။

ယခု ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်တစ်ခုကို သေချာစွာစဉ်းစားပြီး ဆောင်ရွက်မှဖြစ်တော့မည်။ ဤမျှ မုန်းစရာ စိတ်ပျက်စရာ ကောင်းလှသည့် ဤနေရာမှ ကျွန်ုပ်တို့နောက်ကြောင်းပြန်ရမလား၊ သို့တည်းမဟုတ် လေယာဉ်ကို ပစ်ထားခဲ့ပြီး သဲကန္တာရကို ဖြတ်လျှောက်သွားရင်း နောက်ဆုံး ကျွန်ုပ်တို့ လုံးဝ မသွားနိုင်တော့ဘဲ လဲကျသွားသည်အထိ ဆက်သွားရမလား ထိုစဉ် ပရိုဗော့က ပြောပါသည်။

"အခု ကျွန်တော် စိတ်ထဲရှိတဲ့အတိုင်း လုပ်ချင်သလို လုပ်လိုက်ရမယ်ဆိုရင် ကျွန်ုပ်တော့ ချက်ချင်းလှဲချပြီး အိပ်ပစ်လိုက်မယ်ဗျာ"

သို့သော် ကျွန်ုပ်တို့ ခရီးဆက်ဖြစ်ခဲ့ကြပါသည်။ ဘေးချင်းယှဉ်လျက် သံလိုက်အိမ်မြှောင်အညွှန်းအရ အရှေ့နှင့် အရှေ့မြောက်ကြားလာရာအတိုင်း ဦးတည်ပြီး နှစ်ယောက်သား သွားခဲ့ကြပါသည်။ ထိုသို့ သွားလာနေကြသော်လည်း ကျွန်ုပ်တို့သည် လှည်းလမ်းကြောင်း တစ်ခုဆီသို့ ဦးတည်ချဉ်းကပ်သွားနေမိသည်လား သို့မဟုတ် မဆုံးနိုင်အောင် ကျယ်ပြန့်လှသော သဲကန္တာရအတွင်းဆီသို့ တိုးတိုး၍ဝင်နေမိသည်လား။ မည်သို့ အခြေအနေမျိုးဖြစ်သည်ကို ကျွန်ုပ်တို့ မသိကြပါ။

ထိုနေ့က ကျွန်ုပ်မှတ်မိသမျှ ပြန်ပြောရမည်ဆိုလျှင် မည်သို့မျှ မရှောင်နိုင်တော့ဘဲ သေချာပေါက်ဖြစ်လာမည့် ပျက်စီးပြိုလဲတော့မည့် အနေအထားဆီသို့ စိတ်ပျက်ဖွယ်အတိ မျှော်လင့်ချက်မရှိ။ ကျွန်ုပ်တို့ မကြာမီ ရောက်ရှိတော့မှာပါလားဟူသော အတွေးများသာ ဖြစ်ပေါ်နေမိခြင်းသာဖြစ်ပါသည်။

တံလျှပ်၏ လှည့်စားမှုများသည် ကျွန်ုပ် ခံနိုင်ရည်ရှိသည်ထက်ပို၍ များပြားစွာ ဖြစ်ပေါ်နေသဖြင့် ကျွန်ုပ်သည် မြေပြင်တစ်နေရာတည်းကိုသာ ကြည့်နေခဲ့ပါတော့သည်။ ကျွန်ုပ်တို့သည် သံလိုက်အိမ်မြှောင်ကို သုံး၍ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ လမ်းကြောင်းဦးတည်ရာကို ခဏ စဉ်းစားပြီး သတိထား သွားနေခဲ့ ကြသည်။ သဲပြင်ပေါ်တွင် လှဲချရင်း ကြော့ကာ ကျွန်ုပ်တို့ အနားယူ အမောဖြေကြပါသည်။

ညအချိန် ရောက်လာပါပြီ။ ပရိုဇော့သည် ရုတ်တရက် အံ့သြတကြီး ဖြင့် ပြောပါသည်။

"ဟိုနားမှာ ရေကန်တစ်ခုရှိမယ် ။ ဒါကို ကျွန်တော် သေချာပေါက် မြင်ထားတယ်ဗျာ၊ တံလျှပ်ရဲ့လှည့်စားမှု မဖြစ်နိုင်ဘူးဗျာ"

ကျွန်ုပ် ဘာမျှ ပြန်မပြောခဲ့ပါ။ ကျွန်ုပ်၏ မျက်စိဖြင့် မြင်ရသည်များကို ယုတ်ခံယုံကြည်ရန် ကြိုးစားတော့ပါဟု ဆုံးဖြတ်ထားခဲ့ပြီး ကျွန်ုပ်လက်မြှောက် အရှုံးပေးထားခဲ့ပြီး ဖြစ်ပါသည်။

"ကျွန်တော် သွားကြည့်ကြည့် မယ်ဗျာ၊ ဒီကနေလျှောက်သွားရင် မိနစ် နှစ်ဆယ်လောက်တောင်ကြာမှာ မဟုတ် ပါဘူးဗျ"

ကျွန်ုပ်၏ စိတ်ထဲတွင် ပရိုဇော့ သည် ဘယ်သောအခါမှ ပြန်လာတော့ မည်မဟုတ်ဟု တွေးနေခဲ့ပါသည်။ ထို နေရာတွင် သူသည် ပြိုလဲကျသွားပါလိမ့် မည်။ သူသည် လှည့်စားမှုအောက်တွင် သေဆုံးသွားရပါလိမ့်မည်။

ကျွန်ုပ်ကကော ကျွန်ုပ်သည် လည်း ဤနေရာတွင် နေခဲ့ရင် သေဆုံး ရမည်သာ ဖြစ်ပါသည်။ မည်သို့ပင် ဖြစ် နိုင်ပါသည်ဟု ဆိုစေကာမူ ထိုနည်းလမ်း တို လုပ်ကြည့်လျှင် မည်သို့မျှ ထူးခြား ပြောင်းလဲနိုင်မည် မဟုတ်ပါဘူးလေ။ ကျွန်ုပ်တို့ မည်မျှလောက် ရှည်လျား သော ခရီးတာကို သွားခဲ့ရပြီးပြီလည်း ဟု ကျွန်ုပ်စဉ်းစား နေမိသည်။

ကျွန်ုပ် အာခေါင်ထဲမှ တံတွေး များ ရလိုရငြားစုစည်းဖို့ ကြိုးစားကြည့်ခဲ့ သည်။ ဘာမျှ ထွက်မလာခဲ့ပါ။ ကျွန်ုပ် သည် ပါးစပ်ကိုစေ့ပိတ်လိုက်သောအခါ ကော်ကဲ့သို့ စေးကပ်သော အရာဖြင့် ကပ်ထားသကဲ့သို့ဖြစ်သွားကာ နှုတ်ခမ်း သားအပေါ်ယံ အခွံမာလေးပုံစံ ဖြစ် သွားပါတော့သည်။

သို့သော်လည်း ကျွန်ုပ်သည် တစ်ခုခုကို မျိုချ၍ ရနိုင်ပါသေးသည်။ ယခုအချိန်အထိ ကျွန်ုပ်၏ မျက်လုံးများ ထဲတွင် အလင်းရောင်မှုန်စုံလည်း မတွေ့ ရသေးပါ။ မျက်စိ ပြာဝေခြင်းလည်း မဖြစ်သေးပါ။ ညဉ့်ပိုနက်လာပါသည်။ ကျွန်ုပ်၏ အတွေးများသည် ပရိုဇော့ ဆီသို့ ရောက်သွားခဲ့ပြန်သည်။

ဪ, ပြန်မလာနိုင်တော့ဘဲ ပျောက်ဆုံးသွားပြီဖြစ်သော မိတ်ဆွေ ကြီး အလွန်ပင် ခင်ဖွယ်ကောင်းသော သူငယ်ချင်းကြီး စိုးရိမ်ကြောက်လန့်ပြီး ညည်းတွားပြောဆိုခြင်းမျိုး ပြုလုပ်ခဲ့ဖူး သည်ကို သူ့ထံမှ ကျွန်ုပ် မည်သည့်အခါ တုန်းကမျှ မကြားခဲ့ရဖူးပါ။

ဟော,ဟိုမှာ မည်သည့်အရာပါ လိမ့်။ အိုး ထိုနေရာမှာ သူရှိနေပါလား၊ ကိုက်ငါးရာလောက်ကွာသော နေရာမှ နေ၍ ကျွန်ုပ်ကို လက်ထဲတွင်ကိုင်ထား သော မီးအိမ်ကို သူလှုပ်ယမ်းပြနေပါ ကလား၊ သေချာပါပြီ။

သည်လူတော့ လမ်းပျောက်ပြီး မျက်စိလည်နေပြီ။

ကျွန်ုပ် မတ်တတ်ရပ်လိုက်ပြီး လှမ်းအော်ခေါ်လိုက်ပါသည်။ ပရိုဇော့ ကမူ ကြားပုံမရပါ။

ထို့နောက် နောက်ထပ် မီးအိမ် တစ်ခု သူနှင့်ကိုက်နှစ်ရာခန့် အကွာမှ နေ၍ ပေါ်လာပြန်သည်။

နောက် တတိယတစ်ခု ဟုတ် ပါပြီ။ ဒီအရာများသည် ရှာဖွေကယ် ဆယ်ရေးအဖွဲ့ တစ်ခုပါလား။

မီးအိမ်သုံးခုတို့မှ အချက်ပြနေ ခြင်းကို ဆက်တိုက်လုပ်ပြနေခဲ့ပါသည်။ ကျွန်ုပ် စိတ်ပျက်လက်ပျက် ညည်းတွား မိလိုက်သည်။

"ငါရူးသွားပြီလား၊ မဟုတ်သေး ပါဘူးလေ၊ ငါ မြင်နေရတာတွေဟာ အမှားအယွင်းတော့ မဖြစ်လောက်ပါ ဘူးလေ"

ကြည့်နေရင်း ထိုအရာများသည် အဝေးသို့ရောက်သွားသကဲ့သို့ ဖြစ်ပွား ခဲ့ရာ ထိန်းချုပ်၍ မရတော့လောက် သည်အထိဖြစ်ပေါ်လာသောအကြောက် တရားသည် ကျွန်ုပ်ကို လွှမ်းမိုးသွား ပါတော့သည်။ ကျွန်ုပ် အော်ပစ်လိုက် သည်။

"စောင့်ပါဦးဗျာ၊ ကျွန်တော် လာ နေပါပြီ"

ဟာ နောက်ဆုံးမတော့ တုံ့ပြန် ဖြေလိုက်တဲ့ အသံကိုကြားလိုက်ရပြီ။

စိတ်လှုပ်ရှားသွားသဖြင့် ကျွန်ုပ် သည် အသက်ရှူပင် ခေတ္တရပ်သွား မတတ်ဖြစ်ခဲ့ရပါသည်။ သတိပြန်ဝင်လာ သည်နှင့် ကျွန်ုပ်သည် အသံကြားရာဆီ သို့ ပြေးသွားခဲ့မိပါသည်။ တွေ့လိုက်ရပါ ပြီ။ သူ ပရိုဇော့၊ ခလုတ်တိုက်မိပြီး ကျွန်ုပ် လဲကျသွားခဲ့သည်။

"သေချာပါတယ်၊ ကျွန်တော် မမှားပါဘူး၊ မီးအိမ်တွေ ကျွန်တော် တွေ့ လိုက်ရတာ သုံးခုတောင်ဗျ"

"ဘာမီးအိမ်တွေလဲဗျ"

ထိုအခါတွင်မှ ကျွန်ုပ် သူ့တို လှမ်းကြည့်လိုက်ရာ သူ ပရိုဇော့ တစ် ယောက်တည်းပါလား။ ယခုအချိန်တွင် ကျွန်ုပ် စိတ်ပျက်ဝမ်းနည်းခြင်းမျိုး မဖြစ် တော့ဘဲ ခါးသီးနာကြည်းစွာဖြင့် ခံပြင်း ဒေါသစိတ်များသာ ဖြစ်ပေါ်နေပါတော့ သည်။ ပရိုဇော့က ပြောလာခဲ့ပါသည်။

"ဟုတ်မယ်ဗျ၊ ကျွန်တော်တို့ဟာ တက်ယ်ကို ဆိုးရွားလှတဲ့ အခြေအနေ မျိုးမှာ ရောက်နေကြတာပဲဗျ"

ညဉ့်နက်လာလေ အအေးပိုလာ လေဖြစ်သည်။ သွားချင်းရိုက်နေသည် အထိ ကျွန်ုပ် ချမ်းလွန်း၍ တုန်နေမိခဲ့ သည်။ ခြေလက်များသည်လည်း ထိန်း မရအောင်ပင် တုန်နေခဲ့ကြပါသည်။ ရေခဲတစ်မျှ အေးစက်လှသော ခံစားမှု ကြောင့် ကျွန်ုပ်၏ ကိုယ်ခန္ဓာအစိတ် အပိုင်းများ ခြေလက်များပါ ထုံကျဉ်နေ ပြီး ခံစားမှု အသိကင်းကာ အနိုင်နိုင် ထိန်းမတ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ ကျွန်ုပ်သည် သဲပြင်တွင် ခံကတုတ်မြောင်းကလေး တူးလိုက်သည်။ ထို့နောက် မြောင်းထဲ တစ်ကိုယ်လုံးလှဲချလိုက်ပြီး တစ်ကိုယ်လုံးကို မျက်နှာမှလွဲ၍ သဲများဖြင့် ဖုံးအုပ်ထားလိုက်သည်။ ပရိုဗော့ကမူ ထိုသို့ မြောင်းထဲတွင် သူ့ကိုယ်သူ မြှုပ်ထားခြင်းကို သဘောမကျခဲ့ပေ။ သူသည် မရပ်မနား လှုပ်ရှားနေခြင်းဖြင့် အအေးဒဏ်ကို ကာကွယ်ခုခံခြင်းက ပိုကောင်းသည်ဟု ယူဆသည်။ သည်တစ်ချီတွင် သူမှားသွားပါသည်။ ကျွန်ုပ်၏နည်းကြောင့် အအေးဒဏ်သည် ကျွန်ုပ်တို့ကို ဒုက္ခမပေးနိုင်တော့ပါ။ ကျွန်ုပ်တို့ ကောင်းစွာ အိပ်စက်နိုင်ခဲ့ပါသည်။

ယခု နောက်တစ်နေ့ အရှက် ...ကိုမှိန်ရောက်လာခဲ့ပြန်ပြီ။ ကျွန်ုပ် ...ည်းသည်း အခြေအနေပိုကောင်းလာ ...ပါသည်။

ကဲ, ပရိုဗော့ရေ ကျွန်တော်တို့ ...လိုက်ကြရအောင်၊ ကျွန်တော်တို့ရဲ့ လည်ချောင်းတွေလဲ ပွင့်နေတုန်းမို့ မျိုချလို့ရပါသေးတယ်၊ အဲဒီတော့ဗျာ တတ်နိုင်တုန်းအချိန်မှာ ဆက်ပြီး တတ်နိုင်သလောက် လှုပ်ရှားသွားလာနေတာဟာ အကောင်းဆုံးပါပဲဗျာ"

ထိုညက နှင်းမကျပါ။ အနောက်ဘက်မှ လေများတိုက်ခတ် လာနေပါသည်။ ထိုလေမျိုးဖြင့် တစ်ဆယ့်ကိုးနာရီကြာမျှ အတိုက်ခံလိုက်ရလျှင် လူ...ယောက်ထံမှ ရှိသမျှ ရေငွေ့များကို ...သွားအောင် တိုက်နိုင်သည့်လေမျိုး ဖြစ်သည်။

ကျွန်ုပ်၏ လျှာဖျားသည် ကျောက်ပတ်တီး အကိုင်ခံထားရသည့် ခံစားမှုမျိုး ဖြစ်နေပါသည်။ ကျွန်ုပ်၏ ပါးစပ်သည် မည်သည့်အရသာမျိုးကိုမျှ သိမှတ်ခံစားနိုင်မှု မရှိတော့ပါ။ ပါးစပ်ထဲတွင် မည်သို့ဖော်ပြရမည်မသိသည့် အလွန်ဆိုးဝါးသော ခံစားမှုရသ ဖြစ်ပေါ်နေခဲ့ပါသည်။ ကျွန်ုပ်၏ မျက်စိထဲတွင်လည်း အလင်းမှုန် အလင်းပွင့်ကလေးများ ကခုန်ပျံသန်းနေသကဲ့သို့ မြင်နေရပါသည်။

သို့နှင့် ကျွန်ုပ်တို့ထံတွင် ပါလာသော အီသာ အရက်အနည်းငယ် သောက်ကြည့်ရန် ကြိုးစားခဲ့ကြပါသည်။ အလိုလေးလေး ဘာရိတ်ဓားများကို မျိုချလိုက်မိသည့်ဝေဒနာမျိုး ခံစားလိုက်ရပါသည်။

ထို့ကြောင့် ကိုးဆယ်ဒီဂရီအရက်ပြင်းကိုသောက်ကြည့်ခဲ့ပြန်သည်။အရက်သည် ကျွန်ုပ်၏ လည်ချောင်းထဲတွင် တစ်နေပြီး မျိုချ၍ မရပါ။

သေချင်လုအထိ စိတ်မာတ်ကျနေမိသည်။ သို့သော် စောစောပိုင်း အချိန်မျိုးတွင်မှ ရနိုင်သော အေးမြမှုမျိုးကို ရနိုင်သမျှယူရင်း ခြေလှမ်းသွက်သွက်လှမ်းကာခရီးထွက်ခဲ့ကြရပါသည်။

နေမြင့်လာလျှင် ကျွန်ုပ်တို့ဆက်ပြီး လျှောက်သွားရန် မတတ်နိုင်တော့ကြောင်း ကျွန်ုပ်တို့ ကောင်းစွာသိထားခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် တစ်ခါ လျှောက်...လျှင် ကိုက်ငါးရာလောက်မျှသာ လျှောက်...သည်။ ပြီးလျှင် လှဲချပြီး...နား...သည်။ ...သော် ထူးဆန်းနေသည်မှာ တစ်စုံ တစ်ခုခုသည် ကျွန်ုပ်တို့အား အမြဲတမ်းအားပေး တိုက်တွန်းနေသကဲ့သို့ ခံစားနေမိခြင်း ဖြစ်သည်။

ထိုသို့ လျှောက်နေကြရင်း များမကြာမီအတွင်း ပတ်ဝန်းကျင် မြေပြင်အနေအထားသည် ပြောင်းလဲသွားသည်ကို သတိထားမိလိုက်ပါသည်။

ဖာစ်ပိုင် သို့မဟုတ် တစ်မိုင်ကျော်ကျော်မန့်ဟှင် သဲကန္တာရထဲတွင်သာ ပေါက်သည့် အပင်ပုကလေးများ ရှိနေသော သဲမုံတန်းကလေးတစ်ခုကို တွေ့လိုက်ရပါသည်။

ယခုအခါ ကျွန်ုပ်တို့သည် တစ်ကြိမ်တွင် ကိုက်နှစ်ရာမျှလောက်သာ ခရီးရောက်နိုင်တော့သည်။ မဟန်နိုင်တော့ဘဲ နားမှရတော့သည်။ ခပ်တိုးတိုးလေး ကျွန်ုပ် ပြောလိုက်သည်။

"အဲဒီ ချုံပုတ်လေးဆီရောက်တဲ့အထိ ဆက်ပြီး သွားလိုက်ကြဦးစို့ဗျာ"

ယခုအချိန်တွင် ကျွန်ုပ်တို့၏ ခံနိုင်ရည်အင်အား အဆုံးအထိ ရောက်နေခဲ့ပြီဖြစ်သည်။ ကျွန်ုပ်၏စိတ်ထဲတွင် ကျွန်ုပ်၏ခြေထောက်များသည် နောက်ထပ်ဆက်ပြီး ရှေ့သို့မသွားနိုင် မလှမ်းနိုင်တော့ဟု ထင်နေမိသည်။ ကျွန်ုပ် တွေးနေမိသည်။

မနေ့က မျှော်လင့်ချက်များကို ကျွန်ုပ် ဖွန့်ခဲ့သည်။ အင်း, ယနေ့ ထိုကဲ့သို့ ဖြစ်ခဲ့ခြင်းသည် အဓိပ္ပာယ်မရှိတော့ပါ။ ထယ်သွားအတပ်ခံရပြီး ဆွဲခိုင်းခံရသော နွားများကဲ့သို့ ကျွန်ုပ်ကို့သည် စက်ရုပ်များသဖွယ် လျှောက်လှမ်းသွားနေခဲ့ရသည်။ မနေ့က ကျွန်ုပ်အိပ်မက် မက်ခဲ့သည်။ အလွန်သာယာအေးချမ်းသော လိမ္မော်ဥယျာဉ် တောထဲ ရောက်နေခဲ့သည်။

ယနေ့တွင် ထိုပျော်ရွှင်ဖွယ်ကောင်းသော နိဗ္ဗာန်ဘုံလေး အပေါ်တွင် ယုံကြည်မှုများ ပျောက်ကွယ်ကြရပြန်သည်။ ထို လိမ္မော်ဥယျာဉ်တောလေးကို ကျွန်ုပ် မယုံနိုင်တော့ပါ။

"ဟား ကျွန်ုပ်တွေ့လိုက်ရသည်မှာ မည်သည့်နေရာဖြစ်နေပါသနည်း"

ရုတ်တရက် ကျွန်ုပ်အတွေးထဲ သွားရင်း ပရိုဗော့ကို စိုက်ကြည့်နေလိုက်သည်။ သူသည်လည်း ကျွန်ုပ်ကဲ့သို့ပင် မဖြစ်နိုင်သော အဖြစ်မျိုး အတွေးမျိုးကို တွေ့နေရတာပါလားဟု တွေးနေပုံရပါသည်။ သူမြင်တွေ့နေရသည့် အနေအထားကို ရှင်းရှင်းလင်းလင်း မဝေခွဲနိုင်သည့်ပုံမျိုး ကျွန်ုပ် တွေ့လိုက်ရသည်။ သဲပြင်ပေါ်တွင် ခြေရာတွေ၊ ခြေရာတွေပါလား၊ ကျွန်ုပ် တွေ့လိုက်ရပါသည်။

ရုတ်တရက် ကြက်တွန်သံ တစ်ချက် ကြားလိုက်ရသည်ဟု ကျွန်ုပ်၏ စိတ်ထဲ ထင်လိုက်၏။

"ဟာ၊ အခုထက်ထိ ငါ့နားထဲကလဲ ငါ့ကို လှည့်စားနေတုန်းပါလား" ဟု တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ပရိုဖော့က ကျွန်တော့် လက်မောင်းကို လာရောက်ဆုပ်ကိုင်ရင်း မေးမြန်းပြောခဲ့သည်။

"ခင်ဗျား၊ ကြားလိုက်ရဲ့လားဗျ"

"ဘာကိုတုံးဗျ"

"ကြက်တွန်သံလေဗျာ"

ယခု ဘာမျှ အငြင်းပွားဖွယ်ရာ မရှိတော့ပါ။ ကျွန်ုပ်တို့သည် အန္တရာယ်မှ လွတ်ပေတော့မည်၊ ကယ်မည့်သူကို တွေ့ရပါတော့မည်။

ခပ်လှမ်းလှမ်းရှိ သဲခုံနိမ့်နိမ့်လေးတစ်ခုပေါ်တွင် ဘက်ဒူးအင်းလူမျိုးတစ်ယောက် ရုတ်တရက် ထွက်လာသည်။ ကျွန်ုပ်တို့ နှစ်ယောက်လုံးသည် အသည်းခြောင်းကွဲမတတ် အားကုန် သူ့ကို လှမ်းအော်ခေါ်လိုက်သည်။ သို့သော် ကျွန်ုပ်တို့၏ အသံသည် ကိုက်ငါးဆယ် အကွာမှပင် မကြားနိုင်လောက်အောင် အင်အားလည်းမရှိကြတော့ပါ။

နောက်ဘက် ဒူးအင်းတစ်ဦးသည် သဲခုံပေါ်တွင် ပေါ်လာပြန်သည်။ ကျွန်ုပ်တို့လည်း သူ့ကို လှမ်းအော်ခေါ်ကြပြန်သည်။သို့ရာတွင် သူသည် ကျွန်ုပ်တို့၏ ခေါ်သံကို မကြားပေ။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် သူ့ကို လက်များဝှေ့ယမ်းခေါ်ကြပြန်သည်။ သူသည် ထိုသို့လုပ်ခြင်းကို မမြင်ပြန်၊ အခြားတစ်ဖက်ကို ဖြည်းဖြည်း လှည့်ကြည့်သည်ကို တွေ့လိုက်ရသည်။

အိုး၊ ဘုရားသခင်၊ ဤအချိန်မှစ၍ ကျွန်ုပ်တို့တွေ့ကြုံနေရသော အဖြစ်ဆိုးကြီးသည် ပြီးဆုံးသွားပါတော့သည်။

သူသည် သဲပြင်ကို ဖြတ်ပြီး ကျွန်ုပ်တို့ထံလျှောက်လာနေပြီ။သူသည် ကျွန်ုပ်တို့အား တစ်ချက် စိုက်ကြည့်လိုက်ပါသည်။ ထို့နောက် ကျွန်ုပ်တို့၏ ပခုံးများပေါ်တွင် လက်တင်လိုက်ပြီး သဲပြင်ပေါ်သို့ ကျွန်ုပ်တို့ကို ဖိချပြီး ထိုင်ခိုင်းလိုက်ပါသည်။ ဤကဲ့သို့သော အချိန်မျိုးတွင် လူမျိုးမတူမှု၊ ဘာသာစကားကွဲပြားမှုတို့သည် ထည့်တွက်ရန် မလိုတော့ပါ။ ပြဿနာ မဟုတ်တော့ပါ။

ယခု ကျွန်ုပ်တို့ရှေ့ ရောက်လာသော ဤဘက်ဒူးအင်းလူမျိုးများသည် ကောင်းကင်ဘုံမှ စေလွှတ်လိုက်သည့် နတ်ဘုရားတစ်ပါးအလား ကျွန်ုပ်တို့၏ ပခုံးပေါ်တွင် **သူ၏လက်ဖျားတင်ထားနေပါပြီ။**

**ခေတ္တခဏမျှ စောင့်ခဲ့လိုက်ရပါ**သည်။ သူသည် လှည့်ထွက်သွားပြီး ဇလုံတစ်ခုဖြင့် ရေများသယ်လာကာ ကျွန်ုပ်တို့ထံ ပြန်လာခဲ့ပါသည်။

ကျွန်ုပ်တို့သည် မည်သို့မျှ ဟန်မဆောင်နိုင်ကြတော့ဘဲ မှောက်လျက်အနေအထားဖြင့်ပင် ရေကန်ထဲသို့ နွားများ ရေဆင်းသောက်ကြသကဲ့သို့ ဇလုံထဲ ပါးစပ်နှစ်ကာအငမ်းမရသောက်ခဲ့ကြပါတော့သည်။

မည်မျှရှည်လျားသော အကွာအဝေးကို ကျွန်ုပ်တို့ လျှောက်ခဲ့ရသည်ကို မသိတော့ပါ။ ပင်ပန်းလွန်းသဖြင့် မတ်တတ်မရနိုင်ကြတော့ပါ။ နောက်တစ်ပတ်ကြာသောအခါတွင် ကျွန်ုပ်တို့ သွားလာလှုပ်ရှားခဲ့သော ခရီးတာလမ်းကြောင်းသည် ပြန်လည်ဆန်းစစ်ကြည့်သော် ခရီးမိုင် တစ်ရာ့နှစ်ဆယ်ခန့်ရှိကြောင်း အားလုံးက ဝိုင်းပြောခဲ့ကြသည်။ အလိုလေးလေး ဤမျှလောက်အထိ ကျွန်ုပ်တို့ ရုန်းကန်လှုပ်ရှားလျှောက်လှမ်းခဲ့ရပါကလား။

ဤအနီးတစ်ဝိုက်တွင် ဥရောပမှ လူများရှိကြောင်းကို ကျွန်ုပ်တို့သိသွားရန် နည်းပေါင်းစုံသုံးကာ ဘက်ဒူးအင်းလူမျိုးသည် အစွမ်းကုန် ကြိုးစားရှင်းပြခဲ့ရာပါသည်။

ကုလားအုတ်တစ်ကောင်ကို စီးရင်း ထိုသူများနှင့် ဆက်သွယ်မိရန် ကျွန်ုပ်တို့ ခရီးထွက်ခဲ့ကြပါသည်။ ထိုသို့ ကုလားအုတ်ပေါ်တွင် သုံးနာရီခန့်လိုက်ပါခဲ့ပြီးနောက် ကယ်ဆယ်ခဲ့သူများအား ကျွန်ုပ်တို့ကို တဲတစ်ခုတွင် ထားခဲ့ကာ အကူအညီများကို သွားရောက်ရှာဖွေပေးပါရန် ပြောကြားကာ တောင်းဆိုခဲ့ပါသည်။

သို့နှင့် ညနေခင်း ၆ နာရီပင် ရောက်လာပါပြီ။ လက်နက်များ ကိုင်ဆောင်ထားသည့် ဘက်ဒူးအင်းလူမျိုးစုများပါလာသည့် ကားတစ်စီးရောက်လာကာ ကျွန်ုပ်တို့ကို ခေါ်တင်သွားခဲ့ပါသည်။ ညသန်းခေါင်အချိန်တွင် ကိုင်ရို**မြို့ထဲရှိ** အိပ်ရာတစ်ခုပေါ်တွင် ကျွန်ုပ်**ရောက်နေခဲ့ပါပြီ။ ကျွန်ုပ်** နိုးလာသောအခါ **အဖြူရောင်လိုက်ကာများကို** တွေ့လိုက်ရပါသည်။ **လိုက်ကာကို အသာ**လေးဟပြီး ကြည့်လိုက်ရာ နေရောင်များလည်း မရှိတော့ပါ။ ဒုက္ခပေးမည့်အရာများလည်း မရှိတော့ပါ။

ကျွန်ုပ်သည် လိပ်ထားသော မုန့်ပေါ်တွင် ထောပတ်သုတ်လိုက်ပါသည်။ ပျားရည် တစ်ဇွန်းကိုလည်း မုန့်ပေါ်ထပ်သုတ်လိုက်ပါသည်။ စားကြည့်လိုက်ရာ ကောင်းလိုက်သည့် အရသာ။ ကျွန်ုပ် ငယ်စဉ်က စားခဲ့ရသော မုန့်လိပ်နှင့် ပျားရည်အရသာအတိုင်း တစ်ထပ်တည်းတူနေကြောင်း တွေ့လိုက်ရသည်။

စားနေရင်း အမြဲပင်အံ့သြဖွယ်ကောင်းသည့် စိတ်ကူးယဉ်အိပ်မက်ထဲတွင် နေခဲ့ရသော ကလေးဘဝမှ အသိစိတ်မျိုး ကျွန်ုပ် ပြန်၍ရနေမိခဲ့သည်။

ခုတင်အိပ်ရာခင်းပေါ်တွင် တင်ထားသည့် ကြေးနန်းစာရွက်ကလေးဆီ အမှတ်တမဲ့ ငေးကြည့်မိသွားခဲ့သည်။ အရင်းအနှီး အခင်မင်ဆုံးသူများထံမှ ကျွန်ုပ်ထံသို့ပို့လိုက်သော တစ်သက်တာတွင် အမြဲအမှတ်တရ ဖြစ်နေတော့မည့် စကားလုံးလေးများပါသည့် စာရွက်ကလေး၊ အရှင်းဆုံး အရိုးဆုံး စာလုံးလေးများ။

"ဝမ်းသာလိုက်တာ"

သူတို့သည် ကျွန်ုပ်တို့အတွက် အလွန်ပင် ဝမ်းသာပျော်ရွှင်နေကြပါလိမ့်မည်။

❒ **လင်းယဉ်ဘုတ်**

Ref: Crash in the Desert (R.D. Oct,1959)
By Antoine de saint-Exupery



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



တင်ဆာအထူးကုသမားတော်ကြီး
ဦးကိုကိုလတ်
သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁

တင်ဆာအထူးကုသမားတော်ကြီး
ဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ် ခ/၇၀၀၈



## ကင်ဆာ၊ မြစ်ပွားနာ အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်နှင့် သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမ ဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပိုး၊ စီပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** – ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၁၇၊ ၀၁–၇၀၀၆၄၄



www.burmeseclassic.com

www.burmeseclassic.com



## လုံးဝိတ်ဝမ်း ငြိမ်းချမ်းစရာ ရောမမြို့က ဒဏ္ဍာရီဆန်တဲ့ရေပန်းများ

ကိုဇော်မြင့်(မဟာဝိဇ္ဇာ ၄၃၉-၈၂)

ဥရောပမြေကို ပထမဆုံးနင်းခဲ့ပြီးတဲ့နောက် ရောမရဲ့ နာမည်ကျော် လူသတ်ကွင်း (Colosseum)ကြီးနဲ့ အဲဒီ အဆောက်အအုံကြီးဘေးက အခြားရှေးဟောင်းအဆောက် အအုံတွေကို ဆက်လက်လေ့လာကြည့်ရှုကြပါတယ်။ ပေးထားတဲ့ အချိန်မစေ့ခင် စုရပ်ကို အပြေးအလွှား ပြန်သွားပြီး အသင့်စောင့်နေတဲ့ ခရီးသွား ဘတ်စ်ကားကြီးပေါ် တက်ပြီး၊ နေရာယူကြတယ်။

"ရောမကို ရောက်ရင် ရောမလို ကျင့်ရ မယ်" ဆိုတဲ့စကား ရှိတယ်လေ။ အချိန်တိကျတတ်တဲ့ ဥရောပကို ရောက်တုန်း အချိန်ကို အထူးလေးစားရမှာပေါ့။





www.burmeseclassic.com

ကားကြီးထွက်လာပြီး ရောမမြို့အတွင်း လှည့်လည်မောင်းနှင်နေရဲ့၊ ရောမမြို့ထဲမှာရှိတဲ့ နာမည်ကျော် (Trevi Fountain) ထရီဗီရေပန်းကို သွားရောက်လေ့လာ လည်ပတ်ကြဖို့ပါ။ မကြာခင် လမ်းကျယ်ကြီးဘေး တစ်နေရာမှာ ကားရပ်လိုက်တယ်။ အဆောက်အအုံတွေက တောက်ပေါ်တဲ့ အီတလီမို့ ကျောက်တိုင်ကြီးတွေ အစီအရီနဲ့ ရှေးခေတ်က ပုံရိပ်ရှိနေတယ်။

ရေပန်းရှိရာကို လမ်းလျှောက်ပြီး ဝင်သွားရမှာမို့ အဆောက်အအုံတွေကြားကနေ လမ်းကြားလေးတစ်ခုထဲ ချိုးဝင်လိုက်ကြရတယ်။ လမ်းကလေးက ကားနှစ်စင်းဝင်သာရုံ ကျဉ်းကျဉ်းလေးဖြစ်ပြီး လမ်းတစ်လျှောက်ကိုတော့ ကိုယ်နှစ်သက်နေမိတဲ့ ကျောက်တုံးနက်လေးများ စီခင်းထားရဲ့။


လမ်းထဲကို ကြီးကြီးမားမား ဘာယာဉ်မှဝင်မလာဘဲ လူတွေသာ ဥဒဟိုလျှောက်သွားနေကြရဲ့။ လမ်းကျဉ်းတော့ တိုက်အရိပ်တွေမိုးပြီး နေခြည်မထိုးနိုင်လို့ လမ်းလျှောက်လို့လည်းကောင်းလှပါတယ်။

ဘေးတစ်ဖက်တစ်ချက်မှာ ဈေးဆိုင်လေးတွေ၊ စားသောက်ဆိုင်လေးတွေကလည်း အစီအရီမို့ မှန်ပြတင်းတွေကနေ အထဲကိုငေးရင်း လူအုပ်ကြီးကို တိုးဝှေ့လျှောက်သွားကြပေ့။ ဆိုင်ပေါက်ဝလေးတွေမှာတော့ မျက်နှာဖုံးတွေ၊ လက်နဲ့လုပ်တဲ့ အမှတ်တရတွေကို ချိတ်ဆွဲရောင်းချနေကြရဲ့။

လမ်းကျဉ်းလေးအဆုံးမှာတော့ လူအုပ်ကြီးကို တစ်အုပ်တစ်ခဲကြီး တွေ့လိုက်ရတယ်။ အိမ်ဝင်းတစ်ကွက်စာလောက်သာကျယ်တဲ့ မြေကွက်လပ်မှာ ကြိတ်ကြိတ်တိုးနေကြတယ်။







ရောမမြို့ရဲ့လမ်းမများ

www.burmeseclassic.com

www.burmeseclassic.com

...ကိမှာတော့ ကျောက်သားပန်းပုရုပ်တွေနဲ့ ...အုံကြီး၊ အဲဒါရဲ့အမြေခြမှာပေါ့ ပန်းပုရုပ်တွေ ...နေတဲ့ ရေပန်းပြင်ကျယ်ကြီး။ လှလိုက်တာလို့ ...တီးဟိုးရေရွတ်လိုက်မိပေါ့။

...မြို့မှာ ရေပန်းအဆောက်အအုံပေါင်း ၃၀၀၀ ...ရှိတဲ့အထဲက နာမည်အကျော်ဆုံး အထင်ရှားဆုံး ...၁၈ ရာစုကလက်ရာ ဖောင်တိန် ထရီဗီရေပန်း ...of Trevi) ဖြစ်ပါသတဲ့။ ဒီထရီဗီရေပန်းဟာ ...အသေးငယ်လှတဲ့ ရင်ပြင်(square)ကျဉ်းကျဉ်းလေး ...မယ့် မြင်လိုက်ရတာနဲ့ အံ့သြဖွယ်ရာ ကြီးမားတဲ့ ...ဟာ ကျောခိုင်းနံစပ်က နန်းဆောင်ကြီးရဲ့ တစ်ဖက် ...နေရာကပ်ယူပြီး ဘွားဘွားကြီး ပေါ်ထွက်နေ...

...ဆိုတာ လူတွေရဲ့စိတ်ကို ကြည်လင်အေးမြပြီး ...အေတယ်လေ။ သဘာဝ စမ်းရေစီးသံတွေကလည်း



...သွားအလှလို သာယာပြီး နားဝင်ပီယံရှိလှပါရဲ့။ အဲဒီ ...အား နှစ်ခုလုံးကို အသုံးချပြီး ရောမတစ်ခွင်မှာ ရေပန်း ...တွေ အများကြီး ဖန်တီးပြုလုပ်ကာ အလှဆင်ထားတာပါ။ ...တွေကို စိတ်လက်အပန်းပြေစေပြီး ကြည်နူးသာယာသွား ...တွေအပြင် မြို့ကိုလည်း လှပခံ့ညားသွားစေပါတယ်။

...နန်းဆောင်တွေ၊ ဘုရားရှိခိုးကျောင်းတွေ၊ ...ရှေးဟောင်းပန္နက်ဦးတွေနဲ့ ပြိုင်မြို့သနာတွေနဲ့အတူ ရေပန်းတွေ အလှနိမ့်မှားတဲ့ မြို့...ပါ။ ၁၀၀၀ ထက်ပိုတဲ့ ရေပန်းအဆောက်အအုံတွေဟာ ...ရောမရဲ့ ...တဲ့ စွမ်းအားအတွက် ...အစိတ်အပိုင်းတွေပေါ့။ နေ့တိုင်းရဲ့ အစိတ်အပိုင်းဖြစ်သ...နေ့...အံ့ဩဖွယ်...ပေးနေတာလည်းဖြစ်ရဲ့၊ ဒါတွေဟာ ...တဲ့ နေရာတွေဖြစ်သလို တစ်ခါတစ်ရံမှာတော့ ...လွမ်းဆွတ်ဖွယ် ခင်တွယ်စရာတွေလည်း ဖြစ်နေတတ်ပါတယ်။

**ရေပန်း (Fountain) -------**

ရေပန်းဆိုတာ ဘာလဲလို့ တွေးကြည့်မိတော့ သာမန်ရိုးရိုးစီးနေတာမဟုတ်ဘဲ ဖိအားနဲ့တိုးထွက်လာတဲ့ရေတွေဟာ ကျဉ်းမြောင်းတဲ့ ထွက်ပေါက်ကနေ ရေမှုန်၊ ရေဖျား၊ ရေပန်းလေးများအဖြစ် လှပစွာ ပန်းထွက်သွားကြတာမျိုးပါ။



ထရီဗီရေပန်းသို့အဝင် လမ်းကြားလေးမှ အမှတ်တရ ဆိုင်လေးများ





ရောမမြို့ အနှံ့လွှမ်းခြုံထားတဲ့ ပလာတာနိုင်ပင်မှ အရွက် နဲ့ ချစ်စရာကားလေး



www.burmeseclassic.com

www.burmeseclassic.com

ရေကညာ်ထားတဲ့အောက်ခြေ (the basin)ကို ဘင်ခါ တစ်ရံမှာ အဆင်တန်ဆာတွေနဲ့ [illegible] အထိန်းအချုပ်နဲ့ [illegible] [illegible]

ရေပန်းတွေကို [illegible] ရေရဲ့သဘာဝနဲ့ [illegible] ရေပန်းနဲ့ ရေအရင်းအမြစ်ကနေ ပုံဖော်ပြုလုပ်ထားတဲ့ [illegible] ကိုသွားပြီး အဲဒီကတစ်ဆင့်ထွက်တဲ့ ရေပန်းရေ[illegible]

ရေရဲ့လှုပ်ရှားမှုကိုရယူပြီး တန်ဆာဆင်ဖို့ [illegible] သားတဲ့ မှတ်တမ်းတွေဟာ ဘီစီ ၃၀၀၀ လောက်ကတည်းက ရှိခဲ့တာပါ။ အထူးသဖြင့် ပူပြင်းတဲ့ ရာသီဥတုရှိတဲ့ နေရာတွေမှာ ဒီလိုလုပ်တာမျိုးကို [illegible]ကြိုက်တတ်ကြပါတယ်။ အေးမြတဲ့သဘာဝရှိတဲ့ ရေ[illegible] လေထဲကို ပန်းထွက်လာတဲ့အခါ ပိုမိုအေးစေနဲ့။

ရှေးခေတ်[illegible]တွေမှာ သဘာဝရေပန်းတွေကို အားသား ကြည်ညိုတတ်ရာလည်း ရှိပါတယ်။ ဒါကြောင့် နတ်ဘုရားများကို ပူဇော်ဖို့ နတ်ကွန်းတွေ ဆောက်ကြတဲ့အခါ ရေပန်းတွေရှိရာ ဝန်းကျင်ပတ်လည်ကို ရွေးတတ်ကြတယ်။ Corinth မှာတော့ ရေပန်းတစ်ခုကို မြစ်စောင့်နတ်သမီး (the nymph Pirene) လို့တောင် ရည်ညွှန်းကြရဲ့။

Artemis ကြောင့် သေဆုံးသွားရတဲ့ သားအတွက် မြစ်စောင့်နတ်သမီး ကျရတဲ့ မျက်ရည်တွေဟာ ဒီရေတွေရဲ့ အရင်းအမြစ်ပါပဲတဲ့။

အခြားအဆိုတစ်ခုမှာတော့ အတောင်ပါတဲ့ မြင်းကြီး Pegasus ရဲ့ခွာနဲ့ ပေါက်လိုက်လို့ ရေပန်းတွေ ပေါက်ထွက်လာတယ်လို့ ဆိုပြန်တယ်။ ဒီမြင်းကြီးဟာ Bellerophon ရဲ့ ဖမ်းဆီးချုပ်နှောင်ပြီး ယဥ်ပါးအောင် အလုပ်ခံရတုန်းမှာ the Fountain of Pirene ရေပန်းက ရေကို ဒီနည်းနဲ့လုပ်သောက်ခဲ့သတဲ့။ the Arethusa ရေပန်းကို စစ္စလီကျွန်းက Syracuse မှာ ယခုတိုင် မြင်နေရပါသေးတယ်။ ဂရိဒဏ္ဍာရီလာ မြစ်စောင့်နတ်သမီး the Arethusa ဟာ နတ်ဘုရား the Alpheus ရဲ့ သိမ်းသွင်းမှုကို ခံခဲ့ရပါတယ်။ Artemis က အဲဒီနတ်သမီးကို စစ္စလီကျွန်းအထိ သယ်ဆောင်လာပြီး ရေပန်းတစ်ခုအဖြစ် အသွင်ပြောင်းပေးလိုက်ပါသတဲ့။

## ရောမမြို့က ရေပန်းများ (the fountains)

ရှေးခေတ် ရောမမြို့ပြယဥ်ကျေးမှုမှာ ရောမနဲ့ အခြား အီတာလျံမြို့ကြီးတွေဟာ ရေကိုဖြန့်ဝေပေးတဲ့အခါ ဆည်ကြီးတွေနဲ့ ရေလှောင်ကန်ဂိတ်တွေ တစ်ခုချင်းကနေ ရေချိုးအိမ်တွေနဲ့ အိမ်ကြီးရခိုင်တွေကို ပေးကြပါတယ်။ ရေတွေကို ကြီးမားတဲ့ ရေသွယ်တံတားစနစ်တွေနဲ့ သယ်ယူတဲ့ Pompeii က အထောက်အထားတွေကိုလည်း ယနေ့တိုင် မြင်နိုင်ပါသေးရဲ့။ အလားတူပဲ များစွာသော လူထုရေပန်းတွေကလည်း ဆင်းရဲသားလူဦးရေ အများကြီးကို ရေပေးဝေပါတယ်။





ထရီဗီရေပန်းသို့အဝင် လမ်းကြားလေးမှ အမှတ်တရ ဆိုင်လေးများ

www.burmeseclassic.com

www.burmeseclassic.com





ရောမမြို့က ကျောက်ဆစ်ရုပ်တွေ

နန်းတော်ဝင်းထဲက အဆင်တန်ဆာတွေ အများကြီးနဲ့ မဟာဆန်လှတဲ့ အိမ်တော်တွေမှာ ရေပန်းတွေရှိသလို အများ ပြည်သူသွားလာနေတဲ့ လမ်းမကြီးတွေပေါ်က လက်တွေ့ အသုံးဝင်ပြီး အကျိုးပြုနေတဲ့ ရေပန်းတွေလည်းရှိရဲ့။ မြို့က အိမ်တွေမှာလိုပဲ ကျေးလက်က ခံအိမ်တွေမှာလည်း အဆင် တန်ဆာနဲ့ ရေပန်းတွေရှိတတ်ပါသေးတယ်။

ပြည်သူ့ရေပန်းတွေမှာ ရိုးရိုးသာမန် လေးထောင့် ခတ္တရန်းပုံ ကျောက်သားအောက်ခြေနဲ့ သေးငယ်တဲ့ တင်ခုံ ရှိမယ်။ အဲဒီပေါ်ကမှ ထွင်းထုထားတဲ့လူ ဒါမှမဟုတ် သတ္တဝါ တစ်ကောင်ကောင်ရဲ့ခေါင်း ရှိမယ်။ သူ့ရဲ့ပါးစပ်ထဲကနေ ရေတွေ စီးကျနေမယ်။ အောက်ခြေကန်ရဲ့ နှုတ်ခမ်းတွေမှာ ပိုလျှံစီးကျနိုင်ဖို့ အချိုင့်တွေလည်း လုပ်ထားရဲ့။

အထက်ပါ အမျိုးအစားအပြင် ရောမတွေ တိုးတက် လာတဲ့အခါ ဟယ်လင်းနစ် (Hellenistic) ကာလတွေကို အခြေခံတဲ့ ထုလုပ်ထားတဲ့ အရုပ်တစ်ခုကနေ ပန်းထွက်လာတဲ့ ရေပန်းနဲ့ ရိုးရိုးစင်းစင်းသာ တန်ဆာဆင်ထားတဲ့ the nymphaeum ဆိုတာတွေပေါ်လာတယ်။ ရောမ nymphaea တွေဟာ အပန်းဖြေစရာအိမ်လို အဆောက်အအုံတွေဖြစ်ပါ တယ်။ တစ်ခါတစ်ခါတော့ an exedra ရဲ့ ပုံသဏ္ဌာန်ကို တစ်ဝက်ခုံးနဲ့ အုပ်ထားတတ်တယ်။ ရေပန်းတစ်ခုစီရဲ့ အသေး စိတ်တွေကတော့ အခြေခံအမျိုးမျိုးနဲ့ စီစဉ်ထားမှုတွေကြောင့် ခြားနားကြပါရဲ့။

အစောပိုင်း ခရစ်ဝင်ကာလတွေမှာ ရေပန်းတွေကို ဝတ်ပြုရာဘုရားရှိခိုးကျောင်းတွေရဲ့ အဝင်ဆောင်လေးမှာ သန့်စင်ခြင်းရဲ့သင်္ကေတအဖြစ် ... အားဖြင့် ရောမမြို့စိန့်ပီတာဘုရားကျောင်းမှာ ... တူပဲ အနောက်ဥရောပနဲ့ (the Byzantine) ... နန်းတော်ဆောင်ဝင်းတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ရေပန်းတွေကို ဆက်လက်ပြီး သုံးလာကြတယ်။

မြို့ကြီးတွေမှာ လှပတဲ့ရေပန်းတွေရှိကြပေမယ့် ရောမ မှာတော့ ရေပန်းဆိုတာဟာ မြို့ရဲ့နေထိုင်မှုတစ်စိတ်တစ်ပိုင်း လိုတောင် ဖြစ်နေပါရဲ့။ သူတို့ရဲ့ မရပ်မနား သွန်ကျစီးဆင်း လာမှုအတွင်းမှာ သူတို့ဟာ အလားတူပဲ ငြိမ်းစိမ်ရှိလှတဲ့ ခံစားမှုတစ်ခုကိုလည်း ပေးနေပြန်ပါတယ်။

အီတာလျံ ကဗျာဆရာတွေကလည်း သူတို့ကဗျာ လင်္ကာတွေမှာသည့်စပ်ပြီး မော်ကွန်းတင်ထားကြရဲ့။ အီတာလီရဲ့ အထင်ကရ အနုပညာရှင်တွေထဲက တစ်ဦးဖြစ်တဲ့ အီတာလီရဲ့ အထင်ကရ ရောမသား တေးရေးဆရာ (Ottorino Respighi) က အဲဒီရေပန်းတွေကို မြင်တွေ့ရာမှ အနုပညာ ဗျာန်ဝင်စားပြီး ရေပန်းတွေအကြောင်း အမြတ်တနိုး သီကုံး စပ်ဆိုထားတဲ့ (Fontane di Roma) ကို ၁၉၁၇ ခုမှာ ရေးဖွဲ့ စပ်ဆိုခဲ့ပါရဲ့။

အဖွဲ့အနွဲ့တွေ အများကြီး ထည့်သွင်းသရုပ်ဖော်ထား တဲ့ အဲဒီတီးဝိုင်းခေါင်းဆောင် composer ရဲ့ တေးသွားကဗျာ symphonic poems နှစ်ပုဒ်ဟာ သူ့ရဲ့သံစုံတီးဝိုင်းရဲ့ ဂီတ သံစဉ်သင်္ကေတနဲ့ ကီးခတ်ထားပြီး ကြားယောင်ခံစားနိုင်တဲ့ သံစဉ်ကဗျာ (tone poem) တွေပါ။ ရောမက ရေပန်းတွေရဲ့ ကျော်ကြားထင်ရှားကြောင်းကို အရင်းခံပြီး ရေးသားထားတဲ့ စာအုပ်တွေလည်း အီတာလျံ ပြင်သစ်နဲ့ အင်္ဂလိပ်လို ပုံနှိပ် ထုတ်ဝေထားတာ ရှိပါရဲ့။

လူပြောသူပြောများလှတဲ့ အဖြစ်အပျက်တစ်ခုလည်း ရှိရဲ့။ ဆွီဒင်သူမိဖုရား (Queen Christina) ဟာ ၁၆၅၅ ခုနှစ်မှာ စိန့်ပီတာရင်ပြင်က ရေပန်းတွေကိုကြည့်ဖို့ ရောက်ရှိလာခဲ့ သူမနောက်က တကောက်ကောက် မပြတ်တမ်းလိုက်နေမှန်း သိတဲ့အခါ ရုံရှေ့တော်မတွေကို ပြန်ကြပါလို့မှာတော် မှာငြိ


www.burmeseclassic.com

www.burmeseclassic.com



ရောမမြို့က ထရီဗီရေပန်းနဲ့ နောက်ခံ အဆောက်အအုံ







[illegible] ခံနေရာဟာ သူမထင်ခဲ့ပါဘူး။ [illegible] ရေပန်းတွေရဲ့ [illegible] ဖြစ်မှာပါ။

## ရောမက ရေပန်းများရဲ့ ဒဏ္ဍာရီ

ရောမက ရေပန်းတိုင်းမှာ သမိုင်းကြောင်းနဲ့ ဒဏ္ဍာရီတွေ ရှိကြပါတယ်။

ရောမမြို့ [illegible] (Spring) [illegible] ဖြစ်ပါတယ်။ [illegible] (the Forum) နေရာ [illegible] (the Lacus Iuturnae-Pool of Juturna) ပါ။ [illegible] Augustus [illegible] ရှိခဲ့ပါတယ်။ [illegible] ရေပန်းဟာ [illegible]

[illegible] the Piazza della Repubblica အဖြစ် [illegible] the Piazza Esedra လို့ခေါ်တဲ့ [illegible] (Pius IX) က [illegible]

[illegible] ပါတယ်။

## နာမည်ကျော် ထရီဗီရေပန်း (the Trevi Fountai

[illegible] ရေပန်းကြီးကို [illegible]

www.burmeseclassic.com

မကြွစေတွေ ပစ်ထည့်နေကြပါတယ်။ [illegible] ကျောက်ကန်ဘောင်တွေ ရိုက်ခတ်သံ [illegible] ချွင်။ လှပလွန်းတဲ့ ရေပန်းနဲ့ ပန်းပုရုပ်တွေ [illegible] ဓာတ်ပုံရိုက်နေကြတဲ့ [illegible] နေ့လယ်နေ့ခင်းမှာတောင် [illegible] နေပါတယ်။

ပဟာဒီ တာလိမ့်လိမ့်စီးဆင်းနေတဲ့ ယခီဗီရေ [illegible] အကြွစေတွေ ပစ်ထည့်ကြတဲ့ ခရီးသွားတွေဟာ [illegible] နောက်တစ်ကြိမ် ပြန်လာရတတ်တယ်လို့ ယုံကြည်ကြပေဟာ [illegible] အစဉ်အလာ ပြောစကားနဲ့ အတော်ကို [illegible] ကျော်ကြားခဲ့တယ်။ ဒါဟာ ဗီနေရာရဲ့ အဓောဆုံး [illegible] တစ်ခုဖြစ်ပြီး နှစ်ပေါင်း ၁၀၀၀ ကျော် တိတ်တိတ်ဆိတ် ဆိတ် ရှိနေခဲ့ပြီးမှ ၁၅ ရာစု (၁၄၅၃ ခု) မှာ ပုပ်ရဟန်းမင်းကြီး [illegible] နီကိုလပ်စ် (Nicholas V) ရဲ့ လက်အောက်မှာ [illegible] ဆင်မွမ်းမံမှုတွေ လုပ်ခဲ့တယ်။ ၁၇ ရာစုမှာတော့ ရေပန်း အသစ်တစ်ခုအတွက် စီမံကိန်းတွေလုပ်ပြီးတဲ့အခါ [illegible] ကြမြန်တယ်။

ယခုလက်ရှိ အမြင်အနေ [illegible] ရာစုအထိ [illegible] ပြီးမြောက်သေးပါဘူး။ နောက်ပိုင်းမှာ [illegible] ပြောင်းပြီး မွမ်းမံမှုကြောင့် [illegible] နေရာလေးကနေ အံ့ဩဖွယ်ရာ မြင်ကွင်းကျက်တဲ့ [illegible] ရောက်လာခဲ့ပါတော့တယ်။

နောက်ခံ အဆောက်အအုံက ကျောက် [illegible] လက်ရာတွေကလည်း အဓတော်ပင် ကောင်းမွန်လှပါတယ်။ [illegible] အမြင့်ဆုံးနေ့ဖူးစည်းမှ စွန်းထွက်နေတဲ့ အဆောက် [illegible] အထိမ်းအမှတ်ရုပ်တုဟာ အပြာရောင်ကောင်းကင် [illegible] သရဲ့ပုံစံနေသလိုပဲ အသက်ဝင်လှတယ်။ ကျောက်ကြီး [illegible] မှ ရေတွေ စီးထွက်ကျလာနေပုံ [illegible] လှပါတယ်။

မြင်ကွင်းအလွှမ်းမှာ မြင်လိုက်ရမယ့် [illegible] [illegible]

ရေပန်းကြီးရဲ့ [illegible] တော်တွေ စစ်ခင်းနေပုံကို ကျောက်သားမှာ [illegible] သတ္တိခြေရင်း မြင်းတွေ လူတွေကြားမှာ ရေများစီးဆင်းနေပုံ ဖြစ်ပါတယ်။ Nicola Salvi ရဲ့ ၁၇၃၂ ခုနှစ် စစ်ရေပြင် [illegible] အနိုင်ရခဲ့တဲ့ အောင်ပွဲပုံဖြစ်စဉ်ကို ပဓာပုံဆောင်ခိုင်း [illegible] တဲ့ အရုပ်တွေပါ။ သဘာဝအတိုင်း [illegible] ကျောက်သား [illegible] Baroque [illegible]





တရိုဗီရေပန်းတေး၏ ကျောက်ဆစ်ရုပ်များ

www.burmeseclassic.com

www.burmeseclassic.com





ထုလုပ်ထားပုံကလည်း အလွန်ကောင်းမွန်ပီပြင်လှရဲ့၊ တိုက်ပွဲဝင်နေသူတွေရဲ့ ကိုယ်ဟန်အနေအထား၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ အားမာန်၊ မြင်းတွေရဲ့ လှုပ်ရှားပုံ၊ ဆံမြိတ်များ ရှည်ရှည်လျားလျား တွန့်ခေါက်နေပုံ၊ မာန်ပါတဲ့ဟန်ပန် အားလုံးဟာ အထူးကောင်းမွန်တဲ့ လက်ရာမွန်တွေပါ။ စစ်ချီသူတွေရဲ့ အဝတ်အစားများ တွန့်ခေါက်ဝင့်ဝဲနေပုံဟာ ကျောက်သားမှာ ထွင်းထုယူထားတာနဲ့ မတူအောင်ဘဲ လွင့်ပျံ့နေပါရဲ့။

ရေပန်းကြီးအတွက် ရေကို ဟိုတုန်းကတော့ ရှေးဟောင်းရေသွယ်တံတား (Acqua Vergine) မြွန်က ရတယ်၊ ဒီရေတွေရဲ့ စီးဆင်းနေပုံဟာ တွေးတောလို့ မဆုံးနိုင်အောင်ကို ရောမရဲ့ အမျှော်အမြင်ဆုံးနဲ့ အကောင်းဆုံးခံစားမှု အရသာကို ပေးခဲ့ပါရဲ့။ အဲဒါကြောင့်လည်း ရာစုနှစ်များတိုင်အောင် အဲဒီကနေ ရေစည်ပေါင်းများစွာကို ဗာတီကန်အတွက် ရက်သတ္တပေါင်းများစွာ သယ်ယူခဲ့ကြတယ်။



နာမည်ကျော် ထရီဗီရေပန်းနဲ့ ခရီးသည်များ



ပြည်မြေးပြီး ရောက်ရှိလာတဲ့ အင်္ဂလိပ် လက်
ဖျော်သမားတွေကလည်း ရေချိုင့်တွေအပြည့် မရေ
နိုင်အောင်ကို သယ်ယူသုံးစွဲခဲ့ကြတယ်။ ၁၉၆၁ ခုနှစ်အ
မှာတော့ ဒီကရေတွေကို သောက်သုံးဖို့ မသယ်ရတော့
ကြေညာလိုက်ရတော့တယ်။ ခုတော့ ဒီရေတွေကို လျှပ်
တွေနဲ့ ပြန်ပြန်လည်နေအောင် လုပ်ထားကြပေါ့။ ခု
သဘာဝရေလား၊ ပိုက်ရေကို ကျောက်ကြားမှ လွှတ်
တာလား မခွဲခြားနိုင်အောင်ကိုပဲ ရေစီးနေပုံက ညီ
သာသာနဲ့ ကျော့ဆန်နေပါရဲ့။

ပြိုင်ဘက်ကင်းတဲ့ (Gian Lorenzo Bernini
(Francesco Borromini)တို့ရဲ့ အနုပညာကြွယ်ဝလှတဲ့
ရာတွေအကြားကပဲ ရောမမြို့ရဲ့ ဒီလိုနေရာကျဉ်းကျဉ်
မှာ အံ့ချီးဖွယ် ရေပန်းအခင်းအကျင်းတွေဟာလည်း
ဖွားလာခဲ့ပါတော့တယ်။ ဒီရေပန်းအကြောင်းကို ယ
ယုံယုံကြည်ကြည်နဲ့ ဒဏ္ဍာရီတစ်ခုလို အသေးစိတ် ပြန်
နေကြဆဲပါ။

ဒါကို အသေးစိတ်ရှင်းပြသူတိုင်းက ဒီရုပ်တု
ခေါင်းတွေနဲ့ မကွယ်မဖုံးမိစေဘဲ မြင်သာအောင် ဆော
ထားတဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဘုရားကျောင်းထဲ
ရဲ့လက်ရာ မျက်နှာစာ (the Borromini facade)။ အဆေ
အအုံကို လဲကျခြင်းမှ ကာကွယ်နေဟန် ထုလုပ်ထားတဲ့





www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် ထရေဗီနဲ့ ခရီးသည်များ

la Plata)ရဲ့ ရုပ်တုတွေအကြောင်းလည်း ထည့်သွင်း နေကြစမြဲပါ။ ရေပန်းဟာ ၁၆၅၁ ခုမှာ အကြောင်း ကြောင့် မဖွင့်လှစ်နိုင်ဘဲ Sant'Agnese ဘုရားကျောင်း ခြီ တစ်နှစ်ကမှ ဖွင့်လှစ်ခဲ့ရတယ်။ ဘောရိုမီနီကို လာခင် နှစ်နှစ်ကပေါ့။ ဒါကြောင့် ဘုရားကျောင်း ဆောမပြီးခင် ၁၅ နှစ်လောက်စောပြီး ရေပန်းက းခဲ့တာလို့လည်း ပြောနိုင်ပါရဲ့။

ဘာနီနီရဲ့လက်ရာ အခြားရေပန်းနှစ်ခုကတော့ စိန့် ဘုရားကျောင်းကြီးရှေ့က ကွင်းပြင်မှာရှိနေပါတယ်။ (Bernini)ရဲ့ စိတ်ကူးဉာဏ် အကွန့်မြူးဆုံးလက်ရာ ရောမမြို့ မြို့လယ်ကွက်လပ် (Piazza Navona)က လေးစင်း (the Four Rivers)ကို ပမာပုံဆောင် ခိုင်း ဆုလုပ်ထားတဲ့ ရေပန်းဖြစ်နိုင်ပါရဲ့။ နောက်ထပ် နဲ့ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ရေပန်းကတော့ ကွက်လပ်(Piazza Barberini) မှာရှိတဲ့ the Triton ပါ။ ခိုင်းလ်မြစ်ကြီးကို ကိုယ်စားပြုတဲ့ ရုပ်တုတွေလို့ ာင် ပြောနေကြရဲ့။

မြို့လယ်ကွက်လပ် (the Piazza della Repubblica) း အလွန်ကြီးမားတဲ့ (the colossal Fountain) ရေပန်း the Naiads ရှိနေပါတယ်။ အဲဒါရဲ့ ပင်လယ်ထဲက ရေ ကြီးနဲ့ သတ်ပုတ်နေကြဟန် နှိုက်ဂိုကြီးငယ် အသွယ် နဲ့ အလှဟာ ထင်ရှားလှရဲ့။ အချို့ကလည်း ဒါဟာ သရုပ်ဖော်ထားတဲ့ပြကွက်လို့ ငြင်းဆိုနေကြပါတယ်။

the Piazza di Spagna ကွင်းပြင်က the Fountain of the Barcaccia ရေပန်းဟာ လှေကွဲကြီးတစ်စင်းက ရေတွေ ယိုကျနေပုံဒီဇိုင်း ထုတ်ထားတာပါ။ အဲဒီရေပန်းကို ဘာနီနီရဲ့ အဖေ Pietro လက်ရာလို့ အချို့ကတော့ ယုံကြည်နေကြပေမယ့် ဒါဟာ ဘာနီနီရဲ့ နုပျိုစဉ်ဘဝက ဖန်တီးထားတဲ့ ငယ်လက်ရာပါ။

ရောမမြို့နားက the Villa d'Este ရဲ့ ဥယျာဉ်ပန်းခြံတွေမှာ ဆန်းပြားတဲ့ဒီဇိုင်းတွေနဲ့ ရေပန်းတွေ ထားရှိပါတယ်။ အဲဒီထဲက တစ်ခုကို ရေအော်ဂင်(the water organ)လို့ခေါ်ပြီး အနုစိတ်ပြီး ရှုပ်ထွေးပွေလီစွာ ပြုလုပ်ထားတဲ့ ယန္တရားနဲ့ ထိန်းချုပ်ထားပါတယ်။ အဲဒါက လျှောက်လမ်းက ဝင်လာတဲ့အခါ နင်းလာရတဲ့ ကျောက်တုံးတွေကို နင်းမှ ရေပန်းတွေကျပြီး သံစုံထွက်အောင် လုပ်ထားတာပါ။

ရောမမြို့ကို လာရောက်လည်ပတ်သူတွေဟာ ညဘက် အလည်ထွက်ရင်း မြို့တော်ရဲ့ များပြားလှတဲ့ ထွန်းလင်းတောက်ပနေတဲ့ ရေပန်းတွေကို လှည့်လည်ကြည့်ရတာလည်း အရသာတစ်ခုပေါ့။

## ရောမမှာ လူကြိုက်အနည်းဆုံးရေပန်း

ရောမမှာ လူတွေသိပ်မကြိုက်ကြတဲ့ ရေပန်းတွေလည်း ရှိနေပါသေးတယ်။ ၁၅၈၇ ခုနှစ်မှာ စတင်တည်ဆောက်ကတည်းက လူကြိုက်မများခဲ့တာပါ။ အဲဒီရေပန်းဟာ the Piazza San Bernardo ကွက်လပ်က အောင်ပွဲခံခုံးရေပန်း (the



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ခေတ်ပေါ် ရေပန်းတစ်ခုမှ
ရေချိုးနေတဲ့ အမျိုးသမီး သုံးဦးရုပ်တု

triumphal arch fountain ဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီး ဆွေးဖြောက် စစ်စ်တပ်စ် (Sixtus V) တာဝန်ယူပြီး တည်ဆောက်မှုတဲ့ ရေပန်းပါ။ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျူးလီးယက်(Julius II)ရဲ့ သင်္ချိုင်းဂူမှာ တန်ဆာဆင်ထားတဲ့ မိုက်ကယ်အိန်ဂျလိုရဲ့ လက်ရာကို အတုယူ ထုလုပ်ထားပုံရပါတယ်။ ဒါပေမယ့် ထုလုပ်ထားတဲ့ရုပ်တုဟာ ကြည့်ရတာ ဖျော့ဖျော့နဲ့အားငယ်နေပုံ ပေါက်နေပါတယ်။ အဲဒီရုပ်တုရဲ့ ပန်းပုဆရာ (Prospero Bresciano) ဟာလည်း လူထုရဲ့ ကျောင်းပြောင်သရော်မှုကြောင့် အလွန်စိတ်ထိခိုက်ကာ နှလုံးကြေကွဲပြီး သူ သေဆုံးသွားရတယ်လို့ ပြောကြတယ်။

ကမ္ဘာတစ်လွှားမှာလည်း နိုင်ငံအသီးသီး မြို့အသီးသီးမှာ မောင်းနှီးရာရာ လှပတဲ့ရေပန်းတွေ ဖန်တီးခဲ့ကြ ဆက်လက်ပြီး ဖန်တီးနေဆဲပါ။ ၁၆ ရာစု ပြင်သစ်ပန်းပုဆရာ (Jean Goujon)ရဲ့ အကောင်းဆုံးလက်ရာဟာ ခြောက်ခုသော ရုပ်ကြွပြနဲ့ လက်ရာပါ။ မူရင်းဟာ ပဲရစ်က (the Fontaine des Innocents)ကို တန်ဆာဆင်ထားတာပါ။ ပဲရစ်က ဗာဆေးနန်းတော်ဥယျာဉ်ဟာလည်း မြေယာခင်းကျင်းမှု ဗိသုကာပညာရှင် Andre Le Nôtre ရဲ့ လက်ရာ ဒီရေပန်းကြောင့် နာမည်ကြီးခဲ့ပါတယ်။

စပိန်နိုင်ငံ Granada က the Alhambra နန်းတော်မှာရှိတဲ့ ခြင်္သေ့ရေပန်းဟာလည်း ခုစ်ဖွယ်ကောင်းလှတဲ့ မူးရစ်ဟန် (Moorish) ရေပန်းပါ။ ဘာသာရေးဓလေ့တွေအရ ကိုယ်ကာယ်သန့်ရှင်းဖို့ထားတဲ့ ရေပန်းတစ်ခုခုလည်း ဗလီဝင်ပေါက်မှာ အမြဲလိုလို တွေ့ရတတ်ရဲ့။ မွတ်စလင်နိုင်ငံတွေမှာ လူထုအသောက်သုံးဖို့ ရေပန်းတွေကိုလည်း ကြွယ်ဝစွာ တန်ဆာဆင်ထားတဲ့ အဆောက်အအုံတွေမှာ ထားတတ်ကြပါတယ်။

## ၂၀ ရာစုခေတ် ရေပန်းများ

၂၀ ရာစုအစောပိုင်း ဆွီဒင်-အမေရိကန် ပန်းပုဆရာ Carl Milles ဟာ ဥရောပက သူ့ရဲ့ ရေပန်းသုံးမှုကြောင့် ကျော်ကြားခဲ့ပါတယ်။ ၁၉၂၆ ခုက အပြီးသတ်ခဲ့တဲ့ ဆွီဒင် Halmstad က Europa ၊ ၁၉၃၆ ခုက ပြီးခဲ့တဲ့ စတော့ဟုမ်းက Orpheus နဲ့ ၁၉၄၀ မှာ ပြီးသွားတဲ့ Mo က စိန့်လူးဝစ်ရဲ့ ယူနီယံဘူတာရုံရှေ့ဘက်က the Meeting of the Waters တို့ပါ။ ဒီဥပမာအားလုံးဟာ နေရာကျယ်ကျယ်ဝန်းဝန်းယူပြီး သိမ်မွေ့ညှိသက်တဲ့ ရေရဲ့ အကျိုးသက်ရောက်မှုနဲ့ တီထွင်မှု အရုပ်တွေရောပြီး ဒီဇိုင်းထုတ်ထားကြတွေချည်း ဖြစ်ပါတယ်။

အမေရိကန်ဗိသုကာပညာရှင် Charles Moore က La ရဲ့ နယူးအော်လန်းမှာ တည်ဆောက်ခဲ့တဲ့ the Piazza d'Italia က the Roman baroque ဟန် စိန့်ဂျိုးဇက် ရေပန်းပုံကို ခေတ်ပေါ်ဟန်အသစ်နဲ့ ပြန်လည်တည်ဆောက်တဲ့ ရေပန်းတစ်ခုလည်း ၁၉၇၈ ခုမှာ ပြီးစီးသွားခဲ့တယ်။ အဲဒီမှာ စကော်ဒိုင်းမြေပုံစီထားတဲ့ တိုင်လုံးတန်းခြောက်ခုဟာ အရစ်လိုက်ရှိနေပါတယ်။ အဲဒီထဲက ငါးခုဟာ ဂန္ထဝင်မြောက်လက်ရာ (the classical orders-Doric, Ionic, Corinthian, Tuscan, Composite) ဟန်တွေနဲ့ဖြစ်ပြီး ဆဋ္ဌမမြောက်ကတော့ ဗိသုကာ ပေးထားတဲ့နာမည် Delicatessen နဲ့ပါ။ အဲဒါကို ရင်ပြင်မှာ တည်ဆောက်မယ့် စားသောက်ဆိုင်တစ်ခုရဲ့ ဝင်ပေါက်အဖြစ် ပုံချထားပါတယ်။ ရေတွေဟာ တံလျှင်တွေ ခင်းပြက်သလို တလက်လက်စီးဆင်းနေပုံက အီတလီမြေပုံထဲက အာဒီ ပိုနဲ့ တီဗာမြစ်တွေကနေ စီးဆင်းနေသလို ဖြစ်နေပါရဲ့။

## ထရီဗီရေပန်းမှသည် ဗာတီကန်နန်းတော်သို့

စမ်းရေစီးသံ၊ လှည်သံသူသံ၊ ခါတ်ပုံကင်မရာခလုတ်နှိပ်သံတွေကို ကျော်နင်းပြီး မနက်စာစားဖို့ ကိုယ်တို့ပြန်ထွက်ခဲ့ကြပါတယ်၊ ကျောက်ဆုံးနက်ကလေးတွေ ချောမြောင်နေတဲ့ လမ်းကျဉ်းလေးကို နင်းလျှောက်ရင်း ကျောက်သားပန်းပုတွေကို ငေးရင်းပေါ့။ အဲဒီနောက်မှာတော့ ရောမမြို့ထဲက ကမ္ဘာ့အငယ်ဆုံးနိုင်ငံလေးဖြစ်တဲ့ ဗာတီကန်စီတီးကို သွားကြရဦးမှာပါ။ ကျောက်ဆစ်ရုပ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ရောမအိမ်မက်ကို နေ့ခင်းကြောင်တောင် မက်နေရပြီး ဝဏ္ဏာရီဆန်လှတဲ့ ရောမမြေကို ပြန်ရောက်နေသလိုလည်း ခံစားနေရရဲ့။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)

**စာကိုး။** Encyclopaedia Britannica 2013



www.burmeseclassic.com

www.burmeseclassic.com





နေ့တိုင်းဟု မဆိုသာသော်လည်း ခရီးကြုံလျှင် ကြုံသလို ရောက်ဖြစ်သည်ကတော့ ကိုတင်ကြည်၏ ချစ်မိတ်ဆွေ ဆံသဆိုင်ကလေးသို့ပဲ ဖြစ်သည်။

သူ့ဆံသဆိုင်ကလေးက သာ မန်အနေအထားမျှသာဟု ဆိုနိုင်သည်။ ၁၀ ပေပတ်လည်ခန့် အကျယ်အဝန်းရှိပြီး မမေတိုင် မြေစိုက်ကာ ဓနိမိုးလျက် ဘေးသုံးလက်သုံးတန်ကို ဝါးထရံ ကာထားသည်။ ခေါင်းရင်းနှင့် ခြေရင်း၌ ခပ်ရှုယ်ရှုယ်မှန် (၂)ချပ်ဆိုင်ထားပြီး ကြားမှာတော့ ခပ်နွမ်းနွမ်း အနေအထားရှိသည့် ဆုံလည်ကုလားထိုင်တစ်လုံး။ ခေါင်းရင်းဘက်မှန် အောက်ခြေမှာ ဆင့်တန်းကလေးရိုက်ထားပြီး ၎င်းအပေါ်၌ ဆံပင်ညှပ်ကိရိယာများကို တင်ထားပါသည်။ မျက်နှာစာနှင့် ဆန့်ကျင်ဘက် ထရံအပြည့်ကာထားသည့် နေရာပေါ်မှာတော့ ကွက်လပ်မရှိလောက်အောင် ကပ်ထားသည်က အားကစားဂျာနယ် မျက်နှာဖုံးများပင် ဖြစ်သည်။

သည်လောက်နှင့်ပင် သူ့ဆိုင်ကလေးကို အာရုံထဲမပေါ်နိုင်သေးဟု ဆိုလျှင်ဖြင့် ထပ်မံ၍ ဖြည့်စွက်ပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

ခြေရင်းဘက် အနောက်လက်ခံ တိုင်ရှိ သံချိတ်တွင် ချိတ်ဆွဲထားသည်က ထွင်းအိုးမယ်လဒင်တစ်လက် ဖြစ်ပြီး ဆိုင်မျက်နှာစာတွင် နောက်အမှီပါသည့် ခုံတန်း လျားရှည်တစ်လုံးကို အသေရိုက်ထားသည်။ ခုံတန်းလျားနှင့် ကပ်လျက်မှာတော့ လုံးပတ်တစ်တောင်ကျော်မျှရှိမည့် တာဖိပင်ပျို့တစ်ပင်ရှိသည်။ သည်အပင်မှာ ချိတ်ဆွဲထားသည်က "ချစ်မိတ်ဆွေ ဆံသ"ဟူသည့် ဆိုင်းဘုတ်ကလေးပဲ ဖြစ်သည်။

ကိုတင်ကြည်၏ ဆိုင်ကလေးကိုဖြင့် ဆိုင်းဘုတ်ချိတ်ဆွဲထားလျှင်ဖြစ်စေ ချိတ်ဆွဲမထားလျှင်ဖြစ်စေ သည်ရပ်ကွက်နေ လူအများကတော့ ဆံပင်ညှပ်ဆိုင်မှန်း သိနေကြပေပြီ။ သိဆို ဆိုင်ဖွင့်သည်ကပင် လေးငါး ဆယ်နှစ်ခန့်ရှိနေခဲ့ပြီပဲ။

သည်တနေ့မှာတော့ မရောက်သည်မှာ တစ်ပတ်ခန့်ကြာသွားသည့်အတွက် ချစ်မိတ်ဆွေဆိုင်ကလေးသို့ ဦးတည်ကာ ထွက်လာမိခဲ့သည်။

ဆံပင်ညှပ်ဆိုင်ဆိုသည်မှာ လူအများဆုံကြရာဖြစ်သည်။ အကြောင်းပေါင်းစုံသလို သတင်းအပေါင်းကလည်း စုံလှသည်။ သည်အကြောင်း သည်သတင်းတွေကပင်လျှင် စာပေသမားတစ်ယောက်အတွက် ရေးစရာကုန်ကြမ်းတွေ ရသွားတတ်သည် မဟုတ်ပါလား။

*

ဆိုင်ကလေးကို ရောက်တော့ နေ့လယ်နေ့ခင်းကြီး။

ပြီးတော့ ထူးထူးခြားခြား လူကရှင်းနေသည်။

ခါတိုင်းဆိုလျှင် တာဖိပင်အောက်ရှိ နောက်မှီခုံတန်းလျားလေးမှာ ဆံပင်အညှပ်ခံဖို့ရာ စောင့်နေသူ ဒါမှမဟုတ် ခရီးသွားရင်းဟန်လွှဲဝင်ထိုင်သူ၊ ဂျာနယ်သတင်းစာ ထိုင်ဖတ်နေသူ စသဖြင့်တစ်ဦးမက သုံးလေးဦးစလောက်တော့ ရှိနေတတ်မြဲပင်၊

ခုတော့ လူက ရှင်းနေသည်။ ဆိုင်ထဲမှာလည်း ဆံပင်အညှပ်ခံမည့်သူ တစ်ဦးတလေမျှမရှိ၊ ဆိုင်ဝမှာ မိမိရပ်နေစဉ် ဆိုင်ထဲမှ ထွက်လာသူက ချစ်မိတ်ဆွေ၏ အရှင်သခင် ဆံသမားစတာ ကိုတင်ကြည်၊ လက်ထဲမှာလည်း ဖွားဖက်တော် ထွင်းအိုး မယ်ဒလင်ကြီး။

"လာဗျို့ စာရေးဆရာ၊ ဒီကနေ့လူရှင်းတယ်"

ခုံတန်းလျားပေါ် ထိုင်မိတော့ လက်ကွက်ကို အတန်ငယ် စမ်းရင်းမှ "နက်ဖြန် သို့မဟုတ် ဘယ်သောအခါ" အမည်ရှိ ကာလပေါ်တေးသွားကလေးတစ်ပုဒ်ကို အဆိုမပါဘဲ တီးတော့သည်။ သံစဉ်က ငြိမ့်ငြိမ့်ညောင်းညောင်းမို့ နားအရသာ ဆိမ့်နေသည်။ သည်ကနေ့သည်ကာလမှာ ရန်ဖြစ် ဆူညံပေါက်ကွဲသံတွေက လွှမ်းနေလေသည်မို့ သည်လိုမျိုး မြန်မာသံစဉ် အေးအေးငြိမ့်ငြိမ့်ကလေးကို နားဆင်လိုက်ရခြင်းက သဲသောင် ကန္တာရအလယ်၌ ရေခဲစိမ်ပန်းသီးစိတ်ကလေးများအား စားလိုက်ရသည်နှင့်မခြား။

ထိုအချိန်မှာပင် အညာသားရှပ်ပေါက်နေသည့် အသက်(၅၀)ဝန်းကျင်ခန့် လူတစ်ဦး ဆိုင်မျက်နှာစာရှေ့သို့ လာရပ်သည်။ သူ့ပခုံးမှာလည်း ထီးဟောက်တစ်လက်က ချိတ်လျက်သား။

"ကျုပ် ဆံပင်ညှပ်ချင်လို့ဗျာ"

ဟုတ်မည်။

သူ့ဆံပင်တွေက နားသယ်စပ်ကိုဖုံးလွှမ်းနေသလို အနောက်ဘက်မှာလည်း ကုပ်ကိုယောက်နေသည်။ သည်လိုမျိုး ပုဒ်ကိုက်သည့်ရာသီမျိုးဝယ် ဖုတ်သိုက်ဖြစ်နေသော ဆံပင်တွေက နေရထိုင်ရ ခက်စေမည်မှာ အမှန်ပင်။

"ရတယ် ရတယ်၊ လာ"

အလုပ်ပေါ်လာပြီမို့ ကိုတင်ကြည်လည်း တီးကွက်ကို ရပ်နားလိုက်ရင်း မယ်ဒလင်အား မိမိကို လှမ်းပေးလိုက်သည်။

"ပြန်ယူသွားဗျာ၊ ကျွန်တော်က နားသာ ထောင်တတ်တာ၊ အဖြစ်ရှိအောင် တီးတတ်တာ မဟုတ်ပါဘူး"

"ဩော် ဟုတ်သားပဲ၊ ကဲ နောင်ကြီးရဲ့ ထီးကောက်ကြီးကိုလဲပေး၊ မယ်ဒလင်နဲ့ အတူချိတ်လိုက်ရအောင်"

ကိုတင်ကြည်လည်း သွက်လက်ချက်ချာစွာဖြင့် အညာသားကြီးထံမှ ထီးကောက်ကြီးကို ယူကာ ပမတိုင်သံငုတ်တွင် ချိတ်ထားလိုက်၏။

"တိုနိုင်သမျှ တိုအောင် ညှပ်ပေးစမ်းပါဗျာ၊ အိုက်လာပြီဆို မနေလို့မရဘူး"

"စိတ်ချ ဆရာကြီး၊ စိတ်ချသေသေချာချာကို ပါးပေးလိုက်မယ် ...
စာရေးဆရာ မပြန်နဲ့ဦးနော်၊ သတင်း...
ဖတ်ချင်ရင် ရှိတယ်"

"မပြန်သေးပါဘူးဗျာ၊ ကိုယ့်...
အလုပ်ကိုပဲ စိတ်ချလက်ချလုပ်ပါ"

ကိုတင်ကြည်ပေးသည့် သတင်းစာကို လှန်လှောကြည့်ရှုနေစဉ်မှာတော့ ကတ်ကြေးညှပ်သံ၊ ကတ်ကြေးနှင့် ... ခေါက်သံတို့က နားထဲဝင်လာသည်... ဘာမျှ မည်မည်ရရ ဖတ်စရာမရှိသည့် သတင်းစာကို ပိတ်လိုက်ချိန်မှာတော့ ကိုတင်ကြည်လည်း သူ့အလုပ်ကို ... လက်စသတ်ကာ အညာသားကြီးအား ခြုံပေးထားသည့် ... ကိုခွာလျက် ဆံပင်မွေးစတို့အား ခါချသန့်စင်... နေသည်။ ထိုစဉ်မှာပင် . . .

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

"မီးဗျို့ . . မီး . . မီး"

ရုတ်ခြည်းထွက်ပေါ်လာသော... အသံများကြောင့် လမ်းတွင်းနေလူများ... အိမ်ရှေ့သို့ ထွက်လာကြသည်။ ... လည်း မီးလောင်ရာဆီသို့ အ... အလွှား။

"ဘယ်မှာလဲ ဘယ်မှာ လော... တာလဲ"

"ဟို ဟို . . . [illegible]

"[illegible] မီးသ...
ကြီးတွေ [illegible]"

www.burmeseclassic.com

သည်အခြေအနေမှာပင် ဆံပင်ညှပ်ခုံမှ ဆင်းလာသော အညာသားကြီးကို မတွေ့ရတော့။

"ဟေ့လူ ကိုတင်ကြည်၊ ဆံပင်ညှပ်ခဲ့တဲ့လူရော"

"မီး မီး ဆိုတာနဲ့ သုတ်ခနဲ ပြေးသွားတော့တာပဲဗျာ၊ ဆံပင်ညှပ်ခတောင် ပေးမသွားဘူး၊ အင်းလေ မီးလောင်တဲ့နေရာနဲ့ သူနေရာက နီးများ နီးနေသလားမှ မသိတာ၊ သူလဲ စိုးရိမ်ရှာမှာပေါ့ဗျာ"

"ဘာပဲဖြစ်ဖြစ် အဲသည် အညာသားကြီး ခင်ဗျားဆီပြန်လာမှာ သေချာပါတယ်"

"ပြန်မလာလဲ ကိစ္စမရှိပါဘူး ဆရာရယ်၊ ဆံပင်ညှပ်ခ ကုသိုလ်ပြုလိုက်တယ်လို့ပဲ သဘောထားလိုက်ပါတယ်၊ အားလုံးဟာ ကျွန်တော့်အတွက် ချစ်မိတ်ဆွေတွေချည်း မဟုတ်လားဗျ"

"အရေးထဲ ကြော်ငြာက ဝင်နေပြန်ပါပြီ၊ ကျွန်တော်ပြောချင်တာက အဲဒါမဟုတ်ဘူး ကိုတင်ကြည်၊ ခင်ဗျားဆိုင်မှာ သူ့ထီးကောက်ကြီး ကျန်ရစ်ခဲ့တယ်"

"ဟာ ဟုတ်ပဗျာ၊ ဒါကြောင့် ကျွန်တော့်ဆိုင်ကို ပြန်လာမယ်လို့ ကောက်ချက်ချတာကိုး၊ စာရေးဆရာများ အမြင်စူးရှပ့်ဗျာ"

မကြာခင်မှာပင် ရုတ်ရုတ်သဲသဲ အခြေအနေများက ငြိမ်သက်သွားခဲ့သည်။ လှုပ်ရှားပြေးလွှားသူများလည်း ပြန်လာခဲ့ကြပေပြီကော။

"တော်သေးတာပေါ့ကွာ၊ အိမ်တစ်ခြမ်းပဲ မီးစွဲလို့"

"မီးသတ်ကား အချိန်မီရောက်လာတာလဲ ထည့်ပြောဦးမှာပေါ့"

"အေးကွာ၊ ဒီကြားထဲ အရေးထဲမှာ အရာပေါ် ဆိုသလို လူတစ်ယောက် သင်းကိုဖြတ်အကူး ကားတိုက်သွားသေးတယ်"

"ဟေ ဟုတ်လား၊ အခြေအနေက ဘယ်လိုများတဲ့လဲ"

"ဘယ်လို ဖြစ်ရမလဲကွာ၊ ကားကလဲ ဘာအရေးကြီးနေတယ် မသိဘူး အရှိန်မလျှော့ဘဲ ဒလကြမ်းမောင်းလာတော့ကာ ပွဲချင်းပြီးပေါ့ကွာ"

"အို ဖြစ်မှ ဖြစ်ရလေတယ် ကျွတ်. . ကျွတ်. . ကျွတ်"

စကားသံတွေက တစ်ယောက်တစ်ပေါက်။

"ကဲ ကိုတင်ကြည်ရေ ပြန်ဦးမယ်ဗျာ၊ စတိုးဆိုင် တစ်ဆိုင်ဆိုင်ဝင်ပြီး စာရွက်နည်းနည်းနဲ့ ဘောလ်ပင်လေး ဘာလေး ဝယ်စရာရှိသေးတယ်၊ နောက်မှ လာဦးမယ်"

"ကောင်းပါပြီ စာရေးဆရာ၊ မကြာ မကြာလာခဲ့ပါဗျာ၊ ဆရာနဲ့ စကားပြောရတာ ဗဟုသုတတိုးလို့ပါ"

"လာမှာပေါ့ဗျာ စိတ်ချ"

ကိုတင်ကြည်ကို နှုတ်ဆက်ပြီး ချစ်မိတ်ဆွေ ဆံသဆိုင်ကလေးမှ မိမိ ထွက်ခွာလာခဲ့သည်။ တစ်နေရာ ရောက်တော့ စတိုးဆိုင်ကလေးတစ်ဆိုင်တွေ့သည်နှင့် ဝင်ပြီး မိမိအလိုရှိရာများ ဝယ်ယူခဲ့သည်။ ပြန်အထွက်မှာတော့ မိမိ၏ အမြင်အာရုံထဲ လူတစ်ယောက်ကို ဖျတ်ခနဲ မြင်လိုက်ရသည်။

"ဟာ အညာသားကြီးပါလား"

ဟုတ်ပါရဲ့။ ကိုတင်ကြည်ဆိုင်မှာ ဆံပင်ကို ပါးသထက်ပါးအောင် ညှပ်သွားခဲ့လေသော အညာသားကြီး။

သည် အညာသားကြီးသည် ဘေးဘီဝဲယာကို ယောင်လို့တောင်မှ တိမ်းငဲ့၍မကြည့်။ ရှေ့တူရူတည့်တည့်ကိုသာ စူးစိုက်ကြည့်ရင်း တစ်လှမ်းချင်း သွားနေသည်မှာ မျက်တောင်ကလေးမျှပင် ခတ်မှခတ်ပါရဲ့လား။ သူသွားနေသော ဦးတည်ရာသည် မိမိကျောခိုင်း ထွက်ခွာလာရာကိုပဲ ဖြစ်ချေ၏။

မဟုတ်မှလွဲရော။

သူ ချစ်မိတ်ဆွေ ကိုတင်ကြည်ထံသွားမည်။ မီးဆိုသည့် ထိတ်လန့်ဖွယ်ကြောင့် ကတိုက်ကရိုက်ထွက်လာခဲ့ရာ ဆံပင်ညှပ်ခ ပေးမသွားရသေးသည့်အဖြစ်ကို တောင်းပန်မည်၊ ပြီးတော့ ဆံပင်ညှပ်ခ ပေးမည်။ ထို့နောက် သူ ကျန်ရစ်သော ထီးကောက်ကြီးကို ပြန်ယူမည်။

ဒါဆိုလည်း ကိစ္စက ပြီးပြီပဲလေ။

×××

အယ်ဒီတာဆရာဝေလွင်က သူ့မဂ္ဂဇင်း၌ မရေးတာကြာပြီ ဖြစ်သည့် မိမိအား စာမူတစ်ပုဒ်လောက် ရေးပေးပါရန် တောင်းခံထားသည်။

သူ့မဂ္ဂဇင်းက ဂမ္ဘီရနှင့် သက်ဆိုင်သော ဝတ္ထုတိုကလေးများ ပေါင်းစုထားသည့် ထင့်ထုတ်မဂ္ဂဇင်း၊ သည်တော့ ဂမ္ဘီရဆန်သည့် ဇာတ်လမ်းမျိုးကို ဦးစားပေး ရေးဖွဲ့ရပေသည်။

ဂမ္ဘီရစာရေးဆရာကြီးတစ်ဦးက မကွယ်လွန်မီမှာ ပြောသွားခဲ့ဖူးသည်။

"ဒီမယ် မောင်ရင်၊ ဂမ္ဘီရဆိုတာ ဟာ မဖြစ်နိုင်ဘူးဆိုတဲ့ ထူးခြားဆန်းကြယ်တဲ့ကိစ္စကို ဖြစ်နိုင်သယောင် ယုတ္တိတန်အောင် အကွက်ချပြီး ဖန်တီးရတာယ်ကွ၊ ဟုတ်ချင်လဲဟုတ်မယ် မဟုတ်ချင်လဲ မဟုတ်ဘူး၊ ဒါပေမဲ့ စာဖတ်သူအဖို့တော့ စွဲပြီးကျန်ရစ်နေမယ်ဆိုရင် အဲဒါ ဂမ္ဘီရဝတ္ထုကောင်းပဲ"

ထိုဂမ္ဘီရဆရာကြီးကား သူခံယူထားသည့်အတိုင်းပင် ဂမ္ဘီရဝတ္ထုများကို အသက်ရှိစဉ်ကာလတုန်းက ဟောတစ်ပုဒ်၊ ဟောတစ်ပုဒ်ဆိုသလို ရေးထုတ်သွားခဲ့သည်။ သူရေးသမျှကိုလည်း ဂမ္ဘီရစာဖတ်ပရိသတ်တို့ စွဲမက်နှစ်သက်ခဲ့ကြ၍ အောင်မြင်သည်ဟု ဆိုရပါလိမ့်မည်။ သို့သော်ငြား မိမိသည် ထိုဆရာကြီးမဟုတ်။ သည်တော့လည်း အတွေးလည်း သိပ်မကွန့်မြူးနိုင်။ ရေးထုတ်နိုင်အားလည်း သိပ်မရှိ။

သည်တော့ ဆရာကိုဝေလွင်အား ကတိပေးပြီးသည်ဖြစ်ပါလျက်နှင့် စာတစ်လုံးမျှ ရေးမထုတ်နိုင်သေး။

ဒီအတွက် စိတ်ကို ထွက်ပေါက်ပေးသည့်အနေဖြင့် ချစ်မိတ်ဆွေ ဆံသဆိုင်သို့ ခြေဦးလှည့်ခဲ့ပြန်တော့သည်။

www.burmeseclassic.com

ဘာလိုလိုနှင့် မိမိ ကိုတင်ကြည် ဆံရောက်ခဲ့သည့်မှာ သည့်အနေဆို လျှင် ခုနစ်ရက်တင်းတင်း ပြည့်မြောက် ခဲ့ပြီ။

ကိုတင်ကြည့်ဆိုင်ကို ရောက် [illegible] သို့ရာ တွင် [illegible]လေးတစ်ခု ချိတ်ထား [illegible] မိမိပြန်မလှည့်ဖြစ်တော့။ အရိပ်အာဝါသကောင်းသည့် ဗာဒံပင် [illegible]အောက်ရှိ ခုံတန်းလျားလေးမှာ ထိုင် လိုက်သည်။ ထိုင်ရခြင်းအကြောင်းက လည်း ဆိုင်တံခါး၌ ချိတ်ထားသည့် စာတန်းကလေးကြောင့်ဆိုလျှင် မမှား။

"ဆွမ်းကျွေးတစ်ခု သွားနေပါ သည်။ မကြာခင် ပြန်လာပါမည်။

ချစ်မိတ်ဆွေ တင်ကြည်"

လေအဝှေ့မှာတော့ ခုံတန်းလျား လေးပေါ်သို့ ဗာဒံပွင့်ကလေးအချို့ ကြွေ ဆင်းကျလာသည်။ ထိုစဉ် ဆံပင်ညှပ် မည့်သူတစ်ဦး ရောက်လာသည်။ သည် တော့ မိမိကပဲ ချစ်မိတ်ဆွေအတွက် စကား ညှိထောက်ခံပေးရသည်။

"စောင့်နိုင်ရင် စောင့်ပါလား၊ ခဏနေပြန်လာပါလိမ့်မယ်၊ ဆွမ်းကျွေး သွားနေလို့ပါ"

"မစောင့်တော့ဘူးဗျာ၊ ဝယ်စရာ ရှိတာလေးတွေ သွားဝယ်လိုက်ဦးမယ်၊ ပြန်လာမှပဲ ဝင်ညှပ်တော့မယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

သည်ဆိုင်ကလေး၏ သက်တမ်း က ငွေလေးငါးဆယ်နှစ် မကတော့ပြီမို့ ကိုတင်ကြည်၏ ဖောက်သည်များလျော့ သွားခြင်းမရှိခဲ့။ အမာခံဖောက်သည် များအဖို့ တစ်လက်ကိုင်ကိုပဲ နှစ်သက် ကြသည်မှာ သဘာဝကျသည်။

မိမိကော ဘာထူးမည်နည်း။

ကိုတင်ကြည့်ဆိုင်မှလွဲ၍ မည် သည့်ဆိုင်မှာမှ ဆံပင်အညှပ်ခံခဲ့သည် မဟုတ်ဘဲ။

မကြာခင်မှာတော့ အဝတ် အစား ခပ်လတ်လတ်နှင့် ကိုတင်ကြည် ပြန်ရောက်လာသည်။

"ဟော စာရေးဆရာပါလား၊ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူးဗျာ၊ ကွမ်း တစ်ယာညက်လောက်ပဲ ရှိပါသေး တယ်"

ကိုတင်ကြည်က သူ့ဆိုင်ကို ဖွင့် ရင်း စကားလှည့်ပြောပြန်သည်။

"စာရေးဆရာလဲ ဒီတစ်ခါ ရောက်မလာတာ ခုနစ်ရက်တောင် ရှိပြီ နော်"

"ဩော် ခုနစ်ရက်ကြာသွားတာ ခင်ဗျားလဲ သိနေသကိုး"

"သိဆို အကြောင်းကိစ္စတစ်ခု ရှိလို့ပေါ့ဗျာ"

အကြောင်းကိစ္စတစ်ခု ဟု ဆို လိုက်သည့်အတွက် နည်းနည်းတော့ စိတ်ဝင်စားသွားမိသည်။ သို့ရာတွင် ဘယ်လိုအကြောင်းကိစ္စလဲဟူ၍ မမေး ဖြစ်။

မမေးဖြစ်ရခြင်းကား အခြား မဟုတ်။ ဆိုင်ဖွင့်ပြီးပြီဖြစ်၍ ဆိုင်အတွင်း ထောင့်တစ်နေရာမှ မြင်ကွင်းလေး တစ်ခုကို မြင်လိုက်ရသောကြောင့်ဖြစ် ၏။

ထိုမြင်ကွင်းမှာ အခြားမဟုတ်။

မယ်ဒလင်ချိတ်ထားသည့် ချိတ် ၌ တွေ့လိုက်ရသည့် ထီးကောက်ကြီး ကြောင့်ရယ်ပါ။

"ဗျို့ ကိုတင်ကြည်၊ ထီးကောက် ကြီးပိုင်ရှင် ဟိုအညာသားကြီး ခင်ဗျား ဆီ လာ မသွားဘူးလား"

မိမိစကားကြောင့် ကိုတင်ကြည့် မျက်လုံးတွေ အတန်ငယ်ပြူးသွားလေ သလားမသိ။

"ဘာပြောတာလဲ စာရေးဆရာ"

"ဟိုဗျာ ဆံပင်ညှပ်ခ ပေးမသွား တဲ့ အညာသားကြီး၊ အဲဒီနေ့က ခင်ဗျား ဆီ လာမသွားဘူးလားလို့"

"ဟာ ဘယ်လိုလုပ် လာမှာလဲ ဗျာ၊ အဲ နေဦး၊ စာရေး[illegible]ရာကို ကျွန် တော်[illegible] စောစောက အကြောင်းတစ်ခု ရှိလို့ဆိုပြီး စကားခံခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါနဲ့ ထီး ကောက်ကြီး ဆရာအညာသားနဲ့ ဘာ များဆိုင်လို့လဲ"

"ဆိုင်ပါသော်ကော၊ စာရေး ဆရာ၊ ကျုပ် အဲသည် အညာသားကြီး ဆွမ်းသွတ်က ပြန်လာခဲ့တာဗျ"

"ဟင် ဘယ်လို ဘယ်လို"

"ပြောရရင်တော့ဗျာ အဲသည် အညာသားကြီးက ကျွန်တော့်အသိအိမ် ကို ရောက်လာတဲ့ ဧည့်သည်တဲ့ဗျ၊ သူ ကျွန်တော့်ဆိုင်မှာ ဆံပင်ညှပ်ပြီး အပြန် မှာ မြို့ရည်မလည်သေးလို့ ထင်ပါရဲ့ ကျွန်တော့်ဆိုင်က ကမန်းကတန်းအပြန် လမ်းဖြတ်အကူး ကားတိုက်ခံလို့ ဆုံး သွားတယ်လေ၊ သည်ကနေ့ သူ့ရက် လည်ပေါ့၊ အသိအိမ်က သူ့ထီးကို ပြန် လာမပေးပါနဲ့ တစ်နေရာရာမှာ စွန့်လိုက် ပါတဲ့ဗျ၊ နို့ နေစမ်းပါဦး စာရေးဆရာက ဘာကြောင့် အညာသားကြီးကို စိတ်စွဲ ပြီး မေးရတာတဲ့လဲ"

ကိုတင်ကြည် မေးလာခဲ့လေပြီ။

သည်တော့ မိမိ ဘာပြန်ပြော ရမည်နည်း။

အခင်းဖြစ်သည့်နေ့က မိမိမြင်ရ တွေ့ရသည်ကို ပြန်ပြောရမည်လား။

ပြောလျှင်လည်း အဓိက သက် သေက မိမိတစ်ဦးတည်းသာမို့ ကိုတင် ကြည့်အနေဖြင့်ယုံစားလိမ့်မည်ဟုမထင်။

သည်တော့လည်း . . .

"ဘာမှ မဟုတ်ပါဘူးဗျာ" ဟုသာ လေပြေကလေး ထိုးလိုက်ရတော့သည်။

ခုတစ်လော မိမိမျက်မှန်က ပါဝါ အားနည်းလာဟန်တူသည်။

ပါဝါအားနည်း၍ အမြင်တွေ သွေလွဲနေခြင်းလား။ တစ်ခုခုတော့ တစ်ခုခုပင်။ သည် တစ်ခုခုသည် မိမိ အတွက်တော့ ဂမ္ဘီရဆန်နေပြီလား မသိ။

❐ နန္ဒာမိုးကြယ်





www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျွန်တော် သာယာဝတီမြို့နယ် ဖိုးခေါင်ရဲကင်းတွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။

တစ်နေ့သော ညနေ ၄ နာရီခန့် သာယာဝတီမြို့ ကုန်သွယ်ရေးဌာနမှ ဦးတင်အောင်နှင့် အမည်မသိတစ်ဦးတို့ ရောက်ရှိလာပြီး ဖိုးခေါင်ရဲကင်းအပိုင် အချို့ရွာများ(အထူးသဖြင့် လှိုင်မြစ်အနောက်ဘက်ကမ်း)မှ တောင်သူများသည် ကုန်သွယ်ရေးဌာနနှင့် စာချုပ်ချုပ်ဆိုထားသော ပဲမျိုးစုံ၊ နေကြာနှင့် ဆီထွက်သီးနှံများအား ကုန်သွယ်ရေးဌာနရှိ သီးနှံဒိုင်များသို့ ရောင်းချခြင်းမပြုဘဲ ပုဂ္ဂလိက ကုန်သည်များထံ လျှို့ဝှက်ရောင်းချနေသဖြင့် ဟန့်တားအရေးယူပေးရန် အထက်အဖွဲ့အစည်းမှ ညွှန်ကြားကြောင်း။

လုံခြုံရေးအတွက် နီးစပ်ရာ ရဲစခန်း ရဲကင်းနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ကြောင်း ပြောပြအတူအညီ တောင်းခံသည့်ပြင် ဖိုးခေါင်ရဲကင်းမှ လုံလောက်သော အင်အားဖြင့် လုံခြုံရေးလိုက်ပါဆောင်ရွက်ရန် သုံးဆယ်မြို့ ရဲစခန်းမှူး၏ ညွှန်ကြားစာကိုပါ ပေးအပ်ပါသည်။

# တစ်ခါတစ်ရံဒီလိုလည်း ဖြစ်တတ်ပါတယ်

**ကိုဝင့်**



www.burmeseclassic.com

ထို့ကြောင့် ကျွန်တော် အပါ အဝင် တပ်ဖွဲ့ဝင်(၃)ဦး ယုံကြည်ရလောက် ပါမှ စီစဉ်ပြီး ထွက်ပေါက်ရှာခွင့်အား ကြိုတင် ညှိနှိုင်းခဲ့ကြပါသည်။ ဦးတင်အောင်၏ ဖြေကြားချက်အရ တောင်သူများ၏ အလည် အပါ၌ သီးနှံများအား ရှာဖွေခြင်း ထပ်မံကာ၍ ညှပ်မကျိုင်း ဘုံသယ် ပြီးမှ ထိုကသည်များသည် သွားရောက် ရောက်ရှာဖွေကြောင်း သိရှိရပါသည်။

အဆိုပါ တောင်သူများ၏ လည်များအား ရပ်တန့်စစ်ဆေးကာ စချွင်ချွင်ဆိုထားသော သီးနှံများတွေ့ ရှိက ကုန်သွယ်ရေးဒိုင်သို့ သွားရောက် ရောင်းချနိုင်ရန် စီစဉ်ရမည်ဖြစ်ပါသည်။

ထိုသို့ ဆိုလျှင် ကျွန်တော်တို့ အဖွဲ့သည် လုံခြုံစိတ်ချရသည့် နေရာ တစ်ခုမှ လျှို့ဝှက်စွာ စောင့်ဆိုင်းရမည် ဖြစ်သည်။

ထိုသို့ သွားရောက်ရောင်းချကြ ရာတွင် အများဆုံး အသုံးပြုသည့် လှည်းလမ်းမှာ နှစ်လမ်းရှိ၏။ ပထမ လမ်းမှာ ဖိုးခေါင်ရွာအနောက်ဘက်ရှိ ကျွန်းကလေးရွာ၏ တောင်ဘက် ရေ ကာတာအနီးမှ လမ်းဖြစ်ပြီး ဒုတိယ လမ်းမှာ ဖိုးခေါင်ရွာ၏ မြောက်ဘက် ဘိုကုန်းရွာအနီးမှ သွားသောလမ်းဖြစ် သည်။

ကျွန်တော်တို့အနေဖြင့် လူအင် အားအရ လမ်းနှစ်လမ်း တစ်ပြိုင်တည်း စောင့်ဆိုင်းရန် မဖြစ်နိုင်သဖြင့် တစ်ညစီ စောင့်ရန်သာ သဘောတူ ဆုံးဖြတ်ရပါ တော့သည်။

အဆိုပါ လှည်းလမ်းနှစ်လမ်း အနက် အများဆုံး သွားလေ့ရှိသည့် လမ်းအား စုံစမ်းရာ ကျွန်းကလေးရွာ အနီးမှ လမ်းဖြစ်ကြောင်း သိရပါသည်။ သို့အတွက် ယနေ့ညအဖို့ ကျွန်းကလေး ရွာအနီး လှည်းလမ်းမှ သွားရောက် စောင့်ဆိုင်းရန်နှင့် ညမှောင်မှသာ စခန်း မှ ထွက်ကြရန် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန် တော်တို့၏ လှုပ်ရှားမှုအား အပြင်လူ များသိရှိပြီး သတင်းပေါက်ကြားသွား နိုင်သောကြောင့် ဖြစ်ပါသည်။

ထိုည ၈ နာရီခန့် ကျွန်တော်တို့ အဖွဲ့သည် ခိုးခေါင်ရဲတင်း၏ နောက် ဘက်ပေါက်မှထွက်၍ ချောင်းကို ဖြတ် ကျော်ကာ တမ်ပြုံရွာမှတစ်ဆင့် ကျွန်း ကလေးရွာသို့ ရေကာတာအတိုင်း ဦးတက်ခဲ့ကြ၏။ နာရီဝက်ခန့် လျှောက် လိုက်ရုံဖြင့် ကျွန်းကလေးရွာတောင်ဖက် မလှမ်းမကမ်းရှိ ရေကာတာအနီး လှည်း လမ်းသို့ ရောက်ရှိကြလေသည်။

ကြိုတင်စီစဉ်ထားသည့် အတိုင်း ရေကာတာ၏ တောင်ဘက်ရှိ ပေါက် ပင်များ အုပ်အုပ်ဆိုင်းဆိုင်းပေါက်နေ သည့် ရိုးကောလေးအတွင်း နေရာ ယူကြရန် ဖြစ်သည်။

အဆိုပါနေရာမှာ ပေါက်ပင် အရိပ်များရှိသည့်အပြင် ရိုးနှုတ်ခမ်းတွင် ကိုင်းပင်ရှည်ကြီးများ ပေါက်ရောက်နေ သဖြင့် လရောင်ဖြင့်လည်းကောင်း၊ ဓာတ်မီးရောင်ဖြင့်လည်းကောင်း၊ အပြင် လူ ရုတ်တရက် မမြင်နိုင်သောနေရာ ဖြစ်၏။

ထို့ပြင် ပေါက်ပင်များက နှင်း ကျသည့်ဒဏ်မှ ကာကွယ်ပေးမည် ဖြစ် သဖြင့် အစစ အဆင်ပြေလှပါသည်။

ပေါက်ပင်ခပ်ကြီးကြီး ခြေရင်း တွင် အသင့်ပါလာသည့် မြေယာခင်း များ ခင်း၍ နေရာယူကြသည်။ ဆေး လိပ်သောက်တတ်သူများ ဆေးလိပ်မီး အား အဝေးမှ မမြင်စေရေးအတွက် အကာအကွယ်ဖြင့် သောက်ရန်၊ စကား ကျယ်ကျယ် မပြောရန်၊ အရေးတကြီး မလိုအပ်ဘဲ ဓာတ်မီးမသုံးရန်၊ တစ်စု တစ်ဝေးတည်း နေကြရန်၊ ညဉ့်နက်ပိုင်း သို့ ရောက်ပါက ကင်းချအိပ်ရန် စီစဉ် မှာကြားရပါသည်။

နှင်းများ သိပ်သည်းစွာ မကျ သော်လည်း ကွင်းပြင်မို့ လေတဖြူးဖြူး ကြောင့် အအေးဓာတ် ပိုနေ၏။ ယူနီ ဖောင်း အင်္ကျီပေါ်တွင် ဆွယ်တာ တစ် ထပ်၊ ဂျာကင်တစ်ထပ် ဝတ်ဆင်ထား

သည့်ပြင် အပိုယူလာသည့် စောင်ပါ လေး တစ်ထည် ခြုံထားသော်လည် ဒီဇင်ဘာလ၏ အအေးဒဏ်ကို ကွယ်နိုင်စွမ်း မရှိချေ။

ည ၁၂ နာရီဖြစ်ကြောင်း နာ လက်တံမှ ညွှန်ပြနေပြီ။ သို့သော်လည် လုပ်ငန်းနှင့် ပတ်သက်၍ ထူးခြားမှု သေး။ နွားလှည်း တစ်စီးတလေ မတွေ့ရသေးပါ။ ကျွန်တော်တို့ ခန့်မှ ချက်လွဲလေပြီလားမသိ။ နံနက် ၁ နာ ကျော်သည်အထိ ဈေးဦးမပေါက်သေး အကြောင်းမထူးသော်လည်း တာဝန် နံနက် မိုးလင်းချိန်အထိမို့ ဆက်လ စောင့်ရမည်သာဖြစ်၏။ ညဉ့်နက်လေ အအေးပိုလာလေ၊ ဆေးလိပ်ပိုတို လေဖြင့် လက်ရှိအချိန်ထိ အရင်းစို ကောင်းတုန်းဖြစ်၏။

ရဲဘော် နှစ်ယောက်နှင့် ကု သွယ်ရေးဝန်ထမ်း တစ်ယောက်မှ အအေးဒဏ်ကို အန်တုရင်း ကွေး လေး အိပ်နေကြ၏။ သို့သော် မ ခဏ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည် ကြည့်ခြင်းအားဖြင့် အအေးဒဏ်ကြော ကောင်းစွာ အိပ်ပျော်ခြင်းမရှိကြော သိသာ၏။

ကျွန်တော်နှင့် ဦးတင်အော မှာ လေသံခပ်တိုးတိုးဖြင့် စကားကော နေဆဲ။ နားနှင့် မျက်စိကိုတော့ ဖွ ထားရ၊ စွင့်ထားရလေသည်။

အတော်ကြာကြာ စကားပြေ ကြည့်မှ ဦးတင်အောင်သည် ဗဟုသု စုံသော စာသမားပေသမားဖြစ်ကြော ရိပ်စားမိပါသည်။ တစ်ခါတစ်ရံ ဟာ နှော၍လည်း ပြောတတ်သေး၏။ သူ စကားပြောရသည်မှာ ကျေနပ်ဖွ ကောင်းပါသည်။ စကားပြောကောင်း တစ်ဦးဟု သတ်မှတ်၍ ရပါသည်။

ကျွန်တော်ကား စကားပြေ ကောင်းသူ တစ်ယောက်မဟုတ်သေ လည်း စကားပြောရန် ဝါသနာထုံသ ဟု ဆိုရမည်ပင်။ စကားပြောသ သည် မကောင်းသည်ကို ဟုတ်စပါ





www.burmeseclassic.com

www.burmeseclassic.com

သာ သတ်မှတ်ရသော အလုပ်ဖြစ်၏။ ယ်ကိုယ် ဝေဖန်မှတ်ချက်ချ၍ ကောင်း။

ခဏအကြာတွင် ဦးတင်အောင် ချင်လာဟန်ဖြစ်၍ တသမ်းသမ်း ဝါးဖြစ်လာသည်မို့ အိပ်သွားလျှင် ယောက်တည်း ပျင်းခြောက်ခြောက် ဖြစ်လာမည့်အရေး တွေးမိပါသည်။ ကျွန်တော့်အနေဖြင့် အိပ်ချင်စိတ် ဖြစ် လာပါက ရဲဘော်တစ်ဦးအား နိုးပြီး စောင့်ခိုင်းလျှင်ရနိုင်သော်လည်း စိတ်ချ ချအိပ်၍ ရမည်မဟုတ်။

အခြားအကြောင်းကို ဂရုမထား သော်လည်း တောစပ်ကွင်းပြင်များတွင် ကင်း အန္တရာယ်ကို စိုးရိမ်သော ကြောင့် မအိပ်လိုခြင်း ဖြစ်ပါသည်။ ကြောင့် ကျွန်တော့် ဉာဏ်အတိုင်း ဦးတင်အောင် မအိပ်ချင်အောင် စကား ဆွဲဆောင်ရတော့မည်မို့ စလိုက်၏။

"ဒါနဲ့ ဦးတင်အောင်က ဘယ် ဇာတီ"

"ကျွန်တော် သုံးဆယ်ကပါ၊ ဆရာကကော"

"ကျွန်တော်လဲ သုံးဆယ်ဇာတီ ပဲ၊ ဒါပေမဲ့ တောပိုင်းကပါ"

"သုံးဆယ်သား အချင်းချင်းဆို တော့ ပြောရဦးမယ်၊ ဇာတ်လမ်းလေး တစ်ခုအရဆိုရင် ကျွန်တော်တို့ သုံး ဆယ်သားတွေက အတော်သနားစရာ ကောင်းတယ်ဗျ"

"အံမယ် ဆိုစမ်းပါဦးဗျ၊ ဆရာ့ ဇာတ်လမ်းကို"

ဦးတင်အောင် စိတ်ဝင်စားဟန် ဖြင့် အားတက်လာကာ. . .

"ဒီလိုဗျ တစ်ခါတုန်းက မော်ဘီ မြို့မှာ ပင်စင်စားမုဆိုးဖိုကြီးတစ်ယောက် ရှိသတဲ့၊ သူ့မှာ သမီးအပျိုတွေချည်းပဲ သုံးယောက်တောင်ရှိဆိုပဲ"

ထိုအခိုက် ရဲဘော်ဇော်မင်းခိုင် သည် အိပ်နေရာမှ အပျင်းဆန့်လိုက်ရာ ဦးတင်အောင်ဘက်သို့ ခြေထောက် ရောက်လာသဖြင့် တွန်းထုတ်လိုက်ရင်း- "မင်းခြေထောက်က လူကြီး ဘက်ကို" ဟု မာန်မဲလိုက်ရ၏။

ဦးတင်အောင်မှ. . .

"ရပါတယ်ဗျာ၊ ထားစမ်းပါ၊ ဆရာ့ဇာတ်လမ်းကိုသာ ဆက်ပြော"

"သမီးအကြီးဆုံးက ရှုခိုင်ပြည် နယ်၊ ဂွမြို့မှာ ကျောင်းဆရာမ၊ သမီး အလတ်က ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့မှာ သ/မ ဦးစီးအရာ ရှိတဲ့ အငယ်မလေးကတော့ အဘိုးကြီး နဲ့အတူနေပြီး မော်ဘီက မူလတန်း ကျောင်းလေး တစ်ကျောင်းမှာ ဆရာမ လုပ်နေသတဲ့၊ အငယ်မလေးက အဖေ ကြီးကို ပြုစုရတာ တစ်ဖက်၊ ကျောင်း အလုပ်က တစ်ဖက်နဲ့မို့ ပင်ပန်းရှာတာ ပေါ့ဗျာ၊ အငယ်ဆုံးလဲဖြစ်ပြန်၊ အပင်ပန်း ဆုံးလဲဖြစ်ပြန် အတူနေတဲ့ သမီးလေး ဆိုတော့ သမီးကြီး နှစ်ယောက်ထက် အချစ်ပိုသတဲ့လေ"

"အင်း . . . ဟုတ်တာပေါ့"

"ဒီလိုနဲ့ နေလာလိုက်ကြတာ တစ်နေ့တော့ ဂွမြို့မှာနေတဲ့ သမီးကြီး ဆီက စာရောက်လာတယ်၊ စာနဲ့ အတူ အမျိုးသားဓာတ်ပုံတစ်ပုံလဲ ပါသတဲ့ဗျ"

"အင်း . . ကောင်မလေးတော့ မရိုးတော့ဘူးထင်တယ်"

"ခင်ဗျားထင်တဲ့အတိုင်းပဲဗျို့၊ စာထဲမှာ အဖေ သမီး ဓာတ်ပုံထဲက လူနဲ့ မေတ္တာမျှနေတာကြာပါပြီ၊ ရခိုင် လူမျိုးပါ၊ ဂွမြို့ဇာတိပါ၊ နာမည်က ဘယ်သူ၊ ဘာအလုပ်လုပ်တယ်၊ မိဘ များက ဘယ်သူ ဘယ်ဝါ စသည်ဖြင့် ပေါ့ဗျာ၊ သမီးကို အဲဒီလူနဲ့ လက်ထပ် ခွင့်ပြုပါ၊ အဖေ သဘောတူ မတူ စာ ပြန်ပါ၊ လက်ထပ်ဖြစ်ရင် အဖေလာစေ ချင်တယ် ဘာညာပေါ့ဗျာ၊ အဲဒီတော့ အဘိုးကြီးက. . .

"အင်း ဟုတ်ပါတယ်လေ၊ သမီး ကြီးက အသက် (၃၀)တောင် ကျော်ပြီ ဆိုတော့ လက်ထပ်ရမယ့် အရွယ် တောင်လွန်နေရှာပြီပေါ့၊ အဖေ သဘော တူပါတယ် သမီးရယ်၊ အသက်ကြီးလာ တော့ ခရီးထေးလဲ မသွားနိုင်တော့ပါဘူး တစ်ဖက် မိဘနဲ့သာ သင့်တော်သလို စီစဉ်ပါလို့ စာပြန်လိုက်သတဲ့"

"အဘိုးကြီးခမျာ သူ့သမီး လက် ထပ်ပွဲကို သွားချင်ရှာမှာပဲ"

"ဒါပေါ့ဗျာ"

"ဆက်ပါဦး"

"နောက် ခြောက်လလောက် ကြာတော့ လေးမျက်နှာမှာနေတဲ့ သမီး လတ်ဆီကလဲ ဒီလိုပဲ၊ လက်ထပ်ခွင့် တောင်းတဲ့စာ လာပြန်သတဲ့၊ အလတ်မ နဲ့ လက်ထပ်မယ့်သူကလဲ လေးမျက်နှာ ဇာတိတဲ့၊ အဘိုးကြီးလဲ စောနကတွက် ကြောင်း အဖေ မလာနိုင်တာ ခွင့်လွှတ် ပါ ဘာညာနဲ့ စာပြန်လိုက်ရပြန်တယ်"

"အဘိုးကြီးခမျာ တစ်နှစ်တည်း သမီးနှစ်ယောက် လက်ထပ်သွားတော့ အားငယ်ရှာမှာပဲနော်"

"ဟုတ်တာပေါ့၊ ဦးတင်အောင် ရယ်"

"ဆက်ပါဦး"

"တစ်နှစ်လောက်ကြာတော့ ဂွ မြို့မှာနေတဲ့ သမီးကြီးဆီက စာလာ တယ်ဗျ၊ စာထဲမှာ အဖေ သမီး မီးဖွား ပြီးပြီ၊ ယောကျ်ားလေး အမြွှာမွေးတယ်၊ အားလုံးကျန်းမာပါတယ်ပေါ့ဗျာ၊ အဲဒီ တော့ အဘိုးကြီးက ဟန်ကျလိုက်တာ၊ တစ်နှစ်တည်း မြေးနှစ်ယောက်ရပြီပေါ့ ဆိုပြီး ပျော်နေရှာသတဲ့၊ ပတ်ဝန်းကျင် ကိုလဲ ကြွားရတာ အမောပေါ့ဗျာ"

"ကျုပ်တို့ဆိုလဲ ဒီလိုပဲ နေမှာဗျ"

"နောက် ခြောက်လလောက် ကြာတော့ လေးမျက်နှာမှာနေတဲ့ သမီး လတ်ဆီကလဲ စာလာပြန်တယ်၊ အဖေ သမီး မီးဖွားပြီးပြီ၊ နှစ်မြွှာ (လေး ယောက်) မွေးတယ်၊ အားလုံး ကျန်းမာ ပါတယ်လို့" ဆိုသတဲ့။

အဘိုးကြီးဆိုတာ ပျော်လိုက်တာ ဘာပြောကောင်းမလဲ၊ ငါ့လိုလူ ဇမ္ဗူမှာ ရှိသေးလားကွ၊ တစ်နှစ်ခွဲအတွင်းမှာ မြေးခြောက်ယောက်ရပြီဆိုပြီး တပြုံးပြုံး ပေါ့၊ နီးစပ်ရာလူတွေကိုလည်း ကျ





www.burmeseclassic.com

www.burmeseclassic.com

ခလောင် ကျယ်လောင်နဲ့ ကြွားလိုက်ရဘာ မပြောနဲ့တော့ဗျို့ ကြာတော့ အနီးဝန်းကျင်က လူတွေ အမြင်တောင်အတတ်လာသတဲ့ အဲဒီလို ကျိုးကျိုးကျွံကျွံနေရာက အစ်မတွေမှာပြီး အဘိုးကြီး အတော်လေး အံ့အားသင့်သွားသတဲ့ မျက်လုံးပဲ ပြူးသွားသို။

ထိုအချိန် ဒေါင်းအင်းဘက်မှ ငါးတောင်းများ ထမ်းလာသူ နှစ်ဦး သုံးဦးအား မြင်သဖြင့် စကားရပ်ကာ ငြိမ်နေလိုက်ရ၏။

ထိုသူများမှာ ကျွန်တော်တို့အနီးမှ လှည်းလမ်းအတိုင်း တောင်ဘက်ရှိ သဇင်အိုင်၊ တောခွေးရွာများသို့ သွားကြဟန်တူ၏။

ပေါက်ပင်ရိပ်များ ရှိသည့်ပြင် မြေပြင်တွင် ဝပ်နေလိုက်သဖြင့်လရောင် ထိန်ထိန်သာနေသော်လည်း ကျွန်တော်တို့အား မမြင်နိုင်ပါ။ ငါးထမ်းသမားများ အတော်လေးဝေးသွားမှ ဦးတင်အောင်မှ . . .

"ဆက်စမ်းပါဦးဗျ၊ အဘိုးကြီးက ဘာကိုတွေးမိလို့ အံ့အားသင့်ရတာလဲ၊ ဘာကို မျက်လုံးပြူးတာလဲ"

"ဒီလိုလေဗျာ၊ ဂွမြို့သားနဲ့ ညားတဲ့ သမီးကြီးက အမြွှာ(နှစ်ယောက်) မွေးတယ်၊ ဒါထူးထူးခြားခြားလို့ မဆိုနိုင်ပေမယ့် လေးမျက်နှာသားနဲ့ ညားတဲ့ သမီးလတ်က တစ်ကြိမ်တည်းမှာ နှစ်မြွှာ (လေးယောက်)မွေးတယ်ဆိုတော့ ထူးခြားသလိုပဲ၊ အင်း ဒါ ပညတ်သွားရာ ဓာတ်သက်ပါဆိုတာ ဖြစ်မယ်။

သမီးငယ်လေး ကျရင်တော့ အရမ်းကာရော သဘောတူလို့ မဖြစ်တော့ဘူးဆိုပြီး အဘိုးကြီး နည်းနည်း မျက်လုံးပြူးချင်လာတာဗျ၊ အငယ်မလေးကျတော့ သုံးမြွှာ(ခြောက်ယောက်) များမွေးနေဦးမှာလားလို့ အဘိုးကြီး တွေးပြီး ပူလာတယ်။

အဲဒီတော့ သမီးလေး အသိအကျွမ်းထဲမှာ ချောက်မြို့သားများရှိရင် သဘောမကျဖို့ သေသေချာချာမှာထားမှ ဖြစ်မယ် သမီးသဘောကျရင်လဲ ငါ အတင်းကန့်ကွက်ရမှာပဲ။

ဒီတစ်ခါ ငါ့သမီးလေး ချောက်မြို့သားနဲ့ညားပြီး ပညတ်သွားရာ ဓာတ်သက်ပါခဲ့ရင် ခက်ရချည်ရဲ့လို့ တွေးပြီး ရင်ပူနေသတဲ့"

ဦးတင်အောင် "ခွီး" ခနဲ ရယ်ပါသည်။ စောင်ခေါင်းမြီးခြုံပြီး ကွေးနေသော ရဲဘော်ဇော်မင်းနိုင် ငြိမ်နားထောင်နေရာမှ ထရယ်သဖြင့် အသံကျယ်ကျယ်မရယ်ရန် သတိပေးလိုက်ရ၏။ ဇော်မင်းနိုင်မှာ အရယ်သန်သူဖြစ်သည့်ပြင် အော်ကြီးဟစ်ကျယ်ရယ်မောတတ်သူဖြစ်ပါသည်။

"ရှေ့ဆက်လေဗျာ"

"မကြာပါဘူးဗျာ၊ အငယ်လေးကလဲ လက်ထပ်ခွင့်တောင်းပြန်သတဲ့၊ အဲဒီတော့ အဘိုးကြီး အလန့်တကြားနဲ့ ချောက်မြို့ကလား၊ ချောက်မြို့သားလားလို့ မေးသတဲ့"

ဦးတင်အောင်နှင့် ဇော်မင်းနိုင် တခွီခွီ ကြိတ်ပြီးရယ်ကြပါသည်။

"သမီးလေးက စိတ်ချပါအဖေ ရယ် အဖေမှာထားတာ သမီးမမေ့ပါဘူး သမီးလက်ထပ်မယ့်သူက ချောက်မြို့ဇာတိမဟုတ်သလို ချောက်မြို့မှာလဲ မနေပါဘူးလို့ ပြောမှ အဘိုးကြီး သက်ပြင်းချပြီး ချောက်မြို့သားမဟုတ်ရင် ပြီးရော၊ ချောက်မြို့သားကလွဲရင် ဘယ်မြို့သားပဲဖြစ်ဖြစ် သဘောတူတယ်၊ ရက်ရွေးပြီး လူကြီးစုံရာနဲ့ ကြောင်းလမ်းကြပေါ့လို့ ခွင့်ပြုလိုက်သတဲ့"

ထိုအချိန်တွင် ငါးထမ်းသမားများလာနေသည် တွေ့သဖြင့် ရပ်ထားလိုက်ရပြန်သည်။

ထိုသူများ အတော်ဝေးဝေးရောက်မှ . . .

"အငယ်မလေးကျတော့ သတိထားလို့ ဓာတ်သက်မပါနိုင်တော့ဘူးပေါ့နော်"

ဦးတင်အောင်မှ စကားလမ်းခင်းပေးသဖြင့် ဆက်ရပြန်၏။ ဇော်မင်းနိုင်ပါ အိပ်ရာမှ ထလာပြီး ဆေးလိပ်ဖွာရင်း နားထောင်နေပါသည်။

"တိုတိုပြောကြပါစို့ဗျာ၊ သတ်မှတ်ထားတဲ့ရက်မှာ အငယ်မလေးကို ကြောင်းလမ်းဖို့ ကောင်လေးဘက်က လူကြီးတွေရောက်လာကြတယ်၊ အဘိုးကြီးနေတဲ့ ရပ်ကွက်ထဲက ဖိတ်ကြားထားတဲ့ လူကြီးတွေလဲ အဆင်သင့်ပေါ့

ဒီလိုနဲ့ မင်္ဂလာစကားတွေ ပြောကြ၊ ညှော်ခံတာကို စားလိုက် သောက်လိုက်ကြနဲ့ စည်စည်ဝေနေတာပေါ့။

သတို့သားလောင်းကလဲ ငှား တစ်ခုက အရာရှိဖြစ်ပြီး ရည်ရည်မွ မွန်နဲ့ ဆွေကြီး မျိုးကြီးထဲကဆိုတော့ အဘိုးကြီးလဲ တပြုံးပြုံးနဲ့ ကျေနပ်နေတာ ပေါ့လေ၊ သမီးလေးက သျှောင်နောက် ဆံထုံးပါ မဟုတ်ပဲ၊ ဆံထုံးနောက် သျှောင်ပါဆိုတော့ အချိုပေါ်သတာ ဆင့်ပေါ့ဗျာ။

မင်္ဂလာပွဲ ရက်သတ်မှတ်ပြီ တော့ ကြီးကြီးကျယ်ကျယ် မလု တော့ဘဲ အဘိုးကြီးကိုးကွယ်တဲ့ ဘုန်း တော်ကြီးကျောင်းမှာ သံဃာတော် တွေကို မင်္ဂလာဆွမ်းကပ်ဖို့ ဆုံးဖြ ကြတယ်၊ အားလုံးပြီးတဲ့ အချိန်မှာ အဘိုးကြီးက ကျန်နေသေးတာ တစ် သွားတွေးမိသတဲ့"

"ဟာ ဘာလဲဗျ၊ ကိစ္စအားလုံးပြီး နေပြီ၊ ဘာကျန်သေးလို့လဲ"

"ကျန်ပါသေးသကော ဦးတင် အောင်ရယ်၊ နားထောင်ပါဦး"

"ကဲ ပြောဗျာ၊ ပြော"

ဦးတင်အောင် ကျေနပ်ပုံမရ

"ဒီလိုဗျ၊ အဘိုးကြီးက တစ်ဖ က လူကြီးတွေကို သတို့သားလော က ဘယ်ဇာတိလဲလို့ မေးတော့ ဖက်ကလဲ ကျွန်တော်တို့ သုံးဆယ် ဇာတိပါလို့လဲ ပြောလိုက်ရော ဘာ ကောင်းမလဲ အဘိုးကြီး၊ နံရံက ငှက် တောင်မား ထပြီးဆွဲတော့တာပဲဗျို့"

"ဟာ"

"ဟယ်"





www.burmeseclassic.com

www.burmeseclassic.com

"အဘိုးကြီးဆိုတာ ဘီလူးစီးတဲ့ အကောင်းပဲ၊ ခင်ဗျားတို့ ကျုပ် အိမ်ပေါ်က အချက်ချင်းဆင်း၊ အခုချက်ချင်းဆင်း ဆိုပြီး ခုတ်မယ် ထစ်မယ်လုပ်တော့တာ ပဲ ဒေါ်ပရိသတ်လဲ ဘယ်လိုဖြစ်တာပါ လိမ့်ဆိုပြီး ပြူးပြူးပျာပျာ ဖြစ်ကုန်တာ ပေါ့။

ခင်ဗျားတို့ ဆင်းမလား မဆင်း ဘူးလားဆိုပြီး ကြမ်းနေလို့ ဝိုင်းဆွဲထား ရတယ်၊ အားလုံးက အကျိုးအကြောင်း ရှင်းပြဖို့နဲ့ ဝိုင်းတောင်းပန်တော့လဲ မရဘူး၊ အခြေအနေ တော်တော်လေး ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့ မြို့ခံ လူ ကြီးတွေက သတို့သားဘက်က လူတွေ ကို ချော့မော့ပြီး ပြန်လွှတ်လိုက်ရတယ်။

ဒီလိုနဲ့ပဲ သုံးဆယ်သားတွေခမျာ ဘာမသိ၊ ဘမှသိနဲ့ အိမ်ပေါ်ကဆင်းသွား ရတော့တယ်၊ ဒါတောင် မကျေနပ်သေးဘဲ မြို့ရှေ့လမ်းပေါ်က အမြန်သွားလို့ ပြော လိုက်သေးသတဲ့"

"ဘယ်လိုဖြစ်သွားတာလဲ မသိ ဘူးနော်"

"ဟိုလူတွေလဲ ထွက်သွားလို့ အတော်ဝေးဝေးရောက်တော့မှ အဘိုး ကြီးခမျာ သက်ပြင်းမောကြီးချပြီး ဘုရား ဘုရား ကံသီလို့ပါလား၊ ချောက်မြို့သား တို့သာ အံ့ရုံစိုက်နေတာ၊ ဒီထက်ဆိုးတဲ့ သုံးဆယ်သားကို သတိမထားမိဘူး၊ သုံး ဆယ်သားနဲ့ ညားပြီး ပညတ်သွားရာ ဓာတ်သက်ပါခဲ့ရင် ငါ့သမီးလေးဘဝ တွေးဝံ့စရာပါလားလို့ ညည်းကျန်ခဲ့ သတဲ့"

ဦးတင်အောင်နှင့် ဇော်မင်းနိုင် မှာ သတိလက်လွှတ် ဝါးခနဲ ထရယ် လိုက်ကြပါသည်။ တိတ်ဆိတ်နေသည့် ညဥ့်အချိန်မို့ ရယ်သံများက ပတ်ဝန်း ကျင်ကို လွှမ်းမိုးသွားပါသည်။

ထိုအခိုက် . . .

"အမယ်လေး လုပ်ကြပါဦး"

ဟု တုန်တုန်ရီရီ အသံကြီးဖြင့် အော်သံကြား၍ အသံလာရာသို့ ကြည့် လိုက်ရာ မည်သည့်အချိန်က ကျွန်တော် တို့ အနီးတွင် ရောက်နေသည် မသိ သော ငါးထမ်းသူတစ်ဦးအား မြင်လိုက် ရပါသည်။

ထိုသူမှာ ရှေ့နောက်ဝဲယာ ကျိုး ကန်းတောင်းမျှော်ကြည့်ရင်း ရုတ် တရက် ပေါက်ပင်အောက်မှ ထရပ်လိုက် သော ကျွန်တော့်အား မြင်သွားသဖြင့် ငါးထမ်းအားချကာ လှည်းလမ်းအတိုင်း တောင်ဘက်သို့ တအားပြေးပါလေ တော့သည်။

ပြဿနာတော့ဖြစ်ပြီ ဟူသော အသိဖြင့် ထိုသူအား ကျွန်တော်ဆီးဆွဲ လိုက်ရာ အတင်းရုန်းကန်၍ အသံ နက်ကြီးဖြင့် ဝူးဝူးဝါးဝါး အော်ရင်း တစ်ရှိန်ထိုး ထွက်ပြေးလေတော့သည်။

အဆိုပါ ငါးထမ်းသမားမှာ လူမမြင်ရဘဲ ပေါက်ပင်အောက်မှ ရယ် သံကြီး ရုတ်တရက် ကြားလိုက်ရသဖြင့် သရဲခြောက်သည်ထင်ကာ ထွက်ပြေး ကြောင်း သဘောပေါက်၍ ရှင်းပြရန် ကျွန်တော်ပြေးလိုက်သွားပြီး. . .

"ဟေ့ မပြေးနဲ့ မပြေးနဲ့" ဟု အော်ပြောသော်လည်း မရပ်ဘဲ ပိုမို လျင်မြန်သော အဟုန်ဖြင့် ဆက်ပြေး သွားလေသည်။ ကျွန်တော်မှ. . .

"နေဦး" ဆိုလေ ပြေးလေမို့ တစ်ခေါ် သာသာလောက်တွင် ဆက် မလိုက်နိုင်တော့ဘဲ ဟောဟဲဆိုက်ကာ နောက်ကြောင်းသို့ ပြန်ခဲ့ရ၏။

လမ်း တစ်ဝက်တစ်ပျက်တွင် ရဲဘော်ဇော်မင်းနိုင်နှင့် လှရွှေတို့အား တွေ့၍ ပေါက်ပင်ရှိရာသို့ ပြန်ခေါ်ခဲ့ပြီး

"ပြဿနာတော့ ဖြစ်ပြီဗျ ဦးတင် အောင်ရေ"

"ဟာ ကျွန်တော်တို့က ဘာ လုပ်တာမှတ်လို့၊ သူ့ဘာသာ လန့်ပြေး တာပဲ၊ ဘာပြဿနာ ဖြစ်စရာလိုသလဲ ဗျ"

"ဒီလိုလေဗျာ၊ ငါးထမ်းသမား တွေက အများအားဖြင့် အငှားထမ်းတဲ့ လူတွေဗျ၊ သူပြန်ရောက်သွားတဲ့အချိန် မှာ ငါးပိုင်က ငါးတွေ ဘယ်မှာလဲ မေးလို့ အဖြစ်မှန်အတိုင်း ပြောပြရင် အကြောင်းမဟုတ်ဘူး ငါးပိုင်တွေ ဆော် ရမှာစိုးလို့ ပေါက်ပင်တွေ အနားမှာ လူ တစ်စုက လုယူထားလိုက်ပါတယ် ပြော ရင် နေရင်းထိုင်ရင်း ကျွန်တော်တို့ ရှင်း ရပြီပေါ့"

ထိုအခါကျမှ ဦးတင်အောင် မျက်လုံးပြူးပြီး. . .

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော် ခေတ္တမျှ စဉ်းစား ကာ ကွမ်းကလေးရွာအတွင်း အသိရှိ မရှိ ရဲဘော်များအား မေးမြန်းရပါသည်။

ဇော်မင်းနိုင်မှ ရင်းနှီးသူများရှိ ကြောင်း ပြော၍ ကျွန်တော်တို့လုစု ကွမ်းကလေးရွာထဲသို့ ဝင်ခဲ့ကြ၏။

ဇော်မင်းနိုင်၏ အသိမိတ်ဆွေ အိမ်အရောက်တွင် နှိုးပြီး ဖြစ်ကြောင်း ကုန်စင် ပြောပြရာ ထိုသူမှ ရယ်ရယ် မောမောဖြင့် တော်ခွေးရွာမှ ငါးအငှား ထမ်းသူများအားသိကြောင်း၊ လိုအပ် လျှင် အကူအညီပေးပါမည်ဟု ဆိုလာ သဖြင့် ဝမ်းမြောက်ရတော့၏။

ကျွန်တော်မှ ငါးထမ်းအား တောခွေးရွာသို့ ယူသွားပြီး ပိုင်ရှင်အား ပြန်ပေးလိုကြောင်း၊ ငါးထမ်းခ ပေးပါ မည့်အကြောင်း ပြောပြ အကူအညီ တောင်းရာ ထိုသူမှ အိမ်နီးချင်း နှစ် ယောက်ကိုပါ ခေါ်ဆောင်ပြီး လိုက်ပါ ပို့ဆောင်ပေးပါသည်။

တောခွေးရွာသို့ ရောက်သော အခါ ဦးစွာ ရွာလူကြီးထံ ပို့ခိုင်းရ၏။ ရွာလူကြီးမှာ ကျွန်တော်တို့ ရောက်သွား ချိန်တွင် အိပ်ရာမှ နိုးနေပြီဖြစ်သဖြင့် အဆင်ပြေလှတော့သည်။ အချိန်မှာ လည်း နံနက် ၄ နာရီခွဲနီးစွန်းရှိပြီ ဖြစ် ၏။

ကျွန်တော်မှ ရွာလူကြီးနှင့် မိတ် ဆက်စကားပြောပြီး ကျွန်တော်တို့၏ ဖြစ်အင်အား ပြောပြရာ ရွာလူကြီးမှာ တဟားဟားရယ်ရင်း. . .

"ဖြစ်ရလေဗျာ၊ ခင်ဗျားတို့နေတဲ့ ပေါက်ပင်တောက အရင်တုန်းက





www.burmeseclassic.com

www.burmeseclassic.com

သူ့သာန်ပေါင်းဗျ၊ အခြောက်အလှန့် ရှိလို့ ညအချိန်မတော် တစ်ဦးတည်း တစ်ယောက်တည်း အသွားအလာ မလုပ်ကြဘူး [illegible] သိမှမသိတဲ့ကိုး ဒါနဲ့ [illegible] ဘာမှ [illegible]"

"[illegible]"

"ဒါနဲ့ နေပါဦး ထွက်ပြေးတဲ့ [illegible] ဘယ်လိုပုံစံလဲ"

"အရုပ်ခပ်ပုပု၊ ကိုယ်လုံးတောင့်တောင့်ပဲ၊ အသေအချာ မမြင်ရလို့ အသက်တော့ မှန်းလို့မရဘူး"

"ဟုတ်ပြီ၊ ဒါဆို ငတင် ဖြစ်ရမယ်၊ လာ သွားစို့"

ငတင် ဆိုသူ၏ အိမ်ရှေ့သို့ ရောက်သော် မီးထွန်းထားသည်ကို တွေ့ရပါသည်။ အိမ်မှာ တဲသာသာဖြစ်ပြီး အိမ်အဆင့်မှာ မြေပြင်မှ နှစ်တောင်ထက်ပိုပုံမရ။

ရွာလူကြီးမှ . . .

"ဟေ့ ငတင်၊ ငတင် ရှိလားဟေ့"

အတော်နှင့် ပြန်မထူးသဖြင့် ရွာလူကြီးမှ တံခါးမရှိသော ငတင်၏ အိမ်ထဲသို့ ဝင်သွားပြီး . . .

"ဟေ့ကောင် ခေါ်နေတာ ဘာ[illegible]မထူးတာလဲ၊ ဆရာတို့ လာကြဗျာ"

ကျွန်တော်တို့ အိမ်ထဲသို့ ဝင်သွားချိန်တွင် ငတင်ဆိုသူမှာ စောင်ခေါင်းမြီးခြုံပြီး တဟီးဟီးဖြင့် အဖျားတက်နေပုံရ၏။

ဇနီးဖြစ်ဟန်တူသူက နှိပ်ပေးနေပါသည်။ သုံးနှစ်အရွယ် ကလေးတစ်ယောက်မှာ ငတင်၏အနီးတွင် စောင်စုတ်ကလေး တစ်ထည်ခြုံ၍ အပူအပင်ကင်းစွာ အိပ်မောကျနေသည်။

ကျွန်တော်တို့ အသံကြားသဖြင့် ငတင် လူးလဲထထိုင်ကာ ပြူးကြောင်ကြောင်ဖြင့် ကြည့်နေရှာပါသည်။ ပြောပြထားသဖြင့် အကြောင်းစုံသိပြီးဖြစ်သူ ရွာလူကြီးမှ ငတင်အား . . .

"မင်းက ငါးထမ်းထားပြီး ဘာဖြစ်လို့ ထွက်ပြေးတာလဲ"

"ဘာ မပြေးလို့ ဘယ်ဖြစ်မလဲ ဘကြီးရဲ့၊ ခေါက်ပင်တောထဲက ရုတ်တရက် ရယ်သံကြီးကြားလိုက်တော့ သရဲခြောက်ပြီဆိုတာ သိလို့ ငါးထမ်းချပြီး ပြေးတာတောင် သရဲကြီး တစ်ကောင်က အတင်းလှမ်းဆွဲလိုက်သေးတယ်။

ကံကောင်းလို့ပေါ့ ဘကြီးရာ၊ ဆောင့်ရုန်းလိုက်လို့ လွတ်သွားတာ၊ မိသာသွားရင် ဘယ်လိုလုပ်မလဲမသိဘူး၊ အပြေးကောင်းလို့ လွတ်လာတာ ဘကြီးရေ့၊ ဒါတောင် မပြေးနဲ့ မပြေးနဲ့ ဆိုပြီး အတင်းလိုက်လာသေးတယ်။

ကျွန်တော်လဲ ကြောက်ကြောက်နဲ့ ပြေးလိုက်တာ အိမ်ကို ဘယ်လိုပြန်ရောက်မှန်းတောင် မသိဘူး၊ အိမ်လဲရောက်ရော အဖျားတက်တော့တာပဲ၊ အတော်ဆိုးတဲ့ သရဲပါဗျာ"

ကျွန်တော်တို့တစ်ဖွဲ့လုံး အုန်းခနဲ ထရယ်လိုက်ကြပါသည်။ ရွာလူကြီးမှ အကြောင်းစုံပြောပြလိုက်ရာ ငတင် တဟီးဟီးနှင့် ရှက်ရယ်ရယ်နေပါသည်။

ငတင်၏ ဇနီးမှာလည်း ပါးစပ်ကို လက်နှင့်အုပ်ပြီး တခွီးခွီးရယ်နေ၏။ ပြီးမှ ငတင်က ကျွန်တော့်ကို အားနာသော မျက်နှာနှင့် ကြည့်ပြီး . . .

"ညအမှောင်ထဲမှာ ရုတ်တရက် လှမ်းဆွဲလိုက်တော့ သရဲမှတ်လို့ ပြေးမိတာ ကန်တော့နော်ဆရာ ကန်တော့"

"ကောင်းကွာ လူတိုင်းက ငါ့ကို ရုပ်ရှင်မင်းသားဝင်းဦးနဲ့ တူတယ်လို့ ပြောနေကြတာ၊ မင်းနဲ့တွေ့တော့မှပဲ သရဲနဲ့ အမှားခံရတာ နာတယ်ကွာ"

ကျွန်တော့် အပြောကြောင့် အားလုံးရယ်မဆုံး ဖြစ်နေပါတော့သည်။

(ပြည်သွားရာ မာတ်သက်ပါဇတ်လမ်းအား ပြောပြသော ကွယ်လွန်သွားရှာပြီဖြစ်သည့် တရားလွှတ်တော်ရှေ့နေကြီး အစ်ကို ဦးသန်းထွန်း၊ သာယာဝတီမြို့အား သတိတရ)

❐ ကိုစနေ

"ကဲ၊ အားလုံး သေသေချာချာ နားထောင်ကြ ငါ့ညီတို့၊ အခု ကိုကြီး ပြောပြမယ့် စကားက အစ်ကိုကြီး တစ်ယောက်တည်းရဲ့ အကျိုးချည်း မဟုတ်ဘူး၊ တို့ညီအစ်ကို လေးယောက်လုံးရဲ့ အကျိုးစီးပွားနဲ့ ပတ်သက်နေတယ်။

အကြောင်းကတော့ ဒီလို ညီလေးတို့ရဲ့၊ အားလုံး သိကြတဲ့အတိုင်း အခု ငါတို့ရဲ့အဖ ပုဏ္ဏားအိုကြီးဟာ မိခင်ပုဏ္ဏေးမကြီးလဲ မရှိရှာလေတော့ တစ်ကိုယ်တည်း မုဆိုးဖိုကြီးဖြစ်နေပြီ မဟုတ်လား။

အေး၊ အဲဒီလို မုဆိုးဖိုကြီး ဖြစ်နေရာကနေ တော်ကြာနောက်အိမ်ထောင် ပြုချင်ပြုသွားနိုင်တယ်ကွယ့်"

"နေပါဦး အစ်ကိုကြီးရဲ့၊ အဖ နောက်အိမ်ထောင်ပြုသွားတော့ကော ဘာ ဖြစ်လဲ၊ အဲဒါ သဘာဝပဲလေ၊ သူ တစ်ကိုယ်တည်း အထီးကျန် ဖြစ်နေတာပဲ၊ ဆေးပေးမီးယူ အဖော်သဟဲ မိန်း တော့လိုတာပေါ့၊ အဲသဟာကြောင့် အဖေ နောက်အိမ်ထောင်ပြုချင်သ ဆိုရင်လဲ ပြုပလေစေပေါ့၊ ပြောမယ့်သာ ပြောရတာပါလေ၊ ဇရာဖိစီး အသက် ကြီး အိုမင်းနေသည့် အဖလို ပုဏ္ဏား ကြီးကို မည်သို့သော ပုဏ္ဏေးမမျိုး ကော မယားပြုချင်မှာတုံး၊ ဘာ အစ်ကိုကြီးကို အဖက သူ နောက်အိ ထောင်ပြုတော့မယ်လို့ ပြောလာ ပါလား"

"ဟာ ညီလတ် မင်းအတော်ခ သည်ကိုး၊ စကားလဲ ဆုံးအောင်န မထောင်ဘူး၊ လူဆိုတာ ရှေ့တစ် လောက်တင် မကြည့်ရဘူး၊ မျက်စိတ ဆုံးကြည့်ရတယ်ကွယ့် ငါ့ညီရဲ့။

အေး၊ သာမန်ဆိုရင်တော့ ပြောသလို ဇရာဖိစီးအသက်ကြီးအိုမ နေပြီမို့ ငါတို့အဖေ ပုဏ္ဏားကြီးကို ဘ





www.burmeseclassic.com

www.burmeseclassic.com



# အဖကိုပစ်ထားသားမိုက်များ

ကြိုရဟာနဓမ္မပါလ

...ရွေးမမျိုးကမှ မယားပြုချင်မှာ မဟုတ် ...ဆိုတာ မှန်သပေါ့။

ဒါပေသည့် အမောင်တို့အား ...း သိကြသည့်အတိုင်း အဖဟာ အသ ...ာ ရှစ်သိန်းမျှ ချမ်းသာတယ်၊ အဲသည် အသပြာရှစ်သိန်းအနက်က ငါတို့လေးဦး ...ထောင်အသီးသီးကျတဲ့အခါ တစ်ဦး ...တို့ အသပြာ တစ်သိန်းစီ ခွဲဝေပေး ...တ်ပြီးပြီဆိုတော့ အဖထံမှာ ယခု ...အသပြာ လေးသိန်းမျှ ကျန်သေး ...သည် မဟုတ်ပါလား။

မျက်နှာကြီးရာ ဟင်းဖတ်ပါတယ်တဲ့ကွယ့်၊ ငွေအသပြာ မျက်နှာက ကြီးတယ်နော်၊ အဲသည် ငွေအသပြာ မျက်နှာနှင့်သာဆိုလျှင် တို့အဖ ပုဏ္ဏားအိုကြီး အနေနှင့် မိန်းမအမျိုးမျိုးရှိသည့်အနက် ပဒုမ္မနီခေါ်သည့် အသားဖြူဝင်း အဆင်းလှသည့် မိန်းမမျိုး။

သင်္ခါရနီခေါ်သည့် ညိုချော မိန်းမမျိုး၊ စိတ္တရနီခေါ်သည့် ရွှေရောင် ဝါဝင်း အဆင်းလှသည့် မိန်းမမျိုး၊ ဟတ္ထနီ ခေါ်သည့် အသားနီနီ မျက်နှာပြီတည်တည်နှင့် မိန်းမမျိုးစတဲ့ မိန်းမမျိုးတွေထဲက ဘယ်လိုမိန်းမမျိုးကိုယူချင်သလဲ။

တစ်ခါ ဂေါရီ၊ ကညာ၊ ကုမ္မာရီ ဆိုသည့် အရွယ်သုံးပါးမှာ ဘယ်အရွယ်ရှိသည့်မိန်းမမျိုးကို ယူချင်သလဲ အကုန် ယူလို့ရနိုင်တယ် ညီနောင်တို့"



www.burmeseclassic.com

www.burmeseclassic.com

"အို. . . အစ်ကိုကြီးရာ အဲဒီလို ဆိုလဲ သူကြိုက်တာယူ [illegible] ခေါ် သူလို့ သက်တူအိုကြီးကို [illegible] [illegible] "

"[illegible] ညီနောင်တို့က အလွန်အမြင်ကျဉ်းကြသည်ကိုး၊ ငါ့စကားလဲ ဆုံးအောင် နားမထောင်ဘဲ ဒီလိုသာ ကြားဖြတ် ဝင်ပြောနေကြလျှင်ဖြင့် ငါပြောချင်သည့် စကား ယနေ့အဖို့ လိုရင်းရောက်တော့မည် မဟုတ်ပေဘူး၊ အခု ငါပြောနေသည်က အမောင်တို့ ငါတို့အားလုံးရဲ့ အကျိုးစီးပွားနှင့် ဆက်စပ်မိနေသည်ဟု ငါ မပြောခဲ့ပါလား"

"အဲဒါကိုပဲ အကျွန်တို့နားမလည်နိုင်အောင် ဖြစ်နေရတာပါပဲ အစ်ကိုကြီးရဲ့၊ အဖအို သူ့ဘာသာ အိမ်ထောင်ပြုသွားတာနဲ့ အကျွန်တို့ အကျိုးစီးပွားမည်သို့ ဆက်စပ်ပတ်သက်နေပါသည်လဲ ဆိုသဟာကို အကျွန်တို့တော့ နားမလည်နိုင်အောင်ပါပဲ"

"တယ်ခက်ပါကလားကွယ်ရို့၊ အခုအချိန်ကစလို့ ငါပြောသည့် စကားကိုသာ ဆုံးအောင် သေချာစွာ နားထောင်ကြပါလေ ညီနောင်တို့၊ မည်သူမျှစကားဖြတ်မပြောကြပါနှင့်တော့၊ ယခု ညီမောင်တို့ကို အစ်ကိုကြီး စကားတစ်ခွန်း မေးပါမည်။

အကယ်၍ ငါတို့ အဖအိုသာ နောက်အိမ်ထောင် ပြုသွားခဲ့ပါလျှင် အဖထံမှာ ကျန်ရှိနေသည့် ငွေအသပြာလေးသိန်းသည် မည်သူနှင့် သက်ဆိုင်သွားပါမည်လဲ ဆိုသည်ကို သိကြပါရဲ့လား"

"အို. . အဲသည်လောက်တော့ သိတာပေါ့ အစ်ကိုကြီးရာ၊ သူ့လင် ယောက်ျား ဥစ္စာဝစ္စည်း သူ့မယားနှင့် ဆိုင်တာပေါ့ အဲဒါ ဘာဖြစ်သလဲ"

"အေး အဲဒါကို ပြောချင်တာပေါ့ကွယ့်၊ အဖသာ အဲသည်လို နောက်အိမ်ထောင်ပြုသွားခဲ့လျှင် အဖထံမှာ ကျန်နေသည့် အသပြာလေးသိန်းသော ငွေတို့သည် သူ့မယားနှင့် ဆိုင်သွားမယ်၊ အဲသဟာဆိုလျှင် ထိုအသပြာလေးသိန်းတို့ ငါတို့ရရန် အကြောင်းမရှိလေတော့ပြီ၊ သည့်အတွက်ကြောင့် အဖအို နောက်အိမ်ထောင်မပြုမီ သူ့ထံမှာရှိနေသည့် အသပြာလေးသိန်းကို ငါတို့ ညီနောင်တွေလက်ထဲ ရောက်အောင် ကြံဆောင်ကြရပေမည် မဟုတ်ပါလား ညီဖွားတို့ရဲ့"

"ဟာ, အဲ အဲ အဲသည်လိုဆိုတော့လဲ အစ်ကိုကြီးပြောတာ ဟုတ်ပေသားကပဲ၊ အကျွန်တို့ အဲသည့်အချက်ကို မတွေးမိဘူး၊ အဲဒါတော့ ဟုတ်ပါပြီ၊ ဒါပေသိ အဖထံက ထိုငွေ အသပြာလေးသိန်းကို အကျွန်တို့ရအောင် မည်သို့လုပ်ကြမှာလဲ။

ဒါနဲ့ အစ်ကိုကြီးထံမှာ အကြံကောင်း ဉာဏ်ကောင်းလေးများရှိလျှင် ပြောပါဦး၊ အကျွန်တို့ကတော့ အစ်ကိုကြီး ဦးဆောင်ဦးရွက် စီမံသည့်အတိုင်း နောက်က လိုက်လုပ်ကြရုံသာပလေ"

"အေး အခု ညီမောင်တို့ အားလုံးနားလည် သဘောပေါက်သွားကြပြီဆိုလျှင်တော့ အဖဆီက ငွေအသပြာလေးသိန်း ငါတို့လက်ထဲ ရောက်လာအောင် ဒီလိုလုပ်ကြမယ်. . ."

တစ်ခုသောကာလ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်တွင် ဘုရားရှင် သီတင်းသုံးတော်မူနေစဉ်အခါက ထိုသာဝတ္ထိမြို့တွင် အသပြာရှစ်သိန်း ကြွယ်ဝသောပုဏ္ဏားအိုကြီး ရှိခဲ့၏။

ထိုပုဏ္ဏားကြီး၌ သားလေးယောက်ရှိပြီး သားလေးယောက်အိမ်ထောင်ပြုကြသောအခါ အဖဖြစ်သူ ပုဏ္ဏားကြီးက အသပြာတစ်သိန်းစီခွဲဝေပေးလိုက်၏။ သားများ အိမ်ထောင်ပြုသွားကြပြီးနောက် မကြာမီ အမိဖြစ်သူ ပုဏ္ဏေးမကြီး ကွယ်လွန်သွားရှာ၏။

ထိုသို့ ဇနီးဖြစ်သူ ပုဏ္ဏေးမကြီး ကွယ်လွန်သွားပြီးနောက် ဖခင်ပုဏ္ဏားအိုကြီး အိမ်ထောင်ထပ်ပြုလိုက်ပါက ကျန်ရှိနေသော ငွေအသပြာလေးသိန်းကို မိမိတို့ မရမည်စိုးသောကြောင့် အစ်ကိုအကြီးဆုံး ဖြစ်သူ ပုဏ္ဏားက ဦးဆောင်လျက် ၎င်းတို့ ညီနောင်လေးဦးတို့ အဖပုဏ္ဏားကြီးထံမှာ ကျန်ရှိနေသေးသော အသပြာလေးသိန်းကို ရရှိရေးအတွက် အထက်ပါအတိုင်း ဆွေးနွေးတိုင်ပင် ကြံစည်နေကြခြင်း ဖြစ်ပေသည်။

ပုဏ္ဏားအိုကြီး ယနေ့အလွန် ဝမ်းမြောက်သွားသည်။ အလွန်ပျော်ရွှင်ပြီး စိတ်ထဲ၌လည်း အလွန်ချမ်းမြေ့သွားရသည်။

သူ ထိုသို့ ဝမ်းလည်းဝမ်းသာ စိတ်လည်း လွန်စွာချမ်းမြေ့ပျော်ရွှင် ရခြင်းမျိုးသည် သူ့ဇနီး ပုဏ္ဏေးမကြီး ကွယ်လွန်သွားပြီးနောက် ယနေ့ယခု တစ်ကြိမ်သည် ပထမဆုံးသော စိတ်ချမ်းသာပျော်ရွှင်ချမ်းမြေ့ ဝမ်းသာရသော အချိန်ဟု ပြောရပါလေမည်။

အကြောင်းအသို့ဟူမူ သူ့သား လေးယောက်လုံး အိမ်ထောင်အသီးသီး ပြုသွားပြီးခဲ့ကြစဉ်ကဆိုလျှင် အိမ်ကြီး သည် သေ့ခြောက်သလို ဖြစ်သွားတာ သက်ကျားအို လင်မယားနှစ်ယော အဘိုးကြီး အဘွားကြီးနှစ်ဦးတို့ တစ်ဦး နှင့်တစ်ဦး အပြန်အလှန်ပို၍ ဂရုစိုက် ယုယကြင်နာကြနှင့် အချင်းချင်းဖြေသိ ဖေးမပေးကြလျက် မိမိတို့၏ ဘဝဆည်း ဆာချိန်များကို ဖြတ်သန်းကုန်လွန်စေ ကြရသည်။

ထိုသို့ ချစ်စရာဘဝဆည်းဆာ ကာလလေးများ ရှည်ကြာမရှိသေးခင်

www.burmeseclassic.com

င် ဘဝလက်တွဲဖော် ပုဏ္ဏေးမကြီး က မျှော်လင့်ဘဲ ဖြုန်းခနဲ သူ့ကိုထားရစ်၍ လူ့လောကကြီးထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ပြန်သည်။

ထိုအခါ အဖော်မဲ့ အထီးကျန် ပုဏ္ဏားအို မုဆိုးဖိုကြီးဘဝဖြင့် လူ့လောကကြီးတွင် အထီးတည်း ပျင်းရိငြီးငွေ့စွာ ကျန်နေခဲ့ရရှာသည်။

အိမ်ထောင်ကျသွားသော သားများကလည်း သာကြောင်း မာကြောင်း လေးများပင် တစ်ကြိမ်တစ်ခါမျှ လာမေးဖော်မရကြ။ ထို့ကြောင့်လည်း ပုဏ္ဏားအိုကြီးခမျာ လူ့လောကကြီးသည် အလွန်ခြောက်သွေ့ပြီး ငြီးငွေ့ဖွယ်ကောင်းလှသော ဘဝသဲကန္တာရကြီးပမာ ထင်မှတ်ခံစားနေခဲ့ရရှာသည်။

ယခုတော့ ကြည့်လေ မမျှော်လင့်ဘဲ မိမိရင်မှ ချစ်ရပါသော သားများ ရောက်လာကြလေသောအခါ ပုဏ္ဏားအိုကြီးခမျာ ဖြုန်းခနဲ အံ့သြဝမ်းသာ ကြည်နူးခြင်း ဖြစ်ရပါသည်။

ပုဏ္ဏေးမကြီး ကွယ်လွန်ပြီး နောက်ပိုင်း အရိပ်အယောင်ပင် မမြင်ခဲ့ရလေသော သူ့သားများသည် ယခု ရောက်လာမည့် ရောက်လာကြတော့လည်း မမျှော်လင့်ဘဲ အကြီးဆုံးမှ အငယ်ဆုံး သားထွေးလေးအထိ သားလေးယောက်လုံး စုံစုံလင်လင် တစ်ပြိုင်နက်တည်း ရောက်လာကြလေသည်မို့ သားတို့ရုပ်ရည် သိတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကလေး ကျရုံဖြင့် မိဘတို့ဝမ်း ငြိမ်းစတမ်းတည်းဟု ဆိုသကဲ့သို့ သားများကို ဖြုန်းခနဲ စုံလင်စွာ တွေ့လိုက်ရသည်နှင့် မိမိ၏ ဘဝသဲကန္တာရထဲမှာ အိုအေစစ်ကို တွေ့လိုက်ရသလို ရင်ထဲ ချမ်းမြေ့ပျော်ရွှင် ဝမ်းမြောက်သွားရသည်က ပုဏ္ဏားအိုကြီး သူတို့၏အဖ ဇရာဖိစီး အထီးကျန် ပုဏ္ဏားအိုကြီး။

“အို အဖ ကျန်းခန့်ပါစ၊ အကျွန်ုပ်တို့မှာ စီးပွားရှာရ၊ အိမ်ထောင်တာဝန် တွေကလဲ များလှသဖြင့် အဖထံ စိတ်သာရောက်၍ လူမရောက်နိုင်ခဲ့ပါ အဖ” သားကြီး၏ စကား။

“အဖရယ် အဖကို သားမောင်လေ အလွန်သတိရနေခဲ့ပါတယ်၊ ဒါပေသိ လာမည်လုပ်တိုင်း အလုပ်တွေက ပေါ်လာလိုက်မို့ အဲဒီအလုပ်တွေကို အမြန်အပြီးသတ်ပြီး အဖထံ ကြိုးစားပမ်းစား အရောက်လာခဲ့ရတာပါ အဖရယ်” သားလတ်၏ အပြော။

“အဖကို အခုလို ကျန်းကျန်းမာမာတွေ့ရလေတော့မှပဲ စိတ်ချမ်းသာသွားတော့တယ်၊ သားမောင်လေ အဝေးကနေ ငါ့အဖတစ်ယောက် ကျန်းခန့်သာလို့ မာပါလေစရယ်လို့ စိုးရိမ်နေမိခဲ့ရပါတယ် အဖရယ်” သားငယ်၏ နှုတ်ခွန်းဆက်စကား။

“ဒီမှာအဖ သားထွေးလေ အဖ တစ်ယောက် ဘယ်လိုနေလို့ ဘယ်လို ထိုင်ရှာပါလိမ့်မည်လဲ၊ အိမ်မှာ တစ်ယောက်ထီးတည်း နေလို့ကော အဆင်မှ ပြေပါလေစ၊ အခက်အခဲ တစ်စုံတစ်ရာများ ဖြစ်နေလေရော့သလားလို့ အဖ အတွက်အမြဲတမ်း တွေးပူနေခဲ့ရတာ အဲသဟာကြောင့်လဲ ယခု အဖထံကို မရောက်ရောက်အောင် ကြိုးစားပြီး လာခဲ့တာပါ အဖ” အငယ်ဆုံးသားထွေး၏ လောကဝတ်စကား။

သားတို့ကို မမျှော်လင့်ဘဲ ယခုလို တစ်စုတစ်ဝေးကြီး တွေ့မြင်ရပြီး သားတို့၏ အကြင်နာစကားများကို ကြားလိုက်ရလေသောအခါ ပုဏ္ဏားအိုကြီးခမျာ ရင်မှာချမ်းမြေ့ ဝမ်းသာပီတိ တွေဖြာလျက် ပုဏ္ဏားအိုကြီး မျက်နှာ တစ်ခုလုံး အပြုံးများဖြင့် ဝေဆာနေရှာပါသည်။

“အို သားမောင်တို့ကို ယခုလို ကျန်းကျန်းမာမာနှင့် စုံစုံညီညီတွေ့လိုက်ရသည်ကိုပဲ အဖ ဝမ်းသာလှပါပြီကွယ်၊ အဖကလဲ သားမောင်တို့ မိသားစုတွေ အားလုံး ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးနေသည်မှာ နေ့စဉ်ပါပဲကွယ်”

ဤသို့ ဤနှယ် သားအဖတွေ အပြန်အလှန် ကြင်နာယုယ ချွန်းတုံ့စကားတွေဆိုနေကြရင်းမှ သားလေးယောက်က အဖပုဏ္ဏားကြီးကို ဝိုင်း၍ ခြေဆုပ်လက်နယ်များ ပြုပေးကြလေသောအခါ. . .

‘ငါလောက် သားသမီးတို့၏ ချမ်းသာသုခကို ခံစားရသူ ဤဇမ္ဗူတွင် ရှိသေးရဲ့လား’ ဟူသော အတွေးများပင် ပုဏ္ဏားအိုကြီးစိတ်ထဲ ပေါ်ပေါက်လို့ လာရှာပါသည်၊

“ကြော် ဒါနဲ့ ဒီမှာအဖ၊ အဖ လဲ ယခု ဇရာဖိစီး အသက်ကကြီးလာပါပြီ၊ အဲသဟာကြောင့် ယခုလို အခေါင် ယောက်အထီးတည်း နေနေသည်ကို သားမောင်တို့ စိတ်မချနိုင်ပါဘူး အဖ အဲသည်လို စိတ်မချပေမင့် အဖထံကို လဲ သားမောင်တို့က ခဏ ခဏ မလာနိုင်ပါ၊ ထို့ကြောင့် ဤအတိုင်း အဖတစ်ယောက်တည်းနေလျှင် သားမောင်တို့မှာ အဖအတွက် အမြဲလိုလို စိုးရိမ်ပူပင်နေကြရမှာပါပဲ အဖ။

သို့ကမို့ကြောင့် သားမောင်တို့အားလုံး စုဝေးတိုင်ပင်ထားကြသည်ကတော့ အဖအနေဖြင့် ယခု အထီးတည်းနေမည့်အစား သားမောင်တို့လေးယောက်အနက် မည်သူ့နှင့်နေနေ အဖနေ၍ရပါတယ်။

သို့မှလည်း အဖကို သားမောင်တို့က အနီးကပ် ပြုစုစောင့်ရှောက်လုပ်ကျွေးနိုင်ကြမည်ဖြစ်ပါတယ်၊ နောက်ပြီး အဖထံမှာ ငွေအသပြာလေးသိန်းကလဲ ရှိနေသေးသည်မို့ အဖတစ်ဦးတည်း ဆိုလျှင်ဖြင့် ရန်သူမျိုးငါးပါးဘေးအတွက် စိုးရိမ်နေရဦးမယ် ဖြစ်ပါတယ်။

အဲသဟာကြောင့် ထိုအသပြာလေးသိန်းကိုလည်း သားမောင်တို့ လေးယောက် အညီအမျှခွဲဝေပေးပြီး အဖက တော့ ခုနင်က သားမောင်ပြောခဲ့သလို သားမောင်တို့နှင့် အတူလိုက်နေပါက အဖအတွက် ပိုကောင်းလိမ့်မည်ဟု သားမောင်ထင်ပါသည် အဖ”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် အဲဖရယ်၊ အစ်ကို ကြီးပြောသလိုပါပဲ အဖတစ်ယောက် တည်း နေနေတာကို သားခေါင်တို့အား လုံးမည်သူမှ စိတ်မချပါ။

သဟာကြောင့် အမှောရှိသည့် ငွေအသပြာလေးသိန်းကို သားခေါင်တို့ အား ခွဲဝေပေးလိုက်ပြီး အဖက သား ခေါင်တို့နှင့် အတူတူ ထိုင်နေပါက သားခေါင်တို့ရဲ့ အဖကို အမြဲတမ်းပြု စုလုပ်ကျွေးနိုင်မယ် အဖနှင့် အဖ ငွေကြေးအသပြာတွေလည်း လုံခြုံ စိတ်ချရမှာရည် မဟုတ်ပါလား အဖ"

ဤသို့ဖြင့် သားတို့၏ အပြော အဆို အပြုအစု အယုအယတို့၌ သာ ယာနေမိသော ပုဏ္ဏားအိုကြီးခမျာမှာ အကြီးဆုံးသား၏ ဦးဆောင်ပြောဆိုမှု နောက်ကလိုက်၍ ဇာတ်တိုက်ထားကြ သည့်အတိုင်း ကျန်သားများကလည်း အလိုက်အထိုက် ဝိုင်းဝန်းပြောဆိုကြ လေသောအခါ နဂိုမူလကပင် မိမိ၏ တစ်ကိုယ်တည်း အထီးကျန်ဘဝကို ငြီးငွေ့နေရှာသော ပုဏ္ဏားအိုကြီးသည် သားများ အပြောကောင်းသဖြင့် ယုံမှတ် လျက် နောက်ဆုံးရှိရှိသမျှသော အသ ပြာ လေးသိန်းနှင့် ဥစ္စာပစ္စည်းအားလုံး တို့ကို သားလေးယောက်အား အညီ အမျှ ခွဲဝေပုံအပ်လိုက်လေတော့သည်။

✦

"ဒီမယ် ပုဏ္ဏားအိုကြီး၊ သင် လူအိုကြီးသည် အမွေပစ္စည်း ငွေကြေး အသပြာများခွဲဝေပေးစဉ်က သားအကြီး ဆုံးရယ်လို့ ဥစ္စာအသပြာ တစ်ရာ တစ် ထောင် တစ်သိန်း တစ်စေ့ ပိုပေးခဲ့ပါ သလား၊ သားလေးယောက် ရှိသဖြင့် အားလုံးကို အညီအမျှသာ ခွဲဝေပေးခဲ့ သည် မဟုတ်ပါသလော။

ယခုတော့ အကျွန်မတို့ လင် သားက တစ်ပြား တစ်ချပ်မျှ အပိုမရ ပါဘဲလျက် သင်ပုဏ္ဏားအိုကြီးကို လုပ် ကျွေးနေရပါပကော။ အခြားသားများ အိမ်သို့ မသွားတော့ပါပြီလော၊ အကျွန် မတို့ကတော့ တစ်ပြားမှ ပိုမရသဖြင့် တစ်ရက်မှ သင့်ကို မကြည့်ဖြူနိုင်တော့ ပါချေ။ သဟာကြောင့် အခြားသို့သွားပါ လေဦးတော့"

ပုဏ္ဏားအိုကြီးသည် မိမိ၌ ရှိရှိ သမျှ အသပြာလေးသိန်းနှင့် ဥစ္စာပစ္စည်း ရှိသမျှကို မိမိဝတ်ရန် အဝတ်အစား နှစ်စုံသာချန်လှပ်၍ သားတို့ကို ကြီးမား သော ခင်ခြင်း ချစ်ခြင်းမေတ္တာဖြင့် ခွဲဝေ ပေးအပ်လိုက်ပြီးနောက် သားအကြီး ဆုံးဖြစ်သူ ဖိုးမိုးယုံကြည်အားထားကာ ဦးစွာ သားကြီးအိမ်၌ လိုက်၍နေထိုင်ခဲ့သည်။

ရောက်ခါစ၌ကား ပူပူနွေးနွေး ပေးကမ်းထားသော အသပြာ ဥစ္စာများ ၏ မျက်နှာကြောင့် သားရော ချွေးမပါ မျက်နှာချိုစွာ သဲသာသာဖြင့် ရှိသေစွာ ပြုစုလုပ်ကျွေးကြ၏။

သို့သော် ရောက်၍မှ မကြာ သေးဟု ဆိုရလောက်သည့် ရက်ပိုင်းက လေးမျှသာသော အခါကာလ တစ်ခု သော နံနက်ပိုင်း၌ ရေချိုးပြီး၍ ပြန်လာ သော ပုဏ္ဏားအိုကြီးအား ချွေးမလုပ်သူ က မျက်နှာကို ရှစ်ခေါက်ချိုးလျက် အသံမာမာ မျက်နှာနေ မျက်နှာထားနှင့် ဆီး၍ ပြောလာလေသောအခါ ပုဏ္ဏား အိုကြီးရင်ထဲ နင့်ခနဲနေအောင် ခံစား လိုက်ရသည်။

သို့နှင့် သားဖြစ်သူကို လှမ်း ကြည့်လိုက်တော့လည်း နဂိုမဆွကပင် လင်မယားနှစ်ယောက် တိုင်ပင်ထားပြီး မှ လုပ်ဆောင်လေခြင်းဖြစ်သမို့ ဤမျှ မယားဖြစ်သူက အသံမာမာ စွာကျယ် ကျယ်ဖြင့် အဖဖြစ်သူကို စော်ကား မော်ကား ရိုင်းပျစွာပြောဆိုနေသည်ကို ပင် မသိကျိုးကျွန်ပြုနေ၏။

ပုဏ္ဏားအိုကြီး ချက်ခနဲသဘော ပေါက်လိုက်သည်။ သင်းတို့သည် မင်း သားခေါင်းဆောင်းထားသော ရက္ခိုက် ဘီလူးများပေတည်း။ ယခုတော့ သင်းတို့ ဆောင်းထားသော မင်းသားခေါင်းစွပ်ကို ချွတ်၍ သင်းတို့၏ဇာတိရုပ်မှန်ကို ပြ လိုက်လေပြီဟု စိတ်ထဲက တွေးလိုက်၏။

"ဟယ် အယုတ်တမာမ၊ ကျေး ဇူးကို မသိတတ်လေသော မိန်းမယုတ် နင်တို့ ပျက်စီးလေလော" ဟု စိတ်ဆိုး မာန်ဆိုးဖြင့် ကျိန်ဆဲ မြည်တွန်ကာ ပုဏ္ဏားအိုကြီးသည် သားကြီးအိမ်တို ကျောခိုင်း ထွက်ခွာလာခဲ့တော့၏။

ကိစ္စမရှိ။ သူ့မှာ သား တစ် ယောက်တည်း ရှိသည်မဟုတ်။ အခြား သား သုံးယောက် ရှိနေသေးသည် မဟုတ်ပါလား။ သားအငယ်သုံးယောက် ကတော့ သူ့အပေါ် ရက်စက်ကြလိမ့် မည် မဟုတ်။

သားကြီးနှင့် ချွေးမကြီးတို့လို တော့ ပစ်ပစ်ခါခါ လုပ်ကြလိမ့်မည် မဟုတ်ဟု သူယုံကြည်သည်လေ။

သို့သော် ပြောမယုံ ကြုံမှသိ ဘိသကဲ့သို့ပင် ဖဝါးလက်နှစ်လုံး ပ လက်နှစ်သစ် လူဖြစ်စမှ ချိန်တန်ရွ ရောက် လူလားမြောက်၍ အိမ်ထော များ အသီးသီးကျသွားသည့်အထိ သ လေးယောက်လုံးကို ပြုစုစောင့်ရှော ကျွေးမွေးခဲ့သည့်အပြင် ဥစ္စာပစ္စည် အရင်းအနှီးများပါ ခွဲဝေထောက်ပံ့ ပေ ကမ်းခဲ့သော တစ်ဦးတည်းသော ဖခ အိုကြီးကို သားလေးယောက်လုံးက မကြည်ဖြူ မထောက်ပံ့ ပြုစုလုပ်ကျွေ လိုခြင်း အလျှင်းမရှိသည်ကို နောက်ဆုံး တွင် ပုဏ္ဏားအိုကြီး နားလည်သဘော ပေါက်ခဲ့ရပါတော့သည်။

သားကြီးအိမ်မှ ဆင်းလာ ကျန်သားငယ် သုံးဦး၏ အိမ်များသို့ အသီးသီးလှည့်၍ နေထိုင်ခဲ့ပါသေ လည်း အတူတူနှင့် အနူနူဆိုသလို ထူ မခြားနား သားအားလုံးက သူ့ကို ကြည် ဖြူစွာ လက်ခံလိုခြင်းမရှိကြ။

သည်လိုနှင့် ပုဏ္ဏားအိုကြီးခမျ အဝတ်ဖြူဝတ်ကာ ပရိဗိုဇ်အသွင်ဖြ တောင်းရမ်းသည်ပဲဆိုဆို၊ အလှူခံသည် ဟုပဲပြောပြော ခိုကိုးရာမဲ့ဘဝဖြင့် အ တကာ လည်လျက် မိမိဝမ်းရေးအတ ကြံစည်လုပ်ဆောင်ရရှာပါတော့သည် ဤသို့ဖြင့် အချိန်အခါတွေ ကွွန်မြော





www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်ကလည်း ထောက်လာကြသည့်အပြင် အိုကြီးအိုမ ချိန်ခါကျ ... အနေဆင်းရဲ၊ အစား ဆင်းရဲလှသဖြင့် စိတ်နှလုံးပင်ပန်း အားအင်တွေလည်း ကုန်ခန်းညှိုးနွမ်းလာသည်။

သို့ဖြစ်သည်နှင့်အညီ ပုဏ္ဏားကြီးသည် မိမိ၏ရှေ့ရေးကို မျှော်တွေးတွက်ဆကြည့်လိုက်မိသည်။ ထိုအခါ တွေးလေတွေးလေ မိမိဘဝရှေ့ရေးက မသေချာ မရေရာ။ အားကိုးစရာမမြင်။

မိမိ၏သားအရင်းခေါက်ခေါက်လေးယောက်ကပင် မကြည်မဖြူ ငြူစူလေကြမှတော့ မိမိအနေဖြင့် မည်သူ့ကို အားကိုး၍ ရပါတော့မည်နည်း။

ထိုရောအခါ ပုဏ္ဏားအိုကြီးသည် အရပ်ရှစ်မျက်နှာကို မှန်း၍ အားကိုးအားထားရာကို မှန်းဆဖွေရှာမိသည်။ ထိုအခါ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်ကို သူသတိရလာမိသည်။

ထိုသို့ သတိရမိသည့် ခဏ၌ သူမြင်တွေ့ဖူးလိုက်သော သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီးငယ်တို့နှင့် ပြည့်စုံလျက် တင့်တယ်သပ္ပါယ်လှသော ဘုရားရှင်၏ အသွင်ကို သူ့အာရုံ၌ ထင်မြင်လာသည်။

ထိုအခါ ပုဏ္ဏားအိုကြီးသည်. .

"ရဟန်းရှင်ကြီး ဂေါတမသည် မေတ္တာကရုဏာကြီးမားသော သွင်ပြင်မှုရာရှိ၏။ မျက်နှာချိုသာ၏။ စကားပြောလျှင်လည်း နူးညံ့သိမ်မွေ့လှ၏။

ငါသည် ထိုအရှင်ဂေါတမထံ သွားရောက်ချဉ်းကပ်ရပါမူကား တစ်စုံတစ်ရာသော စောင့်ရှောက်ကူညီမှုကို ရပေလိမ့်"

ဟု တွေးတောမိကာ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဘုရားရှင်ကို ဖူးမြော်၏။ ထို့နောက် မိမိ၏ဘဝအကြောင်းမကောင်းလှပုံ အလုံးစုံကို အကုန်အစင် လျှောက်ထားလိုက်ရှာလေသည်။

ထိုအခါ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား သံသရာ ဝဋ်ဆင်းရဲအပေါင်းတို့မှ လွတ်ကင်းအောင်ပင်လျှင် ဟောပြောဆုံးမ နည်းလမ်းပြ၍ ကယ်မတော်မူလေ့ရှိသော မဟာကရုဏာတော်ရှင် မဟာမေတ္တာတော်ရှင် ဗုဒ္ဓမြတ်စွာဘုရားသည် ပုဏ္ဏားအိုကြီးတို့နှင့် မျိုးတူဇာတိတူ ပုဏ္ဏားမျိုးများ စုဝေးရာ အစည်းအဝေးသဘင်၌ ရွတ်ဆိုပြရန် ဂါထာတစ်ပုဒ်အား ဟောဖော်မြွက်ကြားပေးသနားတော်မူလိုက်သည်၊

ပုဏ္ဏားအိုကြီးလည်း ဘုရားရှင် သင်ပေးလိုက်သော ထိုဂါထာကို အမိအရ သေချာစွာသင်ယူလေ့ကျက်ခဲ့၏။ ထို့နောက် များမကြာမီ လူအများစုဝေးတက်ရောက်နေကြသည့် လူစုလူဝေး အစည်းအဝေးပွဲသို့ ပုဏ္ဏားကြီးသွားရောက်ခဲ့သည်။

ထိုလူထုစည်းဝေးပွဲကြီး၌ သူ၏ သားလေးယောက်တို့လည်း ဝတ်စားတန်ဆာကောင်းများ ဆင်ယင်လျက် ရောက်ရှိနေကြလေသည်။

သို့ရာတွင် ထိုစည်းဝေးပွဲ သဘင်သို့ သူတို့၏ဖခင် ပုဏ္ဏားအိုကြီးရောက်လာသောအခါ မမြင်ချင်ယောင်ဆောင်ကာ မသိကျိုးကျွန်ပြုနေကြလေသည်။

"အစည်းအဝေး အကြီးအကဲ သဘာပတိ လူကြီးမင်းနှင့်တကွ အစည်းအဝေး သဘင်မွဲလာ မင်းပရိသတ်အပေါင်းတို့ အကျွန်အား အခွင့်ပေးသနားသောအားဖြင့် ဂါထာအချို့အား ရွတ်ဆိုတင်ပြခွင့်ပြုပါရန် တောင်းပန်အပ်ပါသည် အချင်းတို့"

ပုဏ္ဏားအိုကြီးက လူအများကြားမှ တုန်တုန်ချည့်ချည့်ဖြင့် ရပ်လိုက်ကာ ထိုသို့ အခွင့်တောင်းလိုက်ရာ အစည်းအဝေးပွဲလာ ပရိသတ်ပေါင်းတို့က ပုဏ္ဏားအိုကြီး မည်သို့သော ဂါထာများ ရွတ်ဆိုပါလိမ့်မည်နည်းဟု သိလိုကြသည့်အပြင် ပုဏ္ဏားကြီး၏ အသက်အရွယ်ကိုလည်း ထောက်ထားကြလျက် ဂါထာရွတ်ဆိုခွင့် ပြုလိုက်ကြသည်။

အခွင့်ရသည်နှင့် တစ်ပြိုင်နက် ပုဏ္ဏားအိုကြီးသည် ဘုရားရှင်သင်ပေးလိုက်သော အောက်ပါဂါထာတို့ကို ရွတ်ဆိုလိုက်လေတော့၏။

"အကြင်သားတို့ကြောင့် တွေ့မြင်နှစ်သက်ဝမ်းမြောက်ခဲ့ရ၏။ အကြင်သားတို့၏ ကြီးပွားခြင်းကို အလိုရှိခဲ့၏၊ ခွေးတို့သည် ဝက်ကို ဟောင်၍ နှင်ထုတ်ကြသကဲ့သို့ ထိုသားတို့သည် မယားတို့နှင့် တိုင်ပင်ကာ ငါ့ကို နှင်ထုတ်ကြကုန်၏"

"သူတော်မဟုတ် ယုတ်မာသော ရက်စက်တို့သည် အရွယ်လွန်သော ငါ့ကို ဖွစ်ယောင်တကား၊ အိုမင်းပြီဖြစ်၍ အသုံးမတော့သောမြင်းကို အစာမကျွေးဘဲ ဝယ်ထားဘိသကဲ့သို့ သူ့ငယ်တို့၏ ဖခင်အိုသည် သူတစ်ပါးထံ၌ တောင်းစားနေရ၏"

"ငါ၏ လက်စွဲတောင်ဝှေးသည်ကား မြတ်သေး၏၊ ငါ့ကို ရိုသေလေးစားခြင်းမရှိသော သားတို့ကား မမြတ်ကုန်၊ တောင်ဝှေးသည် ကြမ်းတမ်းသော နွားကိုလည်း တားမြစ်နိုင်၏၊ ထို့အပြင် ကြမ်းတမ်းသော ခွေးကိုလည်း တားမြစ်နိုင်၏"

"တောင်ဝှေးသည် မှောက်မိုက်ထဲ၌ ရှေ့ဆောင်လမ်းပြဖြစ်၏၊ နက်သောရေ၌ ဆောက်တည်ရာရ၏၊ ချော်လဲသော်လည်း တောင်ဝှေး၏ စွမ်းအားဖြင့် ပြန်၍ ရပ်တည်နိုင်၏၊ ထို့ကြောင့် တောင်ဝှေးသည် သားတို့ထက် မြတ်သေး၏"

ဘုရားရှင် သင်ပေးလိုက်သော ဂါထာတို့ကို ရွတ်နေသော ပုဏ္ဏားကြီး၏ အသံသည် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ အားငယ်ခြင်းစသော ခံစားချက်တို့ပေါ် လွင်နေသည်ကို ပရိသတ်အပေါင်းတို့ မျှဝေခံစားမိကြ၏။

ပုဏ္ဏားကြီး၏ အသံသည် တုန်ရီတိမ်ဝင်နေ၏။ သူ၏ မျက်ဝန်းအစုံမှလည်း မျက်ရည်တို့ဖြင့် ရီဝေနေရှာ၏။ ထို့နောက် မျက်ရည်စတို့သည် ပုဏ္ဏားကြီး၏ ပါးပြင်များပေါ်သို့ တအိအိစီး

www.burmeseclassic.com

တွဲရရွဲကျလာကြ၏။ ပုဏ္ဏားကြီး၏ ဂါထာရွတ်ဆိုမှု ပြီးဆုံးသွားသည်နှင့် ငြိမ်သက်နေသော အစည်းအဝေးကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

**ခေါင်အိုကြီးအား ဟောက်လျှ ရွတ်ပယ်ထားကြသော သားလေးယောက်တို့၏ ကျေးဇူးကန်းသော ကျေးဇူးမဲ့သော မိုက်မဲမှုတို့ကို သဘောပေါက်သိနားလည်သွားကြလေပြီ ဖြစ်သော အစည်းအဝေး လူပရိသတ်အပေါင်းတို့သည် သားမိုက်လေးယောက်အား များစွာ စိတ်ဆိုးကုန်ကြတော့၏။**

**အကြောင်းမူကား** ထိုအစည်း**အဝေးသဘင်၌** မိဘများကို ပြုစုလုပ်**ကျွေးခြင်းမရှိ** ပစ်ပယ်ထားသော သားဆိုး သမီးဆိုးတို့ကို လူအများက အပြစ်ပေး သတ်ပစ်ကြစတမ်းဟူသော ဥပဒေကျင့်ဝတ်တစ်ခု သတ်မှတ်ထားရှိကြသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် အဖအိုကြီးထံမှ ဥစ္စာပစ္စည်းများအားသွေးဆောင်ဖျားယောင်းရယူထားပြီးနောက် ကျွေးမွေး ပြုစုခြင်းမရှိ ပစ်ပယ်ထားသော သားမိုက်ပုဏ္ဏားလေးယောက်တို့ကို လူပရိသတ်ကြီးက အစဉ်အလာထုံးဓလေ့ဥပဒေနှင့်အညီ သတ်ဖြတ်မည်ပြုကြတော့၏။

"အို အဖ၊ သားမောင်တို့ကို ကယ်ပါဦးအဖ၊ အဖမှ မကယ်လျှင် သားမောင်တို့အားလုံး သေရပါတော့မည်၊ သားမောင်တို့ မှားမှန်းသိပါပြီ အဖ၊ အဖကို သားမောင်တို့အားလုံး တောင်းပန်ပါတယ် အဖရယ်၊ ကယ်ပါဦး"

အစည်းအဝေးလာ လူအပေါင်းတို့က ဖမ်းဆီး သတ်ဖြတ်ရန် ပြုကြလေသောအခါ သားမိုက်လေးယောက်တို့ အဖပုဏ္ဏားကြီး၏ ခြေရင်းတွင် ဝပ်စင်း၍ ရှိခိုးတောင်းပန်ကြလေတော့သည်။ သူတို့အားလုံး ကြောက်လွန်း၍ တုန်လှုပ်ချောက်ချားနေကြသည်။

ဝိဇကို၏ မေတ္တာတရားကြီးအား [illegible] ကြောင် မြင်း[illegible]ကောင် [illegible] ရှုပ်မိဘများဟု

လောကဦး ဆိုစမှတ်ပြုနေကြခြင်းပင်။

ယခုလည်း မိမိထံမှ အသပြာဥစ္စာပစ္စည်းရှိရှိသမျှတို့ကို ဥပါယ်တံမျဉ်ဖြင့် ကြံစည်အားထုတ်၍ ရလေပြီးသောအခါကျမှ ရက်ရက်စက်စက် ပစ်ပယ်ထားရက်ခဲ့ကြသော သားဆိုးသားမိုက်များ တကယ်တမ်း အသတ်ခံရမည်ကိုတွေ့ရသောအခါ ဖခင် ပုဏ္ဏားအိုကြီးခမျာ မကြည့်ရက် မရှုရက် ကရုဏာသက်လှကာ သားတို့အပေါ် တွယ်တာချစ်ခင်သော ဖခင်တစ်ယောက်၏ ကြီးမားလှသော မေတ္တာကြောင့် သူ့သားများကို သတ်မည်ဖြတ်မည် တကဲကဲပြုလုပ်နေသော လူပရိသတ်တို့ကိုတောင်းပန်ခယ တားမြစ်ပေးရှာပါသည်။

"အို အဖ သားမောင်တို့များစွာ မှားယွင်းခဲ့ကြ၊ ပစ်မှားမိခဲ့ကြပါတယ်၊ သားမောင်တို့အားလုံး အဖ အပေါ် လွန်စွာကြီးလေးသော အပြစ်များကို ပြုမှားမိခဲ့ကြပါပြီ အဖ၊ ယနေ့မှစ၍ သားမောင်တို့အားလုံး အဖကို အိမ်ဦးခန်း၌ထားကာ ကောင်းစွာ အလုပ်အကျွေးပြုကြပါမည်၊ သားမောင်တို့နှင့် တစ်ပါတည်းသာ လိုက်ခဲ့ပါလေတော့ အဖ"

မိမိတို့ ပြုမိမှားမိခဲ့သော အပြစ်များအတွက် နောင်တရ ကြေကွဲဝမ်းနည်းနေကြသော သားလေးယောက်တို့မျက်ရည်တွေ ကျလျှက် အဖအိုကြီးကို ခြေအစုံနမ်း၍ ဦးခိုက်ရှိခိုး တောင်းပန်နေကြသကဲ့သို့ သားတို့ အမြင်မှန်ရ၍ လိမ္မာကုန်သဖြင့် ကြည်နူးဝမ်းသာနေဖြစ်နေသော ပုဏ္ဏားကြီး၏ မျက်ဝန်းအစုံတို့၌လည်း ပီတိမျက်ရည်တွေ ဖြာလျက်ရှိနေရှာပါသည်။

ထိုမြင်ကွင်းကို ကြည့်ရင်း မြင်ရသူ ပရိသတ် အပေါင်းတို့မှာလည်း ကောင်းလေစွ၊ ကောင်းလေစွ ဟု ဝမ်းမြောက်ဝမ်းသာ ပီတိတွေဖြာနေကြလေသည်။

ထိုနေ့က သားလေးယောက်တို့ အဖ ပုဏ္ဏားအိုကြီးကို အင်းပျဉ်ပေါ်

တင်၍ ထမ်းကာ ခေါ်ဆောင်သွားကြပြီးနောက် ကောင်းမွန်ရိုသေစွာ ပြုစုလုပ်ကျွေးကြကုန်၏။

ထို့အပြင် သူတို့၏ သက်ဆိုင်ရာမယားများကိုလည်း အဖပုဏ္ဏားကြီးတို့ကောင်းစွာပြုစုလုပ်ကျွေးခြင်း မပြုလေက ပြင်းထန်စွာ နှိပ်စက်အပြစ်ပေးမည်ဟု ခြိမ်းခြောက်မှာကြား ပြောထားကြလေသေးသည်။

ထိုအခါမှစ၍ ပုဏ္ဏားကြီးသည် ကောင်းမွန် ချမ်းသာစွာနေရလေသည်။

"ယခုအခါ၌ ငါသည် သားတို့ကောင်းစွာ ပြုစုလုပ်ကျွေးကြသဖြင့် ကောင်းစွာ စားသောက်ရ၏၊ ကောင်းစွာနေထိုင်ရ၏၊ ချမ်းသာစွာ အိပ်စက်ရ၏၊ ငါ ဤသို့ ချမ်းသာစွာပြုရခြင်းကားဂေါတမဗုဒ္ဓဘုရားရှင်၏ ကျေးဇူးတော်ကြောင့်တည်း"

ပုဏ္ဏားကြီးသည် ထိုသို့ ဘုရားရှင်၏ ကျေးဇူးအထူးကို သိမြင်နားလည်သည့်အားလျော်စွာ မိမိအတွက် ရရှိသော ပုဆိုးအစုံတို့ကို ဘုရားရှင်ထံ လှူဒါန်း၏။

ထို့အပြင် နေ့စဉ် သားလေးယောက်ထံမှ ရရှိသော ထမင်းအုပ်လေးအုပ်အနက်မှ ထမင်းအုပ်နှစ်အုပ်ကို နေ့စဉ် ဘုရားရှင်သို့ ဆက်ကပ်လှူဒါန်း၏။

ဤသို့ဖြင့် တစ်နေ့သ၌ သားအကြီးဆုံး၏ နေအိမ်တွင် မင်္ဂလာပွဲတစ်ခုရှိရာ ဖခင် ပုဏ္ဏားအိုကြီး၏ ဆန္ဒအရ ဘုရားရှင်အမှူးပြုသော သံဃာအပါး ငါးရာတို့ကို ပင့်ဖိတ်ပြီးလျှင် ရေမရောသော နို့ယနာဆွမ်းနှင့် မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ် အရသာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြလေသည်။

ထိုအခါ ဘုရားရှင်က. . .

"အသင် ဒကာတို့ သင်တို့သည် ကောင်းသောအမှုကို ကောင်းစွာပြုကြပေကုန်၏၊ အမိအဖတို့ကို လုပ်ကျွေးခြင်းကား ရှေးပညာရှိ သူတော်ကောင်းတို့၏ အလေ့အကျင့်ပေတည်း"



www.burmeseclassic.com

www.burmeseclassic.com

ဟုမိန့်မြွက်တော်မူကာ ဘုရားရှင်ဆင်မင်းဘဝက မိခင်ကို လုပ်ကျွေးခဲ့သော ဇာတ်လမ်းဖြစ်သည့် မာတုပေါသက ဇာတ်တော်နှင့် အောက်ပါ ဒေသနာတော်ကို မိန့်မြွက်ဟောကြားတော်မူလေသည်။

"ဓန ပါလောနာမကုဉ္ဇရော၊ ကဋုကဘေဒနော ဒုဂ္ဂ ဝါရယော၊ ဗဒ္ဓေါ ကဗဠံ နဘုဉ္ဇတိ၊ သုသရတိ နာဂဝနဿ ကုဉ္ဇရော"

ပြင်းထန်စွာ အမုန်ယစ်၍ နှိမ်နင်းရန် ခဲယဉ်းသည့် ဓနပါလဆင်ကြီးသည် ဖွဲ့နှောင်ချည်တုပ်ထားခြင်း ခံရသဖြင့် အစားအစာကို မစားနိုင်ပေ။ ဆင်သည် (မိမိနေရာ)ဆင်တော၌သာ စိတ်မွေ့လျော်ပျော်ပိုက်ပေ၏။

မြတ်စွာဘုရားရှင်၏ အထက်ပါ ဒေသနာတော်နှင့် မာတုပေါသက ဇာတ်တော်ကို ဟောကြားတော်မူအပြီး၌ ပုဏ္ဏားအိုကြီးနှင့်တကွ သားများ၊ ချွေးမများအားလုံး သောတာပန်များ ဖြစ်ကုန်ကြလေတော့သည်။

မာတုပိတု ဥပဋ္ဌာန်ပုတ္တဒါရဿ သင်္ဂဟောဟုလည်း လာရှိပေရာ အမိအဖတို့ကို ပြုစုလုပ်ကျွေးခြင်းသည် မင်္ဂလာရှိ၍ ကောင်းမြတ်သောအမူ အရေးသူတော်ကောင်းပညာရှိတို့ ပြုလေ့ရှိသော အလေ့အကျင့်ပါပေတကား။

ဤမမွရသ ဝတ္ထုဇာတ်လမ်းဖြင့် တမ္ဘာပေါ်ရှိ ဖခင်များအားလုံးကို လေးစားစွာ ဂုဏ်ပြုလိုက်ပါသည်။

## ❒ တြိရတနမမွပါလ


ဓမ္မပဒ၊ နာဂဝဂ္ဂ၊ ပုဏ္ဏားအိုနှင့်သားများ ဇာတ်လမ်းကို ခံစားရေးဖွဲ့ပါသည်။





ဇေယျာမြေစာပေတိုက်မှ ဖော်ပြပါ စာအုပ်သစ်များ ထွက်ရှိနေပါသည်။ စာအုပ်ကောင်းများ ဖတ်ရှုလိုသော စာဖတ်ပရိသတ်များ အချိန်မရွေး နီးစပ်ရာ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။ စာအုပ်ဆိုင်များတွင် မရပါက တိုက်သို့လာရောက် ဝယ်ယူနိုင်ပါသည်။ တိုက်အမှတ်-၇၂၄၊ အခန်း (၈) ပထပ်၊ ၁၇x၁၈ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

(ဖုန်း - ၂၅၀၆၆၈။ ၀၉-၃၁၀၆၆၀၇၄)








www.burmeseclassic.com

www.burmeseclassic.com



တွင်းကြီးသားတင်ဝင်းဦး

"ဆရာဒေါင်း ဖုန်းလာနေတယ်" ဟု ပြောလာသဖြင့် စာမူတွေ စစ်ရင်းမှ ဖုန်းရှိရာကို လာခဲ့သည့် ကျွန်တော်။

"ဟယ်လို . . . ကိုဒေါင်းပါ"

"ဩော် ကိုဒေါင်းလား၊ ကျွန်တော် မောင်ညိုပြာပါ၊ တောင်းထားတဲ့ စာမူရပြီ၊ မနေ့ညကမှ ရေးပြီးတာ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အခုပဲ လာပြီး ယူပါ့မယ်"

"စောင့်နေမယ်နော်"

တစ်ဖက်က ပြောရင်း ဖုန်းချသွားသည်။ သည်တော့ စားပွဲဆီပြန်လာ ကုလားထိုင်ဘေး ချိတ်ထားသည့် လွယ်အိတ်ကို ယူလိုက်သည်။

"ဆရာ အရင်ရက်က တောင်းထားတဲ့ ဆရာမောင်ညိုပြာ့ဆီက ဝတ္ထုရပြီတဲ့၊ အဲဒါ သွားယူလိုက်ဦးမယ်"

"သွားလေ၊ ဟန်ကျတာပေါ့"

ကျွန်တော် အယ်ဒီတာချုပ်ကို ပြောရင်း ဆရာမောင်ညိုပြာရှိရာ စမ်းချောင်းသို့ ထွက်ခဲ့သည်။ ကျွန်တော် အလင်းသစ် ရသစုံမဂ္ဂဇင်းမှာ အယ်ဒီတာလုပ်ခဲ့တာ နှစ်နှစ်ကျော်ခဲ့ပြီ။

ကျွန်တော့်အထက်မှာ အယ်ဒီတာချုပ်၊ တာဝန်ခံအယ်ဒီတာနှင့် ကျွန်တော်နှင့်တန်းတူ အယ်ဒီတာတစ်ဦး ရှိသည်။ ပြီးတော့ ကွန်ပျူတာသမား ဒီဇိုင်နာသမား၊ စာအုပ်ဖြန့်ချိရေးသတင်းထောက်တွေ ရှိသည်။

အလင်းသစ်မဂ္ဂဇင်းက တစ်လတစ်ကြိမ်ထုတ် မဂ္ဂဇင်းကြီး၊ အခြားမဂ္ဂဇင်းကြီးများနည်းတူ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုအစုံပါသည်။ ကျန်းမာရေး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကအစ အကြောင်းအရာစုံသည့်မဂ္ဂဇင်း။ပြီးတော့ တစ်လ တစ်လကို ရည်ရွယ်ချက်တစ်ခုနှင့် ဦးတည်သွားသည့် မဂ္ဂဇင်း။

သည်တစ်လ အတွက်တော့ ပညာရေးဦးတည်ချက်နှင့် သွားမည်ဖြစ်သည်။ နိုင်ငံအတွက် ဖြစ်ပေါ်နေသည့် ပညာရေးအကြောင်းကို အခြေခံပြီး



www.burmeseclassic.com

www.burmeseclassic.com

ရေးနိုင်သည်။ ဆောင်းပါးရေးနိုင် ၏ အင်တာဗျူးကိုလည်း ပညာရေး သက်ပြီး ပညာရေးနယ်ပယ်ထဲ ဆရာနှစ်ဦးကို အင်တာဗျူးကြမည် ည်။

စာပေလွတ်လပ်ခွင့်ရပြီမို့ ပညာ ကို ထောက်ပြနိုင်သည်။ ကောင်း လည်းပြော၊ မကောင်းတာလည်း နိုင်သည်။ အပြုသဘောချည်း သတ်နှင့် တင်ပြနိုင်သည့် အခြေ မျိုး။ တိုက်ခိုက်တာမျိုးတော့ ။ သို့ကြောင့် ကဗျာရော ဆောင်း တွေ အင်တာဗျူးတွေသာမက ဝတ္ထု င်လည်း ပညာရေးနှင့် ပတ်သက် စာမူကိုရွေးပြီး တောင်းသည်။ နှင့် တပည့်၊ တပည့်နှင့် ပညာရေး ကြောင်း၊ ဘဝကို အခြေခံရမည်။ တို အခြေခံရမည်ဖြစ်သည်။

အယ်ဒီတာချုပ်ရဲ့ တာဝန်ပေး အရ တောင်းစာမူတွေရခဲ့ပြီ။ ဆရာ င်ညိုပြာ တစ်ဦးတည်းသာ ကျန် သည့်အချိန်၊ ယခု ဆရာ့ထံမှ စာမူ ဆိုတော့ ဝမ်းသာရသည်။

တကယ်တော့ ဆရာမောင်ညို ပြာ နာမည်ကြီး၊ ရသဝတ္ထုရေးရာမှာ ရှင်း ရေးသားနိုင်သည်။ ကွက်ကွက် ကွင်း တင်ပြတတ်သည်။ စာဖတ်သူ ထဲ စွဲမြဲကျန်ရစ်စေသည်အထိ လက် ပြနိုင်သည့်သူ။ နာရီဝက်နီးပါး ကြာ ာ့ ဆရာမောင်ညိုပြာတို့ နေသည့် ရာ ရောက်လာသည်။ သို့ကြောင့် ကားပေါ်က ဆင်း၊ ဆရာတို့ နေရာ ို ခြေကျင်လာခဲ့သည့်ကျွန်တော်။

အအေးခွက်ကို ကျွန်တော့်ထံ ရင်း ဆရာမောင်ညိုပြာက ပေးမည့် မူကို မပေးသေးဘဲ ကိုင်ထားသည်။

"ကိုဒေါင်းတို့ မဂ္ဂဇင်းရဲ့ တစ်လ ချင်း ရည်ရွယ်ချက်က ကောင်းပါတယ်၊ ဲသလို တစ်လချင်း သူ့ရည်ရွယ်ချက် ူ သွားမယ်ဆိုရင် ကဗျာ၊ ဆောင်း ပါး၊ အင်တာဗျူးနဲ့ ဝတ္ထုတွေအထိ ခေတ်အမြင် ခေတ်အတွေးတွေနဲ့ လွတ် လွတ်လပ်လပ် ရေးသားရင်ဖွင့်လို့ သိပ် ပြီး အရသာရှိတာပေါ့ဗျာ၊ ပညာရေးရဲ့ လိုအပ်ချက်တွေပြုပြင်ရမယ့်အကြောင်း အရာတွေကို စေတနာနဲ့ ထောက်ပြ နိုင်တာပေါ့"

"ဟုတ်တဲ့"

"အဲသလို ထောက်ပြပေးမှသာ တာဝန်ရှိသူတွေအနေနဲ့ ပြုပြင်တန်တာ တွေ ပြုပြင်နိုင်ကြမှာပေါ့"

ဆရာမောင်ညိုပြာ့ စကားနား ထောင်ရင်း ကျွန်တော်ခေါင်းညိတ်ပြ လိုက်ပြီး အအေးတစ်ကျိုက်မော့လိုက် သည်။

"ဒီဝတ္ထုကို ဘယ်လိုရေးမလဲ၊ ဘယ်လိုအဆုံးသတ်မလဲဆိုတာအတော် စဉ်းစားရတယ် ကိုဒေါင်းရေ ဝတ္ထုခေါင်း စဉ်ကတော့ ရင်ခွဲကာ ပြလိုက်ချင်ရဲ့တဲ့"

ဆရာကပြောရင်း သူ့စာမူကို ပြန်ဖတ်နေသည်။ ဆရာ့ဝတ္ထုခေါင်းစီး အမည်ကို ကြားရတော့ ကျွန်တော် ကျေနပ်သွားသည်။ ခေါင်းစီးက သိပ် ကောင်းသည်။ ဆွဲဆောင်မှုရှိနေသည် လေ။ ရင်ခွဲကာ ပြလိုက်ချင်ရဲ့တဲ့. . ။

"ဝတ္ထုထဲမှာတော့ ကျောင်းဆရာ မလေး ဖြူဖြူကို အဓိကဇာတ်ကောင် အဖြစ် ရေးထားတာလေ၊ အဲဒီဆရာမ လေးက ပထွေးနဲ့ နေရတယ်၊ ဒါပေမဲ့ ပထွေးကို ဖခင်အရင်းလို သဘောထား ခဲ့သလို ပထွေးဖြစ်သူကလဲ ဖြူဖြူကို သမီးအရင်းလို သတ်မှတ်ခဲ့ပြီး ဖြူဖြူတို့ သားအမိ နှစ်ယောက်အတွက် တပင် တပန်း လုပ်ကိုင်ရှာကျွေးခဲ့ရှာတယ်လေ"

ဆရာမောင်ညိုပြာက ပြောရင်း စကားရပ်သည်။ ဆေးလိပ်အကြမ်း တစ်လိပ်ကို ဖွာရင်း စကားဆက်ပြော သည်။

"ပထွေးဖြစ်သူရဲ့ စေတနာနဲ့ ကြိုးစားမှုကြောင့် ဖြူဖြူဆယ်တန်း အောင်၊ ဘွဲ့ရ နယ်စပ်မှာ ကျောင်းဆရာ မအဖြစ် တာဝန်ကျတဲ့အကြောင်း၊ လစာ နဲ့ မလောက်လို့ အိမ်ကို ငွေမှာရတဲ့ အကြောင်း၊ ပြီးတော့ ဖြူဖြူတာဝန်ကျ တဲ့ရွာကလဲ အလွန်ဆင်းရဲတဲ့ရွာကလေး ဖြစ်တာမို့ တပည့်တွေနဲ့ဆုံရတဲ့အခါတိုင်း ဆင်းရဲတာကို သိထားတဲ့ ဖြူဖြူခမျာ စိတ်ဆင်းရဲရရတဲ့ အကြောင်းပေါ့"

ကျွန်တော် ခေါင်းညိတ် အဖြေ ပေးရင်း မေးမိသည်။

"အဲသလို စိတ်ဆင်းရဲစရာတွေနဲ့ ဖြတ်သန်းခဲ့တဲ့ ဆရာမလေးဖြူဖြူရဲ့ အကြောင်း ဘယ်လို အဆုံးသတ်ထား လဲ ဆရာ"

"ဆရာမလေးမှာ အနေအထိုင် ကဆင်းရဲ အစားအသောက်က ဆင်းရဲ တဲ့အထဲ ဆင်းရဲတဲ့ တပည့်လေးတွေကို ပညာသင်ရင်းနဲ့ ညပိုင်းအချိန်ပို စာပြ ပေးခဲ့ပုံလေးတွေ၊ ကျောင်းမှာ လိုအပ် တာလေးတွေ ထူထောင်ပေးပုံလေးတွေ၊ အလွန့်အလွန် ဆင်းရဲတဲ့ တပည့်လေး တွေအတွက် အဝတ်အစား၊ ကျောင်းသုံး ပစ္စည်းကအစ လစာငွေထဲက စိုက်ဝယ် ပေးရတဲ့ ပုံလေးတွေကို ပြခဲ့တယ်လေ"

"ဆရာတစ်ဦးမှာ ရှိသင့်တဲ့ နာ သုံးနာဆိုတဲ့ ပေးဆပ်ခြင်းတရားတွေနဲ့ သက်သေပြနေတဲ့ သဘောပေါ့"

"ဟုတ်တယ် ကိုဒေါင်း၊ အဲသလို နဲ့ အဲဒီရွာမှာ အဲသလို ဒုက္ခတွေနဲ့ နပန်း လုံး ရုန်းကန်ရင်းနဲ့ တခြားတစ်ရွာကို ပြောင်းရမယ့်နှစ်မှာ ဆင်းရဲလွန်းတဲ့ တပည့်မလေးတစ်ဦးဟာ လေးတန်း အောင်အပြီး ငါးတန်းဆက် မတက်နိုင် တာကို သိရလို့ ဆရာမ ဖြူဖြူခမျာ သူပိုင်တဲ့ နားကပ်လေးရောင်းပြီး ပညာ သင်စရိတ်ပေးခဲ့ပုံလေးနဲ့ အဆုံးသတ် ထားတာလေ"

ကျွန်တော့် အနေဖြင့် ဆရာ မောင်ညိုပြာ၏ ဝတ္ထုတို အတတ်ပညာ ကို ချီးကျူးမဆုံးတော့။ ကျွန်တော့် သဘောအရဆိုလျှင် ဆရာမလေး တစ် ရွာပြောင်းသွားမည်။ နှုတ်ဆက်ရင်း ဝမ်းနည်းမှုတွေနှင့် တစ်ရွာလုံး ကျန်ရစ် မည်။ ဆရာနှင့် တပည့် သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာနှင့် ရှာသူ ရှာသားတွေရဲ့ သိမ်မွေ့သော စည်းစည်းလုံးလုံး မော်ဂျုံကြီးမှလောက်သာမြို့ ဝတ္တု ဇာတ်သိမ်းလေသည်။

ယခုတော့ ဆရာမောင်ညိုပြာ က ဆရာမလေးရဲ့ မေတ္တာစေတနာတွေ ထည့်ပြီးရှင် နယ်တွေမှာ ဒီလောက် ကောင်း ဆင်းရဲတဲ့ မိသားစုတွေ ရှိနေ တယ်။ ဆင်းရဲမွဲတေတဲ့ ကျောင်းနေတတ် နိုင်တဲ့ ကျောင်းသား ကျောင်းသူတွေ ရှိနေတယ်ဆိုတာကို ပြောရေးရဲ့ ထပ် သတိပြီး တာဝန်ရှိသူတွေ သိအောင် ရေးပြထားသည်ဟု လက်ခံလိုက်သူက ကျွန်တော်။

"ကောင်းတယ် ဆရာရယ်၊ ခေါင်းစဉ်ကလဲ လှ၊ အကြောင်းအရာ ကလဲကောင်း၊ အယ်ဒီတာချုပ်ကတော့ တအားကြိုက်မှာပဲ"

"တစ်ချိန်တုန်းကတော့ တောင်း စားတဲ့ ကလေးအကြောင်းတို့၊ ဆင်းရဲလို့ ဇကျောင်းမလိုက်နိုင်တာတို့၊ ပြီးတော့ ကျောင်းသားအရွယ်မှာ ဆေးလိပ် သောက်၊ ကွမ်းစားတာ၊ အရက်၊ ထန်း ရည်သောက်တာတို့၊ ရည်းစားထားတာ တို့ရေးရင် သိပ်ပြီး လက်က မရဲဘူးလေ၊ ခွင့်မပြုတာတွေ ရှိခဲ့တာကိုး၊ အခုတော့ ရေးရဲလာပြီလေ၊ ကောင်းပါတယ်။ အဲသလို အမှန်ကို အမှန်အတိုင်းရေးပြီး တင်ပြခွင့်ရတာကိုက သိပ်ကောင်းနေပြီ လို့ ပြောချင်တယ် ကိုဒေါင်းရေ၊ ကဲ ရော့"

ဆရာမောင်ညိုပြာက ပြောရင်း စာမူကိုပေးသည်။ ထုံးစံအတိုင်း လက် ရေးခပ်ကျဲကျဲနှင့် ရေးထားသည့် စာလုံး များကို ကြည့်ရင်း ကျေနပ်နေမိသည်။ နောက်တွင် ဆရာမောင်ညိုပြာ ကို နှုတ်ဆက်သည်။

"ဆရာခွင့်ပြုပါဦး၊ စာမူကို ကွန် ပျူတာစီရမှာရယ်၊ သရုပ်ဖော်အပ်ရမှာ ရယ်က ရှိသေးတာ"

"ကောင်းပြီ ကိုဒေါင်း"

ကျွန်တော် ဆရာမောင်ညိုပြာ ကို နှုတ်ဆက်ပြန်ခဲ့သည်။ အပြန်လမ်း မှာတော့ ဆရာမောင်ညိုပြာရဲ့ ဝတ္ထု အမည်လှလှလေးနှင့် ဝတ္ထုထဲက မေတ္တာ ရှင်၊ စေတနာရှင် ဆရာမလေး ဖြူဖြူ အကြောင်းတို့က အရိပ်လို လိုက်နေ သည်က ကျွန်တော့်နှလုံးသား ဗဟိုချက် မ တစ်နေရာမှာ။

ရင်ခွဲက ပြုလိုက်ချင်ရဲ့ . . တဲ့။

ပေးဆပ်မှုတွေနဲ့ ဆရာမဆိုတဲ့ ဂုဏ်ပုဒ်ကိုထိန်းရင်း ဆရာပီသတဲ့ ဆရာ လေး ဖြူဖြူရယ်။

ဆရာ မောင်ညိုပြာရဲ့ ဝတ္ထု အကြောင်းအရာထဲ စီးမျောနေမိသည့် ကျွန်တော့်နှလုံးသားထဲမှာတော့ အပျော် တွေက အသင်္ချေအနန္တ။

တိုက်ကိုပြန်ရောက်တော့ အယ် ဒီတာချုပ်လက်ထဲ စာမူကို ထည့်သည်။ အယ်ဒီတာချုပ်က ဖတ်ကြည့်ပြီး ကွန် ပျူတာ စီသည်။ တစ်နာရီပင် မကြာ။ ကွန်ပျူတာ စီပြီးသွားသည်။

"ကိုဒေါင်း"

"ဗျာ. . ဆရာ"

"သရုပ်ဖော်ပုံ သွားအပ်ပေးဦး ဗျာ"

"ဟုတ်ကဲ့ ဆရာ"

ကွန်ပျူတာစီပြီးသည့် မူရင်း စာမူကို မိတ္တူတစ်စုံကူးပြီး ပန်းချီဆရာ တစ်ဦးထံ သရုပ်ဖော်အပ်ဖို့ ထွက်လာ သည့် ကျွန်တော်။ ကားမှတ်တိုင်ကို လာ ခဲ့သည်။ မှတ်တိုင်အနီးရှိ ကွမ်းယာဆိုင် မှာ ကွမ်းဝယ်သည်။ အမှတ်မထင်ဘဲ သတိထားမိသည်က ကျွန်တော့်ဗိုက်၊ ကျွန်တော့် အစာအိမ်။

ထုံးစံအတိုင်းပင် အစာအိမ်က အရှက်မရှိဆန္ဒပြလာသည်။ ဆာလောင် မှုဟူသည့် တောင်းဆိုမှုက ကျွန်တော့် စိတ်ကိုနှိုးဆွလာသည်က သေချာသည်။ သည်တော့ မဂ္ဂဇင်းတိုက်ရှေ့နားရှိ ထမင်းဆိုင်ဆီ လှမ်းကြည့်မိသည်။

အရင်ရက်တွေကတော့ တစ်ခါ တလေ အဲဒီလမ်းဘေးဆိုင်မှာ စားဖူး သည်။ တစ်ခါပြင် ဘာဟင်းနဲ့ပဲ စား... ခုနစ်ရာကုန်ရင် ဝ,သွားပြီ။ ဒီတ... တော့ မစားလိုတော့။ ဆာလာပြီ... သည့် အာသီသဆန္ဒကို ချုပ်တည်း... လိုင်းကားပေါ် တက်ခဲ့သည်။

ဆရာဝသုန်ဆီသွားရမှာက ... သည်။ ပြီးတော့ လတ်တလော စား... ကျ ထမင်းဆိုင်မှာ မစားတာကလည်း... အကြောင်းရှိသည်။ နှစ်နာရီနီးပါး လို... ကားနှင့်သွားမှ ရောက်မည့်ခရီး။

ပြီးတော့ နေကစောင်းပြီ။ န... ကြည့်တော့ နှစ်နာရီ ထိုးတော့မည်... လိုင်းကားနှင့် လိုက်ခဲ့ပြီး ဆရာဝသုန်... ရပ်ကွက်ထဲက လမ်းတစ်လမ်းမှာ ... ဟင်းနဲ့စားစား တစ်ခါပြင် သုံးရာကျ... ထမင်း လိုက်ပွဲတစ်ပွဲ တစ်ရာကျပ်... ရောင်းသည့် လမ်းဘေးထမင်းဆို... လေးကို သတိရဖြစ်သည်။

'အဲဒီကျမှ စားတော့မယ်'

တွေးရင်းနှင့် ပါလာသည့် ကျွ... တော်။ လိုင်းကားက တစ်မှတ်တိုင်... တစ်မှတ်တိုင်။ ဆင်းသူတက်သူတွေ... မျက်လှည့်ပြနေသည့်အလား။ တစ်န... ခွဲပြီးတဲ့အချိန်ကို ကျော်ဖြတ်အပြီး... တော့ ဆင်းမည့်မှတ်တိုင် ရောက်... ကားပေါ်ကဆင်း၊ ဆရာဝသုန်တို့ ... ကွက်ဆီလာခဲ့သည်။ ရပ်ကွက်ထဲ ... သည့် လမ်းမအတွင်း ချိုးကွေ့ဝင်လို... သည်။ လမ်းဘေးမှာတော့ အထ... တန်းကျောင်းကြီး။ ကျောင်းဆီမှာ... စာသင်သံ၊ စာကျက်သံတွေ ကြား... ရသည်။

လမ်းမထဲအဝင် နှစ်မိနစ်... လျှောက်မိတော့ အထက်တန်းကျော... ကို ကျောပေးပြီး လမ်းဘက် မျက်နှ... ဆောက်ထားသည့် ထမင်းဆိုင်... အနားရောက်လာသည်။ ထိုလမ်း... ဝဲယာတွေမှာတော့ ဆိုင်အစုံရှိသည်... ကွမ်း၊ ဆေးလိပ်၊ အကျီပုဆိုး၊ ထ... ရောင်းသည့်ဆိုင်၊ ဝက်သားတုတ်ထိုး... သွေးဆိုင်တွေအပြင်၊ လက်ဖက်ရည်... အသုပ်စုံရောင်းသည့် ဆိုင်တွေရှိသည်...

www.burmeseclassic.com

ဒီလမ်း၊ ဒီထမင်းဆိုင်လေးဆီသို့ ...ကြိမ်ရောက်ဖူးသည့် ကျွန်တော်။ ...တိုင်းလည်း ဒီထမင်းဆိုင်လေးမှာ ...ည်၊ လိုက်ပွဲမပါ၊ သုံးရာကျပ်ကုန် ...က်ဝသည်လေ။ ဟင်းက ဝက်၊ ... ဘဲဥ ဒါပဲရှိသည်။ စားချင်သည့် ...နှင့်စား၊ ဟင်းတစ်ပွဲ ငါးပိရည်၊ ချဉ် ...ဟင်းတစ်ခွက် အတို့အမြှုပ်ပါသည် ... ထမင်းကြမ်း ဟင်းကြမ်း၊ ဈေးက ...သက်သာသည်။ လက်ဖက်ရည် ...ခွက်ဖိုးပဲရှိသည်။

ဆိုင်လေးကတော့ မသပ်ရပ်။ ...ကျောင်းအုတ်တံတိုင်းခြေမှာ ရေဆိုး ...မြောင်းရှိသည်။ ရေဆိုးမြောင်းကို ခြေ ...ပြီး အသားတိုင်လေးတိုင်နှင့် လူ ...ရပ်သာသာ တစ်ဖက်ယပ်တဲလေး ...ထားပြီး ခုံရှည်တစ်ခုက မျက် ...မှာရှိသည်။ ခုံပေါ်မှ ပန်းကန်ခွက် ...က်တွေ၊ ထမင်းအိုး ဟင်းအိုးတွေ ...သည်။ ခုံရှေ့မှာ ပလတ်စတစ်ခုံရှည် ...တ်လုံးချထားသည်။

ဝန်းကျင်ကို ကြည့်ရင်း လာခဲ့ ...သည့်ကျွန်တော်။ ကျွန်တော့်ကို မြင် ...တော့ ဆိုင်ရှင်အစ်မဖြစ်သူက ပြုံးပြ ...သည်။ ဆိုင်ရှေ့မှာ ရပ်လိုက်သည်။ တစ် ... တစ်ခါ၊ နှစ်ပတ် တစ်ခါလောက် ...ရာဝသုန်ဆီ လာခဲ့တိုင်း ဒီဆိုင်မှာ ...နေကျ၊ စာရေးဆရာ ဖြစ်သည့် ကျွန်တော့်ကို မှတ်မိနေသည်။

"ဆရာ ထိုင်လေ၊ ထုံးစံအတိုင်း ...သားနဲ့ပေါ့"

အတွင်းသိ အစဉ်းသိမို့ ပြော ...သည်။ ခေါင်းညိတ်ပြရင်း ခုံမှာ ...ထိုင်လိုက်သည်။ အစ်မကြီးကထမင်း၊ ...နှင့် ချဉ်ရည်၊ တို့စရာများ ချပေး ...သည့်အချိန် မိန်းမကြီးတစ်ဦး ကျွန်တော် ...နှစ်ခုံခြားမှာ ဝင်ထိုင်သည်။

"ဟော ဆရာမ ထိုင်ပါရှင်"

ဆိုင်ရှင် အစ်မကြီးရဲ့ စကားသံ ...ကြောင့် ထမင်းလုတ်ခွံ့မည့်ဆဲဆဲအချိန် ...စောင်းပြီး ကြည့်မိသည်။ ဆရာမတဲ့။ ဆရာမဆိုသည့် အသံက ကျွန်တော့် စိတ်ကို တစ်မျိုးခံစားသွားရသည်။ ဆရာ မောင်ညိုပြာ့ ဝတ္ထုထဲက ဆရာမလေး ဖြူဖြူကို အမှတ်ရသွားစေသည်။

"ဘာဟင်းချက်လဲ"

ဆရာမဖြစ်သူရဲ့ မေးသံက ခပ် မာမာ။ မေးရင်းနှင့် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ ဆိုင်ရှင် အစ်မကြီးက ချက်ပြီး ဟင်းများကို အငှည်ပြောရင်း အိုးအဖုံးများကို ဖွင့်ပြနေသည်။ ကျော့ပ် လောက်သည်အထိ ဟင်းအိုးတွေဖွင့် ကြည့်အပြီး ဆရာမဖြစ်သူ ပြန်ထိုင် သည်။

ပြီးတော့ အရန်သင့်ပါလာသည့် နှစ်ဆင့်ချိုင့်လေးကိုဖွင့်သည်။ ထမင်းပါ သည်။ ဆိုင်က ဟင်းဝယ်ပြီး စားမည့် သဘော။

"ငါးဟင်း တစ်ပွဲပေး"

"ဟုတ်ကဲ့ ဆရာမ၊ ပိုက်ဆံပေး စရာ မလိုပါဘူး၊ အရင်ရက်တွေက တည်းက ဆရာမ လာမစားလို့ မျှော်နေ တာ၊ သီလား၊ ဟင်း ဟင်း ဟင်း"

အစ်မကြီးက ဟင်းထည့်ရင်း ပြောကာရယ်သည်။ အသံက ချို ရယ် သံက ပျော့ပါသည်။ ကျွန်တော်က ခွံ့ လက်စ ထမင်းတစ်လုတ်ကို ပထမဆုံး စားရင်း ဆရာမဆိုသူကို အသေအချာ ကြည့်မိသည်။ ကြည့်စမ်း ထဘီအစိမ်း အဖြူလက်ရှည်နှင့် အသက်က ငါးဆယ် ကျော်ခန့်။ အသားဖြူ ခပ်ဝဝ ဖိုင့်ဖိုင့်။ မျက်နှာကြောက ခပ်တင်းတင်း။

ဘယ်လက်မှာ လက်စွပ်နှစ် ကွင်း၊ လက်ခလယ် တစ်ကွင်း၊ လက်သူ ကြွယ် တစ်ကွင်း။ လက်ကောက်ကြီး တွေက လေးငါးကွင်း။ ပြီးတော့ ကျောက်ဖြူတွေနှင့် နားကပ်ကြီးက အထင်းသား။ ကလေးလက်သန်းခန့် ကြိုးကြီးက လည်ပင်းမှာ အခွံသား။

ကျွန်တော် ကြည့်နေဆဲမှာ ထို ဆရာမက ပါလာသည့် ထမင်းချိုင့် လေးကို ဖွင့်သည်။ ဆိုင်ရှင်ချပေးထား သည့် ငါး၊ ချဉ်ရည်၊ ငါးပိရည်၊ အတို့ အမြှုပ်နှင့် စားနေသည့် ဆရာမကို တစ်ချက်စေ့စေ့ကြည့်ရင်း ကျွန်တော် ထမင်းဆက်စားနေမိသည်။

"အိမ်မှာက ဆိတ်သားချက် တယ်လေ၊ အဲဒါ စားနေကျဆိုတော့ မစားချင်တာနဲ့ ထည့်မလာတာ၊ ကျွန်မ က ပုစွန်ဝယ်ခဲ့ပါဆိုတာလေ၊ အိမ်က အိမ်စေ မိန်းမပေါ့၊ ဆိတ်သားဝယ်လာလို့ ဆူပစ်လိုက်တာ"

ငါးဟင်းရည် ဆမ်းစားရင်း အတို့ အမြှုပ်တွေနှင့် ပလုတ်ပလောင်းစားရင်း ပြောလာသည့် ဆရာမစကားကြောင့် ကျွန်တော် ရှေ့ဆိုကြည့်မိသွားသည်၊

"ရှ ရပါတယ် ဆရာမရယ်၊ နောက် တော့ဆိုရင် ထမင်းချိုင့် ယူမလာပါနဲ့၊ ဒီမှာ လာစားနော် ဆရာမ ကြိုက်တာပြော၊ ကျွန်မ ချက် ထားပေးပါ့မယ်"

"ဟင်း. . ဟင်း. . ဟင်း ရပါ တယ်၊ အမြဲဆို ဘယ်ကောင်းမလဲ၊ တစ်ခါတလေပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

နောက်ထပ် စကားမပြောကြ တော့။ ကျွန်တော့် ထမင်းပန်းကန်မှာ တော့ တစ်ဝက်နီးပါးကုန်ခဲ့ပြီ။ နောက် ထပ်လိုက်ပွဲ မယူလိုတော့။ ဒီလောက်ဆို ရင် အစာအိမ်က တင်းတိမ်သွားပြီ။ ဆာ လောင်မှု သင်္ကေတတွေ မပြတော့။ စိတ်ကလည်း မတောင်းတတော့။ မကြာခင်မှာ ထမင်းစားပြီးသွား သူက ကျွန်တော်။ မပြီးသေးသူက ဆရာမ။

"အစ်မ ထမင်းနည်းနည်း"

"ဪ ရပါတယ် ဆရာမရဲ့ အဟင်း. . ဟင်း. . ဟင်း"

အစ်မကြီးက ပြောရင်း ထမင်း ပန်းကန်နှင့်အတူ ငါးဟင်းတစ်ပွဲပါ ထပ် ချပေးသည်။ စောစောက ချပေးသည့် ငါးဟင်းတစ်ပွဲမှာ ငါးဖတ်တွေ မရှိတော့။

"ဒီကနေ့ အစ်မလက်ရာက တအားကောင်းတာပဲ၊ ငါးချက်ကလဲ ကောင်း၊ ချဉ်ရည်လေးကလဲ ကောင်း၊ ဟောဒီ ငါးပိရည်နဲ့ အတို့အမြှုပ်နဲ့ဆို တော့ အဟင်း. . ဟင်း. . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီးက ပြောရင်း ရယ်တော့ ဆိုင်ရှင် အစ်မကြီးပါ ရောယောင် ရယ်နေရှာသည်။ အပေါ်သွားနှပ်ချောင်း ခန့်တော့၍ အကျည်းတန်နေသည့် အစ်မကြီးရဲ့အပြုံးက ခပ်သဲ့သဲ့ အသက်မပါသလိုလို၊ ခပ်မှိုင်းမှိုင်း မျက်လုံးအစုံက သိမ်ငယ်မှုတွေ အပြည့်။

"ဒါနဲ့ အစ်မကို ပြောရဦးမယ်"

"ပြောပါ ဆရာမ"

"အစ်မရဲ့သားလေးက ဒီနှစ် ရှစ်တန်းလေ၊ ဘာပြုလို့ ကျူရှင်မထားတာလဲ၊ ကျွန်မတို့ စေတနာကျူရှင် ဖွင့်ထားတယ်၊ လခကတော့ နှစ်ရစ်ပေးရင် ရပါတယ်"

ထမင်းစားအပြီး ပြောလာသည့် ဆရာမစကားကြောင့် ပိုက်ဆံပေးသေးဘဲ သွားကြားထိုးဟန်ဆောင်ရင်း နားစွင့်နေသူက ကျွန်တော်။

"တို တို ကျူရှင်လခက များလွန်းတော့ မတတ်နိုင်လို့ပါ ဆရာမရဲ့၊ ဒါကြောင့် မထားတာပါ၊ ကျောင်းအချိန်ကိုပဲ အားကိုးခိုင်းနေရတာပါ ဆရာမရယ်"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ကျောင်းအတွင်း သင်တာက သာမန်ပဲရှိတာ၊ စာမေးပွဲ ဘယ်အောင်မလဲ ကျူရှင်က အထူးဆိုတော့လေ"

ဆရာမက ပြောရင်း လက်ကောက်တွေဝတ်ထားသည့် ဘယ်လက်နှင့် ရေနွေးကြမ်းပန်းကန်ကို ကောက်ယူပြီး သောက်သည်။

"ပြီးတော့ ဟောဒီလမ်းထဲက မောင်အောင်မင်း၊ ကျော်ဌေး၊ တင့်ဝေတို့ ကျူရှင် မလိုက်ဘူး၊ ကောင်မလေး သုံးလေးဦးလဲ မတက်ကြဘူး"

"သူတို့ကလဲ ကျွန်မလိုပဲ ဆင်းရဲကြတယ်လေ၊ ကျောင်းထားတာတောင် အနိုင်နိုင်ပဲရှိပါတယ် ဆရာမရယ်"

"အင်း ကျူရှင် မထားနိုင်လို့ကတော့ မလွယ်ဘူးနော်၊ ထားဖို့ ကြိုးစားပေးဦး၊ တော်ကြာ စာမေးပွဲကျနေဦးမယ်"

ခပ်လေးလေး ပြောလာသည့် စေတနာကျူရှင်ဆရာမရဲ့ တိုက်တွန်းချက်ကို အဖြေရှာကြည့်တော့ ကျောင်းနှင့်ကျူရှင်၊ ကျူရှင်နှင့်ငွေ၊ ငွေနှင့်ကျူရှင်ကိုသာ အဓိကထားကြောင်း တွေ့ရသည်။ ဆက်ပြောလာပြန်သည်။

"ကျွန်မလဲ ကူညီချင်ပါတယ်၊ ဒါပေမဲ့ ရတဲ့လစာကလဲ မလောက်ငဘူးလေ၊ နောက်ထပ် ကျွန်မတို့ ဆရာမတွေကို လစာတိုးပေးမယ်လို့တော့ ပြောတာပဲ၊ တိုးပေးရင်တော့ ကောင်းတာပေါ့၊ တိုးပေးဖို့လဲ ဆုတောင်းနေရတာ အမောပဲ"

ရလေ လိုလေ အိုတစ္ဆေဖြစ်နေသည့် ဆရာမကြီးရဲ့ စကားကြောင့် ကျွန်တော် ကျောချမ်းသွားသည်။ ရတဲ့လစာနဲ့ မလောက်ဘူးတဲ့၊ လစာတိုးပေးဖို့ ဆုတောင်းနေသတဲ့။

ဝတ်စားထားတာတွေကတော့ တကယ့်အမြင့်သား၊ ရွှေတွေသီးလို့။ ပါးစပ်က ညည်းပြုပြီး အခွင့်အရေးတွေ မျှော်နေတာကိုး။

လစာ ရသည်။ ကျူရှင်လခ ရနေသည်ကို အားမရသေးဘူးလား။ ကျွန်တော် မေးလိုက်ချင်ပါရဲ့။

"ထားပါတော့လေ၊ ဒီလမ်းက ကလေးတွေ မိဘတွေကို ပြောလိုက်ဦး"

"ဟုတ်ကဲ့"

"ဆရာမကြီးက မှာသွားတယ်လို့ ကျူရှင်ထားပါတဲ့လို့ ပြောပေး"

"စိတ် . . . စိတ်ချပါ"

ဆိုင်ရှင် အစ်မကြီးက ဆရာမ စားပြီးသား ပန်းကန်ပြားကိုဆေးရင်း ချေချေငံငံ ပြန်ဖြေသည်။ ဆရာမကြီးက ကျူရှင်ကိစ္စဖြေရင်း သူ၏ စီးပွားရေးအကြောင်း မဆီမဆိုင် မမေးဘဲနှင့်ပြောလာပြန်သည်။

"အခု မြို့ထဲမှာ တိုက်ခန်းနှစ်ခန်း ဝယ်ထားတယ် အစ်မကြီးရဲ့ သိလား"

ဆရာမ စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားသည်။ ကျွန်တော်နှင့်အတူ ဆိုင်ရှင်အစ်မကြီး မျက်လုံးက ပိုပြူးသွားသည်က သေ[illegible] သည်။ လစာ မလောက်ငဘူးလ[illegible] ပြောရဲ့။ တိုက်ခန်း ဝယ်ထားသတဲ့[illegible]

"ဟင် ဟုတ်လား၊ ဝမ်းသာလို[illegible] တာ"

လိမ်လည်ပြောလိုက်မှန်း [illegible] သည်။ တကယ်လည်း ဆိုင်ရှင်အစ်မ[illegible] စကားမှာ မုသားတွေပါသည်။ တက[illegible] ဝမ်းသာပေးနိုင်မည်လား၊ ဝမ်းမသာ[illegible] လားဆိုတာ ဆိုင်ရှင်အစ်မကြီးပဲ သိ[illegible] မည်။ တကယ်လည်း ဆရာစိတ် [illegible] နိုင်သည့် ဆရာမကြီးရဲ့ စကား[illegible] မျက်လုံးတွေက ဆိုင်ပိုင်ရှင်အစ်မ[illegible] အတွက် ဝမ်းသာပေးနိုင်မည့် အ[illegible] အနေ မရှိနိုင်။

"အဲဒါလေ၊ တိုက်ခန်းနှစ်[illegible] စလုံး အငှားတင်ထားတာ၊ သိလား"

"ဟုတ်ကဲ့"

"ဒီကြားထဲ ရွှေပေါင်ငွေတိုး[illegible] ကလဲ တစ်လကို နှစ်သိန်း သုံးသိန်း [illegible] နေရတာဆိုတော့ မဆိုးပါဘူး"

"ဟုတ်ကဲ့"

အစ်မကြီး၏ ဟုတ်ကဲ့ အ[illegible] စကားသံရဲ့ နောက်က ခံစားချက်[illegible] မပြုံးချင်ပါဘဲ ပြုံးနေသည့် ဆရာမ[illegible] အပြုံးရဲ့နောက်က ပုံရိပ်များကို အ[illegible] ရှာကြည့်နေမိသည့် ကျွန်တော်။ အ[illegible] က တွေ့ပါသည်။

"ဒီရပ်ကွက်ထဲမှာ ရွှေပေ[illegible] ပစ္စည်းပေါင်တဲ့လူရှိရင် လက်ထော[illegible] ချပေးနော်၊ ပြီးတော့ စာချုပ်စာတ[illegible] အစုံအလင်ရှိတဲ့ အိမ်မြေပေါင်မယ့်[illegible] ရှိလဲပြောနော်၊ ကျေးဇူးမမေ့ဘူးသိလား"

"ဟုတ်ကဲ့"

ပြောစကား နားထောင်ရင်း[illegible] ပါးစပ်ထဲက သွားကြားထိုးသံကို ဝါး[illegible] နေမိသည်အထိ ငေးနေမိသူက ကျွ[illegible] တော်။ သွားကြားထိုးတံလေးများ [illegible] ညက်ညက်ဖြစ်လို့။

ဆရာမကြီးက ဘူးထဲရှိ တစ်[illegible] တစ်စကို အတော်ရှည်သည်အထိ [illegible] ယူပြီး သူ့ပါးစပ်ကို သုတ်နေသည်။





www.burmeseclassic.com

www.burmeseclassic.com

ခုမှ စားပြီးပါးစပ်ကို သုတ်ဖို့ သတိရသည့် အနေအထားမျိုး။

"ကဲ၊ ကျွန်မ သွားတော့မယ်၊ ကျောင်းလဲဆင်းခါနီးနေပြီ၊ ကျူရှင်ဆက်သင်ရမှာဆိုတော့ ကျောင်းက စောစောပြန်မှ အဆင်ပြေမှာ"

"ကောင်းတာပေါ့ ဆရာမရယ်"

"ဟင်းနဲ့ ထမင်းတစ်ပွဲက ဘယ်လောက်ကျလဲ"

"နေ. . နေပါစေ ဆရာမ၊ မပေးပါနဲ့"

ဆရာမကြီးက ပိုက်ဆံအိတ်ကို ဖွင့်၍ ပေးသည်။ အစ်မကြီးက လက်ကာ၍ ငြင်းဆန်သည်။ တကယ့် [illegible] နှင့် တကယ့် [illegible] များကြား၌ ကွဲပြားချက်များကို ညီမျှခြင်း ချကြည့်ရင်း အဖြေရှာနေမိ၏။ ရင်ထဲမှာတော့ အဖြေက ရှိပြီးသား။

ဆရာမကြီးက ပိုက်ဆံမထုတ်။ အိတ်ကို ပြန်ပိတ်ရင်း ပြောသည်။

"ကျေးဇူးပဲ အစ်မရယ်၊ ဒါနဲ့ [illegible] ကြီးကလေးရယ်၊ ဒီလမ်းထဲက ကျောင်းမတက်တဲ့ ကလေးတွေရယ် ကျောင်းတက်ကြဖို့ ကူပြောပေးဦး"

ဒီတစ်ခါ အသံထွက်မဖြေဘဲ ခေါင်းညိတ်ဖြေသူက ဆိုင်ရှင်အစ်မကြီး။

"ခြော် မမှနေလို့ အမေပါ်အနံ့ [illegible] မမေ့နိုင်ဘော့၊ ဘာပစ္စည်းပဲဖြစ်ဖြစ် [illegible]ယ်လို့"

"ဟုတ်"

ဆရာမကြီးက ပြောရင်း ဆွဲခြင်းထဲ နှစ်ဆင့်ချိုင့်နှင့် ပိုက်ဆံအိတ်ကို ထည့်ကာ ဘုံးထဲက ပါဝါထူထူ မျက်မှန်ကို ထုတ်ပြီးတပ်သည်။ ချောင်းတစ်ချက်ဟန့်လိုက်ပြီး စကားဆက်သည်။

"ပြောဖို့ မေ့နေတယ်၊ အားနာလို့ မပြောတာ"

ဒေါ်စောက ခပ်ပြုံးပြုံး မျက်နှာ [illegible] နှင့် ဆရာမရဲ့ မျက်နှာက ရုတ်ခြည်း တည်သွားသည်။ ယင်းအတူ ဆိုင်ရှင်အစ်မကြီးမျက်နှာက ပိုပြီး သိမ်ငယ်သွားသည်ကို သတိပြုမိသည်။

"ပြော. . ပြောပါ ဆရာမ ဘာကိစ္စလား"

"ဟုတ်တယ် အဲဒီကိစ္စ [illegible] အစ်မတို့ အိမ်နဲ့ ဒီငြီး [illegible] ရှိနေပြီ တချို့က [illegible] အဲဒါ အရင်းငွေနဲ့ အတိုးငွေ [illegible] လိုက်မယ်ဆိုရင် အိမ်ရောင်းပါ အပ်ရတော့မယ်သေ"

"ရှင်"

"ဟုတ်တယ် ပေါင်စဉ်က အရင်းရဲ့ အတိုးကို တစ်လတစ်ခါ ဆပ်ပါ့မယ်ဆိုပြီး ချုပ်ထားတာ၊ ဒါပေမဲ့ အတိုးမဆပ်နိုင်သေးရင် မဆပ်နဲ့လို့ ပြောခဲ့တာ မှတ်မိရဲ့လား"

"မှတ်. . . မှတ်မိပါတယ်"

"အစ်မတို့က အတိုးမဆပ်ကြတော့ တစ်လချင်းအတိုးတွေကို အရင်းထဲထည့်ပေါင်း၊ အရင်းဖြစ်ပြီး အတိုးနှုန်းတွေတက်လာတယ်လေ၊ ဒီတော့ ပြန်ရွေးမယ်ဆိုရင်လဲ ရွေး၊ မရွေးဘူးဆိုရင်လဲ ဆင်းပေး၊ ဆင်းကြေးတော့ ကျွန်မ စဉ်းစားထားပါတယ်လေ"

"ဟိုး. . . ဟို"

ဆိုင်ရှင် အစ်မကြီးက တစ်ခုခု ပြောချင်ပုံရသည်။ လက်ကာပြရင်း စကားဆက်ပြောသည့် ဆရာမအသံက ခြေဖာအရှိန် ခပ်ပြင်းပြင်း။

"တော်ပါတော့ အစ်မရယ်၊ အစ်မတို့ မရွေးရင် ဆင်းပေးဖို့ စဉ်းစားထားပါ၊ ဆင်းပြီးရင် အိမ်ကို ပြင်မယ်၊ မြေဖို့မယ်၊ ပြီးရင် လူငှားတင်ဖို့ စိတ်ကူးထားတာ"

ပြောရင်း ကျောခိုင်းထွက်သွားသည့် ဆရာမကို ကြည့်ရင်း အဖြေကို သရုပ်ခွဲ ကြည့်လိုက်သည်။ လောကမှာ ဒီလို ဆရာမမျိုးလည်း ရှိနေတာပါလား၊ အစိုးရက လစာ ဘယ်လောက်ပေးပေး၊ တစ်ခါသည်း တစ်ခါ လစာတက်ပေးမည် ထင်နေသည့်သူတွေရှိသည်။

ပြီးတော့. . .

ပြီးတော့. . .

ကျွန်တော် မတွေးချင်တော့။

ပိုက်ဆံသုံးရာကိုပေး၊ အစ်မကြီးကို နှုတ်ဆက်ရင်း ဆရာဝသုန်အိမ်ဆီ လာခဲ့သည့်ကျွန်တော်။

လွယ်အိတ်ထဲရှိ ဆရာမောင်ညို ပြာရဲ့ စာမူထဲက ဆရာမဖြူဖြူလို ဆရာမလေးရဲ့ တကယ့်စေတနာသရုပ် [illegible] ကြည့်နေမိသည်။

ဆရာ [illegible] ကျွန်တော့်ကို [illegible] များက [illegible] ဆရာ ဆရာမတိုင်း [illegible] အချို့သော ဆရာမထဲက [illegible] တစ်ယောက်တော့ရှိနေဦးမည့် စီးပွားရေးသမား ဆရာမတွေအနေနှင့် ဆရာဆိုတဲ့ ဂုဏ်ပုဒ်လေးတော့ ရှိသင့်သည် မဟုတ်လား။

ကိုယ့်ထက်မြင့်သည့်သူ၊ ကိုယ့်ထက် ချမ်းသာနေကြတဲ့ သူကိုကျော်ပြီး ကြည့်ကြရင်း ကိုယ့်ထက် နိမ့်ပါးသူကို ချုနင်းဖို့ ကြံတဲ့ ဝိသမလောဘဇောတွေ ကင်းနေမယ်ဆိုရင်. . .

မြည်းစုံပြီး ဝမ်းဝနေတဲ့ လူတန်းစားတွေရဲ့ လိုချင်တပ်မက်မှု လောဘ၊ ညည်းညူသံတွေက မပြည့်စုံလို့ ပါးမတဲ့ အောက်ခြေလူတန်းစားတွေရဲ့ ညည်းညူသံတွေထက် ကျယ်လောင်စူးရှနေကြမယ်ဆိုရင်. . .

လစာတိုးတာကို မျှော်နေမယ်ဆိုရင်. . .

လက်လုပ်လက်စား ဆင်းရဲသားတွေအနေနဲ့ရော ဘာလစာမှ မရှိသည့်အတွက် သူတို့ကိုယ်စား ရင်ကို ခွဲလို့ ပြလိုက်ချင်ပါရဲ့လေ။

❒ တွင်းကြီးသားတင်ဝင်းဦး



www.burmeseclassic.com

www.burmeseclassic.com

# ကိုချမ်း

(ဆေး-၂)

## ရင်ထိမြှား

လွှတ်လပ်ခြင်း၏ အရသာကား မြေအပြင်မှာထက် မိုးကောင်းကင်၌ ပိုမို၍ ထင်ရှားလာလေ၏။ အထပ်ထပ် သန့်စင်ပြီးသော ဝါဂွမ်းကဲ့သို့ ဖြူသန့်ကာ အဆုပ်လိုက်ရှိနေသည့် တိမ်ဖြူဖြူများသည် လေထု







www.burmeseclassic.com

www.burmeseclassic.com

အတွင်းတွင် အလွှာအထပ်များ ဖွဲ့တည်နေသည်။ တိမ်လွှာကို နှုတ်သီးဖြင့် ထိုးဖောက်၊ ကိုယ်လုံးဖြင့် ပစ်ခွင်းပြီး အထက်ဆီ တက်ခဲ့ကြ၏။ ကိုယ်ကို ဝင်းပြောင့်ကာ အတောင်ပံများ စုသိမ်းလျက် မြားတစ်စင်းနှယ် ထွင်းဖောက်နေသည်။

တိမ်ထုတွေကလည်း ထူထပ်လှသမို့ တုံ့ခနဲ တုံ့ခနဲပင်ဖြစ်ကြ၏။ နေထွက်သေးသဖြင့် ကောင်းကင်ကျယ်ကြီးသည် ခဲပြာရောင်ဖြင့် မှိုင်းညို့ မှုန်ပြာနေလေသည်။

"အားပါး၊ လှပပြီး လွတ်လပ်ကျယ်ပြောလိုက်တဲ့ ကောင်းကင်ကြီးပါလား ဟရို့"

ဟင်္သာညီထွေးက ပျံသန်းရင်းက ပင် သဘာဝတရားကို ခံစားပြောဆိုလိုက်သည်။ ဟင်္သာညီလတ်က . . .

"တိမ်လွှာ တွေပေါ်ရောက်မှ နေမင်းနဲ့ ပိုနီးကပ်လာတော့တယ်"ဟု စာနတက်သောအသံဖြင့်လည်းကောက်ချက်ချပြန်၏။

ပြီးမှ . . .

"ဟော့ တို့ရဲ့ပြိုင်ပွဲက ခုမှ ပိုပီပြင်လာတယ်"

"ဟုတ်ပါ့ဗျာ၊ ထက်ကောင်းကင်အမြင့်မှာ နေမင်းနဲ့ပိုနီးလာတော့ ပိုလို့တောင်း ရင်ပေါင်တန်းနိုင်တာပေါ့"

ငယ်ရွယ်သူများ၏ အားမာန်ထက်သန်း တက်ကြွမှုအပြည့်နှင့် ဖြစ်လေသည်။ ထိုစဉ်ခိုက်ဝယ် နေမင်းကြီးက တော့ သူ့လမ်းကြောင်းအတိုင်း သူ့တာဝန် သူထမ်းဆောင်ဖို့ အရှေ့ဆီမှ ထောင်ထွက်ခွာလာပြီဖြစ်၏။ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရိန်နေမင်းကြီးဆီမှ လိမ္မော်ရောင်တောက်တောက်များ ပျို့အန်တက်လာသည်။

တောင်ပံခတ်သံ တဖျပ်ဖျပ်ဖြင့် အဉ်တွဲ ပျံသန်းနေရာမှ ညီထွေးက ဟင်္သာမင်းကို ငဲ့စောင်းကြည့်လိုက်၏။ ဟင်္သာမင်းကား တည်ကြည်သောဣန္ဒြေဖြင့် ခပ်မှန်မှန်ပင် ပျံသန်းနေလေသည်။

"အစ်ကိုတော်ကဖြင့် တောင်ပံတောင် ခတ်တယ်မထင်ရဘူး၊ လေဟုန်စီးနေသလိုပဲဗျ" ဟုညီထွေးက ဆိုလိုက်မှ ညီလတ်ကလည်း . . .

"ဩော် . . . ဒါတော့ နောင်တော့် ဘုန်းကံနဲ့ သမ္မာပေပဲကိုး" ဟု တစ်ချက် ငဲ့ကြည့်ရင်း လေးစားစိတ်အပြည့်ဖြင့် မှတ်ချက်ချလိုက်သည်။

"ညီငယ်တို့ . . . နေ့စဉ်နဲ့အမျှ ကောင်းကင်ယံမှာ ပျံသန်းနေရတဲ့ နေမင်းသူရိယလဲ နေ့နေ့နဲ့ မှန်မှန်ပါပဲကွဲ့"

ဘုရားအလောင်းတော် ဟင်္သာမင်း၏ မိန့်ကြားချက်ကို ဟင်္သာညီငယ်များက . . .

"သူ မှန်မှန်ချီတက်နေတာကလဲ သောင်ပြင်ကကြည့်ရင် တရိပ်ရိပ် ပြေးလွှားနေသလိုပဲ ဘုရား" ဟု ပြိုင်တူဆိုလိုက်ကြ၏။

ဟိမဝန္တာတောင်ကြောမှ တောင်စဉ်ခုနစ်ထပ်၏ တောင်ထွတ်ထိပ်ဖျားများ၊ အိုင်ကြီးခုနစ်အိုင်၊ မြစ်ငယ်ငါးရာတို့အပေါ်တွင် လေအဟုန်ဖြင့် ပြေးနေသော နေမင်းကြီးကိုလည်း သူတို့ မြင်ယောင်မိကြပြန်သည်။

"ဩော် . . . ဒါကတော့ဖြင့် ညီငယ်တို့အမြင်ကိုး၊ စကြဝဠာ တိုက်တစ်သောင်းလုံးကို အလင်းပေးဖို့ နေ့တိုင်း အချိန်မှန်သွားနေရတာ အလောတကြီး မရှိမှဘဲ ပင်ပန်းမှု သက်သာပေမပေါ့"

အလောင်းတော်ငှက်မင်း စကားကို နားမလည်မိကြသော်လည်း သူတို့ စောဒက မတက်ဝံ့။ ပြောရင်း ပျံရင်း အတောင်ပံကြားမှာ ချွေးလေးများပင် စို့လာသလိုမို့ အချင်းချင်း အားပေးလိုက်ကြ၏။

"ယား . . . သူရိန်နေမင်းနဲ့ အပြေးပြိုင်ဖို့ ယုဂန္ဓိုရ်တောင်ထိပ်ကိုတော့ အရင်ရောက်နှင့်ဖို့ လိုလိမ့်မနော်၊ သွားကြပါစို့ ပျံကြစို့ရဲ့" ဟု အားယူကာ မြန်နှုန်းမြှင့်လိုက်ပြန်လေသည်။

ဘုရားလောင်း ဟင်္သာမင်းလည်း တက်ကြွနေသောညီငယ်နှစ်ဦးကို ချစ်စနိုးကြည့်လျက် မလှမ်းမကမ်း စောင့်ရှောက်ရင်း လိုက်ပါခဲ့၏။ ဝင်းဝါသောအဆင်းနှင့် ပျိုမျစ်နုနယ် အားမာန်ကြွယ်နေသော ညီငယ်များကား ငှက်အပေါင်းအလယ်တွင် တင့်တယ်မှုကျက်သရေလည်းရှိကြသည်။ ဟိမဝန္တာတောင်အသွယ်သွယ်ကြားတွင် နေ့စဉ်နှင့်အမျှ လူးလာတဲ့ခေါက် အထပ်ထပ်ပျံသန်းကျင့်လည်း ရှိနှင့်ကြ၏။ ညီငယ်တို့ တိမ်တွေကြား ပြေးလွှားဝဲပျံနေလျှင် ငှက်တကာတို့ ငေးမော မှင်သက်ကြရမြဲ။

"ဝါဝင်းဆိုင်တွေကြား ရွှေအစ်များသီနေသလိုပဲ" ဟု အားကျစိတ်နှင့် ဆိုသူတွေက ဆိုကြသည်။

"ပျံနှုန်းမြင့်လွန်းလို့ အိပ်မက်ထဲမှာ ခရီးသွားနေသူပမာပါပဲလား" ဟု တင်စားချီးမွမ်းသူတွေလည်း ရှိကြ၏။

သည်လိုနှင့် ညီငယ်ရွှေဟင်္သာတို့ မိုးအာကာထက်မှာ နေမင်းနှင့် အပြေးပြိုင်ရန် စိတ်ကူးမာန်တွေ ပေါ်ပေါက်လာကြရောထင့်။

ထို့နောက် နေမင်းနှင့်အတူ အပြိုင်ပြေးကြည့်ရန် အစ်ကိုတော်ထံ တောင်းဆို ခွင့်ပန်ရင်း ယုဂန္ဓိုရ်တောင်ထိပ်ကို စုရပ်အဖြစ် သတ်မှတ်လိုက်ကြ၏။ အရှေ့ဖျားဆီမှ ပျံသန်းတက်လာသော နေမင်းကြီး ထိုတောင်ထိပ်သို့ ရောက်သနှင့် ရင်ပေါင်တန်းကာ ယှဉ်ပြိုင်ပျံသန်းကြမတဲ့။ ဟင်္သာမင်းလည်း မတတ်သာသည့်အဆုံး ညီငယ်တို့ မောပန်းလေလျှင် ကူညီနိုင်ရန်အတွက် အတူပျံသန်းရင်း ဖေးမဖို့ လိုက်ပါလာခဲ့၏။ တားမြစ်ပိတ်ပင်ဖို့လည်း စိတ်မကူးမိတော့ ကိုယ်တွေ့ကြုံမှ သိကြမည်ပ။

"ဟော . . . ဟော နေမင်းကြီး ပေါ်ထွက်လာပြီ နောင်ဘုရား"

တက်ကြွ ဖျတ်လတ်လှသော ဟင်္သာညီထွေးက စိတ်စောကာ တောင်ပံ တပြင်ပြင်ဖြစ်နေရင်းက ဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဟသ်ာညီလတ်လည်း လည်တိုင်ကို ဘယ်ညာချိုး ဆတ်ဆတ်ချိုးကာ လည်ပင်းရိုးများ အကြောခြေလိုက်ပြီး ရင်အုပ်ကိုဝင့်ကာ မာန်ချီလိုက်သည်။ အသင့် အနေအထားဖြင့် အားယူနေသော ညီငယ်များကို ဟသ်ာမင်းက ချစ်ခင်စွာ တစ်လှည့်စီကြည့်လိုက်ရင်း သူတို့၏ ဆန္ဒပြင်းပြမှုအား ပြုံးတော်မူမိလေ၏။

မာန်ကြွလေတော့ ပျံကြပေဦးပေါ့။ ငယ်သူများပေကိုး။ မိမိကတော့ အစ်ကိုကြီးပေမို့ ဘေးကအသာရလျက် ထိန်းကွပ်ကြီးကြပ်ပေးရမည်သာ။

တရိပ်ရိပ် ပျံသန်းရောက်ရှိလာသော နေမင်း၏ အလင်းရောင်ကြောင့် တိမ်ဖြူဆုပ်များပင် ခဲပြာရောင်မှ ဖြူဖြူလွင်ခဲ့ပေါ့။ တိမ်လွှာထုတွင် ရွှေရောင်အနားကွပ်များ ပိုမိုတောက်ပလာသည်နှင့် ညီငယ်များလည်း ဝန်းလွှတ်နောက်ကျကာ အနိုင်မရမှာစိုးသလို "ဗွီးခနဲ" ထပျံသန်းကြလေသည်။ ယုဂန္ဓိုရ်တောင်ထွတ်ဆီမှ တာထွက်လိုက်ကြသလို နေမင်းကြီးနှင့် ညီငယ်နှစ်ဦး အပြိုင်ပြေးနေကြပြီ။

တံလျှပ်လို ရိပ်ရိပ်ပြေးနေသော သူရိန်မင်း၏ ရောင်ရှိန်ရောင်ဝါကလည်း မျက်စိကျိန်းစပ်လောက်သမို့ ညီငယ်များမှာ အလင်းပြန်ကာ လမ်းကြောင်းမပျောက်အောင်လည်း အာရုံထားနေရသေး၏။ ပျိုမျစ်သူတို့၏ ဖွဲမာန်ဟုန်ကြောင့် တဖြန်းဖြန်း တောင်ပံခတ်သံများကား ထက်အာကာ လေထုတွင် ညီုးညီုးညံနေပေတော့သည်။ သူရိန်နေမင်းကြီးကတော့ ဖြည်းဖြည်းနှင့်မှန်မှန်ပါပဲ။

ဟသ်ာညီငယ်ထွေး၏ တောင်ပံမှ အမွေးတို့ ဖွာလန်ကျဲစပြုသည်ကို နေ၏ရွှေရောင်တွင် ဟသ်ာမင်း မြင်လိုက်မိ၏။ ပိုမိုအားသန်သော ညီလတ်ကတော့ ဇောအဟုန်ပြင်းပြင်းဖြင့် နေမင်းကို အန်တုပျံသန်းနေဆဲ။

နေမင်းကြီးလည်း ရောင်လျှံတညီးညီး တရှိန်ရှိန်ဖြင့် မိုးကြိုးသွားလိုကောင်းကင်ယံကိုထိုးခွင်းကာ ချီတက်မြဲ ချီတက်နေ၏။ ဒါက သူ့ နေ့စဉ်သဘာဝ အလုပ်ပေကိုး။ စကြဝဠာတစ်ခွင် ခြေဆန့်ခရီးနှင်နေသူနှင့် ပြိုင်နေသော ညီငယ်တို့သာ အချိန်ကာလကြာရင် ခြေကုန်လက်ပန်းကျလေတော့မည်ပေါ့။

သို့သော်ငြားလည်း ပျိုမျစ်သော ထိုငှက်ငယ်တို့ကို အဘယ်သို့ ဖျောင်းဖျရင်း ရပ်ခိုင်းရပ့်။ သူတို့မာနကိုလည်း မထိပါးရလေအောင် မည်သည့်စကားမှ ဆိုတော်မမူလေဘဲ ဟသ်ာမင်းလည်း ညီငယ်တို့အား သူ၏တောင်ပံဖြင့်သာ ပိုက်ထွေးကာ သိမ်းယူပွေ့လိုက်လေသည်။ အားအင်ယုတ်လျော့စပြုနေသော ဟသ်ာပျိုတို့လည်း အစ်ကိုကြီး၏ ယုယမှုကဲသော အကြင်နာရင်ငွေ့အောက်တွင် အသာမှိန်းကာ နေခဲ့လိုက်ကြတော့၏။

ညီထွေးလေးကသာ အတောင်တဖျပ်ဖျပ်ခတ်ရင်း . . .

"ပျံနိုင်ပါသေးတယ်ဘုရား၊ ပျံကြည့်ဦးမယ်ဘုရား"ဟု အရှက်ပြေ ဆိုနေပေမယ့် ဟသ်ာမင်းတောင်ပံကြားမှ ရုန်းမထွက်။

ဘုရားအလောင်းတော်လည်း ညီငယ်တို့ကို မိမိ၏တောင်သို့ ပြန်လည်ယူဆောင်ခေါ်ငင်သွားတော့၏။ ညီငယ်တို့အား အမောပြေပျောက်စေရန် ဟိမဝန္တာတောင်ကြော အနောတတ္တရေအိုင်မှရေစင်တို့ဖြင့်လည်း တိုက်ကျွေးဖျန်းပက်ပေးခဲ့လေသည်။

ထို့နောက် ဟသ်ာမင်းသည် သူ၏ ကိုယ်ပိုင်စွမ်းအားကို စမ်းသပ်စုံစမ်းရန် သွားနှင့်နေပြီဖြစ်သော နေမင်းကြီး၏နောက်သို့ တစ်ဟုန်ထိုး ထလိုက်၍ ပျံသန်းကြည့်တော့၏။ များမကြာမီ မိမိ၏တန်ခိုးတော်ဖြင့် နေမင်းကြီးကို မီခဲ့လေပြီ။ စိုးစိမျှပင် မမောမပန်းဘဲ နေမင်းနှင့်ပြိုင်လျက် လေအဟုန်ဝယ် ငြိမ့်ငြိမ့်သာသာ ဝဲပျံနေပြန်၏။ မိမိလုပ်နိုင်စွမ်းကို သိလိုက်သော်လည်း ထိုသို့ ယှဉ်ပြိုင်နေမှုကား အကျိုးတစ်စုံတစ်ရာမျှမရှိ၊ အချည်းနှီးသော လွဲလမှန်းကိုလည်း အသိဝင် ဆင်ခြင်မိလေသည်။ သို့ဖြင့် ဟသ်ာမင်းလည်း ပျံသန်းသည့် အဟုန်ကို လျှော့ချကာ ထက်ကောင်းကင်ယံမှ ဝေ့ဝဲဆင်းသက်ခဲ့တော့သည်။

ထိုစဉ်ခိုက်မှာပင် မိမိမိတ်ဆွေ ဗာရာဏသီမင်းကို ရုတ်ခြည်း သတိရမိကာ မင်းကြီးထံသို့ သွားရောက်လည်ပတ်ဖို့ ဉာဏ်အစဉ်၌ စိတ်ကူးထင်မိလေ၏။ ဗာရာဏသီမင်းကား ယနေ့အဖို့ တိုင်းရေးပြည်ရာ အခက်အခဲမရှိရှိမှုမက ကြည်နူးရွှင်ပျကာ ဇာက်တက်ကြွကြွ နန်းရင်ပြင်သို့ ကြွချီလာခိုက်လည်း ဖြစ်ပေသည်။

✪

ကြည်နူးရိပ်များကား မင်းကြီး၏မျက်နှာတော်တွင် ရိပ်ရိပ်ပြေးနေကြ၏။

နန်းစံသက်ရင့်သော မင်းအိုကြီးမဟုတ်သေးသည့်တိုင် ဗာရာဏသီမင်းသည် မင်းပျိုမင်းလွင် ဘဝကိုတော့ ဆယ်စုနှစ်အတန်ကြာ ကုန်လွန် ဖြတ်သန်းခဲ့ရပြီး ဖြစ်သည်။ နွေ-မိုး-ဆောင်း ... သီစံနန်းများတွင် စည်းစိမ်အပြည့်ခံစားရသော သက်ဦးဆံပိုင်မင်းတရားပေမယ့် တာဝန်ဝတ္တရားများ စီးပိုးခဲ့လို့မျက်ထားတော်တည်ကာ ရာဇဣန္ဒြေအပြည့်နှင့်နေခဲ့ရ၏။

နေ့နေ့ညည တိုင်းရေးပြည်ရာများကို ချင့်ချိန်ဆုံးဖြတ်ပေးရသဖြင့် မျက်ကြောများ တင်းနေခဲ့ပေါ့။ မာန်ချီထားရသဖြင့် မျက်လုံးတော်များပင် နူးညံ့မှုကင်းကာ ကြည်လင်မှု လျော့ပါးနေလေပြီ။

သို့သော် စိတ်ပျိုလျှင် ကိုယ်နုသတဲ့။ ခုကာလပိုင်း အတွင်းမှာတော့ မင်းကြီးသည် စိတ်လက်ပေါ့ပါးကာ ငွေ့တွေကြာလို လန်းဆန်းတက်ကြွနေပါရဲ့။ အကြည်ဓာတ်လေးများ ဖိုဖိုဝင်ကူးစက်လာသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com

ရာဇာမင်းမြတ်သည် ဗောင်းတော်ကိုသရင်း ကြည်နူးစွာ ပြုံးလိုက်မိသည်။ စိတ်အတွေးဝယ် မြင်ယောင်မိသည်ကတော့ ချစ်ကြည်ရေးတာမန်အဖြစ် ဆက်သလာသော အိမ်နီးချင်းပြည်နယ်မှ အလှဖူးလေးထံ အဆောင်တော်ကူးရင်း ကြာခြည်ပင့်ကာ အသာကြည့်မိချိန်များ။ နီတွေးသောနှုတ်ခမ်းငုံလေး ပန်းနုသွေး ကြာချပ်လေးနှင့်ပင် တူချေသေးတော့။ ဖူးဖူးပုံပုံ နှင်းဆီငုံလေးနှင့်ပင် တူချေသေးတော့။ ဆတ်ဆတ်တုန်နေသော ထိုပန်းကြာငုံလေးသည် အတွင်း၌ ပျားပိတုန်းတို့ ပိတ်လှောင်ကျန်ရစ်နေသော ကြာပဒုံလေးနှယ်ပင်။

မှိုသောပါးပြင်ထက် သွေးကြောမျှင်များ ယှက်ငင်နေသည့်အလှကို ရှုစားခဲ့မိသော တစ်ခဏကို စိတ်ရောက်သွားပြန်၏။ ရှက်သွေးတို့ ဖြာနေသလော၊ ခင်ကိုအလှ ပသာဒပေလော။ မိမိနန်းသက်တစ်လျှောက် ကောက်ယူခဲ့ရသော မိဖုရားအပေါင်း အထောင်အသောင်းထဲမှ ရှားပါးသော အလှတရားပေတကား။

ပဝါဇာခြည်များ လှစ်ဟသွားခိုက် မြင်လိုက်ရသော အပြုံးလေး၊ ရှက်စနိုး အပြုံးကလေး။ ထိုအပြုံးကို ရှက်ပြုံးဟု အမည်ပေးချင်မိ၏။ မိမိကလည်း ထိုအပြုံး၌ပင် နှလုံးခုန်မိလျက် လှပ်ကြည့်မိသော ပဝါစကို ရုတ်ခြည်းပြန်ချလိုက်မိသည်။ အိခနဲ လျှောကျအုပ်ဆိုင်းသွားသော ဇာပဝါအောက်မှ မော့တော့တော့ မျက်နှာလေးကိုတော့ အတန်ကြာငေးကြည့်နေမိသေး၏။ တိမ်မျှင်များဖုံးသွားသော လဝန်းလေး၊ ပင့်ကူမျှင်များရစ်တွယ်သွားသော နှင်းပန်းလေးနှယ်ပါတကား။

အလှ နတ်ဖုရားမလေး၏ ထိုအပြုံးသည်ကား ဆီ၌စိမ်သော ဂွမ်းတစ်ဆုပ်ကဲ့သို့ မိမိနှလုံးအိမ်ကိုပျော့အိညွတ်သက်သွားစေသည်။ မခို့တရို့ အပြုံးလေလား၊ ရှက်ရွံ့ပြုံးလေလား မိမိ မခွဲခြားချင်တော့။ သို့သော် မိမိအား မနှစ်လိုခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းကာ ကြည်နူးချစ်ကြည်ပင် ရှိသလိုလိုဟု မိမိ ထင်မြင်ယုံကြည်ခဲ့မိသည်။

ကျေနပ်ရသည်ကောလေ။

ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်နှင့်သာထိုက်သကဲ့သို့ မိမိလို ထီးဆောင်းမင်းမို့သာ ထိုအလှရတနာ ဆိုက်ရောက်လာခဲ့သည်ပဲ။ အရွယ်၏ နုပျိုခြင်း အဆင်း၏ လှပခြင်း စာတင်ထားသမျှကောင်းခြင်း အထွေထွေသည် ထိုမိန်းမပျိုတွင်သာ အားလုံး စုရုံးပေါင်းစုနေခဲ့ပေသည်။

နဖူးစပ်မှ ခြေဖျားအထိ အလှမဲ့သောနေရာဟု တစ်စွန်းတစ်ကွက်မျှပင်မရှိ ဖြစ်ချေ၏။ ဒါတွေကို မကြာခဏပြန်ပြန်သတိရနေမိသည်။

သည်းခံပ။ ထိုအလှတရားများနှင့် သည်ညီလာခံအပြီးတွင် ဆုံတွေ့ရချေဦးတော့မည်လေ။

ကြည်နူးရပါသည်ကော အမိငယ်။ မိမိရင်အစုံကား ဖားဖိုမှုလေအိတ်ကဲ့သို့ပင် တလှပ်လှပ် တဖိုဖိုဖြင့် တုန်ရီလှုပ်ခတ်အောင် ကြည်ရွှင်ခဲ့ရသည်ပ။

နွေ-မိုး-ဆောင်းနန်းဆောင်သုံးခုအလှည့်လှည့် အပြောင်းပြောင်းဖြင့်ကာမစည်းစိမ်ကို မိန်းမသား အလဲလဲအဖယ်ဖယ်ဖြင့် စံစားခဲ့သော အတွေ့အကြုံများပင် မရှိခဲ့သလိုပါဘဲ။ မိမိသည် နုနုငယ်ငယ် ဆယ်ကျော်သက်ရွယ် လူပျိုပေါက်ကလေးလို ရင်ခုန်မောလျနေရ၏။

နန်းဆောင်မှ မထွက်ခွာခင်ပင်နှင်းပန်းရောင်ပိုးထည် ဇာချည်တို့ဖြင့်လွှမ်းခြုံအပ်သော အရိပ်လေးကို မိမိလည်ပြန်ငေးကြည့်ခဲ့မိသေး၏။ ပန်းနုသွေး အဝတ်အထည်တို့ပေါ်သို့ နွယ်ကျနေသောဆံနွယ်လေးများသည် ပိတုန်းခွလိုနက်ပြောင်နေ၏။ ထိုဆံနွယ်များကြားမှ [illegible]ပ်သား စိုစိုအိအိလေးက လ[illegible]ပ။ မင်းကြီးစိတ်ထဲတွင်ယခု [illegible]လိုက်ရသကဲ့သို့ လတ်ဆတ်စွာ ပြတ်ပြတ်ထင်ထင် ရှိနေဆဲ။ ထိုအလှတရားကို ပြန်လည်တွေးထင်မိခိုက် မိမိစိတ်သည် ကြည်နူးရိပ်ဖြင့် တသိမ့်သိမ့် ခုန်ပြန်လေသည်။ ရာဇကုန္ဒြေပျက်လုပါပေ့။

အို. . . အဆရာထောင်၊ အဆသိန်းသောင်း၊ ဟုတ်နိုင်ပါရဲ့လား။ သူကလေး၏ အလှတရားသည် ရှိနှင့်ပြီးသော မိဖုရားများထက် သာပါပေရဲ့။ တွေ့ဖူးသမျှမိန်းမသားတို့ထက်ပင် ပိုပါလေရဲ့၊ ထိုမသက္တဝါတို့နှင့် အလှတွင်တူသည်ခြား အနုတွင် သူမက သာပေမည်။ ပျိုမျစ်ခြင်းသည် သူမ၏အသားအရေမှာ ရှိနေသည်။ နူးညံ့ခြင်းသည်သူမ၏ အမူအရာမှာ ရှိနေသည်။ ဖွံ့ဖြိုးခြင်းသည် သူမ၏ကိုယ်ခန္ဓာတွင် ရှိနေသည်။ မိမိကို ရှက်စနိုးနိုး မော့ကြည့်လိုက်သော မျက်ဝန်းများသည် ဖြာရုံမျှမက ကြည်၍ပင် နေခဲ့သည် မဟုတ်လော။ အို-ကြည်ရုံမျှမက ရှင်းသန့်လို့ပင်နေချေသေး၏။

အမှုန်အမွှားကင်းသော ကြာအိုင်အောက်ခြေမှ ကြာစွယ်တို့ကို မြင်ခဲ့ရသလိုပင် သူမ၏အလှတရားကို မျက်ဝန်းများမှတစ်ဆင့် မိမိမြင်ခဲ့ရသည်ပင်။ သလင်းကျောက်ကို့၏ ကြည်လင်ခြင်းကဲ့သို့ အေးမြခြင်းကိုလည်း ဆောင်သောမျက်ဝန်းများပေတကား။

ညီလာခံသဘင် ဆင်ယင်ခိုက်မှာပင် မင်းကြီးသည် ထိုအလှဖူးကလေးနှင့် ဆုံတွေ့စဉ်က ဖွင့်ဟလိုက်သောစကားသံစဉ်များကိုကြားယောင်မိပြန်၏။ မိမိက မိဖုရားအရာထားကာ နန်းဆောင် သီးသန့်ပေးသနားမည်ဟု ဆိုလိုက်စဉ် . . .

"ကျီစယ်သောသဘော ပြောလျှင်ဖြင့် ကိစ္စအထူးမရှိပါဘုရား၊ ဆန္ဒအမှန်နှင့်ပြောလျှင်ဖြင့် မယုံကြည်နိုင်ပါသခင်၊ သင့်လဲမသင့်လျော်ပါ၊ အကျွန်သည်ကား သာမညမိန်းမသား၊ အညတရ ကချေသည်မျှပါ အရှင်၊ ခေါင်မဟေသီ ဒေဝီအဆင့်နဲ့ဖြင့် မနေဝံ့ပါ

www.burmeseclassic.com

ကိုယ်တော်ရှင် မင်းတရားကြီးကို ဖြေဖျော်ခွင့်ရသည့်မှုနှင့်သာ ဆုကြီးချသလို ကျေနပ်ရပါပြီ၊ အရှင်လိုသည့်အချိန်၊ အရှင်လိုသည့်ခဏ ဘုရားကျွန်မ အရံသင့်ရှိနေပါ့မယ်၊ ချူတစ်ချက်အလှုပ်၊ ခေါင်းလောင်းတစ်ကြိမ် အတီးမှာပင် ညည်းညူ ဖျော်ဖြေတင်ဆက်ပါ့မယ်၊ အရှင်သား စိတ်လက်ပေါ့ပါးစွာ နန်းရေးပြည်ရာ ကောင်းစွာစီမံနိုင်ပါစေဘုရား" တဲ့။

နှင်းဧရာသည်း ကြွယ်လှသော အလှသွင်လေးပါတကား။

အဖြစ်အပျက်တို့ကား အလွန်မြန်ဆန်ပါ၏။ ထိုယမင်းရွှေရုပ်လေးကို ပိုက်ထုပ် သိမ်းမြန်းလိုသည်အထိ ဖြစ်ပေါ်လာသော ချစ်ခြင်းတရားသည် သူ့ကိုမြင်သည့်ခဏ လက်တစ်ဖျစ်အတွင်းပင် ဖြစ်ပေါ် ပေါက်ဖွားလာခဲ့၏။ တစ်ခါဖူးမျှ မမြင်ဖူးပါဘဲလျက် ဤညီလာခံမတက်မီလေးတွင်ပင် အဆက်အသရောက်ရှိလာခဲ့သော ရတနာကလေး။

ထိုမြင်လိုက်ရသည့် တဒင်္ဂမှာပင် ဖြစ်ပေါ်ခဲ့သော မြတ်နိုးတွယ်တာစိတ်။ ညီလာခံသဘင်ကိစ္စကြောင့်သာ ထားခဲ့ရပေမင့် စိတ်ကမဖြောင့်။ ယနေ့မနက်ခင်းတစ်ခုလုံး သူကလေးသာစိုးမိုးနေ၏။ ခက်ပေ့၊ ခက်ပေ့။

✪

အတွေးတို့ဖြင့် မင်းကြီး ယောက်ယက်ခတ်နေချိန်မှာပင် သစ်ရွက်ကြွေတစ်စ လွင့်ဆင်းလာသလို ဟသ်ာမင်းသည် လေနှင့်အတူ သုတ်ခနဲ အပါးသို့ရောက်လာ၏။

"အလို အဆွေတော် ဟသ်ာမင်းပါကလား"

မင်းကြီးက ရွှင်မြူးစွာပင် စတင်နှုတ်ခွန်းဆက်သလိုက်သည်။

"ဟုတ်ပ အရှင်မင်းကြီး၊အကျွန်ုပ်ပါ"

"ဘယ်သို့ဘယ်ပုံ လမ်းမှားပြီး ရောက်လာပါသလဲအဆွေ" ဟု မေးမိပြီးမှ မင်းကြီးလည်း ကပျာကရာ ပြင်ဆင်ရင်း . . . "အို . . . ကောင်းကင်ကြီးမှာ လမ်းကြောင်းအရှင်းသားမို့ လမ်းမမှားနိုင်ပါဘူးလေ၊ ခင်ရာမင်ကြောင်း စိတ်ထားကောင်းနဲ့သာ သတိတရ လာရောက်ခြင်း ဖြစ်မည်ပ" ဟု ဆိုလိုက်လေ၏။

ဟသ်ာမင်းလည်း အဖြစ်မှန်ကို အတိုချုံးကာ ရှင်းပြလိုက်သည်။ ထိုအခါ မင်းကြီးလည်း ဟသ်ာမင်းအား အံ့သြသွားကာ နေမင်းနှင့်အတူ ယှဉ်ပြိုင်ခဲ့သော ထိုအဟုန်မျိုးဖြင့် မိမိကို ပျံသန်းပြပါဟု တောင်းဆို ပြသခိုင်းပြန်၏။

ဟသ်ာမင်းလည်း အသာအယာ ငြင်းဆိုတော်မူလေသည်၊

"အကြောင်းမဲ့ယှဉ်ပြိုင်ခြင်းဟာ အချည်းနှီးသော လုပ်ရပ်ပါ အဆွေ" ဟုလည်း ဆိုလိုက်၏။ မင်းကြီးကလည်း လက်မလျှော့။

"မှန်ပါသည်အဆွေ၊ သို့ပေမယ့် အသင့်ရဲ့ အစွမ်းအစကို လှစ်ဟထုတ်ဖော်ပြခြင်းဖြင့် အကျွန်ုပ်ကို အားရကျေနပ်မှုပေးပါ၊ အကျွန်ုပ်၏ လေးသည်တော်တို့ကိုလဲ ပညာရည်ချိုးမြှင့်ပေးပါ၊ ကျွန်ုပ်လည်း ယနေ့ကြည်နူးရွှင်ပျ စိတ်အားတော်ရလှသဖြင့် အပျော်သဘောပေပ" ဟု ချစ်ခင်နှစ်လိုသော အပြုံးဖြင့် တောင်းဆိုပြန်သည်။

ဟသ်ာမင်း မငြင်းသာတော့။ မိတ်ပျက်မခံလိုသဖြင့် . . .

"ကောင်းပါပြီအဆွေ၊ ရှုစားတော်မူပါ" ဟု ကြည်လင်စွာ ပြန်ပြောလေ၏။ ထို့နောက် တောင်ပံရွှေနားကို သားနားအောင်သိမ်းလျက် . . .

"နန်းရင်ပြင်က ဟောဟို တိုင်ထိပ်မှာ မိမိနားနေပါမည်၊ လေးသည်တော် အကျော်အမော်တို့က ရင်ပြင်အရပ်လေးမျက်နှာတွင် နေရာယူကာ မိမိအား ပြင်းစွာသော အဟုန်ဖြင့် လေးတော်များကို တစ်ပြိုင်နက်မစ်လွှတ်ပါ၊ မညှာမတာ ထိအောင်သာ ရဲရဲပစ်ပါ၊ မိမိက ထိုလေးမြားတံများကိုတစ်မဟုတ်ချင်း လိုက်လံသိမ်းယူလျက် လေးသည်တော်အသီးသီး၏ ကျောလွယ်မှ မြားကျည်တောက်ထဲသို့ ပြန်ထည့်ထားပေးပါမည်၊ လေးသည်တော်တို့ပစ်လွှတ်အပြီး တင်ထားသောလေးညှို့ကို မရုပ်သိမ်းမီမှာပင် ထိုမြားအသီးသီးကို နေရာတကျ ပြန်ထားပေးပါမည်" ဟု ရဲဝံ့ပြတ်သားစွာဆိုလေ၏။

ဟသ်ာမင်း၏ တိကျပြီး မယုံနိုင်လောက်သော အစီအစဉ်အတွက် မင်းကြီးလည်း အံ့အားတသင့် မျက်ခွံလန်သွားတော့သည်။

ထို့ပြင် တွေးဆဆင်ခြင်ကြည့်ရုံမျှပင် မဖြစ်နိုင်သော ဟသ်ာမင်း၏ ပျံသန်းနှုန်းကိုလည်း အလွန်လျှင် စိတ်ပါဝင်စား အာရုံထားမိသွားလေ၏။

သို့ဖြင့် လေးသည်တော်ဝန်ကြီးအား ပြိုင်ပွဲကိစ္စအဝဝကို အမြန် ပြင်ဆင် စီစဉ်စေခဲ့သည်။

လေးသည်တော်တို့ အသင့်ဖြစ်သည်နှင့် ဟသ်ာမင်းလည်း တိုင်ထိပ်ပေါ်သို့ အသာအယာပင် ပျံတက်နေရာယူလေ၏။ ထို့နောင် တိုင်ထိပ်ပေါ်တွင် တည်ကြည်ခံ့ညားစွာ နားလျက်ရှိရာမှ အရပ်လေးဖက်ရှိ လေးသမားတို့အား မြားဖြင့် ပစ်ခွင်းခိုင်းလေသည်။ နန်းရင်ပြင်အလုံး အပ်ကျသံမျှ မကြားရလေအောင် တိတ်ဆိတ်ငြိမ်သက်သွားသည်မှာ ကမ္ဘာကြီးတစ်ခုလုံး ရပ်ဆိုင်းသွားသလိုပ။

လေးသမားတို့ ပစ်လွှတ်သော မြားသွားများသည် ရွှီးခနဲတစ်ပြိုင်တည်း မြည်ကာ ကောင်းကင်သို့ လျှင်မြန်သော အဟုန်ဖြင့် တက်သွားလေ၏။ မြားရှင် လေးသည်တော်များ၏ အစွမ်းကို သိပြီးဖြစ်သော တရားဏာသီပြည့်ရှင် မင်းတရားကြီးသည် ချစ်မိတ်ဆွေ ဟသ်ာမင်း၏ အသက်နှင့်ထပ်၍ မိမိအားသူ၏အဟုန်ကိုပြဖို့ တောင်းဆိုမိခြင်းအတွက် နောင်တရနေမိသည်။

မတော်တဆ မြားတစ်စင်းစင်းသို့မဟုတ် လေးစင်းလုံးသာ အဆွေ





www.burmeseclassic.com

www.burmeseclassic.com

တော် ရွှေဟင်္သာမင်းအား ထိမှန်ခဲ့ပါက ယူကျုံးမရ ဖြစ်ချေရမည်လေ။ သို့သော် တစ်ဖက်ကလည်း မိတ်ဆွေ၏ တည်ကြည်သော အသွင်ကို ယုံစားကိုးကွယ်မိသည်လေ။

မဖြစ်တန်ကောင်းဟု ဆိုသော အရာများ ဖြစ်လာခဲ့ပါလျှင်ကော။ မင်းကြီးသည် စိတ်ဝင်စားစွာ၊ စိတ်ပူပန်စွာဖြင့် မြားတို့၏လားရာကို မျက်ခြည်မပြတ် ကြည့်လျက်ကပင် စိတ်အာရုံ၌ အလှကြာပဒုံသည် ဖူတ်ခနဲပွင့်သွားချေ၏။

နီတွေးသော နှုတ်ခမ်းငုံလေး၊ မင်းနုအသွေး"

ထိုခဏမှာပင် ကွင်းလယ်ရှိ တိုင်ထိပ်များမှ ဝှီးခနဲထပျံသွားသော ဟင်္သာမင်း၏ တောင်ပံရွှေအသွေးသည် လျှပ်စစ်တသလိုပင် နေခြည်၌ ပြက်ထင်သွား၏။

တိုင်ထိပ်တွင် ဟင်္သာမင်း၏ပုံရိပ် မမြင်ရတော့သော်လည်း ဘယ်နေရာ၌ ပျံသန်းနေသည်ကိုကား ခန့်မှန်း၍ မရ ... အားလုံးသည် ဖျပ်ဖျပ်လက်သော လျှပ်နှယ်ပင် ရိပ်ရိပ်ထိုးလျက်ရှိ၏။

မင်းကြီး၏ မျက်လုံးအစုံသည် ... တိုင်ထိပ်များမှသည် မိုးယံ၊ မိုးယံမှသည် တိမ်တိုက်၊ တိမ်တိုက်မှသည် ...ပြင်၊ ဘယ်မှာရှာကြည့်ရမည်မသိ ...သွားနေမိ၏။ ထိုစဉ် တဒင်္ဂလေးမှာ ... မင်းကြီး၏အာရုံဝယ် . . .

"အလှဖုရားမလေး၏ မို့သော ...ပြင်ထက်မှ ယှက်ငင်နေသည့် သွေးကြောမျှင်များ" ကို စိတ်ရောက်သွား...၏၊ ရှက်သွေးဖြာနေသော ပင်ကို ...လေး။

လေးသမားတို့၏ကျော၌ ချိတ်...ယ်ထားသော မြားကျည်တောက်...သို့ မျက်စိတစ်မှိတ်အတွင်းက ...ပစ်လွှတ်လိုက်သောမြားတို့သည် ...တ်ခနဲ ထောက်ခနဲ ပြန်လည် ...တ်ရှိလာကြ၏။ လေးသမားတို့... မြားတံများ ဝင်ရောက်စိုက်ကျလာသော အဟုန်၊ အသံ တို့ကြောင့် တုံ့ခနဲ တုံ့ခနဲ ဖြစ်သွားကာ ကျောမှ ကျည်တောက်များဆီသို့ သမင်လည် ပြန် ဖျတ်ခနဲ လှည့်ကြည့်မိကြလေ၏။

ဟင်္သာမင်းကိုက်ချီပြီး ပြန်လည် ထည့်ပေးသွားသည်ဟု ထင်ရလောက်သော သက်သေတို့ မည်သို့ပြုရမည် မသိနိုင်အောင် ဖြစ်ရသည်အထိ မြန်လှချေ၏၊ ဝါရွှေသော ရောင်ခြည်တစ်လက် လင်းပွင့်သွားသလိုသော လျှင်မြန်လွန်းသည့် အရိပ်တစ်ခုသာ ပြန့်ပြတ်သွားပြီး မြားတို့သည် အကယ်ပင် ပြန်ရောက်နေခဲ့ချေပြီတကား။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ အချိန်တိုလေးအတွင်းမှာပင် လေးသည်တော်တို့ ပစ်လွှတ်လိုက်သော ထိုမြားလေးစင်းလုံးအား ဖမ်းယူကာ ပစ်သူတို့၏ မြားကျည်တောက်များထဲ ပြန်ထားပြီးသော ဘုရားလောင်းဟင်္သာမင်းသည် မူလနားနေခဲ့ရာ ကွင်းလယ်ကောင်ရှိ တိုင်ထိပ်သို့ တစ်ဟုန်ထိုးပျံကာ ပြန်လည်နားနေလိုက်လေ၏။ ထိုသို့ အပြေးအလွှား နားနေလိုက်ရသော်လည်း ဟင်္သာမင်းကား မောပန်းတုန်လှုပ်ခြင်းမရှိ၊ အမွေးအတောင် တစ်ပင် တလေမျှပင် ဖွာမနေ။ ကာလရှည်ကြာစွာကပင် မလှုပ်မရှား နားနေဘိသယောင် ထင်စေရအောင်ပင် ပကတိငြိမ်သက်နေချေ၏။

မင်းကြီးလည်း မိမိ၏အနှုံးကိုပင် ဂရုမပြုအားဘဲ မိမိလေးသည်တော်များ၏မြားချက်မခဘဲ ဟင်္သာမင်း အသက်ရှင်လျက်ရှိနေခြင်းကို အရင်ဆုံး ကျေနပ်ပီတိ ဖြစ်သွားကာ သက်ပြင်းရှည်ကို ချလိုက်သည်။ ပြီးမှ မိတ်ဆွေ၏ ရှင်သန်ခြင်းနှင့်လျင်မြန်ခြင်းကို အပြေးသွားကာ ပွေ့ပိုက် ဂုဏ်ပြုလိုက်ချင်သော်လည်း ရာဇပ္လင်ကြွေကိုထောက်ကာ ပြုံးရုံသာ ပြုံးပြလိုက်မိ၏။

မိမိ ပြုံးနေမိစဉ်မှာပင် . . .

"ပဝါဇာခြည် လွှစ်ဟသွားခိုက် မြင်လိုက်ရသော အပြုံးကလေးသည် ဖျတ်ခနဲ ထင်လာပြန်သည်၊ မိမိကလဲ ထိုအပြုံး၌ပင် နှလုံးခုန်မိခဲ့ပါပေ့၊ အိခနဲ လျှောကျသွားသော ဇာဝဝါအောက်မှ မျက်နှာလေးကိုတော့ သည်ညီလာခံတ အပြန်မှာ တစိမ့်စိမ့်ကြည့်လေဦးမှ"

ဟင်္သာမင်း၏ လျင်မြန်ခြင်းအတွက် ထောမနာပြုသော လက်ခုပ်သံတို့ကား နန်းရင်ပြင်တွင် တဖျောဖျော၊ တဖြောင်းဖြောင်း ပွဲတင်ထပ်နေဆဲ။

ပစ်ပေါက်ဂုဏ်ပြုကြသော ပန်းပေါက်ပေါက်တို့သည် ဆောင်း၏ နှင်းများသစွယ်ဝင်၊ လေးသည်တော်တို့လည်း လေးမြားများကိုပစ်ချကာ ဟင်္သာမင်းအား လက်ခုပ်ဩဘာပေးလျက်ရှိ၏။ ထိုသောသောညံညံ လက်ခုပ်သံ လေချွန်သံများက မင်းကြီး၏ လွင့်ပျံနေသောစိတ်များကို ပြန်လည်ခေါ်ယူလိုက်ကြသည်။

ထိုစဉ် လေးသည်တော်များသည် ဒူးတစ်ဖက်စီထောက်ကာ ကိုယ်များကို ကိုင်းညွတ်လျက် ဟင်္သာမင်းအား အရိုအသေပြုကြလေ၏။ မင်းကြီးလည်း ခေါင်းတဆတ်ဆတ်ညိတ်လျက် ဝင်းပစွာ ပြုံးရင်း မိတ်ဆွေ၏ လျင်မြန်စွမ်းကို ကျေနပ်ပီတိဖြစ်နေဆဲပေ။

သည်ပီတိ အကြည်ဓာတ်သည် မကြာမတင်မကမှ မင်းကြီးရင်၌ ဖြစ်ပေါ်ခဲ့သည့် ပီတိကျေနပ်ခြင်းများနှင့် ရောယှက်သွားပြန်၏။

"ကျေနပ်ရသည်ပ၊ ခြသေ့ဆီနှင့် သိင်္ဂီရွှေခွက်တို့ကဲ့သို့ မိမိလို ထီးဆောင်းမင်းနှင့်မို့သာ ထိုအလှရတနာသည် ဆိုက်ရောက်လာသည်ပဲလေ၊ လိုက်ဖက်ညီစွ၊ တင့်တယ်ပန်ရစွ' ဟု မင်းကြီး ကျေနပ်စွာ ပြုံးနေမိတော့သည်။

ထို့နောက်မှာတော့ ဟင်္သာမင်းသည် တိုင်ထိပ်မှ ညင်သာပေ့ါပါးစွာ ပန်းပွင့်မှ ပွင့်ချပ်လေးတစ်ဖတ် ပဲ့ကျလာသလို သက်ဆင်းခဲ့ကာ မင်းကြီးအပါးဝယ် ရောက်ရှိလာ၏။ သူ့အသွင်ကား မောပန်းနွမ်းနယ်ဟန်လည်းမရှိ၊ တက်ကြွဂုဏ်ယူဟန်လည်း ကင်းဘိ၏။





www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးလည်း မိမိလက်ကို အသာဆန့်တန်းကာ မိတ်ဆွေ ဟသ်ာမင်းကို ကမ်းလင့်ကြိုဆိုလိုက်သည်။

ပြည့်ရှင်မင်း၏ လက်ပေါ် နားခွင့်ရသည့်တိုင် ဟသ်ာမင်းကတော့ နားတော်မမူဘဲ နားဟန်ပြုကာ ဝဲယံလာပြီးမှ အနီးအပါးရှိ ကြေးကလပ်ပေါ်တွင် နားလိုက်လေ၏။

"သက်သောင့်သက်သာ သင်နားလိုရာမှာ နားခိုအပန်းဖြေပါစေ" ဟု မင်းကြီးက ကျေကျေနပ်နပ် ခွင့်ပြုရင်း နှုတ်ဆက်စကားဆိုလိုက်သည်။

ဟသ်ာမင်း၏ လျှင်မြန်ခြင်းအဟုန်ကား မိုးကြိုးလျှပ်နွယ်တမျှပေတကား၊ ရောင်စဉ်အလင်းတန်းတမျှပေတကား စသည်၊ စသည်ဖြင့်။

ဟသ်ာမင်းကား ပကတိတည်ငြိမ်လျက်ပင် ငြိမ်းချမ်းစွာရှိနေ၏။ မင်းကြီး၏ ချီးမွမ်းစကားကို အသိအမှတ်ပြုကာ ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားသော်လည်း မတုန်မလှုပ်။ မှူးမတ်အပေါင်းကလည်း ဟသ်ာမင်း၏ အဟုန်အတွက် အထင်တကြီး တအံ့တသြ ဖြစ်ရခြင်းကို မဖုံးကွယ်နိုင်ကြဘဲ မင်းကြီးမိတ်ဆွေတော် ဟသ်ာမင်းကား သွက်လက်လျင်မြန်ပေစွ။

ရေတံခွန်မှ သွန်ကျသော ရေအလျှင်ထက် လည်းကောင်း၊ ကောင်းကင်မှ ကြွေသက်ကျ ဆင်းလာသော ဥက္ကာပျံကြယ်တစ်စင်းထက် လည်းကောင်း၊ မုန်တိုင်းမိုးသက်ထက် လည်းကောင်း မြန်ပေစွဟု အမျိုးမျိုးသော တင်စားချက်များဖြင့် ချီးပမဆုံး ရှိနေကြလေ၏။

သို့သော် ဟသ်ာမင်းကား ချီးမြှောက်မှုကို ရွေးတစ်စေ့မျှပင် မာန်မတက်ဘဲ ပြုံးလျက်သာ ခံယူနေသည်။ မိတ်ဆွေဟသ်ာမင်း၏အပြုံး၊ အလှနတ်ဖုရားမလေး၏အပြုံး၊ အို မင်္ဂလာရှိလှစွာသော ထိုအပြုံးများသည်ကား မိမိနှလုံးအိမ် ဝှမ်းဖတ်စကို ပျော့အိညံ့သက်သွားစေသော ဆီမွှေးများပေတကား။

မခို့တရို့ အပြုံးလေးနှင့်ကား သည်ညီလာခံသဘင်အပြီးမှာ ဆုံတွေ့ရချေဦးမည်။

ဗာရာဏသီမင်းကြီးလည်း မိတ်ဆွေဟသ်ာမင်းကို ကျေနပ်အားကျစွာ ကြည့်ရင်း . . .

"အမောပြေပါက အကြည်တော်၏အနိုင်အတွက် ပဏ္ဏာဆက်ပါရစေ" ဟု ချစ်ကြည်မြတ်နိုးစွာ ဆိုလေ၏။

ဟသ်ာမင်းလည်း စိုးစိမျှပင် မောပန်းရိပ် အဖျားမခတ်သော ပကတိအသံဖြင့် "ကျေးဇူးကြီးလှပါပြီ အဆွေတော်မင်းကြီး၊ မည်သည့်လက်ဆောင်တော်ကိုမျှ လောင်းကြေးအဖြစ် မယူလိုပါ၊ အကြောင်းမူကား အကျွန်က အရှင်မင်းကြီးအား စိတ်ကြည်လင်ရွှင်ပျပါစေကြောင်းမျှကိုသာ ရည်စူးလျက် အကျွန်ုပ်အားထုတ်မှုဖြင့် အစွမ်းပြခြင်းသာ ဖြစ်ပါ၏၊ နှလုံးလန်းရွှင် ကြည်နူးခဲ့လျှင်ပင် အကျွန် ကျေနပ်လှပါပြီ" ဟု ဆိုလေ၏။

"ကြည်နူးရပါသည်ကော အမိငယ်၊ မိမိရင်အစုံသည် ဖားဖိုလေအိတ်ကဲ့သို့ပင် တလှပ်ဖိုဖို လှုပ်ခတ်ကြည်ရွှင်ခဲ့ရသည်ပ၊ နှငယ်ပျိုမျစ်သော မင်းလုလင်ပျိုလေးလို ရင်ခုန်နေမိပါရဲ့"

ထို့နောက် မင်းကြီးအား . . .

"အကျွန်၏ လျှင်မြန်မှုအဟုန်ဆိုသည်မှာ မည်သို့မျှ အံ့သြစရာမဟုတ်လှပါ၊ အကြောင်းမူ ထိုလျှင်မြန်ခြင်းထက် အဆအသိန်းမကမြန်သောအရာ၊ အကျွန့်ထက် အဆကုဋေကုဋေသောလွန်သော လျှင်မြန်ခြင်းများ ရှိနေသောကြောင့် ဖြစ်ပါ၏" ဟု ဟသ်ာမင်းက ဆိုပြန်လေ[illegible]သည်။

မင်း[illegible]ကြီးလည်း အဆွေတော်၏ နှိမ့်ချ[illegible] ဟ[illegible]ာနကင်းသော နှလုံးစိတ်အတွက် ပို[illegible]ပြီး ချစ်ကြည်ညိုမိပြန်၏။ ထို့ပြင် မိမိ[illegible] အတွင်းစိတ်ကလည်း ကြည်လင်မြူး[illegible] လန်းဆတ်နေသည်ဖြစ်ရာ ဟသ်ာ[illegible]င်းကိုသာ ပြုံးလျက် ကြည့်နေမိတော့သည်။

မိမိ လည်ပြန်ငေးကြည့်ခဲ့မိသော ဗိတုန်းခွဲလိုနက်ပြောင်နေသည့် ဆံနွယ်များကြားမှ လည်ကုပ်သားလေးသည် မင်းကြီးစိတ်ထဲ ခုပင် မြင်တွေ့လိုက်သကဲ့သို့ လတ်ဆတ်စွာ ပြက်ပြက်ထင်ထင် ရှိနေဆဲ။ ပြန်လည်တွေးထင်မိခိုက်မှာပင် ကြည်နူးရိပ်ဖြင့် တသိမ့်သိမ့် ပြုံးမိပြန်လေ၏။

မင်းကြီးက . . .

"အကြည်တော်သည် သူ၏ အစွမ်းအစဖြစ်သော လျင်မြန်မှုအဟုန်အတွက် ဂုဏ်မတက်နိုင်ခြင်းသည် အခြားသော ဒီ့ထက်ပိုမိုသည့် အဟုန်အလျှင်များ ရှိနေသေး၍ပေလော" ဟု ခပ်ရွှင်ရွှင်ပင် ဟသ်ာမင်းအား မေးလိုက်မိပြန်သည်။

ဟသ်ာမင်းလည်း . . .

"ရှိသည်ပအဆွေ၊ ရှိလေသည်ပ" ဟု တည်ကြည်စွာဆိုပြန်၏။

သူ့အသံတွင် လျှင်မြန်စွာ [illegible] သန်းခဲ့ရသဖြင့် မောဟိုက်နေခြင်းသည့် အရိပ်အယောင်မျှ အဖျားမခတ်။

မင်းကြီးလည်း ချစ်သော မိတ်ဆွေကို ကျီစယ်လိုသဖြင့် . . .

"နှစ်ဆ၊ သုံးဆ၊ လေးဆ အဘယ်မျှ ပိုမြန်ပါသလဲ အသင်ငှက်မင်း" ဟု မေးပြန်၏။ ဟသ်ာမင်းလည်း . . .

"လေး-ငါး-ဆယ်ဆမက အ[illegible] ရာထောင်မျှ မြန်သောအဟုန်ပင် ရှိ[illegible] သေးသည်" ဟု [illegible]န်ဖြေလေသည်။

ထိုအခါ ဗာရာဏသီမင်းကြီး[illegible] ပြုံးလိုက်၏။

"ပိုလွန်းပါသနော် အဆွေတော်"ဟုလည်း ရွှင်ကြည်မြူမြူ စနောက်လိုက်သည်။ ဟသ်ာမင်းကလည်း . . .

"မပိုပါ [illegible]ချစ်[illegible] မင်းကြီး [illegible] ထက်မြန်သော အ[illegible]သောင်းလှ[illegible]သော အဟုန်[illegible]လျှင် [illegible]ပါသေး၏" [illegible] ဖြေပြန်လေသည်။

"အို . . . အဆရာထောင်၊ အ[illegible] သိန်းသောင်း၊ ဟုတ်နိုင်ပါ့မလား၊ ဒ[illegible] အလှတရားသည် ရှိနိုင်ပြီးသော မိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...တ် သာပါပေရဲ့၊ တွေ့ဖူးသမျှ ...သားတို့ထက်ပင် ပိုပါလေရဲ့"

တွေးဆရခက်သော အကြည့် ... ဟသ်ာမင်းအား မင်းကြီးသည် ငေး ...လျက် ကြည့်နေလိုက်မိ၏။

ထို့နောက် မင်းကြီးလည်း သိလို ...တို့ မအောင့်အည်းနိုင်တော့ဘဲ . .

"လျှင်မြန်လွန်းလှသော ထိုအရာ ... အဘယ်နည်း" ဟု မေးလျှောက် ...တော့သည်။

"ထိုအဆအသိန်းမက မြန်သည် ...သောအရာကိုကား ချစ်သောအဆွေ ...ကြီးအား အကျွန်ုပ်ကလည်း ပြောပြ ...သေး၏"ဟု ဟသ်ာမင်းက ဆိုလိုက် ...သည်။ ဗာရာဏသီမင်းကြီးလည်း ...တွေးစကို ဖျတ်ခနဲရုပ်ကာ . . .

"အဆအသိန်းမက မြန်သော ...ရာ ဟုတ်စ" ဟု ဟသ်ာမင်းကို အံ့ဩ ... မေးလိုက်၏။

"မှန်ပါသည် အရှင်မင်းကြီး၊ ...အသိန်းမျှမကာမြန်သောအဟုန်ပါ" ...ဟသ်ာမင်းက တည်ငြိမ်အေးဆေးစွာ ...လောင်းအတည်ပြု ပြောဆိုလိုက် ...သည်။

ဟသ်ာမင်း၏မျက်နှာ၌ အေး ... ငြိမ်သက်ခြင်းကို မြင်လိုက်လိုက် ...သော မင်းကြီးသည် အဆွေတော် ...နိုင်အခဲ့ ပြောနေချေပြီဟု ယုံကြည် ...လိုက်၏။ မိတ်ရင်းဆွေချာအချင်းချင်း ...ပျော်သဘော ပြောခြင်းကား မဟုတ် ...တော့လေပြီ။

*"ကျီစယ်သောသဘောဖြင့် ပြော ...ခြင်းဖြင့် ကိစ္စအထူးမရှိပါဘုရား၊ ဆန္ဒ ...ဖြင့် ပြောလျှင်ဖြင့် မသင့်လျော်ပါ၊ ...ကျွန်ုပ်ကား သာမည အညတရ ကချေ ...သည်မျှပါသည် အရှင်၊ ခေါင်မဟောသီ ...အဆင့်ဖြင့် မနေဝံ့ပါ၊ အရှင် လို ...သည့်အချိန်၊ အရှင်လိုသည့်ခဏ ဘုရား ...မ အရံသင့်ရှိနေပါ့မယ်၊ မညည်း ... ဖျော်ဖြေတင်ဆက်ပါ့မယ် ဘုရား" ...သားကွယ်။ ပါးနပ်လိမ္မာ ရှိလှသည့် ...ယ်မပေပဲ။*

အဆွေတော် ဟသ်ာမင်းကား လိမ္မာရေးခြားရှိပါဘိ။ သိတတ်ကျေပွန် လှပါ၏။ လူသားဆိုလျှင်ဖြင့် အနား တော် အသာဆွဲပြီး အပါးတော်မြဲပင် ခန့်လိုက်ချင်ပါရဲ့၊ သို့သော် တောင်ပံ တဖျပ်ဖျပ်နှင့် ငှက်သတ္တဝါဖြစ်နေပေ သမို့ မင်းကြီးသည် အသာပင်ပြုံးကာ **သူ၏ချစ်မိတ်ဆွေကို နှလုံးချစ်ကြည်စွာ ကြည့်နေလိုက်၏။ ဟသ်ာမင်းလည်း ဗာရာဏသီမင်းကြီး နှလုံးစိတ်လို နား ဆင်လိုဟန်ရှိကြောင်း သိသည်နှင့် မင်း ကြီး မေးလျှောက်ထားသော အရာကို ဖြေကြားရှင်းပြပြီး တရားဟောတော်** မူလေ၏။

"အရှင်မင်းမြတ် အကျွန်ုပ်၏ လျှင်မြန်ခြင်းထက် အဆအသိန်းမက မြန်သောအရာသည်ကား သတ္တဝါတို့ ၏ အာယုသင်္ခါရပေတည်း၊ ထိုရုပ် နာမ်တို့၏ ဖြစ်ပျက်ခြင်းသည် မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်မျှပင် မကြာ ရအောင် မြန်ပါပေ၏၊ တွေးသော လက် မဆန့်မီ၊ ဆန့်...လက် မကွေး မီ ထိုဖောက်ပြန်ပျက်စီးခြင်းသည် ဖြစ် ကုန်၏၊ အသက်ရှူသွင်း ရှူထုတ်နေ သည့် တစ်ခဏအတွင်းမှာပင် ယိုယွင်း ခြင်းသည်ဖြစ်ကုန်၏" ဟု တရားဟော တော်မူလေ၏။

ဟုတ်ပ၊ ဟုတ်ပ။ မှန်ပေစွ အဆွေ ဟသ်ာမင်းရယ်။

*ပျက်ခြင်း ဖြစ်ခြင်းများကား အလွန်မြန်ဆန်ပါဘိ၊ ထိုယမင်းလေးကို သိမ်းမြန်းလိုသည်ထိ ဖြစ်ပေါ်လာသော ချစ်ခြင်းတရားသည် သူ့ကို မြင်သည့် ခဏတွင်းမှာပင် ဖြစ်ပေါ်လာခဲ့၏၊ တစ်ခါဖူးမျှ မမြင်ဖူးပါဘဲလျက် ဤ ညီလာခံမတက်မီလေးတွင်ပင် အဆက် အသရောက်ရှိလာခဲ့ပြီး၊ ထိုမြင်လိုက်ရ သည့် တဒင်္ဂမှာပင် ဖြစ်ပေါ်ခဲ့သော မြတ်နိုးစိတ်၊ ညီလာခံသဘင်ကြောင့် သာ ထားခဲ့ရပေမင့် စိတ်ကမဖြောင့်၊ ယနေ့မနက်ခင်းတစ်ခုလုံး သူလေးသာ စိုးမိုးနေပေ့ါ။*

**မိတ်ဆွေဟသ်ာမင်းနှင့် စကား** စမြည် ပြောဆိုရခြင်းကို **မိမိ အလွန်** နှစ်သက်ခဲ့၏။ ခုတော့ **ပြောရင်းဆိုရင်း** မှာပင် သင်းကလေးသည် **မိမိအာရုံ** အတွင်းသို့ တစွတ်စွတ် တိုးဝင်လျက် ရှိ၏။ ညီလာခံပြီးပါလေမှပဲ ဇိတ်ချ လက်ချ ထားနှမနှင့် ချစ်ပွဲဝင်ရပေတော့ မည်။ ချစ်မိတ်ဆွေ ဟသ်ာမင်း၏ လျှင်မြန်လွန်းသည် ဆိုသော ပျက်ခြင်း တရားကို အမြန်ခေါင်းညိတ် လက်ခံ **လိုက်လေမှ**ပါပဲ၊ ဟုတ်မည်ထင်ပါ **ရဲ့လေ၊ ဟုတ်လိမ့်မည်ပ၊** မိမိမိတ်ဆွေက **လည်း မှန်သောစကားများသာ** ဆိုခဲ့ **လေသည်ပေတိုး**

✪

ထိုစဉ်ခိုက်တွင် **ဗာရာဏသီ** မင်းကြီး၏ **အတိုင်ပင်ခံအမတ်ကြီးသည်** မင်းကြီးအပါးသို့ ပျာယီးပျာယာဝင်လာ ပြီး ခေါင်းကို ငုံ့ထားလျက် ခစား၏။ အလိုက်သိတတ်သော၊ မခေါ်ဘဲမလာ မမေးဘဲမဖြေတတ်သော ထိုအမတ်ကြီး ကား အဘယ်မျှအရေးကြီးသော ကိစ္စ ထူးဖြင့် ဦးတင်နေပါလိမ့်။ အကင်းပါး သောမင်းတရားမို့ "လျှောက်စမ်းဟဲ့ မောင်မင်း"ဟု သတင်းကြားလို၍ နှုတ်ပြ တင်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

"မှန်လှပါ" အစချီလျက် အမတ် ကြီးက မျက်နှာလွှဲကာလျှောက်တင်လေ သည်။

"ညီလာခံမစမီ အချိန်လေးကမှ ဆက်သလာသော မိန်းမပျိုသည် ယာ ယီ နန်းဆောင်ထဲတွင် သက်နုတ်အဆိပ် ရည် သောက်မျိုလျက် အဆုံးစီရင်သွား ပါပြီဘုရား"ဟူ၏။

အလို . . . အလို၊ ဘယ့်နှယ် စကားပါလိမ့်၊ မိမိနားများပင် အကြား မှားလေရော့သလား။ မနက်ကပင် ဖူးပွင့် ဖို့ အားယူနေသော ကြာပဒုံသည် ရေ နွေး ပွက်ပွက်ဆူထဲ ပစ်ခ...လိုက်သလို တစ်မဟုတ်ချင်းမှာ ညှိုးလျော်ပျက်ယွင်း သွားပြီတဲ့လား။ ရာဇပလ္လင်ကို အသာ ပင့် ထိန်းရင်း "ရှင်းရှင်းလင်းလင်း





www.burmeseclassic.com

www.burmeseclassic.com

လျှောက် စမ်းပါဟဲ့" ဟုသာ ငေါက်လိုက်ရ၏။

"မှန်ပါသည် အရှင်မင်းကြီး၊ ပဏ္ဍာသလာသူ အလှထမင်းသည် အသက်ကင်းမျှက်ရှိနေပါပြီဘုရား" ဟုသာ မြွက်ဆိုသောစကားကို ထပ်ဆင့်ကြားရပြန်သည်။

မင်းကြီးလည်း ဝေါယာဉ် အမြန်မြန်ကာ ယာယီနန်းဆောင်သို့ ကသောအလျော ကြွလေ၏။ ဟသ်ာမင်းလည်း မင်းကြီးနှင့်မလှမ်းမကမ်းမှ ပျံသန်းရင်းလိုက်ပါလာခဲ့သည်။ မင်းကြီးလည်း နန်းဆောင်ဝ ရောက်သည်နှင့် မင်းသိက္ခာကို တစ်ခဏ စွန့်လွှတ်လိုက်ကာ အပြေးအလွှား ဆင်းသက်လိုက်၏။ ခြေနင်းတော်အကျွတ်ကျွတ်နှင့်ပင် အဆောင်တော်အတွင်း ရောက်ရှိသွားလေသည်။ ကြာခြည်ကို အတင်းသိုးခွင်းတာ သဥ္စာလီ ညောင်စောင်းအနား အမြန်ဆုံးသွားလိုက်၏။

မနတ်ခင်းကမှ မြင်လိုက်ရသော ရွှေစင်သတိုးအလှပန်းလေးသည် ယခုမူ ပြာနှမ်းမည်းညိုနေပေပြီ။ အဆိပ်ပြင်းတို့ လောင်ကျွမ်းလျက် နှုတ်ခမ်းတို့သည် ဖူးဖူးရောင်နေ၏။ နှာခေါင်း၊ နားတို့မှ သွေးရည်တို့ စိမ့်ထွက်ဆဲ။ မျက်လုံးအစုံကား မချိမဆံ့ ခံစားလိုက်ရသော သေမင်းတမန် အဆိပ်ကြောင့် ပြူးထွက်နေချေသည်။

"အို . . ."

မမြင်ဝံ့သဖြင့် မင်းကြီးသည် မျက်နှာလွှဲလိုက်၏။

"သူမ၏ချစ်သူနှင့် မခွဲခွာလိုပါသဖြင့် ယခုကဲ့သို့ သေလမ်းကိုသာ ရွေးလိုက်ခြင်းဖြစ်ပါသည်ဘုရား"ဟု အမတ်တို့ လျှောက်ထားလာပြန်သော စကားကိုလည်း မင်းကြီး မကြားဝံ့။

စစ်မြေတလင်းတွင် စစ်ပွဲကြီးများ ခင်းရင်း မြင်းခွာသံ တဖြောင်းဖြောင်းဖြင့် ထောင်းလမောင်းကြေအောင် နင်းဖြတ်ခဲ့ဖူးသူ စစ်ဘုရင်ကြီး ခုတော့ သွေးပျက်နေလေပြီ။

ချောက်ချားစိတ်ဖြင့် လေသာပြတင်းဝသို့ အားတင်းလျှောက်ကာ ဘံခါးဘောင်ကိုမှီလိုက်၏။ ပြတင်းတံခါးတွင် နားနေသော ဟသ်ာမင်းလည်း ရွှေတောင်ပံကိုဖြန့်ကာ မင်းကြီးကို အုပ်မိုး နှစ်သိမ့်လိုက်လေသည်။

တောင်ပံအစုံ၏ နွေးထွေးမှုသည် မင်းကြီး၏ သောကကို အနည်းငယ်မျှ ငြိမ်းသတ်လိုက်နိုင်၏။ သိမ့်သိမ့်လှုပ်နေသော မင်းကြီး၏ ကျောပြင်သည် ငိုရှိုက်နေလေသလောဟု တွေးမိလောက်အောင် ခါယမ်းနေ၏။

ထို့နောက်တွင်မှ မင်းကြီးသည် မျက်နှာကို မော့လိုက်၏။ ရာဇာမင်းတို့၏ မာန်သည် ခေတ္တမျှ မင်းကြီးမျက်နှာမှ ကွယ်ပျောက်နေလေသည်။ အချစ်ရှုံးရှုံးပြီး မိန်းမူးနေသောအသွင်သာ အထင်သားပေါ်လွင်နေ၏။ မျက်ရည်တို့ စီးကျမလာသော်လည်း မျက်လုံးအိမ်သည် စိုစွတ်လျက်။

လေသာပြတင်းမှတစ်ဆင့် ပြာစင်သော ကောင်းကင်မှ တိမ်များကို မော့ကြည့်လိုက်ရင်း . . .

"တိမ်တွေကြားမှာ ပျံသန်းနေကျ ချစ်မိတ်ဆွေဟသ်ာမင်းကား ရွေ့လျားနေသော တိမ်များနှင့်နေဖူးခဲ့ပေမည်၊ တိမ်တွေဟာ ရွေ့လျားနေသလား၊ တည်ငြိမ်နေသလား" ဟု မင်းကြီးက အဆက်အစပ်မဲ့စွာ မေးလိုက်၏။

"ရွေ့လျားနေတာ မဟုတ်ဘူး မင်းကြီး၊ အရှိန်အဟုန်ပြင်းစွာ ပြေးလွှားနေတာ၊ အကျွန်တို့တောင် တိမ်တွေကို မနည်းချည်း ပြေးလိုက်နေရတယ်"ဟု ဟသ်ာမင်းက ပြန်ဖြေ၏။

"ငြိမ်နေတယ်ဟု ထင်ရသည့်အရာတွေကပြေးလွှားနေတယ်၊ ဟုတ်စ၊ မြန်လိုက်ကြသည့်အလျဉ်အဟုန်တွေပါလား၊ လျင်မြန်လွန်းမက လျင်မြန်လှချေရဲ့"

မင်းကြီးက သူ့အမိပ္ပာယ်နှင့်သူ ပြောနေ၏။ ရွှေဟသ်ာမင်းကတော့ ဘုရားလောင်းပီပီ မင်းကြီး၏ရင်ကို ထွင်းဖောက်မြင်နေရသည်။ မင်းကြီး၏ ရင်၌ စွဲလောင်နေသော တပ်မက်မှု တဏှာမီးသည် အရှိန် တညီးညီးပါ တကား။ သို့ဖြင့် . . .

"အရှင်မင်းကြီး သို့မို့ကြောင့် အကျွန်က လျင်မြန်ခြင်းတို့အားလုံးထက် အဆအသိန်းမက မြန်သောအရာကား သတ္တဝါတို့၏ အာယုသင်္ခါရ ရုပ်နာမ်တို့၏ ပျက်ခြင်းပေတည်းဟု ပြောခဲ့ပေသားပဲ၊ အရှင်မင်းကြီး ဆင်ခြင်တော်မူပါ၊ ငြိမ်သက်နေသည်ဟုထင်ရသော လောကကြီးသည်လဲ လျင်မြန်သော အဟုန်ဖြင့် ပြေးလွှားနေပေ၏၊ သံသရာမှာ ကျင်လည်ရင်း လျင်မြန်စွာ ကုန်ဆုံးသွားမည့်အချိန်တို့တွင် မြတ်သောတရားကို လေ့လာကျင့်ကြံဖို့ အားထုတ်တော်မူပါရော့၊ နေ့မြင်ညပျောက်ထက် ခုမြင်ခုပျောက် မြန်ဆန်လှစွာသော လူ့ဘဝကြီးကို အချည်းနှီး မကုန်လွန်ပါစေနှင့်တော့" ဟု ဟသ်ာမင်းက တရားပြ ဟောကြားတော်မူလေ၏။

ထို့နောက် မင်းကြီးကို တောင်ပံစုံဖြင့် တစ်ချက်မျှအုပ်မိုး နှစ်သိမ့်ကာ လေထဲသို့ တသိမ့်သိမ့် ပျံသန်းထွက်ခွာသွားလေတော့သည်။

မင်းကြီးလည်း ညောင်စောင်းထက်မှ အလှဖုရား၊ ခုတော့ဖြင့် မရဏလားနေသည့် အပုပ်ကောင်ကိုတစ်ချက်မျှ လှမ်းကြည့်ရင်း သက်ပြင်းရှိုက်လိုက်ပြန်၏။

ထို့နောက် မင်းကြီးသည် သူ၏ ချစ်သော မိတ်ဆွေမွန် ရွှေဟသ်ာမင်း ပျံသန်းသွားရာ ကောင်းကင်ပြင်သို့ ပြန်ကြည့်လိုက်သည်။ အလို. . . ဟိုဝေးဝေးမှ မှုန်ပျပျ အစက်အပြောက်သည်ပင် ရွှေဟသ်ာမင်း ထင်ရဲ့။

❒ ကိုချမ်း(ဆေး-၂)

**စာကိုး**

ခုဒ္ဒကနိကာယ်၊ ငါးရာငါးဆယ် ဇာတက၊ တေရသကနိပါတ်၊ ဇဝနဟံသ ဇာတက(ဟသ်ာမင်းဇာတ်)၊ ဇာတ်တော်အမှတ် (၄၇၆)။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်အခု ကျုပ်တို့ အိမ်ခန်းရှေ့မှာ ကြက်ဆူပင်တစ်ထောင်စိုက်ရတယ်။

မိန်းမက ဝန်ထမ်းဆိုတော့ သူ့တာဝန်၊ သူ့ခွဲတမ်းအရ စိုက်ရမှာ။ ကျုပ်ကိုယ်တိုင်စား လက်မှတ်ထိုးပြီး ပလတ်စတစ်အိတ်မည်းနဲ့ စိုက်ထားတဲ့ ကြက်ဆူပင်ပေါက်ကလေးတွေ လက်ခံခဲ့ရတယ်။

မနက် ရုံးချိန်အမီ ရုံးဖယ်ရီ နားစီးရဖို့ ကျုပ်မိန်းမ သုတ်ခြေတင်တာနဲ့ ကျုပ်လည်းပဲ "ခါးတောင်းမြှောင်အောင် ကျိုက်ကာထား၊ ကျောသားနဲ့ ခြင်းအုပ်တွေ ညိုတိုတိုတုတ်နေ" ဖြစ်သွားတော့တာပဲ။ ပေါက်တူးရေကောက်ကိုင်ပြီး မြေရ ဆွရတော့တာပဲ။

တစ်ကျင်းတူး တစ်ပင်စိုက်။ ရေလောင်း။ မနက် (၁၀)ကျင်း၊ ညနေ (၁၀)ကျင်း တူး၊ စိုက်၊ လောင်းနိုင်တယ်။

ကျုပ်ကို ဘယ်အမျိုးကောင်းသား၊ ဘယ်အမျိုးကောင်းသမီးကမှ လက်ခုပ်လက်ဝါးတီး အားမပေးကြပါဘူး။ အိုးစည်ဗုံမောင်းသံ၊ လော်စပီကာသံလည်း မကြားရပါဘူး။ ရေချမ်းလည်း မတမ်းကြပါဘူး။

ကျုပ် အသက်(၆၀)ကျော်ပါပြီ။ အဘိုးကြီးအို ပေါက်စကလေး ဆိုပါတော့။ အားကောင်းမောင်းသန် မဟုတ်တော့ အခြားအိမ်ခန်းတွေက လူငှား အလုပ်သမားတွေလို ခုနစ်ရက် တစ်ပတ်အတွင်း ဘယ် အပြီးစိုက်နိုင်ပါ့မလဲ။ တစ်နေ့ နည်းနည်းချင်း နည်းနည်းချင်း အားသွင်းပြီး စိုက်လိုက်တာ (၁၅)ရက်လောက် ကြာတယ်။

အတန်းလိုက် အစိပ်အကျဲညီအောင် စနစ်တကျစိုက်ရတော့ မတရားလက်ဝင်တာ။ အိမ်ခန်းစေ့ အားလုံးပြီးတော့ လူကြီးက လာပြီးစစ်ဆေး မိန့်ခွန်းခြွေသေးတယ်။

ကျုပ်စိုက်ခင်းရှေ့ လက်ကလေးရှေ့ထုတ်ပြီး ပုံစံရပ်မပြဘူး။ တာဝန်ရှိသူ ကျုပ် မိန်းမခမျာ ခေါင်းကလေးငုံ့ အမိန့်နာခံရှာတယ်။ သနားတယ်။

ကျုပ်တို့မှာ ဗမာစကားပုံရှိထယ်လေ။ "သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားနိုင်" သတဲ့။

ဟုတ်တယ်။ ဦးမြင့်အောင်ရဲ့ ကျောင်းကြီး စတင်ထူထောင်တော့ အာသာက အရေးပါသူ။

သူက ဘာသာခြားအဖွဲ့အစည်းတစ်ခုနဲ့ ရင်းနှီးကျွမ်းဝင်သူ။ သူ့ကြောင့် အခန်း နေရာထိုင်ခင်းရတာ။

ဦးမြင့်အောင်မှာ ပညာရွှေအိုးပဲရှိတာ။ ငွေအရင်းအနှီးရှိတာ မဟုတ်ဘူး။ ဦးမြင့်အောင် တပည့် ဦးမောင်မောင်သိန်းလည်း အတူတူပဲ။ ယောက္ခမအိမ် ကပ်နေရရှာတာ။ ကျုပ် ဦးမောင်မောင်သိန်းတို့မိသားစုနေတဲ့ သာကေတအိမ် တစ်ခေါက်ရောက်ဖူးတယ်။ တာလပေါ်ပတင်းနဲ့ ငုံ့ကာသာလွှေးခဲ့ရတယ်။

ဒါ မအောင်မြင်တုန်းက အခြေအနေကို ပြောတာပါ။

ဦးမြင့်အောင်၊ အာသာ၊ ဦးမောင်မောင်သိန်းတို့ ရဲသုံးဖော်နဲ့ စခဲ့ကြတာ။

ဦးစိုးလွင်(ခ) ရှိုဇိုက နောက်မှ။ ဒေါ်ဝါဝါ၊ ဒေါ်လှိုင်လှိုင်တုတ်တို့က ၁၉၉၂ ခုနှစ်ကတည်းက စတာ။

ဦးမြင့်အောင်ဇနီး ဒေါ်ငယ်(ခ) ဒေါ်သင်းသင်းအောင်ကို ဆရာကြီး ဦးမြင့်အောင်က နောက်မှ ပွဲထုတ်တာ။

ဦးမြင့်အောင်မှာ သေချာတာက ပထမ ကျောင်း၊ ဒုတိယ မိဘ၊ တတိယ ကဗျာဆိုပြီး သလဲသီးများလို အကန့်လိုက်ထားတယ်။ အရမ်းစည်းကမ်းကြီးတဲ့လူ။ အမှတ်သညာလည်း ကြီးပ့ါ။

ကျုပ် တွေ့ဖူးတာရှိတယ်။ တချို့မိန်းမကို ဦးစားပေးလွန်းတယ်။ ဦးမြင့်အောင်(မှတ်ဆိတ်)က သည်လို မဟုတ်ဘူး။ ကျုပ်က ဒုံးဝေးချင်တဲ့ နေရာမှာ ဒုံးဝေး၊ ဘူမသိ ကိုးမသိပေမယ့် အံနဲ့သိတဲ့နေရာမှာ လှစ်နေအောင် ပါးတဲ့ကောင်။

ကျုပ်မှာ မြင်ဆရာတွေရှိတယ်။ ကျုပ် ဥပမာတစ်ခုပြမယ်။ စာရေးဆရာ မောင်သာရ၊ ကဗျာဆရာတင်မိုး(ကွယ်လွန်)။ လူပုံစံ အတ္တဘောကြီးတွေက တစ်စက်မှပုံမလာဘူး။ ရုပ်ဆိုး၊ အကျည်းတန်၊ ထုံထိုင်းထိုင်း မှုန်ကုပ်ကုပ်ကြီးတွေ။

ချဉ်တယ်လို့တော့ မထင်နဲ့။ လှစ်နေအောင် ပါးနပ်သူတွေ။ သွားမစမ်းနဲ့ သေသွားမယ်။ နာသွားမယ်။ ပြာသွားမယ်။ ကျုပ် သည်ဆရာကြီးတွေနဲ့ အနီးကပ်နေဖူးတော့ နည်းယူတယ်။ အတုယူတယ်။

ကျုပ် ဦးမြင့်အောင် မိန်းမ ဦးစားမပေးမှန်း သိတယ်။ ဒေါ်ဝါဝါနဲ့ ဒေါ်လှိုင်လှိုင်တုတ်တို့ဆိုတာ ဒေါ်သင်းသင်းအောင်လိုပဲ တပည့်မတွေပဲ။ ဒါပေမဲ့ ဆရာကြီးဦးမြင့်အောင် တပည့်တစ်ဦးစီရဲ့ အရည်အချင်းကို ကောင်းကောင်းသိတာပေါ့။

တကယ်တော့ ဦးမြင့်အောင်လည်း သူ့နေရာနဲ့သူ ဖာဂူဆန်ပဲ။

ဝန်ထမ်းအစ ဟာပူးက။ ဟာပူး(ခ)ကျိမ်းက ချင်းလူငယ်။ ဦးမြင့်အောင်ရဲ့ ကဗျာဆရာ ကလောင်အမည်က "ဇေယျာလင်း"။

ဒါက လူသိများပြား ထင်ရှားတဲ့ နာမည်။ တခြား လျှို့ကလောင်တွေ အများကြီး ရှိသေးတယ်။ ဦးကို၊ ကြီးမြတ်လင်း၊ စောဘနော် ကနော်ကဇီ၊ အောင်ချမ်းသာ(မြိုင်) စတဲ့ ကလောင်

www.burmeseclassic.com

အမည်တွေနဲ့ ပင်လယ်စာပေနှင့် အနုပညာမဂ္ဂဇင်းမှာ ရေးခဲ့တာ။

အတိုင်ပင်ခံအယ်ဒီတာ ဇေယျာလင်း၊ အယ်ဒီတာချုပ်-ဆလိုင်းရမ်လိန်မှုန်း၊ သည်မောင်တွေက တက္ကသိုလ်ကတည်းက အတွဲတွေ၊ ငယ်ပေါင်းတွေ။ ကျောင်းစထောင်တော့ ဆလိုင်းရမ်လိန်မှုန်း ယောက်ဖ ဟာပူး ရောက်လာတာ သဘာဝကျပါတယ်။

ပန်းချီဆရာ ဦးခင်မောင်ရင်နဲ့ ပတ်သက်ပြီး ဘဲဥရောက်လာတာလည်း သဘာဝကျတာပဲ။ ပြီးတော့ ကျုပ်။ ကျုပ်လည်းပဲ ပင်လယ်က ကောင်ပဲ၊ သိပ်သဘာဝကျတာပေါ့။

အော့ဖစ်မှာ ဦးမြင့်အောင် တပည့်မ နီလာနဲ့ မနီလာရဲ့ ညီမင်းတွဲ မချိုတို့က တာဝန်ယူရတယ်။ ကျောင်းသားလက်ခံတာတို့၊ ငွေလက်ခံတာတို့၊ သင်တန်းတက်ရောက်ပြီးဆုံးအောင်မြင်ကြောင်း အသိအမှတ်ပြု လက်မှတ်ထုတ်ပေးတာတို့ လုပ်ရတယ်။

ဦးမြင့်အောင် အပါအဝင် အမျိုးသားဆရာ(၃)ဦးနဲ့ အမျိုးသမီးဆရာမ(၂)ဦးအတွက် နံနက်စာ ထမင်းချိုင့်ကို မနီလာရဲ့ နေအိမ်တိုက်ခန်း ဗဟိုစည်မှာ သွားဆွဲရတယ်။ ပထမ ဘဲဥဆွဲတယ်။ ဒုတိယ ဟာပူးဆွဲတယ်။ ကျုပ် နောက်ဆုံးဆွဲရတယ်။

ရန်ကုန်အရှေ့ပိုင်း ဘိုကလေးဈေးလမ်းကနေ ရန်ကုန်အနောက်ပိုင်း ဗဟိုစည်ကို ရောက်တဲ့ ကြုံရာကား တက်စီးပြီး သွားကြရတာပဲ။ ဟိုကောင်တွေ ဘဲဥတို့၊ ဟာပူးတို့ ဘယ်လိုသွား၊ ဘယ်လိုပြန်လာပြီး၊ လမ်းမှာ ဘာလုပ်သလဲတော့ ကျုပ် တကယ်မသိဘူး။ ကျုပ်ကတော့ စတီးလ်ငါးဆင့်ချိုင့်ကြီးကို တိုက်ခန်းပေါ်က ဆင်းလာပြီး ခပ်လှမ်းလှမ်းရောက်တာနဲ့ လမ်းဘေးထိုင်ဖွင့်တာ နေ့တိုင်းပဲ။

ကောင်းမှေ့ဆိုတဲ့ ကြက်သားဖြစ်စေ၊ ဝက်သားဖြစ်စေ၊ အမဲသားဖြစ်စေ၊ ပုစွန်ဖြစ်စေ တစ်တုံးကို ကျုပ် ဦးဦးဖျားဖျား ကိုင်နေကျ။ ပြီးတော့ကျတော့မှ နှုတ်ခမ်းပါးနားသပ်ပြီး ဘတ်(စ်)ကားစီး ကျောင်းကို ပြန်တာ။

ကျုပ်တို့လား နေ့စဉ်ထမင်းဖိုး ရတယ်။ ဘိုကလေးဈေးလမ်းနဲ့ နီးရာ လမ်းဘေးဆိုင်မှာ ကြုံသလိုဆွဲကြတာပဲ။ ကျုပ်တာဝန်က Security Officer လုံခြုံရေးအရာရှိ။

အောင်မာကွာ။ ရှပ်အင်္ကျီအဖြူ (လက်ရှည်)ကော်လာကတုံးနဲ့၊ ဦးဂျမ်း ပုဆိုးနဲ့၊ ရွှေရောင်လက်ပတ် နာရီနဲ့၊ လက်ထဲမှာ နိုင်ငံခြားဖြစ် ဒိုင်ယာရီ သားရေဖုံးအမည်းနဲ့။

ဦးမြင့်အောင်က မတရားသားနားအောင် ဆင်ပေးထားတာ။ မနက်လင်းတာနဲ့ တံမြက်လှည်း၊ သောက်ရေဖြည့်၊ ခုံစီ၊ အိမ်သာသန့်ရှင်းရေး လုပ်ရတာတွေတော့ ရှိတာပေါ့။

ဦးမြင့်အောင်နဲ့ သူ့တပည့် အာသာတို့ လမ်းခွဲကြတယ်။ အာသာက တစ်စင်ထောင်တယ်။ ကျောင်းခွဲထောင်တယ်။ အာသာမရှိတော့မှ ဦးစိုးလွင်(ခ) ရိုဇိုကို တွေ့ရတာ။

ရိုဇိုလည်း ဦးမြင့်အောင် တပည့်ပဲ။ ဦးမြင့်အောင်၊ ဦး မောင်မောင်သိန်း၊ ဦးစိုးလွင်တို့ ဆိုပါတော့။

ဝဝကစ်ကစ်၊ ဖက်တီး၊ မျက်မှန်ကလေး တဝင်းဝင်း၊ နှုတ်ခမ်းကလေး စူစူပြီး ဟန်နဲ့ ပန်နဲ့ စကားပြောတတ်တယ်။ ကြွားကြွားဝါဝါပုံစံ။ ဦးမြင့်အောင်တို့ ဦးမောင်မောင်သိန်းတို့နဲ့ တခြားစီ။

သည်ဆရာတွေထဲမှာ ဦးမြင့်အောင်က စံပြ။ ပညာဂုဏ်မမောက်ဘူး။ ဆောင့်ကြွားကြွား မဟုတ်ဘူး။ ကျုပ် စကားခပ်ရိုင်းရိုင်းနဲ့ ပြောပါရစေ။ ကန်တော့ကန်တော့။ ဖင်ခေါင်းမကျယ်ဘူး။ ရှိစေတော့။

ကျုပ် ညကျောင်းချိန်ပြီးတာနဲ့ မီးမှိတ်၊ အခန်းတံခါးပိတ်၊ ဆရာတွေ နောက်က ကပ်လျက် နောက်ပို့င်က လိုက်ခဲ့တာ ထုံးစံပဲ။ ဘိုကလေးဈေးလမ်းနဲ့ ဗိုလ်အောင်ကျော်လမ်း ဆိုတာ တံတောင်ဆစ်ချိုး နီးနီးကလေး။

ညဘက် ကားအသွားအလာ ရှင်းပြီမို့ ဖြတ်ချင်သလို လမ်းဖြတ်ကူးနိုင်ပေမယ့် ဦးမြင့်အောင် စည်းကမ်းမဲ့ လမ်းဖြတ်မကူးဘူး။ ဝန်ကြီးများ ရုံးထောင့်က လူကူးမျဉ်းကျားဝါအထိ ရောက်အောင် သွားပြီး ပလက်ဖောင်းပေါ်ကမှ ရှိဒီယို စားသောက်ဆိုင်ကို သွားတယ်။

ဟိုမှာ ပန်းချီကိုကိုနိုင်တို့၊ ကဗျာဆရာတွေ ဖြစ်ကြတဲ့ မောင်ချောနွယ်တို့ ခင်အောင် အေးတို့၊ မောင်ပြည့်မင်းတို့ ရှိတတ်ကြတယ်။

ကျုပ် ၁၉၉၂ ခုနှစ်ဝန်းကျင် ဘိုကလေးဈေးလမ်းကျောင်းကာလမှာ အခု လူသိများသင့်သလောက်များတဲ့ နှစ်ကာလများ စာအုပ်ထုတ်ဝေရေး လုပ်ငန်းရှင် ကဗျာဆရာမိုးဝေးနဲ့ မရင်းနှီးသေးဘူး။

ပင်လယ်စာပေနှင့် အနုပညာ မဂ္ဂဇင်း လုပ်ခဲ့စဉ်တုန်းကလည်း အယ်ဒီတာချုပ်ဆလိုင်းရမ်လိန်မှုန်း၊ အတိုင်ပင်ခံအယ်ဒီတာ ဇေယျာလင်း၊ အယ်ဒီတာအဖွဲ့ဝင် ခင်အောင်အေး၊ ကိုနေ ပန်းချီဒီဇိုင်း-ပန်းချီကိုမြိုးတို့နဲ့ပဲ ရင်း ခင်မင်လက်တွဲခဲ့ကြတာ။

ကျုပ်က ဖြန့်ချိရေးတာဝန်ခံ ပေမယ့် ကောက်စာကအစ၊ အယ်ဒီတာ အလုပ် ဝင်လုပ်ခဲ့ရတယ်။ ၃၄လမ်း (ပ)ထပ်က ပင်လယ်ကို တက်လာ ကဗျာဆရာမောင်ချောနွယ်က အော က လမ်းဘေး လက်ဖက်ရည်ဆိုင် မိုးဝေးကို ထိုင်စောင့်ခိုင်းခဲ့တာ။ ဒါ ကြုံလို့ပြောတာပါ။ ရှိစေတော့။

ပင်လယ်စာပေနှင့် အနုပညာ မဂ္ဂဇင်း (၃)အုပ် ထွက်ခွင့်ရခဲ့တယ် ဘယ် ကဗျာဆရာ၊ ဘယ်စာရေးဆ တွေ ပါသလဲ၊ စာပေအဆင့် ဘ လောက်ရှိသလဲ။ စာပေသမိုင်း တယ်။ ရှာဖတ်ကြည့်ပါ။

မနေ့တစ်နေ့က ဦးမြင့် ကျောင်းက ကပ္ပိယက



www.burmeseclassic.com

www.burmeseclassic.com

ဟောင်းကြီးပါလို့ ကျုပ် ဦးမြင့်အောင် စာအုပ်စင်က ယူဖတ်နေတဲ့ ပင်လယ် (၁)အုပ်တွဲကို ပြောတယ်။

ကျုပ် ငါနဲ့ ကိုင်တုတ်မိတော့ မလို့၊ စိတ်ကို မနည်းထိန်းလိုက်ရတယ်။ ဟောင်းတာက ဟောင်းတာပဲ။ ကောင်းတာက ကောင်းတာပဲ။ ဟောင်းတာနဲ့ နှုန်းပစ်ရမှာလား။ မီးပုံရှို့ရမှာလား။

အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတဲ့ တလည်လည် ဆိုတာ ကြားဖူးကြလား။ ရှိစေတော့။

သည်ငနဲလည်း ဦးမြင့်အောင် တပည့် ဦးမောင်မောင်သိန်း (ကဗျာဆရာငြိမ်းဝေ) ပင်လယ်နဲ့ ရင်းနှီးကျွမ်းဝင်သူနဲ့ ပတ်သက်ပြီး သာကေတက ကျောင်းရောက်လာလို့ ကပ္ပိယဖြစ်တာ။

ရိုဒီယိုက သိပ်အနောက်တိုင်းဆန်တာ။ သူ့ဆိုင်ရဲ့ သင်္ကေတက ဧရာမ လှည်းဘီး အဝိုင်းကြီး။ ထင်းရှူးသား (ဖက်သစ်ချသား)တွေကို တစ်ဆိုင်လုံး နံရံအပြည့်သုံးထားတာ။ မီးလုံးကလေးတွေက ပြာလဲ့လဲ့ မှိန်မှိန်ကလေးတွေ။

ဆိုင်ဝက ဝင်တာနဲ့ စက်ဝိုင်းတစ်ခုနဲ့ မြားတံတွေ အစီအရီ အသင့်ချထားတယ်။ ပေါက်ချင်တဲ့သူတွေ ပစ်ပေါက်ကြ။ ကျုပ် ရောက်တာနဲ့ ပေါက်တာပဲ။ ထိချင်ရာထိ။ မှန်ချင်ရာမှန်။ သိပ်ကို အားရတယ်။

ကျုပ် ရိုဒီယိုမှာ ကရင်အမျိုးသား လူငယ်စားပွဲထိုး (၂)ဦးကို သတိပြုမိတယ်။ ရှပ်အကျီလက်ရှည် အဖြူ၊ ဘောင်းဘီရှည် အနက်၊ လည်ပင်းမှာ ထိပ်ပြာတောင်ဖဲပြားအနက်ကလေးတွေ တပ်လို့။

အရပ်ပုပု ဂင်တိုတိုနဲ့ အကြီးကောင်က ဂျင်မီ။ နှုတ်ခမ်းရဲရဲ အသားဖြူဖြူ ကျောက်ရုပ်လို မရယ်မပြုံးနဲ့ ငယ်ကောင်က အငယ်လေး။ ကျုပ်တို့ကို လေးလေးစားစား ဆက်ဆံတတ်ကြပါတယ်။

ဒီကောင်ညီအစ်ကို ကျောင်းကို ရောက်လာတယ်။ အောက်ခြေသိမ်း လုပ်ရတဲ့ ကျောင်းစာရေးတွေပေါ့။ ဟာပူး(ခ) ဂျိမ်းနောက်မှာ ဆလိုင်းရိမ်လိန်မှုန်း (ပလိန်)သား ထန်ပီးရောက်လာတယ်။

အော့ဖစ်မှာ တာဝန်ကျတယ်။ ဦးစိုးလွင် (ရှိုရှို)နဲ့ ပတ်သက်ပြီး ရဲလှထွဋ်(ရွှေသွေး)ရောက်လာတယ်။ အော့ဖစ်မှာ မနီလာတို့ မချိုတို့ ထွက်သွားတော့ ဒေါ်သင်းသင်းအောင်(ဒေါ်ထယ်) ညီမဝမ်းကွဲလေးလေးဖြိုးရှိတယ်။ စာရင်းကိုင် အရာရှိကတော့ လူပျိုကြီး ဖေယျကြီး ကိုမော်ဆွေပဲ။

ကျုပ် ရယ်စရာတစ်ခု ကြားဖြတ် ပြောပါရစေ။

ရိုဒီယို စားသောက်ဆိုင်ကနေ ကရင်ညီအစ်ကိုအပြင် ရှမ်းလူငယ် တစ်ယောက် ကျောင်းရောက်လာတယ်။ ကျုပ်နာမည်မသိလို့ ရှမ်းကြီးလို့ပဲ ခေါ်မယ်။

ဒီကောင်က တော်တော်ဖြောင့်တဲ့အကောင်။ တော်ရုံဗီဒီယိုမင်းသားကို သနားတယ်။ မချိုကလည်း တော်တော်လှတာပဲ။ ကျုပ်ကြားကနေ အူယားလိုက်တာ။

လူပျိုကြီး ဖေယျကြီး ကိုမော်ဆွေ၊ ရွှေသွေး၊ ရှမ်းကြီးတို့ သုံးယောက်ထဲက ဘယ်သူနဲ့ မိန်းမလှ မချို ငြိမလဲ။

ကိုမော်ဆွေနဲ့ ရှမ်းကြီးတို့က ကွက်ခြေရတယ်။ သမာဓိသမားတွေ။ ရွှေသွေးက သွက်တယ်။ ထူးခြားတာက အော့ဖစ်မှာ ထိုင်နေရာက စာရင်းကိုင် အရာရှိ စာဖတ်ခန်းထဲရောက်လာတယ်။

မီးပျက်ရင် ဖယောင်းတိုင်ရှေ့မှာ ငုတ်တုတ်။ စာရင်းစာအုပ် ရှေ့ချပြီး မီးကသိုဏ်းရှုနေသလား ထင်ရတယ်။

ဒီစာဖတ်ခန်း ပက်လက်ကုလားထိုင်ပေါ်မှာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင် မသိအောင် ကျုပ် ခိုးအိပ်နေကျ။ ဒီစာဖတ်ခန်းထဲမှာပဲ မချို စာအုပ်ဝင်ရှာတုန်း နောက်ကနေ ရွှေသွေး သိုင်းဖက် ဆွဲလှည့်ပြီး မွှေးမွှေးပေးလို့ သတိတောင် မေ့သွားတယ် ဆိုလားပဲ။ ကိုမော်ဆွေလည်း ထွက်သွားတယ်။ ရွှေသွေးလည်း ထွက်သွားတယ်။ ရှမ်းကြီးလည်း ထွက်သွားတယ်။ မချိုနဲ့ ဘယ်သူ လက်တွဲသလဲ သိလား။ ရှမ်းကြီးနဲ့ဗျ။ တကယ်ရွှေ့သွားနောက်လိုက် ညီတဲ့အတွဲ။ နေနဲ့လ၊ ရွှေနဲ့ မြ၊ ကျောက်မြောင်းဘက်မှာ တိုက်ခန်းနဲ့ အခြေကျနေပြီလို့ ဂျင်မီက ကျုပ်ကို ပြောတယ်။

ကျောင်း နှစ်ပတ်လည်နေ့ကိုတော့ ကောင်းပေ့ဆိုတဲ့ ထိပ်တန်း စားသောက်ဆိုင်ကြီးတွေမှာ နှစ်စဉ် အမြဲကျင်းပတယ်။ အောနှစ်ခွေပါတဲ့ စာအိတ်ရှည်ကြီးတွေနဲ့ အတောင်းစား လုံချည်၊ ဝတ်စုံတွေကို ဦးမြင့်အောင် လက်နဲ့ တစ်ဦးစီ ချီးမြှင့်တယ်။ ဆရာ၊ ဆရာမအားလုံး ဝန်ထမ်းအားလုံး အထူးပျော်ရွှင်ကြတဲ့ မင်္ဂလာညပဲ။

စားစရာ သောက်စရာ အမျိုးအမည်ပေါင်းစုံ အပြည့်အမောက် အလှဲပယ်။ အချိုရည်မျိုးစုံ၊ သောက်စရာမျိုးစုံ၊ ကျုပ်ဗိုက် ခွေးနမ်းတဲ့ ညပဲ။ လွမ်းတယ်။ ကျုပ်တို့ မော်တော်ယာဉ်တပ်ထဲက ကာရာအိုကေ သွားကဲကြတယ်။

ကောင်မလေးငယ်ငယ် ဖြူဖြူချောချောကလေးက "ဘဘ မုန့်ဖိုး၊ မုန့်ဖိုးပေး" ဆိုပြီး ခဏ ခဏတောင်းတာနဲ့ ကျုပ် မွှေးမွှေးတစ်ခါပေး၊ ၅၀၀တန် တစ်ရွက်ပေးလိုက်တာ။

ဦးမြင့်အောင်ပေးတဲ့ စာအိတ်ထဲမှာ (၃၃)ရွက်ပဲ ကျန်တော့တယ်။ ဒါတောင် ဟာပူး(ဂျိမ်း)က မနည်း လက်ကုတ် သတိပေးလို့ ကျုပ် သတိရပြီး အပေးရပ်တာ။ ကျုပ်က ဂန်ဒူး မဟုတ်ဘူးလေ။ အောင်မာကွာ။ ဦးမြင့်အောင် သိတော့ ကောင်းတယ်တဲ့။ ကုသိုလ်ရတယ်တဲ့။ အကုန် ပေးပစ်ရမှာတဲ့။ ရွဲ့ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကို ဘယ်လိုပုံစံနဲ့ ဖွဲ့စည်းတာ၊ ရှယ်တာတွေ ဘယ်လို ထည့်ဝင်ကြတာ၊ ဆရာ ဆရာမတွေရဲ့ ဘာကိုပဓာနခဲ့ ဘယ်လိုသဘော ဝန်ထမ်း တွေ ခန့်ထားပြီး လုပ်ခဲ့သလဲ ဘယ်လို ဘာသာ ကျွန်အလုပ်လည်း မဟုတ်လို့ ကျွန် စေ့စပ်ရှုရလည်း မလုပ်ဘူး။

ကျွန် ဘာတစ်ခုမှလည်း သေ သူ။ စိတ်လည်း မဝင်စားဘူး။ ကျွန် ကျောင်းမှာ အလုပ်ဝင်ခွင့်ရတာ ဆရာ ဦးအောင်မောင်သိန်း(ငြိမ်းဆေ) ကျေးဇူးပဲ။

ကျေးဇူးကြီးဟုန်ဖခန့်တဲ့ ခန့်စာ၊ သည်တနေ့အထိ ကျုပ်မှာရှိတယ်။ ကျုပ် အမှတ်တရ သိမ်းထားတာ။

ဘယ်လို ဖြစ်ကြတယ် မသိပါ ဘူး။ ဦးမောင်မောင်သိန်းကလည်း တစ်စင်ထောင်တယ်။ ကျောင်းခွဲထောင် တယ်။ ဦးစိုးလွင်လည်း တစ်စင်ထောင် တယ်။ မန္တလေးမှာ ကျောင်းခွဲထောင် တယ်။ ကျောင်းမှာ မူလပထမ ဦးမြင့် အောင်တစ်ဦးတည်း ကျန်ခဲ့တယ်။

မြန်မာ ရက်ကြီးအခါကြီးဖြစ်တဲ့ ဝါဆိုလပြည့်နေ့တို့၊ သီတင်းကျွတ် လပြည့်နေ့တို့၊ တန်ဆောင်မုန်းလပြည့် နေ့တို့လို မျိုးမှာ ကျောင်းမှာ ဝါဆို သင်္ကန်းကပ်တာတို့၊ ကထိန်သင်္ကန်း ကပ်တာတို့ လုပ်တယ်။

ကျုပ်က စေတနာပိုပြီး ဦးမြင့် အောင်၊ ဒေါ်သင်းသင်းအောင် မိသား စုကောင်းမှုလို့ ကျောင်းသင်ပုန်းမှာ ရေးတာမျိုး ဦးမြင့်အောင် မကြိုက်ဘူး။

ကျောင်းက အားလုံးရဲ့ အလှူ ဒါနလို့ ပြောတယ်။ တကုယ်ပြတ်တဲ့လူ။ နေ့စဉ် ဘောင်းဘီရှည်ဝတ်ပေမယ့် အဲဒီ လိုနေ့မျိုးမှာတော့ မြန်မာဝတ်စုံနဲ့ ဘုန်း တော်ကြီးတွေကို ကျုံ့ကျုံ့ယုံ့ယုံ့ ဆွမ်း ဆက်ကပ်တယ်။ တကယ်အတုယူဖို့ ကောင်းတဲ့လူ။

ပြီးတော့ တစ်ထောင်တန်တွေ ကျဲတယ်။ ဒေါ်ဝါဝါတို့၊ ဒေါ်လှိုင်လှိုင် တုတ်တို့ လုကောက်ကြတာ အလဲလဲ အပြိုပြိုပဲ၊ တဝါးဝါး တဟားဟားပဲ။

ကျုပ်အပါအဝင် ဝန်ထမ်းအား လုံး (ဂျင်မီနဲ့ အငယ်လေးလည်းပါတယ်) ကန်တော့ပစ္စည်းရှေ့ချပြီး ကန်တော့တဲ့ အခါ ဦးမြင့်အောင် ထွက်ပြေးရော။ ဆရာမတွေ ဝိုင်းကန်တော့ရင်လည်း ပြေးတာပဲ။

ဦးမြင့်အောင် ဘယ်တော့မှ အကန်တော့ မခံဘူး။ ဘိုကလေး ဈေး လမ်းမှာ စင်တာဝမ်း၊ စင်တာတူးဆိုပြီး စာသင်ခန်းတွေရှိတယ်။ ဆရာ ဆရာမ တွေ နေ့စဉ် သူ့အချိန်နဲ့သူ အချိန်ပိုင်း အလိုက် တန်းခွဲအမျိုးမျိုးမှာ စာသင် ကြတယ်။

ဦးမြင့်အောင် တစ်ဦးတည်း စင်တာသရီးဆိုပြီး ဗိုလ်အောင်ကျော် လမ်း (အလယ်) ၆ထပ်မှာ တန်းခွဲဖွင့် စာသင်တယ်။

ကျုပ်က ဦးမြင့်အောင်နဲ့ အနီး ကပ်။ ကျောင်းစာသင်ခန်းနဲ့ ဦးမြင့် အောင်(သီးသန့်ခန်း) သန့်ရှင်းရေး၊ အိမ်သာသန့်ရှင်းရေးနဲ့ ဦးမြင့်အောင် စားသောက်ဖို့နဲ့ လုံခြုံရေးတာဝန်ယူရ တယ်။ ဘာမှ အပန်းမကြီးပါဘူး။

ဒါပေမဲ့ ကျုပ်နေရတဲ့ အခန်းက (၁၀)ပေပတ်လည်အခန်းကျဉ်းကလေး။ စာသင်ခန်းအဝင်ဝက အခန်း။ ကျုပ် အခန်းရှေ့ကဖြတ်ပြီးမှ စာသင်ခန်းမကို ရောက်တာ။ ကျုပ်မျက်စိရှေ့က သွား ရတယ် ဆိုပါတော့။

ကျုပ် စာသင်ချိန် စတာနဲ့ အကျဉ်းကျတော့တာပဲ။ ဟို တိရစ္ဆာန် ရုံ ကျားလှောင်အိမ်ထဲက ကျားကြီး အတိုင်းပဲ။

အခန်းထဲမှာ ခေါက်တုံ့ ခေါက် ပြန်လျှောက်ရင်လျှောက်၊ မလျှောက်ရင် စာဖတ်၊ စာရေး၊ ဆေး လိပ်သောက်။ စာသင်ခန်းကိုလည်း မျက်ခြည်ပြတ်လို့ မဖြစ်ဘူး။

ရက်ကနေ လ ကူးလာတော့ ကျုပ် ရူးချင်လာတယ်။ ဘယ့်နှယ် လွတ်လပ်မှုမှမရှိတာဘဲ။ နေ့စဉ် ဝင်ငွေ တော့ ရပါရဲ့၊ ကောင်းကောင်း စားရ ပါရဲ့၊ ဒါပေမဲ့ နေ့ခံပြီး ညစံရတဲ့ဘဝ။ မပျော်ဘူး။

အောင်မာကွာ။ ဘိုကလေးဈေး လမ်းက စင်တာဝမ်း၊ စင်တာတူးနဲ့ ဗိုလ် အောင်ကျော်လမ်းက စင်တာသရီး အပါအဝင် တန်းခွဲအားလုံး ပန်းဘဲတန်း မြို့နယ်၊ ၂၈ လမ်း(အထက်)ကို ပြောင်း ကြမယ်ဆိုပဲ။ ကျုပ် သိန်းထီပေါက်သလို ဝမ်းသာတယ်။

ကျုပ်တို့ ပင်လယ်က ဆလိုင်း ရမ်လိန်မှုန်း(ပလိန်)၊ လှကို၊ ပန်းချီကိုမြူး တိုနော်တို့ ကွယ်လွန်ကုန်ကြပြီ။ ခင် အောင်အေး (ပြည်ပ) မှာ။ ဒီမှာ ဇေ ယျာလင်းနဲ့ ကျုပ်ပဲ ရှိတော့တယ်။ ဘာဖြစ်လဲ။

ကိုဇေယျာလင်း (ဦးမြင့်အောင်) သူ့ပြောစကားအတိုင်း ပထမ ကျောင်း။ ဒုတိယ မိဘ၊ တတိယ ကဗျာ၊ သူ့ အလုပ် သူ့လုပ်နေတယ်။

ကျုပ်လည်းပဲ ဖတ်ချင်တာ ဖတ်၊ ရေးချင်တာ ရေးနေတာပဲ။

ကျုပ် အိမ်ခန်းရှေ့ ဝရန်တာ ဘက် ထွက်ရပ်ရင်း မြေကွက်လပ်မှာ ငုံးတိတိဖြစ်ပြီး သေနေတဲ့ ကြက်ဆူပင် ခြောက်တွေ မြင်ရတာ စိတ်မကောင်း ဘူး။

သစ်ပင်ဆိုတာ အမြဲစိုပြည် စိမ်း လန်းနေမှ သဘာဝကျတာ။ ကျက်သရေ ရှိတာ။

❒ ချို့သာ



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့အတွက် လုပ်ငန်းဆောင်တာလေးတွေ လုပ်ဆောင်ပြီးတဲ့အခါ ပြန်တောင် ရေကျော်ကနေ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ခြေကျင်လျှောက်ပြီး အာရှပလာဇာကို သွားတယ်။

အဲဒီမှာ ဆရာအောင်ဇင်မင်းရှိတယ်။ ရန်ကုန်မြို့လယ်ကောင်က စာပေဆယ်ဝန်းရှိရာဆီကို တစ်ပတ်မှာ နှစ်ရက်ထွက်လေ့ရှိတာမို့ ဆရာအောင်ဇင်မင်းနဲ့ တစ်ပတ်မှာ နှစ်ရက်တွေ့လေ့ရှိတယ်ဆိုပါတော့။

ဒီနေ့ တွေ့ကြတော့ ဆရာအောင်ဇင်မင်းက သူ့မြေးဦးလေးကောင်းအိမ်လင်းပြည့်ကို ချီပြီး မြသဇင်ဆိုင်ဘက်ထွက်ကြတယ်။

ခါတိုင်း နှစ်ဦးသား သွားနေကျနေရာမှာ ကောင်းအိမ်လင်းပြည့် တိုးလာတဲ့အခါ ရှူရှိုက်ရတဲ့ လေထဲမှာ အားအင်အသစ်တွေပါနေသလို ခံစားနေမိတယ်။ တကယ်တော့ ကလေးဆိုတာ အနာဂတ်ရဲ့ အားအင်သစ်တွေပဲလေ။ မျက်ဝန်းနက်နက် ဝိုင်းဝိုင်းစက်စက်လေးနဲ့ ကောင်းအိမ်လင်းပြည့်က သူ့အဘိုးရဲ့ပခုံးပေါ်က တော့်တော့်ပြီး လှည့်လှည့်ကြည့်တယ်။

သူ့အကြည့်ကို တုံ့ပြန်ချော့မြူရင်း "ဩော် ကောင်းအိမ်လင်းပြည့် ဆိုတဲ့ နာမည်လှလှလေးဟာ သူ့အဘိုးကဗျာဆရာကြီး ရွှေသီးဝေထာင်ပါရဲ့" လို့ တွေးနေမိတယ်။

မြသဇင်မှာ စကားတွေနဲ့အတူ လက်ဖက်ရည်သောက်ပြီးကြတဲ့အခါ ဆင်ခြေဖုံးက မြို့သစ်လေးဆီ ပြန်လာခဲ့တယ်။ အပြန်လမ်းမှာ ကောင်းအိမ်လင်းပြည့် ဆိုတဲ့ နာမည်လှလှလေးကို သတိရနေမိတယ်။

အိမ်ပြန်ရောက်တော့ စားကြည့်ခုံ စားပွဲပေါ်မှာ ဣန္ဒြေသမ္ပတ္တိအပြည့်နဲ့ ခပ်တည်တည် ကြိုဆိုနေတဲ့ မြန်မာ့အလင်းသတင်းစာကို တွေ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီး ခင်မျိုးချစ်ရဲ့ 'ကိုင်း ပြောလိုက်စမ်းမယ် သောင်းပြောင်း ထွေလာ'ကို အတုခိုးပြီး 'ကိုင်း ဖတ်လိုက်စမ်းမယ် သောင်းပြောင်းထွေလာ' ဆိုပြီး **သတင်းစာကို တစ်ရွက်ချင်းလှန်တယ်။ စာမျက်နှာ (၅)ကို** ရောက်တော့ **လှိုင်သင်းရဲ့ နာမည်များ** မှားခေါ်မိလျှင် ဆိုတဲ့ ဆောင်းပါးကို တွေ့တယ်။

အို အခုပဲ ကောင်းအိမ်လင်း ပြည့်ဆိုတဲ့ နာမည်လှလှလေးကို ပွံ့ပွံ့နွေးနွေး ခံစားနေတုန်းရှိသေး၊ သတင်းစာထဲမှာ နာမည်နဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ့ရတာ တိုက်ဆိုင်လွန်းလှပါကလား။

ဟုတ်တယ်။ နာမည်ဆိုတာ အရေးကြီးတာပေါ့။ ကျားသေလျှင် သားရေကျန်ရမည်၊ လူသေလျှင် နာမည်ချန်ရမည် မဟုတ်လား။

အဆွေသည် . . .

**ဗစ္စည်းဥစ္စာကြွယ်ဝ၏၊ ရာထူးကြီး၏၊ အဆင်းလှ၏၊ ကျန်းမာသန်စွမ်း၏၊ ကျွန်ုပ်တွင်ကား. . .**

လူအများ မော်ကြည့်အားကျနေသော နာမည်တလေးတစ်လုံးသာ ရှိအံ့။

အခြားဘာမှ မရှိချင် နေပါစေ။

သင်၏ ဘဝစည်းစိမ်ကို ကျွန်ုပ်၏ နာမည်တစ်လုံးနှင့် လဲလှယ်နိုင်မည် မဟုတ်။ အဲဒါကတော့ ဆရာကြီးမင်းဆွေရဲ့ နာမည်အတွက် ပြတ်သားတဲ့ ခံယူချက်ပါပဲ။ မား ဝတ္ထုဖန်ဆင်းရှင် ဆရာကြီးမင်းဆွေက နာမည် ဆိုတဲ့ စာအုပ်တစ်နေရာမှာ အခုလိုလည်း ရေးခဲ့ပါသေးတယ်။

'သတင်းစာတို့မည်သည် ညဥ့်နာရီပြန်နှစ်ချက်ဆိုလျှင် အယ်ဒီတာအဖွဲ့ အလုပ်ရပ်စဲစမြဲ ဖြစ်လေသည်။

တစ်ခါက ဗန္ဓုလသတင်းစာတိုက် ညဥ့်အယ်ဒီတာအဖွဲ့မှာ ညဥ့်သုံးနာရီထိုးသွားသော်လည်း အလုပ် ရပ်စဲရမှန်း မသိကြသေးချေ။

နက်ဖြန် ထွက် သတင်းစာအတွက် သတင်းဆောင်းပါးများအပြည့်အစုံ ဆိုင်ရာသို့ ပို့အပ်ထားပြီး ဖြစ်သော်လည်း ဗန္ဓုလအယ်ဒီတာအဖွဲ့မှာ ထိုင်ရာမှ မထကြသေးဘဲ ဝိုင်းဖွဲ့ ငြိမ်သက်နေကြ၏။

**အမှန်ကား တိုက်ရှင် အယ်ဒီတာချုပ် ဗန္ဓုလ ဦးစိန်က ဒီကနေ့ညဥ့်သည်းခံစောင့်ဆိုင်းလိုက်ကြပါ ဟူသော အမိန့်ထားချက်ကြောင့် အိပ်ချိန်ကို သတိမရဘဲ စောင့်ဆိုင်းနေကြခြင်း ဖြစ်လေသည်။**

**စာစီဘက်ဌာနကမူ "သုံးနာရီခွဲလှပြီ၊ အောင်ပိတ်ရတော့မလား၊ တော်ကြာ နက်ထွက် သတင်းစာ နောက်ကျတုန်လိမ့်မယ်" ဟု မကြာခဏ လာရောက် ဆူပူနေကြ၏။**

တိုက်ရှင်အာဏာကြောင့် ခေတ္တလောက် စောင့်ဆိုင်းပါဦး ဟု ငံ့ထားလိုက်ရသော်လည်း အယ်ဒီတာ အဖွဲ့မှာ စောင့်ဆိုင်းနေသော တစ်စုံ တစ်ရာ အတွက် များစွာ အားမရလှချေ။

သို့သော် ၃နာရီခွဲပြီး၍ မကြာမီ ရိုက်တာကြေးနန်းတစ်စောင် ရောက်လာရာ အယ်ဒီတာအဖွဲ့ သည်လည်း လှုပ်ရှား၍ သွားတော့လေသည်။

နောက်တစ်နေ့၌ကား. . .

"တူရကီသမ္မတ အာဏာရှင် ကီမယ်အတာတပ် ကွယ်လွန်အနိစ္စရောက်ပြီ" ဟူသော ဧရာမစာလုံးကြီးများဖြင့် အခြားသတင်းစာများထက် ဗန္ဓုလက တစ်ရက်စောစွာ ထွက်လာလေသည်။

ဗန္ဓုလဦးစိန်၏ ထင်မြင်ချက်မှန်နေ၏။ ညဥ့်ဦးလောက်က ကီမယ်အတာတပ်အသည်းအသန်ဖြစ်နေသော သတင်းကို ရထားပြီးဖြစ်၍ သတင်းစာတွင် လက်မလွတ်စေရန် အယ်ဒီတာအဖွဲ့အား စောင့်ဆိုင်းခိုင်းထားဟန် တူလေသည်။

သို့သော် တစ်ညဥ့်က ကွယ်လွန်အနိစ္စရောက်သူမှာ တစ်ကမ္ဘာလုံး၌ ကီမယ်အတာတပ်တစ်ယောက်တည်း မဟုတ်။ ကျွန်ုပ်သိရသမျှဆိုလျှင် ဗန္ဓုလသတင်းစာတိုက်နှင့် တစ်လမ်းတည်းနေ သုံးလေးတိုက်ခြားမှ ပွဲစားကိုအောင်ဖေ ဆိုသူလည်း အသက်ပျောက်သွား၏။

သို့ရာတွင် မြေခြားရေခြား ဝေးလံလှသော ကမ္ဘာမြေကြီး၏ တစ်နေရာမှ ကီမယ်အတာတပ်၏ အကြောင်း သာပါပြီး ပွဲစားကိုအောင်ဖေ၏ နာမည် ဆို၍ သတင်းစာတစ်စောင်လုံးတွင် အစအနမျှ မတွေ့ရချေ။

ကျွန်ုပ်ကား စဉ်းစားစ ပြုလေသည်။ ဤလောကကား မည်သို့သော လောကနည်း။

ဗန္ဓုလတစ်စောင်တည်းမဟုတ် နောက်တစ်နေ့တွင် ရန်ကုန်သတင်းစာ အားလုံးတွင် ပါခဲ့၏။ ကီမယ်အတာတပ် နှင့် တစ်ချိန်တည်း၊ သို့မဟုတ် မရှေး မနှောင်း ဘဝပြောင်းသွားရသူများကား နာရေးကြော်ငြာအောက်တွင် နှစ်ကျပ်ခွဲ သုံးကျပ်ပေး၍ ချောင်ခပ်ကျကျမှ ပါဝင်ခဲ့ရ၏။

ဤလောကသည် တရားပါ၏လော။'

*

ဆရာကြီးမင်းဆွေဟာ နာမည် တစ်လုံး တန်ခိုးရှိပုံ၊ အရေးပါ အရာရောက်ပုံတွေကို အဲဒီလို ရေးသားချက်တွေနဲ့ မီးမောင်းထိုးပြသွားတယ်။

ဒါကြောင့် နာမည် အရေးကြီးကြောင်း ထင်ရှားတယ်။

အဲ မြန်မာ့အလင်းသတင်းစာ ဆောင်းပါးရှင် လှိုင်သင်းကလည်း နာမည်နဲ့ပတ်သက်ပြီး အခုလို ရေးထားတယ်။

"လူတိုင်းသည် နာမည်တစ်လုံးနှင့် လှုပ်ရှားကြရသူများဖြစ်ရာ လူတစ်ယောက်အတွက် သူ့နာမည်သည် သူပိုင်သမျှ ဂုဏ်ပုဒ်အားလုံးအနက် အရေးအကြီးဆုံး ဂုဏ်ပုဒ်ဖြစ်သည်၊ လူသေသော်လည်း နာမည်မသေ ဆိုသည့် စကားအတိုင်း မိမိသေသွားသည့်တိုင်အောင် မိမိနာမည် ကျန်ရစ်စေလိုခြင်းသည် လောကတတ္တာ ဓမ္မတာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘူ အရေးပါသော နာမည်ကို ကျွန် တော်တို့ မှန်မှန်ကန်ကန် မခေါ်လျှင် ထိုနာမည်ပိုင်ရှင်ကို စော်ကားသလို ဖြစ် လိမ့်မည်။”

ဩြော် ဒီဆောင်းပါးက နာမည် တွေကို မှန်မှန်ကန်ကန် မခေါ်ဆိုကြပဲ စော်ကားနေသလို ဖြစ်နေတဲ့အကြောင်း ထောက်ပြထားတဲ့ ဆောင်းပါးပေပဲ။

ဖတ်နေရင်းက အဲဒီလို တွေးမိ တယ်။ ဘယ်နာမည်တွေကို ဘယ်လို များ မှားယွင်း ခေါ်ဆိုနေကြပါလိမ့်။ သိချင်စိတ်နဲ့ ဆက်ဖတ်တယ်။ ဆက် ဖတ်ရင်း မျက်လုံးက တဖြည်းဖြည်းချင်း ကျယ်လာတယ်။ ကျယ်ရာကနေ ပြူး လာတယ်။

အမေရိကန်ရဲ့ နာမည်အသံ ထွက် အမှန်က အမဲရိကန် ဆိုပါလား။ ကျွန်တော် မျက်စိအမြင်မမှားဘူးဆိုရင် မြန်မာပြည်မှာ ရိုက်နှိပ်သမျှ စာအုပ် စာတမ်းတွေထဲမှာတော့ အမေရိကန် ချည်းသာ တွေ့ဖူးတာပါ။

ဒုက္ခ၊ ဒါဆိုရင် ဘယ်လိုလုပ် ကြမလဲ။ အမဲရိကန်ကို အမေရိကန်လို့ ကျွန်တော်တို့ တစ်သက်လုံး မှားလာ ကြပြီပဲ။

အမဲရိကန် ပြည်ထောင်စုသမိုင်း မှာ အထင်ရှားဆုံးသမ္မတတစ်ဦးဖြစ်တဲ့ လင်ကွန်းလို့ ကျွန်တော်တို့ ရေးလာကြ တာ မမှန်ပါဘူးတဲ့။ အမှန်က လင်းကဲန် ပါတဲ့။

နောက် အိန်းစတိုင်းချင်း မိုးမွန် နေတဲ့ နာမည်အမှန်ကလည်း အိုင်းစ တိုင်း ဖြစ်တယ်တဲ့။ ဂျာမန် ဂျူးလူမျိုး တွေရဲ့ Ein ဟာ အိုင်းလို့ အသံထွက်ပြီး တော့ Stein စတိုင်းလို့ အသံထွက်ရ တာတဲ့။

အဲဒါကို အင်္ဂလိပ်အသံထွက် ထိုတ်တဲ့အတွက် အိန်းစတိုင်း ဆိုပြီး ထွက်သွက်ခါအောင် မှားသွားတာလို့ ဆိုပါတယ်။ ကမ္ဘာကျော် သိပ္ပံပညာရှင် ကြီး Albert Einstein ကို ဂျာမန် ဂျူး လူမျိုးဖြစ်ကြောင်း သတိမမူ ဂူမမြင်မိလို့ အဲဒီလို မှားသွားတာလို့ ဆောင်းပါး ရှင်က ထောက်ပြပါတယ်။

နောက်တစ်ခုအမှားကို ထောက် ပြလိုက်တဲ့အခါမှာတော့ ရင်ဘတ်ကို အသာဖိထားရပါတယ်။ ဂရိ တွေးခေါ် ပညာရှင်ကြီး Socrates ကို ကျွန်တော်တို့ ခေါ်ခဲ့ကြတာက ဆိုကရေးတီး မဟုတ် လား။ အဲဒါအမှန်က ဆော့ခရတီးဇ် ပါတဲ့။

အခုလို သိလိုက်ရတဲ့အတွက် တစ်မျိုးတော့ ဝမ်းသာသွားပါတယ်။ မြန်မာပြည်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဆို က ရေး တီး ပြိုင်ပွဲကြီးနဲ့ မမှား တော့ဘူးပေါ့။

အဲလ်ပ်စ် တောင်တန်းတွေကို ဖြတ်ကျော်ပြီး ရိုမန်တွေကို တုန်လှုပ် စေခဲ့တဲ့ ကားသစ်ချ်စစ်သူကြီး ဟဲန်းန ဘဲလ် (Hannibal) ကို ဟန်းနီးဘော လို့ တစ်ဘောတည်း ဘောခဲ့ကြတာက လည်း အတောမသတ်နိုင်တဲ့ အမှားကြီး တစ်ရပ်ပါပဲတဲ့။

အဲဒီလိုနဲ့. .

“ပိုင်းလက်” (Pontius Pilate)ကို ပိုင်လိတ်။ ဂရိနတ်ဘုရားမ နိုင်းကီ (Nike) ကို နိုက်။ အမဲရိကန် ရုပ်ရှင်မင်းသားကြီး အားနယ် (Arnold) ကို အာနိုး။

ဗြိတိသျှစာရေးဆရာ တောမ် မော့စ်ဟားဒီ ကို သောမတ်စ်ဟာဒီ။ဂျာမန် ဒဿနပညာရှင်ကြီး နီးချာကို နီရှေး။

အဲဒီလို ပြောမဆုံးပေါင် တော သုံးထောင် မြင်းမိုရ်တောင်ထု ပမာ ပြုရမယ့် အမှားတွေက ကုဋေကုဋာ ဖြစ်ပါတယ်တဲ့။

မကြာသေးမီကပဲ ပြင်သစ်နိုင်ငံ ရွေးကောက်ပွဲမှာ အနိုင်ရပြီး သမ္မတဖြစ် သွားတဲ့ ဖရန်ဆွာအိုလန်း ကို သတင်းစာ တချို့မှာ ဖရန်ကွိုက်စ်ဟော်လန်ဒေး လို့ ဖော်ပြကြတာ။ အဲဒီ ပြင်သစ်သမ္မတ ကြီးသာ မြန်မာစာတတ်လို့ ဖတ်မိခဲ့ရင် အတော် ကသိကအောက် ဖြစ်သွားလိမ့် မယ်တဲ့။ ဆရာ လှိုင်သင်းရဲ့ နာမည် အမှား ရှာပုံတော်ကြီးကိုဖတ်ပြီး အခုလို ဖော်ထုတ် ထောက်ပြလိုက်တဲ့အတွက် ကျေးဇူးတင်မိသလို ရင်ထဲမှာလည်း တော်တော်လေးမောသွားပါတယ်။

ဟုတ်ပါရဲ့။ အင်္ဂလိပ်ဘာသာက နေ မြန်မာဘာသာကို အသံလှယ်ပြီး ပြန်ဆိုရတဲ့ ဘာသာပြန်နာမည်တွေက လည်း တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို မျက်စိလည်စရာ တွေ များလှတယ်။

ဆိုပါတော့။

တချို့က ဗန်ကောက် တဲ့။ တချို့က ဘန်ကောက်တဲ့၊ တချို့က ဗန်ကော့ တဲ့၊ တချို့က ဗိုင်းကော့ တဲ့၊တချို့ က နိုဗယ် တဲ့၊ တချို့က နိုဘယ် တဲ့၊ တချို့က တီဘက်တဲ့၊ တချို့က တိဗက် တဲ့။ တချို့က တီဗီ တဲ့၊ တချို့က တီဗွီ တဲ့။ တချို့က ဗွန်ဝိန်း တဲ့၊ တချို့က ဗွန်ဝေနီ တဲ့။ တချို့က ကလီယိုပါထရာ တဲ့၊ တချို့က ကလီယိုပက်ထရာ တဲ့။ တချို့က ဖန္တမ်းပင် တဲ့၊ တချို့က ဖနောင်ပင် တဲ့။ တချို့က မူဆလင် တဲ့၊ တချို့ က မွတ်စလင် တဲ့။ တချို့က အယ်လ်ကေဒါ တဲ့၊ တချို့က အေ ကေဒါ တဲ့။

ကဲ. . . မျက်စိလည်စရာ ဘယ် လောက်ကောင်းထားသလဲ။ ဒါတောင် စာဖတ်သူ အမြင်ရှင်းအောင် အင်္ဂလိပ် စာလုံးပေါင်းတွေကို ဖယ်ထားပြီး ဆန့် ကျင်ဘက် နှစ်ခုကိုပဲ ရေးထားတာပါ။ တချို့များဆို ဆန့်ကျင်ဘက်မူကွဲ သုံး လေးမျိုးထိ ရှိသေးတယ်။

ဥပမာ- နိုဘယ်၊ နိုဗယ်၊ နိုဘဲလ်၊ နိုဗယ်လ်၊ နိုဘယ်လ်။

ဒီလို ဘာကြောင့်ဖြစ်ရတာလဲ ဆိုတော့ ချို့ယွင်းချက်တွေ ရှိနေလို့ ဆို တာကိုတော့ အထူးပြောစရာမလိုပါ ဘူး။ ရှေးက အယ်ဒီတာဆရာကြီး တွေဆိုရင် အရေးကြီးတဲ့ နိုင်ငံခြား အမည် နာမတွေကို မြန်မာလို အသံ ဖလှယ်ပြီး ဖော်ပြရတော့မယ့်အခါ ကိုယ်ကလည်း မရေမရာ မသေမချာ



www.burmeseclassic.com

www.burmeseclassic.com

ဇဝေဇဝါ ဖြစ်နေတဲ့အခါ သက်ဆိုင်ရာ သံရုံးကို လှမ်းပြီး အကူအညီတောင်းပါတယ်။

ပါရီလား ပဲရစ်လား၊ ဒွိဟဖြစ်နေပြီဆိုပါတော့၊ ပြင်သစ်သံရုံးကို လှမ်းပြီး အကူအညီတောင်းပါတယ်၊ ပါ ချင် ပါ ပဲ ချင် ပဲ မလုပ်ပါဘူး။

**ဒီနေရာမှာ တောအစပ်လို့ ပြောပါရစေ၊ တစ်ခါက ယတ်စတ်ရှည်ဆိုင်မှာ စာအကြောင်း ပေအကြောင်းတွေ ပြောကြရင်း အခုလို အသံစလှယ်တဲ့ တိုနှဆီ ရောက်သွားကြပါတယ်။**

ပြောခဲ့သလို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက်တွေ ဖြစ်လာတဲ့အခါ တခြား လေးငါးယောက်လောက်က ခေါင်းတညိတ်ညိတ်နဲ့ စိတ်ဝင်တစား နားထောင်နေကြပေမယ့် ခပ်ဆတ်ဆတ် လူတစ်ယောက်က အခုလို တုတ်တိုးအိုးပေါက် ပြောပါလေရော။

"ဒါများဗျာ၊ ခင်ဗျားတို့က မယ်ဥကျားချီတာကို ဇာရာဇာသီချဲ့နေတယ်၊ သူ့မူရင်း အင်္ဂလိပ်စာလုံးအတိုင်း ဖော်ပြလိုက်ရင် ပြီးရော မဟုတ်လား" တဲ့။

မိတ်ရင်းဆွေရင်းတွေမို့ သူ့စကားကို ပြုံးပြုံးကလေး သည်းခံလိုက်ပေမယ့် မြန်မာစာထဲမှာ ကပြားဝါကျတွေရဲ့ အန္တရာယ်ကြီးမားပုံကို သူ့ခမျာ မသိရှာလေတဲ့အတွက်တော့ စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။

မြန်မာစာ၊ မြန်မာစကား နယ်ပယ်ထဲကို စစ်ဦးဘီလူး ပုံစံမျိုးနဲ့ အလုံးလိုက် အရင်းလိုက် ဝင်လာတဲ့ ဘာသာခြား စကားလုံးတွေကို ဘာသာလည်း မပြန်၊ အသံလည်း မလှယ်ဘဲ မူရင်းဘာသာစကားအတိုင်း အတုံးလိုက် အတစ်လိုက် မြန်မာစာ၊ မြန်မာစကားထဲမှာ ထည့်ရေး၊ ထည့်ပြောတာကို ကပြားဝါကျ လို့ ခေါ်ပါတယ်။

ဥပမာအနေနဲ့ နိုင်ငံခြားရောက် နိုင်ငံကျော်စာရေးဆရာကြီး တစ်ဦးရဲ့ မကြာသေးခင်က ထွက်လာတဲ့ ဝတ္ထုတစ်ပုဒ်ထဲက ထုတ်နုတ်ပြပါရစေ။

(မှတ်ချက်။ ။ စာလုံးပေါင်းသတ်ပုံကအစ သူ့မူရင်းအတိုင်း ဖော်ပြထားပါတယ်။ အဲဒီ ဆရာကြီးက သူ့ဝတ္ထုကို ပုံနှိပ်ထုတ်ဝေမယ်ဆိုရင် သူပေးပို့လိုက်တဲ့ မူရင်းအတိုင်း မပြင်မဆင် **စေတည်းဖြတ်ဘဲ ထုတ်ဝေရမယ်ဆိုလို့ ထုတ်ဝေသူခမျာလည်း ဘာမှ မပြောသာတော့ဘဲ ထုတ်ဝေလိုက်ရတာ ဖြစ်ပါတယ်)** တဲ့. . . ဖတ်ကြည့်ပါဦး။

"**carolyn ရဲ့သည်** bmw 525 ii **တလဲ sync နော်။ voice command နဲ့မှ ကြိုက်ရာအဆိုတော်ရဲ့ ကြိုက်ရာသီချင်းကို ရွေးဖွင့်နားထောင်လို့ရတာ။ တော်ရုံ** တန်ရုံ ခုခေတ် ဆယ်ကျော်သက်တွေ သည်လို အေးငြိမ့်တဲ့ country music တွေကို ကြိုက်တတ်ကြတာ မဟုတ်ဘူး။ pop တွေမှ။ carolyn ကသာ သည် taylor တို့ mirandalambert တို့ တို့ကို ကြိုက်တာ။ ခု kyra က ဘယ့်နှာကြောင့် အကြိုက်ချင်း တူရပြန်တာတုန်း။ တူအုံး တော့သည်ကားက sync. system တွေကို ဘယ်လိုလုပ် သိရတာတုန်း။ တကယ့် mystery ပါပဲ။ gary ဦးနှောက်ချောင်သွားတယ်"

ကိုင်း အဲဒါ ကပြားဝါကျ ပါပဲ။

ဘယ့်နှယ်ရှိပါစ၊ ကျွန်တော်ကတော့ တော်တော်ခေတ်မမီတဲ့ လူမို့လား မပြောတတ်ပါဘူး။

အဲဒီစာကို ဘယ်လိုနားလည် ခံစားရမှန်း မသိတော့ဘူး။ ဝတ္ထုတစ်ပုဒ်လုံး အဲဒီအတိုင်းချည်းပဲ။

အခုကောက်နုတ်ဖော်ပြလိုက်တာက အပြေပြစ်ဆုံး ဖြစ်လိမ့်မယ်ထင်တဲ့ အပိုဒ်လေးတစ်ပိုဒ်ကို ရွေးထုတ်ဖော်ပြလိုက်တာပါ။ တချို့နေရာမှာများဆိုရင် အင်္ဂလိပ်စာက ငါးလုံး မြန်မာစာက တစ်လုံးလောက်ပဲ ပါတယ်။

ထားပါတော့။ အဲဒီဝတ္ထုကို မြန်မာစာဖတ်ပရိသတ်တစ်ယောက် မပြောပါနဲ့၊ အင်္ဂလိပ်စာ ကျွမ်းကျင်တဲ့ မြန်မာတစ်ယောက်တောင်မှ ဗဲရီး ဆောရီး ဖြစ်သွားလိမ့်မယ် ထင်ပါတယ်။

အို ကိုယ်တောင်မှ သူ့အရှိန်ဟပ်[...] ပြီး ဗဲရီးဆောရီး ဖြစ်သွားပြီ။

ဆိုလိုချင်တာက အထက်မှာ[...] ပြောခဲ့တဲ့ ချို့ယွင်းချက်တွေ ထဲမှာ အဲ[...] ဒီလို ဝိတ်သုံးတာတွေလည်းပါတယ်[...] အခု စာပေစိစစ်ရေးက မရှိတော့တဲ့[...] အခါ စိတ်အချဉ်ပေါက်ပေါက်နဲ့ ငါ့မြင်[...] ငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်ချ[...] လိုက်ဟန် တူပါရဲ့။

အဲဒီဝတ္ထုကို မျှော်လင့်တကြီးနဲ့[...] ကောက်ဖတ်လိုက်ကြတဲ့ မြန်မာပြည်က[...] စာဖတ်ပရိသတ်ကြီးမှာတော့ ရက်စက်[...] ပါပေ့ ဆရာရယ် ဖြစ်ကုန်တော့တာပါပဲ[...]

နောက်တစ်ချက်က စာဖတ်ပရိ[...] သတ်ဟာ မြန်မာစာဖတ်ပရိသတ်ဆို[...] တာကိုလည်း ထည့်သွင်း စဉ်းစားရပါ[...] သေးတယ်။ အင်္ဂလိပ်စာတတ် ပရိသတ်[...] တွေကလည်း မြန်မာစာကို မြန်မာစာ[...] လိုပဲ ဖတ်ချင်ကြတယ်ဆိုတဲ့ အချက်[...] လည်း မေ့ထားလို့ မရပါဘူး။

အင်္ဂလိပ်စာဖတ် ပရိသတ်[...] တာက အင်္ဂလိပ် ဖတ်ချင်မှတော့ အ[...] လိပ်မူရင်းစာအုပ်တွေကိုပဲ ဖတ်တော့[...] မှာပေါ့။ အခုလို ထော့နင်း ထော့နင်း[...] စာမျိုးကို ဘယ်ဖတ်ချင်ပါ့မလဲ။

အဲ- မြန်မာစာဖတ်ပရိသတ်[...] မှာ အင်္ဂလိပ်စာနဲ့ မရင်းနှီးတဲ့သူတွေ[...] နေတယ်ဆိုတဲ့ အချက်ကတော့ အရေး[...] အကြီးဆုံးပါပဲ။

ဆိုပါတော့၊ သူ့ခမျာ ဘဝ[...] အကျိုးပေးကြောင့် လေးတန်းတော[...] မအောင်ပေမယ့် စာဖတ်ဝါသနာပါ[...] စာဖတ်နေသူတွေပေါ့။

အဲဒါကြောင့် ဒီအချက်[...] အရေးတကြီး မြော်မြင်စဉ်းစားတတ်[...] တဲ့ စာရေးဆရာကြီးများ၊ အယ်ဒီတာ[...] ကြီးများဟာ မလွှဲသာ မရှောင်သာ မြ[...] မာစာထဲမှာ အင်္ဂလိပ်၊ ပြင်သစ် စ[...] နိုင်ငံခြား ဘာသာစကားတစ်ခုခု[...] ထည့်သွင်း ဖော်ပြရတော့မယ်ဆို[...] မြန်မာ့ပါးစပ်ထဲမှာ မြန်မာ့နား[...] မြန်မာ့မျက်စိထဲမှာ လျှောနဲ့ ဝင်သွ[...]





www.burmeseclassic.com

www.burmeseclassic.com

အောင် ဂရုတစိုက် ဘာသာပြန်၊ ဂရုတစိုက် အသံဖလှယ်ပေးကြတာ ဖြစ်ပါတယ်။ အခု ဆရာလှိုင်သင်းရဲ့ ဆောင်းပါးအရဆိုရင်တော့ စေတနာအမှားတွေ ဖြစ်ခဲ့လေပြီလားလို့ စဉ်းစားစရာ ဖြစ်ရပါတယ်။ ကြည့်လေ။ အမေရိကန် လို့ သုံးလာလိုက်ကြတာ သားစဉ်မြေးဆက်ပါပဲ။ အမယ် အမေရိကန် လေထိ မခံလို့တောင် ကာရန်လေးနဲ့ ဆိုလိုက်သေး။ အခု ဆရာလှိုင်သင်းက အမဲရိကန် က အမှန်တဲ့။

ဒီပုံအတိုင်းသာဆိုရင် ကော်ဖီ၊ ကင်မရာ၊ မော်တော်ကား၊ ဆိုင်ကယ်၊ ကွန်ပျူတာ၊ ဆယ်လူလာ၊ အီးမေး၊ တယ်လီဖုန်း၊ မော်နီတာ၊ တက္ကစီ၊ ဘတ်စ်ကား စတဲ့ အင်္ဂါ အဝေါ်တွေ တောင်မှ မျက်လုံး ခပ်လှုပ်လှုပ်ပါပဲ။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုတော့ အလေးအနက် ဝိုင်းဝန်းစဉ်းစားပြီး အဖြေမှန်ထုတ်ဖော်သင့်တာ အမှန်ပါပဲ။

စကားတစ်ဆက်တည်း ပြောချင်တာက အခုလို အင်္ဂလိပ်ကနေ မြန်မာကို အသံဖလှယ်တဲ့အခါ. . .

၁။ အဆုံးဗျည်းသံ မပါတဲ့ စကားလုံးတွေကို အနီးစပ်ဆုံးကြားတဲ့ အသံအတိုင်း မြန်မာအသံ ဖလှယ်ရတယ်။

ဥပမာ- coffee =ကော်ဖီ

၂။ အဆုံးဗျည်းသံပါတဲ့ စကားလုံးတွေကို အဆုံးဗျည်းသံ ဖြုတ်ပြီး မြန်မာအသံ ဖလှယ်ရတယ်။ ဥပမာ- goal =ဂိုး (ဂိုးလ် လို့ "လ်" မထည့်ရ)

၃။ စကားလုံးအလယ်မှာ အဆုံးဗျည်းသံပါနေရင် အသတ်မထည့်ဘဲ မြန်မာသံဖလှယ်ရထယ်၊ ဥပမာ- multimedia =မာလ့တီ မီဒီယာ (မာလ်တီ မီဒီယာ လို့ "မာ" မှာ "လ်" မထည့်ရ)

၄။ စကားလုံးအလယ်က ဗျည်းသံကိုဖျောက်ပြီး ဖလှယ်ရတယ်

ဥပမာ- fullscap =ဖူးစကက် (ဖူးလ်စကက် လို့ "ဖူး" မှာ "လ်" မထည့်ရ) ဆိုတဲ့ အခြေခံအချက်တွေကိုလည်း မြန်မာစာမှာ စည်းကမ်းတကျ သတ်မှတ်ထားတာကို ဂရုပြုကြဖို့ အသိပေးပါရစေ။ ကိုင်း- ကောင်းအိမ်လင်းပြည့် ဆိုတဲ့ နာမည်လှလှလေးကနေ တစ်နွယ် ငင်တစ်စင်ပါသွားလိုက်တာ စကားလက် တံတောင် အတော်ရှည်သွားပါပြီ။ လူမှုဝန်းကျင်မှာ အရေးပါတဲ့ နာမည်လှလှလေးတွေကို မှန်မှန်ကန်ကန် ဖော်ပြနိုင်အောင် ကြိုးစားရပါဦးမယ်။

ပြီးတော့ ဆရာလှိုင်သင်းရဲ့ ဆောင်းပါးကို ဖော်ပြခဲ့တဲ့ မြန်မာ့အလင်းသတင်းစာထဲမှာ အမဲရိကန် သမ္မတအိုဘားမား လို့ ဖော်ပြမယ့်ချက်ကိုလည်း မျှော်လင့်ကြီးစွာ စောင့်ကြည့်ရပါဦးမယ်။ အခုထက်ထိတော့ လေထိမခံတဲ့ အမေရိကန်ပါပဲ။

တော်ကြပါဦးစို့။

❒ ဖော်ကောင်စာပြင်ဆရာတစ်ဦး


## ဆရာဦးဖေဝင်းထွန်း D.B.B.W - C.T (Med)

## အာနိုးချမ်း တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သွေယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ


လိပ်စာ ➽ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➽ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၀၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။


www.burmeseclassic.com

www.burmeseclassic.com



မရောက်သည်မှာ ကြာပြီဖြစ်သော ကိုယ့်မွေးရပ်မြေသို့ ကျွန်တော် တစ်ခေါက်ရောက်ခဲ့ရပြန်ပြီ။ ကျွန်တော်တို့ မိသားစုတွင် မောင်နှမလေးဦးသာ ရှိတော့သည်။ မိဘနှစ်ဦးစလုံး မရှိကြတော့ပါ။ ကျွန်တော်တစ်ဦးတည်းသာ ဝန်ထမ်းဘဝဖြင့် ရန်ကုန်တွင် အခြေချနေထိုင်ခဲ့သည်။

ကျွန်တော်က အကြီးဆုံးဖြစ်ပြီး ကျွန်တော့်အောက် ညီနှင့်ညီမ သုံးယောက်စလုံး မော်လမြိုင်မြို့၊ ဒေါင်းဇရပ် ရပ်ကွက်တွင် နေထိုင်ကြသည်။

ထိုရပ်ကွက်သည် မော်လမြိုင်မြို့စွန် မုဒုံမြို့သို့သွားသည့် ကားလမ်းဘေးတွင် တည်ရှိသည်။ ခြံကျယ်ကြီးများဖြစ်သည်။ ကျွန်တော်ငယ်စဉ်က နေထိုင်ကြီးပြင်းခဲ့ရသော ရပ်ကွက် ဖြစ်သ... လူပျိုပေါက်ဘဝမှစ၍ ရန်ကုန်မြို့... ရောက်သွားခဲ့ရသည်။ သုံးလေး... တစ်ကြိမ်ခန့်သာ ပြန်ရောက်လေ့ရှိသ...

ယခု ကျွန်တော့် အသ... လေးဆယ်ကျော်၍ ငါးဆယ်... ပြီဖြစ်သည်။ ကျွန်တော့်သူငယ်... သုံးလေးဦးသာ ရပ်ကွက်တွင် ...

www.burmeseclassic.com



# မောင်မြင့်မြိုးကျော်

နေထိုင်ကြသည်။ သေသူသေ၊ ပြောင်းရွှေ့သွားသူ ပြောင်းရွှေ့သွားဖြစ်ခဲ့ပြီ။ ကွယ်လွန်သွားကြသူများထဲတွင် ကျွန်တော့်အချစ်ဆုံး သူငယ်ချင်း အောင်စိန်လည်း အပါအဝင် ဖြစ်သည်။

အောင်စိန်မှာ လွန်ခဲ့သော သုံးနှစ်ခန့်က ကွယ်လွန်သွားကြောင်း သိရသည်။

သူငယ်ချင်း အောင်စိန်သည် အရက် အလွန်ကြိုက်သူ ဖြစ်သည်။ အရက်ကြောင့်ပင် သေခဲ့ရသည်။

ကျွန်တော် ရောက်ရောက်ချင်းပင် ကျွန်တော့်ညီမကို သူငယ်ချင်းများ အကြောင်း မေးလိုက်မိသည်။

"မောင်ထွန်း တစ်ယောက် ဘာလုပ်နေလဲ ညီမလေး"

"ကိုမောင်ထွန်းက လက်ဖက်ရည်ဆိုင်ဖွင့်ထားတယ်၊ အစ်ကို့ကို ခဏခဏမေးတယ်၊ အစ်ကို ရောက်တုန်း သွားလည်လိုက်ပါဦး"

"အေး, ညနေမှ သွားတော့မယ်၊ ဒါနဲ့ဟို အရက်သမား အောင်စိန်ရဲ့ ကလေးတွေ ဘယ်နှတန်း ရောက်ကုန်ပြီလဲ၊ ဖအေ သေသွားတော့ ဘယ်လို နေထိုင်ကြလဲ"

"ကိုအောင်စိန့်မိန်းမ မတင့်က အကြော်ရောင်းလိုက်၊ ကောက်ညှင်းပေါင်းရောင်းလိုက်နဲ့ ရုန်းကန်နေရတာ၊ အကြီးကောင် ယောကျ်ားလေးက ဒီနှစ် ရှစ်တန်း ရောက်နေပြီ၊ အငယ်မက ခြောက်တန်းထင်တယ်"

"ဟုတ်လား၊ ငယ်ငယ်တုန်းက ဒီလောက်ဆိုးတဲ့ ကလေးတွေ အတန်းတွေတောင် တော်တော်ရနေပါလား၊ ညနေမှောင်မှ သွားလည်တော့မယ်"

"အစ်ကိုက ညနေ မိုးချုပ်မှောင်တော့မှ ကိုအောင်စိန်တို့ ခြံသွားမလို့လား"

"အေးလေ၊ သူငယ်ချင်းမရှိတော့ပေမယ့် ဆွေမျိုးလို ခင်မင်ရင်းနှီးနေတဲ့ မတင့်ကိုတော့ အားပေးစကားလေးတော့ ပြောရမှာပေါ့၊ အောင်စိန်တို့

www.burmeseclassic.com

www.burmeseclassic.com

ခြံဘက် မိုးချုပ်မှောင်တော့မှ သွားလည်မယ်ဆိုလို့ကတော့ ငါ့ညီမ အမှုအရာတွေ ဘယ်လိုဖြစ်သွားရတာလဲ"

"အစ်ကိုက ရန်ကုန်မှာ အနေကြာတော့ ကိုအောင်စိန်တို့ မိသားစုအကြောင်း ဘယ်သိပါ့မလဲ"

"ဘာလဲ အောင်စိန့်မိန်းမ မတင့်နောက်အိမ်ထောင် ပြုလိုက်ပြီလား၊ အေးလေ, မတင့်က အရွယ်လဲရှိသေးတယ်၊ အားကိုးရာ ရှာရမှာပေါ့လေ"

"အဲဒီနောက် အိမ်ထောင်ပြုမယ်ဆိုတဲ့ စကားကြောင့် ကိုအောင်စိန်နဲ့ ပြဿနာဖြစ်ရတာ"

"ဘာ ဘယ်လို၊ သေသွားပြီးတဲ့ အောင်စိန်နဲ့မတင့်က ဘယ်လို ပြဿနာဖြစ်နေလို့လဲ ငါ့ညီမ စကားက ထူးဆန်းနေပါလား"

"ဟုတ်တယ် အစ်ကိုရေ၊ မတင့်နောက်အိမ်ထောင်ပြုမယ်လို့ ပြောလိုက်မိတဲ့ စကားကြောင့် သေသွားပြီးတဲ့ သူ့ယောကျ်ားနဲ့ ပြဿနာဖြစ်ရတာ၊ ခုတော့ ပြေလည်သွားပါပြီ၊ အစ်ကို့သူငယ်ချင်း အောင်စိန်က သူ့ကလေးနှစ်ယောက်ကို ဆုံးမ စောင့်ရှောက်နေတာတဲ့"

"ငါ နားမရှင်း နားမလည်တော့ဘူး၊ သေသွားပြီးတဲ့ သူက ဘယ်လိုလုပ်ပြီး ကျန်ခဲ့တဲ့ ကလေးနှစ်ယောက်ကို ဆုံးမစောင့်ရှောက်နိုင်မလဲ မဖြစ်နိုင်ပါဘူးဟာ"

"အစ်ကို့သူငယ်ချင်း အောင်စိန်က သေသွားပြီး ဖြစ်ပေမယ့် သူတို့ခြံထဲမှာပဲ ရှိနေတာတဲ့၊ ကိုအောင်စိန့်ဝိညာဉ်က သူ့ကလေးတွေကို ဆုံးမနေတာ၊ ကဲပါလေ ကျွန်မပြောရင် ပြည့်စုံမှာမဟုတ်ဘူး၊ ညနေ အစ်ကို သွားမယ်ဆို၊ မတင့်က ဖြစ်ကြောင်း ကုန်စင် အစ်ကို့ကို ပြောပြလိမ့်မယ်"

"အေး၊ ငါ့ညီမ စကားကြောင့် စိတ်ဝင်စားလာပြီ၊ မောင်ကွန်းတို့ လက်ဖက်ရည်ဆိုင် နောက်မှသွားတော့မယ်၊ မတင့်ဆီ အရင်သွားလိုက်ဦးမယ်"

မိုးချုပ်မှောင်သည်အထိ ကျွန်တော် မစောင့်တော့ပါ။ ရေမိုးချိုးပြီး သူငယ်ချင်းအောင်စိန်တို့ ခြံဘက်သို့ ထွက်လာခဲ့သည်။ ကျွန်တော်တို့ ခြံနှင့် သိပ်မဝေးလှပါ။ သုံးခြံသာ ခြားသည်။ ညနေစောင်းသည်နှင့် အသွားအလာ ကျဲပါးသွားလေ့ ရှိသည်။

ကျွန်တော်ခြံထဲ ဝင်သွားစဉ် မတင့် အကြော်ကြော်နေသည်ကို တွေ့လိုက်ရသည်။

"ဟာ, အစ်ကို သန်းအောင်၊ ဘယ်တုံးက ရောက်တာလဲ၊ အလည်သက်သက်ပဲလား"

"အလည်ပဲ ဆိုပါတော့၊ ညီမတွေ အခြေအနေ လာကြည့်တာ၊ ပြီးတော့ နင်တို့ကို သတိရတာလဲ ပါတာပေါ့ဟာ"

"အစ်ကို လာလည်တာ ဝမ်းသာပါတယ်၊ ထိုင်ဦး၊ အကြော်စားပါဦး"

"ဒါနဲ့ နင့်ကလေးတွေကော မမြင်ပါလား"

"အငယ်မက အကြော်သွားပို့နေတာ၊ အကြီးကောင်က ကျူရှင်သွားနေတာ၊ မကြာခင် ပြန်ရောက်တော့မှာပါ"

"နင့်ကလေးတွေ ငယ်ငယ်တုန်းကလိုပဲ အဲဒီအဆော့မက်တုန်း၊ ဆိုးတုန်းပဲလား"

"အခုတော့ မဆိုးရဲကြတော့ဘူး၊ သူတို့ လိမ္မာနေကြပြီ"

"ဟော, ဟုတ်လား၊ ငါ့ညီမ အဆုံးအမတော်လို့ နေမှာပေါ့"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကျွန်မ အဆုံးအမတော်လို့ လိမ္မာနေကြတာမဟုတ်ဘူး၊ မနက်ဘက် ကောက်ညှင်းပေါင်းရောင်း၊ ညနေဘက်အကြော်ရောင်းနဲ့ မအားပါဘူး၊ သူတို့ကို ဆုံးမဖို့ အချိန်မရှိဘူး၊ ကလေးတွေ လိမ္မာနေကြတာ သူတို့အဖေ ဆုံးမနေလို့ပါ"

"ဟာ ဘယ်လိုလဲဟ၊ သေသွားပြီးတဲ့ ငါ့သူငယ်ချင်းက ဘယ်လိုလုပ်ပြီး သူ့သားသမီးတွေကို ဆုံးမနေတာလဲ"

"အစ်ကို့ ညီမ မလှတင် အစ
ကို ပြောမပြလိုက်ဘူးလား"

"ပြောတော့ ပြောပါတ
အောင်စိန်က သူ့ကလေးတွေကို ဆုံ
စောင့်ရှောက်နေတာလို့သာ ပြော
တာ၊ အပြည့်အစုံသိချင်လို့ ငါလာခဲ့တ

ကျွန်တော်နှင့် မတင့်တို့ စ
ကောင်းနေစဉ်မှာပင် မတင့်သား အ
ကောင် ကျူရှင်သွားတက်နေ
ပြန်ရောက်လာသည်။

"ဟဲ့ သား ဦးသန်းအောင်
အကြော်ချပေးဦး၊ အချဉ်လဲ ထည့်
ရေနွေးအိုးလဲ ပူတာလေးချ ပေးလို

"ဟုတ်ကဲ့ မေမေ"

မတင့်သားက အကြော်
ကန်၊ ရေနွေးအိုးတို့ကို ကျွန်တော့်
လာချပေးသည်။

"ချာတိတ် ဦးကို မှတ်မိလာ

"မှတ်မိပါတယ်၊ ဦးကိုတွေ့
အဖေ့ကို သတိရလိုက်တာ၊ ဦးနဲ့ အ
က သိပ်ချစ်ကြတဲ့ သူငယ်ချင်း
မဟုတ်လား၊ အဖေရေ ဒီမှာ အ
ငယ်ချင်း ဦးသန်းအောင် ရော
တယ်၊ အဖေ လာတွေ့လိုက်ပါလ

"ဟဲ့သား၊ ဘာတွေ ပြောနေ
လဲ၊ သွား သွား၊ စာသွားကျက်တော

"ဘာဖြစ်လို့လဲ မေမေရယ်
နဲ့ ဖေဖေက သိပ်ချစ်ကြတဲ့ သူငယ်
တွေပဲဟာ၊ ဖေဖေက ဒီခြံထဲမှာ ရှိ
တာပဲလေ"

"ကဲ သား သွား၊ စာသွား
တော့၊ မင်းအဖေ အကြောင်း ဦး
အောင်ကို မေမေပဲ ပြောပြလိုက်
မယ်၊ ကဲ အစ်ကို သန်းအောင် အ
စားလိုက်ပါဦး၊ တော်ကြာ အေးသွား
မယ်၊ အကြော်ကပူနေတုန်း စား
ကောင်းတယ်"

"အေး စားပါ့မယ်၊ ဒါနဲ့
ယောကျ်ား ဒီခြံထဲမှာ ရှိနေဟာ
ပဲလား"

"ဟုတ်တယ် အစ်ကို
အောင်၊ အစက ကျွန်မ မသိခဲ့ဘူး

www.burmeseclassic.com

နှစ်နှစ်လောက်ကမှ သူ ရှိနေမှန်း ...မ သိခဲ့ရတာ"

"ဘယ်လိုကနေ စပြီး ဘယ်လို ...ကြောင့် သိခဲ့ရတာလဲ"

"နောက်အိမ်ထောင် ပြုလိုက် ...လို့ ကလေးတွေကို ပြောလိုက်မိ ...တာ စတာပဲ၊ အစ်ကို သိတဲ့အတိုင်း ...လေးတွေက ခုအချိန်လို မလိမ္မာကြ ...ဘူး၊ တော်တော်ဆိုးခဲ့ကြတာ၊ ပြော ...ဆိုမရနဲ့ပေါ့"

"အေးပါ ဆက်ပြောပါဦး"

"သေသွားပြီးတဲ့ အစ်ကို့ သူငယ် ...နဲ့ ဝိညာဉ်က ကျွန်မ ကလေးတွေ ...ဆိုးမနေတယ်ဆိုရင် အစ်ကို ယုံ ...ဖြစ်ခဲ့ပုံက ဒီလို အစ်ကို သန်း ...ာင်ရေ"

မတင့်က ကွယ်လွန်ခဲ့ပြီးသည့် ...ယောက်ျား ကလေးများကို ဆုံးမ ...င့်ရှောက်နေပုံ စိတ်ဝင်စားဖွယ် ...ဖြစ်အပျက်များ ကျွန်တော့်ကို ပြော ...သည်။

"ဟဲ့သား အကြော်တွေ သွားပို့ ...လေ၊ ဟိုမှာ မုန့်ဟင်းခါးဆိုင်တွေက ...င့်နေပြီ၊ ဘယ်သွားဦးမလို့လဲ"

"ဘောလုံးသွားကန်မလို့ပါ၊ ပြီး ...မှ ပို့ပေးမယ်လေ"

"ဘောလုံးက နောက်မှကန်၊ ခု ...ချင်း အကြော်သွားပို့စမ်း၊ ဘောလုံး ...လို့ ထမင်းစားရတာ မဟုတ်ဘူး၊ ...ကြော်ပို့မှ ထမင်းစားရတာ"

ကျွန်မ အကြော်ပို့ခိုင်းသည်ကို ...က ပေကတ်ကတ် လုပ်နေသည်။ ...ဘောလုံးကစားဖို့ကိုသာ စိတ်ဝင်စားနေ ...သည်။ ကျောင်းစာများလည်း ကြိုးစား ...မရှိပါ။ အဆော့မက်လွန်းသည်။ ...က ကျွန်မ စကားကို နားထောင်သူ ...တ်ပေ။ သူ့အဖေကိုသာ ကြောက် ...သည်။

ယခု သူတို့အဖေ မရှိတော့၍ ...ကြောက်ရမည့်သူမရှိ ဖြစ်နေသည်။

စာကျက်ရန် အတန်တန်ပြောရသည်။ စာကျက်ပြန်လည်း ခဏသာဖြစ်သည်။ စောစောအိပ်ရာဝင်တတ်သည်။ ယခင်က ဖအေဖြစ်သူကို ကြောက်၍ ဖအေက အိပ်တော့ဆိုမှ အိပ်ရာဝင်ရသည်။ သူ့အဖေ ကွယ်လွန်ပြီးနောက်ပိုင်း ကြောက်ရမည့်သူ မရှိတော့၍ သားမှာပိုဆိုးလာသည်။ မနက်စောစော ကျွန်မ ကောက်ညှင်းပေါင်းထ၍ ပေါင်းချိန်တွင်လည်း အိပ်ရာမှ နိုး၍မရပါ။ သူ့ကိုနိုးရသည်မှာ ကျွန်မကို ဝိုင်းကူပေးဖို့မဟုတ်ပေ။ သူစာကျက်ရန်အတွက် ဖြစ်သည်။ သို့သော် သားက ကျွန်မ မည်သို့နှိုးနှိုး အိပ်ရာက မထပါ။ အမေ့ကို ကူညီရကောင်းမှန်းလည်း မသိပါ။ သားကို မည်သို့မျှ ပြောဆို ဆုံးမ၍ မရသဖြင့် လက်လျှော့ထားကာ ချော့၍ ခိုင်းရသည်အထိ ဖြစ်လာသည်။

"ခု သား ခုနစ်တန်းတက်ရတော့မယ်၊ အတန်းကြီးလာပြီ၊ အဆော့မမက်နဲ့တော့၊ စာကြိုးစားတော့၊ မေမေ့စကားနားမထောင်ရင် ပထွေးနဲ့ တွေ့သွားမယ် ပြောဆို ဆုံးမစကား နားမထောင်ရင်တော့ နောက်လင် ယူလိုက်တော့မယ်"

"မေမေ နောက်လင်ယူချင်ယူ၊ သားကတော့ ပထွေးကို အဖေ မခေါ်နိုင်ဘူး"

"နှစ်ယောက်စလုံး ပြောမရ ဆိုမရဖြစ်နေတာ၊ နောက်လင်ယူရတော့မယ်"

ဒေါသဖြင့် သားကို ကျွန်မ အော်ငေါက်လိုက်မိသည်။ ထိုညက ခပ်စောစောပင် အိပ်ရာဝင်ခဲ့သည်။ နံနက်စောစောထရမည်ဖြစ်၍ နာရီကို နှိုးစက်ပေးထားခဲ့သည်။

ကျွန်မ အိပ်ရာ ပြင်ပြီးသည်နှင့် သားနှင့် သမီးတို့ ခြင်ထောင်ထဲ ဝင်လာကြသည်။ သူတို့စာ မကျက်ကြတော့ပါ။ တစ်နေ့ကုန် ပင်ပန်းထားသဖြင့် ခေါင်းချသည်နှင့် ကျွန်မ အိပ်ပျော်သွားခဲ့သည်။

"မတင့် မတင့် . . . ထပါဦး"

"ဟင်, ကိုအောင်စိန်၊ ရှင်ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ၊ ရှင်နဲ့ ကျွန်မ ဘဝ ခြားနေပြီလေ"

"ငါ ဒီခြံထဲမှာပဲရှိနေတာ၊ ညနေက မတင့်ပြောလိုက်တဲ့စကား ငါကြားလိုက်တယ်၊ မတင့် နောက်လင် ယူတော့မယ်ဆို"

"ဟုတ်တယ်၊ ရှင့်သားသမီးတွေက ပြောဆို ဆုံးမလို့ မရဘူး၊ ပြောစကား နားမထောင်ကြဘူး၊ မအေကို မကြောက်ကြဘူး၊ ဖအေကိုမှ ကြောက်ကြတာ၊ ဒီတော့ ပထွေးနဲ့တွေ့မယ်လို့ ပြောလိုက်တယ်၊ အဲဒါ ဘာဖြစ်လဲ ရှင်နဲ့ ဘာဆိုင်တော့လို့လဲ"

"ငါတောင်းပန်ပါတယ်၊ နောက်လင်တော့ မယူလိုက်ပါနဲ့၊ ကလေးတွေကို ငါဆုံးမပါ့မယ်"

"ရှင်ကသေသွားပြီတဲ့လူ၊ ဘယ်လိုဆုံးမမှာလဲ"

"မတင့် စောင့်ကြည့်နေလိုက်ပါ၊ ကလေးတွေ စာကျက်အောင် စကားနားထောင်အောင် ဆုံးမပါ့မယ်"

"ကောင်းပြီလေ၊ ကလေးတွေကို ရှင် ဘယ်လိုဆုံးမမယ်ဆိုတာ စောင့်ကြည့်ရမယ်၊ ရှင်က မဆုံးမနိုင်ရင်တော့ ကျွန်မ နောက်လင်ယူချင် ယူမယ်"

"စိတ်ချပါ ငါ့ကလေးတွေကို ငါ ဆုံးမပါ့မယ်၊ မကြာခင် သိရမှာပေါ့"

"ရှင့်ကတိတည်နော်၊ ရှင် ကတိတည်နော်"

တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်သဖြင့် ကျွန်မ အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့ရသည်။

"ဟဲ့သား မေမေ့ကို ဘာလို့ နှိုးလိုက်ရတာလဲ"

"မေမေ ဘာတွေ အော်နေတာလဲ၊ ရှင် ကတိတည်နော်၊ ရှင်ကတိတည်နော်ဆိုပြီး အော်နေလို့ သားနှိုးလိုက်တာ"

"ဟင်. . . ဟုတ်လား"

ကျွန်မ အိပ်မက် မက်နေခြင်းဖြစ်သည်။ ထိတ်လန့်စွာဖြင့် အိပ်ရာ...



www.burmeseclassic.com

www.burmeseclassic.com

ထလိုက်သည်။ မှန်အိမ်မီးထွန်းလိုက်သည်။ နာရီကို လှမ်းကြည့်လိုက်သည်။ ယခုမှ နှစ်ချက်တီးသာသာရှိသေးသည်။ နံနက်လေးနာရီထရန် နှိုးစက်ပေးထားခဲ့သည်။ ကျွန်မ ပြန်အိပ်၍ မရတော့ပါ။ သားကိုလည်း အိပ်မက်အကြောင်း ပြန်မပြောဖြစ်။ သူတို့ကြောက်လန့်သွားမည်ကို စိုးရိမ်ရသေးသည်။

ကိုအောင်စိန်နှင့် ပတ်သတ်၍ ကျွန်မ တစ်ခါမှ အိပ်မက် မက်ခဲ့ဖူးခြင်း မရှိခဲ့ပါ။ ညနေက သားကို ပြောဆို ဆုံးမ၍ခဲ့ရသဖြင့် စိတ်ဆိုးဆိုးနှင့် နောက်လင်ယူမည်တု ပြောလိုက်မိသည်။ ယခု နောက်လင် မယူရန် ကိုအောင်စိန်က ကျွန်မကို အိပ်မက် ပေးခဲ့သည်။ ကလေးတွေကိုလည်း သူ ဆုံးမမည်ဟု ပြောခဲ့သေးသည်။

ကိုအောင်စိန် အမှန်တကယ် ဤခြံထဲတွင်ရှိနေခဲ့သည်လား။ နောက်ဖေးခြံထဲသို့ လှမ်းကြည့်လိုက်မိသည်။ မှောင်မည်း တိတ်ဆိတ်နေသည်သာ တွေ့ရသည်။ ကလေးနှစ်ယောက်က အိပ်ပျော်နေဆဲဖြစ်သည်။ ပြန်အိပ်၍ မရတော့မည့် အတူတူ အိပ်ရာမှထပြီး မီးမွှေးလိုက်သည်။ ကောက်ညှင်းပေါင်း ချက်မည့်အိုး မီးဖိုပေါ်တင်လိုက်သည်။ အတန်ကြာမှ နှိုးစက်သံ မြည်လာသည်။ ကောက်ညှင်းပေါင်းလည်း ကျက်လုလု ဖြစ်ခဲ့သည်။ ဈေးရောင်းထွက်ရန် အားလုံးပြင်ဆင်ပြီးသည်နှင့် သားကို နှိုးလိုက်သည်။

"သား ထတော့၊ စာလဲကျက်ဦး၊ ဒီမှာ သားနဲ့ ညီမလေးစားဖို့ မုန့်ချန်ထားတယ်၊ ညီမလေး နိုးလာရင် ရေချိုးထားဖို့ ပြောဦး"

"အင်းပါ မေမေ၊ ခဏလေးပါ"

"အင်းပါ လုပ်မနေနဲ့၊ ချက်ချင်း ထတော့၊ ပြန်ရောက်လို့မှ ကျောင်းသွားဖို့ အဆင်သင့်မဖြစ်ရင် သေပြီသာမှတ်"

သားကို အသေအချာမှာကြားပြီး ကျွန်မ ဈေးရောင်းထွက်ခဲ့သည်။ ယနေ့ဈေးရောင်းထွက်ရသည်မှာ ယခင်နေ့များကဲ့သို့ သွက်သွက်လက်လက်မရှိလှပါ။ လေးလံထိုင်းမှိုင်းနေသည်။ ညက အိပ်မက်အကြောင်းကိုသာ အတွေးထဲ ပေါ်နေသည်။ လင်သားမရှိတော့သည့် ဘဝတွင် ကလေးနှစ်ယောက်အတွက် ပင်ပန်းစွာ ရုန်းကန်နေရသည်။

မနက်ပိုင်း ကောက်ညှင်းပေါင်းရောင်း၊ ညနေ အကြော်ရောင်းနှင့် နားရသည်ဟူ၍ မရှိခဲ့ပါ။ သားနှင့် သမီးတို့မှာ အမေကို ကူညီနိုင်သော အရွယ် ရောက်နေပြီ ဖြစ်သော်လည်း သိတတ်နားလည်မှု မရှိခဲ့ကြပါ။ အစားမက်၊ အအိပ်မက်၊ အဆော့မက်နေကြဆဲ ဖြစ်သည်။

သားမှာ ပို၍ပင် ဆိုးနေသည်။ ညနေ ကျောင်းဆင်းသည်နှင့် ဘောလုံးကွင်းထဲ ရောက်သွားတော့သည်။ မိုးချုပ်မှောင်သည်အထိ ဘောလုံးဆော့ကစားနေတော့သည်။

ဘောမကန်သည့် နေ့များတွင်လည်း သူငယ်ချင်းများနှင့် ဆော့နေတတ်သည်။ ညဘက်တွင် လည်း စာကို ကောင်းကောင်း မကျက်ပါ။ ကျွန်မ စကားလည်း နားမထောင်ပါ။ ကြောက်လည်းမကြောက်ပါ။

ညနေ ကျောင်းဆင်းပြီး ပြေးလွှားဆော့ကစားခဲ့သဖြင့် ညဘက် ခဏမျှသာ စာကျက်နိုင်သည်။ စာကျက်ရင်း စားပွဲခုံပေါ်တွင် အိပ်ပျော် သွားလေ့ရှိသည်။အတန်းကြီးလာပြီဖြစ်၍ ပိုမိုကြိုးစားရန် လိုအပ်လာသည်။ စားပွဲခုံပေါ်တွင် အိပ်ပျော်နေသော သားကို ကျွန်မ လှုပ်နှိုးလိုက်သည်။

"ဟဲ့သား ထစမ်း၊ ဘယ်အချိန်ရှိသေးလို့လဲ၊ အိပ်နေပြီ၊ ထပြီး စာကျက်ဦးလေ"

"ဟာ မေမေကလဲ သားအိပ်ချင်နေပြီ"

"အိပ်ချင်လို့ မဖြစ်သေးဘူး၊ ထ ထ စာကျက်ဦး"

"မကျက်တော့ဘူး မေမေ၊ သား သွားအိပ်တော့မယ်"

"အေး၊ ငါ့စကား နားမထော[illegible] ဘူးပေါ့၊ ငါ နင်တို့ အဖေဆီ တိုင်ပြေ[illegible] လိုက်တော့မယ်၊ ဒီမှာ ကိုအောင်စိန်[illegible] ရှင့်သား ပြောလို့မရဘူး၊ စာလဲ မကျ[illegible] ဘူး၊ ကြည့်လုပ်ပါဦး"

သားက ကြောက်ပြီး စာကျ[illegible] အောင် ကျွန်မ ခြောက်လှန့်ပြော[illegible] လိုက်သည်။ သားက ကျွန်မစကား[illegible] ဂရုမစိုက်ပါ။ အိပ်ချင်သည့် ပုံစံ[illegible] စာကျက် စားပွဲခုံတွင် ထိုင်နေသ[illegible] ပြော၍ရမည် မဟုတ်မှန်း သိ၍ ကျွ[illegible] ဆက်မပြောတော့ပါ။ လုပ်စရာရှိသ[illegible] အလုပ်များကို ဆက်လုပ်နေလိုက်သ[illegible]

အလုပ်လုပ်နေရင်း သား[illegible] လှမ်းကြည့်လိုက်သည်။ သားက စာ[illegible] ပေါ်တွင် မှောက်လျက် အိပ်နေသည်[illegible] တွေ့ရသည်။

ကျွန်မ နောက်ဖေးဘက် [illegible] ကာ လုပ်စရာရှိသည်များ ဆက်လုပ်[illegible] ခဲ့သည်။ခဏအကြာတွင် သားစာကျ[illegible] သည့်နေရာမှ အသံများ ကြားလို[illegible] သည်။

"ကြောက်ပါပြီ အဖေရဲ့၊ [illegible] ကို မရိုက်ပါနဲ့တော့၊ သားကြောက်[illegible] နောက်ဆို မေမေ့စကား နားထော[illegible] တော့မယ်၊ ခုလဲ စာကျက်ပါ့မယ်"

သား၏ ထူးဆန်းလှသော [illegible] ကြောင့် အလန့်တကြားဖြစ်ကာ [illegible] ရှေ့သို့ ထွက်လာခဲ့သည်။ ထိုစဉ် [illegible] ဆန်းသောအဖြစ်ကို တွေ့လိုက်ရသ[illegible] သား၏ ဦးခေါင်းမှာ ဘယ်ဘက်[illegible] လည်သွားလိုက်၊ ညာဘက်သို့ လ[illegible] သွားလိုက် ဖြစ်နေသည်။

သား၏ ပါးပြင်ကို တစ်စုံ[illegible] ယောက်က ဘယ်ပြန် ညာပြန်ရိုက်[illegible] သည့်ပုံစံ ဖြစ်သည်။

"သားကြောက်ပါပြီ အဖေ[illegible] တော်ပါတော့ သားကို မရိုက်ပါနဲ့တေ[illegible]

သားမှာ အိပ်ပျော်နေလျ[illegible] သူ့ပါးပြင်နှစ်ဖက်ကို လက်ဝါး[illegible] ပြီး ငိုနေသည်။ ကျွန်မ သားကို [illegible] နှိုးပြီး ဖက်ထားလိုက်မိသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့သား ဘာကိုကြောက်နေတာလဲ သားကို ဘယ်သူက ရိုက်နေလို့ အိပ်မက် မက်နေတာလား"

သားက နိုးလာပြီး ကျွန်မကို ကြောင်၍ ကြည့်နေပြီး ကျွန်မကို ဖက်ထားလိုက်သည်။

"သား . . အိပ်မက် မက်နေတာမယ်၊ သားကြောက်တယ် မေမေ"

"ဘာကို ကြောက်နေတာလဲ၊ မေမေ့ကို ပြောပါဦး"

"သား စာကျက်စားပွဲမှာ အိပ်ငိုက်နေတုန်း အိပ်မက် မက်ခဲ့တယ်၊ အိပ်မက်ထဲမှာ ဖေဖေရောက်လာတယ်၊ မေမေ့စကား နားမထောင်လို့ဆိုပြီး သား ပါးကို ရိုက်တာ၊ သားကြောက်တယ် မေမေ၊ ဒီမှာ ကြည့်ပါဦး"

သားက အရိုက်ခံထားရသော ပါးနှစ်ဖက်ကို ပြသည်။ နာကျင်နေသည်။ သားအဖြစ်ကို တွေ့၍ ကျွန်မ ထိတ်လန့်သွားမိသည်။ တစ်ဆက်တည်းမှာပင် ကျွန်မ အိပ်မက်ကို သတိရလိုက်သည်။

ကွယ်လွန်ခဲ့ပြီးဖြစ်သည့် ကျွန်မ ခင်ပွန်း ကိုအောင်စိန်က ကျွန်မကို အိပ်မက်ပေးခဲ့သည့်အတိုင်း သူသားကို ဆုံးမလိုက်သည်ဟု ကျွန်မထင်မိသည်။ ကြောက်စိတ်ဖြင့် ကျွန်မ ဝေခွဲမရဖြစ်နေသည်။ သားကတော့ ကြောက်စိတ်ဖြင့် ကျွန်မကို ဖက်ထားဆဲ ဖြစ်သည်။

"သား တကယ်ပဲ မင်းရဲ့ ဖေဖေကိုတွေ့ခဲ့တာလား"

"တွေ့တာပေါ့၊ အိပ်မက်လို့ ထင်နေခဲ့တာ၊ ခုတောင် သား ပါးနှစ်ဖက်လုံး နာနေသေးတယ်၊ ဖေဖေ သားကို ရိုက်တာ သေချာတယ်၊ မေမေ ရိုက်တာတော့ မဟုတ်ပါဘူးနော်"

"မေမေက . . နောက်ဖေးမှာ အလုပ်လုပ်နေတာ၊ သား အော်သံကြားလို့ မေမေ သားအနားလာခဲ့တာ၊ သား အိပ်ချင်သေးလား၊ အိပ်လိုက်ဦးလေ"

"ဟာ, မအိပ်ရဲတော့ပါဘူး မေမေ အိပ်မှ အိပ်တော့မယ်၊ စာမကျက်ရင် အရိုက်ခံနေဦးမယ်၊ သား စာကျက်လိုက်ဦးမယ်"

အအိပ်မက်လွန်းသော သားက မအိပ်သေးဘဲ စာဆက်ကျက်နေသည်။ သမီးငယ်မှာမူ အိပ်ရာထဲ အိပ်ပျော်နေပြီဖြစ်သည်။ လုပ်စရာ အလုပ်များပြီး၍ အိပ်ရာထဲ ဝင်ခဲ့သော်လည်း ကျွန်မ အိပ်၍ မရပါ။ အဖြစ်အပျက်များက ကျွန်မ အတွေးထဲ လွှမ်းမိုးနေသည်။ ညဥ့်နက်မှ အိပ်ပျော်သွားခဲ့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိတော့ပါ။ နာရီနိုးစက် မြည်သံကြောင့် ကျွန်မ အိပ်ရာမှနိုးလာသည်။ ကောက်ညှင်းပေါင်း ထပေါင်းရသည်။ ဈေးထွက်ရန် အားလုံး အသင့်ပြင်ပြီးမှ သားကို နှိုးလိုက်သည်။

"ကဲ, သားထတော့ ညီမလေးကိုလဲ နှိုးလိုက်တော့၊ စာမေးပွဲကြီးနီးပြီ၊ စာကျက်နော်၊ မေမေ့စကားနားမထောင်ရင် မနေ့ညကလို အရိုက်ခံနေရဦးမယ်"

"စိတ်ချမေမေ၊ သားကြောက်သွားပြီ၊ မေမေ့စကား နားထောင်တော့မယ်၊ ညီမလေး စာကျက်ဖို့လဲ ပြောမယ်"

"အေးအေး ညီမလေးကို ပြောပြလိုက်၊ မေမေ့စကား နားမထောင်လို့ ဘယ်လို အရိုက်ခံရတယ်ဆိုတာ ပြောပြလိုက်"

သားနှင့် သမီးကို မှာပြီး ကျွန်မ ဈေးရောင်းထွက်ခဲ့သည်။ ဈေးရောင်းထွက်ခဲ့သော်လည်း ကျွန်မအတွေးများက ပျံ့လွင့်နေသည်။ သားမှာ ပါးပြင်နှစ်ဖက်စလုံးမှာ အရိုက်ခံခဲ့ရသည်။ ဈေးရောင်းပြီးသည်နှင့် ဟင်းချက်စရာများ ဝယ်ကာ အိမ်ပြန်လာသည်။ သားတို့ သမီးတို့ ကျောင်းအမီ ချက်ပြုတ်ရဦးမည်ဖြစ်သည်။ အိမ်ရောက်ရောက်ချင်း သားကို မေးလိုက်သည်။

"ဟဲ့သား ညီမလေး စာကျက်ရဲ့လား"

"သားနှိုးတာ ချက်ချင်း မထဘူး၊ ခုနကမှ အိပ်ရာကထတာ၊ စာလဲမကျက်ဘူး"

"သား ဘယ်လို အရိုက်ခံခဲ့ရတယ်ဆိုတာ ပြောမပြလိုက်ဘူးလား"

"ပြောပြပါတယ်၊ ညီမလေးက မယုံဘူးတဲ့၊ သူ့ကို ခြောက်လှန့်တာတဲ့"

"အေးလေ ထားလိုက်ပါတော့၊ ညနေ ကျောင်းက ပြန်ရောက်မှ မေမေ ပြောပြလိုက်တော့မယ်"

ကျွန်မ မနက်စာချက်ပြုတ်ပြီးစီးသည်နှင့် ကလေးနှစ်ဦးစလုံး ထမင်းချိုင့်ကိုယ်စီဖြင့် ကျောင်းတက်သွားကြသည်။ သူတို့ နောင်ရေးကို တွေးပူမိပြီး ကျွန်မ သက်ပြင်းချလိုက်မိသည်၊ တွေဝေနေ၍ မဖြစ်သေး၊ ညနေ အကြော်ကြော်ရန်အတွက် ပြင်ဆင်ရဦးမည်။

ညနေ ကျောင်းဆင်းချိန်တွင် သားက နောက်ကျပြီးမှ ပြန်ရောက်နေကျဖြစ်သည်။ အဖော်များနှင့် ဆော့ကစားနေကျလည်း ဖြစ်သည်။ သမီးငယ်ကလည်း အဖော်များနှင့် ဆော့ကစားနေသည်။ ထိုစဉ်အခိုက်မှာပင် သား ပြန်ရောက်လာသည်။

"ဟဲ့သား ကျောင်းက ပြန်လာတာ နောက်ကျလှပါလား၊ အချိန်ကိုလဲ ကြည့်ဦး"

"သား ဘောလုံးကန်နေလို့ပါ မေမေ၊ ဟိုမှာ ညီမလေးလဲ ဆော့နေတာပဲ၊ သူ့ကျတော့မေမေက မပြောဘူး"

"သားက အကြီးပဲ၊ သိတတ်တဲ့ အရွယ်ရောက်နေပြီလေ၊ နှစ်ယောက်စလုံး မအေကို သနားရကောင်းမှန်း မသိကြဘူး၊ ပထွေးနဲ့ တွေ့ချင်လို့ ထင်တယ်၊ ကိုအောင်စိန်ရေ ရှင့်သားနဲ့ သမီးကို ကြည့်လုပ်ပါဦး"

ကျွန်မက သွားလေသူ အမည်ကို တမ်းတရေရွတ်ရင်းပြောလိုက်သည်။ ညနေစောင်း အကြော်ကြော်ပြီး ကျွန်မ ကိုယ်တိုင် လိုက်ပို့သည်။ သားကြီး အကြော်သွားပို့လျှင် အကြွေးကျသည်က များသည်။ အကြွေး တောင်းရန်အတွက် ကျွန်မကိုယ်တိုင် အကြော်လိုက်ပို့ခြင်း ဖြစ်သည်။ ဖောက်သည် တစ်ဦးထံ အကြော်များ ရေတွက်ပေး



www.burmeseclassic.com

www.burmeseclassic.com

နေစဉ် ခြေရင်းအိမ်မှ ဒေါ်စိန်နှင့် ဆုံခဲ့သည်။

"ဟဲ့မတင်၊ နင့်အိမ်က ကလေးတွေ ငိုနေသံကြားရတယ်၊ ငါက နင် ကလေးတွေကို ရိုက်ပြီး ဆုံးမနေတာလို့ ထင်ခဲ့တာ၊ ခုတော့ နင်က ဒီမှာ"

"ဘယ်လို ကြားလို့လဲ ဒေါ်စိန်"

"တစ်ယောက်ယောက်က မှိုတ်နှုတ်ပြီး ဆုံးနေသလိုပဲ ကြောက်ပါပြီ အအေး ရှဲ့ချိ ချမ်းပြီး ထောင်းသန့်သဲသဲ ကြားရတယ်၊ ငါ လှမ်းကြည့်တော့ထဲ အာရုံတွေ့ရသူ ထူးလိုက်တာ၊ နင်ရိုက်တာ ထင်သေမယ့် နင်က ဒီမှာဆိုတော့"

"ဟုတ်လား ဒေါ်စိန် ကျွန်မ ပြန်ဦးမယ်"

ဒေါ်စိန်ကို စကားစဖြတ်ပြီး ခပ်သုတ်သုတ်ပင် အိမ်ပြန်လာသည်။ ရင်ထဲတွင်လည်း ထိတ်လန့်နေမိသည်။ ကျွန်မ အိမ်ပေါ်အတက်တွင် မောင်နှမနှစ်ဦး စာကျက်စားပွဲနားတွင် ဖက်လျက်သား ငိုနေသည်ကို တွေ့ရသည်။

ကျွန်မ သနားသွားမိသည်။ ကျွန်မကို တွေ့လိုက်သည်နှင့် ကျွန်မထံ ပြေးလာကာ ဖက်၍ ငိုပြန်သည်။

"ဟဲ့ ဟဲ့၊ အထိတ်တလန့်ကွယ် ဘယ်လိုဖြစ်လို့ ငိုနေကြတာလဲ"

"ဒီမှာ ကြည့်ပါဦး မေမေ"

သမီးက သူ့ခြေသလုံးကို လှန်ပြသည်။

"သားလဲ ခြေသလုံးမှာ အရိုက်ခံရတယ် မေမေ၊ ဒီမှာလေ"

သမီးနှင့်သား ခြေသလုံးတွင် အရိုက်ခံထားရသည့် အရှိုးအစင်းရာများ တွေ့ရသည်။

"အိမ်မှာ မေမေလဲ မရှိဘူး၊ သားနဲ့ သမီးကို ဘယ်သူရိုက်တာလဲ"

"ထူးဆန်းလိုက်တာ မေမေရာ အကြော်ပို့ဖို့ ထွက်သွားရော သားက အရင်အရိုက်ခံရတာ၊ ပြီးတော့ ညီမလေး အရိုက်ခံရတယ်"

"တုတ်နဲ့လား၊ ဘာနဲ့ အရိုက်ခံရတာလဲ"

"ဟို ထရံထောင့်က ကြိမ်လုံးနဲ့ပေါ့"

သားက ထရံထောင့်တွင်ရှိသော ကြိမ်လုံးကို လက်ညှိုးထိုး၍ ပြသည်။ ကျွန်မရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဟင်၊ ဟုတ်ရဲ့လား၊ အဲဒီ ကြိမ်တုတ်က သားတို့အဖေ မသေခင်အထိ ကိုင်ခဲ့တဲ့ ကြိမ်တုတ်ပဲ၊ သားတို့ကို ဆုံးမချင်ရင် ဒီကြိမ်တုတ်နဲ့ရိုက်ပြီး ဆုံးမလေ့ရှိခဲ့တာ၊ ဒါဆို သားတို့ကို ရိုက်တဲ့သူဟာ"

"ဖေဖေပဲပေါ့ မေမေရာ၊ သေချာပါတယ် ဖေဖေ့ ဝိညာဉ်က သားတို့အနားမှာ ရှိနေတာ ဖြစ်မယ်၊ နောက်ဆို သားလိမ္မာပါတော့မယ်၊ မေမေ့စကားလည်း နားထောင်ပါတော့မယ်၊ မေမေကလဲ ဖေဖေ့ နာမည်ကို ခေါ်ပြီးတော့ တိုင်တာတောတာတွေ မလုပ်ပါနဲ့တော့ ဖေဖေသားတို့ အနီးအနားမှာ ရှိနေတာ သေချာပါတယ်"

"ကိုကို့ ပါးနှစ်ဖက် အရိုက်ခံရတုန်းက သမီးမယုံခဲ့ဘူး၊ ခုတော့ ဖေဖေရိုက်တာ ယုံပါပြီ၊ သမီး ကြောက်တယ်၊ မေမေ့စကား နားထောင်ပါတော့မယ်"

အံ့ဩထိတ်လန့်စွာဖြင့် သားနှင့်သမီးကို ဖက်ထားလိုက်မိသည်။ ထိုနေ့နောက်ပိုင်းမှစ၍ သားနှင့် သမီးတို့မှာ ထူးခြားစွာ ပြောင်းလဲသွားသည်။ မိုးချုပ်သည်နှင့် နှစ်ယောက်စလုံး စာကြည့်စားပွဲပေါ်သို့ ရောက်နေပြီ ဖြစ်သည်။ အကြော်လိုက်ပို့သည့် အလုပ်ကိုလည်း သားက သူလုံးဝ တာဝန်ယူလိုက်သည်။ စာကိုလည်း ယခင်ကထက် ပို၍ ကြိုးစားလာကြသည်။

သူတို့အဖြစ်ကိုကြည့်၍ သွားလေသူ ကိုအောင်စိန်ကို ကျိတ်၍ ကျေးဇူးတင်နေမိသည်။

ကိုအောင်စိန် ကျွန်မတို့ အနီးပတ်ဝန်းကျင်တွင် ရှိနေပြီ။ သူ့သားသမီးများကို ဆုံးမနေသည်မှာ ကျွန်မ ကိုယ်တွေ့ပင် ဖြစ်သည်။ ယခင်က ဆုံးမစကားနားမထောင်ခဲ့သော သားနှင့်သမီးတို့မှာ ယခု သိတတ်နားလည် လိမ္မာရေး

ခြားရှိလာကြပြီ ဖြစ်သည်။ သားနှင့်
သမီး ပြောင်းလဲလာသော အခြေအနေ
များကြောင့် ခြေရင်းခေါင်းရင်း အိမ်များ
က စပ်စုမေးမြန်းလာကြသည်။ ကျွန်
ဟန့်တားထားမှုကြောင့် သားနှင့် သမီး
က အဖြစ်မှန်ကို မပြောခဲ့ကြပါ။

တစ်နေ့ နံနက် ဝေလီဝေလင်
အချိန် ကောက်ညှင်းပေါင်းအိုးတည်
နေစဉ်တွင် ဖြစ်သည်။ ကောက်ညှင်း
ပေါင်း ကျက်၊ မကျက်၊ နပ် မနပ် မြည်
စမ်းကြည့်ရန် အဖုံးဖွင့်လိုက်စဉ် "ငါ့
လဲ နည်းနည်းကျွေးပါ" ဟု အသံကြား
ရပြီး လက်ဝါးတစ်ဖက်က ကောက်ညှင်း
ပေါင်းအိုးအနီး ပေါ်လာသည်။

ရုတ်တရက် မကြုံဖူးလေသော
အဖြစ်မို့ ကျွန်မ ထိတ်လန့်သွားပြီး
ထဲသို့ ပြေးဝင်သွားမိသည်။

အိပ်နေသော သားကို လှုပ်
လိုက်မိသည်။ သားက အလွယ်တ
အိပ်ရာမှ နိုးလာသည်။

"သားနိုးနေပါပြီ ထတော့
ပါ၊ မေမေ လာနှိုးတာနဲ့ အတော်
သွားတယ်၊ ခုနက ဘယ်သူနဲ့ စ
ပြောနေတာလဲ၊ မိုးမလင်းသေး
ကောက်ညှင်းပေါင်း လာဝယ်တာ
အဲဒီအသံ ကြားဖူးနေသလိုပဲ"

"ဝယ်တဲ့သူ မဟုတ်ဘူး၊ လ
တစ်ဖက်တည်း ပေါ်လာပြီး ငါ့
နည်းနည်းကျွေးပါ ဆိုတဲ့ အသံ
လိုက်ရတယ်၊ မေမေလဲ ကြော
သားကို လာနှိုးတာ"

"သားခုမှ စဉ်းစားမိတယ်
ဖေဖေ့အသံပဲ၊ ကောက်ညှင်းပေါင်း
တောင်းတာ ဖေဖေပဲ ဖြစ်ရမယ်"

သား ပြောလိုက်ခါမှ
အတွေးထဲပေါ်လာသည်။

ကောက်ညှင်းပေါင်း လာ
သော တုန်တုန်ယင်ယင်လက်တ
သည် အရက်သမား ကိုအောင်
လက်ပင် ဖြစ်လိမ့်မည်။

"မေမေ ခုထိ မသိသေး
ဖေဖေပဲပေါ့၊ နောက်စခါ





www.burmeseclassic.com

www.burmeseclassic.com

...ပေါင်း လာတောင်းရင် နည်းနည်း ...ကိုက်ပါ၊ ဖေဖေ သနားပါတယ်"

"သားက သနားနေ၊ မေမေ ...ထိ ကြောက်နေတုန်းပဲ"

"မေမေ့ ယောကျ်ားပဲ မဟုတ် ... ဘာလို့ကြောက်နေရတာလဲ"

ကျွန်မကိုသာ ဘာလို့ကြောက် ...ာလဲဟုပြောပေမယ့် သားကိုယ် ...မှု သူ့အဖေကို တုန်နေအောင် ...ကြောက်သူ ဖြစ်သည်။ ယခုလည်း ...ဲ အဆုံးအမကြောင့် စာကြိုးစား ...ီး သိတတ်လိမ္မာသူ ဖြစ်သည်။ ...လည်း နောက်အိမ်ထောင်ပြုမည် ...သားနှင့်သမီးကို မပြောတော့ပါ။

ထိုသို့ ပြောမိလျှင် ကိုအောင်စိန် ...အိပ်မက်ပေးပြီး သူ့သားသမီးကို ...ကြည့်ဆုံးမလိမ့်သည်။ ယခု အချိန် ...သားနှင့် သမီးမှာ ပြောစရာ မလို ...င် သိတတ်လိမ္မာနေကြပါပြီ။

တစ်ရက်နံနက်တွင် စောစော ...ကြောက်ညှင်းပေါင်းအိုး တည်နေစဉ် ...ည်၊ သားကလည်း စောစောထ၍ ...ကျက်နေချိန် ဖြစ်သည်။ ကောက် ...ပေါင်း နပ်၊ မနပ် သိရန် အိုးအဖုံး ...ဖွင့်ကြည့်မိသည်။ အငွေ့တထောင်း ...င်းဖြင့် မွှေးကြိုင်သော အနံ့ထွက် ...သည်။

ထိုအခိုက်မှာပင် ကောက်ညှင်း ...အိုးအနီး လက်တစ်ဖက် ရုတ် ... ပေါ်လာသည်။

"ငါ့ကို နည်းနည်းကျွေးပါ" ဟု ... အသံလည်းကြားရသည်။

"မေမေ ဟိုမှာ ကောက်ညှင်း ... တောင်းနေတယ်၊ လက်ထဲ ထည့် ...ကိုက်ပါ"

သားက အနီးအနားမှာရှိနေ၍ ...ပြောသေးသည်။ ကျွန်မ စဉ်းစားချိန် ...တော့ပါ။ ကြောက်ရွံ့စိတ်ဖြင့် တုန် ...င်ယင်ဖြစ်နေသည်။

သားစကားအတိုင်း အိုးထဲမှ ...လောင်လောင်ကောက်ညှင်းပေါင်းကို ...ဖြင့်ခပ်ယူလိုက်ပြီး တောင်း နေသော လက်ထဲသို့ ထည့်ပေးလိုက်သည်။ ထိုစဉ်မှာပင် "အား" ဟူသော အသံနက်ကြီးကို ထိတ်လန့်ဖွယ်ကြား လိုက်ရသည်။

"အား" ဟူသော အသံနှင့်အတူ လက်တစ်ဖက်လည်း ပျောက်သွားတော့ သည်။ အငွေ့တထောင်းထောင်းထ နေသော ပူပူလောင်လောင် ကောက် ညှင်းပေါင်းများသာ ဖိတ်စဉ် ကျန်ရစ် ခဲ့သည်။ ကျွန်မ သတိထားလိုက်မိချိန် တွင် သားအမိနှစ်ဦးစလုံး ဖက်ထားမိ လျက်သား ဖြစ်နေတော့သည်။

*

"မတင့် ပြောပြပုံအရဆိုရင် တော့ ငါ့သူငယ်ချင်း အောင်စိန် မကျွတ် မလွတ်ဘဲ ဒီခြံထဲမှာရှိနေတာ သေချာ သလောက်ပဲ၊ ဒါနဲ့ အောင်စိန် ခြံထဲမှာ ရှိနေပြီး သူ့သားနဲ့ သမီးကို ချိုက်နှက် ဆုံးမနေတာ ဘေးအိမ်က လူတွေကော မသိကြဘူးလား"

"ပထမတော့ မသိကြဘူး၊ ကျွန်မလဲ မပြောဖို့ တားထားတာ၊ အဲဒီ ကောက်ညှင်းပေါင်း ပူပူလောင်လောင် သူ့လက်ထဲ ထည့်ပေးလိုက်တော့ ပူလွန်း လို့ ထင်ပါရဲ့၊ အသံနက်ကြီးနဲ့ အော် လိုက်တာ။

မနက်မိုးလင်းတော့ ဟိုဘက် ဒီဘက်အိမ်တွေက မေးကြတယ်၊ ဝေလီ ဝေလင်း မတင့်တို့ ခြံဘက်က အသံ နက်ကြီးနဲ့ အော်သံကြားလိုက်ရတယ်။

ဘာသံကြီးလဲ ဘယ်သူ့အော်သံ လဲလို့ မေးကြတာပေါ့၊ ဒီလိုနဲ့ သတင်း တွေပြန့်သွားပြီး ကိုအောင်စိန် ဒီခြံထဲ မှာ ရှိနေတာ သိသွားကြတယ်၊ ကလေး တွေ ပါးစပ်မလုံတာလဲ ပါတာပေါ့"

"ခုကော အခြေအနေ ဘယ်လို လဲ၊ ကောက်ညှင်းပေါင်း လာတောင်း နေတုန်းပဲလား"

"အဲဒီ အော်သံကြီး ကြားပြီး ကတည်းက ကောက်ညှင်းပေါင်း လာ မတောင်းတော့ဘူး၊ ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လဲ ပြောပါဦး"

"ငါ နောက်လင်ယူလိုက်မယ် နင်တို့ပြောနေတွေ့မှ သိမယ်လို့ ကလေး တွေကို ပြောလိုက်တိုင်း ကို အောင်စိန် က သူ့သားနဲ့သမီးကို ရိုက်နှက်ဆုံးမ တော့တာပဲ"

"အင်း ငါ့သူငယ်ချင်းက နင့်ကို တော်တော်ချစ်တာပဲ၊ နင် နောက်အိမ် ထောင်ထူမှာကို သဘောမကျဘူး ဖြစ် နေတာ သိသာနေတယ်၊ အေးလေ နင် လဲအရွယ်ရှိသေးတာပဲ၊ တစ်ယောက် တည်း ရုန်းကန်နေရတာ၊ သင့်တော်တဲ့ သူတွေ့ရင် နောက်အိမ်ထောင်ထူချင် ထူပေါ့ဟာ"

"မဖြစ်ပါဘူး အစ်ကိုရာ၊ တော် ကြာ ကိုအောင်စိန်က ပြဿနာလုပ်နေ ဦးမယ်၊ ပါးစပ်နဲ့တောင် ဒီလောက်ဖြစ် နေတာ၊ တကယ်သာ ကျွန်မ နောက် လင်ယူလိုက်တော့ အို မဖြစ်ပါဘူးလေ၊ မစဉ်းစားတော့ပါဘူး"

"ငါ့သူငယ်ချင်းက တော်တော် အတ္တကြီးတဲ့သူပဲ၊ ဘဝခြားနေပြီလေ၊ သူနဲ့ ဘာမှ မဆိုင်တော့တဲ့ ကိစ္စပဲ၊ ဘာလို့နှောင့်ယှက်နေရတာလဲ၊ အတ္တ ကြီးတဲ့ ဝိညာဉ်လို့ ပြောရမလို ဖြစ်နေ ပြီ၊ ဒီကောင့် ဝိညာဉ် ဒီခြံထဲမှာ ရှိနေ တာ သေချာပါပြီဟာ၊ ကဲ ကဲ မိုးလဲ ချုပ်လုပြီ၊ ငါ ပြန်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကိုသန်းအောင်၊ နောက်လဲ လာပါဦးနော်၊ မပြန်ခင်လဲ လာလည်ပါဦးနော်"


"အေးပါ၊ မပြန်ခင် ငါလာပြီး နှုတ်ဆက်ပါဦးမယ်၊ သွားပြီနော်"

မတင့်ကို နှုတ်ဆက်ပြီး ကျွန် တော်ပြန်လာခဲ့သည်။ ကွယ်လွန်သွားခဲ့ သည့် သူငယ်ချင်းအောင်စိန်၏ ဝိညာဉ် ကားအနီးအနားတွင်ရှိနေပြီ။ သူကလေး များကို စောင့်ရှောက်ဆုံးမနေသည်ဟု ကျွန်တော့်ညီမ ပြောခဲ့စဉ် အခါက ကျွန်တော် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေခဲ့သည်။ ယခုလက်တွေ့ ကိုယ် တိုင်ကြားသိရတော့မှ။

❒ မောင်မောင်နိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၇ ခုနှစ်၊ နွေဦးပေါက်ရာသီ။

ဆောင်းအကုန်နွေအကူးဆိုပေမယ့် ညညဆိုရင် ဆောင်းတွင်းနဲ့ မခြားလေတာဟူးဟူးနဲ့ အတော့်ကို ချမ်းချမ်းစီးစီး ရှိနေတုန်းပါပဲ။ နေ့ရောညပါ လေက အရမ်းတိုက်သည်။ တစ်ခါတစ်ခါ ဟူးခနဲ လေဝင်ဆောင့်လာလျှင် လူရပ်နေတာတောင် လွင့်ပါမတတ်ပဲ။

လေမတိုက်ဘဲ နေပါ့မလား။ ဒီနေရာတစ်ဝိုက်မှာ ဒီတောင်ကုန်းက အမြင့်ဆုံး ၆၀၁၂ ပေတောင်မြင့်တယ်။ ရှေ့ကနေသွားခဲ့တဲ့ နောင်တော်များက ဘွဲ့မည်သညာ ပေးသွားတာရှိတယ်။ ရတနာရွှေခွက် တောင်တဲ့။

တစ်တောင်လုံး စိမ်းစိမ်းညို့ညို့ သစ်ပင်မြင့်ကြီးတွေဆီမှာ ကျွန်တော်တို့ ပြည်မမှာ ခေါ်ကြတဲ့ ရတနာရွှေခွက် သစ်ခွပန်းတွေက ပြည့်ကျပ်လို့ပေါက်နေတယ်။ သူ့ရာသီရောက်ရင်တော့ တစ်တောင်လုံးဝင်းနေတာပဲ။ တခြားအမည်မသိတဲ့ သစ်ခွပန်းတွေလည်း အများကြီးပါပဲ။

ကျွန်တော် ဒီစခန်းရောက်လာတာက ဒီမှာရှိနေတဲ့ ဗိုလ်ကြီးမျိုးညွန့်က သင်တန်းသွားရမှာမို့ သူ့အစား လာနေပေးရတာ။ ကျွန်တော် စခန်းပေါ်ရောက်တယ်ဆိုရင်ပဲ တပ်စုတပ်ကြပ်ကြီးဖြစ်တဲ့ ဆရာကြီးကျော်ဇံလှ ရခိုင်တိုင်းရင်းသား ခမီးလူမျိုး၊ သူက ပြောပါတယ်။

"ကျွန်တော်တို့ စခန်းက ရွာတွေနဲ့ အလှမ်းဝေးတော့ အသားငါးဆိုတာ မရှိဘူး၊ တစ်ခါတလေ စစ်ကြောင်းနဲ့က အမဲပေါ် ဝက်သတ်လုပ်မှ တစ်ပိုင်တစ်ခါလောက် အသားရတယ်။ မဟုတ်ရင်တော့ အမဲဘူး၊ ငါးသေတ္တာ၊ ဟင်း





www.burmeseclassic.com

www.burmeseclassic.com





…ရွက်ဘူး ဒါနဲ့ပဲ နှစ်ပါးသွားနေ… ရဲဘော်တွေလဲ မလှုပ်သာ… …ငါးသေတ္တာထဲက ငါးလို ပိန်… …ကြပြီ ဗိုလ်ကြီး" တဲ့။

…ဟုတ်ပါရဲ့။ ရဲဘော်တွေဆိုတာ …လေးသာသာဆိုတော့ ရှာနဲ့နီး… …ကောင်းတာပေါ့။ ရှာက အပျို… …တွေနဲ့ မျက်စိအစာကျွေးနေရရင် …ပေါ့။ အခုဟာက ပတ်ဝန်းကျင် …ည်းမရှိ စစ်ကြောင်းရှုံးကလည်း …ခရီးဝေးတယ်ဆိုတော့ ဘာမှ …စရာမရှိ ဖြစ်နေတယ်လေ။

…ဒီနေရာမျိုးမှာ အသားမည်းမည်း … နှုတ်ခမ်းလန် နဖူးမောက် … ပန်းကန်လုံးလောက်ပြူး …မလေးနဲ့ တွေ့ရမယ်ဆိုရင် …ပေတီထက်လှတယ်လို့ ပြော …အောင် ဖြစ်နေတယ်။

…ဒီလိုနဲ့ ဒီစခန်းမှာ နှစ်ပတ် … ကြာလာတော့ လာတုန်းက ယူလာတဲ့ အမဲသားပိသသာ နှစ်ဆယ်က လည်း ကုန်ပြီဆိုတော့ ဆရာကြီးကျော်ဇံလှ သုတ်ကိုင်းထောင်ရင်းရတဲ့ ယုန်သား တောကြောင်သား တစ်ခါတလေ ခွေးတူဝက်တူသားလည်း စားရတတ်ပါတယ်။ နှုတ်သီးက ဝက်၊ ခြေလက်က ခွေး၊ ခန္ဓာကိုယ်က တောဝက်၊ သူ့အသားက တော်တော်နံတယ်၊ အသားမရှိလို့ စားရပေမယ့် မျိုမကျပါဘူး၊ ဒါပေမယ့် ဆရာကြီးကျော်ဇံလှ လုပ်ကျွေးတဲ့ ပုတ်သင်ညိုကို အရေခွာ မီးကင် ငရုတ်သီးနိုင်းချင်းနဲ့ ခြောက်စပ်လေးချက်တာက အတော်ခံတွင်းတွေ့တယ် မဆိုးဘူး။

အဲဒီလို တွေ့ရာစား အသားတွေနဲ့ စခန်းထဲက ရှိသမျှ အပင်တွေ စားလို့ရတာ အကုန်စား၊ ဘေးနားမှာ ပေါက်နေတဲ့ ချဉ်ပြုံးချဉ်ပြုံးနဲ့ ကျောက်ကွဲပင်လို အပင်မျိုးရယ်၊ မဟာဂါကြဲဆစ်အပင်ရယ်၊ ကျောက်ဆောင်ပေါ်မှာ တွယ်ကပ်တက်နေတဲ့ အမှားအခေါ် ဂမုန်းသံယာစဉ်၊ ကျွန်တော်တို့ စစ်သားအခေါ်က ကျောက်ချဉ်း၊ သူကတော့ ဘယ်လိုပဲ စားစား၊ ချဉ်းလောက်တော့ မပူမစပ်ဘူး။

စခန်းတွင်းမက ပြင်ပမှာပင် ပြောင်တလင်း ခါသွားပြီဆိုတော့ ခပ်လှမ်းလှမ်းတောင်စွယ်တောင်တန်းပေါ်က ငွေဖြူရောင်လှလှလေးပွင့်နေတဲ့ စွယ်တော်ပန်းနဲ့ စွယ်တော်ရွက်နုကလေးတွေ ကျန်နေသေးတော့ အရွက်က မရှား၊ အသားက ခက်နေသည်။ ဒါကြောင့် ဆရာကြီးကျော်ဇံလှ ခေါ်ပြီး တောပစ်လွှတ်ရန် စီစဉ်ရတော့သည်။ ဆရာကြီးကြိုက်တဲ့ ရဲဘော်တစ်ယောက် ခေါ်သွားပြီး တောပစ်ထွက်ဖို့ ပြောတော့ . . .

"ရဲဘော်တော့ ခေါ်မသွားပါရစေနဲ့ ဗိုလ်ကြီးရယ်၊ ကျွန်တော် တစ်ယောက်တည်း ခြေလုံလက်လုံနဲ့ပဲ သွားပါရစေ"

"ဒါလဲ ကောင်းသားပဲ၊ မနက်စောစောသွား၊ ညနေစောင်းတော့ ရောက်အောင်ပြန်လာပေါ့ဗျာ"

ဒီလို ပြောပြီး နောက်နေ့မှာ ဆရာကြီးကျော်ဇံလှ တောပစ်ဖို့ ထွက်သည်။ ချေကလေး မျောက်ကလေး တောကြောင်ကလေးများ နေ့တိုင်းလိုပို

www.burmeseclassic.com

www.burmeseclassic.com

ရတတ်သည်။ ဒါကြောင့် နေ့တိုင်းလိုလို အူစိုလာပြီး အားအင်ပြည့်ဖြိုးသလို ခံစားကြရသည်။ နောက်နေ့တွင် တောင်ဆိတ်တစ်ကောင် ရလာသည်။ တောင်ဆိတ်အသီးကြီးနိုင့်လို့ အစိတ်သုံးဆယ်ခန့်ရှိသည်။ အခြောက်လှန်းထားလှန်း ချက်တာချက် မြိန်ရှက်စွာ စား ကြရသည်။

သို့သော် တစ်ခု လိုနေသည်။ အရက်ကလေး ဘာလေးနဲ့ဆို ဘယ်လောက်ကောင်းလိုက်မလဲ။ ကျွန်တော့် အတွေးလေးနဲ့အတူ ပို့အာစီတင်း ဆက်သွယ်ရေးစက်ကလေးနဲ့ စစ်ကြောင်းမှူးထံ မျက်နှာလုပ်ပြီး ဂါရဝပြုလိုက်ရ သည်။

"ဗိုလ်မှူးခင်ဗျား ဗိုလ်မှူးအတွက် ကျွန်တော် တောင်ဆိတ်သားအခြောက် လုပ်ထားတယ်၊ တပ်စိတ် တစ်စိတ်နဲ့ ယူဖို့ လွှတ်လိုက်ပါ၊ ကျွန်တော့်အတွက် ယမကာ ငါးဂါလန် နှစ်ပုံး ထည့်ပေး လိုက်ပါ"

ကျွန်တော် လှမ်းပြောလိုက်တော့ စစ်ကြောင်းမှူး အတော်သဘောကျသွားသည်။ နေ့တစ်ဝက်ခရီး နေရာသို့ တပ်စိတ်တစ်စိတ် ချက်ချင်းလွှတ်၍ ယူခိုင်းလိုက်သည်။ မှာသောပစ္စည်းပါလာသဖြင့် စစ်သည် အားလုံးပျော်မြူးသွားကြပါတယ် ခင်ဗျား။ အဲဒီမှာ ကြုံရင်းနဲ့ ကျွန်တော်စစ်ကြောင်းမှူး အကြောင်းနည်းနည်းလေး ပြောချင်ပါ သည်။

စစ်ကြောင်းမှူးမှာ ငေါ်ရခါး လူမျိုးဖြစ်ပြီး အရက်ကို မိခင်နို့ထက် ပိုကြိုက်သလား မပြောပတ်ပါဘူး။ မနက်လေးနာရီက စသောက်တာ တစ်နေ့လုံး တကွပ်ကွပ်ပဲ။ ည ၁၀ နာရီ အိပ်ရာဝင်မှရပ်တယ်။ ဒါတောင် မနက် ၃ နာရီမှာ ဘုရားရှိခိုး ဘုရားသောက်တော်ရေကပ် လုပ်သေးတယ်။

၄ နာရီလည်း ထိုးရော သူ့အရက်ထည့်ထားတဲ့ စတီးရေဘူးနဲ့ ကြွေရည်သုတ်မတ်ခွက် နှုတ်ခမ်းချင်းထိ သံလေး ဂွတ်ခနဲ ကြားလိုက်တာနဲ့ မနက် ၄ နာရီ ကွက်တိ။ သူလည်း အရက် မောနင်းပက် ပြီးရော။ တဲအပြင်ထွက်ပြီး ခရာမှုတ်၊ စခန်းတစ်ခုလုံး တောင်းတူ လှုပ်တော့တာပဲဗျို့။

သူနဲ့အတူနေရတာ မချောင်ဘူး စိတ်နောက်ရပါတယ်။ ဒါပေမယ့် ကျွန်တော်ကိုတော့ သံယောဇဉ်အတော်ကြီးတယ်။ ကျွန်တော် အရက်ပြတ်ပြီဆို သူက အမြဲဝယ်ပေးလေ့ရှိတယ်။ အခုလည်း မှာတာက ငါးဂါလန် နှစ်ပုံး။ သူက တစ်ပုံး အလကားထည့်ပေးလိုက်လို့ ခဲဘော်တွေက စစ်ကြောင်းမှူးကြီး ကျန်းမာပါစေ ဆုတွေ တစ်ပုံတစ်ပင်ကြီး တောင်းပေးကြလေရဲ့။

ပြီးတော့ ကျွန်တော်နဲ့ ဗိုလ်ကြီးမျိုးညွှန့်ကို ဒီလိုအစားအသောက်ရှားပါးတဲ့ ဒီစခန်းမှာ မဲဇာအပို့ခံရတဲ့ကိစ္စ။ ကျွန်တော်တို့နှစ်ယောက် အရက်မှာရင် အနည်းဆုံး ငါးဂါလန်တစ်ပုံး၊ ယိုးဒယားတရုတ်ဖြစ်ဆို တစ်ပါကင်။ ဒါကြောင့် ဗိုလ်ပါကင်နှစ်ယောက်ကို သေမထူး နေမထူး နေရာ မဲဇာပို့ခြင်း ဖြစ်၏။ ကျွန်တော်တို့နှစ်ယောက်အား အချစ်ဆုံးလည်းဖြစ်သည်။

နောက်တစ်ခုက တောင်ဆိတ်သားယူရန် လွှတ်လိုက်သော တပ်စိတ်နှင့် စာတစ်စောင်ရေးလိုက်သေး၏။ စစ်ကြောင်းမှူး၏ စာမှာ. . . တောင်ဆိတ်သား စီစဉ်ပေးတဲ့အတွက် ကျေးဇူးပဲတဲ့။ ပြီးတော့ ဖြူသားက မြေအောင်းသားဆိုတော့ ယောက်ျားလေးတွေအတွက် ပိုကောင်းတယ်တဲ့၊ ဖြူစူးကို အိမ်မှာ ဆောင်ထားရင် အစိမ်းသရဲ၊ မြေဖုတ် ဘီလူး၊ လူပြုစားလို့ မရဘူး၊ ပြီးတော့ အူမကြီး အစာအိမ်ကြမ်းကို အခြောက်လှန်းပြီး အရက်နဲ့စိမ်သောက်ရင်(အရက်မသောက်တတ်သူက ရေနွေးကြမ်း လုပ်သောက်ပေါ့) ငှက်ဖျားမဝင်နိုင်သလို နှလုံး၊ သွေးတိုး၊ ဆီးချို၊ လေးဖက်နာက အစ ဖြစ်မလာနိုင်ဘူး။ ဖြစ်နေတဲ့ဝေဒနာရှင်များ သောက်သုံးရင်လည်း ပျောက်ကင်းတယ်တဲ့။ ပြီးတော့ အရွယ်တင် နုပျိုစေတယ်တဲ့။

လယ်သမားတွေ ကျွဲနွားရောဂါ ကျရောက်တဲ့အခါမှာလည်း ဖြူအူတစ်တောင် ကျွဲနွားတစ်ထောင်တဲ့။

ဖြူအူ တစ်တောင် ပြုတ်ရေနဲ့ စဉ်းထားတဲ့ ကျွဲနွားအစာထဲမှာ တစ်နေ့သုံးကြိမ်ဖျန်းပြီး ကျွေးရင် ကျွဲနွားများရဲ့ လျှာနာ၊ ခွာနာ၊ လေးဖက်နာ၊ ထောင့်သန်းနာ ပျောက်ကင်းတယ်တဲ့။ အဲဒါကြောင့် ဖြူတစ်ကောင် အမြန်ရှာဖွေပို့ပေးပါဦးတဲ့။ ကဲ. . . လျှာရှည်မိတဲ့ မိကျောင်းမင်း ဘာတတ်နိုင်သေးလဲ၊ အရက်ငါးဂါလန်တစ်ပုံးရဲ့ ကျေးဇူးကြောင့် သူ့အရက်ကို မြိန်ယှက်စွာ သောက်ရင်းမှာတဲ့ ဖြူတစ်ကောင်ရရှိရေးအတွက် ဦးစွာပထမ ကြိုတင်စီမံချက်တစ်ခုတော့ ရေးဆွဲလိုက်ရပါလေဦးမယ် ခင်ဗျား။

♠

"ဖြူ ရရှိဖို့က လွယ်ပါတယ် ဗိုလ်ကြီး၊ ဒါပေမဲ့ ဖြူရှိတဲ့ နေရာကို သိထားဖို့လိုတယ်၊ အဲဒါကို ကျွန်တော် တောပစ်သွားရင်း ရှာဖွေမှတ်သားလာခဲ့ပါ့မယ်၊ အဲဒီခါကျတော့မှ ဗိုလ်ကြီးရော ကျွန်တော်ပါ သွားဖမ်းကြမယ်၊ ဗိုလ်ကြီးလဲ အတွေ့အကြုံရတာပေါ့"

ဟုတ်တာပေါ့၊ ဒါမျိုးလည်း သိထားမှ ဖြစ်မှာ၊ တစ်ခါတလေ တချို့လူကြီးတွေက ပွေးသား၊ သင်းခွေချပ်သားစားချင်တာနဲ့ ကြုံကြုံဖန်ဖန် ရှာဖွေပို့ပေးရတာရှိသေးတယ်။ တောကောင် ရှာရတာ လွယ်ပေမယ့် နွေခေါင်ခေါင် ကြောင်လျှာသီးစားချင်တဲ့ လူကြီးတောင် ရှိသေးတယ် မဟုတ်လား။ စေတနာမရှိလို့မဟုတ်ပါဘူး။ သူ့ရာသီမဟုတ်တော့ ဘယ်လိုမှ ရှာမရတဲ့ အခက်အခဲကြုံဖူးပါတယ်။

တစ်ခါကလည်း ရန်ကုန်မှရှိတဲ့ လူကြီးကတော်တစ်ယောက် ဝါတွင်းကာလမှာ တစ်ကိုယ်လုံးကိုက်ခဲတဲ့ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com

ထလို့ စိန်နဘော်မြစ် သုံးခွက်တစ်ခွက် ချိုသောက်မလို့ မရှုတန်းသို့ စကားပြောစက်နဲ့ မှာတယ်၊ အဲဒါ ကျွန်တော်က ရွာသားတွေနဲ့ စိန်နဘော်မြစ်တွေ ဘူးပြီး ပို့တာ ငါးယောက်ထမ်းပြီး ပို့ခိုင်းလိုက်ရသေးတယ်။ ရန်ကုန်လိုနေရာမျိုးမှာ ထိပ်တန်းသမားတော်တွေ အောက်ိုက်နေတာ၊ ဘာမဟုတ်တဲ့ စိန်နဘော်မြစ် မှာရတယ်လို့ဗျာ၊ တော်တော်စိတ်ပျက်စရာကြီး။

အခုလို တောကောင်သားတွေ ဘာတွေ မှာတာတော့ မပြောလိုပါဘူး။ ယောက်ျားဆိုတော့ သူသူကိုယ်ကိုယ် အရက်လေးဘာလေး သောက်တဲ့အခါ အထူးအဆန်းလေး ဘာလေးတော့ မြည်းချင်တာပေ့ါ။ ဘယ်လိုပြောပြော ဆရာကြီးကျော်ဇံလှက ခမီးတိုင်းရင်းသားဆိုတော့ တောတောင်ရဲ့ အတွေ့အကြုံရှိတယ်မဟုတ်လား။ ကျွန်တော်တို့ကလည်း လူငယ်ဆိုတော့ ဘယ်လိုပြောပြော နောက်ထပ်အများကြီး လုပ်စရာရှိဦးမယ်။ ဒီလိုဟာမျိုးတွေ လေ့လာထားရဦးမှာ အဲဒါအကောင်းဆုံးပဲလို့ တွေးနေမိပါတယ်။

နောက်သုံးရက်လောက် ကြာတော့ ဆရာကြီးကျော်ဇံလှ ကျွန်တော့်ဆီရောက်လာပြီး . . .

"ဖြူရှိတဲ့နေရာတော့ တွေ့ခဲ့ပြီ ဗိုလ်ကြီး၊ ကျွန်တော်တို့ရဲ့ ရတနာချောက်တောင် အရှေ့ဘက်က ဟိုလှမ်းမြင်နေရတဲ့တောင်ကြောမှာ တောင့က်ပျောတောနဲ့ ဝါးရုံတောကြီးရှိတယ်၊ အဲဒီမှာ ဖြူလေးငါးကောင်လောက်ရှိလား မသိဘူး၊ အခေါင်းတွေ အကျစ်တွေ အများကြီး ကြွက်တွေဖောက်ထားတာကျနေတာပဲ၊ ဖြူဖမ်းထွက်ရင်တော့ တစ်နေကုန်မှာပဲ ဗိုလ်ကြီး လိုက်မယ်ဆိုရင် စခန်းမှာ စီနီယာတပ်ကြပ်ဖြစ်တဲ့ ဆရာဘသန်းကို သေသေချာချာ မှာထားခဲ့မှ ဖြစ်မှာ"

"အဲဒါစိတ်ချ ဆရာကြီး၊ ကျွန်တော်စီစဉ်လိုက်မယ်"

ဆရာကြီးကျော်ဇံလှ ပြောတာမှန်ပါသည်။ စခန်းတစ်ခုလုံးမှာ သူနဲ့ကျွန်တော်က အကြီးဆုံးတာဝန်ရှိသူနှစ်ယောက်လုံးအပြင်ရောက်နေတုန်းမှာ အရေးပေါ်တစ်ခုခုဖြစ်လာရင် အားကိုးလောက်တဲ့ တာဝန်ခံတစ်ယောက်တော့ ရှိနေဖို့လိုတာ အမှန်ပဲ။ အဲဒါမှ စခန်းကို ထိန်းထားနိုင်မှာ ဖြစ်လို့ ဆရာဘသန်းနှင့် အခြားတပ်စိတ်မှူးများကို သေသေချာချာ မှာကြားရသည်။ မနက်ဖြန်စောစောမှာ မနက်စာ ထမင်းများ ယူဆောင်ပြီး ဖြူရှာပုံတော်ဖွင့်ရန် စီစဉ်ထားလိုက်ရသည်။

မနက်စောစော ဝေလီဝေလင်းကပင် ကျွန်တော်နဲ့အတူ ဆက်သွယ်ရေးစက်ကိုင် ရဲဘော်ရယ်၊ ဆရာကြီးကျော်ဇံလှနဲ့ ရဲဘော်နှစ်ယောက် အားလုံးပေါင်းငါးယောက် လက်နက်ကိုယ်စီ ဖြူရှာဖွေရေးလုပ်ဖို့ ပေါက်ပြား၊ ဓား၊ မီးခြစ်များ ယူဆောင်ပြီး ခရီးထွက်လာခဲ့ကြသည်။ ဆရာကြီးကျော်ဇံလှ ညွှန်ပြသော ဝါးရုံတောနဲ့ တောင့က်ပျောပင်များရှိရာ တောင်ကြောပေါ်သို့ ခြေသံလုံလုံလေးနဲ့ ချီတက်ချဉ်းကပ်လာခဲ့ကြသည်။

မနက် ၉ နာရီလောက်တွင် သတ်မှတ်တောင်ကြောသို့ရောက်ရှိပြီး ဆရာကြီးကျော်ဇံလှက ချောင်းစပ်တစ်နေရာအရောက် သစ်ပင်ကြီးတစ်ပင်နားတွင် ကျွန်တော်တို့အား ထားခဲ့ပြီး ဖြူတွင်းများလိုက်ကြည့်ရန် တောင်ကြောဘက်သို့ တက်သွားလေသည်။

အချိန်နာရီဝက်ခန့် ကြာသောအခါ ဆရာကြီးကျော်ဇံလှ ပြန်ရောက်လာပြီး ဖြူတွင်းများ အခြေအနေကို ပြောပြသည်။

"ဖြူတွေ အစာရှာထွက်နေတုန်း အတော်ပဲ၊ တွင်းခေါင်းတွေလဲ ပွင့်နေတယ်၊ ဗိုလ်ကြီးတို့နေရာ ရွှေ့ရဦးမယ်၊ ဒီနေရာက လုံခြုံမှုမရှိဘူး၊ ဒီကောင်တွေက ရန်သူတွေ့ရင် သူ့ကိုယ်ပေါ်မှာရှိတဲ့ အဆိပ်ဆူးတွေနဲ့ တစ်ချောင်းချင်းရော အတွဲလိုက်ပါ ပစ်တတ်တယ်၊ ထိရင် မလွယ်ဘူး"

ဟူ၍ ပြောသဖြင့် ကျွန်တော်အတော်ပင် ထိတ်လန့်သွားမိပါသည်။ ဆရာကြီး ကျော်ဇံလှ ခေါ်သွားရာ တောင်ကြောအောက်ခြေသို့ ပြေသံလုံလုံဖြင့် လိုက်ပါသွားကြသည်။ ရှေ့ခပ်လှမ်းလှမ်း တောင်ကြောတစ်ဝက်ညောင်ပိန္နဲပင်ကြီးအောက်သို့ခေါ်လာပြီး ညောင်ပင်ကြီးကို အကာအကွယ်ယူကာ ရဲဘော်များအား နေရာချပေးသည်။

သူက ကျွန်တော့်အား ဖြူတွင်းများနဲ့ ဖြူသွားလမ်းကြောင်းကို လိုက်ပြသည်။ ဟုတ်ပါသည်။ ဖြူတွင်းအချို့အခေါင်းဝပိတ်နေလျှင် ဖြူအတွင်းမှာရှိနေကြောင်း ဆရာကြီးကျော်ဇံလှက ပြောပြသည်။ တွင်းဝရှေ့တွင် လမ်းကြောင်းများက ဖြူးနေသည်။ လယ်ကြွက်ကြီးများ သွားထားသော လမ်းသာသာ လမ်းကြောင်းပေါ်တွင် ချေးပုံများ ရှုပ်ယှက်ခတ်နေသည်။ လူသူအရောက်အပေါက်မရှိသဖြင့် နေချင်သလိုနေပြီး ပျော်မြူးနေကြခြင်းဖြစ်ပေမည်ဟု ထင်မိသည်။

"ဒီတွင်းဝက အဝင်အထွက်လုပ်တဲ့တွင်းမှန်ရင် အတွင်းမှာ ဂယ်ပေါက်တွေ အများကြီးရှိနိုင်တယ်၊ တစ်ကြောလုံးလိုလို အကျစ်တွေများနေတော့ အတော်ရှာယူရမယ် ဗိုလ်ကြီး"

"ဒါဆို ဒီကောင်ကို ဘယ်လိုဖမ်းမှာလဲ ဆရာကြီး၊ သူ့မှာ ဆိပ်ဆူးတွေပါနေတော့ အန္တရာယ်ပြုမယ်ထင်တယ်၊ ပြန်လာမယ့်လမ်းမှာ သေနတ်နဲ့ စောင့်ပစ်ရင် မကောင်းဘူးလား ဆရာကြီး"

"ဖြူ တစ်ကောင်လောက်နဲ့ ကျည်ဆန်တစ်တောင့် ဘယ်အကုန်ခံမလဲ ဗိုလ်ကြီး၊ သေနတ်နဲ့ပစ်ရင် တစ်ကောင်ပဲရမယ်၊ အခေါင်းထဲ မီးခိုးသွင်းလိုက်ရင် ကံကောင်း သုံးလေးကောင်ရချင်ရမှာ"

ကျွန်တော်နဲ့ ဆရာကြီးကျော်ဇံလှတို့ ဖြူတွင်းများ လိုက်ကြည့်ပြီး





www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်ကြီးနား ပြန်လာကြသည်။ ဆရာကြီးကျော်ဇံလှမှာ ချောင်းစပ်ဝါးရုံတောမှ ဝါးအခြောက်ခပ်မာမာ တစ်လုံးကောက်ယူလာပြီး အခြားတုတ်တစ်ချောင်းနဲ့ ကလကတ်ခေါက်သလို တောက် တောက် တောက် တောက်နဲ့ အဆက်မပြတ်ခေါက်လိုက်သည်။

ရဲဘော်များကိုလည်း ဝေး ဟေး ဝါး ဝါး ဟောမောင်းသလို တစ်အော်ခိုင်းသည်။ ရဲဘော်များ အော်ဟစ်သံနှင့် ကလကတ် ခေါက်သံများ တိတ်ဆိတ်နေသော တောတောင်တစ်ခုလုံး ဆူညံသွားလေသည်။

"အဲဒါ ဖြူတွေ သူ့တွင်းသူ ပြန်ပြေးလာအောင် မောင်းသွင်းလိုက်တာပဲ ဗိုလ်ကြီး၊ ငြိမ်ငြိမ်လေးသာ ဝပ်နေကြ၊ ဒီကောင်တွေ ကြောက်ကြောက်လန့်လန့်နဲ့ တွင်းရှိရာ ပြန်ပြေးလာကြလိမ့်မယ်"

ဆရာကြီးကျော်ဇံလှ စကားပင်မဆုံးလိုက်။ ဗွီး ဗွီး ဒုတ် ဒုတ်။ ကျွန်တော်တို့ အကာအကွယ်ယူထားသော ညောင်ပိန္နဲပင် လူတစ်ရပ်ကျော်ကျော်လောက်မှာ ဖြူဆူးနှစ်ချောင်းက ဖြောင်းခနဲ လာစိုက်သည်။ ထိုနေရာမှ ညောင်စေးဖြူဖြူများ စီးကျလာသည်။

သိပ်မကြာခင်မှာ ဗွီး. . ဗွီး. . ဗွီး. . ဒုတ်. . ဒုတ်. . ဒုတ်. . ဒုတ် ဖြူဆူး သုံးလေးချောင်းအတွဲလိုက် ဝင်ရောက်လာပြန်သည်။

ကျွန်တော်တို့ အားလုံး ပုပြီးဝပ်နေကြရသည်။ မျက်လုံးကလည်း စိုးရိမ်စွာဖြင့် ဘယ်ကောင် မှန်မလဲ ဆိုတာ စိုက်ကြည့်နေကြသည်။

ကျွန်တော် ဖြူဆူးများကြည့်ပြီး အတော်ပင် ထိတ်လန့်မိသည်။ လူကိုသာမှန်ရင် ဘယ်လွယ်မလဲ ဆေးရုံတန်းပို့ရမယ့် ကိစ္စပဲ။

ခဏကြာတော့ ချုံတောတိုးသံနှင့်အတူ ချွင် ချွင် ချွင် ချွင် နဲ့ အသံတွေ ကြားလာရသည်။ စိတ်ထဲက ဘယ်လိုဟာတွေလဲဟ၊ ချူသံတွေ တချွင်ချွင်နဲ့ တောင်တောင်ထဲမှာ ဘာတွေဖြစ်ကုန်ပါလိမ့် တောခြောက်တာ များလားတွေးနေတုန်းမှာ ဆရာကြီးကျော်ဇံလှ အနားကပ်လာပြီး အသံတိုးတိုးလေးနဲ့ ပြောသည်။

"အဲဒါ ဖြူ ချူသံလို့ ခေါ်တယ် ဗိုလ်ကြီး သူတို့ အမြီးဖျားမှာ အခွလေးက ပန်းပွားလေးလို ဖြစ်နေတယ်၊ အဲဒါက မြည်နေတာ"

နားထောင်နေရင်းမှာပင် ချုံတိုးသံ ချူသံများက ကျွန်တော်တို့နှင့် ပိုနီးလာသည်။

ထိုအခါ ဆရာကြီးကျော်ဇံလှက ကျွန်တော့်ကို ဝပ်နေခိုင်းသည်။

ရဲဘော်များကိုလည်း ကုပ်ကို အတင်းဖိရင်း ဝပ်ခိုင်းသည်။ ချထားသော ဝါးလုံးခြောက်ကြီးနှင့် တုတ်ချောင်းအား လှမ်းယူကာ. . .

"ဝေး ဟေးဟေး ဝါး ဟား ဟား တောက် တောက် တောက် တောက်" နဲ့ အော်ဟစ်ရင်း ဝါးလုံးကို အဆက်မပြတ်ခေါက်လိုက်သည်။ ရဲဘော်များကလည်း ဝေး ဟေး ဝါး ဟားနဲ့ အသံကုန်အော်ဟစ်လိုက်ကြသည်။ ထိုစဉ်-

"ဗွီး ဗွီး ဗွီး. . ဒုတ် ဒုတ် ဒုတ်" ဖြူဆူးများ အော်တိုမက်တစ် အတွဲလိုက် ဝင်ရောက်လာပါတော့သည်။ ကျွန်တော်တို့မှာ ညောင်ပိန္နဲပင်ကြီး၏ အမြစ်ဆုံ အပျဉ်းကြားမှာ နေရာယူထားသဖြင့် လူကိုမထိ အခုပဲ ကြည့်ပါဦး ကျွန်တော်တို့ ဝပ်နေတဲ့နေရာ ခေါင်းလွတ်ရုံလေး။ ညောင်ပင်မှာရော ညောင်မြစ်ဆုံတွေမှာပါ ဖြူဆူးတွေ ပြုတ်ပြုတ်စီသွားသည်။ ကျွန်တော်လည်း အတော်စိုးရိမ်သွားမိပြီ။

"ဘယ့်နှယ် ဆရာကြီးရယ်၊ ကျုပ်တို့ သေတွင်းပို့ဖို့လုပ်တာလားဗျာ၊ ကံကောင်းလို့ပေါ့ မဟုတ်ရင် တစ်ယောက်မကျန် ဦးနှောက်ထွက်ပြီး သေကုန်ကြမှာဗျ"

"ဗိုလ်ကြီးကလဲဗျာ ကျွန်တော်သိတာပေါ့၊ အဲဒါကြောင့် အားလုံး ငပ်ခိုင်းထားတာ၊ အခုလို ဖြူတွေ ဒေါသတကြီးနဲ့ ခါထုတ်လိုက်တော့ ဖြူဆူးတစ်ဝက်လောက် ကုန်သွားတာပေါ့၊ တကယ်လို့ ကျင်းထဲမှာ တွေ့တဲ့အခါ အန္တရာယ် မများတော့ဘူးပေ့ါ ဗိုလ်ကြီးရယ်"

ဆရာကြီးကျော်ဇံလှက ဘယ်လောက်ပင် လေအေးအေးနဲ့ ပြောသော်လည်း ကျွန်တော်တို့မှာ အသည်းတယားယားဖြင့် ကြောက်ဒူးတုန်နေကြတုန်းပင် ဖြစ်သည်။ ကျွန်တော်လည်း ဘေးနားတွင် ထိမှန်စိုက်ဝင်နေသော ဖြူဆူးများကို ကြည့်ရင်း. . .

"ကဲ အခုငြိမ်သွားပြီ ဘာဆက်လုပ်မလဲ"

"ခဏစောင့်ပါဦး ဗိုလ်ကြီးရယ် အခုမှ သူတို့က အူယားဖားယားနဲ့ တွင်းတွေထဲ ပြေးဝင်နေတုန်းရှိသေးတယ်၊ သူတို့က အခုလို ဆူညံသံကြားရင် အရမ်းစိတ်တိုပြီး ဒေါသထွက်တတ်တယ်၊ အေးအေးဆေးဆေး ဆိတ်ဆိတ်ငြိမ်ငြိမ်နေတတ်တဲ့အမျိုး၊ အဲဒါကြောင့် အသံကြားရာ လှမ်းပြီး ခါထုတ်တဲ့သဘော၊ အခုတော့ တွင်းထဲဝင်ပြီး ဝင်ပေါက်ကို ပြန်ပိတ်ရင်း အေးဆေးနေကြလောက်ပြီ"

ထိုကဲ့သို့ ပြောဆိုပြီး သူ့ရဲဘော်များနှင့် လုပ်စရာများ လှုပ်ရှားတော့သည်။

♠

ဆရာကြီးကျော်ဇံလှမှာ ရဲဘော်များနှင့် အလုပ်များနေသည်။ ဖြူများ ပြန်ပိတ်သွားသော အပေါက်ဝကို ပြန်ဖွင့်ကြသည်။ အဝတွင် သစ်ရွက်ခြောက်များ ဝါးခြောက်များ စုပုံပြီး မီးရှို့သည်။ ပါသော တောဆောင်းဦးထုပ်ဖြင့် မီးခိုးတွင်းခေါင်းတဆုံး ဝင်သွားအောင် ခတ်ပြီး သွင်းသည်။

တောင်ကြောတစ်လျှောက် များက သူ့တွင်ရှိနေသောဂယ်



www.burmeseclassic.com

www.burmeseclassic.com

များအတိုင်း မီးခိုးများ အူထွက်လာကြလေသည်။

ထိုမီးခိုးထွက်နေသော ဂယ်ပေါက်များကို ကျောက်တုံးများဖြင့် ရဲဘော်များအား လိုက်ဆို့ခိုင်းသည်။ ဂယ်ပေါက်များအားလုံးပိတ်ဆို့ပြီးသောအခါ ပထမဝင်ပေါက်က မီးကို ငြိမ်းသတ်လိုက်ပြီး သူယူလာသောဝါးလုံးကြီးအား ကလတက်ခေါက်သလို တောက်တောက် တောက် တောက် နဲ့ ငါးမိနစ်ခန့် လှည့်ခေါက်သည်။ ပြီးမှ. . .

"ဗိုလ်ကြီး ဖြူကတော့ သေလောက်ပြီ၊ တကယ်လို့ မသေရင်လဲ မေ့မြောနေမှာပဲ၊ ကဲ ရဲဘော်တွေ ဒီကျင်းအတိုင်း ပေါက်ပြားနဲ့ အရှည်တစ်လံလောက် ဆက်တူးကွာ"

ဆရာကြီး ကျော်ဇံလှ စကားကြောင့် ရဲဘော်များ ဖြူကျင်းအတိုင်း ဆက်တူးကြသည်။ ကျင်းဝတွင် အချင်းတစ်ပေပတ်လည်ခန့်သာ ကျယ်သော်လည်း အတွင်းသို့ ရောက်သောအခါ လူတစ်ယောက်မှောက်၍ ဝင်သွားနိုင်လောက်အောင် ကျယ်နေသည်ကို တွေ့ရသည်။

ကျွန်တော် ထိုင်ကြည့်နေရင်းမှာပင် ဆရာကြီးကျော်ဇံလှ သတ်မှတ်ပေးထားသည့်အတိုင်း တစ်လံကျော်ကျော်တူးမိသောအခါ ဆရာကြီး ကျော်ဇံလှကိုယ်တိုင် ကျင်းထဲသို့ ဆင်းပြီး အတွင်းသို့ လက်နှိုက်ကာ စမ်းကြည့်သည်။ သိပ်မကြာခင်မှာ ဖြူသေကြီး တစ်ကောင်အား ဆွဲထုတ်လာသည်။ ထိုကျင်းခေါင်းအတိုင်း နောက် အနည်းငယ် ဆက်တူးခိုင်းသည်။ နောက် တစ်ကောင် ထပ်ရပြန်သည်။ ဆရာကြီးကျော်ဇံလှမှာ အားရဝမ်းသာဖြင့်. .

"ဗိုလ်ကြီးကို ကျွန်တော် ပြောသားပဲ၊ ဒီကောင်တွေ အပြင်မှာတုန်းက ဒေါသလဲထွက် ကြောက်လန့်တကြားနဲ့ ရန်သူရှိမယ်ထင်တဲ့နေရာကို သူ့ အဆိပ်ဆူးတွေနဲ့ လှမ်းခါပစ်ခဲ့တာ အခု အသစ်ထွက်နေတဲ့ ငုတ်တိုလေးတွေပဲ ကျန်တော့တယ်၊ ဒါနဲ့ အန္တရာယ်ပြုလို့ မရတော့ဘူး"

ကျွန်တော်လည်း သူပြောသည့်အတိုင်း ဖြူသေကောင်ကိုယ်ပေါ်မှ အဆိပ်ဆူးတွေ လှမ်းကြည့်မိသည်။ ဟုတ်ပါရဲ့ လူကို အန္တရာယ်ပြုနိုင်သော အဆိပ်ဆူးအရှည်များ မရှိတော့ဘဲ အသစ်ထွက်နေသော ဖြူဆူးငုတ်တိုများကိုသာ တွေ့လိုက်ရသည်။

"ကဲ ထမင်းစားပြီးမှ နောက်ကျင်းတွေ ဆက်လုပ်ကြမယ်၊ နားကြရအောင် ဗိုလ်ကြီး"

ကျွန်တော်လည်း ရရှိထားသော ဖြူသေနှစ်ကောင်ကိုကြည့်ကာ ဝမ်းသာအားရထ၍ပင် ခုန်မိပါသည်။ မျက်စိထဲမှာ ကျွန်တော့်စစ်ကြောင်းမှူးကြီးကိုလည်း မြင်ယောင်လာမိရင်း ထမင်းစားရန် ရေချောင်းရှိရာသို့ ဆင်းလာခဲ့ကြလေသည်။

ရေချောင်းအစပ်တွင် ထမင်းစားပြီး ခဏနားကြသည်။ ညနေစောင်းနှစ်နာရီခန့်လောက်တွင် အခြားဖြူတွင်းတစ်ခုရှာဖွေပြီး ဝင်ပေါက်ကို ဖွင့်ကာ မီးရှို့ကြသည်။ ဂယ်ပေါက်မှ မီးခိုးထွက်သော နေရာများအား လိုက်၍ဆို့သည်။ ပြီးလျှင် ခဏစောင့်ပြီး မူလဝင်ပေါက်နေရာမှ မီးကို ငြိမ်းသတ်လိုက်ပြီး ဆရာကြီးကျော်ဇံလှက ဖြူတွင်း၏ အခြေအနေကို ကြည့်သည်။ တွင်းခေါင်းအဝမှာ ပထမတွင်းခေါင်းလောက်မကျယ်။ အနေအထားအရ ဖြူကောင်အကြီးကြီးနေသောတွင်း ဟုတ်ဟန်မတူဟုခန့်မှန်းလိုက်သည်။ သို့သော်လည်း အားလုံးစီစဉ်လုပ်ကိုင်ပြီးခါမှ မထူးပါဘူး ဖြူတစ်ကောင် နှစ်ကောင် ထပ်ရလည်း နည်းသလားဟု ဆရာကြီးကျော်ဇံလှက မှတ်ချက်ပြုပြီး ရဲဘော်များအား တစ်လံကျော်ကျော် သတ်မှတ်ပေးပြီး တူးခိုင်းလိုက်သည်။

ကျွန်တော်နဲ့ ဆရာကြီး ကျော်ဇံလှတို့မှာ တစ်နေရာတွင် သွားရောက်ထိုင်ကြရင်း ဖြူ ပဟုသုတအကြောင်း ပြောနေမိကြသည်။ ထိုအခါ ဆရာကြီးကျော်ဇံလှက. . .

"အခုလို ဖြူဖမ်းတဲ့မုဆိုးအချို့ဆိုရင် တစ်ယောက်တည်းတောင် လာဖမ်းလေ့ရှိတယ် ဗိုလ်ကြီးရဲ့၊ ကျွန်တော်တို့က ရဲဘော်တွေပါနေလို့ ဖြူတွင်းတွေ တူးခိုင်းရတာ၊ တစ်ယောက်ကည်း လာဖမ်းတဲ့ မုဆိုးဆိုရင် ဖြူတွင်းအကျယ်ကြီးကို ရွေးပြီးမှ လူကိုယ်တိုင် မှောက်လျက်နဲ့ တွင်းထဲဝင်ပြီး ဆွဲထုတ်ရတာ ရှိတယ်၊ တော်တော်တော့ အန္တရာယ်များပါတယ်၊ အတွင်းမှာ မီးခိုးနံ့နဲ့ ဘာနဲ့ သတိတော့ ထားရတာပေါ့၊ တစ်ခါတစ်ခါ ဖြူကသေသဲ့ လူကို အန္တရာယ်ပေးတာရှိတယ်။

အဲဒါ တွင်းခေါင်းထဲမှာ တိုက်ပွဲဖြစ်ကြတာပေါ့၊ ဖြူကလဲ အဆိပ်ဆူးနဲ့ခါ၊ လူကလည်း လွတ်ရှောင်ပေါ့၊ ပါလာတဲ့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြီး သံချောင်းမှိန်းနဲ့ထိုး၊ ဖြူသေမှ ဆွဲထုတ်ရတာမျိုးလဲ ရှိတယ်၊ အခု ကျွန်တော်တို့ ဖမ်းရတာက သိပ်သက်သာပြီး သိပ်ပါလွယ်တယ် ဗိုလ်ကြီး"

ထိုကဲ့သို့ ပြောနေကြစဉ်မှာ ရဲဘော်တစ်ယောက်က တစ်လံကျော်သွားပြီး လာကြည့်ပေးရန် လှမ်းပြောသဖြင့် ဆရာကြီးကျော်ဇံလှ ထသွားကာ ကျင်း၏ အကွေ့အကောက် အခြေအနေကိုကြည့်သည်။ လူတစ်ကိုယ် ဝင်လို့ရအောင် တွင်းခေါင်းအား ထပ်ချဲ့ခိုင်းသည်။ ပြီးလျှင် သူကိုယ်တိုင် ရင်စို့လောက်နက်သော တွင်းထဲသို့ ဆင်းကြည့်ပြီး မှောက်လျက် အနေအထားဖြင့် အစမ်းဝင်ကြည့်သည်။ တင်ပါးနဲ့ ခြေထောက်သာ တွင်းခေါင်းအပြင်တွင် ကျန်နေသည်ကို တွေ့ရ၏။ ခဏအကြာတွင် နောက်ဆုတ်ပြန်ထွက်လာပြီး အတွင်းသို့ ဝင်လို့ရကြောင်းနှင့် အခုစလုပ်တော့မည်ဖြစ်ကြောင်း ကျွန်တော့်ကိုပြောပြီး မှောက်လျက် အနေအထားဖြင့် တဖြည်းဖြည်းဝင်သွားလေသည်။ ဆရာကြီးကျော်ဇံလှ၏ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com

ဖျားမှာ တွင်းနှုတ်ခမ်း၏ အတွင်းဘက်နှစ်တောင်သာသာလောက်တွင် လှမ်းမြင်နေရသည်။ ကျွန်တော်က သူ့ခြေထောက်များကိုလှမ်းကြည့်ရင်း အတော်ပင်စိတ်ပူနေမိသည်။

တကယ်လို့များ အရေးကယ်အကြောင်းဟယ်ဆိုရင် အလွယ်တကူပြန်ထွက်မရ၊ မှောက်လျက်မှ ဖြည်းဖြည်းချင်း နောက်ပြန်ဆုတ်ထွက်လာရမည့် အနေအထားမျိုး ဖြစ်နေသည်။ ကျွန်တော့်စိတ်ထဲက အတွင်းမှာ ဘာအန္တရာယ်မှ မဖြစ်ပါစေနှင့်၊ မြွေ မရှိရင်လည်း နေပါစေတော့ဟု တွေးရင်းရင်ထိတ်နေမိသည်။ ထိုကဲ့သို့ ဆယ့်ငါးမိနစ်ခန့်ကြာလာသောအခါ ဆရာကြီးကျော်ဇံလှ၏ ခြေထောက်များ အနည်းငယ် လှုပ်လာပြီး ချွေးသီး ချွေးပေါက်များဖြင့် နောက်သို့ အနည်းငယ် ပြန်ဆုတ်လာသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော့်စိတ်ထဲက အတော်ပင် ဝမ်းသာသွားသည်။

ခဏအကြာတွင် ခါးတစ်ပိုင်းအထိ အပြင်သို့ ထွက်လာသည်။ တစ်ကိုယ်လုံး ရေချိုးထားသလို ချွေးသီးချွေးပေါက်များက ဆီးဖြူသီးလုံးခန့် မြင်နေရသည်။ ကျွန်တော်က အတွင်းမှာ ဆယ့်ငါးမိနစ်ခန့်ကြာနေခဲ့လို့ ဒီလောက်ချွေးထွက်နေသည်ဟု ထင်မိသည်။

သို့သော် ဆရာကြီးကျော်ဇံလှ အပြင်သို့ရောက်လာသောအခါ သူ့ညာဘက်လက်တွင် ဖြူကောင်မဟုတ်ဘဲ မည်းမည်း အကောင်ကြီးတစ်ကောင်အား ဆွဲထုတ်လာသည်ကို တွေ့လိုက်ရသည်။ ထိုစဉ်. . .

"အမယ်လေး ဆရာကြီး၊ မြွေ မြွေ မြွေကြီး မြွေကြီး" ဟု လှမ်းအော်ကာ ရဲဘော်များ နောက်သို့ ဆုတ်ပြေးကြသည်။ ကျွန်တော် ဆရာကြီးကျော်ဇံလှအား လှမ်းကြည့်မိသည်။သူ့ညာလက်တွင် လက်မောင်းလောက်ရှိသော မည်းမည်းပြောင်ပြောင် မြွေကြီးတစ်ကောင်အား လည်ပင်းရင်း ခေါင်းနားကပ်နေသော နေရာမှ ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားသည်ကို တွေ့ရသည်။

မြွေကြီးမှာ အတင်းရုန်းကန်ရင်း ကိုယ်ပိုင်းက ဆရာကြီးကျော်ဇံလှ တစ်ကိုယ်လုံးသို့ ရစ်ပတ်ထားသည်။ အမြီးပိုင်းကလည်း တဖြန်းဖြန်းဖြင့် ရိုက်နေသည်၊ ဆရာကြီးကျော်ဇံလှမှာ မြွေကြီးလည်ပင်းအား ညှစ်ထားရုံကလွဲပြီး ဘာစကားမှ မပြောနိုင်ဘဲ အမောဆို့နေသည်လား၊ အကြောက်လွန်နေသည်လား၊ တစ်ကိုယ်လုံးမှာ ရေချိုးထားသလို ချွေးများက စီးကျနေသည်၊ ကျွန်တော်လည်း အခြေအနေကို မြင်နေရသဖြင့် ဆရာကြီးကျော်ဇံလှသို့ လှမ်းအော်သတိပေးလိုက်သည်။

"ဆရာကြီး မြွေကို မလွှတ်နဲ့၊ မလွှတ်နဲ့၊ ကျစ်ကျစ်ပါအောင်ဆုပ်ထား" ဟု ပြောပေးလိုက်မှ ဆရာကြီးမှာ သတိရလာသလို သူ့ဘယ်ဘက်လက်ဖြင့်ပါ နှစ်ဖက်ပေါင်းပြီး မြွေကြီး၏လည်ပင်းအား အတင်းဆုပ်ညှစ်လေတော့သည်။

ကျွန်တော်ကလည်း ခါးထဲက ဂေါ်ရခါးဓားကောက်အား ဆွဲထုတ်ကာ ပတ်ထားသော မြွေကြီး၏ကိုယ်ပိုင်းအား လှီးဖြတ်ရန် ပြင်လိုက်သည်။ ဆရာကြီးကျော်ဇံလှက တုန်ရင်သောအသံဖြင့် ကျွန်တော့်ဘက်လှည့်ကာ. . .

"ဘာမှမလုပ်နဲ့ ဗိုလ်ကြီး၊ ဘာမှ မလုပ်နဲ့ သူ့ဟာသူ သေသွားပါလိမ့်မယ်"

ဟုပြောလာသဖြင့် ကျွန်တော်လည်း အားတက်သွားမိသည်။ ခဏအကြာ ကြည့်နေရင်းမှာပင် ဆရာကြီးကျော်ဇံလှအား ပတ်ထားသော မြွေကြီးမှာ တဖြည်းဖြည်း ဖြေလျော့ကျလာပြီး ဘာမှ မလှုပ်နိုင်တော့ဘဲ အသက်ပျောက်သွားလေသည်။

ထိုအခါမှ ဆရာကြီးကျော်ဇံလှက မြွေကြီးအား တန်းလန်းဆွဲကာ ကျွန်တော့်အနားသို့ ရောက်လာပြီး မြွေကြီးပေါ်သို့ လွှတ်ချလိုက်လေသည်။

ပြီးမှ အသက်ကို ပြင်းပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး. . .

"တောကြီး မြွေဟောက်ပဲ ဗိုလ်ကြီး၊ ငန်းပုပ်လို့လဲ ခေါ်ကြတယ်၊ နည်းတဲ့ အကောင်လား ခြောက်တောင်လောက်ရှည်တာပဲ၊ ကိုက်လိုက်ရင်တော့ တုံးခနဲပဲ"

"ဆရာကြီး ဘာမှ မဖြစ်ဘူးနော် ကျွန်တော် စိတ်ပူလိုက်တာဗျာ၊ ဆရာကြီး မြွေကို လွှတ်ချလိုက်မှ ရင်ထဲက အလုံးကြီး ကျသွားတယ်"

"ဘာမှ မဖြစ်ပါဘူး၊ မြွေက မီးနီး ငွေ့သင့်လို့ မေ့တေ့တေ့ ဖြစ်နေတယ် ဒင်ပါရဲ့၊ ကျွန်တော်က တွင်းထဲမှာ ဖြူ မှတ်လို့ အသာလေး စမ်းကြည့်မိတယ် သူက ငြိမ်နေတယ်၊ ကျွန်တော်လဲ လိပ်နဲ့ ဖွတ် တစ်ခုခုပဲလို့ ထင်ပြီး သေချာ အောင် နောက်ထပ် ပွတ်စမ်းကြည့် တော့မှ မြွေမှန်းသိတော့ လွှတ်လို့မဖြစ် တော့ဘူး၊ လွှတ်လိုက်ရင် မြွေက ပေါက် မှာ သေချာတယ်၊ ဒါနဲ့ အသာလေး ပွတ်စမ်းပြီး ကိုက်လို့မရနိုင်အောင် မြွေ ပါးစပ်နဲ့ အနီးဆုံးလည်ပင်းက ကုပ်ဆ ကို တအားညှစ်ကိုင်လိုက်တယ်၊ အဲ အခါကျမှ မြွေကြီးက သတိရလာသ အတင်းရုန်းတော့တာပဲ ဗိုလ်ကြီး၊ မြွေ ရုန်းလေ ကျွန်တော်ကလဲ ချက်ကော ကို တအားညှစ်လေနဲ့ ရုန်းရင်းကန်ရ နောက်ဆုတ် နောက်ဆုတ်နဲ့ ဆွဲထွ လာခဲ့ရတာ ဗိုလ်ကြီး၊ အမှန်တော့ မြွေ ဆိုတာ လှုပ်ရှားနေတဲ့ ရန်သူကိုသာ တိုက်ခိုက်ရန်ပြုတတ်တာပါ၊ ငြိမ်နေ မတိုက်ခိုက်ဘူး၊ ကိုက်လဲ မကိုက်ဘူ အဲဒါသူ့သဘာဝပဲ၊ ဗိုလ်ကြီးလဲ ဗဟုသု သုတအဖြစ် မှတ်ထားပါဦး"

"အမယ်လေး တော်ပါပြီ ဆရာ ကြီးရယ်၊ ဖြူတွင်းမှာ သေမင်းနဲ့ လ တစ်ကမ်း စစ်ခင်းရတဲ့ ဗဟုသုတ တော်ပြီ တော်ပြီ"

ရှမ်းပြည်နယ်မြောက်ပိုင်း ယ ရှန်ကူး ရှောက်ဟော်ဒေသ ကိုယ်တွေ့ ကြုံခဲ့ရခြင်း ဖြစ်ပါသည်။

သဇ္ဇသတ္တာဒုက္ခ


❒ ကောင်းစံဟိန်း(ပန်နေဝ)





www.burmeseclassic.com

www.burmeseclassic.com




## ရွှေမေတ္တာအနန္တ

### မိဘမေတ္တာ ရသစာစုများ

## အရှင်ခေမာနန္ဒ

အောင်မြေဘုံစံ ကျောင်းဆရာတော် **အရှင်ခေမာနန္ဒ၏** သက်တော်(၅၀)နှစ်ပြည့် **ဝိဇာတမွေးနေ့မင်္ဂလာ** ရွှေရတုသဘင်အထိမ်း **အမှတ်အဖြစ် ရွှေမေတ္တာအနန္တ** မိဘမေတ္တာ ရသစာစုများစာအုပ် ထွက်လာသည်။

အမေနေ့ (သို့မဟုတ်) မိဘများနေ့ ကို ကြိုဆိုဂုဏ်ပြုလျက် ထုတ်ဝေခြင်း ဖြစ်သည်ဟု ဆိုထားသည်။ စာရေးဆရာ (၈၀) တို့၏ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်သည်။ ရွှေမိုးညှင်း စာစဉ်အမှတ် (၃) အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

## အဝလွန် အဆီတိုးနှင့် ရောဂါအဖုံဖုံ ကုထုံးအဖြာဖြာ

## ဆင်ဖြူကျွန်းကျော်လှိုင်ဦး

ရန်အောင်စာပေမှ ဆင်ဖြူကျွန်း ကျော်လှိုင်ဦး ၏ အဝလွန်အဆီတိုးနှင့် ရောဂါအဖုံဖုံ ကုထုံးအဖြာဖြာ အမည်ရှိ ကျန်းမာရေးဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။


ကျန်းမာရေး လိုက်စားသူများ၊ ကျန်းမာလိုသူများ၊ ကျန်းမာခြင်းဖြင့် ချမ်းသာခြင်းကို လိုချင်သူများ ဖတ်သင့် ဖတ်ထိုက်သော၊ မိမိအိမ်၌ ဆောင်ထားသင့်သော စာအုပ်တစ်အုပ် ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com



"အဖေရေ ကြာမျိုးငါးပါး ဝတ်ဆံကုန်တော့မယ်နော်၊ ကိုကုမံနဲ့ နန္ဒင်းနက်ကလဲ သိပ်မကျန်တော့ဘူး အဖေ၊ ရှေ့အပတ် တောင်ပေါ်တက်ရ လိမ့်မယ်ထင်တယ်"

ဆေးဖော် ဆေးစပ်အခန်းမှ သမီးငယ်၏ အသံက ဟိန်းထွက်လာသည်။ မည်သို့ဆိုစေ များပြားလှသော တာဝန်ဝတ္တရားများက ဝန်းရံခနေပြီး၊ ဒါကို ကျွန်ုပ်သိသည်။ မသိလို့ မဖြစ်။

လူနာတွေ လူနာတွေ။ ပေနှစ်ရာပတ်လည်ရှိ ခြံဝင်းထဲမှာ တဲကလေးတွေ ဆောက်လျက် ဆေးကုသပေးနေသည့် လူနာတွေ၊ အသက်အရွယ် အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ ရောဂါဝေဒနာ အဖုံဖုံ၊ အော်ဟစ်ငြီးတွားလျက် ဇသေမင်းကို အန်တုနေသူတွေ။

ဩော်လောကကြီး တရားကျစရာများဖြင့် ပကတိဖုံးလွှမ်းထားလျက်ရှိသည်။ ဒါကလည်း ကြည့်တတ် မြင်တတ် သိတတ်မှ တရားဘာဝနာဘက်သို့ရောက်မည် ဖြစ်သည်။

"ဖေကြီး ညစာ စားတော့ ...
အချိန်မသေးတော့ဘူး၊ တစ်နေ့ ...
ပင်ပန်းထားတာ၊ နားဦးမှပေါ့"

ဇနီးသည်၏ သတိပေး ...
ကျွန်ုပ်လည်း သည်တော့မှ ညစာ ...
အချိန်လွန်နေမှန်း သိတော့ ...
လလယ် အချိန်အခါမဟုတ် မိုး ...
ရွာသွန်းဖြိုးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ အဖေကြီးကို ထမင်း ဖြင့်ပေးလိုက်တော့ဟော့၊ ဟင်းချိုကို နွှေးနွှေးဖြစ်အောင် ပြန်နွှေးလိုက်ဦး"

မှော်ဝန်း၊ ကျိုက်ဝန်းနယ်ဘက်တွင် ဆေးဆရာသမားအကျော်အမော်အဖြစ် ကျွန်ုပ်အား မသိသူမရှိ။ ဆေးဆရာကြီးဦးရင်ဖေဆိုတာ နာမည်တစ်လုံးနှင့် နေဇာ။ တချို့သောသူများဆိုလျှင် ဆေးဝိဇ္ဇာကြီးဟု တွင်တွင်ခေါ်ကြသည်။

၁၉၃၉ ခုနှစ်၊ မြန်မာနိုင်ငံတစ်ခွင်လုံးကို အင်္ဂလိပ်များ စိုးမိုးအုပ်ချုပ်နေချိန်ဖြစ်သည်။ ၎င်းအချိန်က မြန်မာနိုင်ငံတွင် ဆေးပညာအရ ခွဲစိတ်မှုအတတ်ပညာများ ထိုက်သင့်သလောက် မထွန်းကားသေး။ သူများနိုင်ငံတွေနှင့် နှိုင်းယှဉ်လျှင် ခေတ်မီနည်းပညာများအတော့်ကို နောက်ကျနေချိန်လည်း ဖြစ်သည်။

မြို့နှင့်အလှမ်းဝေး ကျေးလက်ဒေသများတွင် ကိုယ်ခန္ဓာအတွင်း ကလီစာများနှင့် ပြင်ပရောဂါများကို ဝိဇ္ဇာမယဆေးဖက်ဝင် ဂမုန်းအမျိုးမျိုး၊ သစ်ဥ သစ်ဖုများ၊ ပန်းမျိုးစုံ ဝတ်မှုန်များ၊ သန့်ရှင်းလတ်ဆတ်သော ပျားရည်အစစ်များ၊ တိရစ္ဆာန်မျိုးစုံတို့၏ သည်းခြေများ၊ အဆီအနှစ်များ၊ အပင်ပေါင်းစုံတို့၏ အဖူးအညွန့်များ၊ အခေါက်များကို သင့်သလို ဖော်စပ်၍ ကုသပေးရပါသည်။..

ငွေကြေးကို အဓိက မထားပါ။ စေတနာကို အဓိက ထားပါသည်။ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံလျှင် "ဆေးဝိဇ္ဇာ" အဖြစ် အလိုအလျောက် ကူးပြောင်းသွားလေ့ရှိပါသည်။

ထိုခေတ် ထိုအခါက သမားအကျော်အမော်များသည် အစွမ်းထက်လှပေသည်။

တစ်နေ့ ဖူးခတ်တောင်သို့ အသွား ကျွန်ုပ်၏ဆရာ ဦးဖိုးထွန်းမှ . .

"လောကမှာ စေတနာမှန်သော ကံတရားလို့ဆိုတယ်၊ စေတနာ ကောင်းရင် ကံကောင်းမယ်လို့ ပြောတာပါ၊ တစ်ဖက်မှာကျတော့လဲ စေတနာဟာ လူတိုင်းနဲ့ မတန်ဘူးလို့ ဆိုပြန်တယ်၊ သူယုတ်ကို စေတနာသွားထားရင် အဆိပ်ပင်ကို ရေလောင်းတာနဲ့တူတယ်၊ ဒါပေမဲ့ တို့ရဲ့ ဆေးသမားဂုဏ်မှာတော့ ဒါတွေကို ဥပေက္ခာပြုပြီး အတတ်နိုင်ဆုံး အသက်ကယ်ရတယ်၊ ကုသပေးရတယ်"

ပျားဆီချောင်းမှအဖြတ် ကျိုက်ကော်လျှိုသို့အဝင်တွင် ချုံအစပ်တစ်ခု၌ ပုန်းလျှိုး ကွယ်လျှိုး ပေါက်နေသော ဂမုန်းသုံးပင်ကို လက်ညှိုးထိုးပြသည်။ တစ်ပင်နှင့်တစ်ပင် အရောင်အသွေးချင်းမတူသလို အနံ့အသက်လည်း ကွာခြားလှပါဘိ။ စိမ်းဖန့်ဖန့် အရွက်များ



www.burmeseclassic.com

www.burmeseclassic.com

ဆိုသော်လည်း အရောင်အဆင်း အရွယ် မတူညီကြချေ။

ဆရာဦးဖိုးထွန်းမှ. . .

"အဲဒါ နေမင်း ဂမုန်း လမင်း ဂမုန်း၊ မိုးမင်း ဂမုန်းပဲ၊ တွေ့လား ဘစ်ပင်နဲ့တစ်ဝင် ငါးဆယ်လောက်ခြားပြီး ငုံခုံလောက်ဆိုင်ပေါက်နေတာ၊ ဟော ကြည့်"

နှုတ်တရက် မမြင်တွေ့နိုင်သေး အသေအချာကြည့်မှ မြင်နိုင်သည်။ ငုံးဘုန်းသုံးပင်၏ အလယ်တွင် နွယ်ပင်များနှင့်၍ အုပ်ဆိုင်းထားသော ဂမုန်းတစ်ပင်၊ အမြင့်မှာ သုံးပေနီးပါးမြင့်ပြီး အရောင်မှာ မိုးပြာရောင်၊ ရွှေဝါရောင်၊ ပန်းခရမ်းရောင်များအပြင် အခြားရောင်စဉ်တန်းများဖြင့် ပြည့်နှက်နေသည်။ တချို့ဂမုန်းပင်များမှာ အရပ်ဒေသအလိုက် အမည်နာမ မေးရာတွင် တူညီမှုမရှိပါ။

"အဲဒီဂမုန်းက စကြာမင်းဂမုန်းပဲ၊ ဘယ်တော့မှ ဒီအပင်တွေကို နုတ်ယူသွားပြီး ဆေးဖော်ဖို့၊ အသုံးချဖို့ မစဉ်းစားနဲ့၊ ထိတွေ့ကိုင်တွယ်ဖို့တောင် မသင့်တဲ့ အပင်တွေ"

ကျွန်ုပ်မှ အလွန်သိချင်လိုစိတ်ဖြင့်. . . "ဘာဖြစ်လို့လဲ ဆရာကြီး"

"တောစောင့်နတ် တောင်စောင့်နတ်တွေက ဒီနေရာမှာ ဆုံရပ်အဖြစ် သတ်မှတ်ထားတဲ့သဘောရှိတယ်၊ သူတို့ကြွရောက်လာတာနဲ့ ပိုင်ရာဆိုင်ရာ အစောင့်အရှောက်တွေ ဒီနေရာကို စုရုံးရောက်ရှိလာရတယ်၊ အဲ ခုနတွေ့တဲ့ နေမင်းဂမုန်း လမင်းဂမုန်း မိုးမင်းဂမုန်းတွေကလဲ သာမန်နဲ့မတူဘဲ ပြောင်းလဲမှုမျိုးတွေ ဖြစ်ပေါ်လာရတယ်၊ အဆမတန် မြင့်မားလာပြီး အဖူး၊ အညွန့်၊ အပွင့်တွေ ဝေဆာလာရတယ်၊ တစ်တောလုံး တစ်တောင်လုံးမှာရှိတဲ့ အဖူးတွေဟာ ပွင့်ပေးရတယ်၊ လွန်စွာမှ မွှေးကြိုင်တဲ့ ပန်းရနံ့ ထုတ်လွှင့်ပေးကြရတယ်၊ ခုန စကြာမင်းဂမုန်းပင်မှာ အတိုင်းအဆမသိ ထိုးထိုးထောင်ထောင်နဲ့ ရှည်လျားစွာ ထွက်ပေါ်လာတယ်၊ တစ်နည်းပြောရရင် ပထဝီကြောကို ဝိဇ္ဇာပညာရပ်တွေနဲ့ ပြောင်းလဲပစ်တာပဲ၊ သာမန် မျက်စိအမြင်နဲ့ကတော့ လုံးဝ ကြည့်လို့ မြင်လို့ရမှာ မဟုတ်ဘူး"

"ဒါနဲ့ ဆရာကြီး၊ ဘာဖြစ်လို့ ဒီဂမုန်းအပင်တွေက ဆေးဖော်စပ်လို့ မရတာပါလဲ"

"ဒီဂမုန်းပင်တွေဟာ တောပိုင် တောင်ပိုင်နဲ့အဓိကပတ်သက်ပြီး အထင်တရ ဖြစ်လာတယ်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးတွေ မပြတ်စောင့်ရှောက်ရတယ်၊ အဲ သွားတူးယူလိုက်တာနဲ့ သူတို့ရဲ့ အထင်တရ အသိုက်အမြုံကို ဖျက်ဆီးတယ်ဆိုပြီး တစ်နည်းနည်းနဲ့ လိုက်ဒုက္ခပေးတော့တာပဲ၊ဘယ်လောက် ဒုက္ခပေးသလဲဆိုရင် ပညာ၊ စည်းစိမ် ဉစ္စာ ရတနာတွေ ကုန်ဆုံး ပျက်စီးတဲ့အပြင် အသက်ကိုပါရန်ရှာတယ်၊ အဲဒါကို မြဲမြဲမှတ်ထား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"လာ လာ၊ ဒီနားမှာရပ်၊ နေထွက်တဲ့ဘက်ကို မျက်နှာမူ မျက်လုံးအစုံကို မှိတ်ထား၊ မြတ်ဗုဒ္ဓအပါ ခင်ပွန်းကြီးဆယ်ပါးကို အာရုံပြု၊ ဆရာ တပည့်ကို ဂမုန်းပေါင်း တစ်ထောင်နဲ့ စီရင်ထားတဲ့ ဆေးတစ်မျိုးအပ်နှံမယ်၊ သက်ဆိုင်ရာ တောပိုင် တောင်ပိုင်တွေကို ပင့်ဖိတ်ပြီး ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းကို သက်သေထူ သစ္စာဆိုပြီး ပေးမယ်"

ကျွန်ုပ် ထိုအချိန် ထိုကာလကို မမေ့နိုင်ပါ။ မေ့ပျောက်၍လည်း ရမည်မဟုတ်ပါ။ ဘဝတစ်ခုလုံးနှင့် သက်ဆိုင်သော ဆေးတော်ကြီး ဖြစ်နေသည်ကို မသိခဲ့။ ကျွန်ုပ်အား ဆရာဦးဖိုးထွန်းမှ-

"ဒီဆေး မိမိမှာရှိကြောင်း အတူနေ ဇနီးသည် ဘယ်သားသမီးမှ အသိမပေးရဘူး၊ အဲဒီ ကတိတော့ ပေးရမယ်၊ စဉ်းစားပါ၊ ပေးနိုင်မှ ပေးပါ"

ကျွန်ုပ်သည် လျင်မြန်စွာဖြင့်. .

"ကတိပေးပါတယ် ဆရာကြီး၊ ကျွန်တော့်အတွက် ကောင်းအောင် ပြုလုပ်ပေးတာကို နာခံပါ့မယ်၊ အသက်ထက်ဆုံး တည်ပါ့မယ်၊ မဟိဒ္ဓိ သိဒ္ဓိမယ... ပညာဆေးနည်းကုထုံးတွေကို သင်ကြား... ပေးခဲ့တဲ့ ကျေးဇူးကို ဘဝအဆက်ဆက် ဘယ်တော့မှ မေ့ပျောက်နိုင်မှာ မဟုတ်ပါဘူး"

"အေး ကောင်းပြီ၊ တပည့်ဖြစ်တဲ့သူက ရဲရဲဝံ့ဝံ့ ကတိပေးတော့ စိတ်အေးရတာပေါ့၊ ဆေးဆရာဆိုတာ အချိန်ကန့်သတ်ချက်မရှိဘူး၊ အရေးကြီးရင် ကြီးသလို ညကြီးမိုးချုပ်လာပင့်ရင် လိုက်သွားရတာပဲ၊ ခုလို ခေတ်ကာ... ပျက်နေတဲ့ အချိန်မှာဆို ပိုပြီးသတိထား... ရတယ်၊ မိမိမှာ အကျဉ်းအကျပ်နဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ ပါးစပ်ထဲမှာ ငုံထား... ရမယ်၊ အခြား သူတစ်ပါးလက်ထဲ မရောက်စေနဲ့၊ အသက်အန္တရာယ်စိုးရိမ်... စရာ ဖြစ်နေရင် မျိုချလိုက်ရမယ်"

အရွယ်မှာ မန်ကျည်းစေ့ခန့်ရှိ... အရောင်မှာ ရွှေဝါရောင် ဖြစ်သည်... မသိလျှင် သိဒ္ဓိဝင် ဓာတ်လုံးတစ်လုံး... ဆင်တူသည်။ ကျွန်ုပ်မှာ သိလိုဇောဖြင့်...

"ဆရာကြီး ဆေးရဲ့ အချ... နာမည်ကော ပြောပြထားပါလား"

ထိုအခါ ဆရာဦးဖိုးထွန်း... ကျွန်ုပ်အား အသေအချာကြည့်လျ... ထူးဆန်းသောစကားများကို ပြော... ခဲ့သည်။

"အဲဒီဆေးလုံးက ဂမုန်းပေါင်း... တစ်ထောင်နဲ့ ဖော်စပ်ထားတာ၊ ... အလယ်ဗဟိုတည့်တည့်မှာတော့ မိုး... ဆံခေါင်းလောက်သာရှိတဲ့ ဆေး... စက်ရှိတယ်၊ ဆေးကောင်းရင် ... ခေါင်းဆိုတာလေ ကြားဖူးမှာပေါ့၊ ... မိနစ်အတွင်း သူ့ရဲ့ အစွမ်းသတ္တိ... ပြတယ်၊ ဆယ်မိနစ်ကျော်တာနဲ့ ... ညာဘက်လက် ကြာသပတေးဂြိုဟ်... ကြည့်၊ အဲဒီမှာ အမှတ်အသားပေါ်... မယ်၊ အဲဒါဟာ အဖြေပဲ"

ဆရာဦးဖိုးထွန်း စကားပြော... ချိန်တွင် တောတောင်အနှံ့ ... သာရကာများ၏ မြူးထူးသော ...



www.burmeseclassic.com

www.burmeseclassic.com

မြည်သံများကို ကြားနေရသည်။ ငှက်ဟသ်ာများ တဖျပ်ဖျပ်တောင်ပံခတ်၍ ပျံသန်းသွားသည်ကိုလည်း မြင်ရသည်။ သစ်ရိပ် ဝါးရိပ်များကို ထွင်းဖောက်ပြီး ဝင်လာသည့် နေရောင်ခြည်က နွေးထွေးလွန်းလှသည်။

"အဲဒီ ဆေးတစ်စက်ကတော့ ဆေးဝိဇ္ဇာတွေ ဆရာ့ကို အပ်နှင်းထားတဲ့ ဆေးပါ၊ ဂမုန်းတွေ အင်မတန်ပေါတဲ့ မော်ဆင်းတောင်ပေါ်မှာ ဆေးဖော်နေတုန်း တန်ဆောင်မုန်းလပြည့်ည၊ ပထမ ညဉ့်ဦးယံ ကြက်တွန်နေတဲ့အချိန်မှာ ပေးသွားတာပါ၊ တပည့်ကို တစ်ဝက်ခွဲပေးရတာလဲ အကြောင်းရှိလို့ပါ၊ အဲဒီ အကြောင်းကို နောင်တော့သိမှာပေါ့"

ကျွန်ုပ် ညစာစားပြီး အထူးစီမံပြုလုပ်ထားသော ဝါးနက်ခြမ်းများပေါ်တွင် ကျောခင်းရင်း အတွေးနယ်ချဲ့နေမိသည်။

၎င်း ဝါးနက်ခြမ်းများပေါ်တွင် နေထိုင် အိပ်စက်ခြင်းသည် ကင်ဆာရောဂါဖြစ်ပေါ်စေခြင်းကို ကာကွယ်ပေးခြင်း၊ အာရုံကြောနှင့် အကြော သွေးလည်ပတ်စနစ်များကို ထိန်းညှိပေးခြင်း၊ အစာအိမ်လမ်းကြောင်းများနှင့် အူနံရံများကို အညစ်အကြေးကင်းစင်စေခြင်း၊ ခန္ဓာကိုယ် ပေါ့ပါးခြင်းများကို ဖြစ်ပေါ်စေပါသည်။ ရှေးဟောင်းသူတို့ အသက်ရှည်ခြင်းမှာ ၎င်းနည်းစနစ်များ များစွာ ပါဝင်ပါသည်။

"အဖေကြီးရေ ဧည့်သည်ရောက်နေတယ်"

သမီးငယ် ခင်ခင်၏ အသံဖြစ်သည်။ ညကြီးမိုးချုပ်အလည်လာသည့် ဧည့်သည်တော့ မဟုတ်။ ဆေးဆရာလာပင့်သည့် ဧည့်သည်ဖြစ်မည်။ ထင်သည့်အတိုင်းပင်။

"ဆရာကြီးရယ် ကျွန်မ ညီမလေး မေ့မြောနေလို့ အဲဒါ ဆရာကြီးမှ မကယ်ရင် ရှင်ဖွယ်ရာမရှိပါဘူး"

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ပုဆစ်တုပ်ထိုင်လျက် အသက်ငါးဆယ်နီးပါးရှိ အမျိုးသမီးနှစ်ယောက်။ လင်းထိန်အားကောင်းလှသော အောက်လင်းမီးရောင်အောက်တွင် ပီပီပြင်ပြင် အထင်အရှားမြင်ရသည်။ သူတို့မျက်နှာများက ကြည်သာခြင်းမရှိ၊ ဝမ်းနည်းပူဆွေးစွာ တရှုံ့ရှုံ့ငိုယိုလျက်ရှိသည်။ အင်္ကျီ၊ ထဘီများက ဆင်တူ ဝတ်ဆင်ထားသဖြင့် ညီအစ်မ ဖြစ်ဟန်တူသည်။

"ဆရာကြီးရယ် ကျွန်မညီမလေးကို အတတ်နိုင်ဆုံး ကယ်တင်ပေးပါ၊ အသက်ကလဲ ငယ်သေးတော့ မသေချင်သေးဘူး၊ ဆရာကြီးကျေးဇူးကိုလဲ မမေ့ပါဘူး၊ ဆေးဖိုးဝါးခကိုလဲ ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ်"

ကျွန်ုပ်ဆီသို့ရောက်လာသူ မည်သူမဆို အပူသည်များ၏။ ကျန်းမာဝဖြိုးပြီး နေကောင်းလျှင် မည်သူမှမလာ။ လမ်းတွေ့လျှင်တောင် သဘောတွေ့သည့် လူသာလျှင် နှုတ်ဆက်စကားဆိုပြီး သဘောမတွေ့ အမြင်မကြည်လင်သည့် လူဆိုလျှင် မတွေ့ချင်ယောင်ဆောင်သွားတတ်သည် မဟုတ်ပါလား။ ဒါကလည်း လူ့သဘော လူ့သဘာဝ။

ယခုလည်းကြည့်။ မျက်နှာသွင်ပြင် အမူအရာများက သပ်သပ်ရပ်ရပ် အဝတ်အစားများကလည်း သစ်လွင်တောက်ပလျက်။ အရောင်မှာ ငှက်ပျောဖူးအရောင်များကို ဆင်တူဝတ်ဆင်ထားကြသည်။ တောနေလူတန်းစားဆိုသော်လည်း အဆင့်အတန်းမြင့်မားဟန်ရှိသည်။

"ဒါနဲ့ နေပါဦး၊ ဘယ်ရွာက လာပင့်ကြတာလဲ"

အသက်ကြီးဟန်ရှိပြီး အစ်မဖြစ်ပုံရသော အမျိုးသမီးမှ . . .

"မှော်နီရွာကပါရှင်"

ကျွန်ုပ် မျက်လုံးပြူးသွားမိသည်။ အဘယ်ကြောင့်ဆိုသော် တက်ပိုး၊ ထော်ချီ၊ အင်းချောင်၊ မှော်နီ ရွာစုများသည် ကျောက်ဝက်သက် ကာလဝမ်းရောဂါများ ဖြစ်ပွားကာ ရွာလုံးကျွတ်နီးပါး သေကျေ ပျက်စီးကြသည်။

သည်လို အကောင်းပကတိ ကျန်တာကိုတော့ စဉ်းစားစရာ။ ဒါကလည်း ကမ္မနိယာမ သဘောများပင် ဖြစ်ပါလိမ့်မည်။

"ဒါက ဆရာကြီး ဆေးဖိုးဝါးခ အတွက် ကန်တော့တာပါ၊ ဘယ်လိုမှ မထင်ပါနဲ့"

ကျွန်ုပ်အား ထိုင်ကန်တော့ရင်း ပေးလာသည်မှာ အင်္ဂလိပ်သုံး ရွှေဒင်္ဂါး ပြားတစ်ပြား။

အချိန်အခါ မဟုတ် မိုးသည် ရွာသွန်းပြီးလျက်ရှိသည်။ လကွယ်ရက်များ ဖြစ်၍လည်း ပိုပြီးအမှောင်ဖုံးလွှမ်းလျက်ရှိသည်။

ကျွန်ုပ်တို့ စီးလာသော လှည်းသည် လယ်ကွက်များကို တရိပ်ရိပ်ဖြတ်ကျော်လာခဲ့သည်။ ဘေးဘယ်ညာမှာ အမှောင်ထုများ ဖုံးလွှမ်းနေ၍ ဘာကိုမှ မမြင်ရ။

မိုးစက်မိုးပေါက်များက ထီးအမိုးကို လာ၍ထိတွေ့သည့်အသံများ အဆက်မပြတ်ကြားရသည်။ မိုးရွာထား၍ ဖုန်တထောင်းထောင်း မထတော့။ သို့သော်လည်း နွေလယ်ကောင် မိုးရွာ၍ မြေကြီးမှ အပူရှိန် အခိုးရိုက်တာ မျက်စိနာနိုင်သည်။ ရာသီကိုဖျက်ကာ ဓာတ်ကိုပါ ပျက်စီးစေသည်။

ညအမှောင်ထဲတွင် နွားလည်ပင်းမှ ချူသံများ၊ လှည်းဘီးနှင့် မြေကြီး ပွတ်တိုက်သံများ၊ မိုးနံ့ရ၍ ဖားအော်သံများ၊ မိုးတွေခြိမ်းပြီး လျှပ်စီးလက်သံများ၊ တည်ငြိမ်ခြင်းမရှိ လေတိုးဝှေ့သံများ၊ မိုးစက်မိုးပေါက်များ၏ ပွတ်သပ်ထိတွေ့ပေါင်းစပ်မှုအသံများဖြင့် လွှမ်းမိုးလျက်ရှိသည်။ လှည်းပေါ်တွင် အတွေးကိုယ်စီနှင့် မည်သူမျှ စကားမပြောကြ။

တစ်ခါ တစ်ခါ လျှပ်စီးငင်းလက်လိုက်လျှင် ရှေ့သွားရမည့် လှည်းလမ်းကြောင်း၊ ကွင်းပြင်များ၊ ချုံပုတ်များ၊ ဖုန်းဆိုးတောများကို လျှပ်တစ်ပြက်



www.burmeseclassic.com

www.burmeseclassic.com

မြင်ရသည်။ ကျွန်ုပ်မှ လှည်းမောင်းသူ အောင်ကြီးအား. . .

"မှော်နီ ဝင်ပြီဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး မှော်နီတို ဝင်နေပြီ၊ သူတို့က ရွာအပြင်ဘက် ကုက္ကိုချောင်မှာလို့ ပြောတယ်"

ရုတ်တရက် ကျွန်ုပ် ငြိုးစား၍ မရ။ တစ်ခါတစ်ရံတော့ လာဖူးသည်။ သို့သော် မြတ်သွားမြတ်လာသာရှိသည်။ သည်နေရာက ကျွန်ုပ်အတွက် သူစိမ်း ပြင်ပြင်၊ ညအမှောင် မိုးကလည်းရွာ ဆိုတော့ ပိုလို့ပင်ဆိုးတော့သည်။ ရုတ်တရက် လျှပ်စီးများ လင်းလက်လာ သဖြင့် မြင်လိုက်ရသော မြင်ကွင်း ကြောင့်. . .

"ဟာ သချိုင်းကုန်းပျက်ကြီးပါ လား"

ကျွန်ုပ်ဘေးနားမှ အမျိုးသမီးမှ

"ရှေ့နားဆို ရောက်ပါပြီ ဆရာ ကြီး"

လက်နှိပ်ဓာတ်မီး သုံးတောင့် ထိုးနှင့် ထိုးကြည့်ရာ အထင်းသားမြင် နေရပြီဖြစ်သည်။ အုပ်ဆိုင်းနေသော ကုက္ကိုပင်ကြီးများနှင့် မြေစိုက်တဲတစ်လုံး။ တဲထဲမှ မီးအလင်းရောင်များကိုပါ လှမ်း မြင်နေရပြီ ဖြစ်သည်။ လှည်းကို တဲနှင့် မလှမ်းမကမ်းနေရာတွင် ရပ်လိုက်သည်။ ကျွန်ုပ်မှ လှည်းမောင်းသူ အောင်ကြီး အား. . .

"နွားတွေကို မဖြုတ်နဲ့၊ လန့်ပြီး ထွက်ပြေးရင် လိုက်ဖမ်းဖို့ မလွယ်ဘူး၊ မင်းက လှည်းပေါ်မှာ အဆင်သင့်နေ၊ ငှက်ကြီးတောင်ဓားနဲ့ ဓာတ်မီးကို အဆင် သင့်လုပ်ထား"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ စိတ်ချ ပါ"

"မောင်ထွေး မင်းက ဆရာနဲ့ လိုက်ခဲ့၊ ငှက်ကြီးတောင်ဓားနဲ့ ဓာတ်မီး ယူလာ၊ တဲထဲကို ဝင်စရာမလိုဘူး၊ အပေါက်ဝမှာစောင့်နေ၊ ရော့ အဆောင် လက်ဖွဲ့တွေ၊ တစ်ယောက် တစ်ခုစီ ယူထား"

တဲနှင့် လှည်းရပ်ထားသည့်နေ ရာမှာဝေးလှသည်တော့မဟုတ်။ အလွန် ဆုံးရှိလှ ကိုက်နှစ်ဆယ်လောက်သာ ရှိမည်။ မိုးတဖွဲဖွဲရွာကာ လေတဟူးဟူး တိုက်လျက်ရှိသည်။ ဟိုးအဝေးဆီမှ တီတီတွတ် ငှက်အော်သံကို ကြားလိုက် ရသည်။

တဲအတွင်းသို့ ဝင်လိုက်သည်နှင့် ဝါဆို ဖယောင်းတိုင်မီးများဖြင့် လင်း ထိန်နေသည်။ ဝါးကပ်ပေါ်ရှိ သင်ဖြူး ဖျာပေါ်တွင် ပက်လက်အနေအထားရှိ သည့် အမျိုးသမီးတစ်ယောက်။ လက် နှစ်ဖက်က ရင်ဘတ်ပေါ်တင်လျက်။ ခြေထောက် နှစ်ဖက်စလုံး ဆန့်တန်းကာ ပူးကပ်ထားသည်။ ပုံစံမှာ အခေါင်းထဲ ထည့်ရန် အဆင်သင့်ဖြစ်နေသည့် လူ သေကောင်ပမာ။ အသက်က အများ ဆုံးရှိလှ နှစ်ဆယ်ဝန်းကျင်၊ အလွန်ပါး လွှာသော ဇာပဝါများဖြင့် လွှမ်းခြုံထား သည်။ မျက်နှာသွင်ပြင်မှာ နတ်သမီး တမျှ လွန်စွာလှပနေသည်။ ပြီးတော့ အမွှေးနံ့သာတွေ။

လေပြင်းတစ်ချက် ဝှေ့လိုက် သဖြင့် တဲအမိုးဓနိများ လန်ထွက်သွား သည့် အသံကို ကြားလိုက်ရသည်။ ကျွန်ုပ်၏ ဆေးကုထုံး သက်တမ်းအရ အနေအထားကို ကြည့်လိုက်တာနှင့် သိသည်။ အစ်မဖြစ်ဟန်တူသော အမျိုး သမီးကြီးမှ. . .

"ဆရာကြီး သေနေတာ မဟုတ် ဘူးနော်၊ မေ့မြောနေတာ၊ ရောဂါက တော့ ရိုးရိုးဖျားပြီး အဖျားတက်တာ ပေါ့၊ ဆရာကြီး သေသေချာချာ စမ်း သပ်ကုသပေးပါရှင်၊ ဆရာကြီး အတွက် လဲ ရေနွေးကြမ်း၊ ကောက်ညှင်းပေါင်း သွားစီစဉ်လိုက်ဦးမယ်၊ လာ ညီမလေး"

ထိုသို့ပြောပြီး ကျွန်ုပ်အား လာ ပင့်သည့် အမျိုးသမီးကြီးနှစ်ယောက်မှာ နောက်ဖေးခန်းသို့ ဝင်သွားလေတော့ သည်။ တဲအဝင်တံခါးကိုလည်း မင်း တုပ်ချကာ ပိတ်ထားခဲ့လေပြီ။ ကျွန်ုပ် ဘာဆက်လုပ်မည်နည်း။ နောက်ပြန် လှည့်မှာလား၊ ရှေ့တိုးပြီး လုပ်စရာ[illegible] တာ လုပ်မှာလား။

ဒါမှ တကယ့်အကျဉ်းအကျပ်[illegible] ဆုံးဖြတ်ချက်များ၍ မဖြစ်။ သူ့ရဲ့အော[illegible] ကြောင်ပြီး ပြန်ထွက်သွားလို့လဲ မဖြ[illegible] ပြန်။ လာတုန်းကလာပြီး ခုမှ ပြန်လှည့် သွားတယ်ဆိုတော့ သတ္တိနည်းရာကျ[illegible] မည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ဆုံးဖြတ် ချက် ခိုင်ခိုင်မာမာချလိုက်သည်။

ကျွန်ုပ်သည် ဓာတ်လုံးလို ဖြစ်[illegible] နေသော ဂမုန်းပေါင်းတစ်ထောင် ဆေးလုံးကို ပါးစပ်ထဲထည့်ကာ ငုံထား လိုက်သည်။ မန်ကျည်းစေ့အရွယ်ရှိ ဆေးလုံး ပါးစပ်ထဲရောက်သွားပြီး စက္ကန့် ပိုင်းအတွင်းမှာပင် ခန္ဓာကိုယ်ရှိ အာရုံ ကြောများ၊ သွေးကြောများ ပြောင်းလဲ သွားသည်။ စိတ်နေစိတ်ထားမှာ ယခင် လို မဟုတ်၊ ရဲတင်း သွက်လက်လာ သည်။

ဧင်းအမျိုးသမီးအနားထိုင်ကာ ဆေးလွယ်အိတ်ကြီးကို ဘေးနားချထား လိုက်သည်။ လက်ကောက်ဝတ် ဘယ် ညာ သွေးခုန်နှုန်းကို စမ်းသပ်ကြည့် လိုက်သည်။ သွေးသွားလာလည်ပတ်မှု မရှိ။ လျှပ်စီးတစ်ချက်လက်လိုက်သည်။ အလွန်ပါးလွှာသော ဇာပဝါအောက် တွင် ဖြူမွေးမို့မောက်သောရင်အစုံကို အတိုင်းသားမြင်ရသည်။ တဏှာရာဂ[illegible] နိုးဆွသည့်သဘော။ စိတ်ဓာတ်မကြံ့ခိုင် လျှင် တကယ်မလွယ်။ ရှုံးသွပ်သွားနိုင် သည်။ ဆေးတန်ခိုးကြောင့်လား မသိ[illegible] ကျွန်ုပ်၏ ခန္ဓာကိုယ်မှာ အဆမတန်ကြ[illegible] ထွားလာသည်။ အမြင်အာရုံများလည်း သာမန်နှင့်မတူဘဲ သိပ်သည်းနက်မှိုင်း လာသည်။

သူမ၏ နှလုံးခုန်နှုန်းကို စမ်းသပ် ရန်အတွက် လက်နှစ်ဖက်ကို ဖယ်ရှား[illegible] သည်။ ဦးခေါင်းမှ နက်မှောင်ရှည်လျား သော ဆံခြည်ထွေး၊ ဆံခြည်မျှင်များ သည် မြေပြင်၌ ပြန့်ကျဲနေသည်။ [illegible] ဟောင်း ဆံထိုး ဆံညှပ်များကိုလည်း အဖျား၌ တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် နှလုံးခုန်နှုန်းကို သိသျှင် ပိုင်နိုင်သော အဖြေတစ်ခုကို ရမည်ဖြစ်သည်။ ကျွန်ုပ်၏ ညာဘက်လက်ကို သူမ၏ ရင်ဘတ်ပေါ်သို့ တင်လိုက်သည်နှင့် မှိတ်ထားသော မျက်ဝန်းအစုံမှာ ပွင့်လာသည်။ လျှပ်စစ်သံလိုက်များ စီးဝင်သွားသလို ခန္ဓာကိုယ် လှုပ်ရှားလာသည်။ နွေခေါင်ခေါင် ကျယ်လောင်ပြင်းထန်စူးရှသော မိုးကြိုးတစ်ခု ပစ်ခွင်းကာ လျှပ်စီးများ လင်းလက်သွားသည်။

ရုတ်တရက် မျက်နှာချင်းဆိုင် ထိုင်ကာ ကျွန်ုပ်လည်ပင်းအား ဘယ်ဘက်လက်ဖြင့် တအားညှစ်ထားပြီး ညာဘက်လက်ဖြင့် ဂမုန်းတစ်ထောင် ဓာတ်ဆေးလုံးကို ပါးစပ်ထဲမှ အတင်းနှိုက်ယူပါတော့သည်။ လုံးဝ မျှော်လင့်ထားသော တိုက်ကွက်ဖြစ်သည်။ ရုတ်တရက် လည်မျိုကို တအားဆွဲညှစ်ထားသဖြင့် အသက်ရှူလို့မရ။ မွန်းကျပ်နေသည်။

စက္ကန့်တိုင်းသည် သေရေး ရှင်ရေးတမျှ အရေးကြီးလွန်းလှသည်။ ဂမုန်းပေါင်းတစ်ထောင်ဆေးဓာတ်လုံး သူမလက်ထဲ ပါသွားသည်နှင့် ကျွန်ုပ်ဝိညာဉ်ချုပ်ပြီ။ သူမ၏ နှိပ်ကွပ်ခြင်းကို အကြီးအကျယ် ခံရမည် ဖြစ်သည်။ ဓာတ်ဆေးလုံးကို မျိုချဖို့ဆိုတာလည်း မဖြစ်နိုင်။ အသက်တောင် ရှူလို့မရ။ သူမကလည်း ကျားကုတ်ကျားခဲအတင်း နှိုက်ယူ၏။ သို့သော်လည်း ကျွန်ုပ်၏ အတင်းစေ့ထားသော သွားများကို မထိုးဖောက်နိုင်။

အရေးထဲ ကျွန်ုပ်၏ လက်နှစ်ဖက်က လုံးဝလှုပ်ရှား၍မရ။ ကြိုးတွေနှင့် အထက်ထပ် ချည်နှောင်ထားသလို ဖြစ်နေသည်။ သည်ပွဲမှာ ကျွန်ုပ်ရှုံးနိမ့်၍မဖြစ်။ ပေးဆပ်ရမည့် အရင်းအနှီးက မသေး။ ဘဝတစ်ခုလုံးနှင့် သက်ဆိုင်သည်။

ချက်ချင်းပင် ကျွန်ုပ်သည် အရှိန်ယူ အားယူကာ တင်ပျဉ်ခွေ ထိုင်နေခြင်းကို ပြင်လိုက်သည်။ ရှိသမျှ အင်အားများစုစည်းကာ ညာခြေဖြင့် သူမ၏ ရင်ဝကို ဆောင့်ကန်ထည့်လိုက်သည်။ တန်ချက် ဘယ်လောက်ပြင်းထန်သည်တော့မသိ။ "အင့်" ခနဲမြည်ကာ တာထားသည့် ထရံများကိုပင် ဖောက်ပြီး တဲအပြင်သို့ လွင့်စဉ်သွားလေတော့သည်။

"ဆရာကြီး လာ လာ၊ ကျွန်တော်တို့ ဒီနေရာက အမြန်သွားမှ ဖြစ်မယ်၊ အပြင်မှာ ဘာတွေလဲ မသိဘူး လာနေကြတယ်"

ကျွန်ုပ်အား တဲအပြင်မှာ စောင့်နေသည့် မောင်ထွေးလာခေါ်ခြင်း ဖြစ်သည်။ ကျွန်ုပ်လည်း အတင်းကုန်းရုန်းထကာ ဆေးလွယ်အိတ်ကြီးယူပြီး တဲအပြင်သို့ ထွက်လာခဲ့သည်။ တဲထဲမှာတော့ ဝါဆိုဖယောင်းတိုင်မီးများက လင်းထိန် တောက်ပနေဆဲ။

ကျွန်ုပ် လူနာများအား ဆေးတိုက်ခြင်း၊ ဆေးပေးခြင်း၊ ဓာတ်ကင်ခြင်း၊ စမ်းသပ်ခြင်း၊ ပျောက်ကင်းစ လူနာများကို ပြန်လွှတ်ခြင်း၊ လူနာအသစ်များကို လက်ခံခြင်း၊ ဆေးဖော်ဆေးစပ်ရန် ကိစ္စများ စီမံဆောင်ရွက်ခြင်း၊ မြို့သို့ မှာရမည့် ဆေးအမည်စာရင်းများရေးခြင်း၊ တောင်ပေါ်တက်ပြီး သွားရှာရမည့် ဆေးဖက်ဝင် အပင်များကို မှတ်သားရခြင်းနှင့် အလုပ်များကို ရှုပ်သွားပါတော့သည်။

မနေ့ညက အဖြစ်အပျက်ကိုလည်း ဘဝင်မကျဖြစ်နေမိသည်။ နေ့လယ် ထမင်းစားပြီးလျှင် ပြန်သွားမည်ဟု ဆုံးဖြတ်ထားသည်။ သို့ဖြစ်၍ အနီးတွင်ရှိနေသည့် သမီးငယ်အား . .

"သမီး အောင်ကြီးကို သွားခေါ်လိုက်စမ်းပါ"

"ဟုတ်ကဲ့ပါ အဖေ"

မကြာခင် အောင်ကြီး ရောက်လာသည်။

"ဆရာကြီး ကျွန်တော် ရောက်ပါပြီ"

"အေး လှည်းကို အဆင်သင့်လုပ်ထား၊ တို့ မနေ့ညက သွားခဲ့တဲ့ နေရာကို ပြန်သွားမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သည်နေရာကို ပူပူနွေးနွေး ပြန်သွားခြင်းက အကောင်းဆုံးပဲဖြစ်မည်။ ဒါမှ တိကျခိုင်မာသောအဖြေကို ရမည်။ ရက်ခြားပြီးမှ ပြန်သွားလျှင် အရိပ်တွေ ပျောက်သွားလိမ့်မည်။ မှန်ကန်သော အဖြေကိုလည်း ရမည်မထင်။ မကျေနပ်စရာတွေ၊ စဉ်းစားစရာတွေ၊ တွေးတောစရာတွေ တစ်ပုံတစ်ပင်ကြီး ရှိနေသည် မဟုတ်ပါလား။

"ဆရာကြီး ညက လှည်းရပ်တဲ့ နေရာ ဒီနေရာပဲ"

အောင်ကြီးက တိတိကျကျ မှတ်သားထားပုံရသည်။

"အေး အေး၊ မင်းက လှည်းပေါ်မှာပဲနေ၊ နွားတွေ ရေဆာမယ်ထင်ရင် ရေတိုက်လိုက်ဦး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မိုးသည် အုံ့မှိုင်းကာနေ၏။ ရွာတော့မရွာ။ ကျွန်ုပ်လည်း ပတ်ဝန်းကျင်ကို အကဲခတ်ကာ မြေစိုက်တဲထဲသို့ ဝင်သွားလိုက်သည်။ တဲ၏ အတွင်းပိုင်းတွင် ညက ဘာမှမဖြစ်ခဲ့သလို အနေအထားမျိုးဖြစ်နေသည်။ ဝါးကပ်များ၊ သင်ဖြူးဖျာများ၊ ဝါဆို ဖယောင်းတိုင်များ လုံးဝ မရှိတော့။ အခုတော့ သူမဟုတ်သလိုပါပဲ။ ဘာဆိုဘာမျှ မရှိ။ ကျွန်ုပ်အား လာပင့်သည့် အမျိုးသမီးကြီးနှစ်ယောက်ဝင်သွားသည့် နောက်ဖေးပေါက်သို့ သွားကြည့်လိုက်သည်။

"ကြော် ကြာဖြူ ကြာနီတွေ ပွင့်တဲ့ ကန်ကြီးပါလား"

ကျွန်ုပ်စိတ်မှ တီးတိုးရေရွတ်ရင်း ကန်ပတ်လည်ပေါ်တွင် ပေါက်နေသော ရေတမာပင်၏ အလှများကို နှစ်သက်နေမိသည်။ ပေနှစ်ရာအကွာတွင် မြေစိုက်တဲတစ်လုံးရှိသည်။ ညက မြင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့သည့် မြေစိုက်တဲနှင့် ပုံစံအတူတူ၊ ကျွန်ုပ်၏ ခြေလှမ်းများက ၎င်းတဲရှိရာသို့ ရွေ့လျားလိုက်သည်။

မြေစိုက်တဲအတွင်းသို့ ဝင်သွားလိုက်သည်နှင့် လုံးဝ မထင်မှတ်၊ မျှော်လင့်မထားသော မြင်ကွင်းများကို မြင်လိုက်ရသည်။

ညည်းညူငိုယိုနေသည့် အသံများကလည်း နားထဲသို့ ဝင်ရောက်လာခဲ့သည်။ ကျွန်ုပ်အား ငိုယိုပြီး ပြောသည်မှာ. . .

"အဘရယ် ကျွန်မ ညီမလေးကို ကြည့်ပါဦး၊ ဝမ်းဗိုက်တစ်ခုလုံး ပွင့်ပြီး သေနေတာ၊ ဗိုက်ထဲက ကလီစာတွေဆိုတာ မြင်မကောင်းဘူး၊ အပြင်ကို ထွက်နေတာ ဟီး ဟီး. . ."

ပြောလည်းပြော ငိုလည်းငိုသည်။ ဝါးကပ်ပေါ်ရှိ သင်ဖြူးဖျာပေါ်တွင် စောင်ဟောင်းတစ်ထည်နှင့် ဖုံးလွှမ်းထားသည်။ မြေကြီးပေါ်သို့ ပျံ့ကျဲနေသည့် ဆံခြည်ထွေး၊ ဆံခြည်မျှင်များ၊ ကျွန်ုပ် မှတ်မိသွားပြီ ဖြစ်သည်။ ပို၍ သေချာစေရန် စောင်ကိုလှပ်ပြီး မျက်နှာကို ကြည့်သည်။ ထင်သည့်အတိုင်းပင် သူမှသူ။

"ဟိုဘက်က မြေစိုက်တဲက ကော ဘယ်သူတွေနေတာလဲဟင်"

"အဲဒါလဲ ကျွန်မတို့ တဲပါပဲ၊ ညကျရင် ကျွန်မအစ်မကြီးတွေ သွားသွား အိပ်ပါတယ်၊ အခု သေသွားတာက ကျွန်မရဲ့ အငယ်ဆုံးညီမလေးပါ"

ကျွန်ုပ်သည် စိတ်ဝင်စားစွာဖြင့်

"အဲဒီအစ်မကြီးတွေ ရှိလားဟင် အဘနဲ့ သိတဲ့သူတွေများ ဖြစ်နေမလားလို့"

"ဟုတ်ကဲ့ ရှိပါတယ်၊ ရှိပါတယ် အခန်းထဲမှာ အိပ်နေပါတယ်"

ကျွန်ုပ်အား ပျာပျာသလဲ အခန်းထဲမှာ အိပ်နေသည့် အမျိုးသမီးနှစ်ယောက်ကို ပြသည်။ သူတို့မှ သူတို့ အစစ်ပါပဲ။ တခူးခူး တခေါခေါဖြင့် အိပ်မောကျလျက်။

"အဘကို ဖြစ်စဉ်လေး ပြောပြပါလား သိချင်လို့ပါ"

"ကျွန်မ ညီမလေးက အပြင်းဖျားပြီး မေ့မြောနေတာပါ၊ အမှန်တော့ သေပြီလို့တောင်ထင်ပြီး ပစ်ထားတာပါ၊ သူတို့က ညဘက်ကျရင် ဟိုဘက်တဲမှာ သွား သွားအိပ်တယ်၊ ဒီမှာ အိပ်ပါဆိုတော့လဲ ပြောမရဘူး၊ အစ်မနှစ်ယောက်စလုံးကလဲ စိတ်မနှံ့ဘူး စိတ္တဇဆန်တယ်"

"ဘာ . . . ဘယ်လို"

"အဲဒီ အစ်မနှစ်ယောက်လုံးက စိတ်မနှံ့ဘူး နေ့က ဖြစ်ခဲ့တာတွေကို ညကျရင် မပြောနိုင်သလို ညက ဖြစ်ခဲ့တာကိုလဲ နေ့ကျရင် မပြောနိုင်ဘူး၊ ကျွန်မတို့ရွာမှာ ကာလဝမ်းရောဂါနဲ့ ရွာလုံးကျွတ်သေပြီးတတည်းက ဖြစ်သွားတာ၊ ကျွန်မ ညီမလေးလဲ အဲဒီအတိုင်းပဲ၊ မနေ့ညကတော့ ဖျားပြီး မထနိုင်တဲ့သူကို တွဲခေါ်သွားပြီး ဟိုဘက်တဲမှာ သွားအိပ်တာ"

"ဒါနဲ့ အစ်မတွေဆီမှာ ရွှေဒင်္ဂါးပြားတွေ ဘာတွေစုထားတာ ဒါမှမဟုတ် သိမ်းထားတာများ မရှိဘူးလား"

"ရှင်"

ကျွန်ုပ်၏ အမေးစကားများကြောင့် ထိတ်လန့် တုန်လှုပ်သွားပုံရသည်။ မျက်လုံးအစုံမှာလည်း ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဘာဖြစ်လို့လဲဟင်"

"အဘ အဲဒီ ရွှေဒင်္ဂါးပြားပေးပြီး ခေါ်သွားရင် အဲဒီလူဟာ သေလူပဲ၊ သေချာပေါက် မသာစာရင်းသွင်းထားပြီးသားပဲ၊ လွတ်ရိုးထုံးစံ မရှိဘူး၊ အဘ ပြောတာနဲ့တောင် ကျွန်မ ကြက်သီး မွေးညင်းထတယ်"

ကျွန်ုပ်သည် စိတ်ဝင်စားစွာဖြင့်

"ဘာ ဘယ်လို အဘကို ရှင်းပြပါလား"

ကျွန်ုပ်အား တဲအပြင်သို့ ခေါ်ထုတ်သွားကာ ကန်၏ အနောက်မြောက်ထောင့် ညောင်ပင်အောက်ရှိ နတ်ကွန်းအား လက်ညှိုးထိုးပြသည်။

"အဲဒါ သိုက်နန်းရှင်ပဲ၊ အဲဒီမှာ အလွန်ထူးဆန်းတဲ့ ရွှေဒင်္ဂါးပြားတစ်ပြား ရှိတယ်၊ အဲဒီရွှေဒင်္ဂါးပြားကို သွားပေးပြီး ခေါ်လာတတ်တယ်၊ အဲ လိုက်လာတဲ့သူက သေလူပဲ၊ မိမိသင်္ချိုင်းကိုရှာပြီး တူးလိုက်တာပဲ"

ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်လိပ်ပြာသန့်ပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်အား ထိုင်ကန်တော့ပြီး ပေးသည့် ရွှေဒင်္ဂါးပြားကို မယူခဲ့။ ကိုင်တွယ်ခြင်းလည်း မပြုခဲ့။ ကိုင်တွယ်လိုက်တာနှင့် တစ်ပြိုက်နက် ကျွန်ုပ်၏ ပညာရပ်များ အားလုံး ဆိတ်သုဉ်းကွယ်ပျောက်သွားပါလိမ့်မည်။ သေမင်းတံခါးဝသို့ အလိုအလျောက် ပို့ဆောင်ပေးသည့် အမှတ်အသား သင်္ကေတများ ပါရှိသည်။ ကျွန်ုပ် လှမ်းကြည့်လိုက်ချိန်တွင် ရွှေဒင်္ဂါးပြားတစ်ဖက်မှာ အုတ်ဂူနှင့် ခေါင်းတလားပုံများ ပါနေသောကြောင့်တည်း။

နွားနီနှစ်ကောင်သည် အပြိုင်ရုန်းကာ လှည်းဝင်ရိုးရှိ ဘီးများကို လည်ပတ်စေသည်။ လည်ပင်းမှ ချူသံများက ဝန်းကျင်တစ်ခိုတွင် သောသောညံလျက်။ အုံ့မှိုင်းနေသော မိုးသားများက ရွာတော့မယောင်။ ကောင်းကင်ပြင်တွင် ဆွတ်ဆွတ်ဖြူသော ဗျိုင်းများက အုပ်စုဖွဲ့ကာ ပျံသန်းနေကြသည်။ လယ်ကွင်းထဲတွင် ရိုးပြတ်ငုတ်တိုများက ပြန့်ကျဲလျက်။ မှော်နီရွာသည်လည်း ဝေး၍ဝေး၍ပင် ကျန်ရစ်ခဲ့လေပြီ။

ကျွန်ုပ်၏ ညာဘက်လက် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံကို ကြည့်မိသည်။ ယခုထိ လောကနတ်အရုပ်က မပျက်ပြယ်သေး။ ကျွန်ုပ်အား သေမင်းခံတွင်းဝမှ အလုအယက် ကယ်တင်ခဲ့သည်မှာ ဂမုန်းပေါင်းတစ်ထောင်နဲ့ ဖော်စပ်ထားပြီး ဆေး၏အလယ်ဗဟိုတည့်တည့်ရှိ ဆေးတစ်စက်သည် နတ်ဆေးပင် ဖြစ်ပါတော့သတည်း။

❒ မင်းဟန်(သန့်ရှင်)



www.burmeseclassic.com

www.burmeseclassic.com

# သင်္ဘောပျက် ရှာဖွေရေး

## လှမိုး (ပညာရေး)


အတိတ်သမိုင်း မှတ်တမ်းများ၊ သင်္ဘောအာမခံကုမ္ပဏီမှတ်တမ်းများနှင့် ...ဂ္ဂဝါပျော် သင်္ဘောသားများ၏ ...ပ်ဂေဇက်များအရ ထောင်ပေါင်း ...စွာသော သင်္ဘောများသည် ...ကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ် ...ဆုံးခဲ့ကြရပါသည်။

ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းကလည်း ထောင် ...င်းများစွာသော သင်္ဘောများသည် ...ည်း နစ်မြုပ်ခဲ့ကြ၏။

ခိုင်မာတိကျသော မှတ်တမ်းများ ... ၂၀ ရာစုနှစ်အတွင်းမှာပင် သင်္ဘော ...င်းရေ နှစ်သောင်းနီးပါး ပျက်စီးဆုံး ...ရသည်။ ဤသို့ နစ်မြုပ်သွားသော သင်္ဘောများသည် ရွှေ၊ ငွေ၊ ရတနာ ...ည်းများနှင့် အဖိုးတန်ပစ္စည်းများသာ ... သင်္ဘောနှင့် လိုက်ပါလာခဲ့သော ...သည်များ၊ သင်္ဘောသားများလည်း ...ဆုံးခဲ့ကြရပါသည်။

အချို့သင်္ဘောများမှာမူ တစ်စုံ ...သတင်းမရဘဲ အဏ္ဏဝါပြင်ထက် ...တ်ခြင်းမလှ ပျောက်သွားခဲ့ကြရ ... သာဓကအားဖြင့် အမေရိကန် ...ထောင်စု ဖလော်ရီဒါ ကမ်းခြေ ...နှင့် ဘဟားမားကျွန်းစုတို့အကြား ...ာမြူဒါတြိဂံ၊ ဂျပန်နိုင်ငံနှင့် ဘိုနင် ...အကြားရှိ နဂါးတြိဂံဟု ကင်ပွန်း ...ထားသော ပင်လယ်ပြင်များတွင် ...ည်း သင်္ဘောကြီးငယ် အမျိုးမျိုး ရုတ် ...တ် နစ်မြုပ်မှုများ၊ ပျောက်ဆုံးမှုများ ...ါသည်။

ဤကဲ့သို့ ပျောက်ဆုံးသွားသော သင်္ဘောများ၊ နစ်မြုပ်သွားသောသင်္ဘော ... အကြောင်းကို နိုင်ငံတကာမှ မိမိတို့ ...အစဉ်ဖြင့် မှတ်တမ်းပြုစုခဲ့ကြ၏။




အတိတ် သမိုင်းကြောင်းများ ...င် နစ်မြုပ်ခဲ့ကြသော သင်္ဘောပျက် ... ရတနာနှင့် အခြားပစ္စည်းများကို ...တန်ဖိုးထိုက်တန်သည်ကိုမူ မည် ... တိတိကျကျ ခန့်မှန်းနိုင်ခြင်း မရှိ ... သာဓကအားဖြင့် ခရစ်နှစ် ၁၅၀၀ မှ ခရစ်နှစ် ၁၈၂၅ ခုနှစ်အတွင်းတွင် အကြောင်းအမျိုးမျိုးကြောင့်နစ်မြုပ်သွား ခဲ့သော စပိန်နိုင်ငံပိုင် သင်္ဘောများတွင် ရွှေထည် ငွေထည်ရုပ်တုနှင့် လက်ဝတ် ရတနာပစ္စည်း အလေးချိန် သန်း တစ် သောင်းသုံးထောင် ထရှိုင်အောင်စနှင့် အဖိုးတန် ကျောက်သံပတ္တမြား ရတနာ မျိုးစုံ တန်ချိန်ထောင်ပေါင်းများစွာ ပါ...





www.burmeseclassic.com

www.burmeseclassic.com

နစ်မြုပ်ခဲ့ရာ ယနေ့ အမေရိကန်ဒေါ်လာ သိန်းကုဋေ တစ်ရာကျော်ခန့် ရှိနိုင်သည်ဟု စပိန်နိုင်ငံ မက်ဒရစ် မြို့တော်ရှိ ရေကြောင်းပြတိုက်မှ သင်္ဘောမှတ်ပုံတင် ကအုပ်နှင့် မှတ်တမ်းများက ဖော်ပြခဲ့ကြပါသည်။

အဆက်မော်ပြပါ သင်္ဘောပျက်များအားလုံးကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ရတနာသိုက် ရှာဖွေသူများနှင့် သင်္ဘောပျက် ရှာဖွေသူများသည် ထိရောက်စွာ ဆယ်ယူနိုင်ခြင်းမရှိသေးဟု ရတနာမုဆိုးများနှင့် သင်္ဘောပျက် ဆယ်ယူရေးကို စောင့်ကြည့်လေ့လာ အကဲဖြတ်သူများက ဆိုကြသည်။

အဘယ်ကြောင့်ဆိုသော် သင်္ဘောပျက်များကို ဆယ်ယူ၍ ရတနာပစ္စည်းများ ရှာဖွေရေးလုပ်ငန်းသည် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကြရပြီး ငွေအရင်းအနှီး အမြောက်အမြား စိုက်ထုတ်ကာ ကံစမ်း ဉာဏ်စမ်းရသည့် သဘောဆောင်နေပေသည်။


ဤကဲ့သို့ သင်္ဘောပျက်ဆယ်ယူရာတွင် မည်ရွေ့မည်မျှ အချိန်ကာလ ကြာမြင့်မည်ကို ခန့်မှန်းနိုင်ခြင်းမရှိသည်သာမက အချို့သင်္ဘောပျက် ဆယ်ယူရေးနှင့် ရတနာပစ္စည်းများ ရှာဖွေသူများသည် စိတ်ပန်း လူပန်း ငွေကုန်ခံ အားထုတ်ကြရသော်လည်း တွေ့ရှိခြင်း၊ ဆယ်ယူနိုင်ခြင်း မရှိရကား ကြိုးစားရှာဖွေသူများအဖို့ ဘဝပျက်သည်အထိ ကြုံတွေ့ကြရသည်ဟု မှတ်တမ်းများအရ သိရ၏။

သာဓကအားဖြင့် ကျွန်တော်တို့ စာဖတ်ပရိသတ် သိရှိပြီး ဖတ်ရှုပြီးဖြစ်သော မဟာတိုက်တန်းနစ်သင်္ဘောပျက်ကြီးကို ဆယ်ယူရေး ကြိုးပမ်းမှုကို အလျဉ်းသင့်သဖြင့် တင်ပြလိုပါသည်။

မဟာတိုက်တန်းနစ် သင်္ဘောကြီး ၁၉၁၂ ခုနှစ် ဧပြီလ ၁၄ ရက်နေ့ ညတွင် နစ်မြုပ်သွားခဲ့သည့် အချိန်ကစ၍ စွန့်စားရှာဖွေလိုသူများနှင့် အဏ္ဏဝါရတနာသိုက် ရှာဖွေသော အဏ္ဏဝါမုဆိုးများသည် ထို မဟာတိုက်တန်းနစ် သင်္ဘောကြီးကို ဆယ်တင်ရန် စိတ်ကူးယဉ်အိပ်မက်အမျိုးမျိုး မက်ခဲ့ကြသည်။ ယင်းတိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ရာတွင် ပါဝင်သွားသော ရတနာရွှေငွေများ၊ ကျောက်သံပတ္တမြားနှင့် လူအသုံးအဆောင်ပစ္စည်းများ၏ ထိုစဉ်ကာလက တန်ဖိုးမှာ ဒေါ်လာသန်းပေါင်း ထောင်ပေါင်းများစွာထိုက်တန်သည်ဟု ရတနာသိုက်ရှာဖွေသူ အဏ္ဏဝါမုဆိုးများက ခန့်မှန်းခဲ့ကြသည်။

သို့ဖြစ်၍ ထိုတိုက်တန်းနစ် သင်္ဘောပျက်သည် ကမ္ဘာ့နိုင်ငံအသီး သီးမှ သင်္ဘောပျက် ဆယ်ယူလိုသော အဖွဲ့အစည်းများ ရတနာမုဆိုးများအား စိန်ခေါ်ခဲ့သည်။

ပထမဆုံး ထိုသင်္ဘောကြီးကို ဆယ်ယူရန် စီမံခဲ့သူမှာ အင်္ဂလန်နိုင်ငံ ဒင်ဗာမြို့မှ ဗိသုကာပညာရှင် ချားစမ် ဆိုသူ ဖြစ်၏။ သူသည် ၁၉၁၄ ခုနှစ် မတ်လတွင် သူစိတ်ကူးယဉ် ရေးဆွဲထား





www.burmeseclassic.com

သည့် စီမံချက်ကို ပြည်သူအများသိရန် သတင်းမီဒီယာများမှ တစ်ဆင့် ချပြခဲ့ သည်။

သူ့စီမံကိန်းမှာ အထူးတီထွင် ဆောက်လုပ်မည့် ရေငုပ်သင်္ဘောတစ် စင်းဖြင့် လျှပ်စစ်သံလိုက်များ တပ်ဆင် ထား သင်္ဘောကြီးနစ်မြုပ်စဉ်က ရေဒီယို သတ်လွှင့်ချက်တည်နေရာ [မြောက် ၄၁ ဒီဂရီနှင့် ၄၆ ဒီဂရီ၊ အနောက် ၅၀ ဒီဂရီ နှင့် ၁၄ ဒီဂရီ] အတ္တလန္တိတ်ပြင်အောက်သို့ ငုပ်စေ၍ တိုက်တန်းနစ် သံကိုယ် ထည်ကြီးအား သံလိုက်များက ဆွဲငင် မည်ဖြစ်သည်ဟုဆိုသည်။ ဤစီမံချက် အရ အလုပ်သမား ၁၆၂ ဦးနှင့် ငွေလုံး ငွေရင်း ဒေါ်လာတစ်သန်းခွဲခန့် လိုမည် ဟု ခန့်မှန်းသဖြင့် ထိုစဉ်ကာလက မည် သူမျှ စိတ်ဝင်စားမှု မပြခဲ့။

ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားခြင်းနှင့် ၁၉၃၀ ပြည့် နှစ်တွင် ကမ္ဘာ့စီးပွားပျက်ကပ်ဆိုးကြီးများ ကြောင့် ထိုသင်္ဘောပျက်ကယ်ဆယ်ရေး အကြံအစည်များ လေထဲ တိုက်အိမ် ဆောက်ခဲ့သော အစီအစဉ်မှာ ခေတ္တ ဆိုင်းသတ်သွားခဲ့သော်လည်း ၁၉၅၂ ခုနှစ်တွင် သင်္ဘောပျက် ဆယ်ယူရေး ကုမ္ပဏီတစ်ခုသည် တိုက်တန်းနစ် သင်္ဘောကြီး၏ ကိုယ်ထည်ကြီးကို ဖောက်၍ ရတနာပစ္စည်းများ ထုတ်ယူ မည်ဟု ရည်ရွယ်သည်ဟူသော ကော လာဟလ သတင်းများ ထွက်လာခဲ့၏။

သို့သော် ဘောလက်နှင့်အဖွဲ့ သည် လွယ်လွယ်နှင့်လက်လျှော့လိုသူ များ မဟုတ်။ ဘောလက်နှင့်အဖွဲ့သည် တိုက်တန်းနစ်သင်္ဘော နစ်မြုပ်ပြီး (၇၄) နှစ်အကြာ ၁၉၈၆ ခုနှစ်တွင် အတ္တ လန္တိတ် သမုဒ္ဒရာကြမ်းပြင်အောက်ဆင်း ၍ နာရီ ၆၀ ကျော်ကြာအောင် ပြရ သော ဗွီဒီယိုရိုက်ကူးခြင်း၊ ရုပ်ငြိမ်ဓာတ်ပုံ ပေါင်း ၆၀၀၀၀ တို့ကို ၁၂ ရက်တိတိ ရိုက်ကူးနိုင်ခဲ့သည်။

အတ္တလန္တိတ်အောက် သင်္ဘောဆယ် ယူရေး ကျွမ်းကျင်သော ပညာရှင်များ နှင့် သတင်းမီဒီယာများအား ပြသ သည်။ သေသေချာချာ ကြည့်ရှုစစ်ဆေး ပြီးသောအခါ ပိုမိုကျယ်ပြန့်သော ပညာ ရှင်များပါဝင်သော အဖွဲ့ကို ဖွဲ့စည်းပြီး ခေတ်မီစက်ကိရိယာများနှင့် နည်းပညာ များကို အသုံးပြုကာ ၁၃ နှစ်တိုင်တိုင် တစိုက်မတ်မတ် ကြိုးစားအားထုတ် ဆယ်ယူသည့် လုပ်ငန်းကို ကျယ်ကျယ် ပြန့်ပြန့် လုပ်ဆောင်ခဲ့ကြသည်။

နှစ်ပေါင်း ၈၀ ကျော် ကြာမြင့် ခဲ့ပြီးမှ အတ္တလန္တိတ် သမုဒ္ဒရာ၏ ကြမ်း ပြင်တွင် လဲလျောင်းအိပ်စက်နေသော တိုက်တန်းနစ် သင်္ဘောပျက်ကြီးအတွင်း မှ အမှတ်တရ ပစ္စည်းမျိုးစုံ ရာပေါင်း များစွာကို ဆယ်ယူရရှိခဲ့ရာ ထိုပစ္စည်း မျိုးစုံကို ၂၀၀၇ ခုနှစ်က လေလံတင် ရောင်းချခဲ့ရာ ဒေါ်လာ ၁၈၉ သန်း ရရှိ ခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရ သည်။

ထိုပစ္စည်းများကို လေလံတင် မရောင်းချမီ အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ် စိန့်ပေါလ်မြို့ရှိ ရေကြောင်းသိပ္ပံ ပြတိုက်တွင် အများ ပြည်သူများအား ကြည့်ရှုခွင့်ပေးခဲ့ရာ လူသိန်းနှင့်ချီ၍ လာရောက်ကြည့်ရှုခဲ့ သည်ဟု သတင်းများက ဖော်ပြခဲ့ပါ သည်။

မှန်ပါသည်။ လူစွန့်စားအများ သည် ရေမြေတောတောင် အထပ်ထပ် သို့ သွားရောက်၍ ဓာတ်သတ္တုများ၊ ရတနာသိုက်များ ရှာဖွေတူးဖော်ခဲ့ကြပါ သည်။ အချို့ ရတနာမုဆိုးများကလည်း ပင်လယ်အောက်ကြမ်းပြင်သို့ နည်းလမ်း အမျိုးမျိုးဖြင့် အသက်စွန့်၍ သင်္ဘော ပျက်များအတွင်းမှ ရတနာပစ္စည်းများ ရရှိရေးအတွက် ရေငုပ်၍ ဆယ်ယူခဲ့ကြ ပါသည်။

ယခု ရေးသားဖော်ပြမည့် အမေ ရိကန် ပြည်ထောင်စုသား ရေငုပ်ကျွမ်း ကျင်သူ ဂျွန်ချက်တာတန်နှင့် ရစ်ချ်ခိုလာ တို့ကမူ တစ်မူထူးသူများဟု ဆိုရပေ တော့မည်။

သူတို့နှစ်ယောက်မှာ အမေရိ ကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် သားများ ဖြစ်ကြ၍ ငယ်စဉ် ကျောင်း သားဘဝကပင် ရေငုပ်ဝါသနာပါသူများ ဖြစ်ကြသည်ဟု ဆိုသည်။

သူတို့နှစ်ယောက်အဖို့ တန်ခိုး ရှင်များက ပုံစံချထားသည်ဟု ဆိုရပေ တော့မည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာ သော အခြေအနေတွင် သူငယ်ချင်း နှစ်ယောက်သည် အမေရိကန်ပြည် ထောင်စု ရေတပ်မတော်သို့ ခြေစုံပစ် ဝင်ခဲ့ရာ ရေငုပ်အထူးကျွမ်းကျင်သူများ ဖြစ်သည့်အားလျော်စွာ အမေရိကန် ပြည်ထောင်စု ရေတပ်မတော် "မနုဿ ဖား" (Frog Man) အထူးတပ်ဖွဲ့တွင် ထူးချွန်သူများဖြစ်လာခဲ့ကြ၏။

ဤအချိန်ကာလတွင် နာဇီဂျာ မနီသည် ရေတပ်မတော်ကြီးကို ဗြိတိသျှ နှင့် မဟာမိတ်တို့အား ယှဉ်ပြိုင်နိုင်ရန် တိုးချဲ့ခဲ့တော့သည်။ အစဉ်အလာအား ဖြင့် ဗြိတိသျှ ဘုရင့်ရေတပ်မတော်သည် မည်သည့်နိုင်ငံမှ မယှဉ်နိုင်အောင် ကြီး မားသည်။

မှန်ပါသည်။ သဘာဝအားဖြင့် အင်္ဂလန်နိုင်ငံသည် ရေပတ်လည်ဝိုင်းရံ လျက်ရှိသော ကျွန်းတစ်ကျွန်း ဖြစ်ရ ကား အင်အားတောင့်တင်းသော ရေ တပ်မတော် တည်ဆောက်ရမည်ဟု အင်္ဂလန်ဘုရင့်အစိုးရမှ တာဝန်ရှိသူများ က ယူဆခဲ့သည့်အတိုင်း ရေတပ်မတော် ကြီးကို တည်ထောင်ထားခဲ့သည်သာ မက အင်္ဂလန်နိုင်ငံမှ တော်ဝင်မိသားစု များသည် ထာဝစဉ်ဘုရင့်ရေတပ်မတော် တွင် အမှုထမ်းခဲ့လေ့ရှိ၏။

ဗြိတိသျှတိုက် အင်ပါယာကြီး သည် နေမဝင်အောင်ကျယ်ပြန့်သည် ဟုဆိုရာ ဤအင်ပါယာကြီးကိုကာကွယ် နိုင်ရန် ခိုင်မာတောင့်တင်းသော ရေ တပ်မတော်ကြီး ရှိရမည်ဖြစ်သည်။ သို့ ဖြစ်၍လည်း ဗြိတိသျှတို့သည် မိခင်နိုင်ငံ နှင့် အင်ပါယာကြီးကို ကာကွယ်ရန်မှာ

www.burmeseclassic.com

အင်အားကြီးမားသော ရေတပ်တိုက် *သင်္ဘောကြီးများကို တည်ဆောက်ခဲ့၏။* ထိုစဉ်ကာလက ဗြိတိသျှဘုရင့်ရေတပ်မတော်မှ မဟာတိုက်သင်္ဘောကြီးများသည် ၁၆ လက်မ အမြောက်ကြီးများ တပ်ဆင်ထားရာ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေတပ်မတော်များကပင် တအံ့တဩ ဖြစ်ခဲ့ရ၏။

ဂျာမနီနိုင်ငံတွင် နာဇီပါတီ အာဏာရရှိလာသည့် ၁၉၃၃ ခုနှစ်တစ်ကြည်း၊ ရေ၊ လေ တပ်မတော်များကို အင်အားတိုးချဲ့ဖွဲ့စည်းခဲ့သည်။ အထူးသဖြင့် ဂျာမနီနိုင်ငံ၏ ရန်ဘက်နိုင်ငံဖြစ်ခဲ့သော အင်္ဂလန်နိုင်ငံအား ယှဉ်နိုင်ရန် နာဇီ ဂျာမန် ရေတပ်မတော်ကြီးကို အဟုန်အရှိန်ကြီးမားစွာဖြင့်တည်ထောင်ခဲ့ကြသည်။

အစဉ်အလာအားဖြင့် နိုင်ငံတကာက မော့ကြည့်ခဲ့ရသော ဗြိတိသျှတိုက် ဘုရင့်ရေတပ်မတော်ကို ပခုံးချင်းယှဉ်နိုင်ရန် တိုက်သင်္ဘောကြီးများ တည်ဆောက်ရမည်ဖြစ်၏။

သို့သော် အချိန်ယူရမည်သာမက ငွေကုန်ကြေးကျလည်း အလွန်များမည်ဖြစ်ရကား နာဇီထိပ်သီးခေါင်းဆောင်များနှင့် ဂျာမန်ရေတပ်မတော်မှ တာဝန်ရှိသူများသည် "U Boat" ခေါ် ရေငုပ်သင်္ဘော အမြောက်အမြားအား အားသွန်ခွန်စိုက် တည်ဆောက်ခဲ့ပြီး ယင်းရေငုပ်သင်္ဘောများအား ခေတ်မီကိရိယာများ တပ်ဆင်ထားခဲ့ရာ ၁၉၃၉ နှစ်ဆန်းတွင်မူ နာဇီဂျာမန် ရေငုပ်သင်္ဘောအရေအတွက်သည် ဗြိတိသျှနှင့် မဟာမိတ်ရေတပ်များထက် ပိုမိုများပြားသည်သာမက တိုက်ခိုက်သည့်စွမ်းရည်တွင်လည်း ဟိုးဟိုးကျော်ခဲ့၏။

၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်ကြီး တောက်လောင်လာသည့်အခါတွင် နာဇီဂျာမန်ရေတပ်မတော်မှ ရေငုပ်သင်္ဘောအများသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း နေရာအသင့်ယူပြီးဖြစ်နေသည်။ စစ်ကြီး စတင်ဖြစ်ပွားသည် *မှ ၁၉၄၀ ပြည့်နှစ် ကုန်ဆုံးသည့်အချိန်* အထိ ဂျာမနီနိုင်ငံသည် အောင်ပွဲခံရန် သေချာသလောက် ဖြစ်ခဲ့သည်။

ဥရောပနိုင်ငံအများ (ပြင်သစ်နိုင်ငံ အပါအဝင်) အား နာဇီဂျာမန်ကြည်းတပ်မတော်သည် လျှပ်တစ်ပြက်စစ်ဆင်ရေးနှင့် ထိုးစစ်ဆင်ခဲ့ရာ ရက်သတ္တပတ်အနည်းငယ်အတွင်း နာဇီတို့၏ ကြေးတံဆိပ် အောင်လံများသည် ဥရောပတိုက်ရှိ နိုင်ငံအသီးသီးတွင် တလူလူလွင့်ခဲ့ရ၏။

နာဇီ ယူဘုတ်ရေငုပ်တပ်ဖွဲ့ကလည်း ဗြိတိသျှနှင့် မဟာမိတ်တို့ ရေတပ်မတော်မှ သင်္ဘောများ၊ ကုန်တင်လူစီးသင်္ဘောများ၊ စစ်သားတင်သင်္ဘောများ၊ စစ်အသုံးအဆောင်နှင့် ရိက္ခာတင်သင်္ဘောများကို အတ္တလန္တိတ် သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖျက်ဆီးနှစ်မြှုပ်နိုင်ခဲ့သဖြင့် နိုင်ငံတကာမှ စစ်ရေးအကဲခတ် စောင့်ကြည့်သူများပင် ဂျာမန်ယူဘုတ် ရေငုပ်သင်္ဘောတို့၏ စွမ်းအင်ကို တအံ့တဩ ဖြစ်ခဲ့ရ၏။

ဗြိတိသျှနှင့် မဟာမိတ် ရေတပ်မတော်များသာမက ရေကြောင်းသယ်ယူပို့ဆောင်ရေး ယန္တရားကြီးတစ်ခုလုံး အထိနာခဲ့သည်။ ၁၉၄၂ ခုနှစ်တွင်မူ အမေရိကန်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မဟာမိတ်တို့ဘက်မှ ပါဝင်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စု အကူအညီကြောင့် တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရသော အင်္ဂလန်နိုင်ငံသည်နာလန်ထူလာသည်။

ဂျာမန် ယူဘုတ်ရေငုပ်သင်္ဘောများကလည်း အမေရိကန်ပြည်ထောင်စု ရေတပ်မတော်မှ တိုက်သင်္ဘောများ၊ ကုန်တင်သင်္ဘောများကို တိုက်ခိုက်နှစ်မြှုပ်ပစ်ခဲ့သည်သာမက အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေအနီးသို့ ချဉ်းကပ်လာလေ့ရှိပြီး သင်္ဘောအများအပြားကို တိုက်ခိုက်နှစ်မြှုပ်ခဲ့သည်။ ထိုစဉ်ကာလက ကောလာဟလ *သတင်းများအရ အမေရိကန် ပြည်*ထောင်စုအတွင်း မငြိမ်မသက်ဖြစ်စေရန် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ သူလျှိုများကို ဖော်ပြပါ ရေငုပ်သင်္ဘောများဖြင့် ပို့ဆောင်ပေးခဲ့သည်ဟုဆိုရာ အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်တပ်ဖွဲ့သည် နာဇီဂျာမန်ယူဘုတ်ရေငုပ်သင်္ဘော အချို့ကို အမေရိကန်ပြည်ထောင်စု ကမ်းခြေအနီးတွင် နှစ်မြှုပ်နိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည်နှင့် သင်္ဘောပျက်ဆယ်ယူရေးအဖွဲ့များသည် ယင်းရေငုပ်သင်္ဘောများကို နည်းလမ်းအမျိုးမျိုးနှင့် ရှာဖွေခဲ့သော်လည်း မတွေ့ခဲ့ကြ။ သို့သော် ၁၉၉၁ ခုနှစ် ကုန်ဆုံးခါနီးတွင် ရေငုပ်ကျွမ်းကျင်သူ ဂျွန်ချက်စတာတန်နှင့် ရစ်ချ်ခိုလာတို့သည် အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် ကမ်းလွန်တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း နစ်မြုပ်ခဲ့သော နာဇီဂျာမန် ရေတပ်မတော်မှ ယူဘုတ်ရေငုပ်သင်္ဘောတစ်စင်းကို တွေ့ရှိခဲ့ကြသည်။

သူတို့အစီအစဉ်ဖြင့် ထိုရေငုပ်သင်္ဘောမှ နာဇီရေတပ်သားများ၏ ကိုယ်ပိုင်ပစ္စည်းများ၊ နာဇီဂျာမန်ရေတပ်မတော် ယူဘုတ်သင်္ဘော၏ လျှို့ဝှက်မှတ်တမ်းများ၊ ရေမြုပ်ပုံးများ အမှတ်တရ ပစ္စည်းများကို ဆယ်ယူရရှိခဲ့ပြီး ယင်းပစ္စည်းများကို အများပြည်သူများ ကြည့်ရှုနိုင်ရန် ပြသခဲ့သည်ဟု ဆိုကြပါကြောင်း။

❒ ရှာမိုး (ပညာရေး)


ကျမ်းကိုး

(၁) Shadow Divers By R. Kurson.


(၂) Lost By A A Hoehling.






www.burmeseclassic.com

www.burmeseclassic.com




# မြူးဇစ်

# Our Fertilized World

## မြေဩဇာဖြင့် ပြည့်နှက်လျက်ရှိသော ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီး

www.burmeseclassic.com

www.burmeseclassic.com




To grow plentiful food crops, farms need more nitrogen than naturally occurs in the soil. Fertilizer runoff is minimized on this Wisconsin farm by planting strips of alfalfa between corn and soybeans.


ကျွန်တော်တို့သည် သတိမမူဘဲ ရှိနေပါက စိုက်ပျိုးရေးသည် ကျွန်ုပ်တို့၏ ဂြိုဟ်အား ပျက်သုဉ်းစေလိမ့်မည်။ ဤဆောင်းပါးသည် ဓာတုပစ္စည်း လျှော့သုံးခြင်းဖြင့် ကျွန်ုပ်တို့ လိုအပ်သော အစားအစာများကို စိုက်ပျိုးနိုင်ရန် နည်းလမ်းများကို ဖော်ပြပေးလိမ့်မည်။

နိုက်ထရိုဂျင်ဓာတ်သည် စိုက်ပျိုးရေး၏ မောင်းနှင်အားဖြစ်ပြီး ဆာလောင်နေသော ကမ္ဘာ့လူသားများ စားဝတ်နေရေးအတွက် သော့ချက်ဖြစ်သည်။

ဤဒြပ်စင်မပါဘဲ သစ်ပင်များသည် အလင်းစွမ်းအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မှ အစာမချက်နိုင်ပါ။ သို့ပါ၍ အသားဓာတ်ဖြစ်နိုင်ချေ မရှိနိုင်ပါ။ သစ်ပင်များ ပေါက်ရောက်ကြီးထွားရန်လည်း မဖြစ်နိုင်ပါ။ လူသားများ ရှင်သန်ရေးအတွက် မှီဝဲနေရသောကြောင့် ဂျုံ၊ ဆန်နှင့် အခြား သီးနှံပင်များသည် ဤနိုက်ထရိုဂျင်ဓာတ်အား အခြားအပင်များထက်စာလျှင် ပိုမိုလိုအပ်သော အပင်များဖြစ်ကြသည်။ ဤသီးနှံပင်များသည် သဘာဝမှ ဖြည့်တင်းပေးနိုင်သည်ထက် ပို၍ပင် လိုအပ်လျက်ရှိနေကြသည်။

ဤအခက်အခဲကို ဖြေရှင်းနိုင်ရန်မှာ ခေတ်သစ် ဓာတုဗေဒ ပညာရပ်ပင်ဖြစ်သည်။ ဧရာမစက်ရုံ၊ အလုပ်ရုံများသည် ကမ္ဘာ့လေထုထဲရှိ ဤဒြပ်စင်အား ဖမ်းယူပြီး သဘာဝဓာတ်ငွေ့ထဲရှိ ဟိုက်ဒရိုဂျင်ဓာတ်ပြုစေပြီး အပင်များ လိုအပ်လျက်ရှိသော ဓာတ်ပြုလွယ်သည့် ဒြပ်ပေါင်းများကို ထုတ်လုပ်ကြ





www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤနိုက်ထရိုဂျင်ဓာတ်မြေဩဇာ တန်ချိန်သန်းရာပေါင်းများစွာအား နှစ်စဉ်အသုံးပြု၍ သီးနှံများ ပေါများစွာရရှိလျက်ရှိနေကြသည်။ ဤနိုက်ထရိုဂျင် ဓာတ်မြေဩဇာ မရှိဘဲ လူဦးရေကျွေးမှုသည် လက်ရှိအနေအထားတွင် ရှိနိုင်လိမ့်မည်မဟုတ်ပါ။

ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံသည် မှီဝဲနေကြသော အစားအစာ ဖြစ်ထွန်းစေရန် ကမ္ဘာ့မြေလွှာမှ ဖြစ်ပေါ်စေရန် မစွမ်းဆောင်နိုင်ပါ။ ကျွန်ုပ်တို့ ခန္ဓာကိုယ်မှ ကြွက်သားနှင့် တစ်ရှူးထက်ဝက်တွင်ရှိသော နိုက်ထရိုဂျင်ဓာတ်သည် စက်ရုံမှထွက်သော ဒြပ်စင်ပင်ဖြစ်သည်။


ဤသို့ ခေတ်သစ်နည်းပညာဖြင့် မရှိမဖြစ် လိုအပ်သော နိုက်ထရိုဂျင်ဒြပ်စင်ကို ထုတ်လုပ်ဖြည့်တင်းပေးခြင်းအတွက် လူသားတို့က ပေးအပ်စရာ ရှိနေသည်။ စိုက်ခင်းများ၏ မြေဆီလွှာမှ နိုက်ထရိုဂျင်များသည် ရေအိုင်များနှင့် မြစ်ဝများရှိ တောရိုင်းတိရစ္ဆာန်များအား မွန်းကျပ်စေပြီး မြေအောက်ရေကို ညစ်ညမ်းစေသည်သာမက ကမ္ဘာ့ရာသီဥတုကို ပူနွေးစေသည်။

ဘီလီယံပေါင်း များစွာသော လူသားတို့သည် နိုက်ထရိုဂျင်ဓာတ်ပြည့်ဝသော အသားဓာတ်အတွက်၊ ဆာလောင်နေသော လယ်ယာမြေအတွက် သန့်စင်သော သောက်သုံးရေနှင့် လေကောင်းလေသန့်ရနိုင်သော အလားအလာ ရှိနိုင်ပါမလား။

အစားအစာကို အလွန်မှ ခင်တွယ်ပြီး တုန်ဆုံးသွားမှာကို စိုးရိမ်လျက်ရှိသော တရုတ်နိုင်ငံတွင် နိုက်ထရိုဂျင်အကျပ်ရိုက်မှုသည် အလွန်မှပေါ်လွင်သည်။ စာရေးသူသည် နန်ကျင်းမြို့၏ ဆင်ခြေဖုံးရှိ စားသောက်ဆိုင်တစ်ခုတွင် လူအများ စားသုံးနေသည်ကို လေ့လာခဲ့ရာ ငါးခေါင်း၊ ဆိတ်သားကြော်၊ ခေါက်ဆွဲကြော်၊ ပန်းဂေါ်ဖီစိမ်းကြော်၊ ပိန်းဥနှင့် ပူနွေးနေသည့် ထမင်းဇလုံများကို သတိပြုမိသည်။ ပြီး သူနှင့်အတူ လိုက်ပါလာသည့် စိုက်ပျိုးရေးသိပ္ပံပညာရှင်အား တရုတ်လူမျိုးများသည် ဤကဲ့သို့ပင် ဟင်းမျိုးစုံကို အမြဲစားသုံးပါသလားဟု မေးခဲ့ရာ ထိုကဲ့သို့မဟုတ်ကြောင်း ဖြေကြားခဲ့သည်။ သူက ဆက်လက်ပြောရာတွင် သူတို့ ငယ်စဉ်က ထမင်းသုံးနပ်စားဖို့ရန် ခက်ခဲခဲ့ကြောင်း ပြောခဲ့သည်။

တရုတ်နိုင်ငံတွင် ၁၉၅၆ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ရေရှားပါးမှုနှင့် ဥက္ကဋ္ဌကြီး မော်စီတုန်း၏ စိတ်ထင်ပေါက်ရာ လုပ်ဆောင်မှုကြောင့် ဝေါ်မွတ်မှုဘေးကို ကြုံတွေ့ခဲ့ကြရာ လူဦးရေသန်းပေါင်း ၃၀ ခန့် သေဆုံးခဲ့ရသည်။ ငတ်မွတ်ခြင်းဘေးမှ ကျော်လွန်ခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ်များအထိ အစားရေစာ ရှားပါးလျက်ရှိခဲ့သည်။ ဤအချိန်ကာလနောက်မှသာ တောင်သူလယ်သမားများက ၎င်းတို့ပိုင်ဆိုင်ခဲ့သော လယ်ယာမြေများအား ပြန်လည်ပိုင်ဆိုင် လုပ်ကိုင်ခွင့် ရခဲ့ကြသည်။ နှစ်နှစ်အတွင်း ဆန်စပါးများ ပိုလျှံလာခဲ့သည်။

သို့ပေမယ့် လူဦးရေသည် ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၉၀





www.burmeseclassic.com

www.burmeseclassic.com

ပြည့်နှစ်အတွင်း သန်း ၃၀၀ အထိ တိုးပွားလာခဲ့ရာ အစဉ်အလာအတိုင်း စိုက်ပျိုးရေးနည်းပညာဖြင့် ထိုမျှသော လူဦးရေကို ကျွေးနိုင်ရန် လိုက်မမီနိုင်ခဲ့ပေ။


နန်ကျင်းမြို့၏ အနောက်မြောက်အရပ်ရှိ ရွာမှ SONG LINYUAN အမည်ရှိသော လယ်သမားတစ်ဦးသည် သူပိုင်လယ် ၁ ဒသမ ၃ ဧကအား သူ၏အိမ်မှ စားကြွင်းစားကျန်၊ သစ်ရွက်မြေဩဇာနှင့် ကြက်ဝက်တို့၏ အညစ်အကြေးများအား မြေဩဇာအဖြစ် သုံးစွဲခြင်းဖြင့် စိုက်ပျိုးခဲ့သည်၊ သူ၏ လုပ်ဆောင်မှုကြောင့် သူ၏လယ်ယာမြေသည် တစ်ဧကလျှင် နိုက်ထရိုဂျင်ဖြစ်စေပေါင်း တစ်ရာခန့် နှစ်စဉ်တိုးပွားလာပြီး တစ်ဧကလျှင် စပါး ၂၆၀၀ မှ ၂၇၀၀ အထိ ရိတ်သိမ်းနိုင်ခဲ့သည်။ ယခုအခါတွင်မူ သူသည် တစ်ဧကလျှင် ပေါင် ၇၂၀၀ စပါးထွက်သည်ဟု ဆိုသည်။ ဤကြီးမားသော ကွာဟချက်သည် ပို၍ကောင်းသော မြေဩဇာကြောင့်သာ ဖြစ်သည်ဟု လယ်သမားကြီးက ပြောသည်။

SONG ၏ ယူဆချက်ကို အချို့သော လယ်သမားများက သဘောတူသော်လည်း တချို့မှာမူ ပို၍ကောင်းသော မျိုးစပါးကြောင့်ဟူ၍ ဆိုကြသည်။ အမှန်တကယ်တော့ ကောင်းသောမျိုးစပါးနှင့် မြေဩဇာတို့ ပေါင်းစပ်မှသာ စပါးအထွက်ကောင်းနိုင်သည်။ နိုက်ထရိုဂျင်ဓာတ် ပို၍ရရှိမှသာ ၁၉၅၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များကအထွက်ကောင်းသည့် စပါးနှင့် ဂျုံအဆင့်သို့ ပြန်လည်ရရှိနိုင်ပေလိမ့်မည်။

ထို့ကြောင့် တရုတ်အစိုးရသည် စပါးနှင့်ဂျုံခင်းများအား ကောင်းသောမြေဩဇာများဖြင့် ဖြည့်တင်းခဲ့သည်။ ၁၉၇၅ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်အတွင်း နိုက်ထရိုဂျင် စက်ရုံပေါင်းများစွာတည်ခဲ့ရာ နိုက်ထရိုဂျင် ဓာတ်မြေဩဇာ ထုတ်လုပ်မှုလေးဆခန့်တိုးပွားလာပြီး ကမ္ဘာပေါ်တွင် နိုက်ထရိုဂျင် အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ခဲ့သည်။

လယ်သမားကြီး SONG က ယခုအခါ နိုက်ထရိုဂျင်ဓာတ်မြေဩဇာအား ယခင်ထက် ငါးဆ လယ်ကွက်တွင် အသုံးပြုသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် နိုက်ထရိုဂျင်အသွင်ရှိ ယူရီယာဓာတ်သည် လယ်ကွင်းတွင် အလျှံပယ်ဖြစ်နေရာ တစ်ဧကလျှင် နိုက်ထရိုဂျင် ၅၃၀ ပေါင်ခန့်ရှိသည်။ ဟင်းသီး





ဟင်းရွက် စိုက်ပျိုးသည့် လယ်သမားများသည် ပို၍ပင်သုံးစွဲရာ တစ်ဟက်တာလျှင် တစ်တန်မှ နှစ်တန်ခန့် အသုံးပြုကြသည်။ ဤအပြုအမူကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိဟု ထင်ကြသည်။

သိပ္ပံပညာရှင်များကတော့ နိုက်ထရိုဂျင်ဓာတ်မြေဩဇာအား လိုသည်ထက် ၃၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းကြား ပို၍သုံးစွဲခြင်းဖြင့် နိုက်ထရိုဂျင်ဓာတ်အား အလွဲသုံးစားလုပ်နေကြသည်ဟု ယူဆကြသည်။ နိုက်ထရိုဂျင်ဓာတ်မြေဩဇာအား ပက်ပြီးသည့်နောက် နိုက်ထရိုဂျင်ဒြပ်ပေါင်းများသည် ပတ်ဝန်းကျင်သို့ သွယ်ဖြာစီးဆင်းသွားပြီး မလိုလားအပ်သော ဆိုးကျိုးများကိုပေးသည်။ အချို့သော နိုက်ထရိုဂျင်သည် လယ်ကွင်းမှ ချောင်းဖျားသို့စီးဆင်းသည်။ အချို့မှာမူ လေထုထဲသို့ ရောက်သွားသည်။ အချို့သော နိုက်ထရိုဂျင်ကိုမူ လူနှင့်ခြံမွေးတိရစ္ဆာန်တို့မှ သီးနှံများမှီဝဲခြင်းဖြင့် စားသုံးမိကြပြီး မစင်ထဲမှပြန်ထွက်ကာ မြေဩဇာထဲ ရောက်သွားသည်။

DELI CHEN မည်သော ဩစတေးလျနိုင်ငံမှ သိပ္ပံပညာရှင်က သူငယ်စဉ်က ငါးဖမ်းရာ မြစ်ချောင်းများသည် အလွန်မှကြည်လင်သောကြောင့် ငါးများကို မြင်နိုင်ကြောင်း သို့သော် ၁၉၈၀ ပြည့်နှစ်ကာလတွင်မူ ငါးများကို မမြင်ရတော့ကြောင်း ပြောပြခဲ့သည်။ ဤသို့ဖြစ်ရခြင်းသည် ရေထဲတွင် မှော်လေ့ုများ တစ်ဟုန်ထိုး တိုးပွားလာခြင်းပင် ဖြစ်သည်။

မကြာသေးသောကာလက တရုတ်နိုင်ငံရှိ ရေကန် ငှာအား လေ့လာရာတွင် ရေကန်ထက်ဝက်ကျော်ရှိ ရေထဲတွင် နိုက်ထရိုဂျင် သို့မဟုတ် ဖော့စဖရက်စ် ပျော်ဝင်မှု လွန်ကဲနေသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် သောက်သုံးရေများသည်

www.burmeseclassic.com

လည်း ညစ်ညမ်းလာသဖြင့် လူအများသောက်သုံးရန် အခက်အခဲရှိလာသည်။ ရေထဲရှိ အာဟာရဓာတ်များသည် တရုတ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ငါးမွေးမြူရေးလုပ်ငန်းများအား ထိခိုက်စေသည်။


ဤနည်းအတိုင်း ဓာတ်မြေဩဇာမှ ရေထဲပျော်ဝင်သွားသည့် နိုက်ထရိုဂျင်များသည် Mississipi မြစ်ထဲမှတစ်ဆင့် မက္ကစီကို ပင်လယ်အော်ရှိ ငါးမွေးမြူရေးလုပ်ငန်းများ ပျက်စီးခဲ့ရသည်။ ဤသို့ဖြစ်ခြင်းကြောင့် မျှောလှေးနှင့် မှော်ပင်များ တိုးပွားသေကျေခြင်းဖြင့် ရေထဲရှိ အောက်စီဂျင်ဓာတ်များ ကုန်ခန်းခြင်းကြောင့် ငါးများ မွန်း၍ သေဆုံးကြရသည်။

ဤကဲ့သို့ ဖြစ်ရခြင်းသည် လူသားတို့ အစားအစာလိုအပ်ချက် တစ်ခုတည်းကြောင့်သာ မဟုတ်ပါ။ မော်တော်ယာဉ်များနှင့် လျှပ်စစ်မီးစက်များမှ နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုထဲ ဖျံ့နှံ့ပြီး မိုးရွာသွန်းသည့်အခါ ဤဒြပ်ပေါင်းများသည် မြေပေါ်သို့ ပြန်လည်ကျရောက်ပြီး မြေဩဇာအဖြစ် တစ်ဖန်ဖြစ်သွားပြန်သည်။ လူတို့၏အပြုအမူကြောင့် နှစ်စဉ်ထွက်ရှိသော နိုက်ထရိုဂျင်နှင့် ကမ္ဘာအနှံ့မှ ထုတ်လုပ်သော စီးပွားဖြစ် ဓာတ်မြေဩဇာ၏ ၇၀ ရာခိုင်နှုန်း ပေါင်းစည်းသွားသည်။

အန္တရာယ်ပေးနိုင်သော ဤနိုက်ထရိုဂျင်ဒြပ်ပေါင်းများမှ နိုက်ထရိုဂျင်များအား မှိုဝဲသော ဘက်တီးရီးယားပိုးမွှား၏ လုပ်ဆောင်မှုကြောင့် အန္တရာယ်မပြုသော အခြေအနေသို့ ရောက်ရှိပြီး ပတ်ဝန်းကျင်သို့ ၈၀ ရာခိုင်နှုန်းနီးပါး ရောက်သွားသည်။ သို့ပေမယ့် ဤဘက်တီးရီးယားပိုးမွှားမှ နိုက်ထရိုဂျင်အောက်ဆိုက်များ စွန့်ပစ်ခြင်းဖြင့် ဖန်လုံအိမ်အာနိသင်ကို ဖြစ်ပေါ်စေသည်။ ဤသို့ မြေဆီလွှာတွင် နိုက်ထရိုဂျင် အာဟာရဓာတ် လိုသည်ထက် ပိုနေသည့် ပြဿနာအား သိပ္ပံပညာရှင်များက တိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိနေကြရာ တရုတ်နိုင်ငံမှ ZHU ZAOLIANG မည်သော သိပ္ပံပညာရှင်သည် ၁၉၉၈ ခုနှစ်တွင် တရုတ်အာဟာရပါတီ၏ အစည်းအဝေးတွင် စိုက်ပျိုးရေးညစ်ညမ်းခြင်းအကြောင်း တင်ပြခဲ့သည်။ ထိုစဉ်က တရုတ်သမ္မတ JIANG ZEMIN မှာ စိုက်ပျိုးရေးလုပ်ငန်းကြောင့် ကြီးမားသော မြေဆီလွှာညစ်ညမ်းမှု ဖြစ်စေသည်ကို ထိုအချိန်မှသာ သိရှိခဲ့သည်။

ဤသိပ္ပံပညာရှင်များသည် လယ်သမားအုပ်စုငယ်များအား ဓာတ်မြေဩဇာများ လျှော့၍ သုံးခြင်းဖြင့် အထွက်လျော့မသွားဘဲ အမှန်တကယ်တော့ ဝင်ငွေပို၍ကောင်းကြောင်းကို ရှင်းပြခဲ့ကြသည်။ သိပ္ပံပညာရှင်များသည် သစ်ရွက်ဆွေးမြေဩဇာ အသုံးပြုရန်နှင့် သဘာဝနည်းဖြင့် ဖွဲ့စည်းဖြစ်ပေါ်သော မြေဩဇာများအား လိုအပ်သောအပင်များနှင့် လိုအပ်သော အခါများတွင်သာ သုံးရန် လယ်သမားများအား တိုက်တွန်းလျက်ရှိကြသည်။

သို့ပေမယ့် တိုးတက်မှုမရှိကြောင်း သိပ္ပံပညာရှင်များမှ အသိအမှတ်ပြုကြသည်။ ဤသို့ဆောင်ရွက်ရာတွင် ကြီးမားသော အခက်အခဲမှာ တရုတ်လယ်သမား အများစုမှာ အချိန်ပိုင်းလယ်သမားများသာဖြစ်၍ ငွေကြေးအနည်းငယ် သက်သာမှုကို ဂရုမထားဘဲ အချိန်သက်သာဖို့ရန်သာ ဦးစားပေးခြင်းဖြင့် အလုပ်များကိုလည်းလက်မလွှတ်ရန် ရည်ရွယ်ချက်



www.burmeseclassic.com

ဖြင့် ဓာတ်မြေသြဇာအား မြန်မြန်နှင့် ထိရောက်မှုမရှိဘဲ ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

တရုတ်လူမျိုးတို့၏ စိတ်တွင် ပတ်ဝန်းကျင်ကို အလေးထားသည်ထက် အစားအစာ မလုံလောက်မှုအတွက် ပို၍ စိုးရိမ်စိတ်များ ရှိနေသည်။ တရုတ်စိုက်ပျိုးရေးပေါ်လစီ ဗဟိုဌာန၏ ညွှန်ကြားရေးမှူး HUANG JIKUN က အစိုးရအရာရှိများအား ထိုကဲ့သို့ မစိုးရိမ်ရန် မကြာခဏ ဖျောင်းဖျသည်။ သို့ပေမယ့် ဤအရာရှိများနှင့် လယ်သမား၏ အပြောအရ ဓာတ်မြေသြဇာ လျှော့၍သုံးခြင်းဖြင့် ကံကြမ္မာအား စိန်ခေါ်ခြင်းသာဖြစ်ပြီး ကြီးမားသော အန္တရာယ် ကျရောက်နိုင်ကြောင်း ပြောကြသည်။

တရုတ်နိုင်ငံနှင့် အခြားသောနိုင်ငံများသည် နိုက်ထရိုဂျင်ကို နောင်လာမည့်နှစ်များတွင် ပို၍ပင်သုံးဖို့ရန် အလားအလာရှိသည်။ လူဦးရေ တိုးလာသည်နှင့်အမျှ အသားကို ပို၍စားလာကြသည်။ လူတို့စားသောက်မှီဝဲသော သီးနှံများထက် တိရစ္ဆာန်များစားရန် အပင်နှင့် သီးနှံစိုက်ပျိုးရေးသည် လေးငါးဆ ကြီးထွားလာသည်။

ဤအခက်အခဲကို ဖြေရှင်းရန် အမေရိကန် ပြည်ထောင်စု IOWA ပြည်နယ်၏ အနောက်ဘက်ရှိ HARLAN မြို့ငယ်လေးပြင်ပမှ စိုက်ပျိုးမွေးမြူရေးခြံတွင် အဖြေရှာလျက်ရှိနေသည်။ ဤခြံတွင် ကျွဲနွားကောင်ရေ ၉၀ တို့သည် စိမ်းလန်းသော မြက်ခင်းပြင်တွင် ကျက်စားလျက်ရှိနေကြသည်။ တိရစ္ဆာန်အစာအဖြစ် အသုံးဝင်သော အပင်တစ်မျိုး၊ ပြောင်း၊ ပဲပိစပ်၊ အုတ်ဂျုံပင်နှင့် မုယောစပါးပင်များ ဝိုင်းရံထားသော ကောက်ဦးများ ခင်းထားသည့်နေရာတွင် ဝက်ကောင်ရေ ရာပေါင်းများစွာတို့သည် လှန်လှောမွှေနှောက်လျက်ရှိကြသည်။

RON နှင့် MHRAI ROSMANN တို့သည် ဤယာခင်းများတွင် စက်ရုံထွက် နိုက်ထရိုဂျင် လုံးဝမထည့်ကြပါ။ သို့ပေမယ့် သူတို့စိုက်ပျိုးထားသော လူးဆန်ပဲပင်နှင့် ပဲပိစပ်ပင်များ၏ အမြစ်များတွင် တွေ့ရသော အဖုငယ်များတွင် ရှိနေကြသော ဘက်တီးရီးယားများမှ ထုတ်လုပ်သော နိုက်ထရိုဂျင်သာရှိသည်။ ဤနိုက်ထရိုဂျင်အချို့အား ပြောင်းပင်များမှ ရယူပြီး ဤပြောင်းဖူးများအား ဝက်များ စားသုံးကြသည်။ ဝက်များ မစင်စွန့်ပစ်ခြင်းကြောင့် နိုက်ထရိုဂျင်သည် မြေကြီးထဲ ပြန်ရောက်ပြီး ဤနိုက်ထရိုဂျင်သည် သံသရာလည်လျက်ရှိနေသည်။

ထို့ကြောင့် RON သည် အခြားသော လယ်သမားများနည်းတူ မြေသြဇာလုံးဝမဝယ်ပါ။ သူ၏ရည်ရွယ်ချက်မှာ ဇီဝအခြေခံသော စိုက်ပျိုးရေးလုပ်ငန်းတွင် စံပြဖြစ်ရန်ပင်ဖြစ်သည်။ RON ၏ ပြောင်းစိုက်ခင်းမှာ ပြောင်းဖူးများသီးလျက်ရှိနေရာ အဖူးများ အတော်များသည်။ သို့ပေမယ့် ဤသဘာဝမြေသြဇာသုံးပြောင်းဖူးများဖြင့် ကမ္ဘာ့လူဦးရေအား လောက်ငအောင် မကျွေးနိုင်ဟု အချို့က စောဒကတက်ကြသည်။

သို့ပေမယ့် RON ၏ တွေးဆချက်အရ ဇီဝအခြေခံ စိုက်ပျိုးနည်းဖြင့် လူသားတို့ လောက်ငအောင် စားနိုင်သည်။ အကြောင်းမှာ သဘာဝမြေသြဇာသုံးခြင်းဖြင့် သီးနှံအထွက်ကောင်းသည်။ ဤသို့ စိုက်ပျိုးခြင်းသည် ဓာတ်မြေသြဇာအသုံးပြုခြင်းထက် သီးနှံအထွက်နှေးသည်။ အထွက်နှုန်းသည်လည်း နိုက်ထရိုဂျင်သာ အဓိကလိုအပ်သည့် ပြောင်းပင်များလောက် မကောင်းပါ။

မြောက်အမေရိကအတွက်မူ ဤသို့ အထွက်တိုးနည်းပါးခြင်းနှင့် ဝင်ငွေနည်းခြင်းသည် ပြဿနာတစ်ရပ်တော့ မဟုတ်ပါ။ အကြောင်းမူကား ထိုနေရာတွင် တရုတ်နိုင်ငံ၏ လူတစ်ဦးချင်းပိုင် စိုက်ပျိုးမြေနေရာသည် ခြောက်ဆခန့်ရှိပြီး ပတ်ဝန်းကျင်အား မထိခိုက်စေဘဲ အထွက်တိုးနည်းသည့် သီးနှံများ စိုက်ပျိုးနိုင်ကြသည်။ ROSMANN သည် အစိုးရ၏ ထံမှ ထောက်ပံ့ကြေး အနည်းငယ်ရရှိသဖြင့် သူ၏ ဇီဝအခြေခံသော သီးနှံများအား ဈေးကောင်းဖြင့် ရောင်းချနိုင်သည်။

သို့ပေမယ့် လူတိုင်း ROSMANN ရောင်းချသည့် ဈေးနှုန်းဖြင့် ဝယ်နိုင်ကြပါသလား။ သူ၏ ဇီဝအခြေခံသော စိုက်ပျိုးနည်းဖြင့် ကမ္ဘာ့လူဦးရေအများအား ကျွေးမွေးနိုင်ပါသလား။ တရုတ်နိုင်ငံ နန်ကျင်းမြို့ရှိ မြေဆီလွှာသိပ္ပံကျောင်းမှ သိပ္ပံပညာရှင် ZHU ZAOLIANG ကတော့ ဤမေးခွန်းကို မေးသည့်အခါ ရယ်မော၍ ပြောသည်မှာ ဇီဝအခြေခံသော စိုက်ပျိုးရေးနည်းစနစ်သည် တရုတ်နိုင်ငံ၏ ပြဿနာအား မဖြေရှင်းနိုင်ပါ။

အမေရိကန်ပြည်ထောင်စု MICHIEIAN ပြည်နယ်၏ တစ်နေရာတွင် တစ်ဟက်တာကျယ် စိုက်ခင်းများတွင် ပြောင်း၊ ပဲပိစပ်နှင့် ဂျုံသီးနှံများအား အလှည့်ကျစိုက်ပျိုးရာတွင် ခေတ်ရေစီးကြောင်းနည်းနှင့် ဇီဝအခြေခံသောနည်းများဖြင့် ခွဲခြား၍ စိုက်ပျိုးခဲ့ကြသည်။ ဤသုတေသနလုပ်ငန်းအား နှစ်(၂၀)ကြာ ပြုလုပ်ခဲ့ကြရာတွင် စိုက်ခင်းသို့ကျရောက်သည့် မိုးရေချိန်၊ မြေသြဇာ၊ မြေဆီလွှာမှထွက်သော နိုက်ထရပ်အောက်ဆိုက်ဒြပ်စင်၊ မြေကြီးသို့စီးဆင်းသွားသော ရေပမာဏနှင့် ရိတ်သိမ်းရသော သီးနှံများအား တိကျစွာ တိုင်းတာကြသည်။

ဤစီမံကိန်းအား အထောင်အထည်ဖော်ခဲ့သည့် သိပ္ပံပညာရှင် PHIL ROBERTSON ၏ တွေ့ရှိချက်များအရ သမားရိုးကျနည်းပညာဖြင့် စိုက်ခင်းမှလိုအပ်သည့် သဘာဝမြေသြဇာများ ပက်ခဲ့သော စိုက်ခင်းတစ်ကွက်ချင်းစီမှ ၁၁ နှစ် တာကာလတွင် စိုက်ခင်းတစ်ဧကလျှင် နိုက်ထရိုဂျင် ၆၀၀ ပေါင်အား မြေဆီလွှာအောက်ရှိ ရေထဲသို့ လွှတ်ပေးခဲ့သည်။

ROBERTSON ၏ လေ့လာချက်အရ စိုက်ခင်းထဲ ပက်ခဲ့သည့် နိုက်ထရိုဂျင်၏ ထက်ဝက်ကို ဆုံးရှုံးခဲ့ရသည်။ ဤပမာဏသည် တရုတ်ပြည်နှင့် နှိုင်းယှဉ်လျှင် နည်းပါးသော်



www.burmeseclassic.com

www.burmeseclassic.com

သည်း အမေရိကန်နိုင်ငံ၏ စိုက်ပျိုးမြေ ဧကသန်းပေါင်းများစွာနှင့် မြောက်လိုက်ပါက အလွန်မှ ညစ်ညမ်းသောရေတို့သည် MISSISIPPI မြစ်ထဲသို့စီးဆင်းပြီး မက္ကစီကိုပင်လယ်အော်ရှိ ရေသတ္တဝါတို့အား သေစေနိုင်စွမ်းရှိသည်။

သို့ပေမယ့် PHIL ROBERTSON မှ ဇီဝအခြေခံ နိုက်ခင်းများမှမူ ဆုံးရှုံးသော ပမာဏမှာ အထက်ဖော်ပြသည့် ပမာဏ၏ သုံးပုံတစ်ပုံသာရှိပြီး သီးနှံအထွက်မှာလည်း ၂၀ ရာခိုင်နှုန်း လျော့နည်းသည်။ အမေရိကန်ပြည်ထောင်စုရှိ လယ်သမားများအားလုံး ဤကဲ့သို့ နိုက်ထရိုဂျင်ဆုံးရှုံးမှုကို လျှော့ချနိုင်မည်ဆိုပါက ရေညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းကို များစွာလျှော့ချနိုင်ပေလိမ့်မည်။ တရုတ်နိုင်ငံရှိ လယ်သမားများ အတော့ ဤနည်းကို အသုံးချပါက အစားအစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြမည် မဟုတ်ပါ။

အာဖရိကနိုင်ငံများမှ တောင်သူလယ်သမားများ အတွက်မူ စီးပွားဖြစ်ထုတ်လုပ်သော ဓာတ်မြေဩဇာများကို သုံးနိုင်စွမ်း မရှိကြပါ။ တစ်ဧကလျှင် ပျမ်းမျှ ခုနစ်ပေါင်ခန့်သာ အသုံးပြုနိုင်ကြသည်။ သဘာဝမြေဩဇာနှင့် ပဲတောင့်ရှည် အပင်များမှ ရသောမြေဩဇာများသည်လည်း ရှားပါးသည်။

အာဖရိကကျေးလက်ဒေသများမှ လယ်သမားများ သည် ငတ်မွတ်ခြင်းဘေးမှ ကင်းလွတ်ရန် ကယ်လိုရီများများ ရှိသည်။ စပါးနှင့် ပြောင်းတို့ကိုသာ အဓိကစိုက်ပျိုးကြရာ တွင် မြေဆီလွှာမှ အာဟာရဓာတ်များ လျော့နည်းလာသည် နှင့်အမျှ သီးနှံအထွက် တဖြည်းဖြည်းနည်းလာသည်။ သီးနှံ အထွက်နည်းခြင်းကြောင့် ဆင်းရဲနွမ်းပါးပြီး ဓာတ်မြေဩဇာ ဝယ်နိုင်အား မရှိကြပါ။

ထိုဓာတ်မြေဩဇာ လိုအပ်ချက် နည်းပါးခြင်းကြောင့် ပြည်တွင်းတွင် မည်သူမျှ ထုတ်လုပ်ခြင်း မရှိ၍ ပြည်ပမှ တင်သွင်းရသဖြင့် အလွန်ဈေးကြီးပေးဝယ်ယူ ကြရသည်။ သဘာဝအလျောက် ဖြစ်ပေါ်သော မြေဩဇာများသည် စိုက် ပျိုးရေးကြောင့် ကုန်ခန်းသွားသဖြင့် ရေရှည်တွင် ငတ်မွတ် ခေါင်းပါးခြင်းဘေး ဆိုက်ရောက်ကြရသည်ဟု ကမ္ဘာ့ဘဏ်မှ ထုတ်ချက်ပြုခဲ့သည်။

အာဖရိက ဆာဟာရဒေသများ၏ တစ်ဧကလျှင် ပျမ်းမျှသီးနှံအထွက်နှုန်းသည် ပေါင် ၉၀၀ သာရှိသဖြင့် တရုတ် နိုင်ငံ၏ အထွက်နှုန်းနှင့်နှိုင်းယှဉ်ပါက ငါးပုံတစ်ပုံသာရှိသည်။ ထို့ကြောင့် ဤအခြေအနေကို သိသောသူအားလုံးမှာ အာဖရိက လယ်သမားများ၏ သီးနှံအထွက်တိုးပြီး သင့်တင့်သော ဘဝနေနိုင်ရန် နိုက်ထရိုဂျင်ကို ပို၍လိုအပ်သည်ဟု တညီ တညွတ်တည်း ပြောကြသော်လည်း အဘယ်မှရနိုင်သည်ကို ငြင်းခုံလျက်ရှိကြသည်။

အမေရိကန်ပြည်ထောင်စု COLUMBIA တက္ကသိုလ် JEFFREY SACHS ၏ ယူဆချက်အရ သီးနှံပိုမိုထုတ်လုပ် နိုင်ရန် စီးပွားဖြစ်ထုတ်လုပ်သော မြေဩဇာ ပို၍လိုအပ်သည်။ ဆင်းရဲချို့တဲ့သော အာဖရိကလယ်သမားများက ဝယ်လိုအား မရှိပါက ချမ်းသာသော နိုင်ငံများမှ ပံ့ပိုးပေးရမည်ဟုပြော သည်။ ထို့ကြောင့် အာဖရိကတိုက်၏ နိုင်ငံ ဆယ်နိုင်ငံမှ ရွာ ပေါင်း ၈၀ သို့ SACHS ၏ ထောင်စုနှစ်ရွာများ စီမံကိန်းမှ မျိုးကောင်းမျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ဖြန့်ဝေပေး လျက်ရှိသည်။ တွေ့ရှိချက်များအရ ရလဒ်ကောင်းသည့် TANZANIA, KENYA နှင့် MALAWI နိုင်ငံများမှ ထောင် စုနှစ်ရွာများ၏ လယ်မြေများ၏ သီးနှံအထွက်သည် နှစ်ဆ နီးပါး တိုးလာခဲ့သည်။

၂၀၀၆ ခုနှစ်မှစ၍ MALAWI အစိုးရသည် ဈေးချို သော ဓာတ်မြေဩဇာများအား နိုင်ငံ၏ လယ်သမားထက် ဝက်ကျော်အား ပေးဝေခဲ့သည်။ ပြောင်းအထွက်နှုန်းသည် နှစ်ဆမြင့်တက်လာခဲ့သည်။ ဤစီမံကိန်းသည် ရေရှည်တည်တံ့ နိုင်ပါ့မလား။ အာဖရိကနိုင်ငံ အတော်များများမှာ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် ဓာတ်မြေဩဇာဝယ်ယူနိုင်ရန် အမတော်ငွေများ ပေးခဲ့သော်လည်း ဈေးနှုန်းကြီးမားခြင်းနှင့် အကျင့်ပျက်မှုများကြောင့် လုပ်ငန်းမအောင်မြင်ခဲ့ပါ။ MALAWI နိုင်ငံတွင် အမတော်ငွေ ပမာဏလျော့နည်းလာ၍ ဤစီမံကိန်းပျက်ရန် နီးစပ်လျက်ရှိသည်။

အာဖရိကနိုင်ငံများက ဓာတ်မြေဩဇာ ဝယ်နိုင်အား မရှိသဖြင့် အခြားသောနည်းလမ်းဖြင့် သီးနှံစိုက်ပျိုးရန်သာ ဖြစ်သည်။ ထို့ကြောင့် ထောင်ပေါင်းများစွာသော MALAWI လယ်သမားများသည် ပြောင်းဖူးအစား နိုက်ထရိုဂျင်ဖြစ်စေ သော ခိုစားပဲနှင့် မြေပဲတို့ကို စိုက်ပျိုးလာကြသည်။ ဤသို့ စိုက်ပျိုးခြင်းအား ဆယ်နှစ်တာကာလ စမ်းသပ်လုပ်ဆောင် ခြင်းဖြစ်သည်။ ပဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအား ပိုမိုဖွံ့ဖြိုး စေသဖြင့် လာမည့်နှစ်တွင် စိုက်ပျိုးသောပြောင်းမှာ အထွက် ပို၍ကောင်းခဲ့သည်။ စိုက်ပျိုးမြေနည်းခဲ့သော်လည်း ပြောင်း အထွက်မှာ ပို၍ပင်ကောင်းခဲ့သည်။ ဤသို့ပြောင်းလဲလာရ ခြင်းအတွက် နှစ်ပေါင်းများစွာ စမ်းသပ်ခဲ့ရသည်။ လယ် သမားများအား ပညာပေးရသည်။

နိုက်ထရိုဂျင်မပါဘဲ စိုက်ပျိုးသွားရန် အချိန်ယူရသည်။ စီမံမှု ကောင်းရမည်။ အလုပ်ချိန် ပိုပေးရမည်။ ပို၍ ဂရုပြု ပေးရမည်။ လွန်ခဲ့သော ရာစုက ဓာတုဗေဒပညာရှင် FRITZ HABER က လေထုထဲမှ နိုက်ထရိုဂျင်ကို ထုတ်ယူနိုင်ခဲ့သည့် အချိန်မှစ၍ စိုက်ပျိုးရေးကို များစွာလွယ်လင့်တကူ အထောက် အကူပြုခဲ့သော်လည်း ယခုအခါတွင်မူ ကမ္ဘာမြေကြီးအား ကယ်တင်နိုင်ရန် ဓာတုဗေဒစမ်းသပ်ခန်းမှ အဖြေ မဖော်ထုတ် နိုင်ပါ။ ဤအဖြေကို ကမ္ဘာ့နေရာအနှံ့ရှိ တောင်သူလယ်သမား များနှင့် သူတို့၏ လယ်မြေများမှသာ ရရှိနိုင်ပေလိမ့်မည်။

❐ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# သူတစ်ပြာ ကမ္ဘာ

## ပွဲရှိုးပွဲဝင်ပါပဲ



နိုင်ငံတကာ ဘောလုံးလောကမှာ ဘောလုံးသမား ဂျရတ်ပီကေးဟာ ကမ္ဘာကျော်အဆိုတော် ရှကီရာနဲ့ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သူတို့ရဲ့ သားဦးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ မွေးဖွားခဲ့ပါတယ်။ သားဦးလေးရဲ့ အညော်ကို လောလောဆယ် မီလန်လို့ အမည်ပေးထားခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ကို အသည်းအသန် အားကျနေသူကတော့ ပူးတွဲဖော်ပြထားတဲ့ ပုံထဲက ရုရှားနိုင်ငံသူ မော်ဒယ်လ် အီရီနာရှေ့ ဖြစ်ပါတယ်။ သူမဟာ ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရော်နယ်ဒိုနဲ့ ပေါင်းသင်းနေထိုင်ခဲ့ကြပေမယ့် အခုချိန်ထိ ရင်သွေးသားသမီးရတနာ မရရှိသေးတဲ့အတွက် သူတို့ရဲ့ အိမ်ထောင်ရေးဟာလည်း ခိုင်မြဲပါ့မလားလို့ သံသယဖြစ်နေကြောင်း အားကစားလောကရဲ့ အတင်းအဖျင်းတွေကို ထုတ်ဖော်ရေးသားလေ့ရှိတဲ့ မီဒီယာလောက စာနယ်ဇင်းတွေထဲမှာ ဖွနေကြပါသတဲ့။




## ကားကြော်ငြာနဲ့မော်ဒယ်လ်

နိုင်ငံတကာ မော်တော်ကားပြပွဲများတွင် ရှေးအခါက မော်တော်ကားကို ပမာနထား၍ ရှုထောင့်အမျိုးမျိုးမှ အသားပေးဖော်ပြ ကြော်ငြာခဲ့ကြသည်။ သို့ရာတွင် မကြာသေးမီကာလမှ စတင်၍ မော်တော်ကားကြော်ငြာတိုင်းတွင် ရုပ်ရည်နှင့်ကိုယ်လုံး လှပအချိုးကျသော မိန်းမပျိုလေးများကိုပါ ထည့်သွင်းဖော်ပြလာကြသည်။ တစ်စ တစ်စနှင့် ထိုမိန်းမပျိုလေးများ၏ ဝတ်စားဆင်ယင်မှုများသည်လည်း မလုံမလဲဖြင့် ခန္ဓာကိုယ်အသားစိုင်များကို တပ်မက်ဖွယ်ရာ ဆွဲဆောင်ပြသလာကြသည်။ စင်စစ်အားဖြင့် ကားဝယ်မည့်သူများကို မိန်းမချောလေးများ၏ အာရုံဖြင့် ညှို့ငင်ဖမ်းစားခြင်း လည်း ဖြစ်နိုင်သည်။ ဂျပန်နိုင်ငံမှ စတင်၍ မော်ဒယ်လ်နှင့် မော်တော်ကား ပူးတွဲပေါင်းစပ် ကြော်ငြာပြသမှုသည် ယခုအခါတွင် တရုတ်ပြည်တွင်လည်း ပြည်တွင်းကားပြပွဲများ၌ မော်ဒယ်လ်မိန်းမပျိုများ ဝတ်ဆင်ထားသော အဝတ်များမှာ နည်းပါးသည်ထက် နည်းပါးလာသည်ကို သက်ဆိုင်ရာမှ အလွန်အကျွံမဖြစ်စေရန် အထူးစောင့်ကြည့်လျက် ရှိနေကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



## အဖေ့ကို မီပါ့မလား

တစ်ကြိမ်တစ်ခါမှ ဟောလိဝုဒ် ရုပ်ရှင်လောက နယ်မြေပေါ်မှာ သိသိသာသာ မတွေ့မမြင်ဖူးတဲ့ လူတစ်ယောက်ဟာ "FISTFUL OF DOLLER" ဇာတ်ကားတစ်ကားတည်းနဲ့ ရုပ်ရှင်လောကမှာ လျှမ်းလျှမ်းတောက် အောင်မြင်ထင်ရှားကျော်ကြားတဲ့ ရုပ်ရှင်မင်းသား တစ်ယောက်ဘဝကို ရောက်ခဲ့ရသူဟာ ကလင့်အိစ်ဝုဒ် ဖြစ်ပါတယ်။ အဲဒီဇာတ်ကား နောက်ပိုင်းမှာ ရုပ်ရှင်ဇာတ်ကားတွေ တစ်ကားပြီးတစ်ကား အဆက်မပြတ် ရိုက်ခဲ့ရာက မင်းသားအဖြစ်နဲ့သာမက ထုတ်လုပ်သူ ပရိုဂျူဆာအဖြစ်နဲ့လည်း အောင်မြင်ကျော်ကြားခဲ့ပါတယ်၊ အခုတော့ အသက်အရွယ် အိုမင်းကြီးရင့်လာတဲ့ မင်းသားကြီး ကလင့်အိစ်ဝုဒ်ဟာ သူ့ရဲ့သားဖြစ်သူ စကော့အိစ်ဝုဒ်ကို ရုပ်ရှင်လောကထဲကို အရောက်ပို့လိုက်ပြန်ပါပြီ။ အခုဆိုရင် ရုပ်ရှင်ကားလေးကားမှာ ပါဝင်သရုပ်ဆောင်ပြီးပါပြီ။"ဒါပေမယ့် ဖအေတူသား အောင်မြင်ကျော်ကြားသူ ဖြစ်၊ မဖြစ် စောင့်ကြည့်ကြရမှာဖြစ်ကြောင်း စာနယ်ဇင်းတွေက ရေးသားကြပါတယ်။



## တမေးပွဲနီးလို့ပါ

'ဟယ်ရီပေါ်တာ'အမည်ရှိ စုန်းပညာသင်တန်း ကျောင်းသူအဖြစ် ဆယ်ကျော်သက်မင်းသမီးလေးအဖြစ်နဲ့ ပရိသတ်ရဲ့ ချစ်ခင်နှစ်သက်မှုကို ရရှိခဲ့တဲ့ အမ်မာဝပ်ဆင်ဟာ အခုအချိန်မှာ အသက်(၂၃)နှစ် ပြည့်ခဲ့ပါပြီ။ ဟယ်ရီပေါ်တာ ရုပ်ရှင်ဇာတ်လမ်း အဆုံးသတ်သွားတဲ့ နောက်ပိုင်းမှာ ဟောလိဝုဒ်ရုပ်ရှင်လောကရဲ့ "The perks of being a wall-flower" ရုပ်ရှင် ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ရာက သူမရဲ့တွဲဖက် အမေရိကန်မင်းသား ဂျွန်နီဆိုင်မွန်နဲ့ ချစ်သူဖြစ်ခဲ့ကြပါသတဲ့။ ဒါပေမယ့် သူမအနေနဲ့ ပညာရေးအတွက် အင်္ဂလန်ကိုပြန်ပြီး အောက်စ်ဖို့ဒ်တက္ကသိုလ်မှာ ကျောင်းတက်ဖို့လာတဲ့အခါမှာ အမေရိကန်မင်းသားလေး ဂျွန်နီဆိုင်မွန်ဟာ အင်္ဂလန်ကို မလိုက်နိုင်တဲ့အတွက် သူတို့နှစ်ယောက်လမ်းခွဲခဲ့ကြပါတယ်။ နောက်တော့ မင်းသမီးလေးဟာ ဟောလိဝုဒ်ရုပ်ရှင်ဒါရိုက်တာတွေရဲ့ မျက်စိကျခြင်း ခံရပေမယ့် လောလောဆယ် ကျောင်းပညာရေးထက် အခြားဘာကိုမှ စိတ်မဝင်စားကြောင်း ပြောကြားခဲ့ပါတယ်။ ခုချိန်မှာ အမေရိကန်နိုင်ငံ တက္ကသိုလ်တစ်ခုမှာ အင်္ဂလိပ်စာအဓိကနဲ့ တတိယနှစ် စာမေးပွဲ ဖြေဆိုရတော့မှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## သုံးနှစ်တိုင်တိုင်



အမေရိကန် တေးဂီတလောက၏ အထူးခြားဆုံးဖြစ်လာသော တေးသံရှင်မှာ အဒယ်လ်ဖြစ်သည်။ သူမသည် ၂၀၁၁ ခုနှစ်အတွင်း ထွက်ရှိခဲ့သည့် "21" တေးအယ်လ်ဘမ်သည် ၂၀၁၃ ခုနှစ်တိုင်အောင်ပင် ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်တစ်ခု ဖြစ်နေသည်။ အင်တာနက်မှ ယပ်ဆင့် Download ရယူ နားသောတဆင်သော အကြိမ်ပေါင်း သုံးသန်းကျော် ရရှိခဲ့သဖြင့် Digital ရောင်းအားစနစ်တွင် ရောင်းအစွံဆုံးအဖြစ် မှတ်တိုင်တစ်တိုင် စိုက်ခဲ့လေသည်။ သူမ၏ "21" တေးအယ်လ်ဘမ်သည် အမေရိကန်နိုင်ငံ တစ်ခုတည်းတွင် ဆယ်သန်းကျော် ရောင်းချခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာအရ တေးအယ်လ်ဘမ်ပေါင်း ၂၅ သန်းကျော် ရောင်းချခဲ့ရသည်။ ထိုတေးအယ်လ်ဘမ်ဖြင့် တေးသံရှင် အဒယ်လ်သည် ဂီတထူးချွန်ဆုပေါင်း များစွာဆွတ်ခူးရရှိခဲ့ပြီး တတိယမြောက် အယ်လ်ဘမ်အတွက် ကြိုတင်ပြင်ဆင်လျက်ရှိပြီး ၂၀၁၃ ခုနှစ်အတွင်း ထွက်ရှိရောင်းချနိုင်ရန် မျှော်လင့်ထားလေသည်။



## အာကာသ အနှောင့်အယှက်

ကိုးရိုးကားရား ဝတ်စားဆင်ယင် ထုံးဖွဲ့ပြင်ဆင်မှုဖြင့် တေးချစ်သူပရိသတ်၏ အာရုံစိုက်ခြင်းကို ခံယူရရှိလာသော တေးသံရှင်အမျိုးသမီးမှာ လေဒီဂါဂါ ဖြစ်သည်။ မကြာသေးမီက အာကာသခရီးသွားလာရေးလုပ်ငန်း အေဂျင်စီသည် "VIRGIN JALATIC" အမည်ဖြင့် ဆောင်ရွက်ပို့ဆောင်ရန် စီစဉ်လျက်ရှိသည်။ ထိုအာကာသခရီးသွားမည့် ၂၀၁၅ ခုနှစ် အာကာသခရီးစဉ်တွင် ပထမဦးဆုံး အာကာသခရီးသည်အဖြစ် လိုက်ပါမည့်သူစာရင်းတွင် အဆိုတော် လေဒီဂါဂါက ထိပ်ဆုံးမှ စာရင်းဝင်ဖြစ်သည်။ သူမသည် အဆိုပါအာကာသယာဉ်ဖြင့် ကမ္ဘာ့အပြင်ဘက်သို့ ရောက်ရှိသွားချိန်၌ အာကာသအတွင်းတွင် သူမ၏ သီဆိုဖျော်ဖြေမှုကို ပြုလုပ်ရန် ကြိုတင်စီစဉ်ထားသည်။ အာကာသထဲတွင် သူမ၏ သီဆိုဖျော်ဖြေမှုကို အမေရိကန်နိုင်ငံရှိ ရုပ်သံချန်နယ်လ်အချို့မှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း စာနယ်ဇင်းအချို့တွင် ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



## လှော့လှော့ပေါ့ပေါ့

၂၀၁၃ ခုနှစ်အတွင်း ပြသခဲ့သည့် "Police Strory" ရုပ်ရှင်ဇာတ်ကားသည် တရုတ်ပြည်မကြီးတွင် စတင်ဖွင့်လှစ်ပြသခဲ့ရာ ယူအက်စ်ဒေါ်လာ ဆယ်သန်းကျော် ရရှိခဲ့သောကြောင့် ၂၀၁၃ ခုနှစ်အတွင်းက တရုတ်နိုင်ငံ၌ ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများအနက် ဝင်ငွေအကောင်းဆုံး ဖြစ်နေသည်။ ထို့ကြောင့် ပရိုဂျူဆာနှင့် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းသည် "Police Story 2013" ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားများကို ဆက်လက်ရိုက်ကူးတင်ဆက်လိုသော အာသီသပြင်းပြလျက်ရှိကြောင်း သရုပ်ဆောင်များ ညစာစားပွဲတွင် ပြောပြခဲ့သည်။ သူသည် အသက်အရွယ် ကြီးရင့်နေပြီဖြစ်သောကြောင့် ဆက်လက်ရိုက်ကူးမည့် ဇာတ်လမ်းများတွင် လှုပ်ရှားမှုဇာတ်ဝင်ခန်းများတွင် လျှော့၍ ထိန်းထိန်းသိမ်းသိမ်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောပြခဲ့သည်။



## အားပါးပါး များမှများ

ပရီးမီးယားလိဂ်ကလပ် ဖြစ်တဲ့ မန်စီးတီးဘောလုံးအသင်းဟာ မကြာသေးမီက ၂၀၁၃ ဇန်နဝါရီလ အပြောင်းအရွှေ့ ကာလမှာ လူငယ်ဘောလုံးသမား လူကီရှောကို ပြောင်းရွှေ့ကြေး အမြင့်ဆုံးပေးပြီး ခေါ်ယူတော့မှာ ဖြစ်ပါတယ်။ အဲဒီဘောလုံးသမား လူကီရှောဟာ အသက်(၁၈)နှစ်သာ ရှိသေးတဲ့ ဆောက်သင်ပတန်ဘောလုံးအသင်းမှာ လက်ရှိဘယ်နောက်ခံလူအဖြစ် ကစားနေသူဖြစ်ပါတယ်။ လူကီရှောကို ပြိုင်ဘက်ဘောလုံးအသင်းများဖြစ်တဲ့ ချယ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ကလည်း အဲဒီလူငယ်ဘောလုံးသမားကို ခေါ်ယူရန် စိတ်ဝင်စားနေတဲ့အတွက် အခုလို ပြောင်းရွှေ့ကြေး ပေါင်ငွေ သန်းသုံးဆယ် အမြင့်ဆုံးပေးပြီး ဆောက်သင်ပတန်အသင်းဥက္ကဋ္ဌ နီကိုလာကော်တီစ်ထံသို့ တရားဝင်ကမ်းလှမ်းခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်အတွင်းက ဒန်နီယယ်လ်ဒဲဗက်စ် ရရှိခဲ့တဲ့ အမြင့်ဆုံးပြောင်းရွှေ့ကြေးဟာ ၂၉ ဒသမ ၅ သန်းသာ ဖြစ်ခဲ့တဲ့အတွက် ယခု လူကီရှောရရှိမယ့် ပြောင်းရွှေ့ကြေး ပေါင်ငွေ သန်း သုံးဆယ်ဟာ အထူးစံချိန်တင်ဖြစ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နေ့ဝွမ်းအင်

ယခု ပစ္စက္ခုလောကမှာ ကမ္ဘာတစ်ဝန်းလုံးအတွက် နိုင်ငံတကာရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်မှုဟာ ပိုမိုတိုးတက် လိုအပ်နေပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဆိုင်ရာ တီထွင်ကြံဆမှုတွေကိုလည်း အမျိုးမျိုးအဖုံဖုံ တီထွင်ကြံဆ ဆောင်ရွက်လျက်ရှိပါတယ်။ ဆီယာနာ တောင်တန်းတွေပေါ်မှာ အရုဏ်ဦးရောင်နီသန်းတော့မယ့် အချိန်မတိုင်မီ ကယ်လီဖိုးနီးယားပြည်နယ် သဲကန္တာရအတွင်းရှိ နေရောင်ခြည်အသုံးချစခန်း (ဧက ၈၄၀) တွင် နေခြည်ဖမ်းခွက် ၅၄၀၀၀၀ တို့ဟာ နေရောင်ခြည်ကို ဖမ်းယူစုဆောင်းရန် ကွန်ပျူတာစနစ်နဲ့ အဆင်သင့်ဖြစ်နေပါတယ်။ အတန်းလိုက် တပ်ဆင်ထားတဲ့ နေခြည်ဖမ်းခွက်တွေဟာ ထွက်ပေါ်လာတဲ့ နေနဲ့အတူ နေလမ်းကြောင်းအတိုင်း (နေဝင်ချိန်တိုင် အောင်) ရွေ့လျားလိုက်ပါပြီး နေပူရှိန်မှတစ်ဆင့် ရရှိတဲ့အပူရှိန်ကို အပူလွှဲကိရိယာများအတွင်း စီးဆင်းဖြတ်သန်းကာ ရေငွေ့ဖြင့် တာဘိုင်ဂျင်နရေတာကို လည်ပတ်စေခြင်းဖြင့် တောင်ကယ်လီဖိုးနီးယား ဓာတ်အားကုမ္ပဏီအတွက် လျှပ်စစ် အား ထုတ်လုပ်ပေးပါတယ်။



## မျိုးနွယ်ရောဂါ

လူသားတစ်ဦး၏ ကျန်းမာရေးတွင် ထိုသူ၏ လူမျိုးသဘာဝနှင့် အကောင်း၊ အဆိုး ဖန်တီးနိုင်သော နောက်ခံ သဘောရှိနေသည်ကို ဆရာဝန်များက ဆေးဝါးကုသရာ၌ ဤသဘောသဘာဝကို ထည့်သွင်းစဉ်းစားသင့်ကြောင်း တင်ပြကြသည်။ အချို့ရောဂါ လက္ခဏာများမှာ မည်သည့်လူမျိုးဖြစ်သောကြောင့်၊ မည်သည့်ရောဂါ ဖြစ်ပွားသောကိစ္စ များနှင့် ဆက်စပ်နေကြောင်း တွေ့ရှိကြသည်။ အမေရိကန်နိုင်ငံတွင် လူမည်းများသည် လူဖြူများထက်ပို၍ သွေးတိုး ရောဂါ ခံစားရသူ ပေါ်များကြသည်ဟု စစ်ဆေးတွေ့ရှိကြသည်။ အမေရိကန်နိုင်ငံ၏ ဌာနေပင်ရင်း လူမျိုးနွယ်များ ဖြစ်ကြသော ရက်ဒ်အင်ဒီးယန်း လူမျိုးများသည် ဆီးချိုရောဂါဖြစ်သူ များပြားသည်။ အမေရိကန်နိုင်ငံသို့ အာရှတိုက်နိုင်ငံ မှ ရောက်ရှိလာကြပြီး အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့ကြသော အာရှ အမေရိကန်မျိုးနွယ်များသည် အထူးသဖြင့် ဝမ်းပိုက်ကင်ဆာရောဂါ ခံစားရသူ ပိုမိုများပြားကြကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိကြောင်း ဖော်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



## နွေးထွေးသောတုံ့ပြန်ခြင်း

ဩစတေးလျဝန်ကြီးချုပ် တိုနီအက်ဘော့စ်သည် မကြာသေးမီက ဩစတေးလျနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံအပေါ်တွင် သူလျှိုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ ဆက်ဆံရေး ပျက်ယွင်းခြင်းကို ပြန်လည်၍ ခိုင်မာသောဆက်ဆံရေး တည်ဆောက်နိုင်ရန် မျှော်လင့်ကြောင်း အင်တာနက်သတင်းတစ်ရပ်ဖြင့် ဖော်ပြခဲ့သည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားသမ္မတ ယိုဒိုယိုနို၏ တုံ့ပြန်မှုသည် အလွန်တရာ နွေးထွေးသည့် အခြေအနေတစ်ရပ် ဖြစ်သောကြောင့် ထိုတုံ့ပြန်မှုသည် ဩစတေးလျနိုင်ငံနှင့် ပတ်သက်၍ အပေါင်းလက္ခဏာ ဆောင်စေခဲ့ကြောင်း တိုနီအက်ဘော့စ်က ပြောပြခဲ့သည်။



## လွတ်ငြိမ်းချမ်းသာခွင့်

တစ်ကြိမ်က ရုရှားနိုင်ငံရဲ့ အချမ်းသာဆုံး ခိုဒေါ်ကိုဗက်စ်ကီးကို အကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးလိုက်တယ်ဆိုတဲ့သတင်း ဖြစ်ပေါ်လာပါတယ်။ ဒါပေမယ့် အဲဒီ အင်တာဖက်စ် သတင်းဌာနရဲ့ ကြေညာချက်ကို ဒေသဆိုင်ရာ အကျဉ်းထောင်အာဏာပိုင်တွေက အတည်မပြုနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ခိုဒေါ်ကိုဖက်စ်ကီးကို ကရင်မလင်ဝေဖန်ရေးသမားတွေက နိုင်ငံရေးအကျဉ်းသားလို့ ရှုမြင်ကြပါသတဲ့။ သူ့ကို လူသားချင်း စာနာထောက်ထားခြင်းအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်လို့ ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏အမိန့်တွင် ဖော်ပြခဲ့ပါတယ်။ ခိုဒေါ်ကိုဗက်စ်ကီးဟာ သူ၏မိခင် မကျန်းမမာ ဖြစ်နေတဲ့အတွက် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် မေတ္တာရပ်ခံခဲ့တယ်လို့ ပူတင်က သတင်းထောက်များကို ပြောကြားခဲ့ပါတယ်။ ကရင်မလင် ပြန်ကြားရေးဌာနက ထုတ်ပြန်တဲ့အမိန့်ဟာ ချက်ချင်းအကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။

❐ ဖိုးရွှေလမင်း

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## နွားကျင်ငယ်ရည်ဖြင့်

ကိုထိန် (တာချီလိတ်)

အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးနည်းတွေက တော့ အများကြီး တွေ့နေရတယ်။ ဟိုဟာလေးနဲ့ ဒီဟာလေး ကို ရောစပ်၊ တစ်နေ့ ဒီလောက်သောက် ဆိုတာတွေ။ နေ့ အခါမှာ ဒီလို၊ ဆောင်းနဲ့ မိုးမှာတော့ ဤနှယ် သေဖြင့် ရာသီ စက်ဝန်းကို အခြေပြုပြီး မှီဝဲရမယ့် ဆေးနည်းတွေကလည်း မနည်းရှိကြပါတယ်။ အဆင်ပြေကြမှာပါ။ သူ့အရပ်နဲ့ သူ့ ဇာတ်မို့ ပြောစရာမရှိကြောင်းပါ။ အဲဒီတွေထဲကမှ အထူး အလေးထား ပြောချင်တာလေးရှိလို့ ဖော်ပြလိုက်ပါတယ်။

ဘာများတဲ့လဲ၊ 'နွားကျင်ငယ်ရည်နဲ့ ရော၍သာ' ဆိုတဲ့ နည်းပါခင်ဗျာ။

ဟုတ်တော့ဟုတ်ပါတယ်။ လူတွေ နှာခေါင်းရှုံ့တတ် တဲ့ ကျင်ငယ်ဆိုတာနဲ့ တွဲဖက်၍ ဆိုကတည်းက နည်းနည်း တွန့်သွားကြမယ်ဆိုတာ နားလည်လို့ရပါတယ်။

သို့ပေမယ့် ယခု တင်ပြမှာက ဘုရားဆေးတော်ကြီး ဖြစ်နေလို့ပါခင်ဗျာ။

မြတ်စွာဘုရား ကိုယ်တော်တိုင် ဇေတဝန်ကျောင်း တော်မှာ . . .

"နွားကျင်ငယ်သည် သည်းခြေနာမှတစ်ပါး အခြား သော အနာရောဂါတို့ကို နိုင်သောကြောင့် သည်းခြေနာကို လွန်စွာနိုင်နင်းသော ကြစုသီးကို နွားကျင်ငယ်နှင့် စိမ်၍ ရဟန်းတို့အား မည်သည့်အချိန်မဆို စားသုံးနိုင်သည်၊ စားသုံး တော့" ဟု မိန့်ကြားခဲ့ပါတယ်။

ကဲ . . . မိဘများခင်ဗျာ ဤမျှရှင်းလင်းပြတ်သားတဲ့ ဆေးနည်း ကြားဖူးကြပါသလား။ ဘယ်ရောဂါကိုမဆို နိုင်နင်း တယ်ဆိုမှတော့ မသုံးဆောင်သင့်ပေဘူးလား။ အားမကိုးသင့် ပေဘူးလား။

သို့သော်လည်း ခုနက ပြောခဲ့သလို "တို့လဲ သိပေ မယ့် ဟို နွားကျင်ငယ်ဆိုတာကတော့" မှာ ရပ်ရပ်သွားလို့ အဲဒါကိုပဲ ဇောင်းပေးပြောပါတော့မယ်။

သုသုံးဘ သံဟိတာကျမ်းနဲ့ ဥတုဘောဇနကျမ်း သတ္တရသမကဏ္ဍတို့မှာ "နွားကျင်ငယ်သည် ပူသောဝိရိယ ရှိ၏။ စပ်၏။ ခါး၏။ ငန်၏။ ပေါ့၏" လို့ ဆိုထားပါတယ်။ ဒါက အရသာအပိုင်းပါ။

ဘာတွေများ ကောင်းသလဲဆိုရင်တော့ . . .

နယမာလာဆေးကျမ်း စာမျက်နှာ(၁၂၄)မှာ "နွားနက် ကျင်ငယ်သည် အထူးထူးသောရောဂါများကို ပျောက်ကင်း စေသည်၊ ဆီးဝမ်းမမှန်ခြင်း၊ ကိုယ်လက်ဖောရောင်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ညှောင်းညာကိုက်ခဲခြင်း၊ ထုံနာ ကျဉ်နာဖြစ်ခြင်း၊ အမောဆို့ခြင်း စသောရောဂါများ ပျောက် ၏" လို့ ဆိုထားပါတယ်။

ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းမှာလည်း "တစ်စုံ တစ်ရာ ထိခိုက်၍ သွေးထွက်လွန်သော အနာရောဂါ၊ ဆ-နု-ဝု-တိ ဆေးကျမ်း၌လည်း လေပူ၊ နှလုံးခိုက်နာ၊ မြန်မာ့နန်း သုံးဆေးကျမ်းမှာ ဝက်ရူးပြန်ရောဂါ စသည်တို့ကို နွားကျင် ငယ်ရည်နှင့် ထည်လဲသုံး၍ ပျောက်ကင်းကြောင်း" ပြဆိုထား ပါတယ်။

အထူးအားဖြင့် သစ်တော ဝါးတောများမှာ ကျင် လည်လုပ်စားကြရတဲ့ အလုပ်ကြမ်းသမားများမှာ စွဲကပ် တတ်တဲ့ ငှက်ဖျားရောဂါ၊ အနာပေါက် အနာဆွေးဖြစ်ပြီး မန်းထနေတဲ့ ရောဂါများကို နိုင်နင်းပါကြောင်းနဲ့ သူငွေး ရောဂါလို့ အမည်ပေးထားကြတဲ့ ဆီးချိုရောဂါတို့ကိုပါ ပျောက်ကင်းစေတယ် ဆိုတာတွေကို အလေးထား ပြော ကြားချင်ပါတယ်။

လှချင်ရက် စက်စက်ယိုဆိုသူများအတွက် ပြောလိုက် ချင်တာကတော့ 'ယုံကြည်စွာသာ သုံးဆောင် အလှမှာ ထိပ်ခေါင်' လို့သာပါပဲ။

ဟုတ်ပြီ၊ ဒီလောက်ဆိုသိပြီ၊ ဒါဆို 'အနှီနွားကျင်ငယ် ဆိုတာနဲ့ ဘာများတွဲဖက်မှီဝဲရမလဲ' လို့ အရှင်းသား မေးလာ ခဲ့ရင်တော့ 'ဆီးဖြူသီး၊ ကြစုသီး၊ ဖန်ခါးသီး၊ အသီးသုံးမျိုးနှင့် ရော၍စိမ်ကာ သုံးဆောင်ပါလော့'ဟုသာ ဖြေကြားလိုက်ပါ ရစေလားဗျာ။

❒ ကိုထိန် (တာချီလိတ်)



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## အမေပြောတဲ့ ဆေးနည်း

စိုးယဉ်ထွန်း

သက်ကြီးစကား သက်ငယ်ကြား ဆိုသည် မြန်မာမှု ယဉ်ပယ်တွင်ရှိသည့်အပြင် ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် လူ့လောက အနေအထားများ၏ အကြောင်းများကိုပါ ဆင့်ပွားသိမှတ်စရာ များပါသည်။

နည်းပညာများ၊ အတတ်ပညာများ တိုးတက် ထွန်းကားသော ယနေ့ခေတ်တွင် မိန်းမတချို့က အလှအပကို ဦးစားပေး၍ ရင်သားအလှပျက်မှာစိုး၍ အိမ်ထောင်ကျသားသမီးမွေးသည့်တွင်ပင် ရင်သားကိုသ၍ မိမိ၏ ရင်သွေးကိုပင် နို့ချို့မတိုက်ကျွေးဘဲ အခြားသော နို့မှုန့်၊ အာဟာရ နှံ့များကိုသာ တိုက်ကျွေးကြသည်။

အလွယ်လိုက် သက်သာခိုနည်းကိုလည်း အသုံးပြုတတ်ကြသည်။ မိမိ၏ကျန်းမာရေးမှအစ မိသားစုကျန်းမာရေးကိုပင် အလေးဂရု မပြုကြပါ။ ဖြစ်ပေါ် လာသည့် ရောဂါဝေဒနာ သေးသေးမွှားမွှားနှင့် ကြီးမားသည့်ရောဂါပင် ဖြစ်ပါစေ လမ်းဘေးကွမ်းယာဆိုင်၊ ဆေးခန်းနှင့် မည်သည့်တိုင်းရင်းဆေး သင်တန်းများကိုလည်းကောင်း၊ သိပ္ပံဆေးပညာနှင့် ဆေးဝါးခေါ်ဆိုမှု သင်တန်းတို့ကို မတက်ဖူးပါဘဲ ငွေကြေးအရင်းအနှီး တတ်နိုင်၍ ဆေးဆိုင်နှင့် ဆေးရောင်းသူထံမှ အလွယ်တကူ ပြေးလွှားဝယ်ယူ သောက်ကြသည်။ အပ်နှင့်ထွင်းရမည့် ဝေဒနာက ပုဆိန်နှင့်ပေါက်ရသည့်အဖြစ်မျိုး ဖြစ်ကြရ၏။ ဒါကြောင့်လည်း ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးနည်းမလွယ်နှင့်ဟု ဆိုစကားရှိထားသည်။ ဖြစ်လာသော ရောဂါဝေဒနာကို တတ်ကျွမ်းနားလည်သူ ဆရာဝန်နှင့်ရောမြန်မာတိုင်းရင်းဆေး သမားတော်များနှင့်ပါ ပြသ ကုသမှု မပြုကြဘဲ တတ်ယောင်ကား ပါးစပ်သမားတော်များနှင့် ဆေးကုသကြသည်။

တစ်အိမ်ကျော်မှ ကလေးမျက်နှာမြင်ပြီး လကူးပြီး တစ်ရက်တွင် ထိုအမျိုးသမီးကလေးမှာ ငိုညည်းနေသည်။ ကလေးငယ်ကလည်း အသံပြာ တိမ်ဝင်အောင် ငိုနေသည်။

"အမေ၊ ဟိုဘက်တစ်အိမ်ကျော်က တင်တင်မျိုးက ကလေးကလဲငို၊ သူကလဲငိုနဲ့ နှစ်ရက်ရှိပြီ"

"ဟုတ်လား၊ ကလေးမ မျက်နှာမြင်ထားတာ တစ်လ သားပဲရှိသေး၊ အေး. . . အမေ သွားမေးကြည့်လိုက်ဦးမယ်"

အသက်(၈၀)ကျော်အမေက တစ်ဖက်အိမ်ကို ထွက်သွားပြီး အိမ်ကို နှစ်ခေါက် သုံးခေါက်ပြန်လာပြီး အိမ်ခြေရင်းဘက် မြေလွတ်တွင် စိုက်ထားသည့် ငရုတ်ပင်မှ အရွက်များကို လက်တစ်ဆုပ်ရအောင် ခူးလိုက်သည်၊ တစ်ဖက်ခြံထဲတွင်ရှိသော ပိန္နဲပင်မှ အရွက်နု နည်းနည်းကို တင်တင်မျိုး၏ ယောကျ်ား ကျော်တိုးကို ခူးခိုင်းလိုက်သည်။

နံနက်ပိုင်း ၈ နာရီကျော် ၉ နာရီလောက်မှ တင်တင်မျိုးတို့အိမ်တွင် သွားရောက်လုပ်ကိုင်ပေးနေသော အမေသည် ညနေ ၃ နာရီကျော်ကျော်မှ ပြန်ရောက်လာသည်။

"အမေရယ် တစ်နေ့လုံး ဘာတွေများ လုပ်ပေးနေတာလဲ၊ စားလို့ သောက်လို့ ပြီးပြီလား"

"မနက်စာလဲကျွေး၊ လက်ဖက်ရည်လဲ တိုက်ပါတယ်၊ တစ်နေ့လုံး လုပ်ပေးတာက တင်မျိုးရယ် နို့ချောင်းပိတ်တာလေ၊ အဲဒါကို သူပြောငါပြောနဲ့ ဖရုတ်ဆီတွေလူး၊ ရေခဲတွေကပ်၊ အကိုက်အခဲပျောက်ဆေးတွေသောက်နဲ့ လုပ်နေကြတာလေ၊ ဒီနေ့တော့ ငိုတောင်ငိုရတယ်"

"ဟင်. . . အဲဒါ အမေက ဘာလုပ်ပေးလိုက်လဲ"

"အမေလဲ ငယ်ငယ်က ဖြစ်ဖူးတယ်လေ၊ ကျော်ညွှန့်ကို မွေးပြီးတော့ဖြစ် ဒီလိုပဲ၊ အမေလဲ ငိုရတာပေါ့၊ အဲဒါကို အဘွားက လုပ်ပေးတာ၊

လုပ်ပေးတဲ့နည်းက ငရုတ်ရွက် လက်တွင်း တစ်ဆုပ်စာ ခူးပြီး ရေခွက်ကြီးတစ်ခွက်စာ ပြုတ်တယ်၊ နို့အုံကို ရေနွေးမှိုင်းခံပေးမယ်၊ ပြီးတော့မှ ရွှေဖရုံအညာရိုးခြောက်ကို ရေနဲ့ ကျောက်ပျဉ်မှာသွေးပြီး လိမ်းပေးတယ်၊ ထမင်းစားတော့ ပိန္နဲရွက်ဟင်းခါးနဲ့ စားရတယ်၊

အခုလဲ တင်တင်မျိုးကို အဲဒီအတိုင်း လုပ်ပေးလိုက်တာ၊ တင်မျိုးလဲ ရယ်ရယ်မောမောနဲ့ ကလေးလဲ နို့ဝအောင် စို့ရလို့ မငိုတော့ဘူး၊ ဒါကြောင့် အမေက အခုမှပြန်လာတာ သားရဲ့"

"အမေရယ် လွယ်လှချေလား"

"ဟဲ့ အနာသိဆေးရှိတဲ့၊ ဒါက သမားရိုးကျနည်း မှတ်ထား၊ နင်မိန်းမရလို့ အဲဒီလိုဖြစ်ရင် လုပ်ပေး၊ နင်ရေးနေတဲ့ စာထဲ ထည့်ရေးဦးမလို့လား"

အမေက ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။

→→



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

→→

"အမေ့ဆေးနည်းလေးက လွယ်လွယ်ကူကူနဲ့ သက်သာပျောက်ကင်းသို့ ကျန်တဲ့ကလေးအမေတွေကိုလဲ သိစေချင်လို့ပါ အမေရာ"

အမေပြောတဲ့ ဆေးနည်းလေးက နို့ချောင်းပိတ်တဲ့ ဝေဒနာကို ခံစားကြရတဲ့ သားသည်မိခင်များ အမျိုးသမီးများ မှတ်သားနိုင်ရန် ဆင့်ပွားလက်ဆင့်ကမ်းလိုက်ပါသည်။

နို့ချောင်းပိတ်ဝေဒနာပျောက် ဆေးနည်းမှာ . . .

(၁) ငရုတ်ရွက်လက်တွင်းတစ်ဆုပ်ခူး၍ ရေတစ်ဖလားနှင့် ပြုတ်ရမည်။ ထိုငရုတ်ရွက်ပြုတ်ရည် အပူငွေ့ကို မှိုင်းခံရမည်။

(၂) ပြီးနောက် ရွှေဖရုံသီးအညာခြောက်ကို ကျောက်ပျဉ်တွင် ရေနှင့်သွေးပြီး ရင်သားကို လိမ်းရမည်။

(၃) ပိန္နဲရွက်နုကို ဟင်းခါးချက်ရာတွင် ငရုတ်ကောင်း ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့နှင့် ဟင်းခါးချက်၍ သောက်လျှင် နို့ချောင်းပိတ် ဝေဒနာရောဂါ ပျောက်ကင်းသက်သာပါသည်။

❒ စိုးယဉ်ထွန်း

---

## ထူးဆန်းအံ့ဖွယ်

# ဆေးနည်း နှစ်မျိုး

**စိန်ကောတိက**

ကျွန်ုပ်မှာ သင်္ကြန်ကာလ အားလပ်ရက်၌ ကမာရွတ်မြို့နယ်ရှိ ကုက္ကာရာမကျောင်းတိုက်တွင် ဒုလ္လဘရဟန်း ဝတ်လေ့ရှိ၏။ ကိုးကြိမ်မြောက်၌ ကျွန်ုပ်နှင့် အကျွမ်းဝင်ခဲ့ရသည့် ဒုလ္လဘရဟန်းတစ်ပါး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်အား ကျွန်ုပ်ကို ဤသို့ ပြောပြလေ၏။

"ဦးဇင်းကို တပည့်တော် ကြုံတွေ့ခဲ့ရတဲ့ ထူးဆန်းအံ့သြဖို့ကောင်းတဲ့ ဖြစ်ရပ်မှန်လေးကို ပြောပြမယ်၊ တပည့်တော်က ရဟန်းဝတ်ကြီးနဲ့ဆိုတော့ ဦးဇင်းကို လိမ်ညာပြီး မပြောပါဘူး၊ သင်္ကန်းကိုတိုင်တည်ပြီး ပြောမယ်၊ ဒီလိုဦးဇင်းရဲ့" ဟု ပြောဆိုကာ ၎င်းကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်အား ဤသို့ ပြောပြလေ၏။

❒

မိုးတွင်းအခါသမယ ဖြစ်သည့်အတွက် မိုးက တစ်နေကုန် ဇွဲနေ၏။ ကောင်းကင်တစ်ပြင်လုံး ညိုမှိုင်းကာ လေပြင်းကလည်း ထန်၏။ တစ်ခါတစ်ရံ အနည်းငယ်ပြင်း၏။ တစ်ခါတလေ မိုးနှင့်လေရော၍ မိုးလည်းထန်၏။

ဦးစိန်သောင်းကား မနက် စောစောကတည်းက မှော်ဘီတောရကျောင်းတွင်းရှိ ကမ္မဋ္ဌာန်းလိုဏ်ဂူအတွင်း၌ စိပ်ပုတီး စိပ်နေလေ၏။ ဂူအပြင်၌ မိုးက သည်းသည်းထန်ထန် ရွာနေ၏။ ထိုစဉ် လိုဏ်ဂူအတွင်းမှ အသံအောကြီးဖြင့် စကားပြောသံအား ဦးစိန်သောင်း ဤသို့ ကြားရလေ၏။ အသံကား သြဇာသံအပြည့်နှင့် ပြောသည်ဖြစ်ခြင်းကြောင့် လိုဏ်ဂူအတွင်း ဟိန်းထွက်နေ၏။

"အောင်မယ် မင်းက ဒီရောက်နေတာကိုး၊ ငါ မင်းကို လိုက်ရှာနေတာကွ" ဟူသော စကားသံကြီးအား ကိုစိန်သောင်း ကြားသော် ပထမဦးစွာ အံ့သြတုန်လှုပ်သွား၏။ အသံရှင်အား ကြည့်မိသောအခါ ပို၍အံ့သြတွေဝေသွား၏။ လန့်ဖျပ်သွားသဖြင့် ထပြေးမည်အပြု စိတ်ကိုထိန်း၍ အသံရှင်အား ရဲရင့်သောအကြည့်ဖြင့် ကြည့်လိုက်သည့်အခါ အံ့သြသွားရလေ၏။ အသံပိုင်ရှင်မှာကား အဘိုးဦးတစ်ဦး ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။ ကိုစိန်သောင်းအား အဘိုးအိုက ဤသို့ ပြောလာ၏။

"ငါ မင်းကို ရှာရခြင်းအကြောင်းက ဒီလိုကွ၊ ငါ မင်းကို ဆေးနည်းနှစ်မျိုးပေးဖို့ ရှိတယ်၊ တစ်နည်းကတော့ ကင်ဆာရောဂါ ကုသနိုင်တဲ့ ဆေးနည်းပဲကွ၊ ကင်ဆာလို့ ငါက အင်္ဂလိပ်လိုသုံးလိုက်တော့ မင်းမအံ့သြနဲ့၊ ငါက ကမ္ဘာလုံးကြီးကို ဖင်ခုထိုင်နေတဲ့အမျိုးကွ၊ ဘာသာပေါင်းစုံ အကုန် တတ်တယ်၊ သိတယ်၊ ဒါ ထားပါတော့ကွာ၊ အဲဒီကင်ဆာရောဂါကို ကုသနိုင်တဲ့ဆေးနည်းကို ငါ မင်းကို ညွှန်ပြပေးမယ်၊ မင်းက သေသေချာချာမှတ်ထားပြီး ဖြစ်လာတဲ့လူနာတွေကို မေတ္တာနဲ့ကုပါ၊ အသပြာမတောင်းဘဲနဲ့၊ အေး မေတ္တာနဲ့ပေးရင်တော့ ယူပေါ့ကွာ" ဟု ပြောဆိုကာ စကားကို ခဏနား၍ ဤသို့ ဆက်ပြောပြန်၏။

"ကင်ဆာရောဂါ ဖြစ်ရတဲ့အကြောင်းရင်းကို ဘ ဆရာဝန်တွေမှ သေသေချာချာ မသိကြဘူးကွ၊ အေး ငါ တော့ သိတယ်၊ မောင်ရင်ရေ အမှန်တော့ ကင်ဆာရောဂါ



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ဆိုတာ မြန်မာလို မြစ်ပွားနာလို့ခေါ်တယ်၊ အမြစ်ကပွားပြီး နားဒီနားမှာ အကျိတ်ဖြစ်လာတဲ့ ရောဂါမျိုး၊ သေမယ့် ရောဂါမျိုးပေါ့ကွာ၊ အေး အဲဒီ အမြစ်ပွားနာ ဖြစ်ရတဲ့ အကြောင်းရင်းကတော့ ဒီလိုကွ၊

လူတိုင်း တော်တော်များများဟာ မွေးကတည်းက မွေးမေရဲ့ နို့ရည်ကို သောက်သုံးပြီး အသက်ဆက်ခဲ့ရတာပါ။ အေး အဲဒီနို့ရည်အခဲကလေးဟာ လူကြီးလာပေမယ့် လူ့ရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းတစ်နေရာမှာ အစိုင်အခဲကလေးအဖြစ် နဲ့ မထင်မရှား ရှိနေတယ်ကွ၊ ဒါကို ဘယ်သူမှ မသိကြဘူး၊ ရှိနေတာတော့ အမှန်ပဲ၊ အဲ ကြာလာတဲ့အခါမှာ အဲဒီနို့ရည် အစိုင်အခဲကလေးဟာ ခြောက်သွေ့ပြီး အမြစ်ကလေးတွေ ပွားလာတယ်၊ ဆိုလိုတာက အမေရဲ့မေတ္တာနို့ရည် ခန်း ခြောက်လာတာလို့ ဆိုနိုင်တယ် ကောင်လေးရဲ့" ဟု ပြောဆိုတာ စကားခေတ္တရပ်၍ ဤသို့ ဆက်ပြောပြန်၏။

"အဲဒီ အမြစ်ပွားကလေးတွေဟာ လူ့ရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေဆီကိုသွားပြီး ရစ်တွယ် ကပ်လုံးထွေးပြီး အကျိတ်အဖြစ်နဲ့ ရပ်တည် ဒုက္ခပေးနေကြတာပေါ့ကွာ၊ ကင်ဆာရောဂါ ဖြစ်လာပြီဆိုရင် သေဖို့ပဲရှိတယ်ကွ၊ နိုင်ငံခြား ဆေးထုံးတွေက အစွမ်းထက်ပေမယ့် ကြာရှည်ပျောက်အောင် မလုပ်နိုင်ဘူး၊ ထိန်းထားရုံပဲ တတ်နိုင်ကြတယ်၊ အဲ . . . အခု ကောင်လေးကိုပေးမယ့် ကင်ဆာရောဂါ ပျောက်အောင် ကုနိုင်တဲ့ ဆေးနည်းက မြန်မာ့ဆေးနည်းကောင်းကွ၊ မင်း သေသေချာချာမှတ်၊ ငါ ဆေးနည်းပေးမယ်" ဟုပြောဆိုကာ ဤသို့ ပြောလာ၏။

"ပထမဦးဆုံး သားဦးမွေးကလေးအမေကို ရှာရမယ်၊ ပြီးရင် သူ့ဆီကနို့ရည် (နို့ဦးရည်)ကိုယူ၊ ပြီးရင် အဲဒီနို့ရည်ကို ရောဂါဖြစ်နေသူ (ကင်ဆာရောဂါသည်)ကို တိုက်ရမယ်၊ ပျောက်လေရောသတည်း၊ ဆေးနည်းက မလွယ်ဘူးလား၊ လွယ်လဲ အလကားမထင်လိုက်နဲ့ ကောင်လေး၊ အဲဒီ တိုက် လိုက်တဲ့ ကလေးအမေရဲ့နို့ရည်ထဲမှာ အင်မတန်ဖြူစင်တဲ့ မေတ္တာတွေ အများကြီးပါတယ် ကိုယ့်လူရဲ့၊

ခန်းခြောက်နေတဲ့ အမေရဲ့မေတ္တာကို ပြန်ပြီးရှင်သန် စေတဲ့ မေတ္တာဆေးရည်ကွ၊ အကျိတ်အဖြစ် တွယ်ကပ်နေတဲ့ အမြစ်ပွားတွေကို အဲဒီမေတ္တာနို့ရည်က ပြေစေတယ်၊ ညှိုးစေ တယ်၊ ကွာကျစေတယ်ကွ၊ ပြောရရင် မေတ္တာခန်းခြောက်လို့ ဖြစ်ရတဲ့ရောဂါကို မေတ္တာနဲ့ပြန်ကုလိုက်တဲ့ သဘောပါပဲ ကောင်လေးရယ်" ဟု ပြောဆိုကာ ခဏနားပြန်၏။ လိုဏ်ဂူ အပြင်ဘက်၌ မိုးကား ကောင်းဆဲ၊ လေပြင်းကား တိုက်ဆဲ။ ထို့နောက် စကားသံ ထွက်ပေါ်လာပြန်၏။

"အင်း . . . နောက်ဆေးနည်း တစ်နည်းကတော့ သွေး မလျှောက်တော့လို့ ဖြစ်ရတဲ့ အကြောပိတ်ရောဂါ ကုနည်းကွ၊ အကြောအတွင်းမှာ သွေးမလျှောက်တော့ရင် အကြောပုပ်ပြီး လူဒုက္ခရောက်နိုင်တယ်၊ အဲဒါကြောင့် ခန္ဓာ ကိုယ်ကို ဖြတ်တောက်ပစ်ရတယ် ကောင်လေးရဲ့၊ ကုသနည်း ကတော့ ဒီလိုကွ၊

ပထမဦးဆုံး တရော်ချောင်း (ခေါင်းလျှော်သည့် တရော်ချောင်း)ကို ရေစင်စင်ဆေးပြီးရင် အဲဒီတရော်ချောင်း ကို နာနာထု၊ ပြီးရင် ရေဇလုံထဲမှာ ရေနည်းနည်းနဲ့ တစ်ည စိမ်၊ တစ်ရက်စိမ်ပြီးတဲ့ တရော်ကို ရေထဲက ဖယ်ထုတ်၊ ပြီးရင် ပိတ်ပါးပါးနဲ့ တရော်ရည်ကိုစစ်ယူ၊ သန့်စင်ပြီးရင် ခွက်သေး သေးနဲ့ထည့်၊ နောက် အလားတူ ခွက်ကလေးထဲမှာ သကြား ဆတူရောပြီး သောက် ပျောက်လေတော့သတည်း၊ ကဲ . . မလွယ်ဘူးလား၊ အဲဒါ မြန်မာ့ဆေးနည်းကောင်းတွေကွ၊ ရောဂါဖြစ်နေသူတွေကို တိုက်ပြီး ကုသပေတော့၊ အန္တရာယ် မဖြစ်ဘူးဆိုတာ အဘ အာမခံလို့ ကုသာကုပါ"

ဟု ပြောဆိုကာ ဝုန်းခနဲအသံကြီးမြည်ကာ မီးခိုးများ လိုဏ်ဂူကြီးအတွင်း ဖုံးအုပ်သွားလေ၏။ ခဏကြာမှ မီးခိုးများ လွင့်ကာ အဘိုးအိုအား ကြည့်သော် မတွေ့မြင်ရ တော့ပေ။ လိုဏ်ဂူအပြင်ဘက်၌လည်း မိုးက တိတ်ချေပြီ။

ဦးစိန်သောင်းကား အဘိုးအို ပြောကြားခဲ့သည် ဆေး စွမ်းကောင်းနည်း နှစ်နည်းအား အသေအချာမှတ်၍ မိုးတိတ် နေပြီဖြစ်သောကြောင့် အိမ်သို့ ပြန်ခဲ့လေတော့၏။

❑

"တပည့်တော် ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အမှန်က အဲဒီ လိုပါပဲ ဦးဇင်းကြီး" ဟု ပြောဆိုသော် ကျွန်ုပ်က . . .

"တော်တော်ထူးဆန်းတဲ့ တွေ့ကြုံမှုပါပဲ ဦးဇင်းရယ်၊ အစွမ်းထက်တဲ့ ဆေးနည်းနှစ်နည်း ရလိုက်တာ အကျိုးရှိ တယ်လို့ ပြောနိုင်တယ်၊ ဦးဇင်းလဲ အဲဒီဆေးနည်း နှစ်မျိုးကို လူတွေသိအောင်ရေးပြီး မဂ္ဂဇင်းတိုက်ကို ပို့ပေးပါ့မယ်" ဟု ပြောဆိုနေချိန်၌ ဆွမ်းစားရန် အဆောင်မှ အချက်ပေးခေါင်း လောင်းသံ ကြားသဖြင့် စကားရပ်၍ နှစ်ပါးစလုံး ဆွမ်းစား ဆောင်သို့ ကြွလေ၏။

❑ စိန်ဇေထိထ-



www.burmeseclassic.com

www.burmeseclassic.com

လူ့ခန္ဓာကိုယ်တွင် သွေးအား နည်းစေသော ရောဂါတစ်မျိုးမှာ လိပ်ခေါင်းရောဂါ ဖြစ်ပါသည်။ ထိုရောဂါမှာ အကြောင်းတစ်ခုခုကြောင့် စအိုတွင်းနှင့် စအိုဝမှာရှိသော သွေးပြန်ကြောများ အရောပြားတွန့်လိပ်မှုနှင့်အတူ ဖောင်းကားလာခြင်း ဖြစ်ပါသည်။ ထို သွေးပြန်ကြောအစုသည် ဝမ်းသွားသော အခါ ဖောင်းကားအားကြောင့် စအိုဝ အပြင်သို့ ထွက်လာလိုက် ပြန်ဝင်သွားလိုက် ဖြစ်တတ်သဖြင့် လိပ်သဏ္ဌာန်၏ ဦးခေါင်းနှင့် နှိုင်းယှဉ်၍ လိပ်ခေါင်းရောဂါ ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။

လိပ်ခေါင်းရောဂါကို အင်္ဂလိပ်ဘာသာဖြင့် ပိုင်းလ် (PILE) ဟုခေါ်ပြီး ဆေးပညာအားဖြင့် သွေးကြောအထုံးဖြစ်သောကြောင့် ဟေမိုရွိုက်(HEMORRHOID)ဟု ခေါ်ပါသည်။ လိပ်ခေါင်းတွင် အတွင်းလိပ်နှင့် အပြင်လိပ်ဟူ၍ အကြမ်းဖျင်းအားဖြင့် နှစ်မျိုးရှိပါသည်။ အပြင်လိပ်ခေါင်း (EXTERNAL PILE) တွင် သွေးကြောဖုသည် စအိုဝအပြင်သို့ ထွက်နေသည်ကို တွေ့ရပါသည်။ နာကျင်မှုနှင့်အတူ စအိုဝယားယံခြင်းနှင့် ရောင်ရမ်းခြင်းတို့ ဖြစ်တတ်ပါသည်။ အတွင်းလိပ်ခေါင်း (INTERNAL PILE) မှာမူ သွေးကြောဖုသည် စအိုလမ်းကြောင်း အတွင်း၌သာရှိပြီး မနာကျင်လှပါ။ သို့ဖြစ်ပါ၍ လူနာများ သတိ မပြုမိတတ်ကြပါ။ လိပ်ခေါင်းရောဂါဖြစ်လျှင် သွေးကြောဖုများ တစ်ခုမှ (အများအားဖြင့်) သုံးခုအထိ ရှိတတ်ပါသည်။

ထိုရောဂါဖြစ်ရခြင်းအကြောင်းရင်းမှာ စအိုလမ်းကြောင်း အောက်ပိုင်းရှိ သွေးကြောများအတွင်း သွေးဖိအား (PRESSURE) တက်လာခြင်းကြောင့် ဖြစ်ပါသည်။ ထိုသို့ဖြစ်စေသော အဓိကအချက်မှာ ဝမ်းချုပ်ခြင်း (CONSTIPATION) ဖြစ်ပါသည်။ လိပ်ခေါင်းရောဂါသည် ဝမ်းချုပ်သောအလေ့အထရှိသူများ၊ အဝလွန်ကဲသူများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် အထိုင်များသူတို့တွင် အထူးဖြစ်ပွားတတ်ပါသည်။ သွေးကြောနှင့် ကြွက်သားများ လျော့ရဲသော အသက်ကြီးသူများ ဖြစ်လွယ်ပါသည်။ သို့ရာတွင် ငယ်ရွယ်သူများတွင် လိပ်ခေါင်းရောဂါမဖြစ်နိုင်ဟု ယူဆ၍မရပါ။ အသက်အရွယ်မရွေး၊ ကျားမမရွေး ဖြစ်ပွားနိုင်ပါသည်။

လိပ်ခေါင်းရောဂါရှိလျှင် ဝမ်းသွားပြီးစတွင် သွေးယိုစိမ့်တတ်ပါသည်။ တစ်ခါတစ်ရံ သွေးပန်းထွက်သည်အထိ ဖြစ်တတ်ပါသည်။ အစာအိမ်ရောဂါမှာ ကဲ့သို့ မည်းညစ်သောသွေးများ မဟုတ်ပါ။ လတ်လတ်ဆတ်ဆတ် နီနီရဲရဲသွေးများ ဖြစ်ပါသည်။ ထိုအခါမှ လူနာများ သတိပြုမိပါသည်။ ထို့ပြင် ဝမ်းသွားလျှင် တစ်ဆို့သလို ခံစားရခြင်း၊ ဝမ်းကျန်သလို ခံစားရခြင်းနှင့် ယားယံခြင်းများလည်း ရှိတတ်ပါသည်။

အချို့ဝေဒနာရှင်များသည် ဝမ်းမချုပ်အောင် သတိထားခြင်း၊ ဖယောင်းရည် (LIQUID PARAFFIN) ကဲ့သို့ အဆီပါသောဆေး အသုံးပြုခြင်းနှင့် စအိုအတွင်းထည့်ရသော ဆေးတောင့် သုံးခြင်းဖြင့် ရောဂါသက်သာသွားတတ်ပါသည်။ ထိုအခြေအနေသည် ရောဂါနုစဉ်ကာလ ဖြစ်တတ်ပါသည်။ ထိုအချိန်တွင် ဆရာဝန်များကလည်း သွေးကြောကြံ့ခိုင်မှု ရှိစေသော ဒါဖလန် (DA-FLAN) နှင့် ဟေမိုဟောလ် (HEMO-SOL)စသောဆေးများပေးတတ်ပါသည်။


အထက်ပါအတိုင်း ဆောင်ရွ... မှုများဖြင့် မသက်သာပါက လိပ်ခေါ... ကို ဖယ်ထုတ်သောကုသနည်းဖြင့် ကု... ရန် လိုပါသည်။ လိပ်ခေါင်းရောဂါ... ကုသရန် နည်းလမ်း သုံးမျိုးရှိပါသည်...

ပထမနည်းမှာ လိပ်ခေါင်းဖြ... နေသော နေရာကို အက်စစ်ဓာတ်... သော ထိုးဆေး (PILE INJECTIO... ထိုး၍ သွေးကြောပုံကို ကျုံ့ပြီး ခြော... စေသောနည်း ဖြစ်ပါသည်။ ဤနည်း... သည် လိပ်ခေါင်းဖြစ်ခါစ ပထမအဆ... (FIRST DEGREE PILE) နှင့် ... လျော်ပါသည်။ ဆေးရုံတက်စရာမလို... အပြင်လူနာအဖြစ် ကုသနိုင်ပါသည်...

ဒုတိယနည်းမှာ ယခုခေတ်... နေသောသားရေကွင်းနည်းဖြစ်ပါသည်... သားရေကွင်းမှာ အလယ်နှစ်ပေါက်... မမြင်ရအောင် သေးငယ်ပြီး တင်း... ကောင်းသော သားရေဖြင့် ပြုလုပ်ထား... ပါသည်။ သားရေကွင်းကို ခွဲ့ကား... ကန်တော့ချွန်ကိရိယာကို အသုံးပြု... သေနတ်နှင့်တူသော ကိရိယာတွင် ... ဆင်ရပါသည်။ ထိုကိရိယာအကူအ... ဖြင့် လိပ်ခေါင်း၏အရင်းကို သား... ကွင်းဖြင့်စွပ်၍ ထိန်းချုပ်လိုက်ခြင်း ...

# လိပ်ခေါင်း ရောဂါ သတိ ပြုစရာ

တော်မြင့် (ဇွက်ဖျား)



စအိုဝမှ
လိပ်ခေါင်းထွက်...



လပြည့်ဝန်းမဂ္ဂဇင်း (ဧပြီလ၊ ၂...

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ လိပ်ခေါင်းအရင်းကို ထိုသို့ သားရေကွင်းနှင့် စည်းလိုက်ခြင်းဖြင့် လိပ်ခေါင်းအတွင်း သွေးလှည့်ပတ်မှု ရပ်ဆိုင်းသွားကာ ခုနစ်ရက်အတွင်း လိပ်ခေါင်းကြွေကျသွားပါသည်။ ဤနည်းတွင်လည်း ဆေးရုံတက်စရာမလို၊ ထုံဆေးလည်း ပေးရန်မလိုပါ။ လိပ်ခေါင်း၏ အရွယ်ပမာဏနှင့် အနေအထားအလိုက် ဤနည်းကို အသုံးပြုရပါသည်။

တတိယနည်းမှာ ဆေးရုံ၊ ဆေးခန်းသွား၍ ခွဲစိတ်ကုသနည်း ဖြစ်ပါသည်။ ဤနည်းသည် သားရေကွင်းပစ်နည်းထက်စာလျှင် သမားရိုးကျဟု ခေါ်နိုင်ပါသည်။ အထက်ဖော်ပြပါ နည်းနှစ်မျိုးစလုံးနှင့်မရလျှင် မလွဲမသွေ ပြုလုပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ရလဒ်အကောင်းဆုံးနည်းဖြစ်ပါသည်။ ခွဲစိတ်ကုသမှုမခံယူမီ ပဋိဇီဝဆေး (ANTI-BIOTIC) ကြိုတင် သုံးစွဲရန် လိုအပ်ပါသည်။ ခွဲစိတ်ကုသမည့်နေ့မတိုင်မီ ည ၁၀ နာရီမှစ၍ ရေနှင့်အစားအစာ မမှီဝဲရပါ။ ဝမ်းနုတ်ဆေး သောက်နိုင်ပါသည်။ ခွဲခန်းမဝင်မီ ဝမ်းချုရပါသည်။ ခွဲစိတ်သောအခါ နာကျင်မှုမခံစားရရန် ထုံဆေးကို သုံးစွဲရပါသည်။ ဤနည်းတွင်လည်း လိပ်ခေါင်းအရင်းကို စုစည်းခြင်း (LIGATION) ပြုလုပ်ပြီး လိပ်ခေါင်းကို ဖြတ်ထုတ်ရပါသည်။

ပြဿနာတစ်ရပ်မှာ လူအများစုသည် ခွဲစိတ်ကုသမှုခံယူရန် ကြောက်ကြပါသည်။ ထိုခွဲစိတ်မှုသည် သာမန်ခွဲစိတ်မှုမျှသာဖြစ်၍ ကျွမ်းကျင်သောဆရာဝန်များနှင့် ကုသလျှင် စိုးရိမ်စရာမရှိပါ။

တချို့က လွဲမှားစွာဖြင့် ဆေးနည်းတိုများ သုံးကြပါသည်။ အန္တရာယ်များသည်မှာ လိပ်ခေါင်းကို ဟင်းရိုး၊ ပြဒါး စသော စားဆေးများတင်ခြင်း ဖြစ်ပါသည်။ ဤနေရာတွင် စားဆေးဆိုသည်မှာ ပါးစပ်မှတစ်ဆင့် မှီဝဲရသောဆေး (ORAL DRUG) မဟုတ်ပါ။ အက်စစ်ကဲ့သို့ လောင်ကျွမ်းတိုက်စားစေခြင်းကို ဆိုလိုပါသည်။ ထိုဆေးများတင်စဉ် သွေးကြောကို မထိန်းနိုင်လျှင် ရောဂါပိုဆိုးပြီး အသက်အန္တရာယ်အထိ ဖြစ်နိုင်ပါသည်။ စင်စစ် ကြောက်စရာကောင်းသည်မှာကျွန်ုပ်တို့၏အကြောက်တရားသာ ဖြစ်ပါသည်။

အချိန်မီ ကုသမှုမပြုလုပ်လျှင် နောက်ဆက်တွဲဆိုးကျိုးများ ရှိပါသည်။ လိပ်ခေါင်းအဖုအတွင်း သွေးခဲခြင်း (THROMBOSIS HEMORRHOID) နှင့် သွေးလှည့်ပတ်မှု ရပ်ခြင်းကြောင့် လိပ်ခေါင်းပုပ်သွားခြင်း (STRANGULATED HEMORRHOID) ဖြစ်သွားနိုင်ပါသည်။ ထိုမှတစ်ဆင့် ရောဂါပိုးများ သွေးအတွင်းသို့ ဝင်ရောက်ခြင်း (SEPTICENIA) ဖြစ်ပွားနိုင်ပါသည်။ ထိုသို့ဖြစ်လျှင် အဖျားရောဂါ ပြင်းထန်တတ်ပါသည်။ မြန်မာများက ငန်းဖမ်းသည်ဟု ပြောကြပါသည်။ မည်သို့ပင်ဖြစ်စေ သာမန်အားဖြင့် သွေးယိုစိမ့်ခြင်းသည်ပင် ကြာလျှင် သွေးအားနည်းရောဂါ ဖြစ်လာနိုင်ပါသည်။ ခန္ဓာကိုယ်အားနည်းလျှင် အခြားအနာရောဂါများကို လက်ယပ်ခေါ်သကဲ့သို့ ရှိပေမည်။

နောက်ထပ် အရေးကြီးသော အချက်တစ်ခုမှာ လိပ်ခေါင်းဖုဟုထင်နေကြသော အဖုမှာ သာမန်အဖုအကျိတ်မဟုတ်ဘဲ စအိုကင်ဆာ (CA. RECTUM) အဖု ဖြစ်နေတတ်ပါသည်။ ထိုအဖုအကျိတ်ကို ကျွမ်းကျင်ပညာရှင်များနှင့် သေသေချာချာ မစစ်ဆေးခဲ့လျှင် ရောဂါကို စောစောသိပြီး စောစောကုသနိုင်သော အခွင့်အရေးကို လက်လွတ်ဆုံးရှုံးသွားနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရောဂါဖြစ်လျှင် မရှက်ပါနှင့်၊ မကြောက်ပါနှင့်၊ မိမိတို့ဆရာဝန်ထံ အမြန်ဆုံးသွားရောက်တိုင်ပင်ကြပါ။

ဤရွေ့ ဤမျှ တင်ပြချက်များကို ဖတ်ရှုပြီးလျှင် လိပ်ခေါင်းရောဂါ မဖြစ်ပွားရန် မည်သို့ကာကွယ်ရမည်ကို ရိပ်စားမိပေမည်။ အရေးကြီးဆုံးမှာ ဝမ်းမချုပ်စေရန် ဖြစ်ပါသည်။ အလွန်အမင်းအားစိုက်၍ ညှစ်ရခြင်းသည် လိပ်ခေါင်းဖြစ်စေနိုင်သကဲ့သို့ ဖြစ်ပြီးရောဂါကိုလည်း ပိုမိုဆိုးရွားစေပါသည်။

သင့်လျော်သောအခါ ဝမ်းနုတ်ဆေးအသုံးပြုနိုင်သော်လည်း အစာအိမ်ကို လှုံ့ဆော်သောဆေးမျိုး မသုံးစွဲသင့်ပါ။ ယခုအခါ ဝမ်းနုတ်ဆီသုံးခြင်းကိုလည်းအားမပေးကြပါ။ ထိုသို့ပြုလုပ်မည့်အစား အသီးအရွက်နှင့် သစ်သီးဝလံများများစားပေးပါ။ အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများလည်း စားသုံးပေးသင့်ပါသည်။ သားငါးနှင့် အဆီအဆိမ့်များ လွန်ကဲစွာ စားသုံးခြင်းကိုလည်း ရှောင်ကြဉ်ပါ။ သက်သတ်လွတ်စားသုံးသူများတွင်ဝမ်းချုပ်ခြင်းပြဿနာနည်းပါးသည်။ သားငါးစားသုံးသူများထက်စာလျှင် အပူအပုပ် နည်းပါးပါသည်။

သို့ရာတွင် အပူအစပ်များသော အစားအစာများကိုမူ ရှောင်ကြဉ်သင့်ပါသည်။ ထို့ပြင် သင့်လျော်သော လေ့ကျင့်ခန်းများ ပြုလုပ်ရန်လိုအပ်ပါသည်။ စာရေးဆရာများ အပါအဝင် အထိုင်များသူများသည် ပုံမှန်လမ်းလျှောက်ပေးသင့်ပါသည်။ အရက်သေစာ သောက်စားခြင်းကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ အရက်သည် ရောဂါမဖြစ်ပွားမီကာလနှင့် ဖြစ်ပွားစဉ်ကာလ နှစ်ပါးစလုံးတွင် ဆိုးကျိုးပေးပါသည်။ သွေးယိုစိမ့်မှုရှိလျှင် ပိုမိုလွန်ကဲစေပါသည်။

အရေးအကြီးဆုံးမှာ ငယ်ရွယ်သူများကို ကျန်းမာရေးအသိပညာပေးရန် ဖြစ်ပါသည်။ လိပ်ခေါင်းရောဂါသည် အများစုမှာ မူလက ထိုရောဂါနှင့် ပတ်သက်သော ဗဟုသုတမရှိခဲ့သူများ ဖြစ်ပါသည်။ ဝေဒနာသည်များကလည်း ရှက်ကြောက်ကြသဖြင့် ၎င်းတို့၏အတွေ့အကြုံကို ဝေငှလေ့ မရှိပါ။ သို့ဖြစ်၍ လိပ်ခေါင်းရောဂါမဖြစ်ပွားရလေအောင် အသိတရားနှင့်ဆင်ခြင်၍ ကာကွယ်ကြရန် လိုအပ်သောကြောင့် တစ်ဆင့်စကား တစ်ဆင့်နား မမှားရအောင် ပြောကြားထားသင့်ပေသည်။

❒ တော်မြိုင်(ငှက်ပြား)



www.burmeseclassic.com

www.burmeseclassic.com



# [illegible]
# မိသားစုတို့ ဂရုပြုစေချင် ဝက်ရူးပြန်ရောဂါရှင်

ကမ္ဘာပေါ်တွင် လူဦးရေ တိုးပွားများပြားလာသည်နှင့်အညီ ရောဂါမျိုးစုံဖြစ်ပွားနှုန်းမှာလည်း များပြားလာခဲ့ပါသည်။ ရောဂါမျိုးစုံအနက် ဦးနှောက်နှင့် အာရုံကြော ရောဂါရှင်များလည်း ကမ္ဘာနှင့်အဝန်း များပြားလာကြောင်း တွေ့ရှိရပါသည်။

ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဝေဒနာများတွင် ဝက်ရူးပြန်ရောဂါသည် အန္တရာယ်ကြီးလှသော ဆိုးရွားသည့်ရောဂါ ဖြစ်ပါသည်။

ထိုရောဂါသည် ကမ္ဘာနှင့်အဝန်း ဖြစ်ပွားနေသော ရောဂါ ဖြစ်သဖြင့် ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးမှ ရောဂါရှင်များကို စစ်တမ်းကောက်ယူရာ ကမ္ဘာတစ်ဝန်းလုံး၌ ဝက်ရူးပြန်ရောဂါရှင်ပေါင်း သန်း(၄၀)ကျော်မျှရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O) ၏ ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေး အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ဝက်ရူးပြန်ရောဂါရှင်များသည် အချိန်မရွေး တက်တတ်ပြီး သတိလစ်မေ့မြောသွားတတ်သည့် ဝေဒနာမျိုးဖြစ်သဖြင့် ထိုရောဂါတက်ချိန်တွင် အနီးအနား၌ ကူညီမည့်သူမရှိပါက အလွန်ပင် အန္တရာယ်ကြီးသည့်အတွက် သတိထားရမည့် ဝေဒနာပင်ဖြစ်ပါသည်။ ထိုရောဂါသည် ဦးနှောက်နှင့် အာရုံကြောမူမမှန်ခြင်းကြောင့် ဖြစ်ပွားသည့်ရောဂါဖြစ်သဖြင့် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပါသည်။ ဖွံ့ဖြိုးသော တိုင်းပြည်များတွင် နေထိုင်သော ထိုရောဂါရှင်များမှာ ကောင်းစွာ ဆေးကုသမှုခံရသဖြင့် ထိုရောဂါကို ထိန်းချုပ်နိုင်သည့် အဆင့်ရှိပါသည်။

သို့သော် အနောက်အာဖရိက နိုင်ငံအပါအဝင် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများတွင် နေထိုင်သည့် ဝေဒနာရှင်များကို အချို့သောသူများက စုန်းဝင်စားသူ၊ နတ်ဝင်စားသူဟု အယူရှိပြီး ... ရှိတတ်သည်အထိ ရှေးအခါက ... ဖူးပါသည်။

www.burmeseclassic.com

အင်ဒိုနီးရှားနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလုပ်လုပ်ကိုင်ခွင့် မပြုဘဲ တားမြစ်ထားကြောင်း တွေ့ရှိရပါသည်။

ထိုကဲ့သို့ပင် အချို့သော နိုင်ငံများ၌ ထိုရောဂါရှင်များကို လက်ထပ်ခွင့်ပင် မပြုကြောင်း တားမြစ်ထားပါသည်။ ဖွံ့ဖြိုးသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်သော ဗြိတိန်နိုင်ငံကမူ ဝက်ရူးပြန်ရောဂါရှင်များအား ကူညီစောင့်ရှောက်သည့် စေတနာရှင်အသင်းကြီး ဖွဲ့စည်းထားပါသည်။

၎င်းအသင်းကြီးမှ ဝက်ရူးပြန်ရောဂါရှင်များကို အန္တရာယ်ကင်းသည့် အလုပ်အကိုင် ရှာဖွေပေးခြင်းအပြင် လိုအပ်သောဆေးဝါးများကို ပံ့ပိုးကူညီထောက်ပံ့ပေးပါသည်။

ထိုရောဂါသည် အချိန်မရွေးဖြစ်တတ်ပြီး ရောဂါတက်ချိန်တွင် တစ်စုံတစ်ယောက်မှ အကူအညီပေးနိုင်ရန် ၎င်းတို့၏လက်ကောက်ဝတ်တွင် ဝက်ရူးပြန်ဝေဒနာရှင်ဖြစ်ကြောင်း စာတန်းကို ဝတ်ပေးထားပါသည်။

၎င်းအပြင် ဝက်ရူးပြန်ရောဂါ၏ အခြေအနေ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ရာတွင် ကျန်းမာရေးအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်း (N.G.O) များပါ ပူးပေါင်းဆောင်ရွက်ရန် (W.H.O) ၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဖာဒီနန် အင်တီဇာနာက နိုင်ငံတကာအစိုးရများကို တိုက်တွန်းပြောကြားထားပါသည်။

၎င်းတို့၏ အဓိကပြဿနာမှာ စားဝတ်နေရေးဖြစ်သဖြင့် နေ့စဉ် စားသုံးနိုင်ရန် အလုပ်ရှိရန် လိုအပ်ပါသည်။ အချို့ရောဂါရှင်များမှာ အလုပ်လက်မဲ့များဖြစ်၍ ဆွေမျိုးသားချင်းများက ကျွေးမွေးစောင့်ရှောက်ထားရပါသည်။ ထိုသူများကို စားဝတ်နေရေး ပြေလည်စေရန်နှင့် လူမှုရေးအရ လက်ခံနိုင်စေရန် အလေးထားကူညီစေလိုပါကြောင်းကို နိုင်ငံတကာ အစိုးရအဖွဲ့များနှင့် (N.G.O) အဖွဲ့များအား (W.H.O) မှ ပြန်ကြားထားပါသည်။

## ဝက်ရူးပြန်ရောဂါအမျိုးအစားများ

ဝက်ရူးပြန်ရောဂါကို သာမန်အားဖြင့်ကြည့်လျှင် တစ်မျိုးတည်းဟု ထင်ရသော်လည်း ထိုရောဂါနှင့်ပတ်သက်ပြီး အခြေအနေ အနအရင့်ကို လိုက်၍ သုံးမျိုးသုံးစား ခွဲခြားထားပါသည်။

(၁) သာမန်ဝက်ရူးပြန် အမျိုးအစား

(၂) တစ်ခဏမျှဖြစ်သော ဝက်ရူးပြန် အမျိုးအစား

(၃) တစ်ပိုင်းတစ်စဖြစ်သော ဝက်ရူးပြန်အမျိုးအစား

## သာမန်ဝက်ရူးပြန်အမျိုးအစား

* သာမန်ဝက်ရူးပြန် အမျိုးအစားမှာ ရောဂါစတင်တက်လာပြီး တစ်ကိုယ်လုံး တောင့်တင်းကာ အသက်မရှူတော့ဘဲ မြေကြီးပေါ် သို့မဟုတ် ကြမ်းပြင်ပေါ်သို့ လဲကျသွားတတ်ပါသည်။

* နှုတ်ခမ်းများပြာလာပြီး သွားများ တင်းကျပ်စွာစေ့သွားသည့်အတွက် လျှာအနေအထား မမှန်ပါက ကိုက်မိတတ်ပါသည်။ တစ်ခါတစ်ရံ လျှာကို ကိုက်မိပြီး သွေးယိုစီးတတ်ပါသည်။

* အချို့မှာ ဆီးမထိန်းနိုင်ဖြစ်ကာ ဆီးများ ထွက်ကျတတ်ပါသည်။

* ခြေထောက်နှင့် လက်များ အကြောဆွဲသကဲ့သို့ တက်လာပြီး ပါးစပ်မှာ အမြှုပ်များ၊ တံတွေးများ ထွက်လာတတ်ပါသည်။

* ရောဂါတက်ချိန်မှာ စက္ကန့် ၃၀ ကြာမြင့်တတ်ပြီး တက်ပြီးနောက် ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေသွားပြီး သတိလစ်တတ်ပါသည်။ တချို့မှာ တစ်ဆက်တည်း အိပ်ပျော်သွားတတ်ပါသည်။ အိပ်ပျော်ချိန်မှာ တစ်ဦးနှင့်တစ်ဦး မတူပါ။ မိနစ်အနည်းငယ်မှ နာရီဝက်ခန့် ကြာမြင့်တတ်ပါသည်။

## တစ်ခဏမျှဖြစ်သော ဝက်ရူးပြန် အမျိုးအစား

* ထိုရောဂါမှာ အများအားဖြင့် ငယ်ရွယ်ချိန် ကလေးအရွယ်၌ ဖြစ်တတ်ပါသည်။

* သာမန် ဝက်ရူးပြန် ရောဂါလောက် အခြေအနေမဆိုးပါ။

* အချို့သော ကလေးငယ်မှာ စကားပြောဆိုနေစဉ် သို့မဟုတ် ကစားနေစဉ် ၁၀ - ၁၅ စက္ကန့်မျှ သတိလစ်သွားပြီး ကြောင်တောင်တောင် ဖြစ်သွားတတ်ပါသည်။

* ခြေလက်များမှာလည်း အကြောဆွဲသကဲ့သို့ဖြစ်ပြီး စက္ကန့်ပိုင်းအတွင်း ပြန်ကောင်းသွားတတ်ပါသည်။

* အချို့သော ကလေးငယ်များမှာ စက္ကန့်ပိုင်းမျှ သတိလစ်ပြီး လဲကျတတ်ပါသည်။

* ထို့နောက် ချက်ချင်းပြန်ကောင်းသွားတတ်ပါသည်။

* ဤသည်မှာ ရောဂါအနုဆုံးသော အခြေအနေဖြစ်ပါသည်။

## တစ်ပိုင်းတစ်စဖြစ်သော ဝက်ရူးပြန် အမျိုးအစား

* ၎င်းရောဂါမှာ မျက်နှာ၊ ပါးစပ်၊ နှုတ်ခမ်း စသည်တို့သည် မသိမသာ တစ်ချက်တစ်ချက် အကြောဆွဲသကဲ့သို့ ခဏမျှဖြစ်ခြင်း။

* မည်သည့်အနံ့မျှ မရှိဘဲ အနံ့အသက် ရရှိသကဲ့သို့ ခံစားရခြင်း။

* အသံအမျိုးမျိုး ကြားရခြင်း စသည့်အကြားအာရုံရခြင်း။

* မျက်စိထဲတွင် အရာဝတ္ထုအမျိုးမျိုး မြင်တွေ့ရသော အမြင်အာရုံရခြင်း။

## ဝက်ရူးပြန်ထတတ်သည့်အချိန်

* ရုတ်တရက် လန့်ဖျပ်သည့်အချိန်၌ ဖြစ်တတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

*   လျှပ်တစ်ပြက် မိုးကြိုးပစ်ချိန်တွင် ဖြစ်တတ်ခြင်း။

*   အဖျားတက်နေစဉ်၌ ဖြစ်တတ်ခြင်း။

*   အိပ်ရေးပျက်ကာလ အစားအသောက် မမှန်ချွင်းသည်း ဖြစ်တတ်ခြင်း။

*   ပြင်းသည့်အလင်းပြောင်းမှု ရှိတဲ့သူ့အလိုလိုတက်တတ်ခြင်း။

**ရောဂါဖြစ်ပွားချိန်၊ အရေးပေါ်ပြုစုခြင်း**

*   ကလေးမွေးဖွားစဉ် ဦးခေါင်းကို ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခြင်း။

*   ဦးနှောက်အတွင်း အဖုအကျိတ်ဖြစ်ခြင်း။

*   အခြား အကြောင်းကြောင့် ဦးနှောက်၌ ဒဏ်ရာရကာ ဦးနှောက်ပိုင်းရောင်ရမ်းခြင်း။

*   နှလုံးရောဂါရှင်၊ ကျောက်ကပ်ရောဂါရှင်၊ အရက်စွဲသူ၊ ဦးနှောက်နှင့်အာရုံကြောချို့ယွင်းသူ။

*   အချို့မှာ ဝက်သားကို မကျက်တကျက် စားသုံးခြင်းကြောင့် ဝက်သားအတွင်း၌ ရှိနေသော တီနီယာဆိုယမ်ခေါ် သန်ပြားကောင်သည် ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိလာပြီး နေရာအနှံ့အပြားသို့ ရောက်ရှိသွားပါသည်။ ထိုမှ ဦးနှောက်အတွင်းသို့ ရောက်သွားကာ ဦးနှောက်နှင့်အာရုံကြော အဖွဲ့အစည်းကို ဖျက်ဆီးသဖြင့် ဤရောဂါရရှိခြင်း ဖြစ်ပါသည်။ ဝက်မှဖြစ်ပွားသောရောဂါဖြစ်သဖြင့် ဝက်ရူးပြန်ရောဂါဟု ခေါ်ပါသည်။

*   အချို့မှာ မျိုးရိုးဗီဇလိုက်၍ ဤရောဂါဖြစ်ခြင်း။

**သတိထားရမည့်အချက်များ**

*   ကိုယ်ဝန်ဆောင်များ အရက်အလွန်အကျွံမသောက်သင့်ပါ။ သောက်ပါက မွေးလာသည့် ကလေးငယ်တွင် ထိုရောဂါ ပါလာတတ်ပါသည်။

*   ကိုယ်ဝန်ဆောင်စဉ် အာဟာရ ဓာတ်ပြည့်ဝအောင်စားသုံးပါ။ အာဟာရ ချို့တဲ့ပါက မွေးလာသည့်ကလေးငယ်၌ ထိုရောဂါ ပါလာတတ်ပါသည်။

*   ဝက်သားစားမည်ဆိုပါက နူးနပ်အောင် ချက်ပြုတ်စားပါ။ ဝက်သားမှ တစ်ဆင့် သန်ပြားကောင် ဝင်ရောက်နိုင်ပါသည်။

*   ကလေးဘဝ ငယ်ရွယ်စဉ်၌ ဦးခေါင်းထိခိုက်မိပါက ထိုရောဂါဖြစ်စေနိုင်သည့်အတွက် မိမိ၏ကလေးငယ်အား ဦးခေါင်း၌ဒဏ်ရာမရအောင် ဂရုစိုက်ပါ။

*   တက်နေသော ဝေဒနာရှင် လဲကျမသွားစေရန် ဦးခေါင်းထိန်းပေးပါ။

*   တက်နေစဉ် လျှာကို မကိုက်မိစေရန် ဇွန်း သို့မဟုတ် ရာဘာတုံး အရှည်အား ပါးစပ်ထဲ၌ ထည့်ထားပေးပါ။

*   လူနာသည် အန်ပြီး သတိလစ်နေပါက ၎င်း၏အန်ဖတ်သည် ထိုသူ၏ အသက်ရှူလမ်းကြောင်းထဲ ပြန်မဆို့စေရန် ရှေးဦးသူနာပြုနည်းကို အသုံးပြုရမည်။

**အန်ဖတ်မပိတ်ဆို့စေရန် ရှေးဦးသူနာပြုနည်း**

*   လူနာကို မှောက်ခုံအနေအထားထားကာ ဘယ်ဘက်လက်ကို အောက်ဘက်သို့ ဖြောင့်ဖြောင့်ထားပြီး ညာဘက်လက်ကို ၉၀ ဒီဂရီအပေါ်သို့ ကွေးကာ လက်ကိုမှောက်ထားရမည်။

*   ထို့နောက် ဦးခေါင်းကို ညာဘက်သို့ စောင်းထားရမည်။

*   ဤပုံသဏ္ဌာန်အတိုင်း ထားပါက အန်ဖတ်ပိတ်ဆို့မှုမှ ကာကွယ်နိုင်ပါသည်။

**ဝေဒနာရှင်၏မိသားစုထို့ ဂရုပြုစရာ**

၎င်းဝေဒနာရှင်များကို အထူးကု ဆရာဝန်ကြီးများနှင့်ပြသကာ ထိရောက်သော ဆေးကုသမှုကို ခံယူခြင်းဖြင့် ၎င်းတို့ ခံစားရသော ဝေဒနာများကို ရှင်းရှင်းမပျောက်သည့်တိုင်အောင် ထိန်းချုပ်နိုင်ပါသည်။

ယခုအခါ ဆေးပညာလောကကြီး ခေတ်မီတိုးတက်နေသကဲ့သို့ ထိုရောဂါကို ထိန်းချုပ်နိုင်သည့် ဆေးဝါးများလည်း ပေါ်ပေါက်နေပြီဖြစ်ပါသည်။ ထို့ကြောင့် ဆရာဝန်ကြီးများ ညွှန်ကြားသည့် ဆေးဝါးများကို သောက်သုံးသင့်ပါသည်။ တချို့သော ဝေဒနာရှင်များသည် ရေချိုးနေရင်း တက်တတ်သည့်အတွက် ရေတွင်းထဲသို့ကျကာ အသက်ဆုံးရှုံးရသည့်အဖြစ်မျိုးလည်း တွေ့ရှိရပါသည်။ တချို့မှာ အမြင့်တက်သည့်အလုပ်ကို လုပ်ကိုင်ရသူများ ဖြစ်ပါသည်။ အမြင့်တက်နေစဉ် ရောဂါတက်လာပါက အမြင့်မှပြုတ်ကျပြီး သေဆုံးကြရပါသည်။

ထို့ကြောင့် ရောဂါရှင်များကို တစ်ဦးတစ်ယောက်တည်း မထားဘဲ အဖော်နှင့်သာ ထားသင့်ပါသည်။

မိသားစုမှ အထက်ပါ အချက်များကို ဂရုပြု ဆောင်ရွက်ပေးရပါမည်။

အချုပ်ဆိုရသော် အနာသိလျှင် ဆေးရှိသည်ဆိုသကဲ့သို့ တိုးတက်နေသော ဆေးပညာလောကကြီးတွင် ထိုရောဂါကို ထိန်းချုပ်နိုင်သည့် ခေတ်မီဆေးဝါးများဖြင့် ထိန်းချုပ်ပေးလျက်ရှိရာ ဝေဒနာရှင်များအနေနှင့် နားလည်တတ်ကျွမ်းသည့် ဆရာဝန်ကြီးများနှင့် ပြသကာ ကုသမှုခံယူပါက ရောဂါကို ထိန်းချုပ်ကာ လူကောင်းတစ်ယောက်သဖွယ် သက်တမ်းစေ့ နေသွားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

❒ ရှိရှိဇော

Ref : "Epilepsy disease" from Internet.




www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာနန်းမြင့်

။ကချင်ဖြေ။

## ဒူလာရောဂါအကြောင်း သိကောင်းစရာ



### ဒူလာရောဂါ

ကျယ်ပြန့်ပြီး ကြောက်စရာကောင်းသော နာတာရှည်ရောဂါများထဲတွင် ဒူလာရောဂါသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဒူလာရောဂါသည် ယူရစ်အက်စစ် စွန့်ထုတ်မှု၌ အဆင်မပြေ ပြဿနာဖြစ်ပေါ်မှုကြောင့် ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုခုတွင် ယူရစ်အက်စစ် ဆားများပွင့်၍ အနည်ထိုင် ကျောက်တည်သွားခြင်းကြောင့် ဖြစ်ရသော ရောဂါဆိုးဖြစ်သည်။

TOPHUS ခေါ် အဆစ်အမြစ်တိုက် ဒူလာကျောက်တည်ရောဂါကြောခဏ ထပ်ခါတလဲလဲ ဖြစ်စေ၍ ဒုက္ခပေးတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒူလာရောဂါကို ပုံစံအမျိုးမျိုးနှင့် မြင်တွေ့ရတတ်၏။ ဒူလာရောဂါမည်သည်မှာ ခန္ဓာကိုယ်တစ်ခုလုံး၌ ဖြစ်ပွားနိုင်ပြီး ဒုက္ခအမျိုးမျိုးလည်း ဖြစ်စေတတ်၏၊ ကြွက်စွန်းကြောနာ၊ အာရုံကြောမျက်နာ၊ ကြွက်မြွေပါးနာ၊ ခါးနာ၊ လည်ပင်းနာ၊ အဆစ်ဆုံ၊ အမြစ်ဆုံနာ စသည်ဖြင့် မျက်လှည့်ပြသလို ပုံသဏ္ဍာန်အမျိုးမျိုးနှင့် နာတတ်၏။

ကလေးသူငယ်များတွင် အမြစ်များတတ်သော အဆစ်အမြစ်ကိုက်ခဲနာကို RHEUMATISM ဟု ခေါ်ကြ၏။ နာတာရှည်တတ်ပြီး ထပ်ခါ ထပ်ခါ နာကျင်ဖောက်ပြန်တတ်ကာ တစ်ကိုယ်လုံး နာတတ်သော ရောဂါမျိုးဖြစ်သည်။ အေးမြ၍ စိုစွတ်တတ်သော ဒေသများတွင် အဖြစ်များတတ်သည်ဟုဆိုသည်။ မဖြစ်အောင်ကာကွယ်နေထိုင်သင့်သည်။ အထူးသဖြင့် အဆစ်ရောင်နာနှင့် နှလုံးရောင်နာသည် အဓိကလက္ခဏာများဖြစ်သည်ဟုဆိုသည်။

အကယ်၍ မကာကွယ်နိုင်ဘဲ စွဲကပ်ခံရမည်ဆိုပါက ကိုယ်ပူခြင်း၊ အင်ပျဉ်ထခြင်း၊ အရေပြား၏အောက်အထုံးကလေးများ ပေါ်ခြင်း၊ အကြောဆွဲခြင်းများကို ဖြစ်စေတတ်ပြီး နှလုံးကြွက်သား၊ နှလုံးဖုံးအမြှေးနှင့် နှလုံးအခင်းမြှေးတို့ကို ထိခိုက်စေကာ နောက်ဆက်တွဲ ဆိုးရွားမှုများကို ပွားစေနိုင်ပါသည်။

ARTHRITIS ခေါ် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲနာသည်လည်း နာတာရှည်ဒူလာရောဂါ ဖြစ်သည်။ ရောဂါပြင်းထန် အရှိန်တက်လာလျှင် နီလာ၊ ရောင်လာ၊ ပူလာ၊ နာကျင်ကိုက်ခဲလာတတ်ပြီး လှုပ်ရှားရန် ခက်ခဲလာတတ်သည်။ အဆစ်အမြစ်များ ပုံပျက်သွားနိုင်သည်။

ရောဂါဖြစ်နိုင်သော အကြောင်းရင်းများမှာ . . .

(၁) ရောဂါပိုးများ ကူးစက်ခံရခြင်း
(၂) ဓာတ်မတည့်မှု၏ တုံ့ပြန်ခြင်း
(၃) ဇီဝ ဖြစ်ပျက်ပြောင်းလဲမှုဖြစ်စဉ် စနစ်မကျ ယိုယွင်းစံပျက် ရှုပ်ထွေးနေခြင်း
(၄) ထိခိုက်မှု ခွဲစိတ်ခံရမှုအပါအဝင် ထိခိုက်အနာတရ ဖြစ်ခံရခြင်း
(၅) သမင်ဖြူရောဂါကဲ့သို့ မရှင်းလင်းနိုင်သော အကြောင်းရင်းများ၏ ရိုက်ခတ်ခံရခြင်း
(၆) ရောဂါဖြစ်ရန် အကြောင်းညီညွတ်သွားခြင်းများကြောင့် ဖြစ်ပါသည်။

အသက်ကြီးသော အမျိုးသားများတွင် အဆစ်အမြစ် ကိုက်ခဲသော ဒူလာရောဂါ အဖြစ်များတတ်၏။

ဖြစ်ရသည့် အကြောင်းရင်းများမှာ ကိုယ်ခန္ဓာ သွေးရည်ထဲတွင် ယူရစ်အက်စစ် စုပုံများလာသောကြောင့် ဖြစ်သည် ဟူ၏။

သွေးရည်ထဲတွင် ယူရစ်အက်စစ်ဆား ပျော်ဝင်နိုင်မှု အားနည်းလာပြီး ပိုလျှံလာသော ပိုတက်ဆီယမ်ယူရစ်အက်စစ်ဓာတ်များကို ဆားပွင့်ကလေးများ ဖြစ်လာစေကာ အဆစ်များ၏ အစေးမြှေးများ၌ အနည်တည်စေသည်။ ထိုအခါ အဆစ်အမြစ်များသည် ရောဂါပိုးမရှိဘဲ နာကျင်ကိုက်ခဲလာတတ်မည်။ အဆစ်များ နီမြန်းပူနွေးလာပြီး ရောင်ရမ်း နာကျင်လာတတ်သည်။

ဒူလာရောဂါ ရှိသူများသည် အရက်သေစာသောက်စားခြင်းကိုအထူးရှောင်ကြဉ်ရမည်။ အရက်သောက်ခြင်းကြောင့် ရောဂါပိုမိုဆိုးရွားစေနိုင်သည်။ အရက်နှင့် အရက်ပြန်သည် လူ့ခန္ဓာကိုယ်ထဲ ရောက်ရှိသွားသည့်အခါ Lactic Acid လက်တစ်အက်စစ် ဖြစ်မြန်စေနိုင်ပြီး ယင်းဓာတ်သည် ကျောက်ကပ်ထဲမှ ယူရစ်အက်စစ် စွန့်ထုတ်ပေးခြင်းကို ဟန့်တား အနှောင့်အယှက် ဖြစ်စေသည်။ သို့ဖြစ်၍ အရက်သောက်ခြင်းကြောင့် ဒူလာရောဂါကို ပိုမိုဆိုးရွားစေပြီး အဆစ်အမြစ်ကိုက်ခဲခြင်း သံသရာလည်စေနိုင်ပါသည်။

## ရောဂါလက္ခဏာသဘော

အရွယ်ရောက်သော လူကြီးများ အသက်အရွယ်ရလာသည့်အခါ ဒူ[...] ရောဂါ သံသရာလည်မှုဖြစ်စဉ်သ[...] တဖြည်းဖြည်းနှေးကွေးလာပြီး နာ[...] ခြင်းလည်း လျော့နည်းလာတတ်သ[...] သို့သော်လည်း လုံးဝအရှင်းပျောက်[...] သွားခြင်းမျိုး မဟုတ်ဘဲ ဒူလာကျော[...] တည်ရောဂါအဖြစ် ရောဂါလက္ခ[...] သဘောပြောင်းလဲသွားကာ ဆက်[...] စွဲမြဲစေခြင်းသာ ဖြစ်ပါသည်။ ဒူ[...] ကျောက်တည်ရောဂါ ပြောင်းလဲ[...] တည်လာလျှင် အထူးသဖြင့် လက်[...] ဖက်တွင် ဖြစ်လာတတ်သည်။ အ[...] အမြစ် လေးငါးနေရာ၌လည်း တ[...] တည်းတွင် စွဲကပ်ဖြစ်စေတတ်သ[...] သက်ကြီးရွယ်အို အမျိုးသားများကို[...] စေနိုင်သလို သက်ကြီးရွယ်အို အ[...] အိုများကိုလည်း ဖြစ်စေတတ်ပါသ[...]

ထို့ပြင် ဒူလာကျောက်[...] ရောဂါသည် မျက်ကြည်လွှာတွင်[...] တည်လာတတ်ပြီး နာတာရှည် မျ[...] နီရောဂါဖြစ်စေပြီး မျက်စိကို ဒုက္ခ[...] တတ်ပါသည်။

ကြောက်မက်ဖွယ် [...] သော ဒူလာကျောက်တည်ရောဂါ[...] အရေပြား၏ မည်သည့်နေရာမျိုး၌[...] စွဲကပ်စေတတ်ပြီး အဖု အလုံးထွက်[...] အနီစက်ပေါ်ခြင်း၊ နာကျင်တတ်[...] ယားယံခြင်း၊ ပြည်တည်နာဖြစ်စေ[...] ခြင်း၊ အနာများကူးစက် ရင်းလာ[...] ခြင်းများကို ဖြစ်စေနိုင်ပါသည်။

အချို့ပုဂ္ဂိုလ်များ၌ ရင်သား[...] ဆာ၊ အူမကြီးကင်ဆာ စသည်[...] ရောဂါတစ်မျိုးမျိုးကို ခွဲစိတ်ထုတ်[...] ပြီးမှ ဒူလာကျောက်တည်ရောဂါဖြ[...] မှန်း သိရသည်ဟုဆိုသည်။ ဒူလာ[...] နှင့် အဖုအကျိတ်ပေါ်ခြင်းစပ်၍ အ[...] ဆာနှင့် ကြီးမားကြောက်စရာ[...] သော ကင်ဆာဆဲလ်များအဖြစ်[...] တတ်သည်ဟု ပညာရှင်များ၏ [...]





www.burmeseclassic.com

www.burmeseclassic.com

ညာစာတမ်းများတွင် ဖော်ပြထားကြသည်။

အသက်ရှူ အဖွဲ့အစည်းများ၌ သည်း ဒူလာကျောက်တည်ရောဂါ ဖြစ်နိုင်သည်ဟူ၏။ အချို့သည် လျှာခင်တွင် ဒူလာကျောက်တည်ရောဂါဖြစ်နေသောကြောင့် နှစ်ရှည်လများ အသံတိမ်နေတတ်ပြီး အချို့၌ လည်မျိုအရိုးပျော့တွင် ဒူလာကျောက်တည်ဖြစ်နေသဖြင့်အစာမျိုရန် ခက်ခဲနေတတ်သည်။

ဆေးသုတေသီ ပညာရှင်များ၏ အဆိုအရ ဒူလာရောဂါများသည် ကိုယ်ခန္ဓာအစိတ်အပိုင်း အဖွဲ့အစည်း၏ ဇီဝဖြစ်ပျက်မှု ဖြစ်စဉ်နှင့် ဆက်စပ်၍ ဖြစ်တည်လာတတ်သော ရောဂါမျိုးဖြစ်သဖြင့် အမျိုးသား၊ အမျိုးသမီးမရွေး ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်း၌ ဖြစ်စေ စွဲကပ်ဒုက္ခပေးနိုင်သော ရောဂါဖြစ်သည်ဟု ဆိုသည်။

သို့ဖြစ်၍ ဒူလာရောဂါ၏ သွင်ပြင်လက္ခဏာများကို သိရှိထားကြခြင်းဖြင့် ကြောက်စရာကောင်းသော ဒူလာရောဂါကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး ရောဂါလွန် နှောင့်နှေးကြန့်ကြာမှုကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

## ဆင်ခြင်ရမည့် အကြောင်းရင်း

ဆေးပညာအရ လူ့ခန္ဓာကိုယ်သွေးအတွင်း ယူရစ်အက်စစ်ဓာတ်တိုးပွားပိုလျှံနေခြင်းကို ကာလကြာရှည်စွာ မကုသဘဲ လျစ်လျူရှုထားပါက ဆားငွင့်များကို အနည်ထိုင်စေပြီး အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်းကို ဖြစ်လာစေနိုင်သည်။ အထူးသဖြင့် ညဘက်တွင် အဆစ်အမြစ် ကိုက်ခဲခြင်းရောဂါဖောက်ပြန်ဆိုးရွား ဒုက္ခပေးလာတတ်သည်ဟု ဆိုသည်။

ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ညအိပ်ရာဝင်ချိန်တွင် ခန္ဓာကိုယ်ထဲ အစာနှင့်ရေ ဝင်ရောက်မှုမရှိတော့သဖြင့် သွေးရည်ထဲ ရေဓာတ်လျော့နည်းလာသောကြောင့် ယူရစ်အက်စစ်ဓာတ် စေးပျစ်လွန်ကဲလာခြင်းကြောင့်လည်းကောင်း၊ အဆစ်အမြစ် ကိုက်ခဲမှုကို ထိန်းချုပ်ပေးထားသော ကျောက်ကပ်အထက်ဂလင်း ဟော်မုန်းထုတ်လုပ်ပေးမှု လျော့နည်းနေချိန် ဖြစ်သောကြောင့်လည်းကောင်း ဖြစ်သည်ဟု ဆိုသည်။ ရေကို မကြာခဏ သောက်ပေးခြင်းဖြင့်အထိုက်အလျောက် ကာကွယ်ထားနိုင်ပါသည်။

အဆစ်အမြစ်နာရောဂါ၏ ထူးခြားချက်မှာ နေရာ လှည့်လည်တတ်သော သဘောရှိတတ်သည်။ အဓိက အဖြစ်များတတ်သော နေရာများမှာ . .

(၁) ခြေဖဝါးအဆစ်များ
(၂) ပခုံးနှစ်ဖက်
(၃) တံတောင်ဆစ်
(၄) လက်ကောက်ဝတ်
(၅) ဒူးခေါင်း
(၆) တင်ပါးအဆစ်
(၇) ပေါင်ရင်းဆစ်

စသည့် အဆစ်များတွင် ဖြစ်တတ်ပါသည်။ ရောဂါဖောက်ပြန်မှုမရှိသည့်အခါများ၌မူ ဘာမျှမဖြစ်သကဲ့သို့ ရှိနေတတ်သည်ဟု ဆိုသည်။

## ကာကွယ်ခြင်းနှင့် ကုသခြင်း

မည်သည့် ရောဂါမျိုး ဖြစ်စေ ရောဂါစွဲကပ်ခံရပြီးမှ ကုသခြင်းထက် ရောဂါမဖြစ်အောင် ကာကွယ်နေခြင်းသည် အကောင်းဆုံးဖြစ်သည်။ အကယ်၍ ရောဂါစွဲကပ်ခံရပါကလည်း ရောဂါမကျွမ်းမီ ရောဂါနုစဉ် အချိန်မီဆေးစစ်ကုသမှုခံယူခြင်းဖြင့် သက်သာကောင်းစေနိုင်မည် ဖြစ်သည်။

## ရောဂါမဖြစ်အောင် ကာကွယ်နေထိုင်နည်း

(၁) အရက်သောက်ခြင်းမှ ရှောင်ကြဉ်ရမည်။
(၂) ခန္ဓာကိုယ် ခုခံအား ကောင်းအောင် ကိုယ်လက်လှုပ်ရှားအားကစား တစ်မျိုးမျိုးကို နေ့စဉ် လုပ်ဆောင်ပေးရမည်။
(၃) အအေးမမိအောင်၊ အာသီးရောင်နာ မဖြစ်အောင်၊ လည်ချောင်းနာရောဂါ မဖြစ်အောင် ဂရုစိုက်နေထိုင်ရမည်။ ကျန်းမာရေးအတွက် သင့်မြတ်စေမည့် အစားအသောက်များကို ရွေးချယ်စားသုံးပေးရပါမည်။
(၄) ကိုယ်ခန္ဓာ အတွင်း၊ အပြင်၌ မသက်သာဖွယ်ရာ နာကျင်မှုလက္ခဏာများ ရှိပါက ဆေးစစ်ဆေးမှု ခံယူကြရမည်။

## ရောဂါခွကပ်မှုခံရသဖြင့် ကုသမှုခံယူရမည်ဆိုပါက

(၁) ယူရစ်အက်စစ်ကို ထိန်းထားရမည်။ သမားတော် ဆရာဝန်များ၏ ညွှန်ကြားမှုကို ခံယူပြီး ဆေးကို မပျက်မကွက် မှန်မှန်သောက်ပေးရမည်။
(၂) နာတာရှည်ရောဂါ ကုသသကဲ့သို့ မျက်ခြည်မပြတ် ဆေးစစ်ဆေးသောက်ခြင်းကို မပြတ်မလပ် လုပ်ဆောင်ပေးရမည်။
(၃) အနေအထိုင် သတိထားပြီး မတည့်သော အစားအသောက်များကို ရှောင်ကြဉ်ရမည်။

ဆေးပညာရှင်အချို့၏ အဆိုအရ အရက်၊ ဘီယာ၊ တိရစ္ဆာန်များ၏ ကလီစာ၊ သား၊ ငါး၊ ပုစွန်၊ ကဏန်း၊ ခရုကမာ၊ ပဲပုပ်၊ ပဲကြီး၊ မှိုဟင်းများကို လျှော့စားသင့်သည် သို့မဟုတ် ရှောင်သင့်သည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ဒူလာရောဂါကို မဖြစ်မီ ထိထိရောက်ရောက် ကာကွယ်ပြီး ဖြစ်လာပါက မပြတ်မလပ် ဆေးစစ်ကုသမှု ခံယူကြခြင်းဖြင့် ပျောက်ကင်းချမ်းသာ ရရှိနိုင်ပါလိမ့်မည်။

❐ အောင်ဘုန်းမြင့် (ကချင်မြေ)



www.burmeseclassic.com




ရေချိုး၍ သေသည့်မသာ သာရှိ၍ ရေမချိုး၍ သေသည့်မသာ မရှိဟု ဆိုစကားရှိပါသည်။ မှန်ပါသည်။ ရေချိုးသင့်သည့် အချိန်အခါမဟုတ်ဘဲ ရေချိုး၍ သေကြရ၏။ အမှန်ကတော့ သင့်တော်သည့်အချိန်တွင် ရေချိုးခြင်းသည် ဆေးတစ်ပါးပင် ဖြစ်ပါသည်။ အလွန်ပူပြင်းသည့်အခါ နေပူထဲတွင် ခေါင်းပေါ်၊ လည်ပင်းတို့၌ ရေဖတ်၊ မျက်နှာသုတ်ပဝါကို အေးစေလို၍ တင်သည့်အခါ ဦးနှောက်သွေးကြောပြတ်၍ ၂၀၁၀ ပြည့်နှစ်က မန္တလေးတွင် သေဆုံးသူ အများအပြား ရှိခဲ့ပါသည်။ ထို့အတူ အလွန်ပူပြင်းကာလ အရက်သောက်၍ သေသည့်သူများလည်း ရှိပါသည်။

ကလေးငယ်များကို ရေမချိုးခင် လက်ကလေးနှင့် ရေဆွတ်၍ တောက်ကြည့်ပါ။ ကလေးငယ်ကိုယ်က ကြက်သီးထ၍သော်လည်းကောင်း၊ ဆန္ဒမရှိလျှင်သော်လည်းကောင်း ရေမချိုးပေးပါနှင့်။ ထို့အတူ လူကြီးများလည်း ရေချိုးချင်သည့်ဆန္ဒရှိမှ ရေချိုးသင့်ပါသည်။ သို့သော် အပူထဲမှလာပြီး ချွေးထွက်တိုင်း ချက်ချင်း ရေမချိုးသင့်ပါ။ ရေတစ်ခွက်သောက်ပြီး ချွေးသုတ်၍ ၁၀ မိနစ်ခန့် ခေတ္တနားပြီးမှ ရေချိုးပါ။

ရေချိုးသည့်အခါ ပထမ ခြေထောက်ကို ရေလောင်းပါ။ ထို့နောက် ခြေသလုံး၊ ဒူးဆစ်၊ပေါင်၊ ခါးအထိ ရေကို တဖြည်းဖြည်းချင်းလောင်းပြီးမှ ကိုယ်ကို လောင်းချိုးပါ။ ရေကိုလည်း စိမ်ပြီး မချိုးပါနှင့်။ ဆောင်းတွင်း၌ ရေချိုးလျှင် ရေနွေးနှင့်စပ်၍ချိုးခြင်း၊ ရေကို နေပြ၍ ချိုးခြင်းများလုပ်ပါ။ ညအချိန် ညအိပ် (တစ်ညကြာ)ရေများ သတိထားချိုးပါ။

ရှေးက ရေကို သတိထားချိုးရန် နာလန်ထလူနာများအတွက် “ဂုံသား ရွှေတောင် ရေကိုရှောင်” “အောင်စံဖြိုး ရေချိုးရက်” ဟူ၍ တနင်္လာ၊ သောကြာ၊ ဗုဒ္ဓဟူး၊ စနေနေ့များကို ရှောင်စေ၍ တနင်္ဂနွေ၊ အင်္ဂါ၊ စနေနေ့များကို ရေချိုးရက်ဟုပင် အလေးဂရုပြု မှတ်သားကြလေသည်။

ရေချိုးသည့် အခါလည်း နေထွက်ချိန်မှ နေဝင်ချိန်အတွင်း၌ ရေချိုးသင့်ပါသည်။ ညအချိန်များတွင် ရေမချိုးသင့်ပါ။ ရေချိုးပြီးသည့်အခါ ရေကို စင်အောင်သုတ်၍ အေးသည့်ကာလများတွင် ရေနွေးတစ်ခွက် သောက်သင့်ပါသည်။ ခန္ဓာကိုယ်ကိုလည်း နွေးထွေးစွာထားသင့်ပါသည်။ ချမ်း[illegible]သေးလျှင်

www.burmeseclassic.com

အနိုးပွင့်ဆေးနှင့် ရေနွေးသောက်သင့်ပါသည်။

ပူပြင်းသည့် နွေရာသီတွင် ရေချိုးခြင်းအမှုကို သတိထားသင့်ပါသည်။ နေပူထဲတွင် အလုပ်လုပ်သူများ၊ ချွေးသံရွှဲရွှဲဖြင့် ခရီးဝေးမှ ပြန်လာသူများသည် အမှတ်တမဲ့ ရေချိုးမိပါက အပူဝပ်ပြီး သွေးခဲခြင်း၊ ဆီးခဲခြင်း၊ အပူရှပ်၍ ငုပ်၍ နာခြင်းများဖြစ်တတ်ပြီး အခန့်မသင့်ပါက သေဆုံးတတ်ပါသည်။

အသက်ကို ညဏ်စောင့်သလို မိမိခန္ဓာကိုယ် သက်ရှည်ကျန်းမာရေးအတွက် သတိတမံ ညဏ်မြေကတုတ်သဘောဖြင့် ဆင်ခြင်လျက် ရေချိုးသန့်စင်ဖို့ လိုပါသည်။ တအားပူတယ်ဆိုပြီး ရေကိုအဆောတလျင် မချိုးသင့်ပါပေ။ ပူပြင်းသည့်အချိန်အခါ ရေချိုးလိုပါက အောက်ပါအတိုင်း သတိယှဉ်လျက် ရေချိုးသင့်ပါသည်။

(၁) ရေမချိုးမီ ငါးမိနစ်ခန့်နေ၍ ရေအသောက်လိုက်ပါ။

(၂) မိမိခံတွင်းနှင့် သင့်သလောက်ရေကို ငုံထားပြီးမှ ခြေမျက်စိကို ရေလောင်းပါ။

(၃) ခဏ ရပ်ထားပြီးနောက် ဒူးခေါင်းအောက်ပိုင်းကို ရေလောင်းပါ။

(၄) နောက် ခဏနားပြီး ပေါင်ရင်းမှ၍ ရေလောင်းပါ။

(၅) အေးလာပြီဆိုမှ လည်ပင်းမှစပြီး ခန္ဓာကိုယ်ကို ရေလောင်းပါ။

(၆) ဦးခေါင်းမှ အပူငွေ့များ တရှိန်ရှိန်ထွက်လာမည်။ နှစ်မိနစ်လောက်ကြာမှ ဦးခေါင်းမှစ၍ လောင်းချိုးရပါမည်။

(၇) ရေချိုးပြီးသည်အထိ ငုံထားသော ရေကို ထွေးပစ်လိုက်ပါ။ ထွေးလိုက်သောရေသည် ရေနွေးကဲ့သို့ ပူနွေးနေသည်ကို သိရှိရပါလိမ့်မည်။

ရေချိုးနေစဉ် ခန္ဓာကိုယ်အောက်ပိုင်းမှ ပြန်တက်လာသော အပူငွေ့များသည် ခံတွင်း၌ငုံထားသောရေနှင့် လုံးထွေးပါသွားသဖြင့် ဖျားနာခြင်းကို ကာကွယ်စေပါသည်။ ဤရေချိုးနည်းများကို နွေရာသီတွင်သာမက အခြားရာသီများတွင်လည်း နေပူရှိန်ကို ချင့်ချိန်၍ အသုံးချခြင်းအားဖြင့် အအေးမိ ဖျားနာခြင်း ကင်းစေပါသည်။

**ကိုယ်လက်လှုပ်ရှား**
**အားကစားခြင်းနှင့်**
**လမ်းလျှောက်ခြင်း**

လူ့ခန္ဓာကိုယ်ရှိ သွေးကြော သွေးကြောများ ပုံမှန်လည်ပတ်မှုရှိနေစေရန် ကိုယ်လက်လှုပ်ရှား အားကစားခြင်းများကို နေ့စဉ်မှန်မှန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဥပမာ - ကြက်တောင်ရိုက်ခြင်း၊ ဘောလုံးကစားခြင်း၊ စက်ဘီးစီးခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ ခြင်းလုံးကစားခြင်း၊ တင်းနစ်ကစားခြင်း၊ ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ ဖြစ်ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ နံနက်ခင်းတွင် ထုတ်လွှင့်ပေးသော ကိုယ်လက်လှုပ်ရှား သွေးပူလေ့ကျင့်ခန်းများ လုပ်လျှင်လည်း ရပါသည်။ မြန်မာနိုင်ငံရှိ တရုတ်အမျိုးသား၊ အမျိုးသမီးကြီးတို့သည် ကန်တော်ကြီး၊ အင်းလျားကန်၊ မန္တလေးကျုံးဘေးတို့တွင် နံနက်ခင်း ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်နေကြသည်မှာ အတုယူဖွယ်ကောင်း၏။

လမ်းလျှောက်သည့်အခါတွင် 'အဘိုးကြီးအို ခါးကုန်းကုန်း မသေပါနှင့်ဦး၊ နောက်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦး' ဟု အပြောမခံရအောင် လမ်းလျှောက်သည့်အခါ ခါးကိုမတ်၍ လျှောက်ပေးပါ။

လမ်းလျှောက်ခြင်းသည်လည်း လူကြီးများနှင့်သင့်လျော်၍ ကျန်းမာရေးကို အထူးအထောက်အကူပြုပါသည်။ ဘာသာရေးအရ လမ်းလျှောက်ခြင်း (ဝါ) စင်္ကြံလျှောက်ခြင်း၏ အကျိုးတို့မှာ

(၁) ခရီးရှည်သွားနိုင်ခြင်း

(၂) မည်သည့် အမှုကိစ္စတွင်မဆို အပင်ပန်းခံနိုင်ခြင်း

(၃) အနာရောဂါနည်းပါးခြင်း

(၄) အစာကြေညက်လွယ်ခြင်း

(၅) တည်ကြည်သော သမာဓိတရားရရှိခြင်း တို့ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားမှုတွင် လမ်းလျှောက်ခြင်းလည်း ပါဝင်ပြီး လမ်းလျှောက်ခြင်းကြောင့် အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် အဆစ်အမြစ်နာကျင်ရောဂါ ရောင်ရမ်းခြင်းတို့ ဖြစ်ပွားမှုကို ကာကွယ်တားမြစ်စေပါသည်။ လမ်းလျှောက်ခြင်း၏ အကျိုးတရားများမှာ . . .

(၁) သွေးလည်ပတ်မှု ကောင်းပြီး အထူးသဖြင့် အဆုတ် နှလုံးတို့၏ သွေးလည်ပတ်မှု ကောင်းမွန်စေခြင်း၊

(၂) လေဖြတ်ခြင်း နှလုံးရောဂါ ရုတ်တရက်ဖြစ်ခြင်းတို့မှ ကာကွယ်နိုင်သောသဘောရှိခြင်း။

(၃) အဝလွန်ရောဂါနှင့် သွေးပေါင်ချိန် မြင့်တက်မှုတို့ကို အတော်အသင့် ကာကွယ်နိုင်ခြင်း။

(၄) သွေးထဲရှိ အဆီဓာတ် (choles-trol) နှင့် သကြားဓာတ်များကျစေခြင်း။

(၅) တစ်ကိုယ်လုံးရှိ ကြွက်သားများ သန်မာဖျတ်လတ်စေခြင်း။

(၆) စိတ်နှလုံး တင်းမာမှုကို လျော့စေခြင်း။

(၇) အရိုးများ ကြံ့ခိုင်သန်မာစေ၍ အရိုးပွမှု၊ အရိုးအဆစ် ကိုက်ခဲမှုများကို ကာကွယ်စေသည်။

(၈) သွေးတိုးကျစေခြင်း။

(၉) မိမိကိုယ်ကိုယ် ယုံကြည်မှုရှိ၍ စိတ်ပျော်ရွှင်ကျန်းမာစေခြင်း။

လမ်းလျှောက်ခြင်းသည် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ငွေကုန်ကြေးကျမှု မရှိသည့် အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှုဖြစ်ပါသည်။ နေ့စဉ်မှန်မှန် မိနစ်(၃၀)လမ်းလျှောက်ခြင်းဖြင့် အသက်ရှည်ကျန်းမာစေနိုင်ပါသည်။ တရုတ်ကူမင်တန်ပါတီ ခေါင်းဆောင် ချန်ကိုင်ရှိတ်သည် နေ့စဉ်လမ်းလျှောက်၍ အသက်(၁၀၀)အထိနေသွားလေသည်။

လူတိုင်း လူတိုင်း ကျရိယာပထ မျှတစေရန် မည်သည့်အလုပ်ကိုဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com

လုပ်သောအခါ စွဲမြဲတာရှည်စွာ လုပ်ကိုင်ခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း စသော ဣရိယာပုတ် ပြောင်းလဲခြင်းအမူကို အခြေအနေအားလျော်စွာ ပြုလုပ်ပေးမှသာ ထိုင်ရင်း နေရင်း ရောဂါမရဘဲ ဆေးဝါးဓာတ်စာ မစားရဘဲ နေ့စဉ်ကျန်းမာရေးသာတ် ရကြပေမည်။

"ဘယ်လှမ်းရှပ်နာမ်၊ ညာလှမ်းဖြစ်ပျက်၊ ဤနှစ်ချက် ပျက်ခဲ့သွား" ဆိုအပ်သော ဝိပဿနာသတိနှင့်ညီစွာ လမ်းလျှောက်နိုင်ကြပါမူ ကျန်းမာရေးအတွက် ကောင်းပြီး အမတနိဗ္ဗာန်ပြည်သို့လည်း ရောက်ကြောင်းအထောက်အပံ့ ပြုကြပေလိမ့်မည်။ လမ်းလျှောက်သည့်အခါ ကိုယ်ကိုမတ်၍လျှောက်ခြင်းသည် ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ရေးအတွက် လိုသောအချက်တစ်ချက်ဖြစ်ပါသည်။ ရှိုက်ကုန်းကုန်းနှင့် ကုပ်ချောင်းချောင်း လမ်းလျှောက်ခြင်းသည် လူ၏တင့်တယ်မှုကို ဖျက်ဆီးသည့်ဟန်အမူအရာများဖြစ်သည်။

မိမိ၏ ကိုယ်နေကိုယ်ထားသည် မိမိကိုယ်မိမိ ယုံစားအားထားသောစိတ်ကို တိုးပွားစေသည်။ စစ်ပညာသင်တန်း မတက်မီနှင့် စစ်ပညာသင်တန်း သုံးလတက်ပြီး လူငယ်တစ်ယောက်၏ ကိုယ်နေကိုယ်ထားကို နှိုင်းယှဉ်ကြည့်လျှင် များစွာထူးခြားပြောင်းလဲသည်ကို တွေ့ရနိုင်သည်။ သင်တန်းတက်ပြီးသူ၏ လမ်းလျှောက်ဟန်သည် ဖြောင့်မတ်ပြီး ပိုမိုမြင့်မားသည့်အသွင် ဆောင်လာသည်။ ထို့ကြောင့် ဦးခေါင်းကိုထောင်၍ ကိုယ်ကိုမတ်ပြီး လမ်းလျှောက်သည့် အလေ့အကျင့်ပြုပါ။

ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းချက်တစ်ခုမှာ စိတ်လှုပ်ရှားခြင်းနှင့် ရှက်ရွံ့ခြင်းပင်ဖြစ်သည်။ အထင်ကရပုဂ္ဂိုလ်ကြီးများပင် ဤအချက်ကို ချို့ယွင်းချက်များ ရှိခဲ့ပါသည်။

သို့သော် လူများရှေ့ရောက်လျှင် မိမိစိတ်ကိုထိန်း၍ စိတ်လှုပ်ရှားခြင်းနှင့် ရှက်ရွံ့ခြင်း တို့ကို ဖျောက်ဖျက်ပစ်ပါ။ ဦးခေါင်းကိုမြင့်၍ (ဝါ) မော့၍ ကိုယ်ကိုမတ်မတ်ထားခြင်းက ထိုစိတ်များကို တိုက်ဖျက်ရာ၌ များစွာအထောက်အကူပြုပါသည်။ ထို့ကြောင့် လမ်းလျှောက်ရာ၌ ကျန်းမာရေးသာမက လူ၏ ကိုယ်ရည်ကိုယ်သွေးကိုပါ မြှင့်တင်ပေးသဖြင့် ဦးခေါင်းမြင့်လျက် ကိုယ်မတ်မတ်လမ်းလျှောက်ကြရန် ကြိုးစားသင့်ပါသည်။ ထို့ကြောင့် လမ်းလျှောက်ခြင်းသည် အကောင်းဆုံး အားကစားနည်းတစ်ခုအဖြစ် ဆိုကြခြင်းဖြစ်ပါသည်။

အသက်အရွယ် အိုမင်းလာသည့်အခါ ဖြစ်ပေါ်လာရသည့် ဝေဒနာတစ်ဝက်သည် ကိုယ်ခန္ဓာလှုပ်ရှားမှုမရှိခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည်ဟု ပညာရှင်များ လေ့လာတွေ့ရှိကြပါသည်။ လမ်းလျှောက်ခြင်းသည် ရုပ်ဝတ္ထုကိုယ်ခန္ဓာနှင့် စိတ်ချမ်းသာမှုကိုပါ ပေးစွမ်းနိုင်ကြောင်း သိရှိလေ့လာရပါမည်။

## တောင့်တင်းနာကျင်မှု၊ ကိုက်ခဲမှုများပပျောက်ခြင်း

ကြွက်သား အရိုးအဆစ်များသည် မလှုပ်ရှားဘဲ ကြာကြာနေပါက တောင့်တင်းသေးသိမ်သွားတတ်ပါသည်။ လမ်းလျှောက်ခြင်းဖြင့် ကိုယ်အလေးချိန်ဝန်ကို မျှတသက်သာစွာ ထမ်းဆောင်နေရ၍ ကြွက်သားနှင့် အဆစ်အမြစ်များ မထိခိုက်အောင် သွေးလည်ပတ်မှုဖြစ်စေပါသည်။

## ရုပ်ရည်ကို တင့်တယ်စေခြင်း

အသက်ကြီးလာသူသည် ငယ်စဉ်က တင်းရင်းနေသည့် ကြွက်သားများသည် ကမ္ဘာ့ဆွဲငင်အားဒဏ်ကြောင့် အသက်(၃၀)ကျော်ပါက လျော့ရဲတွဲကျလာတတ်ပါသည်။

သို့သော် လမ်းလျှောက်ခြင်းကြောင့် လက်မောင်းများပါ လွှဲ၍ လျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အချိုးအစား လှပစေ၍ အဓိကကြွက်သားဖြစ်သော ပခုံး၊ လက်မောင်း၊ ကျောပြင်၊ ဝမ်းဗိုက်၊ ခြေထောက်၊ တင်ပါးများရှိ ကြွက်သားများ ကျစ်လျစ်သန်မာစေပါသည်။ သွေးလည်ပတ်မှု ကောင်းပြီး အကြောများ ပျော့လာသည့်အတွက် အကြောတင်းခြင်း၊ အကြောထုံးခြင်းများ မဖြစ်ပေါ်စေပါ။

## သောကကင်းဝေး အိပ်ပျော်ဆေး

ဒေါက်တာ ကလောမီလာ ဆိုသည့် စိတ်ရောဂါပါရဂူကြီးက စိုးရိမ်သောက ဒေါသဖြစ်စရာ၊ စိတ်ညစ်စရာများ တွေ့ကြုံသည့်အခါ ၁၅ မိနစ်ခန့် လမ်းလျှောက်ပါဟု အကြံပြုထားပါသည်။ ဒေါက်တာ ဟန်တန်ဂျိုင်း ဆိုသည့် မျက်စိပါရဂူအထူးကုဆရာဝန်ကြီးက တစ်ပတ်တွင် သုံးကြိမ် ခုနစ်မိုင်ခန့်ဝေးသည့် အလုပ်ဌာနသို့ လမ်းလျှောက်သွားလေ့ရှိ၏။ ဤသို့လမ်းလျှောက်ခြင်း၏ရလဒ်ကား ကောင်းကောင်းအိပ်ပျော်ခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ညအိပ်ရာဝင်ခါနီး နှစ်နာရီအလိုတွင် လမ်းလျှောက်ခြင်းသည် ညအိပ်လျှင် ကောင်းကောင်းအိပ်ပျော်စေပါသည်။

## အကြံကောင်း စိတ်ကူးကောင်းများ ပေါ်စေခြင်း

ပန်းချီပညာရှင်ကြီးများ၊ အတွေးအခေါ်ပညာရှင်ကြီးများသည် ၎င်းတို့၏ အတွေ့အကြုံများအရ လမ်းလျှောက်ခြင်းသည် စိတ်ကူးဉာဏ်သစ်များ ပေါ်လာစေသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် အလုပ်တစ်ခုစခါနီး လက်ကိုနောက်ပစ်၍ လမ်းလျှောက်စဉ်းစားခန်းဝင်လေ့ရှိသည်။ မိုင်ပေါင်းများစွာ လမ်းလျှောက်ကြသူများကလည်း လမ်းလျှောက်လေ့ကျင့်မှုသည် ဦးနှောက်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်ဟု လက်ခံထားကြသည်။

လမ်းလျှောက်သူများသည် သာမန်လူများထက် မျက်စိအကြော ဓာတ် ပိုကောင်းခြင်း၊ မှတ်ဉာဏ် ပိုကောင်းခြင်းကို တွေ့ရှိရသည်။





www.burmeseclassic.com

www.burmeseclassic.com

င်တဲ့ ဆီးရည်များအဖြစ် ပြောင်းလဲသွားပါလိမ့်မယ်"

### ဆီးပူညောင်းကျ

"ပြီးတော့ ဆရာမ၊ အညောင်းင်ရလွန်းလို့၊ အပူတွေငုပ်လို့ဖြစ်ဖြစ်၊ တွေကြီးလို့ဖြစ်ဖြစ် ဆီးတွေပူ ညောင်း ကိုက်ခဲပြီး ဆီးပူညောင်းကျရောဂါ ပြီး ဝေဒနာခံစားနေရပြီဆိုရင် သက်သာပျောက်ကင်းနိုင်တဲ့ မြန်မာ့ဆေးနည်း စ်ခုလောက် အမိန့်ရှိပါဆရာမ"

"အင်း ဒါလဲမခက်ပါဘူး၊ ကန်စွန်းရွက်ရအောင် ရှာပါ၊ လတ်ဆတ်တဲ့ ကန်စွန်းရွက်ရရှိလာရင် ရေဆေးပြီး ထုထောင်းပါ၊ ပြီးရင် ပိတ်စိမ်းပါးထဲထည့်၊ အရည်ညှစ်ပါ၊ ရလျှင် ၎င်းအရည်ထဲကို ကြားအနေတော်ထည့်ပါ၊သမအောင် မွှေပါ၊ တစ်နေ့ သုံးကြိမ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာစီ သောက်ပါ၊ ဆီးပူညောင်းကျရောဂါ ပျောက်ကင်းသွားပါ လိမ့်မယ်၊ အဲဒီဆေးက ရေငတ်ဝေဒနာ ပါ ပျောက်ကင်းနိုင်ပါတယ်".

"ကျေးဇူးတင်ပါတယ် ဆရာမ ရယ်"

### ညှင်းရောဂါ

"ညှင်းခတော့ လူလှ၊ ညှင်းထူ တော့ လူနူဆိုတဲ့ စကားပုံအတိုင်း ညှင်း တွေပေါက်ပြီး ပွားလာရင် အရေပြား ရောဂါဖြစ်လာနိုင်တယ် မဟုတ်လား ဆရာမ၊ အဲဒီလို ညှင်းပေါက်တာလဲ ကောင်းတာမဟုတ်ဘူး၊ ဒါကြောင့် ညှင်း ပေါက်ရင် ဘာဆေးများ ကုသလို့ရနိုင် တယ်ဆိုတာ"

"ဒါလဲ မခက်ပါဘူး၊ နံ့သာဖြူ လေးပဲသား၊ လက်ချား တစ်ကျပ်သား၊ သံပရာရည် တစ်ကျပ်သား ရအောင် ဆောင်ရွက်ပြီး ရောသမမွှေပါ၊ ပြီးလျှင် ညအိပ်ရာဝင်ခါနီးတိုင်း ညှင်းပေါက်တဲ့ နေရာတွေ လိမ်းပေးပါ၊ ရက်အနည်း ငယ်အကြာမှာတော့ အားလုံး ပကတိ အသားအတိုင်း ပျောက်ပါမယ်".

"မှတ်ထားပါပြီ ဆရာမရေ"

### ထမင်းရည်ပူ

"ပြီးတော့ ဆရာမ၊ ထမင်းရည် ငှဲ့ချက်ကြတဲ့ အိမ်ရှင်မများအတွက် တကယ်လို့ ထမင်းရည်အပူလောင်တာမျိုး ရှိကြပါတယ်၊ အဲဒီလိုဖြစ်ရင် အဖု ပေါက်အနာတွေမဖြစ်အောင် သက်သာ ပျောက်ကင်းတဲ့ဆေးနည်း မှတ်သားပါရစေ"

"အင်း မခက်ပါဘူး မိုးမိုးရယ်၊ မိုးမိုးရဲ့ မီးဖိုချောင်က ကြက်သွန်နီဥကြီး ရရင် အဆင်ပြေပါပြီ၊ ကြက်သွန်နီဥကြီး ကို ထုထောင်းပြီး ပိတ်စိမ်းပါးနဲ့အရည် ညှစ်၊ အဲဒီအရည်ကို တစ်နေ့ သုံးခါ လောက် လိမ်းပေးမယ်ဆိုရင် အဖုလဲ မပေါက်၊ အနာလဲမဖြစ်တော့ဘဲကောင်း သွားပါလိမ့်မယ်၊ မှန်မှန်လိမ်းပေးပါ"

"ဟုတ်ကဲ့၊ သိပါပြီ ဆရာမ"

### ထိခိုက်ဒဏ်ရာ

"အလုပ်လုပ်ရင်း ကိုင်ရင်းနဲ့ မတော်တဆ ထိခိုက်ဒဏ်ရာ သွေးထွက် သာမက ကိုက်ခဲနာကျင်မှုတွေလဲ ဖြစ် လာမယ်ဆိုရင် ဆရာမ အဲဒါ ဘာဆေး များ သက်သာအောင် ဆောင်ရွက်နိုင် ပါသလဲရှင်"

"မခက်ပါဘူး၊ သက်ရင်းကြီးရွက်၊ ချင်း၊ မိဿလင်ဥ၊ နနွင်းတက် အဲဒီ ပစ္စည်းလေးမျိုးရအောင့်ရှာပါ၊ အမှုန့်စုပါ၊ ထုထောင်းပါ၊ ပြီးတော့ ကိုက်ခဲနေတဲ့ အနာပေါ် အုံပေးပါ၊ အဝတ်ပါးနဲ့ (ပတ်တီးလိပ်)စည်းထားပါ၊ မကြာမီ သက် သာ ပျောက်ကင်းသွားပါလိမ့်မယ်"

### ဒူးကိုက် ခါးကိုက်

"အလုပ်လုပ်ရင်း၊ သွားရင်းလာ ရင်း အထိုင်အထ အဆင်မပြေဖြစ်ပြီး ဒူးတွေကိုက်၊ ခါးတွေနာ ဝေဒနာတွေ ခံစားနေတာမျိုးတွေအတွက် ဆေးနည်း လိုချင်ပါတယ်ရှင့်"

"ဒါလဲ ဘာမှခက်စရာမရှိပါဘူး၊ အဲဒီကိုက်ခဲနာကျင်နေတဲ့ ခါး၊ ဒူးနေရာကို ညအိပ်ရာဝင်ခါနီး ရေလောင်းပေးရမယ်၊ ခါးကိုလဲ ရေဖတ်နဲ့ဆုပ်ပေးရမယ်၊ ပြီးရင် ရေခြောက်အောင်အဝတ်နဲ့သုတ်ပေးပါ၊ နံ့သာဖြူသွေးထားတဲ့အရည်နဲ့ သံပရာရည်ရောစပ် လိမ်းပေးပါ၊ နနွင်းတက်ကို သွေးပြီး ယမ်းစိမ်းအနည်းငယ် ထည့်စပ်ပြီး လိမ်းပေးပါ၊ ခုနစ်ရက် လောက်ပျောက်ကင်းသက်သာပါတယ်၊ ဆောင်ရွက်ကြည့်လိုက်ပါ"

### ဓမ္မတာမှန်လာစေဖို့

"ဒီတစ်ခါတော့ ကျွန်မတို့အမျိုးသမီးတွေရဲ့ လစဉ်ပုံမှန် ဓမ္မတာကိစ္စပဲ ဆရာမ၊ မမှန်မကန်များ အကယ်၍ ဖြစ်လာပြီဆိုရင် ဘယ်လိုဆေးဝါးတွေ သုံးရမယ်ဆိုတာတွေ ညွှန်ကြားပါ ဆရာမ"

"အင်း မခက်ပါဘူး မီးယပ်ဆေး ဖော်စပ်ရာမှာ အရေးပါတာ ရှားစောင်းလက်ပပ်ရအောင် ရှာပါ၊ ရရင် အခွံပါး ပါးလှီးပြီး ဟင်းခါးချက်၊ မကြာခဏ သောက်ပေးပါ၊ အမျိုးသမီးများ ဓမ္မတာ မှန်လာရုံမကဘူး၊ သွေးသား ကြည်လင် သန့်ရှင်းလာမယ်၊ လှတစ်မျက် ယဉ်တစ် ကိုယ်လုံး ဖြစ်လာပါလိမ့်မယ်ဆိုတာ သေချာမှတ်ပေတော့"

### ခေါ်း၊ လုံ၊ သံ စူးရှလျှင်

"ဆရာမ၊ အလုပ်လုပ်ရင်း သွားရင်း လာရင်း ထိခိုက်ရှတာ သံစူးတာ တို့ တကယ်လို့ဖြစ်ရင် အမြန်ဆုံးနဲ့ အထိ ရောက်ဆုံး ဆေးကုသမှုကို အမိန့်ရှိပါ ဦးရှင်"

"ဒါလဲ ခက်စရာအကြောင်းမရှိပါဘူး၊ ဓားရှ သံစူး တစ်ခုခုဖြစ်ရင် ဒဏ်ရာကို အရင် သန့်ရှင်းအောင် ရေဆေးပါ၊ ပြီးရင် ကြက်သွန်နီဥကို ထုထောင်းပြီး အုံပေးရမယ်၊ အဝတ်ပါးနဲ့ စည်းပေးရမယ်၊ တစ်ညပြီးရင် ပြန်ခွာ၊ ရေနွေးနဲ့ သန့်ရှင်းဆေးကြောပြီး ကြက်သွန်နီဥကိုပဲ ထုထောင်းအုံ၊ အဝတ်ပါးပတ်၊ ဒီနည်း အတိုင်း သုံးလေးရက်ဆို ပျောက်ပါပြီ"





www.burmeseclassic.com

www.burmeseclassic.com

### နို့နာ

"ဆရာမ၊နောက်တစ်ခုက ကျွန်မတို့ ကလေးအမေများပေါ့ရှင်၊ ကလေးကိုက်လိုက်လို့ဖြစ်ဖြစ်၊ မသန့်ရှင်းလို့ဖြစ်ဖြစ် နို့သီးခေါင်းအနီးတစ်ဝိုက်မှာ အနာပေါက်ခဲ့ရင် (နို့နာ) အမြန်ပျောက်ကင်းစေမယ့် ဆေးနည်းလိုအပ်ပါတယ်ရှင့်"

"မိုးမြေဩဘာမှန်ပါတယ် ခေတ်ပါဘူး နို့နာဝေဒနာရှင်တွေအတွက် ဆေးကတော့ လင်းနေ ပွေ့ငါးပါး စေး ဝင်၏အမြစ်၊ အဆိုပါဝဋ္ဋည်းနှစ်မျိုးကို ဆတူရောနှော ကြိတ်ခြေပေးပါ၊ ကြိတ်ဖတ်ရလာပြီဆိုရင် နို့သီးခေါင်းတစ်ဝိုက် အုံပေးပါ၊

အနာဖြစ်တဲ့ နို့သီးခေါင်း နို့သီးတစ်ဝိုက်မှာ မကြာမီ ပျောက်ကင်းသွားပါလိမ့်မယ်၊ သန့်ရှင်းအောင် ရေနွေးလေးနဲ့ ဖန်ရည်ဆေးပေးရပါမယ်၊ အများအားဖြင့် ကျေးလက်တောရွာတွေမှာ ဒီဆေးနည်းဟာ လွန်စွာထိရောက်မှာပါ"

### တလေးငိုလျှင်

"အမေတွေ ပြီးပြန်တော့ ကလေးဘက်လှည့်ဦးမယ် ဆရာမ၊တချို့ ကလေးငယ်တွေ ဘာရယ်တိတိကျကျ မဟုတ်ဘဲနဲ့ လူကြီးတွေပတ်ဝန်းကျင်မှာ အနှောင့်အယှက်ဖြစ်လောက်အောင် နေ့စဉ်ငိုတတ်ကြတယ်လေ၊ အဲဒီ နေ့စဉ် ပုံမှန်ငိုတတ်တဲ့ ကလေး အငိုတိတ်သွားအောင် ဘယ်လိုလုပ်သင့်တယ်ဆိုတာလေး မှတ်ချင်ပါတယ် ဆရာမ"

"ဒါလဲ ဘာမှခက်စရာ မရှိပါဘူး၊ အဲဒီကလေးငယ်ကို ကြောင်ပန်းရွက်ပြုတ်ပြီးတော့ အဲဒီပြုတ်ရည်နဲ့ ရေချိုးပေးရပါမယ်၊ ပြီးတော့ အိပ်ရာအောက်မှာ ကြောင်ပန်းရွက်တွေခင်းပြီး သိပ်ပေးရပါမယ်၊ အဲဒီလိုများ လုပ်ပေးနိုင်မယ်ဆိုရင် နေ့တိုင်းငိုတဲ့ကလေး အငိုတိတ်သွားပါလိမ့်မယ်၊ နားမချမ်းသာတဲ့ ပတ်ဝန်းကျင်လဲ အေးချမ်းသွားပါလိမ့်မယ်၊ စိတ်ချမ်းသာသွားပါလိမ့်မယ်"

### နို့ခန်း နို့ထွက်နည်း

"ပြီးတော့ အမေတချို့ ကလေးက နို့အရမ်းစို့တာတစ်ကြောင်း၊ အမေက နို့ထွက်သိပ်မကောင်းတော့ဘဲ နို့ခန်းချင်နေပြီ၊ အဲဒါဆို ဘယ်လိုများကုသသင့်တယ်ဆိုတာမှတ်လိုပါတယ်ဆရာမ"

"အိုး ဒါလဲမခက်ပါဘူး မမိုးရေ၊ သဘော်သီး အစိမ်းတစ်လုံးရှာပြီး ခြစ်ပါ၊ ခြစ်စရာမရှိရင် ပါးပါးလှီး၊ ဟင်းခါးချက်ပါ၊ ငရုတ်ကောင်းစေ့ကို ထောင်းထုအခတ်ပြုလုပ်ပါ၊ အားရပါးရ သောက်ပေးပါ၊ နို့တွေထွက်ပြီး ကလေးအတွက် အာဟာရလုံလုံခြုံခြုံ စိတ်ချသွားရပြီပေါ့"

### နှာမွှန် နှာစေးရောဂါ

"အဲ နောက်တစ်ခုက ဆရာမ၊ နှာစေး နှာမွှန်တာ အဲဒါတွေ ရောဂါမပြင်းထန်မီပေါ့၊ နှာရည်စို့ရွှဲဖြစ်လာပြီဆိုရင် အမြန်ပျောက်ကင်းသက်သာစေမယ့် ဆေးနည်းလုပ်ပါဦးရှင်"

"အင်း ခက်စရာမရှိပါဘူး၊ ဒန့်သလွန်ရွက် ပြုတ်တို့စားပေးပါ၊ ဒါမှမဟုတ်ရင် ကြက်သွန်ဖြူ ဓားပြားရိုက် ငရုတ်ကောင်းနည်းနည်းကဲပြီး ထောင်းထည့်၊ ဒန့်သလွန်ရွက်ဟင်းခါး ချက်သောက်မယ်ဆိုရင် မမိုးရေ နှာမွှန်တာတွေ နှာစေး နှာရည်ယိုတာတွေ ပျောက်သွားမှာ သေချာတယ်နော်"

### နားအူ နားကိုက်

"ဆရာမ၊ ကျွန်မတို့ လူတွေမှာ အမြင်အာရုံသာ မဟုတ်ဘူး အကြားအာရုံလဲ အရေးကြီးတာပဲ၊ ရေဝင်လို့ဖြစ်ဖြစ်၊ တခြားအကြောင်းကြောင်းဖြစ်ဖြစ် နားအူနားကိုက်များဖြစ်ရင် အမြန်သက်သာပျောက်ကင်းတဲ့ ဆေးနည်းလိုချင်ပါတယ် ဆရာမ"

"မှန်တယ်၊ ဒါလဲ အများကြီးခက်စရာမရှိပါဘူး၊ ချင်းစိမ်းကို သတ္တုရည်ကျအောင် ညှစ်ယူပါ၊ ပိတ်စိမ်းပါးနဲ့ စစ်ပါ၊ ရပြီဆိုရင် မီးခဲပေါ် ခပ်နွေးနွေး အနေအထားရရန် အပူပေးပါ၊ အနေအထား သင့်လျော်ပါက အဲဒီ စိမ်း သတ္တုရည်အား ဝါဂွမ်းသန့် တို့ပြီး နားမှာခတ်ပေးပါ၊ အဲဒီလိုလု ဆိုရင် နားအူတာ နားကိုက်တာ သာပျောက်ကင်းသွားပါလိမ့်မယ်"

"ဒါ ရှေးက ဆေးနည်း နော်၊ ဆရာမ"

### နှင်းခူဝေဒနာ

"ပြီးတော့ ဆရာမ၊ တော် နဲ့လဲမပျောက် လူတောမတိုးဝံ့အော အရုပ်ဆိုးတဲ့ အနာကြီးစာရင်းဝင် နှ ပေါက်တာမျိုးတွေ တွေ့ရပါတယ်၊ လဲ တော်တော်နဲ့ မတွေ့တတ်ဘူ ပြောကြတယ်၊ အဲဒီနှင်းခူဝေဒနာ သက်သာပျောက်ကင်းအောင် ဘယ် ကုသရမယ်ဆိုတာလဲ အမိန့်ရှိပါရှင်"

"အင်း မခက်ပါဘူး၊ ဆေးနည် များပြီး ပျောက်ခဲတာ ဆေးနဲ့အ မတွေ့လို့ပါ၊ လက်ခုပ်သီး (အဖွင့် မစင်နံ့နံ့သည်)အခွံကို ရရင် အခြော လှန်းပါ၊ ခြောက်ပါက မီးဖုတ် ပြာ ပါ၊ ၎င်းပြာကို အုန်းဆီစစ်စစ်နဲ့ ဖျော် ကလေးဖျော်ပြီး နံနက်တစ်ကြိမ်၊ ည အိပ်ရာဝင်တစ်ကြိမ် နှင်းခူယားနာ လက်ဖက်ခြောက်ခတ်၊ ရေနွေးကြမ်း နွေးနဲ့ ဖန်ရည်ဆေးပြီး အနာကို ဝင်အောင် လိမ်းပေးပါ၊ နေ့ချင်း ည ဆိုသလို သိသိသာသာ ပျောက်ကင် သွားပါလိမ့်မယ်၊(လက်တွေ့ပျောက်ကင် သူများ ထောက်ခံချက်များ ရရှိထား သည်) သေသေချာချာ လိမ်းပါ"

"ဒါဆို အိုကေ ဆရာမရေ အဲ ရောဂါက အာမခံပြီး ကုနိုင်လောက် ပေါ့"

"မမိုး ကုပေတော့၊ ကဲ ရေ သောက်ကြဦး၊ ဒီတစ်ပတ်တော့ ခ နားတာပေါ့နော်"

"ဟုတ်ကဲ့ပါ ဆရာမ"


❒ သုန္ဒာစိုး (ရွှေ





www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာတို့ သားအဖက အတော် ရယ်နေရတယ်။ မျက်နှာချင်းဆိုင်တာနဲ့ တကျက်ကျက်၊ ဖြစ်လိုက်ပြန်တော့ အော်ကြီးဟစ်ကျယ်။

ဖအေလုပ်တဲ့ ကိုကျော်မောင်က တုတ်ဆွဲ ဓားဆွဲ၊ သားဖြစ်တဲ့ ဖိုးတာက သူ့အဖေ မခံချင်တဲ့ စကားတွေ ပြောပြီး ထွက်ပြေးရော၊ ခဏနေတော့ သူ့အဖေဖို့ လက်ဖက်ရည်ထုပ် (ပါဆယ်)တစ်ထုပ်ဝယ်လာပြီး ချော့လိုက်တော့ သားအဖနှစ်ယောက်သား တစ်ယောက်ပခုံး တစ်ယောက်ဖက်လို့ "တဟီးဟီး"။

ကိုကျော်မောင် ဆိုင်လက်ဖက်ရည်ကြိုက်တတ်မှန်း ဖိုးတာ သိနေတယ်လေ။

✿



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်မောင်က စိတ်ကြီးတယ်။ ထစ်ခနဲဆို တစ်ခုခုကို ပေါက်ခွဲပစ်လိုက်ရမှ၊ သူ့ဒေါသက ဖိုးတာကို ပြေးတော့လို့ အချက်ပေးလိုက်သလို။ ဖိုးတာထပြီး ပြေးတော့မှ တုတ်ဆွဲပြီး လိုက်တော့တာ။

သူတို့သားအဖ ရန်ဖြစ်ရင် စိတ်ညစ်ရတဲ့သူက မခင်မြ၊ ဖိုးတာ အမေလေ။ ကိုကျော်မောင် ဖွထားခဲ့သမျှ သိမ်းလို့မှ မပြီးသေးခင် သူတို့သားအဖက အဆင်ပြေနေရော။

တစ်ခါများ ကိုကျော်မောင်မြို့က အပြန် ထီတစ်စောင်ထိုးလာတုန်းက ပေါ့။

မြို့နှင့် ကိုကျော်မောင်တို့ ရွာ "သူဌေးကွင်း" နှင့်က တစ်ဆက်တည်းပါ။ အလယ်မှာ သူဌေးကွင်း သချိုင်းတစ်ခုသာ ခြားနေတာ။ ဒါပေမဲ့ လူဆက်က ပြတ်မှမပြတ်ဘဲ၊ သချိုင်းကုန်းနားက ကွင်းထဲမှာဆို နေ့လယ်ဘက် သစ်ပင်အောက်တွေမှာ အရိပ်ခိုသူတွေနှင့်၊ ညနေဘက်ဆိုလည်း ဘောလုံးကန်သူတွေနှင့် ပြည့်လို့။

မခင်မြက အိမ်ဆိုင်လေး တည်ထားတော့ နံနက်တိုင်း မြို့သွားပြီး လိုတာလေးတွေ ဝယ်ခြမ်းပေးရတာပေါ့။ နံနက်စောစောထပြီး စက်ဘီးနှင့်သွားရင် နာရီဝက်လောက်ဆို ဈေးထဲရောက်ရော။ ဒီလိုပါပဲ။ သူဌေးကွင်းက လူတွေ နံနက်တိုင်း မြို့ပေါ်သွားကြတာ။ အလုပ်လုပ်ဖို့လေ။ ဆိုင်ကယ်နှင့် စက်ဘီးနှင့်ရော၊ ခြေကျင်နဲ့ရော စုံလို့ပါပဲ။ သူတို့ထဲမှာ အုန်းပင်တက်သမား၊ ကုန်ထမ်းသမား၊ ဈေးသည်တွေ၊ ဆိုက်ကားသမားတွေ၊ အိမ်အကူတွေ၊ အခြေခံ လူတန်းစား အားလုံးပေါ့။

ဈေးသည်တွေကဆို သူဌေးကွင်းရွာကထွက်တဲ့ ဘဲဥ၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်စသည်ဖြင့် တနင့်တပိုး ထန်းရွက်ပြီး ဈေးမှာ သွားရောင်းကြတာ။

ကိုကျော်မောင်က သူဌေးကွင်း၊ ကံ့ထူး၊ တမံကြီးစတဲ့ရွာတွေမှာ စက်ဘီးတစ်စီးနှင့် ကြက်ဥ၊ ဘဲဥ လိုက်ကောက်ပြီး ဈေးထဲက တရုတ်အစိမ်းဆိုင်မှာ သွင်းတာ၊ အပြန်ကျ ဆိုင်အတွက် လိုတာလေးတွေ ဝယ်ခြမ်းပြီး ဈေးမကွဲခင် ပြန်လာရော။

မခင်မြဆိုင်က အိမ်ဆိုင်ဆိုပေမယ့် အတော်ကြီးတာ။ ဒန်အိုး၊ ဒန်ခွက်ကအစ ပေါက်တူး၊ ပေါက်ပြားအထိ အစုံရောင်းတာလေ။ ဆိုင်အတွက် ဈေးဝယ်ပေးရတဲ့ တာဝန်ကလည်း နေ့တိုင်းပေါ့။

ကိုကျော်မောင်က လှကပ်စေးနဲ့ သူ့အတွက်ဆို ဘာမှ အပိုအကုန်ခံတာ မဟုတ်ဘူး။ ဈေးသွားရင်တောင် ထမင်းဘူး ထည့်သွားတာ။ ရသမျှ ကျစ်ကျစ်ပါအောင် စုတော့တာလေ။ ဒီတစ်ခါ မင်္ဂလာစုံတွဲထိုးလာတယ်ဆိုလို့ ဖိုးတာတို့ သားအမိအတွက်တော့ အံ့သြစရာကြီး။ မခင်မြက နှုတ်ဆိတ်နေပေမယ့် ပြဿနာ စလိုက်သူက ဖိုးတာ။

"အဖေ့ ထီလက်မှတ်ကပေါက်ပြီဆိုပါတော့၊ အဖေ ဘာလုပ်မှာလဲ" ဆိုတော့. . .

ကိုကျော်မောင် စဉ်းစားတယ်။ ပြီးတော့မှ. .

"အလှူလုပ်မှာပေါ့ကွ" တဲ့။

"တကယ်လို့ အဖေ့ထီလက်မှတ်က သိန်းငါးရာရပါပြီတဲ့၊ အဖေ လှူပစ်မှာလား"

"အာ ဘယ်ဟုတ်ဦးမလဲကွ၊ အိမ်ပြင်ဆောင်မယ်၊ ပိုတာ ကားဝယ်စီးမယ်၊ မသေခင် ကားတစ်စီးလောက်ဝယ်ပြီး ဘုရားစုံ လျှောက်ဖူးလိုက်ဦးမယ်"

ပြောရင်း ကိုကျော်မောင် မျက်နှာပြုံးနေတယ်။ ကောင်းမှုကုသိုလ်တစ်ခု တကယ်လုပ်နေရသလို ခံစားမှု ပီတိက သူ့မျက်နှာကို ကြည်လင်စေတယ်လေ။

ဖိုးတာက အံလိုက်မသိစွာ သူ့စကားကို ရှေ့ဆက်နေတယ်။

"အဖေက ကားအကြောင်းဘာနားလည်လို့လဲ၊ အဖေသိတာ ဓော်လာဂျီရယ်၊ ဂွန်ဒေါင်းရယ် ဒါလောက်ပဲကိုး

အမှန်တကယ်ဆို ငါ့သားလေး
ယောက်တည်းရှိတာ ဆိုင်ကယ်
တစ်စီးလောက် ဝယ်ပေးမယ်ဖြင့်
ကားတစ်စီးနဲ့ ကြွားဦးမလို့ပေါ့
ကားဖြင့် မမောင်းတတ်ဘဲနဲ့များ"

ဖိုးတာစကား နည်းနည်းလွန်
တော့ ကိုကျော်မောင် မျက်နှာတင်
နဲ့ "သင်မယ်ကွာ" ပြောရော။

"အဖေ့အရွယ်နဲ့ အသက်
ကျော်မှ ကားမောင်းသင်ဦးမလို့ပေါ့
အမှန်တကယ်ဆို ငါ့သားလေး
မောင်းသင်လို့ ပြောရမှာ၊ အဖေတို့
အကြင်နာတရားကို မရှိဘူး"

ဖိုးတာ စကားမဆက်ခင်
ထုံးဘူးကြီးက ဖိုးတာနောက်က
ဒေါက်ခနဲ လာမှန်တယ်။ နောက်
ကြေးကွမ်းအစ်ကြီး သူ့ဆီရောက်
ခင် ဖိုးတာတစ်ယောက် ခြံရှေ့
နေပြီလေ။

သူတို့သားအဖက ဒီလိုပါ

✿

ဖိုးတာရဲ့ နေ့စဉ်အလု
ကျူရှင်တက်တာလေ၊ သုံးနှစ်
နံနက်တိုင်း မခင်မြပြင်ပေးတဲ့ ထ
အဆာပြေစားပြီး စက်ဘီးတစ်
မြို့ပေါ်ကို ကျူရှင်လာတက်တာ။
ပြန်ချိန်က သတ်မှတ်ချက် မရှိပါ

မခင်မြကလည်း သူ့
တဆောင်တယောင် နေ့စဉ် ပြင်
တာ။ ထမင်းဝိုင်းမှာ ဖိုးတာ ကြို
ပုစွန်တုပ် မီးကင်၊ ငါးခူ စဉ်း
ကဇာန်း ဆီပြန်ဟင်းတွေ ရှာကြံ
တမြုံ့မြုံ့စားနေတဲ့ ဖိုးတာကို ကြ
တပြုံးပြုံး ဖြစ်နေတာလေ။

ကိုကျော်မောင်နဲ့ မခင်မြ
အိမ်ထောင်သက် ဆယ်နှစ်ကျော်မှ
တာကို မွေးတာလေ။ သူတို့ အိမ်
ပြုတော့လည်း အသက်သုံးဆယ်
လူပျိုကြီး၊ အပျိုကြီးစာရင်းဝင်မှ
ချင်း စပ်ဟပ်ပြီး ပေးစားထား
မြက အိမ်မှုကိစ္စ နိုင်တယ် အိမ်





www.burmeseclassic.com

www.burmeseclassic.com

လုံတယ်ပေါ့။ ကိုကျော်မောင်က စီးပွားရှာ တော်တယ်။ ရှာသမျှစုမိတော့ အိမ်ထောင်ပြုပြီး မကြာမီ တစ်အိုးတစ်အိမ် ထူထောင်နိုင်တာပေါ့။

ဒါပေမင့် သူတို့ တောင့်တနေတဲ့ သားသမီးရတနာတ ရကို.မရတာ။ ကောင်းတယ်လို့ သတင်းကြားတဲ့ ဆရာတွေဆီ မခင်မြရောက်သွားပြီး သူတို့ ခိုင်းသမျှ နတ်ယတြာ၊ ဓာတ်ယတြာ၊ အကုန်လုပ်တာ။ မခင်မြ မရောက်ဖူးတဲ့ နတ်ကတော်တို့၊ ဗေဒင်ဆရာတို့ဆိုတာ မရှိသလောက်ပါပဲ။

ရမယ့်ရတော့ မထင်မှတ်ဘဲ ဖြစ်လာတာလေ။ အစားအသောက်မပျက်ဘဲ ရောင်းရင်း ဝယ်ရင်း အလုပ်လုပ်ရင်းက သိသိသာသာ ပူလာတဲ့ဗိုက်ကို စမ်းသပ်ကြည့်မှ ကိုယ်ဝန်ရှိတာတဲ့။ ပျော်လိုက်တဲ့မှ ပြေးဟယ် လွှားဟယ် အလုပ်လုပ်နေတဲ့ မခင်မြ၊ ချက်ချင်းကို အငြိမ်းစားရသွားတာ။ အသက်ကြီးမှ ရတဲ့ ကလေးမို့ အဖိတ်အစဉ် ဖြစ်သွားမှာ စိုးရိမ်လို့လေ၊ မွေးလာတော့ ဖြူဖြူ ဖွေးဖွေးလေးမို့ ချစ်လိုက်ကြတာ တုန်လို့။ ကိုကျော်မောင်ဆို သူ့သားကို သူသွားလေရာ ပခုံးပေါ်တင်ပြီး ခေါ်သွားတာ။

ဖိုးတာက စာလည်း တော်တယ်။ အဌမတန်းအထိ ဆုတွေရခဲ့တာ။ နဝမတန်းအရောက်မှာ ဖိုးတာ ခြေလှမ်းစပြီး ပျက်တော့တာပါပဲ။ သူပြောတဲ့ ကျူရှင်ဆိုတာ သူ့ဌေးကွင်း သချိုင်းမှာလေ။ တစ်နေ့လုံး ဒိုးပစ်ပြီး ညနေကျအချိန်မှန် အိမ်ပြန်ရော။ မခင်မြ သိတယ်။ လာပြီး သတင်းပို့တဲ့ ကျောင်းသားတွေကို သူ့အဖေ ကိုကျော်မောင်ကို သွားမပြောဖို့ ငွေပေးပြီး နှုတ်ပိတ်လိုက်တာလေ။

ဖိုးတာ ဆယ်တန်းကို သုံးကြိမ် ဖြေပြီးပြီ။ သူမေးလိုက်တော့ အားရစရာ။ ခြောက်ဘာသာ ဂုဏ်ထူးပဲ ရတော့မလိုလို။ မခင်မြက ကြိုတင်ပြီး ကြွားထားပေမင့် အောင်စာရင်းမှာ ပါမလာတော့ သားအဖကြား ဆွဲဟယ် လွဲဟယ် လုပ်ရပြန်ရော။ ဒါကလည်း သုံးနှစ်ရှိပါပြီ။

ဒီနှစ်တော့ ကိုကျော်မောင် အကြံတစ်ခုရတယ်။

ဒီကောင်ကို မိန်းမ ပေးစားရင် ခြေငြိမ်မလားပေါ့။ မခင်မြနှင့် တိုင်ပင်တော့ သူလည်း ဒီလို စဉ်းစားမိတာ ကြာပြီဆိုပဲ။

ဖိုးတာက လူပုံခပ်ချောချော၊ မိဘတွေကလည်း သူဌေးတွင်းရွာမှာ လူချမ်းသာ စာရင်းဝင်တွေဆိုတော့ မိန်းကလေးရှင်တွေက ဆွေမျိုးတော်ချင်နေကြတာလေ။ သူတို့ထဲက ကိုကျော်မောင် စိတ်ကြိုက် အေးရွာသူ ခင်မေရီကို ရွေးလိုက်တာ၊ ကိုကျော်မောင် တင်တားတဲ့ စံတွေနဲ့ အားလုံး အကိုက်ပဲ။ အိမ်ထောင်မှု လုံတယ်၊ ရုပ်ချောတယ်၊ စိတ်ကောင်းရှိတယ်၊ စီးပွားရှာရာမှာဆိုလည်း ကောက်စိုက်ချိန်ဆို ကောက်စိုက်ခေါင်းဆောင်က ခင်မေရီမှ ခင်မေရီ ဖြစ်နေတာ။ ဒီလိုပါပဲ စပါးရိတ်ချိန်၊ ပဲကောက်ချိန်ဆိုလဲ ခင်မေရီဆိုခေါ်ချင်သူတွေ အလုအယက်။

သို့ပေမင့် ကိုကျော်မောင်ရဲ့ စံထဲမှာ ပါမလာဘဲ လစ်သွားတဲ့ ဟာကွက်တစ်ခု ရှိတယ်။ အဲဒါ. .

"ခင်မေရီက ဖိုးတာကို သိပ်ချစ်တယ်" ဆိုတာပါပဲ။

✿

ဖိုးတာတို့ ကံကောင်းချက်။

မခင်မြအပြင် သူမုန့်ဖိုး ကပ်ပြီး တောင်းဖို့ လူတစ်ယောက်တိုးလာတာလေ။

မခင်မြက မီးဖိုချောင်ကိစ္စ အားလုံး ခင်မေရီကို လွှဲထားတယ်။ ခင်မေရီက အချက်အပြုတ်တော်တယ်။ ဖိုးတာ စားချင်တာ မရမက ရှာကြံပြီး သူ့ရဲ့ လက်စွမ်း ပြထားတာ။

ကိုကျော်မောင်က ချွေးမလေး မျက်နှာမငယ်အောင် ဖိုးတာကို အလုပ်တစ်ခုခု ခိုင်းဖို့ မခင်မြနဲ့ တိုင်ပင်တယ်။

"ငါ့စိတ်တူးနော် နင့်သားကို ဝစ်သောက်ဆေး တစ်စီးလောက် ဝယ်ပေးပြီး ကယ်ရီဆွဲခိုင်းမလား"

ကိုကျော်မောင့်စကား ကြားတော့ မခင်မြ သူ့ရင်ဘတ်ကို ဖိထားတယ်။ ဝစ်သောက် ဆိုတာ လိုင်စင်မဲ့ဆိုင်ကယ်လေ။

"ကိုကျော်မောင်၊ ရှင် စဉ်းစားကြည့်၊ အတာက နဂိုကမှ ဆိုင်ကယ်ဝယ်ချင်နေတာ၊ သူ့ဝယ်ပေးလိုက်ရင် မြင်းကို အတောင်တပ်ပေးသလို နေမှာပေါ့၊ နောက်ပြီး ရှင်မကြားဘူးလား ဆိုင်ကယ် အလုခံရတာတွေ၊ ဆိုင်ကယ်မှောက်လို့ ဆိုတာတွေ တော်ပြီ တော်ပြီ"

မခင်မြ ခေါင်းခါခါ လည်ခါခါ ကန့်ကွက်နေတော့ ကိုကျော်မောင် လက်လျှော့ရတာပေါ့။

ဖိုးတာက အရင်လိုပါပဲ။ သူ့အမေဆိုင်အတွက် လိုတာလေးတွေ ဈေးသွားပြီး ဝယ်လိုက်။ သူ့အဖေနှင့် အဖော်လိုက်ပေးလိုက်နဲ့ အကြီးကောင်ကောင်းကောင်းလေး နှစ်နှစ်နဲ့ အငယ်မချစ်သဲပိုလေး သုံးလသမီးအထိ ဘာအလုပ်မှ မည်မည်ရရ မရှိသေးတာ။

ဖိုးတာ ချမ်းသာချင်တယ်၊ သားသမီးရမှ မိဘတာဝန်ကျေချင်လာတယ်။ သို့ပေမင့် ပင်ပန်းမှာတော့ ကြောက်တယ်လေ။

ဖိုးတာ မြို့ကို ဈေးဝယ်သွားရင်း တစ်ခါတစ်ရံ သူလုပ်နေကျ အလုပ်ကလေး ပြန်လုပ်ကြည့်တယ်။ နှစ်လုံးကစားတာလေ။

အဲဒီနေ့က ဖိုးတာ အတော်လေး ရလိုက်တယ်။ တစ်ကွက်ဆို တစ်ကွက်ပဲ။ အပြန်မှာ ခင်မေရီဖို့ ထဘီတစ်ထည်နှင့် ကောင်းကောင်းဖို့ ဘောလုံးလေး ဝယ်ခဲ့တယ်။ အမေ့ဖို့တော့ မဝယ်ရဲဘူး။ ပေါ်ကုန်မှာစိုးလို့။

သူပြန်ပြီး ကစားဖို့ ငွေနည်းနည်း ချန်ပြီး ခင်မေရီဆီမှာ အပ်ထားတယ်။

ဖိုးတာတို့ ကံ ထနေတယ် ပြောရမလားပဲ။ နောက်နေ့လည်း တစ်ကွက်





www.burmeseclassic.com

www.burmeseclassic.com

ဆို တစ်ကွက်ပဲ။ ငွေအတော်မြက်မြက် ကလေး ရလိုက်တယ်။ ခင်မေရီဆီမှာ သူအပ်ထားတာကို တွက်ကြည့်တော့ ငွေတစ်သိန်းကျော်နေပြီ။ လက်ထဲမှာလည်း ပြန်တစေ့ခို့ အလုံအလောက်လေး။ ငွေရှာရတာ ဘာခက်လို့လဲ၊ ဖိုးတာ ဒီလို တွေးတယ်။ နောက်ပြီး စီးပွားရေးရှေ့တိုးခဲ့ဖို့ ဝါသနာတူချင်း ပေါင်းပြီး ပေါက်ဖော်ပေးတဲ့ နာမည်ကြီး ဆရာတွေနောက်လိုက်တော့တာ။ ရေလမ်းဆို ဖော်တော်စီးလုံးငှားတယ်၊ ကုန်းလမ်းဆို ကားစီးလုံးငှားတာ။ ငွေနောက်လိုက်ဖို့ ငွေကို လမ်းခင်းရတာပေါ့။

သို့ပေမင့် ကံဆိုတာ အခက်သားလေ။

ပင်လယ်အနီးက ရွာမှာနေတဲ့ နာမည်ကြီး အကြားအမြင်ဆရာကြီး ချပေးလိုက်တဲ့ ၅ ထိပ်စီးဆွဲတာ နှစ်ပတ်ရှိပြီ။ ထွက်မလာတော့ ဖိုးတာ ပြာနေပြီလေ။ သူ စုဆောင်းထားတာတွေ အပြင် ခင်မေရီကို တင်တောင်းထားတဲ့ ဆွဲကြိုးလေးပါ အဆစ်ပါသွားပါရော။ ဖိုးတာရဲ့ ထိန်းချုပ်မှုအောက်မှာ ခင်မေရီ ခမျာ ယောက္ခမတွေ မရိပ်မိအောင် ကော်လာထောင်အင်္ကျီတွေ နေ့တိုင်း ဝတ်နေရရှာပြီ။

ငွေရှာရတဲ့ ဒုက္ခကို ဖိုးတာ ခံစားနားလည်သွားပြီ။ အတော်လေးလည်း အထိနာနေပြီလေ။

✿

သူ့ဌေးကွင်းရွာမှာ အသုဘရှိတယ်။

ဘုန်းကြီးကျောင်းက ကပ္ပိယကြီး ဖိုးပန်းဖူး အသုဘလေ။ အသက်(၈၀) ကျော် သားထောက်သမီးခံမရှိလို့ ဘုန်းကြီးကျောင်းမှာ နေနေတာ။ သူလည်း နှစ်လုံး သုံးလုံး ဝါသနာပါတယ်။ အားနေရင် အမြဲပဲ ဂဏန်းတွက်နေတာ။ ဖိုးတာနဲ့က အလွန်ခင်တယ်။ သူတွက်လို့ ရတဲ့ အပိုင်ကွက်ဆို ဖိုးတာကို အမြဲပေးနေကျ။

ဖိုးတာ ဒီနေ့ မြို့မသွားဖြစ်ဘူး။ အလောင်းမြေကျတဲ့အထိ အကုန်လုပ်ပေးရမယ်လေ။ အားလုံး ပြန်လာကြတော့ အဘိုးမြေပုံဘေးမှာ ဖိုးတာ တစ်ယောက်တည်း အဘိုးမြေပုံကို မှီထားရင်း ဖိုးတာ မျက်ရည်ကျတယ်။

"အဘိုးရယ်၊ အဘိုးမရှိတော့ သိပ်အားငယ်တယ်၊ ဂဏန်းပေးမည့်သူလဲ မရှိ တကယ်လို့ အဘိုးတမလွန်မှာ ဂဏန်းရရင် ဒီညလာပေးပါနော်၊ ဒီအဝတ် အတော်ခွဲနေတာ၊ အဘိုးလို ဂဏန်းပေးနိုင်တဲ့သူရှိရင်လဲ ခေါ်လာခဲ့နော်၊ ကူညီပါ အဘိုး"

လို့ ပြောပြီး ပြန်ခဲ့ရော။

ဒီအကြောင်းကို ခင်မေရီကို ပြောတော့ မျက်နှာငယ်ငယ်နှင့် နားထောင်နေရှာတယ်။

ဖိုးတာ စဉ်းစားတယ်။ အဘိုးလာပြီး အိပ်မက်ပေးမှာလား။ အနားကပ်ပြီး ပြောမှာလား။ အဘိုးလာလို့ လွယ်ကူအောင် အိမ်ရှေ့ခန်းမှာ သူ့အတွက် အိပ်ရာပြင်ခိုင်းတယ်။ သူ အိပ်ပျော်ဖို့ ကြိုးစားတယ်။ သို့ပေမင့် သူအိပ်မပျော်မီ ခင်မေရီ အခန်းထဲက လှုပ်ရှားသံတွေ ကြားနေရသလိုပဲ။ တစ်အောင့်နေတော့ ကောင်းကောင်းလေး ထပြီးငိုရော။

ခင်မေရီ ချော့တယ်။ ကောင်းကောင်းအငိုမတိတ်ခင် အငယ်မ ချစ်သဲပို ငိုပြန်ရော။ ကလေးနှစ်ယောက် ငိုသံက တစ်အိမ်လုံး ဆူညံနေတော့ အပေါ်ထပ်မှာ အိပ်နေတဲ့ ဒေါ်ခင်မြ ဆင်းလာတယ်။

ခင်မေရီက အငယ်မကို နို့တိုက်နေချိန် ကောင်းကောင်းလေးက ခင်မေရီကို မှီထားရင်း ဒေါ်ခင်မြကို မြင်တော့ စူးစူးဝါးဝါးပါပဲ လန့်အော်တာ။ နို့စို့နေတဲ့ အငယ်မပါ လန့်ငိုပြန်တော့ တစ်အိမ်လုံး ဆူညံသွားပြန်ရော။ ကောင်းကောင်းကို ပွေ့ချီပြီး ဖိုးတာ ချော့နေလည်း ကလေးက တဖျပ်ဖျပ်လန့်ပြီး ငိုနေတာ။

အဲဒီညက တစ်ညလုံးပါပဲ။ ကလေးနှစ်ယောက် ငိုနေတာလေ။ ကိုကျော်မောင်က ကုန်ဝယ်ရင်း အဖေ့ရွာထိပ်မှာ အိပ်ပြီး နံနက်မှ ပြန်လာမှာတဲ့။ သူမရှိတော့ ပိုပြီး အားငယ်ရတာပေါ့။ ဒေါ်ခင်မြ ဘုရားစင်ပေါ်က ပဋ္ဌာန်းရေစင်တော်ကို ယူပြီး ကလေးတွေကို တောက်ပေးတယ်။ တိုက်လည်းတိုက် တစ်အိမ်လုံးလည်း ရေစင်နှင့်ဖျန်းလိုက်မှ ကလေးတွေ အငိုတိတ်ပြီး မောမောနှင့် အိပ်ပျော်ကုန်တော့ ရွာဦးကျောင်းက တုံးခေါက်သံကြားရပြီလေ။

မကြာမီ ရောင်နီလာတော့မှာ ခင်မေရီကို ကြည့်လိုက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့။ တစ်ညလုံး စိတ်ရောလူပါ ပင်ပန်းခဲ့တာကိုး။ အရှက်ဆွမ်းထချက်ဖို့ မနိုးရက်တော့ဘဲ ကောင်းကောင်းလေး ဘေးနားမှာ သူပါရောပြီး လှဲအိပ်ချလိုက်တယ်။

✿

ကိုကျော်မောင်တို့ အိမ်ကြီး ထူးထူးခြားခြား တိတ်ဆိတ်နေတယ်။ ခါတိုင်း ဒီအချိန်ဆို ဈေးဝယ်သူတွေ ဘဲဥ၊ ကြက်ဥ လာရောင်းသူတွေနဲ့ အတော်ဆူညံနေပြီ။ ဈေးဆိုင်ပိတ်ထားတော့ ကိုကျော်မောင် အတော်စိတ်ပူသွားတယ်။ ဘဲဥတောင်းကို စက်ဘီးပေါ်က ချပြီး အိမ်တံခါးကို အသာတွန်းဖွင့်ကြည့်တော့ မင်းတုပ် ချမထားဘူး။ ကိုကျော်မောင် ရင်တွေ တဒိန်းဒိန်းခုန်ရင်း ခြေလေးတွေ အခန်းကို အပြေးသွားကြည့်တော့ အိပ်မှုန်စုံမွှားနှင့် ထွက်လာတဲ့ ခင်မေရီနှင့် ဆုံရော။

ခင်မေရီ မျက်နှာအတော်ချောင်ကျသွားတယ်။ ကိုကျော်မောင်ကို မြင်တော့ အလိုလို ငိုမိပြီး. . .

"အဖေ့သားလုပ်ပုံ မနေ့ကသင်္ချိုင်းကုန်းက ဘာကောင်တွေခေါ်လာမှန်းမသိဘူး၊ ဂဏန်းတောင်းဖို့တဲ့ ညက တစ်ညလုံး ကလေးတွေ လန့်ငိုတာလေ၊ အမေရော. . ."





www.burmeseclassic.com

www.burmeseclassic.com

ခင်မေရီ စကား မဆုံးလိုက်ရပါဘူး။ ကိုကျော်မောင်ဟာ မီးဖိုထဲက ထင်းခုတ်ဓားကြီး ပြေးဆွဲတော့တာပါပဲ။

လျင်လိုက်တဲ့ ဖိုးတာ။ သူ့အဖေ မလှုပ်ရှားခင် လမ်းပေါ်ရောက်နေပြီလေ။

ကိုကျော်မောင်က ဓားကြီး တဝင့်ဝင့်နဲ့ မမီမကမ်းလိုက်ရင်း၊ ဖိုးတာ ရှောင်ရင်း ပြေးရင်း နေပူဆာလှုံနေတဲ့ မိနီတို့ မိသားစုကို ခလုတ်တိုက်ရော။ မိနီ ဒေါသထွက်ပြီး ဖိုးတာ နောက်ကို တဝုတ်ဝုတ်ဟောင်ပြီး လိုက်တယ်။ သူ့ကလေး ငါးကောင်က လုံးရင်း ထွေးရင်း ယက်ကန် ယက်ကန်နှင့် ကျန်ခဲ့ရော။

လမ်းဘေးမှာ မြေကြီးတွေ ထိုးကော်နေတဲ့ ဝက်ပေါက်လေး သုံးကောင်ကလည်း ဘာမှန်းမသိ ဖိုးတာနှင့် အပြိုင်ပြေးနေကြတာ။ အဝေးက ကြည့်ရင် ဘောလုံးလေးတွေ လိမ့်နေသလိုမျိုး။

ဘဲငန်း တစ်အုပ်ကတော့ တဂဲဂဲ အော်ရင်း ခြံထဲအပြေးဝင်သွားရော။

ရန်ဖြစ်နေကျ သားအဖမို့ လူကြီးတွေအတွက် မထူးဆန်းပေမင့် ကလေးတွေက ဖိုးတာတို့ နောက်ကို အပြေးလိုက်နေကြတယ်။

စိမ်းစိုနေတဲ့ တောအုပ်လေးကို နောက်ခံထားပြီး လင်းလက်နေတဲ့ နေခြည်နွေးနွေးအောက်က ငြိမ်သက်နေတဲ့ ကျေးလက်ပန်းချီကားတစ်ချပ်။

ရုတ်ခြည်းပြောင်းလဲပြီး စုတ်ချက်ကြမ်းကြမ်းနဲ့ ရေးဆွဲထားတဲ့ ပန်းချီကား တစ်ချပ်အဖြစ် သက်ဝင်လှုပ်ရှားနေဆဲပါပဲ။

ရွာလယ်လမ်းမှာ ပြေးနေတဲ့ ဖိုးတာ နောက်မှာ ကလေးအုပ်က ပိုပိုပြီး များလာတယ်။ ကလေးတွေက ပြေးရင်းနဲ့ အော်နေကြတာလေ။ သူတို့ ဘာတွေ အော်နေကြပါလိမ့်။ သေသေချာချာ နားထောင်ကြည့်လိုက်တော့မှ. . .

"သရဲ ဖိုးတာ"

❐ ကြည်နူးရည် (ခရမ်း)

# ခရီးထွက်မလား ပြဿဒါးရက်မှာ

## သုတေသီဆရာငြိမ်း

လောကီလူသား အတော်များများပင် ပြဿဒါးရက်ကို ကြောက်ကြသည်။

မင်္ဂလာယူပြီး ဆောင်ရွက်ရမည့် ကိစ္စအဝဝကို လုံးဝမလုပ်အပ်သော ရက်အဖြစ်လည်း သတ်မှတ်ထားကြသည်။ ရက်ကောင်းရက်မြတ်ဟု သတ်မှတ်ထားသော ရက်ရာဇာကိုသာ ရွေးချယ်၍ လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ အကယ်၍ ပြဿဒါးရက် ကျရောက်သောနေ့များ၌ မဖြစ်မနေ လုပ်ကိုင်ရမည်၊ သွားလာရမည်၊ ဆောင်ရွက်ရမည်ဆိုပါက ဘေးဥပဒ်အန္တရာယ် မတွေ့ရောက်စေနိုင်သော အစီအမံကလေးတစ်ခု ရှိပါသည်။

၁။ တနင်္ဂနွေ ပြဿဒါးရက်ဖြစ်ပါက

အိမ်ရှိဘုရား၌ ဒန်းညွန့်လှူဒါန်းပြီး "ရဝိဝါရေ ဓာဓောဓာတု" ဆိုသည့် ဂါထာကို ၉ ကြိမ် ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

၂။ တနင်္လာ ပြဿဒါးရက်ဖြစ်ပါက

အိမ်ရှိဘုရား၌ အုန်းညွန့်လှူဒါန်းပြီး "စန္ဒဝါရသို့ နိက္ခမိ" ဟူသော ဂါထာကို ၉ ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

၃။ အင်္ဂါ ပြဿဒါးရက်ဖြစ်ပါက

အိမ်ရှိဘုရား၌ ကံ့ကော်ညွန့် လှူဒါန်းပြီး "အင်္ဂါဝါရေစ နိဗ္ဗုတော" ဟူသော ဂါထာကို ၉ ကြိမ် ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

၄။ ဗုဒ္ဓဟူး ပြဿဒါးရက်ဖြစ်ပါက

အိမ်ရှိဘုရား၌ ဆီးညွန့်လှူဒါန်းပြီး "ဗုဒ္ဓဝါရမှိ သမ္ဗုဒ္ဓေါ" ဟူသော ဂါထာကို ၉ ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

၅။ ကြာသပတေး ပြဿဒါးရက်ဖြစ်ပါက

အိမ်ရှိဘုရား၌ ဝါးညွန့်လှူဒါန်းပြီး "ဩက္ကန္တော ဂုရုဝါရသို့" ဟူသော ဂါထာ ၉ ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

၆။ သောကြာ ပြဿဒါးရက်ဖြစ်ပါက

အိမ်ရှိဘုရား၌ ပေါက်ညွန့်လှူဒါန်းပြီး "သေဩဝါရမှိဝိဇာလိ" ဟူသော ဂါထာကို ၉ ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

၇။ စနေ ပြဿဒါးရက်ဖြစ်ပါက

အိမ်ရှိဘုရား၌ သီးညွန့်လှူဒါန်းပြီး "သောရီဝါရေ ဓမ္မစက္ကေ" ဟူသော ဂါထာကို ၉ ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

❐ သုတေသီဆရာငြိမ်း


www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာ ဆုံရာ သမဂ္ဂတာဝ



သူဝဏ္ဏကျော်စိန်

၁၉၆၂ ခုနှစ်၏ ညတစ်ည အိပ်ခါနီးတွင် ဖြစ်သည်။

ပူလောင်အိုက်စပ်သဖြင့် စာအုပ်တစ်အုပ်ကိုယူကာ မိမိအိမ်ရှေ့တည့်တည့်ရှိ ဓာတ်မီးတိုင်အောက်တွင် မတ်တတ်ရပ်လျက် ဖတ်နေမိသည်။

"ဟော့ . . . ကိုကျော်စိန်"

"ဟင်. . . ကိုတင်ထွဏ်း"

ကိုတင်ထွဏ်း ဆိုသူမှာ ရကသ (ရန်ကုန်ခရိုင်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ တာမွေ ကျောက်မြောင်းတိုက်နယ်) အတွင်းရေးမှူး ဖြစ်သည်။ ကျွန်တော်က အတွင်းရေးမှူး အဖွဲ့ဝင် ဖြစ်သည်။

(ကိုတင်ထွဏ်းသည် ယနေ့ ပန်းချီတင်ထွဏ်း ဖြစ်သည်။)

"ကိုကျော်စိန့်ကို အစည်းအဝေး ဖိတ်မလို့"

"ဘယ်နေ့လဲဟင်"

"နက်ဖြန်ည ၈ နာရီတိတိမှာလေ၊ တာမွေ မဂျစ်လမ်း မီးပွိုင့်ဘေးက အဆောက်အအုံသေးသေးလေးမှာ"

"သိပြီ ကိုတင်ထွဏ်း၊ သိပြီ"

ထိုနေ့က ကိုတင်ထွဏ်း ချိန်းသည့်နေရာသို့ ၁၅ မိနစ်စောပြီး ကျွန်တော် ရောက်သွားသည်။ ကျွန်တော်ရောက်တော့ လူမစုံသေး။ အခန်းကျဉ်းကလေးထဲတွင် ဖယောင်းတိုင်တစ်တိုင်သာ ထွန်းထားသည်။

(နောင် ကိုတင်ထွဏ်း အိမ်ထောင်ကျသောအခါ ကျွန်တော်တို့ အစည်းအဝေးလုပ်သော ထိုအခန်းကျဉ်းကလေးတွင် ခေတ္တနေထိုင်ခဲ့ရသည်။)

ထောက်လှမ်းရေးများ ရန်ကြောင့် လျှပ်စစ်မီးရှိပါလျက် မထွန်းရဲ။ ဖယောင်းတိုင်တစ်တိုင်သာ ထွန်းထားရသည်။ ကျွန်တော်တို့ ရကသ အဖွဲ့ဝင်များသည် အစည်းအဝေးလုပ်သည့်အခါ ထောက်လှမ်းရေးရန်ကြောင့် ဤသို့ လျှို့ဝှက်လုပ်ကြရသည်။

တစ်ခါတစ်ရံ မလွှကုန်းမီးရထားဝင်းအတွင်းရှိ မီးရထား တွဲဟောင်း တွဲပျက်များတွင် လုပ်ရသည်လည်းရှိသည်။ အစည်းအဝေး လူစုံသောအခါ အစည်းအဝေး ခေါ်ရခြင်းအကြောင်းကို ကိုတင်ထွဏ်းက ရှင်းပြသည်။

ကိုတင်ထွဏ်း ရှင်းပြသည့် အဓိကအကြောင်းရင်းမှာ နက်ဖြန်နံနက် ၉ နာရီတွင် "အလောင်းကောင်မီးရှို့ပွဲ" လုပ်ကြရန်ဖြစ်သည်။ အလောင်းကောင် မီးရှို့ပွဲကို ကျိုက္ကဆံကွင်းတွင် ပြုလုပ်ကြ မည်။ ယခုသတင်းကို အထူးလျှို့ဝှက် ထားရန် မှာကြားသည်။

အဘယ်ကြောင့်ဆိုသော် လွန်ခဲ့ သည့် နှစ်ရက်က အုန်းသန်းဦးဆောင် ကာ ကျောက်မြောင်း အစိုးရအထက် တန်းကျောင်းနံ့ဘေး ကန်တော်ကြီး ကနေဒီကျွန်းတွင် အလောင်းကောင် မီးရှို့ပွဲလုပ်သည်။ ယင်းသတင်း ပေါက် ကြားသဖြင့် အလောင်းကောင်မီးရှို့ပွဲ စတင်ပြီးမကြာမီ ထောက်လှမ်းရေးများ ရောက်လာကြသည်။

ဤတွက် လွတ်သူ လွတ်၍ အဖမ်းခံရသူများ အဖမ်းခံကြရသည်။

(မှတ်ချက် - အုန်းသန်း ဆိုသူ ကား အခြားသူ မဟုတ်။ ယခင်က ကျွန်တော်တို့၏ ရကသ တာမွေ ကျောက်မြောင်းတိုက်နယ်၏ အဖွဲ့ဝင် ဖြစ်သည်။)

နောင်သော် ကျွန်တော်တို့နှင့် သဘောထားကွဲကာ ရကသ(အသစ်) ဟု ခွဲထွက်သွားသည်။ နောင်အခါ အုန်း သန်းသည် ရွှေနေဖြစ်လာကာ "ရွှေနေ ဦးအုန်းသန်း" ကလောင်အမည်နှင့် စာ ရေးသည်ကို တွေ့ရသည်။ ယခု ကွယ် လွန်ရှာပြီ။

ကျိုက္ကဆံကွင်း အတွင်းရှိ အလောင်းကောင်မီးရှို့ပွဲစုရပ်သို့ စော စွာ ကျွန်တော် ရောက်ခဲ့သည်။ ကိုသန်း ဦးကိုလည်း တွေ့ရသည်။ ကိုသန်းဦးကား ကျွန်တော်တို့ ရကသဥက္ကဋ္ဌ ဖြစ်သည်။ သူသည်ကျိုက္ကဆံအထက်တန်းကျောင်း မှ ကျောင်းသားတစ်ယောက်ဖြစ်သည်။

(ယခင် ဥက္ကဋ္ဌမှာ ကိုကျော်ငွေ ဖြစ်သည်။ ကိုကျော်ငွေး နုတ်ထွက်သွား သဖြင့် ရကသဗဟိုဥက္ကဋ္ဌ ကိုသိန်း ဦးဆောင်ကာ ဥက္ကဋ္ဌရွေးပွဲလုပ်ပြီး ကို သန်းဦးကို ရွေးချယ်ခဲ့ကြသည်။)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် အလောင်း
ဘောင် မီးရှို့ပွဲကို နာရီဝက်စောပြီး ၈
နာရီခွဲတွင် စတင်လိုက်သည်။

ကျောင်းသားများနှင့် လူထု
ရိသတ်များ ဝိုင်းအုံလာကြသည်။

ထိုပရိသတ်တွေ လက်ခုပ်တီးကြ
မှ ကျွန်တော်တို့ ကြွာသံပေးလိုက်သည်။
ကျွန်တော်တို့ကိုယ်တိုင်လည်း ဦးဆောင်
လက်ခုပ်တွေတီးလိုက်ကြသည်။အထက်
လျှံ ဘဂင်ကို ညံပါလေရော။

မကြာပါချေ။

လူအုပ်ကြားထဲမှ အရေးတကြီး
ခြေလှမ်းနှင့် လျှောက်လာနေသော
ကိုသန်းဦးကို တွေ့ရသည်။

"ကိုကျော်စိန်၊ ရှောင်တော့
ရှောင်တော့ မြန်မြန် မြန်မြန်"

ကိုသန်းဦးက ကျွန်တော့်အနား
တွင် ရပ်ပြီးပြောခြင်းမဟုတ်။ အနားမှ
ဖြတ်လျက် ပြောပြေး ပြေးပြော ပြော
သွားသည်။

အရေးကြီးပြီကို သိလိုက်ပြီ။

ကျွန်တော်လည်း ပြေးတော့
သည်။ ကျွန်တော့်ရှေ့တွင် ကျွန်တော်
တို့ ရကာသအဖွဲ့ဝင် သုံးလေးယောက်က
ဦးဆောင်ပြေးသည်။ ကျွန်တော်တို့သည်
ကျိုက္ကဆံကွင်းကိုဖြတ်ကာ ဂွတ္တလစ်
ရပ်ကွက်ဆီသို့ ပြေးကြသည်။

ကျွန်တော့်ရှေ့မှ လူသုံးလေး
ယောက်သည် အပြေးသန်ကြသည်။ သူ
တို့ကား အုတ်တံတိုင်းကိုဖြတ်ကာ ဂွတ္တ
လစ်ရပ်ကွက်ထဲသို့ ရှေးရှုဝင်သွားကြ
သည်။ ကျွန်တော် ပြတ်ကျန်ခဲ့လေပြီ။
သူတို့ကို ကျွန်တော် မမြင်ရတော့။

ထိုစဉ် ဂွတ္တလစ်ဘက်အခြမ်းမှ
လူတစ်ယောက် ကျိုက္ကဆံကွင်းထဲသို့
ပြေးဝင်လာသည်။ ကျွန်တော်နှင့် မျက်
နှာချင်းဆိုင် ဖြစ်သည်။

ကျွန်တော် သူ့ကို လှမ်းကြည့်
လိုက်သည်။ သူကလည်း ပြေးလာနေ
ရင်းက ကျွန်တော့်ကို လှမ်းကြည့်နေ
သည်။ သူနှင့်ကျွန်တော် အလွန်နီးကပ်
နေပြီ။ ထိုသူက အပေါ်ပိုင်းတွင် ရှပ်
လက်တိုအဖြူ ဝတ်ထားသည်။ အောက်
ပိုင်းတွင် ကာကီရောင်စစ်ဘောင်းဘီကို
ဝတ်ထားသည်။ ဘောင်းဘီနှစ်ဖက်စလုံး
ကို ခြေသလုံးကြွက်သားတွေပေါ်သည်
အထိ လိပ်တင်ထားသည်။

သူ ကျွန်တော့်ကို မီလာပြီ။

ကျွန်တော် စိတ်လျှော့လိုက်
တော့သည်။ လွတ်လမ်းမမြင်သည့်အတူ
တူ မပြေးတော့ဘဲ အပြေးကိုရပ်ကာ သူ့
အလာကို စောင့်နေလိုက်သည်။

သူကလည်း အပြေးကိုရပ်ကာ
လမ်းလျှောက်လျက် ကျွန်တော့်ဆီသို့
ဦးတည်လာနေသည်။ သူ ကျွန်တော့်
ရှေ့တွင် ခြေစုံရပ်လိုက်သည်။ သူက
ကျွန်တော့်ကို လေ့လာကြည့် ကြည့်
သည်။ အကဲခတ်ကြည့် ကြည့်သည်။

"ကဲ. . . ကိုယ့်လူ မပြေးတော့
ဘူးလား"

"ကိုယ့်လူက ပြေးအား အတော်
နေးတာပဲ"

ကျွန်တော် သူ့ကို ကြည့်နေရုံမှ
တစ်ပါး စကားတစ်ခွန်းမှ ပြန်မပြောပါ။

"ကိုယ့်လူ စကားမပြောတတ်
ဘူးလား"

ကျွန်တော့် မထုံတက်တေးပုံကို
ကြည့်ပြီး သူ စိတ်ရှည်ဟန်မတူတော့။
ခက်ထန်မာကျောသံတွေ ပါလာသည်။
ထောက်လှမ်းရေးများ စိတ်မရှည်လျှင်
ဘာလုပ်တတ်သည်ကို သိထားသဖြင့်
ကျွန်တော် စိုးရိမ်သွားသည်။

"ငါ စကားပြန်ပြောတော့မှ၊
နို့မဟုတ်ရင်. . . "

ကျွန်တော် ကြောက်ကြောက်
နှင့် ထိုသို့တွေးလိုက်သည်။ သူ့ကို စကား
ပြောဖို့ ဟန်ပြင်လိုက်သည်။

ထိုအခါ သူက ကျွန်တော့်အမူ
အရာနှင့် အခြေအနေကိုကြည့်ပြီး. . .

"ဟေ့ကောင် မင်းမပြောနဲ့ဦး၊ ငါ
ပြောမယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ပြောပါ"

"ဟေ့ ဒီမှာ၊ အခု မင်းကို ငါ
ဘာလုပ်မယ်ဆိုတာ မင်းသိသလား"

"သိပါတယ်ခင်ဗျာ ကျွန်တော့်
ကိုဖမ်းမှာ မဟုတ်လား"

"အာ. . . ဒီကောင် ဘာတွေ
လျှောက်ပြောနေတာလဲ၊ ငါ မင်းကို
မဖမ်းဘူးကွ၊ မဖမ်းဘူး"

ဒီလိုထောက်လှမ်းရေးမျိုး မတွေ့
ဖူးဘူး။ သားသမီးချင်း စာနာလို့ ထင်ပါ
ရဲ့။ ကျွန်တော် ဝမ်းသာလုံးဆို့ပြီး
တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွား
သည်။ ထိုစဉ်. . .

သူ့နှုတ်ခမ်းအစုံက လှုပ်ရှားလာ
သည်။

"ငါ မင်းကို မဖမ်းပါဘူးကွာ၊ အဲ
ငါက မင်းကိုတော့ တစ်ခု ဆိုပြချင်တယ်
ဘုရားမြတ် ထံပါးဝယ် လျှောက်ထည့်
ကြတယ် ××× နှစ်ယောက်သားတွဲတဲတဲ
လို့ ××× ရင်ပြင်ပေါ်ဝယ် ×××"

ဟင်. . . သူ့အပြုအမူကြောင့်
ကျွန်တော် အံ့အားသင့်အကြည့် ကြည့်
ကာ ငါးစပ်ဟောင်းလောင်း ဖြစ်သွား
သည်။

သူသည် သီချင်းဆိုပြီး လှည့်
ပတ်ကာ ကပြနေသည်။ ပြီးနောက်
ကျွန်တော့်ကို ကျောပေးကာ ကွေးနေ
အောင်ကပြီး ကျွန်တော့်အပါးမှ ထွက်
ခွာသွားလေတော့သည်။ ကျွန်တော် သူ့
နောက်ကျောကို လှမ်းကြည့်လိုက်သည်။

ဟိုက် . . . သူ့ဘောင်းဘီဖင်
တစ်ခြမ်းသည် ပိတ်သားများ လုံးဝမရှိ
တော့။ သူ့တင်ပါး မည်းမည်းညစ်ညစ်
ကြီးက ပိတ်သားအစား ထင်းထင်းပြူး
ပြူးကြီး ပေါ်နေသည်။ ဖင်တစ်ခြမ်းပေါ်
နေ၍ ကျွန်တော် သိလိုက်ပါပြီ။

ကျွန်တော် ဆုံလိုက် ကြုံလိုက်ရ
သည်က မရိုင်းမယဉ်သော မင်းသားရူး
ရူးနေသည့်အရူးတစ်ယောက်ပါလားဟု။

သြော် . . . ကြုံရဆုံရ သမဂ္ဂ
ဘဝ။

(ကိုတင်ထွဏ်းရေ၊ နှစ်ငါးဆယ်
ကျော်ဆိုတာ ခဏလေးပါလားနော်)

❐ သုဝဏ္ဏထော်စိန်



www.burmeseclassic.com

www.burmeseclassic.com




# ကိုရွှေတောသား

အချိန်ကာလ ဆိုတာက တိမ်သလ္လာစလို လွင့်မျောနေတာကလား။ ကျုပ်တို့ ကျေးလက်တောရွာဆိုတာလည်း အချိန်ကာလနဲ့ လိုက်လျောညီထွေစွာပဲ အလိုက်သင့် မျောလွင့်လိုက်ပါရင်း မြို့ပြတောင် နည်းနည်းဆန်ချင်လာတယ်။ ဘာကြောင့်ဆို ထန်းပင်၊ လယ်တွေ ယာတွေ နွားတွေ ကျွဲတွေ အိမ်မိုင်းတွေ ခြံတွေကို ရောင်းချလို ရောင်းချ ပေါင်နှံလို ပေါင်နှံပြီး နိုင်ငံခြား ထွက်သွားကြတာကလား။ အဲဒီမှာ ဘာအလုပ်တွေကို ဘယ်လို လုပ်ခဲ့ရတယ်တော့ မပြောတတ်ဘူး။ လေးငါးနှစ်လောက်ကြာပြီး ရွာကိုပြန်ရောက်လာတဲ့အခါမှာတော့ တကယ့်ကို သူဌေးဂိုက်မှ သူဌေးဂိုက်။

အဲဒီလူတွေကိုကြည့်ပြီး အားကျသူတွေဆိုရင်လည်း နိုင်ငံခြားရောဂါတွေ ထကုန်ကြတယ်။ ထန်းတက်မယ့်သူ၊ လယ်လုပ်မယ့်သူတောင်နည်းလာတယ်။ လူငယ်တော်တော်များများဟာ နိုင်ငံခြား ထွက်ပြီး အလုပ်လုပ်မှ လူမွေးလူရောင် ပြောင်လာမယ်လို့ မှတ်ထားကြတာကလား။

အင်း. . . အပြစ်တော့ မပြောသာဘူးပေါ့လေ။ လူဆိုတာ သူ့တွက်ကိန်းနဲ့သူ၊ သူ့အကြောင်းတရားနဲ့သူပဲ မဟုတ်လား။ ပစ္စက္ခမျက်မှောက်မှာတင် နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ရာက အခြေအနေကောင်းပြီး ပြန်လာကြတာတွေ တွေ့တွေ့နေရတော့လည်း ကျန်တဲ့သူတွေ အားကျမယ်ဆိုအားကျလောက်ပေသပေါ့။

ဘယ်သူတွေ ဘယ်လိုပဲဖြစ်နေပါစေ၊ ကျုပ်ကတော့ အားမကျပေါင်။ ထိုင်နေ အကောင်းသား ထသွားမှကျိုး၊ သေချင်တဲ့ကျား တောပြောင်းတို့ကို လက်ကိုင်ပြုပြီး တင်းတိမ်ရောင့်ရဲခြင်းသည် မင်္ဂလာမည်၏ဆိုတဲ့ ထုံးကို နှလုံးမူလို့ မိန်းမလုပ်စာကို အခံ့သား ထိုင်စားရင်း ဘဝကို ငြိမ့်ငြိမ့်ကလေး ဖြတ်သန်းနေခဲ့တယ်။ အခုလည်း အိမ်မှာ တစ်ယောက်တည်းငြိမ့်ရင်း စလောင်းက လာတဲ့ မော်ဒယ်လ်ရှိုးပွဲကို အာသာငမ်းငမ်းနဲ့ ကြည့်နေတုန်း 'ဝုန်း'ဆိုတဲ့ အသံကြီးကြောင့် ဖသောဖသီ ဖီလင်လေးတောင် ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်း မသိတော့ဘူး။

"ဟာ. . . ဘယ်လို ဖြစ်ရတာလဲ မိန်းမရယ်၊ လုပ်လိုက်မှဖြင့် အလန့်တကြား"

ကျုပ်မိန်းမရဲ့ တင်ပါးဆုံကြီးတွေဆိုတာက နည်းတာမှမဟုတ်ဘဲ။ သံချက်တွေချောင်နေတဲ့ ကြမ်းပြင်ကို ရန်ရှာတော့လည်း ကျယ်လောင်တဲ့အသံက မြည်တော့မပေါ့။ မိန်းမဟာ ကျုပ်ဆိုတဲ့ အိမ်ဦးနတ်ကို လေးစားရကောင်းမှန်း မသိတာ အမှန်ပဲ။ ဘာကြောင့်ဆို [illegible] နှာကြီး ရှစ်ခေါက်ချိုးနဲ့ တီဗွီရိုမှတ်[illegible] ကောက်ပိတ်လိုက်တာသာ ကြည့်[illegible]

"ဟာကွာ အလန်းလေး[illegible] ကြည့်ပြီး လန်းနေတဲ့ဥစ္စာ"

"ယောက်ျားနော် ကျုပ်မ[illegible] ချင်လို့ ကြည့်နေတာ၊ ကျုပ်များ အိမ်[illegible] မရှိလိုက်နဲ့ လစ်ပြီဆို အဲဒီမဟုတ်မဟာ[illegible] တွေ ကြည့်ပြီး မိန်းမဆိုတာ မိန်းမပဲဥ[illegible] ကျုပ်လဲ မိန်းမပဲ၊ ဘာများ ထူးလို့တုံး"

ဒီမိန်းမတော့၊ ကျုပ် မှန်[illegible] အတိုင်း ပြောလိုက်ရရင် ဟင်း ဟ[illegible] ဟင်း။ ဒါပေမယ့် ကျုပ်နှုတ်ဖျားက[illegible] မှ ထွက်ကျမလာပါဘူး။ လူ[illegible]အမျ[illegible] ဆိုတာ အပြင်ကို မ[illegible]ကောင်း[illegible]





www.burmeseclassic.com

www.burmeseclassic.com

။ ကျုပ်အခုလို ဟိုယောင်ယောင် ယောင်ယောင် လုပ်နေနိုင်တာကိုက း မရဲ့ကျေးဇူးမဟုတ်လား။ ဒီလောက် တော့ ကျုပ်က နပ်ပါတယ်။

"ဟေ့ . . . မိန်းမ၊ ကျောင်းမှာ တွေများ ဘယ်သူနဲ့ ကွိုင်တက်လာ လဲ"

"ဘာမှ ကွိုင်မတက်ဘူး"

"ဒါဆို စက်ဘီးတစ်ခုခုဖောက် ဖြစ်ရမယ်"

ဟုတ်တယ်လေ။ အကြောင်းရှာ က်ရင် တစ်ခုမဟုတ် တစ်ခုတော့ နေရမယ် မဟုတ်လား။

"ပြောလိုက်ရင် တစ်လုံးမှ ဒဲ့မဖြစ် အလွဲမှ အလွဲချည်းပဲ၊ ဒါနဲ့များ စ်ခါလာအပိုင်၊ တစ်ခါလာအပိုင်နဲ့ ချည်းစားစားသွားတာ"

ပေါချောင်ကောင်းဆိုပြီး ဝယ် းတဲ့ စက်ဘီးကို မြားဦးလှည့်လိုက်ပေ ယ့် အဲဒီမြားဦးက ဝါသနာဘာဂီ ဆက် င်းမီတဲ့ ကျုပ်ဘက်ကိုလှည့်လာတယ်။

"ကျုပ် ကျောင်းဆင်းတော့ စက် နင်းပြီး ပြန်လာတယ်၊ အဲဒီမှာအတန်း တ တပည့်မလေး လမ်းလျှောက်နေ ာ မကြည့်ရက်လို့ရယ်၊ လမ်းကြုံလို့ ယ်ဆိုပြီး တင်ခေါ်လာပါတယ်၊ ပြဿ မှ ပြဿနာ"

"ဘာလဲ၊ ကလေးက စပုတ်တဲ း ခြေထိုးလိုက်လို့လား"

"ဟာ . . . လွဲပြန်ပါပြီ၊ အဲဒီ လေးမလေးက ပြဿနာမီးမွှေးတာ "

"ဘယ်လို မွှေးလို့တုံး"

"ဘယ်လိုမွှေးရမံတုံး၊ ဆိုင်ကယ် း ဘာလေး ဝယ်မစီးဘူးလား၊ ဟွန်း န်း. . . ကျုပ်စက်ဘီးနဲ့ တင်ခေါ်လို့ လာရသေးတယ်"

"ကလေးပဲကွာ၊ မသိလို့ပြောတာ နေမှာပေါ့"

"ဟုတ်ပါတယ်၊ ကလေးက တော့ ဘယ်သိမှာလဲ၊ သူ့အမေ စနက် းပေးလို့ပေါ့"

"ဘာ. . . သူ့အမေ ဟုတ်လား၊ နေပါဦး၊ သူ့အမေကို မိန်းမက သိလို့လား"

"သိသပတော်၊ သိသပ၊ကျောင်းတုန်းက ကျုပ်နဲ့ အဆင့်တစ် လုဘက်တွေ၊ ဒါပေမယ့် ကျုပ်ကို သူမနိုင်ခဲ့ပါဘူး၊ အဲ. . . အိမ်ထောင်တွေ ဘာတွေကျသွားပြီးမှ သင်းက ကျုပ်ထက် နှာတစ်ဖျားသာသွားတာ"

"ဘယ်လို၊ အိမ်ထောင်ကျမှ ဟုတ်လား"

"ဟုတ်တယ်လေ၊ အိမ်ထောင်ကျပြီး သူ့ယောကျ်ားက နိုင်ငံခြားထွက်ပြီး အလုပ်လုပ်တယ်၊ ပြန်လာတော့ ကျုပ်တို့ထက် အများကြီးသာသွားတယ်၊ အပေါ်စက်၊ အောက်စက်၊ စလောင်း၊ အိမ်ဖုန်း၊ ဟန်းဖုန်း၊ ဆိုင်ကယ်နဲ့ ပုံလန်သွားတာ၊ ဒါကြောင့် ကျုပ်ကို တစ်ပြန်တစ်လဲ နှိပ်ကွပ်ချင်နေတာ"

"မိန်းမရယ်၊ လူ့ဆိုတာ သူ့အကြောင်းနဲ့သူ ရှိတတ်ကြပါတယ်ကွာ၊ သဗ္ဗေသတ္တာ ကမ္မသကာလို့ သဘောထားလိုက်ရင် အေးရာအေးကြောင်းပဲပေါ့"

"ဟုတ်ပါတယ်၊ ကျုပ်က သင်းကြီးပွားတိုးတက်တာကို မနာလိုလို့ ပြောနေတာမဟုတ်ပါဘူး၊ ပြောတော့တစ်မျိုးလုပ်တော့တစ်မျိုး ဆိုတာကို မကျေနပ်တာပါ၊ လကုန်လို့အချိန်ပိုကြေးကောက်ပြီဆိုမှဖြင့် ဟိုနေ့ရွှေ ဒီနေ့ရွှေနဲ့ စစ်တုရင်ဗိုလ်လုပွဲ ဝင်တော့မယ်အတိုင်းပဲ၊ ဒီတော့ ကျုပ်မကျေမနပ်ဖြစ်တာ ဆန်းသလား"

"အေး. . . ဒါတော့လဲ မိန်းမဘက်ကနေ အပြည့်အဝ ထောက်ခံသကွ၊ ဘယ့်နှယ်ကွာ၊ပြောတော့တစ်မျိုးလုပ်တော့တစ်မျိုး မကျေမနပ်ဖြစ်မယ်ဆိုလဲ ဖြစ်ကိုဖြစ်သင့်တယ်၊ မိန်းမရယ် ယောကျ်ားလဲ ကိုယ့်မိန်းမ အခုလိုမျိုး ပင်ပန်းနေရတာမျိုး၊ ပေါက်ကွဲခံစားနေရတာမျိုးကို မကြည့်ရက်ပါဘူး၊ လူမှာလဲ အကြံနဲ့၊ ခရုမှာလဲ အဆံနဲ့၊ ဥမှာလဲ အခွံနဲ့တဲ့ကွ၊ အကြံကောင်းတော့တင်ချက်ကကောင်းတော့တစ်သက် ဆိုတဲ့စကားနဲ့အညီ ဒီတစ်ခါ ယောကျ်ားဆွဲတဲ့ဇယားစောင်းမသွားလို့ကတော့ မိန်းမအတွက် ဆိုင်ကယ်လောက်က ပျင်းဘောင် ပျင်းသေးတယ်၊ ချယ်ရီ စီးမလား၊ ရွှေငါး မတ်တူး စီးမလား ဟင်း ဟင်း ဟင်း"

"တော်စမ်းပါ ယောကျ်ားရယ်၊ ရှင့်ခွင်အမှန်ကို ထိုင်စောင့်နေရမယ်ဆိုရင် ဒုဗ္ဗိက္ခန္တရကပ်သာ ဆိုက်သွားမယ်၊ ကျုပ်သာ အလုပ်မရှိရင်၊ ကျူရှင်မပြရင်၊ ကျောင်းမှာ တိုလီမုတ်စတွေ မရောင်းရင် အားမကိုးရတဲ့ တော့်ကြောင့် . . . အဟင့် ဟင့်"

ပြောနေရင်း ဆိုနေရင်းကပဲ မိန်းမ မျက်ရည်ကျလာတယ်။ ဒီတော့ ကျုပ်ဘက်က ပြေလည်ရာ ပြေလည်ကြောင်း နှစ်သိမ့်ရမယ့် ဝတ္တရား ရှိလာတယ် မဟုတ်လား။ ဒီတော့ သူ့ဘေးနားကပ်ထိုင်ပြီး ဧရာမ တင်ပါးဆုံကြီးကို တဖပ်ဖပ် သာသာကလေးရိုက်ရင်း. .

"မိန်းမရယ် တရားကို နှလုံးသွင်းကွာ၊ ဥစ္စာကံပေး မရသေး နှောင့်နှေးဗျာပါ မရှိရာတဲ့ကွ"

အဲဒီလို ပြေလည်ရာပြေလည်ကြောင်း ပြောဆိုပြီး နှစ်သိမ့်ပေးလို့လားတော့ မပြောတတ်ဘူး၊ အငိုတိတ်သွားတယ်။ ပြီးတော့ ပါးစပ်က စက်သေနတ် ပစ်ပါလေရော။

"တကယ်တမ်း ဆန်းစစ်ကြည့်ရင် ကျုပ်ကိုက မှားတာ၊ ဒါကြောင့်လဲ 'အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ ဒီသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုး' လို့ ဆိုရိုးရှိပေတာပဲ၊ ကျုပ် ရှင့်ကို မယူဘဲ နိုင်ငံခြားပြန်တစ်ယောက်ယောက်ကို ယူခဲ့ရမှာ"တဲ့။

✿

"ဗုန်း"

လာပြန်ပြီကော မြည်သံစွဲအသံ၊ စာအုပ်တွေ ကြမ်းပြင်ပေါ် ပစ်ချလိုက်တာ။





www.burmeseclassic.com

www.burmeseclassic.com

"ဟူး. . သေသာသေလိုက်ချင် တော့တာပဲ၊ အမောကိုပြေတယ်မရှိဘူး"

ဒီတော့ အလိုက်တသိနဲ့ မီးဖိုချောင်ဝင်ပြီး သံပရာရည်တစ်ခွက်ကို အမြန်ဖျော်လာခဲ့ပြီး ဖားလိုက်ရတယ်။ ပြီးတော့ မျက်နှာလို မျက်နှာရနဲ့ . . .

"စောစောက ငါ့မိန်းမတော့ ဟို တလေးအမေနဲ့ တွေ့ခဲ့လို့ထင်တယ်"

"သွားစမ်းပါ၊ မပြောလိုက်နဲ့ ပြောလိုက်ရင် ရှင် အပိုင်ဆိုပြီး ထိုးနေတဲ့ ဝဏ္ဏအတိုင်းပဲ၊ တလွဲတချော်ချည်းပဲ"

ဘာစကားပြောပြော မြားဦးက ကျုပ်ဝါသနာကိုချည်း ပစ်မှတ်ထားနေ လေတော့ စကားနည်း ရန်စဲဆိုသလို . .

"မသိလို့ပြောတာပါ မိန်းမရယ်၊ ကိုင်း. . . ဘယ်လိုဖြစ်ရတာတုံး"

"ဘာဖြစ်ရမလဲ၊ ဒီကနေ့ ကျုပ်ဆီကို ရွာအနောက်ပိုင်းက ငါးစိမ်းသည်မက သူ့ကလေးကို ကျူရှင်ထားချင်လို့ ဆိုပြီး ရောက်လာတယ်"

"ဟာ. . . အဲဒါ မင်္ဂလာပဲဥစ္စာကွာ၊ ဘာများ စိတ်တိုစရာရှိလို့တုံး"

"ကျုပ် စကားမဆုံးသေးဘဲ ဖြတ်ဖြတ်မပြောနဲ့၊ အဲဒီ ငါးစိမ်းသည်မက သူ့သမီးက ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်တယ်တဲ့၊ ကုမ္ပဏီက လစာမဲ့ အစမ်း နှစ်လခန့်မယ်၊ နှစ်လပြည့်ပြီးတဲ့အခါ စိတ်ကြိုက်တွေ့ရင် လစာနဲ့ ဆက်ခန့်မယ်၊ စိတ်ကြိုက်မတွေ့ရင် မခန့်တော့ဘူးတဲ့ရှင့်"

"ဟာ- သူ့သမီး ကုမ္ပဏီအလုပ်နဲ့ ကျူရှင်ထားရမယ့်ကိစ္စက ဘာဆိုင်လို့လဲကွ"

"ဆိုင်သမှ သိပ်ဆိုင်၊ သိပ်ဆိုင်၊ အဲဒီလိုမျိုး သူ့သားကိုလဲ ကျွန်မဆီမှာ ကျူရှင်နှစ်လ အစမ်းထားကြည့်မယ်၊ အဲဒီအစမ်းထားတဲ့ နှစ်လမှာ လခမပေးဘူး၊ နှစ်လပြည့်လို့ကြိုက်ရင် ဆက်ထားမယ်၊ မကြိုက်ရင် မထားဘူး၊ အဲဒါ ဘယ်လိုသဘောရသလဲလို့ လာဆွေးနွေးတာတဲ့၊ တောက်. . . တော်တော်လူဝါးဝတဲ့ ငါးစိမ်းသည်မ"

မိန်းမရဲ့ ဒေါသက ကျုပ်ဆီကို အဖျားခတ်မလာဖို့ ကျုပ်လည်း တေတေကလေးနိတ်လို့ တိတ်တိတ်ကလေး နေလိုက်ရပါတယ်။ ဒါပေမယ့် ကျုပ်ခေါင်းထဲမှာတော့ အတွေးစတစ်ခု ရသွားခဲ့ပါတယ်။

✿

အဲဒီနေ့ ညတစ်ညလုံး အတွေးဟော ကျုပ်အာရုံတစ်ခုလုံးကို စိုးမိုးနေခဲ့တယ်၊ တကယ်တော့ အိမ်ထောင်တစ်ခုမှာ ဦးဆောင်ရမယ့် ယောက်ျားသားက ဘာအလုပ်တစ်ခုမှ မလုပ်ဘဲ ဘာမှနေရာသေချာမှု မရှိတဲ့ တစ်လုံး၊ နှစ်လုံး သုံးလုံးတွေအပေါ် အာရုံရောက်နေလို့ကတော့ ဒီအိမ်ထောင်စုဟာ ဘယ်လိုလုပ် တိုးတက်တော့မှာတဲ့လဲ။ အခုတောင် မိန်းမကောင်းလို့ အိမ်သာမှန်မှန် တက်နေနိုင်တာ။

မနက်မိုးစင်စင်လင်းတော့ မီးဖိုချောင်ထဲမှာ ထမင်းဟင်းချက်နေတဲ့ ကျုပ်ကို အိပ်ရာကထလာတဲ့မိန်းမ တွေ့တဲ့အခါ ကရုဏာသက်သွားပုံရပါတယ်။

"အင်း. . . ရှင်နဲ့ကျုပ် ဘဝဟာလဲ ပြောင်းပြန်ချည်းပဲနော်၊ တကယ်တော့ ယောက်ျားက စီးပွားရှာပြီး မိန်းမက အိမ်မှုကိစ္စတွေကို လုပ်ဆောင်ရမှာ"

"ကဲ. . . မိန်းမ မင်းစကားပြီးပြီလား"

မိန်းမက နားမလည်တဲ့ပုံနဲ့ကြည့်နေတယ်။

"ဒီမှာ မင်းကို ငါ စကားအတည်ပြောမယ်၊ မင်း နောက်ရက်ကစပြီး ကျောင်းမှာ စာပဲ သူ့အချိန်နဲ့သူ သက်သောင့်သက်သာ သင်ပေတော့၊ အချိန်ပိုလဲ မသင်နဲ့၊ မုန့်ပဲသရေစာ တိုလီမုတ်စတွေလဲ မရောင်းနဲ့၊ အိုကွာ ဘယ်သူဘယ်လောက်ပေးပေး ကျူရှင်လဲ သင်မနေနဲ့တော့"

"ရှင်"

ကျုပ်ရဲ့စကားကြောင့် မိန်းမခမျာ အတော်ကလေး အံ့အားသင့်သွားပုံရတယ်။

"အလိုတော် ကျားသားမိုးကြိုး. . . တော် ဘယ်လိုဖြစ်တာလဲ၊ ဧကန္တ အိမ်. . . မက်ထဲ ဘိုးတော်ကြွလာပြီး ဂဏန်း. . . အတိအကျ ပေးသွားပြီထင်တယ်"

"မဟုတ်ဘူးကွ၊ မဟုတ်ဘူး၊ မင်း. . . ထင်ထားတာ လုံးဝဆို လုံးဝမဟုတ်ဘူး. . . ငါ ဘယ်တော့မှ တစ်လုံး နှစ်လုံး သုံး. . . မကစားတော့ဘူး"

"သေချာမှပြောပါ ယောက်. . . ရယ်"

မိန်းမဟာ သူ့လက်ကို သူ ဆိ. . . ကြည့်နေသေးတယ်။

"ယောက်ျား တကယ်ပြော. . . တာပါ မိန်းမ၊ အခုဆိုရင် ဈေးကွ. . . စီးပွားရေးစနစ်တွေ အပီအပြင်ဖြစ်. . . ပြီ၊ နိုင်ငံတော်က ဆင်းရဲမှု လျှော့ချ. . . အတွက် လောင်းကစားတွေကို အပြ. . . အထန် နှိပ်ကွပ်နေတာ မိန်းမလဲ အသိ. . . ယောက်ျားတို့ ပြေလည်သင့်သလော. . . မပြေလည်တာဟာ လောင်းကစား . . . နေတဲ့၊ အလုပ် မလုပ်တဲ့ ယောက်. . . ကြောင့်ပဲ၊ ဒီတော့ ဒီကနေ့ကစပြီး အ. . . ယောက်ျား မဟုတ်တော့ဘူး၊ အ. . . ပြောင်းလိုက်ပြီ၊ တို့တစ်တွေလင်မ. . . လဲ အရှယ်ကောင်းတုန်း အချိန်ရှိတု. . . မောင်တစ်ထမ်း မယ်တစ်ရွက်၊ . . . ရေ ဆည်တဲ့ကန်သင်း တက်ညီလ. . . လက်တွဲပြီး စီးပွားရှာရင် ပြေလည်ရ. . . ကြီးပွားချမ်းသာရမယ်"

ဒီစကားကြားရတော့ မိန်း. . . နှုတ်ခမ်းစွန်းနှစ်ဖက်ဟာ နားရွက်နှ. . . ကို ချိတ်လုမတတ်။

"ယောက်ျားသာ ရှေ့ထ. . . ဦးဆောင်မယ်ဆို မိန်းမက ခါးပုံစ. . . လိုက်ဖို့ရာ အဆင်သင့်ပါပဲတော်၊ ဒါ. . . နေပါဦး၊ ယောက်ျားက ဘာလုပ်မှ. . . ကြွက်သေတစ်ခု အရင်းပြုတဲ့ အသ. . . ခေတ်မမီတော့ဘူးနော်"

"သိပါတယ်မိန်းမရယ်၊ တို. . . ဒီလောက် ဒုံးမဝေးပါဘူး၊ လော. . . ကျမ်းမှာ ကြီးပွားလိုရင် ကုန်. . . ရောင်းရမယ်လို့ ဆိုထားတယ် . . .

www.burmeseclassic.com

www.burmeseclassic.com


# ကိုယ်ဝန်ကိစ္စ၊ ကလေးကိစ္စ စိတ်ချမ်းသာရစေဖို့

❁ အိမ်ထောင်ကျတာ နှစ်တွေကြာပေမယ့် ကိုယ်ဝန်မရဘဲ ဖြစ်နေလို့ စိတ်ညစ်နေရပါသလား ❁ ကိုယ်ဝန်တော့ ရပါရဲ့၊ မကြာခဏ ပျက်ကျနေလို့ စိတ်ဓာတ်ကျနေရပါသလား ❁ ကလေးတော့ မွေးပါရဲ့၊ အသက်ကမရှည်၊ ရက်သား၊ လသား၊ နှစ်သားလောက်နဲ့ သေသွားရတာ နှမြောစရာပါ ❁ သေတော့မသေဘူး၊ ကျန်းမာရေးချူချာ၊ ရှုနာရှိုက်တုန်း၊ မစွမ်းမသန်၊ ကိုယ်အင်္ဂါချို့တဲ့တာမျိုး ဆိုရင် ဝမ်းနည်းစရာပေါ့။ ဂမ္ဘီရပညာယတြာနဲ့ ကာကွယ်ပြုပြင်ခြင်းတွေ ယုံကြည်အားကိုးလျှောက်လာခဲ့ပါ။ (ရာနှုန်းပြည့်နီးပါး မှန်ကန်ကြောင်း အာမခံနိုင်သော အဟောလက်ဆောင် ထည့်ပေးသည်။)

## ဆရာကြီးဦးအောင်မြင့်( ဥပဒေဘွဲ့ )

### လက္ခဏာဗေဒင်ပညာသုတေသီ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂။ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိသာ


လား၊ ဒီတော့ ယောက်ျားအနေနဲ့ ဓာတ်ငွေ့သိုက်လဲ တူးမှာ မဟုတ်ဘူး၊ တောက်တဲ့ဖမ်းလဲ ထွက်မှာ မဟုတ်ဘူး"

"ဒါဖြင့် တော်က ဘာလုပ်မှာလဲ"

"ဘာလုပ်မှာလဲဆိုတော့ လူရယ်လို့ ဖြစ်လာရင် စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးထဲမှာ စားရေးက အကြီးဆုံး၊ ဒီတော့ စားသောက်ကုန်တွေထုတ်လုပ် ရောင်းချရမယ်၊ လျှာရင်းမြက်ဖို့ အမိကလုပ်ဆောင်နိုင်ရင် ယောက်ျားတို့ လုပ်ငန်း အောင်မြင်ပြီ"

"ဟုတ်ပါပြီ ယောက်ျားရယ်၊ ဘာတွေ ဘယ်လို ရောင်းချမှာတဲ့တုံး"

"ယောက်ျားမှ တောအဆက်အသွယ်တွေ ရှိတယ်၊ ရေချိုငါးပိရည်ကို ကောင်းကောင်းကျိုပြီး ရယ်ဒီမိတ်လုပ်မယ်၊ အဲဒီမှာ ငါးပိရည်နဲ့လိုက်ဖက်မယ့် တို့စရာ ချဉ်ဖတ်မျိုးစုံကို မိန်းမက ဖန်တီး၊ အဲဒါလဲ ရယ်ဒီမိတ်ဖြစ်စေရမယ်"

"ဒါ . . . ဒါဆိုရင် ကျုပ်တို့ဟာ 'ကျေးလက်ရဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်' တွေပေါ့၊ ဟုတ်တယ်ဟုတ်"

"ဟုတ်တာပေါ့ မိန်းမရာ၊ သိပ်ဟုတ်တာပေါ့"

"ဒါထက် ယောက်ျားရေ ကျုပ်တို့လင်မယားကို 'ကျေးလက်ရဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင် မောင်နှံ' ဆိုပြီး မဟာရန်ကုန် မြို့တော်ကြီးက စာနယ်ဇင်းတွေ၊ ရေဒီယို အက်ဖ်အမ်တွေ၊ MRTV-4 စတာတွေက အင်တာဗျူးဖို့ ရောက်လာကြရင် ဘာနဲ့ဧည့်ခံရမှန်း မသိဘူး၊ ကျုပ်တို့ တောမှာက မြို့ကြီးပြကြီးတွေလို ဖွယ်ဖွယ်ရာရာမရှိတော့ အားနာစရာကြီးများ ဖြစ်နေမလား မသိပါဘူး ယောက်ျားရယ်"

"အိုကွာ၊ အားနာစရာမရှိတာ အားမနာစမ်းပါနဲ့၊ တော်ကြာ ငါတို့ဧည့်ခံတာကို စွဲပြီး မောင်ကျန်တစ်တို့ ဖြစ်နေမှာတောင် မြင်ယောင်သေး"

"နေစမ်းပါဦး၊ ယောက်ျားက ဘာနဲ့ ဧည့်ခံမှာလဲ"

"ဘာနဲ့ ဧည့်ခံရမှာလဲ မိန်းမရယ်၊ ဆန်ကောင်းကောင်းချက်ပြီး စျေးကွက်ထဲ အရောက်လှမ်းတော့မယ့် ငါးပိရည်ရယ်၊ တို့စရာရယ်နဲ့ ဧည့်ခံမှာပေါ့ကွ၊ တို့ဆီလာတဲ့ စာနယ်ဇင်း မီဒီယာဆရာတွေ လျှာမလည်ဘူးဆိုရင် ပြော"

"ဟယ် . . ဒါမှ ကျုပ်ယောက်ျား ကိုဉာဏ်ကျယ်ကြီးတော့၊ ပြောရင်း ဆိုရင်း ဗိုက်တောင် ဆာလာပြီ၊ ဒီမနက်စာ ဘာချက်ထားလဲဟင် ယောက်ျား"

"ပြောနေစရာ လိုသေးလား မိန်းမရယ်၊ နောင်အရှည်သွားမယ့် စျေးကွက်စီမံကိန်းမှာ 'ပွဲမဝင်ခင် အပြင်ကကျင်းပ'ဆိုတဲ့ စကားနဲ့အညီ ရှိဟာဇယ်သဘောနဲ့ ကာယကံရှင်တွေကိုယ်တိုင် လျှာလည် မလည်၊ ဆွေမျိုးမေ့ မမေ့ စမ်းသပ်ရအောင် ငါးပိရည်နဲ့ တို့စရာတွေ စီစဉ်ထားပါတယ်ဗျာ"

"ဟောတော့"

❐ ထိုရွှေထောသား



www.burmeseclassic.com

www.burmeseclassic.com



# ကျဲကျဲနှင့်အလွဲများ

## သဲသိမ့်သိမ့်

မသဲတို့ အလုပ်လုပ်တဲ့နေရာက ရန်ကုန်မြို့လယ်ရဲ့ နာမည်ကြီး ရွှေဆိုင် တစ်ခုမှာပါ။ ရွှေဆိုင်ဆိုလို့ လှလှပပပြင် ပြီး အေးအေးဆေးဆေး သက်သောင့် သက်သာ ရောင်းရမည်လို့တော့ မထင် လိုက်ပါနှင့်။ မှားပေမည်။

အရောင်းအဝယ် အေးတဲ့နေ့ တောင် သူများဆိုင် လူစည်သလောက် ရှိသည်။ ပုံမှန်တိုးဝှေ့ဝှေ့ တစ်ခါတစ်ရံ များ ကြိတ်ကြိတ်တိုးပြီး ကက်ဆက်သံ၊ စကားသံ၊ ကလေးတွေ ငိုသံနှင့်ပွက်ပွက် ညံနေတတ်ပါသည်။ ကဲပါလေ၊ ထားပါ တော့။

ပြောချင်တာက အလုပ်တွေ များပြီး စကားတွေ အများကြီးပြောရ တော့ မှားတတ်တာကို ပြောပြချင် တာပါ။ မသဲတို့အလုပ်မှာ အမြဲတမ်းလွဲ တတ်သည့် စီနီယာ အပျိုကြီးမမတစ် ယောက်ရှိပါသည်။ တရုတ်သွေးစပ်သူ မို့ သူ့ကို အားလုံးက ကျဲကျဲလို့ပင် ခေါ် ကြပါသည်။ လူကပိန်သွယ်သွယ်ပေမယ့် ကျဲကျဲ စကားပြောလျှင် အသံအောပြီး အသံလုံးကြီးသူလည်း ဖြစ်သည်။

တစ်ရက်မှာတော့ နယ်ဘက်က ဟု ယူဆရသော အမျိုးသမီးတစ်ဦး ဆိုင်ထဲ ဝင်လာသည်။

"ဒီမှာ ညီမ၊ ဒါဆယ့်ခြောက်ပြား ရည်လား"

"မဟုတ်ဘူး အစ်မ၊ ဆယ့်ငါးပြ ရည်ပါ"

ကျဲကျဲက သူ့ထုံးစံအတိုင်း အသံ အကြီးကြီးနှင့် ပြန်ဖြေလိုက်တော့ ဘေး မှာရှိတဲ့ မသဲတို့လည်း မထိန်းနိုင်ဘဲ တခွိုးခွိုးရယ်ကြသည်။ ကျဲကျဲကတော့ ခပ်တည်တည်ပင်။ နောက်မှ သူ့ဟာသူ စဉ်းစားပြီး မျက်ရည်ထွက်အောင် ရယ် ပါလေတော့သည်။ အမှန်တော့ ဈေး ဝယ်သူက ဆယ့်ခြောက်ပဲရည်လားဟု မေးချင်ပုံရသည်။ ဆိုလိုရင်းကို သဘော ပေါက်သော ကျဲကျဲကလည်း ဆယ့်ငါး ပဲရည်ဖြစ်ကြောင်း ပြန်ဖြေတာပါ။ သို့ ပေမယ့် လွဲတတ်သူကြီးက အထက်ပါ အတိုင်း လွဲလိုက်လေတော့ ဆယ့် ခြောက်ပြားနှင့် ဆယ့်ငါးပြဆိုပြီး အလုပ် မှာ ရာဇဝင်တွင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မှာပင် ဖြစ်ပါသည်။

လူနည်းနည်းရှင်းချိန် လိပ်ခေါင်းရောဂါအကြောင်း ပြောနေစဉ် ဈေးဝယ်သူက လက်စွပ်ကောင်တာရှေ့ရောက်လာတော့ ကျဲကျဲက အပြေးကလေး မေးလိုက်သည်။

"အစ်မ လက်စွပ်ကြည့်မလား၊ လိပ်ခေါင်းကြည့်မလား"

"ရှင်"

ဈေးဝယ်သူမှာ ရုတ်တရက်ကြောင်သွားရှာသည်။

"ဟယ် အစ်မ၊ ကန်တော့၊ ကန်တော့"

အကြောင်းစုံသိမှ ဈေးဝယ်သူလည်း ရယ်နိုင်ပါတော့သည်။

တစ်ခါမှာလည်း အမျိုးသားတစ်ဦး ကျဲကျဲဆီသို့လာလည်သည်။ အချိန်အတော်ကြာ စကားပြောဆိုပြီး ဆိုင်ထဲပြန်ဝင်လာတော့ ဂန်ဂျာက လှမ်းမေးလိုက်သည်။

"ကျဲကျဲ၊ ခုနလာတာ ကျဲကျဲချင်းဂူလား"

ချက်ချင်း မျက်နှာနီမြန်းသွားပြီး ပြေးထုလေတော့သည်။

"ဘာအချစ်ဦးလဲ၊ ဘာအချစ်ဦးလဲ၊ ဟိုကမိန်းမနဲ့ဟဲ့၊ အဲဒါငါ့သူငယ်ချင်း"

"ကျဲကျဲ လွဲကုန်ပြီ၊ ချင်းဂူဆိုတာကိုရီးယားလို သူငယ်ချင်းလားလို့ မေးလိုက်တာ၊ ကိုရီးယားကားတွေဒီလောက်ကြည့်ထားပြီးတော့"

"ဟုတ်လား၊ သိပါဘူးဟယ် အဟီး"

နည်းနည်းဖြစ်ဖြစ် လွဲလိုက်ရမှကျဲကျဲစစ်စစ်ပါ။

ဟိုတစ်လောဆီက အဖြစ်ကိုလည်း မသဲ သတိရမိပါသေးသည်။

အလုပ်နားရက် ရွှေတိဂုံဘုရားသွားရန် မသဲနှင့်ကျဲကျဲ ချိန်းထားကြပါသည်။ ဒဂုံမြို့နယ်ထဲက ကျဲကျဲအိမ်ကို မသဲရောက်တော့ . . .

"ဟယ် ညီမ လာလာ၊ ဒီမှာ အမျိုးတွေရောက်နေလို့ နင့်ကိုမိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျဲကျဲအဖေဘက်က မောင်ဝမ်းကွဲ ပေါ်လွင်သိန်းတဲ့၊ ဒီဘက်ကတော့ ကျဲကျဲတူလေး ဇင်ထွန်းတဲ့၊ အမေ့ဘက်က အမျိုးလေ"

"နင် အချိန်ရတယ် ဟုတ်လား၊ ဧည့်သည်တွေ ထမင်းကျွေးပြီးမှ သွားကြတာပေါ့"

"ဟုတ်တဲ့၊ ရပါတယ် ကျဲကျဲ"

စေတနာ ဗရွှန်းနှင့်ချက်ပြုတ်ပြင်ဆင်နေသော ကျဲကျဲရှိရာ မီးဖိုချောင်ဝယ် မသဲလည်း ဟိုယောင်ယောင် ဒီယောင်ယောင်၊ ဟိုဟာကူမလို ဒီဟာကူမလိုနှင့် ယောင်ချောက်ဆယ်လုပ်နေလိုက်ပါသည်။ ခဏကြာတော့ ကျဲကျဲ ထမင်းပွဲပြင်ပြီး အိမ်ရှေ့ကဧည့်သည်တွေကို ထမင်းစားရန် ခေါ်လိုက်ပါသည်။

"ပေါ်ထွန်းရေ ထမင်းစားမယ်ဟေ့"

ဘယ်သူမှ ထမလာပါ။

အကြောင်းသိ၊ ဓာတ်သိ မသဲလည်း မနေနိုင်တော့။ ကပျာကယာလက်ကုတ်ပြီး မေးရသည်။

"ကျဲကျဲ ဘယ်တစ်ယောက်ကို ခေါ်လိုက်တာလဲ"

"ဟောတော့၊ ငါလုပ်ချလိုက်ပြန်ပြီ"

အဖေ့ဘက်ကမောင်နှင့် အမေ့ဘက်က တူနှစ်ယောက်ပေါင်းပြီး နာမည်တစ်ခုတည်း ခေါ်လိုက်တော့ . . .

"ဒေါ်လေးက ပေါ်ထွန်းဆိုတော့ ကျွန်တော်တို့နှစ်ယောက် သူထရမလို၊ ကိုယ်ထရမလိုနဲ့"

ကျဲကျဲတူလေးက ပြောရှာသည်၊ အဲဒီလိုလွဲတတ်တဲ့ ကျဲကျဲရယ်ပါ။

ထိုကဲ့သို့သော ကျဲကျဲသည်ဈေးဝယ်လည်း အလွန်တော်သူဖြစ်ပါသည်။ မသဲတို့ အလုပ်လုပ်တဲ့ ရွှေဆိုင်ရှေ့မှာ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်လေးတွေရှိပါသည်။ တစ်နံနက် ကျဲကျဲလိမ္မော်သီးထွက်ဝယ်သည်။

"လိမ္မော်သီး ဘယ်လိုရောင်းလဲ"

"တစ်ရာ့ငါးဆယ်ပါ အစ်မ"

"သုံးလုံးငါးရာ ထားလိုက်နော်"

"မရလို့ပါ"

"ထားလိုက်ပါ သုံးလုံးငါးရာ"

ကျဲကျဲက ဆစ်သည်။

"မကိုက်လို့ပါ အစ်မ"

ဈေးသည်က ငြင်းသည်။

ထိုစဉ် နောက်က ရောက်လာသော ဈေးဝယ်သူတစ်ယောက်က မနေနိုင်သောကြောင့် . . .

"အစ်မကြီး လိမ္မော်သီးက တစ်လုံးမှ တစ်ရာ့ငါးဆယ်၊ သုံးလုံးဝယ်မှ လေးရာ့ငါးဆယ်ပဲ ကျမှာလေ"

"အယ်တော့ ဟားဟားဟား"

အမြဲတမ်း လွဲတတ်သောကျဲကျဲနှင့် အကြောင်းကျွမ်းရေးသည်တို့ တွေ့ကြလေသောအခါ ပွဲပြတ်သွားပါတော့သည်။

အဆိုးဆုံးအလွဲကတော့ သူများရပ်ရွာမှာ ပြောစမှတ်ကိုတွင်လို့။ အလုပ်နားရက်လူစုပြီး အလုပ်ထဲက ညီမလေးတစ်ယောက်ရဲ့ဇာတိရွာ ညောင်တုန်းဘက်ကို လိုက်လည်ကြပါသည်။ ကျေးလက်ရဲ့ ထုံးစံအတိုင်း ဧည့်သည်လာတော့ အိမ်မှာမွေးထားတဲ့ ကြက်၊ ဘဲတို့ကို ဟင်းလျာအဖြစ်စီစဉ်ရန် ပြင်ဆင်ကြသည်။

ရိပ်သာတွေ အကြိမ်ကြိမ်ဝင်တတ်သော ကျဲကျဲသည် ကိုယ့်ကြောင့်သူများအသက် သေမှာကို မလိုလား။ ကြက်သားဟင်းမစားဘူးဟု ပြောရန်ကြံပြီး ခပ်မြန်မြန်ပင် ထအော်လိုက်ရာ လျှာခလုတ်တိုက်ပြီး . . .

"ကြက်သားဟင်းနဲ့ပဲ စားမယ်"

အကုန်လုံး ဝိုင်းရယ်ကြပါတော့သည်။

ဩော်. . . လွဲပုံများ ပြောပါတယ်။

❒ သဲသိမ့်သိမ့်





www.burmeseclassic.com

www.burmeseclassic.com




# ငါ့သား အရက်မသောက်တတ်ဘူး

## မောင်မောင်ဝင်းမြင့် (မှူခင်း)

၅၄ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ်မဂ္ဂဇင်းကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ထုတ်ဝေမည်ဖြစ်ကြောင်း ကရင်ပြည်နယ် မဂ္ဂဇင်းဖြစ်မြောက်ရေး ကော်မတီမှ စာမူများတောင်းခံလာခဲ့ပါသည်။

ကရင်ပြည်နယ် မဂ္ဂဇင်းဆိုတော့ ကရင်တိုင်းရင်းသားတို့၏ ရိုးရာစရိုက်များ၊ ဓလေ့ထုံးတမ်းများ၊ စာပေ စီးပွားရေးနှင့် မြတ်နိုးဖွယ်ရာများကို တစ်ခုခုရေးသားရန် ရည်ရွယ်ခဲ့သော်လည်း မိမိဌာန၏ လုပ်ငန်းကိစ္စရပ်များကြောင့် အတွေးရှိခဲ့သော်လည်း မရေးသားဖြစ်ခဲ့ပါ။ စာမူတောင်းတယ်ဆိုတာ ပတ်သက်မှု တစ်ခုခုတော့ ရှိမှတောင်းတာပါ။ စာရေးသူက မြို့နယ်အဆင့် စာရေးဆရာ ဒါမှမဟုတ် စာပေနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့အစည်းမှာ ပါဝင်တာသက်



www.burmeseclassic.com

www.burmeseclassic.com

ာရယ်ကြောင့် မိတ်ဆွေစာရေးဆရာ တစ်ဦးမှ တောင်းတာပါ။

စာရေးသူက ၁၉၆၈ ခုနှစ် ကတည်းက စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာညွှန့်၊ သိမှတ်စရာ၊ ပုံပြင်၊ ဟာသနဲ့ စာပေမျိုးစုံ ရေးသားခဲ့သူပါ။ စာရေးသူနဲ့ အစ်ကိုအရင်းကဲ့ စာရေးဆရာဖြစ်တော့ စာရေးသူ စာရေးဖို့ ဝါသနာပါလာတာ အဆန်းမဟုတ်ပါဘူး။

ကလောင်အမည်ဆိုတာ စာရေးသူတို့ရဲ့ (စာရေးဆရာအားလုံး)အကြိုက် ပြောင်းလဲတတ်တာပါပဲ။ ဝန်ထမ်းဖြစ်လာတော့ ဌာနအစွဲနဲ့ရေး၊ အမိအဖအစွဲနဲ့ရေး၊ ရေးတဲ့စာအပေါ် ကလောင်မျိုးစုံတပ်၊ ဖြစ်တတ်တဲ့ သဘောပါပဲ။

စာရေးသူလည်း နိုင်ငံဝန်ထမ်း စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့)မှာဆိုတော့ မှုခင်းကိုယူပြီး ခေတ်အလိုက် ကလောင်ယူတာပေါ့။ စာရေးသူရဲ့ ဖခင်က ဦးထွန်းငြိမ်းဆိုတဲ့ အမည်ကို အစ်ကိုအရင်း စာရေးဆရာက ထွန်း ဆိုတဲ့ ရှေးစာလုံးယူပြီးသုံးတော့ စာရေးသူက ငြိမ်း ဆိုတဲ့ နောက်စာလုံးကိုယူပြီး သုံးတာပေါ့။ အဲဒီတော့ ဝင်းမြင့်ငြိမ်း(အင်္ဂပူ)ဆိုပြီးဖြစ်ရော။ အစ်ကိုရဲ့ ကလောင်အမည်က အေးသန်းထွန်း (အင်္ဂပူ)လေ။

အစ်ကိုက အမှတ်(၁)စက်မှုဝန်ကြီးဌာန အုတ်စက်ရုံမှာလုပ်ရင်း လုပ်သားဂျာနယ်၊ လမ်းစဉ်သတင်း စတဲ့ နေရာတွေမှာ ကိုကိုအောင်သန်း(ကြွေမြေ) ဆိုပြီး ရေးပြန်တော့ စာရေးသူကလည်း မောင်မောင်ဝင်းမြင့်(မှုခင်း) ဖြစ်ပြန်ရော။

ကိုယ့်အကြောင်း ရှင်းပြနေကြာနေရတာနဲ့ လိုရင်းမရောက်တော့ဘူး ဖြစ်နေတယ်။ လိုရင်းက ကရင်တိုင်းရင်းသားတွေရဲ့ ရိုးသားဖြူစင်တဲ့ စိတ်ဓာတ်၊ ကတိစကား၊ သစ္စာတရားတို့ကို အလေးထားကြောင်း ပြောပြချင်တာပါ။

▼

စာရေးသူ ဝန်ထမ်းဘဝက တာဝန်အရ ကရင်ပြည်နယ်အတွင်း တာဝန်ကျစဉ် ကရင်ရွာလေးတစ်ရွာရှိ သူငယ်ချင်းကရင်တိုင်းရင်းသားကြီးနှစ်ယောက် အကြောင်းပါ။

**မှတ်မိပါသေးသည်။ ကရင်တိုင်းရင်းသားများ ရိုးပုံရိုးလက်ကို။ မိတ်ဆွေ** ကရင်တိုင်းရင်းသား သူငယ်ချင်းနှစ်ဦး အကြောင်း သတိတရဖြစ်မိတာလေးကို ပြောပြမှာပါ။

သူတို့နှစ်ယောက်က အလွန်ချစ်ကြသည်။ ငယ်ပေါင်းတွေ၊ ငယ်စဉ်မှစ၍ ကျောက်ဒိုးရိုက်ဖော်ရိုက်ဖက်၊ ခွေလိမ့်ဖော် ခွေလိမ့်ဖက်၊ သာရေးကွင်းပစ်ဖော်ပစ်ဖက်၊ ကျောင်းနေဖက်ပေါ့။ ကရင်ရွာလေးတစ်ရွာမှာ ကြီးပြင်းခဲ့ကြသည်။

တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာ ဆိုသကဲ့သို့ သူတို့နှစ်ဦး၏ မိဘများမှာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်နေကြ၍ တစ်နေ့မှာ ခွဲခွာကြရတာပါ။

ခွဲခွာခါနီးမှာ သူတို့နှစ်ဦး ကလေး ပီပီ ကတိကဝတ်ပြုကြသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ ပြန်လည်ဆုံတွေ့ခဲ့ကြလို့ တစ်ဦးက သမီးမွေး၊ တစ်ဦးက သားလေးမွေးခဲ့ရင် လက်ထပ်ပေးစားကြမယ်လို့ပါ။

ဒါပေမယ့် 'အတ္တဟိ အတ္တနော နာထော' မိမိကိုယ်သာ ကိုးကွယ်ရာဆိုသလို နှစ်ယောက်စလုံးက အတ္တဆန်စွာ တစ်ဖက်ယက်ပြီး . . .

"ဟေ့ သူငယ်ချင်း မင်းက သမီးလေးမွေးပြီး ငါက သားလေးမွေးရင် မင်းသမီးနဲ့ ငါ့သား ပေးစားရမယ်နော်၊ မင်း အသေအချာ မှတ်ထား၊မမေ့ကြေးနော်" လို့ပါ။

ကဲ. . . ဘယ့်နှယ်ရှိစ၊ သူတို့ သားလေးမွေးရမယ်ဆိုတဲ့ အပိုင်စီးကြီးနဲ့ ဘယ်လောက်အတ္တဆန်လဲ စဉ်းစားသာကြည့်ကြပေတော့။

▼

ကဲ . . . ဒီလိုနဲ့ပဲ . . .

ရွက်ဟောင်းတွေ အကြိမ်ကြိမ်ကြွေ၊ ရွက်သစ်တွေ အကြိမ်ကြိမ်ဝေ၊ ဝဿန်ခါမိုးကလည်း အကြိမ်ကြိမ်ရွာ၊ ဟေမန္တ ဆောင်းနှင်းတွေကလည်း အကြိမ်ကြိမ်ကျခဲ့ပြီး အချိန်တွေ နှစ်တွေ အကြိမ်ကြိမ် ပြောင်းခဲ့ပြီလေ။

ကမ္ဘာကြီးဟာ လုံးနေတယ်ဆိုတဲ့ သဘောအတိုင်း သူတို့ တိုင်းရင်းသား ကရင်သူငယ်ချင်းနှစ်ဦးဟာ ကရင်ပြည်နယ် မြို့လေးတစ်မြို့မှာ ပြန်လည်ဆုံတွေ့ကြရော ဆိုပါတော့။ တွေ့ကြတဲ့ အခါ ကတိပြုထားကြတဲ့ အတိုင်းပဲ တစ်ဦးက မိန်းကလေး (သမီးလေး)၊ တစ်ဦးက ယောကျ်ားလေး (သားလေး) မွေးဖွားပြီး ဖြစ်ကြလေသည်။

ယောကျ်ားလေး (သားလေး) မွေးတဲ့ သားရှင်ကပဲ စတင်ပြီး . . .

"ဟေ့ကောင်ကြီး မင်းမိန်းမကော ရပြီလား၊ ဘာလေး မွေးထားလဲ၊ သားလား၊ သမီးလား၊ သမီးပဲ ဖြစ်မှာပါကွာ၊ ငါက သားလေးကွ၊ မင်းသမီးနဲ့ ပေးစားမှာလား၊ ကဲ ဘယ့်နှယ်လဲ၊ ဖြေပါဦး၊ ကတိမပျက်ကြေးနော်"

လို့ အားပါးတရ အားရကျေနပ်စွာ ပြောပြီး မော်တော့တာပေါ့။

ကျန်တဲ့ တစ်ဦးဘက်ကလည်း တကယ်ပဲ သမီးလေးမွေးထားတာက တစ်ကြောင်း၊ သမီးရဲ့ဆန္ဒကလည်း ရှိနေတာကတစ်ကြောင်း၊ ကတိကဝတ်ပြုထားကြတာကလည်း ရှိနေတာက တစ်ကြောင်း၊ အကြောင်းကြောင်းစဉ်းစားပြီး သူ့သမီးဆန္ဒရှိတဲ့အတိုင်း သူငယ်ချင်းဖြစ်တဲ့ သူ့ကို ပြန်လည်မေးခွန်းထုတ်ရသည်။

"ဟေ့ကောင်ရေ၊ ငါတို့က ငယ်ငယ်ကတည်းက အလွန်ချစ်ခဲ့ကြတဲ့ သူငယ်ချင်းနှစ်ဦးလေ၊ အခုတောင် ငါတို့နှစ်ယောက် ကံကောင်းကြလို့ ပြန်ဆုံကြတာ မဟုတ်လား၊ ငါတို့ထားခဲ့ကြတဲ့ ကတိကို ငါ မမေ့ပါဘူး၊ အလေးအနက် လဲ ထားပါတယ်၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုသလိုပေါ့ကွာ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

မင်းပြောချင်တဲ့အတိုင်း လျှောက်ပြီး ပြောမနေနဲ့ဦး၊ ငါ့သမီးက ငါ့ကိုတောင်း ဆိုထားတာ တစ်ခုတော့ ရှိတယ်ကွ"

"ဟော့ကောင်ရဲ့ ပြောမှာသာ ပြောစမ်းပါကွာ၊ ဝေ့လည်ကြောင်ပတ် လှည့်မနေစမ်းပါနဲ့၊ ဘာများ တောင်းဆို ထားလို့လဲ"

"ဒီလိုကွ၊ ငါ့သမီးက အရက် သောက်တတ်တဲ့ ယောက်ျားကို လက် မထပ်ဘူးတဲ့၊ မင်းသားက အရက်တော သောက်တတ်လား"

"ဟား ဟား ဟား . . . ဒါများ ကွာ၊ ဘယ်ကလာ အရက်သောက်တတ် ရမှာလဲ၊ ငါ့သား အရက်မသောက်တတ် ဘူးကွ"

"ဒါဆိုရင် ဟန်ကျတာပဲ၊ ငါတို့ ကတိအတိုင်း သမီးနဲ့ တိုင်ပင်ပြီး စီစဉ် လိုက်ကြတာပေါ့"

ဒီလိုနဲ့ သူငယ်ချင်းနှစ်ဦးလည်း ငယ်ကထားခဲ့ကြတဲ့ ငယ်ကတိအတိုင်း သားရေး သမီးရေးကိစ္စ အဆင်ပြေသွား ကြလေသတည်းပေါ့။

▼

သူတို့ သူငယ်ချင်းနှစ်ဦးလည်း သားရေး သမီးရေးကိစ္စ ပြီးတာနဲ့ ဌာန ဆိုင်ရာကိစ္စ၊ ကိုယ်ပိုင်ကိစ္စများဖြင့် အလုပ်များကာ သုံးလေးလခန့်ကြာပြီး ပြန်လည်ဆုံတွေ့ကြတဲ့အခါ သမီးရှင် ဖြစ်တဲ့သူက . . .

"ဟော့ကောင်၊ ငါ့သမီးက ပြော တယ်၊ အပါး နင့်သမက်က အရက် မသောက်တတ်ဘူးလဲ ပြောတယ်၊ နေ့ တိုင်းပဲ အရက်မူးပြီး မှောက်နေတော့ တာပဲ၊ မင်္ဂလာကိစ္စ ပြီးကတည်းက ဘက်ချလာနိုက်လိုလို၊ သူငယ်ချင်းတွေ ဧည့်ခံရသလိုလို၊ ဘာလိုလို ညာလိုလိုနဲ့ အကြောင်းအမျိုးမျိုးပြပြီး နေ့တိုင်းလိုလို ပုဆိုးမနိုင် အင်္ကျီမနိုင် ဒယီးဒယိုင် မူးနေ တော့တာပဲ၊ ငါ စိတ်ညစ်တယ်၊ အပါး နင့်သမက်ကို နင်ကြည့်ပြောဦး၊ နင့် သမက်ကို ငါ မပေါင်းချင်တော့ဘူးလို့ ငါ့ကို အမြဲဂျီတိုက်ပြီးနေတယ်၊ ဘယ်လို လုပ်ရမလဲ၊ ဟော့ကောင် ငါတော့ မတွေး တတ်တော့ဘူးကွာ"

အထက်ပါကဲ့သို့ သမီးရှင်ကရင် တိုင်းရင်းသားကြီးက ပြောတဲ့အခါ သား ရှင်ဖြစ်တဲ့ သူငယ်ချင်း ကရင်တိုင်းရင်း သားကြီးက ရိုးသားစွာပဲ ပြန်ပြီးအဖြေ ပေးသတဲ့။ ဘယ်လို အဖြေပေးတယ် မှတ်သလဲ။

"မင်းပဲ ငါ့ကို မေးတယ် မဟုတ် လား မင်းသား အရက်သောက်တတ် လားလို့၊ မင်းသမီးက အရက်သောက် တတ်ရင် လက်မထပ်ဘူးလို့လေ"

"ဟုတ်တယ်လေကွာ၊ ငါလဲ ဒီအတိုင်းပဲ မင်းသား အရက်သောက် တတ်လားလို့ မေးခဲ့တယ်လေကွာ"

"မင်းပဲ စဉ်းစားကြည့်လေ၊ မင်း တို့ ငါတို့ အခုအရွယ်အထိ အရက် သောက်လာကြတာ ဘယ်လောက်ကြာ ပြီလဲ၊ အရက်သောက်တတ်တော့ ဘာ ပြဿနာမှ မရှိဘူးလေ၊ ငါ့သားက အရက်မသောက်တတ်တော့ မှောက်နေ မှာပေါ့၊ မင်းက ငါ့ကို မေးတုန်းက ငါ့ သား အရက်သောက်တတ်လားလို့ မေး တယ်လေကွာ၊ အရက်သောက်လားလို့ မေးမှ မမေးဘဲကိုး၊ ဒီကောင် ငါ့သား အရက်မှမသောက်တတ်ဘဲ၊ ဒါကြောင့် မူးပြီး နေ့တိုင်းမှောက်နေတာ ဖြစ်မှာ ပေါ့ကွာ၊ ဒါကြောင့် ငါ့သား အရက် မသောက်တတ်ဘူးလို့ ပြောတာပေါ့ ဟကောင်ရဲ မင်း နားဝေးရန်ကောကွာ"

ကဲ. . . ဘယ့်နှယ်ရှိစ။ ကရင် တိုင်းရင်းသားများ ဘယ်လောက်ရိုးလဲ လို့။

ပျော်ရွှင်စေလိုသော ဆန္ဒဖြင့်. .

❐ မောင်မောင်ဝင်းမြင့်(မှူခင်း)

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။

## အထူးသတိပြုချက်

တခြားမဂ္ဂဇင်းတိုက်များသို့ တစ် ပြိုင်တည်း ပေးပို့ခြင်းမျိုး၊ တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီး သော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလှရမည်ဟု မဆိုလိုပါ။ သို့သော် အယ်ဒီတာများ စာစီသမားများ ဖတ်ရှု မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါ မည်မှုပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ် သည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက် သွယ် ရန်


အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com

# ဝါး ၂၀ လောက်တော့ ကုန်ပြီ




မင်းကိုင်ပင်
(မြင်ရောင်ခြည်)

"ဦးထွန်းဆိုင်ရေ၊ ဒီည ဇာတ်တိုက်ကြမယ်၊ ခင်ဗျား လူတွေခေါ်ခဲ့၊ ည ၇ နာရီလောက် စမယ်"

"ဟာ ဆန်နီရေ ငါ ညလာမှာပေါ့ကွာ၊ ငါ့လူတွေလဲ ခေါ်ခဲ့မယ်၊ နို့ မင်းတို့က ငါ့ကိုဘယ်နေရာထားမလဲကွ"

"ခင်ဗျားက လူခံ့လူချောကြီး၊ ရောက်ပြီး ဗဟုသုတ ရှိတဲ့သူဆိုတော့ သူဌေးခန်းက၊ မင်းသမီးအဖေခန်းက ပေါ့"

"ဟေ. . . ဟုတ်လား၊ ငါနဲ့ မင်းသမီးနဲ့ တွဲရမှာလားကွ၊ ဒါဆိုရင် ငါးတင်းဖိုးတော့ ကုန်ပါစေကွာ"

"ပိုင်ပါတယ်ဗျာ၊ ခင်ဗျားနေမယ့် နေရာက သူဌေး၊ ဝတ်ကောင်းစားလှနဲ့ဗျာ"

"ရှိပါတယ်ကွာ၊ ငါ့ ယောက္ခမကြီး ဆုံးတုန်းက အမွေရထားတဲ့ အင်းလေး ပုဆိုး၊ တိုက်ပုံအင်္ကျီ၊ ကျက်သရေခေါင်းပေါင်းက ငါ့သား ဘိသိက်ဆရာ က ဒါဆို သူဌေးဖြစ်ပြီကွ . . . ဟားဟား ဟား"

"ဟုတ်တာပေါ့၊ သူဌေး ဦးထွန်းဆိုင်ရယ်"

"ဒါနဲ့ ငါသား လူချောပဲကွ၊ ဖအေတူသား မင်းတို့က ခေါင်းဆောင်မင်းသား ထားရမှာကွ"

"အေးဗျာ၊ သူနဲ့ လိုက်မယ့် မင်းသမီး ငှားမရမှာစိုးလို့ဗျ"

"ဟာ့ ဆန်နီရ၊ ငါ့သားက ဒီလောက်တောင်လှလို့လား၊ ဟုတ်တာပေါ့၊ ငါနဲ့ တူတာကိုးကွ၊ သူ့အမေနဲ့ တူရင်တော့ . . ."

"ကိုထွန်းဆိုင်ရေ ရှင် အစည်းအဝေးသွားတော့လေ"

"အေးပါဟ၊ ဒီမှာ ဇာတ်ကန့်ထရိုက် လူကြမ်းမင်းသားနဲ့ တွေ့နေလို့"

"ကဲ ဦးထွန်းဆိုင်၊ ကျွန်တော်၊ ကိုသိန်းမြင့်၊ စိုးမြင့်၊ ဘိုးဝဲ၊ ဟန်သိန်းတို့ နောက်ပြီး ကိုစိန်မောင်တို့ အောင်ခင်တို့ဆီကိုတောင် ရောက်အောင်သွားရမှာ"

"အေး၊ ငါလဲ သမဝါယမခွဲတမ်းကိစ္စနဲ့ သုံးခွကိုသွားရဦးမှာ၊ မင်း သိတယ်မဟုတ်လား၊ မိုးပေါ်မှာ သိကြား၊ လူပြည်မှာ ထွန်းဆိုင်လေ၊ ဟော ဟော ဟော"

"ကဲပါဗျာ သွားမှာသာ သွားစမ်းပါ"

ညပိုင်းရောက်သော်. . .

"ဗျို့ဘကြီး၊ ဘကြီး ဇာတ်တိုက်သွားရအောင်လေ"

"ဟာ စန်းအောင်တို့ အဖွဲ့ပါလား၊ လာကွာ၊ ငါတို့ မင်းကို စောင့်နေတာကွ"

"ဘကြီး၊ ကိုအုန်းသန်းကော"

"အုန်းသန်း ရုံးငှကိုလေ ဘာတီစွနဲ့လဲ မသိဘူး သွားတယ်ကွ၊ ဒီညပြန်လာမှာ၊ ဟဲ မင်းတို့ ငွေရေးကြေးရေး စကား အဆင်ပြေကြရဲ့လား"

"ဘကြီးရေ့ စာရင်းထိန်းအိမ်က အစ အကုန်လုံး အမေတို့က ကြိုယူပြီး သုံးထားတယ်၊ အဲဒါ ကျွန်တော်လဲ မတောင်းချင်တော့ဘူး၊ စိတ်ပျက်တယ်လို့ ပြောမလို့"

"ဟာ. . . မင်းတို့ဟာက စိတ်မကောင်းစရာကြီးပါလားကွာ"

"ကဲ ဒါဆို ကိုသောင်းကကော ကွာ"

"ဘကြီး ထွန်းဆိုင်ရေ၊ ကျွန်တော်လဲ အမေ့ကျန်းမာရေး မကောင်းတော့ ငွေကြေးက ခက်တယ်လေ၊ ဘကြီးသိတဲ့အတိုင်း ပါချင်ပေမယ့် အားနာတယ်"

"ကဲ ဒါဆို ဗိုက်ကြီးကကော အတူတူပဲလားကွာ"

"ဟုတ်ကဲ့ ဘကြီး၊ ပျိုးနုတ်ခကုန်တဲ့အပြင် ကောက်ရိတ်ခပါ ကြိုယူထားရတယ်"

"ဖြစ်ရလေကွာ၊ မင်းတို့နဲ့တွေ့မှ ဒုက္ခပဲ ငါ မဆင်းရဲချင်တော့ဘူး၊ ကဲ သိန်းထွန်းကတော့ ပြေလည်မှာပါကွ"

"ဘကြီးရေ ခုတစ်လော ရဲတွေ တက်ရှာလို့ အမေတို့ အရက်မရောင်းရတာ တစ်လကျော်ပြီ၊ ဘာဝင်ငွေမှ မရှိဘူး၊ စိတ်ညစ်တယ်"

"မင်းတို့ကလဲ ချမ်းသာတဲ့ သူကြွယ်တွေချည်းပဲ၊ ဒါဆို မြဝင်းကြီး"

www.burmeseclassic.com

"ဘကြီး ဇာတ်ကချင်လို့ က လာတာ၊ ခုတစ်လော ယောက္ခမကြီးက ကျန်းမာရေးမကောင်းလို့ ဘာမှ အလုပ် မဖြစ်ဘူး"

ဦးထွန်းဆိုင် ဆေးလိပ်မဲဖွာ၏။ မီးခိုးတွေမှုတ်ထုတ်၊ ရေနွေးအပူကြီး မှုတ်ဘဲ သောက်မိ၍. . .

"အား ပူတယ်ကွာ၊ ပူတယ်၊ သေပါပြီဗျာ"

"ဘကြီးကလဲ မြစ်လိုက်မှဖြင့် ဟား ဟား ဟား ဟား"

"မင်းတို့က ရယ်နိုင်တယ်၊ ငါ့မှာက ငိုချင်းချရတော့မယ်၊ မြင်ရတဲ့ ဖြစ်ပုံ၊ မြင်ရတဲ့ ဖြစ်ပုံ၊ ဘဝင်စွဲ ရင်ထဲ ခုန်လှုပ်ချေရဲ့၊ ဘုံကမ္ဘ (၁၁)ဘုံ သံယောဇဉ်ကြီး၊ ဒါကြောင့် အမယ်လေး မသောကြီး ဖြစ်ပါပေါ့"

"ဟား ဟား ဟား ဟား"

"မိုးပေါ်မှာ သီကြား၊ လူ့ပြည်မှာ ထွန်းဆိုင်တဲ့ကွ"

"ဟာ. . . ဘကြီးကလဲ အလန့်တကြားဗျာ"

"ငါ အကြံရပြီကွ၊ ဒီလိုလုပ်၊ ကျောင်းဒကာကြီး ဦးချစ်စိန်၊ ဒေါ်ရွှေမှုင်တို့က ဒီကထိန်ကို ဦးစီးမှာဆိုတော့ သူတို့ ဇာတ်ပျက် ဘယ်ခံမလဲကွ"

"ဟုတ်တာပေါ့ ဘကြီးရ"

"ဒီတော့ ဘာခံနိုင်မလဲ၊ ငါ သတိုးသီရိသုဓမ္မာ ရာဇာဓိရာဇာ ဝန်ရှင်တော်မင်းကြီး ဝိဇယကုမ္မာတဲ့လေ"

"ဝန်ကြီး ထွက်တော့မလို့လား"

"တစ်ခါတည်း ဇာတ်တိုက်ရင်း ပြောမယ်၊ အဲဒီအိမ်မှာက သူဌေးတွေကွ သူဌေး အလွန်ချမ်းသာတာ၊ ငါနဲ့တော့ မတူဘူးကွ"

"ဟုတ်ကဲ့ ဘကြီး၊ ဘာတွေ ကြံစည်မလို့လဲ၊ ကျွန်တော်တို့ ခေါင်းပြ မတိုက်ရဲဘူး၊ ကြောက်တယ်ဗျ"

"ဒီ ဒီကောင်တွေ အကောင်း ပြောမလို့ဟာ၊ မင်းတို့ ခုတစ်ယောက်ကို ငွေတစ်ထောင်ထည့်ရမှာဆိုတော့ ဘယ်နှယောက်လဲကွ"

"ကျွန်တော်တို့ ခြောက်ယောက် ပါ ဘကြီး"

"ငါတို့ သားအဖနှစ်ယောက်နဲ့ ဆို ရှစ်ယောက်ပေါ့ကွာ"

"ဟုတ်ပါတယ် ဘကြီး"

"ဒါဆိုရင် မင်းတို့က ပြန်ဆပ်ရင် (၁၅၀၀) ပေးရမယ် ကျေနပ်ကြရဲ့လား"

"ကျေနပ်ပါတယ် ဘကြီး"

"အဲ ဘာလုပ်ရမှာတုံး၊ ဘယ်သူ ယူမတုံး ဘကြီးရဲ့"

"ကဲ အဲဒီအတွက် မင်းတို့ မပူနဲ့ ငါ့မဒီ စောညွန့်ကို ဒေါ်ရွှေမှုင်အိမ် သွားခိုင်းပြီး ငွေယူဖို့ ပြောလိုက်ရင် သေချာတာပေါ့"

"ဟုတ်ပြီ ဘကြီး ပိုင်သဗျာ"

"မိုးပေါ်မှာ သီကြား လူ့ပြည်မှာ ထွန်းဆိုင်တဲ့ကွ၊ လူကြံရင် ထရုံကို ငါယောက်ဖတွေ ရက်လို့ရတယ်"

ညသို့ ရောက်သောအခါ ဦးထွန်းမြိုင် အိမ်ရှေ့ကွက်လပ်တွင် ဖားမီးတိုင်ကြီးထွန်း ဒိုးပတ်နှစ်လုံးဖြင့် ပဏာမ ဆိုကြ၊ တီးကြနှင့် ရွာဓလေ့ ပျော်ပွဲရွှင်ပွဲဆိုတော့ အနီးရှိရွာတွေက ကလေး လူကြီး ပရိသတ်တွေ မီးအုပ်၊ မီးတိုင်၊ မီးဒေါင်းတို့ဖြင့် အုပ်အုပ်ဖြင့် လာကြတော့သည်။

"ကဲ ဦးထွန်းဆိုင်ရေ၊ ခင်ဗျား လူစုံပြီလား"

"အေး၊ ငါ့သားတစ်ယောက်တော့ လိုက်လာလိမ့်မယ်၊ သူပဲ ကျန်မယ်ကွ"

"ကဲ ဒါဆို ဇာတ်တိုက်ကြရအောင်၊ ဦးထွန်းဆိုင်က ပဏာမစကားလေး ဘာလေး ပြောပါဦး၊ ပြောတော့လေ"

"အဟမ်း အဟွတ် အဟွတ် အဟွတ် ဘွတ် ဘွတ်"

"ဘာတွေဖြစ်ဟာလဲ၊ ထွက်ကုန်ပြီလား"

"လူ့သဘာဝပေါ့ကွာ၊ မတားနိုင် မဆီးနိုင်တဲ့ ကိစ္စထဲမှာ သူလဲပါတာပေါ့"

"ကဲ . . . စတော့လေ"

"မိုးပေါ်မှာ သီကြား၊ လူ့ပြည် မှာ ထွန်းဆိုင်တဲ့ဟေ့"

ပရိသတ်များ တဝါးဝါးဖြင့် ... ကြ၏။ ပွဲကျနေ၏။

"ဟိုးဟိုး ကျွန်တော် ထွန်း... ပါ၊ ဇာတ်ဆရာထွန်းဆိုင်ပေါ့၊ ဒီပြဇာ... ကို ကျွန်တော်ခေါင်းဆောင်ပြီးသတ... ကပြ အသုံးတော်ခံရမှာပါ၊

ရွှေပွဲလာ ပရိသတ်များ ... တော် မေတ္တာရှေ့ထားပြီး မေ... ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မ... တရား လေးပါးထွန်းကားသော ... တော်တို့ မြန်မာပြည်ကြီး မှီတင်းနေ... ကြကုန်သော ကလျာဏပုထုဇဉ် ... သမ္မ ရေလိုအေး ပန်းလိုလန်းပြီး ... တရားများ ပွားများကြပါကုန်စို့လို့ ... တွန်းရင်း ရွှေနားတော် ပန်ဆင်... မူကြပါ၊

မျက်စိပသာဒ စက္ခုအ... ခံစားတော်မူကြပါ၊ တဝါးဝါး ရယ်... မူကြပါ စေကုန်သတည်း"

"ဟာ ဦးထွန်းဆိုင် လုပ်ခ... ပြန်ပြီ"

"ငါက နေ့ခင်းက ဘုန်း... ရေစက်ချနဲ့ ရောသွားလို့ပါကွာ၊ ... ဘုရင်ပြည်တော်တည်ခန်း စမယ်"

"အဟမ်း အဟမ်း အဟမ်း ... ကျုပ်တို့ကတော့ ဒေဝဒဟတိုင်း သု... ဘုမ္မိပြည်က ဘုရင် သုပ္ပဗုဒ္ဓရဲ့ ... ဝန်ရှင်တော်မင်းကြီးတွေ ဖြစ်... သကိုး"

"မှန်ပါ့ ဝန်မင်း၊ မှန်ပါ့"

"ကျုပ် ဝန်မင်းဖြစ်တဲ့... ကြိုပြီး လေ့ကျင့် နွားတင်းကုပ်... နွားချေးပစ်ရင်း ဝန်ထွက်တော့ ... ပလို့ဂျိ ဆိုတဲ့ ဆိုင်းချက်နဲ့ နွား... ပစ်လိုက်တော့ ယောက္ခမကြီး ခေါ်... ညာ သွားပစ်မိလို့ အဆဲခံလိုက်... များ မပြောနဲ့၊ မိုးမွှန်နေတာပဲ၊ နွာ... ဆေးကုပေးလိုက်ရတယ်"

"ဟား ဟား ဟား ဟား"





www.burmeseclassic.com

www.burmeseclassic.com

"ဦးထွန်းဆိုင် ဘာတွေ ရှည်နေတာလဲ"

"မင်းတို့က ထည့်ပြောကြည့်ဒါပဲ ဇာတ်ထဲကျ မပြောတော့ဘူး"

"ဦးထွန်းဆိုင်ကတော့ လုပ်ချလိုက်ပြန်ပြီဗျို့"

တစ်ရက်ထက်တစ်ရက် နီးလာပြီ။ သီတင်းကျွတ် ကထိန်က ခုနစ်ရက်ပဲလိုတော့သည်။ ဦးထွန်းဆိုင်က ဇာတ်ကဖွဲ့ပြင်။ သူ့သား အုန်းသန်းလည်း ဒုတိယပြဇာတ်မင်းသားဆိုတော့ သေနတ်ပစ်ခန်း လေ့ကျင့်နေတယ်။

"ဒီမှာ သူဌေး၊ လက်မြှောက်လိုက် ပြောနေတယ်၊ ဒိုင်းညှောင့်"

"ဟာ လူလေး၊ မင်း အဖေ့ကိုဒီလို မလှန့်ရဘူး၊ ငရဲကြီးတတ်တယ်"

"အဖေကလဲ ဇာတ်ထဲမှာအဖေက သူဌေးလေ၊ ကျွန်တော်ကလူဆိုးဓားပြပဲ"

"အေး. . . ဟုတ်ပါတယ်ကွာ၊ ဟုတ်တာပေါ့ သား လူလေးရယ်"

"အဖေ့ အိမ်ကို ကျွန်တော်ကဓားပြတိုက်ပြီး အဖေ့သမီး မင်းသမီးကိုခေါ်သွားခန်းလေ"

"လူလေး ရှက်စရာကြီး၊ ဇာတ်ထဲကျမှ လုပ်ပါကွာ၊ ဆွေမျိုးအရင်းကြီးတွေကွ၊ ဟော့ စောညွန့်ရေ၊ မင်းသားငါ့ကို ဓားပြတိုက်နေတယ်ဟေ့"

"ကိုထွန်းဆိုင် ရှင် ရူးနေပြီလား၊ ဒီသေနာကြီးတော့လေ"

"ရူးနေတာ မဟုတ်ဘူး၊ မိဖုရားကြီးရဲ့ ငါလို သူဌေးမင်းကိုများ မချေမင်နဲ့ ပြောတယ်၊ ငါ တယ်လုပ်လိုက်ရသေရော့မယ်၊ နင်တော့ ဒုက္ခပဲ၊ ကိုယ့်မိန်းမဗို့ သည်းခံနေတာ သိလား၊ တယ်ငါ ရာဇမာန်ရှလိုက်လို့ ခေါင်းပြုတ်ပြီးနှပ်ချေးညှစ်စရာမရှိ ဖြစ်ဦးမယ်"

"ကဲဟာ၊ ကဲ ရှူး ရှူး"

"ဟား ဟား ဟား ဟား ဟားအဖေရယ် အမေ့လက်စာမိပြီလား"

ဇာတ်ပွဲ ဒီညစပြီ။

ဦးထွန်းဆိုင် ပျော်နေပုံရသည်။ ကြွားချိတ် ကြွားချိတ်နှင့် ဖင်တကြွကြွလုပ်နေပြီး ဘေးကလူတွေ မျက်စိနောက်နေကြ၏။

"ဒီမှာ မင်းသမီး ဦးရဲ့ သမီးဆိုတော့ ဦးစကားနားထောင်ရမယ်"

"ဟုတ်ကဲ့ပါဦး၊ သမီးတို့ ဖြစ်ပါ"

"မိုးပေါ်မှာ သိကြား၊ လူ့ပြည်မှာထွန်းဆိုင်ကွ၊ ဟာ ရှက်စရာကြီးပါလား"

"ဟာ ဘာဖြစ်သွားပါလိမ့်"

"ငါ့သမီးက ဦးနဲ့ကတော့ ပျော်မှာပါ၊ ဦးက ဒီဇာတ်မှာ တာဝန်ခံ ရှိပြီးရင် သူဌေးကွ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကြိုးစား ကမှာပါ"

"ကဲ ဒီတော့ ဦးသားက မင်းသမီးကို ဓားပြတိုက်ပြီး ခိုးပြေးခန်းမှာပါတယ်၊ တစ်ခါတည်းအပြီးသာ လိုက်သွားတော့၊ ဦးက သဘောတူပြီးသားပဲကွ"

"ဟာ ဦး ဇာတ်ထဲမှာ သရုပ်ဆောင်ရမှာ ရှင့်"

"ဟေ့ တစ်ခါတည်း သရုပ်ဆောင်ရင်ကော မရဘူးလား၊ ငါ မသိလို့ပါဟယ်"

ဒါရိုက်တာ ထွန်းမြိုင် (ရွှေရောင်မြေ)က ဇာတ်စာအုပ်ကိုင်၍. .

"ဗျို့ ဦးထွန်းဆိုင်၊ ခု ဆိုင်းတီးပြီးရင် ထွက်ပြီး ပဏာမ ပြောပါ"

"ဟုတ်ကဲ့ ဒါရိုက်တာ"

ဆိုင်းသံ ဗုံသံ ပတ်မကြီးက တထီထီနှင့် ဇာတ်ပို့လိုက်တော့ ဦးထွန်းဆိုင် ဇာတ်ပိုးထိုးပြီး မနေနိုင်။ ကန့်လန့်ကာနောက်မှ ချောင်းကြည့်နေ၏။ ပြည်ဖုံးကန့်လန့်ကာရှေ့တွင် ထွက်ပြီး ဟန်ပါပါနှင့် မတ်တတ်ရပ်ကာ. . .

"မိုးပေါ်မှာ သိကြား၊ လူ့ပြည်မှာ ထွန်းဆိုင်တဲ့ဟေး၊ အဟမ်း အဟမ်းဒီဇာတ်မှာ ကျွန်တော်က သူဌေး၊ ဇာတ်ဆရာ မင်းသမီးအဖေပေါ့ဗျာ၊ နောက်ပိုင်းဇာတ်ကျတော့ ဝန်မင်း၊ ဒီပွဲမှာကရမှာ၊ သဟာယမျှတလျက် ပရိသတ် မင်းများနှင့် သပ္ပုရိသနွယ်ဝင် သူတော်စင်များ၊ ရွှေပွဲလာ ဧည့်ပရိသတ်များကိုအထူးဥပကာရ တင်ရှိပါတယ်၊ ကြည့်ကြပါ အားပေးကြပါ၊ တဝကြီး ကြည့်ပါ၊ ပိုက်ဆံလဲ မပေးရပါဘူး၊ ကျွန်တော်တို့လူငယ်ဇာတ်ဆရာ ကိုထွန်းမြိုင် ပွင့်သစ် ဆန်နီနှင့်အတူ မင်းသမီး မြစန်းရီနဲ့လေး တော တော တော ပြောရင်းတောင်ပျော်လာပြီ၊ ဒီကထိန်ပွဲတော်ကြီးကိုစည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နှင့် အားပေး ကြည့်ရှုတော်မူကြပါစေကုန်သတည်း"

"ဟား ဟား ဟား ဟား အဲဒါမှ သိကြားထွန်းဆိုင်ကွ"

"ဦးထွန်းဆိုင်ကြီးကတော့အသားတွေ ထုတ်ပြလိုက်ပြီဟေး"

"ဟေး ဆန်နီ၊ ငါပြောတာဟုတ်လားကွ၊ ဟိုရဲမြင့်တို့ ကိုတင်ညွန့်တို့ အော်နေပြီ"

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့၊ ခင်ဗျားက ဇာတ်ဆရာကိုးဗျ"

"မင်းက ဟုတ်တယ်ဆိုပေမယ့်ငါက ခုစပါး(၂၀)ဖိုးယူပြီး စိုက်ထားရတာ၊ တန်အောင် လုပ်ရမယ်ကွ၊ အဲဒါအဲဒါ"

"ကဲ ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမှာလဲ၊ အကြံလေး ဘာလေး ပေးပါဦးကွာ"

"မနက်ဖြန် ၁၁ နာရီလောက်ကျတော့ ဆရာတော်တို့ သိမ်တက်မယ်၊ နောက် တစ်နာရီလောက်မှာ ရေစက်ချမယ်၊ အင်း အဲဒီကထိန်ရေစက်ချမှာ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲကွ မင်းဟာက"

"ဆိုင်ပါဗျာ ခင်ဗျားရေစက်ခွက်ကိုင် တစ်ခါတည်းရောပြီး ရေစက်ချလိုက်တော့"

"ဟေ ဒါဆို စပါးတင်း(၂၀)ကုန်ပါပြီဗျာ၊ ကုန်ပါပြီဗျာ"

"ဟား ဟား ဟား ဟား ဟား"

❒ မင်းတိုင်ပင် (မြရောင်မြေ)


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




**လွှနှင့်မောင်းချခြား**

ပင်စင်ယူခါစ မိတ်ဆွေနှစ်ဦးတို့ ထ
ဆုံတွေ့ရာ . .

"ဟော့လူ ခင်ဗျားကိုတွေ့တာ အ
ရှေ့အပတ်ကျရင် ကျွန်တော်အိမ်ထောင်အ
ပြုမလို့ အသိပေးတာ"

"တစ်ပင်လဲ တစ်ပင်ထူတာပဲဗျာ
သက်ရင် ယူပေါ့၊ ဒါနဲ့ အမျိုးသမီးက အ
အရွယ်လဲဗျ"

"နှစ်ဆယ်"

"ဟာ . . . ခင်ဗျားအသက်က
ကျော်နေပြီလေ၊ ကိုယ့်မြေးအရွယ်မှဗျာ၊ ယ
ယူရင် အသက်(၄၀) (၅၀) အရွယ် ကြ
ထဲက မိန်းမ ရှာယူဖို့ကောင်းတယ်၊ အခု
အသက် (၂၀) ဆိုတော့ ကိုယ့်ဟာကိုယ် ကြိုးဆွဲချပြီး သတ်သေသလို ဖြစ်နေဦးမယ်ဗျာနော်"

"ဟာ . . . ခင်ဗျားက ဘာနားလည်လို့လဲ၊ ဒီမှာ မှတ်ထား၊ သံချေးတက်နေတဲ့ လွှနဲ့ အသေခံရတာထက်
ထက်မြည့်နေတဲ့ မောင်းချခြားနဲ့ သေရတာ ပိုပြီးနိပ်တယ်ဗျ ကိုယ့်လူရ"




**ကြီးလေသူ အမိုက်အမဲ**

ကားဂိတ်တွင် ဧည့်သည်လိုက်ပို့သည့် လူရွယ်တစ်ဦးနှင့် ဧည့်သည်လူရွယ်တစ်ယောက်တို့သည် ကားစောင့်နေ
အသက် (၆၀)ကျော် လူကြီးတစ်ယောက် ဆိုင်ကယ်စီးလာသည်ကို တွေ့မြင်လိုက်ကြရသည်။

ထိုအခါ ဧည့်သည်လိုက်ပို့သူ လူရွယ်က ဆိုင်ကယ်စီးလာသည့် လူကြီးအား လက်ညှိုးထိုးပြလျက် . . .

"ဟောဟို ဆိုင်ကယ်စီးသွားတဲ့ လူကြီးပေါ့၊ ကလေးဆန်သူ အမိုက်ကလေးကိုမှ မုန့်ပေးယူခဲ့တာ ခုတော့. . .

"ခုတော့ ဘာဖြစ်လဲ"

"မုန့်များများ ပေးနိုင်စွမ်းအားရှိတဲ့ လူတစ်ယောက်နောက် လိုက်သွားလို့ ကျန်ရစ်ဖြစ်နေပြီလေ"


www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




**နောက်တစ်ယောက်**

ရောဂါကျွမ်းနေပြီဖြစ်သော လူနာအား သူ၏ ဆရာဝန်က နှစ်သိမ့်အားပေးသည်။

"ကျွန်တော် ပြောတာကို ယုံပါ၊ ခင်ဗျားရဲ့ ရောဂါဟာ လုံးဝမစိုးရိမ်ရတော့ဘူး၊ ကျွန်တော်ကိုယ်တိုင်လဲ ဒီရောဂါမျိုး ခံစားခဲ့ရဖူးတယ်"

လူနာက တွေးတွေးဆဆဖြင့် ပြန်ပြောသည်။

"ဒေါက်တာက ပြောနိုင်မှာပေါ့၊ ဒေါက်တာ့ကို ကုတဲ့ ဆရာဝန်က နောက်ထပ် ဆရာဝန်တစ်ယောက် မဟုတ်လား"

**ကြည့်ခ**

ခရီးဝေးသွား အမြန်ရထား တစ်စီးပေါ်တွင် ... သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားသော ပုဂ္ဂိုလ် ... စီးလာသည့် အထူးတန်းတွဲအတွင်းသို့ အမျိုး ...ငယ်တစ်ဦး လှစ်ခနဲ ဝင်လာ၏။ ပုဂ္ဂိုလ်၏ရှေ့တွင် ...တ်ပြီး အမျိုးသမီးသည် သူ၏အပေါ်အင်္ကျီကို ...ည်းငယ် ဆွဲဆုတ်လိုက်ပြီးနောက် . . .

"ကဲ. . . ဘယ်လိုလဲ၊ ကျွန်မ အော်လိုက်ရတော့ ..."




"ဟင်. . . ငါ မကြည့်ချင်ပါဘူး"

"ဟာ. . . ကျွန်မ အော်လိုက်ရင် ရှင်ပြဿနာ ...သွားမယ်လို့ ပြောနေတာ၊ ပါတဲ့ပိုက်ဆံပေး"

လက်ဝါးဖြန့်ပြီး တောင်း၏။

"ဘာ. . . ကြည့်ခ ဟုတ်လား၊ မပေးနိုင်ပါဘူး"

"တောက်. . . နားလေးကောင်ကြီး"

အမျိုးသမီးငယ်သည် သူပြောချင်သည့် ခြိမ်း...တ်စကားများကို စာဖြင့်ရေးပြ၏။ ထိုစာကို ထို ...က ယူဖတ်ပြီးနောက် အင်္ကျီအိတ်ထဲ ထိုးထည့် ... . . .

"ရပြီ မိန်းကလေး၊ အကုန်ချွတ်ချင်ရင်လဲ ချွတ် ... ငါဟာ ရှေ့နေတစ်ယောက်ပဲကွ၊ သက်သေခံစာ ရနေပြီ၊ မင်း ကြိုက်သလိုလုပ်၊ ငါ ထိုင်ကြည့်ပေးမယ်၊ ပြီးရင်တော့ . . ."

❒ စောနိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com



# ကပ္ပိယစုံထောက် ဦးလာဘ်ကောင်နှင့်



# ထန်းလျက်ခဲ ပျောက်ဆုံးမှု

တစ်နေ့သ၌ ကပ္ပိယကြီး ဦးလာဘ်ကောင်သည် လွန်စွာမှ ပြောင်နေသော ၎င်း၏ဦးခေါင်းကို ပွတ်ရင်း တစ်စုံတစ်ခုကို စဉ်းစားတွေးခေါ် နေလေ၏။

ထိုကပ္ပိယကြီး ဦးလာဘ်ကောင်သည် ကန်စွန်းဥကျေးရွာ၏ ဆရာတော် ဦးဝဏ္ဏသိပ္ပံ၏ ရတနာသီရိစံတော်ကျောင်းတွင် ဝေယျာဝစ္စ လုပ်ဆောင်ရသော ကျောင်းအိပ် ကျောင်းစား ကပ္ပိယ တစ်ယော

ဖြစ်လေ၏။

"ကျက် သရေခန်းထဲ

ထားတဲ့ ထန်းလျက်ခဲ

ပျောက်ပျောက်နေတ

ဘယ်သူတွေ ခိုးစားသ

မသိဘူး"

ဟုဆိုကာ ထိုဆရာ

ဦးဝဏ္ဏသိပ္ပံက မိန့်

နေသည့် အသံများ

လိုက်ရသဖြင့် . . .

"ဒီအမှုဟာ ငါဖော်

စုံစမ်းမှုတော်ကာကျ

ဟု ဆရာတော်၏

စကားကိုကြားရသည်

တစ်ပြိုင်တည်း ကပ္ပိ

ကြီးဦးလာဘ်ကောင်

ဆိုလိုက်လေတော့၏။

ထို့ကြောင့်

စွာမှ ပြောင်နေသော

၏ ဦးခေါင်းကိုပွတ်

တစ်စုံတစ်ခုကို လေး

နက်နက်ဖြင့် ကပ္ပိယ

ဦးလာဘ်ကောင်

တောနေခြင်း ဖြစ်

တော့၏။

"ဘယ်လို

မလဲ၊ ဘယ်လိုလုပ်

ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ ဒီလိုလုပ်ရင်ကော၊ မ

သေးဘူး၊ ဟိုလိုဆိုရင် ဟိုလိုလဲ မကောင်းဘူး၊ ဒါဆို

အင်း . . . ဒီလိုဆိုရင်လဲ ဖြစ်နိုင်ပါ့မလား၊ ဟိုဒင်း

ဖြစ်နိုင်မယ်ထင်တယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒီလိုလုပ်မယ်၊ တယ်

ငါပါလား၊ အောင်မြင်သွားရင် ငါဟာ ကန်စွန်းဥကျေး



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

ကပ္ပိယစုံထောက် ဦးလာဘ်ကောင် ဆိုပြီး နာမည်ကျော် အဲလေ. . . နာမည်ကျော်မှာ ပြီးတော့ . . . ပြီးတော့. . . ဆရာတော်ကလဲ ငါ့ကို သိပ်တော်တဲ့ ကပ္ပိယစုံထောက်ကြီး ဦးလာဘ်ကောင်ဆိုပြီး ချီးကျူးမှာ ဟဲဟဲ. . ."

ဟုဆိုကာ ကပ္ပိယစုံထောက်ဦးလာဘ်ကောင် တစ်ဦးတည်း ကြိတ်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လို့နေလေတော့၏။ ထို့နောက် ကပ္ပိယစုံထောက် ဦးလာဘ်ကောင်သည် . . .

"ဒီညတော့ ထန်းလျက်သူခိုးကို စောင့်ဖမ်းရမယ်၊ သူခိုးကို မိရင်တော့ ကန်စွန်းဥကျေးရွာက ကျောင်းဆရာ ဦးအောင်ကြီးကို ကပ္ပိယစုံထောက်ဦးလာဘ်ကောင်နဲ့ ထန်းလျက်ခဲပျောက်ဆုံးမှုကြီးဆိုပြီး ဝတ္ထုရေးခိုင်းရမယ် ဟေဟေ့" ဟု ဆိုကာ ဝမ်းသာအားရ ပြောလိုက်လေတော့၏။

*

ညသည် လွန်စွာမှ တိတ်ဆိတ်လို့နေလေ၏။ ခွေးအူသံတို့မှာလည်း လွန်စွာမှ စိတ်ချောက်ချားဖွယ်ရာ ကောင်းလှ၏။

မည်သည့်အရာကိုမှ ကြောက်တတ်ခြင်း၊ လန့်ခြင်း မရှိသော ကပ္ပိယစုံထောက် ဦးလာဘ်ကောင်မှာ ထန်းလျက်ခဲပျောက်ဆုံးမှု အမှုမှန်ပေါ်ပေါက်ရေးကို စိတ်ဝင်စား၍ ရတနာသီရိစံတော်၏ ကျက်သရေခန်း အနားရှိ ချောင်တစ်ခုတွင် ခိုအောင်းကာ သတိ အသိဖြင့် ထန်းလျက်သူခိုးကို စောင့်ဖမ်းလို့နေလေ၏။

ညသည်လည်း ပိုမိုကာနက်လာ၏။ ကပ္ပိယစုံထောက်မှာ လွန်စွာမှ ဇွဲကောင်းကောင်းနှင့် စောင့်လို့နေလေ၏။

ထိုအချိန်၌ ခြေသံကို ကြားလိုက်ရလေ၏။

"ဟော. . . ခြေသံကြားတယ်" ဟု ကပ္ပိယစုံထောက် ဦးလာဘ်ကောင်သည် ခြေသံကို ထပ်မံနားစွင့်လိုက်သည့်အခါ . . .

"ဒီခြေသံက ကျက်သရေအခန်းဘက်ကို ဦးတည်ပြီး လာနေတဲ့ခြေသံပဲ" ဟု ထင်လိုက်မိလေ၏။

ကျက်သရေ အခန်းဘက်သို့ လာနေသော ခြေသံသည် တဖြည်းဖြည်းနီးကပ်လာရာ ကပ္ပိယစုံထောက်ဦးလာဘ်ကောင်မှာ ထိုင်ရာမှထ၍ အကွယ်တစ်ခုကို အကာအကွယ်ပြုရင်း ခြေသံကို နားစွင့်နေရင်းက . . .

"အလို. . ." ဟုဆိုကာ ကပ္ပိယစုံထောက်ဦးလာဘ်ကောင်သည် လွန်စွာမှ အံ့ဩသွားလေတော့၏။

ကပ္ပိယစုံထောက်ဦးလာဘ်ကောင်သည် လွန်စွာမှ အံ့ဩရသည့်အကြောင်းအရင်းက ကြားရသော ခြေသံရှင်က ဆရာတော် ဦးဝဏ္ဏသိပ္ပံ၏ ခြေသံပင်ဖြစ်ရလေတော့၏။

"ဆရာတော်ပါလား၊ အိပ်ရာက ယောင်ပြီး ကြွလာတာလား" ဟု ကပ္ပိယစုံထောက် ဦးလာဘ်ကောင် တွေးလိုက်ပြီးနောက် . . .

**"လက်စသတ်တော့ ဆရာတော်ဟာ ကျိန်းရာက ယောင်ပြီး ကြွကြွပြီးတော့ ထန်းလျက်ခဲတွေ ဘုဉ်းပေးတာကိုး"** ဟု အဖြစ်မှန်ကို ကပ္ပိယစုံထောက် ဦးလာဘ်ကောင် သဘောပေါက်သွားလေတော့၏။

ထို့နောက် ကပ္ပိယစုံထောက် ဦးလာဘ်ကောင်က. .

"အခုနေ ဆရာတော်ကို နှိုးလိုက်ရင် ရှက်သွားမယ်၊ ဒီတော့ ငါ ဘာလုပ်ရမလဲ၊ အင်း အင်း. . . ဟုတ်ပြီ၊ ကျက်သရေခန်းထဲကို ငါ အရင်ဆုံးဝင်ပြီး ထန်းလျက်ပုလင်းကို ဝှက်ထားမှ" ဟုဆိုကာ ကျက်သရေခန်းထဲကို ဆရာတော်ထက် အရင်ဝင်လိုက်လေတော့၏

ကျက်သရေခန်းထဲသို့ ကပ္ပိယကြီးဦးလာဘ်ကောင် ရောက်သွားသည်နှင့် ထန်းလျက်ပုလင်းကို မယူလိုက်သည့်အခါ ထန်းလျက်ပုလင်းမှာ ၎င်း၏လက်ထဲမှ လွတ်ကျကာ-

"ခွပ်" ဟု ထန်းလျက်ပုလင်း ကွဲသွားလေတော့၏။

ထန်းလျက်ပုလင်း ကျကွဲသံကြောင့် ဆရာတော် ဦးဝဏ္ဏသိပ္ပံမှာ လန့်ကာနိုးသွားပြီး . . .

"အလို" ဟု ဆရာတော်ထံမှ အသံထွက်သွား၏။

"ဟိုက်. . . ဆရာတော် နိုးသွားပြီ" ဟု ကပ္ပိယစုံထောက် ဦးလာဘ်ကောင် အထိတ်တလန့်ဖြစ်ကာ ပြောလိုက်မိလေ၏။

"ကပ္ပိယကြီးပါလား၊ နင် ထန်းလျက်ခဲတွေ ဝင်ခိုးစားနေတယ်ပေါ့လေ၊ ညည ထန်းလျက်ခဲတွေ ပျောက်ပျောက်နေတာ နင့်လက်ချက်ကိုး၊ ထန်းလျက်သူခိုး နင့်ကို ကြိမ်စာကျွေးရမယ်" ဟု ဆရာတော်က မိန့်လိုက်လေတော့၏။

နံနက်မိုးလင်းသောအခါ ထန်းလျက်ခဲပျောက်ဆုံးမှုကြီးအတွက် ဆရာတော်က ကပ္ပိယစုံထောက် ဦးလာဘ်ကောင်အား မချီးကျူးသည့်အပြင် ထန်းလျက်သူခိုးဟု စွပ်စွဲကာ တိုင်တွင် ကြိုးတုပ်၍ ကြိမ်စာကျွေးလေတော့၏။

၎င်းမှာ လွန်စွာနာလွန်းသဖြင့် . . .

"အောင်မယ်လေး. . . ဆရာတော်ရဲ့ ကိုယ့်အပြစ်နဲ့ ကိုယ်ခံရတယ်" ဟုဆိုကာ ကပ္ပိယစုံထောက် ဦးလာဘ်ကောင်မှာ အော်ဟစ်လိုက်လေတော့သတည်း။

❒ အောက်တိုဘာအောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# မိုင်းခိုင်းဆရာတော်ကြီး၏ အစွမ်းထက် ထီး၊ တံခွန်၊ သန်လျက် ဂါထာတော်

**သုတေသီ ဆရာငြိမ်း**


မိုင်းခိုင်းဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်၌ ထင်ရှားကျော်ကြားသော သာသနာ့အာဇာနည်တစ်ပါး ဖြစ်ပါသည်။

'ဝဏ္ဏိတဓဇ သိရိပဝရ မဟာဓမ္မရာဇဂုရု' တံဆိပ် နာမည်တော်ကြီး ဆက်ကပ်ခံရသူ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ကျမ်းစာအုပ်များကိုလည်း ရေးသားပြုစုတော်မူခဲ့ရာ 'ဝီထိပုံ- ဘုံစဉ်၊ ဆန်းပုံ၊ သိမ်ပုံ' ဆိုသော စာအုပ်တစ်အုပ်လည်း အပါအဝင် ဖြစ်ပါသည်။

အဆိုပါစာအုပ်၌ ထီး တံခွန်၊ သန်လျက်ဂါထာတော်များကို ပုံတော်နှင့်တကွ ရေးသားဖော်ပြထားရာ လောကုတ်၊ လောကီ နှစ်ဖြာသော အကျိုးတရားတို့ တိုးပွားဖြစ်ထွန်းစေပါသည်။

ပုံတော်များကို ဆောင်နိုင်သကဲ့သို့ ဂါထာတော်များကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ကာ နှလုံးသွင်းခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းခြင်း၊ စီးပွားလာဘ်လာဘများ တိုးတက်ဖြစ်ထွန်းခြင်း၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ခြင်း စသော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည် ဖြစ်ပါသည်။



## ထီးဂါထာတော်

ဆတ္တံဓရေ သုရာဇဿ၊ ဆတ္တံဓရေ
သိဝံကရေ။
ရသိဗုဒ္ဓေါ ရသိဇနေ၊ သိဝေတိ သိဝေတံ
ဝေရ။


အနက်အဓိပ္ပာယ်မှာ . . .

ဆတ္တံဓရေ သုရာဇဿ - ထီးကိုဆောင်သော မင်းမြတ်အား၊ ဓရံ- ဆောင်သော၊ ဆတ္တံ - ထီးသည်၊ သိဝံ - ငြိမ်သက်ခြင်းကို၊ ကရေယထာ - ပြုသကဲ့သို့၊ ထထာ တူ ရသိ - ဝိမုတ္တိရသတည်းဟူသော ထီးရှိထသော၊ ဗုဒ္ဓေါ - ဘုရားရှင်သည်၊ ရသိ ဓမ္မ - ရသရှိထသော၊ သိဝေတံ - ငြိမ်သက်စေအပ်သော၊ ဇနံ - သတ္တဝါကို၊ အဝေရံ - ရန်မရှိသည်ကိုပြု၍၊ သိဝေတိ - ငြိမ်သက်စေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com




## တံခွန်ဂါထာတော်

ဝိဝိမေဟိ အလင်္ကာရော၊ ဓဇော
သုပညာတော ဝိဝိ။
ဝိဝိ ဓဂုဏာသမ္ပန္နော၊ ဗုဒ္ဓေါ
သုပါတတော ဝိဝိ။

အနက်အဓိပ္ပာယ်မှာ . . .

ဝိဝိမေဟိ - အထူးထူး အပြားပြားတို့ဖြင့်၊ အလင်္ကာရော - တန်ဆာတင်ထသော။ ဝိဝိဓာ - အထူးထူး အပြားပြားအားဖြင့်၊ သုပညာ တောယထာ - ထင်ရှားသကဲ့သို့၊ တထာ - ထို့အတူလည်းကောင်း၊ ဝိဝိဓ ဂုဏာသမ္ပန္နော - အထူးထူးသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံထသော၊ ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၊ ဝိဝိဓာ - အထူးထူး အပြားပြားအားဖြင့်၊ သုပါကတော - ကောင်းစွာထင်ရှား၏။



## သန်လျက်ဂါထာတော်

စောရံ ဝေရံ နရံ ခဂ္ဂေါ၊
သံဆိန္ဒတိ အသေသတော။
တထူပမော ဇိနော အဂ္ဂေါ၊
ပါပံ ဆိန္ဓေ့ အသေသတော။

အနက်အဓိပ္ပာယ်မှာ . . .

ခဂ္ဂေါ - သန်လျက်သည်၊ စောရံ - ခိုးသူကိုလည်းကောင်း၊ ဝေရံ - ရန်သူဖြစ်သော။ နရံ - လူကိုလည်းကောင်း၊ အသေသတော - အကြွင်းမဲ့၊ ဆန္ဒတိယထာ - ပြက်တတ်သကဲ့သို့၊ တထူပမော - ထိုသန်လျက်နှင့် ဖြတ်ခြင်းသတ္တိဟူသော၊ ပါပံ - မကောင်းမှုကို၊ အသေသတော - အကြွင်းမဲ့၊ ဆိန္ဒေ့ ဆိန္ဒတိ - ဖြတ်တော်မူ၏။

မိုင်းခိုင်းဆရာတော်ကြီးကား ဗုဒ္ဓဘာသာဝင် လောကီလူသားအပေါင်းတို့အတွက် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားတို့ တိုးပွားဖို့အလို့ငှာ ထူးခြားပြောင်မြောက်စွာ အကျိုးဆောင်ခဲ့ပါသည်။ ထိုအကျိုးတရားတို့ကို ခံစားလိုကြသော မိမိတို့အနေဖြင့် ဆရာတော်ကြီး ရေးသားဖော်ပြခဲ့သော ဂါထာတော် အဆီအနှစ်တို့အား ရွတ်ဖတ်သရဇ္ဈာယ်လျက် ကောင်းမှုနှင့် မွေ့လျော်နိုင်ပါစေကြောင်း တင်ပြရေးသားလိုက်ရပါသည်။

❒ သုတေသီ ဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ရတနာ့ထဲက သလင်းစိမ်းပြာအဆောင်

အောင်ဘုန်းမြင့်
(ကချင်မြေ)





သလင်းစိမ်းပြာ

AQUAMARINE ခေါ် သလင်းစိမ်းပြာရောင် ကျောက်သည် QUARTZခေါ် သလင်းနွယ်ဝင်ကျောက် တစ်မျိုးဖြစ်ပြီး SILICON DIOXIDE ဆီလီကွန်ဒိုင်အောက်ဆိုဒ် ဖြစ်လေသည်။ သလင်းကျောက်များတွင် အခေါ်အဝေါ်နှင့် အနွယ်ဝင်ကျောက် မျိုး ပြားချောင်း ရှုပ်ထွေးပြီး AGATE ခေါ် မဟူရာကျောက်၊ JASPER ခေါ် အလင်းပိတ်သလင်းကျောက်၊ CHAL-CEDONY ခေါ် အလင်းမှုန် သလင်းကျောက်၊ ONYX ခေါ် သလင်းနက်၊ CORNELAON ခေါ် သလင်းနီများ ပါဝင်လေသည်။

သလင်းစိမ်းပြာရောင်၏ မာဆင့် စကေးသည် '၇' ဖြစ်သောကြောင့် ကျောက်စိမ်းထက်မြင့်မားပြီး မြကျောက် ထက်အနည်းငယ်နိမ့်လေ၏။ အမာဆင့် မြင့်မားခြင်းသည် ကျောက်၏ တန်ဖိုး ဂုဏ်သတ္တိဖြစ်သည်။ကျောက်မျက်ပညာ အခေါ်အဝေါ်အရ သလင်းကျောက်၏ REFRACTION ခေါ် အလင်းယိုင် ကိန်းသည် ၁ ဒသမ ၅၄၄ မှ ၁ ဒသမ ၅၅၄ ထိရှိပြီး DENSITY ခေါ် သိပ် သည်းဆမှ ၂ ဒသမ ၆၅ မှ ၂ ဒသမ ၆၆ အတွင်းရှိ၏။ သလင်းကျောက်များ ကို အရောင်ပွင့်မှုပေါ် မူတည်၍ အမည် အမျိုးမျိုး ခေါ်ဆိုကြသည်။

အရောင်အမျိုးမျိုး လင်းလက် ပွင့်နေတတ်သော သလင်းကျောက်(ဝါ) စလင်းကျောက်များကို ကမ္ဘာ့လူသား များနှင့် အဦးဆုံး ထိတွေ့သုံးစွဲ အသုံး ပြုလာခဲ့ကြသော ကျောက်မျက်ရတနာ တစ်ပါးအဖြစ် ကျောက်မျက်ပညာရှင်တို့ က ယုံကြည်အသိအမှတ်ပြုထားကြ၏။ သလင်းကျောက်များကို ရှေးဘီစီ ၇၀၀၀ မှ ၅၀၀၀ အတွင်းကတည်းက လူများ သုံးစွဲအသုံးပြုလာခဲ့သော ကျောက်မျက် မျိုးဖြစ်သည်ဟု သိရ၏။

သို့ဖြစ်၍ သလင်းကျောက်များ သည် လူသားတို့၏ သမိုင်းကြောင်း ရေယဉ်ကြောနှင့်အတူ အမျိုးမျိုးအဖုံဖုံ ပါဝင်သရုပ်ဆောင်လာခဲ့သော ကျောက် ဖြစ်သည်။

ကျောက်မျက်များ၏ အရောင် အသွေးများပေါ် အခြေခံ၍ သလင်း ကျောက်များကို အမည်ခေါ်ဆိုကြရာ၌ သလင်းနို့နှစ်ရောင်ပြေးသော ကျောက် ကို SCAPOLITE၊ ခရမ်းပန်းရည်စွဲနေ သော ကျောက်ကို AMETHYST၊ သလင်းစိမ်းပြာရောင် သန်းနေသော ကျောက်ကို AQUAMARINE ဟုခေါ် ဆိုကြ၏။ ယင်းအရောင်များတွင် လူ ကြိုက်အများဆုံး၊ ဈေးကွက်အကျယ် ပြန့်ဆုံးနှင့် အရောင်းအဝယ် အသွက် လက်ဆုံးသည် ခရမ်းပန်းရည်စွဲနေ သော ခရမ်းစွဲကျောက်ဖြစ်ပြီး၊ ယတြာ အဆောင်အဖြစ်အသုံးများသောကျောက် သည် သလင်းစိမ်းပြာရောင်ကျောက် ဖြစ်သည်။

အပြာရည်သန်းသော သလင်း ကျောက်များအပြင် အပြာရည်ဝင်နေ သော မြစိမ်းပြာရောင်များနှင့် အစိမ်း ရောင်ဘက်အရောင်လုသော နီလာစိမ်း ပြာရောင်များကိုလည်း စိမ်းပြာရောင် ကျောက်ဟူသော အမည်နှင့် AQUA-MARINE အုပ်စုဝင် ကျောက်စာရင်း သွင်းထားပြီး သလင်းစိမ်းပြာရောင်နှင့် တစ်တန်းတည်းထား တန်ဖိုးဖြတ်ရောင်း ဝယ်ကြ၏။ အချို့က နီလာစိမ်းပြာ ရောင်ကို ပိုနှစ်သက်ကြပြီး တန်ဖိုးထား တတ်ကြသည်။

## ဂုဏ်သတ္တိ

သလင်းစိမ်းပြာရောင် အပါ အဝင် သလင်းနွယ်ဝင်ကျောက်မျက် များကို မျက်စိနှင့် ပယောဂအနှောင် အဖွဲ့ ကုသရာတွင် အသုံးများကြ၏၊ တန်ဖိုးကြီးမြင့်သော PRECIOUS STONES မျိုးမဟုတ်ဘဲ တန်ဖိုးနည်း SEMI PRECIOUS STONES များ သာဖြစ်၏။ အဆောင်ရတနာကျောက် အဖြစ် အများဆုံး ဝတ်ဆင်အသုံးပြု ကြ၏။

ခုနစ်ရက် သားသမီးများသည် သလင်းစိမ်းပြာရောင် AQUAMA-RINE၊ အပြာရောင်နှင့် အစိမ်းရောင် ရောနေသော GREEN SAPPHIRE နီလာစိမ်းပြာရောင်၊နတ်ပုန်းပြာကျောက် BLUESPINEL ကျောက်များကို ဝတ် ဆင် ဆောင်ထားကြလျှင် လာဘ်ရွှင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းစေသည်။ နှလုံးစိတ်ဝမ်း ရွှင်ချမ်းမြေ့စေမည်။ အကြီးအကဲ ချီးမွမ်းဂုဏ်ပြု ကောင်းချီးပေး မည်ဟူ၍ သုတေသနပြုခဲ့ကြသော ကျောက်မျက်ပညာရှင်တို့က တညီ တွတ်တည်းယုံကြည်သဘောတူထား ကြ၏။ မည်သို့ပင်ဆိုစေကာမူအဆောင် အဖြစ် အသုံးပြု ဆောင်ထားရာတွင် AQUAMARINE သလင်းစိမ်းပြာရောင် ကျောက်သည်သာလျှင် အံထိရောက် ဆုံး ဖြစ်ပါသည်။

သလင်းစိမ်းပြာရောင်ကျောက် များသည် ရောင်စုံအညှံ့ပန်းကျောက်မျိုး ဖြစ်ပါ၍ ပေါများ တန်ဖိုးနည်းသော် လည်း BERYL ဘယ်ရယ်မြမျိုးမှ ဖြစ် သော မြစိမ်းပြာရောင်နှင့် CORUN-DUM မိခင်ကျောက်မှ သန္ဓေတည်လာ သော နီလာစိမ်းပြာရောင်ကျောက်များ သည် ရှားပါးပြီး တန်ဖိုးမြင့်၍ နေပနာ တွင် အလွန်လှပသော AQUAMA-RINE ကျောက်များဖြစ်သည်။ ကျောက် သဘာဝအရ သလင်းကျောက်ထက် အဆင့်အတန်းမြင့်သည်။

သို့ဖြစ်၍ ငွေကြေး တတ်နိုင် သော ရတနာချစ်သူများက မြစိမ်းပြာ ရောင်ကျောက်နှင့် နီလာစိမ်းပြာရောင် ကျောက်များကို အရောင်နှင့် အရည် အသွေးညီသော လှရာရာများကို ဝယ် ယူစုဆောင်းထားပြီး အလွန်လှပစွဲငြိ မက်စရာကောင်းသည့် ဖက်ရှင်ဒီဇိုင်း သစ် ဒီဇိုင်းဆန်းများ တီထွင်ပြုလုပ် ဝတ်ဆင်ကြ၏။

နှစ်ရောင်စပ် ရတနာများတွင် ပြောင်ခေါင်စိမ်းကျောက်သည် အဝါနှင့် အစိမ်းရောင်စပ်သော ကျောက်ဖြစ်ပြီး AQUAMARINE ကျောက်သည် အစိမ်းနှင့်အပြာစပ်သော ကျောက်ဖြစ် သည်။ ကျောက်မျက်သုတေသီပညာ ရှင်များ၏ တွေ့ရှိချက်များအရ တစ် ရောင်တည်း အားသန်သော ကျောက် မျက်များထက် နှစ်ရောင်စပ်၍ အား ကောင်းနေသောကျောက်မျက်များသည် ကျောက်၏ ဂုဏ်သတ္တိ သိဒ္ဓိစွမ်းအား ပို၍မြင့်မားသည်ဟု ဆိုသည်။

**ဆေးစွမ်းထက်ခြင်း**

သလင်းစိမ်းပြာရောင် ကျောက် များသည် အဆောင်လက်ဖွဲ့အဖြစ် ဆင် မြန်းဝတ်ဆင်ရာ၌ အစွမ်းထက်သကဲ့သို့ ဆေးဝါးအဖြစ် အသုံးပြုရာ၌လည်း ဆေးစူး ဆေးကူးစေ၍ အကျိုးရှိစေနိုင် သည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာကုသရာတွင် ဩဇာရှိန်ဝါထက် လှ၏။ စိတ်မနိုင်၍ ဖြစ်တတ်သော ကြောက်တတ် စိတ်အားငယ်တတ်ခြင်း ပရလောကနှင့် ဝိညာဉ်လောကတို့၏ ပြုစားခံရခြင်း၊ နာနာဘာဝ ဝိနာဘာဝ များ၏ နှောင့်ယှက်ခံနေရခြင်း၊ စိတ္တဇ ဆန်ဆန် ဝေဒနာတစ်မျိုးမျိုး စွဲကပ် ခံနေရခြင်း၊ စိတ်ဓာတ်စွမ်းအား ရုပ် ဓာတ်စွမ်းအား နည်းသဖြင့် စိတ်ရော ရုပ်ပါ ချို့တဲ့ကျဆင်းနေခြင်း အစရှိသော ဝေဒနာများကို ခံစား ခံနေရသူများကို သလင်းစိမ်းပြာရောင် ကျောက်ဖြင့် ပြုလုပ်ထားသော လက်စွပ်၊ ဆွဲသီး၊ ဆွဲပြား၊ လည်ဆွဲ၊ ပုတီး၊ လက်ကောက် လက်ဝတ် တစ်မျိုးမျိုးကို အသားနှင့် ထိထိမိမိဖြစ်အောင် ဝတ်ဆင်ပေးခြင်း ဖြင့် သက်သာပျောက်ကင်းနိုင်၏။

အစိမ်းတစ္ဆေ၊ စုန်း၊ ကဝေ၊ အောက်လမ်းမိစ္ဆာ မကောင်းတာဟူသမျှ တို့၏ လွှမ်းမိုးစိုးမိုး နှောင့်ယှက်ခံနေရ သော နေရာ နေအိမ် အဆောက်အအုံ များတွင် သလင်းစိမ်းပြာရောင်ကျောက် ဖြင့် မန်းထား၊ ကွင်းပေးထားလျှင် (သို့) ယတြာပြုထားပေးလျှင် မကောင်းသော အနှောင့်အယှက် ပယောဂ စက်ကွင်း များမှ လွတ်ကင်းနိုင်သည်။

သားသမီးရတနာ မထွန်းကား နိုင်သူများနှင့် သားသမီးမွေးဖွားရ ခက် ခဲတတ်သော အမျိုးသမီးများ သလင်း စိမ်းပြာရောင်ကျောက်ကိုယတြာဆောင် ထားကြခြင်းဖြင့် သားသမီးရတနာ ရလွယ်စေပြီး မွေးဖွားရာ၌လည်း အခက်အခဲမရှိ မွေးရ ဖွားရ လွယ်ကူ ချောမွေ့စေသည်။ ထို့ပြင် သွေးသား မသန့်သောရောဂါ၊ အပူနှင့်ဝတ်သက် သော အပူရောင်ရောဂါ၊ အကြော အဆစ်အမျက် ရောင်နာ၊ ကိုယ်ခန္ဓာ ထုံကျဉ်နာ၊ ကိုက်ခဲနာ၊ ဖောရောင်နာ၊ အတွင်းနာ၊ အိပ်မပျော် စားမဝင်သော ရောဂါများအတွက် သလင်းစိမ်းပြာ ရောင်ကျောက်ဖြင့် ထိကပ်ထားပေးခြင်း ဖြင့် သက်သာရာရနိုင်သည်။

**အစိအရင်နှင့်ဝတ်ဆင်ခြင်း**

မိုးလဇာတာတွင် စန်း ခေါ် တနင်္လာဂြိုဟ်မင်းသည် ကရကဋ်ရာသီ၊ ဗြိစ္ဆာရာသီ၊ မိန်ရာသီ တစ်အိမ်အိမ်တွင် ရောက်ရှိထွန်းပနေလျှင် သလင်းစိမ်းပြာ ရောင်ကျောက် ကိုယ်နှင့်မခွာ ယုံကြည် ဆောင်ထားကြခြင်းဖြင့် အထူးထူးသော ကောင်းကျိုးချမ်းသာ ဝေပြောစေနိုင်၏။ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေနိုင်၏။

မည်သူမဆို သလင်းစိမ်းပြာ ရောင်ကျောက်ကို (သို့) စိမ်းပြာရောင် AQUAMARINE ကျောက်တစ်မျိုးမျိုး ကို မြတ်နိုး၍ဖြစ်စေ၊ အဆောင်လက်ဖွဲ့ သဘောနှင့်ဖြစ်စေ၊ကျန်းမာရေးအတွက် ယုံကြည်၍ဖြစ်စေ၊ အလှရတနာပစ္စည်း အလိုဖြစ်စေ ဆောင်ဝတ်ထားကြလျှင် လာဘ်စန်းပွင့်စေနိုင်မည်။ အလုပ်အကြံ ခရီးအောင်မြင်စေမည်။ ချစ်သူ ခင်သူ ပေါများစေ၍ စီးပွားဥစ္စာ တိုးပွားစေ မည်။ ကျန်းမာနုပျို အသက်ရှည်စေ နိုင်ပါလိမ့်မည်။

သလင်းစိမ်းပြာရောင် ကျောက် မျက်သည် ရန်သူအပေါင်း၏ မာယာ ကျော့ကွင်း အနှောင်အဖွဲ့တို့မှ လွတ် ကင်းစေနိုင်ခြင်း၊ ကိုယ်စိတ်ကြံ့ခိုင်စေ၍ ရဲစွမ်းသတ္တိနှင့် ပြည့်စုံစေခြင်း၊ စစ်ပွဲ ရန်ပွဲ အပြိုင်အဆိုင် ရန်သူလက်သီးပုန်း မှန်သမျှကို ချေမှုန်းအောင်နိုင်စေခြင်း၊ အနှောင့်အယှက် အတားအဆီး အခက် အခဲ အပိတ်အပင်များကို တိုက်ထုတ် ကျော်လွှားစေနိုင်ခြင်း၊ လျှို့ဝှက်တံခါး များကိုပွင့်စေခြင်း အစရှိသော အောင်ပွဲ များကို ရရှိစေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**သလင်းစိမ်းပြာနှင့် မတ်လဖွား**

သလင်းစိမ်းပြာရောင်ကျောက်နှင့် စိမ်းပြာရောင် ကျောက်မျက်များသည် မတ်လဖွား ခုနစ်ရက်သားသမီးများ အတွက် သက်စောင့်ရတနာ BIRTH STONE ဖြစ်လေ၏။ မည်သည့် နေ့နံသားသမီးဖြစ်စေ မတ်လ၏ တစ်ရက်ရက်ထဲတွင် မွေးဖွားကြသူများသည် သလင်းစိမ်းပြာ(သို့)စိမ်းပြာရောင်ကျောက် တစ်မျိုးမျိုးကို ဆောင်ထားကြခြင်းဖြင့် (၁) တပ်ရောဂါဘယနှင့် ရန်အသွယ်သွယ်တို့မှ လွတ်ငြိမ်းစေနိုင်မည်။ (၂) လူလူချင်း ချစ်ခင် ငြိမ်းချမ်းစေ၍ စီးပွားရေး တိုးပွားပေါကြွယ်စေမည် (၃) ကြောင့်ကြ မတောင့်တရဘဲ သာယာပြည့်စုံသောဘဝကို တည်ဆောက်ရရှိစေနိုင်မည် (၄) ရန်သူ အန္တရာယ်အပေါင်းတို့ကို အနိုင်ယူကျော်လွှားသွားနိုင်မည်။ မကောင်းကင်းကွာ၊ ကောင်းခြင်း ဝေဆာစေမည်ဟူ၍ ဖြစ်သည်။

သို့ဖြစ်၍ ယုံကြည်သူများနှင့် မတ်လဖွား ခုနစ်ရက်သားသမီးတို့သည် မိမိတို့ မွေးလနက္ခတ်နှင့် ကိုက်ညီအကျိုးဖြစ်ထွန်းစေမည့် သလင်းစိမ်းပြာ (သို့) စိမ်းပြာရောင်ကျောက် နှစ်သက်ရာတစ်မျိုးမျိုးကို ယုံယုံကြည်ကြည်ဖြင့် ယတြာဆောင် ဝတ်ဆင်ထားကြမည်ဆိုပါက လိုသော ကောင်းကျိုးချမ်းသာများကို ပြည့်စုံစေပြီး၊ မလိုသော အနိဋ္ဌာရုံ ဆိုးကျိုးမကောင်းမှုများကို ကင်းပစေနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ခုနစ်ရက် သားသမီးအကြင်သူတို့သည် နှစ်ရောင်စပ်၍ လှပနေသော စိမ်းပြာရောင် ကျောက်တစ်ပွင့်ကို ဝတ်ဆင်ဆောင်ထားကြခြင်းဖြင့် ဘဝ၏လျှို့ဝှက်တံခါးကို ဖွင့်လှစ်နိုင်မည် ဖြစ်ပါသည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ. . .

❒ အောင်ဘုန်းမြင့်(ကချင်မြေ)

## အမှုအခင်း ထောင်အချုပ်လွတ်ရန် ခါတ်ယတြာ

ဒီနှစ် မိုးရာသီကုန်ဆုံးပြီး ဆောင်းရောက်လာသော်လည်း နှင်းက ပျော

နေသည်။ မုန်တိုင်းအရှိန်ကြောင့် မိုးတွေ အုံ့မှိုင်းလို့ ရံဖန်ရံခါ မိုးသက်လေနှင့်အ

မိုးပြေးကလေးများပင် ရွာချလာခဲ့သည်မှာ ရက်အတော်ကြာနေပြီ။

ဒီမနက်မှာတော့ ထူးထူးခြားခြား နေက နွေလယ်နေ့ပမာ ကျဲကျဲပူနေပြ

သည်။ ကျွန်တော့်ဗေဒင်ဟောခန်းရှေ့တူရူ ဗာဒံပင်ထိပ်ဖျားဆီက ချိုးနှစ်ကောင်

လွမ်းအောင် ကူချွဲနေသည့်အသံကို ကြားနေရသည်။

“ချိုးနှစ်ကောင်၊ ထနောင်းပင် ညီနောင်က၊ လွမ်းအောင်ကူချွဲ၊ ပင်မြက်နေ

ထူလှတယ်၊ ဖိုးတောင်သူတဲ” ဆိုသည့် ငယ်ငယ်က ရွတ်ဆိုခဲ့ဖူးတဲ့ ကဗျာလေး

ပြေးလို့ သတိရလာရင်း စိတ်က မွေးရပ်ရွာလေးဆီ ပြန်ရောက်သွားသည်။

မျိုးစပါးတွေ ကြဲပြီးနောက် စပါးပင်ပေါက်လေးတွေ လာစားကြသည့် ချိ

ခိုနှင့် စာကလေးတွေကို စာခြောက်တဲ ကလေးကနေပြီး ခြောက်ခဲ့ မောင်း

သည်ကို ပြန်လည်မြင်ယောင်လာမိသည်။

စာခြောက်တဲကလေးတွင် ညနေချမ်း လယ်တောကပြန်လာသည့် ငယ်

ချစ်ဦးလေးနှင့် ချစ်စကားတွေပြောရင်း ကြည်နူးခဲ့ကြသည့် ပုံရိပ်လေးတွေ ထင်ဟ

လာသည်။ ငယ်ချစ်ဦးဆီ လွမ်းနေမိပြန်သည်။

မိုးကောင်းဆုတောင်းပြည့် စေတီတော်ကြီးရင်ပြင် မြောက်ဘက်ခွင်

ကြေးစည်ကြီးတီးသံ ဒူဝေဝေနှင့် မောင်းကြီးထုသံ တဒူဒူကို ကြားလိုက်ရမှ . . .

“ဩော်. . . မနောဝိညာဏ်စိတ်တွေ ညဥ့်အမှောင်မှာ အတောင်ခတ်ပျံသွ

နေတဲ့ ပိုးစုန်းကြူးရဲ့ မီးလေးလို ဝင်းခနဲ ဝင်းခနဲ သွားနေပါကောလား” ဟု တ

အသိလေး ပြန်ဝင်လာစဉ် . . .

“ဆရာ ဝင်ခွင့်ပြုပါ” ဟုပြောရင်း ဒေါ်မေတင်တစ်ယောက် ဗေဒင်ဟော

ထဲသို့ လှမ်းဝင်လာသည်။

“ကဲ ပြော၊ ဆရာ ဘာလုပ်ပေးရမလဲ”

“သား တင်လင်းထွန်းအတွက် လာခဲ့တာဆရာ၊ ဆရာက မင်း တ

မမောင်းနဲ့တော့၊ ယာဉ်တိုက်မှုဖြစ်မယ့်ကံထဲ ရောက်နေပြီ၊ တခြားအလုပ် ပြောင်းလု

ဆိုလို့ သားက အလုပ်ပြောင်းလုပ်ခဲ့ပါသေးတယ်၊ ခြောက်လလောက်လုပ်ပြီး ဘ

အလုပ်မှ သိပ်အဆင်မပြေလို့ တက္ကစီတော့ ပြန်မမောင်းဘဲ ကုမ္ပဏီမှာ ကားမော

တဲ့အလုပ် သွားလုပ်တယ်၊ သူကားနဲ့ မိန်းမတစ်ယောက်ကို တိုက်မိတယ်၊ တိုက်တ

က ထိရုံလေးပါ၊ ကံဆိုးချင်တော့ အဲဒီမိန်းမမှာ နှလုံးရောဂါရှိလို့ လန့်ပြီးလဲသွ

တာပဲ၊ သားက ဆေးရုံကို လိုက်ပို့လိုက်တယ်၊ ဆေးရုံမှာ တစ်ရက်ကြာတော့ ဆ

သွားတယ်၊ အဲဒါကြောင့် ယာဉ်တိုက်မှုနဲ့ အချုပ်ခံရတယ်၊

ကာယကံရှင်တွေနဲ့ညှိပြီး တရားရုံးမှာ ကျေအေးလွှာ တင်တော့ အာမခံရ

အချုပ်က လွတ်ခဲ့ပါတယ်၊ ဒါပေမယ့် အမှုကတော့ မပြီးသေးဘူး၊ ရုံးချိန်းသွ

သွားနေရတယ် ဆရာ၊ အမှုစစ်ရဲက ပြောင်းသွားလိုက်၊ တစ်ခါ တရားသူကြီး

နယ်ပြောင်းသွားလိုက်နဲ့ သားအမှုက တစ်နှစ်ကျော်လာပြီ၊ မပြီးပြတ်သေးဘူး ဖြ

နေတယ်၊ အဲဒါ အမှုမြန်မြန်ပြီးပြတ်အောင် ယတြာလုပ်ပေးပါဦး ဆရာ”

→→



www.burmeseclassic.com

www.burmeseclassic.com



# အောက်ကြည့်သနိုး

၊မောင်ဘောသိ၊

## အမှုအခင်းထောင်အချုပ် ထွက်ရန် ဓာတ်ယကြာ

"သူ့ဇာတာမှာက ထောင်ကျကံတော့ ရှိနေသေးတယ်၊ လျှော့ရက်နဲ့ဆို ငါးလလောက်တော့ ကျလိမ့်မယ်"

"ကျလဲကျပေ့ါ ဆရာရယ်၊ အမှုမြန်မြန်ပြီးလို့ ထောင်ကျသွားလဲ ပြန်ထွက်လာရင် အလုပ်ကောင်းကောင်း လုပ်နိုင်မှာ၊ အခုဟာက အမှုတန်းလန်းနဲ့ ဘာအလုပ်မှ ဇောက်ချသုပ်လို့ကိုမရတာ၊ ကျွန်မက အသက်လေးကြီးလာပြီဆိုတော့ ဒီသားလေးကိုပဲ အားကိုးနေရတာ ဆရာ"

"ကဲပါလေ အမှုအမြန်ပြီးအောင် အကောင်းဆုံးဆေတြာ ပေးလိုက်ပါ့မယ်၊ သားက စနေသားနော်"

"ဟုတ်ပါတယ် ဆရာ"

"မွေးနံ စနေနံဖြစ်တဲ့ နာနတ်ပင် တစ်ပင်ကို ပန်းအိုးတစ်လုံးထဲမှာ မြေသန့် မြေဆွေးတွေထည့်ပြီး စိုက်ရမယ်၊ ပန်းအိုးကို စနေရဲ့ မူလအရပ်ဖြစ်တဲ့ အိမ်ရဲ့အရှေ့တောင်ထောင့်မှာ ထားရမယ်၊ ရှင်သန်လာအောင် နေ့တိုင်း ရေလောင်းပေးရမယ်၊

နောက်ပြီး အပ်ချည်လုံး အသစ်တစ်လုံးဝယ်၊ တင်လင်းထွန်းရဲ့ လက်တစ်လံစီတိုင်းပြီး အပ်ချည်ကိုးပင်ဖြတ်ယူ၊ တစ်လံအရှည် အပ်ချည်ကိုးပင်စလုံးကို ထိပ်စတွေညီအောင် စုပေါင်းယူရမယ်၊ ထိပ်စနှစ်ခုကို လွှတ်ထား၊ ကွင်းလျှိုထိုးပြီး အထုံးလေးတွေ ရှစ်ထုံး အကွာအဝေးမျှပြီး ထုံးရမယ်၊ ထုံးပြီးရင် ထိပ်စနှစ်ခုကို ပူးပြီး ထုံးချည်လိုက်ရင် အထုံးကိုးထုံးရှိတဲ့ အပ်ချည်မန်းကွင်း တစ်ကွင်းရလာမယ်၊ လုပ်တတ်မလား"

"လုပ်တတ်ပါတယ် ဆရာ"

"လုပ်တတ်ရင် အဲဒီလိုမျိုး သုံးကွင်းလုပ်၊ ပြီးရင် ဘုရားဆင်းတုတော်ရှေ့မှာ သမ္ဗုဒ္ဓေဂါထာတော် ကိုးခေါက်ရွတ်ပြီး သိဒ္ဓိတင်ရမယ်၊ ဒါဆို မန်းကွင်းလုပ်လို့ ပြီးသွားပြီ၊ တင်လင်းထွန်းရဲ့ ခေါင်းကနေ မန်းကွင်းတစ်ကွင်းစီ စွပ်ပြီး ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူ၊ ပြီးရင် ပန်းအိုးမှာစိုက်ထားတဲ့ နာနတ်ပင်မှာ အပ်ချည်မန်းကွင်း သုံးကွင်းစလုံးကို အဆင်ပြေသလို စွပ်ထားပေး၊

အပင်ရှင်သန်နေအောင် နေ့တိုင်း ရေလောင်းပေးရမယ်၊ တင်လင်းထွန်း ထောင်ကလွတ်လာရင် အဲဒီနာနတ်ပင်နဲ့ ပန်းအိုးကိုပါ ရေစီးနေတဲ့ မြစ်ချောင်းထဲမှာ မျှောပစ်ရမယ်၊ ရေမျှောဖို့ အဆင်မပြေခဲ့ရင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားရမယ်၊ အခုပြောပြတဲ့အတိုင်း လုပ်တတ်မလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ ကျွန်မ လုပ်တတ်ပါတယ်"

"ကဲ ဒါဆို အမြန်ဆုံးလုပ်ပေတော့၊ အမှုမြန်မြန်ပြတ်သွားမယ်"

"ကျေးဇူးပဲ ဆရာ" ဟု နှုတ်ဆက်ကာ ဒေါ်မေတင် တစ်ယောက် ပြန်သွားပါတော့သည်။

တစ်လခန့်ကြာသောအခါ ဒေါ်မေတင် ကျွန်တော့်ထံသို့ ပြန်ရောက်လာခဲ့သည်။ သား ထောင်ခြောက်လကျကြောင်း၊ လျှော့ရက်နှင့်ဆို ငါးလလောက်သာ နေရတော့မည်ဖြစ်ကြောင်း အစအဆုံး အဆင်ပြေကြောင်းတို့ကို စိတ်ပါတက်ကြွ ဝမ်းသာအားရ ပြောပြလာသည်။

အမှုအခင်း ထောင်အချုပ်တို့နှင့် ရင်ဆိုင်တွေ့ကြုံနေရသော ခုနစ်နေ့သားသမီးတို့အတွက် ဓာတ်ယတြာစီရင်နည်းကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တနင်္ဂနွေ သားသမီးများအတွက် ဓာတ်ယတြာ

မွေးနံ တနင်္ဂနွေနံဖြစ်သော အုန်းပင်ပေါက်အရွယ်တော် သို့မဟုတ် အင်ပင်ပေါက်ကို ပန်းအိုးတစ်လုံးတွင် မြေသန့် မြေဆွေးတို့ထည့်၍စိုက်ပါ။ ရှင်သန်နေအောင် နေ့စဉ်ရေလောင်းပေးပါ။

အပ်ချည်လုံး အသစ်တစ်လုံး ဝယ်ပါ။ တနင်္ဂနွေ သားသမီး လက်နှစ်ဖက်ဆန့်တန်းပြီး တစ်လံအရှည် အပ်ချည်ဖြတ်ယူပါ။ တစ်လံအရှည် အပ်ချည်ကိုးပင် ဖြတ်ယူ ပါ။ အပ်ချည်ကိုးပင်စလုံးကို ထိပ်စညီအောင် စုပေါင်းယူပါ။ ထိပ်စနှစ်ခုလွှတ်ထားကာ ကွင်းလျှိုထိုးပြီး အထုံးလေးတွေ ရှစ်ထုံး အကွာအဝေးမျှပြီး ထုံးပါ။ ထိပ်စနှစ်ခုကို ပူးပြီး ထုံးချည်လိုက်လျှင် အထုံးကိုးထုံးရှိသော အပ်ချည်မန်းကွင်းတစ်ကွင်း ရရှိလာပါမည်။ ထိုကဲ့သို့ သုံးကွင်းပြုလုပ်ပါ။

ပြီးလျှင် ဘုရားဆင်းတုတော်ရှေ့တွင် သမ္ဗုဒ္ဓေဂါထာတော် ကိုးခေါက်ရွတ်ဆိုပြီး သိဒ္ဓိတင်ရမည်။ ပြီးလျှင် တနင်္ဂနွေ သားသမီး၏ ဦးခေါင်းမှ မန်းကွင်းတစ်ကွင်းစီစွပ်ပြီး ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူရမည်။ ထို့နောက် ပန်းအိုးတွင် စိုက်ထားသော အုန်းပင်မှာ အပ်ချည်မန်းကွင်း သုံးကွင်းကို အဆင်ပြေသလို စွပ်ထားပေးပါ။

အမှု၊ အချုပ် ထောင်မှလွတ်လျှင် အုန်းပင်ကို ရေစီးနေသော မြစ်၊ ချောင်းထဲမှာ မျှောပစ်ပါ။ ရေမျှောရန် အဆင်မပြေလျှင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားပါ။

တနင်္လာ သားသမီးများအတွက် ဓာတ်ယတြာ

မွေးနံ တနင်္လာနံဖြစ်သော ကံ့ကော်ပင် သို့မဟုတ် ကြံပင်ကို ပန်းအိုးတစ်လုံးတွင် ရှင်သန်အောင်စိုက်ပါ။ တနင်္လာ၏ မူလအရပ်ဖြစ်သော အရှေ့အရပ်ဘက်တွင် ထားပါ။ အပ်ချည်မန်းကွင်း သုံးကွင်းပြုလုပ်ပြီး ဦးခေါင်းမှစွပ်ကာ ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူပါ။ မန်းကွင်းပြုလုပ်ခဲ့သည့် ခုနစ်နေ့သားသမီး အားလုံးအတွက် အထက်တွင် ဖော်ပြထား

တနင်္ဂနွေသားသမီးတွင် ပြုလုပ်သည့် နည်းအတိုင်းပင်

ပါသည်။ ထို့နောက် မန်းကွင်းသုံးကွင်းကို စိုက်ထား

ကံ့ကော်ပင်တွင် အဆင်ပြေသလို စွပ်ထားပေးပါ။ အပင်

သန်နေအောင် ဂရုစိုက်ပြီး နေ့စဉ် ရေလောင်းပေးပါ။

အမှု အချုပ်ထောင်မှလွတ်လျှင် ကံ့ကော်ပင်ကို

နေသော မြစ်၊ ချောင်းထဲမှာ မျှောပစ်ပါ။ ရေမျှောရန် အဆ

မပြေလျှင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားပါ။

အင်္ဂါ သားသမီးများအတွက် ဓာတ်ယတြာ

မွေးနံ အင်္ဂါနံဖြစ်သော ဆီးပင် သို့မဟုတ် ဇော်စိမ်း

ကို ပန်းအိုးတစ်လုံးတွင် ရှင်သန်အောင်စိုက်ပါ။ အင်္ဂါ၏ မူ

အရပ်ဖြစ်သော အနောက်တောင်ထောင့်ဘက်တွင် ထား

အပ်ချည်မန်းကွင်း သုံးကွင်းပြုလုပ်ပြီး ဦးခေါင်းမှစွပ်

ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူပါ။ ထို့နောက် မန်းကွ

သုံးကွင်းကို စိုက်ထားသော ဆီးပင်တွင် အဆင်ပြေသ

စွပ်ထားပေးပါ။ အပင်ရှင်သန်နေအောင် ဂရုစိုက်ပြီး နေ့

ရေလောင်းပေးပါ။

အမှု အချုပ်ထောင်မှလွတ်လျှင် ဆီးပင်ကို ရေစီး

သော မြစ်၊ ချောင်းထဲမှာ မျှောပစ်ပါ။ ရေမျှောရန် အဆ

မပြေလျှင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားပါ။

ဗုဒ္ဓဟူး သားသမီးများအတွက် ဓာတ်ယတြာ

မွေးနံ ဗုဒ္ဓဟူးနံဖြစ်သော ရွက်လှပင်၊ ရဲယိုပင်၊ ဝါး

သို့မဟုတ် ဝါးပင်ကို ပန်းအိုးတစ်လုံးတွင် ရှင်သန်အော

စိုက်ပါ။ ဗုဒ္ဓဟူး၏ မူလအရပ်ဖြစ်သော မြောက်ဘက်တွ

ထားပါ။ အပ်ချည်မန်းကွင်း သုံးကွင်းပြုလုပ်ပြီး ဦးခေါ

စွပ်ကာ ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူပါ။ ထို့နော

မန်းကွင်း သုံးကွင်းကို စိုက်ထားသော ရွက်လှပင်တွင် အဆ

ပြေသလို စွပ်ထားပေးပါ။ အပင်ရှင်သန်နေအောင် ဂရုစိုက်

နေ့စဉ် ရေလောင်းပေးပါ။

အမှု အချုပ်ထောင်မှလွတ်လျှင် ရွက်လှပင်ကို ရေ

နေသော မြစ်၊ ချောင်းထဲမှာ မျှောပစ်ပါ။ ရေမျှောရန် အဆ

မပြေလျှင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားပါ။

ကြာသပတေး သားသမီးများအတွက် ဓာတ်ယတြာ

မွေးနံ ကြာသပတေးနံဖြစ်သော ပိန်းပင် သို့မဟု

ပျဉ်းမပင်ကို ပန်းအိုးတစ်လုံးတွင် ရှင်သန်အောင်စိုက်

ကြာသပတေး၏ မူလအရပ်ဖြစ်သော အနောက်ဘက်တွ

ထားပါ။ အပ်ချည်မန်းကွင်း သုံးကွင်းပြုလုပ်ပြီး ဦးခေါ

စွပ်ကာ ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူပါ။ ထို့နော

မန်းကွင်းသုံးကွင်းကို စိုက်ထားသော ပိန်းပင်တွင် အဆင်

သလို စွပ်ထားပေးပါ။ အပင်ရှင်သန်နေအောင် ဂရုစိုက်

နေ့စဉ် ရေလောင်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

အမှု အချုပ်ထောင်မှလွတ်လျှင် ပိန်းပင်ကို ရေစီးနေသော မြစ်၊ ချောင်းထဲမှာ မျှောပစ်ပါ။ ရေမျှောရန် အဆင်မပြေလျှင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားပါ။

သောကြာ သားသမီးများအတွက် ဓာတ်ယတြာ

မွေးနံ သောကြာနံဖြစ်သော သီဟိုဠ်ပင် သို့မဟုတ် သီးပင်ကို ပန်းအိုးတစ်လုံးတွင် ရှင်သန်အောင်စိုက်ပါ။ သောကြာ၏ မူလအရပ်ဖြစ်သော တောင်ဘက်တွင် ထားပါ။ အပ်ချည်မန်းကွင်း သုံးကွင်းပြုလုပ်ပြီး ဦးခေါင်းမှစွပ်ကာ ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူပါ။ ထို့နောက် မန်းကွင်းသုံးကွင်းကို စိုက်ထားသော သီဟိုဠ်ပင်တွင် အဆင်ပြေသလို စွပ်ထားပေးပါ။ အပင်ရှင်သန်နေအောင် ဂရုစိုက်ပြီး နေ့စဉ် ရေလောင်းပေးပါ။

အမှု အချုပ်ထောင်မှလွတ်လျှင် သီဟိုဠ်ပင်ကို ရေစီးနေသော မြစ်၊ ချောင်းထဲမှာ မျှောပစ်ပါ။ ရေမျှောရန် အဆင်မပြေလျှင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားပါ။

စနေ သားသမီးများအတွက် ဓာတ်ယတြာ

မွေးနံ စနေနံဖြစ်သော နာနတ်ပင်၊ ဒန်းပင်၊ မနိပင်၊ ထန်းပင် သို့မဟုတ် ထိန်ပင်ကို ပန်းအိုးတစ်လုံးတွင် ရှင်သန်အောင်စိုက်ပါ။ စနေ၏ မူလအရပ်ဖြစ်သော အရှေ့တောင်ဘက်တွင် ထားပါ။ အပ်ချည်မန်းကွင်း သုံးကွင်းပြုလုပ်ပြီး ဦးခေါင်းမှစွပ်ကာ ခြေဖဝါးအောက်ကနေ ပြန်ထုတ်ယူပါ။ ထို့နောက် မန်းကွင်းသုံးကွင်းကို စိုက်ထားသော နာနတ်ပင်တွင် အဆင်ပြေသလို စွပ်ထားပေးပါ။ အပင်ရှင်သန်နေအောင် ဂရုစိုက်ပြီး နေ့စဉ် ရေလောင်းပေးပါ။

အမှု အချုပ်ထောင်မှလွတ်လျှင် နာနတ်ပင်ကို ရေစီးနေသော မြစ်၊ ချောင်းထဲမှာ မျှောပစ်ပါ။ ရေမျှောရန် အဆင်မပြေလျှင် လမ်းဆုံတစ်ခုမှာ သွားစွန့်ပစ်ထားပါ။

မွေးနေ့အလိုက် စိုက်ရန်အပင်နှင့် မူလအရပ်ဇယား

| မွေးနေ့ | စိုက်ရန်အပင် | မူလအရပ် |
|---|---|---|
| တနင်္ဂနွေ | အုန်းပင် | အနောက်မြောက် |
| တနင်္လာ | ကံ့ကော်ပင် | အရှေ့ |
| အင်္ဂါ | ဆီးပင် | အနောက်တောင် |
| ဗုဒ္ဓဟူး | ရွှက်လှပင် | မြောက် |
| ကြာသပတေး | ပိန်းပင် | အနောက် |
| သောကြာ | သီဟိုဠ်ပင် | တောင် |
| စနေ | နာနတ်ပင် | အရှေ့တောင် |

ဓာတ်ယတြာကို မည်သူမဆို စီရင်ပေးနိုင်ပါသည်။

အမှုအခင်းမှ လွတ်ငြိမ်းချမ်းသာကြပါစေ။

❒ အောင်ကြည်သန်း (ဖောင်တော်သီ)


## ပြည်ပ နိုင်ငံရပ်ခြား သွားရောက်လုပ်ကိုင်သူများ ဆန္ဒပြည့်ဝစေရအောင်

- မိမိသွားရောက်လုပ်ကိုင်လိုသော နိုင်ငံကို အမြန်ဆုံးသွားရဖို့။
- မိမိလျှောက်ထားသော နိုင်ငံမှ အလုပ်ခေါ်စာ အမြန်ဆုံးကျလာစေဖို့။
- ပြည်ပမှာ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းမှ ပိုကောင်းသော အခြားလုပ်ငန်းသစ်တစ်ခုသို့ ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အဆင်ပြေလွယ်ကူစွာ အမြန်ဆုံးပြောင်းရွှေ့လုပ်ကိုင်ရဖို့။
- ပြည်ပမှာ လစာဝင်ငွေကောင်းသော အလုပ်အကိုင်ကောင်းတစ်ခု အမြန်ဆုံးရှာဖွေ ရရှိဖို့။
- လက်ရှိ ပြည်ပရှိအလုပ်မှာ အဆင့်၊ ရာထူး၊ လစာ၊ ဝင်ငွေ အမြန်ဆုံးတိုးတက် ရရှိစေဖို့။
- လုပ်ငန်းခွင်မှာ အမှုအခင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ခိုင်မြဲစွာလုပ်ကိုင်နေရဖို့။

**ဆရာဦးပိုင်ဇအောင် ( ဝိဇ္ဇာဘွဲ့ )**

ဗိတ်ရတ် မရှိပါ။

**လက္ခဏာဗေဒင်ယတြာအစီအရင်**

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ အင်းမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☏ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁




www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ကြွနိုင်လား



ဆရာအောင်ကျော်ခိုင် (ရွှေဓေတီ)

"ဆရာခင်ဗျာ"

"ဟုတ်ကဲ့ ပြောပါ ကိုစိုးနိုင်ရေ"

"ဓာတ်ရိုက် ဓာတ်ဆင်ကဏ္ဍထဲက မီးဓာတ်ရိုက်တာရယ်၊ ရေဓာတ်ရိုက်တာရယ်၊ ဘယ်လိုဟာတွေပါလဲ ဆရာ၊ အဲဒါ လေ့လာချင်တယ်ဗျ"

"အင်း. . . လူပဲဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် လာစေဖို့ ရိုက်တဲ့အခါ မီးဓာတ်ရိုက်တာမျိုးတစ်ခု အင်္ဂဝိဇ္ဇာမှာရှိတယ်၊ ကဲ ကိုစိုးနိုင် လိုက်မှတ်ဗျာ"

"ဟုတ်ကဲ့၊ ကောင်းပါပြီဆရာ"

"ပထမ အရေးကြီးဆုံးအချက်က လာစေလိုတဲ့သူရဲ့ အမည်ကို ပြောင်းပြန်ရေးရမယ်၊ ဒါ သတိထား။

(၁) တနင်္ဂနွေ လာစေလိုသော် အုန်းသား လက်ခြောက်သစ် ဖြတ်ယူ၊ အမည်ကို အဖျားကစပြီး အရင်းရောက်အောင် ပြောင်းပြန်ရေး၊ သရက်သား၊ သီးသား၊ သီဟိုဠ်သား တစ်ခုခုကို တံညှပ်လုပ်ပြီးညှပ်၊ မီးမှာကင်ပါက ရောက်လာပါမယ်။

(၂) တနင်္လာ လာစေလိုသော် ကံ့ကော်သား ၁၅ သစ်ဖြတ်ယူ၊ အမည်ကို အဖျားကစပြီး အရင်းရောက်အောင် ပြောင်းပြန်ရေး၊ ရှောက်သားနှင့် တံညှပ်လုပ်ညှပ်၊ မီးမှာကင်ပါက အမြန်ရောက်လာပါမယ်။

(၃) အင်္ဂါ လာစေလိုသော် ညောင်သား လက်ရှစ်သစ်ယူပါ၊ အမည်ကို အဖျားကနေ အရင်းရောက်အောင် ပြောင်းပြန်ရေးပါ၊ ပေါက်ပန်းဖြူသားနှင့် တံညှပ်ပြုလုပ်ညှပ်ပြီးလျှင် မီးကင်ပါ၊ အမြန်ရောက်လာပါလိမ့်မယ်၊

(၄) ဗုဒ္ဓဟူး လာစေလိုသော် လဲလူသား ၁၇ သစ်ဖြတ်ယူပါ၊ အမည်ကို အဖျားမှအရင်းရောက်အောင် ပြောင်းပြန်ရေးပါ၊ ထန်း၊ ဒန်းသားနှင့် တံညှပ်လုပ်ညှပ်ပြီးလျှင် မီးကင်ပါ၊ အမြန်ရောက်လာပါလိမ့်မယ်၊

(၅) ကြာသပတေးသား အမြန်လာစေလိုသော် ပေါက်ပန်းဖြူသား ၁၉ သစ်ဖြတ်ယူပါ၊ ပြီးလျှင် အဖျားမှအရင်းတိုင် အမည်ကို ပြောင်းပြန်ရေးပါ၊ ဆီးသားနှင့် တံညှပ်ပြုလုပ်ညှပ်ပါ၊ ပြီးလျှင် မီးကင်ပါ၊ အမြန်ရောက်လာပါလိမ့်မယ်၊

(၆) သောကြာ အမြန်လာစေလိုသော် သီး၊ သီဟိုဠ်သား တစ်ခုခု ၂၁ သစ် ဖြတ်ယူပါ၊ ပြီးလျှင် အဖျားမှအရင်းတိုင်အောင် နာမည်ကို ပြောင်းပြန်ရေးပါ၊ အုန်းလက်ကိုခွာ၍



www.burmeseclassic.com

www.burmeseclassic.com

တံညှပ်လုပ်ပါ၊ ပြီးလျှင် မီးကင်ပါ၊ အမြန်ရောက်လာပါမယ်၊

(၇) စနေ အမြန်ရောက်လာစေလိုသော် ထန်း သို့မဟုတ် ဓနိ ၁၀ သစ်ဖြတ်ယူပါ၊ ပြီးပါက အဖျားမှ အရင်းတိုင်အောင် နာမည်ကို ပြောင်းပြန်ရေးပါ၊ ဝါးကို တံညှပ်ပြုလုပ်၍ ညှပ်ပြီးလျှင် မီးကင်ပါ၊ အမြန်ရောက်လာပါလိမ့်မယ်"

"ဩော်. . . မီးဓာတ်က ဒီလိုလားဗျာ၊ ရှင်းပါတယ်၊ ကောင်းလဲကောင်းပါတယ်ခင်ဗျာ"

"နံနှစ်ပါး အတူထားပြီး ရိုက်တဲ့နည်းပါ၊ မီးဓာတ်ရိုက်နည်း ဖြစ်ပါတယ်ဗျာ"

"ဟုတ်ကဲ့ဆရာ၊ ရေဓာတ်ရိုက်တာလဲ သိချင်ပါတယ်"

"အတွင်းဓာတ်ရိုက်တယ်လို့ ဆိုပါတယ်၊ ဒီလိုဗျ၊

(၁) တနင်္ဂနွေကို အမြန်လာစေလိုသော် အုန်းပင်အောက်မှာ သီးသီး သို့မဟုတ် သီဟိုဠ်သီးပြုတ်၊ ရေခြောက်ခွက်လောင်း၊ အမြန်လာစေဖို့ လေးလေးနက်နက် ဆုတောင်း၊ အုန်းသီးစား၊ သီဟိုဠ်ရွက်ကို အုန်းသီးရောစား အမြန်ပြန်လာမှာ ဖြစ်ပါတယ်၊

(၂) တနင်္လာ အမြန်လာစေလိုသော် ကံ့ကော်ညွန့်ကို ဘုရားပလ္လင်မှာ တင်ပြီးတော့ အောက်မှာစွန့်ထား၊ ရေ ၁၅ ခွက်လောင်း၊ လေးလေးနက်နက်နဲ့ အမြန်လာစေဖို့ဆုတောင်း၊ အမြန်ပြန်လာပါမယ်၊

(၃) အင်္ဂါ အမြန်လာစေလိုသော် ညောင်ညွန့်ကို အိမ်အတွင်း အောက်မှာမြှုပ်၊ ရေ ရှစ်ခွက်လောင်း၊ လေးလေးနက်နက် အမြန်လာစေဖို့ ဆုတောင်း၊ ထန်းလျက်သော်လည်းကောင်း၊ သဘော်သီးသော်လည်းကောင်း၊ ဆီးပေါင်းစားသော်လည်းကောင်း အမြန်ပြန်လာပါမယ်၊

(၄) ဗုဒ္ဓဟူး အမြန်လာစေလိုသော် မြတ်စွာဘုရားရှေ့မှာ ခရွှေဆိုင်း ခုနစ်ခု ကပ်လှူပူဇော်ပါ၊ ဗုဒ္ဓဟူးနံနှင့် စနေနံရောစား၊ လက်ထုပ်ရွက်စား၊ အမြန်ပြန်လာပါမယ်၊

(၅) ကြာသပတေး အမြန်လာစေလိုသော် ကြွက်ကို ထမင်း သုံးဆုပ်ကျွေးပါ၊ ကြာသပတေးနံနှင့် အင်္ဂါနံ ရောစားပါ၊ မုန့်စိမ်းပေါင်းစားပါ၊ အမြန်လာပါမယ်၊

(၆) သောကြာ အမြန်လာစေလိုသော် သီး၊ သီဟိုဠ်ကိုင်းညွန့်ကိုမြှုပ်၊ အုန်းသီးတစ်လုံး ဖိထား၊ အုန်းပင်အောက်မှာလည်း မြှုပ်နိုင်၊ ရေခြောက်ခွက်လောင်း၊ အမြန်လာစေဖို့ လေးလေးနက်နက် ဆုတောင်း၊ အုန်းသီးစား အမြန်လာပါမယ်၊

(၇) စနေ အမြန်လာစေလိုသော် ထန်းပင်၊ ဒန်းပင်ကို ဓားနှင့် ခုနစ်ထစ်ထစ်ပါ၊ ရေခုနစ်ခွက်လောင်း၊ ဒူးရင်းယိုစား၊ လေးလေးနက်နက် အမြန်လာစေဖို့ဆုတောင်း၊ အမြန်လာပါမယ်၊ ဒါမှ အလာနှေးလို့ မလာသေးရင်တော့ သေးနဲ့သာပန်းလိုက်၊ အမြန်လာပါလိမ့်မယ်တဲ့ဗျာ"

"နောက်ဆုံး ဓာတ်ရိုက်ပုံ သဘောကျသဗျာ ဟား ဟား ဟား"

"ရှေးဆရာတော်တွေများ ဉာဏ်ကစားတဲ့နေရာ တယ်သွက်လက်မြန်ဆန်တာပဲဗျာ၊ အံ့စရာတွေပဲနော်"

"ဟုတ်ပါ့ဗျာ"

"ကိုစိုးနိုင်"

"ဗျာ ဆရာ"

"ဓာတ်ရိုက်နည်း နှစ်မျိုးရှိသွားပြီနော်၊ နောက်တစ်ခုပြကြဦးစို့ သူကိုနိုင်လို့ ဆကိုးခဲ့ အင်္ဂဝိဇ္ဇာကျမ်းလာစကားအရ ပစ္စည်းဥစ္စာပျောက်ရင် ဓာတ်ရိုက်ပုံ မှတ်သားစွယ်ပေါ့ဗျာ"

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ"

"ဒါကတော့ ပစ္စည်းခိုးခံရတဲ့ နေရာမှာ သုံးတဲ့နည်းပဲ

အုန်းသီး လူခိုးသော် နံတူ အင်သားမှာ အဖျားမှ အရင်းဘက်ကို လိုရာရေး၊ ပြောင်းပြန်ရေးရမယ်၊ ပြန်ပို့လိုတဲ့ အရပ်မှာ ဇောက်ထိုးစိုက်၊ လိုတဲ့စကား ပြောဆိုပြီး သံတူနဲ့ ခြောက်ချက် ရိုက်ပါ၊

ငွေ သူခိုးခိုးခံရသော် ကုက္ကိုသားမှာ လိုရာစာကို ပြောင်းပြန်ရေး၊ လိုရာအရပ်နေရာမှာ ဇောက်ထိုးစိုက်၊ ပြောလိုရာ ပြောဆိုပြီး ထင်းစနဲ့ ခုနစ်ချက်ရိုက်ပါ၊

ဓောင် လူခိုးခံရသော် သီးသားတွင် ရေးလိုရာစာကို ပြောင်းပြန်ရေး၊ လိုအရာအရပ်မှာ ဇောက်ထိုးစိုက်၊ ပြောလိုရာ ပြောဆိုပြီး အင်သားနဲ့ တစ်ချက်ရိုက်ပါ၊

ရွှေ လူခိုးသော် ရျောက်သားတွင် လိုရာစာကို ပြောင်းပြန်ရေး၊ လိုရာအရပ်မှာ ဇောက်ထိုးစိုက်၊ မိမိလိုရာပြောဆို၍ ကုက္ကိုသားနှင့် နှစ်ချက်ရိုက်ပါ၊

မြင်း လူခိုးခံရသော် ပေါက်သားတွင် လိုရာစာကို ပြောင်းပြန်ရေး၊ လိုရာအရပ်မှာ ဇောက်ထိုးစိုက်၊ မိမိလိုရာ ပြောဆို၍ ဆီးသားနှင့် လေးချက်ရိုက်ပါ၊

သစ်သား လူခိုးခံရသော် ထိုသစ်သားတွင် အဖျားမှ အရင်း လိုရာစာပြောင်းပြန်ရေး၊ လိုရာအရပ်မှာ ဇောက်ထိုးစိုက်၊ မိမိလိုရာပြောဆိုပြီး ဝါးရင်းတုတ်နှင့် လေးချက်ရိုက်၊

နွား လူခိုးခံရသော် တောင်ဝှေးတွင် လိုရာစာ အဖျားမှအရင်းသို့ ပြောင်းပြန်ရေး၊ လိုရာအရပ်မှာ ဇောက်ထိုးစိုက်၊ မိမိလိုရာစကားပြော၊ ပေါက်သားနဲ့ ငါးချက်ရိုက်၊ လို့ဆိုပြီး ဆောင်ရွက်ပုံတွေ ဥပဒေသနဲ့ ပြခဲ့တာ ကိုစိုးနိုင် သဘောပေါက်လား"

"ပေါက်ပါတယ်ဆရာ၊ ရှင်းလဲ ရှင်းပါတယ်၊ ဂြိုဟ်သက်အရ သစ်သားတွေဖြတ်ရ၊ စာရေးရမှာပေါ့"

"ဟုတ်တယ်၊ ခုနစ်နေ့အတွက် နမူနာပြတာ၊ စမ်းကြည့်ပေါ့၊ ဖြစ်နိုင် မဖြစ်နိုင် ရှေးပညာရှိတွေကတော့ အတိအကျရေးပြခဲ့ပြီဗျာ"

"ဓာတ်ရိုက်တာ သုံးမျိုးရှိသွားပြီ၊ အင်္ဂဝိဇ္ဇာရဲ့ အသုံးချပုံလေးတွေ ချစ်စရာကောင်းဗျာ၊ အံ့သြစရာလဲ ကောင်းပေါ့"

"ဒီတစ်ခါ ဓာတ်ရိုက်ရာမှာတော့ လူဖြစ်စေ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေ နေထိုင်မကောင်းရင် ပျောက်အောင် ဓာတ်ရိုက်နည်းဗျာ"

"တြိရန်းနှင့် စတုရန်းကိုဆောင်၊
ပဉ္စပွတ်နှင့် ဆပွတ်ကိုရှောင်၊
ကောင်း ခေါင်တိုင်းမသိ (ရှေးဆရာ)
လို့ လင်္ကာလဲ ရှိတယ်၊ ဓာတ်ရိုက်ပုံက ဒီလို၊

တနင်္ဂနွေသား ဖျားနာမှု၊ အနာပေါက်မှု၊ အင်္ဂါအခါ၌ စတုရန်း ဗုဒ္ဓဟူးနံ ဝက်သားစား၊ ပန်းနှင့် ပျောက်စေဟုဆိုပြီး ရိုက်သပ်ချ၊ မွန်းတည့်အခါ ဘုမ္မိအရပ်မှာပစ်လေ၊ သုံးရက်ရိုက် ရောဂါပျောက်၏၊

တနင်္လာသား ဖျားနာမှု ဗုဒ္ဓဟူးအခါ ကြာသပတေးနံ မြေပဲစား၊ သောကြာနံ သီဟိုဠ်ရွက်နဲ့ ရိုက်သပ်ချပေး၊ သုံးချက်တီးအချိန် ဘုမ္မိအရပ်မှာပစ်၊ သုံးရက်ရိုက် ရောဂါပျောက်၏၊

အင်္ဂါသား ဖျားနာမှု ကြာသပတေးအခါ သောကြာနံ သရက်၊ သီဟိုဠ်သီးစား၊ ထန်းရွက် ခနီရွက်နဲ့ ရိုက်ချ နေတက် ၃ နာရီ ဘုမ္မိအရပ်ကိုပစ်၊ သုံးရက်ဆက်ရိုက် ပျောက်၏၊

ဗုဒ္ဓဟူးသား ဖျားနာမှု သောကြာအခါတွင် စနေနံ ထန်းလျက် စားပါ၊ အုန်းရွက်နဲ့ ရိုက်ချ၊ နေထွက် နေဝင် ဘုမ္မိအရပ်ကိုပစ်၊ သုံးရက်ဆက်ရိုက် ပျောက်၏၊

ကြာသပတေးသား ဖျားနာမှု စနေအခါတွင် တနင်္ဂနွေနံ အုန်းသီးစား၊ ကံ့ကော်ညွန့်နဲ့ ရိုက်ချ၊ နေတက် သုံးချက်တီး ဘုမ္မိအရပ်မှာပစ်၊ သုံးရက်ဆက်ရိုက် ပျောက်၏၊

သောကြာသား ဖျားနာမှု တနင်္ဂနွေအခါ တနင်္လာနံ ချင်းကိုစား၊ ဆီးခက်နဲ့ရိုက်ချ၊ နေမွန်းတည့်အခါ ဘုမ္မိအရပ်မှာပစ်၊ သုံးရက်ဆက်လုပ် ပျောက်၏၊

စနေသား ဖျားနာမှု တနင်္လာအခါ၊ အင်္ဂါနံ ဆီးသီးစား၊ ဝါးညွန့်ဖြင့် ရိုက်ချပေးပါ၊ နေထွက် နေဝင် ဘုမ္မိအရပ်မှာပစ်၊ အားလုံး သုံးရက်စီရိုက်ပေး ပျောက်သည်၊

ကဲ နေကောင်းအောင် ဓာတ်ရိုက်နည်း ရှင်းလား၊ သေချာ မှတ်ထားရမှာကတော့ တြိရန်းအခါ စတုရန်းအစာစား၊ တြိရန်းအရွက် အညွန့်နဲ့ ရိုက်ချ၊ အချိန်တော့ မှတ်ပေါ့၊ ပြီး ဘုမ္မိအရပ်မှာပစ်၊ မှတ်မိပြီလား"

"ရှင်းပါတယ် ဆရာ၊ ခုခေတ်လူတွေ မဝေးလှပါဘူး၊ ယုံကြည်မှု ရှိ၊ မရှိဘဲ မပြောနိုင်တာ"

"အေး မယုံရင်တော့ မလုပ်နဲ့၊ အချိန်ကုန်တယ်၊ ရှေးဆရာတွေ သုတေသနလုပ်ခဲ့တဲ့ပညာက အချိန်မရွေး ထက်မြက်ပြီးသားဗျ"

"ဟုတ်ပါတယ်ဆရာရယ်၊ ဟုတ်ပါတယ်"

❐ ဆရာအောင်ကျော်ခိုင် (ရွှေစေတီ)

**ကျမ်းကိုး**

ဗေဒမဏ္ဍမာလာကျမ်း၊ ပထမတွဲ၊ ဒုတိယတွဲ၊ အဇျင်းဆရာတော်။

## ယတြာ နှင့် ပွဲစား

ခြံထောင့်တွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ရင်း ဆုတောင်းနေပုံရသော ကြီးတော်အနားသို့ မြနှင်း ရောက်သွားချိန်ဝယ် အံ့ဩ ဝမ်းသာဖြစ်သွားသော ကြီးညွန့်သည် . . .

"ဟယ် သမီးလေး မြနှင်း၊ ကြီးညွန့်တို့ဆီ လာတယ်"

"ဟုတ်ပါတယ် မြနှင်းပါ၊ ကြီးညွန့်တို့ ကြီးပုတို့ကို မတွေ့တာကြာလို့ သက်သက်အလည်လာတာ"

မြနှင်း ဖြေသံအဆုံးတွင် . . .

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ ကြီးညွန့်တို့က သတိရနေတာ၊ လာ လာ အိမ်ပေါ်တက်၊ အပုရေ ဟေး အပု၊ ဒီမှာ ဘယ်သူလာလဲလို့ ထွက်ကြည့်ပါဦး"

အိမ်ပေါ် ဖိတ်ခေါ်ရင်း အိမ်နောက်ဖေးရှိ ကြီးပုကို တစ်ပါတည်း ဟစ်အော်အသံပေးလိုက်သည်။

"အေး အေး . . . လာပြီ လာပြီ"

ကျောထောက်နောက်ခံ သားသမီးမရှိ၊ ခင်ပွန်းဖြစ်သူများနှင့်လည်း ကွဲကွာနေပြီးဖြစ်သော ကြီးတော်ဖြစ်သူ နှစ်ယောက်လုံး၏ အသံများကို ကြားရုံမျှဖြင့် သူတို့၏ ပျော်ရွှင်မှုကို ခံစားလိုက်ရသည်။ အသက်များက (၇၀) ကျော်များ ဖြစ်ကြသော်လည်း ဖျတ်လတ်ကျန်းမာဆဲ၊ သတိမမေ့သေး၊ ဆံဖြူ သွားကျိုး မဖြစ်ကြသေး။,

သူတို့သည် အလွန်ချစ်ကြသော်လည်း မတည့်အတူနေ ညီအစ်မနှစ်ယောက် ဖြစ်သည်။

လွန်ခဲ့သော နှစ်(၂၀) ကျော်ကတည်းက နာမည်ကျော်ရိပ်သာကြီးတစ်ခုတွင် အမြဲတမ်း ယောဂီများအဖြစ် အဆက်မပြတ် တရားအားထုတ်နေကြသူများ ဖြစ်သည်။

ထိုနှစ်ယောက် ရိပ်သာမရောက်ကြသည်မှာ ယခုဆိုနှစ်လနီးပါးရှိနေလေပြီ။ အကြောင်းရင်းကို တူမဖြစ်သူ မြနှင်း တစ်ဆင့်စကားဖြင့် ကြားသိပြီး ဖြစ်သော်လည်း ကြီးတော်နှစ်ယောက်၏ နှုတ်မှ ရင်ဖွင့်သံကို ကြားလိုသည့်အတွက် ကိုယ်တိုင် အရောက်လာခဲ့ခြင်း ဖြစ်သည်။

သို့ဖြင့် ကြီးတော်များကို နှုတ်ဆက်စကားဆိုရင်း ခေတ္တ အနားယူနေလိုက်သည်။

ကြီးတော်အငယ် ကြီးပုမှ နေ့လယ်စာအတွက် ပြင်ဆင်နေသည်။ ကြီးတော်ကြီးဖြစ်သူ ကြီးညွန့်ကတော့ တူမလေး အနားတွင် ဇည့်ခံနေသည်။

"ကြီးတော်တို့နှစ်ယောက် ငြိမ်ချက်သားကောင်းနေလို့ သမီးလိုက်လာတာ"

➔➔



www.burmeseclassic.com

www.burmeseclassic.com



ဖေဖဦ

# ယံကြာနှင့်ပွဲတား

မြနှင်းက စကားစ၍ ပြောလိုက်သည်။

"ငြိမ်ဆို ကြီးညွှန့်တို့လဲ ကိုယ့်အကြောင်းနဲ့ကိုယ် သမီးလေးရေ"

"ဟင် ဘာအကြောင်းလဲ၊ သမီးကိုတော့ မပြောကြဘူး"

ငိုချင်လျက် လက်တို့ ဖြစ်နေသော ကြီးညွှန့်က. . .

"ဒီလို သမီးရေ၊ သမီးကတော့ ကြီးညွှန့် ဒါတွေပြောရင် အပြစ်တင်မှာ သေချာတာပဲ"

"ဩော် ဘာအကြောင်းမို့လဲ ကြီးညွှန့်ရယ်၊ ဘာလို့ ကြီးညွှန့်တို့ကို အပြစ်တင်ရမှာလဲ"

မြနှင်း ကြားခဲ့သော သတင်းက မှန်သလောက်ဖြစ်နေပြီဆိုတာ သေချာသွားပြီမို့ . . .

"ဘာလဲ အိမ်အရောင်းအဝယ်လုပ်နေတယ်ဆို ဟုတ်လား"

တည့်တည့်ပဲ မေးလိုက်တော့သည်။ ထိုအခါ . . .

"အဟင်း ဟင်း သမီးက သိပြီးနေပြီပဲ၊ ဟုတ်တယ် သမီးရယ်၊ အဲဒီအကြောင်းကြောင့် ကြီးညွှန့်တို့ ရိပ်သာဝင်ဖို့တောင် ပျက်ကွက်နေတာပဲ"

"ကြီးညွှန့်ရယ် အိမ်ရောင်းချင်တာ သမီးကို အကြောင်းကြားလိုက်ရင် ခုလောက်ဆို ပြီးတောင်နေပြီ"

"ဟုတ်ပါတယ် ကြီးညွှန့်လဲ သမီးကို သတိရပါတယ်၊ ဒါပေမယ့် ထင်မှတ်မထားတဲ့ အကြောင်းက ကြားထဲပေါ်လာလို့ပါကွယ်"

ဟုပြောရင်း ကြီးညွှန့် စိတ်ပျက်စွာ ညည်းသည်။

"ဘာများလဲ"

"ပြောရင် ကြီးညွှန့်တို့ကို သမီးက အပြစ်မြင်မှာပဲ"

ရော ဒီကြီးတော်နှစ်ယောက်နဲ့တော့ ခက်ပြီ။ သူတို့ အိမ်ရောင်းချင်တာများ မြနှင်းကို ပြောလိုက်ရင် ဖြစ်နေတဲ့ဟာ ဘာလို့များ တွန့်ဆုတ်နေတာပါလိမ့်နော်။ မြနှင်းစိတ်ထဲ တွေးနေမိသည်။

အိမ်ခြံမြေ ကိစ္စဆောင်ရွက်နေသော တူမဖြစ်သူ မြနှင်းကို အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

မကြားဘဲ အိမ်ရောင်းနေကြသော ကြီးတော်နှစ်ယောက်၏ အကြောင်းကို မတွေ့တာကြာ၍ ရိပ်သာကို လိုက်သွားမိမှပင် သိခဲ့ရသည်။

မည်သို့ နားလည်ပေးရမည်မသိ ဖြစ်ခဲ့သော်လည်း အသက်ကြီးသောသူများ၏ အခက်အခဲကို ကူညီချင်စိတ်က ကြီးစိုးလွှမ်းနေသည်။ ထို့ကြောင့်လည်း သူတို့နေထိုင်ရာ ဆောင်ခန်းသို့ မြနှင်း ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ပထမတော့ သမီးကို ကြီးညွှန့်တို့ အိမ်ရောင်းမယ့်ကိစ္စကို တိုင်ပင်မလို့ပဲ"

"ရပါတယ်၊ သမီးက အရေးမကြီးပါဘူး"

ကြီးတော်၏ ဖြေရှင်းချက်ကို မြနှင်း မလိုလားသည့်အတွက် လမ်းကြောင်းပြောင်းသည့်အနေဖြင့်. .

"ဩော် ဒါနဲ့ သမီးဝင်လာတုန်းက ကြီးညွှန့် ခြံထောင့်မှာ ဘာတွေလုပ်နေတာလဲ ဟင်"

"အဲဒါပဲ အဲဒါကြောင့်ပဲ သမီးရေ အပုရေ အပု ငါတော့ ပြောလိုက်တော့မယ်၊ မနေနိုင်တော့ဘူး"

ကြီးညွှန့်၏ ကြိတ်မနိုင် ခဲမရ အသံဖြင့် လှမ်းပြောလိုက်သည်ကို အိမ်နောက်ဘက်တွင် သစ်သီးခွာနေသော ကြီးပုမှလည်း လှမ်း၍. .

"အေး. . ပြောသာပြောလိုက်တော့ ညွှန့်ညွှန့်ရေ နောက်လဲ သိမှာပဲ ဟာ"

ရုတ်တရက်မို့ မြနှင်းကြောင်သွားသည်။ ကြီးညွှန့်တို့ ဘာတွေ ပြောနေတယ်ဆိုတာကိုလည်း နားမလည်နိုင် ဖြစ်နေမိသည်။

"ဒီလို သမီးလေးရဲ့၊ ကြီးညွှန့်တို့က အသက်လဲကြီးလှပြီ၊ ကျောထောက်နောက်ခံလဲ မရှိကြဘူး မဟုတ်လား၊ ဒီတော့ ကြီးညွှန့်တို့ကို အမျိုးတွေ ဝိုင်းထောက်ပံ့ကြတာ တစ်ကဏ္ဍ၊ ကြီးညွှန့်တို့ မသေခင် ပိုင်ဆိုင်တာလေးကို ထုခွဲရောင်းချပြီး လှူချင်တာလေးတွေကိုလဲ လှူသွားချင်တယ်၊ ပိုတာကို ဘဏ်မှာ အပ်ပြီး ထောက်ပံ့စရိတ်လေးနဲ့ အပြီးတိုင် ရိပ်သာမှာ သွားနေကြမယ်လို့ တို့ညီအစ်မနှစ်ယောက် တိုင်ပင်မိကြတယ်"

"ကောင်းတာပဲ"

မြနှင်း ထောက်ခံမိသွားသည်။

"ကောင်းတာက မှန်တယ်၊ ပြဿနာက ကြီးညွှန့်တို့ အိမ်ရောင်းမယ့်သတင်းကို သိသွားတဲ့ သမီးအစ်မ (တစ်ဝမ်းကွဲ) က ယတြာကောင်းကောင်း စီရင်ပေးနိုင်တဲ့သူရှိတယ်၊ ကြီးညွှန့်တို့အတွက် သူ သွားတွက်ပေးမယ်ဆိုပြီး ယတြာတွေ လုပ်လာခဲ့တယ်။

ပြီးတော့ ကြိုက်ဈေးအတိုင်း ရောင်းထွက်သွားရင် သူ့ဆရာမကို ကန်တော့ရမယ်နော်ဆိုပြီး ဓာတ်ရိုက် ဓာတ်ဆင်လုပ်ဖို့ ယတြာပစ္စည်းတွေ အိမ်လာပို့တော့တာပဲ"

"ဟင် . . . ဘာတွေလဲ"

"ဖယောင်းတိုင်တင်ပြီး ထွန်းဖို့ စီမံထားတဲ့ ကြေးပန်းကန်တစ်ချပ်၊ ပြီးတော့ အင်းချပ်၊ ဆေးဖယောင်းတိုင်"

"ကြီးညွှန့်တို့က ဘာလို့ လက်ခံထားတာလဲ"

အားမလို အားမရဖြင့် မြနှင်း ပြောရင်း စိတ်မှာ မနက်ပိုင်းက ရောက်ခဲ့သော ရိပ်သာသို့ ပြန်ရောက်သွားသည်။

ကြီးညွှန့်တို့သတင်း မေးဖို့သွားရင်း ရိပ်သာတွင် ဘုန်းကြီးမှ သီလပေးချိန်နှင့် ကြုံခဲ့ရသည့် အခိုက်တန့် သရဏဂုံပျက်ကြောင်း တရားဟောသည်ကို ပူပူနွေးနွေး နာကြားခဲ့ရသည်မို့ ကြီးညွှန့်တို့ကိုယ်စား ဘုန်းကြီးကို အားနာနေမိသည်။

"ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားကိုးကွယ်ရာမရှိ"ဟု ဟောပြောညွှန်ကြားဆုံးမပေးနေသော ဆရာတော် ရိပ်သာမှ နှစ်ချို့ယောဂီနှစ်ဦး၏ လုပ်ရပ်က ဆရာတော်ဘုရားကြီးကို အားနာစရာ ဖြစ်နေသည်မှာ အမှန်။

အစ်မဝမ်းကွဲ ဖြစ်သူသည် အရောင်းအဝယ်သမားပီပီ ဓာတ်ဆင် ဓာတ်ရိုက်ကို အင်မတန်ပြုလုပ်သ ယုံကြည်အားကိုးသည်။ မှန်ကန်တိ စေတနာထားကာ ဆောင်ရွက်တတ်မှု ကြောင့် နာမည်ကောင်းရသူ။

"ကြီးညွှန့်တို့ သရဏဂုံပျက်စေ တဲ့ လုပ်ရပ်တွေ လုပ်နေခဲ့တာပေါ့"

"ကြီးညွှန့် ကြုံပြောထားသာ သမီးလေးသိရင် ကြီးညွှန့်တို့ကို အပြစ် တင်မှာလို့"

မြနှင်း မယုံနိုင်လောက်အောင် အံ့ဩနေမိသည်။ သူမကို မပြောရဲသည် မှာ အခုလိုကိစ္စဖြစ်မည်ဟု လုံးဝမျှော် လင့်မထား။

"သမီး ကိုယ့်နားနဲ့ မျက်စိ မယုံနိုင်လောက်အောင် ဖြစ်မိတယ် ကြီးညွှန့်တို့ ကျင့်ကြံခဲ့တဲ့ တရားတွေ ဘယ်အရပ်ရောက်ကုန်လဲ"

ကရုဏာဒေါသကြောင့် လေသံ ပင် နည်းနည်းမာသွားမိသည်။

"ပြောလဲ ခံရတော့မှာပဲ သမီး ရယ်၊ ကြီးညွှန့်တို့က မှားနေတာကိုး"

မှားမှန်းတော့ သိသားပဲ ဟု စိတ်ထဲ ဝေဖန်မိသည်။

ထိုစဉ် ကြီးပုထွက်လာကာ . .

"ဒီလိုသမီးရဲ့ ကြီးပုတို့ ခြံရောင်း မလို့ တိုင်ပင်ကာရှိသေး၊ တူမကြီး ရှေ ရည်က ကြီးပုတို့ဆီကို သူ့ဆရာမရဲ့ ယတြာအစီအမံတွေ လုပ်လာတာပဲ သူက စေတနာနဲ့ အမြန်ရောင်းထွက် အောင် တွက်ချက်လာတော့လဲ ကြီး တို့က အားနာတာနဲ့ လက်ခံဆောင်ရွက် ဖြစ်သွားတာ"

"အဲဒါခက်တာပေါ့၊ မမက ကြီး ပုတို့ လုပ်တယ် မလုပ်ဘူး လာစစ် မှာမို့လား လိုက်လုပ်ရအောင်"

"ဟုတ်တော့ ဟုတ်ပါတယ်"

"မလုပ်လဲ ဘာသိမှာလဲ၊ ကြီး ညွှန့်တို့ ကြီးပုတို့ ခုလိုလုပ်တာ အ လို့ကို မဆုံးဘူး၊ အနှစ်နှစ်ဆယ် ရိပ်သာမှာ အားထုတ်ခဲ့တာ အား

www.burmeseclassic.com

သရဏဂုံပျက်ကြောင်းတွေ လုပ်ရဲတာ သမီးတော့ ခုထိ မယုံနိုင်ဘူး"

မြနှင်းပြောရင်း ဒေါသထွက်လာပြန်သည်။

"ဟုတ်ပါတယ် သမီးရယ်၊ ကြီးညွန့်တို့လဲ ပထမတော့ မလုပ်ဘဲ နေမလို့ပါ၊ ဒါပေမယ့် နင့်အစ်မက ပြောသွားသေးတယ်၊ သူမှာ အဲဒါတွေအတွက် ငွေနှစ်သောင်းခွဲတောင် ပေးခဲ့ရတယ်ဆိုပဲ၊ အဲဒါနဲ့ ကြီးညွန့်တို့က လူကြီးတွေမဟုတ်လား၊ ငွေတွေ ဒီလောက်အကုန်ခံခဲ့တာ လုပ်မှ ကောင်းမှာပါလေဆိုပြီး လုပ်ဖြစ်သွားတာပဲ"

"ဟင်း"

မြနှင်း သက်ပြင်းသာ ချလိုက်တော့သည်။ ပြီးမှ. . .

"ဒါနဲ့ နေပါဦး၊ ဘယ်လိုတွေ လုပ်ရတာလဲ"

"မနက်ဆို ဖယောင်းတိုင် (၉) တိုင်၊ အမွှေးတိုင် (၉)တိုင်နဲ့ တစ်ခါ ထွန်းပြီး ဆုတောင်း၊ ညနေဆိုလဲ အဲဒီလိုပဲ ထပ်လုပ်၊ တစ်ရက် နှစ်ကြိမ် လုပ်ရတယ်"

"အဲဒါတွေက အားလုံးပေးလိုက်တာလား"

"ဘယ်ကလာ ပေးလိုက်ရမှာလဲ၊ သူက ပေးလိုက်တာ ကြေးပန်းကန်၊ အင်းချပ်နဲ့ ဆေးဖယောင်းတိုင် တစ်တိုင်စီပဲ၊ ကျန်တာတွေက ကိုယ့်ဘာသာကိုယ် ထပ်ပြီး အိတ်စိုက်ဝယ်ရတာ၊ သူပေးတာတွေကလဲ ပြန်သွားပို့ရမှာလေ"

ပွင့်ပွင့်လင်းလင်း ပြောတတ်သော ကြီးပု၏ စကားအဆုံး. . .

"ဒုက္ခက လုံးဝ မသေးပါလားကြီးတော်တို့ရယ်"

"ခု အဲဒါလုပ်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်လကျော် တစ်လခွဲနီးပါးတော့ရှိပြီ၊ ဟုတ်တယ်နော် ညွန့်ညွန့်"

ကြီးဒေါ်ပု၏ အမေးကို . . .

"တစ်လခွဲ အတိအကျဆို ဒီနေ့ ၄၅ ရက် ရှိပြီ"

တိကျသေချာသူပီပီ ကြီးညွန့် ပြန်ဖြေသည်။

"ဘာ ထူးခြားလဲ"

"လာတော့ မေးကြပါတယ်"

ကြီးညွန့်၏ အားမရှိစွာ ဖြေသံကြားရသည်။

"မေးပြီး ပျောက်သွားရော မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ် မေးမေးပြီး ပျောက်သွားကြပြန်ရော"

ကြီးပုမှ ဖြေသည်။

"ဟင်း"

မြနှင်း သက်ပြင်း ထပ်ချလိုက်မိပြန်သည်။ ပြီးမှ. . .

"ရောင်းဈေးနဲ့ ခေါ်ဈေး တအားခွာပြောထားလို့လား"

"မပြောပါဘူး၊ ဒါပေမယ့်ဒီဘက်မှာ ပွဲစားတွေက နည်းနည်းတော့ ဇာတ်ရှုပ်တယ်၊ သူတို့က ပွဲခထက် ပွဲညွှန့်တင်ရိုက်ချင်နေကြတာ"

"အဓိကက ကိုယ့်စိတ်ပြတ်ဖို့ပဲ လိုတာပါ၊ ငွေပေါ်ဈေးရောင်းမှာမှ မဟုတ်တာ၊ သူတို့ နှိမ်ချင်တိုင်းလဲ နှိမ်လို့ မရပါဘူး၊ လိုချင်တဲ့ဈေး ရနိုင် မရနိုင် ကြီးညွန့်တို့က ဒီမှာနေတဲ့လူတွေပဲ တီးခေါက်လို့ ရတာပဲဟာ"

ပြောသာ ပြောလိုက်ရသည်။ ဤရပ်ကွက်ထိပ်တွင် ကြီးတော်အိမ်သတင်းက ပြန့်နေပြီးသား ဖြစ်သည်။ အဘွားကြီးနှစ်ယောက်တည်းဆို၍ ပွဲစားများ အချဉ်ဖမ်းနေကြမှန်း ပွဲစားပီပီ စနည်းနာခဲ့ပြီး ဖြစ်သည်။

"ကြီးညွန့်တို့ဘက်က ရောင်းနိုင်မယ့်ဈေးကို စိတ်ပိုင်းဖြတ်ထားဖို့တော့ လိုမယ်၊ အဲဒီဈေးထက်တော့ လျှော့မပေးနဲ့ပေါ့"

"အမယ်လေးလေး၊ ကြီးညွန့်တို့က စိတ်ပြတ်ပါတယ်၊ သူတို့ကိုယ်က တော်ကြာတစ်မျိုး၊ တော်ကြာတစ်မျိုး လာလာလုပ်နေကြတာပါအေ"

"ဟုတ်တယ်သမီးရဲ့၊ ကြီးပုတို့က စိတ်ဖြတ်ပြီးသား၊ ဝယ်လက်တွေကလဲ အိမ်ကိုကြည့်ပြီး ကြိုက်တယ်ပြောတယ်၊ ပြီးရင် အနိမ့်ဆုံးဈေးကို မေးကြတယ်၊ ဒါပေမယ့် ဈေးသာဆစ်သွားကြတာ ပြီးတော့ မလာကြတော့ဘူး"

ကြီးပုမှ စိတ်ပျက်စွာ ပြောသည်။

"အင်း ဒါနဲ့ ယတြာက ဘယ်လောက်အတွင်း ရောင်းရမယ်တဲ့လဲ"

"တစ်လ၊ အင်း အလွန်ဆုံး နှစ်လအတွင်းတဲ့"

"ဟင် ဒါဆို နောက်နှစ်ပတ်ဆိုသူ့ယတြာချိန် ပြီးပြီပေါ့"

"ဟုတ်တယ် ပြီးရင် အဲဒီဆရာမရဲ့ ပစ္စည်းတွေကို ပြန်ပို့ပေးရဦးမယ်၊ အလုပ်ကို ရှုပ်ပါတယ်အေ"

ကြီးညွန့်၏ စကားကို ကြီးပုက

"တစ်ခုတော့ ကောင်းပါတယ်အေ၊ သူ့ရက်ချိန်းနှစ်လပြည့်လို့ မရောင်းရရင် တို့တွေ တစ်သိန်း မကုန်တော့ဘူးပေါ့ ညွန့်ညွန့်ရဲ့"

"ဘာရယ် တစ်သိန်း ဟုတ်လား၊ အဲဒါ ဘာပြောတာလဲ"

မြနှင်း အလန့်တကြား မေးမိသည်။

"ဒီလို သမီးလေးရဲ့၊ နင့်အစ်မက ခု နှစ်သောင်းခွဲပေးခဲ့ရတာ အစီအရင်လုပ်ခ၊ သူပြောတဲ့ အချိန်အတွင်း အရောင်းအဝယ်ဖြစ်သွားမှ သူ့ကို တစ်သိန်း ကန်တော့ရမှာ ပညာကြေးတဲ့"

"အမယ်လေး ကျားသားမိုးကြိုးပါလား၊ တောင်းရဲလိုက်တာနော်၊ ဒါဆို ဒီအတောအတွင်း အရောင်းအဝယ်မဖြစ်ခဲ့ရင်ကော အလျော်အစားကဘာရှိလဲ"

"ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေတော်၊ သမီးရယ် အရောင်းအဝယ် ဖြစ်ပါစေသာ ဆုတောင်းပေးစမ်းပါကွယ်၊ ကြီးညွန့်တို့တွေလဲ ဒီအတောအတွင်း ရိပ်သာလဲ မဝင်ဖြစ်တော့ အကြွေးတောင် နည်းနည်းတင်နေတယ်ကွယ် အရောင်းအဝယ်ဖြစ်မှ ဖြစ်မယ် သမီးလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ကြီးညွန့်တို့ကတော့ ယောဂီတွေလို့ ခေါ်ဖို့ မကောင်းတော့ဘူး ဘုန်းဘုရားကြီး ပြောသလို ရှောပလီတွေ ဖြစ်နေပြီ၊ ရိပ်သာဝင်ပြီး အားထုတ်တာလဲ နှစ်ချို့နေပြီ ခုထိ ဒီအစွဲတွေ မကျွတ်သေးပါလားနော်"

"တူမကြီး ရွှေရည်ကို အားနာလို့ လက်ခံရင်း လုပ်နေရတာပါ"

"အားနာတာနဲ့ပဲ ကိုယ့်သရဏဂုံကို အပျက်ခံ၊ အနှမ်းခံတော့မှာလား၊ ကဲ ကဲ သမီးကို ယုံရင် ခုပဲ အဲဒီအစီအမံဆိုတာတွေ သိမ်းပြီး သွားပို့လိုက်တော့၊ ကြီးညွန့်တို့လိုချင်တဲ့ ဈေးအတိုင်း ရောင်းထွက်စေရမယ် ဟုတ်ပြီလား"

မြနှင်း ခပ်ပြတ်ပြတ်နဲ့ အပိုင်ပြောလိုက်သည်။ သို့ရာတွင် . . .

"သမီးလေးရယ် နှစ်ပတ်ပြီးမှပဲ သွားပို့လိုက်ပါတော့မယ်၊ ရွှေရည်က သူ့ဆရာမကို သိပ်ယုံတာလေး တော်ကြာအတိုက်အခံတွေ ဖြစ်မှာစိုးလို့ပါ၊ ကြီးညွန့်တို့ကိုရော ငါ့သမီးကိုပါ သူ့ အထင်မလွဲစေချင်ဘူး"

မြနှင်း မတတ်နိုင်တော့ပေ။ အိမ်ရောင်းနေသော်လည်း ဝယ်သူမရှိ။ လာကြည့်၊ ဈေးအစ်၊ ဈေးနှိုက်ပြီး ပြန်နေကြသော ပွဲစားလူလည်များကြောင့် အရောင်းအဝယ်မဖြစ်သည်ကို သူတို့ မသိ။

အမှန်အကန် ကူညီရန် ရောက်လာသော တူမကို ပြန်လွှတ်နေသည်မှာ "ဖွတ်မရ ဓားမဆုံး" ဖြစ်နေကြမှန်းလည်း သူတို့ မသိ။

ရှိပါစေလေ။ သူတို့ ပြောပုံအရ သည်လက်ကျန်နှစ်ပတ်အတွင်း ရောင်းထွက်သွားလည်း ယတြာဆရာမကြီးက အချောင်သက်သက် တစ်သိန်းနှိုက်ကာ စားခြင်း ခံရမည်ဖြစ်သည်။

ထို့ကြောင့် မြနှင်း ကူညီမည့် အစီအစဉ်ကို စိတ်လျှော့ကာ ပြန်ရုံမှအပ အခြားလုပ်စရာမရှိပြီ။

ထိုနေ့က မြနှင်းတစ်ယောက် ကြီးတော်နှစ်ယောက်နှင့် တွေ့ရာဇလေးပါး ပြောရင်း နေကုန်မှ အိမ်ပြန်ခဲ့တော့သည်။

မြနှင်းကို ယုံကြည်ပြီး တောင်ဒဂုံအတွင်း အိမ်ရှာ ဝယ်လက်ကိုတော့ အားနာနာနှင့် တောင်းပန်ခဲ့ရသည်။

xxx

နှစ်ပတ်လွန်မြောက်ပြီးချိန်တွင် -

"ဒေါက် ဒေါက် ဒေါက်"

"လာပြီ . . . လာပြီ"

တံခါးခေါက်သံကြား၍ မြနှင်း အပြေးအလွှားသွားဖွင့်တော့ . . .

"ဟယ် ကြီးညွန့်တို့ပါလား"

"သမီး အိပ်နေတုန်းလား၊ ကြီးညွန့်တို့က နှစ်ပတ်ပြည့်လို့ ယတြာအစီအရင်ပစ္စည်းတွေ သွားပို့ပြီး သမီးလေးဆီ ဝင်ပြောတာပါ၊ ကြီးညွန့်တို့အိမ်ရောင်းမထွက်သေးဘူးကွယ်"

မြနှင်းရင်ထဲ နင့်သွားသည်။ အိုကြီးအိုမ နှစ်ယောက်၏ မျက်နှာပေါ်ဝယ် ဝမ်းနည်းအားငယ်ရိပ်များ လွှမ်းမိုးလို့နေသည်။

"မအိပ်ပါဘူး နိုးနေပါပြီ၊ လာ နောက်ဖေးခန်းမှာ တစ်ခုခု သွားစားရင်း ပြောကြတာပေါ့"

စိတ်ပြောင်းစေရန် စကားလွှဲလိုက်သော်လည်း. . .

"ကြီးညွန့်တို့ မှားသွားပြီ သမီးရယ်၊ အမှန်ဆို ကြီးညွန့်တို့ သမီးကို ပြောပြီး အကူအညီတောင်းသင့်တာပါ"

"ခြော် ရပါတယ်၊ သမီးက စေတနာနဲ့ သတိပေးရုံပါ။ ခု ကြီးညွန့်တို့ တစ်ဖက်နဲ့ ကိစ္စရှင်းသွားတော့ သမီးလဲ လုပ်ပေးရတာ လွတ်လပ်တာပေါ့ ဟုတ်ဖူးလား"

"ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေတော် ငါ့သမီးကို အားကိုးပါတယ်၊ ဝယ်လက်လေး အမြန်ဆုံးရှာပေးပါကွယ်"

"စိတ်ချ စိတ်ချ၊ ဒီတစ်ပတ်အတွင်း အရောင်းအဝယ် ဖြစ်စေရမယ်၊ ဈေးက ဟိုတစ်ခေါက် ပြောထားတဲ့ အတိုင်း အပြောင်းအလဲမရှိဘူး မဟုတ်လား"

"မပြောင်းပါဘူး သမီးရ[illegible] မပြောင်းပါဘူး၊ အဲဒီဈေးအတိုင်း[illegible] တော်ပါပြီ"

မျက်နှာငယ်လေးများဖြင့် [illegible] နေကြသော ကြီးတော်နှစ်ဦးကို [illegible] ငွေထက် ပိုပေးဝယ်နိုင်သည့် ဝယ်လ[illegible] တစ်ဦး လွန်ခဲ့သော နှစ်ပတ်အတွင်း[illegible] လက်လွှတ်သွားပြီဖြစ်ကြောင်း မြ[illegible] မပြောရက်တော့ပါ။

သို့ဖြင့် နောက်နှစ်ရက်အတွ[illegible] သူတို့ပြောထားသော ဈေးနှုန်းအတို[illegible] ပေးနိုင်သော ဝယ်လက်တစ်ဦးကို [illegible] ချင်း စည်းရုံးပေးနိုင်ခဲ့သည်မို့ [illegible] အရောင်းအဝယ် ဖြစ်မြောက်သွား[illegible] သည်။ ကြီးတော်နှစ်ဦးထံမှ အ[illegible] ဆောင်ခအဖြစ် ပေးသော မုန့်ဖိုးငွေ[illegible] လုံးဝလက်မခံဘဲ ပြန်ကန်တော့ခဲ့သ[illegible] စေတနာကို အစွန်းထင်းမခံနိုင်သေ[illegible] မြနှင်း ဖြစ်သည်ကိုး။

သို့ရာတွင် လောဘကြော[illegible] သရဏဂုံပျက်ခဲ့ရသော ကြီးတော်နှ[illegible] သည် အိမ်ပါမစ်ပေါင်သုံးထားသ[illegible] အတွက် တက်ခဲ့ရသော အတိုးငွေ[illegible] သုံးသောင်းကျပ်နှင့် ယတြာအစီအ[illegible] များပြုလုပ်ပေးသော တူမကြီး ရွှေ[illegible] စိုက်ထားငွေနှစ်သောင်းငါးထောင်[illegible] စုစုပေါင်း ငါးသောင်းငါးထောင်ကျ[illegible] မစားရ မသောက်ရနှင့် အိုစာမင်းစာ[illegible] မှ အကုန်ခံပေးခဲ့ရပေတော့သည်။

❒ ဓလေ[illegible]





www.burmeseclassic.com

www.burmeseclassic.com



# သန့် ဝုံ ဝ မ ဗုဒ္ဓ လေးဆူ ဓောင် ဆုပ္ပူ

ဆုကြီးပန် – လှအောင်(ကြေး/မြေ)

လေးဆူဓာတ်ပုံ ရွှေတိဂုံဆိုသည့် စကားနှင့်အညီ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားစဉ်က ကကုသန် မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂုံ မြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပ မြတ်စွာဘုရား၏ ရေသနုပ်တော်၊ ဂေါတမ မြတ်စွာဘုရား၏ ဆံတော် တို့ကို ထည့်သွင်း ဌာပနာကာ တည်ထားတော်မူခဲ့ပါသည်။

ထို့ကြောင့် ကမ္ဘာပေါ်မှာရှိသည့် ဗုဒ္ဓဘာသာကိုးကွယ်တော်မူသည့် နိုင်ငံအသီးသီးရှိ စေတီတော်၊ ရုပ်ပွားတော်၊ ပုထိုးတော်တို့တွင် မြတ်စွာဘုရား လေးဆူတို့၏ ဓာတ်တော်မွေတော်များ ဟစ်စုတစ်ဝေးတည်း ထည့်သွင်းဌာပနာတော်မူသည့် ဘုရားမှာ ရွှေတိဂုံစေတီတော်မှတစ်ပါး အခြားမရှိပါ။ ထို့ကြောင့်လည်း "လေးဆူဓာတ်ပုံ ရွှေတိဂုံ" ဟူ၍ ကမ္ဘာမှာ ထင်ရှား ကျော်ကြား တန်ခိုးကြီးမားသည့် စေတီတော်အဖြစ် မြန်မာပြည်သားများသာမက ကမ္ဘာမှ အသိအမှတ်ပြုကြပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတွင် မုခ်လေးမုခ်ရှိပြီး အာရုံခံတန်ဆောင်း လေးခု တည်ဆောက်ထားပါသည်။

အရှေ့အရပ်ရှိ အာရုံခံတန်ဆောင်းအတွင်း၌ ကကုသန် ရုပ်ပွားတော်၊ အနောက်အရပ်ရှိ အာရုံခံတန်ဆောင်းအတွင်း၌ ကဿပရုပ်ပွားတော်၊ တောင်အရပ်ရှိ အာရုံခံတန်ဆောင်းအတွင်း၌ ကောဏာဂုံရုပ်ပွားတော်၊ မြောက်အရပ်ရှိ အာရုံခံတန်ဆောင်းအတွင်း၌ ဂေါတမ ရုပ်ပွားတော်တို့ ကိန်းဝပ်စံပယ်တော်မူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကကုသန်မြတ်စွာဘုရားနှင့် တောင်ဝေ့းတော်တို့ကို အာရုံပြုကာ သစ္စာဆို အဓိဋ္ဌာန်ပြုပါက ကကုသန်မြတ်စွာဘုရားနှင့် တောင်ဝေ့းတော်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တော်တို့ကြောင့် မိမိတို့တွင် ယိုင်လဲ ပြိုပျက်နေသော စီးပွားရေး ပညာရေး ကျန်းမာရေး အလုပ်အကိုင် အတြဲအစည်များသည် အမြန်ဆုံး ပြန်လည်တည့်မတ် အောင်မြင်ခြင်းသို့ ပြန်လည်ရောက်ရှိတော်မူနိုင်ပါသည်။

ကောဏာဂုံဘုရားနှင့် ရေစစ်တော်တို့ကို အာရုံပြုကာ သစ္စာဆိုအဓိဋ္ဌာန်ပြုပါက ကောဏာဂုံမြတ်စွာဘုရားနှင့် ရေစစ်တော်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တော်တို့ကြောင့် မိမိတို့သည် စစ်မှန်သော မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။

ကဿပ မြတ်စွာဘုရားနှင့် ရေသနုပ်တော်တို့ကို အာရုံပြုကာ သစ္စာဆိုအဓိဋ္ဌာန်ပြုပါက ကဿပမြတ်စွာဘုရားနှင့် ရေသနုပ်တော်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တော်တို့ကြောင့် မိမိတို့၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အရှက်တကွဲ အကျိုးနည်းစေမည့် ကိစ္စရပ်များကို ကျော်လွှားလွန်မြောက် အောင်မြင်ခြင်းသို့ ရောက်ရှိစေနိုင်ပါသည်။

ဂေါတမမြတ်စွာဘုရားနှင့် ဆံတော်မြတ်တို့ကို အာရုံပြုကာ သစ္စာဆိုအဓိဋ္ဌာန်ပြုပါက ဂေါတမမြတ်စွာဘုရားနှင့် ဆံတော်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တော်တို့ကြောင့် မိမိတို့ ဘုန်းတန်ခိုး ကြီးမားမြင့်မြတ်ခြင်းသို့ ရောက်ရှိစေနိုင်ပါသည်။

## အဓိဋ္ဌာန်ပြုနည်း

ရှေးဦးစွာ အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ကကုသန်မြတ်စွာဘုရားထံ ပန်း၊ ရေချမ်း ကပ်လှူ ရှစ်ပါးသီလ ခံယူတော်မူပြီး ပဋ္ဌာန်းပါဠိ ကိုးခေါက်ရွတ်ဆိုပူဇော်ပါ။ အရဟံဂုဏ်တော်ကြီးကို အဓိဋ္ဌာန်တင်ပြီး (၁၀၈)လုံး ပုတီးဖြင့် ၁၅ ပတ် ပူဇော်ပါ။

ပုတီးဖြင့် ပူဇော်ပြီး ဆုတောင်းရမည်မှာ "ကကုသန်မြတ်စွာဘုရားနှင့် တောင်ဝေ့းတော်တို့ကို သက်သေပြုလျက် အရဟံဂုဏ်တော်ကြီးကို (၁၀၈)ကြိမ် ၁၅ လီ တစ်ရက်မြောက် အောင်မြင်စွာ ပူဇော်နိုင်ခဲ့ပါပြီဘုရား။ ဤသို့ ပူဇော်ရသော အကျိုးအားကြောင့် ကကုသန်မြတ်စွာဘုရားနှင့် တောင်ဝေ့းတော်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တော်တို့ကြောင့် ဘုရားတပည့်တော်တို့တွင် ကြုံတွေ့ခံစားနေရသော ယိုင်လဲပြိုပျက်နေသည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေးတို့သည် အမြန်ဆုံး ပြန်လည်တည့်မတ် အောင်မြင်ရပါစေသား ကကုသန်မြတ်စွာဘုရားနှင့် တောင်ဝေ့းတော်တို့ဘုရား"။

ဒုတိယ တောင်ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ကောဏာဂုံမြတ်စွာဘုရားထံ ပန်း၊ ရေချမ်းကပ်လှူ ရှစ်ပါးသီလ ခံယူတော်မူပြီး ပဋ္ဌာန်းပါဠိ ကိုးခေါက်ရွတ်ဆို ပူဇော်ပါ။ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကြီးကို အဓိဋ္ဌာန်တင်ပြီး (၁၀၈)လုံး ပုတီးဖြင့် ၁၇ ပတ် ပူဇော်ပါ။

ပုတီးဖြင့် ပူဇော်ပြီး ဆုတောင်းရမည်မှာ "ကောဏာဂုံမြတ်စွာဘုရားနှင့် ရေစစ်တော်တို့ကို သက်သေပြုလျက် သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကြီးကို (၁၀၈)ကြိမ် ၁၇ လီ တစ်ရက်မြောက် အောင်မြင်စွာ ပူဇော်နိုင်ခဲ့ပါပြီဘုရား။ ဤသို့ ပူဇော်ရသော အကျိုးအားကြောင့် ကောဏာဂုံမြတ်စွာဘုရားနှင့် ရေစစ်တော်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တော်တို့ကြောင့် ဘုရားတပည့်တော်တို့ ကျင့်ကြံပွားများ အားထုတ်လျက်ရှိသော တရားတော်မြတ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ် တရားစစ် တရားမှန်ဖြစ်ရပါစေသား ကောဏာဂုံမြတ်စွာဘုရားနှင့် ရေစစ်တော်မြတ်တို့ဘုရား"

တတိယ အနောက်ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ကဿပမြတ်စွာဘုရားထံ ပန်း၊ ရေချမ်းကပ်လှူ ရှစ်ပါးသီလ ခံယူတော်မူပြီး ပဋ္ဌာန်းပါဠိ ကိုးခေါက်ရွတ်ဆို ပူဇော်ပါ။ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်ကြီးကို အဓိဋ္ဌာန်တင်ပြီး (၁၀၈)လုံးပုတီးဖြင့် ၁၉ ပတ်ပူဇော်ပါ။

ပုတီးဖြင့်ပူဇော်ပြီး ဆုတောင်းရမည်မှာ "ကဿပမြတ်စွာဘုရားနှင့် ရေသနုပ်တော်တို့ကို သက်သေပြုလျက် အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်ကြီးကို အဓိဋ္ဌာန်တင်ပြီး (၁၀၈)ကြိမ် ၁၉ လီ တစ်ရက်မြောက် အောင်မြင်စွာ ပူဇော်နိုင်ခဲ့ပါပြီ ဘုရား။ ဤသို့ ပူဇော်ရသော အကျိုးအားကြောင့် ကဿပမြတ်စွာဘုရားနှင့် ရေသနုပ်တော်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တော်တို့ကြောင့် ဘုရားတပည့်တော်တို့တွင် ကြုံတွေ့ခံစားနေရသော ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အရှက်တကွဲ အကျိုးနည်းစေမည့် ဖြစ်ရပ်များကို ကျော်လွှားလွန်မြောက် အောင်မြင်ခြင်းသို့ ရောက်ရပါစေသား ကဿပမြတ်စွာဘုရားနှင့် ရေသနုပ်တော်မြတ်တို့ ဘုရား"

စတုတ္ထ မြောက်ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ဂေါတမမြတ်စွာဘုရားထံ ပန်း၊ ရေချမ်း ကပ်လှူ ရှစ်ပါးသီလ ခံယူတော်မူပြီး ပဋ္ဌာန်းပါဠိ ကိုးခေါက်ရွတ်ဆို ပူဇော်ပါ။ ဘဂဝါ ဂုဏ်တော်ကြီးကို အဓိဋ္ဌာန်တင်ပြီး (၁၀၈)လုံးပုတီးဖြင့် ၂၁ ပတ် ပူဇော်ပါ။

ပုတီးဖြင့် ပူဇော်ပြီး ဆုတောင်းရမည်မှာ "ဂေါတမမြတ်စွာဘုရားနှင့် ဆံတော်မြတ်တို့ကို သက်သေပြုလျက် ဘဂဝါဂုဏ်တော်ကြီးကို အဓိဋ္ဌာန်တင်ပြီး (၁၀၈)ကြိမ် ၂၁ လီ တစ်ရက်မြောက် အောင်မြင်စွာ ပူဇော်နိုင်ခဲ့ပါပြီဘုရား။ ဤသို့ ပူဇော်ရသော အကျိုးအားကြော င့် ဂေါတမမြတ်စွာ

www.burmeseclassic.com

ဘုရားနှင့် ဆံတော်မြတ်တို့၏ ဘုန်းတန်ခိုးတော် အာနုဘော်တို့ကြောင့် အရှင်မြတ်ဘုရား၏ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တတို့သည် ဘုရားတပည့်တော်တို့၏ ဦးထိပ်ထက်၌ အမြဲကိန်းစက် စောင့်ရှောက်တည်နေတော်မူပါရန် ရှိသေမြတ်နိုး လက်စုံတော်မိုး၍ ရှိခိုးပန်ကြား လျှောက်ထားအပ်ပါကုန်၏ ဂေါတမမြတ်စွာဘုရားနှင့် ဆံတော်မြတ်တို့ဘုရား"

မြတ်ဘုရားလေးဆူထံ အဓိဋ္ဌာန်ပြုပြီးလျှင် ရာဟုထောင့်ရှိ အောင်မြေမှာ ထပ်ဆင့်ဆုတောင်း အမျှအတမ်းများ ပေးဝေရမည်ဖြစ်ပါသည်။ အောင်မြေနေရာ၌ ဆုတောင်းရမည်မှာ . . .

"ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပေထသော သန်၊ ဂုံ၊ ပ၊ မ ဗုဒ္ဓလေးဆူ အောင်တော်မူ မြတ်ဘုရားများ၏ ဓာတ်သားစစ်စစ် ကေန်ဖြစ်တော်မူပေထသော ရွှေတိဂုံစေတီတော်မြတ်ကြီးဘုရား၊ ဘုရားတပည့်တော်သည် ကကုသန်မြတ်စွာဘုရားနှင့် တောင်ဝှေးတော်မြတ်တို့ကို သက်သေပြုလျက် အရဟံဂုဏ်တော် (၁၀၈)ကြိမ် ၁၅ လီ၊ ကောဏာဂုံမြတ်စွာဘုရားနှင့် ရေစစ်တော်မြတ်တို့ကို သက်သေပြုလျက် သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် (၁၀၈)ကြိမ် ၁၇ လီ၊ ကဿပမြတ်စွာဘုရားနှင့် ရေသနုပ်တော်မြတ်တို့ကို သက်သေပြုလျက် အနုတ္တရောပုရိသ ဒမ္မသာရထိဂုဏ်တော်ကြီးကို (၁၀၈)ကြိမ် ၁၉ လီ၊ ဂေါတမမြတ်စွာဘုရားနှင့် ဆံတော်မြတ်တို့ကို သက်သေပြုလျက် ဘဂဝါဂုဏ်တော်ကြီးကို (၁၀၈)ကြိမ် ၂၁ လီ တစ်ရက်မြောက် အောင်မြင်စွာကျင့်ကြံကြိုးကုတ်အားထုတ်၍ ပြီးမြောက်အောင်မြင်ခဲ့ပါပြီဘုရား။

ဘုရားတပည့်တော်သည် ဘုရားကို ယုံကြည်ပါကုန်၏။ တရားကို ယုံကြည်ပါကုန်၏။ သံဃာကို ယုံကြည်ပါကုန်၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် ဘုရားတပည့်တော်သည် အန္တရာယ်အမျိုးမျိုး အဆိုးဟူသမျှ ကင်းစင်ပ၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ စိုးရိမ်ကြောင့်ကြဗျာပါဒကင်းစွာဖြင့် နှမြောတွန့်တို ဝန်တိုခြင်းမရှိ လှူနိုင် တန်းနိုင် ပေးနိုင် ကမ်းနိုင်သော ဘုရားဒကာ၊ ကျောင်းဒကာ၊ သိမ်ဒကာ၊ ရဟန်းဒကာ၊ ပစ္စည်းလေးပါးဒကာအဖြစ် တည်ရှိခံစားစံစားရပြီးလျှင် အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်အောင်ပွဲ ပျော်ပျော်ကြီး ပါဝင်ဆင်နွှဲရပါလိုကုန်၏ သန်၊ ဂုံ၊ ပ၊ မ ဗုဒ္ဓလေးဆူ အောင်တော်မူ အရှင်သူမြတ်တို့ဘုရား"

ဟူ၍ ဆုတောင်းရပါမည်။

"ဘုရားတပည့်တော် ဘဝအဆက်ဆက် သံသရာအဆက်ဆက် ပြုခဲ့သမျှသော ဒါနကုသိုလ်၊ ဆောက်တည်ခဲ့သော သီလကုသိုလ်၊ ပွားများခဲ့သော ဘာဝနာကုသိုလ် အထိုထိုသော ကုသိုလ်အဝဝတို့အား ဤဘဝမှာ တော်စပ်သမျှသော မိဘဆွေမျိုး ကျေးဇူးရှင်အပေါင်း၊ ဘဝ ဘဝ ကမ္ဘာကမ္ဘာက တော်စပ်ခဲ့ဖူးသမျှသော မိဘ၊ ဆရာသမား ဆွေမျိုး ကျေးဇူးရှင်အပေါင်း၊ ကျွန်ုပ်၏ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့စောင့်နတ်၊ တောင်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ မြို့တော်ရှင်အပေါင်း၊ ရွာတော်ရှင်အပေါင်း၊ တွင်းပိုင်ဘိုးဘိုးကြီးများနှင့်တကွ ရေလမိုင်း၊ မြေလမိုင်း၊ တောင်းကင်လမိုင်း၊ သိုက်နန်းရှင်ဘိုးဘိုးကြီးများ၊ ရွှေတိဂုံဘိုးဘိုးကြီးများ၊ ဆူးလေဘိုးဘိုးကြီး၊ ဗိုလ်တထောင်ဘိုးဘိုးကြီး၊ ကျိုက္ကဆံဘိုးဘိုးကြီး၊ တောင်ဥက္ကလာဘိုးဘိုးကြီး၊ သယ်နှ်းကျွန်းဘိုးဘိုးကြီး၊ မော်ဘီဘိုးဘိုးကြီး၊ သန်လျင်ကျိုက်ခေါက်ဘိုးဘိုးကြီး၊ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ခမဲပြင်ဘိုးဘိုးကြီး၊ ထွက်ရပ်ပေါက်ဆရာတော်ဘုရားကြီး ဦးပေါက်ဆိန်၊ လယ်တီဆရာတော် ဦးသုမင်္ဂလ၊ ရေဆူဆရာတော် ဦးဉတ္တမ၊ သာမညဆရာတော်၊ ရွှေပေါ်ကျွန်းဆရာတော်၊ ကျိုက်ထီးဆောင်းဆရာတော်၊ ဦးအာသဘ ဆရာတော်ဘုရားနှင့် နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့နှင့်တကွ ရေမြေသနင်း ပြည့်ရှင်မင်း ငရဲသနင်း ယမမင်း၊ နတ်တို့သနင်း သိကြားမင်း အမျှ အမျှ အမျှ ပေးဝေပါကုန်၏၊ အားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့သည် အမျှရကြသည်ဖြစ်၍ ကျန်းမာကြသည်၊ ချမ်းသာကြသည်၊ ဝမ်းသာကြသည် ဖြစ်ကြပါစေသော်။

အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်တော့။ သာဓု သာဓု သာဓုပါဘုရား။

အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်တော့။ သာဓု သာဓု သာဓုပါဘုရား။

အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်တော့။ သာဓု သာဓု သာဓုပါဘုရား"

ဤတွင် တစ်ရက်မြောက်အဓိဋ္ဌာန် ပြီးမြောက်အောင်မြင်ပြီး ဖြစ်ပါသည်။ ဤနည်းအတိုင်း နေ့စဉ်ဖြစ်စေ၊ ရက်ခြားဖြစ်စေ ကိုးရက်ပြည့်မြောက်အောင် ဝင်လျှင် အဓိဋ္ဌာန် တစ်ကြိမ် ပြီးမြောက်အောင်မြင်မည် ဖြစ်ပါသည်။

မြတ်စွာဘုရား လေးဆူထံမှောက် တစ်နေ့လျှင် အဓိဋ္ဌာန်ပြုသော ပုတီးပတ်ပေါင်းသည် (၇၂)ပတ် နဝင်းကိုက်ဖြစ်ပါသည်။ အဓိဋ္ဌာန်တစ်ကြိမ် အောင်မြင်တိုင်း ရရှိမည့်အကျိုးတရားသည် အနန္တရှိပါသည်။ စာရေးသူကိုယ်တိုင် အကြိမ်ကြိမ် အောင်မြင်ခဲ့ပြီး အခက်အခဲပေါင်းမြောက်မြားစွာကို ကျော်လွှားလွန်မြောက်ခဲ့ပြီး အောင်မြင်ခြင်းသို့ရောက်ရှိကာ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုး ပွားတိုးပြီးမြောက်စေနိုင်သော အကျိုးတရားများ မျှဝေခံစားစေလိုသောကြောင့် ဤစာမူကို ရေးသားပူဇော်ရခြင်း ဖြစ်ပါသည်။

တစ်ကြံဆောင်က ဆယ်ကြံအောင်မြင်ကြပါစေ။

❒ ဆူကြီးဝန် လှအောင် (ကြေး/ချေ)




www.burmeseclassic.com

www.burmeseclassic.com

# ဝိဓူရ လက်ထောက်ဗေဒင်ဟောကိန်း

## ညွန့်လွင်(စက်မှုတက္ကသိုလ်)



ရှေးဟောင်းပုရပိုက်တစ်ခုတွင် ဖော်ပြပါရှိသည့် ဝိဓူရ လက်ထောက်ဗေဒင် ဟောကိန်းကို ဖော်ထုတ်ရေးသားအပ်ပါသည်။ စိတ်ဝင်စားစရာ အလွန်ကောင်းပါသည်။ လူတိုင်းအတွက် မွေးနေ့ မွေးရက် အသက်အရွယ် သိရန်မလိုဘဲ ဗေဒင်မေးမြန်းနိုင်ပြီး အလွယ်တကူပင် ဟောကိန်းကို ဖတ်ရှုနိုင်ပါသည်။

အောက်တွင် ဖော်ပြထားသည့်ပုံတွင် အကွက်(၃၆) ကွက် ရှိပါသည်။ ဟောကိန်းမှာ (၂၄)ခုရှိသည်။ ရတနာသုံးပါး အာရုံပြု၍ မျက်စိမှိတ်ပြီး ချွန်သောအရာတစ်ခုခုနှင့် တစ်ခါတည်း ထောက်ပါ။ ကျရာဂဏန်းကို ဆက်လက်ဖော်ပြမည့် ဟောကိန်းများတွင် ဖတ်ရှုနိုင်ပါသည်။

လက်ထောက်ရန်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၀ | ၄ | ၈ | ၁ | ၁၃ | ၀ | ၁၆ | ၂၀ | ၀ |
| ၃ | ၂၂ | ၀ | ၅ | ၁၂ | ၀ | ၁၈ | ၁၁ | ၀ |
| ၀ | ၁၀ | ၀ | ၇ | ၁၄ | ၂၄ | ၀ | ၀ | ၂ |
| ၂၃ | ၉ | ၀ | ၀ | ၁၇ | ၁၉ | ၆ | ၁၅ | ၂၁ |

မှတ်ချက်

(၀)မှာ ထောက်မိပါက မျဉ်းကြောင်းပေါ်တွင် ထောက်မိပါက ဒီနေ့အဖို့ ဘာမှမမေးပါနှင့်တော့။ ဝိဓူရ စိတ်

www.burmeseclassic.com

ဆိုးသည်။ နောက်နေ့မှ မေးပါ ဟူ၍ ရွှေဟောင်းပုရပိုက်တွင် ဖော်ပြထားပါသည်။

**ဝိဓူရလက်ထောက်ဗေဒင် ဟောကိန်းများ**

(၀) မမေးပါနှင့်။ မေးရမည့်အချိန် မဟုတ်ပါ။ မနက်ဖြန်မှ မေးပါ။

(၁) မည်သည့်အနှောင့်အယှက်မှ မရှိဘူးဆိုလျှင် မိမိလုပ်နေသော အလုပ်၊ ဆောင်ရွက်နေသောကိစ္စ အားလုံးသည် အောင်မြင်ပြီဟု မှတ်ယူပါ။

(၂) လုပ်ရမည့်အလုပ်များကို အလေးမမူသဖြင့် ဒုက္ခရောက်တော့မည်။ သတိပြု၍ လုပ်ဆောင်သင့်ပါသည်။

(၃) သုံးရက်အတွင်း ကြုံတွေ့နေရသော အဖြစ်အပျက်ကိစ္စများ ပြေလည်တော့မည်။

(၄) နည်းနည်းပါးပါးတော့ ဆုံးရှုံးနစ်နာလိမ့်မည်။ သတိထား၍ လုပ်ဆောင်ပါ။

(၅) လုပ်ငန်းသစ် တွေ့မည်။ လက်မလွှတ်လိုက်ပါနှင့်။

(၆) လခတိုးမည်။ လက်ဆောင်တစ်ခုရလိမ့်မည်။ ငွေရမည်။

(၇) ထင်ရာအရောင်းအဝယ် မလုပ်ပါနှင့်။ အချိန်မကျသေးပါ။

(၈) သုံးရက်ကျော်လျှင် ကံကောင်းပြီ။ ပြိုင်ဘက် ရန်သူကို နိုင်မည်။

(၉) ငွေရမည်။ အမွေရမည်။ ရောင်းလျှင် ဝယ်လျှင် မြတ်မည်။

(၁၀) ကံကောင်းဖို့ နီးနေပြီ။ ဖွဲမလျှော့ပါနှင့်။ ဆက်ကြိုးစားပါ။ အောင်မြင်ပါမည်။

(၁၁) လုပ်နိုင်တာထက် ပို၍စဉ်းစားနေသောကြောင့် ဘာမှ အကောင်အထည် ပေါ်လာမည် မဟုတ်ပါ။ နိုင်သလောက်သာ လုပ်သင့်ပါသည်။

(၁၂) ကံကောင်းပါပြီ။ မိမိလုပ်စရာရှိသည်တို့ကို ဆက်၍ လုပ်ဆောင်ပါ။

(၁၃) အပူမရှာပါနှင့်။ လက်ရှိအခြေအနေတွင် အေးအေးဆေးဆေးနေတာ အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

(၁၄) အမှုဖြစ်နိုင်သည်။ ရန်မရှာပါနှင့်။ သေးသေးလေးက ကြီးလာနိုင်သည်။

(၁၅) သူများကို အားမကိုးပါနှင့်။ မိမိကိုယ်တိုင် ကြိုးစားပါ။ အောင်မြင်ပါလိမ့်မည်။

(၁၆) အပိုစကားများ မပြောမိရန် လိုပါသည်။ သူများစကားကို ချင့်ယုံပါ။ မဟုတ်သောစကားများ ကြားရလိမ့်မည်။

(၁၇) အလိမ်မခံချင်လျှင်၊ မိမိငွေ မဆုံးရှုံးလိုလျှင် သူများကို ငွေမချေးပါနှင့်၊ ငွေမပေးပါနှင့်။

(၁၈) အားမငယ်ပါနှင့်။ ကံကောင်းတော့မည်။ ငွေတွေရတော့မည်။

(၁၉) ခရီးသွားစရာရှိလျှင် သွားပါ။ ရည်မှန်းချက်များ အောင်မြင်လိမ့်မည်။

(၂၀) သတိ၊ ဝီရိယထား၍ နေထိုင်ပါ။ သုံးရက်အတွင်း ဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်သည်။

(၂၁) ဖြုန်းခနဲ ပြဿနာတွေ့မည်။ အခက်အခဲ ကြုံရတတ်သည်။ မကြောက်ပါနှင့်။ ဘာမှမဖြစ်နိုင်ပါ။

(၂၂) ပျင်းရိ၍နေမည်။ ဘာမှ အချောင်မရနိုင်ပါ။ ကြိုးစားအားထုတ်လျှင် အဆင်ပြေပါလိမ့်မည်။

(၂၃) ကံငါးပါးကို လုံခြုံအောင် စောင့်ထိန်းပါ။ အောင်မြင်ပါလိမ့်မည်။ အကျိုးကျေးဇူး ခံစားရတော့မည်။

(၂၄) မိမိစိတ်ထင်ရာကို မလုပ်မိပါစေနှင့်။ မကြာခင် ကံကောင်းတော့မည်။ အချိန်နီးပါပြီ။

❑ ညွှန့်ထွေး (စက်မှုတက္ကသိုလ်)


**စီးပွားရေးလုပ်ငန်းရှင်များ**

**လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

# အတိတ်နိမိတ်ကောင်းတွေ အိပ်မက်ရှုရှုလေးတွေ မကင်းနိုင်ပြီ မှတ်မိလား



**နှုတ်ချက်စီ ဆရာအောင်စိုး**

ပြာသိုလပြည့် မနက်ခင်းချိန်။ စာရေးသူတို့သည် ဗုဒ္ဓဟူးနေ့ မနက်တိုင်း ဆယ်မိုင်ကုန်း Royal လက်ဖက်ရည်ဆိုင်မှာ ဆုံကြသည်။ လောကအကြောင်း၊ ဓမ္မအကြောင်း၊ ဂမ္ဘီရအကြောင်းလေးတွေကို မိမိတို့ ကြုံတွေ့သမျှ၊ ကြားလာသမျှ ဖောက်သည်ချရင်း အပန်းဖြေလေ့ရှိကြသည်။

ဒီနေ့မနက်မှာတော့ အကြောပြင်ဆရာကြီး ဦးသောင်းမှ ထူးထူးခြားခြား အိပ်မက်တွေအကြောင်း စပြောသည်။ ယင်းမှ အိပ်မက်ထဲတွင် ရဟန္တာတွေ ဖူးရတဲ့အကြောင်း၊ တန်ခိုးကြီးဘုရားတွေကို ဖူးရတဲ့အကြောင်း ဂမ္ဘီရဆရာတစ်ပိုင်း အကြောပြင်ဝိဇ္ဇာကြီးက ဆိုလာ၏။ သူ့ရဲ့ အိပ်မက်တွေ ကောင်းလာခြင်းမှာ စလင်း ဆရာတော်ဘုရားကြီး နည်းနာနိဿယအရ ဘုရားဂုဏ်တော်ကိုးပါးကို အပြန်အလှန် (အနုလုံ ပဋိလုံ)ကို မအိပ်မချင်း ရွတ်ဆိုကြောင်း ပြော၏။

ပန်းချီဆရာလေး ကိုဇေမှလည်း အောင်တော်မူဆရာတော်ဘုရားကြီးမှ မိန့်သလို ညအိပ်ရာဝင်တိုင်း မေတ္တာသုတ်တော်ကို ကိုးခေါက်ရွတ်ပြီး ကိုယ်စောင့်နတ်ကိုအစထားပြီး အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရပ်ရွာစောင့်နတ် စသဖြင့် သာသနာစောင့်နတ်၊ လောကပါလနတ်များ၊ စတုမဟာရာဇ်နတ်များကို မေတ္တာပို့ပြီး အိပ်လေ့ရှိကြောင်း၊ အဲဒါကြောင့်မို့ မိမိရဲ့ ပန်းချီကားအချို့မှာ အိပ်မက်ထဲမှရသော အိုင်ဒီယာနှင့် ဆန်းကြယ်သော ရေးချက်တို့ကို ဖန်တီးနိုင်ကြောင်း ဆိုလေ၏။

ဗွီဒီယိုလုပ်ငန်းရှင် ကိုသိန်းထွန်းက သူ့ဗီဇအတိုင်း အပြုံးတစ်ဝက်ဖြင့် . . . "ကျွန်တော်က ဇလွန်နယ်ကဆိုတော့ ရန်ကုန်တက်ပြီး စီးပွားရှာဖို့ ဖြစ်လာတော့ ရွာဘုန်းကြီးက အတိတ်ကောင်း နိမိတ်ကောင်း၊ အိပ်မက်ကောင်းတဲ့ လာဘ်ရွှင်ဂါထာတစ်ပုဒ်ကို ချီးမြှင့်ခဲ့တယ်ဗျာ"

"ဆက်စမ်းပါဦးဗျာ" ဟု ကိုသိန်းထွန်းကို ကျွန်တော် တိုက်တွန်းမိ၏။

ကိုသိန်းထွန်းမှာ အသက်(၆၀)နီးသော်လည်း ရုပ်ရည်မှာ နုပျိုလို့နေပါ၏။ သန့်သန့်ပြန့်ပြန့် အနေအထားဖြင့် အမြဲတွေ့ရ၏။ သူ၏ မွေးရပ်မြေမှာ ဘာသာရေးလုပ်ငန်းကို ဖောက်ချ၍ လုပ်နေရသဖြင့် မိမိတို့ ဗုဒ္ဓဟူးစကားပြောဝိုင်းသို့ အရောက်အပေါက်နည်း၏။ သို့သော် ခင်မင်စရာ အလွန်ကောင်းသော ပုဂ္ဂိုလ်ပါလေ။

ထိုဗွီဒီယိုဆရာကြီး ပြောသောနည်းမှာ . . .

"မိမိနံတူသား တစ်ထွာခန့်ဖြတ်၍ ရေထည့်ထားသည့် ဖန်ခွက်ထဲမှာ ထည့်ထားပါ၊ ပြီး ဘုရားရှိခိုး ငါးပါးသီလ ခံယူ၊ သတ္တဝါများ ကျန်းမာကြပါစေ ချမ်းသာကြပါစေလို့ မေတ္တာပို့ကြီးကို ပုတီးသုံးပတ်စိပ်ပါ၊ နောက် . . .

**သုနက္ခတ္တံ၊ သုမင်္ဂလံ**

**သုပ္ပဘာတံ၊ သုဟုဋ္ဌိတံ**

**သုခဏော၊ သုမုဟုတ္တောစ**

**သုယိဋ္ဌံ၊ ဗြဟ္မစာရိသု**

အထက်ပါ ဂါထာကို သက်စေ့ရွတ်ပါ၊ အိပ်ရာဝင်တိုင်း ရွတ်ပါ၊ စောစောက နံတူအသားကို အမြင့်တစ်နေရာမှာ တင်ထားပါ၊ ဒါဆိုရပြီ" ဟုဆို၏။ ကျွန်တော်က . . .

"ဆရာကြီး၊ အရင်နှစ်က ဆွမ်းသိမ်းအောင်ပွဲ အလှူမဏ္ဍပ်မှာ ခင်ဗျားပေါ်တဲ့ အတိတ်နိမိတ်ကောင်းရနည်း၊ လာဘ်ရွှင်နည်းတို့၊ ဖုန်းပေါက်နည်းတို့ ရှိသေးတယ်လေ၊ ကျွန်တော် ကောင်းကောင်းမှတ်ထားတယ်၊ ဘာတဲ့ . . .

သဗ္ဗဇယ မင်္ဂလာ ဂါထာတော်ဖြစ်တဲ့ . . .

ဒိဝါတပတိ အာဒိစ္စော

ရတ္တိမှာ ဘာတိ စန္ဒိမာ

သန္နဒ္ဓေါ ခတ္တိယော တပတိ

ဈာယီ တပတိ ဗြာဟ္မဏော

အထ္ထ သဗ္ဗ မဟောရတ္တိံ

ဗုဒ္ဓေါ တပတိ တေဇသာ

တာဒိသံ တေဇ သမ္ပန္နံ

ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ

နမက္ကာရ နုဘာဝေန

သဗ္ဗေ ပုရေန္တု သင်္ကပ္ပါ၊

ဟုတ်တယ်ဟုတ်၊ မခင်မေစီလဲ အိပ်မက်တွေ ကောင်းလာသလို ဝမ်းသာတဲ့အကြောင်း၊ မမာလာတစ်ယောက် ဖုန်းပေါက်လို့ ကျေးဇူးတင်တဲ့အကြောင်းတွေ၊ မသူဇာဝင်းတစ်ယောက်လဲ မျက်ရည်ခံတွေလှုပ်လို့ စိုးရိမ်ပူပန်လို့ သဗ္ဗဇယ မင်္ဂလာ ဂါထာတော်ကြီးကို နံနက်၊ ည သက်စေ့ရွတ်ခဲ့





www.burmeseclassic.com

www.burmeseclassic.com

နိမိတ်မကောင်းတာတွေပျောက်ပြီး အရောင်းအဝယ်တွေမှာ လာဘ်ရွှင်ခဲ့တဲ့အကြောင်းတွေလေ၊ တို့ရွာဘုန်းကြီးရဲ့ နည်းပေါ့"

ကျွန်တော်တို့ စကားဝိုင်း အဖွဲ့ကျနေစဉ် စာရေးသူ၏ နောက်နားဆီမှ "ဆရာ ဆရာ" ဟုခေါ်သော အသံကြောင့် လှည့်ကြည့်တော့ ကျွန်ုပ်တို့ဇာတ်လိုက်ကျော် ကိုရွှေမောင် မောင်ပင် ဖြစ်တော့သည်။

"ကဲ ဆိုစမ်းပါဦး၊ စောစောစီးစီး မျက်နှာကလဲ သုန်သုန်မှုန်မှုန်နဲ့ ယောက္ခမကြီး အိမ်ပေါ်ကနှင်ချလိုက်လို့လား" ဟု မေးမိ၏။

"မဟုတ်ပါဘူး ဆရာ၊ ဆရာတို့ ထိုင်နေတဲ့ စားပွဲနောက်မှာ ကျွန်တော် ထိုင်နေတာ ကြာပါပြီ၊ အိပ်မက်အကြောင်း၊ အတိတ်နိမိတ်အကြောင်း၊ လာဘ်လာဘတွေအကြောင်း ပါနေလို့ တိုက်ဆိုင်တာကြောင့် စိတ်ဝင်စားတာက တစ်ကြောင်း မထသေးဘဲ စကားဝိုင်းအပြီးကို စောင့်နေတာပါ ဆရာ"ဟု ဆိုလေ၏။

"ကဲ ဆိုစမ်းပါဦး၊ မင်းနဲ့တွေ့လိုက်ရင် အကြောင်းကြောင်းနဲ့ပဲ" ဟုဆိုလိုက်၏။ ကိုရွှေမောင်မောင်မှ . . .

"ဒီလိုပါ ဆရာ၊ ညဘက်ဆို ကျွန်တော် အိပ်မက်ဆိုးတွေ ဆက်တိုက်မက်နေပါတယ်၊ ညဆို မအိပ်ရဲလောက်အောင်ပါပဲ ဆရာ၊ ပြီးတော့ အပေါ်မျက်ခုံးတွေ လှုပ်နေတယ် ဆရာ၊ အရောင်းအဝယ်ကလဲ ဆောင်းရာသီနဲ့အပြိုင် အေးနေတယ်ဆရာ၊ အိပ်မက်ထဲမှာဆရာရယ် ခွေးကိုက်တာတို့၊ ချောက်ထဲကျတာတို့၊ လမ်းခုလတ်မှာ လမ်းပျောက်နေတာတို့၊ အနောက်ကနေ မကောင်းဆိုးဝါးလိုက်လို့ ပြေးမရ၊ အော်မရ၊ ရုန်းမရနဲ့ ဆရာရယ်၊ အဲဒါတွေမက်ပြီးရင် လူရောလာဘ်ပါ အပွင့်ဓာတ်နည်းသွားရော ဆရာ"

ကျွန်တော်က . . .

"ဟာ စောစောက ဆရာဦးသောင်းရဲ့ ဂုဏ်တော်ကွန်ချာ၊ ပန်းချီဆရာကိုဇေရဲ့ မေတ္တာသုတ်ရွတ်နည်း၊ နောက် ဦးသိန်းထွန်းရဲ့ သုနက္ခတ္တံ အစချီဂါထာနဲ့ သဗ္ဗဇယမင်္ဂလာ ဂါထာတို့နဲ့ လုံလောက်ပါပြီ၊ လုပ်စမ်းပါ၊ လက်ငင်းဒိဋ္ဌ အကျိုးပေးပါလိမ့်မယ်"

"မဟုတ်ဘူးဆရာ၊ ကိုယ့်ဆရာနည်းလေးရှိရင် ထပ်ဖြည့်တော့ ပိုကြည်ညို ပိုကုသိုလ်ရတာပေါ့" ဟု ရိုသေစွာ ဆို၏။ ကိုဇေမှ . . .

"ဆရာအောင်စိုးရာ ဆရာတ ·ည့်ရင်းကို နည်းနာတွေ ပေးတော့ ကျွန်တော်တို့လဲ မှတ်သားရတာပေါ့၊ ပြောပြလိုက်ပါ ဆရာအောင်စိုး"

ကျွန်တော်မှ . . .

"မောင်ရင့်ကို အိပ်မက်အကြောင်း ပြောရရင် အိပ်မက်မက်ခြင်းဟာ အကြောင်းအရာ လေးခုရှိတယ်ကွ၊ တစ်အချက်က သွေး လေ သလိပ် သည်းခြေနဲ့ ဓာတ်တွေချောက်ချားပြီး မက်တာ၊ နှစ်အချက်က ရှေးတုန်းက မြင်ဖူး ကြားဖူးတာကို မက်တာ၊ သုံးအချက် နတ်တွေက မင်းကို ကောင်း မကောင်း ဆောင်ပြပြီးမက်တာ၊ နောက်ဆုံးအချက်က နောင်အခါ အကျိုးရှိပြီး ဖြစ်လာမယ့်အကြောင်း၊ ဒါကို ပုဗ္ဗနိမိတ်အမြင်နဲ့ မြင်မက်တာလို့ ဆိုတယ်၊ နောက် ဆိုသေးတယ်၊ မိုးသောက်ယံ နံနက် ၃ နာရီခွဲကနေ ၅ နာရီအချိန်အတွင်း မက်တာ၊ ကိုယ့်အတွက်ပဲ မက်တတ်တယ်၊ မှန်တာများတယ်ပေါ့၊ တချို့အချိန်မှာမက်ရင် ပြည်သူအတွက်၊ ဆွေမျိုးအတွက်၊ မိဘအတွက်၊ သားသမီးအတွက်၊ ဥစ္စာပစ္စည်းအတွက်၊ ဆရာသမားအတွက် စသဖြင့် ပိုင်းခြားသေးတယ်၊

တချို့ဆိုရင် အိပ်မက်ကို ပြောင်းပြန်ယူကြတယ်၊ ဘာပဲဖြစ်ဖြစ် အိပ်မက်ကောင်းဖို့ပဲ အရေးကြီးတာ မဟုတ်လား၊ ဒီတော့ လိုက်မှတ်ထား၊ မကောင်းတဲ့အတိတ်နိမိတ်ဆိုးနဲ့ အိပ်မက်ဆိုးများကို ပျောက်ကင်းစေနိုင်တဲ့ဂါထာ. . .

* ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယော စာ မနာပေါ သကုဏဿ သဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

* ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယော စာ မနာပေါ သကုဏဿ သဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

* ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယော စာ မနာပေါ သကုဏဿ သဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
သံဃာနုဘာဝေန ဝိနာသမေန္တု။

ရေးမှတ်ပြီးရင် အဲဒီဂါထာကို နံနက်ထ၊ ညအိပ်ရာဝင် ကိုးခေါက်ရွတ်ပါ၊ ပြီးတော့ နံနက်စောစော အိမ်ဘုရားဆောင်မှာ နှမ်းနက်တစ်ပန်းကန် လှူပါ၊ နို့ နှစ်ဆယ့်ငါးကျပ်သားကို နေ့နံတူ ဘုန်းတော်ကြီးကို လှူပါ၊ မွေးနေ့ရောက်ရင် တရော်ကင်ပွန်း၊ မြေစာ ခုနစ်ညွှန့်၊ သပြေ ခုနစ်ညွှန့်ကို ဖလားထဲမှာ ထည့်ပြီး သမ္ဗုဒ္ဓေ ဆယ်ခေါက်ရွတ်ပြီး ခေါင်းလျှော်ပေးပါ"

စာရေးသူရဲ့ ပေးအပ်သော ဂါထာတော်နှင့် အစီအရင်ကို သေချာစွာရေးမှတ်ပြီး ကြည်လင်ဝင်းပသော မျက်နှာထားနှင့် ယခင်ကဆိုလျှင် လက်ဖက်ရည်ဖိုးကို ပေးချေလေ့ရှိပြီး ဒါနပြုသော ကိုရွှေမောင်မောင်မှာ လက်ဖက်ရည်ဖိုးရှင်းဖို့ အမှတ်မရတော့ဘဲ ဝမ်းမြောက်ပျော်ရွှင်စွာနှင့် လက်ဖက်ရည်ဆိုင်ထဲမှ ဆယ်မိုင်ကုန်းဈေးသို့ လေနှင့်အတူ သုတ်ခြေတင်သွားတော့သတည်း။


အိပ်မက်လှလှ မက်ကြပါစေ။

❒ နတ်မျက်စိ ဆရာအောင်စိုး



www.burmeseclassic.com

www.burmeseclassic.com




## G

**Gambler, Habitual**

**အမြဲတမ်းလောင်းကစားလေ့ရှိသူ (လောင်းကစားသမား)**

(၁) ဉာဏ်စွမ်းလမ်းကြောင်း အောက်သို့ အလွန်စိုက်ဆင်းနေခြင်း။

(၂) တနလ်ာဂြိုဟ်ခုံ ကြီးမားကျယ်ပြန့်ခြင်း၊

(၃) လက်သူကြွယ်နှင့် လက်ခလယ်အရှည် တူခြင်း၊ ညီမျှခြင်း၊

(၄) လက်ချောင်းများတို့၏ ချောမွေ့ခြင်း၊

(၅) လက်ဝါးပြင်တစ်ခုလုံး နူးညံ့ခြင်း။

**Gastric Fever**

**အစာအိမ်ရောဂါ**

ကျန်းမာရေးလမ်းကြောင်းပေါ်တွင် အနီရောင်အ[illegible] တစ်ခုရှိခြင်း။

**Generative Functions, Troubles in**

**ယောကျ်ားပီသမှုစွမ်းရည်ဘက်၌ ချွတ်ယွင်း[illegible]**

ပထမ လက်ကောက်ဝတ်အရစ်နေရာသည် [illegible] နေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## Generosity, The Quadrangle of
**သဘောထားကြီး ရက်ရောသည့် လေးထောင့်လွင်ပြင်**

လက်ဖဝါးအလယ်တည့်တည့်မှ လေးထောင့်လွင်ပြင်သည် သဘောထားကြီးခြင်း၊ ရက်ရောပြီး အခြားသူများအား အကြိုက်လိုက်၍ မလုပ်တတ်ခြင်းကိုပြ၏။ ဤအမှတ်အသားမျိုးကို ဘုရင်အဲလ်ဘတ်-၁ (King Albert -1)၏ လက်တွင် တွေ့ရလေသည်။

## Genius
**ဉာဏ်ပညာထူးကဲသူ**

တနင်္ဂနွေဂြိုဟ်ခုံသည် ထူးထူးခြားခြား ကျယ်ပြန့်မို့မောက်နေခြင်း။

## George Bernard Shaw, Hand of
**ဂျော့ဘားနပ်ရှော၏လက္ခဏာ**

ဂျော့ဘားနပ်ရှော၏ လက္ခဏာအရေးအကြောင်းမှာ ဉာဏ်ရည်မြင့်မားမှုနှင့် ပညာရည်ကြီးမားမှုကို ပြနေမည်။

သူ၏ ဉာဏ်လမ်းကြောင်းသည် လက်ဖဝါးပြင်အလယ်မှ အထက်သို့ ဦးတည်၍ လက်သူကြွယ်အရင်းသို့ ထိုးတက်သွား၏၊ ထိုအချက်ကပင် ပင်ကိုစရိုက်အတိုင်း ပြုမူတတ်ခြင်းနှင့် ဉာဏ်ရည်ထက်မြက်တောက်ပမှုကို ပြနေ၏။

ဤအရေးအကြောင်း အနေအထားမျိုးကို လက်များတွင် တွေ့ရခဲသည်။

## Giddiness
**မူးဝေခြင်း**

ဉာဏ်စွမ်းလမ်းကြောင်းသည် နှလုံးလမ်းကြောင်းဆီသို့ ဦးတည်ကော့တက်နေခြင်း။

## Girdle of Venus, Readings form
**သောကြာခါးပတ် အတော**

သောကြာခါးပတ်သည် လက်ညှိုးနှင့် လက်ခလယ်တို့ကြားမှအစပြုပြီး လက်သူကြွယ်နှင့် လက်သန်းတို့ကြားတွင် အဆုံးသတ်၏။

(၁) သောကြာခါးပတ်သည် ဖောက်နက်၍ နီနေလျှင် စုံထောက်ဉာဏ်ရှိခြင်း၊

(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်နေလျှင် အားအင်ကြီးမားခြင်း၊

(၃) ကြယ်အမှတ်အသားရှိနေလျှင် ကာလသားရောဂါဖြစ်တတ်ခြင်း၊

(၄) ၂ ခု သို့မဟုတ် ၃ ခုရှိနေလျှင် သဘာဝနှင့် ဆန့်ကျင်သည့် ဆိုးသွမ်းမှု၊ မကောင်းမှုများပြုခြင်း၊

(၅) သေးသွယ်၍ ပြတ်တောက်နေလျှင် ဒုက္ခများစွာ တွေ့ရတတ်ခြင်း။

## Glorious Career
**အသက်မွေးမှု အလုပ်အကိုင် ဖြစ်ဖြစ်ထွန်းထွန်းရှိခြင်း**

အောင်မြင်ရေး လမ်းကြောင်းသည် အညီအမျှရှိ၍ ခွဲထွက်လမ်းကြောင်း (၃)ခုဖြင့် **အဆုံးသတ်**နေပြီး တစ်ကြောင်းသည် တနင်္ဂနွေဂြိုဟ်ခုံသို့လည်းကောင်း၊ **တစ်ကြောင်း**သည် ဗုဒ္ဓဟူးဂြိုဟ်ခုံသို့လည်းကောင်း၊ တစ်ကြောင်းသည် စနေဂြိုဟ်ခုံသို့လည်းကောင်း ဦးတည်နေမည် ဖြစ်သည်။

## Golden Rules of Palmistry
**လက္ခဏာပညာ၏ အဓိကသော့ချက်များ**

(၁) လက္ခဏာပညာရပ်ကို အမှန်တကယ် စိတ်ဝင်စား၍ အရေးတယူ ဂရုတစိုက်လေ့လာပါ။

(၂) လက္ခဏာကို စေ့စပ်သေချာစွာ စစ်ဆေးပြီးမှ အဆုံးအဖြတ်ပြုပါ။

(၃) ဟောချက်ကို ထုတ်ဖော်ရာတွင် စကားလုံးရွေးချယ်မှုကအစ ဂရုတစိုက်ဖြစ်စေရမည်။

(၄) လူစည်ကားရာနေရာ၊ လူအုပ်အတွင်း၌ လက္ခဏာမဟောကြားရ။

(၅) ပျော်စေ၊ ပြက်စေသဘောဖြင့် လက္ခဏာ မကြည့်ပါနှင့်။

(၆) လက္ခဏာပညာကို နှိမ့်ချခြင်းနှင့် အထင်သေးအောင်မပြုရ။

(၇) ကြောက်တတ်၍ အာရုံ ထိခိုက်လွယ်သူများအား စိတ်ထိခိုက်အောင် မပြောရ။

(၈) ရောဂါဖြစ်စရာရှိသည်ကိုတွေ့လျှင် ပျောက်ကင်းစရာရှိသည့်အချက်နှင့် တွဲ၍ ထောက်ပြပါ။

(၉) သေနိုင်သည့်နေ့ရက်ကို မည်သည့်အခါမျှ မဟောပါနှင့်။

(၁၀) လက္ခဏာလာ၍ကြည့်သူ၏ အကျိုးကို အမြဲရှေးရှုပါ။ ကူညီရန်အတွက်သာ အမြဲတွေးနေပါ။

## Gonorrhoea
**ဂနိုကျခြင်း**

သောကြာဂြိုဟ်ခုံသည် ထူးထူးကဲကဲ မို့မောက်နေခြင်း၊ သို့မဟုတ် ထိုဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများနှင့် ကြက်ခြေခတ်အသွင်ဖြင့် ရှုပ်ထွေးနေခြင်း။

www.burmeseclassic.com

www.burmeseclassic.com

## Good Fortune
**ကုသိုလ်ကံ ကောင်းခြင်း**

ကြာသပတေးဂြိုဟ်ခုံအောက်တွင် ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းများ နှစ်ခွဖြစ်နေခြင်း။

## Gout
**အဆစ်အမြစ်တိုက် နုလာရောဂါ**

ဤရောဂါကို ခဲတဲ့သို့ ချောမွေ့သည့်အရေပြား (Satin Skin) ဟူ၍လည်း သိကြသည်။

(၁) အသက်လမ်းကြောင်း အဆုံးသတ်ရာတွင် ခက်ရင်းခွ သဏ္ဌာန်ဖြစ်နေခြင်း။
(၂) အသက်လမ်းကြောင်း အနီရောင်သန်းနေခြင်း။
(၃) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြက်ခြေရှိခြင်း။
(၄) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း။
(၅) တနင်္လာဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်း များစွာ ရှိခြင်း၊
(၆) ကြာသပတေးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၇) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်း များစွာ ရှိခြင်း။

## Great Love
**ချစ်ခြင်းမေတ္တာကြီးမားခြင်း**

အသည်းလမ်းကြောင်းနှင့် ယှဉ်လျက် အရန်အသည်းလမ်းကြောင်း (Milky Way (Via Lasciva) ပါရှိခြင်းက အချစ်ကြီးခြင်းကို ပြ၏။

## Great Palmer Arch
**လက်ဖဝါးခုံးကြီး**

သောကြာဂြိုဟ်ခုံ၏လက်ဖဝါးပြင်တွင် အရေးပါသည့်သွေးများ သိုလှောင်ရန်နေရာ ဖြစ်သည်။ ၎င်းနေရာမှာ လက်ဖဝါးခုံးကြီးပင် ဖြစ်၏။ အကယ်၍ ယင်းဂြိုဟ်ခုံတွင် သွေးအားကောင်းနေသည့် လက္ခဏာမျိုးပြနေပါက ကာယကံရှင်တွင် ကျန်းမာရေး အထူးကောင်းမွန်နေမည်။

ထို့ပြင် ယင်းဂြိုဟ်ခုံက ကြီးမားကျယ်ပြန့်နေပါလျှင် ထို သူသည် ချစ်ခြင်းမေတ္တာကြီးမားပြီး အချစ်စိတ်ပြင်းပြမည်။

(Cheiro)

## Greed
**လောဘရမ္မက်ကြီးခြင်း**

(၁) နှလုံးလမ်းကြောင်းသည် လက်ဝါးပြင်ကို ကန့်လန့်ဖြတ်နေခြင်း၊
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၃) လက်ချောင်းတိုင်း၏ တတိယအဆစ်သည် ရှည်၍ ထူထဲ တုတ်ခိုင်ခြင်း။

## Great Garbo, Hand of
**ပြဇာတ် သို့မဟုတ် တေးဂီတတို့တွင် စိတ်လှုပ်ရှားခံစားရမှုကို ဖော်ပြနိုင်စွမ်းရှိသူ ဂရိတာဂါဘို**

လက်ညှိုးအောက်ခြေတွင် စိတ်လှုပ်ရှားမှုကိုပြသည့် အရစ်များရှိခြင်း။

## Grille
**ဆန်ခါကွက်**

ဆန်ခါကွက်ဟူသည်မှာ အရေးအကြောင်းများသည် တစ်ခုနှင့်တစ်ခု (၉၀) ဒီဂရီ အနေအထားမျိုးဖြင့် ဖြတ်သွားကြသည့် အရေးအကြောင်းများစွာ ရှိခြင်းပင်ဖြစ်သည်။

## Grille, Qualities of
**ဆန်ခါကွက်၏ စွမ်းရည်များ**

(၁) တနင်္လာဂြိုဟ်ခုံပေါ်တွင်ရှိပါက ပူပန်သောက များရခြင်း၊
(၂) သောကြာဂြိုဟ်ခုံပေါ်တွင်ရှိပါက ထောင်ကျမည့် အန္တရာယ်ရှိခြင်း၊
(၃) ကြာသပတေးဂြိုဟ်ခုံပေါ်တွင်ရှိပါက အိမ်ထောင်ရေး အဆင်မပြေခြင်း၊
(၄) စနေဂြိုဟ်ခုံပေါ်တွင်ရှိပါက ကံမကောင်းခြင်း၊
(၅) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင်ရှိပါက စိတ်ကူးယဉ်ဝါဒ ရှိခြင်း၊
(၆) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင်ရှိပါက မရိုးသားခြင်း၊
(၇) အင်္ဂါဂြိုဟ်ခုံများပေါ်တွင်ရှိပါက အသေဆိုးနှင့်ကြုံ တတ်ခြင်း။

## Grille on Venus
**သောကြာဂြိုဟ်ခုံပေါ်မှ ဆန်ခါကွက်**

အများအားဖြင့်လိင်ကိစ္စနှင့် ပတ်သက်ပြီး ဆန္ဒပြင်း ပြခြင်းကို ပြ၏။

(-Willim G-Benham)

## Guilty Conscience
**စိတ်ထားမဖြူစင်ခြင်း**

(၁) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် အနက်စက်ရှိခြင်း
(၂) အဖျက်လမ်းကြောင်း တစ်ခုသည် ဉာဏ်စွမ်း လမ်းကြောင်းပေါ်ရှိ ကြယ်သဏ္ဌာန်တစ်ခုတွင် အဆုံးသတ် နေခြင်း။





www.burmeseclassic.com

www.burmeseclassic.com

H

### Hair and Health
**ဆံပင်နှင့်ကျန်းမာရေး**

များသောအားဖြင့် အပေါ်ယံ လူကဲခတ်သူတို့သည် အသားအရေနှင့် လူတစ်ဦးချင်း၏ အထွေထွေ ရုပ်သွင်သဏ္ဌာန်တို့ကို စိတ်ထားနှင့် ကိုက်ညီမှု ရှိ/မရှိတို့ကို လေ့လာရမည်ဖြစ်သည်။

ဆံပင်လှပသူတို့သည် ဖြစ်ရိုးဖြစ်စဉ်အရ ထက်ထက်မြက်မြက်ရှိကြသည်။ ရွှင်ရွှင်ပျပျရှိပြီး မိမိကိုယ်ကို ယုံကြည်မှုရှိတတ်ကြသည်။

ဆံပင်နီပြီး အသားအရေ ကောင်းမွန်သူတို့သည် ဖျတ်ဖျတ်လတ်လတ်ရှိကြသည်။ ဒေါသထွက်လွယ်ကြသည်။ အားအင်ကောင်းကြသည်။

အနက်ရောင်ဆံပင်ရှိသူများသည် စိတ်ဓာတ်ပြင်းထန်ပြီး တစ်ခါတစ်ရံ စိတ်ညစ်၍ တွေဝေနေတတ်သည်။

ဆံပင်အညို၊ မျက်လုံးအညို ရှိသူများသည် မေတ္တာတရား ကြီးမားတတ်ကြ၏။

မျက်လုံး မှိုင်းညို့ညို့ရှိသူများသည် အများအားဖြင့် ပါးနပ်တတ်ကြသော်လည်း သူတို့၏ စိတ်ထားသည် အေးစက်စက် ရှိတတ်ကြ၏။

(-E. Rene)

### Hair, Meaning of
**အမွေးအမှင်နှင့် ပတ်သက်၍ အဓိပ္ပာယ်ကောက်ယူချက်**

(၁) အမျိုးသမီးများ၏လက်တွင် အမွေးအမှင်များ ထူပါက ရက်စက်တတ်ခြင်းကို ပြ၏။

(၂) အမျိုးသားများ၏လက်တွင် အမွေးအမှင်များ ထူပါက အမူအရာကြမ်းတမ်းခြင်းကိုပြ၏။

(၃) လက်မပေါ်တွင် အမွေးအမှင်များရှိခြင်းက တီထွင်ကြံဆမှုအတွက် မွေးရာပါ ပါရမီဉာဏ် ထက်သန်သူဖြစ်၏။

(၄) လက်ချောင်းများ၏ အောက်ပိုင်းနှစ်ဆစ်တွင် အမွေးအမှင်များရှိပါက ပရိယာယ်သုံးတတ်ခြင်းကိုပြ၏။

(၅) လက်ဆစ်အားလုံးပေါ်တွင် အမွေးအမှင်များရှိခြင်းက စိတ်ထက်မြက်ခြင်းကိုပြ၏။

(၆) ဆံပင်အရောင်ကဲ့သို့ နက်မှောင်နေမှုက ဒေါသထွက်လွယ်တတ်သည့် သဘောကိုပြ၏။

### Hamlet
**ဒုက္ခရောက်ခြင်း**

ဒုက္ခဖြစ်လောက်အောင် နာမကျန်းဖြစ်ခြင်းနှင့် မိမိကိုယ်ကို သတ်သေရန်ကြံစည်မှု ရှိ/မရှိကို ကျယ်ပြန့်သည့် စနေဂြိုဟ်ခုံက ညွှန်ပြ၏။

### Hand
**လက်**

လက်သည် အင်္ဂါအစိတ်အပိုင်းများ အားလုံးထဲတွင် အဓိကကျသော အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်၏။

၎င်းသည် လှုပ်ရှားနိုင်စွမ်းမရှိသည့် အင်္ဂါ အစိတ်အပိုင်းဆိုင်ရာ စနစ်ကြီးတစ်ခုလုံး၏ လှုပ်ရှားနေသည့် ကိုယ်စားလှယ်ဖြစ်၏။

အရစ်စ်တိုတယ် (-Aristotle)

လူသားတို့၏ လက်က လုပ်ဆောင်နိုင်စွမ်းမရှိသည့် တစ်ခုတည်းသောအရာမှာ လက်ကဲ့သို့အရည်အချင်းပြည့်စုံမှုရှိသော လက်နက်ကိရိယာတစ်ခုကို ဖန်တီးရန်ပင်ဖြစ်သည်။

(-WillimGBenham)

### Hand, Hair on
**လက်ပေါ်ရှိ အမွေးအမှင်များ၏ သဘောသဘာဝ**

လက်ပေါ်တွင်နူးညံ့သည့် အမွေးအမှင်များရှိပါက စိတ်ထိခိုက်လွယ်ခြင်း၊ စိတ်ကူးယဉ်တတ်ခြင်း၊ ချစ်ခင်တတ်ခြင်းကို ဖော်ပြ၏။

ကြမ်းတမ်းမာကျောသော အမွေးအမှင်များပေါက်နေပါက ရိုင်းပျသောစရိုက် ရှိတတ်ခြင်းကို ပြဆို၏။

### Hand-Reading
**လက္ခဏာဖတ်ကြားခြင်း**

(၁) အမျိုးသားဖြစ်လျှင် ညာလက်ကိုကြည့်ပါ၊ အမျိုးသမီးကိုကြည့်လျှင် ဘယ်လက်ကိုကြည့်ပါ၊

(၂) ယောက်ျား၏ဘယ်လက်က မွေးရာပါ အရည်အချင်းများကိုပြ၏၊

(၃) မိန်းမ၏ညာလက်က မွေးရာပါ အရည်အချင်းများကိုပြ၏၊

(၄) အကယ်၍ ကာယကံရှင်သည် ဘယ်သန်ဖြစ်လျှင် အထက်ဖော်ပြပါနည်းနှင့် ပြောင်းပြန်တွက်ရမည်၊

(၅) ကာယကံရှင်သည် နှစ်ဖက်စလုံးသန်လျှင် နှစ်ဖက်စလုံးကို ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## Hands, Different Kinds of
## ကွဲပြားခြားနားသည့် လက်အမျိုးမျိုး

လက်များတွင် မြင်တွေ့လိုက်ရသည်နှင့် နှစ်လိုဖွယ်ဆွဲဆောင်မှုရှိသည့် လက်မျိုးရှိသကဲ့သို့ ဆွဲဆောင်မှု ကင်းမဲ့ပြီး စက်ဆုပ်စရာလက်မျိုးလည်း ရှိ၏။

ကျွန်ုပ်အနေဖြင့် လက်အတော်များများကို မြင်တွေ့ဖူးသည်။ အချို့သောလက်များက မျက်စိအာရုံကို ဖမ်းစားနိုင်စွမ်းရှိကြသည်၊ အချို့လက်များက လျှို့ဝှက်သိပ်သည်း၍ ပဟေဠိဆန်နေတတ်သည်။ အချို့က ခွန်အားလိုမှုနှင့် အင်အားကို ပြနေတတ်ပြီး အချို့က ဖွင့်ဟရိုးသားမှုကိုဖော်ပြသည့် အနေအထားမျိုး ရှိနေတတ်သည်။

**ဒီ အာပင်တက်ဝနီ (-D' Arpenligny)**

## Handshake, Qualities of
## လက်ဆွဲနှုတ်ဆက်သည့်အရည်အချင်းများ

(၁) နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း လက်ဆွဲနှုတ်ဆက်ခြင်းသည် စိတ်အရသာကို နှစ်သက်စေခြင်း။

(၂) ခိုင်ခိုင်မြဲမြဲနှင့် တင်းတင်းကျပ်ကျပ်ကလေး ကိုင်၍ နှုတ်ဆက်ခြင်းသည် အားထားနိုင်စွမ်းရှိခြင်း၊ စည်းကမ်းကောင်းခြင်း၊ ရည်ရွယ်ချက်ကြီးမားခြင်း။

(၃) ခပ်နာနာနှင့် မာမာကျောကျောကလေး လက်ဆွဲနှုတ်ဆက်ခြင်းသည် တစ်ခုခုအပေါ် ကြိုက်နှစ်သက်မှု ရှိ၊ မရှိနှင့် စိတ်ထက်သန်မှုကို ပြ၏။

## Happiness, Domestic
## အိမ်တွင်းရေးသာယာခြင်း

(၁) ကြာသပတေး ဂြိုဟ်ခုံပေါ်တွင် ကြက်ခြေ အမှတ်အသား တစ်ခုရှိခြင်း၊

(၂) လက်ကောက်ဝတ်မှ တက်လာသည့်ကံလမ်းကြောင်းသည် ဖြောင့်တန်းရှင်းလင်း၍အဖြတ်ရာများကင်းခြင်း။

## Happy Career
## စိတ်ချမ်းသာမှုရရှိသည့် အလုပ်အကိုင်အသက်မွေးမှု

လက်သူကြွယ်၏ တတိယအဆစ်ပေါ်တွင် ဖြောင့်တန်းသည့် အရေးအကြောင်းတစ်ခုရှိခြင်း။

## Happy-Go-Lucky Fellow
## ခပ်ပေါ့ပေါ့ ပျော်ပျော်နေတတ်သူ

(၁) လက်အနေအထားထူထဲ၍ နူးညံ့ခြင်း၊

(၂) ကြာသပတေးဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံများ ပြည့်ပြည့်ဖြိုးဖြိုးရှိခြင်း။

(၃) သောကလမ်းကြောင်းများ မရှိခြင်း။

## Harmony of Existence
## အဆင်ပြေပြေရှိသည့်ဘဝ

ဂြိုဟ်ခုံအားလုံးသည် တညီတည်းရှိလျှင် သို့မဟုတ် အညီအမျှ ပြည့်ဖြိုးမှုတူညီနေကြလျှင် စိတ်ချမ်းသာစရာ ဘဝကို ညွှန်ပြ၏။ ၎င်းသည် အေးချမ်း၍ ပေါကြွယ်ဝသည့် လက်မျိုးဖြစ်သည်။

## Hay Fever
## ဥတုဖျား၊ မတ်တတ်ဖျား

(၁) ကျန်းမာရေးလမ်းကြောင်း မကောင်းခြင်း၊

(၂) လေးထောင့်လွင်ပြင် ကျဉ်းမြောင်းခြင်း၊

(၃) မေတ္တာလမ်းကြောင်းသည် ဉာဏ်စွမ်းလမ်းကြောင်းဆီသို့ ဦးတည်ကွေးကောက်နေခြင်း။

## Headaches
## ခေါင်းကိုက်ခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း အနည်းငယ်ကျိုးပြတ်နေခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းအား လမ်းကြောင်းငယ်လေးများက ဖြတ်တောက်ထားခြင်း၊

(၃) ဉာဏ်စွမ်းလမ်းကြောင်း တိုခြင်း၊

(၄) အသည်းလမ်းကြောင်း ညှံ့ဖျင်းနေခြင်း၊

(၅) ဉာဏ်စွမ်းလမ်းကြောင်းတွင် သံကြိုးကွင်းဆက်များ ရှိခြင်း၊

(၆) အသည်းလမ်းကြောင်း အဆုံးတွင် နီနေခြင်း၊

(၇) ဉာဏ်စွမ်းလမ်းကြောင်းသည် အောက်သို့ စိုက်ဆင်းနေခြင်း၊

(၈) ဉာဏ်စွမ်းလမ်းကြောင်းတွင် ဖြတ်တောက်မှု များနေခြင်း။

## Headaches, Serious
## အပြင်းအထန်ခေါင်းကိုက်ခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း ဝိုက်စိုက်ဖြစ်ကာ များစွာကျိုးပျက်နေခြင်း၊

(၂) အသက်လမ်းကြောင်း၏ အစပြုသည့်နေရာမှ အလွန်ကြီးမားသည့် ခွဲထွက်လမ်းကြောင်းတစ်ခုသည် လက်ကောက်ဝတ်သို့ ထိုးဆင်းနေခြင်း။

**(Saint Germain)**

## Head, Double Line of
## ဉာဏ်စွမ်းလမ်းကြောင်း နှစ်ကြောင်းရှိခြင်း

'ကိုင်ရို'တွင် ဉာဏ်စွမ်းလမ်းကြောင်း နှစ်ခုရှိ၏၊ ၎င်းအကြောင်းကို သူက ဤသို့ ဆိုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်စွမ်းလမ်းကြောင်း နှစ်ခု၏ ထူးခြားမှုမှာ တစ်ခုနှင့်တစ်ခု မတူချေ။ ဥပမာ- 'အသက်လမ်းကြောင်း'နှင့် နီးကပ်စွာဆက်စပ်နေသည့် အောက်ဘက်လမ်းကြောင်းသည် စိတ်ပိုင်းဆိုင်ရာလွန်ကဲမှုများဖြစ်သည့် **စိတ်အာရုံထိခိုက်လွယ်ခြင်း၊** အနုပညာဆန်ခြင်းနှင့် စိတ်ကူးယဉ်မှုတို့ကို ဖြစ်စေသည်။ အထက်လမ်းကြောင်းသည် ဖော်ပြပါထူးခြားမှုများနှင့် ပြောင်းပြန်ဖြစ်လေသည်။

## Head Line, Readings from
## ဦးခေါင်းလမ်းကြောင်းမှ ဟောကွက်များ

(၁) ဖြောင့်တန်း၍ တောင့်တင်းနေလျှင် စီးပွားရေး၌ ပါးနပ်၍ လာဘ်ရှိခြင်း၊

(၂) အသက်လမ်းကြောင်းနှင့် နီးကပ်စွာ ဖြတ်သွားလျှင် ဦးနှောက်ဝေဒနာရှိခြင်း၊

(၃) နှလုံးလမ်းကြောင်းနှင့် နီးကပ်စွာ ဖြတ်သွားလျှင် ပန်းနာရင်ကျပ် (asthma) ဖြစ်တတ်ခြင်း၊

(၄) ဉာဏ်စွမ်းလမ်းကြောင်းမရှိလျှင် ရူးသွပ်ခြင်း၊

(၅) တိုပြီးမှေးမှိန်နေလျှင် အာရုံစူးစိုက်မှုမရှိခြင်း၊

(၆) သေးသေးသွယ်သွယ်ကလေးဖြစ်နေလျှင် ဦးနှောက်ဝေဒနာရှိခြင်း၊

(၇) ကျဉ်းမြောင်းပြီးမှေးမှိန်နေလျှင် သေးသေးနုပ်နုပ်ပြုလုပ်တတ်ခြင်း၊ သေးသိမ်သည့် စိတ်ထားအပြုအမူရှိခြင်း၊

(၈) လှိုင်းထပြီး မညီမညာဖြစ်နေလျှင် စိတ်ထားမမှန်သည့် စိတ်ဝေဒနာရှိခြင်း၊

(၉) သံကြိုးကွင်းဆက်သဏ္ဍာန်များရှိလျှင် ခေါင်းကိုက်ရောဂါအမြဲရှိနေခြင်း၊

(၁၀) ဖျော့တော့၍ပြက်ကျယ်လျှင် စေ့စေ့စပ်စပ်ပြုလုပ်မှုကို နှစ်သက်ခြင်း၊

(၁၁) နှစ်ခွဖြစ်၍ အဆုံးသတ်နေလျှင် စိတ်ကူးယဉ်မှုကို အကျိုးအကြောင်းဆင်ခြင်မှုနှင့် ထိန်းထားခြင်း၊

(၁၂) အဖြတ်လမ်းကြောင်းများရှိလျှင် ခေါင်းကိုက်ရောဂါခံစားရခြင်း၊

(၁၃) ကျိုးပျက်နေလျှင် ဦးခေါင်းတွင် ဒဏ်ရာအနာတရဖြစ်ခြင်း၊

(၁၄) အကျိုးအပျက်အလွန်များလျှင် မှတ်ဉာဏ်မကောင်းခြင်း မေ့မေ့လျော့လျော့ဖြစ်ခြင်း၊

(၁၅) ဉာဏ်စွမ်းလမ်းကြောင်းရှုပ်ထွေးနေလျှင် လူသတ်မှုကို ကျူးလွန်တတ်ခြင်း၊

(၁၆) အဖြူရောင် အစက်အပြောက်များရှိလျှင် စူးစမ်း ရှာဖွေတတ်ခြင်း၊

(၁၇) အနက်စက်များရှိလျှင် အူရောင်ငန်းဖျား ဖြစ်ဖွယ်ရှိခြင်း၊

(၁၈) ဦးခေါင်းလမ်းကြောင်း (ခေါ်) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် လေးထောင့်ကွက်ပါရှိပါက ဦးခေါင်းတွင် **ပြင်းထန်သော** ထိခိုက်အနာတရကြောင့် ကျိုးပဲ့ပေါက်**ကွဲမည်ဖြစ်သော်လည်း** အသက်မသေနိုင်ခြင်း။



**ဦးခေါင်းလမ်းကြောင်း (ခေါ်) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် လေးထောင့်ကွက် ပါရှိသဖြင့် အသက်(၄၇)နှစ်တွင် ကားတိုက်မှုကြောင့် ဦးခေါင်းတွင် ပြင်းထန်သော ထိခိုက်အနာတရဖြစ်ခဲ့ရသူ၏ လက္ခဏာ။**



**ဦးခေါင်းတွင် ပြင်းထန်သော ထိခိုက်မှုကြောင့် ဦးခေါင်းခွံပေါက်ကွဲ ကျိုးပဲ့သွားမှုကို ခွေး၏ဦးခေါင်းခွံဖြင့် အစားထိုးကုသမှု ခံယူခဲ့ရသူ။**



www.burmeseclassic.com

www.burmeseclassic.com

(၁၉) ကြိုဂံရှိလျှင် သိပ္ပံပညာ၌အောင်မြင်ခြင်း၊
(၂၀) ကျွန်းဖြစ်နေလျှင် အဆုတ်နှင့်ပတ်သက်ပြီး ရောဂါတစ်ခုခုဖြစ်ခြင်း၊
(၂၁) အရန်လမ်းကြောင်းတစ်ခု ပါရှိလျှင် အမွေအနှစ်ဆက်ခံရရှိခြင်း၊
(၂၂) ကြက်ခြေခတ်ရှိလျှင် သေလောက်အောင်ဖြစ်ရသည့် မတော်တဆ (Accident) ဖြစ်ခြင်း။

## Headstrong
## ခေါင်းမာခြင်း

ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့သည် ရောနှောပြီး ပိုမိုရှည်သည့် လမ်းကြောင်းတစ်ခုအဖြစ် လက်ဝါးပြင်ကို ဖြတ်သွားလျှင် (လက်ပြတ်ဟုလည်း ခေါ်သည်) ထိုလူသည် ခေါင်းမာပြီး နှလုံးသား မေတ္တာရေးရာကို ဦးစားပေးလေ့ မရှိချေ။

## Head, The Perfect
## အသိဉာဏ်ပညာကြီးမားခြင်း

ကြာသပတေးဂြိုဟ်ခုံမှ ပေါ်ထွက်လာသည့် ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ထိနေပြီး ရှည်လျားနေလျှင် အသိဉာဏ်ပညာ အထက်မြက်ဆုံး ဖြစ်သည်။ ထိုသို့သောလူမျိုးသည် အသိဉာဏ်ပညာ ကြီးမားခြင်းနှင့် အထူးစွမ်းအားရှိပြီး ရည်ရွယ်ချက်ကို ရဲဝံ့စွာဆုံးဖြတ်နိုင်ပေသည်။

ထိုသို့ ဆုံးဖြတ်ရာတွင် ရှေ့ရှည်မှန်းချက်သည် အကန့်အသတ်မဲ့ဖြစ်သော်လည်း အကျိုးအကြောင်း ဆင်ခြင်မှုကို ပူးတွဲထားလိမ့်မည်ဖြစ်သည်။ သူတို့သည် အခြားသူများကို ထိန်းချုပ်နိုင်စွမ်းရှိသော်လည်း မိမိတို့၏ဆန္ဒကို မထိန်းချုပ်နိုင်ဘဲ ရှိတတ်ကြသည်။ သူတို့သည် အတတ်နိုင်ဆုံး ရဲရင့်စွာ ကြံစည်ပြုလုပ်မှုများ၌ပင် သတိထားခြင်းများ ရှိလိမ့်မည်။

သူတို့သည် အခြားသူများအပေါ် သို့မဟုတ် အရာဝတ္ထုများအပေါ် စီမံထိန်းသိမ်းနိုင်မှုအတွက် ဝင့်ကြွားတတ်ကြ၏။ သူတို့သည် စည်းကမ်းအရာ၌ တင်းကျပ်တတ်ကြသကဲ့သို့ စီမံအုပ်ချုပ်မှု အရည်အချင်းတွင်လည်း ဖြောင့်မတ်ကြ၏။

(Cheiro)

## Head, Wounds on
## ဦးခေါင်းတွင်ထိခိုက်အနာတရဖြစ်ခြင်း

(၁) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် အလွန်သေးငယ်သည့် အရေးအကြောင်းများရှိခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ကြယ်သဏ္ဌာန်တစ်ခုရှိခြင်း။

## Health Hints
## ကျန်းမာရေးနှင့် ပတ်သက်သည့် သတိပြုစရာ အရိပ်အမြွက်များ

အထူးသဖြင့် လက္ခဏာရှင်အား ထိခိုက်စေသည့် ကျန်းမာရေး၊ ရောဂါတို့နှင့်ပတ်သက်ပြီး လက်သည်းများ၌ ထူးထူး ခြားခြား လမ်းညွှန်ပြသမှုများဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။

လန်ဒန်နှင့် ပဲရစ်ရှိ ဆေးပညာရှင်တို့သည် လက်သည်းများကို အထူးစိတ်ပါဝင်စားစွာ လေ့လာခဲ့ကြ၏။

လူနာကိုယ်တိုင် သို့မဟုတ် ဆရာဝန်များသည် ထို အချက်များကို မေ့မေ့လျော့လျော့နှင့် သတိမထားဘဲရှိတတ်ကြသည်။ သို့သော် လက်သည်းများကို စစ်ဆေးခြင်းက စတ္တုရန်းပိုင်းကလေးအတွင်း အရေးပါသည့် ရှိုးရာလိုက်သည် ထူးခြားသော လက္ခဏာများကို တွေ့ရပေလိမ့်မည်။

(Cheiro)

## Heartlessness
## အကြင်နာကင်းမဲ့ခြင်း

(၁) မေတ္တာလမ်းကြောင်းတွင် ခွဲထွက်လမ်းကြောင်းမရှိဘဲ ဖြောင့်တန်းနေခြင်း။
(၂) တနင်္ဂနွေဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံတို့ အလွန်ကျဉ်းမြောင်းခြင်း။
(၃) ဉာဏ်စွမ်းလမ်းကြောင်းသည် အဖြတ်လမ်းကြောင်းတစ်ခုကဲ့သို့ လက်ဝါးပြင်ကို ဖြတ်သွားခြင်း။
(၄) လက်ခလယ်လက်ချောင်း ရှည်ခြင်း။
(၅) လက်ဝါးပြင်က သေးသွယ်ပြီး မာကျောနေတတ်ခြင်း။

(ဆက်ရန်)

❒ ဆရာဦးခန့်ထွေး




www.burmeseclassic.com

www.burmeseclassic.com

# ပတ္တမြားကျောင်းတော်ရာသို့ အဓိဋ္ဌာန်ခရီး

ဆရာကြီး ဦးအောင်မြင့်



ပတ္တမြားကျောင်းတော်ရာ ပရိဝုဏ်ရှိ မဟာနံ့သာဆောင် ဘုရားခန်းတွင် ပူဇော်ခံထားသော ယွန်းဘုရားရုပ်ပွားတော်နှင့် ရဟန္တာဓာတ်တော်များ

ကျွန်ုပ်သည် ၂၀၁၃ခုနှစ်အတွင်းက နဂါးရုံဘုရား သက်စေ့ အဆူ(၆၀) အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

ထိုအဓိဋ္ဌာန်မှာ နေ့စဉ်ဖြစ်စေ၊ ရက်ခြားဖြစ်စေ မည်သည့်အချိန်တွင်ဆို၊ မည်သည့် မြို့ရွာဒေသတွင်မဆို နဂါးရုံဘုရား တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်၊ အမွှေးတိုင်၊ သောက်တော်ရေ၊ ပန်းစသည်တို့ အဆင်ပြေစွာ လှူဒါန်း၍ မွေးနံသား (၁၀၈)လုံးပုတီးဖြင့် ဘုရားဂုဏ်တော် ကိုးပါး အနုလုံပဋိလုံ ပုတီးကိုးပတ်စိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်း ပေးဝေခြင်းတို့ ဖြစ်သည်။

နဂါးရုံဘုရား သက်စေ့အဆူ (၆၀) အဓိဋ္ဌာန်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျောက်ဆောင်ကျေးရွာ၊ ပတ္တမြားကျောင်းတော်ရာသို့ ၂၀၁၃ ခုနှစ် မေလက ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဤကျောင်းတော်ရာကို ပတ္တမြားဆရာတော်ဘုရားကြီး ဦးသုနန္ဒရက ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း ဝေယျာဝစ္စဆောင်ရွက်နေသူ ဒေသခံအချို့က ပြောပြသည်။



ပတ္တမြားကျောင်းတော်ရာ ပရိဝုဏ်ရှိ နဂါးရုံဘုရား

ကျွန်ုပ် ရောက်ရှိစဉ်က ဆရာတော်ဘုရား ခရီးသွားနေသဖြင့် ဖူးမြင်ခဲ့ရခြင်း မရှိပါ။

အလွန်ကျယ်ဝန်းပြီး စားပင် သီးပင်များ အုပ်ဆိုင်းကာ အရိပ်အာဝါသကောင်းလှသည့် လူနေအိမ်ခြေနှင့် အတန်ငယ် ဝေးသဖြင့် အသံဗလံ တိတ်ဆိတ်ငြိမ်သက်နေသည်။ အဓိဋ္ဌာန်ဝင်ရန် အလွန်ကောင်းသော အခြေအနေ ဖြစ်ပါသည်။

ပရိဝုဏ်အတွင်းမှာ ကြီးကျယ်ခမ်းနားလှသော သာသနိကအဆောက်အအုံများ ရှိသည်။ သောက်သုံးရေ ပေါများသည်။ ကျောင်းပရိဝုဏ်အတွင်းရှိ အသီးအနှံများကို မည်သူမျှ ရောင်းမစားရ။ ဘုရားဖူးလာသော ပရိသတ်များ ကြိုက်သလို ခူးယူ စားသုံးနိုင်ကြောင်း ခွင့်ပြုထားကြောင်း သိရသည်။ သရက်သီးမျိုးစုံ ခူးမကုန်၊ စားမကုန် ပေါများလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## မွေးနံ့သား (၁၀၇)လုံးပုတီးဖြင့် ဘုရားဂုဏ်တော် ကိုးပါး အနုလုံပဋိလုံ ပုတီး ကိုးပတ်စိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်း ပေးဝေခြင်း



ပတ္တမြားဆရာတော်ဘုရားကြီး ဓာတ်ပုံတော်

ပတ္တမြား ကျောင်းတော်ရာ ပရိဝုဏ်အလယ်လောက်တွင် အရှေ့ဘက်လှည့် နဂါးရုံဘုရားကြီး တစ်ဆူကို သံဝေဂယ်စွာ ဖူးမြင်ရသည်။ ထိုနဂါးရုံဘုရားရှေ့တွင် ကွန်ုပ် အဓိဋ္ဌာန်ဝင်ပြီးမှ ကျောင်းတော်ရာအတွင်း လှည့်လည် လေ့လာပါသည်။

နဂါးရုံဘုရား၏ အောက်တွင် မွှောရုံအဆောက်အအုံတစ်ခု ရှိသည်။ ထိုအဆောက်အအုံအတွင်းမှာ စေတီတော် တစ်ဆူနှင့် ပတ္တမြားဆုတောင်းပြည့်ရုပ်ပွားတော်တို့ကို ဖူးမြင်ခဲ့ရသည်။

ထို့နောက် မဟာနံ့သာဆောင်ဟု ကမ္ပည်းထိုးထားသော နှစ်ထပ်ကျောင်းဆောင်ကြီးပေါ်သို့ တက်ခဲ့ရာ အလွန်ခမ်းနားကြောင်း တွေ့ရသည်။

အပေါ်ထပ်မှာ ယွန်းဘုရားရုပ်ပွားတော်နှင့် ရဟန္တာဓာတ်တော်များကို ဖူးမြင်ရသည်။ ပတ္တမြားဆရာတော် ဦးသုန္ဒရ၏ ဓာတ်ပုံကြီးကိုလည်း ချိတ်ဆွဲထားသဖြင့် ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ပတ္တမြား ဆရာတော်ဘုရားကြီးမှာ ရှေးဟောင်းစေတီတော်ကြီးများစွာကို ပြန်လည်ပြုပြင်ရာ၌ စွမ်းစွမ်းတမံ ဦးဆောင်နိုင်ခဲ့သော ပုဂ္ဂိုလ်ထူးသာသနာပြု ဆရာတော်ကြီး ဖြစ်ပါသည်။

ကွန်ုပ် သိရှိသလောက် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မှ ကျိုက်မတ်ကော် (ဖလေးရွာ)၊ ကျိုက်မုခနိမ် (မိုးဂနိမ်းရွာ)၊ ကျိုက်ဒေးစီ (ပဲခူးမြို့ ကျောက်တန်းရွာ)၊ ကျိုက်သီရိမွေ့သိုက်စေတီ (ပဲခူးမြို့ မြင်းမငူရွာအနီး)၊ ကျိုက်ဒေးဆယ် (လှည်းကူးမြို့ ဒါးပိန်တိုက်နယ် ဝါးရုံစွန်းရွာ) တို့ဖြစ်သည်။ အခြားလည်း များစွာရှိပါဦးမည်။

နှစ်ပေါင်းများစွာ ကြာသည့်တိုင် မည်သည့်ပုဂ္ဂိုလ်မျှ ပြုပြင်ပြီးမြောက် ခြင်းငှာ မစွမ်းနိုင်သော ရှေးဟောင်း စေတီတော်ကြီးများကို အလှူခံစေလွှ ခြင်းမပြုဘဲ ထည်ဝါခမ်းနားစွာ ပြုပြင် ပေးနိုင်ခဲ့သော ဆရာတော်ကြီး၏ သီလ ဂုဏ်၊ သမာဓိဂုဏ်၊ ပါရမီစွမ်းအားတို့ ကြည်ညို၍မဆုံးနိုင် ဖြစ်ရပါသည်။

စာဖတ်သူများ တစ်ခါ တ ခေါက် ပတ္တမြားကျောင်းတော်ရာ သွားရောက်အဓိဋ္ဌာန်ဝင်ခြင်း၊ ဘုရား ခြင်း၊ ဆရာတော်ဘုရားနှင့် ပဋ္ဌာန်းဆ ရှိလျှင် ဆရာတော်ကြီးကို ဖူးမြင်ရခြ ဖြင့် ကုသိုလ်ကံကောင်းများ ရရှိနိုင် ရည်သန်၍ ဤဆောင်းပါးဖြင့် လမ်းညွှ လိုက်ရခြင်း ဖြစ်ပါသည်။

ရန်ကုန်-ပဲခူး လမ်းအတိုင်းသွ ၍ ကျောက်တန်းရွာသို့ လမ်းညွှန်ဆိုင် ဘုတ်အတိုင်း အင်္ဂတေလမ်းမှသွားလျှ ထိုအင်္ဂတေလမ်းဆုံးပါက ကျော ဆောင်ရွာ၊ ပတ္တမြားကျောင်းတော် သို့ ရောက်ရှိပါမည်။

မေးပါများစကားရ စုံစမ်း မြန်းသွားနိုင်ပါသည်။

❒ ဆရာကြီး ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com

ခု နှစ် ရက် သား သ မီး များ အ တွက်

# ၂၀၁၄ ခုနှစ်၊ ဧပြီလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်တောက်)



## တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများရှိလာသဖြင့် ဇာတာရှင်အဖို့ ကံကောင်းတောက်ပ နှလုံးရွှင်သာ ကြည်နူးရပေမည်။ ထင်ရှားကျော်ကြားခြင်း၊ မင်းစိုးရာဇာ မ,စ ကူညီခြင်း၊ အကြံသစ် ဉာဏ်သစ်များ ပေါ်ပေါက်ခြင်း ဖြစ်ပေမည်။ ငွေကြေးနံ့ အားကောင်းလာပြီး ငွေအစုလိုက် အပြုံလိုက်ရတတ်၏။ ထီကံစမ်းပါ။

ယတြာ - လာဘ်ဦးလာဘ်ဖျား ငွေကို ဘုန်းတော်ကြီးကို လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - စကားများ ရန်ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - အနာပေါက်တတ်၏။

ယတြာ - တံတားခင်းလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၂)ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့သည် ညံ့၏။

**မှတ်ချက်။** သင်္ကြန်တွင်း ဒုလ္လဘဝတ်ပါ။ သို့မဟုတ် စတုဒီသာလုပ်ပါ။



## တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလဌာနတွင် ကောင်းအားရှိသော်လည်း ပဝတ္တိဌာနတွင် ဆိုးအားရှိနေသဖြင့် ငွေပေးငွေယူ မှားယွင်းတတ်၏။ အလုပ်အကိုင်တွင် အခက်အခဲ အကွေ့အကောက် အနည်းငယ်ပေါ်တတ်၏။ မိသားစုအချင်းချင်း စိတ်ဝမ်းကွဲတတ်၏။ အိုးအိမ်တိုက်တာ အသစ်ဝင်လျက် ပြန်ထွက်တတ်၏။ မြေအမွေနှင့် ပတ်သက်၍ စကားပြောဆိုရတက်ရာ ရှုံးနိမ့်တတ်၏။ သောကြာသားသမီးအတွက် သောကရှိ၏။ ဝန်ထမ်းများ မိသားစုကျန်းမာရေးအတွက် သောကရှိ၏။ ပြည်တွင်းပြည်ပကိစ္စများ ကြန့်ကြာမည်။

ယတြာ - လူသွားလမ်း အုတ်ခင်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** - အစာအိမ်၊ ဝမ်းဗိုက် ခွဲစိတ်ကိန်းရှိ၏။

ယတြာ - ဘုန်းကြီးကျောင်းတွင် ဖျာလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

**မှတ်ချက်။** သင်္ကန်း သို့မဟုတ် ယောဂီဝတ်စုံလှူပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) စီးပွား/လူမှု - ယခင်လနည်းတူ ယခုလတွင်လည်း မူလနှင့် ပဝတ္တိဌာန နှစ်ပါးတွင် အညံ့များရှိ၏။ မိမိ၏ လက်ရှိအခြေအနေကို ယိမ်းယိုင်မှုမရှိအောင် ထိန်းသိမ်းရန်လိုအပ်ပြီး လုပ်ငန်းသစ်တိုးချဲ့မှု မသင့်ပေ။ ကြွေးတောင်းပြန်ရခြင်း၊ ချေးငွေရရှိခြင်းများနှင့် ကြုံရပြီး ငွေကြေးကို နေ့စဉ်တကျ ကိုင်တွယ်ပါ။ အဖြုန်းများတတ်၏။ ရောဂါသည်ဆွေမျိုးများ နေအိမ်ရောက်လာတတ်၏။ ကိုယ်ဝန်ဆောင် အပူသည်ဖြစ်ပါက ဂရုစိုက်ပါလေ။ တားဝင်မည်။ စက်ပစ္စည်းအဟောင်းများ ထွက်မည်။ မကောင်းသတင်း အလွှင့်ခံရတတ်၏။ ဝန်ထမ်းများ နာမည်ပျက်တတ်၏။

ယတြာ - မွေးနံထောင့်ဘုရားတွင် ရွှေသက်န်း ကပ်လှူပူဇော်ပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး - သင့်၏။

(ဂ) ကျန်းမာရေး - အူ၊ အစာအိမ်တွင် ဥပဒ်ရှိ၏။
ယတြာ - လူသွားလမ်း တံမြက်လှည်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း - တနင်္လာနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း - (၂) ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

မှတ်ချက်။ ဘုရားပလ္လင် ရွှေသက်န်းကပ်လှူပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) စီးပွား/လူမှု - ယခုလတွင်လည်း ယခင်လနည်းတူ မူလနှင့်ပဝတ္တိဌာနတို့၏ အကောင်းတစ်ဝက် အဆိုးတစ်ဝက် ပေါ်ပေါက်နေသဖြင့် ဖွဲလှဲ့လဝီရိယဖြင့် မှန်မှန်ကန်ကန် ဆုံးဖြတ်စဉ်းစားပါ။ အလိုရမ္မက်ကြီး၍ ငွေကိုပုံပြီး ရင်းနှီးမြှုပ်နှံရန် မသင့်ပါ။ ခေတ်ကာလကြောင့် အန္တရာယ်ရှိ၏။ မိမိလုပ်ငန်းကို ပိတ်ပင်ခြင်းခံရတတ်၏။ တနင်္ဂနွေနံ သားသမီးအတွက် သောကရှိ၏။ လူလိမ်ခံရတတ်၏။ ဝန်ထမ်းများ အကောက်ကြံခံရတတ်၏။ အမှတ်မထင် အောင်ဘာလေထီကံစမ်းပါ။

ယတြာ - မွေးဖွားခါနီးကိုယ်ဝန်ဆောင်ကို ဒါနပြု ကူညီပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး - သင့်၏။

(ဂ) ကျန်းမာရေး - လေ၊ လေဝန်း၊ အသက်ရှူမဝရောဂါ ဖြစ်တတ်၏။
ယတြာ - ဝတ္တကမြေတွင် တံမြက်လှည်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း - စနေနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း - (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

မှတ်ချက်။ သင်္ကြန်ကာလ ညောင်ရေသွန်းပါ။



## ကြာသပတေးသားသမီးများ

(က) စီးပွား/လူမှု - ယခုလအဖို့ ယခင်လထက် အနည်းငယ် ညံ့၏။ ကောင်းအားကို ပဝတ္တိဌာနမှ ဆိုးအားဖြင့် ဖျက်ဆီးထားရာ လူပေါင်းများတတ်၏။ အကြံအစည် ဆုံးဖြတ်ချက် မှားယွင်းတတ်၏။ မိတ်ဆွေ အတုအယောင်များ၏ မနာလိုမှု၊ မကောင်းကြံမှု ခံရတတ်၏။ မသန့်ရှင်းသောငွေများ ဝင်တတ်၏ (ဥပမာ - သာသနိကငွေ၊ အများပိုင် ရန်ပုံငွေများ)။ ၎င်းတို့ဖြင့် ပေါင်းစပ်စီးပွား မလုပ်သင့်ပါ။ ယာဉ်ကား (ရွေ့လျား ပစ္စည်း) ဝင်ကိန်းရှိပြီး စက်ပစ္စည်း (အခြေစိုက်)များ ပျက်စီးဆုံးရှုံးတတ်၏။ ဝန်ထမ်းများ ချောက်တွန်းခံရတတ်၏။ ပြည်တွင်း၊ ပြည်ပ ခရီးရှောင်ပါ။

ယတြာ - ရှင်ဥပဂုတ္တမထေရ်ကို ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး - တစ်ဦးနှင့်တစ်ဦး အထင်မှားတတ်၏။ ငွေကြေးကိစ္စ ဖြစ်၏။

(ဂ) ကျန်းမာရေး - ကောင်း၏။ ငှက်ဖျား ဂရုစိုက်ပါ။
ယတြာ - ဆွမ်းဆန်စိမ်း လောင်းလှူပါ။

(ဃ) အကျိုးပြုလုပ်ငန်း - တနင်္လာနံသင့်လုပ်ငန်း။

(င) အကျိုးပေးဂဏန်း - (၂) ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။


မှတ်ချက်။ သင်္ကြန်ကာလ သ ၊ ဘ (သကြားသဘက်) စတုဒိသာပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) စီးပွား/လူမှု - ယခုလတွင်လည်း ယခင်လနည်းတူ မူလနှင့် ပဝတ္တိ နှစ်ဌာနစလုံးတွင် အကောင်းအဆိုး ယှဉ်နေ၏။ သူတစ်ပါးစကား မယုံကြည်အပ်ပါ။ လူယုံ ဒုက္ခပေးတတ်၏။ ဆွေမျိုးအကြီးအကဲများ၏ အကူ အညီရမည်။ တပည့်ငယ်သား သားသမီးများ ထွက် ပြေးတတ်၏။ ထိပေါက်တတ်၏။ တနင်္ဂနွေနေ့ နံနက် ၁၁ နာရီတွင် ၅ အစ ၇ အဆုံး ဂဏန်းကို ကံစမ်းပါ။ ဝန်ထမ်းများကြီးသူ၏ မျက်နှာသာပေးမှုကြောင့် အချင်း ချင်း မနာလိုမှုခံရမည်။ ပြည်ပသို့ ဒုတိယအကြိမ် ခရီး သွားရမည်။

ယတြာ - နေအိမ်တွင် နံနက်တိုင်း အန္တရာယ်ကင်း ပရိတ်ခွေဖြင့် ပူဇော်ပါ။

(ခ) အိမ်ထောင်ရေး / လူငယ်အရေး - တနင်္ဂနွေသား သမီးကြောင့် အိမ်တွင်းရေးတွင် ရန်ရှိ၏။

(ဂ) ကျန်းမာရေး - နှလုံး၊ ဦးနှောက်နှင့် အာရုံကြောတွင် ဥပဒ်ရှိလျက် ဓာတ်လိုက်တတ်၏။

(ဃ) အကျိုးပြုလုပ်ငန်း - စနေနံသင့်လုပ်ငန်း။

(င) အကျိုးပေးဂဏန်း - (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ ခင်ပွန်းကြီး ဆယ်ပါးကို ပူဇော်ပါ။

## စနေသားသမီးများ



(က) စီးပွား/လူမှု - ယခုလအဖို့ မူလနှင့်ပဝတ္တိ ဌာနနှစ်ပါး စလုံးတွင် ကောင်းအားများရှိသဖြင့် ယခင်လထက် ကံဇာတာသင့်၏။ အကြံသစ် ဉာဏ်သစ် မိတ်ဆွေ အသစ်များနှင့် ပေါင်းဆုံရတတ်၏။ မင်္ဂလာတရား တော်အရ ဆွေမျိုးဉာတကာအတွက် အထောက်အပံ့ များ ပေးလှူရတတ်သဖြင့် အကုန်အကျ များမည်။ အမျိုးသမီးတစ်စုံတစ်ဦးနှင့် လုပ်ငန်းစပ်တူ တွဲစပ်လုပ် ရတတ်။ အကျိုးဆောင်လုပ်ငန်းများ အဆင်ပြေ ပွင့် လင်းမည်။ အရက်သေစာကြောင့် ဥပဒ်ရှိရာ ရှောင်ပါ။ ဝန်ထမ်းများ မိသားစုအရေးအတွက် စိတ်သောကရှိ၏။ ရွှေပျောက်တတ်၏။

ယတြာ - တံခွန်လှူပါ။

(ခ) အိမ်ထောင်ရေး / လူငယ်အရေး - သင့်၏။

(ဂ) ကျန်းမာရေး - အသည်း၊ အဆုတ်နှင့်ပတ်သက်၍ ဥပဒ်ရှိ၏။

ယတြာ - ဘုရားကို သစ်သီးဆွမ်း နေ့စဉ်ဆက် ကပ် လှူဒါန်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) အကျိုးပေးဂဏန်း - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ အကျိုးပြု၍ (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့တို့ ညံ့၏။

မှတ်ချက်။ နေ့နံစုံပန်းများ စုစည်းလျက် ဘုရားကပ် လှူပါ။


မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ။

ဦးညွန့်လှိုင် (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ

လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဧပြီလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အသိတရနိုင်ကျွမ်းပြုပညာရှင်)



## CAPRICORN
## ဓနုရာသီ

(ဒီဇင်ဘာ - ၂၃ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း နှုတ်မှုဆိုင်ရာလုပ်ငန်းဖြစ်သော ရှေ့နေ၊ ပွဲစားလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းနေတတ်မည် ဖြစ်သော်လည်း ဝင်ငွေကောင်းသလို ထွက်ငွေများလည်း ကောင်းနေမှုကြောင့် ငွေကြေးအခက်အခဲများ ကြုံရတတ်မည်။ စိတ်အနှောင့်အယှက် ဖြစ်ရတတ်ခြင်းများလည်း ရှိနေမည်။ သို့သော် တစ်နည်းနည်းဖြင့် ငွေကြေးများ ဝင်နိုင်သည် ဖြစ်၍ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးပါ။ ယခုကာလအတွင်း သင့်အနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများပြုမည်ဆိုပါက (၇၊ ၅၊ ၀၊ ၁) ဂဏန်းများဖြင့် ထီထိုး, ကံစမ်းနိုင်သည်။ မိသားစုနှင့်အတူ အကျိုးရှိသောခရီးများ သွားရတတ်မည်။ ပြည်ပသို့ အလည်အပတ်ခရီးသွားရခြင်း၊ ဘုရားဖူးခရီးသွားရခြင်းရှိမည်။ သို့သော် ကျန်းမာရေးကို ဂရုစိုက်ပါ၊ ရုတ်တရက် သွေးတိုးခြင်း၊ သွေးပေါင်ကျခြင်း၊ မူးလဲခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံ ညှံ့နေမည်၊ လက်ထပ်ရန်စီစဉ်ထားမှုများ (သို့) စေ့စပ်ကြောင်းလမ်းရန်ကိစ္စများ ပျက်သွားရတတ်ခြင်းများရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက မိမိရည်ရွယ်မျှော်လင့်ထားမှုများ ပြည့်ဝရလိမ့်မည်။ အကြီးအကဲပုဂ္ဂိုလ်များ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကိုလည်းခံရတတ်မည်။ အရေးကြီးကိစ္စများ ဆောင်ရွက်ရာ၌ နီညိုရောင်၊ အနက်ရောင်များ ဝတ်ဆင်ခြင်းကို ရှောင်ပါ။

## AQUARIUS
## ကုံရာသီ



(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် မိမိ၏ ဝီရိယကို အားကိုး၍ ကြိုးစားရမည့် အချိန်ဖြစ်သည်။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းနှင့် အကျိုးဆောင်အမျိုးမျိုး လုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းနေလိမ့်မည်။ သို့သော် သင့်အနေဖြင့် စကားအပြောအဆို အထူးသတိထားပါ။ မိမိနှုတ်ကြောင့် ကောင်းကျိုးများရှိသလို၊ ဆိုးကျိုးများလည်း ခံစားရတတ်သည်။ ပြဿနာတစ်ရပ်ကို ကိုယ်တိုင်ဖြေရှင်းခြင်းမျိုး မပြုဘဲ ကြားလူထား၍ ဖြေရှင်းခြင်းမျိုး ပြုသင့်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနပြောင်းရွှေ့ရခြင်း (သို့) အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများ ရှိလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးကံကောင်း၍ ပျော်ရွှင်ချမ်းမြေ့စရာများနှင့် တွေ့ကြုံရတတ်လိမ့်မည်။ မိသားစုဦးရေလည်း တိုးပွားလာလိမ့်မည်။ ချစ်သူမရှိသေးသောသူများ မိမိစိတ်ကြိုက်ချစ်သူတွေ့တတ်မည်။ ကျန်းမာရေးမှာ အသည်းရောင်ခြင်း၊ ဆီးနည်းခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဤကာလအတွင်း ထီထိုးခြင်း၊ အရေးကြီးကိစ္စများ ဆောင်ရွက်ခြင်းပြုမည်ဆိုပါက အင်္ဂါနေ့တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုးကို ရှောင်ပါ။ ထီထိုးမည်ဆိုပါကလည်း (၅၊ ၁၊ ၆၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း အပျော်အပါးနှင့် အလောင်းအစားကိစ္စများ လွန်ကဲမှုကြောင့် စီးပွားရေးလုပ်ငန်းကို ထိခိုက်နိုင်သည့်အပြင် အိမ်ထောင်ရေး အဆင်မပြေမှုများပါ နောက်ဆက်တွဲ ပေါ်ပေါက်လာတတ်မည်။ အိုးအိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းနှင့်ပတ်သက်၍လည်း အပြောင်းအလဲ၊ အပြောင်းအရွှေ့များ ရှိတတ်မည်။ ယခုကာလအတွင်း မျှော်လင့်မထားသောခရီးများသွားရလိမ့်မည်။ သွားရမည့်ခရီးသည် အနောက်မြောက်အရပ်ဖြစ်ပါက သတိထား သွားသင့်သည်။ ဖြစ်နိုင်လျှင် စနေနံ့အစားအစာများ အလှူဒါနပြုပြီးသွားပါ။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးဆိုင်ရာကိစ္စများအတွက် အကူအညီ အထောက်အပံ့ပြုမည့်သူများနှင့်တွေ့ဆုံရတတ်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ



www.burmeseclassic.com

www.burmeseclassic.com

အချစ်မရှိသေးသူများ ချစ်သူရည်းစား တွေ့ရလိမ့်မည်။ ချစ်သူရှိပြီးသူများလည်း ချစ်သူနှင့်အတူ အပျော်ခရီးများထွက်ရတတ်သည်။ သင့်အိမ်အတွင်းရှိ ခန်းဆီး၊ လိုက်ကာများကို အရောင်တောက်တောက်ကလေးများဖြင့် ဆင်မြန်းထားသင့်သည်။ ကျန်းမာရေးမှာ မျက်စိဆိုင်ရာ၊ အသည်းဆိုင်ရာ ဝေဒနာများ ခံစားရတတ်မည်။ ထီထိုး ကံစမ်းမည်ဆိုပါက (၆၊ ၃၊ ၁၊ ၀)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများအနေဖြင့် အတည်တကျမဟုတ်ဘဲ တစ်နေရာမှ တစ်နေသို့ ကူးသန်းသွားလာလုပ်ကိုင်ရသော ပေါ်ပင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ စီးပွားဝင်ငွေကောင်းနေမည်။ သူတစ်ပါးပေးသော အကြံအစည်များကို လက်ခံခြင်းမပြုသင့်ဘဲ မိမိဆန္ဒရှိသည့်အတိုင်းသာ လုပ်ကိုင်ဆောင်ရွက်ပါ။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း ကိုယ်နှင့်မဆိုင်သော သူတစ်ပါးကိစ္စကို ဝင်ရောက်စွက်ဖက်မှုကြောင့် ပြဿနာများ ပေါ်ပေါက်ရတတ်သည်။ မိမိနှင့် အရင်းနှီးဆုံးသူ၏ သစ္စာမဲ့မှုကိုလည်း ခံရတတ်သည်။ အယုံအကြည်လွယ်တတ်ခြင်းကို သတိထားပါ။ ငယ်ရွယ်သူများ မျက်နှာပွင့်နေလိမ့်မည်။ ချစ်သူရှိပြီးသူဖြစ်ပါကလည်း အချစ်သစ်တွေ့မည်။ မိမိထက် ပို၍ချစ်တတ်သောသူ ဖြစ်နိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ သွေးဖျန်းတတ်ခြင်း၊ အပြင်းဖျားနာခြင်း၊ ဆေးရုံဆေးခန်းသို့ ရောက်ရတတ်ခြင်းများ ရှိမည်။ မိဿရာသီဖွားများ ထီထိုးကံစမ်းမည်ဆိုပါက (၅၊ ၀၊ ၂၊ ၄)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။ ယခုကာလအတွင်း အစစအရာရာ အန္တရာယ်ကင်းစေရန်အတွက် ပယင်းကျောက်ကို ဝတ်ဆင်ခြင်း(သို့)ဆောင်ထားခြင်း ပြုပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ပြိဿရာသီဖွားများအနေဖြင့် ယခုကာလအတွင်း မိမိစိတ်နှင့် မိမိကိုယ် မကပ်ဘဲ စိတ်တခြား ကိုယ်တခြားဖြစ်တတ်မည်။ အာရုံများ ထွေပြားနေမှုကြောင့် စီးပွားရေးလုပ်ငန်းပိုင်းတွင် လွဲချော်မှုများလည်း ရှိတတ်သည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအဆင်ပြေမှုရှိမည်။ အိမ်ထောင်ရှင်များအနေဖြင့် ဝင်ငွေနှင့်ထွက်ငွေ မမျှဘဲ ဖြစ်နေတတ်သည်။ သားသမီးများအတွက်လည်း စိုးရိမ်သောကဖြစ်ရတတ်သည်။ မိမိအိမ်တွင် ညဥ့်အိပ်ညဥ့်နေ ဧည့်သည်များကို လက်မခံသင့်ပါ။ သူတို့နှင့်အတူ ပြဿနာများ ပါလာတတ်သည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်း အဆင်ပြေမည်။ တစ်နည်းနည်းဖြင့် ငွေဝင်လိမ့်မည်။ ဌာနဆိုင်ရာမှ စေလွှတ်သော ခရီးများလည်း ရှိလိမ့်မည်။ ငယ်ရွယ်သူများမှာ အချစ်ရေးနှင့်ပတ်သက်၍ ကွဲကွာနေသောချစ်သူနှင့် ပြန်လည်တွေ့ဆုံရခြင်း (သို့)အဝေးရောက်ချစ်သူထံမှ သတင်းစကားများကြားရတတ်ခြင်းရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်ရောင်၊ အဆုတ်ပွ စသည့်ဝေဒနာများ ဖြစ်ပေါ်တတ်သည်။ ပြိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၂၊ ၅၊ ၃)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း မိတ်သစ်ဆွေသစ်များ တိုးပွားလာလိမ့်မည်။ မိတ်ဆွေများ၏ အကူအညီကြောင့် မထင်မှတ်ဘဲ လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်လုပ်ကိုင်နိုင်မည်။ အလှပြုပြင်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရောင်းချရေးလုပ်ငန်း၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းများဖြင့် အထူးအကျိုးပေးဖြစ်ထွန်းမည်။ လုပ်ငန်းကိစ္စအဝဝတို့ အဆင်ပြေအောင်မြင်မှုများ ရရှိစေရန်အတွက် စနေသား ဘုန်းရိပ်ကို ခိုလှုံခြင်း၊ ၎င်းတို့ထံမှ အကူအညီများတောင်းခံခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းများကို ပြုလုပ်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ သားသမီးရတနာများလည်း ရရှိတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးစန်းပွင့်နေမည် ဖြစ်သော်လည်း လိင်မတူသူတို့၏ အနှောင့်အယှက်ပေးမှုကြောင့် ရန်ပြဿနာများ ပေါ်ပေါက်တတ်ခြင်း၊ ရုံးပြင်ကနားရောက်ရတတ်ခြင်း၊ အရှက်တကွဲဖြစ်ရတတ်ခြင်းများ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းမူးခြင်း၊ ဗိုက်အောင့်ခြင်း၊ ဆီးကျင်ခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင့်အိမ်တွင်ရှိသော ဟောင်းနွမ်းနေသည့်ပစ္စည်းများကို စွန့်ပစ်ပါ။ မေထုန်ရာသီဖွားများအနေဖြင့် ထီထိုးကံစမ်းမည်ဆိုပါက (၈၊ ၅၊ ၃၊ ၀)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

ကရကဋ်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်ပခရီးများကို အကြိမ်ကြိမ်သွားရတတ်မည်။ အလုပ်(၂)ခု၊ (၃)ခု လုပ်ကိုင်ရတတ်ခြင်းကြောင့်လည်း ဝင်ငွေ(၂)ခု၊ (၃)ခုရှိနေမည်။ သို့သော် အကောင်းနှင့်အဆိုး ယှဉ်တွဲနေသည်ဖြစ်၍ အဆိုးများနှင့်ပတ်သက်၍ အလိမ်ခံရတတ်ခြင်း၊ အမှုပတ်တတ်ခြင်းများအတွက် အထူးသတိထားရန် လိုလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက အခြေအနေ အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာမည်။ အလုပ်အကိုင် ရှာဖွေသူများအနေဖြင့် ဤလ၏ပထမပတ်အတွင်း ရနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အဆင်ပြေမည်။ ငွေပို ငွေလျှံများ စုဆောင်းနိုင်မည်။ မမျှော်လင့်ဘဲ မိသားစု စုံစုံလင်လင်နှင့်နေရမည်။ ပညာရေးနှင့်ပတ်သက်၍ မိမိဆန္ဒနှင့်လက်တွေ့ တခြားစီဖြစ်နေတတ်မည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ တစ်နည်းနည်းဖြင့် ပျော်ရွှင်ရမှုများ ပေါ်ပေါက်လာမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာခေါင်နာခြင်း၊ ပါးစပ်အတွင်း အပူဖုများထွက်ခြင်း၊ ခြေ, လက်အေးခြင်းများ ဖြစ်တတ်သည်။ နွေးနွေးထွေးထွေးနေပြီး အအေးလွန်ကဲသော အစားအစာများကို မစားမိစေရန် သတိထားရမည်။ ကရကဋ်ရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်း ပြုမည်ဆိုပါက (၃၊ ၇၊ ၀၊ ၁)ဂဏန်းများပါသော ထီကိုထိုးပါ။



## LEO
## သိဟ်ရာသီ

**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းကို ယခင်ကထက် ပိုမိုအာရုံစိုက်လုပ်ကိုင်ခြင်းဖြင့် စီးပွားဝင်ငွေ သိသိသာသာ တိုးလာနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက စိတ်ချမ်းသာပျော်ရွှင်ရမှုများ ရှိမည်။ ပြည်ပရောက် သားသမီးများလည်း ပြန်လည်ရောက်ရှိလာလိမ့်မည်။ မိဘအမွေအနှစ်အဖြစ် အိုးအိမ်၊ ခြံမြေများ ရရှိတတ်မည်။ သို့သော် မိဘအကြီးအကဲတစ်ဦးဦး၏ ကျန်းမာရေးညံ့နေတတ်မည်။ မမျှော်လင့်ဘဲ ခရီးထွက်ရတတ်မည်။ ရပ်ဝေးနေဆွေမျိုးများ၏ အကြောင်းကိစ္စကြောင့်လည်း ဖြစ်နိုင်သည်။ ဝန်ထမ်းဖြစ်ပါကလည်း ဌာနဆိုင်ရာမှစေလွှတ်သော ခရီးများရှိမည်။ ပြည်တွင်း/ပြည်ပ နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ညံ့နေမည်။ ချစ်သူနှင့် အဆင်မပြေဖြစ်ရတတ်ခြင်း၊ စေ့စပ်ခြင်း (သို့) လက်ထပ်ရန်စီစဉ်ထားမှုများ ပျက်သွားတတ်ခြင်းရှိမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံ အသင့်အတင့်ရှိမည်။ ကြိုးစားနိုင်မှ တော်ရုံကျမည်။ ပညာရေးနှင့်ပတ်သက်၍လည်း အပြိုင်အဆိုင်များ၊ အခက်အခဲများရှိနေမည်။ သင့်အနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းပြုမည်ဆိုပါက (၂၊ ၄၊ ၁၊ ၈) ဂဏန်းများပါသော ထီကိုထိုးပါ။ ဤကာလအတွင်း အနီရောင်ကျောက်(သို့)ပတ္တမြားကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုပါ။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ကန်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း စီးပွားရေးလုပ်ငန်းအနေဖြင့် ဆန်၊ ဆီ၊ ဆားရောင်းဝယ်သူဖြစ်ပါက စီးပွားဝင်ငွေကောင်းမည်ဖြစ်သော်လည်း လူနေရာ၊ ဆိုင်နေရာ အပြောင်းအလဲများရှိနိုင်မည်။ လက်အောက်ငယ်သား၊အလုပ်သမားများနှင့်ပတ်သက်၍လည်း စိတ်မအေးနိုင်စရာများ ဖြစ်တတ်မည်၊ ဤလအတွင်း ပြည်ပခရီးစဉ်များ ထူးထူးခြားခြား ပေါ်ပေါက်တတ်မည်။ မိမိတစ်ဦးတစ်ယောက်တည်းသာမထား သွားရမည်။ မျှော်လင့်မထားသူထံမှလည်း အကူအညီကောင်းများ ရရှိမည်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးများ၏ အသိအမှတ်ပြု, ကူညီစောင့်ရှောက်ခြင်း၊ မိတ်ကောင်း၊ ဆွေကောင်းများနှင့် တွေ့ဆုံရင်းနှီးရခြင်း ရှိမည်။ ပညာသင် ကျောင်းသားဖြစ်ပါက ကြိုးစားအားထုတ်မှု၏ အကျိုးရလဒ်များကို အပြည့်အဝ ပိုင်ဆိုင်ရမည်။ အလုပ်အကိုင်ရှာဖွေသူဖြစ်ပါက မကြာခင် သတင်းကောင်းများ ကြားရနိုင်မည်။ ဤကာလအတွင်း အစားကောင်း၊ အသောက်ကောင်းများ စားသောက်ရတတ်မည်။ ကျန်းမာရေးမှာ ဝမ်းကိုက်ခြင်း၊ အစာအိမ်နှင့်စအိုတွင် ရောဂါရတတ်ခြင်းရှိမည်။ ကန်ရာသီဖွားများအနေဖြင့် ထံကုသိုလ်ကောင်းနေချိန်ဖြစ်၍ ဝါသနာပါလျှင် ထီထိုးခြင်း၊ ကံစမ်းခြင်း ပြုပါ။ ထီထိုးမည်ဆိုပါက (၃၊ ၉၊ ၀၊ ၅)ဂဏန်းများပါသော ထီကိုထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ စတင်အခြေချ၊ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ အကောင်အထည်ဖော်မှုတွင် စိုးရိမ်စရာမလိုဘဲ သူ့အလိုလို အကူအညီပေးမည့်သူ၊ ထောက်ပံ့ပေးမည့်သူများ ပေါ်ပေါက်လာမည်။ အထူးသဖြင့် လူမျိုးခြား၊ ဘာသာကွဲများထံမှ အကူအညီများ ရနိုင်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၂၂၊ ၂၆၊ ၂၈) ရက်များသည် ကံကုသိုလ်ကောင်းစေခြင်းနှင့် ထူးထူးခြားခြားဖြစ်စေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သာယာသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ဘွဲ့လွန်သင်တန်း၊ ဒီပလိုမာသင်တန်းများ တက်ရောက်သင်ကြားနိုင်ခွင့် ရနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သတိထားရန်လိုမည်။ အဆုတ်အအေးပတ်ခြင်း၊ ရင်ကျပ်ပန်းနာဖြစ်တတ်ခြင်းများ ရှိမည်။ မကြာခဏ ခေါင်းလျှော်ခြင်း၊ အအေးခံခြင်းများ မပြုသင့်ပါ။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ကောင်းတစ်ခါ ဆိုးတစ်လှည့်နှင့် ပျော်ရွှင်ရမှုများရှိသလို၊ စိတ်ညစ်စရာများနှင့်လည်း တွေ့ရတတ်မည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၅၊ ၀၊ ၇၊ ၄) ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ယခုကာလအတွင်း တစ်မျိုးထက်မကသော လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်နိုင်မည်။ ငွေကြေးကိစ္စများလည်း အဆင်ပြေမည်။ ထို့အပြင် လက်လွှတ်ထားသောပစ္စည်း (သို့) ငွေကြေးတစ်ခုခု ပြန်လည်ရရှိတတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၂၊ ၇၊ ၁၁၊ ၁၅၊ ၁၉၊ ၂၃၊ ၂၈၊ ၃၀) ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး ခရီးသွားခြင်း၊ အရေးကြီးကိစ္စ၊ ငွေကြေးကိစ္စ ပြောဆိုခြင်းပြောဆိုခြင်း၊ လုပ်ငန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပြုပေးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် အကြောင်းတစ်ခုခုကြောင့် ခွဲခွာနေရတတ်သည်။ ဝန်ထမ်းများအနေဖြင့် မိမိပတ်ဝန်းကျင်ရှိ လူအများနှင့် အဆင်ပြေအောင် နေထိုင်သင့်သည်။ ဤသို့မဟုတ်ပါက အထင်အမြင် လွဲမှားခံရခြင်း၊ သားပုပ်လေလွင့် ပြောဆိုခံရတတ်ခြင်းများရှိမည်။ ပညာရေးလိုက်စားသူများဖြစ်ပါက မိမိဆန္ဒရှိသည်များ ဖြစ်လာလိမ့်မည်။ ကျန်းမာရေးမှာ သွေးနှင့်ပတ်သက်သောဝေဒနာ ဖြစ်တတ်မည်။ ဗြိစ္ဆာရာသီဖွားများအနေဖြင့် ထီပေါက်ခြင်း (သို့) ထီပေါက်သကဲ့သို့ ငွေကြေးများ ဝင်တတ်မည်ဖြစ်၍ ထီထိုးပေးပါ။ (၂၊ ၀၊ ၇၊ ၉)ဂဏန်းများ ပါပါစေ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများအနေဖြင့် ဤကာလအတွင်း ဘာသာရေးနှင့်ပတ်သက်၍ လုပ်နိုင်သလောက် ကောင်းမည်။ ဘာသာရေး၊ ကုသိုလ်ရေးလုပ်သမျှ စီးပွားရေးရော ကျန်းမာရေးပါ ထူးထူးခြားခြားကောင်းလာမည်။ တစ်ပါးသူတို့အပေါ် စေတနာ၊ မေတ္တာ ပိုမိုထားပေးခြင်းဖြင့် တူညီသောတုံ့ပြန်မှုကို ပြန်လည်ခံစားရတတ်မည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ပြီး မိမိအား ပြိုင်ဆိုင်နေသူများလည်း သူ့အလိုလို ပြေပျောက်သွားမည်။ အိမ်ထောင်ရှင်ဖြစ်ပါက တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်သဘောပေါက်ပြီး အဆင်ပြေမှုများရရှိရန် ကြိုးစားရလိမ့်မည်။ မထင်မှတ်ဘဲ မိမိအပေါ် အထင်မြင်လွဲမှားနေမည်။ အိုးအိမ် ခြံမြေနှင့်ပတ်သက်သော ကိစ္စများလည်း ဖြေရှင်းရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ၊ ဆေးခတ်ခံရတတ်ခြင်းများရှိ၍ သူတစ်ပါးပေးသည်၊ ကျွေးသည်များကို အလွယ်တကူ လက်ခံစားသောက်ခြင်းမျိုးကို သတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မျိုးပွားအင်္ဂါတွင်သော်လည်းကောင်း၊ အစာအိမ်တွင်သော်လည်းကောင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၇၊ ၆)ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

**ဆရာဦးခန့်ကျော်**
(အသိစိန်ကျမ်းပြုပညာရှင်)
အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☏ ၀၉-၅၁၇၈၂၄၀၊ ၀၉-၄၂၁၀၀၅၅၆၅၊



www.burmeseclassic.com